သုဓမ္မာဘိ သိရိဓဇ မဟာဓမ္မ ရာဇဂုရု

တန်ဆိပ်တော်ရ

မြသာဒ်ကျောင်းဆရာတော်

## အရှင်သာရဒဿီ

စီရင်တော်မူအပ်သော

# ဓမ္မပဒအဋ္ဌကထာနိဿယ

## ( ဒုတိယတွဲ )

★

ပါဠိဆရာ-ဦးထွန်းရည် နှင့်
ပိဋကတ်တော်ပြန့်ပွားရေး စာတည်းအဖွဲ့
ကြီးကြပ်ပြင်ဆင်သည်။

---

ဖြန့်ချီရာဌာန

ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်

ကောင်[illegible]လေးမြို့။

၁၃၃၁-ခု ၁၉၇၀

၁၃၂၆

# ဓမ္မပဒအဋ္ဌကထာနိဿယ

## နိဒါန်း။

—●—

ပညာဓိ ပညဝန်၊ သီလာဓိ သီလဝန် မိုယ်းစွန်ပတ်မျှ၊ ဂုဏ်ပေါင်းခလျက်၊ ဂန္ထကာရကြီးအစစ်၊ ဖြစ်တော်မူသော အရှင်မဟာ ဗုဒ္ဓဃောသဆရာသည်၊ လင်္ကာဒီပ၊ အနုရာဓမြို့၏ တောင်မျက်နှာ၊ မဟာဝိဟာရကျောင်းတိုက်၌၊ ယာပိုက်လေးထွေ၊ မျှနေစမွယ်တော်မူခိုက်တွင်၊ စီရင်ရေးသားတော်မူအပ်သော၊ ဓမ္မပဒအဋ္ဌကထာပါဠ်ကို၊ နာဂတ်နောင်လာ၊ ပညာဒုဗ္ဗလ၊ မန္ဒပုဂ္ဂိုလ်၊ စာသင်ပျိုတို့၊ မငြိုမငြင်၊ သိမြင်လွယ်ကြပါစေခြင်းအကျိုးငှါ၊ အမရပုရ၊ ပဋ္ဌမမြို့တည်နန်းတည်၊ နေခြည်လှုံလင်း၊ ရန်ညွန့်နင်းသော၊ မင်းတရားကြီး လက်ထက်၊ ထက်မြက်လျှင်မြန်၊ အမြင်သန်သော၊ ဉာဏ်ဘောင်ရှင် ဖြစ်တော်မူသော "သုဓမ္မာဘိ သိရီဇမဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုတတ်နိုပ်၊ တံဆိပ်မင်းစံ။ ဘွဲ့ထူးခံလျက်၊ နိုင်ငံနှံ့စပ်၊ ဂုဏ်ရောင်လျှပ်သော ပြာသာဒ်ကျောင်း ဆရာတော်ဘုရားကြီးသည်၊ သီးသီးများစွာ၊ ဘာသာဆုံးဖြတ်၊ နည်း ပညတ်၌၊ တတ်သိလိမ္မာတော်မူသည့်အတိုင်း၊ ဆစ်ပိုင်းကျကျ၊ ဘော်ပြဘည်ဘွင်၊ စီရင်ဘော်မူခဲ့သော၊ "ဓမ္မပဒအဋ္ဌကထာနိဿယ" မူစာကို၊ ပညာရှိပုဂ္ဂိုလ်အပေါင်းတို့၊ နှစ်ထောင်းအားရမ်း၊ ချီးမွမ်းနှစ်သက်ဘွယ် အထူးဖြစ်စေခြင်းငှါ၊ သဘောတူ မူစာအစောင်စောင်တို့နှင့်ရှင်း။ မူကွဲအစောင်စောင်တို့နှင့်ရှင်း။ စုပေါင်းညှိနှိုင်းလျက်၊ အပိုင်းအဖြတ်၊ သျှောက်ပတ်

## နိဒါန်း

တင့်တယ်စွာ သုက်သင်ပြင်ဆင်ပြီးလျှင်၊ လေးအင်စက်ပုံ၊ အလျှံစုံသော၊ မန္တလေးမြို့၏ ကြက်သရေ မင်္ဂလာ၊ ပညာကျော်လှိုက်၊ ကျွန်ုပ်တို့ "ပိဋကတ်တော်ပြန့်ပွားရေး စာပေဖြန့်ချိရေးတိုက်" က၊ ပုံနှိပ် ထုတ်ဆောင်လိုက်ပါသည်၊ ပညာဉာဏ်ရှိ၊ ကဝိနွယ်ဝင်၊ သူတော်စင်တို့သည်၊ ခင်မင်နှစ်သက်၊ လေ့ကျက်သမှု၊ အာရုံပြု၍၊ ကြည့်ရှုတော်မူကြပါစေကုန်သတည်း။

## မှာထားချက်

(  ) ဤအဘွင်းရှိပါဠိများသည်။ နိဿယဆရာတော်ဘုရားကြီး၏ အယူအဆ ;အာဘောဂတော် မှာထားချက် ဖြစ်ပါကြောင်း။

ပိဋကတ်တော်ပြန့်ပွားရေး
စာပေဖြန့်ချိရေး
မန္တလေးမြို့။

# ဓမ္မပဒအဋ္ဌကထာနိဿယ။

မာတိကာ။ မျက်နှာနံပါတ်။

## ၉-ပါပဝဂ္ဂ။


၁-စူဠေကသာဋကဗြာဟ္မဏဝတ္ထု .... .... ၁
၂-သေယျသကတ္ထေရဝတ္ထု .... .... ၇
၃-လာဇဒေဝဓီတာဝတ္ထု .... .... ၉
၄-အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု .... .... ၁၄
၅-အသညတပရိက္ခာရဘိက္ခုဝတ္ထု .... .... ၂၂
၆-ဗိဠာလပဒကသေဋ္ဌိဝတ္ထု .... .... ၂၄
၇-မဟာဓနဝါဏိဇဝတ္ထု .... .... ၃၀
၈-ကုက္ကုဋမိတ္တနေသာဒဝတ္ထု .... .... ၃၅
၉-ကောကသုနခလုဒ္ဒကဝတ္ထု .... .... ၄၆
၁၀-မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု .... .... ၅၁
၁၁-တယောဇနဝတ္ထု .... .... ၅၅
၁၂-သုပ္ပဗုဒ္ဓသက္ကဝတ္ထု .... .... ၆၅


## ၁၀-ဒဏ္ဍဝဂ္ဂ။


၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု .... .... ၆၉
၂-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု .... .... ၇၂
၃-သမ္ဗဟုလကုမာရကဝတ္ထု .... .... ၇၃
၄-ကောဏ္ဍဓာနတ္ထေရဝတ္ထု .... .... ၇၅
၅-ဝိသာခါဒီနံ ဥပါသိကာနံ ဥပေါသထကမ္မဝတ္ထု .... ၈၅
၆-အဇဂရပေတဝတ္ထု .... .... ၈၇
၇-မဟာမောဂ္ဂလာနတ္ထေရဝတ္ထု .... .... ၉၄
၈-ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု .... .... ၁၀၄
၉-သန္တတိမဟာမတ္တဝတ္ထု .... .... ၁၁၄
၁၀-ပိလောတိကတိဿတ္ထေရဝတ္ထု .... .... ၁၂၃
၁၁-သုခသာမဏေရဝတ္ထု .... .... ၁၂၇

# ဓမ္မပဒအဋ္ဌကထာနိဿယ။

မာတိကာ။ မျက်နှာနံပါတ်။

## ၁၁-ဇရာဝဂ္ဂ။


၁-ဝိသာခါယသဟာယိကာနံဝတ္ထု .... .... ၁၄၆
၂-သိရိမာဝတ္ထု .... .... ၁၅၂
၃-ဥတ္တရာထေရီဝတ္ထု .... .... ၁၆၀
၄-သမ္ဗဟုလအဓိမာနိကဘိက္ခူနံဝတ္ထု .... .... ၁၆၂
၅-ဇနပဒကလျာဏီရူပနန္ဒာထေရီဝတ္ထု .... .... ၁၆၅
၆-မလ္လိကာဒေဝီဝတ္ထု .... .... ၁၇၃
၇-လာဠုဒါယိတ္ထေရဝတ္ထု .... .... ၁၈၀
၈-အာနန္ဒတ္ထေရဿပဌမဥဒါနဂါထာဝတ္ထု .... ၁၈၅
၉-မဟာဓနသေဋ္ဌိပုတ္တဝတ္ထု .... .... ၁၈၈


## ၁၂-အတ္တဝဂ္ဂ။


၁-ဗောဓိရာဇကုမာရဝတ္ထု .... .... ၁၉၄
၂-ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု .... .... ၂၀၃
၃-ပဓာနိကတိဿတ္ထေရဝတ္ထု .... .... ၂၀၈
၄-ကုမာရကဿပမာတုထေရီဝတ္ထု .... ... ၂၁၁
၅-မဟာကာလဥပါသကဝတ္ထု .... .... ၂၁၉
၆-ဒေဝဒတ္တဝတ္ထု .... .... ၂၂၄
၇-သံဃဘေဒပရိသက္ကနဝတ္ထု .... .... ၂၂၆
၈-ကာလတ္ထေရဝတ္ထု .... .... ၂၂၈
၉-စူဠကာလဥပါသကဝတ္ထု .... .... ၂၃၁
၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု .... .... ၂၃၄


## ၁၃-လောကဝဂ္ဂ။


၁-အညတရဒဟရဘိက္ခုဝတ္ထု .... .... ၂၃၇
၂-သုဒ္ဓေါဒနဝတ္ထု .... .... ၂၄၁
၃-ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု .... .... ၂၄၄
၄-အဘယရာဇကုမာရဝတ္ထု .... .... ၂၄၆

# ဓမ္မပဒအဋ္ဌကထာနိဿယ။


မာတိကာ။ မျက်နှာနံပါတ်။

၅-သမ္မဇ္ဇနတ္ထေရဝတ္ထု .... .... ၂၄၈
၆-အင်္ဂုလိမာလတ္ထေရဝတ္ထု .... .... ၂၅၁
၇-ပေသကာရဓီတုဝတ္ထု .... .... ၂၅၃
၈-တိဿဘိက္ခုဝတ္ထု .... .... ၂၆၂
၉-စိဉ္စမာဏဝိကာဝတ္ထု .... .... ၂၆၄
၁၀-အသဒိသဒါနဝတ္ထု .... .... ၂၇၂
၁၁-အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု .... .... ၂၈၂

## ၁၄-ဗုဒ္ဓဝဂ်။

၁-မာဂဏ္ဍိယဝတ္ထု .... .... ၂၈၇
၂-ဒေဝေါရောဟဏဝတ္ထု .... .... ၂၉၆
၃-ဧရကပတ္တနာဂရာဇဝတ္ထု .... — ၃၄၂
၄-အာနန္ဒတ္ထေရဥပေါသထပဉှဝတ္ထု .... .... ၃၅၁
၅-အနဘိရတိဘိက္ခုဝတ္ထု .... .... ၃၅၅
၆:အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု .... .... ၃၅၉
၇-အာနန္ဒတ္ထေရပုစ္ဆိတပဉှဝတ္ထု .... .... ၃၇၁
၈-သမ္ဗဟုလဘိက္ခုဝတ္ထု .... .... ၃၇၃

## ၁၅-သုခဝဂ်

၁-ဉာတိကလဟဝူပသမနဝတ္ထု .... .... ၃၇၅
၂-မာရဝတ္ထု .... .... .... ၃၈၀
၃-ကောသလရညောပရာဇယဝတ္ထု .... .... ၃၈၂
၄-အညတရကုလဒါရိကဝတ္ထု .... .... ၃၈၄
၅-ဂေါနန္ဒဥပါသကဝတ္ထု .... .... ၃၁၇
၆-ရာဇပသေနဒိကောသလဝတ္ထု .... .... ၃၉၁
၇-တိဿတ္ထေရဝတ္ထု .... .... ၃၉၆
၈-သက္ကုပဋ္ဌာနဝတ္ထု .... .... ၃၉၈

# ဓမ္မပဒအဋ္ဌကထာနိဿယ ။

| မာတိကာ ။ | | | မျက်နှာနံပါတ် ။ |
|---|---|---|---|

## ၁၆–ပိယဝဂ္ဂ ။


| | | | |
|---|---|---|---|
| ၁-တယောဇနပဗ္ဗဇိတဝတ္ထု | .... | .... | ၄၀၄ |
| ၂-အညတရကုဋုမ္ဗိကဝတ္ထု | .... | .... | ၄၀၉ |
| ၃-ဝိသာခါဝတ္ထု .... | .... | .... | ၄၁၂ |
| ၄-လစ္ဆဝီဝတ္ထု .... | .... | .... | ၄၁၅ |
| ၅-အနိတ္ထိဂန္ဓကုမာရဝတ္ထု | .... | .... | ၄၁၆ |
| ၆-အညတရဗြာဟ္မဏဝတ္ထု | .... | .... | ၄၂၂ |
| ၇-ပဉ္စသတဒါရကဝတ္ထု | .... | .... | ၄၂၅ |
| ၈-ဧကအနာဂါမိတ္ထေရဝတ္ထု | .... | .... | ၄၂၉ |
| ၉-နန္ဒိယဝတ္ထု .... | ဆ | .... | ၄၃၁ |


## ၁၇–ကောဓဝဂ္ဂ ။


| | | | |
|---|---|---|---|
| ၁-ရောဟိနီခတ္တိယကညာဝတ္ထု | .... | .... | ၄၃၇ |
| ၂-အညတရဘိက္ခုဝတ္ထု | .... | .... | ၄၄၄ |
| ၃-ဥတ္တရာဥပါသိကာဝတ္ထု | .... | .... | ၄၄၇ |
| ၄-မဟာမောဂ္ဂလာနတ္ထေရပဉှာဝတ္ထု | .... | .... | ၄၆၄ |
| ၅-ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု | .... | .... | ၄၆၈ |
| ၆-ပုဏ္ဏာနာမရာဇဂဟသေဋ္ဌိဒါသီဝတ္ထု | .... | .... | ၄၇၃ |
| ၇-အတုလဥပါသကဝတ္ထု | .... | .... | ၄၇၈ |
| ၈-ဆဗ္ဗဂ္ဂိယဝတ္ထု .... | .... | .... | ၄၈၄ |


## ၁၈–မလဝဂ္ဂ ။


| | | | |
|---|---|---|---|
| ၁-ဂေါဃာတကပုတ္တဝတ္ထု | .... | .... | ၄၈၆ |
| ၂-အညတရဗြာဟ္မဏဝတ္ထု | .... | .... | ၄၉၅ |
| ၃-တိဿတ္ထေရဝတ္ထု .... | .... | .... | ၄၉၈ |
| ၄-လာဠုဒါယိတ္ထေရဝတ္ထု | .... | .... | ၅၀၃ |
| ၅-အညတရကုလပုတ္တဝတ္ထု | .... | .... | ၅၀၈ |
| ၆-စူဠသာရီဝတ္ထု .... | .... | .... | ၅၁၂ |

ဓမ္မပဒအဋ္ဌကထာနိဿယ။

မာတိကာ။ | မျက်နှာနံပါတ်။


၇-ပဉ္စသတဥပါသကဝတ္ထု .... .... ၅၁၇
၈-တိဿဒဟရဝတ္ထု .... .... ၅၂၀
၉-ပဉ္စဥပါသကဝတ္ထု .... .... ၅၂၄
၁၀-မေဏ္ဍကသေဋ္ဌိဝတ္ထု .... .... ၅၂၉
၁၁-ဥဇ္ဈာနသညိတ္ထေရဝတ္ထု .... .... ၅၄၇
၁၂-သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု .... .... ၅၄၉



# ဓမ္မပဒအဋ္ဌကထာနိဿယ

## တတိယအုပ်။

—*—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၉–ပါပဝဂ္ဂ။ ၁–စူဠေကသာဋကဗြာဟ္မဏဝတ္ထု။

(ကဆဲ့လေးဝင်္ကတို့ဖြင့် ပိုင်းခြားရာ သဟဿဝဂ်၌ ဟောအပ်သော ဂါထာတို့၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ တဆဲ့နှစ်ဝဂ္ဂတို့ဖြင့် ပိုင်းခြား၍ ဟောအပ်သော ပါပဝဂ်၌ ဟောရာ ဂါထာတို့တွင် စူဠေကသာဋက ဗြာဟ္မဏဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ရှေးဦးစွာဖွင့်ခြင်းငှါ "အဘိတ္ထရေထ" စသည်ကို မိန့်အပ်၏)။

"အဘိတ္ထရေထ ကလျာဏေ" တိ ဣဒံ ဓမ္မဒေသနံ၊ ဓော-ဤသို့ စသော တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ စူဠေကသာဋကဗြာဟ္မဏံ၊ စူဠေကသာဋက ပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်၍။ ဝိပဿိဒသဗလဿ ကာလသ္မိံ၊ ဝိပဿီဘုရား၏ ပွင့်လင်း ထွန်းပသောအခါ၌၊ မဟာဧကသာဋကော နာမ၊ မဟာဧကသာဋက ပုဏ္ဏား မည်သည်။ အဟောသိ၊ ဖြစ်၏။ အယံပန၊ ဤပုဏ္ဏားသည်ကား။ ဧတရဟိ၊ ယခုအခါ၌။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ စူဠေကသာဋကော နာမ၊ စူဠေကသာဋက ပုဏ္ဏားမည်၏။ ဟိ၊

ထိုစကား သင့်စွ။ တဿ၊ ထိုပုဏ္ဏားအား။ ဧကော နိဝါသနသာဋကောနာမ၊ တခုသော အပေါ်ရုံပုဆိုး မည်သည်။ အဟောသိ၊ ရှိသည်ဖြစ်၏။ ဗြာဟ္မဏိယာပိ၊ ပုဏ္ဏေးမအားလည်း။ ဧကော၊ တထည်တည်းသာရှိ၏။ ဥဘိန္နမ္ပိ၊ နှစ်ယောက်သော သူတို့သည်လည်း။ ဧကမေဝ ပါရုပနံ၊ တခုသော အပေါ်ရုံသာရှိ၏။ ဗဟိဂမန-ကာလေ၊ အပသို့ သွားသောကာလ၌။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်း ကောင်း။ ဗြာဟ္မဏီဝါ၊ ပုဏ္ဏေးမသည်ငှင်း။ တံ၊ ထိုပုဆိုးဖြူကို။ ပါရုပတိ၊ ရုံ၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဝိဟာရေ၊ကျောင်း၌။ဓမ္မသဝနေ၊ တရား နာခြင်းကို။ ဃောသိတေ၊ ကြွေးကြော်လတ်သော်။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အာဟ၊ ဆို၏။ ဘောတိ၊ အိုရှင်မ။ ဓမ္မသဝနံ၊ တရားနာခြင်းကို။ ဃောသိတံ၊ ကြွေးကြော်၏။ ဒိဝါ၊ နေ့၌။ ဓမ္မသဝနံ၊ တရား နာခြင်းသို့။ ဂမိဿသိ ကိံ၊ သွား အံ့လော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ရတ္တိံ၊ ညဉ့်အခါမှသွားအံ့လော။ ဣတိ၊ ဤသို့ဆို၏။ ဟိ၊ ထိုစကားသင့်စွ။ ပါရုပနဿ၊ အပေါ်ရုံ ပုဆိုးဖြူ၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အမ္ဟေ၊ ငါတို့သည်။ ဧကတော၊တပြိုင်နက်။ ဂန္တုံ၊ သွား ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဗြာဟ္မဏီ၊ ပုဏ္ဏေးမသည်။ သာမိ၊ မင်းဆရာပုဏ္ဏား။ အဟံ၊ ငါသည်။ ဒိဝါ၊ နေ့၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ သာဋကံ၊ အပေါ်တင်ပုဆိုးကို။ ပါရုပိတွာ၊ ခြုံ၍။ အဂမာသိ၊ သွား၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဒိဝသဘာဂံ၊နေ့အဘို့ကို။ဂေဟေ၊ အိမ်၌။ ဓီတိနာမေတွာ၊ လွန်စေ၍။ရတ္တိံ၊ညဉ့်၌၊ ဂန္တွာ၊ သွား၍။ သတ္ထုပုရတော၊ ဘုရားရှေ့မှ။ နိသိန္နောဝ၊ နေလျက်လျှင်။ ဓမ္မံ၊တရားကို။ အဿောသိ၊ နာ၏။အထ၊ ထိုအခါ၌။ အဿ၊ထိုပုဏ္ဏား၏။ သရီရံ၊ ကိုယ်အလုံးကို။ ဖရမာနာ၊ နှံ့လျက်။ ပဉ္စဝဏ္ဏာပီတိ၊ ပီတိသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သော၊ ထိုပုဏ္ဏားသည်။ သတ္ထာရံ၊ ဘုရားကို။ ပူဇေတုကာမော ဟုတွာ၊ ပူဇော်လိုသည်ဖြစ်၍၊ဣမံ သာဋကံ၊ ဤအပေါ်ရုံကို။သစေ ဒဿာမိ၊ အကယ်၍ လှူချေသည်ဖြစ်အံ့။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမသည်။ ပါရုပနံ၊ ခြုံရခြင်းသည်။ နေဝဘဝိဿတိ၊ မဖြစ်လတ္တံ့။ မယှံ၊ ငါ့အား။ ပါရုပနံ၊ လက်ကန်စေ့ တင်ရခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ဣတိစိန္တေသိ၊ဤသို့ကြံ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပုဏ္ဏားအား။ မစ္ဆေရစိတ္တာနံ၊ ဝန်တိုသော စိတ်တို့၏။ သဟဿံ၊ တထောင်သည်။ ဥပ္ပဇ္ဇိ၊ ၏။ ပုန၊ တဖန်။ ဧကံ သဒ္ဓါစိတ္တံ၊ တကြိမ်ကြည်ညိုသောစိတ်သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ တံ၊ ထိုသဒ္ဓါစိတ်ကို။ အဘိဘဝိတွာ၊ နှိပ်စက်၍။ ပုန၊ တဖန်။ မစ္ဆေရသဟဿံ၊ ဝန်တိုခြင်း တထောင်သည်၊ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုပုဏ္ဏားအား။ ဗလဝမစ္ဆေရံ၊ အားကြီးသော ဝန်တိုခြင်းကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဂဏှန္တံဝိယ၊ ယူသကဲ့သို့။ သဒ္ဓါစိတ္တံ၊ ကြည်ညိုသောစိတ်

ကို။ ပဋိဗာဟတိယေဝ၊ တားမြစ်သည်သာလျှင်တည်း။ ဒဿာမိ၊ လှူအံ့။ န
ဒဿာမိ၊ မလှူအံ့။ ဣတိ၊ ဤသို့။ စိန္တေန္တဿ၊ ကြံသော။ တဿ ဧဝ၊ ထိုပုဏ္ဏားအား
သာလျှင်။ ပဌမယာမော၊ ညဦးယာမ်သည်။ ဂတော၊ လွန်၏။ မဇ္ဈိမယာမေ၊ မဇ္ဈိမ
ယာမ်သို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ တသ္မိံ ပိ၊ ထိုအခါ၌လည်း။ ဒါတုံ၊ လှူ
ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်သည်။ သမ္ပတ္တေ၊ ရောက်
လတ်သော်၊ သော၊ ထိုပုဏ္ဏားသည်။ စိန္တေသိ၊ ကြံ၏။ မမ သဒ္ဓါစိတ္တေန၊ ငါ၏
သဒ္ဓါစိတ်သည်။ မစ္ဆေရစိတ္တေန၊ ငါ၏ဝန်တိုစိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ယုဇ္ဈန္တဿေဝ၊
စစ်ထိုးစဉ်ပင်လျှင်။ ဒွိယာမာ၊ နှစ်ယာမ်တို့သည်။ ဝီတိဝတ္တာ၊ လွန်ကုန်၏။ မမ၊
ငါ့အား။ ဧတ္တကံ၊ ဤမျှလောက်သော။ ဣဒံ မစ္ဆေရစိတ္တံ၊ ဤဝန်တိုသော စိတ်သည်။
ဝဍ္ဎမာနံ၊ ပွားများသည်ရှိသော်။ စတူဟိ ပါယေဟိ၊ အပါယ်လေးပါးတို့မှ။ သီသံ၊
ဦးခေါင်းကို။ ဥက္ခိပိတုံ၊ ချီခြင်း, ကြွခြင်းငှါ။ နဒဿတိ၊ မပေးလတ္တံ့။ နံ၊ ထိုအပေါ်
တင်ပုဆိုးကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့ ကြံ၏။ သော၊ ထိုပုဏ္ဏားသည်။ မစ္ဆေရ
သဟဿံ၊ ဝန်တိုစိတ်တထောင်ကို။ အဘိဘဝိတွာ၊ နှိပ်စက်၍။ သဒ္ဓါစိတ္တံ၊ သဒ္ဓါ
စိတ်ကို။ ပုရေစာရိကံ ကတွာ၊ ရှေ့သွားပြု၍။ သာဋကံ၊ ပုဆိုးကို။ အာဒါယ၊ ယူ၍။
သတ္ထု ပါဒမူလေ၊ ဘုရားခြေတော်ရင်း၌။ ထပေတွာ၊ ထား၍။ မေ၊ အား။
ဇိတံ၊ ပြီ။ မေ၊ ငါ့အား။ ဇိတံ၊ အောင်ပြီ။ ဣတိ၊ ဤသို့။ တိက္ခတ္တုံ၊ သုံးကြိမ်။ မဟာသဒ္ဒံ၊
သည်းစွာသော အသံကို။ အကာသိ၊ ကြွေးကြော်၏။ ရာဇာ ပသေနဒိ ကောသလော၊
ကောသလမင်းကြီးသည်။ ဓမ္မံ သုဏန္တော၊ တရားနာစဉ်။ တံ သဒ္ဒံ၊ ထိုအသံကို။
သုတွာ၊ ကြား၍။ နံ၊ ထိုပုဏ္ဏားကို။ ပုစ္ဆထ၊ မေးကုန်လော့။ တေန၊ ထိုပုဏ္ဏား
သည်။ ကိံ ကိရ၊ တစုံတခုကို။ ဇိတံ ကိရ၊ အောင်ဟန်ရှိ၏။ ဣတိ အာဟ၊ ဤသို့ဆို၏။
သော၊ ထိုပုဏ္ဏားသည်။ ရာဇပုရိသေဟိ၊ မင်းချင်းယောကျ်ားတို့သည်။ ပုစ္ဆိတော၊
မေးလတ်သော်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။
တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ မင်းသည်။ ဗြာဟ္မဏေန၊ ပုဏ္ဏား
သည်။ ဒုက္ကရံ၊ ပြုနိုင်ခဲသော အမှုကို။ ကတံ၊ ပြု၏။ အဿ၊ ထိုပုဏ္ဏားအား။
သင်္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ကေသာဋကယုဂံ၊
ပုဆိုးတစုံကို။ ဒါပေသိ၊ ပေးစေ၏။ သော၊ ထိုပုဏ္ဏားသည်။ တံပိ၊ ထိုပုဆိုး
ကိုလည်း။ တထာဂတဿေဝ၊ ဘုရားအားသာလျှင်။ အဒါသိ၊ လှူ၏။ ပုန၊
တဘန်။ ရာဇာ၊ မင်းသည်။ ဒွေ၊ နှစ်ထည်တို့ကိုလည်းကောင်း။ စတ္တာရိ၊ လေး
ထည်တို့ကို လည်းကောင်း။ အဋ္ဌ၊ ရှစ်ထည်တို့ကိုလည်းကောင်း။ သောဠသ၊
တဆဲ့ခြောက်ထည်တို့ကို လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဂုဏံ ကတွာ၊ နှစ်ဆ
တက်ပြု၍။ ဒါပေသိ၊ ပေးစေ၏။ သော၊ ထိုပုဏ္ဏားသည်။ တာနိပိ၊ ထိုပုဆိုးတို့

ကိုလည်း။ တထာဂတဿေဝ၊ ဘုရားအားသာလျှင်။ အဒါသိ၊ လှူ၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုပုဏ္ဏားအား။ ရာဇာ၊ မင်းသည်။ ဒွတ္တိံသယုဂါနိ၊ သုံးဆယ့်နှစ်ထည်သော ပုဆိုးစုံတို့ကို။ ဒါပေသိ၊ ပေးစေ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အတ္တနော၊ မိမိဘို့။ အဂဟေတွာ၊ မယူမူ၍။ လဒ္ဓံလဒ္ဓံ၊ ရတိုင်းရတိုင်းကို။ ဝိသဇ္ဇေသိယေဝ၊ စွန့်ကြဲသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝါဒမောစနတ္ထံ၊ ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှါ။ တတော၊ ထို သုံးဆယ့်နှစ်ထည်သော ပုဆိုးစုံမှ။ ဧကယုဂံ၊ တစုံကို။ အတ္တနော၊ မိမိအကျိုးငှါ။ ဧကံ၊ တထည်ကို . ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမ၏ အကျိုးငှာ။ ဣတိ၊ ဤသို့။ ဒွေ ယုဂါနိ၊ နှစ်စုံတို့ကို။ ဂဟေတွာ၊ ယူ၍။ တိံသ ယုဂါနိ၊ အစုံသုံးဆယ်တို့ကို။ တထာဂတဿေဝ၊ ဘုရားအားသာလျှင်။ အဒါသိ၊ လှူ၏။ ရာဇာ ပန၊ မင်းသည်ကား။ တသ္မိံ၊ ထိုပုဏ္ဏားသည်။ သတ္တက္ခတ္တုံပိ၊ ခုနစ်ကြိမ်လည်း။ ဒဒန္တေ၊ ပေးသည်ရှိသော်။ ပုန၊ တဘန်။ ဒါတုကာမောယေဝ၊ လှူလိုသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ ပုဗ္ဗေ၊ ရှေး၌။ မဟာကေဿဋ္ဌကော၊ မဟာကေဿဋ္ဌကသည်။ စတုသဋ္ဌိယာသဋ္ဌကယုဂေသု၊ ခြောက်ဆယ့်လေးစုံသော ပုဆိုးတို့၌။ ဒွေ၊ နှစ်ထည်တို့ကို။ အဂ္ဂဟေသိ၊ ယူ၏။ အယံပန၊ ဤပုဏ္ဏားသည်ကား။ ဒွတ္တိံသ ယုဂံ၊ သုံးဆယ့်နှစ်စုံကို။ လဒ္ဓကာလေ၊ ရသော အခါ၌။ ဒွေ၊ နှစ်ထည်တို့ကို။ အဂ္ဂဟေသိ၊ ယူ၏။ ရာဇာ၊ မင်းသည်။ ပုရိသေ၊ လုလင်တို့ကို။ အာဏာပေသိ၊ စေလွှတ်၏။ ဘဏေ၊ အချင်းတို့။ ဗြာဟ္မဏေန၊ ပုဏ္ဏားသည်။ ဒုက္ကရံ၊ ပြုနိုင်ခဲသော အမှုကို။ ကတံ၊ ပြု၏။ အန္တေပုရေ၊ နန်းတွင်း၌။ မမ၊ ငါ၏။ ဒွေ ကမ္ဗလာနိ၊ ဝတ်လဲတော် ကမ္ဗလာ နှစ်ထည်တို့ကို။ အာဟရထာပေယျာထ၊ ဆောင်ချေကုန်လော့။ ဣတိ၊ ဤသို့ စေ၏။ တေ၊ ထိုလုလင်တို့သည်။ ယထာ၊ ထို မင်းကြီး မိန့်တော်မူတိုင်း။ ကရိံသု၊ ပြုကုန်၏။ ရာဇာ၊ မင်းသည်။ သတသဟဿဂ္ဃနိကေ၊ အသိုးတသိန်းထိုက်ကုန်သော။ ဒွေ ကမ္ဗလေ၊ ကမ္ဗလာ နှစ်ထည်တို့ကို။ ဒါပေသိ၊ ပေးစေ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ မမသရီရေ၊ ငါ၏ ကိုယ်၌။ ဣမေ၊ ဤကမ္ဗလာတို့ကို။ ဥပယောဂံ၊ တင်ခြင်း ဝတ်ခြင်းငှါ။ န အရဟန္တိ၊ မထိုက်ကုန်။ ဗုဒ္ဓသာသနဿ၊ ဘုရားသာသနာအား။ ဧတေ၊ ထိုအထည်တို့သည်။ အနုစ္ဆဝိကာ၊ ထိုက်တန်ကုန်၏။ ဣတိ၊ ဤသို့။ ဧကံ ကမ္ဗလံ၊ ကမ္ဗလာတထည်ကို။ အန္တော ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိတွင်း၌။ သတ္ထုသယနဿ၊ ဘုရားကိန်း တော်မူသော အိပ်ရာ၏။ ဥပရိ၊ အထက်၌။ ဝိတာနံကတွာ၊ ဗိတာန်ပြု၍။ ဗန္ဓာပေသိ၊ မျက်နှာကြက် ၏။ ဧကံ၊ တထည်ကို။ အတ္တနော ဃရေ၊ မိမိအိမ်၌။ နိဗဒ္ဓံ၊ မပြတ်။ ဘုဉ္ဇနကဿ ဘိက္ခုနော၊ ဆွမ်းစားသောရဟန်း၏။ ဘတ္တကိစ္စဋ္ဌာနေ၊ ဆွမ်းစားရာ အရပ်၌။ ဝိတာနံကတွာ၊ ဗိတာန်ပြု၍။ ဗန္ဓိ၊ မျက်နှာကြက်၏။ ရာဇာ၊ မင်းသည်။ သာယန္ဟ-

သမယေ၊ ညချမ်းသော အခါ၌။ သတ္ထု သန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ တံ ကမ္ဗလံ၊ ထိုကမ္ဗလာကို။ သဋ္ဌာနိတွာ၊ သိ၍၊ ဘန္တေ၊ အရှင်ဘုရား။ ကေန၊ အဘယ်သူသည်။ ပူဇာကတာ၊ ပူဇော်ခြင်းကို ပြုသနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေး၍။ ဧကသာဋကေန၊ ဧကသာဋကသည်။ ပူဇေတိ၊ ပူဇော်၏။ ဣတိ ဝုတ္တေ၊ ဤသို့ မိန့်လတ်သော်။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ မပ၊ ငါ၏။ ပသာဒဋ္ဌာနေယေဝ၊ ကြည်ညိုရာ အရပ်၌သာလျှင်။ ပသီဒတိ၊ ကြည်ညို၏။ ဣတိ ဝတွာ၊ ဤသို့ ဆို၍။ စတ္တာရော ဟတ္ထိစ၊ ဆင်လေးစီးတို့ကို၎င်း။ စတ္တာရော အဿေစ၊ မြင်းလေးစီးတို့ကို၎င်း။ စတ္တာရိ ကဟာပဏသဟဿာနိစ၊ အသပြာ လေးထောင်တို့ကို၎င်း။ စတဿော ဣတ္ထိယောစ၊ မိန်းမလေးယောက်တို့ကို၎င်း။ စတဿော ဒါသိယောစ၊ ကျွန်မ လေးယောက်တို့ကို၎င်း။ စတ္တာရော ပုရိသေ၊ မင်းချင်း ယောကျ်ား လေးယောက်တို့ကို၎င်း။ စတုရော ဂါမဝရေ၊ အခွန်ထွက်သော ရွာလေးခုတို့ကို ၎င်း။ ဣတိ ဧဝံ၊ ဤသို့။ ယာဝ သတ္တမံ၊ ခုနစ်လီပြည့်အောင်။ စတ္တာရိ စတ္တာရိ၊ လေးခု လေးခုတို့ကို။ ကတွာ၊ ပြု၍။ သဗ္ဗစတုက္ကံနာမ၊ သဗ္ဗစတုက္က မည်သော အလှူကို။ အဿ၊ ထိုပုဏ္ဏားအား။ ဒါပေသိ၊ ပေးစေ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံသမုဋ္ဌာပေသုံ၊ စကားပြောဟောကုန်၏။ စူဠေကသာဋကဿ၊ စူဠေကသာဋကအား၏။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ ကောင်းမှုသည်။ အဟော အစ္ဆရိယံ၊ ဩော် အံ့ဘွယ်ရှိလှ၏။ မုဟုတ္တေနေဝ၊ တခဏချင်းလျှင်။ သဗ္ဗံ စတုက္ကံ၊ အလုံးစုံသော စတုက္က အလှူကို။ လဘိ၊ ရ၏။ ဣဒါနိ၊ ယခုအခါ၌။ ကတေန ကလျာဏကမ္မေန၊ ပြုအပ်သော ကောင်းမှုသည်။ အဇ္ဇမေဝ၊ ယခုပင်လျှင်။ ဝိပါကော၊ ကောင်းကျိုးကို။ ဒိန္နော၊ ပေး၏။ ဣတိ၊ ဤသို့ ပြောကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထ၊ ဖြစ်ကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယ နာမာယ၊ ဤမည်သော စကားကြောင့် တည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဧကသာဋကော၊ ဤ ဧကသာဋကသည်။ ပဌမယာမေ၊ ပဌမယာမ်၌။ မယှံ၊ ငါ့အား။ ဒါတုံ၊ လှူခြင်းငှါ။ သစေ အသက္ခိဿ၊ အကယ်၍ တတ်နိုင်ပြီဖြစ်အံ့။ သဗ္ဗသောဠသကံ၊ အလုံးစုံ တဆယ့်ခြောက်ခုရှိသော သောဠသကကို။ အလဘိဿ၊ ရလေပြီရာ၏။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ သစေ အသက္ခိဿ အကယ်၍ လှူနိုင်ပြီဖြစ်အံ့။ သဗ္ဗဋ္ဌကံ၊ အလုံးစုံ ရှစ်ခုနှစ်လီကို။ အလဘိဿ၊ ရလေပြီရာ၏။ ဗလဝပစ္ဆိမယာမေ၊ အားကြီးသော ပစ္ဆိမယာမ်၌။ ဒိန္နတ္တာ ပန၊ လှူခြင်းကြောင့်ကား။ သော၊ ဤပုဏ္ဏားသည်။ သဗ္ဗ

စတုက္ကံ၊ လေးခု ခုနစ်လီကို။ လဘိ၊ ရ၏။ ဟိ၊ ထိုစကားသင့်စွ။ ကလျာဏကမ္မံ၊ ကောင်းမှုကံကို။ ကရောန္တေန၊ ပြုသောသူသည်။ ဥပ္ပန္နံစိတ္တံ၊ ရှေးဦးစွာ ဖြစ်သော စိတ်ကို။ အဟာပေတွာ၊ မယုတ်ခစေမူ၍။ တံ ခဏဉောဝ၊ထို ခဏ၌သာလျှင်။ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဒန္ဓံ၊ နှေးစွာ။ ကတံ၊ ပြုအပ်သော။ ကုသလံ၊ ကုသိုလ်သည်။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ ဒဒမာနံ၊ ပေးသည်ရှိသော်။ ဒန္ဓမေဝ၊ နှံ့နှေးစွာလျှင်။ ဒဒါတိ၊ ပေး၏။ တသ္မာ၊ ထိုကြောင့်။ စိတ္တုပ္ပါဒသမနန္တရမေဝ၊ စိတ်ဥပါဒ်သည်၏ အခြားမဲ့၌သာလျှင်။ ကလျာဏကမ္မံ၊ ကောင်းမှု ကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိဝတွာ၊ ဤသို့မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံ၊ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

(၁၁၆) ဘိက္ခဝေ၊တို့။ ကလျာဏေ၊ ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ လျင်စွာ လျင်စွာသာလျှင် ပြုကုန်ရာ၏။ ပါပါ၊ မကောင်းမှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ မြစ်ရာ၏။ ဟိ၊ ထိုစကား သင့်စွ။ ဒန္ဓံ၊ နှေးစွာ။ ပုညံ၊ ကောင်းမှုကို။ ကရောတော၊ ပြုသောသူ၏။ မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်တတ်၏။

တတ္ထ၊ ထိုဂါထာ၌။ အဘိတ္ထရေထာတိ၊ ဟူသည်ကား။ တုရိတတုရိတံ သီဃံ သီဃံ၊ လျင်စွာလျင်စွာ။ ကရေယျ၊ ၏။ ဣတိ အတ္ထော၊ ဤကားအနက်တည်း။ ဟိ၊ ထိုစကားသင့်စွ။ ဂိဟိနာဝါ၊ လူသည်မူလည်း။ သလာကဘတ္တဒါနာဒိသု၊ စာရေးတံ ဆွမ်းလှူခြင်းစသည်တို့တွင်။ ကိဉ္စိဒေဝ ကုသလံ၊ တစုံတခုသော ကုသိုလ် ကိုလျှင်။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ အဉ္ဉေ၊ တပါးသူတို့သည်။ သြကာသံ၊ အခွင့်ကို။ ယထာ၊ အကြင်သို့သော အခြင်း အရာဖြင့်။ န လဘန္တိ၊ မရကုန်။ ဧဝံ ဟထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ အဟံ၊ ငါသည်။ ပုရေတိ၊ ရှေးဦးစွာပြုအံ့ဟူ၍။ တုရိတ တုရိတမေဝ၊ လျင်စွာ လျင်စွာသာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဗ္ဗဇိတေနဝါ၊ ရဟန်းသည်မူလည်း၊ ဥပဇ္ဈာယဝတ္တာဒီနိ၊ ဥပဇ္ဈာယဝတ် စသည်တို့ကို။ ကရောန္တေန၊ ပြုသဖြင့်။ အညဿ၊ သူတပါးအား။ သြကာသံ၊ အခွင့်ကို။ အဒတွာ၊ မပေးမူ၍။ အဟံ၊ ငါသည်။ ပုရေတိ၊ ရှေးဦးစွာပြုအံ့ ဟူ၍။ တုရိတတုရိတမေဝ၊ လျင်စွာ လျင်စွာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပါပါစိတ္တံနိ၊ ဟူသည်ကား။ ကာယဒုစ္စရိတာဒိ၊ ကာယ ဒုစရိုက် အစရှိသော။ ပါပကမ္မတောဝါ၊ ယုတ်မာသော ဒုစရိုက်မှရင်း။ အကုသလ စိတ္တုပ္ပါဒတောဝါ၊ အကုသိုလ်စိတ္တုပ္ပါဒ်မှရင်း။ သဗ္ဗတ္ထာမေဝ၊ အလုံးစုံမှလျှင်။ စိတ္တံ၊ ကို။ နိဝါရယေ၊ မြစ်ရာ၏။ ဒန္ဓံဟိကရောတောတိ၊ ဟူသည်ကား။ ယော ပန၊

အကြင်သူသည်။ ဒဿာမိ၊ ပေးအံ့။ ကရိဿာမိ၊ ပြုအံ့။ သမ္မဇ္ဇိဿံတိနု ခေါ၊ ပြည့်စုံအံ့လော။ မေ၊ ငါ့အား၊ နေ၁၊ မပြည့်စုံအံ့လော။ ဣတိပိ၊ ဤသို့လည်း။ စိက္ခလ္လမဂ္ဂေန၊ ညွန်ရှိသော ခရီးဖြင့်။ ဂစ္ဆန္တော ဝိယ၊ သွားသကဲ့သို့။ ဒန္ဓံပုညံ၊ နှေးနှေးသော ကုသိုလ်ကို။ ကရောတိ၊ ပြု၏။ ဟဿ၊ ထိုသူအား၊ ကေသာဋ္ဌကဿဝိယ၊ ကေသာဋ္ဌကပုဏ္ဏားကဲ့သို့။ မစ္ဆေရသဟဿံ၊ ဝန်တိုခြင်း တထောင် ရှိသော။ ပါပံ၊ အကုသိုလ်သည်။ ဩကာသံ၊ အခွင့်ကို။ လဘတိ၊ ရ၏၊ အထ၊ ထိုအခါ၌၊ အဿ၊ ထိုသူ၏။ မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်၏။ ဟိ၊ ထိုစကားသင့်စွ။ ကုသလ ကမ္မကရဏ ကာလေယေဝ၊ ကုသိုလ်ကံကို ပြုသောအခါ၌လျှင်။ စိတ္တံ၊ သည်။ ကုသလေ၊ ကုသိုလ်၌၊ ရမတိ၊ မွေ့လျော်၏။ တတော၊ ထိုကုသိုလ်မှ။ မုစ္စိတွာ၊ လွတ်၍။ ပါပနိန္နမေဝ၊ မကောင်းမှုသို့ ညွတ်ခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤကား ဂါထာအနက် တည်း။ ။ဂါထာပရိယောသာနေ၊ ဂါထာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်၊ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဌမံ၊ သော။ စူဠေကသာဋကဗြာဟ္မဏဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

—— ❁ ——

## ၉— ပါပဝဂ္ဂ။ ၂- သေယျသကတ္ထေရဝတ္ထု။

(စူဠေကသာဋက ဗြာဟ္မဏဝတ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ပြီး ၍။ သေယျသကတ္ထေရဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "ပါပဥ္စေ"စသည်ကို မိန့်၏)။

"ပါပဥ္စေ ပုရိသော"တိ ဣမံ ဓမ္မဒေသနံ၊ ပုရိသော စသော ဤတရား ဟောခြင်းကို၊ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌၊ ဝိဟရန္တော၊ နေစဉ်။ သေယျသကတ္ထေရံ၊ သေယျသကထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော ပန၊ ထိုသေယျသက သည်ကား။ လာဠုဒါယိတ္ထေရဿ၊ လာဠုဒါယီထေရ်၏။ သဒ္ဓိဝိဟာရိကော၊ အတူနေ တပည့်တည်း။ အတ္တနော အနဘိရတိံ၊ မိမိမမွေ့လျော်ခြင်းကို။ တဿ၊ ထိုလာဠုဒါယီအား။ အာရောစေတွာ၊ ကြား၍။ တေန၊ ထိုလာဠုဒါယီသည်။ ပဌမသံဃာဒိသေသ ကမ္မေ၊ ပဌမ သံဃာဒိသိသ် ကံကို။ သမာဒပိတော၊ ဆောက်တည် စေ၏။ ဥပ္ပန္နုပ္ပန္နာယ၊ လွန်စွာဖြစ်သော။ အနဘိရတိယာ၊ မမွေ့လျော်ခြင်းဖြင့်။ တံကမ္မံ၊

ထိုဒုမ္မူကို။ အကာသိ၊ ပြု၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုသေယျသက၏။ တံ ကိရိယံ၊ ထိုအမှုအရာကို။ သုတွာ၊ ကြား၍။ တံ၊ ထိုသေယျသကကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တွံ၊ သင်သည်။ ဧဝံ၊ ဤသို့။ ကရောသိကိရ၊ ပြု၏ ဟူသည် မှန်၏လော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား၊ အာမ၊ မှန်ပေသည်ဘုရား။ ဣတိဝုတ္တေ၊ ဤသို့လျှောက်လတ်သော်။ ကသ္မာ၊ အဘယ်ကြောင့်၊ ဘာရိယံ ကမ္မံ၊ ဝန်လေးသော အမှုကို၊ အကာသိ၊ ပြုဘိသနည်း။ မောဃပုရိသ၊ မင်္ဂဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား။ အနနုစ္ဆဝိကံ၊ မလျှောက်ပတ်။ ဣတိ၊ ဤသို့ စသည်ဖြင့်။ နာနပ္ပကာရေတာ၊ အထူးထူး အပြားပြားအားဖြင့်။ ဝိဂရဟိတွာ၊ ကဲ့ရဲ့၍။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညပေတွာ၊ ပညတ်၍။ ဧဝ ရူပံပိ၊ ဤသို့သဘောရှိသည်လည်း ဖြစ်သော။ ကမ္မံ၊ မကောင်းမှုသည်။ ဒိဋ္ဌဓမ္မေပိ၊ မျက်မှောက်၌ရင်း။ သမ္ပရာယေပိ၊ တမလွန်၌ရင်း။ ဒုက္ခသံဝတ္တနိကမေဝ၊ ဆင်းရဲသော အကျိုးကို ဖြစ်စေသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ ဃဋ္ဋေတွာ၊ အနုသန္ဓေ စပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၁၇။ ဘိက္ခုဝေ၊ တို့။ ပုရိသော၊ ယောကျ်ားသည်။ စေ၊ အကယ်၍။ ပါပံ၊ အကုသိုလ်ကို။ ကယိရာ၊ တကြိမ်သာ ပြုမိငြားအံ့။ နံ၊ ထိုအကုသိုလ်ကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ န ကယိရာ၊ မပြုရာ။ တမှိ၊ ထိုအကုသိုလ်၌။ ဆန္ဒံ၊ နှစ်သက်ခြင်းကို။ န ကယိရာထ၊ မပြုကုန်ရာ။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ပါပဿ၊ အကုသိုလ်၏။ ဥစ္စယော၊ ပွားခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ တသ္မာ၊ ထိုကြောင့်။ န ကယိရာ၊ အဘန်တလဲလဲ အောက်မေ့ခြင်းကို မပြုရာ။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ပုရိသော၊ ယောကျ်ားသည်။ သကိံ၊ တကြိမ်။ ပါပကမ္မံ၊ မကောင်းမှုကို။ သစေကရေယျ၊ အကယ်၍ ပြုငြားအံ့။ တံခဏေယေဝ၊ ထိုခဏ၌သာလျှင်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ဣဒံ၊ ဤအမှုသည်။ အပတိရူပံ၊ မလျှောက်ပတ်။ ဩဠာရိကံ၊ ရုန့်ရင်း၏။ ဣတိ၊ ထိုကြောင့်။ နံ၊ ထိုအကုသိုလ်ကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ နကယိရာ၊ မပြုရာ။ ဟိ၊ ထိုစကား သင့်စွ။ ယော၊ အကြင်သူသည်။ တမှိ၊ ထိုအကုသိုလ်၌။ ဆန္ဒံဝါ၊ ဆန္ဒကိုရင်း။ ရုစိံဝါ၊ နှစ်သက်ခြင်းကိုရင်း၊ ဥပ္ပဇ္ဇေယျ၊ ဖြစ်စေငြားအံ့။ တံပိ၊ ထိုအလိုဆန္ဒကိုလည်း။ ဝိနောဒေတွာ၊ ဖျောက်၍။ န ကယိရမေဝ၊ မပြုရာသည်သာလျှင်တည်း။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်း။ ဟိ၊ အကြင်ကြောင့်။ ပါပဿ၊ အကုသိုလ်၏။ ဥစ္စယောဝဍ္ဍိ၊ ပွားခြင်းသည်။ ဣဓလောကေပိ၊ ဤလောက၌ရင်း။ သမ္ပရာယေပိ၊

ယေပိ၊ တမလွန်၌ငှင်း။ ဒုက္ခောဒုက္ခမေဝ၊ ဆင်းရဲခြင်းကိုသာလျှင်။ အာဝဟံတိ၊ ရွက်ဆောင်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော လူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာ-ပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဒုတိယံ၊ သော။ သေယျသကတ္ထေရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၉-ပါပဝဂ္ဂ။ ၃-လာဇဒေဝဓီတာဝတ္ထု။

(သေယျသကတ္ထေရာဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍။ လာဇဒေဝဓီတာဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ "ပုညဉ္စေ" စသည်ကို မိန့်အပ်၏)။

"ပုညဉ္စေ"တိ ဣမံ ဓမ္မဒေသနံ၊ ပုညဉ္စေ စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ လာဇဒေဝဓီတရံ၊ လာဇာနတ်သမီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဝတ္ထု၊ ဖြစ်ကြောင်းသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သမုဋ္ဌိတံ၊ ထင်ရှားဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပသည်။ ပိပ္ပလိဂုဟာယံ၊ ပိပ္ပလိလိုဏ်၌။ ဝိဟရန္တော၊ နေလျက်။ ဈာနံ သမာ-ပဇ္ဇိတွာ၊ ဈာန်ဝင်စား၍။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ ဝုဋ္ဌာယ၊ ထ၍။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့်။ ဘိက္ခာစာရဋ္ဌာနံ၊ ဆွမ်းခံရာအရပ်ကို။ ဩလောကေန္တော၊ ကြည့်လတ်သော်။ ဧကံ သာလိခေတ္တပါလိကံ၊ တခုသော သလေးခင်းကို စောင့်သော။ ဣတ္ထိံ၊ မိန်းမကို။ သာလိသီသေ၊ သလေးနှံတို့ကို။ ဂဟေတွာ၊ ရိတ်၍။ လာဇေ၊ ပေါက်ပေါက်တို့ကို။ ကုရုမာနံ၊ လှော်သည်တို့ကို။ ဒိသွာ၊ မြင်၍။ သဒ္ဓါ နု ခေါ၊ ကြည်ညိုအံ့လော။ အသဒ္ဓါ နု ခေါ၊ မကြည်ညိုအံ့လော။ ဣတိ ဥပဓာရေန္တော၊ ဤသို့ ဆင်ခြင်၍။ သဒ္ဓါ ဣတိ၊ ကြည်ညိုအံ့ဟု။ ဉတွာ၊ သိ၍။ မေ၊ ငါ့အား။ သင်္ဂဟံ၊ ထောက်ပံ့ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ခိဿတိ နု ခေါ၊ တတ်နိုင်အံ့သလော။ နော၊ မတတ်နိုင်အံ့လော။ ဣတိ ဥပဓာရေန္တော၊ ဤသို့ စူးစမ်းလတ်သော်။ ဝိသာရဒါ၊ အားရှိသော။ ကုလဓီတာ၊ အမျိုးသမီးသည်။ မမ၊ ငါ့အား။ သင်္ဂဟံ၊ ထောက်ပံ့ခြင်းကို။ ကရိဿတိ၊ ပြုလတ္တံ့။ ကတွာ စ ပန၊ ပြုပြီး၍ကား။ မဟာသမ္ပတ္တိံ၊ စည်းစိမ်ကြီးကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိ ဉတွာ၊ ဤသို့သိ၍။ စီဝရံ ပါရုပိတွာ၊ သင်္ကန်းရုံ၍။ ပတ္တမာဒါယ၊ သပိတ်ကိုလွယ်၍။ သာလိ-

ခေတ္တသမိပေယေဝ၊ သလေးစပါးခင်း အနီး၌သာလျှင်။ အဋ္ဌာသိ၊ ရပ်၏။ ကုလ·
ဓီတာ၊ အမျိုးသမီးသည်။ ထေရံ၊ မထေရ်ကို။ ဒိသွာဝ၊ မြင်၍လျှင်။ ပသန္နစိတ္တာ၊
ကြည်ညိုသောစိတ်ရှိ၍။ ပဉ္စဝဏ္ဏာယပီတိယာ၊ ငါးပါးသော အကြောင်းရှိသော
ပီတိဖြင့်။ ဖုဋ္ဌသရီရာ၊ နှံ့သောကိုယ်ဖြင့်။ ဘန္တေ၊ အရှင်ဘုရား။ တိဋ္ဌထ၊ ရပ်ဦး
လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ လာဇေ၊ ပေါက်ပေါက်တို့ကို။ အာဒါယ၊ ယူ၍။
ဝေဂေန ဂန္တွာ၊ လျင်စွာသွား၍။ ထေရဿ၊ မထေရ်၏။ ပတ္တေ၊ သပိတ်၌။ အာကိရိတွာ၊
လောင်း၍။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊
အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မဿ၊ မြင်အပ်သောတရား၏။
ဘာဂိအဿံ၊ အဘို့ရှိသည်ဖြစ်ရလို၏။ ဣတိပတ္ထနံ၊ ဤသို့ဆုတောင်းကို။ အကာသိ၊
ပြု၏။ ထေရော၊ ရှင်ကဿပသည်။ ဧဝံဟောတုတိ၊ ဤသို့ တောင်းသည် ဆု
အတိုင်း ပြည့်စုံစေလော့ဟု။ အနုမောဒနံ၊ အနုမောဒနာကို။ အကာသိ၊ ပြု၏။
သာပိ၊ ထိုသတို့သမီးသည်လည်း။ ထေရံ၊ မထေရ်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အတ္တနာ၊
မိမိသည်။ ဒိန္နဒါနံ၊ ပေးသောအလှူကို။ အာဝဇ္ဇမာနာ၊ ဆင်ခြင်လျက်။ နိဝတ္တိ၊
ပြန်ခဲ့၏။ တဿာ ပန၊ ထိုအမျိုးသမီးသည်ကား။ ကေဒါရမရိယာဒါယ၊ လယ်
ကန်သင်း အပိုင်းအခြား၌။ ဂမနမဂ္ဂေ၊ သွားရာလမ်းခရီး၌။ ဧကသ္မိံဗိလေ၊ တခု
သော တွင်း၌။ ဃောရဝိသော၊ အဆိပ်ထန်သော။ သပ္ပေါ၊ မြွေသည်။ နိပဇ္ဇိ၊
အိပ်၏။ သော၊ ထိုမြွေသည်။ ထေရဿ၊ မထေရ်၏။ ကာသာယပဋိစ္ဆန္နံ၊ သင်္ကန်း
ဖုံးလွှမ်းသော။ ဇင်္ဃံ၊ သလုံးသားကို။ ဍံသိတုံ၊ ကိုက်ခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။
ဣတရာ၊ သတို့သမီးသည်။ ဒါနံ၊ အလှူကို။ အာဝဇ္ဇမာနာ၊ အောက်မေ့ဆင်ခြင်
လျက်။ နိဝတ္တန္တီ၊ ပြန်ခဲ့သည်ရှိသော်။ တံပဒေသံ၊ ထိုအရပ်သို့။ ပါပုဏိ၊ ရောက်၏။
သပ္ပေါ၊ မြွေသည်။ ဗိလာ၊ တွင်းမှ။ နိက္ခမိတွာ၊ ထွက်၍။ တံ၊ ထိုသတို့သမီးကို။ ဍံသိတွာ၊
ကိုက်၍။ တတ္ထေဝ၊ ထိုလယ်ကန်သင်း၌လျှင်။ ပါတေသိ၊ လည်းစေ၏။ သာ၊
ထိုမိန်းမငယ် လယ်စောင့်သည်။ ပသန္နစိတ္တေန၊ ကြည်ညိုသော စိတ်ဖြင့်။ ကာလံ
ကတွာ၊ သေ၍။ တာဝတိံသ ဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ တိံသ ယောဇနိ·
ကေ ကနကဝိမာနေ၊ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌။ သုတ္တပ္ပဗုဒ္ဓေါဝိယ၊ အိပ်
ပျော်သူတို့၏ နိုးခြင်းကဲ့သို့။ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတေန သရီရေန၊ အလုံးစုံ တန်း
ဆာဆင်အပ်သော ကိုယ်ဖြင့်။ တိဂါဝုတေနအတ္တဘာဝေန၊ သုံးဂါဝုတ်ရှိသော အတ္တ
ဘောဖြင့်။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဒွါဒသယောဇနိကံ ဒိဗ္ဗဝတ္ထံ၊ တဆဲ့နှစ်ယူဇနာရှိသော
နတ်ပုဆိုးကို။ နိဝါသေတွာ၊ ဝတ်၍။ ဧကံ ပါရုပိတွာ၊ တထည်ကိုရုံ၍။ အစ္ဆရာ
သဟဿပရိဝုတာ၊ နတ်သမီးတထောင် ခြံရံလျက်။ ပုဗ္ဗကမ္မံ၊ ရှေးကောင်းမှုကို။
ပကာသနတ္ထာယ၊ ထင်ရှားပြခြင်းငှာ။ သုဝဏ္ဏလာဇ ဘရိတေန၊ ရွှေပေါက်ပေါက်

ဖြင့် ပြည့်သော။ ဩလုမ္ဗကေန၊ တွဲလျားကျသော။ သုံဝဏ္ဏသရကေန၊ ရွှေခွက်ဖြင့်။ ပဋိမဏ္ဍိတော၊ တန်းဆာဆင်အပ်သော။ ဝိမာနဒွါရေ၊ ဗိမာန်တံခါး၌။ ဌိတော၊ ရပ်လျက်။ အတ္တနော၊မိမိ၏။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ဩလောကေတွာ၊ ကြည့်၍။ မေ၊ ငါသည်။ ကိံ နုခေါ ကတွာ၊ အဘယ်ကောင်းမှုကို ပြု၍။ အယံသမ္ပတ္တိ၊ ဤစည်းစိမ်ကို။ လဒ္ဓါ၊ ရသနည်းဟု။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုဖြင့်။ ဉပဓာရေန္တီ၊ စူးစမ်းလတ်သော်။ မေ၊ ငါ၏။ အယျဿ၊ အရှင်ကောင်း ဖြစ်သော။ မဟာကဿပတ္ထေရဿ၊ မဟာကဿပမထေရ်အား။ ဒိန္နလာဇနိဿန္ဒေန၊ လှူအပ်သော ပေါက်ပေါက်အကျိုးဆက်ဖြင့်။ လဒ္ဓါတိ၊ ရ၏ဟု။ အညာသိ၊ သိ၏။

သာ၊ ထိုနတ်သမီးသည်။ ဧဝံ၊ ဤသို့။ ပရိတ္တကေန ကမ္မေန၊ အနည်းငယ်သော ကောင်းမှုဖြင့် ဧဝရူပံ သမ္ပတ္တိံ၊ ဤသို့သဘောရှိသော စည်းစိမ်ကို။လဘိတွာ၊ ရ၍။ ဒါနိ၊ ယခုအခါ၌။ မယာ၊ ငါသည်။ ပမဇ္ဇိတုံ၊ မေ့လျော့ခြင်းငှာ။ နဝဋ္ဋတိ၊ မသင့်။ ဣတိ၊ဤသို့ဆို၏။ အယျဿ၊ အရှင်ကဿပအား။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကတွာ၊ပြု၍၊ ဣမံ သမ္ပတ္တိံ၊ ဤစည်းစိမ်ကို။ ထာဝရံ ကရိဿာမိ၊ အမြဲတည်အောင် ပြုအံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ပါတောဝ၊ စောစောကလျှင်။ ကနကဗျယံ၊ ရွှေဖြင့်ပြီးသော။ သမ္မဇ္ဇနိဥ္စဝ၊ တံမြက်ကိုရင်း။ ကစဝရဆဍ္ဍနကဥ္စ၊ တံမြက်ချေးစွန့်စရာ တောင်းကိုရင်း။ အာဒါယ၊ ယူခဲ့၍။ ဂန္တွာ၊ သွား၍။ ထေရဿ၊ မထေရ်၏။ ပရိဝေဏံ၊ ပရိဝုဏ်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ ပါနီယပရိဘောဇနီယံ၊ သောက်ရေ သုံးဆောင်ရေကို။ ဉပဋ္ဌာပေသိ၊ တည်ထား၏။ ထေရော၊ မထေရ်သည်။တံ၊ထိုအခြင်းအရာကို။ဒိသွာ၊မြင်၍။ ကေနစိ၊တစုံတယောက်သော။ ဒဟရေနဝါ၊ ပဉ္စင်းငယ်သည်ရင်း။ သာမဏေရေနဝါ၊ သာမဏေသည်ရင်း။ ဝတ္တံ၊ ဝတ်ကို။ ကတံ၊ပြုသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိသလ္လက္ခေတွာ၊ ဤသို့မှတ်၍။ ဝသိ၊နေ၏။ သာ၊ ထိုနတ်သမီးသည်။ ဒုတိယဒိဝသေပိ၊ နှစ်ရက်မြောက်သော နေ့၌လည်း။ တထေဝ၊ ထိုရှေးအတူလျှင်။ အကာသိ၊ ပြု၏။ ထေရောပိ၊ မထေရ်သည်လည်း။ တထေဝ၊ ထိုအတူလျှင်။ သလ္လက္ခေသိ၊ မှတ်၏။ တတိယဒိဝသေပန၊သုံးရက်မြောက်သော နေ့၌ကား။ ထေရော၊မထေရ်သည်။ တဿာ၊ ထိုနတ်သမီး၏။ သမ္မဇ္ဇနိသဒ္ဒံ၊ တံမြက်လှည်းသံကို။ သုတွာ၊စ၊ ကြား၍ရင်း။ တာလဆိဒ္ဒါဒီဟိ၊ သံကောက်ပေါက် လေသာပြူတင်း စသည်တို့ဖြင့်။ ပဝိဋ္ဌသရီရောဘာသဥ္စ၊ ဝင်လာသော နတ်သမီး၏ ကိုယ်ရောင်ကိုရင်း။ ဒိသွာ၊မြင်၍။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍၊ သမ္မဇ္ဇတိ၊ တံမြက်လှည်းသော။ ဧသော၊ ဤသူသည်။ ကော၊ အသူနည်း။ ဣတိပုစ္ဆိ၊ဤသို့မေး၏။ ဘန္တေ၊အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဉပဋ္ဌာယိကာလာဇဒေဝဓီတာ၊အလုပ်အကျွေးဖြစ်သော လာဇာ

နုတ်လိုးတည်း။ ဣတိ၊ ဤသို့လျှောက်၏။ မယှံ၊ ငါ့အား။ ဝေနာမိကာ၊ ဤသို့အမည်ရှိသော။ ဥပဋ္ဌာယိကာနာမ၊ အလုပ်အကျွေး ဒါယိကာမည်သည်။ နတ္ထိနုန၊ မရှိဘူးပါတကား။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ငါသည်။ သောတာပန်တကိုလည်း၊ သာလေးလယ်တောကို။ ရက္ခာနာ၊ စောင့်လျက်။ လာဇေ၊ ပေါက်ပေါက်တိုကို။ ဒတွာ၊ လှူ၍။ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ်ဖြင့်။ နိဝတ္တန္တီ၊ ပြန်သည်ရှိသော်။ သပ္ပေန၊ မြွေသည်။ ဒဋ္ဌာ၊ ကိုက်၍။ ကာလံကတွာ၊ သေခြင်းကို ပြု၍။ တာဝတိံသ ဒေဝလောကေ၊ တာဝတိံသာ နတ်ပြည်၌။ ဥပ္ပန္နာ၊ ဖြစ်၏။ မယာ၊ တပည့်တော်မသည်။ အယျ၊ အရှင်ဘုရားကို။ နိဿာယ၊ မှီ၍။ အယံသမ္ပတ္တိ၊ ဤစည်းစိမ်ကို။ လဒ္ဓါ၊ ရ၍။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကတွာ၊ ပြု၍။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ထာဝရံ ကရိဿာမိ၊ အမြဲတည်အောင်ပြုအံ့။ ဣတိ၊ ဤအကြောင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အာဂတာ၊ လာသည်။ အမှိုဖြစ်၏။ ဣတိ၊ ဤသို့လျှောက်၏။ ဟိပျော့ပါ၊ ယမန်နေ့ရင်း။ “မှနေ့ကလည်းဟူ”။ ပဲရေပါ၊ တမြန်နေ့ကရင်း။ တယာဝ၊ သင်သည်လျှင်။ တော် ဌာနံ၊ ဤအရပ်ကို။ သမ္မဇ္ဇိတံ၊ တံမြက်လှည်းသလော။ တယာဝ၊ သင်သည်လျှင်။ ပါနီယပရိဘောဇနီယံ၊ သောက်ရေသုံးဆောင်ရေကို။ ဥပဋ္ဌာပိတံ၊ တည်ထားသလော။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဝတ်ပြုသည်မှန်ပေ၏။ ဣတိ၊ ဤသို့လျှောက်၏။ ဒေဝဓီတေ၊ နတ်သမီး။ အပေဟိ၊ ဘဲလေသုတ်လေလော့။ တယာ၊ သင်သည်။ ကတံဝတ္တံ၊ ပြုမိသောဝတ်ကို။ ကတံဝ ဟောတု၊ ပြုတိုင်းငင်လျှင် ဖြစ်စေတော့။ ဣတော ပဋ္ဌာယ၊ ဤမှစ၍။ ဣမံဌာနံ၊ ဤအရပ်သို့။ မာဂမိ၊ မလာစေချင်၊ ဣတိ၊ ဤသို့ မောင်းမဲလျက်ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ မာ နာသေထ၊ မဖျက်ဆီးပါလင့်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဝတ္တံကတွာ၊ ဝတ်ပြု၍။ မေ သမ္ပတ္တိံ၊ ကျွန်ုပ်စည်းစိမ်ကို။ ထိရံ ကာတုံ၊ မြဲမြံစွာပြုခြင်းငှာ။ ဒေထ၊ ပေးကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ စိတ္တပိဇနိ၊ စိတ်ပိုးကြယ်သောသယ်ကို။ ဂဟေတွာ၊ ကိုင်၍။ နိသိန္နေဟိ၊ နေကုန်သော။ ဓမ္မကထိကယ်ါ၊ တရားဟောပုဂ္ဂိုလ်တို့သည်။ မေ၊ ငါ၏အထံသို့။ အနာဂတေ၊ ပရေကိမိ မရောက်ခင်။ ဒေဝဓီတေ၊ နတ်သမီး။ မာ အပေဟိ၊ မဘဲမသွား ချေသည်ဖြစ်အံ့။ မဟာကဿပတ္ထေရဿ၊ အရှင်မဟာကဿပမထေရ်အား။ ကော ဒေဝဓီတာ၊ နတ်သမီးတယောက်သည်။ အာဂန္တွာ၊ လာ၍။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကတွာ၊ ပြု၍။ ပါနီယပရိဘောဇနီယံ၊ သောက်ရေသုံးဆောင်ရေကို။ ဥပဋ္ဌာပေတိ ကိရ၊ ထားသတတ်။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ဆိုဖွယ်ကို။ မာကရိ၊ ပုံမှားသက်ဘ ရှိအောင် မပြုပါလင့်။ ။(ရှေးက မှာသဒ္ဒါကို သည်မှာလည်း

ယှဉ်၍ပေး)။ ။ဣတော ပဋ္ဌာယ၊ ဤမှစ၍။ ဣမ၊ ဤအရပ်သို့။ မာဂမိ၊ မလာ
ခဲချင်။ ပဋိက္ကမ၊ ဘဲလော့။ ဣတိ၊ ဤသို့ဆို၍။ သာ၊ ထိုနတ်သမီးသည်။ ဘန္တေ၊
အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ မာနာသေထ၊ မဖျက်ပါလင့်။ ဣတိ၊ ဤသို့။ ပုနပ္ပုနံ၊
အဘန်တလဲလဲ။ ယာစိယာ၊ တောင်းပန်သည်သာလျှင်တည်း။ တေရော၊ မထေရ်
သည်။ အယံ၊ ဤနတ်သမီးသည်။ မမဝစနံ၊ ငါ့စကားကို။ နသုဏာတိ၊ မနာယူ။
ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တုဝံ၊ သင်နတ်သမီးသည်။ ပမာဏံ၊ အတိုင်းအရှည်ကို။
နဇာနာသိ၊ မသိ။ ဣတိ၊ ဤသို့။ အစ္ဆရံပဟရိ၊ လက်ခုပ်တီး၏။ သာ၊ ထိုနတ်သမီး
သည်။ တတ္ထ၊ ထိုအရပ်၌။ သဏ္ဌာတုံ၊ တည်ခြင်းငှာ။ အသက္ကောန္တီ၊ မတတ်နိုင်သည်
ဖြစ်၍။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတိတွာ၊ ပျံ၍။ အဥ္ဇလိံ ပဂ္ဂယှ၊ လက်အုပ်
ချီ၍။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ ကျွန်ုမ နတ်သမီးသည်။ လဒ္ဓသမ္ပတ္တိံ၊ ရသော
စည်းစိမ်ကို။ မာနာသေထ၊ မဖျက်ပါလင့်။ ထာဝရံ၊အမြဲ ကာတုံ၊ တည်ခြင်းကို။
ဒေထ၊ ပေးပါကုန်လော့။ ဣတိ၊ ဤသို့ တောင်းပန်လျက်။ ရောဒန္တီ၊ တကြုကြု
ငိုလျက်။ အာကာသေ၊ ကောင်းကင်၌။ အဋ္ဌာသိ၊ နေ၏။ သတ္ထာ၊ ဘုရားသည်။
ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ တဿာ၊ ထိုနတ်သမီး၏။
ရောဒိတသဒ္ဒံ၊ ငိုသံကို။ သုတွာ၊ ကြား၍။ ဩဘာသံ၊ ရောင်ခြည်ခြောက်သွယ်ကို။
ဖရိတွာ၊ နှံ့စေ၍။ ဒေဝဓိတာယ၊ နတ်သမီး၏။ သမ္မုခေ၊မျက်မှောက်၌။ နိသီဒိတွာ၊
နေ၍။ ကထေန္တောဝိယ၊ ဟောသကဲ့သို့။ ဒေဝဓီတေ၊ နတ်သမီး။ မမပုတ္တဿ
ကဿပဿ၊ ငါ့သားကဿပ၏။ သံဝရ ကရဏမေဝ၊ စောင့်စည်းခြင်းကို ပြုခြင်း
သည်သာလျှင်။ ဘာရော၊ ဝန်တည်း။ ပုညတ္ထိကာနံပန၊ ကောင်းမှုဖြင့် အလိုရှိ
သော သူတို့၏ကား။ အယံ၊ ဤကောင်းမှုသည်။ နော၊ ငါတို့အား။ အတ္ထော၊
အလိုရှိအပ်သော အမှုတည်း။ ဣတိသလ္လက္ခေတွာ၊ ဤသို့မှတ်၍။ ပုညကရဏမေဝ၊
ကောင်းမှုကို ပြုခြင်းသည်သာလျှင်။ ဘာရော၊ ဝန်တည်း။ ဟိ၊ ထိုစကားသင့်စွ။
ပုညကရဏံ၊ ကုသိုလ်ကို ပြုခြင်းသည်။ ဣဓေဝ၊ ဤပစ္စုပ္ပန်၌ရင်း။ သမ္ပရာယေဝ၊
တမလွန်၌ရင်း။ သုခမေဝ၊ ချမ်းသာသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့
မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓိစပ်၍။ ဓမ္မံဒေသေန္တော၊ တရားဟောလို
ရကား။ ဣမံဂါထံ၊ ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ တံ ပုနပ္ပုနံ၊ တမှိ ဆန္ဒံ ကယိ-
ရာထ၊ သုခေါ ပုညဿ ဥစ္စယောတိ၊ ပုညဉ္စေ။လ။ဥစ္စယော၊ဟူသော ဤဂါထာ
ကို။ အာဟ၊ မိန့်၏။

၁၁၈။ ပုရိသော၊ ယောကျ်ားသည်။ ပုညံ၊ကုသိုလ်ကို။ စေကယိရာ၊ အကယ်၍
ပြုအံ့။ တံ၊ ထိုကုသိုလ်ကို။ ပုနပ္ပုနံ။ အဘန်တလဲလဲ။ ကယိရာ၊ ပြုရာ၏။ တမှိ၊
ထိုကုသိုလ်၌။ ဆန္ဒံ၊ အလိုကို။ ကယိရာထ၊ ပြုကုန်ရာ၏။ ဟိ ကာရဏာ၊ အဘယ်

ကြောင့်နည်း။ ပုညဿ၊ ကောင်းမှု၏။ ဥစ္စယော၊ ပွားခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ ဣတိ၊ ထိုကြောင့်ပြုရာ၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ပုရိသော၊ ယောကျ်ားသည်။ ပုညံ၊ ကောင်းမှုကို။ သစေကရေယျ၊ အကယ်၍ ပြုငြားအံ့။ ဧကဝါရံ၊ တကြိမ်။ မေ၊ ငါ၏။ ပုညံ၊ ကောင်းမှုကို။ ကတံ၊ပြုအပ်၏။ ဧတ္တာဝတာ၊ဤမျှဖြင့်။ အလံ၊ တန်ပြီ။ ဣတိ ဤသို့။ အနောရမိတွာ၊ မဆုတ်နစ်မူ၍။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ကရောတေဝ၊ ပြုအပ်သည်သာလျှင်တည်း။ တဿ၊ ထိုသူ၏။ ကရဏက္ခဏေ၊ ပြုဆဲခဏ၌။ တမှိပုညေ၊ ထိုကုသိုလ်၌။ ဆန္ဒံရုစိံ၊ အလိုကို။ ဥဿာဟံ၊ အားထုတ်ခြင်းကို။ ကရေယေဝ၊ ပြုအပ်သည်သာလျှင်တည်း။ ကိံကာရဏာ၊ အဘယ် ကြောင့်နည်း။ ပုညဿ၊ ကောင်းမှု၏။ ဥစ္စယော၊ ပွားခြင်း ဆည်းပူးခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ ဟိ၊ထိုစကားသင့်စွ။ ပုညဿ၊ ကောင်းမှု၏။ ဥစ္စယောဝုဍ္ဎိ၊ ပွားခြင်းသည်။ ဣဓလောက ပရလောက သုခါဝဟနတော၊ ပစ္စုပ္ပန်လော်က တမလွန်လောက၌ သုခကို ဆောင်ခြင်းကြောင့်။ သုခေါ၊ ချမ်းသာ၏။ ဣတိ၊ ဤသို့ ဟော၏။ ဒေသနာသာဝနေ၊ဒေသနာအဆုံး၌။ ဒေဝဓိတာ၊ နတ်သမီးသည်။ ပဉ္စစတ္တာလီသ ယောဇနမတ္တကေ၊ လေးဆယ့်ငါးယူဇနာ ရှိသော ကောင်းကင် ထက်၌။ ဌိဘာဝ၊ ရပ်လျက်လျှင်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်ပြီ။

တတိယံ၊ သော။ လာဇဒေဝဓိတာဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

—— ❁ ——

## ၉—ပါပဝဂ္ဂ။ ၄—အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု။

(လာဇဒေဝဓိတာ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍။ အနာထပိဏ်သေဋ္ဌေး ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "ပါပေါ"စသည်ကို မိန့်အပ်၏)။

"ပါပေါပိ ပဿတိ ဘဒြ"န္တိ ဣမံ ဓမ္မဒေသနံ၊ ဘဒြံစသော ဤတရားဟောခြင်းကို။ သတ္ထာ၊ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေလတ်သော်။ အနာထပိဏ္ဍိကံ၊ အနာထပိဏ်သေဋ္ဌေးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏၊ ဟိဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ အနာထပိဏ္ဍိကော၊ အနာထပိဏ်သေဋ္ဌေးသည်။ ဝိဟာရမေဝ၊ ကျောင်းကိုလျှင်။ ဥဒ္ဒိဿ၊ရည်၍ စတုပဏ္ဏာ-

သဧကာဝဋ္ဋိမနံ၊ ငါးဆဲ့လေးကုဋေသော ဥစ္စာကို။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနေ၌။ ဝိကိရိတွာ၊ စွန့်ကြဲ၍။ သတ္ထရိ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တေ၊ နေသည်ရှိသော်။ ဒေဝသိကံ၊ နေ့ဘိုင်း။ တီဏိမဟာဉပဋ္ဌာနာနိ၊ သုံးကြိမ်သော ဆည်းကပ်ခြင်းကြီးတို့သို့။ ။(အဓိပ္ပါယ်ကား။အမြဲသုံးကြိမ်ဆည်းကပ်၏။ သုံးကြိမ်၏ အကြား၌လည်း။ ရံခါ အနည်းငယ်မျှ ဆည်းကပ်သေး၏)။ ။ဂစ္ဆတိ၊ ရောက်၏။ ဂစ္ဆန္တော ဝ၊ သွားရှိလျှင်။ ကိံ နုခေါ၊ အဘယ်လူဘွယ်ဝတ္ထု ကို။ အာဒါယ၊ ယူ၍။ အာဂတောတိ၊ လာသနည်းဟု။ သာမဏေရာဝါ၊ သာမဏေတို့သည်ရင်း။ ဒဟရာ ဝါ၊ ပဉ္စင်းငယ်တို့သည်ရင်း။ မေ၊ ငါ၏။ ဟတ္ထမ္ပိ၊ လက်ကိုလည်း။ [ ]လောကေယျုံ၊ကြည့်ကုန်ရာ၏။ ဣတိ၊ ထိုကြောင့်။ တုစ္ဆဟတ္ထောနာမ၊ လက်ချည်းဖြင့်ကား။ နဂတပုဗ္ဗော၊ မသွားစဘူး။ ပါတော၊ စောစောက။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ယာဂုံ၊ ယာဂုကို။ ဂါဟာပေတွာ၊ ယူစေ၍သာလျှင်။ ဂစ္ဆတိ၊ သွား၏။ ကတပါတရာသော၊ နံနက်စာ စားပြီးသော်။ သပ္ပိနဝနီတာဒီနိ၊ ထောပတ် ဆီဦး အစရှိကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကို။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ မာလာဂန္ဓဝိလေပနဝတ္ထာဒီနိ၊ ပန်း နံ့သာ ပျောင်း အဝတ် စသည်တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆတိ၊ သွား၏။ ဧဝံ၊ ဤသို့။ နိစ္စ—ကာလမေဝ၊ မြဲသောကာလရှိ၍သာလျှင်။ ဒိဝသေ၊ နေ့တိုင်းနေ့တိုင်း။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ သီလံ၊ သီလကို။ ရက္ခတိ၊ စောင့်၏။ အပရဘာဂေ၊ နောက်အဘို့၌။ ဓနက္ခယံ၊ ဥစ္စာ၏ ကုန်ခြင်းပြုန်းတီးခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဝေါဟာရူပဇီဝိ—နောပိ၊ ကုန်သွယ်၍အသက်မွေးရသော သူတို့သည်လည်း။ အဿ၊ ထိုအနာထပိဏ်သေဋ္ဌေး၏။ ဟတ္ထတော၊ လက်မှ။ အဋ္ဌာရသကောဋိမနံ၊ တဆဲ့ရှစ်ကုဋေသော ဥစ္စာကို။ ဣဏံဂဟိံသု၊ မြီယူကုန်၏။ နဒီတီရေ၊ မြစ်နား၌။ နိဒဟိတွာ၊ မြှုပ်၍။ ဌပိတာ၊ ထားအပ်ကုန်သော။ အဿ၊ ထိုသေဋ္ဌေး၏။ ကုလသန္တကာပိ၊ ဆွေ့ခုနစ်ဆက်မှ ရအပ်သော အမွေဥစ္စာလည်း ဖြစ်ကုန်သော။ အဋ္ဌရသဟိရညကောဋိယော၊ တဆဲ့ရှစ်ကုဋေကုန်သော ရွှေငွေတို့သည်။ ကူလေ၊ ကမ်းသည်။ ဘိန္နေ၊ ပြိုလတ်သော်။ ဉဒကေန၊ ရေဖြင့်။ တနည်းကား။ ဉဒကေန၊ ရေသည်။ ကူလေ၊ ကမ်းပါးကို။ ဘိန္နေ၊ ဖဲ့သည်ရှိသော်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ ပဝိသိံသု၊ ဝင်ကုန်၏။ ဧဝံ၊ ဤသို့။ အဿ၊ ထိုသေဋ္ဌေးအား။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ [illegible]နာရိက္ခယံ၊ ဥစ္စာ၏ကုန်ခြင်းသို့။ အဂမာသိ၊ ရောက်၏။ သော၊ ထိုသေဋ္ဌေးသည်။ [illegible] ဘူတောပိ၊ [illegible]ဖြစ်သော်လည်း။ သံ[illegible]၊ သံ[illegible]အား။ ဒါနံ၊ အလှူကို။ [illegible]တိယေဝ၊ ပေးသည်သာလျှင်တည်း။ ပဏီတံ ပန၊ အကောင်းအမွန်ကိုကား။ [illegible]ွာ၊ [illegible] ဒါတုံ၊ လှူခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။ သော၊ ထိုသေဋ္ဌေးသည်။ ကေဒိဝသံ၊

တနေ့သည်၌၊ သတ္ထာရာ၊ ဘုရားသည်။ ဂဟပတိ၊ သူဌေး။ ဘော၊ အား။ ကုလေ၊
အိမ်၌။ ဒါနံ၊ အလှူကို။ဒိယတိပန၊ လှူရ၏လော။ ဣတိစုဒ္ဒေတွာ၊ ဤသို့မိန့်လတ်သော်။
ဘန္တေ၊ အရှင်ဘုရား။ ဒိယတိ၊ လှူရပါ၏။ တဉ္စခေါ၊ ထိုသို့လှူရသော်လည်း။
ဗိလင်္ဂဒုတိယံ၊ ပုန်းရည်ဟင်းလျှင် နှစ်ခုမြောက်ရှိသော။ ကဏာဇကံ၊ ဆန်ကွဲထမင်း
သာတည်း။ ဣတိအာဟ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူဌေးကို။
သတ္ထာ၊ ဘုရားသည်၊ ဂဟပတိ၊ သူဌေး။ လူခံဒါနံ၊ ခေါင်းပါးသောအလှူကို။
ဒေမိတိ၊ လှူရ၏တကားဟု။ မာစိန္တယိ၊ မကြံလင့်။ ဟိ၊ ထိုစကားသင့်စွ။ စိတ္တသ္မိံ၊
စိတ်သည်။ ပဏီတေ၊ မွန်မြတ်သည်ရှိသော်။ ဗုဒ္ဓါဒီနံ၊ ဘုရားစသည်တို့အား။
ဒိန္နဒါနံ၊ ပေးအပ်သော အလှူသည်။ လူခံနာမ၊ ခေါင်းပါးခြင်းမည်သည်။ နတ္ထိ၊
မရှိ။ အပိစ၊ စင်စစ်မှုကား။ တံ၊ သင်သည်။ အဋ္ဌန္နံ အရိယပုဂ္ဂလာနံ၊ ရှစ်ယောက်
သော အရိယာပုဂ္ဂိုလ်တို့အား။ ဒါနံ၊ အလှူကို။ အဒါသိ၊ ပေးရပြီ။ အဟံပန၊ ငါ
သည်ကား။ ဝေလာမကာလေ၊ ဝေလာမပုဏ္ဏားဖြစ်သောအခါ၌။ သကလဇမ္ဗုဒီပံ၊
ဇမ္ဗူဒီပါ ကျွန်းအလုံးကို။ ဥန္နင်္ဂလံကတွာ၊ ထွန်ဟုံး မှောက်သည်ပြု၍။ "မထွန်
မယက် စေသည်ကိုပြု၍"။ မဟာဒါနံ၊ အလှူကြီးကို။ ပဝတ္တယမာနော၊ ဖြစ်စေ
သည်ရှိသော်၊ သရဏဂမနမ္ပိ၊ သရဏဂုံမျှ တည်သည်လည်း ဖြစ်သော။ ကိဉ္စိ၊ တစုံ
တယောက်သောသူကို၊ နာလတ္ထံ၊ မရအပ်။ ဒက္ခိဏေယျာနာမ၊ မြတ်သောအလှူခံ
ပုဂ္ဂိုလ်မည်သည်။ ဇုဒ္ဒုလ္လဘာ၊ ဤသို့ရခဲ၏။ တသ္မာ၊ ထိုကြောင့်။ မေ၊ ငါသည်။
လူခံဒါနန္တိ၊ ခေါင်းပါးသည်ကို လှူရ၏ဟူ၍။ မာစိန္တယိ၊ မကြံလင့်။ ဣတိဝတွာ၊
ဤသို့စသည်ကိုမိန့်၍။ ဝေလာမသုတ္တံ၊ ဝေလာမသုတ်ကို။ အဿ၊ ထိုသူဌေးအား။
ကထေသိ၊ ဟောတော်မူ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသူဌေး၏။ ဒွါရ
ကောဋ္ဌကေ၊ တံခါးမုခ်ဦး၌။ အဓိဝတ္ထာဒေဝတာ၊ အစောင့်ဖြစ်သော နတ်သည်။
သတ္ထုရိစေဝ၊ ဘုရားသည်ရင်း။ သတ္ထုသာဝကေသုစ၊ ဘုရားတပည့်တို့ သည်ရင်း။
ဂေဟံ၊ အိမ်သို့။ ပဝိသန္တေသု၊ ဝင်ကုန်သည် ရှိသော်။ တေသံ၊ ထိုဘုရား*တပည့်
တို့၏။ တေဇေန၊ တန်ခိုးဖြင့်။ သဏ္ဌာတုံ၊ တည်ခြင်းငှာ။ အသက္ကောန္တီ၊ မတတ်
နိုင်သည်ဖြစ်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ ဣမေ၊ ဤအမှုင်တို့သည်။ ဣမံဂေဟံ၊
ဤအိမ်သို့။ နပဝိသန္တိ၊ မဝင်ကုန်။ တထာ၊ ထိုအခြင်းဖြင့်။ ဂဟပတိံ၊ သူဌေး
အနာထပိဏ်ကို။ ပရိဘိန္ဒိဿာမိတိ၊ ဖျက်ဆီးအံ့ဟူ၍။ တံ၊ ထိုသူဌေးကို။ ဝတ္တု
ကာမာပိ၊ ဆိုလိုသော်လည်း။ ဣဿရကာလေ၊ ဥစ္စာအများနှင့် ပြည့်စုံသော
ကာလ၌။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နာသက္ခိ၊ မဝံ့။
ဣဒါနိပန၊ ယခုအခါ၌ကား။ အယံ၊ ဤသူဌေးသည်။ ဒုဂ္ဂတော၊ ဆင်းရဲ၏။
မေဝစနံ၊ ငါ့စကားကို။ ဂဏှိဿတိ၊ နာယူလတ္တံ့။ ဣတိ၊ သို့။ ရတ္တိဘာဂေ၊ ညဉ့်

အဘိုဌ်။ သေဋ္ဌိဿ၊ သေဋ္ဌေး၏။ သိရိဂဗ္ဘံ၊ ကြက်သရေရှိသောတိုက်သို့။ ပဝိသိ တွာ၊ ဝင်၍။ အာကာသေ၊ တောင်းကင်၌။ အဋ္ဌာသိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုနတ်ကို။ ဒိသွာ၊ မြင်၍။ ေသော၊ ဤသူကား၊ ကော၊ အသူနည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။ မဟာသေဋ္ဌိ၊ အိုရှင်သေဋ္ဌေး။ အဟံ၊ ငါသည်။ ၁တ၊ ရှင် သေဋ္ဌေး၏။ စတုတ္ထဒွါရကောဋ္ဌကေ၊ လေးခုမြောက် ဖြစ်သော တံခါးမုခ်၌။ အဓိဝတ္ထာဒေဝတာ၊ စောင့်သောနတ်မင်းမှန်၏။ တုယှံ၊ သင်အား။ ဩဝါဒတ္ထာ ယ၊ ဆုံးမခြင်းငှာ။ အာဂတာ၊ လာ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဝဒေဟိ၊ ဆိုလော့။ ဣတိ၊ ဤသို့တောင်းပန်၏။ မဟာသေဋ္ဌိ၊ သေဋ္ဌေးကြီး။ တယာ၊ သည်။ ပစ္ဆိမကာလံ၊ နောက်ကာလကို၊ အနောလော ကေတွာဝ၊ မကြည့်မူ၍လျှင်။ သမဏဿ ဂေါတမဿ၊ ရဟန်း ဂေါတမ၏။ သာသနေ၊ သာသနာ၌။ ဗဟုဓနံ၊ ဥစ္စာများကို၊ ဝိပ္ပကိဏ္ဏံ၊ ဖရိုဖရဲ စွန့်ကြဲ၏။ ဒါနိ၊ ယခုအခါ၌။ ဒုဂ္ဂတောဟုတွာပိ၊ ဆင်းရဲစွာဖြစ်၍လည်း။ တံ၊ ထိုအလှူ ကို။ နမုဉ္စသိယေဝ၊ မလွှတ်ဘဲနေသည်သာဖြစ်၏။ ဧဝံ၊ သို့။ ဝတ္တမာနော၊ ဖြစ်လတ်သော်။ ကတိပါဟေနေဝ၊ နှစ်ချက်သုံးရက်ဖြင့်သာလျှင်။ ဃာသစ္ဆာဒနမ္ပိ၊ ဝတ်ရုံ စားရုံမျှကိုလည်း။ နလဘိဿသိ၊ သင်မရလတ္တံ့။ တေ၊ သင်အား။ သမဏေန ဂေါတမေန၊ ရဟန်းဂေါတမဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အတိပရိစ္စာ ဂတော၊ လွန်စွာစွန့်ကြဲခြင်းမှ။ ဩရမိတွာ၊ ကြဉ်၍။ ကမ္မန္တေ၊ ကုန်သွယ် လယ် လုပ်စသောအမှု၌။ ပယောဇေန္တော၊ ယှဉ်လျက်၊ ကုဋုမ္ဗံ၊ သူကြွယ် အဖြစ်ကို။ သဏ္ဌပေဟိ၊ တည်စေလော့။ ဣတိ၊ ဤသို့ ဆို၏။ အယံ၊ ဤသည်ကား။ ခမ၊ ငါ့အား။ တယာ၊ ရှင်နတ်မင်းသည်။ ဒိန္နောဩဝါဒေါ၊ ပေးအပ်သော အဆုံးအမ လော။ ဣတိ၊ ဤသို့မေး၏။ သေဋ္ဌိ၊ သေဋ္ဌေး။ အာမ၊ ဩြာ်မှန်၏။ ဣတိ၊ ဤ သို့ဆိုလတ်သော်။ ဂစ္ဆ၊ သွားပါလေ။ အဟံ၊ ငါ့ကို။ တာဒိသီနံ၊ သင်နတ်ကဲ့သို့ သဘောရှိကုန်သော သူတို့၏။ သတေနပိ၊ အရာဖြင့်ရင်း။ သဟဿေနပိ၊ အထောင် ဖြင့်ရင်း။ သတသဟဿေနပိ၊ အသိန်းဖြင့်ရင်း။ ကမ္ပေတုံ၊ တုန်လှုပ် စေခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ရာ။ တေ၊ သင်သည်။ အယုတ္တံ၊ မသင့်သောစကားကို။ ဝုတ္တံ၊ ဆို၏။ တယာ၊ သင်သည်။ မမ ဂေဟေ၊ ငါ့အိမ်၌။ ဝသမာနာယပိ၊ နေခြင်းဖြင့် လည်း။ ကိံ၊ အကျိုးမရှိ။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ၊ မေသရာ၊ ငါ့အိမ်မှ၊ နိက္ခ မ၊ ထွက်လေလော့။ ဣတိ၊ ဤသို့ဆို၏။

သာ၊ ထိုနတ်သည်။ သောတာပန္နဿ၊ သောတာပန်ဖြစ်သော။ အရိယာသာ ဝကဿ၊ ဘုရားတပည့်သေဋ္ဌေး အနာထပိဏ်၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဌာတုံ၊ စောင့်မြဲစောင့်၍ နေခြင်းငှာ။ အသက္ကောန္တီ၊ မတတ်နိုင်သည်ဖြစ်၍။

ဒါရကေ၊ သားငယ် သမီးငယ်တို့ကို။ အာဒါယ၊ လက်ဆွဲခေါ်ငင်၍။ နိက္ခမိ၊ ထွက်ရ၏။ နိက္ခမိတွာ စေနေ၊ ထွက်ပြီး၍ကား။ အညတ္ထ၊ တပါးသော အရပ်၌။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။အလဘမာနာ၊ မရလတ်သော်။ သေဋ္ဌိ၊ ရှင်သေဋ္ဌေးကို။ ခမာပေတွာ၊ ကန်တော့၍။ တတ္ထေဝ၊ ထိုနေမြဲတိုင်းအရပ်၌သာလျှင်။ ဝသိဿာမိ၊ နေပါအံ့။ ဣတိ၊ သို့။ နဂရပရိဂ္ဂါဟကံ၊ သာဝတ္ထိပြည်ကို စောင့်ရှောက်သော။ ဒေဝတံ၊ နတ်သားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဖုတ္တနာ၊ မိမိသည်။ ကတာပရာဓံ၊ ပြုအပ်သောပြစ်မှားခြင်းကို။ အာစိက္ခိတွာ၊ ကြား၍။ ဧဟိ၊ လာလှည့်။ မံ၊ ကျွန်ုပ်ကို။ သေဋ္ဌိဿ၊ ရှင်သေဋ္ဌေး၏။ သန္တိကံ၊ အထံသို့။ နေတွာ၊ ဆောင်၍။ ခမာပေတွ ၊ သည်းခံစေ၍၊ ဝသနဋ္ဌာနံ၊ နေရာအရပ်ဟောင်းကို။ ဒါပေဟိ၊ ပေးပါစေလော့။ ဣတိအာဟ၊ ဤသို့ ပြည်စောင့်နတ်ကို ဆို၏။ သော၊ ထိုသာဝတ္ထိပြည်စောင့် နတ်မင်းကြီးသည်။ တယာ၊ သင်သည်။ အယုတ္တံ၊ မလျောက်ပတ်သော စကားကို။ ဝုတ္တံ၊ ဆိုခဲ့၏။ အဟံ၊ ငါသည်။ တဿသန္တိကံ၊ ထို ရှင်သေဋ္ဌေးအိမ်သို့။ ဂန္တုံ၊ သွားခြင်း လိုက်ခြင်းငှာ။ နဉဿဟာမိ၊ မဝံ့။ ဣတိ၊ ဤသို့။ တံ၊ ထိုနတ်ကဆိုသော စကားကို။ ပဋိက္ခိပိ၊ ပယ်၏။ သာဒေဝတာ၊ ထိုနတ်သားသည်။ စတုန္နံ မဟာရာဇိကာနံ၊ နတ်မင်းကြီး လေးယောက်တို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ တေဟိ၊ ထိုနတ်မင်းတို့သည်။ ပဋိက္ခိပိတွာ၊ ပယ်ခြင်းကြောင့်။ သက္ကံဒေဝရာဇာနံ၊ သိကြားနတ်မင်းသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာစိက္ခိတွာ၊ ကြား၍။ ဒေဝ၊ အရှင်နတ်မင်း။ အဟံ၊ ငါသည်၊ ဝသနဋ္ဌာနံ၊ နေရာအရပ်ဟောင်းကို။ အလဘမာနာ၊ မရသည်ဖြစ်၍။ ဒါရကေ၊ သားငယ် သမီးငယ်တို့ကို။ ဟတ္ထေန၊ လက်ဖြင့်၊ ဂဟေတွာ၊ ဆွဲ၍။ အနာထာ၊ ကိုးကွယ်ရာမရ။ ဝိစရာမိ၊ သွားရ၏။ မေ၊ အကျွန်ုပ်အား။ ဝသနဋ္ဌာနံ၊ နေမြဲအရပ်ဟောင်းကို။ ဒါပေဟိ၊ ကယ်မသနားပါစေလော့။ ဣတိ၊ ဤသို့။ သဋ္ဌုတရံ၊ အလွန်ရိုသောစွာ။ ယာစိ၊ သိကြားမင်းမှာ တောင်းပန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုနတ်သားကို။ သော၊ ထို သိကြားမင်းသည်။ အာဟ၊ ဆို၏။ အဟံပိ၊ ငါသည်လည်း။ တဝကာရဏာ၊ သင် ပြစ်မှားသော အကြောင်းကြောင့်။ သေဋ္ဌိ၊ သေဋ္ဌေးကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။နသက္ကောမိ၊ မဝံ့။ တေ၊ သင်အား။ ဧကံပနဥပါယံ၊ တခုသော အကြောင်းကို။ ကထေဿာမိ၊ ပြောဆို လိုက်အံ့။ ...၊ ...သို့ မိန့်လတ်သော်။ သာ၊ ထိုနတ်သားသည်။ ဒေဝ၊ သိကြားမင်း။ ...ကောင်းပ ပြီ။ ကထေဟိ၊ မိန့်ခတော်မူပါလော့။ ဣတိ၊ ဤသို့ အသနားခံလျှောက်၏။ ဂစ္ဆ၊ သွားချေ။ သေဋ္ဌိနော၊ သေဋ္ဌေး၏။ အာယုတ္တကဝေသံ၊ စာရေးအသွင်ကို။ ဂဟေတွာ၊ ဘန်ဆင်း၍။ သေဋ္ဌိဿ၊ သေဋ္ဌေး၏။ ဟတ္ထတော၊ လက်မှ။

ပဏ္ဏံ၊ ကပ္ပည်းစာရင်းသို့။ အာရောပေတွာ၊ သက္ကရာဇ် နေ့-လ တင်ထား၍။
ဝေါဟာရူပစီဝိဟိ။ ကုန်သွယ်သဖြင့် အသက်မွေးသော သူတို့သည်၊ ဂဟိတံ၊
ယူသော။ အဋ္ဌာရသကောဋိမန်၊ တဆယ့်ရှစ်ကုဋေသော ဥစ္စာကို။ တေ၊ သင်သည်။
အတ္တနော အာနုဘာဝေန၊ မိမိ၏ အာနုဘော်ဖြင့်။ သောမေတွာ၊ သုတ်သင်၍။
တုစ္ဆဂဗ္ဘေ၊ အချည်းနှီးသော ရွှေတိုက် ငွေတိုက်တို့ကို။ ပူရေတွာ၊ ပြည့်စေ၍။
မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ပဝိဋ္ဌံ၊ ရေတိုက်၍ ဝင်လေပါလေသော။ အဋ္ဌာရ-
သကောဋိမန်၊ တဆယ့်ရှစ်ကုဋေသော ဥစ္စာသည်။ အတ္ထိ၊ ၏။ အညံပိ၊ သည်မှ
တပါးလည်း။ အသုကဋ္ဌာနေနာမ၊ ဤမည်သောအရပ်၌။ အသာမိကံ၊ ဥစ္စာရှင်
မရှိသော။ အဋ္ဌာရသကောဋိမန်၊ တဆယ့်ရှစ်ကုဋေသော ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။
တံသဗ္ဗံ၊ ထိုအလုံးစုံကို။ အာဟရိတွာ၊ ဆောင်၍။ တဿ၊ ထိုရှင်သေဋ္ဌေး၏။
တုစ္ဆဂဗ္ဘေ၊ အချည်းနှီးသော ရွှေတိုက်တို့ကို။ ပူရေတွာ၊ ပြည့်စေ၍၊ ဒဏ္ဍကမ္မံ
ကတွာ၊ ဒဏ်ထားသောအမှုကိုပြု၍။ ခမာပေဟိ၊ ကန်တော့လေလော့။ ဣတိ၊ ဤသို့
အသေအချာ မှာလိုက်၏။

သာဒေဝတာ၊ ထိုနတ်သားသည်။ ဒေဝ၊ ကျေးဇူးရှင် သိကြားမင်း။ သာဓု၊
ကောင်းပါပြီ။ ဣတိ၊ ဤသို့ ဝမ်းမြောက်ဝမ်းသာ ဝန်ခံ၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်
ပြီးသော နည်းဖြင့်လျှင်။ သဗ္ဗံ၊ အလုံးစုံကို။ ကတွာ၊ ပြု၍။ ပုန တဘန်၊ တဿ၊
ထိုသေဋ္ဌေး၏။ သိရိဂဗ္ဘံ၊ ကြက်သရေတိုက်ကို။ ဩဘာသမာနာ၊ ကိုယ်ရောင်ကိုယ်
ဝါဖြင့် ထွန်းလျက်။ အာကာသေ၊ ကောင်းကင်၌။ ဌတွာ၊ တည်၍။ ဧသော၊
ဤသူကား။ ကော၊ အဘယ်သူနည်း။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ အဟံ၊ အကျွန်ုပ်
သည်။ တေ၊ ရှင်သေဋ္ဌေး၏။ စတုတ္ထဒွါရကောဋ္ဌကေ၊ လေးခုမြောက်သော တံခါး
မုခ်၌။ အဓိဝတ္ထာ၊ စောင့်သော။ အန္ဓဗာလဒေဝတာ၊ အလွန် မိုက်လှစွာသော
နတ်တည်း။ မယာ၊ ကျွန်ုပ်သည်။ အန္ဓဗာလတာယ၊ အလွန်မိုက်သည်၏အဖြစ်ကြောင့်။
ဗုဒ္ဓမာမကာ၊ ရှင်သေဋ္ဌေးဘို့၏။ သန္တိကေ၊ အထံ၌။ ယံ၊ အကြင်စကားကို။ ကထိတံ၊
ဆိုမိ၏။ တံ၊ ထိုစကားကို။ မေ၊ ငါ့အား။ ခမထ၊ သည်းခံပါလော့ ဟိ၊ သို့ကား
သင့်စွ။ သက္ကဿ၊ သိကြားမင်း၏။ ဝစနေန၊ စကားဖြင့်။ မေ၊ ငါသည် စတု-
ပဏ္ဏာသ ကောဋိမန်၊ ငါးဆယ့်လေးကုဋေသော ဥစ္စာကို။ သံဟရိတွာ၊ ရုံးစု၍။
တုစ္ဆဂဗ္ဘပူရဏံ၊ အချည်းနှီးသော တိုက်ပြည့်အောင်။ ဒဏ္ဍကမ္မံ၊ ဒဏ်ထားသော
အမှုကို။ ကတံ၊ ပြုအပ်ပြီ။ ဝသနဋ္ဌာနံ၊ နေမြဲအရပ်ကို။ အလဘမာနာ၊ မရသည်
ရှိသော်။ ကိလမာမိ၊ ပင်ပန်း၏။ ဣတိ၊ ဤသို့ဆို၏။ အနာထပိဏ္ဍိကော၊ အနာ
ထပိဏ် သေဋ္ဌေးသည်။ စိန္တေသိ၊ ကြံ၏။ အယံ ဒေဝတာ ဤနတ်သည်။ ဒဏ္ဍကမ္မံ
ဒဏ်ထားသောအမှုကိုလည်း။ မေ၊ ငါသည်။ ကတန္တိ၊ ပြုပြီးဟူ၍။ ဝဒတိ၊ ဆို၏။

အတ္တနော ဇ၊ မိမိသည်လည်း။ ဒေါသံ၊ အပြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ သမ္မာသမ္ဗုဒ္ဓဿ၊ ဘုရားသဗ္ဗညုအား။ နံ၊ ထိုနတ်သားကို။ ဒဿိဿာမိ၊ ပြအံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ထိုအနာထပိဏ်သေဋ္ဌေးသည်။ တံ၊ ထိုနတ်သားကို။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ နေတွာ၊ ဆောင်၍။ တာယ၊ ထိုနတ်သားသည်။ သဗ္ဗံ၊ အလုံးစုံသော။ ကတကမ္မံ၊ ပြုအပ်သောအမှုကို။ အာရောစေသိ၊ ကြား၏။ ဒေဝတာ၊ နတ်သားသည်။ သတ္ထုပါဒေ၊ ဘုရားခြေတော်တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ နိပတိတွာ၊ ညွတ်၍။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ အန္ဓဗာလတာယ၊ အလွန် မလိမ္မာသည်၏ အဖြစ်ကြောင့်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဂုဏေ၊ ဂုဏ်ကျေးဇူးတို့ကို။ အဇာနိတွာ၊ မသိမူ၍။ ပါပကမ္မံ၊ ယုတ်မာသော။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုမိ၏။ တံ၊ ထိုစကားကို။ မေ၊ အကျွန်ုပ်အား။ ခမထ၊ သည်းခံပါကုန်လော့။ ဣတိ၊ ဤသို့ လျှောက်၏။ သတ္ထာရံ၊ ဘုရားသဗ္ဗညုကို။ ခမာပေတွာ၊ သည်းခံစေပြီး၍။ မဟာသေဋ္ဌိံ၊ သေဋ္ဌေးကြီးကို။ ခမာပေသိ၊ သည်းခံစေ၏။ သတ္ထာ၊ ဘုရားသည်။ ကလျာဏ ပါပကာနံ၊ ကောင်းမကောင်း ဖြစ်ကုန်သော။ ကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏။ ဝိပါကဝသေန၊ အကျိုး၏အစွမ်းဖြင့်။ သေဋ္ဌိဉ္စ၊ သေဋ္ဌေးကိုရင်း။ ဒေဝတဉ္စ၊ နတ်သားကိုရင်း။ ဩဝဒန္တော၊ ဆုံးမလျက်၊ ဂဟပတိ၊ အနာထပိဏ်သေဋ္ဌေး။ ဣဓ၊ ဤလောက၌။ ပါပပုဂ္ဂလောပိ၊ ယုတ်မာသော ပုဂ္ဂိုလ်သည်လည်း။ ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ မကောင်းမှုသည်။ န ပစ္စတိ၊ အကျိုးကို မဖြစ်စေသေး။ တာဝ၊ ထိုမျှလောက်။ ဘဒြာနိ၊ ကောင်းသော အခြင်းအရာတို့ကို။ ပဿတိ၊ မြင်၏၊ ယဒါပန၊ အကြင်အခါ၌ကား။ အဿ၊ ထိုသူအား။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ တဒါ၊ ထိုအခါ၌။ ပါပမေဝ၊ မကောင်းကျိုးကိုသာလျှင်။ ပဿတိ၊ မြင်ရ၏။ ဘဒြပုဂ္ဂလောပိ၊ ကောင်းမှုနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်လည်း။ ယာဝ၊ အကြင်မျှလောက်။ ဘဒြံ၊ ကောင်းမှုသည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ ပါပါနိ၊ မကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်၏။ ယဒါပန၊ အကြင်အခါ၌ကား။ ဘဒြံ၊ ကောင်းမှုသည်။ ပစ္စတိ၊ အကျိုးကိုပေး၏။ တဒါ၊ ထိုအခါ၌။ ဘဒြမေဝ၊ ကောင်းကျိုးကိုသာလျှင်။ ပဿတိ၊ မြင်၏။ ဣတိ ဝတွာ၊ ဤသို့မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၁၉။ ။ ဂဟပတိ၊ ကြွယ်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ပါပံ၊ မကောင်းမှုကံသည်။ န ပစ္စတိ၊ အကျိုးကိုမပေးသေး။ တာဝ၊ ထိုမျှလောက်။ ပါပေါပိ၊ မကောင်းမှုနှင့်ယှဉ်သော သူသည်လည်း။ ဘဒြံ၊ ကောင်းခြင်းကို။

ပဿတိ၊ မြင်၏။ ယဒါစ၊ အကြင်အခါ၌ကား။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးကိုပေး၏။ အထ၊ ထိုအခါ၌။ ပါပေါ၊ ယုတ်မာသောသူသည်။ ပါပါနိ၊ မကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်၏။

၁၂၀။ ။ယာဝ၊ အကြင်မျှလောက်။ ဘဒြံ၊ ကောင်းမှုသည်။ န ပစ္စတိ၊ အကျိုးကို မပေးသေး။ တာဝ၊ ထိုမျှလောက်။ ဘဒြောပိ၊ ကောင်းမှုရှိသောသူသည်လည်း။ ပါပံ၊ မကောင်းကျိုးကို။ ပဿတိ၊ မြင်၏။ ယဒါစ၊ အကြင်အခါ၌ကား။ ဘဒြံ၊ ကောင်းမှုကံသည်။ ပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ အထ၊ ထိုအခါ၌။ ဘဒြော၊ ကောင်းမှုရှိသော သူသည်။ ဘဒြာနိ၊ ကောင်းကျိုးတို့ကို။ ပဿတိ၊ မြင်၏။

တတ္ထ၊ ထိုဂါထာတို့၌။ ပါပေါတိ၊ ဟူသည်ကား။ ကာယဒုစ္စရိတာဒိနာ၊ ကာယဒုစ္စရိုက်အစရှိသော။ ပါပကမ္မေန၊ မကောင်းမှုကံနှင့်။ ယုတ္တာ ပုဂ္ဂလော၊ ယှဉ်သော ပုဂ္ဂိုလ်တည်း။ ဟိ၊ ထိုစကားသင့်စွ။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ပုရိမသုစရိတာ-နုဘာဝေန၊ ရှေးဖြစ်သော သုစရိုက်၏ အာနုဘော်ဖြင့်။ နိဗ္ဗတ္တံ၊ ဖြစ်သော။ သုခံ၊ ချမ်းသာခြင်းကို။ အနုဘဝမာနော၊ ခံစားသည်ရှိသော်။ ဘဒြံ၊ ကောင်းကျိုးကို။ ပဿတိ၊ မြင်၏။ ယာဝ ပါပံ န ပစ္စတီတိ၊ ဟူသည်ကား။ ယာဝ၊ အကြင်မျှလောက်။ အဿ၊ ထိုသူ၏။ တံ ပါပကမ္မံ၊ ထိုမကောင်းမှုကံသည်။ ဒိဋ္ဌဓမ္မေဝါ၊ မျက်မှောက်၌ရင်း။ သမ္ပရာယေဝါ၊ တမလွန်ဘဝ၌ရင်း။ ဝိပါကံ၊ အကျိုးကို။ န ဒေတိ၊ မပေး။ ယဒါပန၊ အကြင်အခါ၌ကား။ အဿ၊ ထိုသူ၏။ တံ၊ ထိုကောင်းမှုကံသည်။ ဒိဋ္ဌ-ဓမ္မေဝါ၊ မျက်မှောက်၌ရင်း။ သမ္ပရာယေဝါ၊ တမလွန်၌ရင်း။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ အထ၊ ထိုအခါ၌။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်၌။ ဝိဝိဓာကမ္မကာရဏာ၊ အထူးထူးသော ကမ္မကာရဏတို့ကို။ ပဿတိ၊ မြင်၏။ သမ္ပရာယေစ၊ တမလွန်၌ရင်း။ အပါယေ၊ အပါယ်၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘောန္တော၊ ခံစားလျက်။ သောပါပေါ၊ ထိုယုတ်မာသော သူသည်။ ပါပါနိ ယေဝ၊ မကောင်းကျိုးတို့ကိုသာလျှင်။ ပဿတိ၊ မြင်၏။ ဒုတိယဂါထာယပိ၊ ဒုတိယဂါထာ၌လည်း။ ကာယ-သုစရိတာဒိနာ၊ ကာယသုစရိုက် အစရှိသော။ ဘဒြကမ္မေန၊ ကောင်းမှုကံနှင့်။ ယုတ္တော ပုဂ္ဂလော၊ ယှဉ်သော ပုဂ္ဂိုလ်တည်း။ ဟိ၊ ထိုစကား သင့်စွ။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ပုရိမဒုစ္စရိတာနုဘာဝေန၊ ရှေးဖြစ်သော ဒုစရိုက်၏ အာနုဘော်ကြောင့်။ နိဗ္ဗတ္တံ ဒုက္ခံ၊ ဖြစ်သောဆင်းရဲခြင်းကို။ အနုဘဝမာနော၊ ခံစားသည်ရှိသော်။ ပါပံ ပဿတိ၊ မကောင်းကျိုးကို မြင်၏။ ယာဝဘဒြံ န ပစ္စတီတိ၊ ဟူသည်ကား။ ယာဝ၊ အကြင်မျှလောက်။ အဿ၊ ထိုသူ၏။ တံ ဘဒြံ ကမ္မံ၊ ထိုကောင်းမှုကံသည်။ ဒိဋ္ဌဓမ္မေဝါ၊ မျက်မှောက်၌ရင်း။ သမ္ပရာယေဝါ၊ တမလွန်၌ရင်း။ ဝိပါကံ၊

အကျိုးကို။ န ဒေတိ၊ မပေး။ ယဒါ စ ပန၊ အကြင်အခါ၌ကား။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ အထ၊ ထိုအခါ၌။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်၌။ လာဘသက္ကာရာဒိ သုခံ၊ လာဘ်ပူဇော်သက္ကာ စသော ချမ်းသာခြင်းကို။ ပဿတိ၊ မြင်၏။ သမ္ပရာယေ ဝါ၊ တမလွန်၌လည်း။ ဒိဗ္ဗသမ္ပတ္တိသုခံ၊ နတ်၏ စည်းစိမ်ချမ်းသာကို။ အနုဘဝမာနော၀၊ ခံစားလျက်သာလျှင်။ ဘဒြော၊ ထိုကောင်းမှုရှိသော သူသည်။ ဘဒြာနိ ယေဝ၊ ကောင်းကျိုးတို့ကိုသာလျှင်။ ပဿတိ၊ မြင်၏။ ။ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ သာဒေဝတာ၊ ထိုနတ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော၊ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။

စတုတ္ထံ၊ သော။ အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု၊ သည်။
ဠတိသမတ္တံ၊ ပြီးပြီ။

---

## ၉-ပါပဝဂ္ဂ။ ၅-အသညတပရိက္ခာရဘိက္ခုဝတ္ထု။

(အနာထပိဏ်ဍိကသေဋ္ဌေးဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍။ ယခုအခါ အသညတပရိက္ခာရဘိက္ခုဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "မာဝမညေထ"စသည်ကို မိန့်၏)။

မာဝမညေထ ပါပဿာတိ ဣမံ ဓမ္မဒေသနံ၊ ပါပဿ- စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ဧကံ၊ တပါးသော။ အသညတပရိက္ခာရံ၊ မစောင့်စည်းသော။ ပရိက္ခရာရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ ကထေသိ၊ ဟောတော်မူ၏။ ကိရ၊ မှန်၏၊ သော၊ ထိုရဟန်းသည်။ ယံကိဉ္စိ၊ အမှတ်မရှိသော။ မဉ္စပီဌာဒိဘေဒံ၊ ညောင်စောင်းအင်းပျဉ် အစရှိသော။ ပရိက္ခာရံ၊ ပရိက္ခရာကို။ ဗဟိ၊ အပ၌။ ပရိဘုဉ္ဇိတွာ၊ သုံးဆောင်၍။ တတ္ထေဝ၊ ထိုအပ၌လျှင်။ ဆဍ္ဍေတိ၊ စွန့်ပစ်၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ ဝဿေနပိ၊ မိုးရည်ဖြင့်၎င်း။ အာတပေနပိ၊ နေပူဖြင့်၎င်း၊ ဥပစိကာဒီဟိပိ၊ ခြခဲခြင်း စသည်တို့ဖြင့်၎င်း။ ဝိနဿတိ၊ ပျက်စီး၏။ သော၊ ထိုရဟန်းကို။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်။ ပရိက္ခာရော နာမ၊ ပရိက္ခရာ မည်သည်ကို။ ပဋိသာမိတဗ္ဗော နနု၊ သိမ်းအပ်၏ မဟုတ်လော။ ဣတိ ဝုစ္စမာနော၊ ဤသို့ ဆိုဆုံးမသည်ရှိသော်။ အာဝုသော၊ ငါ့ရှင်။ မယာ၊ ငါသည်။

တော်၊ ဤပရိက္ခာရာကို။ ကတံ၊ ပြုအပ်သော အမှုသည်။ အပ္ပကံ၊ အနည်းငယ်သာတည်း။ တဿ၊ ထိုပရိက္ခာရာ၏။ စိတ္တံ၊ စိတ်သည်။ နအတ္ထိ၊ မရှိ။ နိမိတ္တံ၊ အကြောင်းသည်။ န အတ္ထိ၊ မရှိ။ ဣတိဝတွာ၊ ဤသို့ဆိုလျက်။ တထေဝ၊ ရှေးအတူလျှင်။ ကရောတိ၊ ပြု၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿ၊ ထိုရဟန်း၏။ ကိရိယံ၊ အမှုအရာကို။ သတ္ထု၊ ဘုရားအား။ အာရောစေသုံ၊ ကြားကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ တံ၊ ထိုရဟန်းကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ဧဝံ၊ ကရောသိတိ၊ ဤသို့ ပြု၏ဟူသည်။ သစ္စံကိရ၊ မှန်သလော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ သော၊ ထိုရဟန်းသည်။ သတ္ထာရာ၊ ဘုရားသည်။ ပုစ္ဆိတောပိ၊ မေးသော်လည်း။ ဘဂဝါ၊ ဘုန်းတော်ကြီးသောဘုရား။ တော်၊ ဤသည်ကား။ ကိံ၊ အဘယ်နည်း။ မယာ၊ တပည့်တော်သည်။ အပ္ပကံ၊ အနည်းငယ်မျှကို။ ကတံ၊ ပြုမိ၏။ အဿ၊ ထိုပရိက္ခာရာ၏။ စိတ္တံ၊ စိတ်သည်၊ နအတ္ထိ၊ မရှိ။ နိမိတ္တံ၊ အဘိုး မရှိလွန်း။ ဣတိ၊ ဤသို့။ တထေဝ၊ ရှေးအတူလျှင်။ အဝမညန္တော၊ မထီမဲ့မြင်။ အာဟ၊ လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ ဧဝံ ကာတုံ၊ ဤသို့ ပြုခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ပါပကမ္မံနာမ၊ မကောင်းမှုမည်သည်ကို။ အပ္ပကန္တိ၊ အနည်းငယ်ဟူ၍။ နံ အာမညိတဗ္ဗံ၊ မထီမဲ့မြင် မအောက်မေ့အပ်။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌၊ ထပိတံ၊ ထားအပ်သော။ ဝိဝဋမုခံ၊ ဟင်းလင်းပွင့်သော။ ဘာဇနံ၊ အိုးကို။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ဧကဗိန္ဒုနာ၊ မိုးယိုးတပေါက်ဖြင့်။ ကိဉ္စာပိ နေဝ ပူရတိ၊ အကယ်၍ကား မပြည့်၏ရှင့်။ ပန၊ ထိုသို့သော်လည်း။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ပူရတေဝ၊ ပြည့်သည်သာလျှင်တည်း။ ဧဝမေဝ၊ ဤအတူ။ ပါပံ ကရောန္တော ပုဂ္ဂလော၊ မကောင်းမှုကိုပြုသော ပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ မဟန္တံပါ ရာသိံ၊ များစွာသော မကောင်းမှုအစုကြီးကို။ ကရောတိ၊ ပြုသည်မည်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓိစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၁။ ။မနံ၊ အနည်းငယ်သော အကုသိုလ်ကံသည်။ န အာဂမိဿတိ၊ ငါ့အား မရောက်လာလတ္တံ့။ ဣတိ၊ ဤသို့။ ပါပဿ၊ အကုသိုလ်ကို။ မာဝမညေထ၊ မထီမဲ့မြင် မမှတ်ရာ။ ဥဒဗိန္ဒုနိပါတေန၊ ရေပေါက် ကျဘန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိယထာ၊ ပြည့်၏သို့။ ဗာလော၊ မလိမ္မာသောသူသည်။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ် မျှသာဖြစ်သော အကုသိုလ်ကို။ အာစိနံပိ၊ ပွားစေ၍လည်း။ ပါပဿ၊ မကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။

တတ္ထ၊ ထိုဂါထာ၌။ မာဝမညေထာတိ၊ ဟူသည်ကား။ န အဝဇာနေယျ၊ ယုတ်သောအားဖြင့် မသိရာ။ ပါပဿာတိ၊ ဟူသည်ကား။ ပါပံ၊ မကောင်းမှုကို။ န မန္ဒံ အာဂမိဿတီတိ၊ ဟူသည်ကား။ အပ္ပမတ္တကံ၊ အနည်းငယ်မျှ။ မေ၊ ငါသည်။ ပါပကမ္မံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်၏။ ကဒါ၊ အဘယ်အခါ၌။ တံ၊ ဤအကုသိုလ်သည်။ ဝိပစ္စိဿတိ၊ အကျိုးပေးအံ့နည်း။ ဣတိ ဧဝံ၊ ဤသို့။ ပါပံ၊ မကောင်းမှုကို။ နာဝဇာနေယျ၊ ယုတ်သောအားဖြင့် မသိရာ။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဥဒကုမ္ဘောပီတိ၊ ဟူသည်ကား။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ မုခံ၊ အိုးဝကို။ ဝိဝရိတွာ၊ ဖွင့်၍။ ဌပိတံ၊ ထားအပ်သော။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ကုလာလဘာဇနံ၊ ကြီးစွာသော အိုးသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအိုးသည်။ ဧကေကဿာပိ၊ တခုတခုလည်းဖြစ်သော။ ဥဒကဗိန္ဒုနော၊ ရေပေါက်၏။ နိပါတေန၊ ကျခြင်းဖြင့်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ ပူရတိ ယထာ၊ ပြည့်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဗာလပုဂ္ဂလော၊ မသိမှာသော ပုဂ္ဂိုလ်သည်။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်သော။ ပါပံပိ၊ အကုသိုလ်သည်လည်း။ အာစိနန္တော ကရောန္တော ဝဍ္ဎေန္တော၊ ပွားစေသည်ရှိသော်။ ပါပဿ၊ မကောင်းမှုဖြင့်၊ ပူရတိ ယေဝ၊ ပြည့်သည်သာလျှင်တည်း။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ။ဒေသနာ ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ သတ္ထာပိ၊ ဘုရားသည်လည်း။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ သေယျံ၊ အိပ်ရာ နေရာကို။ သန္ထရိတွာ၊ ခင်း၍။ ပဋိပါကတိကံ၊ ထားမြဲတိုင်းကို။ အကရောတော၊ မပြုသော ရဟန်းအား။ ဣမံ နာမ အာပတ္တိံ၊ ဤမည်သော ပါစိတ်အာပတ်သို့။ အာပဇ္ဇတီတိ၊ ရောက်၏ဟူ၍။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေသိ၊ ပညတ်၏။

ပဉ္စမံ၊ သော။ အသညတပရိက္ခာရဘိက္ခုဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၉-ပါပဝဂ္ဂ။ ၆ ဗိဠာလပဒကသေဋ္ဌိဝတ္ထု။

(အသညတပရိက္ခာရ ဘိက္ခုဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ဗိဠာလပဒကသေဋ္ဌိ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "မာဝမညေထ" စသည်ကို မိန့်၏)။

မာဝမညေထ ပုညဿာတိ ဣမံ ဓမ္မဒေသနံ၊ မာဝမညေထ ပုညဿ-စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ဗိဠာလပဒကသေဋ္ဌိံ၊ ဗိဠာလပဒက သေဌေးကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တခုသော အခါ၌၊ သာဝတ္ထိဝါသိနော၊ သာဝတ္ထိ ပြည်သူ ပြည်သားတို့သည်။ ဝဂ္ဂဗန္ဓနေန၊ အပေါင်းအစု ဖွဲ့သဖြင့်။ ဗုဒ္ဓပမုခဿ ဘိက္ခု-သံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအား။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ လှူကုန်၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ ဘုရားသည်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုသည်ရှိသော်၊ ဧဝံ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဥပါသကာ၊ ဒါယကာတို့။ ဣဓ၊ ဤသာသနာ၌။ ဧကစ္စော၊ အချို့သော သူသည်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ ပရံ၊ သူတပါးကို။ န သမာဒပေသိ၊ မတိုက်တွန်း မနှိုးဆော်။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော ဘဝ၌။ ဘောဂသမ္ပဒံ၊ ဥစ္စာ၏ပြည့်စုံခြင်းကို။ လဗ္ဘတိ၊ ရ၏။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြြင်းကို။ နေဝ လဘတိ၊ မရ။ ဧကစ္စော၊ အချို့သောသူသည်။ အတ္တနာ၊ မိမိသည်။ ဒါနံ၊ အလှူကို။ န ဒေတိ၊ မပေး။ ပရံ၊ သူတပါးကို။ သမာဒပေတိ၊ တိုက်တွန်းနှိုးဆော်၏။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ ဖြစ်လေရာအရပ်၌။ ပရိဝါရ-သမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ဘောဂသမ္ပဒံ၊ စည်းစိမ်နှင့် ပြည့်စုံခြင်းကို။ နေဝ လဘတိ၊ မရ။ ဧကစ္စော၊ အချို့သောသူသည်။ အတ္တနာစ၊ မိမိသည်လည်း။ နဒေတိ၊ မလှူ။ ပရဉ္စ၊ သူတပါးကိုလည်း။ နသမာဒပေတိ၊ လှူလော့ဟု သူတပါးကို မတိုက်တွန်း။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေတိုင်း ဖြစ်လေတိုင်းသော အရပ်၌။ ဘောဂသမ္ပဒံ၊ ဥစ္စာနှင့်ပြည့်စုံခြင်းကို။ နေဝလဘတိ၊ မရ။ ပရိဝါရသမ္ပဒံ၊ အခြံအရံနှင့် ပြည့်စုံခြင်းကို။ နေဝ လဘတိ၊ မရ။ ဝိဃာသာဒေါ၊ စားကြွင်းစား လူဆင်းရဲသည်။ ဟုတွာ၊ ဖြစ်၍၊ ဝိစရတိ၊ လှည့်ပတ်သွားလာရ၏။ ဧကစ္စော၊အချို့သောသူသည်။အတ္တနာစ၊ကိုယ်တိုင်လည်း။ ဒေတိ၊ လှူ၏၊ ပရဉ္စ၊ သူတပါးကိုလည်း။ သမာဒပေတိ၊ တိုက်တွန်း၏။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်၌။ ဘောဂသမ္ပဒဉ္စ၊ ဥစ္စာနှင့်ပြည့်စုံခြင်းကိုလည်း။ လဘတိ၊ ရ၏။ ပရိဝါရသမ္ပဒဉ္စ၊ အခြံအရံနှင့် ပြည့်စုံခြင်းကိုလည်း။ လဘတိ၊ ရ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အထ၊ ထိုအခါ၌။ ဧကော ပဏ္ဍိတ ပုရိသော၊ ပညာရှိသော ယောကျ်ား တယောက်သည်။ တံ ဓမ္မဒေသနံ၊ ထိုတရား ဒေသနာကို။ သုတွာ၊ ၍၊ ဣဒံ

ကာရဏံ၊ ဤအကြောင်းသည်။ အဟော အစ္ဆရိယံ၊ ဩော် အံ့ဘွယ်ရှိလှ၏။ အဟံ၊ ငါသည်။ ဒါနိ၊ ယခုအခါ၌။ ဥဘယသမ္ပတ္တိ သံဝတ္တနိကံ ဣမံ၊ နှစ်ပါးသော အကျိုးနှင့် ပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ စိန္တေတွာ၊ ကြံ၍။ သတ္ထာရံ၊ ဘုရားကို။ ဥပဋ္ဌာယ၊ ထ၍။ ဂမနကာလေ၊ သွားသောအခါ၌။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ သွေ၊ နက်ဖြန်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါလေ့။ ဣတိ၊ ဤသို့လျှောက်၏။ ကိတ္တကေဟိ၊ အဘယ်မျှလောက်ကုန်သော။ ဘိက္ခူဟိ ပန၊ ရဟန်းတို့ အားဖြင့်ကား။ တေ၊ အား။ အတ္ထော၊ အလိုရှိသနည်း။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ ရား။ သဗ္ဗဘိက္ခူဟိ၊ အလုံးစုံကုန်သော ရဟန်းတို့ဖြင့် အလိုရှိပါကုန်၏။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ အဓိဝါသေသိ၊ သည်းခံတော်မူ၏။ သောပိ၊ ထိုဒါယကာသည်လည်း။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ အမ္မတာတာ၊ အိုမိခင် ဘခင်တို့။ မယာ၊ အကျွန်ုပ်သည်။ သွာတနာယ၊ နက်ဖြန်ကောင်းမှု အကျိုးငှါ။ ဗုဒ္ဓပမုခေါ ဘိက္ခုသံဃော၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တိတော၊ ဘိတ်အပ်၏။ ယော၊ အကြင်သူသည်။ ယတ္တကာနံ၊ အကြင်မျှလောက်ကုန်သော၊ ဘိက္ခူနံ၊ ရဟန်းတို့ကို။ သက္ကောတိ၊ လှူခြင်းငှါ စွမ်းနိုင်၏။ သော၊ ထိုသူသည်။ တတ္တကာနံ၊ ထိုမျှလောက်ကုန်သော ရဟန်းတို့အား။ ယာဂုအာဒီနံ၊ ယာဂု စသည်တို့၏။ အတ္ထာယစ၊ အကျိုးငှါလည်း။ တဏ္ဍုလာဒီနိ၊ ဆန် အစရှိသည်တို့ကို။ ဒေတု၊ ပေးလေ့။ ကေသ္မိံ ဌာနေ၊ တခုတည်းသော အရပ်၌။ ပစာပေတွာ၊ ချက်စေ၍။ ဒါနံ၊ အလှူကို။ ဒဿာမ၊ လှူကုန်အံ့။ ဣတိ၊ ဤသို့။ ဃောသာပေန္တော၊ ကြွေးကြော်လျက်။ ဝိစရိ၊ လှည့်ပတ်သွားလာ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုယောကျ်ားကို။ ဧကော သေဋ္ဌိ၊ သေဋ္ဌေးတဦးသည်။ အတ္တနော၊ မိမိ၏။ အာပဏဒွါရံ၊ ဆိုင်အိမ်တံခါးသို့။ သမ္ပတ္တံ၊ ရောက်လာသည်ကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသူသည်။ အတ္တနော၊ မိမိအား။ ပဟောနကေ၊ စွမ်းနိုင်ကုန်သော။ ဘိက္ခူ၊ ရဟန်း တို့ကို။ အနိမန္တေတွာပန၊ မဘိတ် မူ၍ကား။ သကလဂါမံ၊ ပြည်ရွာ အလုံးကို။ သမာဒပေန္တော၊ နှိုးဆော်လျက်။ ဝိစရတိ၊ သွားလာဘိ၏။ ဣတိဝတွာ၊ ဤသို့ဆိုလျက်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ တယာ၊ သင်သည်။ ဂဟိတဘာဇနံ၊ ယူခဲ့သော ခြင်းတောင်းကို။ အာဟရ၊ ဆောင်ခဲ့လေ့။ ဣတိ၊ ဤသို့ဆိုလျက်။ တီဟိအင်္ဂုလီဟိ၊ လက်သုံးချောင်း တို့ဖြင့်။ ဂဟေတွာ၊ ယူ၍၊ ထောကေ တဏ္ဍုလေ၊ အနည်းငယ်သော ဆန်တို့ကို။ အဒါသိ၊ ပေး၏။ တထာ၊ ထိုအတူ။ မုဂ္ဂမာသေ၊ အနည်းငယ်သော ပဲနောက် ပဲလွန်းတို့ကို။

အဒါသိ၊ ပေး၏။ ဣတိ၊ ဤအကြောင်းကြောင့်။ သော၊ ထိုသေဌေးသည်။ တတောပဋ္ဌာယ၊ ထိုမှစ၍။ ဗိဠာလပဒကသေဋ္ဌိနာမ၊ ဗိဠာလပဒက သေဌေးမည်သည်။ ဇာတော၊ ဖြစ်၏။ သပ္ပိဖာဏိတာဒီနိ၊ ထောပတ်တင်လဲ စသည်တို့ကို။ ဒေန္တောပိ၊ ပေးသော်လည်း။ ကရဏ္ဍကဏ္ဍံ၊ ကြုတ်ဖုံးကို။ ကုဋ္ဋေ၊ အိုးဌ၌။ ပက္ခိတ္ဝာ၊ ထည့်၍။ ကေကောဏကတွာ၊ တထောင့်ထောင့်၌ ထား၍။ ဗိန္ဒုဗိန္ဒုံ၊ အပေါက်အပေါက်။ ပဂ္ဃရာယန္တော၊ ယိုထွက်စေ၍။ ထောက ထောကမေဝ၊ အနည်းငယ် အနည်းငယ် မျှကိုသာလျှင်။ အဒါသိ၊ ပေးလှူ၏။ ဥပါသကော၊ ဆွမ်းဆော် ဒါယကာသည်။ အဝသေသေဟိ၊ ဗိဠာလသေဌေးမှ ကြွင်းသောသူတို့သည်။ ဒိန္နံ၊ ပေးအပ်သောလှူဘွယ်ဝတ္ထုကို။ ကေတောကတွာ၊ တပေါင်းတည်း ပြု၍။ ဣမိနာ၊ ဤသေဌေးသည်။ ဒိန္နံ၊ ပေးအပ်သော လှူဘွယ်ဝတ္ထုကို။ ဝိသုံယေဝ၊ အသီးအခြားသာလျှင်။ အဂ္ဂဟေသိ၊ ယူခဲ့၏။ သောသေဋ္ဌိ၊ ထိုဗိဠာလသေဌေးသည်။ တဿ၊ ထိုဆွမ်းဆော် လူလိမ္မာ၏။ ကရိယံ၊ အမူအရာကို။ ဒိသွာ၊ မြင်၍။ သော၊ ဤသူသည်။ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးအပ်သော အလှူဝတ္ထုကို။ ဝိသုံ၊ အသီး အခြား။ ကိံနုခေါ ဂဏှာတိ၊ အဘယ်ကြောင့် ယူသနည်း။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တဿ၊ ထို ဆွမ်းဆော် သို့တင်းသည် ယောကျ်ား၏။ ပစ္ဆတောပစ္ဆတော၊ နောက်မှနောက်မှ၊ ကေစုဋ္ဌုပဋ္ဌာကံ၊ တယောက်သော သေဌေးကျွန်ယုံ အလုပ်အကျွေးငယ်ကို။ ပဟိဏိ၊ စေလွှတ်၏။ ဂစ္ဆ၊ သွားခဲ့။ ယံ၊ အကြင်အမှုကို။ သော၊ ဤဆွမ်းဆော်ခေါင်း အကြီးသည်။ ကရောတိ၊ ပြု၏။ တံ၊ ထိုအမှုကို။ ဇာနာဟိ၊ သိရအောင် စူးစမ်းခဲ့လော့။ ဣတိ၊ ဤသို့ စေလွှတ်၏။ သော၊ ထိုဆွမ်းဆော် ခေါင်းအကြီးသည်။ ဂန္တွာ၊ သွား၍။ သေဋ္ဌိဿ၊ ကြောင်၏ခြေသည်းလက်သည်းနှင့်တူစွာ အလှူဝတ္ထုကို လက်သုံးချောင်းဖြင့် ယူ၍ ပေးလိုက်ခြင်းကြောင့် ဗိဠာလအမည်ရသော ရှင်သေဌေးအား။ မဟပ္ဖလံ၊ များသော အကျိုးသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ ဆိုလျက်။ ယာဂုဘတ္တပူဝါနံ၊ ယာဂုဆွမ်းမုံ့တို့၏။ အတ္ထာယ၊ အကျိုးငှာ။ ကော်ဒွေတဏ္ဍုလေ၊ ဆန်တစေ့နှစ်စေ့တို့ကို။ ပက္ခိပိတွာ၊ အန္နံထည့်၍။ မုဂ္ဂမာသေပိ၊ ပဲနောက် ပဲလွန်းစေ့ တို့ကိုရင်း။ တေလဖာဏိတာဒိ ဗိန္ဒုနိပိ၊ ဆီတင်လဲ စသော အပေါက်တို့ကိုရင်း။ သဗ္ဗဘာဇနေသု၊ အလုံးစုံသောဘောဇဉ်တို့၌။ ပက္ခိပိ၊ ထည့်၏။ စူဋ္ဌုပဋ္ဌာကော၊ သေဌေးကျွန်ယုံ အလုပ်အကျွေး ငယ်သည်။ ဂန္တွာ၊ သွား၍။ သေဋ္ဌိဿ၊ သေဌေးအား။ အာရောစေသိ၊ ကြား၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သေဋ္ဌိ၊ သေဌေးသည်။ စိန္တေသိ၊ ကြံ၏။ မေ၊ ငါ့အား။ သော၊ ထိုဆွမ်းဆော်သည်။ ပရိသမဇ္ဈေ၊ ပရိသတ်အလယ်၌။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။

သစေဘာသိဿတိ၊ အကယ်၍ ဆိုသည် ဖြစ်အံ့။ မမနာမေ၊ ငါ့အမည်ကို။
ဂဟိတမတ္တေယေဝ၊ ခေါ်ကာမျှ ဖြင့်လျှင်။ နံ၊ ထိုဆွမ်းဆော်ကို။ ပဟာရိတွာ၊
ထောင်းခတ်ရိုက်ပုတ်၍။ မာရေဿာမိ၊ သတ်အံ့။ ဣတိ၊ ဤသို့။ နိဝါသနန္တရေ၊
ပုဆိုးကြား၌။ ဆုပိကံဗန္ဓိတွာ၊ ခါးငယ်ကိုချပ်၍။ ပုနဒိဝသေ၊ တဘန် မိုးသောက်
သောနေ့၌။ ဂန္တွာ၊ သွား၍။ ဘတ္တဂ္ဂေ၊ ဆွမ်းစားရာ မဏ္ဍပ်၌။ အဋ္ဌာသိ၊ နေ၏။

သောပုရိသော၊ ထိုဆွမ်းဆော်ယောကျ်ားသည်။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။
ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဝိသိတွာ၊ ဆွမ်းလုပ်ကျွေး၍။ ဘဂဝန္တံ၊ ဘုရားကို။
အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ မဟာဇနံ၊
လူအများကို။ သမာဒပေတွာ၊ နှိုးဆော်ညီညွတ်၍။ ဣမံဒါနံ၊ ဤအလှူကို။ ဒိန္နံ၊
လှူအပ်၏။ တတ္ထ၊ ထိုအလှူ၌။ သမာဒပိတမနုဿာ၊ တိုက်တွန်းအပ်သော လူတို့သည်။
အတ္တနောဗလေန၊ မိမိအစွမ်းဖြင့်။ ဗဟူနိပိ၊ များသည်လည်း ဖြစ်ကုန်သော။
ထောကာနိပိ၊ နည်းသည်လည်း ဖြစ်ကုန်သော။ တဏ္ဍုလာဒီနိ၊ ဆန် စသည်တို့ကို။
အဒံသု၊ လှူကုန်၏။ တေသံသဗ္ဗေသံ၊ ထိုအလုံးစုံသော သူတို့အား။ မဟပ္ဖလံ၊
အကျိုးကြီးသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုဆုတောင်း
သော စကားကို။ သုတွာ၊ ကြား၍။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ စိန္တေသိ၊ ကြံ၏။
အဟံ၊ ငါသည်။ အသုကေနနာမ၊ ဤအမည်ရှိသော သူသည်။ အစ္ဆရာယ၊
လက်ဆွမ်းလက်ခုပ်ဖြင့်။ ဂဏှိတွာ၊ ယူ၍။ တဏ္ဍုလာဒီနိ၊ ဆန် စသည်တို့ကို။ ဒိန္နာနီတိ၊
ပေး၏ဟူ၍။ မမနာမေ၊ ငါ့အမည်ကို။ ဂဟိတမတ္တေ၊ ခေါ်ကာမျှ ဖြစ်သောအခါ၌။
ဣမံ၊ ဤဆွမ်းဆော်ကို။ မာရေဿာမီတိ၊ သတ်အံ့ဟူ၍။ အာဂတော၊ လာ၏။
အယံပန၊ ဤဆွမ်းဆော်သည်ကား။ သဗ္ဗသင်္ဂါဟိကံ၊ အလုံးစုံသော သူတို့အား
ချီးမြှင့်ခြင်းကို။ ကတွာ၊ ပြု၍။ ယေဟိပိ၊ အကြင်သူတို့သည်လည်း။ နာဠိအာဒီဟိ၊
ပြည်တောင်း စသည်တို့ဖြင့်။ မိနိတွာ၊ ခြင်၍။ ဒိန္နံ၊ ပေးလိုက် ထည့်လိုက်၏။
ယေဟိပိ၊ အကြင်သူတို့သည်လည်း။ အစ္ဆရာယ၊ တလက်ဆွမ်းဖြင့်။ ဂဟေတွာ၊
ယူ၍။ ဒိန္နံ၊ ပေးလိုက်၏။ သဗ္ဗေသံ၊ ခပ်သိမ်းသောသူတို့အား။ မဟပ္ဖလံ၊ အကျိုး
များသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိဝဒတိ၊ ဤသို့ ဆုတောင်း၏။ အဟံ၊
ငါသည်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော သူတော်ကောင်းကို။ သစေ န ခမာ-
ပေဿာမိ၊ အကယ်၍ မကန်တော့ချေသည်ဖြစ်အံ့။ ဒေဝဒဏ္ဍောနာမ၊ မိုးကြိုး
လောင်မီးမည်သည်။ မမ မတ္ထကေ၊ ငါ၏ထိပ်၌။ ပတိဿတိ၊ ကျလတ္တံ့။ ဣတိ၊
ဤသို့ဆိုလျက်။ သော၊ ထိုသေဋ္ဌေးသည်။ တဿ၊ ထိုဆွမ်းဆော်၏။ ပါဒမူလေ၊
ခြေရင်း၌။ နိပဇ္ဇိတွာ၊ ဝပ်၍။ ခမာမိ၊ အရှင်။ မေ၊ ငါ့အား။ ခမာဟိ၊ သည်းခံ
ပါလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဣဒံ၊ ဤအကြောင်းသည်။ ကိံ၊ အဘယ်နည်း။

ဣတိစ၊ ဤသို့လျှင်။ တေန၊ ထိုသူဌေးကဲသည်။ ဝုံတ္တာ၊ ဆိုလတ်သော်။ သဗ္ဗံ၊ အလုံးစုံသော။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။

တံကိရိယံ၊ ထိုအမှုအရာကို။ ဒိသွာ၊ မြင်၍။ သတ္ထာ၊ ဘုရားသည်။ ဣဒံ၊ ဤအခြင်းအရာသည်၊ ကိံ တိ၊ အဘယ်နည်းဟု။ ဒါနဝေယျာဝဋိကံ၊ အလှူဒါန်လုံ့လပြုသူကို။ ပုစ္ဆိ၊ မေး၏။ သော၊ ထိုအလှူရှင်သူဌေးကဲသည်။ အတီတဒိဝသတော၊ လွန်လေပြီးသောနေ့မှ။ ပဋ္ဌာယ၊စ၍။ သဗ္ဗံ တံ ပဝတ္တိံ၊ အလုံးစုံသော ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေးကို၊ သတ္ထာ၊ ဘုရားသည်။ သေဋ္ဌိ၊ ဒါယကာသေဋ္ဌေး။ ဧဝံကိရ၊ ဤသို့ မအပ်မရာကြံ၏ ဟူသည် မှန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ အမိန့်ရှိခြင်းကြောင့်၊ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩြော် မသင့်သောအားဖြင့် မိုက်မှား၍ ကြံမိပေသည်ဘုရား။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဥပါသကဲ၊ ဒါယကာ ရှင်သေဋ္ဌေး။ ပုညံနာမ၊ ကောင်းမှုမည်သည်ကို။ အပ္ပကန္တိ၊ အနည်းငယ် တကားဟု။ န မညိတဗ္ဗံ၊ မအောက်မေ့သင့်။ မာဒိသဿ၊ ငါကဲ့သို့သော။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ အပ္ပကန္တိ၊ အနည်းငယ်ဟူ၍။ နမညိတဗ္ဗံ၊ မအောက်မေ့ထိုက်။ ဟိ၊ ထိုစကားသင့်စွ။ ပဏ္ဍိတမနုဿာ၊ ပညာရှိသူ လူတို့သည်။ ပုညံ၊ ကောင်းမှုကို၊ ကရောန္တာ၊ ပြုကုန်သည်ရှိသော်။ ဝိဝဋ္ဌဘာဇနံ၊ ဟင်းလင်းအဝရှိသော အိုးသည်။ ဥဒကေန၊ ရေဖြင့်။ ပူရေတိဝိယ၊ ပြည့်သကဲ့သို့၊ အနုက္ကမေန၊ အစဉ်အတိုင်း ဆည်းပူးအပ်သော။ပုညေန၊ ကောင်းမှုဖြင့်။ ပူရေန္တိယေဝ၊ ပြည့်ကုန်သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၂၂။ ။မန္ဒံ၊ အနည်းငယ်သော ကုသိုလ်သည်။ နအာဂမိဿတိ၊ အကျိုးပေးသောအားဖြင့် မရောက်လာလတ္တံ့။ ဣတိ၊ ဤသို့။ ပုညဿ၊ ကောင်းမှုကို။ မာဝမညေထ၊ နည်း၏ဟု မမှတ်လင့်။ ဥဒဗိန္ဒုနိပါတေန၊ ရေပေါက် ကျဘန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိ၊ ပြည့်၏။ ထောကံ ထောကံပိ၊ အနည်းငယ် အနည်းငယ်သာဖြစ်သော ကုသိုလ်ကိုလည်း။ အာစိနံ အာစိနန္တော၊ ဆည်းပူးသော။ ဓီရော၊ ပညာရှိသည်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ပဏ္ဍိတမနုဿာ၊ ပညာရှိသော သူတို့သည်။ ပုညံကတွာ၊ ကောင်းမှုကိုပြု၍။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ မန္ဒံ အပ္ပကံ၊ နည်းသော။ ကမ္မံ၊ ကုသိုလ်ကို။ ဝိပါကဝသေန၊ အကျိုး၏ အစွမ်းဖြင့်။ နအာဂမိဿတိ၊ မရောက်လတ္တံ့။ ဧဝံ၊ ဤသို့။ ပရိတ္တကံ၊ နည်းသော ကုသိုလ်ကံကို။

ကတံ၊ ပြုအပ်၏။ ကဟံ၊ အဘယ်အခါ၌။ မံ၊ ငါ့ကို။ ကမ္မံ၊ ကံသည်။ ရက္ခိဿတိ၊ စောင့်လတ္တံ့နည်း။ အဟဥ္စ၊ ငါသည်လည်း။ ကဒါ၊ အဘယ်ကာလတိုင်အောင်။ တံကမ္မံ၊ ထိုကံကို။ ရက္ခိဿာမိ၊ စောင့်ရအံ့နည်း။ ဧဝံ၊ ဤသို့။ ဝိပစ္စိဿတိ၊ အကျိုးပေးလတ္တံ့နည်း။ ဣတိဧဝံ၊ ဤသို့။ ပုညံ၊ ကုသိုလ်ကို။ မာဝမညေထ န အဝဇာနေယျ၊ ယုတ်သောအားဖြင့် မထိမဲ့မြင်မပြုရာ။ ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ နိရန္တရံ၊ မပြတ်။ ဥဒကဗိန္ဒုနိပါတေန၊ ရေပေါက်ကျဘန်များသဖြင့်။ ဝိဝရိတ္ဂွာ၊ ဖွင့်၍။ ထပိတံ၊ ထားအပ်သော။ ကုလာလဘာဇနံ၊ ကြီးစွာသောအိုးသည်။ ပူရတိ-ယထာ၊ ပြည့်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဓီရော ပဏ္ဍိတပုရိသော၊ ပညာရှိသောယောကျ်ားသည်။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်သော။ ပုညံပိ၊ ကောင်းမှုကိုလည်း။ အာစိနန္တော၊ ဆည်းပူးသည်ရှိသော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ။ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။သေဋ္ဌိ၊ သူဌေးသည်။သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မ ဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဆဋ္ဌံ၊ သော။ ဗိဠာလပဒကသေဋ္ဌိဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၉-ပါပဝဂ္ဂ။ ၇-မဟာဓနဝါဏိဇ ဝတ္ထု။

(ဗိဠာလပဒကသေဋ္ဌေးဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ မဟာဓနဝါဏိဇ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ 'ဝါဏိဇောဝ'' စသည်ကို မိန့်၏)။

"ဝါဏိဇောဝါ"တိ ဣမံ ဓမ္မဒေသနံ၊ ဝါဏိဇောဝ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ မဟာဓနဝါဏိဇံ၊ မဟာဓနမည်သော ကုန်သည်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တဿ ဝါဏိဇဿ၊ ထိုကုန်သည်၏။ ဂေဟေ၊ အိမ်၌။ ပဉ္စသတာ စောရာ၊ ခိုးသူငါးရာတို့သည်။ ဩကာသံ၊ အခွင့်ကို။ ဂဝေသမာနာ၊ ရှာကုန်သည်ရှိသော်။ ဩကာသံ၊ ခိုးယူရာကာလကို။ န လဘိံသုကိရ၊ မရကုန်သတတ်။ အပရေန သမယေန၊ နောက်အခါ၌။ ဝါဏိဇော၊ ကုန်သည်သည်။ ပဉ္စသကဋသတာနိ၊ လှည်းငါးရာတို့ကို။ ဘဏ္ဍဿ၊ ဥစ္စာဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။

ဘိက္ခုနံ၊ ရဟန်းတို့အား။ အာရောစာပေသိ၊ ကြားစေ၏။ အဟံ၊ ငါသည်။ အသုကဋ္ဌာနံ နာမ၊ ဤအမည်ရှိသော အရပ်သို့။ ဝါဏိဇ္ဇတ္ထာယ၊ ကုန်သွယ်ခြင်းငှာ။ ဂစ္ဆာမိ၊ သွားပါအံ့။ ယေ အယျာ၊ အကြင် အရှင်ဘုရားတို့သည်။ တတ္ထ၊ ထိုအရပ်သို့။ ဂန္တုကာမာ၊ သွားလိုကုန်၏။ တေ အယျာ၊ ထို အရှင်ဘုရားတို့သည်။ နိက္ခမန္တု၊ ထွက်ခဲ့ကြကုန်လော့။ မဂ္ဂေ၊ ခရီး၌။ ဘိက္ခာယ၊ ဆွမ်းဖြင့်။ န ကိလမိဿန္တိ၊ မပင်ပန်း ရကုန်လတ္တံ့။ ဣတိ၊ ဤသို့ ကြားလျှောက်၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ပဉ္စသတာ ဘိက္ခူ။ ငါးရာသော ရဟန်းတို့သည်။ တေန၊ ထို ကုန်သည်ကြီးနှင့်။ သဒ္ဓိံ၊ တကွ။ မဂ္ဂံ ပဋိပဇ္ဇိံသု၊ ခရီးသွားကုန်၏။ တေပိ စောရာ၊ ထိုခိုးသူတို့ သည်လည်း။ သော ဝါဏိဇော၊ ထို ကုန်သည်လှည်းသမားသည်။ နိက္ခန္တောကိရ၊ ထွက်သတတ်။ ဣတိ၊ ဤသို့ကြား၍။ ဂန္တွာ၊ သွား၍။ အဋဝိယံ၊ တောအုပ်၌။ အဋ္ဌံသု၊ နေကုန်၏။ ဝါဏိဇောပိ၊ ကုန်သည်သည်လည်း။ ဂန္တွာ၊ ၍။ အဋဝိမုခေ၊ တောအုပ်အဝ၌။ ဧကသ္မိံ ဂါမေ၊ တခုသော ရွာ၌။ ဝါသံကတွာ၊ နေခြင်းကိုပြု၍။ ဒွေတယောပိ ဒိဝသေ၊ နှစ်ရက် သုံးရက် တိုင်တိုင်လည်း။ ဂေါဏသကဋာဒီနိ၊ နွားလှည်း စသည်တို့ကို။ သံဝိဒဟတိ၊ ပြင်ဆင် ကုသ၏။ တေသံ ပန ဘိက္ခူနံ၊ ထိုရဟန်းတို့အားကား။ နိဗဒ္ဓံ၊မပြတ်။ ဘိက္ခံ၊ဆွမ်းကို။ဒေတိယေဝ၊ လှူသည်သာလျှင် တည်း။ စောရာ၊ ခိုးသူတို့သည်။ တသ္မိံ၊ ထိုကုန်သည်သည်၊ အတိစိရာယန္တေ၊ ကြာမြင့်သည်ရှိသော်။ ဂစ္ဆ၊ သွားချေကုန်။ တဿ၊ ထိုကုန်သည်၏။ နိက္ခမနဒိဝသံ၊ ထွက်ခဲ့အံ့သော နေ့ကို။ ဥတွာ၊ သိ၍၊ ဟေ၊ လာလော့။ ဣတိ၊ ဤသို့။ ဧကံ စောရံ၊ ခိုးသူတယောက်ကို။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။

သော၊ ထိုခိုးသူသည်။ တံ ဂါမံ၊ ထိုရွာသို့။ ဂန္တွာ၊ ရောက်၍။ ဧကံသဟာယကံ၊ တယောက်သော အဆွေခင်ပွန်းကို။ ပုစ္ဆိ၊မေး၏။ ကဒါ၊ အဘယ်အခါ၌။ ဝါဏိ-ဇော၊ ကုန်သည်သည်။ နိက္ခမိဿတိ၊ ထွက်လတ္တံ့နည်း။ ဣတိ၊ ဤသို့ မေး၏။ သော၊ ထိုအဆွေခင်ပွန်းသည်။ ဒွိဟတီဟစ္စယေန၊ နှစ်ရက် သုံးရက်လွန်သဖြင့် ထွက်လတ္တံ့။ ဣတိဝတွာ၊ ဤသို့ပြောပြီး၍။ ကိမတ္ထံပန၊ အဘယ်အကျိုးငှာကား။ ပုစ္ဆသိ၊ မေးသနည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသူငယ်ချင်း အဆွေခင်ပွန်းအား။ သော၊ ထိုသူလျှိုခိုးသူသည်။ မယံ၊ ငါတို့ သည်။ ပဉ္စသတာ စောရာ၊ ငါးရာ အစုရှိသော ခိုးသူတို့တည်း။ တဿတ္ထာယ၊ ထိုကုန်သည်ကြီးကို ဓားပြတိုက်ခြင်းအကျိုးငှာ။ အဋဝိယံ၊ တောအုပ်၌။ ဌိတာတိ၊ နေကုန်၏ဟု။ အာစိက္ခိ၊ ကြား၏။ ဣတရောပိ၊ ရွာသား အဆွေ ခင်ပွန်းသည်။ တေနဟိ၊ ထိုသို့ ဓားပြတိုက်လိုတပြီးကား။ ဂစ္ဆ၊ သွားလေ။ သီဃံ၊ လျင်လျင်။ နိက္ခမိဿတိ၊ ထွက်လတ္တံ့။ ဣတိ၊ ဤသို့။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ စောရေ၊

ခိုးသူတို့ကို။ ဝါရေမိ ကိံ နုခေါ၊ တားမြစ်ရအံ့လော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူ
ကား။ ဝါဏိဇံ၊ ကုန်သည်ကို။ ဝါရေမိ ကိံ နုခေါ၊ မသွားလေလင့်ဟု တားမြစ်
ရအံ့လော။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ မေ၊ ငါ့အား။ စောရေဟိ၊ ခိုးသူ
တို့ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဝါဏိဇံ၊ ကုန်သည်ကြီးကို။ နိဿာယ၊ မှီ၍၊
ပဗ္ဗသိတာ ဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏၊ ဝါဏိ-
ဇဿ၊ ကုန်သည်အား။ သညံ၊ သွား၍ အကြောင်းမသင့်သော အမှတ်ကို။
ဒဿာမိ၊ ပြအံ့။ ဣတိ၊ ဤသို့ မေတ္တာသက်၍။ သော၊ ထိုရွာနေ အခဆွခင်ပွန်း
သည်။ တဿ၊ ထိုကုန်သည်၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ကဒါ၊ အဘယ်
နေ့၌။ ဂမိဿထ၊ သွားကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေး၍။ တတိယ-
ဒိဝသေ၊ သုံးရက်မြောက်သောနေ့၌ သွားကုန်အံ့။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်
သော်။ မယှံ ဝစနံ၊ ကျွန်တော်မျိုးစကားကို။ ကရောထ၊ နာပါကုန်လော့။ အဋ္ဋ-
ဝိယံ၊ တောအုပ်၌။ တုမှာတံ၊ သင်တို့၏။ အတ္ထာယ၊ ငှါ။ ပဉ္စသတာ စောရာ၊ ခိုးသူ
ငါးရာတို့သည်။ ဌိတာ၊ လက်နက်ကိရိယာ အစုံနှင့်နေကုန်၏။ တာဝ၊ ဆောဆော
လျင်လျင်။ မာ ဂမိဿထ ကိရ၊ မသွားစေချင်ပါ။ ဣတိ၊ ဤသို့ ချစ်ခင်လေးမြတ်
လျက် မေတ္တာသက်၍ ပြောလတ်သော်။ တုံ၊ သင်သည်။ ကထံ၊ အဘယ်အကြောင်း
ဖြင့်။ ဇာနာသိ၊ သိသနည်း။ ဣတိ၊ ဤသို့ မေး၏။ တေသံ၊ ထိုခိုးသူ ငါးရာ
တို့၏။ အန္တရေ၊ အတွင်း၌။ မမ၊ ကျွန်တော်၏။ သဟာယော၊ အဆွေခင်ပွန်း
သည်၊ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုအဆွေခင်ပွန်း ခိုးသူ၏။ ကထာယ၊ ပြောဆိုသော
စကားဖြင့်။ မေ၊ အကျွန်ုပ်သည်။ ဉာဘံ၊ သိအပ်၏။ ဣတိ၊ ဤသို့ ဆို၏။ တေနဟိ၊
ထိုသို့တပြီးကား။ မေ၊ ငါ့အား၊ ဇေတ္ထာဂတေန၊ ဤအရပ်သို့ သွားခြင်းဖြင့်။
ကိံ၊ အကျိုးမရှိ စင်စစ်တည်းဟု။ နိဝတ္တိတွာ၊ ပြန်လည်၍။ ဂေဟမေဝ၊ အိမ်သို့
သာလျှင်။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ ဆို၏။

တသ္မိံ၊ ထိုကုန်သည်ကြီးသည်။ စိရာယန္တေန၊ ကြာမြင့်သည်ရှိသော်။ ပုန၊
တဘန်။ တေဟိ စောရေဟိ၊ ထိုခိုးသူတို့သည်။ ပေသိတော၊ စေခိုင်းအပ်သော။
ပုရိသော၊ ယောကျ်ားသည်။ အာဂန္တွာ၊ လာ၍။ တံသဟာယကံ၊ ထိုရွာနေ
အဆွေခင်ပွန်းကို။ ပုစ္ဆိတွာ၊ မေး၍။ တံ ပဝတ္တိံ၊ ထိုလုံယက်မည်အကြောင်းကို။
သုတွာ၊ ကြား၍။ နိဝတ္တေတွာ၊ ပြန်၍။ ဂေဟမေဝ၊ အိမ်သို့သာလျှင်။ ဂမိဿတိ
ကိရ၊ သွားလိမ့်သတတ်။ ဣတိ၊ ဤသို့ဆိုလတ်သော်။ ဂန္တွာ၊ ပြန်လေ၍။ စောရာနံ၊
ခိုးသူတို့အား။ အာရောစေသိ၊ ကြား၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။
စောရာ၊ ခိုးသူတို့သည်။ တတော၊ ထိုတောအုပ်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ ဣတရ-
မဂ္ဂေ၊ တပါးခရီး၌။ အဋ္ဌံသု၊ နေကုန်၏။ တသ္မိံ၊ ထိုကုန်သည်သည်။ စိရာယန္တေ၊

ကြာပြန်သည်ရှိသော်။ ပုနပိ၊ တဘန်လည်း၊ တေ ပဉ္စသတာစောရာ၊ ထိုငါးရာသော ခိုးသူတို့သည်။ တဿ၊ ထိုအဆွေခင်ပွန်း၏။ သန္တိကံ၊ အထံသို့။ ပေသေသုံ၊ စေလွှတ်ကုန်၏။ သော၊ ထိုအဆွေခင်ပွန်းသည်။ တေသံ၊ ထိုခိုးသူတို့၏။ တတ္ထ၊ ထိုခရီး၌။ ဌိတဘာဝံ၊ နေသည်၏အဖြစ်ကို။ ဉတွာ၊ သိ၍။ ပုန၊ တဘန်။ ဝါဏိဇဿ၊ ကုန်သည်အား။ အာရောစေသိ၊ ကြား၏။ ဝါဏိဇော၊ ကုန်သည်သည်။ ဣဓာပိ၊ ဤအရပ်၌လည်း။ မေ၊ ငါ့အား။ ဝေကလ္လံ၊ ချို့တဲ့ခြင်းသည်၊ နတ္ထိ၊ မရှိ။ ဧဝံသန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ ဧတ္ထေဝ၊ ထိုအရပ်သို့။ နေဝ ဂမိဿာမိ၊ မသွားအံ့။ ဣတော၊ ဤအရပ်မှ။ န ဂမိဿာမိ၊ မသွားတော့အံ့။ ဣတိ၊ သို့။ ဣဓေဝ၊ ဤ အရပ်၌သာလျှင်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ သို့။ ဘိက္ခုနံ၊ တို့၏။ သန္တိကံ။ အထံသို့။ ဂန္တွာ၊ ၍။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ စောရာ၊ ခိုးသူတို့သည်။ ဝိလုမ္ပိတုကာမာ၊ လုယက်လိုကုန်သည်ဖြစ်၍။ မဂ္ဂေ၊ ခရီး၌။ ကိရဋ္ဌိတာ၊ နေကုန်သတတ်။ ပုန၊ တဘန်။ နိဝတ္တိဿတိ၊ နစ်လတ္တံ့။ ဣတိ၊ ဤသို့။ သုတွာ၊ ကြား၍။ ဣတရသ္မိံ မဂ္ဂေ၊ ဤမှတပါးသော ခရီး၌။ ဌိတာကိရ၊ နေခဲ့သတတ်။ အဟံ၊ သည်။ ဧတ္ထာဝ၊ ထိုအရပ်သို့ရင်း။ ဣတောဝ၊ ဤအရပ်သို့ရင်း။ အာဂန္တွာ၊ မသွားမူ၍။ ထောကံ၊ အတန်ငယ် ကာလမကြာမီ။ ဣဓေဝ၊ ဤအရပ်၌သာလျှင်။ ဘဝိဿာမိ၊ နေအံ့။ ဘဒ္ဒန္တာ၊ အမျှင်ကောင်းတို့သည်။ ဣဓ၊ ဤအရပ်၌။ ဝသိတု-ကာမာ၊ နေလိုကုန်သည်ဖြစ်အံ့။ ဝသန္တု၊ နေတော်မူကုန်လော့။ ဂန္တုကာမာ၊ ကြွလိုကုန်သည်ဖြစ်အံ့။ အတ္တနော၊ မိမိ၏။ ရုစိံ၊ အလိုကို။ ကရောန္တု၊ ပြုကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်လတ်သော်။ မယံ၊ ငါတို့သည်။ နိဝတ္တိဿာမ၊ ပြန်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝါဏိဇံ၊ ကုန်သည်ကို။ အာပုစ္ဆိတွာ၊ ပန်၍။ ပုန ဒေဝ၊ တဘန်လျှင်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွား၍။ သတ္ထာရံ ဝန္ဒိတွာ၊ ဘုရားကို ရှိခိုး၍။ နိသီဒိံသု၊ နေကုန်၏။

သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာဓနဝါဏိဇေန၊ ကုန်သည်ကြီးနှင့်။ သဒ္ဓိံ၊ တကွ။ န ဂမိတ္ထကိံ၊ မသွားကြကုန်ပြီလော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မသွားကြပါပြီဘုရား။ မဟာဝါဏိဇဿ၊ ကုန်သည်ကြီးကို။ ဝိလုမ္ပနတ္ထာယ၊ လုယက် ဖျက်ဆီးခြင်းငှာ။ ဒွီသုပိ မဂ္ဂေသု၊ ခရီးနှစ်သွယ်တို့၌လည်း။ စောရာ၊ ခိုးသူတို့သည်။ ပရိ-ယုဋ္ဌိံသု၊ နှောက်ယှက်ဆီးတားကုန်၏။ တေန၊ ထိုကြောင့်။ သော၊ ထိုကုန်သည်ကြီးသည်။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ဌိတော၊ နေရစ်ပါ၏ ဘုရား။ မယံ ပန၊ တပည့်တော်တို့သည်သာလျှင်။ အာဂတာ၊ လာခဲ့ပါကုန်၏ဘုရား။ ဣတိ ဝုတ္တေ၊

ဤသို့ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာဓနံ၁ါဏိဇော၊ ကုန်သည်ကြီးသည်။ စောရာနံ၊ ခိုးသူတို့၏။ အတ္ထိတာယ၊ ရှိသည်၏ အဖြစ်ဖြင့်။ မဂ္ဂံ၊ ခရီးကို။ ပရိဝဇ္ဇေတိ ဝိယ၊ မသွားဘဲ ကြဉ်ရှောင်သကဲ့သို့။ ဇီဝိတုကာမော၊ အသက်ရှင်ခြင်းငှာ အလိုရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဟလာဟလံ၊ လတ်တလော သေစေတတ်သော။ ဝိသံ၊ အဆိပ်ကို။ ပရိဝဇ္ဇေတိ ဝိယ၊ ကြဉ်သကဲ့သို့။ ဘိက္ခုနာပိ၊ ရဟန်းသည်လည်း။ တယော ဘဝေါ၊ ဘဝ သုံးပါးတို့သည်။ စောရေဟိ၊ ကိလေသာဟူသော ခိုးသူတို့ဖြင့်။ ပရိယုဋ္ဌိတမဂ္ဂသဒိသာ၊ လုယက်ဖျက်ဆီးအပ်သော ခရီးနှင့်တူကုန်၏။ ဣတိ ဉတွာ၊ ဤသို့ သိ၍။ ပါပံ၊ မကောင်းမှုကို။ ပရိဝဇ္ဇေတုံ၊ ကြဉ်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိဝတွာ၊ ဤသို့ မိန့်ပြီး၍၊ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုသော ဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၃။ ။ဘိက္ခဝေ၊ တို့။ မဟဒ္ဓနော၊ များသော ဥစ္စာရှိသော။ ဝါဏိဇော၊ ကုန်သည်သည်။ အပ္ပသတ္ထော၊ နည်းသော လှည်းရှိသည်ဖြစ်၍။ ဘယံ၊ ခိုးသူဆီးတားလုယက်သဖြင့် ဘေးဘျမ်းရှိသော။ မဂ္ဂံ၊ ခရီးကို။ ပရိဝဇ္ဇယေ ဣဝ၊ ကြဉ်သကဲ့သို့ရင်း။ ဇီဝိတုကာမော၊ အသက်ရှင်လိုသော သူသည်။ ဝိသံ၊ လတ်တလော သေစေတတ်သော အဆိပ်ကို။ ပရိဝဇ္ဇယေ ဣဝ၊ ကြဉ်သကဲ့သို့ရင်း။ ပဏ္ဍိတော ဘိက္ခု၊ ပညာရှိသော ရဟန်းသည်။ ပါပါနိ၊ အနည်းငယ်သော မကောင်းမှုတို့ကို။ ပရိဝဇ္ဇယေ၊ ကြဉ်ရာ၏။

တတ္ထ၊ ထိုဂါထာ၌။ ဘယန္တိ၊ ဘယံ ဟူသည်ကား။ ဘာယိတဗ္ဗံ၊ ကြောက်အပ်သော သဘောတည်း။ စောရေဟိ၊ ခိုးသူတို့သည်။ ပရိယုဋ္ဌိတတ္တာ၊ လုယက်ဖျက်ဆီးသည်၏ အဖြစ်ကြောင့်။ သပ္ပဋိဘယံ၊ ဘေးဘျမ်းရှိ၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ။ ဖြစ်၏။ မဟာဓနဝါဏိဇော၊ ကုန်သည်ကြီးသည်။ အပ္ပသတ္ထော၊ နည်းသော လှည်းရှိ၍။ သပ္ပဋိဘယံ၊ ဘေးဘျမ်းရှိသော။ မဂ္ဂံ၊ ခရီးကို။ ပရိဝဇ္ဇေသိ ယထာစ၊ ကြဉ်သကဲ့သို့ရင်း။ ဇီဝိတုကာမော၊ အသက်ရှင်လိုသော သူသည်။ ဟလာဟလံ၊ လတ်တလော သေစေတတ်သော။ ဝိသံ၊ အဆိပ်ကို။ ပရိဝဇ္ဇေသိ ယထာစ၊ ကြဉ်သကဲ့သို့ရင်း။ ဧဝံ တထာ၊ ဤအတူ။ ပဏ္ဍိတော ဘိက္ခု၊ ပညာရှိသော ရဟန်းသည်။ အပ္ပမတ္တကာနိပိ၊ အနည်းငယ်လည်းဖြစ်ကုန်သော။ ပါပါနိ၊ အကုသိုလ်တို့ကို။ ပရိဝဇ္ဇေယျ၊ ကြဉ်ရာ၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ။ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ သဟပဋိသမ္ဘိဒါဟိ၊

ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့၊ ပါပုဏိ၊ သု၊ ရောက်ကုန်၏။ သမ္ပတ္တ မဟာဇနကာယာပိ၊ ရောက်လာသော လူအပေါင်းအားသည်း။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ သာတ္ထိကာ၊ အကျိုးရှိသည်။ အဟောသိ၊ ဖြစ်၏။

ဣတိပရိသမာပန်၊ ကိုးခုမြောက် ဖြစ်သော ပါပဝဂ်၌ ခုနစ်ခုမြောက်သော မဟာဓနဝါဏိဇဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်ပြီ။

မဟာဓနဝါဏိဇဝတ္ထုသတ္တမံ။

———●———

## ၉—ပါပဝဂ္ဂ။ ၈—ကုက္ကုဋမိတ္တနေသာဒဝတ္ထု။

(မဟာဓနဝါဏိဇဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ကုက္ကုဋမိတ္တဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "ပါဏိမှိ" စသည်ကို မိန့်၏)။

"ပါဏိမှိစေ" တိ ဣမံ ဓမ္မဒေသနံ၊ ပါဏိမှိစေ- စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ကုက္ကုဋမိတ္တံနာမ၊ ကုက္ကုဋမိတ္တ အမည်ရှိသော။ နေသာဒံ၊ မုဆိုးကို။ အာရဗ္ဘ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ကောသေဋ္ဌိဓီတာ၊ သေဌေးသမီး တယောက်သည်။ ဝယပ္ပတ္တာ၊ အရွယ်သို့ရောက်လတ်သော်။ သတ္တဘူမိက ပါသာဒဿ၊ ခုနစ်ဆင့်ရှိသော ပြာသာဒ်၏။ ဥပရိ၊ အထက်၌။ သိရိဂဗ္ဘေ၊ ကြက်သရေ ရှိသော တိုက်၌။ အာရက္ခဏတ္ထာယ၊ လော်လယ်ခြင်းမှ စောင့်ရှောက်စေခြင်းငှာ။ ကော် ပရိစာရိကံ၊ ခြေရင်း အလုပ် အကျွေး ကျွန်မငယ်တယောက်ကို။ ဒတွာ၊ ပေး၍။ မာတာပိတူဟိ၊ မိဘတို့သည်။ ပေါသိယမာနာ၊ လုပ်ကျွေး ပြုစုသည် ရှိသော်။ ကေဒိဝသံ၊ တနေ့သ၌။ သာယန္ဟ သမယေ၊ ညချမ်းသောအခါ၌။ ဝါတပါနေန၊ လေသာ နန်းတံခါးဖြင့်။ အန္တရဝီထိံ၊ မင်းလမ်းမကို။ ဩလောကေန္တီ၊ ကြည့်လတ်သော်။ ပဉ္စပါသ သတာနိ၊ ကျော့ကွင်း ငါးရာတို့ကိုရှင်း။ ပဉ္စသူလသတာနိ၊ ဝါးချွန် ငါးရာ တို့ကိုရှင်း။ အာဒါယ၊ ယူ၍။ မိဂေ၊ သမင် သား-ငါး စသော သတ္တဝါတို့ကို။ ဝဓိတွာ၊ သတ်၍။ ဇီဝမာနံ၊ အသက်မွေးသော။ ဧတံ၊ တယောက်သော။ ကုက္ကုဋမိတ္တံနာမ၊ ကုက္ကုဋမိတ္တ အမည်ရှိသော။ နေသာဒံ၊ မုဆိုးကို။ ပဉ္စမိဂ-သတာနိ၊ ငါးရာသော သားသမင်တို့ကို။ ဝဓိတွာ၊ သတ်၍။ တေသံ၊ ထိုသား တို့၏။ မံသေန၊ အသားဖြင့်။ မဟာသကဋံ၊ လှည်းအများကို။ ပူရေတွာ၊ အပြည့်တင်၍။ သကဋဓူရေ၊ လှည်းဦး၌။ နိသီဒိတွာ၊ ထိုင်၍။ မံသံ၊ အသားကို။

ဝိက္ကိဏ္ဏတွာယ၊ ရောင်းခြင်းငှာ။ နဂရံ၊ မြို့သို့။ ပဝိသန္တံ၊ ဝင်သည်ကို။ ဒိသွာ၊ မြင်၍။ တဿိံ၊ ထိုတော မုဆိုး၌၊ ပဋိဗဒ္ဓစိတ္တာ၊ တပ်ငြိသော စိတ်ရှိသည် ဖြစ်၍။ ပရိစာရိကာယ၊ အလုပ်အကျွေး ကျွန်မ၏။ ဟတ္ထေ၊ လက်၌။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဒတွာ၊ ပေး၍။ ဂစ္ဆ၊ သွားချေ။ ဧတဿ၊ ထိုတောသားမုဆိုး၏။ ဂမနကာလံ၊ လာအံ့သော အချိန်ကာလကို။ ဉတွာ၊ သိ၍။ ဧဟိ၊ လာခဲ့လော့။ ဣတိ၊ ဤသို့ အသေအချာ သူများမသိရအောင် မှာ၍။ ပေသေသိကိုရ၊ စေစားသတတ်။

သာ၊ ထိုကျွန်မသည်။ ဂန္ဒွာ၊ သွား၍။ တဿ၊ ထိုတောသား မုဆိုးအား။ ပဏ္ဏာကာရံ၊ ဆောင်းပါးကို၊ ဒတွာ၊ ပေး၍၊ ပုစ္ဆိ၊ မေး၏။ အင္ဂ၊ ယနေ့။ မံသံ၊ ဟင်းမျိုးကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ပါတောဝ၊ စောစောကလျှင်။ အသုကဒွါရေန နာမ၊ ဤမည်သော တံခါးဖြင့်။ နိက္ခမိတွာ၊ ထွက်၍၊ ဂမိဿာမိ၊ သွားလေအံ့။ ဣတိ၊ ဤသို့ဆို၏။ သာ၊ ထိုကျွန်မသည်။ တေန၊ ထိုမုဆိုးသည်။ ကထိတကထံ၊ ဆိုအပ်သော စကားကို။ သုတွာ၊ ၍။ ဂန္ဒွာ၊ သွား၍။ တဿာ၊ ထိုသေဋ္ဌေးသမီးအား။ အာရောစေသိ၊ ကြား၏။ သေဋ္ဌိဓီတာ၊ သေဋ္ဌေးသမီးသည်။ အတ္တနာ၊ မိမိသည်။ ဂဟေတဗ္ဗယုတ္တကံ၊ ယူအပ် ဆင်ယင်အပ်သည်နှင့် ယှဉ်သော။ ဝတ္ထာဘရဏဇာတရူပံ၊ အဝတ်တန်ဆာ ရွှေငွေကို။ သံဝိဒဟိတွာ၊ စီရင်ခန့်ရမ်း၍၊ ပါတောဝ၊ စောစောကလျှင်။ မလိနဝတ္ထံ၊ ညစ်နွမ်းသော ထမိတဘက်ကို။ နိဝါသေတွာ၊ ဝတ်၍။ ကုဋံ၊ အိုးကို။ အာဒါယ၊ ယူ၍။ ဒါသီဟိ၊ ကျွန်မတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥဒကတိတ္ထံ၊ ရေဆိပ်သို့။ ဂစ္ဆန္တီဝိယ၊ သွားလေဟန်ကဲ့သို့။ နိက္ခမိတွာ၊ ထွက်၍။ တံဌာနံ၊ ထိုအရပ်သို့၊ ဂန္ဒွာ၊ သွား၍။ တဿ၊ ထိုတောသား မုဆိုး၏။ အာဂမနံ၊ လာခြင်းကို။ ဩလောကေန္တီ၊ ကြည့်လျက်၊ အဋ္ဌာသိ၊ နေနှင့်၏။ သောပိ၊ ထိုတောသား မုဆိုးသည်လည်း။ ပါတောဝ၊ စောစောကလျှင်။ သကဋံ၊ လှည်းကို။ ပါဇေန္တော၊ နှင်လျက်။ နိက္ခမိ၊ ထွက်၏။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ တဿ၊ ထိုတောသား မုဆိုး၏။ ပစ္ဆတော၊ နောက်မှ။ ပါယာသိ၊ သွား၏။ သော၊ ထိုမုဆိုးသည်။ တံ၊ ထိုသေဋ္ဌေးသမီးကို။ ဒိသွာ၊ မြင်၍။ ဘဒ္ဒေ၊ နှမ။ တွံ၊ သင်သည်။ ကဿ၊ အဘယ်သူ၏။ ဓီတာ၊ သမီးနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ အသုကဿနာမ၊ ဤမည်သောသူ၏။ ဓီတာတိ၊ သမီးတည်းဟု။ နဇာနာမိ၊ မသိ။ မံ၊ ငါ့သို့။ မာ အနုဗန္ဓိ၊ မလိုက်လာလင့်။ ဣတိအာဟ၊ ဤသို့ဆို၏။ တွံ၊ သင်မုဆိုးသည်။ မံ၊ ငါ့ကို။ န ပက္ကောသတိ၊ မခေါ်။ အဟံ၊ ငါသည်။ အတ္တနော ဓမ္မတာယ၊ မိမိသဘောဖြင့်။ အာဂစ္ဆာမိ၊ လာအံ့။ တွံ၊ သင်သည်။ တုဏှီဟုတွာ၊ ဆိတ်ဆိတ်ဖြစ်၍။ အတ္တနော သကဋံ၊ မောင်းမင်း

လှည်းကိုသာ။ ပါဇေဟိ၊ နှင်လော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုမှုဆိုးသည်။
ပုနပ္ပုနံ၊ အဘန်တလဲလဲ။ တံ၊ ထိုသေဌေးသမီးကို။ နိဝါရေတုံ၊ မြစ်သည်
သာလျှင်တည်း။ အထ၊ ထိုအခါ၌။ နံ၊ ထိုမှုဆိုးကို။ သာ၊ ထိုသေဌေးသမီးသည်။
အာဟ၊ ဆို၏။ သာမိ၊ အရှင်သား။ သိရီနာမ၊ ကြက်သရေ မည်သည်ကို။ အတ္တနော
သန္တိကံ၊ မိမိအထံသို့။ အာဂစ္ဆန္တိံ၊ လာသည်ကို။ နိဝါရေတုံ၊ မြစ်ခြင်းငှာ။ နဝဋ္ဋတိ၊
မသင့်။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုမှုဆိုးသည်။ တဿာ၊ ထိုသေဌေးသမီး၏။
နိသိံသယေန၊ ယုံမှားကင်းသဖြင့်။ အာဂမနကာရဏံ၊ လာခြင်း၏အကြောင်းကို။
ဉတွာ၊ သိ၍။ တံ၊ ထိုသေဌေးသမီးကို။ သကဋံ၊ လှည်းသို့။ အာရောပေတွာ။
တင်၍။ အဂမာသိ၊ သွားလေ၏။ တဿာ၊ ထိုသေဌေးသမီး၏။ မာတာပိတရော၊
မိဘတို့သည်။ ဣတောစိတော စ၊ ထိုမှ ဤမှလည်း။ ပရိယေသာပေတွာ၊ ရှာစေ၍။
အပဿန္တာ၊ မမြင်ကုန်သည်ရှိသော်။ မတာ၊ သေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
ဣတိ၊ ဤသို့။ မတကဘတ္တံ၊ သူသေထမင်းကို။ ကရိံသု၊ ပေးလှူကုန်၏။ သာပိ၊
ထိုသေဌေးသမီးသည်လည်း။ တေန၊ ထိုမှုဆိုးနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဖော်
ယှဉ်ပါခြင်းကို။ အနွာယ၊ စွဲ၍။ ပဋိပါဋိယာ၊ အစဉ် အတိုင်း။ သတ္တပုတ္တေ၊
သားခုနစ်ယောက်တို့ကို။ ဝိဇာယိတွာ၊ ဖွားမြင်၍။ တေ၊ ထိုသားယောက်တို့သည်။
ဝယပ္ပတ္တေ၊ အရွယ်သို့ ရောက်ကုန်သည် ရှိသော်။ ဃရဗန္ဓနေန၊ အိမ်ရာထောင်
ခြင်းဖြင့်။ ဗန္ဓိ၊ နှောင်ဖွဲ့၏။ ၉၄

အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ ဘုရားသည်။ ပစ္စူသ-
သမယေ၊မိုးသောက် ထအခါ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊
ကြည့်သည်ရှိသော်။ ကုက္ကုဋမိတ္တံ၊ ကုက္ကုဋမိတ္တကို၊ သပုတ္တံ၊ သားနှင့် တကွ၊
သသုဏိသံ၊ ချွေးမနှင့်တကွ။ အတ္တနော၊ ကိုယ်တော်မြတ်၏။ ဉာဏဇာလဿ၊
သဗ္ဗညုတဉာဏ်ကွန်ရက်၏၊ အန္တော၊ အတွင်းသို့။ ပဝိဋ္ဌံ၊ ဝင်လာသည်ကို။ ဒိသွာ၊
မြင်၍။ ဧတံ၊ ဤအကြောင်းသည်။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိ၊ သို့။
ဉပဓာရေန္တော၊ စူးစမ်းသည်ရှိသော်။ ပန္နရသန္နံပိ၊ တကျိပ် ငါးယောက်လည်း
ဖြစ်ကုန်သော။ တေသံ၊ ထိုသူတို့၏။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။
ဉပနိဿယံ၊ ဉပနိဿယကို။ ဒိသွာ၊ မြင်၍။ ပါတောဝ၊ စောစော ကလျှင်။
ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ လွယ်၍။ တဿ၊ ထိုမှုဆိုး၏။ ပါသဌာနံ၊
ကျော့ကွင်းထောင်ရာ တောအရပ်သို့။ အဂမာသိ၊ ကြွတော်မူ၏။ တံ ဒိဝသံ၊
ထိုနေ့၌။ ပါသေ၊ ကျော့ကွင်း၌။ ဗန္ဓော၊ မိသော။ ကောစိ ဂေါပိ၊ တစုံသော
သမင်သည်မျှလည်း။ နာဟောသိ၊ ရှိသည်မဖြစ်။ သတ္ထာ၊ ဘုရားသည်။ တဿ၊
ထိုမှုဆိုး၏။ ပါသမူလေ၊ ကျော့ကွင်းအနီး၌။ ပဒဝလဉ္ဇံ၊ ခြေတော်ရာ ခြေစက်ကို။

ဒဿေတွာ၊ ချ၍။ ပုရတော၊ ရှေ့မှ။ ဂေါ်ဿ ဂုမ္ဗဿ၊ ချုံတခု၏။ ဟေဋ္ဌာ၊ အောက်၌။ ဆာယာယ၊ အရိပ်၌။ နိသီဒိ၊ နေတော်မူ၏။ ကုက္ကုဋ္ဌမိတ္တော၊ ကုက္ကုဋ္ဌ မိတ္တသည်။ ပါတောဝ၊ စောစောကလျှင်။ ဓနုံ၊ လေးကို။ အာဒါယ၊ ယူ၍။ ပါသဋ္ဌာနံ၊ ကျော့ကွင်းထောင်ရာ အရပ်သို့။ ဂန္တွာ၊ သွား၍။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ ပါသေ၊ ကျော့ကွင်းတို့ကို။ ဩလောကယမာနော၊ ကြည့်လတ်သော်။ ပါသေ၊ ကျော့ကွင်း၌။ ဗဒ္ဓံ၊ မိသော။ ဧကံပိ မိဂံ၊ သမင်တခုကိုမျှလည်း။ အဒိသွာ၊ မမြင်မူ၍။ သတ္ထုပဒဝလဉ္ဇံ၊ ဘုရားခြေတော်ရာ ရွှေစက်ကို။ အဒ္ဒသ၊ မြင်လေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမုဆိုး၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ ကောစိ၊ တစုံတယောက်သောသူသည်။ မယှာငါသည်။ ဗဒ္ဓမိဂေ၊ ထောင်သော သမင်တို့ကို။ မောစေန္တော၊ လွှတ်၍၊ ဝိစရတိ၊ သွားဟန်ရှိ၏။ ဣတိ၊ ဤသို့ ကြံ၏။သော၊ ထိုမုဆိုးသည်။ သတ္ထရိ၊ ဘုရား၌။ အာဃာတံဗန္ဓိတွာ၊ ရန်ငြိုးဖွဲ့၍။ ဂစ္ဆန္တော၊ သွားလေသော်။ ဂုမ္ဗမူလေ၊ ချုံအနီး၌။ နိသိန္နံ၊ နေသော။ သတ္ထာရံ၊ ဘုရားကို။ ဒိသွာ၊ မြင်၍။ ဣမိနာ၊ ဤရှင်ကြီးသည်။ မမ၊ ငါ၏။ မိဂါ၊ သမင်တို့ကို။ မောစိတာ၊ လွှတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ နံ၊ ထိုရဟန်း ကြီးကို။ မာရိဿာမိ၊ သတ်အံ့။ ဣတိ၊ ဤသို့။ ဓနုံ၊ လေးကို။ အာကၯိ၊ တင်၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဓနုံ၊ လေးကို။ အာကၯိတုံ၊ တင်နိုင်စေခြင်းငှာ၊ ဒတွာ၊ ပေး၍။ ဝိဿဇ္ဇေတုံ၊ လွှတ်ခြင်းငှာ။ နာဒါသိ၊ မပေး။ သော၊ ထိုမုဆိုးသည်။ သရံ၊ မြားကို။ ဝိဿဇ္ဇေတုံပိ၊ လွှတ်ခြင်းငှာလည်း။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ဖာသုကာဟိ၊ နံရိုးတို့သည်။ ဘိဇ္ဇန္တောဝိယ၊ ကွဲအံ့ကျိုးအံ့သကဲ့သို့။ မုခတော၊ ခံတွင်းမှ။ ခေဠံ၊ တံတွေးသည်။ ပဂ္ဃရန္တော၊ တစိစိယိုထွက်လျက်။ ကိလန္တရူပေါ၊ ပင်ပန်းသောကိုယ်ရှိ၍။ အဋ္ဌာသိ၊ နေ၏။

အထ၊ ထိုအခါ၌။ အဿ၊ ထိုမုဆိုး၏။ ပုတ္တာ၊ သားတို့သည်။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ နော၊ ငါတို့၏။ ပိတာ၊ အဘသည်။ စိရာယတိ၊ ကြာမြင့်ခဲ့၏။ ဧတံ၊ ဤသို့ ကြာမြင့်ခြင်းသည်။ ကိံ နုခေါ၊ အကြောင်းဘယ်သို့ ရှိသနည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ တာတာ၊ ချစ်သားတို့။ ပိတုသန္တိကံ၊ အဘအထံသို့။ ဂစ္ဆထ၊ သွားချေကုန်။ ဣတိ၊ ဤသို့။ မာတရာ၊ အမိသည်။ ပေသိတာ၊ စေအပ်ကုန်သော။ တေ၊ ထိုသားတို့သည်။ ဓနူနိ၊ လေးတို့ကို။ အာဒါယ၊ တခုစီထမ်း၍။ ဂန္တွာ၊ ၍။ ပိတရံ၊ အဘကို။ တထာ၊ ထိုအမြွတ်ထွက်၍ မချိတရိသော အခြင်း အရာဖြင့်။ ဌိတံ၊ ကိုးကွယ်ရာမရှိ နေသည်ကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသူသည်။ နော၊ ငါတို့၏။ ပိတု၊ အဘ၏၊ ပစ္စာမိတ္တော၊ ရန်သူသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။သတ္ထုပိဇနာ၊ သားခုနစ်ယောက် တို့သည်လည်း။ ဓနူနိ၊ လေးတို့ကို။

အာကဍ္ဎိတွာ၊ ဖင်၍။ ဗုဒ္ဓါနုဘာဝေန၊ ဘုရားသမ္ဗုဒ္ဓ၏ အာနုဘော်ဖြင့်။ ယထာ၊ အကြင်အခြင်းဖြင့်။ နေသံ၊ ထိုသားခုနစ်ယောက်တို့၏။ ပိတာ၊ အဘတော်သားမုဆိုးသည်။ ဌိတော၊ မတုန်မလှုပ်ဘဲ နေရ၏။ တထေဝ၊ ထိုအဘအတူသာလျှင်။ အဋ္ဌံသု၊ နေရကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုသားတို့၏။ မာတာ၊ အမိသည်။ မေ ပုတ္တာ၊ ငါ့သားဘိုသည်။ စိရာယန္တိ၊ ကြာလှခဲ့ကုန်၏။ ကိံ နုခေါ၊ အဘယ်သို့အကြောင်းရှိလေသနည်း။ ဣတိ၊ ဤသို့ဆိုလျက်၊ သတ္တဟိ သုဏိသာဟိ၊ ချွေးမခုနစ်ယောက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တွာ၊ သွား၍။ တေ၊ ထိုလင်နှင့်တကွ သားခုနစ်ယောက်တို့သည်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဌိတေ၊ ကိုးကွယ်ရာ မရနေသည်တို့ကို။ ဒိသွာ၊ မြင်၍။ကဿနုခေါ၊ အဘယ်သူအားရည်၍လျှင်။ ဣမေ၊ ဤသူတို့သည်။ ဓနူနိ၊ လေးတို့ကို။ အာကဍ္ဎိတွာ၊ တင်၍။ ဌိတာ၊ နေကုန်သနည်း။ ဣတိ၊ ဤသို့။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ သတ္ထာရံ၊ ဘုရားသမ္ဗုဒ္ဓကို။ ဒိသွာ၊ မြင်၍။ ဗာဟာ၊ လက်တို့ကို။ ပဂ္ဂယှ၊ ချီ၍။ မေ ပိတရံ၊ ငါ့အဘကို။ မာနာသေထာတိ၊ မဖျက်ဆီး ပါကုန်လင့်ဟု။ မဟာသဒ္ဒံ၊ သည်းစွာသောအသံကို။ အကာသိ၊ ပြု၏။ ကုက္ကုဋမိတ္တော၊ ကုက္ကုဋမိတ္တသည်။ တံ သဒ္ဒံ၊ ထိုသေဋ္ဌေးသမီး၏ အသံကို။ သုတွာ၊ ကြား၍။ စိန္တေသိ၊ ကြံ၏။ ဝတ၊ စင်စစ်။ နဋ္ဌော၊ ပျက်သည်။ အမှိ၊ ဖြစ်၏။ သေ-ဧသော၊ ဤသူသည်။ မေ၊ ငါ၏။ သသုရော ကိရ၊ ယောက်ခမ ဖြစ်သတတ်။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ဘာရိယံ ကမ္မံ၊ ဝန်လေးသော အမှုသည်။ အဟော၊ အံ့ဘွယ်ရှိလှ၏။ ဣတိ၊ ဤသို့ကြံ၏။ အဿ၊ ထိုမုဆိုး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ သေ-ဧသော၊ သည်။ နော၊ တို့၏။ အယျကော ကိရ၊ အဘိုးဖြစ်သတတ်။ ကတံ၊ ပြုအပ်သော။ ဘာရိယံ ကမ္မံ၊ ဝန်လေးသော အမှုသည်။ အဟော၊ အံ့ဘွယ်ရှိ၏။ ဣတိ စိန္တယိံသု၊ ဤသို့ကြံကုန်၏။ ကုက္ကုဋ မိတ္တော၊ ကုက္ကုဋမိတ္တသည်။ အယံ၊ သည်။ မေ၊ ၏။ သသုရော၊ တည်း။ ဣတိ၊ သို့။ မေတ္တစိတ္တံ၊ ချစ်စိတ်ကို။ ဥပဋ္ဌာပေသိ၊ ဖြစ်စေ၏။ အဿ၊ ထိုမုဆိုး၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ နော၊ တို့၏။ အယျကော၊ အဘိုးတည်း။ ဣတိ၊ ဤသို့။ မေတ္တစိတ္တံ၊ ချစ်စိတ်ကို။ ဥပဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုသူတို့၏။ မာတာ၊ အမိဖြစ်သော။ သေဋ္ဌိဓီတာ၊ သေဋ္ဌေးသမီးသည်။ ခိပ္ပံ၊ လျင်စွာ။ ဓနူနိ၊ လေးတို့ကို။ ဆဍ္ဍေတွာ၊ စွန့်ပစ်၍။ မေ၊ ၏။ ပိတရံ၊ အဘကို။ ခမာပေထ၊ ကန်တော့ကုန်လော့။ ဣတိ အာဟ၊ ဤသို့ဆို၏။ သတ္ထာ၊ ဘုရားသည်။ တေသံ၊ ထိုသူတို့၏။ မုဒုစိတ္တံ၊ နူးညံ့သောစိတ်ကို။ ဉတွာ၊ သိ၍။ ဓနုံ၊ လေးကို။ ဩတာရေတုံ၊ ချနိုင်ခြင်းငှာ။ အဒါသိ၊ ပေး၏။ တေသဗ္ဗေ၊ ထိုအလုံးစုံသော သူတို့သည်။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ နော၊

အကျွန်ုပ်တို့အား။ ခမထ၊ သည်းခံပါကုန်လော့။ ဣတိ၊ ဤသို့ထောင်းပန်လျက်။ ခမာပေတွာ၊ သည်းခံစေ၍။ ကေမန္တံ၊ တင့်အပ်သော အရပ်၌။ ' နိသီဒိံသု၊ နေကုန်၏။ အသ၊ ထိုအခါ၌။ နေသံ၊ ထိုသူတို့အား။ သတ္ထာ၊ ဘုရားသည်။ အနုပုဗ္ဗိကထံ၊အစဉ်သော တရားစကားကို၊ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာ- ဝသာနေ၊ ဒေသနာအဆုံး၌။ ကုက္ကုဋမိတ္တော၊ ကုက္ကုဋမိတ္တသည်။ ပုတ္တေဟိစေဝ၊ သားတို့နှင့်ရင်း။ သုဏိသာဟိစ၊ ချွေးမတို့နှင့်ရင်း။ သဒ္ဓိံ။ တကွ။ အတ္တပဉ္စဒသမော၊ မိမိလျှင် တဆယ့် ငါးယောက်မြောက် ရှိကုန်သော။ တော၊ ထိုသူ တို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သတ္ထာ၊ ဘုရား သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ သွား၍။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီး အခါ၌။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ ကြွတော်မူ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုဘုရားသဗ္ဗညုကို။ အာနန္ဒတ္ထေရော၊ အာနန္ဒာမထေရ်သည်။ ပုစ္ဆိ၊ မေးလျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ကဟံ၊ အဘယ်အရပ်သို့။ ဂမိတ္ထ၊ ကြွတော်မူကုန်ဘိသနည်း။ ဣတိ၊ ဤသို့မေးလျှောက်၏။ အာနန္ဒ၊ ချစ်သား အာနန္ဒာ၊ ကုက္ကုဋမိတ္တဿ၊ ကုက္ကုဋမိတ္တမည်သော တောသားမုဆိုး၏။ သန္တိကံ၊ အထံသို့ကြွရ၏။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ ''ဝေါ၊ အရှင်ဘုရား တို့သည်။ ပါဏာတိပါတကမ္မဿ၊ သူ့အသက် သတ်ခြင်း အမှုကို။ အကာရကော၊ မပြုတတ်သည်ကို။ ကတော၊ ပြုအပ်သလော။ ဣတိ၊ ဤသို့လျှောက်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အာမ၊ ခြောပ်ပြုအပ်သည်မှန်၏။ သော၊ ထိုကုက္ကုဋမိတ္တသည်။ အတ္တပဉ္စဒသမော၊ မိမိလျှင် တဆယ့်ငါးယောက်မြောက် ရှိသည် ဖြစ်လျက်။ အစလသဒ္ဓါယ၊ မတုန် လှုပ်သော ကြည်ညိုခြင်းဖြင့်။ ပတိဋ္ဌာယ၊ တည်၍။ တိသုရတနေသု၊ ရတနာ သုံးပါးတို့၌၊ နိက္ကင်္ခေါ်ဟုတွာ၊ ယုံမှား မဲ့ဖြစ်၍။ ပါဏာတိပါတကမ္မဿ၊ သူ့အသက် သတ်ခြင်းအမှုကို။ အကာရကော၊ မပြုတတ် သည်။ ဇာတော၊ ဖြစ်ခဲ့၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘိက္ခူ၊ တို့သည်။ အာဟံ သု၊ လျှောက်ကုန်၏။ ဘန္တေ၊ ဘုရား။ အဿ၊ ထိုမုဆိုးအား။ ဘရိယာပိ၊ မယား သည်လည်း။ အတ္ထိ နနု၊ ရှိ၏ မဟုတ်လော။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊ တို့။ အာမ၊ ရှိသည်မှန်၏။ သာ၊ ထိုမယားသည်။ ကုလဂေဟေ၊ မိဘအိမ်၌။ ကုမာရိကာဟုတွာ၊ သတို့သမီးငယ်ဖြစ်လျက်၊ သောတာပတ္တိဖလံ၊ သောတာပတ္တိ ဖိုလ်သို့၊ ပတ္တာ၊ ရောက်လေပြီ။ ဣတိ၊ ဤသို့မိန့်၏။ ဘိက္ခူ၊ တို့သည်။ ကထံ သမုဋ္ဌာပေသုံ၊ စကားပြောဆိုကုန်၏။ ကုက္ကုဋမိတ္တဿ၊ ကုက္ကုဋမိတ္တမုဆိုး၏။ ဘရိ- ယာ၊ သည်။ ကုမာရိကကာလေဝ၊ သတို့သမီးငယ် ဖြစ်စဉ် ကာလကပင်လျှင်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတွာ၊ ရောက်၍။ တဿ၊ ထိုမုဆိုး၏။

ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ ရောက်၍။ သတ္တပုတ္တေ၊ သားခုနစ်ယောက်တို့ကို။ လဘိ-
ကိရ၊ ရသတဲ့။ သာ၊ ထိုသတို့သမီးသည်။ ဝေ့ာကံ ကာလံ၊ ဤမျှကာလတိုင်တိုင်။
သာမိကေန၊ လင်သည်။ ဓနုံ၊ လေးကို။ အာဟရ၊ ဆောင်ခဲ့လော့။ သရေ၊မြားတို့ကို။
အာဟရ၊ ဆောင်ခဲ့လော့။ သတ္တိံ၊ လှံကို။ အာဟရ၊ ဆောင်ခဲ့လော့။ ဇာလံ၊
ကွန်ကို။ အာဟရ၊ ယူခဲ့လော့။ ဣတိ၊ ဤသို့။ ဝုစ္စမာနာ၊ ဆိုလတ်သော်။ တာနိ၊
ထိုလေးမြား စသည်တို့ကို။ အဒါသိ၊ ပေး၏။ သော၊ ထိုမုဆိုးသည်။ တာယ၊
ထိုမယားသည်။ ဒိန္နာနိ၊ ပေးအပ်သော လှံစသည်တို့ကို။ အာဒါယ၊ ယူ၍။ ဂန္တွာ၊
သွား၍။ ပါဏာတိပါတံ၊ သူ့အသက်သတ်ခြင်းကို။ ကရောတိ၊ ပြု၏။ သောတာ-
ပန္နာပိ၊ သောတာပန်ဖြစ်လျက်လည်း။ ပါဏာတိပါတံ၊ သူ့အသက်သတ်ခြင်းကို။
ကိံ နုခေါ ကရောန္တိ၊ အဘယ်ကြောင့် ပြုလေဘိသနည်း။ ဣတိ၊ ဤသို့ ပြောဟော
ကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။
တေရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေး
ကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ဣတိ ပုစ္ဆိတ္ဝာ၊ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယ
နာမဿ၊ ဤမည်သော အကြောင်းကြောင့်တည်းဟု။ ဝုတ္တေ၊ လျှောက်သည်ရှိ
သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ သောတာပန္နာ၊ သောတာပန်တို့သည်။ ပါဏာတိ
ပါတံ၊ သူ့အသက် သတ်ခြင်းကို။ နကရောန္တိ၊ မပြုကုန်။ သာပန၊ ထိုမိန်းမသည်
ကား။ သာမိကဿ၊ လင်၏။ ဝစနံ၊ စကားကို။ ကရောမိတိ၊ လိုက်နာအံ့ ဟူ၍၊
တထာ၊ ထိုလင်ကဆိုတိုင်း။ အကာသိ၊ ပြု၏။ ဣဒံ၊ ဤလေးစသည်ကို။ ဂဟေတွာ၊
ယူ၍။ သော၊ ဤလင်သည်။ ဂန္တွာ၊ သွား၍။ ပါဏာတိပါတံ၊ သူ့အသက်သတ်
ခြင်းကို။ ကရောတူတိ၊ ပြုစေသတည်းဟူ၍။ တဿာ၊ ထိုမယား၏။ စိတ္တံ၊ စိတ်သည်။
နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကားသင့်စွ။ ပါဏိတလသ္မိံ၊ လက်ဝါးပြင်၌။ ဝဏော၊ အနာ
သည်။အသတိ၊ မရှိသော်။ ဝိသံ၊ အဆိပ်ကို။ ဂဏှန္တဿ၊ ယူသော သူအား။ တံဝိသံ၊
ထိုအဆိပ်သည်။ အနုဍ္ဍယှိတုံ၊ လောင်ခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်။ ဧဝ-
မေဝ၊ ဤအတူ။ အကုသလစေတနာယ၊ အကုသိုလ် စေတနာ၏။ အဘာဝေန၊
မရှိသဖြင့်။ ပါပံ၊ မကောင်းမှုကို။ အကရောန္တဿ၊ မပြုသောသူအား။ ဓနုအာဒိနိ၊
လေးစသည်တို့ကို။ နီဟရိတွာ၊ ထုတ်၍။ ဒဒတောပိ၊ ပေးသောသူအားလည်း။
ပါပံနာမ၊ မကောင်းမှုမည်သည်။ နဟောတိ၊ မဖြစ်။ ဣတိဝတွာ၊ ဤသို့မိန့်ပြီး၍။
အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။
ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၄။ ။ပါဏိမှိ၊ လက်ဝါး၌၊ ဝဏော၊ အနာသည်။ စေ နသိယာ။ အကယ်၍
မဖြစ်ငြားအံ့။ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယျ၊ ဆောင်နိုင်ရာ၏။

အပ္ပဏံ၊ အမှာမရှိသော လက်ကို။ ဝိသံ၊ အဆိပ်သည်။ န အန္ဒေတိ၊ မလိုက်နိုင်။ အကုသလစေတနာယ၊အကုသိုလ်စေတနာ၏။အဘာဝေန၊ မရှိသဖြင့်။ အကုဗ္ဗတော၊ မကောင်းမှုကို မပြုသော သူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။

တတ္ထ၊ ထိုဂါထာ၌။ နဿတိ၊ နဿ ဟူသည်ကား။ န ဘဝေယျ၊ မဖြစ်ငြားအံ့။ ဟရေယျာတိ၊ ဟရေယျ ဟူသည်ကား။ ဟရိတုံ၊ ဆောင်ခြင်းငှာ၊ သက္ကုဏေယျ၊ တတ်နိုင်ရာ၏။ ကိံ ကာရဏာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ယသ္မာ၊ အကြင် ကြောင့်။ နာဗ္ဗဏံ ဝိသမန္ဒေတီတိ၊ ဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ အဝဏံ၊ အနာမရှိသော၊ ပါဏိံ၊ လက်သို့။ ဝိသံ၊ အဆိပ်သည်။ အန္ဒေတုံ၊ အစဉ်လိုက် ခြင်းငှာ။ န်သက္ကောတိယထာ၊ မတတ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဓနုအာဒီနိ၊ လေး စသည်တို့ကို။ နီဟရိတွာ၊ ထုတ်ဆောင်၍။ ဒေန္တဿာပိ၊ပေးသော သူအားလည်း။ အကုသလစေတနာယ၊ အကုသိုလ်စေတနာ၏။ အဘာဝေန၊ မရှိ သဖြင့်။ ပါပံ၊ မကောင်းမှုကို။ အကုဗ္ဗတော၊ မပြုသောသူအား။ ပါပံ နာမ၊ မကောင်းမှု မည်သည်။ နတ္ထိ၊ မရှိ။ အဝဏံ၊ အနာမရှိသော။ ပါဏိံ၊ လက်ကို။ ဝိသံ၊ အဆိပ်သည်။ န အနုဂစ္ဆတိဝိယ၊ အစဉ်မလိုက်သကဲ့သို့။ အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်သို့၊ ပါပံ၊ မကောင်းမှုသည်။ န အနုဂစ္ဆတိ၊ အစဉ်မလိုက်နိုင်။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ။ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့ ဟော၏။

အပရေန သမယေန၊ တပါးသော အခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ သမုဋ္ဌာပေသုံ၊စကားပြောဟောကုန်၏။ကုက္ကုဋမိတ္တဿ၊ ကုက္ကုဋမိတ္တ၏။ သပုတ္တဿ၊ သားနှင့်တကွ။ သသုဏိသဿ၊ ချွေးမနှင့်တကွ။ သောတာပတ္တိမဂ္ဂဿ၊ သောတာ ပတ္တိမဂ်၏။ ဥပနိဿယော၊ ဥပနိဿယသည်။ ကောနုခေါ၊ အဘယ်နည်း။ ကေန- ကာရဏေန၊ အဘယ့်အကြောင်းကြောင့်။ နေသာဒကုလေ၊ မုဆိုးအမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်ရှာလေဘိသနည်း။ ဣတိ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ ဘုရား သည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနုံ၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော အကြောင်းတည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ အတီတေ၊ လွန်လေပြီးသောအခါ၌။ ကဿပ ဒသဗလဿ၊ ကဿပ ဘုရား၏။ ဓာတု စေတိယံ၊ ဓာတ်တော်စေတီကို။ သံဝိဒဟန္တာ၊ စီရင်ပြုစုကုန်သည်

ရှိသော်။ ဧဝံမာဟံသု၊ ဤသို့ဆိုကုန်၏။ ဣမဿ စေတိယဿ၊ ဤစေတီအား။ မတ္တိကာ၊ ပကတိ မြေသရွတ်သည်။ ဘဝိဿတိ ကိံ နုခေါ၊ ဖြစ်ရာအံ့နည်း။ ကိံ၊ အဘယ်သည်။ ဥဒကံ၊ သရွတ်ရေသည်။ ဘဝိဿတိ ကိံ နုခေါ၊ ဖြစ်ရာအံ့နည်း။ ဣတိ၊ ဤသို့ ဆိုကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုသူတို့အား။ တေ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ ဟရိတာလ မနောသိလာ မတ္တိကာ။ ဆေးဒါန်း မြင်းသီလာဖြင့် ပြီးသော မြေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တိလတေလံ၊ နှမ်းဆီသည်။ ဥဒကံ၊ သရွတ်ရေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ကြံ၏။ တေ၊ ထိုသူတို့သည်။ ဟရိတာလ မနောသိလာ၊ ဆေးဒါန်း မြင်းသီလာတို့ကို။ ကောဋ္ဋေတွာ၊ ကြိတ်၍။ တိလတေလေန၊ နှမ်းဆီဖြင့်။ သံသန္ဒိတွာ၊ နယ်၍။ ဣဋ္ဌကာယ၊ အုဋ်ဖြင့်။ ဃဋ္ဋေတွာ၊ စပ်၍၊ သုဝဏ္ဏေန၊ ရွှေဖြင့်။ ခစိတွာ၊ စီ၍။ အန္တော၊ အတွင်း၌။ စိနိံသု၊ စီကုန်၏။ ဗဟိမုခေ ပန၊ အပမျက်နှာဝ၌ကား။ ကေဝလ-သုဝဏ္ဏဣဋ္ဌကာဝ၊ တခဲနက် ရွှေအုဋ်တို့သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဧကေကာ၊ အုဋ်တချပ် တချပ်သည်။ သတသဟဿဂ္ဃနိကာ၊ အဘိုးတသိန်းထိုက်သည်။ အဟောသိ၊ ဖြစ်၏။ တေ၊ ထိုလူတို့သည်။ ယာဝ ဓာတုနိဓာနာ၊ ဓာတ်တော် ဌာပနာသည်တိုင်အောင်။ စေတိယေ၊ စေတီသည်။ နိဋ္ဌိတေ၊ ပြီးလတ်သော်။ စိန္တယိံသု၊ ကြံကုန်၏။ ဓာတုနိဓာနကာလေ၊ ဓာတ်တော် ဌာပနာရာ ပွဲသဘင်၌။ ဗဟုနာ ဓနေန၊ များစွာသော ဥစ္စာဖြင့်။ အတ္ထော၊ အလိုရှိ၏။ ကံ၊ အဘယ်သူကို။ ဇေဋ္ဌကံ၊ ခေါင်းအကြီးအကဲကို။ ကရောမ နုခေါ၊ ပြုရအံ့နည်း။ ဣတိ၊ ဤသို့ ကြံ၏။

အထ၊ ထိုအခါ၌။ ဧကော ဂါမဝါသိကော၊ ရွာတခု၌ နေသော။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ အဟံ၊ ငါသည်။ ဇေဋ္ဌကော၊ အကြီးသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ ဓာတုနိဓာနေ၊ ဓာတ်တော် ဌာပနာရာ၌။ ကောဋိ ဟိရညကောဋိံ၊ ငွေတကုဋေကို။ ပက္ခိပိ၊ ထည့်၏။ တံ၊ ထိုငွေတကုဋေကို။ ဒိသွာ၊ မြင်၍။ ရဋ္ဌဝါသိနော၊ ပြည်သူပြည်သားတို့သည်။ အယံ၊ ဤသေဋ္ဌေးသည်၊ နဂရသေဋ္ဌိ၊ မြို့နေ သေဋ္ဌေး တည်း။ ဓနမေဝ၊ ဥစ္စာကိုသာလျှင်။ သံဟရတိ၊ ရှက်ဆောင်၏။ ဧဝရူပေ စေတိယေ၊ ဤသို့သဘောရှိသော စေတီ၌။ ဇေဋ္ဌကော ဘဝိတုံ၊ အကြီးဖြစ်ခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်ရာ။ ဂါမဝါသီပန၊ ရွာ၌ယ်သေဋ္ဌေးသည်ကား။ ကောဋိ-ဓနံ၊ တကုဋေသော ဥစ္စာကို။ ပက္ခိပိတွာ၊ ထည့်၍။ ဇေဋ္ဌကော ဇာတောတိ၊ လူတကာ၏ အကြီးဖြစ်လေ၏ဟူ။ ဥဇ္ဈာယိံသု၊ ကဲ့ရဲ့ကုန်၏။ သော၊ ထိုမြို့နေ သေဋ္ဌေးသည်။ တေသံ၊ ထိုသူတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ အဟံ၊

ငါသည်။ ဒွေ ကောဋ္ဌိယော၊ နှစ်ကုဋေသော ဥစ္စာတို့ကို။ ဒတွာ၊ ပေး၍။ ဇေဋ္ဌကော ဘဝိဿာမိ၊ အကြီးဖြစ်အံ့။ ဣတိ၊ ဤသို့။ ဒွေ ကောဋ္ဌိယော၊ နှစ်ကုဋေ တို့ကို။ အဒါသိ၊ ပေး၏။ ဣတရော၊ ရှာငယ် သေဋ္ဌေးသည်။ အဟမေဝ၊ ငါသည် သာလျှင်။ဇေဋ္ဌကော ဘဝိဿာမိ၊ အကြီးဖြစ်အံ့။ ဣတိ၊ ဤသို့။ တိဿော ကောဋ္ဌိ ယော၊ သုံးကုဋေသော ဥစ္စာတို့ကို။ အဒါသိ၊ ပေး၏။ ဧဝံ ဤသို့။ ဝဍ္ဍေတွာ၊ ပွားစေ၍။ နဂရဝါသီ၊ မြို့သေဋ္ဌေးသည်။ အဋ္ဌကောဋ္ဌိယော၊ ရှစ်ကုဋေတို့ကို။ အဒါသိ၊ ပေး၏။ ဂါမဝါသိနော ပန၊ ရှာငယ်သေဋ္ဌေးအားကား။ ဂေဟေ၊ အိမ်၌။ နဝကောဋ္ဌိဓနမေဝ၊ ကိုးကုဋေသော ဥစ္စာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ နဂရဝါသိနော၊ မြို့သေဋ္ဌေးအား၊ စတ္တာလီသကောဋ္ဌိဓနံ၊ ကုဋေလေးဆယ်သော ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဂါမဝါသီ၊ ရှာငယ်သေဋ္ဌေးသည်။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ နဝကောဋ္ဌိယော၊ ကိုးကုဋေသော ဥစ္စာတို့ကို။ ဒဿာမီတိ၊ ပေးအံ့ဟူ၍။ သစေဝက္ခတိ၊ အကယ်၍ ဆိုချေသည်ဖြစ်အံ့။ အထ၊ ထိုအခါ၌။ မေ၊ ငါ၏။နိဓနဘာဝေါ၊ ဥစ္စာမရှိသော အဖြစ်သည်။ ပညာယိဿတိ၊ ထင်ရှားလတ္တံ့။ ဣတိ၊ ဤသို့ ကြံ၏။ သော၊ ထိုရှာငယ် သေဋ္ဌေးသည်။ ဧဝံ-အာဟ၊ ဤသို့ဆို၏။ အဟံ၊ ငါသည်။ ဧတ္တကံ ဓနံ၊ ဤမျှလောက်သောဥစ္စာကို။ ဒဿာမိ၊ ပေးအံ့။ သပုတ္တဒါရော စ၊ သားမယားနှင့် တကွလည်း။ စေတိယဿ၊ စေတီ၏။ ဒါသော၊ ကျွန်သည်။ ဘဝိဿာမိ။ ဖြစ်အံ့။ ဣတိ၊ ဤသို့။ သတ္တပုတ္တေ စ၊ သား ခုနစ်ယောက်တို့ကိုရင်း။ သတ္တသုဏိသာယော စ၊ ချွေးမ ခုနစ်ယောက်တို့ ကိုရင်း။ ဘရိယဥ္စ၊ မယားကိုရင်း။ ဂဟေတွာ၊ ခေါ်၍။ အတ္တနာ သဒ္ဓိံ၊ မိမိနှင့် တကွ။ စေတိယဿ၊ စေတီအား။ နိယျာဒေသိ၊ ဆောက်နှင်း၏။ ရဋ္ဌဝါသိနော၊ ပြည်သူပြည်သားတို့သည်။ ဓနံနာမ၊ ဥစ္စာမည်သည်ကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ အယံ ပန၊ ဤတောရှာ သေဋ္ဌေးသည်ကား။ သပုတ္တဒါရော စ၊ သားမယားနှင့်တကွလည်း။ အတ္တာနံ၊ ကိုယ်ကို။ နိယျာဒေသိ၊ ဆောက်နှင်း၏။ အယမေဝ၊ ဤသူသည်လျှင်။ဇေဋ္ဌကော၊ အကြီးသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုသေဋ္ဌေးကို။ ဇေဋ္ဌကံ၊ အကြီးကို။ ကရိံသု၊ ပြုကုန်၏။ ဣတိ၊ ဤသို့။ သေ:ဋ္ဌသပိ၊ တကျိပ် ခြောက်ယောက်လည်း ဖြစ်ကုန်သော။ တေဇနာ၊ ထိုသူတို့သည်။ စေတိယဿ၊ စေတီ၏။ ဒါသာ၊ ကျွန်တို့သည်၊ အဟေသုံ၊ ဖြစ်ကုန်၏။ ရဋ္ဌဝါသိနောပန၊ ပြည်သူပြည်သားတို့သည်ကား။ တေ၊ ထိုသူတို့ကို။ ဘုဇိဿေ၊ တော်လှန်သည်တို့ကို။ အကံသု၊ ပြုကုန်၏။ ဧဝံသန္တေပိ၊ ဤသို့ တော်လှန်သည်ရှိသော်လည်း။ စေတိယမေဝ၊ စေတီကိုလျှင်။ ပဋိဇဂ္ဂိတွာ၊ သုတ်သင် ပြုစု၍။ ယာဝတာယုကံ၊ အသက်အတိုင်း။ ဌတွာ၊ နေ၍၊ တတော-

စုတာ၊ ထိုကိုယ်အဖြစ်မှ စုတေသည်ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိံ သုံး ဖြစ်ကုန်၏၊ တေသု၊ ထိုသူတို့သည်။ ကေ်ာဗုဒ္ဓန္တရံ၊ တဆူသော ဘုရားအကြားကာလ ပတ်လုံး။ ဒေဝလောကေသု၊ နတ်ပြည်တို့၌။ ဝသန္တေသုံ၊ နေကုန်သည်ရှိသော်၊ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့၏ ရှင်ဂေါတမဘုရား ပွင့်လင်းထွန်းပသောအခါ၌။ ဘရိယာ၊ မယားသည်။ တတောစဝိတွာ၊ ထိုနတ်ပြည်မှ စုတေ၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သေဋ္ဌိနော၊ သေဋ္ဌေး၏။ ဓီတာ ဟုတွာ၊ သမီးဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်လာ၏။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ ကုမာရိကာ စ ဟုတွာ၊ သတို့သမီး ဖြစ်၍လျှင်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏၊ အဒိဋ္ဌသစ္စဿနာမ၊ မြင်အပ်ပြီးသော သစ္စာလေးပါး မရှိသော သူ၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေသည်။ ဘာရိယာ၊ ဝန်လေး၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တဿာ၊ ထိုသေဋ္ဌေးသမီး၏။ သာမိကော၊ ရှေးဘဝက လင်သည်။ သမ္ပရိဝတ္တမာနော၊ တပြောင်းပြန်ပြန် ကျင်လည်လတ်သော်။ နေသာဒကုလေ၊ မုဆိုးအမျိုး၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ တဿာ၊ ထိုမုဆိုးကို။ သဟဒဿနေ နေဝ၊ မြင်သည်နှင့် တပြိုင်နက်လျှင်။ သေဋ္ဌိဓီတရံ၊ သေဋ္ဌေးသမီးကို။ ပုဗ္ဗသိနေဟော၊ ရှေး၌ဖြစ်သော ချစ်ခြင်းသည်။ အဇ္ဈောတ္ထရိ၊ လွှမ်းမိုးဘိစီး၏။ ဧတံ၊ ဤအနက်ကို။ ပုဗ္ဗေဝ။ သ။ ကေ်ာတိ၊ ဟူ၍။ ဝုတ္တံပိ၊ ဆိုအပ်သည် သာလျှင်တည်း။

ပုဗ္ဗေဝ၊ ရှေးဘဝ၌လျှင်။ သန္နိဝါသေန၊ အတူတကွ နေဘူးသဖြင့်လည်းကောင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ တယောက်အစီးအပွားကို တယောက် ဆောင်သဖြင့်ရင်း။ ဧဝံ၊ ဤအကြောင်းဖြင့်။ တံ ပေမံ၊ ထိုချစ်ခြင်း သည်။ ဥဒကေ၊ ရေ၌။ ဥပ္ပလံ၊ ကြာသည်။ ဇာယတေ ဣဝ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ တူ။ ဇာယတေ၊ ဖြစ်၏။

သာ၊ ထိုသေဋ္ဌေးသမီးသည်။ ပုဗ္ဗသိနေဟေနေဝ၊ ရှေး၌ဖြစ်သော ချစ်ခြင်းဖြင့် သာလျှင်။ နေသာဒကုလံ၊ မုဆိုးအိမ်သို့။ အဂမာသိ၊ ရောက်လာ၏။ အဿာ၊ ထိုသေဋ္ဌေးသမီး၏။ ပုတ္တာ ပန၊ သားတို့သည်ကား။ ဒေဝလောကာစဝိတွာ၊ နတ်ပြည် မှ ကိုယ်စီ စုတေခဲ့၍။ တဿာ ဧဝ၊ ထိုသေဋ္ဌေးသမီး၏သာလျှင်။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။ ပဋိသန္ဓိံ ဂဏှိံသု၊ ပဋိသန္ဓေ နေကုန်၏။ အဿာ၊ ထိုသေဋ္ဌေး သမီး၏။ သုဏိသာ ယောပိ၊ ချွေးမတို့သည်လည်း။ တတ္ထတတ္ထ၊ ထိုထိုအရပ်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်ခဲ့၍။ ဝယပ္ပတ္တာ၊ အရွယ်သို့ ရောက်ကုန်သည်ရှိသော်။ တေသံ ယေဝ၊ ထိုသူတို့၏သာ လျှင်။ ဂေဟံ၊ အိမ်သို့။ အဂမံသု၊ ရောက်လာကုန်၏။ ဧဝံ၊ ဤသို့။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော သူတို့သည်လည်း။ တဒါ၊ ထိုအခါ၌။ စေတိယံ၊ ကဿပဘုရား

စေတိတော်ကို။ ပဋိဇဂ္ဂိတွာ၊ သုတ်သင် ပြုစု၍။ တဿ ကမ္မဿ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်ကုန်၏။

အဋ္ဌမံ၊ သော။ ကုက္ကုဋမိတ္တနေသာဒဝတ္ထု၊ သည်။
ဠတိယံ သမတ္တံ၊ ပြီး၏။

—— ● ——

၉=ပါပဝဂ္ဂ။ ၉–ကောကသုနခလုဒ္ဒကဝတ္ထု။

(ကုက္ကုဋမိတ္တဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ကောက သုနခလုဒ္ဒကဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "ယော အပ္ပဒုဋ္ဌဿ" စသည်ကို မိန့်၏)။

"ယော အပ္ပဒုဋ္ဌဿာ"တိ ဣဒံ ဓမ္မဒေသနံ၊ အပ္ပဒုဋ္ဌဿ-ဟူသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ကောကံ နာမ၊ ကောက အမည်ရှိသော။ သုနခလုဒ္ဒကံ၊ ခွေးမုဆိုးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုမုဆိုးသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ပုဗ္ဗဏှသမယေ၊ နံနက်အခါ၌။ ဓနုံ၊ လေးကို။ အာဒါယ၊ ထမ်း၍။ သုနခပရိဝုတော၊ ခွေးအများ ခြံရံလျက်။ အရညံ၊ တောသို့။ ဂစ္ဆန္တော၊ သွားလတ်သော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသန္တံ၊ ဝင်လာသော။ ဧကံ ဘိက္ခုံ၊ ရဟန်းတပါးကို။ ဒိသွာ၊ မြင်၍။ ကုဇ္ဈိတွာ၊ အမျက် ထွက်၍၊ မေ၊ ငါသည်။ ကာဠကဏ္ဏိံ၊ သူယုတ်ကို။ ဒိဋ္ဌော၊ မြင်အပ်၏။ အဇ္ဇ၊ ယနေ့၊ ကိဉ္စိ၊ တစုံတခုကို။ န လဘိဿာမိ၊ မရဘဲရှိသတ္တံ့။ ဣတိ စိန္တေတွာ၊ ဤသို့ ကြံ၍။ ပက္ကာမိ ကိရ၊ ဖဲသတတ်။ ထေရောပိ၊ မထေရ်သည်လည်း။ ဂါမေ၊ ရွာ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ သွား၍။ ကတဘတ္တကိစ္စော၊ ဆွမ်းစားပြီးလတ် သော်။ ပုန၊ တဖန်။ ဝိဟာရံ၊ ကျောင်းသို့။ ပါယာသိ၊ သွားလေ၏။ ဣတရောပိ၊ မုဆိုးသည်လည်း။ အရညံ၊ တောသို့။ ဝိစရိတွာ၊ သွား၍။ ကိဉ္စိ၊ တစုံတခုကို။ အလဘိတွာ၊ မရမူ၍။ ပစ္စာဂစ္ဆန္တော၊ ပြန်လာသည်ရှိသော်။ ပုန၊ တဖန်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ အဇ္ဇ၊ ယနေ့။ အဟံ၊ ငါသည်။ ဣမံ ကာဠကဏ္ဏိံ၊ ဤသူယုတ်ကို။ ဒိသွာ၊ မြင်၍။ အရညံ၊ တောသို့။ ဂတော၊ သွားပါသော်။ ကိဉ္စိ၊ တစုံတခုကို။ နလဘိ၊ မရ။ ဣဒါနိ၊ ယခု။ မေ၊ ငါသည်။ ပုနပိ၊ တဖန်လည်း။ အဘိမုခေါ၊ ရှေးရှု။ ဇာတော၊ ဖြစ်ခဲ့၏။ နံ၊ ထိုရဟန်းကို။ သုနခေဟိ၊ ခွေးတို့

ဖြင့်။ ခါဒါပေယာမိ၊ ကိုက်စေအံ့။ ဣတိသည်၊ ဤသို့သော အမှတ်ကို။ ဒတွာ၊ ပေး၍။ သုနခေ၊ ခွေးတို့ကို။ ဝိဿဇ္ဇေသိ၊ လွှတ်၏။ ထေရော၊ မထေရ်သည်။ ဥပါသက၊ ဒါယကာ။ ဇေ၀၊ ဤသို့ စူးစူးဟူ၍။ မာ ကရိ၊ ကိုက်ခြင်းကို မပြုပါနှင့်။ ဣတိ ယာစိ၊ ဤသို့ တောင်းပန်၏။ အဇ္ဇ၊ ယနေ့။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ သမ္မုခီဘူတတ္တာ၊ မျက်မှောက် တွေ့ခြင်းကြောင့်။ ကိဉ္စိ၊ တစုံတခုကို။ နာလတ္တံ၊ မရအပ်။ ပုနပိ၊ တဖန်လည်း။ မေ၊ ငါ၏။ သမ္မုခီဘာဝံ၊ မျက်မှောက်အဖြစ်သို့။ အာဂတော၊ ရောက်လာသည်။ အသိ၊ ဖြစ်၏။ တံ၊ သင့်ကို။ ခါဒါပေယာမိ၊ ကိုက်စေအံ့။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ သုနခေ၊ ခွေးတို့ကို။ ဥယျောဇေသိ ဧဝ၊ စူးစူးဆို၍ တိုက်တွန်းသည် သာလျှင်တည်း။

ထေရော၊ မထေရ်သည်။ ဝေဂေန၊ လျင်စွာ။ ဧကံ ရုက္ခံ၊ သစ်ပင် တခုသို့။ အဘိရုဟိတွာ၊ တက်၍။ ပုရိသပ္ပမာဏေ ဌာနေ၊ ယောကျ်ားတသူ အတိုင်းအရှည် ရှိသော အရပ်၌။ နိသီဒိ၊ နေ၏။ သုနခါ၊ ခွေးတို့သည်။ ရုက္ခံ၊ သစ်ပင်ကို။ ပရိဝါရေသုံ၊ ခြံရံကုန်၏။ လုဒ္ဒကော၊ မုဆိုးသည်။ ဂန္တွာ၊ သွား၍။ ရုက္ခံ၊ သစ်ပင်ကို။ အဘိရုဟန္တောပိ၊ တက်သော်လည်း။ တော၊ သင့်အား။ မောက္ခော၊ သေဘေးမှ လွတ်ခြင်းသည်။ နတ္ထိတိ၊ မရှိဟု။ တံ၊ ထိုရဟန်းကို။ သရတုဏ္ဍေန၊ မြားဦးဖြင့်။ ပါဒတလေ၊ ခြေဘဝါး အပြင်၌။ ဝိဇ္ဈိ၊ ထိုး၏။ ထေရော၊ မထေရ်သည်။ ဇေ၀၊ ဤသို့။ မာကရောဟီတိ၊ မပြုလင့်ဟူ၍။ တံ၊ ထိုမုဆိုးကို။ ယာစိ ဧဝ၊ တောင်းပန်သည် သာလျှင်တည်း။ ဣတရော၊ မုဆိုးသည်။ တဿ၊ ထိုရဟန်း၏။ ယာစနံ၊ တောင်းပန်ခြင်းကို။ အနာဒိယိတွာ၊ နားမထောင်မူ၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိဇ္ဈိယေဝ၊ ထိုးသည်သာလျှင်တည်း။ ထေရော၊ မထေရ်သည်။ ဧကသ္မိံ ပါဒတလေ၊ တဘက်သော ခြေဘဝါး အပြင်ကို။ ဝိဇ္ဈိယမာနေ၊ ထိုးသည်ရှိသော်။ တံ၊ ထိုခြေ တဘက်ကို။ ဥက္ခိပိတွာ၊ ကြွ၍။ ဒုတိယံ၊ ခြေဘဝါး တဘက်ကို။ ဩလမ္ဗိတွာ၊ အောက်သို့ချ၍။ တသ္မိံ၊ ထိုခြေကို။ ဝိဇ္ဈိယမာနေ၊ ထိုးပြန်သည်ရှိသော်၊ တံပိ၊ ထိုခြေကိုလည်း။ ဥက္ခိပတိ၊ ကြွ၍ ထား၏။ ဇေ၀၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ ယာစနံ၊ တောင်းပန်ခြင်းကို။ သောစ၊ ထိုမုဆိုးသည်လည်း။ အနာဒိယိတွာဝ၊ မနာယူမူ၍ သာလျှင်။ ဒွေ ပါဒတလာနိ၊ ခြေဘဝါးပြင် နှစ်ခုတို့ကိုလည်း။ ဝိဇ္ဈိ၊ ထိုး၏။ ထေရဿ၊ မထေရ်၏။ သရီရံ၊ ကိုယ်သည်။ ဥက္ကာဟိ၊ မီးရှူးတို့ဖြင့်။ အာဒိတ္တံဝိယ၊ ရဲရဲငြိသကဲ့သို့။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုမထေရ်သည်။ ဝေဒနာနုဝတ္တိကော၊ ဆင်းရဲခြင်း ဝေဒနာသို့ အစဉ်လျှောက်သည်။ ဟုတွာ၊ ဖြစ်၍။ သတိံ၊ သတိကို။ ပစ္စုပဋ္ဌာပေတုံ၊ ရှေးရှုထင်စေခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ ပါရုတစီဝရံ၊ ရုံသော သင်္ကန်းသည်။ ဘဿန္တံပိ၊ ကျွတ်သည်ကိုလည်း။ န သလ္လက္ခေသိ၊ မမှတ်နိုင်။

ပတမာနံ၊ ကျွတ်၍ကျသော။ တံစိဝရံ၊ တိုသက်န်းသည်။ ကောကာ၊ မူဆိုးကို။ သိသတော၊ ဦးခေါင်းမှ။ ပဋ္ဌာယ၊ စ၍။ ပရိက္ခိပန္တမေဝ၊ ရစ်လျက်သာလျှင်။ပတိ၊ ကျ၏။ သုနခါ၊ ခွေးတိုသည်။ ထေရော၊ မထေရ်သည်။ ပတိတောဘိ သညာယ၊ ကျလာပြီဟူသော အမှတ်ဖြင့်။ စီဝန္တံ၊ သက်န်းအတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ အတ္တနောသာမိကာံ၊ မိမိသခင် မူဆိုးကို။ ဘုဥ္စိတွာ၊ စားလျက်။ ခါဒန္တာ၊ ခဲကုန်သည်ရှိသော်၊ အဋ္ဌိမတ္တာဝသေသံ၊ အရိုးမျှ အကြွင်းရှိသည်ကို၊ ကရိံသု၊ ပြုကုန်၏။ သုနခါ၊ ခွေးတိုသည်။ စီဝရန္တရတော၊ သက်န်းအတွင်းမှ။ နိက္ခမိတွာ၊ ထွက်၍။ ဗဟိ၊ အပဿ။ အဋ္ဌံသု၊ နေကုန်၏။

အထ၊ ထိုအခါ၌။ ထေရော၊ မထေရ်သည်။ နေသံ၊ ထိုခွေးတိုအား။ ကေသုက္ခဒဏ္ဍကာံ၊ သစ်ကိုင်းခြောက်တခုကို။ ဘဥ္စိတွာ၊ ချိုး၍။ ခိပိ၊ ပစ်၏။ သုနခါ၊ ခွေးတိုသည်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ အမှေဟိ၊ ငါတိုသည်။ သာမိကောဝ၊ သခင်ကိုသာလျှင်။ ခါဒိတောတိ၊ ကိုက်၍စားခဲ့ပြီဟု။ ဉတွာ၊ သိ၍။ အရညံ၊ တောသို့။ ပဝိသိံသု၊ ဝင်၍ပြေးလေကုန်၏။ ထေရော၊ မထေရ်သည်။ ကုက္ကုစ္စံ၊ သံသယ အလိုလိုကို။ ဥပ္ပါဒေသိ၊ ဖြစ်စေ၏။ မမ၊ ငါ၏။ စီဝရန္တရံ၊ သက်န်းအတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ သော၊ ဤမူဆိုးသည်။ နဋ္ဌော၊ သေကြေပျက်စီး၏။ မေ၊ ငါ၏။ သီလံ၊ သီလသည်။ အာရောဂံနုခေါ၊ မပျက်မစီးအပြစ်ကင်းပါအံ့လော။ ဣတိ၊ ဤသို့ ကုက္ကုစ္စဖြစ်၏။ သော၊ ထိုမထေရ်သည်။ ရုက္ခာ၊ သစ်ပင်မှ။ ဩတရိတွာ၊ ဆင်း၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ အာဒိတောပဋ္ဌာယ။ အစကစ၍။ သဗ္ဗပဝတ္တိံ၊ အလုံးစုံသောအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မမ စီဝရံ၊ တပည့်တော် သက်န်းကို။ နိဿာယ၊ မှီ၍။ သောဥပါသကော၊ ထိုဒါယကာသည်။ နဋ္ဌော၊ သေ၏။ ဣတိ၊ ဤသို့လျှောက်၏။ ကိစ္စ၊ အသို့နည်း။ မေ၊ အကျွန်ုပ်အား။ သမဏဘာဝေါ၊ ရဟန်းအဖြစ်သည်။ နတ္ထိ၊ မရှိပြီလော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုရဟန်း၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိက္ခု၊ ရဟန်း။ တဝ၊ သင်၏။ သီလံ၊ သီလသည်။ အာရောဂံ၊ ကျိုးပျက်ခြင်းအပြစ်မရှိ။ တေ၊ သင်၏။ သမဏဘာဝေါ၊ ရဟန်းအဖြစ်သည်။ အတ္ထိ၊ ၏။ သော၊ ထိုမူဆိုးသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော သူအား။ ပဒုဿိတွာ၊ ပြစ်မှား၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပတ္တော၊ ရောက်၏။ ကေဝလဉ္စ၊ သက်သက်သည်း၊ ဣဒါနေဝ၊ ယခုသာလျှင်၊ နှ၊ ပြစ်မှား၍ ပျက်စီးသည်မဟုတ်သေး။ အတီတေပိ၊ လွန်လေပြီးသောအခါ၌လည်း။ အပ္ပဒုဋ္ဌာနံ၊ မပြစ်မှားအပ်သော သူတိုကို။ ပဒုဿိတွာ၊ ပြစ်မှား၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပတ္တောယေဝ၊ ရောက်

သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍၊ တမတ္ထံ၊ ထိုအကြောင်းကို။ ပကာသေန္တော၊ ထင်ရှားပြလိုရကား။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဧကော ဝေဇ္ဇော၊ ဆေးသမားတယောက်သည်။ ဝေဇ္ဇကမ္မတ္ထာယ၊ ဆေးကုခြင်းငှာ။ ဂါမံ၊ ရွာသို့။ ဝိစရိတွာ၊ သွား၍။ ကိဉ္စိကမ္မံ၊တစုံတခု ဆေးကုအပ်သော အမှုကို။အလဘိတွာ၊ မရမူ၍။ဆာတဇ္ဈတ္တော၊ မွတ်သိပ်ဆာလောင်ခြင်းရှိလျက်။ နိက္ခမိတွာ၊ ထွက်၍။ ဂါမဒွါရေ၊ ရွာတံခါး၌။ သမ္ဗဟုလေ ကုမာရကေ၊ များစွာသော သူငယ်တို့ကို။ ကီဠန္တေ၊ ကစားသည်တို့ကို။ ဒိသွာ၊ မြင်၍။ ဣမေ၊ ဤသူငယ်တို့ကို။ သပ္ပေန၊ မြွေဖြင့်။ ဍံသာပေတွာ၊ ကိုက်စေ၍။ တိကိစ္ဆိတွာ၊ ဆေးကု၍။ အာဟာရံ၊ ထမင်းကို။ လဘိဿာမိ၊ ရလတ္တံ့ဟူ၍။ ဧကသ္မိံ ရုက္ခဗိလေ၊ တခုသော သစ်ပင်အခေါင်းပေါက်၌။ သီသံ၊ ဦးခေါင်းကို။ နီဟရိတွာ၊ ထုတ်၍။ နိပ္ပန္နံ၊ အိပ်သော။ သပ္ပံ၊ မြွေကို။ ဒဿေတွာ၊ မြင်၍။ အမ္ဘော ကုမာရကာ၊ အို လုလင်ငယ်တို့။ ဧသော၊ ဤငှက်သည်။ သာဠိကပေါတကော၊ သာဠိကာငယ်တည်း။ နံ၊ ထိုသာဠိကာကို။ ဂဏှထ၊ ဘမ်းကြကုန်လော့။ ဣတိ အာဟ ကိရ၊ ဤသို့ဆိုသတတ်။ အထ၊ ထိုအခါ၌။ ဧကော ကုမာရကော၊ သတို့သားငယ်တယောက်သည်။ သပ္ပံ၊ မြွေကို။ ဂီဝါယ၊ လည်၌။ ဒဠှံ ဂဟေတွာ၊ မြဲစွာကိုင်၍။ တဿ၊ ထိုသတ္တဝါ၏။ သပ္ပဘာဝံ၊ မြွေ၏အဖြစ်ကို။ ဉတွာ၊ သိ၍။ ဝိရဝန္တော၊ မြည်တမ်းလျက်။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဌိတဿ၊ နေသော။ ဝေဇ္ဇဿ၊ ဆေးသမား၏။ မတ္ထကေ၊ ထိပ်၌။ ခိပိ၊ ပစ်၏။ သပ္ပေါ၊ မြွေသည်။ ဝေဇ္ဇဿ၊ ဆေးသမား၏။ ခန္ဓဋ္ဌိကံ၊ ပခုံးရိုး ကို။ ပရိက္ခိပိတွာ၊ ရစ်ပတ်၍။ ဒဠှံ၊ မြဲစွာ။ ဍံသိတွာ၊ ကိုက်၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။ ဧဝံ၊ ဤသို့။ သော၊ ဤသူသည်။ ကောကသုခနလုဒ္ဒကော၊ ကောကမည်သော ခွေးမုဆိုးသည်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သောသူကို။ ပဒုဿိတွာ၊ ပြစ်မှား၍။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပတ္တောယေဝ၊ ရောက်ဘူးသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ သတ္ထာ၊ ဘုရားသည်။ ဣမံ အတီတံ၊ ဤ လွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေ စပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၅။ ။ယော၊ အကြင်သူသည်။ ပဋိဝါတံ၊ လေညာသို့။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော၊ သိမ်မွေ့သော။ ရဇော၊ မြူသည်။ တမေဝ၊ ထိုသူသို့သာလျှင်။ ပစ္စေတိ ဣဝ၊ တဘန်ပြန်၍ ကျသကဲ့သို့။ ဝေမေဝ၊ ဤအတူလျှင်။ ယော၊ အကြင်မလိမ္မာသောသူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ သုဒ္ဓဿ၊ အပြစ်မရှိသဖြင့် စင်ကြယ်သော။ အနင်္ဂဏဿ၊ ညစ်ညူးခြင်း ကိလေသာ မရှိသော။ ပေါသဿ၊ ယောကျ်ားဖြစ်သော။ နရဿ၊ သတ္တဝါအား။ ဒုဿတိ၊ ပြစ်မှား၏။ တမေဝဗာလံ၊ ထိုမလိမ္မာသော သူသို့သာလျှင်။ ပါပံ၊ မကောင်းမှုသည်။ ပစ္စေတိ၊ တဘန် ပြန်၍ကျ၏။

တတ္ထ၊ ထိုဂါထာ၌။ အပ္ပဒုဋ္ဌဿာတိ၊ ကာ။ အတ္တနော ဝါ၊ မိမိ၏ငှင်း။ သဗ္ဗသတ္တာနံ ဝါ၊ ခပ်သိမ်းသော သတ္တဝါတို့၏ငှင်း။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ နရဿာတိ၊ ဟူသည်ကား၊ သတ္တဿ၊ သတ္တဝါအား။ ဒုဿတီတိ၊ ဟူသည်ကား။ အပရဇ္ဈတိ၊ ပြစ်မှား၏။ သုဒ္ဓဿာတိ၊ ဟူသည်ကား။ နိရပရာဓဿ၊ အပြစ်မရှိသည်သာလျှင်ဖြစ်သော။ ပေါသဿာတိ ဣဒံပိ၊ ပေါသဿဟူသော ဤစကားသည်လည်း။ အပရေန၊ တပါးသော။ အာကာရေန၊ အခြင်းအရာဖြင့်။ သတ္တာဓိဝစနမေဝ၊ သတ္တဝါကိုဟောသော သဒ္ဒါသည်သာလျှင်တည်း။ အနင်္ဂဏဿာတိ၊ ဟူသည်ကား။ နိက္ကိလေသဿ၊ ကိလေသာမရှိသော။ ပစ္စေတီတိ၊ ဟူသည်ကား၊ ပတိ ဧတိ၊ တဘန် ရောက်၏။ ပဋိဝါတန္တိ၊ ဟူသည်ကား။ ဧကော ပုရိသော၊ ယောကျ်ားတယောက်သည်။ ပဋိဝါတေ၊ လေညာ၌။ ဌိတံ၊ နေသောသူကို။ ပဟရိတုကာမတာယ၊ ပစ်ခတ်လိုသည်၏ အဖြစ်ဖြင့်။ ခိတ္တော၊ ပစ်အပ်သော။ သုခုမော ရဇော၊ သိမ်မွေ့သော မြူသည်။ တမေဝ ပုရိသံ၊ ထိုယောကျ်ားသို့လျှင်။ ပစ္စေတိ၊ တဘန် ရောက်လာပြန်၏။ တသ္မေဝ၊ ထိုယောကျ်ား၏လျှင်။ ဥပရိ၊ အထက်၌။ ပတတိ ယထာ၊ ကျသကဲ့သို့။ ဝေမေဝ၊ ဤအတူလျှင်။ ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော။ ပုရိသဿ၊ ယောကျ်ားအား။ ပါဏိပ္ပဟာရဒိနာ ဒဏ္ဍေန၊ လက်ဖြင့် သတ်ပုတ်ခြင်း အစရှိသော ဒဏ်ဖြင့်။ ပဒုဿတိ၊ ပြစ်မှား၏။ တမေဝ ဗာလံ၊ ထိုမလိမ္မာသူသို့လျှင်။ ဒိဋ္ဌေဝ ဓမ္မေ ဝါ၊ မျက်မှောက်သောကိုယ်အဖြစ်၌ ငှင်း။ သမ္ပရာယေ ဝါ၊ တမလွန်ဘဝ၌ ငှင်း၊ နိရယာဒီသုပိ၊ ငရဲ စသည်တို့၌လည်း။ ဝိပစ္စမာနံ၊ အကျိုးပေးသည် ရှိသော်။ တံ ပါပံ၊ ထိုမကောင်းမှုသည်၊ ဝိပါကဒုက္ခဝသေန၊ အကျိုးဖြစ်သော ဆင်းရဲခြင်းအစွမ်းဖြင့်။ ပစ္စေတိ၊ ကျရောက်၏။ဣတိ အယံ အတ္ထော၊ ဤကား အနက်တည်း။ ။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သောကော၊ ထိုရဟန်းသည်။ အရဟတ္တေ၊

အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာ သည်။ အဟောသိ၊ ဖြစ်၏။

နဝမံ၊ သော။ ကောကသုနခလုဒ္ဒကဝတ္ထု၊ သည်။
ဋ္ဌိတိသမတ္တံ၊ ပြီးပြီ။

---

## ၉-ပါပဝဂ္ဂ။ ၁၀-ပဏိကာရကုလူပကတိဿတ္ထေရဝတ္ထု။

(ကောကသုနခမည်သော ခွေးမှုဆိုးဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ မဏိကာရကုလူပကတိဿထေရ်ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ "ဂဗ္ဘမေကေ" စသည်ကို မိန့်အပ်၏)။

"ဂဗ္ဘမေကေ"တိ ဣဒံ ဓမ္မဒေသနံ၊ ဂဗ္ဘမေကေ- စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ မဏိကာရကုလူပကံ၊ ရွှေထွင်းသမား၏ ဆရာဖြစ်သော။ တိဿတ္ထေရံ၊ တိဿမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။ သော ထေရော၊ ထိုမထေရ်သည်။ ကေဿ၊ မဏိကာရဿ၊ ရွှေထွင်းသမား တယောက်၏။ ကုလေ၊ အိမ်၌။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့တိုင်တိုင်။ ဘုဉ္ဇိ ကိရ၊ ဆွမ်းစားသတတ်။ တသ္မိံ ကုလေ၊ ထိုအိမ်၌။ ဇာယမ္ပတိကာ၊ လင်မယားတို့သည်။ မာတာပိတုဋ္ဌာနေ၊ မိဘ အရာ၌။ ဌတွာ၊ တည်၍။ ထေရံ၊ မထေရ်ကို။ ပဋိဇဂ္ဂိံသု၊ လုပ်ကျွေးပြုစုကုန်၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သော မဏိကာရော၊ ထိုရွှေထွင်းသမား သည်။ ထေရဿ၊ မထေရ်၏။ ပုရတော၊ ရှေ့မှ။ မံသံ၊ ဟင်းမျိုးကို။ ဆိန္ဒန္တော၊ စင်းခုတ်လျက်။ နိသိန္နော၊ နေသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ ရာဇာ ပသေနဒိကောသလော၊ ကောသလမင်းကြီးသည်။ ဧကံ မဏိရတနံ၊ တခုသော ပတ္တမြားရတနာကို။ ဣမံ၊ ဤပတ္တမြားရတနာကို။ ဓောဝိတွာ၊ ပွတ်၍။ ဝိဇ္ဈိတွာ၊ ထွင်း၍။ ပဟိဏတူတိ၊ ပို့လာလော့ဟု။ ပေသေသိ၊ စေလွှတ်၏။ မဏိကာရော၊ ရွှေထွင်းသမားသည်။ သလောဟိတ ဟတ္ထေန၊ သွေးရှိသော လက်ဖြင့်လျှင်။ တံ၊ ထိုပတ္တမြားကို။ ပဋိဂ္ဂဟေတွာ၊ ခံ၍။ ပေဠာယ၊ ပခြုပ်၏။ ဥပရိ၊ အထက်၌။ ထပေတွာ၊ ထား၍။ ဟတ္ထဓောဝနတ္ထံ၊ လက်တို့ကို ဆေးခြင်းငှာ၊ အန္တော၊ အတွင်းသို့။ ပါဝိသိ၊ ဝင်၏။

တသ္မိံ ပန ဂေဟေ၊ ထိုအိမ်၌။ ပေါသာဝနိယကောဉ္စသကုဏော၊ မွေးသား အပ်သော ကြိုးကြာငှက်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုကြိုးကြာငှက်သည်။

လောဟိတဂန္ဓေန၊ သွေးအနံ့ဖြင့်။ မံသသညာယ၊ သားတစ်အမှတ်ဖြင့်။ တံ မဏိံ၊ ထိုပတ္တမြား ရတနာကို။ ထေရဿ၊ မထေရ်၏။ ပဿန္တဿ၊ မြင်စဉ်လျှင်၊ ဂိလိ၊ မျို၏။ မဏိကာရော၊ ရွဲထွင်းယောကျ်ားသည်။ အာဂန္တွာ၊ လာ၍။ မဏိံ၊ ပတ္တမြားကို။ အပဿန္တော၊ မမြင်သည်ရှိသော်။ မဏိံ၊ ပတ္တမြားကို။ ကေန၊ အဘယ်သူသည်။ ဂဟိတော၊ ယူသနည်းဟု။ ဘရိယဉ္စ၊ မယားကိုရင်း။ပုတ္တကေစ၊ သားငယ်တို့ကိုရင်း။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ပုစ္ဆိတွာ၊ မေး၍။ တေဟိ၊ ထိုသားမယားတို့သည်။ န ဂဏှာမာတိ၊ မယူရကုန်ဟူ၍။ ဝုတ္တေ၊ ဆိုလတ်သော်။ ထေရေန၊မထေရ်သည်။ ဂဟိတော ဘဝိဿတိ၊ ယူသည်ဖြစ်လတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ဘရိယာယ သဒ္ဓိံ၊ မယားနှင့်တကွ၊ မန္တေသိ၊ တိုင်ပင်၏။ထေရေန၊ မထေရ်သည်။ ဂဟိတော ဘဝိဿတိ။ယူသည်ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့တိုင်ပင်၏။ သာမိ၊ သခင်၊ ဧဝံ၊ ဤသို့။ မာ အဝစ၊ မဆိုလင့်။ ဧတ္တကံ ကာလံ။ ဤမျှကာလ တိုင်တိုင်။ မယာ၊ ငါသည်။ ထေရဿ၊ မထေရ်အား။ ကိဉ္စိဝဇ္ဇံ၊ တစုံတခုသော အပြစ်ကို။ နဒိဋ္ဌပုဗ္ဗံ၊ မမြင်စဘူး။ သော၊ ထိုမထေရ်သည်။ မဏိံ၊ ပတ္တမြားကို။ နဂဏှတိ၊ မယူ။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ မဏိကာရော၊ ရွဲထွင်းသမားသည်။ ထေရံ၊ မထေရ်ကို။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမသ္မိံ ဌာနေ၊ဤအရပ် ၌။ မဏိရတနံ၊ ပတ္တမြားရတနာကို။ တုမှေတိ၊ အရှင်ဘုရားတို့သည်။ ဂဟိတံ၊ ယူသလော။ ဣတိ၊ ဤသို့ မေး၏။ ဥပါသက၊ ဒါယကာ။ နဂဏှာမိ၊ ငါမယူ။ ဣတိ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤအိမ်၌။ အညော၊ အရှင်ဘုရားမှ တပါးသောသူသည်။ န အတ္ထိ၊ မရှိ။ တုမှေဟိယေဝ၊ အရှင်ဘုရားတို့သည်သာလျှင်။ ဂဟိတော ဘဝိဿတိ၊ ခိုးယူသည်ဖြစ်လတ္တံ့။ မေ၊ ငါ၏။ မဏိရတနံ၊ ပတ္တမြား ရတနာကို။ ဒေထ၊ ပေးကုန်လော့။ ဣတိ၊ ဤသို့ စွပ်စွဲ၍ တောင်း၏။ သော၊ ထိုရွဲထွင်းသမားသည်။ တသ္မိံ၊ ထိုဆရာမထေရ်သည်။ အသမ္ပဋိစ္ဆန္တေ၊ ဝန်မခံသည် ရှိသော်။ ပုန၊ တဖန်။ ဘရိယံ၊ မယားကို။ အာဟ၊ ဆို၏။ ထေရေန၊ မထေရ် သည်။ မဏိ၊ ပတ္တမြားကို။ ဂဟိတော၊ ခိုးယူ၏။ ပီဠေတွာ၊ နှိပ်စက် ရိုက်ပုတ်၍။ နံ၊ ထိုဆရာရဟန်းကို။ ပုစ္ဆိဿာမိ၊ မေးအံ့။ ဣတိ၊ ဤသို့ဆို၏။ သာမိ၊ သခင်။ နော၊ ငါတို့ကို။ မာနဿယိ၊ မဖျက်ဆီးပါလင့်။ အမှေဟိ၊ ငါတို့သည်။ ဒါသဗျံ၊ ကျွန်၏ အဖြစ်သို့။ ဥပဂန္တုံ၊ ကပ်ခြင်းသည်။ ဝရံ၊ မြတ်သေး၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ထေရံ၊ မထေရ်ကို။ ဝတ္တုံ၊ ပြစ်မှား၍ ဆိုခြင်းငှာ။ နစဝရံ၊ မမြတ်။ ဣတိ၊ ဤသို့ဆို၏။

သော၊ ထိုရွဲထွင်းသမားသည်။ သဗ္ဗေဝ မယံ၊ အလုံးစုံသော ငါတို့သည်လျှင်။ ဒါသတ္တံ၊ ကျွန်၏အဖြစ်သို့။ ဥပဂစ္ဆန္တာ၊ ရောက်ကုန်သည်ရှိသော်။ မဏိမူလံ၊

ပတ္တမြားအဘိုးသည်။ နအဂ္ဃာမ၊ မုလိုက်ကုန်၊ ဣတိ၊ သို့။ ရန္တုံ၊ ကြိုးကို။ ဂဟေတွာ၊ ယူ၍၊ ထေရဿ၊ မထေရ်၏။ သီသံ၊ ဦးခေါင်းကို။ ဝေဌေတွာ၊ ရစ်၍။ ဒဏ္ဍေန၊ လှံကန်ဖြင့်။ ဃဋ္ဋေသိ၊ ပုတ်ခတ်ရိုက်နှက်၏။ ထေရဿ၊ မထေရ်၏။ သီသတော စ၊ ဦးခေါင်းမှ၎င်း။ ကဏ္ဏနာသာဟိ၊ နားရွက်နှာခေါင်းတို့မှ၎င်း။ လောဟိတံ၊ သွေးသည်။ ပဂ္ဃရိ၊ ယိုစီး၏။ အက္ခီနိ၊ မျက်စိတို့သည်။ နိက္ခမနာကာရပ္ပတ္တာနိ၊ ထွက်အံ့သော အခြင်းအရာသို့ ရောက်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ သော၊ ထိုမထေရ်သည်။ ဝေဒနာကာရပ္ပတ္တော၊ ဆင်းရဲခြင်း ဝေဒနာဖြင့် ပင်ပန်းသော အဖြစ်သို့ ရောက်လျက်။ ဘူမိယံ၊ မြေ၌။ ပတိ၊ လည်း၏။ ကောဉ္စော၊ ကြိုးကြာ ငှက်သည်။ လောဟိတဂန္ဓေန၊ သွေးအနံ့ဖြင့်။ အာဂန္တွာ၊ လာ၍။ လောဟိတံ၊ သွေးကို။ ပိဝတိ၊ သောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုကြိုးကြာငှက်ကို။ မဏိကာရော၊ ရွှထွင်းသမားသည်။ ထေရေ၊ မထေရ်၌။ ဥပ္ပန္န ကောဓဝသေန၊ ဖြစ်သော အမျက်၏ အစွမ်းဖြင့်။ တွံ၊ နင်ငှက်မိုက်ကြိုးကြာသည်။ ကိံ ကရောသိ၊ အဘယ် အကြောင်းကြောင့် သောက်လာဘိသနည်း။ ဣတိ၊ ဤသို့ဆိုလျက်။ ပါဒေန၊ ခြေဖြင့်။ ပဟရိတွာ၊ ကန်ကြောက်၍။ ခိပိ၊ ပစ်၏။ သော၊ ထိုကြိုးကြာငှက်သည်။ ဧကပ္ပဟာရေနေဝ၊ ကန်လိုက်သည်နှင့် တပြိုင်နက်သာလျှင်။ မရိတွာ၊ သေ၍။ ဥတ္တာနော၊ ပက်လက်။ အဟောသိ။ ဖြစ်၏။

ထေရော၊ မထေရ်သည်။ တံ၊ ထိုအခြင်းအရာကို၊ ဒိသွာ၊ မြင်၍။ ဥပါသက၊ ဒါယကာ။ သီသဝေဌနံ၊ ဦးခေါင်း၌ ရစ်၍ချည်သော ကြိုးကို။ တာဝ၊ ရှေးဦးစွာ၊ မေ၊ ငါ့အား။ သိထိလံကတွာ၊ လျော့ခြင်းကို ပြု၍။ ဣမံ ကောဉ္စံ၊ ဤကြိုးကြာ ငှက်ကို။ ဩလောကေဟိ၊ ကြည့်ဦးလော့။ မတော ဝါ၊ သေလေသလော။ နော ဝါ၊ မသေသေးသလော။ ဣတိ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌၊ နံ၊ ထိုဆရာမထေရ်ကို။ သော၊ ထိုရွှထွင်းသမားသည်။ အာဟ၊ ဆို၏။ ဗသောဝိယ၊ ဤကြိုးကြာငှက်ကဲ့သို့။ တွံပိ၊ သင်သည်လည်း။ မရိဿသိ၊ မချွတ်သေရလတ္တံ့။ ဣတိ၊ ဤသို့ ဒေါသ အစွမ်းအားဖြင့် ဆို၏။ ဥပါသက၊ ဒါယကာ။ ဣမိနာ၊ ဤကြိုးကြာငှက်သည်။ သောမဏိ၊ ထိုပတ္တမြားကို။ ဂိလိတော၊ မျိုလေအပ်၏။ ဣတိ၊ ဤသို့ ဆိုလျက်။ အယံ၊ ဤကြိုးကြာငှက်သည်။ သစေ န မရိဿတိ၊ အကယ်၍ မသေသည်ဖြစ်အံ့။ တေ၊ သင်အား။ အဟံ၊ ငါသည်။ မရန္တောပိ၊ သေသော်လည်း။ မဏိံ။ ပတ္တမြား ကို။ နအာစိက္ခိဿာမိ၊ မကြားဘော့အံ့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သော၊ ထိုရွှထွင်းသမားသည်။ တဿ၊ ထိုကြိုးကြာငှက်သေကောင်၏။ ဥဒရံ၊ ဝမ်းကို။ ဖါလေတွာ ခွဲ၍။ မဏိံ၊ ပတ္တမြားကို။ ဒိသွာ၊ မြင်၍။ ပဝေဓေန္တော၊ တုန်တုန် လှုပ်လှုပ်။ သံဝိဂ္ဂမာနသော၊ ထိတ်လန့်သော စိတ်ရှိလျက်။ ထေရဿ၊ မထေရ်၏။

ပါဒမူလေ၊ ခြေရင်း၌။ နိပဇ္ဇိတွာ၊ ဝပ်၍။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ ခမထ၊ သည်းခံတော်မူပါကုန်လော့။ အဇာနန္တေန၊ မသိခြင်းကြောင့်။ မယာ၊ အကျွန်ုပ်သည်။ ကတံ၊ ပြုမိ၏။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ ဥပါသက၊ ဒါယကာ။ တုယှံ၊ သင်အား။ ဒေါသော၊ အပြစ်သည်။ နေဝအတ္ထိ၊ မရှိ။ မယှံ၊ ငါ၏။ ဒေါသော၊ အပြစ်သည်။ န၊ မရှိ။ ဝဋ္ဋဿေဝ၊ ဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ တေ၊ သင်အား။ ခမာမိ၊ သည်းခံ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ကျွန်ုပ်အား။ သစေ ခမထ။ အကယ်၍ သည်းခံပါသည် ဖြစ်ပါကုန်အံ့။ ပကတိ နိယာမေနေဝ၊ ပြကတေ့ ရှေးနည်းဖြင့်သာလျှင်။ မေ၊ ကျွန်ုပ်၏။ ဂေဟေ၊ အိမ်၌။ နိသီဒိတွာ၊ နေ၍။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ ဥပါသက၊ ဒါယကာ။ ဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ ဣတော ပဋ္ဌာယ၊ ဤနေ့မှစ၍။ ပရေသံ၊ သူတပါးတို့၏။ ဂေဟသ၊ အိမ်၏။ အန္တောဆဒနံ၊ အမိုးတွင်းသို့။ နပဝိသိဿာမိ၊ မဝင်အံ့။ ဣတိ၊ ဤသို့ဆို၏။ ဟိ၊ ထိုစကားသင့်စွ။ အန္တောဂေဟ ပဝေသနဿေဝ၊ အိမ်တွင်းသို့ ဝင်ခြင်းကြောင့်သာလျှင်။ အယံ ဒေါသော၊ ဤအပြစ်သည်။ ဟောတိ၊ဖြစ်၏။ ဣတော ပဋ္ဌာယ၊ ဤနေ့မှစ၍။ ပါဒေသု၊ ခြေတို့သည်။ အာဝဟန္တေသု၊ တည်တံ့စွာ ကိုယ်ကို ရွက်ဆောင်နိုင်ကုန်သည်ရှိသော်။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ဌိတောဝ၊ ရပ်လျက်သာလျှင်။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှိဿာမိ၊ ယူအံ့။ ဣတိ ဝတွာ၊ ဤသို့မိန့်၍။ ဓုတင်္ဂံ၊ ဓုတင်ကို။ သမာဒါယ၊ ဆောက်တည်၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

မုနိနော၊ ရဟန်း၏။ ဘတ္တံ၊ ဆွမ်းကို။ ကုလေ ကုလေ၊ အိမ်တိုင်း အိမ်တိုင်း၌။ ပစ္စတိ၊ ချက်၏။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်ကို။ ပိဏ္ဍိကာယ၊ ဆွမ်းအလို့ငှာ။ စရိဿာမိ၊ ငါသွားအံ့။ မေ၊ ငါ၏။ ဇင်္ဃဗလံ၊ မြင်းခေါင်းအားလည်း။ အတ္ထိ၊ ရှိ၏။

ဣဒဥ္စ ပန၊ ဤစကားကိုလျှင်။ ဝတွာ၊ ဆို၍။ ထေရော၊ မထေရ်သည်။ တေနေဝ ဗျာဓိနာ၊ ထိုအနာဖြင့်။ နစိရဿေဝ၊ မကြာမြင့်မီသာလျှင်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ ကောဋ္ဌော၊ ကြိုးကြာငှက်သည်။ မဏိကာရဿ၊ ရွဲထွင်းသမား၏။ ဘရိယာယ၊ မယား၏။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။ ပဋိသန္ဓိံ ဂဏှိ၊ ပဋိသန္ဓေ နေ၏။ မဏိကာရော၊ ပွတ်သမားသည်။ ကာလံ ကတွာ၊ သေခြင်းကိုပြု၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ မဏိကာရဿ၊ ပွတ်သမား၏။ ဘရိယာ၊ မယားသည်။ ထေရေ၊ မထေရ်၌။ မုဒုစိတ္တတာယ၊ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ဖြင့်။ ကာလံ ကတွာ၊ သေခြင်းကို ပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။

သတ္ထာရံ၊ ဘုရားကို။ တေသံ၊ ထိုသူတို့၏။ အဘိသမ္ပရာယံ၊ တမလွန်ဘဝသို့သွားခြင်းကို။ ပုစ္ဆိံသု၊ မေးကုန်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာ၌။ ကေစ္စေ၊ အချို့သော သူတို့သည်။ ဂဗ္ဘေ၊ လူ၏ဝမ်း၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ပါပကာရိနော၊ မကောင်းမှုကို ပြုလေ့ရှိကုန်သော။ ကေစ္စေ၊ အချို့သော သူတို့သည်။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ကတကလျာဏာ၊ ပြုအပ်သော ကောင်းမှုရှိကုန်သော။ ကေစ္စေ၊ အချို့သော သူတို့သည်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ အနာသဝါ ပန၊ ရဟန္တာ ဟူသည်ကား။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုသော ဘုရားသခင်သည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၆။ ဂဗ္ဘမေကေ၊ အချို့သော သူတို့သည်။ ဂဗ္ဘံ၊ လူ၏ဝမ်း၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ပါပကမ္မိနော၊ မကောင်းမှုကို ပြုကုန်သော။ ဧကေ၊ အချို့သော သူတို့သည်။ နိရယံ၊ ငရဲ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သုဂတိနော၊ ကောင်းသော ဂတိရှိကုန်သော သူတို့သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ယန္တိ၊ သွားကုန်၏။ အနာသဝါ၊ ရဟန္တာတို့သည်။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်၏။

တတ္ထ၊ ထိုဂါထာ၌။ ဂဗ္ဘန္တိ၊ ဂဗ္ဘံဟူသည်ကား။ ဣဓ၊ ဤအရာ၌။ မနုဿဂဗ္ဘောဝ၊ လူ၏ဝမ်းတိုက်ကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ သေသံ၊ ကြွင်းသောစကားသည်။ ဥတ္တာနတ္ထမေဝ၊ ပေါ်သော အနက်ရှိသည်သာလျှင်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဣတိပရိသမာပနံ၊ ကိုးခုမြောက်သော ပါပဝဂ်၌ ဆယ်ကြိမ်မြောက် ရှိသော မဏိကာရကုလူပကတိဿထေရ် ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒသမံ၊ သော။ မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

——— ❁ ———

၉-ပါပဝဂ္ဂ။ ၁၁-တယောဇနဝတ္ထု။

(ရှေ့ကွင်းသမားအများ၏ ပဏ္ဏာပြု ပေါ်ရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ တယောဇနဝတ္ထု၌ ပေါ်ရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှာ "န အန္တလိက္ခေ"စသည်ကို မိန့်၏)။

"နအန္တလိက္ခေ"တိ ဤမံ ဓမ္မဒေသနံ၊ လိက္ခေ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေလတ်သော်။ တယော ဇနေ၊ သုံးယောက်သော သူတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သတ္ထရိ၊ ဘုရားသဗ္ဗညုသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တေ၊ နေသည်ရှိသော်။ သမ္ဗဟုလာဘိက္ခူ၊ များစွာသော ရဟန်းတို့သည်။ သတ္ထုဒဿနတ္ထာယ၊ ဘုရားကို ဖူးမြင်ခြင်းငှာ။ အာဂစ္ဆန္တာ၊ လာလတ်ကုန်သော်။ ဧကံ ဂါမံ၊ ရွာတခုကို။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသိံသု၊ ဝင်ကုန်သတတ်။ ဂါမဝါသိနော၊ ရွာနေသူတို့သည်။ တေသံ၊ ရဟန်းတို့၏။ ပတ္တေ၊ သပိတ်တို့ကို။ အာဒါယ၊ ယူ၍။ အာသန သာလာယ၊ ဆွမ်းစားစရပ်၌။ နိသီဒါပေတွာ၊ နေစေ၍၊ ယာဂုခဇ္ဇကံ၊ ယာဂုခဲဘွယ်ကို။ ဒတွာ၊ လှူစေ၍။ ပိဏ္ဍပါတဝေလံ၊ ဆွမ်းခံအံ့သော အခါကို၊ အာဂမယမာနာ၊ ငံ့လျက်၊ ဓမ္မံ၊ တရားကို။ သုဏန္တာ၊ နာကုန်လျက်။ နိသီဒိံသု၊ နေကုန်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ ဘတ္တံ၊ ဆွမ်းကို။ ပစိတွာ၊ ချက်၍။ သူပဗျဉ္ဇနံ၊ အမဲဟင်းလျာကို။ မူ-ယမာနာယ၊ ပူအောင် လှုံ့သော။ ဧကိဿာ-ဣတ္ထိယာ၊ မိန်းမတယောက်၏။ ဘာဇနတော၊ အိုးမှ။ အဂ္ဂိဇာလာ၊ မီးလျှံသည်။ ဥဋ္ဌဟိတွာ၊ တက်၍။ ဆဒနံ၊ အမိုးကို။ ဂဏှိ၊ လောင်၏။ တတော၊ ထိုအရပ်မှ။ ဧကံ တိဏကရဠံ၊ တခုသော မြက်ဆုပ် မြက်စည်းသည်။ ဥဋ္ဌဟိတွာ၊ ထ၍။ ဇလမာနံ၊ တောက်ပြီသည်ရှိသော်။ အာကာသေ၊ ကောင်းကင်၌။ ပက္ခန္ဒိ၊ ပျံသွား၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ ဧကော ကာကော၊ ကျီးတခုသည်။ အာကာသေ၊ ကောင်းကင်၌။ဂစ္ဆန္တော၊ ပျံသွားသည်ရှိသော်။ တတ္ထ၊ ထိုမီးလျှံ၌။ ဂီဝံ၊ လည်ကို။ ပဝေသေတွာ၊ ဝင်စေ၍။ တိဏဝလ္လိ၊ မြက်နွယ်သည်၊ ဝေဌိတော၊ ရစ်လျက်။ ဈာယိတွာ၊ လောင်၍။ ဂါမ မဇ္ဈေ၊ ရွာလယ်၌။ ပတိ၊ ကျ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တံ၊ ထိုအခြင်းအရာကို။ ဒိသွာ၊ မြင်၍။ ကမ္မံ၊ အမှုသည်။ အဟော ဘာရိယံ၊ ဩော် ဝန်လေးလှ၏။ အာဝုသော၊ ငါ့ရှင်တို့၊ ပဿထ၊ ကြည့်ပါကုန်လော့။ ကာကေန၊ ကျီးသည်။ ဝိပ္ပကာရံ၊ ဘောက်ပြန်ခြင်းသို့။ ပတ္တံ၊ ရောက်၏။ ဣမဿ၊ ဤကျီး၏။ ကတကမ္မံ၊ ပြုအပ်သော အမှုကို။ သတ္ထာရော၊ ဘုရားသဗ္ဗညုကို၊ အညတြ၊ ထား၍။ ကော၊ အဘယ်သူသည်။ ဇာနိဿတိ၊ သိနိုင်အံ့နည်း။ သတ္ထာရံ၊ ဘုရားကို။ အဿ၊ ထိုကျီး၏။ ကမ္မံ၊ ရှေးမကောင်းမှုကို။ ပုစ္ဆိဿာမ၊ မေးလျှောက်ကုန်အံ့။ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ ပက္ကမိံသု၊ ဘဲသွားကုန်၏။

သတ္ထုဒဿနတ္ထာယ၊ ဘုရားကို ဖူးမြင်ခြင်းငှာ။ နာဝံ၊ လှေကို။ အဘိရုယှ၊ တက်၍။ ဂစ္ဆန္တာနံ၊ ကူးသွားကုန်သော။ အပရေသံ ဘိက္ခူနံ၊ တပါးကုန်သော

ရဟန်းတို့၏။ နာဝါ၊ လှေသည်။ သမုဒ္ဒေ၊ သမုဒ္ဒရာ၌။ နိစ္စလာ၊ မတုန်မလှုပ်။ အဋ္ဌာသိ၊ တည်၏။ မနုဿာ၊ လူတို့သည်။ ဧတ္ထ၊ ဤလှေအပေါင်း ဟိုတွင်။ ကာလကဏ္ဏိယာ၊ လူယုတ်မာသည်။ ဘဝိတဗ္ဗန္တိ၊ ရှိသည်ဖြစ်ရာ၏ဟု။ သလာကံ၊ စာရေးတံကို။ ဝိစာရေသုံ စီရင်ကုန်၏။ နာဝိကဿ၊ လှေသူကြီး၏လည်း။ ဘရိယာ၊ မယားသည်။ ပဌမဝယေ၊ ပဌမအရွယ်၌။ဌိတာ၊ တည်လျက်။ ဒဿနီယာ၊ ရှုချင်ဘွယ် ရှိကုန်၏။ ပါသာဒိကာ၊ ကြည်ဘွယ်ရှိ၏။ တဿာ၊ ထိုလှေသူကြီးကတော်အား။ သလာကာ၊ စာရေးတံသည်။ ပါပုဏိ၊ ရောက်၏။ သလာကံ၊ စာရေးတံကို၊ ပုနဝိစာရေထ၊ တဘန်စီရင်ပြန်ကုန်လော့၊ ဣတိ ဝတွာ၊ ဤသို့ဆို၍။ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင်။ ဝိစာရေသုံ၊ စာရေးတံကို ကောက်ကုန်၏။ တိက္ခတ္တုံပိ၊ သုံးကြိမ်တိုင်တိုင်လည်း။ တဿာ ဧဝ၊ ထိုမိန်းမအားသာလျှင်။ ပါပုဏိ၊ရောက်၏။ မနုဿာ၊ လူတို့သည်။ သာမိ၊ အရှင်လှေသူကြီး။ ကိံ၊ အသို့နည်း။ ဣတိ၊ ဤသို့။ နာဝိကဿ၊ လှေသူကြီး၏။ မုခံ၊ မျက်နှာကို။ ဩလောကေသုံ၊ ကြည့်ကုန်၏။ နာဝိကော၊ လှေသူကြီးသည်။ ဧကိဿာ၊ ဤမိန်းမတယောက်၏။ အတ္တာယ၊ အကျိုးကို လိုသဖြင့်။ မဟာဇနံ၊ လူအများကို။ နာသေတုံ၊ သေကြေပျက်စီးခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ဥဒကေ၊ ရေ၌။ နံ၊ ထိုမိန်းမယုတ်ကို၊ ခိပထ၊ ပစ်ကြကုန်လော။ ဣတိ အာဟ၊ ဤသို့ဆို၏။ ဿာ၊ ထိုမိန်းမကို။ ဂဟေတွာ၊ ဆွဲငင်၍။ ဥဒကေ၊ ရေ၌။ ခိပိယမာနာ၊ ပစ်ကုန်သည်ရှိသော်။ မရဏဘယတဇ္ဇိတာ၊ သေဘေးဖြင့် ကြောက်သောကြောင့်။ ဝိရဝံ၊ သည်းစွာသော ငိုမြည်ဟမ်းခြင်းကို။ အကာသိ၊ ပြု၏။ တံ၊ ထိုငိုသံကို။ သုတွာ၊ ကြား၍။ နာဝိကော၊ လှေသူကြီးသည်။ ဣမိဿာ၊ ဤမိန်းမ၏။ အာဘရဏာဟိ၊ ဆင်ယင်သောတန်းဆာတို့သည်။ နဋ္ဌေဟိ၊ ပျက်စီးခြင်းတို့ဖြင့်။ ကောအတ္ထော၊ အဘယ်အကျိုးရှိအံ့နည်း။ သဗ္ဗာဘရဏာနိ၊ ခပ်သိမ်းသော တန်းဆာတို့ကို။ ဩမုဥ္စိတွာ၊ ချွတ်၍။ ဧကံပိလောတိကံ၊ ထမိန္နမ်းတထည်ကို။ နိဝါသေတွာ၊ ဝတ်စေ၍။ နံ၊ ထိုမိန်းမယုတ်ကို။ ဆဍ္ဍေထ၊ စွန့်ပစ်ကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ အဟံ ပန၊ ငါသည်ကား။ ဧတံ၊ ဤမိန်းမကို။ ဥဒကပိဋ္ဌေ၊ ရေအပြင်၌။ ပလ္လဝမာနံ၊ ပေါ်သည်ကို။ ဒဋ္ဌုံ၊မြင်ခြင်းငှာ။ န သက္ခိဿာမိ၊ မတတ်နိုင်။ တသ္မာ၊ ထိုကြောင့်။ ယထာ၊ အကြင်အခြင်းဖြင့်။ နံ၊ ထိုမိန်းမကို။ အဟံ၊ ငါသည်။ န ပဿာမိ၊ မမြင်ရအံ့။ ဝါထာ၊ ထိုအခြင်းအရာဖြင့်။ ဧကံ ဝါလုကကုဋံ၊ သဲဖြင့် ပြီးသော အိုးတလုံးကို။ ဂီဝါယ ဗန္ဓိတွာ၊ လည်၌ ချည်ဆွဲလျက်။ သမုဒ္ဒေ၊ သမုဒ္ဒရာ၌။ ခိပထ၊ ပစ်ကုန်လော့။ ဣတိ၊ ဤသို့ ဆို၏။ တေ၊ ထိုလူတို့သည်။ တထာ၊ ထိုလှေသူကြီးဆိုတိုင်း။ ကရိံသု၊ ပြုကုန်၏။ တံပိ၊ ထိုမိန်းမယုတ်ကိုလည်း။ ပတိတဋ္ဌာနေယေဝ၊ ချရာအရပ်၌သာလျှင်။ မစ္ဆ-

ကစ္ဆပါ၊ ငါးလိပ်တို့သည်။ ဝိလုမ္ပိံသု၊ လုယက်ဖျက်ဆီး၍ စားကုန်၏။ ဘိက္ခူ၊
ရဟန်းတို့သည်။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ ဉတွာ၊ ၍။ သတ္ထုနော၊ ဘုရားကို။
ထပေတွာ၊ ထား၍။ အညော၊ ဘုရားမှ တပါးသော။ ကော၊ အဘယ်သူသည်။
ဧတိဿာ ဂုတ္တိယာ၊ ဤမိန်းမ၏။ ကမ္မံ၊ အကုသိုလ်ကံကို။ ဇာနိဿတိ၊ သိနိုင်
အံ့နည်း၊ သတ္ထာရံ၊ ဘုရားကို။ တဿာ၊ ထိုမိန်းမ၏။ ကမ္မံ၊ အကုသိုလ်ကံကို။
ပုစ္ဆိဿာမ၊ မေးအံ့။ ဣတိ၊ ဤသို့။ ဂုစ္ဆိတငှာနံ၊ လိုရာလိုရာ အရပ်သို့။ ပတွာ၊
ရောက်၍။ နာဝါတော၊ လှေမှ။ ဩရုယှ၊ ဆင်း၍။ ပက္ကမိံသု၊ ဖဲသွားကုန်၏။

အပရေပိ၊ တပါးလည်း ဖြစ်ကုန်သော။ သတ္တဘိက္ခူ၊ ခုနစ်ပါးသော ရဟန်း
တို့သည်။ သတ္ထာရဒဿနာယ၊ ဘုရားကို ဖူးမြင်ခြင်းငှာ။ ဂစ္ဆန္တာ၊ သွားကုန်သည်
ရှိသော်။ သာယံ၊ ညအခါ၌။ ဧကံ ဝိဟာရံ၊ ကျောင်းတခုသို့။ ပဝိသိတွာ၊ ဝင်၍။
ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ပုစ္ဆိံသု၊ မေးကုန်၏။ ဧကသ္မိံ လေဏေ၊ တခုသော
လိုဏ်ဂူ၌မင်္ဂလည်း။ သတ္တမဥ္စာ၊ ညောင်စောင်းခုနစ်ခုတို့သည်။ ဟောန္တိ၊ ရှိသည်
ဖြစ်ကုန်၏။ တဒေဝ၊ ထိုအရပ်ကိုလျှင်။ လဘိတွာ၊ ရ၍။ တတ္ထ၊ ထိုလိုဏ်၌။
နိပဇ္ဇနာနံ၊ အိပ်ကုန်သော။ တေသံ၊ ထိုရဟန်းတို့အား။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။
ကူဋာဂါရမတ္တော၊ စုလစ်မွန်းချွန်ကျောင်းအိမ်အတိုင်းအရှည်ရှိသော။ ပါသာဏော၊
ကျောက်ဖျာသည်။ ပဝဋ္ဋမာနော၊ လိမ့်လျက်။ အာဂန္တွာ၊ လာ၍။ လေဏဒွါရံ၊
လိုဏ်တံခါးကို။ ပိဒဟိ၊ ပိတ်၏။ နေဝါသိကာဘိက္ခူ၊ ကျောင်းနေရဟန်းတို့သည်။
မယံ၊ ငါတို့သည်။ ဣမံလေဏံ၊ ဤလိုဏ်ကို။ အာဂန္တုကဘိက္ခူနံ၊ အာဂန္တုက
ရဟန်းတို့အား။ ပါပယိမှာ၊ ရောက်စေကုန်၏။ အယဉ္စ မဟာပါသာဏော၊
ဤကျောက်ဖျာကြီးသည်လည်း။ လေဏဒွါရံ၊ လိုဏ်တံခါးကို။ ပိဒဟန္တော၊
ပိတ်လျက်။ အဋ္ဌာသိ၊ တည်၏။ နံ၊ ထိုကျောက်ဖျာကို။ အပနေဿာမ၊ ပယ်ကုန်
ရှားကုန်အံ့။ ဣတိ၊ ဤသို့။ သမန္တာ၊ ယက်ဝန်းကျင်မှ။ သတ္တဟိ ဂါမေဟိ၊ ခုနစ်ရွာ
တို့မှ။ မနုဿေ၊ လူတို့ကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဝါယမန္တာပိ၊ လုံ့လ
ပြုကုန်သော်လည်း။ ဌာနာစာလေတုံ၊ အရာမှ ရွေ့ခြင်းငှာ။ နာသက္ခိံသု၊ မတတ်
နိုင်ကုန်၊ အန္တောပဝိဋ္ဌာ၊ လိုဏ်တွင်းသို့ ဝင်ကုန်သော။ ဘိက္ခူပိ၊ ရဟန်းတို့
သည်လည်း။ ဝါယမိံသုယေဝ၊ လုံ့လပြု၍ တွန်းကုန်သည်သာလျှင်တည်း။ ဧဝံ
သန္တေပိ၊ ဤသို့ လုံ့လပြုကုန်သော်လည်း။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်။
ပါသာဏံ၊ ကျောက်ဖျာကို။ စာလေတုံ၊ ရွေ့စေခြင်းငှာ။ နာသက္ခိံသု၊ မတတ်နိုင်
ကုန်။ အာဂန္တုကာ၊ အာဂန္တုက ရဟန်းတို့သည်။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်။
ဆာတဇ္ဈတ္တာ၊ မွတ်သိပ်ခြင်းကြောင့်။ မဟာဒုက္ခံ၊ ကြီးစွာသောဆင်းရဲခြင်းကို။
အနုဘဝိံသု၊ ခံစားရကုန်၏။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။

ပါသာဏော၊ ကျောက်ဖျာသည်။ သယမေဝ ပဝဋ္ဋိတွာ၊ အလိုလိုလိမ့်၍။ အပဂတော၊ ဘဲခြင်းသို့ ရောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိက္ခမိတွာ၊ လိုဏ်မှ ထွက်၍။ အမှာကံ၊ ငါတို့၏။ ဣမံ ပါပံ၊ ဤမကောင်းမှုကို။ သတ္ထာရာ၊ ဘုရား သဗ္ဗညုကို။ အညတြ၊ ထား၍။ ကော၊ အဘယ်သူသည်။ ဇာနိဿတိ၊ သိနိုင် အံ့နည်း။ သတ္ထာရံ၊ ဘုရားကို။ ပုစ္ဆိဿာမ၊ မေးကြကုန်အံ့။ ဣတိစိန္တေတွာ၊ ဤသို့ ကြံ၍။ ပက္ကမိံသု၊ ဘဲသွားကုန်၏။

တေ၊ ခုနစ်ယောက်သော ရဟန်းတို့သည်။ ပုရိမေဟိ၊ ရှေ့သွားနှင့်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ သမာဂန္တွာ၊ အညီ အညွတ် ပေါင်းမိသဖြင့် သွား၍။ သဗ္ဗေ၊ ခပ်သိမ်းသော ရဟန်းတို့သည်။ ဧက-တောဝ၊ တကွနက်လျှင်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသိန္နာ၊ နေကုန်သည် ရှိသော်။ သတ္ထာရာ၊ ဘုရားသည်။ ကတပဋိသန္ထာရာ၊ ပြုအပ်သော မေးမြန်းခြင်း ဖြင့် စေ့စပ်တော်မူသည်ဖြစ်၍။ အတ္တနာ၊ မိမိတို့သည်။ ဒိဋ္ဌာနုဘူတာနိ ကာရ-ဏာနိ၊ မြင်ခဲ့ဘူးသော အကြောင်းတို့ကို။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ပုစ္ဆိံသု၊ မေးလျှောက်ကုန်၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ တေသံ၊ ထိုရဟန်းတို့အား။ ပဋိပါဋိယာ၊ လျှောက်သည်အစဉ်အတိုင်း။ ဧဝံ ဗျာကာသိ၊ ဤသို့ကြားတော် မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ၊ ရှေးဦးစွာ။ သောကာကော၊ ထိုကျီးသည်။ အတ္တနာ၊ မိမိသည်။ ကတကမ္မမေဝ၊ ပြုအပ်သော ကံ၏ အကျိုးကိုသာလျှင်။ အနုဘောသိ၊ ခံစားရ၏။ ဟိ၊ ထိုစကား သင့်စွ။ အတီတကာလေ၊ လွန်လေပြီး သော အခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဧကော ကဿကော၊ လယ်ထွန် ယောကျ်ားသည်။ အတ္တနော ဂေါဏံ၊ မိမိနွားကို။ ဒမေန္တော၊ ဆုံးမသည်ရှိသော်။ ဒမေတုံ၊ အလွယ်တကူ ဆုံးမခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ ဟိ၊ ထိုစကားသင့်စွ။ အဿ၊ ထိုလယ်ထွန်သူ၏။ သော ဂေါဏော၊ ထိုနွားသည်။ ထောကံ၊ အတန် ငယ်။ ဂန္တွာ၊ ရုံးသွား၍။ နိပဇ္ဇိ၊ အိပ်၏။ ပေါထေတွာ၊ ပုတ်ခတ်ရိုက်နှက်၍။ ဥဋ္ဌာပိတေပိ၊ ထစေသော်လည်း။ ထောကံ၊ အတန်ငယ် အရပ်သို့။ ဂန္တွာ၊ သွား၍။ ပုန၊ တဖန်။ တထေဝ၊ ထိုရှေးအတူလျှင်။ နိပဇ္ဇိ၊ ဝပ်၏။ သော၊ ထိုလယ်ထွန် သမားသည်။ ဝါယမိတွာ၊ လုံ့လပြု၍။ တံ၊ ထိုနွားကို။ ဒမေတုံ၊ ဆုံးမခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ကောဓာဘိဘူတော၊ အမျက်ထွက်ခြင်း ဖြင့် နှိပ်စက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒါနိ၊ ယခု။ ဣတော ပဋ္ဌာယ၊ ဤနေ့မှ စ၍။ သုခံ၊ ချမ်းသာစွာ။ နိပဇ္ဇိဿသိ၊ ဝပ်၍။ တစေ နင်နေရလတ္တံ့။ ဣတိ၊ ဤသို့ဆို၍။ ပလာလပိဏ္ဍံ ဝိယ၊ ကောက်ရိုးစုံကိုကဲ့သို့။ ကရောန္တော၊ ပြုလျက်။

ပလာလေန၊ ကောက်ရိုးဖြင့်။ တဿ၊ ထိုနွား၏။ ဂီဝံ၊ လည်ကို။ ပလိဝေဌေတွာ၊ ရစ်ပတ်၍။ အဂ္ဂိံ၊ မီးကို။ အဒါသိ၊ တိုက်ရှို့၏။ ဂေါဏော၊ နွားသည်။ တတ္ထေဝ ဈာယိတွာ။ ထိုလည်ပင်း၌မီးလောင်၍လျှင်။ မတော၊ သေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ တေန ကာရဏေန၊ ထိုအကြောင်းဖြင့်။ တံ ပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ ကတံ၊ ပြုခဲ့ဘူး၏။ သော၊ ထိုကျီးသည်။ တဿ၊ ထိုအကုသိုလ်ကံ၏။ ဝိပါကေန၊ အကျိုးဖြင့်။ ဒီဃရတ္တံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်ပြီး၍။ ဝိပါကာဝသေသေန၊ အကျိုးကြွင်း၏ အစွမ်းဖြင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ကာက ယောနိယံ၊ ကျီးအမျိုး၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဧဝမေဝ၊ ဤအတူလျှင်။ အာကာသေ ဈာယိတွာဝ၊ ကောင်းကင်၌ ပျံသွားရာ မီးလောင်၍လျှင်။ မတော၊ သေဘူးသည်သာလျှင်တည်း။ ဣတိ၊ ဤသို့ မိန့်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သာပိ ဣတ္ထီ၊ ထိုမိန်းမသည်လည်း။ အတ္တနာ၊မိမိသည်။ ကတကမ္မမေဝ၊ ပြုအပ်သောကံ၏ အကျိုးကိုသာလျှင်။ အနုဘောသိ၊ ခံစားရ၏။ ဟိ၊ ထိုစကားသင့်စွ။ သာ၊ ထိုမိန်းမသည်။ အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဧကဿ ဂဟပတိကဿ၊ သူကြွယ်တဦး၏။ ဘရိယာ၊မယားသည်။ ဥဒကဟရဏကောဋ္ဋနပစနာဒီနိ၊ရေခပ်ခြင်း မောင်းထောင်းခြင်း ထမင်းချက်ခြင်း အစရှိကုန်သော။ သဗ္ဗကိစ္စာနိ၊ ခပ်သိမ်းသော အမှုကိစ္စတို့ကို။ သဟတ္ထေနေဝ၊ မိမိလက်ဖြင့်သာလျှင်။ အကာသိ၊ ပြုရ၏။ တဿာ၊ ထိုမိန်းမ၏။ ဧကော သုနခေါ၊ ခွေးတကောင်သည်။ ဂေဟေ၊ အိမ်၌။သဗ္ဗကိစ္စာနိ၊ အမှုခပ်သိမ်းတို့ကို။ ကုရုမာနံ၊ ပြုသော။ တံ၊ ထိုမိန်းမကို။ ဩလောကေန္တောဝ၊ ကြည့်လျက်လျှင်။နိသီဒိ၊နေ၏။ ခေတ္တေ၊ လယ်၌။ဘတ္တံ၊ ထမင်းကို။ ဟရန္တိယာ၊ ဆောင်လတ်သော်ရင်း။ဒါရုပဏ္ဏာဒီနံဝါ၊ထင်း ဟင်းရွက်စသည်တို့၏လည်း။ အတ္ထာယ၊ အကျိုးငှာ၊ အရညံ၊ တောသို့။ ဂစ္ဆန္တိယာ၊ သွားသည်ရှိသော်ရင်း။ တာယ၊ ထိုမိန်းမနှင့်။ သဒ္ဓိံယေဝ၊ တကွသာလျှင်။ ဂစ္ဆတိ၊ သွား၏။ တံ၊ ထိုအခြင်းအရာကို။ ဒိသွာ၊ မြင်၍။ ဒဟရမနုဿာ၊ လူငယ်တို့သည်။ အမ္ဘော၊ အချင်းတို့။ သုနခ လုဒ္ဒကော၊ ခွေးမုဆိုးသည်။ နိက္ခန္တော၊ ထွက်လာပြီ။ အဇ္ဇ၊ ယနေ့။ မယံ၊ ငါတို့သည်။ မံသေန၊ အမဲဖြင့်။ ဘုဉ္ဇိဿာမ၊ စားရကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဥပ္ပဏ္ဍေန္တိ၊ ပြက်ရယ်မှုပြုကုန်၏။ သာ၊ ထိုသူကြွယ်မသည်။ တေသံ၊ ထိုသူငယ်တို့၏။ ကထာယ၊ ပြက်ရယ်မှု ဆိုခြင်းကြောင့်။ မင်္ကု ဟုတွာ၊ မျက်နှာမလှဖြစ်၍။ သုနခံ၊ ခွေးကို။ လေဍ္ဍုဒဏ္ဍာဒီဟိ၊ အုတ်ခဲ လှံတန်စသည်တို့ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ပလာပေသိ၊ ထွက်ပြေးစေ၏။ သုနခေါ၊ ခွေးသည်။

နိဝတ္တိတွာ၊ ပြန်လာ၍။ အနုဗန္ဓိ၊ အစဉ်လိုက်၏။ သော၊ ကိုငှေ့သည်။ အသာ၊ ထိုမိန်းမအား။ တတိယေအတ္တဘာဝေ၊ သုံးခုမြောက်သော ကိုယ်၏ အဖြစ်၌။ ဘတ္တာ၊ ဆည်းကပ်အပ်သော လင်သည်။ အဟောသိ ကိရ၊ ဖြစ်ဘူးသတတ်။ တသ္မာ၊ ထိုကြောင့်၊ သိနေ့ဟံ၊ ချစ်ခြင်းကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်။ ဟိသစ္စံ၊ မှန်၏။ အနမတဂ္ဂေ၊ မသိအပ်သော အစရှိသော။ သံသာရေ၊ သံသရာ၌။ ဇာယာ ဝါ၊ မယားသည်၎င်း။ ပတိ ဝါ၊ လင်သည်၎င်း။ အဘူတပုဗ္ဗာနာမ၊ မဖြစ်ဘူးသောသူ မည်သည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ မရှိ၏ရှင့်။ ပနတထာပိ၊ ထိုသို့မရှိသော်လည်း။ အဝိဒူရေ၊ မနီးမဝေးဖြစ်သော။ အတ္တဘာဝေ၊ အတ္တဘော၌၎င်း။ ဉာတကေသု၊ ဆွေမျိုး ပေါက်ဘော်တို့၌၎င်း။ အဓိမတ္တော၊ လွန်စွာဖြစ်သော။ သိနေဟော၊ ချစ်ခြင်းသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သော သုနခေါ၊ တိုခွေးသည်။ တံ၊ ထိုမိန်းမကို။ ဝိဇဟိတုံ၊ မေ့တ္တာပျက်လျက် စွန့်ပစ်၍ သွားခြင်းငှာ၊ န သက္ကောတိ၊ မတတ်နိုင်။

သာ၊ ထိုမိန်းမသည်။ တဿ၊ ထိုခွေးအား။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ခေတ္တေ၊ လယ်ထွန်ရာ၌။ သာမိကဿ၊ လင်အား။ ယာဂုံ၊ ယာဂုကို။ ဟရမာနာ၊ ဆောင်ခဲ့သည်ရှိသော်။ ရဇ္ဇုံ၊ ကြိုးကို။ ဥစ္ဆင်္ဂေ၊ ထမိအထက်ဆင့်ကြား၌။ ထပေတွာ၊ ချပ်ခဲ့၍။ အဂမာသိ၊ လာ၏။ သုနခေါ၊ ခွေးသည်။ တာယေဝ သဒ္ဓိံ၊ ထိုမိန်းမနှင့်သာလျှင်။ ဂတော၊ လိုက်လာ၏။ သာ၊ ထိုမိန်းမသည်။ သာမိကဿ၊ လင်အား။ ယာဂုံ၊ ယာဂုကို။ ဒတွာ၊ ပေး၍။ တုစ္ဆကုဋ္ဋံ၊ အချည်းနှီးသော အိုးကို။ အာဒါယ၊ ၍။ ဧကံ ဥဒကဋ္ဌာနံ၊ တခုသော ရေရှိရာအရပ်သို့။ ဂန္တွာ၊ သွား၍။ ကုဋံ၊ အိုးကို။ ဝါလုကာယ၊ သဲဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ သမီပေ၊ အနီး၌။ ဩလောကေတွာ၊ ကြည့်၍။ ဌိတဿ၊ အမြီး တလစ်လစ် ခတ်၍ နေလေသော။ သုနခဿ၊ ခွေးအား။ သဒ္ဒံ၊ ကလူကလူဟူသော အသံကို။ အကာသိ၊ ပြု၏။ သုနခေါ၊ ခွေးသည်။ စိရဿံ ဝတ၊ ကြာမြင့်စွာ တွေ့မြင်ရခြင်းရှိ၏။ မေ၊ ငါ့အား။ အဇ္ဇ၊ ယနေ့။ မေ့ရကထာ၊ သာယာစွာ ခေါ်သံကို။ လဒ္ဓါတိ၊ ရခဲ၏ဟူ၍၊ နင်္ဂုဋ္ဌံ၊ အမြီးကို။ စာလေန္တော၊ လှုပ်လျက်။ တံ၊ ထိုမိန်းမသို့။ ဥပသင်္ကမိ၊ ကပ်၏။ သာ၊ ထိုမိန်းမသည်။ တံ၊ ထိုခွေးကို။ ဂီဝါယ၊ လည်၌။ ဒဠှံ ဂဟေတွာ၊ မြဲစွာကိုင်ဆဲ့၍။ ကောယရဇ္ဇု ကောဋိယာ၊ တခုသော ကြိုးစွန်းဖြင့်၊ ကုဋံ ဗန္ဓိတွာ၊ အိုးကို မြဲမြံစွာချည်၍။ ဧကံ ရဇ္ဇုကောဋိံ၊ တခုသော ကြိုးစွန်းကို။ သုနခဿ၊ ခွေး၏။ ဂီဝါယ၊ လည်၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ကုဋံ၊ အိုးကို။ ဥဒကာဘိမုခံ၊ ရေနက်ရာသို့ ရှေးရှု၊ ပဝဋ္ဋေသိ၊ လိမ့်စေ၏။ သုနခေါ၊ ခွေးသည်။ ကုဋံ၊ အိုးသို့။ အနုဗန္ဓန္တော၊ အစဉ်လိုက်လျက်။ ဥဒကေ၊ ရေ၌။ ပတိတွာ၊ ကျ၍။ တတ္ထေဝ၊ ထိုရေ၌သာလျှင်။ ကာလမကာသိ၊

သေလေ၏။ သာ၊ ထိုမိန်းမသည်။ တဿ ကမ္မဿ၊ ထိုခွေးကို သတ်သော အကုသိုလ်ကံ၏။ ဝိပါကေန၊ အကျိုးဖြင့်၊ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ခံရပြီး၍။ ဝိပါကာဝသေသေန၊ အကျိုးကြွင်းဖြင့်။ အတ္တဘာဝသတေ၊ တရာသော ကိုယ်အဖြစ်၌။ ဝါလုကာယ၊ သဲဖြင့်ပြည့်သော။ ကုဋ္ဋံ၊ အိုးကို။ ဂီဝါယ ဗန္ဓိတွာ၊ လည်၌ဆွဲ၍။ ဥဒကေ၊ ရေ၌။ ပက္ခိပိတွာ၊ ချ၍။ ကာလမကာသိ၊ သေခြင်းကိုပြုရ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေဟိ၊ သင်တို့သည်။ အတ္တနာပိ၊ မိမိတို့သည်လည်း။ ကတကမ္မမေဝ၊ ပြုအပ်သော ကံ၏အကျိုးကိုသာလျှင်။ အနုဘူတံ၊ ခံစားရ၏။ ဟိ၊ ထိုစကားသင့်စွ။ အတီတသ္မိံ၊ လွန်လေပြီးသော အခါ၌။ ဗာရာဏသိဝါသိနော၊ ဗာရာဏသီပြည်လျှင် နေရာရှိကုန်သော။ သတ္တဂေါပါလဒါယကာ၊ နွားကျောင်းသား ခုနစ်ယောက်တို့သည်။ ကေသိမ္ပိ အဋ္ဌဝိပဒေသေ၊ တခုသော တောအုပ် အရပ်၌။ သတ္တာဟဝါရေန၊ ခုနစ်ရက်စီ အလှည့်အလှည့်ဖြင့်။ ဂါဝိယော၊ နွားတို့ကို။ ဝိစရန္တာ၊ ကျောင်းကုန်သည်ရှိသော်။ ကေဒိဝသံ၊ တနေ့သ၌။ ဂါဝိယော၊ နွားတို့ကို။ ဝိစာရေတွာ၊ ကျောင်းပြီး၍။ အာဂစ္ဆန္တာ၊ လိုက်ခဲ့ကုန်သည်ရှိသော်။ ဧကံ မဟာဂေါဓံ၊ ဖွတ်ကြီးတကောင်ကို။ ဒိသွာ၊ မြင်၍။ အနုဗန္ဓိံသု၊ လိုက်ကုန်၏။ ဂေါဓာ၊ ဖွတ်ကြီးသည်။ ပလာယိတွာ၊ ပြေး၍။ ဧကံ ဝမ္မိကံ၊ တောင်ပို့တခုသို့။ ပါဝိသိ၊ ဝင်လေ၏။ တဿ ဝမ္မိကဿ ပန၊ ထိုတောင်ပို့၏ကား။ သတ္တဆိဒ္ဒါနိ၊ အပေါက်ခုနစ်ခုတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ ဒါရကာ၊ သူငယ်တို့သည်။ မယံ၊ ငါတို့သည်။ ဒါနိ၊ ယခုနေ့။ ဂဟေတုံ၊ ဖွတ်ကို အရဘမ်းခြင်းငှာ။ နသက္ခိဿာမ၊ မိုးချုပ်၍ မတတ်နိုင်ပြီ။ သွေ၊ နက်ဖြန်။ အာဂန္တွာ၊ လာ၍။ ဂဏှိဿာမ၊ ဘမ်းကုန်အံ့။ ဣတိ၊ ဤသို့ ဆို၍။ ဧကေကော၊ တယောက်တယောက် သော သူငယ်သည်။ ဧကကံ သာခဘင်္ဂံ၊ သစ်ခက်ချိုး တဆုပ်တဆုပ်စီကို။ အာဒါယ၊ ယူ၍။ သတ္တပိ ဇနာ၊ ခုနစ်ယောက်သော နွားကျောင်းသားတို့သည် လည်း။ သတ္တဆိဒ္ဒါနိ၊ တောင်ပို့ ခုနစ်ပေါက်တို့ကို။ ပိဒဟိတွာ၊ ဆို့ပိတ်၍။ ပက္ကမိံသု၊ ဘဲသွားကုန်၏။ တေ၊ ထိုနွားကျောင်းသားတို့သည်။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ တံ ဂေါဓံ၊ ထိုဖွတ်ကို။ အမနသိကတွာ၊ မအောက်မေ့မိဘဲ။ အညသ္မိံ ပဒေသေ၊ တခုသော အရပ်၌။ ဂါဝိယော၊ နွားတို့ကို။ စာရေတွာ၊ ကျောင်း၍။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ ဂါဝိယော၊ နွားတို့ကို။ အာဒါယ၊ စားကျက်မှလိုက်ခဲ့၍။ အာဂစ္ဆန္တာ၊ လာကုန်သည်ရှိသော်။ တံ ဝမ္မိကံ၊ ထိုတောင်ပို့ကို။ ဒိသွာ မြင်၍။ သတိံ ပဋိလဘိတွာ၊ သတိရ၍။ တဿ ဂေါဓဿ၊ ထိုဖွတ်ကြီး၏။ ပဝတ္တိံ၊ ဖြစ်မြင်းသည်။ ကော နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။

အတ္တနာ အတ္တနာပိ၊ မိမိ မိမိတို့သည်လည်း။ ပိဒဟိတာနိ၊ ပိတ်အပ်ကုန်သော။ဆိဒ္ဒါနိ၊
အပေါက်တို့ကို။ ဝိဝရိ သု၊ ဖွင့်လှစ်ကုန်၏။ ဂေါမာ၊ ဖွတ်သည်။ သဇီဝိကော၊ အသက်
ရှင်ခြင်း၌။ နိရာလယာ ဟုတ္ထာ၊ တပ်ခြင်းကင်းသည်ဖြစ်၍။ အင္ဂါစမ္မာဝသေသာ၊
အရိုးအရေမျှသာကြွင်းလျက်။ ပဝေဓမာနာ၊ တုန်တုန်လှုပ်လှုပ်။ နိက္ခမိ၊ ထွက်၏။
ဝေ၊ ထိုန္ဓားကျောင်းသားတို့သည်။ တံ၊ ထိုဖွတ်ပိန်ကြီးကို။ ဒိသွာ၊ မြင်၍။
အနုကမ္ပံ ကတွာ၊ သနားခြင်းကိုပြု၍။ နံ၊ ထိုဖွတ်ပိန်ကို။ မာ မာရေထ၊ မသတ်ပါ
ကုန်လင့်။ သတ္တာဟံ၊ ၇နစ်ရက်ပတ်လုံး။ ဆိန္နဘတ္တာ၊ အစာစားရခြင်းမှ ပြတ်
သည်။ ဇာတာတိ၊ ဖြစ်ခဲ့၏ဟု။ တဿ၊ ထိုဖွတ်ပိန်ကြီး၏။ ပိဋ္ဌိံ၊ ကျောက်ကုန်း
ရိုးကို။ ပရိမဇ္ဇိတွာ၊ သုံးသပ်၍။ သုခေန၊ အသက်ချမ်းသာစွာ။ ဂစ္ဆာဟိ၊ သွားလေ
တော့။ ဣတိ၊ ဤသို့ဆို၍။ ဝိဿဇ္ဇေသုံ၊ လွှတ်လိုက်ကုန်၏။ တေ၊ ထိုန္ဓားကျောင်း
သား ခုနစ်ယောက်တို့သည်။ ဂေါဓာယ၊ ဖွတ်၏။ အမာရိတတ္တာ၊ မသေခြင်း
ကြောင့်။ နိရယေ၊ ငရဲ၌။ တာဝ၊ ထိုမျှလောက်။ နပစ္စိံသု၊ မခံရကုန်။ တေ ပန
သတ္တဇနာ၊ ထိုန္ဓားကျောင်းလူငယ် ခုနစ်ယောက်တို့သည်။ ကေတော ဟုတ္ထာ၊
တပေါင်းတည်းဖြစ်၍။ စုဒ္ဒသသု အတ္တဘာဝေသု၊ တဆယ့်လေးဘဝတို့၌။ သတ္တ
သတ္တဒိဝသာနိ၊ ခုနစ်ရက် ခုနစ်ရက်တို့ပတ်လုံး။ ဆိန္နဘတ္တာ၊ ထမင်းမစားရကုန်
သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ တုမှေဟိ၊
သင်တို့သည်။ သတ္တဟိ ဂေါပါလကေဟိ၊ န္ဓားကျောင်းသား ခုနစ်ယောက်တို့
သည်။ ဟုတ္ထာ၊ ဖြစ်၍။ တံ ကမ္မံ၊ ထိုဖွတ်ကို မထွက်နိုင်အောင် ပိတ်ခြင်း အကုသိုလ်
ကံကို။ ကတံ၊ ပြုဘူးပြီ။ ဣတိဝေံ၊ ဤသို့။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဝေဟိ၊
ထိုရဟန်းတို့သည်။ ပုဋ္ဌော၊ မေးအပ်သည်ရှိသော်။ ပဉှံ၊ ပြဿနာကို။ ဗျာကာသိ၊
ဖြေတော်မူ၏။

အထ၊ ထိုအခါ၌။ ဧကော ဘိက္ခု၊ ရဟန်းတပါးသည်။ သတ္ထာရံ၊ ဘုရားကို။
အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ပါပကမ္မံ ကတွာ၊ မကောင်းမှုကံကို
ပြု၍။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတိတဿာပိ၊ ပျံသော သူအားရင်း။
သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပက္ခန္ဒဿာပိ၊ ပြေးဝင်သောသူအားရင်း။ ပဗ္ဗတန္တရံ၊ တောင်
ကြားသို့။ ပဝိဋ္ဌဿာပိ၊ ဝင်၍အောင်းသော သူအားရင်း။ ဓမာက္ခော၊ မကောင်း
ကျိုးမှ လွတ်ခြင်းသည်။ ကိံ ပန၊ အဘယ်အကြောင်းကြောင့်။ နတ္ထိ၊ မရှိသနည်း။
ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊
ဤ သင်တို့ လျှောက်သည်အတိုင်းလျှင်။ အာကာသာဒိသုပိ၊ ကောင်းကင် စသည်
တို့တွင်လည်း။ ဧကပဒေသောပိ၊ တခုသောအရပ်မျှလည်း။ နတ္ထိ၊ မရှိ။ ယတ္ထ၊
အကြင်အရပ်၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မတော၊ မကောင်းမှုကံမှ။

နမုစ္စေယျ၊ မလွတ်လေရာ။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုသော ဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၂၇။ အန္တလိက္ခေ၊ ကောင်းကင်၌။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ နမုစ္စေယျ၊ မလွတ်ရာ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ နမုစ္စေယျ၊ မလွတ်ရာ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အကြားသို့။ ပဝိဿ၊ ဝင်၍လည်း။ ပါပကမ္မာ၊ မကောင်းမှု အကျိုးမှ။ နမုစ္စေယျ၊ မလွတ်ရာ။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မာ၊ မကောင်းမှုကံအကျိုးမှ။ မုစ္စေယျ၊ လွတ်ရာ၏။ သောဇဂတိပ္ပဒေသော၊ ထိုမကောင်းမှုမှ လွတ်ရာသော မြေအရပ်သည်။ နဝိဇ္ဇတိ၊ မရှိ။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ ကား။ ဟိ၊ ထိုစကားသင့်စွ။ ကောစိ၊ တစုံတယောက်သောသူသည်။ ဣမိနာ ဥပါယေန၊ ဤမည်သော အကြောင်းဖြင့်။ သစေ၊ အကယ်၍။ ပါပကမ္မတော၊ မကောင်းမှုကံ၏ အကျိုးမှ။ မုစ္စိဿာမိ၊ လွတ်စေအံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ အန္တလိက္ခေ ဝါ၊ ကောင်းကင်၌မူလည်း။ နိသီဒေယျ၊ နေလေငြားအံ့။ စတုရာသီတိ ယောဇန သဟဿဂမ္ဘီရံ၊ ယူဇနာ ရှစ်သောင်းလေးထောင် နက်သော။ မဟာသမုဒ္ဒံ ဝါ၊ မဟာသမုဒ္ဒရာသို့မူလည်း။ ပဝိသေယျ၊ ဝင်လေငြားအံ့။ ပဗ္ဗတန္တရေ ဝါ၊ တောင်ကြား၌မူလည်း။ နိသီဒေယျ၊ နေလေငြားအံ့။ ပါပကမ္မတော၊ မကောင်းမှုကံ၏ အကျိုးမှ။ နေဝမုစ္စေယျ၊ မလွတ်လေရာ။ ပုရတ္ထိမာဒီသု၊ အရှေ့မျက်နှာ အစရှိကုန်သော။ ဇဂတိပ္ပဒေသေသု ပထဝီ ဘာဂေသု၊ မြေအဘို့တို့၌။ ဝါဠဂ္ဂမတ္တောပိ၊ သားမြီးဖျားမျှလည်းဖြစ်သော။ သော ဩကာသော၊ ထိုမကောင်းမှု အကျိုးမှ လွတ်ရာအရပ်သည်။ နအတ္ထိ၊ မရှိ။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတော၊ တည်သောသူသည်။ ပါပကမ္မတော၊ မကောင်းမှုကံ၏ အကျိုးမှ။ မုစ္စိတုံ၊ လွတ်ခြင်းငှာ။ နသက္ကုဏေယျ၊ မတတ်နိုင်ရာ။ ဣတိ။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ သောတာ ပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ သမ္ပတ္တမဟာဇနဿာပိ၊ ရောက်လာသော လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဗောဒသမ်၊ သော။ တယောဇနဝတ္ထုသည်။

နိဋ္ဌိတံ သမတ္တံ၊ ပြီးပြီ။

## ၉-ပါပဝဂ္ဂ။ ၁၂=သုပ္ပဗုဒ္ဓသက်ျဝတ္ထု။

(တယောဇနဝဲတ္ထုဌ် ပေါ်ာရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ သုပ္ပဗုဒ္ဓဝတ္ထုဌ် ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှာ၊ "န အန္တလိက္ခေ" စသည်ကို မိန့်၏)။

"န အန္တလိက္ခေ"တိ ဣမံ ဓမ္မဒေသနံ၊ န အန္တလိက္ခေ · စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရန္တော၊ နေတော်မူသည်ရှိသော်။ သုပ္ပဗုဒ္ဓံ၊ သုပ္ပဗုဒ္ဓ အမည်တော်ရှိသော။သက္ကံ၊ ဦးရီးတော် သာကီဝင်မင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ အယံ၊ ဤငါ့တူ ဂေါတမသည်။ မမ ဓီတရံ၊ ငါ့သမီးကို။ ဆဍ္ဍေတွာ၊ စွန့်၍။ နိက္ခမန္တော တိ စ၊ တောထွက်၏ဟူ၍၎င်း။ မမ ပုတ္တံ၊ ငါ့သားကို။ ပဗ္ဗာဇေတွာ၊ ရဟန်းပြု၍။ တဿ၊ ထိုငါ့သား၏။ ဝေရိဋ္ဌာနေ၊ ရန်သူအရာ၌။ ဌိတော စ၊ တည်၏ဟူ၍၎င်း။ ဣတိ၊ ဤသို့။ ဒွီဟိ ကာရဏေဟိ၊ အကြောင်း နှစ်ပါးတို့ဖြင့်။ သတ္ထရိ၊ ဘုရား၌။ အာဃာတံ ဗန္ဓိတွာ၊ ရန်ငြိုးဖွဲ့၍။ ဧက ဒိဝသံ၊ တနေ့သ၌။ တဿ၊ ထိုဘုရား သဗ္ဗညုအား။ နိမန္တနဋ္ဌာနံ၊ ပင့်ဘိတ်ရာအရပ်သို့။ ဂန္တွာ၊ သွား၍။ ဘုဥ္ဇိတုံ၊ စားစေခြင်းငှာ။ န ဒဿာမီတိ၊ မပေးအံ့ဟူ၍။ ဂမနမဂ္ဂံ၊ သွားရာလမ်းခရီးကို။ ပိဒဟိတွာ၊ ပိတ်၍။ အန္တရဝီထိယံ၊ ခရီးမ၌။ သုရံပိဝန္တော၊ သေသောက်လျက်။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထို သုပ္ပဗုဒ္ဓအား။ သတ္ထရိ၊ ဘုရားသခင်သည်။ ဘိက္ခု သံဃပရိဝုတော၊ ရဟန်းသံဃာ ခြံရံလျက်။ တံဌာနံ၊ ထိုအရပ်သို့။ အာဂတေ၊ ရောက်လာသည်ရှိသော်။ သတ္ထာ အာဂတောတိ၊ ဘုရားကြွလာပြီဟူ၍။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သော၊ ထို သုပ္ပဗုဒ္ဓသည်။ အာဟ၊ ဆို၏။ ပုရတော၊ ရှေ့မှ။ ဂစ္ဆထ၊ သွားချေကုန်။ တဿ၊ ထို ဂေါတမအား။ ဝဒေထ၊ ဘိုချေကုန်။ အယံ၊ ဤ ဂေါတမသည်။ မယာ၊ ငါ့ထက်။ န မဟလ္လကတရော၊ ကြီးသည်မဟုတ်။ ဣတိ၊ ထိုကြောင့်။ အဿ၊ ထို ဂေါတမအား။ မဂ္ဂံ၊ ခရီးကို။ န ဒဿာမိ၊ သွားခွင့်မပေးအံ့။ ဣတိ၊ ဤသို့ဆို၏။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဝုစ္စမာနောပိ၊ ဘိုဒသော်လည်း။ တထေဝ၊ ထို ရှေးအတူသာလျှင်။ ဝတွာ၊ ဆို၍။ နိသီဒိ၊ နေ၏။ သတ္ထာ၊ ဘုရားသည်။ မာတုလသန္တိကာ၊ ဦးရီးအထံမှ။ မဂ္ဂံအလဘိတွာ၊ ခရီးကို မရ၍။ တတော၊ ထိုအရပ်မှ။ နိဝတ္တိ၊ ပြန်တော်မူခဲ့၏။ သောပိ စ၊ ထို သုပ္ပဗုဒ္ဓသည်လည်း။ ဧကံ စရပုရိသံ၊ သူလျှိုယောကျ်ားတယောက်ကို။ ပေသေသိ၊ စေလွှတ်၏။

ဂစ္ဆ၊ သွားချေ။ တဿ၊ ထိုဂေါတမ၏။ ကထံ သုတွာ။ စကားကို နားထောင်ခဲ့၍။ ဧဟိ၊ လာလှည့်။ ဣတိ၊ ဤသို့ စေလွှတ်၏။

သတ္ထာပိ၊ ဘုရားသည်လည်း။ နိဝတ္တေတွာ၊ ပြန်ခဲ့သည်ရှိသော်။ သိတံကတွာ၊ ပြုံးတော်မူခြင်းကြောင့်။ အာနန္ဒတ္ထေရေန၊ အာနန္ဒာမထေရ်သည်။ ဘန္တေ၊ အရှင်ဘုရား။ သိတဿ၊ ပြုံးခြင်းကို။ ပါတုကမ္မဿ၊ ထင်စွာပြုခြင်း၏။ ပစ္စယော၊ အကြောင်းကား။ ကော နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးလတ်သော်။ ဘဂဝါ၊ ဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ သုပ္ပဗုဒ္ဓံ၊ သုပ္ပဗုဒ္ဓကို။ ပဿသိ၊ မြင်၏လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ပဿာမိ၊ မြင်ပါ၏။ ဣတိ၊ ဤသို့လျှောက်၏။ မာဒိသဿ၊ ငါကဲ့သို့သော။ ဗုဒ္ဓဿ၊ ဘုရားအား။ မဂ္ဂံ၊ ကြွရာလမ်းခရီးကို။ အဒေန္တေန၊ မပေးမူ၍။ တေန၊ ထိုသုပ္ပဗုဒ္ဓသည်။ ဘာရိယံ ကမ္မံ၊ ဝန်လေးသော အမှုကို။ ကတံ၊ ၏။ ဣတော၊ ဤ နေ့မှ။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက် သော နေ့၌။ ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌။သောပါဏမူလေ၊ စောင်းတန်းခြေရင်း၌။ပထဝိံ ပဝိသိဿတိ၊ မြေမျိုလတ္တံ့။ ဣတိ၊ ဤသို့မိန့်ပြီ။ စရပုရိသော၊ သူလျှိုယောကျ်ားသည်။ တံ ကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သုပ္ပဗုဒ္ဓဿ သန္တိကံ၊ သုပ္ပဗုဒ္ဓအထံသို့။ ဂန္တွာ၊ ရောက်၍။ မေဘာဂိနေယျေန၊ ငါ့တူ ဂေါတမသည်။ ကိံ ဝုတ္တံ၊ အဘယ်သို့ ဆိုသနည်း။ ဣတိ ၊ ဤသို့။ ပုဋ္ဌော၊ မေးလတ်သော်။ ယထာ သုတံ၊ ကြားခဲ့တိုင်းသော စကားကို။ အာရောစေသိ၊ ကြားလျှောက်၏။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ တဿ၊ ထိုတမန်၏။ ဝစနံ သုတွာ၊ လျှောက်ချက်စကားကို ကြား၍။ ဒါနိ၊ ယခု အခါ၌။ မမဘာဂိနေယျဿ၊ ငါ့တူ ဂေါတမ၏။ ကထာယ၊ ဆိုသောစကား၏။ ဒေါသော၊ အပြစ်သည်။ "ချွတ်ယွင်းခြင်းသည်လည်းဟူ"။ နအတ္ထိ၊ မရှိ။ အဒ္ဓါ၊ မချွတ်။ အယံ၊ ဤစကားကို။ သော၊ ထို ဂေါတမသည်။ ဝဒတိ၊ ဆို၏။ တံ၊ ထိုစကားသည်။ တထေဝ၊ ထို ဆိုတိုင်းလျှင်။ ဟောတု၊ ဖြစ်စေကာမူ။ ဧဝံ သန္တေပိ၊ ဤသို့ပင် ဖြစ်ငြားသော်လည်း။ ဣဒါနိ၊ ၌။ နံ၊ ထိုတူ ဂေါတမကို။ မုသာဝါဒေန၊ မုသာဝါဒဖြင့်။ နိဂ္ဂဏှိဿာမိ၊ နှိပ်အံ့။ ဣတိ၊ ဤသို့ဆို၏။ ဟိ၊ ထိုစကား သင့်စွ။ သော၊ ထို ဂေါတမသည်။ သတ္တမေ ဒိဝသေ၊ ၌။ မံ၊ ကို။ ပထဝိံ ပဝိသိဿတီတိ၊ မြေမျိုလတ္တံ့ဟု။ အနိယမေန၊ အမှတ်မရှိသော အရပ်ဖြင့်။ အဝတွာ၊ မဆိုမူ၍။ ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌လျှင်။ သောပါဏပါဒမူလေ၊ စောင်းတန်းခြေရင်း၌။ ပထဝိံ ပဝိသိဿတီတိ၊ မြေမျိုလိမ့်မည်ဟူ၍။ အာဟ၊ ၏။ ဒါနိ၊ ၌။ သော အဟံ၊ သည်။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ ၍။ တံ ဌာနံ၊ ထိုအရပ်သို့။ န ဂမိဿာမိ၊ အံ့။ ဣတိ၊ ဤသို့ ဆို၏။ အထ၊ ၌။ နံ၊ ထို

ဂေါတမကို။ တသ္မိံ ဌာနေ၊ထိုစောင်း ဘန်းခြေရင်း၌။ပထဝိံ၊ မြေသို့။အပဝိသိတွာ၊
မမျိုသည်ရှိသော်။ မုသာဝါဒေန၊ မုသာဝါဒဖြင့်။ နိဂ္ဂဏှိဿာမိ၊ နှိပ်အံ့။ ဣတိ၊
ဤသို့ဆို၏။

သော၊ ထိုသုပ္ပဗုဒ္ဓသည်။ အတ္တနော၊ မိမိ၏။ ဥပဘောဂဇာတံ၊အသုံးအဆောင်
ဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော အဆောက်အဦးကို။ သတ္တဘူမိကပါသာဒဿ၊
ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏။ ဥပရိ၊ အထက်သို့။ အာရောပေတွာ၊ တင်၍။
သောပါနံ၊ စောင်းတန်း လှေကားကို။ ဟရာပေတွာ၊ ယုတ်စေ၍။ “ဖျက်စေ၍”။
ဒွါရံ၊ တံခါးကို။ ပိဒဟာပေတွာ၊ ပိတ်စေ၍။ ဧကေကသ္မိံ ဒွါရေ၊ တံခါးတခု
တခု၌။ ဒွေဒွေမလ္လေ၊ နှစ်ယောက်နှစ်ယောက်သော လက်ပမ်းသည် ယောကျ်ား
ကောင်းတို့ကို။ ထပေတွာ၊ ထား၍။ အဟံ၊ ငါသည်။ ပမာဒေန၊ မေ့လျော့
ခြင်းဖြင့်။ ဟေဋ္ဌာ၊ အောက်သို့။ သြရောဟိတုကာမော၊ ဆင်းလိုသက်လိုသည်။
သစေ ဟောမိ၊ အကယ်၍ ဖြစ်ငြားအံ့။ မံ၊ ကို။ နိဝါရေယျာထ၊ တားမြစ်ကြ
ကုန်လော့။ ဣတိဝတွာ၊ ၍။ သတ္တမေ ပါသာဒတလေ၊ ခုနစ်ဆင့်မြောက်သော
ပြာသာဒ်အပြင်၌။ သိရိဂဗ္ဘေ၊ ကြက်သရေရှိသော တိုက်၌။ နိသီဒိ၊ နေ၏။ သတ္ထာ၊
ဘုရားသဗ္ဗညုသည်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊
ရဟန်းတို့။ သုပ္ပဗုဒ္ဓေါ၊သုပ္ပဗုဒ္ဓသည်။ ကေဝလံ၊ စင်စစ်။ ပါသာဒတလေ၊ ပြာသာဒ်
အပြင်၌ နေသည်ကား။ န၊ မဟုတ်သေး။ ဝေဟာသံ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊
ပျံ၍။ အာကာသေ၊ ကောင်းကင်၌။ နိသီဒတု၊ နေသည်မူလည်းဖြစ်စေ။ နာဝါယ၊
လှေဖြင့်။ သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပက္ခန္ဒတု၊ ကူးပြေးသည်မူလည်းဖြစ်စေ။ ပဗ္ဗတန္တရံ၊
တောင်ကြား ဥမင်သို့။ ပဝိသတု၊ ဖြစ်စေ။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ကထာယ၊
စကား၏။ဒွိဓာဘာဝေါနာမ၊နှစ်ခွဖြစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ မယာ၊ ငါသည်။
ဝုတ္တဋ္ဌာနေယေဝ၊ ဆိုရာအရပ်၌သာလျှင်။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ ပထဝိံ ပဝိသိဿ
တိ၊ မြေမျိုလတ္တံ့။ ဣတိဝတွာ၊ ၍။ အနုသန္ဓိံ ဃဋေတွာ၊ ၍။ ဓမ္မံ ဒေသေန္တော
ဟောလိုသော ဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ၏။

၁၂၈။ အန္တလိက္ခေ၊ ၌။ မစ္စုနော၊ သေခြင်းမှ။ န မုစ္စတိ၊ မလွတ်။ သမုဒ္ဒမဇ္ဈေ၊
သမုဒ္ဒရာအလယ်၌။မစ္စုနော၊သေခြင်းမှ ၊ န မုစ္စတိ၊ မလွတ်။ပဗ္ဗတာနံ၊ တောင်တို့၏။
ဝိဝရံ၊ အကြားသို့။ ပဝိဿ၊ ဝင်လေ၍။ မစ္စုနော၊ သေခြင်းမှ။ န မုစ္စတိ၊ မလွတ်။
ယတ္ထ၊ အကြင်အရပ်၌။ ဌိတံ၊ တည်သောသူကို။ မစ္စု၊ သေမင်းသည်။ နပ္ပသဟေ
ယျ၊ မညဉ်းဆဲ မနှိပ်စက်နိုင်ရာ။ သော ဇဂတိပ္ပဒေသော၊ ထိုမညဉ်းဆဲ မနှိပ်စက်
ရာသော တစုံတခုသော အရပ်မည်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့ ဟော၏။

တတ္ထ။ ထိုဂါထာ၌။ ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စုံတိ၊ မစ္စုပဟူသည်ကား။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ဋ္ဌိတံ၊ တည်သောသူကို။ မရဏ၊ သေခြင်းသည်။ နပ္ပသဟေယျ န အဘိဘဝေယျ၊ မနှိပ်စက် မညှဉ်းဆဲနိုင်ရာ။ ကေသဂ္ဂမတ္တောပိ၊ တဆံချည်မျှလည်း။ ပထဝိပ္ပဒေသော၊ မြေအရပ်သည်။ နတ္ထိ၊ မရှိ။ သေသံ၊ ကြွင်းသောစကားသည်။ ပုရိမ သဒိသမေဝ၊ ရှေးဂါထာ ဖွင့်ပြီးသည်နှင့် တူသည် သာလျှင်တည်း။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့ သိအပ်၏။

သတ္တမေဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ သတ္ထု၊ ဘုရား၏။ ဘိက္ခာစာရမဂ္ဂသ၊ ဆွမ်းခံကြွရာ လမ်းခရီးကို။ နိရုဒ္ဓဝေလာယ၊ ပိတ်ဆို့ဆီးတားသော အခါ၌။ ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌။ သုပ္ပဗုဒ္ဓဿ၊ သုပ္ပဗုဒ္ဓ၏။ မင်္ဂလဿော၊ မင်္ဂလာစီးတော်မြင်းသည်။ ဥဒ္ဒါမော ဟုတွာ၊ အဖွဲ့ပြောင်းသည်ဖြစ်၍။ "ကြိုးပြောင်းသည်ဖြစ်၍လည်းဟူ"။ တံတံဘိတ္တိံ၊ ထိုထိုနံရံကို။ ပဟာရိ၊ ကန်ကြောက်၏။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ ဥပရိ နိသိန္နောဝ၊ အထက်ပြာသာဒ်၌ နေလျက်လျှင်။ ပဒြဘာသဒ္ဒံ၊ မြဲမျိုးမှ ဖြစ်သော မင်္ဂလာမြင်း ဟီသံကို။ သုတွာ၊ ၍၊ တော်၊ ဤ အသံသည်။ ကိံ၊ အဘယ်နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ မင်္ဂလဿော၊ မင်္ဂလာမြင်းတော်သည်။ ဥဒ္ဒါမော၊ အဖွဲ့ပြောင်းသည်။ ဟောတိ၊ ၏။ သော ပနဿော၊ ထိုမြင်းသည်။ သုပ္ပဗုဒ္ဓံ၊ ကို။ ဒိသွာဝ၊ မြင်မှသာလျှင်။ နိသီဒတိ၊ နေ၏။ အထ၊ ၌။ နံ၊ ထိုမြင်းကို။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ ဂဏှိတုကာမော ဟုတွာ၊ ဘမ်းလိုသည် ဖြစ်၍။ နိသိန္နဋ္ဌာနာ၊ နေရာအရပ်မှ။ ဥဋ္ဌာယ၊ ထ၍။ ဒွါရာဘိမုခေါ၊ တံခါးသို့ ရှေးရှုလာသည်၊ အဟောသိ၊ ၏။ ဒွါရာနိ၊ တံခါးတို့သည်။ သယမေဝ၊ အလိုလို သာလျှင်။ ဝိဝဋ္ဋာနိ၊ ပွင့်ကုန်၏။ သော ပါကာ၊ စောင်းတန်း လှေကားသည်။ သကဋ္ဌာနေ ယေဝ၊ မိမိတည် မြဲတိုင်း အရပ်၌သာလျှင်။ ဋ္ဌိတံ၊ တည်၏။ ဒွါရေ၌။ ဋ္ဌိတာ၊ နေကုန်သော။ မလ္လာ၊ လက်ပမ်းသည် ယောကျ်ားကောင်းတို့သည်။ တံ၊ ထိုသုပ္ပဗုဒ္ဓကို။ ဂိဝါယ၊ လည်၌။ ဂဟေတွာ၊ ဆွဲငင်၍။ ဟေဋ္ဌာဘိမုခံ၊ ပြာသာဒ် အောက်သို့။ ခိပိံသု၊ ပစ်ကုန်၏။ ဧတေနုပါယေန၊ ဤသို့သောနည်းဖြင့်။ သတ္တသု တလေသုပိ၊ ပြာသာဒ်ခုနစ်ဆင့် အပြင်တို့၌လည်း။ ဒွါရာနိ၊ တို့သည်။ သယမေဝ၊ အလိုလိုသာလျှင်။ ဝိဝဋ္ဋာနိ၊ ပွင့်ကုန်၏။ သောပါကာနိ၊ စောင်းတန်းလှေကားတို့သည်။ ယထာဌာနေ၊ တည်မြဲတိုင်းသောအရပ်၌။ ဋ္ဌိတာနိ၊ ကုန်၏။ တတ္ထတတ္ထ၊ ထိုထိုအရပ်၌။ မလ္လာ၊ ယောကျ်ားကောင်း လက်ပမ်းသည် လူတို့သည်။ တံ၊ ထိုသုပ္ပ

ဗုဒ္ဓကို။ ဂိဝါယ မေဝ၊ လည်၌သာလျှင်၊ ဂဟေတွာ၊ ဆွဲ၍။ ဟေဋ္ဌာဘိမုခံ၊ ပြာသာဒ်အောက်သို့ ရှေးရှု။ ခိပိံသု၊ ပစ်ကုန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသုပ္ပဗုဒ္ဓကို။ ဟေဋ္ဌာပါသာဒေ၊ အောက်ပြာသာဒ်၌။ သောပါကာမူလေ၊ စောင်းတန်းခြေရင်းသို့။ သမ္ပတ္တမေဝ၊ ရောက်သောအခါ၌ သာလျှင်။ မဟာပထဝီ၊ မြေကြီးသည်။ ဝိဝရမာနာ၊ ဟင်းလင်းပွင့်၍။ ဘိန္ဒိတွာ၊ ကွဲ၍။ သမ္ပဋိစ္ဆိ၊ ခံလင့်၏။ သော၊ ထိုသုပ္ပဗုဒ္ဓသည်၊ ဂန္တွာ၊ ၍။ အဝီစိမှိ၊ အဝီစိ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

ဒုတိယသမ်၊ တဆယ့်နှစ်ခုမြောက်သော။ သုပ္ပဗုဒ္ဓသက္ကျဝတ္ထု၊ သည်။

ဣတိ သမတ္တံ၊ ပြီးပြီ။

ပါပဝဂ္ဂဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

နဝမော၊ သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

———

၁၀-ဒဏ္ဍဝဂ္ဂ။ ၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု။

(တဆယ့်နှစ်ပါးသော ဝတ္ထုတို့ဖြင့် မှတ်အပ်ပိုင်းခြားအပ်သော ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပါပဝဂ်၌ ဟောရာ ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ ဆယ်ပါးသော ဝတ္ထုတို့ဖြင့် မှတ်အပ်ပိုင်းခြားအပ်သော ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဒဏ္ဍဝဂ်၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သဗ္ဗေ တသန္တိ ဒဏ္ဍဿ" အစရှိသော ပါဌ်ကို မိန့်သတည်း)။

"သဗ္ဗေတသန္တိ"တိ ဣမံ ဓမ္မဒေသနံ၊ သဗ္ဗေ တသန္တိ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူလျက်၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဆဗ္ဗဂ္ဂိယေဘိက္ခူ၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ သတ္တရသဝဂ္ဂိယေဟိ၊ သတ္တရသဝဂ္ဂီရဟန်းတို့သည်။ သေနာသနေ၊ ကျောင်းကို။ ပဋိဇဂ္ဂိတေ၊ သုတ်သင် ပြုပြင်သည်ရှိသော်။ ဆဗ္ဗဂ္ဂိယာဘိက္ခူ၊ ဆဗ္ဗဂ္ဂီရဟန်းသို့သည်။ မယံ၊ ငါတို့သည်။ မဟလ္လကတရာ၊ အထူးအားဖြင့် ကြီးကုန်၏။ အမှာကံ၊ ငါတို့အား။ ဧတံ၊ ဤကျောင်းသည်။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဧဟိ၊ ထိုသတ္တရသဝဂ္ဂီရဟန်းတို့သည်။ မယံ၊ ငါတို့သည်။ န ဒဿာမ၊ မပေးကုန်အံ့။ အမှေဟိ၊ ငါတို့သည်။ ပဌမံ၊ ရှေးဦးစွာ။ ပဋိဇဂ္ဂိတန္တိ၊ သုတ်သင်ပြုပြင်ကုန်၏ဟု။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တေ၊

ထိုသတ္တရသဝဂ္ဂိရဟန်းတို့ကို။ ဘိက္ခူ၊ ဆဗ္ဗဂ္ဂိရဟန်းတို့သည်။ ပဟရိံသု၊ ပုတ်ခတ်ကုန်၏။ သတ္တရသဝဂ္ဂိယာ၊ သတ္တရသဝဂ္ဂိရဟန်းတို့သည်။ မရဏဘယတဇ္ဇိတာ၊ သေဘေးဖြင့် ခြိမ်းခြောက်ကုန်သောကြောင့်။ မဟာဝိရဝံ၊ သည်းစွာသော ငိုမြည်တမ်းခြင်းကို။ ဝိရဝိံသု၊ ငိုမြည်တမ်းကုန်၏။ သတ္ထာ၊ ဘုရားသည်။ တေသံ၊ ထိုသတ္တရသဝဂ္ဂိရဟန်းတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤငိုသံသည်။ ကိံ၊ အဘယ်နည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ ဣဒံနာမာတိ၊ ဤသတ္တရသဝဂ္ဂိရဟန်းတို့၏ ငိုသံတည်းဟု။ အာရောစိတေ၊ ကြားသည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤအခါမှ။ ပဋ္ဌာယ၊ စ၍။ ဘိက္ခုနာ နာမ၊ ရဟန်းမည်သည်ကား။ ဧဝံ၊ သို့။ န ကတ္တဗ္ဗံ၊ မပြုအပ်။ ယော၊ အကြင်ရဟန်းသည်။ ကရောတိ၊ ပြု၏။ သော၊ ထိုရဟန်းသည်။ ဣဒံနာမ၊ ဤမည်သောအာပတ်သို့။ အာပဇ္ဇတီတိ၊ ရောက်၏ဟူ၍။ ပဟာရဒါနသိက္ခာပဒံ၊ ပုတ်ခတ်ခြင်းကြောင့်ဖြစ်သော သိက္ခာပုဒ်ကို။ ပညာပေတွာ၊ ပညတ်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနာ နာမ၊ ရဟန်းမည်သည်ကား။ အဟံ၊ ငါသည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိယထာ၊ လန့်ကုန်သကဲ့သို့။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ ယထာ၊ ကြောက်ကုန်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ အညေပိ၊ တပါးသောသူတို့သည်လည်း။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ လန့်ကုန်၏။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ ပရော၊ တပါးသောသူကို။ န ပဟရိတဗ္ဗော၊ မပုတ်ခတ်အပ်။ န ဃာတေတဗ္ဗော၊ မသတ်မညှဉ်းဆဲအပ်။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၂၉။ ။သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ လန့်ကုန်၏။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပမံ ကတွာ၊ ဥပမာပြု၍။ န ဟနေယျ၊ မညှဉ်းဆဲရာ။ န ဃာတယေ၊ မသတ်ပုတ်ရာ။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ သဗ္ဗေ တသန္တိတိ၊ သဗ္ဗေ တသန္တိဟူသည်ကား။ သဗ္ဗေ သတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ အတ္တနိ၊ မိမိ၌။ ဒဏ္ဍေ၊ ဒဏ်သည်။ ပတန္တေ၊ ကျသည်ရှိသော်။ တဿ ဒဏ္ဍဿ၊ ထိုဒဏ်မှ။ တသန္တိ၊ လန့်ကုန်၏။ မစ္စုနောတိ၊ မစ္စုနောဟူသည်ကား။ မရဏဿာပိ၊ သေခြင်းမှလည်း။ ဘာယန္တိယေဝ၊ ကြောက်ကုန်သည်သာလျှင်တည်း။ ဣမိဿာယစ ဒေသနာယ၊ ဤဒေသနာ၏လည်း။ ဗျဉ္ဇနံ၊

သဒ္ဒါသည်။ နိရဝသေသံ၊ အကြွင်းမရှိ။ အတ္တောပနှ၊ အနက်သည်ကား။ သာဝ-သေသော၊ အကြွင်းရှိ၏။ ဟိ၊ ထိုစကားသင့်စွ။ ရညာ၊ မင်းသည်။ သဗ္ဗေ၊ အလုံးစုံသော သူတို့သည်။ သန္နိပတန္တု၊ စည်းဝေးကုန်လော့။ ဣတိ၊ ဤသို့။ ဘေရိယာ၊ စည်ကို။ စရာပိတာယ၊ လည်စေအပ်သည်ရှိသော်။ ရာဇမဟာမတ္တေ၊ မင်း၏ အမတ်တို့ကို။ ထပေတွာ၊ ထား၍။ သေသာ၊ ကြွင်းသော သူတို့သည်။ သန္နိပတန္တိယထာ၊ စည်းဝေးကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဓ၊ ဤအရာ၌။ သဗ္ဗေတသန္တိတိ၊ ဟူ၍။ဂုဒ္ဒတ္တပိ၊ ဆိုသော်လည်း။ ဟတ္ထာဇာနေယျော၊ ဆင်အာဇာနည်ရှင်း။ အဿာဇာနေယျော၊ မြင်းအာဇာနည်ရှင်း။ ဥသဘာဇာနေယျော၊ နွားလား ဥသဘ အာဇာနည်ရှင်း။ ခီဏာသဝေါ၊ ရဟန္တာရှင်း။ ဣတိဣမေ စတ္တာရော၊ ဤလေးဦးသော သတ္တဝါတို့ကို။ ထပေတွာ၊ ထား၍။ သေသာ၊ ကြွင်းကုန်သော သတ္တဝါတို့သည်။ တသန္တိ၊ လန့်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဣမေသု၊ ဤလေးဦးသော သတ္တဝါတို့တွင်။ ခီဏာသဝေါ၊ ရဟန္တာသည်။ သက္ကာယဒိဋ္ဌိတော၊ သက္ကာယဒိဋ္ဌိကို။ ပဟီနတ္တာ၊ ပယ်အပ်ပြီးသည်၏ အပြစ်ကြောင့်။ အမရဏသတ္တံ၊ မသေအံ့သော သတ္တဝါကို။ အပဿန္တော၊ မမြင်သောကြောင့်။ န ဘာယတိ၊ မကြောက်။ ဣတရေ၊ ရဟန္တာမှ တပါးကုန်သော။ တယော၊ သုံးပါးသော သတ္တဝါတို့သည်။ သက္ကာယ ဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ၏။ ဗလဝတ္တာ၊ အားကြီးသောကြောင့်။ အတ္တနော ပဋိပက္ခဘူတံ၊ မိမိဆန့်ကျင်ဘက်ဖြစ်သော။ သတ္တံ၊ သတ္တဝါကို။ အပဿန္တာ၊ မမြင်ကုန်သောကြောင့်။ န ဘာယန္တိ၊ မကြောက်ကုန်။ ဣတိအယံ အတ္တော၊ ဤကား အကြွင်းရှိသော အနက်တည်း။ နဟနေယျ နဃာတယေတိ၊ နဟ-နေယျ နဃာတယေ ဟူသည်ကား။ အညေပိ သတ္တာ၊ တပါးသော သတ္တဝါတို့သည်လည်း။ အဟံ အတ္တနာ ယထာ၊ မိမိကိုယ်သည် သူတပါး သတ်ပုတ် ညှဉ်းဆဲခြင်းမှ ကြောက်ဘိသကဲ့သို့။ ဧဝံ၊ ဤအတူ သတ်ပုတ် ညှဉ်းဆဲခြင်းမှ ကြောက်လိမ့်မည်ဟု အောက်မေ့၍။ ပရံ၊ သူတပါးကို။ နေဝ ပဟရေယျ၊ မညှဉ်းဆဲရာ။ န ပဟာရပေယျ၊ မသတ်ပုတ်စေရာ။ ဣတိအယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ဒေသနာ-ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဌမံ၊ သော။ ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု၊ သည်။
ဂုတိသမတ္တံ၊ ပြီးပြီ။

## ၁၀-ဒဏ္ဍဝဂ္ဂ။ ၂-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု။

(ဆဗ္ဗဂ္ဂီရဟန်းတို့၏ အတ္တုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ ဆဗ္ဗဂ္ဂီရဟန်းတို့၏ ဝတ္ထု၌ ဟောရာ ဟောကြောင်း ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည် "သဗ္ဗေ တသန္တိတိ ဣမံ ဓမ္မဒေသနံ" အစရှိသော ပါဌ်ကို မိန့်သတည်း)။

"သဗ္ဗေ တသန္တိ" တိ ဣမံ ဓမ္မဒေသနံ၊သဗ္ဗေတသန္တိ-စသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို။ အာရဗ္ဘ၊အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တပါးသော အခါ၌။တေနေဝ ကာရဏေန၊ ထိုသို့သော အကြောင်းဖြင့်လျှင်။ပုရိမသိက္ခာပဒေ၊ ရှေးဖြစ်သောသိက္ခာပုဒ်၌။ သတ္တရသဝဂ္ဂိယေ၊ သတ္တရသဝဂ္ဂီရဟန်းတို့ကို၊ ပဟရိံသု၊ ပုတ်ခတ်ကုန်၏။ တေနေဝ ကာရဏေန၊ ထိုသို့သော အကြောင်းဖြင့်လျှင်။ တေသံ၊ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့အား။ တလသတ္တိကံ၊ လက်ဝါးပြက်ကို။ ဥဂ္ဂိရိံသု၊ မိုးကုန်၏။ ဣဓာပိ၊ ဤဒါရာ၌၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုသတ္တရသဝဂ္ဂီ ရဟန်းတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ ဣဒံ၊ ဤအသံသည်။ ကိံ၊ အဘယ်အသံနည်း။ ဟူတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးတော်မူသောကြောင့်။ ဣဒံ၊ နာမာတိ၊ ဤမည်သော အသံတည်းဟု။ အာရောစိတေ၊ ကြားလျှောက်သည် ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤအခါမှ။ ပဋ္ဌာယ၊ ၍။ ဘိက္ခုနာနာမ၊ ရဟန်းမည်သည်။ ဧဝံ၊ ဤသို့။ နကတ္တဗ္ဗံ၊ မပြုအပ်။ ယော၊ အကြင်ရဟန်းသည်။ ကရောတိ၊ ပြု၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဣဒံနာမ၊ ဤမည်သော အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ တလသတ္တိက သိက္ခာပဒံ၊ လက်ဝါးပြက် မိုးခြင်းကြောင့် သင့်သော သိက္ခာပုဒ်ကို။ ပညာပေတွာ၊ ပညတ်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခုနာနာမ၊ ရဟန်းမည်သည်။ အဟံ၊ သည်။ ဒဏ္ဍဿ၊ မှ။ တသန္တိ ယထာ၊ လန့်သကဲ့သို့၊ တထေဝ၊ ထိုအတူလျှင်။ အညေပိ၊ တပါးသော ရဟန်းတို့သည်လည်း။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ လန့်ကုန်၏။ မယှံ၊ ၏။ ဇီဝိတံ၊ အသက်ကို။ ပိယန္တိ ယထာ၊ ကုန်သကဲ့သို့။ တထေဝ၊ ထိုအတူလျှင်။ နေသံ၊ ထို ရဟန်းတို့၏။ ဇီဝိတံ၊ အသက်ကို။ ပိယန္တိ ဉတွာ၊ ချစ်မြတ်နိုး ကုန်၏ဟု သိ၍။ ပရေ၊ သူတပါးကို။ န ပဟရိတဗ္ဗာ၊ မပုတ်ခတ်အပ်။ န ဃာတေတဗ္ဗာ၊ မညှဉ်းဆဲအပ်။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍-အနုသန္ဓိံ၊အနုသန္ဓေကို။ ဃဋေတွာ၊

တွာ။ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုသောမြတ်စွာဘုရားသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၃၀။ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ လန့်ကုန်၏။သဗ္ဗေသံ၊ အလုံးစုံသောသတ္တဝါတို့သည်။ဇီဝိတံ၊ ကို။ပိယံ၊ချစ်မြတ်နိုး၏။ အတ္တာနံ၊မိမိကိုယ်ကို။ ဥပမံ ကတွာ၊ ဥပမာပြု၍။ န ဟနေယျ၊ မပုတ်ခတ်ရာ။ န ဃာတယေ၊မညှဥ်းဆဲရာ။ ဣတိ၊ သို့။ အာဟ၊ မိန့်တော်မူ၏။

တတ္ထ တိဿံ ဂါထာယံ၊ ထိုဂါထာ၌။ သဗ္ဗေသံ ဇီဝိတံ ပိယန္တိ၊ ဟူသည်ကား။ ခီဏာသဝေ၊ ရဟန္တာတို့ကို။ ဌပေတွာ၊ ထား၍၊ သေသသတ္တာနံ၊ ကြွင်းသော သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ကို။ ပိယံ၊ ချစ်ကုန်၏။ မဓုရံ၊ သာယာကုန်၏။ ခီဏာသဝေါပန၊ ရဟန္တာ သည်ကား။ ဇီဝိတေဝါ၊ အသက် ရှည်ခြင်း၌ရင်း။ မရဏေဝါ၊ သေခြင်း၌ရင်း။ ဥပေက္ခကော၊ လျစ်လျူ ရှုခြင်းသည်သာလျှင်။ ဟောတိ၊ ၏။ သေသံ၊ ကြွင်းသော စကားသည်။ ပုရိမ္မ သဒိသမေဝ၊ ရှေး၌ ဆိုအပ်ခဲ့ပြီးသော ဝတ္ထုနှင့် တူသည်သာလျှင်တည်း။ ဒေသနာ ဝသာနေ၊ ဒေသနာ အဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာ ပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ကုန်၏။

ဒုတိယံ၊ သော။ ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———

၁၀–ဒသ္လာဝဂ္ဂ။ ၃.သမ္ပဟုလကုမာရကဝတ္ထု။

(ဒုတိယ ဆဗ္ဗဂ္ဂိရဟန်းတို့၏ အတ္ထုပ္ပတ္တိ၌ ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ ယခုအခါ၌ များစွာကုန်သော သတို့သားတို့၏ ဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော ရှင်ဗုဒ္ဓဃောသ ဆရာသည် "သုခကာမာနိ" အစရှိသော ပါဠ်ကို မိန့်သတည်း)။

"သုခကာမာနိ ဘူတာနီ"တိ ဣမံ ဓမ္မဒေသနံ၊ သုခကာမာနိ ဘူတာနိဟူသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ဝိဟရန္တော၊ နေတော်မူလျက်။ သမ္ပဟုလေ ကုမာရကေ၊ များစွာ ကုန်သော သတို့သားတို့ကို၊ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ ဒိဝသေ၊ တပါးသောနေ့၌။ သတ္ထာ၊မြတ်စွာ ဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တော၊

ဝင်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ သမ္ဗဟုလေ ကုမာရေ၊ များစွာကုန်သော သတို့သားတို့သည်။ ကေါ၊ တခုသော၊ ဃရသပ္ပဇာတိကံ၊ ထန်းခေါင်းမြွေ အမျိုးဖြစ်သော။ အဟိံ၊ မြွေကို။ ဒဏ္ဍကေန၊ လှံကန်ဖြင့်။ ပဟရန္တေ၊ ပုတ်ခတ်သည်တို့ကို။ ဒိသွာ၊ မြင်၍။ ကုမာရကာ၊ သတို့သားတို့။ ကိံ ကရောထ၊ အဘယ်သို့ ပြုကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေး၍။ ဘန္တေ၊ အရှင်ဘုရား။ အဟိံ၊ မြွေကို၊ ဒဏ္ဍကေန၊ တုတ်ဖြင့်။ ပဟရာမ၊ ပုတ်ခတ်ကုန်၏။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ ကိံ ကာရဏာတိ၊ အဘယ်ကြောင့်နည်းဟု။ ပုစ္ဆိတွာ၊ မေး၍။ ဘန္တေ၊ အရှင်ဘုရား။ ဍံသန ဘယေန၊ ကိုက်အံ့သည်မှ ကြောက်သော ကြောင့်။ ပဟရာမ၊ ပုတ်ခတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ တုမှေ၊ သင်တို့သည်၊ အတ္တနော သုခံ၊ မိမိချမ်းသာကို။ ကရိဿာမိတိ၊ ပြုကုန်အံ့ ဟူ၍။ ဣမံ၊ ဤမြွေကို။ ပဟရန္တော၊ ပုတ်ခတ်သည်ရှိသော်။ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ရာ အရပ်၌။ သုခလာဘိနော၊ ချမ်းသာခြင်းကို ရကုန်သည်။ န ဘဝိဿထ၊ မဖြစ်ကုန် လတ္တံ့။ ဟိ၊ ထိုစကားသင့်စွ၊ အတ္တနော သုခံ၊ မိမိချမ်းသာကို။ ပတ္ထေန္တေန၊ တောင့်တသဖြင့်။ ပရံ၊ သူတပါးကို။ ပဟရိတုံ၊ ပုတ်ခတ်ခြင်းငှာ။ န ဝဋ္ဋတိ၊ မသင့်။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ မိန့်တော်မူပြီး၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ။ မိန့်တော်မူ၏။

၁၃၁။ ဒါရကာ၊ သူငယ်တို့။ ဘူတာနိ၊ သတ္တဝါတို့သည်။ သုခကာမာနိ၊ ချမ်းသာခြင်းကို အလိုရှိကုန်၏။ အတ္တနော သုခံ၊ ကို။ ဧသာနော၊ ရှာမှီးသော။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန၊ တုတ်ဖြင့်။ ဝိဟိံသတိ၊ သူတပါး ကို ညှဉ်းဆဲ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာကို။ န လဘတေ၊ မရ။

၁၃၂။ ဒါရကာ၊ တို့။ ဘူတာနိ၊ သတ္တဝါတို့သည်။ သုခကာမာနိ၊ ချမ်းသာ ခြင်းကို အလိုရှိကုန်၏။ အတ္တနော သုခံ၊ ကို။ ဧသာနော၊ သော။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန၊ တုတ်ဖြင့်။ န ဝိဟိံသတိ၊ သူတပါးကို မညှဉ်းဆဲ။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာကို။ လဘတေ၊ ရရာ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

တတ္ထ တာသု ဂါထာသု၊ ထိုဂါထာတို့၌။ ယောဒဏ္ဍေနာတိ၊ ယောဒဏ္ဍေန ဟူသည်ကား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒဏ္ဍေန ဝါ၊ လှံကန်ဖြင့် ဖြင့်ရင်း။ လေဍ္ဍုအာဒီဟိ ဝါ၊ ကျောက်ခဲ အစရှိသည်တို့ဖြင့်ရင်း။ ဝိဟေဌေတိ၊ ညှဉ်းဆဲ၏။ ပေစ္စသော နလဘတေ သုခန္တိ၊ ဘုခံ ဟူသည်ကား။ သောပုဂ္ဂလော၊

ထိုပုဂ္ဂိုလ်သည်။ ပရလောကေ၊ တမလွန်လောက၌။ မနုဿသုခံ ဝါ၊ လူ့ချမ်းသာကိုငှင်း။ ဒိဗ္ဗသုခံ ဝါ၊ နတ်ချမ်းသာကိုငှင်း။ ပရမတ္ထဘူတံ၊ ပရမတ္ထဖြစ်၍ဖြစ်သော။ နိဗ္ဗာနသုခံ ဝါ၊ နိဗ္ဗာန်ချမ်းသာကိုငှင်း။ န လဘတိ၊ မရ။ ဒုတိယဂါထာယ၊ ဒုတိယဂါထာ၌။ ပေစ္စ သော လဘတေတိ၊ လဘတေ ဟူသည်ကား။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပရဒလာကေ၊ တမလွန်လောက၌။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ တိဝိဓံပိ သုခံ၊ သုံးပါးအပြားရှိသော ချမ်းသာကိုလည်း။ လဘတိ၊ ရ၏။ ဣတိ ဖလယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဉ္စသတာပိ၊ ငါးရာ အတိုင်းအရှည် ရှိသည်လည်းဖြစ်ကုန်သော။ တေ ကုမာရကာ၊ ထိုသတို့သားတို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။

တတိယံ၊ သော။ သမ္ဗဟုလကုမာရကဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

—— ● ——

၁၀-ဒဏ္ဍဝဂ္ဂ။ ၄-ကောဏ္ဍဓာနတ္ထေရဝတ္ထု။

(ငါးရာကုန်သော သတို့သားတို့၏ အကျိုးပွတ္တိ၌ ဆိုရာ ဆိုကြောင်းဖြစ်သော နှစ်ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ကောဏ္ဍဓာနမထေရ်၏ ဝတ္ထု၌ ဟောရာဟောကြောင်းဖြစ်သော နှစ်ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် “မာဝေါစ ဖရုသံ”စသော ပါဌ်ကို မိန့်သတည်း)။

“မာဝေါစ ဖရုသံ ကိဉ္စိ”တိ ဣဒံ ဓမ္မဒေသနံ၊ မာဝေါစ ဖရုသံ ကိဉ္စိ စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေလျက်။ ကောဏ္ဍဓာနတ္ထေရံ၊ ကောဏ္ဍဓာန အမည်ရှိသော မထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ၏။ ကိရ၊ ကြားဘူးသည်ကား။ တဿ၊ ထိုမထေရ်၏။ ပဗ္ဗဇိတဒိဝသတော၊ ရဟန်းပြုသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဧကံ ဣတ္ထိရူပံ၊ တခုသောမိန်းမအရုပ်သည်။ ထေရေန၊ မထေရ်နှင့်။ သဒ္ဓိံ၊ တကွ။ ဝိစရတိ၊ သွားလာ၏။ တံ၊ ထိုမိန်းမအရုပ်ကို။ ထေရော၊ မထေရ်သည်။ န ပဿတိ၊ မမြင်။ မဟာဇနော ပန၊ လူများအပေါင်းသည်ကား။ ပဿတိ၊ မြင်၏။ အဿ၊ ထိုမထေရ်အား။ အန္တောဂါမံ၊ ရွာတွင်းသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တောပိ၊ သွားသည်ရှိသော်လည်း။ ပန္နဿ၊ လူ

တို့သည်။ ကေ ဘိက္ခုံ၊ တဇ္ဇနီးတယောက်မမျှသော ဆွမ်းကို။ ဒတွာ၊ ပေးလှူ၍။ ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ဤဆွမ်းသည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဟောတု၊ ဖြစ်လေ့။ အတံ ပန၊ ဤဆွမ်းသည်ကား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သဟာယိကာယ၊ အဆွေခင်ပွန်းမ အကျိုးငှါ။ ဟောတု၊ ဖြစ်လေ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဒတ္တ္ဘိ၊ ပေးလှူကုန်၏။

တဿ၊ ထိုရဟန်း၏။ ပုဗ္ဗကမ္မံ၊ ရှေး မကောင်းမှုကံသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေးပြဿအံ့။ ကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်၌။ ဒွေသဟာယကာ ဘိက္ခူ၊ အဆွေခင်ပွန်းဖြစ်ကုန်သော နှစ်ဦးသော ရဟန်းတို့သည်။ ဧကမာတုကုစ္ဆိတော၊ တမိဝမ်းတိုက်မှ။ နိက္ခန္တသဒိသာ၊ ဖွားမြင်သောသူနှင့် တူကုန်၏။ အတိဝိယ၊ အလွန်လျှင်။ သမဂ္ဂါ၊ အညီအညွတ်။ အဟေသုံ၊ ဖြစ်ကုန်၏။ အညေသု၊ ကဿပဘုရားရှင်မှ တပါးကုန်သော။ ဒီဃာယုက ဗုဒ္ဓကာလေသု စ၊ သက်တော်ရှည်သော ဘုရားလက်ထက်တော်၌လည်း။ အနုသံဝစ္ဆရံ ဝါ၊ နှစ်တိုင်းနှစ်တိုင်းရင်း။ အနုဆမာသံ ဝါ၊ ခြောက်လတိုင်တိုင်ရင်း။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပေါသထတ္ထာယ၊ ဥပုသ်ပြုခြင်းအကျိုးငှာ။ သန္နိပတန္တိ၊ စည်းဝေးကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေပိ၊ ထိုနှစ်ဦးသော မထေရ်တို့သည်လည်း။ ဥပေါသထဂ္ဂံ၊ ဥပုသ်အိမ်သို့။ ဂမိဿာမာတိ၊ သွားကုန်အံ့ဟူ၍။ ဝသနဋ္ဌာနာ၊ နေရာကျောင်းမှ။ နိက္ခမိံသု၊ ထွက်ကုန်၏။ တေ၊ ထိုနှစ်ဦးသော ရဟန်းတို့ကို။ တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ ဧကာ နိဗ္ဗတ္တဒေဝတာ၊ ဖြစ်သော နတ်သားတယောက်သည်။ ဒိသွာ၊ မြင်၍။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ အတိဝိယ၊ အလွန်လျှင်။ သမဂ္ဂါ၊ ညီညွတ်ကုန်၏။ ဣမေ၊ ဤရဟန်းတို့ကို။ ဘိန္ဒိတုံ၊ ကွဲပြားစေခြင်းငှာ။ သက္ကာ နုခေါ၊ တတ်နိုင်ကောင်းအံ့လော။ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ အတ္တနော၊ မိမိ၏။ ဗာလတာယ၊ မိုက်သည်၏ အဖြစ်ကြောင့်။ စိန္တိတသမနန္တရမေဝ၊ ကြံပြီးသည်၏ အခြားမဲ့၌သာလျှင်။ အာဂန္တွာ၊ လာ၍။ တေသု၊ ထိုနှစ်ဦးသော ရဟန်းတို့တွင်။ ဧကေန၊ တယောက်သော ရဟန်းသည်။ အာဝုသော၊ ငါ့ရှင်။ မုဟုတ္တံ၊ တခဏမျှ။ အာဂမေဟိ၊ ငံ့ဦးလော့။ သရီရကိစ္စေန၊ ကိုယ်လက်သုတ်သင်ခြင်းကိစ္စဖြင့်။ အတ္ထိကော၊ အလိုရှိသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဧကံ မနုဿိတ္ထိရူပံ၊ တယောက်သော လူမိန်းမအသွင်ကို။ မာပေတွာ၊ ဖန်ဆင်း၍။ ထေရဿ၊ မထေရ်၏။ ဂစ္ဆန္တရံ၊ ချုံတခု၏အတွင်းသို့။ ပဝိသိတွာ၊ ဝင်ပြီး၍။ နိက္ခမနကာလေ၊ ထွက်လာသော ကာလ၌။ ဧကေန ဟတ္ထေန၊ လက်တဘက်ဖြင့်။ ကေသကလာပံ၊ ဆံစုကို။ ဧကေန၊ လက်တဘက်ဖြင့်။ နိဝါသနံ၊ ထမီကို။ သဏ္ဌာ

ပယမာနာ၊ ပြုပြင်ဟန်ဆင်လျက်။ တဿ၊ ထို ကိုယ်လက်သုတ်သင်သော ရဟန်း၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်က နောက်က။ နိက္ခမိ၊ ထွက်၏။ သော၊ထို ကိုယ်လက်သုတ်သင်သော ရဟန်းသည်။ ကံ၊ ထိုမိန်းမရုပ်ကို။ န ပဿတိ၊ မမြင်။ တမာ ဂမယမာနော ပန၊ ထို ငံ့လင့်၍နေသော။ပုရတော၊ ရှေးမှ။ ဌိတာကိစ္စ၊ တည်သော ရဟန်းသည်။ နိဝတ္တိတွာ၊ လည်၍။ ဩလောကယမာနော၊ ကြည့်သည်ရှိသော်။ တံ၊ ထိုမိန်းမရုပ်ကို။ တထာကတွာ၊ ထို ဆိုခဲ့ပြီးသော အခြင်းအရာပြု၍။ နိက္ခမန္တံ၊ ထွက်သည်ကို။ ပဿိ၊ မြင်၏။ သော၊ ထိုမိန်းမသည်။ တေန၊ ထိုငံ့နှင့်သော ရဟန်း သည်။ ဒိဋ္ဌဘာဝံ၊ မြင်သောအဖြစ်ကို။ ဉတွာ၊ သိ၍။ အန္တရဓာယိ၊ ကွယ်လေ၏၊

ဣတရော၊ ငံ့နှင့်သော ရဟန်းသည်။ တံဘိက္ခုံ၊ ထို ကိုယ်လက်သုတ်သင်သော ရဟန်းကို။ အတ္တနော သန္တိကံ၊ မိမိအထံသို့။ အာဂတကာလေ၊ ရောက်လာသော အခါ၌။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်။ တေ၊ သင်၏။ သီလံ၊ သီလသည်။ ဘိန္နံ၊ ပျက်ပြီ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်၏။ အာဝုသော၊ ငါ့ရှင်။ မယှံ၊ ငါ့အား။ ဧဝ ရူပံ၊ ဤသို့ သီလပျက်ခြင်းသဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ ဣဒါနေဝ၊ ယခုသာလျှင်။ တေ၊ သင့်အား။ မယာ၊ ငါသည်။ ပစ္ဆတော၊ နောက်မှ။ နိက္ခမမာနာ၊ ထွက်၍လိုက်လာသော။ တရုဏဣတ္ထိ၊ မိန်းမပျို သည်။ ဣဒံနာမ၊ ဤမည်သော အမှုကို။ ကရောန္တီ၊ ပြုသည်ကို။ ဒိဋ္ဌာ၊ မြင်၏။ တွံ၊ သင်သည်။ မယှံ၊ ငါ့အား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော အမှုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ကိံ ဝဒေသိ၊ အဘယ့်ကြောင့် ဆိုဘိသနည်း။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုရဟန်းသည်။ အသန္ဒိယာ၊ မိုးကြိုးသည်။ မတ္ထကေ၊ ထိပ်၌။ အဝတ္ထရန္တော ဝိယ၊ ကျသကဲ့သို့။ အာဝုသော၊ ငါ့ရှင်။ မံ၊ ငါ့ကို။ မာ နာသေဟိ၊ မဖျက်ဆီးလင့်။ မယှံ၊ ငါ့အား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော မာတုဂါမနှင့် ယှဉ်ပါးခြင်း သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ သိုလတ်သော်။ ဣတရော၊ ငံ့နှင့်သော ရဟန်းသည်။ မယာ၊ သည်။ သာမံ၊ ကိုယ်တိုင်။ အက္ခီဟိ၊ မျက်စိတို့ဖြင့်။ ဒိဋ္ဌံ၊ မြင်အပ်၏။ ကိံ၊ အဘယ်သို့။ တဝ၊ အား။ သဒ္ဒဟိဿာမိ၊ ယုံကြည်ရအံ့နည်း။ ဣတိဝတွာ၊ ဤသို့ ဆိုလတ်သော်။ ဒဏ္ဍကောဋိယံ၊ တောင်ဝှေးစွန်း၌။ ဟိတ္ထိတွား ခွဲ၍။ ပက္ကာမိ၊ ဖဲ၏။ ဥပေါသထဂ္ဂေပိ၊ ဥပုသ်အိမ်၌လည်း။ အဟံ၊ ငါသည်။ ဣမိနာ၊ ဤရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဥပေါသထံ၊ ဥပုသ်ကို။ န ကရိဿာမိ၊ မပြုအံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ နိသီဒိ၊ နေ၏။ ဣတရော၊ အစွပ်စွဲခံရသော ရဟန်းသည်။ ဘန္တေ၊ အရှင်ဘုရားတို့။ မယှံ၊ ငါ၏။ သီလေ၊ သီလ၌။ အဏုမတ္တမ္ပိ၊ အနည်းငယ်လည်း။ ကာဠံ၊ မည်းနက်ခြင်းသည်။ နတ္ထိတိ၊ မရှိဟူ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကထေသိ၊ ဆို၏။

သောပိ၊ ထိုရဟန်းသည်လည်း။ မယာ၊ ငါသည်။ သာမံဒိဋ္ဌန္တိ၊ ကိုယ်တိုင်မြင်၏ ဟူ၍။ အာဟ၊ မိန့်၏။

ဒေဝတာ၊ နတ်သည်။ တံ၊ ယိုင့်နှင့်သော ရဟန်းကို။ တေန၊ထို ကိုယ်လက်သုတ်သင်သော ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဉပေါသထံ၊ ဉပုသ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ အနိစ္ဆန္တံ၊ အလိုမရှိသည်ကို။ ဒိသွာ၊ မြင်၍။ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ အကုသိုလ်ကံသည်။ ဘာရိယန္တိ၊ ဝန်လေး၏ဟု။ စိန္တေတွာ၊ ကြံ၍။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်၏။ အယျဿ၊ အရှင်အား။ သီလဘေဒေါ၊ သီလပျက်စီးခြင်းသည်။ နတ္ထိ၊ မရှိ။ မယာ ပန၊ ကျွန်ုပ်သည်ကား။ ဝီမံသနဝသေန၊ စူးစမ်းလိုသည်၏ အဖြစ်ဖြင့်။ ဧတံ၊ ဤအမှုကို။ ကတံ၊ ပြုမိ၏။ တေန၊ ထိုရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဉပေါသထံ၊ ဉပုသ်ကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သော၊ ထိုင့်နှင့်သော ရဟန်းသည်။ အာကာသေ၊ ကောင်းကင်၌။ ဌတွာ၊ ရပ်၍။ တဿာ၊ ထိုနတ်၏။ကထေန္တိယာ၊ ဆိုရာ၌။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ဉပေါသထံ၊ ဉပုသ်ကို။ အကာသိ၊ ပြု၏။ ပန၊ ထိုသို့ပြုသော်လည်း။ ထေရေ၊ မထေရ်၌။ ပုဗ္ဗေဝိယ၊ ရှေးကကဲ့သို့။ မုဒုစိတ္တော၊ နူးညံ့သောစိတ်ရှိသည်။ န အဟောသိ၊ မဖြစ်။ ဒေဝတာယ၊ နတ်၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှု ကံသည်။ တွေကံ၊ ဤမျှလျှင်တည်း။ အာယုဟာပရိယောသာနေပန၊ အသက်အဆုံးတိုင်အောင်ပင်လျှင်။ ထေရာ၊ မထေရ်တို့သည်။ ယထာသုခေန၊ အလိုအတိုင်းချမ်းသာစွာ။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။ ဒေဝတာ၊ နတ်သည်။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဧကံ ဗုဒ္ဓန္တရံ၊ နှစ်ဆူသော ဘုရားတို့၏ ဘခုသော အကြား ကာလပတ်လုံး။ တတ္ထ၊ ထိုအဝီစိ၌။ ပစိတွာ၊ ကျက်ပြီး၍။ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့ ဂေါတမဘုရားဖြစ်ရှိသော်။ သာဝတ္ထိယံ၊ ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဝုဒ္ဓိံ၊ ကြီးပွားသည်ကို။ အန္ဝာယ၊ စွဲ၍။ သာသနေ၊ ၌။ ပဗ္ဗဇိတွာ၊ ၍။ ဉပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘိ၊ ရ၏။ တဿ၊ ထိုသူ၏။ ပဗ္ဗဇိတဒိဝသတော၊ ရဟန်းပြုသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဣတ္ထိရူပံ၊ မိန်းမ၏ အရုပ်သည်။ တထေဝ၊ ထိုအတူလျှင်။ ပညာယိ၊ ထင်၏။ တေနေဝ၊ ထိုကြောင့်လျှင်။ အဿ၊ ထိုမထေရ်၏။ ကောဏ္ဍဓာနတ္ထေရောတိနာမံ၊ ကောဏ္ဍဓာန မထေရ်ဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။

တံ၊ ထိုကောဏ္ဍဓာန ရဟန်းကို။ တထာ၊ ထိုအခြင်းဖြင့်။ ဝိစရန္တံ၊ သွားသည်ကို။ ဒိသွာ၊ မြင်၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ အနာထပိဏ္ဍိကံ၊ အနာထပိဏ်သေဋ္ဌေးကို။ အာဟံသု၊ ဆိုကုန်၏။ မဟာသေဋ္ဌိ၊ ရှင်သေဋ္ဌေးကြီး။ ဣမံ ဒုဿီလံ၊ ဤသီလမရှိသော ရဟန်းကို။ တဝ၊ သင်၏။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ကာမေဟိ၊ နှင်ထုတ်လော့။ ဟိ၊ ထိုစကားသင့်စွ။ ဣမံ၊ ဤသီလမရှိသော ရဟန်းကို။ နိဿာယ၊ အမှီ

ပြု၍။ သေသဘိက္ခူနံ၊ ကြွင်းသောရဟန်းတို့အား။ အယသာ၊ အကျော်အစော
မဲ့သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိအာဟံသု၊ ဤသို့ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။
သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝိဟာရေ၊ ကျောင်း၌။ နတ္ထိ ကိံ ပန၊ မရှိပါသလော။
ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဥပါသကာ၊ ဒါယကာ။ အတ္ထိ၊ ရှိ၏။ ဣတိဝုတ္တေ၊
ဤသို့ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။
သတ္ထာရံ၊ မြတ်စွာဘုရားသည်သာလျှင်၊ ဇာနိယာထ၊ သိလတ္တံ့။ ဣတိ၊ ဤသို့။
အဝေါစ၊ ဆို၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဂန္တွာ၊ သွား၍။ ဝိသာခါယပိ၊ ဝိသာခါ
အားလည်း၊ ကထေသုံ၊ ပြောဆိုကုန်၏။ သာပိ၊ ထိုဝိသာခါသည်လည်း။ နေသံ၊
ထိုရဟန်းတို့အား။ တထေဝ၊ ထိုရှေးအတူလျှင်။ ပဋိဝစနံ အဒါသိ၊ စကားတုံ့ပေး
၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ တေဟိ၊ ထိုအနာထပိဏ်,ဝိသာခါတို့သည်။
အသမ္ဘိန္နိတ္တတ ဝစနာ၊ ဝန်မခံအပ်သော စကားရှိသောကြောင့်။ ရညော၊ ကောသလ
မင်းအား။ အာရောစေသုံ၊ ကြားကုန်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။
ကောဏ္ဍဓာနတ္ထေရော၊ ကောဏ္ဍဓာန အမည်ရှိသော မထေရ်သည်။ ဧကံ ဣတ္ထိံ၊
မိန်းမတယောက်ကို၊ ဂဟေတွာ၊ ၍။ ဝိစရန္တော၊ သွားလာလျက်။ သဗ္ဗေသံ၊ အလုံး
စုံသော ရဟန်းတို့၏။ အယသံ၊ အကျော်အစောမဲ့ကို။ ဥပ္ပါဒေသိ၊ ဖြစ်စေ၏။
တံ၊ ထိုမထေရ်ကို။ တုမှာကံ ဝိဇိတာ၊ သင်၏နိုင်ငံမှ။ နီဟရထ၊ နှင်ထုတ်ကုန်လော့။
ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ ဘန္တေ၊ ဘုရား။ သော၊ ထိုမထေရ်သည်။ ကဟံ၊
အဘယ်အရပ်၌ ရှိသနည်း။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။
ဝိဟာရေ၊ ကျောင်း၌။ ဝသတိ၊ နေ၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ တက
ရသ္မိံ သေနာသနေ၊ အဘယ်ကျောင်း၌။ ဝိဟရတိ၊ နေသနည်း။ ဣတိဝုတ္တေ၊ဤသို့
ဆိုလတ်သော်၊ အသုကသ္မိံ နာမ၊ ဤမည်သောကျောင်း၌။ ဝိဟရတိ၊ နေ၏။
ဣတိအဝေါစ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဂစ္ဆထ၊ သွားလေကုန်။
အဟံ၊ ငါသည်။ တကာဝေါသည်။ တံ၊ ထိုရဟန်းကို။ ဂဏှိဿာမိ၊ ဘမ်းပါအံ့။ ဣတိ၊
ဤသို့ ဆို၏၊ သော၊ထိုကောသလမင်းကြီးသည်။ သာယန္ဟသမယေ၊ ညချမ်းသော
အခါ၌။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ တံ သေနာသနံ၊ ထိုကျောင်းကို။
ပုရိသေဟိ၊ ယောကျ်ားတို့ဖြင့်။ ပရိက္ခိပါပေတွာ၊ ခြံရံစေ၍။ ထေရဿ၊ မထေရ်၏။
ဝသနဋ္ဌာနာဘိမုခေါ၊ နေရာအရပ်သို့ ရှေးရှု။ အဂမာသိ၊ သွားလေ၏။

ထေရော၊ မထေရ်သည်၊ မဟာသဒ္ဒံ၊ လူသံအများကို။ သုတွာ၊ ကြား၍။
ဝိဟာရ၊ ကျော င်းမှ။ နိက္ခမိတွာ၊ ထွက်၍၊ ပမုခေ၊ ကျောင်းဦး၌။ အဋ္ဌာသိ၊
တည်၏။ အဿ၊ ထိုမထေရ်၏။ ပိဋ္ဌိပဿေ၊ နံပါး၌။ ဌိတံ၊ ကည်နေသော။ တံ
ဣတ္ထိရူပကံ၊ ထိုမိန်းမ၏ အရုပ်ကို။ ရာဇာ၊ ကောသလမင်းကြီးသည်။ အဒ္ဒသ၊

မြင်၏။ ယေရော၊မထေရ်သည်။ရညော၊ ကောသလမင်း၏။ အာဂမနံ၊ လာခြင်းကို။
ဉတွာ၊ သိ၍။ ဝိဟာရံ၊ ကျောင်းသို့။ အဘိရူဟိတွာ၊ တက်၍၊ နိသီဒိ၊ နေ၏။
ရာဇာ၊ မင်းကြီးသည်။ ဇေရံ၊ မထေရ်ကို။ နဝန္ဒိ၊ ရှိမခိုး။ တံပုဂ္ဂလ္လိံ၊ ထိုမိန်းမ
ကိုလည်း။ နာဒ္ဒသ၊ မမြင်။ သော၊ ထိုကောသလမင်းကြီးသည်။ ဒွါရန္တရေပိ၊
တံခါး အနီးအပါး၌ရင်း၊ ဟေဋ္ဌာမဉ္စေပိ၊ ညောင်စောင်း အောက်၌ရင်း။
ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ အာဒိသွာဝ၊ မမြင်၍သာလျှင်။ ထေရံ၊
မထေရ်ကို။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။
ကေံ ဣတ္ထိံ၊ မိန်းမတယောက်ကို။ အဒ္ဒသ၊ မြင်၏။ သာဣတ္ထိ၊ ထိုမိန်းမသည်။
ကဟံ၊အဘယ်မှာနည်း။ ဣတိ၊ဤသို့။ ပုစ္ဆိ၊ မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။
န ပဿာမိ၊ ငါမမြင်၊ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆို၏။ ဣဒါနိ၊ ယခုအခါ၌။
မယာ ပန၊ ငါသည်ကား။တုမှာကံ၊ အရှင်ဘုရားတို့၏။ ပိဋ္ဌိပဿေ၊ နံပါးတဘက်၌။
ဌိတာ၊ တည်၍နေသော မိန်းမကို။ ဒိဋ္ဌာတိ၊ မြင်၏ဟူ၍။ ဝုတ္တေပိ၊ ဆိုသော်
လည်း။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ န ပဿာမိ၊ ငါမမြင်၊ ဣတိ၊
ဤသို့။ အဝေါစ၊ ဆို၏။ ဇတံ၊ ဤမိန်းမသည်။ ကိံ နုခေါတိ၊ အသို့ဖြစ်သနည်းဟု။
စိန္တေတွာ၊ ကြံ၍။ ဘန္တေ၊ အရှင်ဘုရား။ ဣတောဝ၊ ဤအရပ်မှလျှင်။ နိက္ခမထ၊
ထွက်ခဲ့လော့။ ဣတိဝတွာ၊ ဤသို့ဆိုသောကြောင့်။ ထေရော၊ မထေရ်သည်။
နိက္ခမိတွာ၊ ထွက်၍။ ပမုခေ၊ ကျောင်းဦး၌။ ဌိတေ၊ ရပ်သည်ရှိသော်။ ပုန၊
တဘန်။ သာ၊ ထိုမိန်းမသည်။ ထေရဿ၊ မထေရ်၏။ ပိဋ္ဌိပဿေ၊ နံပါး၌။
အဋ္ဌာသိ၊ တည်၏။ ရာဇာ၊ ကောသလမင်းကြီးသည်၊ တံ၊ ထိုမိန်းမကို။ ဒိသွာ၊
မြင်၍။ ပုန၊ တဘန်၊ ဥပရိတလံ၊ အထက်ပြင်သို့။ အဘိရူဟိ၊ တက်၏။ တဿ၊
ထိုမင်း၏။ အာဂတဘာဝံ၊ လာသောအဖြစ်ကို။ ဉတွာ၊ သိ၍။ ထေရော၊ မထေရ်
သည်။ နိသီဒိ၊ နေ၏။ ပုန၊ တဘန်။ ရာဇာ၊ မင်းသည်။ တံ၊ ထိုမိန်းမကို။ သဗ္ဗ
ဋ္ဌာနေသု၊ အလုံးစုံသော အရပ်တို့၌။ ဩလောကေန္တောပိ၊ ကြည့်သည်ရှိသော်
လည်း။ အဒိသွာ၊ မမြင်သောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ သာ ဣတ္ထိ၊ ထိုမိန်းမ
သည်။ ကဟံ၊ အဘယ်မှာနည်း။ ဣတိ၊ သို့။ ပုန၊ တဘန်။ ထေရံ၊ မထေရ်ကို။
ပုစ္ဆိ၊ မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ န ပဿာမိ၊ ငါမမြင်။
ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ ကိံ ကထေထ၊ အသို့
ဆိုသနည်း။ မယာ၊ ငါသည်။ ဣဒါနေဝ၊ ယခုပင်လျှင်။ တုမှာကံ၊ အရှင်
ဘုရားတို့၏။ ပိဋ္ဌိပဿေ၊ နံပါး၌။ ဒိဋ္ဌာ၊ မြင်အပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။
မဟာရာဇ၊ မြတ်သောမင်းကြီး။ မဟာဇနောပိ၊ လူများ အပေါင်းသည်လည်း။
မေ၊ ငါ၏။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဣတ္ထိ၊ မိန်းမသည်။

ဝိစရတီတိ၊ လိုက်၏ဟူ၍။ ဝဒတိ၊ ဆို၏။ အဟံ ပန၊ ငါသည်ကား။ န ပဿာမိ၊ မမြင်။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ ရာဇာ၊ ကောသလမင်းသည်။ ပဋိရူပကေန၊ အတုပြု၍လိုက်သော မိန်းမသည်။ ဘဝိတဗ္ဗန္တိ၊ ဖြစ်ရာ၏ဟု။ သလ္လက္ခေသိ၊ မှတ်၏။

ပုန၊ တဘန်။ ထေရံ၊ မထေရ်ကို။ ဘန္တေ၊ အရှင်ဘုရား။ ဣတော၊ ဤအရပ်မှ။ တာဝ၊ ရှေးဦးစွာ။ ဥဋ္ဌဟထ၊ ထလော့။ ဣတိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ ထေရော၊ မထေရ်သည်။ ဩတရိတွာ၊ ဆင်း၍။ ပမုခေ၊ အဦး၌။ ဌိတော၊ ရပ်သည်ရှိသော်။ ပုန၊ တဘန်။ တဿ၊ ထိုရဟန်း၏။ ပိဋ္ဌိပဿေ၊ နံဘေးပါး၌။ ဌိတံ၊ တည်သော။ တံ၊ ထိုမိန်းမကို။ ဒိသွာ၊ မြင်၍။ ဥပရိတလံ၊ အထက်အပြင်သို့။ အဘိရုဟိ၊ တက်၏။ ပုန၊ တဘန်။ န ဒိဿ၊ မမြင်။ သော၊ ထိုကောသလမင်းသည်။ ပုန၊ တဘန်။ ထေရံ၊ မထေရ်ကို။ ပုစ္ဆိတွာ၊ မေး၍။ တေန၊ ထိုမထေရ်သည်။ ဒေဝ၊ မင်းကြီး။ န ပဿာမိ၊ ငါမမြင်။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ တော၊ ဤမိန်းမသည်။ ပဋိရူပကမေဝ၊ အတုသာလျှင်တည်း။ ဣတိ နိဋ္ဌံ ကတွာ၊ ဤသို့ ဆုံးဖြတ်ခြင်းကို ပြု၍။ ထေရံ၊ မထေရ်ကို။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဝေဠုပေ၊ ဤသို့ သဘောရှိသော။ သံကိလေသေ၊ သာသနာတော်၏ ညစ်နွမ်းခြင်းကို ပြုတတ်သော မာတုဂါမသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပိဋ္ဌိတော၊ နောက်မှ။ ဝိစရန္တေ၊ လိုက်သည်ရှိသော်။ အညော၊ တကာတော်မှ တပါးသော။ ကောစိ၊ တစုံတယောက်သော ပြည်သူ ပြည်သားသည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဘိက္ခုံ၊ ဆွမ်းကို။ န ဒဿတိ၊ မလှူလတ္တံ့။ နိဗဒ္ဓံ၊ မပြတ်။ မမ၊ အကျွန်ုပ်၏။ ဂေဟံ၊ နန်းတော်သို့။ ပဝိသထ၊ ဝင်တော်မူလော့။ အဟမေဝ၊ တကာတော်သည်သာလျှင်။ စတူဟိ ပစ္စယေဟိ၊ ပစ္စည်း လေးပါး တို့ဖြင့်။ ဥပဋ္ဌဟိဿာမိ၊ လုပ်ကျွေးအံ့။ ဣတိ၊ ဤသို့။ ထေရံ၊ မထေရ်ကို။ နိမန္တေတွာ၊ ဘိတ်၍။ ပက္ကာမိ၊ သွား၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်တို့။ ပါပရသော၊ ယုတ်မာသော မင်း၏။ ကိရိယံ၊ အမူအရာကို။ ပဿထ၊ ကြည့်ကြကုန်လော့။ တော၊ ဤကောသမ္ဗကရဟန်းကို။ ဝိဟာရတော၊ ကျောင်းမှ။ နိဟရ၊ နှင်ထုတ်လော့။ ဣတိဝုတ္တော၊ ဤသို့ဆိုပါသည်ရှိသော်။ အာဂန္တွာ၊ လာလတ်၍။ စတူဟိ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ နိမန္တေတွာ၊ ၍။ ဂတောတိ၊ သွား၏ဟူ၍။ ဥဇ္ဈာယိံသု၊ ကဲ့ရဲ့ကုန်၏။ တံပိ ထေရံ၊ ထိုမထေရ်ကိုလည်း။ အာဟံသု၊ ဆိုကုန်၏။ အမ္ဘော ဒုသီလ၊ ဟိုသီလမရှိသော ရဟန်း။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ ရာဇာ၊ ကောသလ မင်းကြီးသည်။ ကောဏ္ဍော၊ ကောဏ္ဍသည်။ ဇာတော၊ ၏။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။

ပုဗ္ဗေ၊ ရှေးကာလ၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ ကိဉ္စိ၊ တစုံတခုသောစကားကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သော။ သောပိ၊ ထိုကောဏ္ဍဓာနမထေရ်သည်လည်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဒုဿီလာ၊ သီလမရှိကုန်။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကောဏ္ဍာ၊ ကောဏ္ဍမည်ကုန်၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဣတ္ထိံ၊ မိန်းမကို။ ဂဟေတွာ၊ ခေါ်၍။ ဝိစရထ၊ သွားကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ ပြန်၍ဆို၏။ တေ၊ ထိုအဆိုခံရသော ရဟန်းတို့သည်။ ဂန္တွာ၊ သွား၍။ သတ္ထု၊ မြတ်စွာဘုရား သခင်အား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ကောဏ္ဍဓာနတ္ထေရော၊ ကောဏ္ဍဓာနမထေရ်သည်။ အမှေဟိ၊ ငါတို့သည်။ ဝုတ္တော၊ မိန်းမနောက်လိုက်သော ရဟန်းဟုဆိုပါသည် ရှိသော်။ အမှေ၊ အကျွန်ုပ်တို့ကို။ ဒုဿီလာတိအာဒီနိ၊ ဒုဿီလအစရှိသည်တို့ကို။ ဝတွာ၊ ဆို၍။ အက္ကောသတိ၊ ဆဲရေး၏။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာ ဘုရားသည်။ တံ၊ ထိုကောဏ္ဍဓာနကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ဧဝံ ဝဒေသိ၊ ဤသို့ ရေရွတ်ဆဲရေး၏ ဟူသည်။ သစ္စံကိရ၊ မှန်သလော။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သစ္စံ၊ မှန်ပေ၏။ ဣတိ၊ ဤသို့ နားတော်လျှောက်သော်။ ကိံကာရဏာ၊ အဘယ်ကြောင့် ဆဲရေးသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ မယာ၊ တပည့်တော်နှင့်။ သဒ္ဓိံ၊ ကွ။ ကထိတကာရဏာ၊ စကားပြောဟောသော အကြောင်းကြောင့် ဆဲရေးမိပေ၏။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေဟိ၊ သင်တို့သည်။ ဣမိနာ၊ ဤကောဏ္ဍနှင့်။ သဒ္ဓိံ၊ တကွ။ ကသ္မာ၊ အဘယ်ကြောင့်။ ကထေထ၊ ပြောဆိုကြကုန်ဘိသနည်း။ ဣတိ ပုစ္ဆိတေ၊ ဤသို့ မေးသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ ဣမဿ၊ ဤကောဏ္ဍ၏။ ပစ္ဆတော၊ နောက်က။ ဣတ္ထိံ ဝိစရန္တိံ၊ မိန်းလိုက်သည်ကို။ ဒိသွာ၊ မြင်သောကြောင့်။ ကထေထ၊ ဆိုပေကုန်၏။ ဣတိ ဝုတ္တေ၊ ဤသို့ နားတော်လျှောက်ရာ၌။ ဣမေ၊ ဤရဟန်းတို့သည်။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ ဣတ္ထိံ ဝိစရန္တိံ၊ မိန်းမ နောက်ကလိုက်ကို။ ဒိသွာ၊ မြင်သောကြောင့်။ ဝဒန္တိကိရ၊ ဆိုကုန်သတဲ့။ တွံ၊ သင်သည်။ အဒိသွာဝ၊ သူတို့မြင်သကဲ့သို့ မမြင်ဘဲလျှင်။ ဣမေ ဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ကသ္မာ၊ အဘယ်ကြောင့်။ ကလေသိ၊ ဆဲဆိုဘိသနည်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ တဝေဝ၊ သင်၏ သာလျှင်။ ပါပကံ ဒိဋ္ဌိံ၊ ယုတ်မာစွာသော အယူကို။ နိဿာယ၊ မှီ၍။ ဣဒံ၊ ဤအမှုသည်။ ဇာယတိ နနု၊ ဖြစ်၏မဟုတ်လော။ ဣဒါနိ၊ ယခုအခါ၌။ ကသ္မာ၊ အဘယ့်ကြောင့်။ ပါပကံ ဒိဋ္ဌိံ၊ ယုတ်မာသော

မိစ္ဆာအယူကို။ ဂဏှာသိ၊ ယူဘိသနည်း။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘိက္ခု၊ ရဟန်းတို့သည်။ ဘန္တေ၊ အရှင်ဘုရား။ ဣဓပိနာ၊ ဤရဟန်းသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတံ၊ ပြုအပ်သော မကောင်းမှုကံသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ ပုစ္ဆိံသု၊ ဤသို့ လျှောက်ကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုရဟန်းတို့အား။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ တဿ၊ ထိုကောဏ္ဍ၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကံကို။ ကထေတွာ၊ ဟောပြီး၍။ ဘိက္ခု၊ ကောဏ္ဍရဟန်း။ ဣဒံ ပါပကမ္မံ၊ ဤမကောင်းမှုကံကို။ နိဿာယ၊ အမှီပြု၍။ တွံ၊ သင်သည်။ ဣမံ ဝိပ္ပကာရံ၊ ဤမာတုဂါမ နောက်က လိုက်သောအားဖြင့် ဘောက်ပြန်သောအခြင်းအရာကို။ ပတ္တော၊ ရောက်၏။ ဣဒါနိ၊ ယခုအခါ၌။ တေ၊ သင်အား။ ပုန၊ တဘန်။ တထာရူပံ၊ ထိုသို့သဘောရှိသော။ ပါပိကံ ဒိဋ္ဌိံ၊ ယုတ်မာစွာသော အယူကို။ ဂဟေတုံ၊ ယူခြင်းငှာ။ န ယုတ္တံ၊ မသင့်။ ပုန၊ တဘန်။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိဉ္စိ၊ တစုံတခုသော စကားကို။ မာ ကထေဟိ၊ မဆိုလင့်။ မုခဝဋ္ဋိယံ၊ အနားရေး၌၊ ဆိန္နကံသထာလသဒိသော၊ ပြတ်သော ကြေးခွက်နှင့် တူစွာ၊ နိဿဒ္ဒေါ၊ အသံမရှိသည်။ ဟောဟိ၊ ဖြစ်လော့။ ဧဝံ ကရောန္တော၊ ဤသို့ပြုသည်ရှိသော်။ နိဗ္ဗာနပတ္တော နာမ၊ နိဗ္ဗာန်သို့ ရောက်ခြင်း မည်သည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလျက်။ တံ၊ ထိုကောဏ္ဍရဟန်းကို။ သြဝဒန္တော၊ ဆုံးမလိုသည်ဖြစ်၍။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ မိန့်တော်မူ၏။

၁၃၃။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ ဖရုသံ၊ ကြမ်းကြုတ်သော စကားကို။ မာ အဝေါစ၊ မဆိုလင့်။ ဝုတ္တာ၊ ဆိုသည်ရှိသော်။ တံ၊ သင့်ကို။ ပဋိဝဒေယျုံ၊ ဆိုတုံ့ ဆိုကုန်ရာ၏။ သာရမ္ဘကထာ၊ ချုတ်ချယ်၍ဆိုသော စကားသည်။ ဒုက္ခာဟိ၊ ဒုက္ခာ ဧဝ၊ ဆင်းရဲသလျှင်ကတည်း။ ပဋိဒဏ္ဍာ၊ အဟုံ့ဒဏ်တို့သည်။ တံ၊ သင့်ကို။ ဖုသေယျုံ၊ တွေ့ကုန်ရာ၏။

၁၃၄။ ဥပဟတော၊ အနားရေး၌ ပြတ်သော။ ကံသော ယထာ၊ ကြေးခွက်ကဲ့သို့။ အတ္တာနံ၊ မိမိကိုယ်ကို။ သစေ နေရေသိ၊ အကယ်၍ မတုန်မလှုပ်ပြုခြင်းငှာ တတ်နိုင်သည် ဖြစ်အံ့။ ဧသော၊ ဤသို့ တတ်နိုင်သော သူသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်သည်။ အသိ၊ ဖြစ်၏။ သာရမ္ဘော၊ ချုတ်ချယ်ခြင်းသည်။ တေ၊ သင်အား။ န ဝိဇ္ဇတိ၊ မရှိ။ ဣတိ အဘာသိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ ဘာသုံ ဂါထာသု၊ တို့တွင်။ ကိဉ္စိတိ၊ ကိဉ္စိဟူသည်ကား။ ကိဉ္စိ ဧကံ ပုဂ္ဂလံပိ၊ အမှတ်မဲ့ တယောက်ယောက်သော ပုဂ္ဂိုလ်ကိုလည်း။ ဖရုသံ၊ ကြမ်း

ကြူတ်သော စကားကို။ ဗာ အာဝေါစ၊ ပဘိုလင့်။ ဂုတ္တာဘတိ၊ ဝုတ္တာ ဟူသည်ကား။ တာယာ၊ သင်သည်။ ပရေ၊ တပါးသော သူတို့ကို။ ဒုဿီလာတိ၊ သီလမရှိဟူ၍။ ဝုတ္တာ၊ ဆိုအပ်သော သူတို့သည်။ တံပိ၊ သင့်ကိုလည်း။ ကထေဝ၊ သင်ဆိုတိုင်းသော လျှင်။ ပဋိဝဒေယျုံ၊ ဆိုတုံ့ ဆိုကုန်ရာ၏။ သာရမ္ဘ ကဘာတိ၊ သာရမ္ဘကထာ ဟူသည်ကား။ သော ကာရဏုတ္တရာ ယုဂဂ္ဂါဟ ကထာနာမ၊ ဤအလွန်အကြူး ချုတ်ချယ်ခြင်းကိုမူ၍ အင်တူပြု၍ ဆိုသော စကားမည်သည်။ ဒုက္ခာ၊ ဆင်းရဲ၏။ ပဋိဒဏ္ဍာတိ၊ ဒဏ္ဍာဟူသည်ကား၊ ကာယဒဏ္ဍာဒီဟိ၊ ကာယဒဏ် အစရှိသည်တို့ဖြင့်။ ပရံ၊ သူတပါးကို။ ပဟရန္တဿ၊ ပုတ်ခတ်သောသူအား။ တာဒိသာ၊ ထိုသို့သဘော ရှိကုန်သော။ ပဋိဒဏ္ဍာစ၊ သူတပါးက ပြုအပ်သော ဒဏ်တို့သည်လည်း။ တဝ၊ သင်၏။ မတ္ထကေ၊ ထိပ်၌။ ပတေယျုံ၊ ကျကုန်ရာ၏။ သစေ နေရေသိဘိ၊ သစေ နေရေသိ ဟူသည်ကား။ အတ္တာနံ၊ မိမိကိုယ်ကို။ နိစ္စလံ၊ မတုန်မလှုပ်။ ကာတုံ၊ ပြုခြင်းငှာ။ သစေ သက္ခိဿသိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့။ ကံသောဥပဟတောဝ ယထာတိ၊ ယထာဟူသည်ကား။ မုခဝဋ္ဋိယံ၊ အနားရေး၌။ ဆိန္ဒိတွာ၊ ပြတ်၍။ တလမတ္တံ၊ အပြင်မျှကို။ ကတွာ၊ ပြု၍။ ထပိတကံသထာလံဝိယ၊ ထားအပ်သော ကြေးခွက်ကဲ့သို့။ ဟိ၊ ထိုစကားသင့်စွ။ ဟတ္ထပါဒေဟိ ဝါ၊ လက်ခြေတို့ဖြင့်ရင်း။ ဒဏ္ဍကေနဝါ၊ လှံကန်ဖြင့်ရင်း၊ ပဟရန္တံပိ၊ ပုတ်ခတ်သော်လည်း။ တာသံ၊ ထိုကြေးခွက်တို့၏။ သဒ္ဒံ၊ ကြမ်းကြုတ်သော အသံကို။ န ကရောတိ၊ မပြု။ သေပတ္တောသိတိ၊ သိဟူသည်ကား။ ဧဝရူပေါ၊ ဤသို့သဘောရှိသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ သစေ သက္ခိဿတိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့။ ဣဒံပဒံ၊ ဤသို့ သဘောရှိသော အကျင့်ကို။ ပူရယမာနော၊ ဖြည့်လျက်။ ဣဒါနိ၊ ယခုအခါ၌။ အပ္ပတ္တောပိ၊ မရောက်သော်လည်း။ သော၊ ဤသူသည်။ နိဗ္ဗာနပတ္တောနာမ၊ နိဗ္ဗာန်သို့ရောက် သည်မည်၏။ သာရမ္ဘော တေ န ဝိဇ္ဇတီတိ၊ န ဝိဇ္ဇတိဟူသည်ကား။ ဧဝံ သန္တေစ ပန၊ ဤသို့ဖြစ်သည်ရှိသော်ကား။ တံ၊ သင်ကား။ ဒုဿီလော၊ သီလမရှိသည်။ အသိ၊ ဖြစ်၏။ တုမ္ဟေ၊ သင်တို့သည်။ ဒုဿီလာ၊ သီလမရှိကုန်။ ဣတိ ဧဝမာဒိကော၊ ဤသို့အစရှိသော။ ဥတ္တရကရဏဝါစာလက္ခဏော၊ အလွန်အကြူးပြုသောအားဖြင့် ရမ်းကား၍ ဆိုသော လက္ခဏာရှိသော။ သာရမ္ဘောပိ၊ ချုတ်ချယ်ခြင်းသည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။ န ဘဝိဿတိ ယေဝ၊ မဖြစ်လတ္တံ့ သည်သာလျှင်တည်း။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန် ၏။ ကောဏ္ဍဓာနတ္ထေရောပိ၊ ကောဏ္ဍဓာန မထေရ်သည်လည်း။ သတ္ထာရာ၊

မြတ်စွာဘုရားသည်။ ဒိဋ္ဌေ၊ ပေးကော်မူအပ်သော။ သြဝါဒေ၊ ကာကိုးကာမည့်။ ဌတွာ၊ တည်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ နဝိရသောဂ၊ ရဟန္တာဖြစ်၍ မကြာမြင့်မီလျှင်။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတိတွာ၊ ခုန်ပျံ၍။ ပဋ္ဌမံ၊ ရှေးဦးစွာ။ သလာကံ၊ စာရေးတံ ဆွမ်းကို။ ဂဏှိ၊ ခံယူ၏။

စတုတ္ထံ၊ သော။ ကောဏ္ဍဓာနတ္ထေရဝတ္ထု၊ သည်။
ဋ္ဌတိသာမတ္တံ၊ ပြီးပြီ။

—— ❀ ——

## ၁၀-ဒဏ္ဍဝဂ္ဂ။ ၅-ဝိသာခါဒိနံ ဥပါသိကာနံ ဥပေါသထကမ္မဝတ္ထု။

(ကောဏ္ဍဓာနပထေရ်၏ အတ္ထုပ္ပတ္တိကို ဆိုရာဆိုကြောင်း ဖြစ်သော ဂါထာ၏ အဋ္ဌဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ဝိသာခါ၏ ပုစ္ဆိတဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာတို့ ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယထာ ဒဏ္ဍေန" ဟူ အစရှိသောပါဌ်ကို မိန့်သတည်း)။

"ယထာ ဒဏ္ဍေနာ" တိ ဣမံ ဓမ္မဒေသနံ၊ ယထာဒဏ္ဍေန- စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပုဗ္ဗာရာမေ၊ ပုဗ္ဗာရုံ ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဝိသာခါဒိနံ ဥပါသိကာနံ၊ ဝိသာခါ အစရှိကုန်သော ဒါယိကာမတို့၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးသော အမှုကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ကိရ၊ ကြားသိမ့်။ မဟာ ဥပေါသထ ဒိဝသေ၊ တခုသော မြတ်သောဥပုသ်နေ့၌။ ပဉ္စသတမတ္တာ ဣတ္ထိယော၊ ငါးရာအတိုင်းအရှည် ရှိကုန်သော မိန်းမတို့သည်။ ဥပေါသထိကာ ဟုတွာ၊ ဥပုသ်ဆောက်တည် ကုန်သည်ဖြစ်၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမိံသု ကိရ၊ သွားကုန်သတတ်။ တာသု၊ ထိုငါးရာသော မိန်းမတို့တွင်။ ဝိသာခါ၊ ဝိသာခါသည်။ မဟလ္လိကိတ္ထိယော၊ မိန်းမကြီးတို့သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပုစ္ဆိ၊ မေး၏။ အမ္မာ၊ အမိတို့။ ကိမတ္ထံ၊ အဘယ်အကျိုးငှာ။ ဥပေါသထိကာ ဇာတာ၊ ဥပုသ်သုံးသော သဘောရှိကုန်သည်။ အတ္တာ၊ ဖြင့်ကုန်သနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ တာဟိ၊ ထိုမိန်းမကြီးတို့သည်။ ဒိဗ္ဗသမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ ပတ္ထေတွာ၊ တောင့်တ၍။ ဥပေါသထိကာ၊ ဥပုသ်သုံးကုန်၏။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည် ရှိသော်။ မဇ္ဈိမိတ္ထိယော၊ အလတ်သော မိန်းမတို့ကို။ ပုစ္ဆိ၊ မေး၏။ တာဟိ၊ ထိုအလတ်သော မိန်းမတို့သည်။ သပတ္တိ ဝါသာမုစ္စနတ္ထာယ၊ ရန်သူဖြစ်သော လင်နှင့် အတူတကွ နေခြင်းမှ လွတ်ခြင်းငှာ။ ဥပေါသထိကာ၊ ဥပုသ်သုံးကုန်၏။ ဣတိ

ဝုံက္ကော၊ ဤသို့ မိန်းမလာတ်တို့က ဆိုသည်ရှိသော်။ တရုဏိတ္ထိယော၊ နုပျိုသောမိန်းမ တို့ကို။ ပုစ္ဆိ၊ မေး၏။ တာပါ၊ ထိုနုပျိုသော မိန်းမတို့သည်။ ပဌမဂဗ္ဘေ၊ ရှေးဦးစွာ ကိုယ်ဝန်ဆောင်ရာ၌။ ပုတ္တာဒ္ဓိလာဘတ္တာယ၊ သားယောကျ်ားကို ရခြင်းငှာ။ ဥပေါသထိကာ၊ ဥပုသ်သုံးကုန်၏။ ဣတိဝုတ္တေ၊ ဤသို့နုပျိုသော မိန်းမငယ်တို့က ဆိုယည်ရှိသော်။ ကုမာရိကာယော၊ ယောကျ်ားတပါး မသွားလာဘူးသော သတို့သမီးငယ်တို့ကို။ ပုစ္ဆိ၊ မေး၏။ တာဟိ၊ ထိုသတို့သမီးငယ်တို့သည်။ တရုဏ-ဘာဝေယေဝ၊ ငယ်ရွယ်စဉ်ကပင်လျှင်။ ပတိကုလံ ဂမနတ္ထာယ၊ လင်၏အိမ်သို့ လိုက်သွားရခြင်းအကျိုးငှာ။ ဥပေါသထိကာ၊ ဥပုသ်သုံးကုန်၏။ ဣတိဝုတ္တေ၊ ဤသို့ သတို့သမီးငယ်တို့က ဆိုသည်ရှိသော်။ တာသံ၊ ထိုငါးရာသော မိန်းမတို့၏။ တံသဗ္ဗံပိ ကထံ၊ ထို အလုံးစုံသော စကားကိုလည်း။ သုတွာ၊ ကြား၍။ တာ၊ ထိုငါးရာသော မိန်းမတို့ကို။ အာဒ္ဒါယ၊ ခေါ်၍။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ပဋိပါဋိယာ၊ ထိုမိန်းမတို့ ပြောစဉ်အတိုင်း။ အာရောစေသိ၊ ကြားလျှောက်၏။

တံ၊ ထိုစကားကို။ သုတွာ၊ ကြားတော်မူ၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝိသာခေ၊ ဝိသာခါ ဒါယိကာမ။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ ဇာတိ အာဒယောနာမ၊ ဇာတိ အစရှိသည်တို့မည်သည်ကား။ ဒဏ္ဍဟတ္ထဂေါပါလကာ သဒိသော၊ တုတ်လက်စွဲသော နွားကျောင်းသားနှင့်တူ၏။ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ ဇရာယ၊ အိုခြင်း၏။ သန္တိကံ၊ အထံသို့။ ဇရာ၊ အိုခြင်းသည်။ ဗျာဓိနော၊ အနာနှိပ်စက်ခြင်း၏။ သန္တိကံ၊ အထံသို့။ ဗျာဓိ၊ အနာနှိပ်စက်ခြင်းသည်။ မရဏဿ၊ သေခြင်း၏။ သန္တိကံ၊ အထံသို့။ ပေသေတွာ၊ စေ၍။ ကုဓာရိယာ၊ ဓားမဖြင့်။ ဆိန္ဒန္တာဝိယ၊ ဖြတ်ကုန်သကဲ့သို့၊ ဇီဝိတံ၊ အသက်ကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဧဝံ သန္တေပိ၊ ဤသို့ဖြစ်လျက်မူသည်း။ ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေန္တာနာမ၊ တောင့်တသောမည်သည်။ နတ္ထိ၊ မရှိ။ ဝဋ္ဋမေဝ၊ သံသရာဝဋ်ကို သာလျှင်။ ပတ္ထေန္တိ၊ တောင့်တကုန်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလို သော မြတ်စွာဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၃၅။ ။ဝိသာခေ၊ ခါ။ ဂေါပါလော၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊ တုတ်ဖြင့်။ "လှံကန်ဖြင့်လည်းဟူ"။ ဂါဝေါ၊ နွားတို့ကို။ ဂေါစရံ၊ ကျက်စားရာသို့။ ပါဇေတိ ယထာ၊ နှင်တုတ်သကဲ့သို့၊ ဧဝံ၊ ဤအတူ။ ဇရာစ၊ အိုခြင်းသည်ရင်း။ မစ္စုစ၊ သေခြင်းသည်ရင်း။ ပါဏိနံ၊ သတ္တဝါတို့၏။ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ ဖြပ်ကုန်၏။ ဣတိ၊ သို့။ အာဟ၊ ဟောတော်မူ၏။

တတ္ထ တိဿံ ဂါထာသု၊ ထိုဂါထာ၌။ ပါဇေတိတိ၊ ပါဇေတိဟူသည်ကား။ ဆောကေဘ၊ လိမ္မာသော။ ဂေါပါလကော၊ နွားကျောင်းသားသည်။ ကောဒ ရန္တရံ၊ လယ်ကန်သင်းကြားသို့။ ပဝိသန္တိယော၊ ဝင်ကုန်သော။ ဂါဝေါ၊ နွားတို့ကို။ ဒဏ္ဍေန၊ တုတ်ဖြင့်။ နိဝါရေတွာ၊ မြစ်၍။ ပေါနေဝ၊ ထိုတုတ်ဖြင့်သာလျှင်။ ပေါထေန္တော၊ မောင်းနှင်လျက်။ သုလဘတိဏောဒကံ၊ ရလွယ်သော မြက်-ရေရှိသော။ ဂေါစရံ၊ စားကျက်သို့။ နေတိ၊ ဆောင်၏။ ပါဇေတိ၊ နှင်၏။ အာယုံ ပါဇေန္တိ ဟူသည်ကား။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဆိန္ဒန္တိ၊ ဖြတ်တတ်ကုန်၏။ ခေပေန္တိ၊ ကုန်စေကုန်၏။ ဂေါပါလကာဝိယ၊ နွားကျောင်းသားနှင့်တူသော။ ဇရာစ၊ အိုခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ ဂေါဏောဝိယ၊ နွားနှင့်တူသော။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဂေါစရဘူမိဝိယ၊ နွား၏ကျက်စားရာမြေနှင့်တူသော။ မရဏံ၊ သေခြင်းသို့။ တတ္ထ ဝစနေ၊ ထိုစကား၌။ ဇာတိ၊ ဇာတိသည်။ တာဝ၊ ရှေးဦးစွာ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဇရာယ၊ ဇရာ၏။ သန္တိကံ၊ အထံသို့။ ပေသေသိ၊ စေ၏။ ဇရာစ၊ ဇရာသည်လည်း။ ဗျာဓိနော၊ ဗျာဓိ၏။ သန္တိကံ၊ အထံသို့။ ဗျာဓိ၊ ဗျာဓိသည်။ မရဏဿ၊ သေမင်း၏။ သန္တိကံ၊ အထံသို့။ တဒမဝ မရဏံ၊ ထိုမရဏကိုလျှင်။ ပေသေသိ၊ စေလွှတ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုဒာရိယာ၊ ဓားမဖြင့်။ ဆေဒံဝိယ၊ ဖြတ်ခြင်းကဲ့သို့။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဂစ္ဆတိ၊ သွား၏။ ဣတိဣဒံ၊ ဤသည်လျှင်။ ဧတ္ထ၊ ဤဂါထာ၌။ သြပမ္မပဋိပါဒနံ၊ ဥပမာ ဥပမေယျ၏ ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဉ္စမံ၊ ငါးခုမြောက်သော။ ဝိသာခါဒီနံ ဥပါသိကာနံ ဥပေါသထကမ္မဝတ္ထု၊ ဝိသာခါ အစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်သုံးသော ဝတ္ထုသည်။

ဣတိသမတ္တံ၊ ဤပုံ ပြီးပြီ။

―― ● ――

၁၀—ဒဏ္ဍဝဂ္ဂ။ ၆—အဇဂရပေတဝတ္ထု။

(ဝိသာခါ၏ အတ္ထုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ အဇဂရပေတဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သော "အထပါပါနိ ကမ္မာနိ" အစရှိသော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြု

လိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "အထပါပါနိ ကမ္မာနိ"အစရှိသော ပါဌ်ကို မိန့်သတည်း ။

"အထပါပါနိ ကမ္မာနိ"တို့ ဤမံဓမ္မဒေသနံ၊ အထပါပါနိ ကမ္မာနိ စသော ဤ ဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဇဂရပေတံ၊ စပါးကြီး ပြိတ္တာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ မောဂ္ဂလာနတ္ထေရော၊ ရှင်မောဂ္ဂလာန်မထေရ်သည်။ လက္ခဏတ္ထေရေန၊ လက္ခဏမထေရ်နှင့်။ သဒ္ဓိံ၊တကွ။ ဂိဇ္ဈကူဋတော၊ ဂိဇ္ဈကုဋ်တောင်မှ။ ဩတရန္တော၊ ဆင်းသည်ရှိသော်။ ဒိဗ္ဗေန စက္ခုနာ၊နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်။ ပဉ္စဝီသတိယောဇနိကံ၊ နှစ်ဆယ့်ငါးယူဇနာ အတိုင်းအရှည်ရှိသော။ အဇဂရပေတံနာမ၊ စပါး ကြီး ပြိတ္တာမည်သည်ကို။ အဒ္ဒသ၊ မြင်၏။ တဿ၊ ထိုစပါးကြီးပြိတ္တာ၏။ သီသတော၊ ဦးခေါင်းမှ။ အဂ္ဂိဇာလာ၊ မီးလျှံတို့သည်။ ဥဋ္ဌဟိတွာ၊ထ၍။ ပရိယန္တံ၊ အမြီးဖျားသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ပရိယန္တတော၊ အမြီးဖျားမှ။ ဥဋ္ဌဟိတွာ၊ ထ၍။ သီသံ၊ ဦးခေါင်းသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဥဘတော၊ ဦးခေါင်းအမြီး နှစ်ပါးမှ။ ဥဋ္ဌဟိတွာ၊ထ၍။ မဇ္ဈေ၊ အလယ်၌။ ဩတရန္တိ၊ စုဝေးကုန်၏၊ ထေရော၊ အရှင်မောဂ္ဂလာန်မထေရ်သည်။ တံ၊ ထိုစပါးကြီး ပြိတ္တာကို။ ဒိသွာ၊ မြင်၍။ သိတံ၊ ပါတွာကာသိ၊ ပြုံးခြင်းကိုပြု၏။ လက္ခဏတ္ထေရေန၊ လက္ခဏမထေရ်သည်။ သိတကာရဏံ၊ ပြုံးတော်မူသော အကြောင်းကို။ ပုဋ္ဌော၊ မေးလတ်သော်။ အာဝုသော လက္ခဏ၊ ငါ့ရှင်လက္ခဏ။ ဣမဿ ပဉ္ဟဿ၊ ဤပြဿနာကို။ ဗျာကရဏဿ၊ ဖြေခြင်းသည်။ အကာလော၊ အခါမဟုတ်။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ မံ၊ ငါ့ကို။ ပုစ္ဆေယျာသိ၊ မေးလော့။ ဣတိ၊ ဤသို့။ ဝတွာ၊ဆို၍၊ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂတကာလေ၊ ရောက်သောအခါ၌၊ လက္ခဏတ္ထေရေန၊ လက္ခဏမထေရ် သည်။ ပုဋ္ဌော၊ မေးအပ်သော မောဂ္ဂလာန်သည်။ အာဟ၊ဆို၏။ အာဝုသော၊ ငါ့ရှင်လက္ခဏ။ အဟံ၊ ငါသည်။ တတ္ထ၊ ထိုဂိဇ္ဈကုဋ်တောင်၌၊ ဧကံ၊ တခုသော။ ပေတံ၊ စပါးကြီးပြိတ္တာကို။ အဒ္ဒသံ၊ မြင်၏။ တဿ၊ ထိုစပါးကြီးပြိတ္တာ၏။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အတ္တဘာဝေါနာမ၊ အတ္တဘောမည်သည်။ အတ္ထိ၊ ရှိ၏။ (အတ္ထိ-ကား ကြိယာအလို့ငှါသာ ထည့်သည်)။ ။အဟံ၊ ငါသည်။ တံ၊ ထိုစပါးကြီးပြိတ္တာကို၊ ဒိသွာ၊ မြင်၍။ ဝတ၊ စင်စစ်။ မေ၊ ငါ့အား။

ဝေရူပေါ၊ ဤသို့သဘောရှိသော။ အတ္တဘာဝေါ၊ အတ္တဘောကို။ န စဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ ဣတိ၊ ဤသို့။ သိတံပါတွာကာသိ၊ ပြုံးခြင်းကို ထင်စွာပြု၏။ ဣတိ၊ ဤသို့ ဆို၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မေ၊ ငါ၏။ သာဝကာ၊ သာဝကတို့သည်။ စက္ခုဘူတာ၊ မျက်စိသဖွယ် ဖြစ်ကုန်၍။ ဝိဟရန္တိဝတ၊ နေကုန်စွတကား။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဝရန္တော၊ ဆိုတော်မူလျက်၊ ထေရဿ၊ ရှင်မောဂ္ဂလာန်မထေရ်၏။ ကထံ၊ စကားကို။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ သောပေတော၊ ဤစပေါ်ကြီးပြိတ္တာကို။ ဗောဓိမဏ္ဍေယေဝ၊ ဗောဓိမဏ္ဍိုင်၌သာလျှင်။ ဒိဋ္ဌော၊ မြင်အပ်၏။ ဣတိ စ ပန၊ ဤသို့ မြင်သော်လည်း။ ဖယ၊ အကြင်သူတို့သည်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ န သဒ္ဒဟေယျုံ၊ မယုံကြည်ကုန်ရာ။ တေသံ၊ ထိုမယုံကြည်ကုန်သော သူတို့အား။ အဟိတာယ၊ စီးပွားမရှိခြင်းငှာ၊ အဿ၊ ဖြစ်ရာ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ နကထေသိ၊ ဟောတော်မမူ၊ ဣဒါနိ၊ ယခုအခါ၌။ မောဂ္ဂလာနံ၊ မောဂ္ဂလာန်ကို။ သက္ခိံ လဘိတွာ၊ သက်သေရ၍။ ကထေမိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဘိက္ခုဟိ၊ ရဟန်းတို့သည်။ တဿ၊ ထိုစပေါ်ကြီးပြိတ္တာ၏၊ ပုဗ္ဗကမ္မံ၊ ရှေးက ပြုအပ်သော။ မကောင်းမှုကံကို။ ပုဋ္ဌော၊ မေးအပ်သော ဘုရားသခင်သည်။ ဗျာကာသိ၊ ကြားတော်မူ၏။ ကဿပ ဗုဒ္ဓကာလေ၊ ကဿပမြတ်စွာဘုရား လက်ထက်တော်၌။ သုမင်္ဂလသေဋ္ဌိနာမ၊ သုမင်္ဂလ အမည်ရှိသော သေဋ္ဌေးသည်။ သုဝဏ္ဏိဋ္ဌကာဟိ၊ ရွှေအုဋ်တို့ဖြင့်။ ဘူမိံ၊ မြေကို။ သန္ထရိတွာ၊ ခင်း၍။ ဝီသတိ ဥသဘဋ္ဌာနေ၊ ဥသဘနှစ်ဆယ် အတိုင်းအရှည်ရှိသောအရပ်၌။ ဟတ္ထိကာနေ ဝ မနေန၊ ထိုဥသဘ နှစ်ဆယ် အတိုင်းအရှည်နှင့်လျော်သော ဥစ္စာဖြင့်သ လျှင် ဝိဟာရကိုကာရေတွာ၊ ပြုစေ၍။ တာဝတတ္တကေနေဝ၊ ထိုဥသဘနှစ်ဆယ် အတိုင်းအရှည်နှင့်လျော်သော ဥစ္စာဖြင့်သာလျှင်။ ဝိဟာရမဟံ၊ ကျောင်း ပူဇော်ခြင်းကို။ ကာရေသိ၊ ပြု၏။ သော၊ ထိုသုမင်္ဂလသေဋ္ဌေးသည်။ ကောဒိဝသံ၊ တနေ့ ၌။ ပါ ဟောဝ၊ စောစောကလျှင်။ သတ္ထု၊ ကဿပမြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ နဂရဒွါရေ၊ မြို့တံခါး၌။ ဧကံသာ သာလာယ၊ တရပ်သော ဇရပ်၌။ ကာသာဝံ၊ ပန်ရည်စွန်းသော ပုဆိုးကို။ သသီသံ၊ ဦးခေါင်းနှင့်တကွ။ ပါရုပိတွာ၊ ရုံ၍။ ကလလမက္ခိတေဟိ၊ ညွန်အလိမ်းအလိမ်း ကပ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ နိပ္ပန္နံ၊ အိပ်သော။ ဧကံ၊ တယောက်သော။ စောရံ၊ ခိုးသူကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသူကား။ ကလလမက္ခိတပါဒေါ၊ ညွန်အလိမ်းလိမ်းကပ်သော ခြေရှိ၏။ ရတ္တိံ၊ ညဉ့်၌။ ဝိစရိတွာ၊ သွားလာလှည့်ပတ်၍။ နိပ္ပန္နမနုဿော၊ အိပ်သောသူသည်။

ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ စောရော၊ ခိုးသူသည်။ မုခံ၊ မျက်နှာကို။ ဝိဝရိတွာ၊ ဖွင့်၍။ ယေဋ္ဌိ၊ သေဋ္ဌေးကို။ ဒိသွာဝ၊ မြင်၍သာလျှင်။ ဟောတု၊ ထိုသို့ဆိုသည်မှုလည်းဖြစ်စေ။ တေ၊ သင်အား။ ကတ္တဗ္ဗံ၊ ပြုဘွယ်ကို။ ဇာနိဿာမိ၊ သိရလတ္တံ့။ ဣတိ၊ ဤသို့။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ခေတ္တံ၊ လယ်ကို။ ဈာပေသိ၊ မီးတိုက်၏။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဝဇေ၊ခြံ၌။ ဂုန္နံ၊နွားတို့၏။ ပါဒေ၊ခြေတို့ကို။ ဆိန္ဒိ၊ ဖြတ်၏။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဂေဟံ၊ အိမ်ကို။ ဈာပေသိ၊ မီးတိုက်၏။ သော၊ ထိုခိုးသူသည်။ တွေ-ကေနာပိ၊ ဤမျှဖြင့်လည်း။ ကောပံ၊ အမျက်ကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ တဿ၊ ထိုသေဋ္ဌေး၏။ စူဠုပဋ္ဌာကေန၊ အလုပ်အကျွေးငယ်နှင့်။ သဒ္ဓိံ၊ တကွ။ မိတ္တသန္ထဝံ ကတွာ၊ အဆွေခင်ပွန်းဖွဲ့သည်ကို ပြု၍။ တေ၊ သင်၏။ သေဋ္ဌိနော၊ သေဋ္ဌေးသည်။ ကိံ ပိယံ၊ အဘယ်ကို ချစ်မြတ်နိုး သနည်း။ ဣတိ၊ သို့။ ပဋိပုစ္ဆော၊ မေးအပ်သော အလုပ်အကျွေးငယ်သည်။ ။ (ပဋိပုစ္ဆိတွာ-လည်း အချို့ပါဌ်ရှိ၏။ "မေးသောကြောင့်"ဟု ဟိတ်အနက် ပေး လော။ ။ဂန္ဓကုဋိတော၊ဂန္ဓကုဋိမှ၊ အညံ၊ တပါးကို။ တဿ၊ ထိုသေဋ္ဌေးအား။ ပိယတရံ၊ လွန်စွာချစ်မြတ်နိုးခြင်းသည်။နတ္ထိ၊ မရှိ။ ဣတိ၊ဤသို့ဆို၏။ တံ၊ထိုဆိုသော စကားကို။ သုတွာ၊ ကြားသောကြောင့်။ ဟောတု၊ ထိုသို့ချစ်မြတ်နိုးသည်ဖြစ်စေ။ ဂန္ဓကုဋိံ၊ဂန္ဓကုဋိကို။ ဈာပေတွာ၊မီးတိုက်၍၊ ကောပံ၊အမျက်ကို။ နိဗ္ဗာပေဿာမိတိ၊ ငြိမ်းစေအံ့ဟူ၍။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိဋ္ဌေ၊ ဝင်သည်ရှိသော်၊ ပါနီယ ပရိဘောဇနီယ ဃဋေ၊ သောက်ရေ သုံးဆောင်ရေအိုး တို့ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိကို။ အဂ္ဂိံ အဒါသိ၊ မီးတိုက်၏။

သေဋ္ဌိ၊ သေဋ္ဌေးသည်။ဂန္ဓကုဋိ၊ ဂန္ဓကုဋိသည်။ဈာယတိကိရ၊ မီးလောင်သတတ်။ ဣတိ၊ ဤသို့၊ သုတွာ၊ ကြားလေသောကြောင့်။ အာဂစ္ဆန္တော။ လာသည်ရှိသော်။ ဈာမကာလေ၊ မီးလောင်သော အခါ၌။အာဂန္တွာ၊ လာလတ်၍။ ဂန္ဓကုဋိံ ဈာမံ၊ ဂန္ဓကုဋိ၌ မီးလောင်သည်ကို။ ဩလောကေန္တော၊ ကြည့်လသော်။ ဝါသဂ္ဂမတ္တံပိ၊ သားမြီးဖျားမျှလည်း။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းကို။ အကတွာ၊ မပြုမူ၍။ ဝါမဗာဟုံ၊ လက်ဝဲလက်ရုံးကို။သမိဉ္ဇိတွာ၊ ခွေ၍၊ ဒက္ခိဏေန ဟတ္ထေန၊ လကျာ လက်ဖြင့်။ မဟာအပ္ဖောဋနံ၊ သည်းစွာသော လက်ပမ်းပေါက် ခတ်ခြင်းကို။ အပ္ဖောဋေသိ၊ လက်ပမ်းပေါက် ခတ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေးကို။ သမီပေ၊ အနီး၌။ ဌိတာ၊ တည်ကုန်သော သူတို့သည်။ ပုစ္ဆိံသု၊ မေးကုန်၏။ သာမိ၊ အရှင်သေဋ္ဌေး။ ကသ္မာ၊အဘယ်ကြောင့်။ တွေကံ ဓနံ၊ ဤမျှလောက်သောဥစ္စာကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ကတာယ၊ ပြုအပ်သော။ ဂန္ဓကုဋိယာ၊ ဂန္ဓကုဋိကို။ ဈာမ

ကာလေ၊ မီးလောင်သောသခါ၌။ အပ္ပေါ်ကလေသိ၊ လက်ပမ်းပေါက် ခတ်သနည်း။ ဣတိ ပုစ္ဆိံသု၊ ဤသို့မေးကုန်၏။ သော၊ ထိုသေဋ္ဌေးသည်။ အာဟ၊ ဆို၏။ တာတာ၊ အချင်းမောင်တို့။ မေမယာ၊ ငါသည်။ ဧတ္တကံ၊ ဤမျှလောက်သော။ ကမ္မကတ္တာ၊ ကောင်းမှုကို ပြု၍။ အဂ္ဂိအာဒိဟိ၊ မီး အစရှိသည်တို့နှင့်။ အသာဓာရဏာ၊ မဆက်ဆံသော။ ဗုဒ္ဓသာသနေ၊ ဘုရားသခင် သာသနာတော်၌။ ဓနံ၊ ဥစ္စာကို။ နိဒဟိကုံ- နိဒဟနံ၊ သိုမှီးခြင်းကို။ လဒ္ဓံ၊ ရအပ်ပြီ။ ပုနပိ၊ တဖန်လည်း။ ဧတ္တကံ၊ ဤမျှလောက်သောဥစ္စာကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ သတ္ထု၊ မြတ်စွာဘုရား၏။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိကို။ ကာတုံ၊ ပြုခြင်းငှာ။ လဘိဿာမိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့။ တုဋ္ဌမာနသော၊ နှစ်လိုသောစိတ်ရှိသည် ဖြစ်၍။ အပ္ပေါ်ဋေသိ၊ လက်ပမ်းပေါက်ခတ်ပြီ။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သော၊ ထိုသေဋ္ဌေးသည်။ ပုန၊ တဖန်။ တတ္တကံ ဓနံ၊ ထိုမျှလောက်သောဥစ္စာကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိကို။ ကာရေတွာ၊ ပြုစေ၍။ ဝီသတိ သဟဿ ဘိက္ခုပရိဝါရဿ၊ နှစ်သောင်း အတိုင်းအရှည်ရှိသော ရဟန်းအပေါင်း ခြံရံလျက်။ သတ္ထုနော၊ မြတ်စွာဘုရားအား။ ဒါနံ၊ အလှူကို။ အဒါသိ၊ ပေးလှူ၏။

တံ၊ ထိုသေဋ္ဌေးကို။ ဒိသွာ၊ မြင်၍။ စောရော၊ ခိုးသူသည်။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ ဣမံ၊ ဤသေဋ္ဌေးကို။ အမာရေတွာ၊ မသတ်မူ၍။ နကို၊ မျက်နှာ မသာခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ နံ သက္ခိဿာမိ၊ မတတ်နိုင်အံ့။ ဟောကု၊ ထိုသို့ မတတ်နိုင်သည်မူလည်း ဖြစ်စေ။ နံ၊ ထိုသေဋ္ဌေးကို။ မာရေဿာမိ၊ သတ်အံ့။ ဣတိမနသိကတွာ၊ ဤသို့နှလုံးပြု၍။ နိဝါသန္တရေ၊ ဝတ်ရုံသော ပုဆိုးအကြား၌။ ဆုရိကံ၊ သန်လျက်ငယ်ကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိဟာရေ၊ ကျောင်း၌။ ဝိစရန္တောပိ၊ သွားလာသော်လည်း။ ဩကာသံ၊ အခွင့်ကို။ န လဘိ၊ မရ။ မဟာသေဋ္ဌိပိ၊ သေဋ္ဌေးကြီးသည်လည်း။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ ပတ်လုံး။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကေနပုရိသေန၊ ယောကျ်ားတယောက်သည်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ မမ၊ အကျွန်ုပ်၏။ ခေတ္တံ၊ လယ်ကို။ ဈာပိတံ၊ မီးတိုက် အပ်ပြီ။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဝဇော၊ ခြံ၌။ ဂုန္နံ၊ နွားတို့၏။ ပါဒါ၊ ခြေတို့ကို။ ဆိန္နာ၊ ဖြတ်ပြီ။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ မမ၊ ငါ၏။ ဂေဟံ၊ အိမ်ကို။ ဈာပိတံ၊ မီးတိုက်အပ်ပြီ။ ဣဒါနိ၊ ယခုအခါ၌။ ဂန္ဓကုဋိံပိ၊ ဂန္ဓကုဋိကိုလည်း။ တေနေဝ၊ ထိုသူပင်လျှင်။ ဈာပိတာ၊ မီးတိုက်အပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အဟံ၊ ငါသည်။ ဣဿိ ဒါနေ၊ ဤအလှူ၌။ ပဌမံ၊ ရှေးဦးစွာ။ ပတ္တိံ၊ အလှူအဘို့ကို။ တဿ၊ ထိုခိုးသူအား။ ဒမ္မိ၊ ပေး၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

သော၊ ထိုခိုးသူသည်။ တံ၊ ထိုစကားကို။ သုတွာ၊ ၍။ စောရော၊ ခိုးသူသည်။ ဝတ၊ စင်စစ်။ မေ မယာ၊ ငါသည်။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုသည်။ ဘာရိယံ၊ ဝန်လေး၏။ ဇေ၀၊ သို့။ အပရာဓကံ ကာရကော၊ အပြစ်ကို ပြုတတ်သော။ မယိ၊ ငါ၌။ ဣမဿ၊ ဤသေဋ္ဌေးအား။ ကောပမတ္တံပိ၊ အမျက်ထွက်ခြင်းမျှသည် လည်း။ နတ္ထိမရှိ။ ဣမသ္မိံပိ ဒါနေ၊ ဤအလှူ၌လည်း။ ပဌမံ၊ ရှေးဦးစွာ။ မယှံ မေဝ၊ လျှင်။ ပတ္တိံ၊ အလှူအဘို့ကို။ ဒေတိ၊ ပေး၏။ အဟံ၊ သည်။ ဣဒသ္မိံ၊ ဤသို့ သော သူကို။ ဒုဗ္ဘာမိ၊ ပြစ်မှား၏။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ပုရိသံ၊ ယောကျ်ားကို။ အခမာပေန္တဿ၊ မကန်တော့သော။ မေ၊ ငါ့အား။ ဒေဝဒဏ္ဍောပိ၊ နတ်မင်းဒဏ်သည်လည်း။ မေ မတ္ထကေ၊ ငါ့ထိပ်ထက်၌။ ပတေယျ၊ ကျရာ၏။ ဣတိစတွာ၊ ဤသို့ဆို၍။ သေဋ္ဌိဿ၊ သေဋ္ဌေး၏။ ပါဒမူလေ၊ ခြေရင်း၌။ နိပ္ပဇ္ဇိတွာ၊ ဝပ်၍။ သာမိ။ အရှင်သေဋ္ဌေး။ မေ၊ ငါ့အား၊ ခမာဟိ၊ သည်းခံပါလော့။ ဣတိ၊ သို့။ ဝတွာ၊ ဆိုသည်ရှိသော်။ ဣဒံ၊ ဤအမှုသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ သာမိ၊ ငါ့ရှင်သေဋ္ဌေး။ ဇဝံ၊ ဤသို့။ တွေကာံ၊ ဤမျှလောက်သော။ ကမ္မံ၊ အမှုကို။ မယာ၊ ငါသည်။ ကတံ၊ ပြုမိ၏။ တသ္မာ၊ ထိုကြောင့်။ မေ၊ ငါ့အား။ ခမာဟိ၊ သည်းခံပါလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုခိုးသူကို။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ မေ၊ ငါ့အား။ တယာ၊ သင်သည်။ တွေကာံ၊ ဤမျှလောက်သော။ ဣဒဥ္စိဒဥ္စ၊ ဤမည်ဤမည်သော အမှုကိုလည်း။ ကတံ၊ ပြုသလော။ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံကို။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ မယာ၊ ငါသည်။ အာမ ကတံ၊ သြော်ပြုမိ၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုသည်ရှိသော်၊ တွံ၊ ကို။ မယာ၊ ငါသည်။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဖူး။ ကသ္မာ၊ အဘယ်ကြောင့်။ မေ၊ ငါ့အား။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဇဝံ၊ ဤသို့။ အကာသိ၊ ပြုသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ သော၊ ထိုခိုးသူသည်။ ကောဒိဝသံ၊ တနေ့သ၌။ နဂရာ၊ ပြည်မှ။ နိက္ခမန္တန၊ ထွက်သော။ တေန၊ သင်သေဋ္ဌေး သည်။ ဝုတ္တဝစနံ၊ ဆိုအပ်သော စကားကို။ သာရေတွာ၊ အောက် မေ့စေ၍။ ဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ မေ၊ ငါ့အား။ ကောပေါ၊ အမျက်သည်။ ဥပ္ပါဒိတော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သေဋ္ဌိ၊ သေဋ္ဌေး သည်။ အတ္တနာ၊ မိမိသည်။ ဝုတ္တံ၊ ဆိုအပ်သော စကားကို။ ။(“ဝုတ္တဘာဝံ” ရှိမူ “ဆိုအပ်သော အဖြစ်ကို” ဟု ပေးလေ)။ ။သာရေတွာ၊ အောက်မေ့၍။ တာတ၊ ငါ့သား။ မယာ၊ ငါသည်။ အာမ ဝုတ္တံ၊ သြော်ဆို၏။ တံ၊ ထိုအပြစ်ကို။ မေ၊

ငါ့အား။ ခမာဟိ၊ သည်းခံလော့။ ဣတိ၊ ဤသို့။ စောရံ၊ ခိုးသူကို။ ခမာပေတွာ၊ သည်းခံစေ၍။ တာတ၊ ငါ့သား။ ဥဋ္ဌေဟိ၊ ထလော့၊ တေ၊ သင်အား။ ခမာမိ၊ သည်းခံ၏။ တာတ၊ အမောင်။ ဂစ္ဆ၊ သွားလေတော့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်၏။ သာမိ၊ အရှင်သေဋ္ဌေး။ မေ၊ ငါ့အား။ သခေ ခမသိ၊ အကယ်၍ သည်းခံသည် ဖြစ်အံ့။ သပုတ္တဒါရံ၊ သားမယားနှင့်တကွ။ မံ၊ ငါ့ကို။ ဂေဟေ၊ ရှင်သေဋ္ဌေးအိမ်၌။ ဒါသံ၊ ကျွန်ကို။ ကရောဟိ၊ ပြုပါလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ တာတ၊ အမောင်။ တွံ၊ သင့်ကို။ မယာ၊ ငါသည်။ ဧတ္တကေ၊ ဤမျှလောက်သော စကားကို။ ကထိတေ၊ ဆိုသည်ရှိသော်။ ဝေရုပ္ပံ၊ ဤသို့ သဘောရှိသော ဆေဒနံ၊ ဖြတ်ခြင်းကို။ အကာသိ၊ ပြု၏။ ဂေဟေ၊ အိမ်၌။ ဝသန္တေန ပန၊ နေသဖြင့်ကား။ သဗ္ဗံ၊ ကွ။ ကိဉ္စိ၊ တစုံတခုကို။ ကထေတုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ သင်သည်။ မေ၊ ငါ၏။ ဂေဟေ၊ အိမ်၌။ ဝသန္တေန၊ နေသဖြစ်။ ကိစ္စံ၊ ကိစ္စသည်။ နအတ္ထိ၊ မရှိ။ တေ၊ သင်အား။ ခမာမိ၊ သည်းခံ၏။ တာတ၊ အမောင်။ ဂစ္ဆ၊ သွားလေ။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

စောရော၊ ခိုးသူသည်။ တံကမ္မံ၊ ထိုအမှုကို။ ကတွာ၊ ပြု၍။ အာယုပရိယောသာနေ၊ အသက်၏အဆုံး၌။ အဝီစိမှိ၊ အဝီစိငရဲ၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ တတ္ထ၊ ထိုအဝီစိငရဲ၌။ ပစိတွာ၊ ကျက်၍။ ဝိပါကာဝသေသေန၊ အဝီစိ၌ ခံပြီးသည်မှ ကြွင်းသောအကျိုးဖြင့်။ ဣဒါနိ၊ ယခုအခါ၌။ ဂိဇ္ဈကူဋ ပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်၌။ ပစ္စတိ၊ ကျက်၏။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝတိ၊ ခံစားရ၏။ ဧဝံ၊ ဤသို့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုပေါ်ကြီး ပြိတ္တာ၏။ ပုဗ္ဗကမ္မံ၊ ရှေးပြုအပ်သောမကောင်းမှုကံကို။ ကထေတွာ၊ မိန့်တော်မူ၍၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဗာလာနာမ၊ သူမိုက်တို့ မည်သည်ကား။ ပါပါနိ၊ ယုတ်မာကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကရောန္တာ၊ ပြုသည်ရှိသော်။ နဗုဇ္ဈန္တိ၊ မသိကုန်။ ပစ္ဆာ ပန၊ နောက်မှကား။ အတ္တနာ၊ မိမိသည်။ ကတကမ္မဟိ၊ ပြုအပ်သော ကံတို့သည်၊ ဍယှန္တော၊ လောင်သည်ရှိသော်။ အတ္တနာဝ၊ မိမိသည် ပင်လျှင်။ အတ္တနော၊ မိမိ၏။ ဒါရုဂ္ဂိသဒိသာ၊ တောမီးနှင့် အတူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၃၆။ ။ဘိက္ခဝေ၊ ရဟန်းတို့ ။ ။(ဒေသနာလုပ်ယည့်သည်)။ ။ဗာလော၊ မလိမ္မာသော သူသည်။ ပါပါနိ၊ ယုတ်မာကုန်သော။ ကမ္မာနိ၊ အကုသိုလ်ကံတို့ကို။ အထ ကရံ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ န ဗုဇ္ဈတိ၊ အကျိုးကိုမသိ။ ဒုမ္မေဓော၊

ပညာမရှိသောသူသည်။ သေဟိ၊ မိမိဥစ္စာဖြစ်ကုန်သော။ ကမ္မေဟိ၊ အကုသိုလ်ကံတို့ဖြင့်။ အဂ္ဂိဒဍ္ဎောဝ၊ ကမ္ဘာပျက် မီးလောင် သကဲ့သို့။ နိရယေ၊ ငရဲ၌။ ။ (နိရယေ-ကား အာဓာရထည့်သည်)။ ။တပ္ပတိ၊ ပူပန်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

တတ္ထ တိဿံ ဂါထာယံ၊ ထိုဂါထာ၌။ အထပါပါနီတိ၊ အထပါပါနိဟူသည်ကား၊ ဗာလော၊ မလိမ္မာသော သူသည်။ ကောဓဝသေန၊ အမျက်၏ အစွမ်းအားဖြင့်။ ပါပါနိ၊ ယုတ်မာကုန်သော အကုသိုလ်ကံတို့ကို။ ကေဝလံ၊ သက်သက်။ ကရောတိ၊ ပြုဆဲကို။ န ဗုဇ္ဈတိ၊ မသိသည်ကား။ နံ၊ မဟုတ်သေး။ ကရောန္တောပိ ပန၊ ပြုပြီး၍ကား။ န ဗုဇ္ဈတိ၊ မသိ။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ပါပံ၊ မကောင်းမှုကို၊ ကရောန္တောစ၊ ပြုပြီးသော်လည်း။ ပါပံ၊ မကောင်းမှုကို။ ကရောမီတိ၊ ပြုမိ၏ဟူ၍။ အဗုဇ္ဈနကောနာမ၊ မသိသောသူမည်သည်။ နတ္ထိ၊ မရှိ။ ဣမဿ ကမ္မဿ၊ ဤအကုသိုလ်ကံ၏။ ဝိပါကော၊ အကျိုးသည်။ ဧဝရူပေါနာမ၊ ဤသို့သဘောရှိသည်မည်၏။ ဣတိ၊ ဤသို့။ အဇာနနတာယ၊ မသိသည်၏အဖြစ်ကြောင့်။ နဗုဇ္ဈတီတိ၊ နဗုဇ္ဈတိဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ သေဟီတိ၊ သေဟိဟူသည်ကား။ သော ဒုမ္မေဓော နိပ္ပညော ပုဂ္ဂလော၊ ထိုပညာမရှိသော ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ သန္တကေဟိ၊ ဥစ္စာဖြစ်ကုန်သော။ တေဟိ ကမ္မေဟိ၊ ထိုအကုသိုလ်ကံတို့ဖြင့်။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ အဂ္ဂိဒဍ္ဎောဝ၊ ကမ္ဘာပျက် မီးလောင်သကဲ့သို့။ တပ္ပတိ၊ ကျက်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်၏ အဆုံး၌။ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဆဋ္ဌ၊ သော။ အဇဂရပေတဝတ္ထု၊ သည်။
ဣတိသမတ္တော၊ ပြီးပြီ။

——— ● ———

၁၀—ဒဏ္ဍဝဂ္ဂ။ ၇—မဟာမောဂ္ဂလာနတ္ထေရဝတ္ထု။

(စပါးကြီးပြိတ္တာ၏ ဝတ္ထု၌ ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ရှင်မောဂ္ဂလာန် ဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သော "ယောဒဏ္ဍေန" အစရှိသော သုံးဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယောဒဏ္ဍေန" အစရှိသောပါဠိကို မိန့်သတည်း)။

"ယောဒဏ္ဍေနာ"တိ ဣမံ ဓမ္မဒေသနံ၊ ယောဒဏ္ဍေန-စသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ မဟာမောဂ္ဂလာနတ္ထေရံ၊ မဟာမောဂ္ဂလာန်မထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ တိတ္ထိယာ၊ တိတ္ထိတို့သည်။ သန္နိပတိတွာ၊ စည်းဝေးကုန်၍။ စိန္တေသုံ၊ ကြံကြကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမအား။ လာဘသက္ကာရော၊ လာဘ်ပူဇော်သက္ကာသည်၊ မဟာဟုတွာ၊ များသည်ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်သည်ကို။ ဇာနာထ၊ သိကုန်၏လော။ ဣတိ၊ ဤသို့။ မုစ္စိံသု၊ မေးကုန်၏။ မယံ၊ ငါတို့သည်။ န ဇာနာမ။ မသိကုန်။ တုမှေ ပန၊ သင်တို့သည်ကား။ ဇာနာထ၊ သိပါကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိံ၊ မေး၏။ အာမ ဇာနာမ၊ ပြော်သိပါကုန်၏။ ဧကံ မဟာမောဂ္ဂလာန်နာမ၊ မဟာမောဂ္ဂလာန်မည်သော မထေရ်တပါးသို့။ နိဿာယ၊ မှီ၍။ ဥပ္ပန္နော၊ ဖြစ်၏။ ဟိ၊ ထိုစကား သင့်စွ။ သော၊ ထိုမောဂ္ဂလာန်သည်။ ဒေဝလောကံ၊ နတ်ပြည်သို့။ ဂန္တွာ၊ သွား၍။ ဒေဝတာဟိ၊ နတ်တို့သည်။ ကတကမ္မံ၊ ပြုအပ်သော ကုသိုလ်ကံကို။ ပုစ္ဆိတွာ၊ မေး၍။ အာဂန္တွာ၊ လာ၍။ မနုဿာနံ၊ လူတို့အား။ ကထေသိ၊ ပြောဟော၏။ ဣဒံနာမ၊ ဤမည်သော ကုသိုလ်ကံကို။ ကတွာ၊ ပြု၍။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ လဘန္တိ၊ ခံစားရကုန်၏။ ဣတိ၊ ဤသို့။ ကထေသိ၊ ဆို၏။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တာနံပိ၊ ဖြစ်ကုန်သော သူတို့အားလည်း။ ကမ္မံ၊ အကုသိုလ်ကံကို။ ပုစ္ဆိတွာ၊ မေး၍။ အာဂန္တွာ၊ လာ၍။ မနုဿာနံ၊ လူတို့အား။ ကထေသိ၊ ပြောဟော၏။ ဣဒံနာမ၊ ဤမည်သော အကုသိုလ်ကံကို။ ကတွာ၊ ပြု၍။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝန္တိ၊ ခံစားရကုန်၏။ ဣတိ၊ ဤသို့။ ကထေသိ၊ ပြောဟော၏၊ မနုဿာ၊ လူတို့သည်။ တဿ၊ ထိုရှင်မောဂ္ဂလာန်၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ မဟန္တံ၊ များစွာသော။ လာဘသက္ကာရံ၊ လာဘ်ပူဇော်သက္ကာရကို။ အဘိဟရန္တိ၊ ဆောင်ကုန်၏။ တံ၊ ထိုမောဂ္ဂလာန်ကို။ မာရေယျာမ၊ သတ်အံ့သောငှါ။ သစေ သက္ခိဿာမ၊ အကယ်၍ တတ်နိုင်ကုန်အံ့၊ သော လာဘသက္ကာရော၊ ထိုလာဘ်သက္ကာရသည်။ အမှာကံ၊ ငါတို့အား။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ စိန္တေသုံ၊ ကြံကြကုန်၏။

တေ၊ ထိုတိတ္ထိတို့သည်။ ဧသော ဥပါယော၊ ဤအကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ သမ္မာ၊ ခပ်သိမ်းကုန်သော တိတ္ထိတို့သည်။ ဧကစ္ဆန္ဒာ၊ ဗှု

သောဆန္ဒရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ယံ ကိဉ္စိ၊ အမှတ်မရှိ တခုခုကို။ ကတွာ၊ ပြု၍။ တံ၊ ထိုမောဂ္ဂလာန်ကို။ မာရာပေဿာမ၊ သတ်စေကုန်အံ့။ ဣတိ၊ ဤသို့။ အတ္တနော၊ မိမိ၏။ ဥပဋ္ဌာကေ၊ အလုပ်အကျွေးဖြစ်ကုန်သောသူတို့ကို။ သမာဒပေတွာ ပန၊ တောင်း၍ကား။ သဟဿံ၊ အသပြာတထောင်ကို။ လဘိတွာ၊ ရ၍။ ပုရိသဃာတကမ္မံ၊ ယောကျ်ားကို သတ်သောအမှုကို။ ကတွာ၊ ပြု၍။ စရန္တေ၊ လှည့်လည် သွားလာကုန်သော။ စောရေ၊ ခိုးသူတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ မဟာမောဂ္ဂလာန ထေရောနာမ၊ မဟာမောဂ္ဂလာန် မထေရ်သည်။ကာလသိလာယံ၊ ကျောက်ညိုဖြင့် ပြီးသောလိုဏ်၌။ ဝသတိ၊ နေ၏။ တတ္ထ၊ ထိုကျောက်ညိုဖြင့်ပြီးသော လိုဏ်သို့။ ဂန္တွာ၊ သွား၍။ တံ၊ ထိုမထေရ်ကို။ မာရေထ၊ သတ်ပုတ်ကုန်လော့။ ဣတိ၊ ဤသို့။ တေသံ၊ ထိုသူခိုးတို့အား။ ကဟာပဏေ၊ အသပြာတို့ကို။ အဒံသု၊ ပေးကုန်၏။ စောရာ၊ ခိုးသူတို့သည်။ ဓနလောဘေန၊ ဥစ္စာ၌ တပ်မက်မောသဖြင့်။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ ထေရံ၊ မောဂ္ဂလာန်မထေရ်ကို။ မာရေဿာမ၊ သတ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဂန္တွာ၊ သွား၍။ တဿ၊ ထိုမောဂ္ဂလာန်မထေရ်၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ပရိဝါရေသုံ၊ ခြံရံကုန်၏။ ထေရော၊ မောဂ္ဂလာန်မထေရ်သည်။တေဟိ၊ထိုသူခိုးတို့သည်။ပရိက္ခိတ္တဘာဝံ၊ခြံရံသော အဖြစ်ကို။ ဉတွာ၊ သိ၍။ကုဉ္စိကဆိဒ္ဒေန၊ သံကောက်ပေါက်ဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ ပက္ကာမိ၊ ဘဲလေ၏။ တေ စောရာ၊ ထို သူခိုးတို့သည်။ တံ ဒိဝသံ၊ ထိုနေ့၌။ ထေရံ၊ မထေရ်ကို။ အဒိသွာ၊ မမြင်၍။ ပုန၊ တဖန်။ ဧကဒိဝသံ၊ တနေ့သ၌။ ဂန္တွာ၊ သွား၍။ ပရိက္ခိံသု၊ ခြံရံကုန်၏။ ထေရော၊ မောဂ္ဂလာန် မထေရ်သည်၊ ဉတွာ၊ သိ၍။ ကဏ္ဏိကမဏ္ဍလံ၊ အချွက်ဝန်းကို။ ဘိန္ဒိတွာ၊ ဖောက်၍။ အာကာသံ၊ ကောင်းကင်သို့။ ပက္ခန္ဒိ၊ ပျံထွက်၏။ ဧဝံ၊ ဤသို့။ တေ၊ ထိုခိုးသူတို့သည်။ ပဌမမာသေပိ၊ ရှေးဦးစွာသော ကာလ၌ရင်း။ မဇ္ဈိမမာသေပိ၊ အလယ်ဖြစ်သောလ၌ရင်း။ ထေရံ၊ မောဂ္ဂလာန်မထေရ်ကို။ ဂဟေတုံ၊ ဘမ်းယူအံ့သောငှါ။နာသက္ခိံသု၊ မတတ်နိုင်ကုန်။

ပစ္ဆိမမာသေ ပန၊ အဆုံးဖြစ်သော လသည်ကား။ သမ္ပတ္တေ၊ ရောက်လတ်သော်။ထေရော၊ မထေရ်သည်။ အတ္တနာ၊ မိမိသည်။ ကတကမ္မဿ၊ ပြုအပ်သော မကောင်းမှု၏။ အာကၖိုတဘာဝံ၊ ဆွဲငင်သော အဖြစ်ကို။ ဉတွာ၊ သိ၍။ နအပဂစ္ဆိ၊ မဘဲသွား။ စောရာ၊ ခိုးသူတို့သည်။ ဂန္တွာ၊ သွား၍။ ထေရံ၊ မောဂ္ဂလာန်မထေရ်ကို။ ဂဟေတွာ၊ ဘမ်း၍။ တဏ္ဍုလ ကဏမတ္တာနိဝိယ၊ ဆန်ကွဲ ဆန်ညွာတို့ကဲ့သို့။ အဋ္ဌီနိ၊ အရိုးတို့ကို။ ကရောန္တာ၊ ပြုကုန်လျက်၊ ဘိန္ဒိံသု၊ ချိုးကုန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမောဂ္ဂလာန်မထေရ်ကို။ မတောတို့ သညာယ၊ သေပြီ

ဟူသောအမှတ်ဖြင့်။ ကေသိ ဂုမ္ဗပိဋ္ဌေ၊ တခုသော ချုံထက်၌။ ခိပိတွာ၊ ပစ်၍။ ပက္ကမိံသု၊ ဘဲလေကုန်၏။ ထေရော၊ မောဂ္ဂလာန်မထေရ်သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပဿိတွာဝ၊ ဖူးမြင်၍သာလျှင်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်ပြုအံ့။ ဣတိ၊ ဤသို့။ အတ္တဘာဝံ၊ အတ္တဘောကို။ ဈာနဝေဌနေန၊ ဈာန်၏ ရစ်ပတ်ခြင်းဖြင့်။ ဝေဌေတွာ၊ ရစ်ပတ်၍။ ထိရံ၊ မြဲမြံစွာ။ ကတွာ၊ ပြု၍။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွားလေ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်ပြုပါအံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ပရိနိဗ္ဗာယိဿသိ၊ ပရိနိဗ္ဗာန်ပြုအံ့လော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဟုတ်ပါ၏ ပရိနိဗ္ဗာန်ပြုပါအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ကတ္ထ၊ အဘယ်အရပ်သို့။ ဂန္တွာ၊ သွား၍။ ပရိနိဗ္ဗာယိဿသိ၊ ပရိနိဗ္ဗာန်ပြုအံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ကာဠသိလာပဒေသံ၊ ကျောက်ညို ဖြင့်ပြီးသော လိုဏ်ရှိရာအရပ်သို့။ ဂန္တွာ၊ ၍။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်ပြုပါအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား၊ မယှံ၊ ငါ့အား။ ဓမ္မံ၊ တရားကို။ ကထေတွာ၊ ဟော၍။ ယာဟိ၊ သွားလေလော့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ တာဒိသဿ၊ ထိုသို့ သဘောရှိသော။ မေ၊ ငါ၏။ သာဝကဿ၊ သာဝကဿ၊ ပါပဉ့်ကို။ ဣဒါနိ၊ ယခုအခါ၌။ ဒဿနံ၊ မြင်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

သော၊ ထို မောဂ္ဂလာန်မထေရ်သည်။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့ မိန့်တော်မူတိုင်း။ ကရိဿာမိ၊ ပြုပါအံ့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ မြတ်စွာဘုရား ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အာကာသေ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံတက်၍။ သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာမထေရ်သည်။ ပရိနိဗ္ဗာနဒိဝသေဝိယ၊ ပရိနိဗ္ဗာန် ပြုသောနေ့၌ကဲ့သို့။ သော၊ ထို မောဂ္ဂလာန် မထေရ်သည်။ နာနပ္ပကာရာ၊ အထူးထူးအပြားပြား ရှိကုန်သော။ ဣဒ္ဓိယော၊ တန်ခိုးတို့ကို။ ကတွာ၊ ဘန်ဆင်း၍။ ဓမ္မံ၊ တရားကို။ ကထေတွာ၊ ဟော၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို၊ ဝန္ဒိတွာ၊ ရှိခိုး၍။ ကာဠသိလာယအဋ္ဌဝိ၊ ကျောက်ညိုဖြင့်ပြီးသော လိုဏ်ရှိသော တောအုပ်သို့။ ဂန္တွာ၊ သွား၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ ထေရံ၊ မထေရ်ကို။ စောရာ၊ ခိုးသူတို့သည်။ မာရေသုံ ကိရ၊ သတ်ကုန်သတတ်၊ ဣတိအယံပိ ကထာ၊ ဤစကားသည်လည်း။ သကလဇမ္ဗုဒီပံ၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်သို့။

ပတ္တရိ၊ ပြန့်၏။ ရာဇာ အဇာတသတ္တု၊ အဇာတသတ်မင်းသည်။ စောရေ၊ ခိုးသူတို့ကို။ ပရိယေသနတ္ထာယ၊ ရှာအံ့သောငှါ။ စရပုရိသေ၊ သူလျှိုအရာ၌ လိမ္မာကုန်သော ယောကျ်ားတို့ကို။ ပယောဇေသိ၊ လွှတ်၏။ တေသုပိ စောရေသု၊ ထိုသူခိုးတို့သည်လည်း။ သုရာပါနေ၊ သေတင်းကုတ်၌။ သုရံ၊ သေကို။ ပိဝန္တေသု၊ သောက်ကုန်သည်ရှိသော်။ ဧကော၊ တယောက်သော ခိုးသူသည်။ ဧကဿ၊ တယောက်သောခိုးသူ၏။ ပိဋ္ဌိံ၊ ကျောက်ကုန်းကို။ ပဟရိတွာ၊ ပုတ်ခတ်၍။ ပါတေသိ၊ လည်းစေ၏။ သော၊ ထို ပုတ်ခတ်အပ်သော ယောကျ်ားသည်။ တံ၊ ထို ပုတ်ခတ်တတ်သော ယောကျ်ားကို။ သန္တဇ္ဇိတွာ၊ ခြိမ်း၍။ အမ္ဘောဒုဋ္ဌနိတာ၊ အိုသူယုတ်မာ။ တွံ၊ သင်သည်။ ကသ္မာ ပန၊ အဘယ်ကြောင့်။ မေ၊ ငါ၏။ ပိဋ္ဌိ၊ ကျောက်ကုန်းကို ပုတ်ခတ်၍။ ပါတေသိ၊ လည်းစေဘိသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဟရေ ဒုဋ္ဌစောရ၊ ဟယ် ခိုးသူယုတ်။ တယာ၊ သင်သည်။ မဟာမောဂ္ဂလာနတ္ထေရော၊ မဟာမောဂ္ဂလာန်မထေရ်ကို။ ပဌမံ၊ ရှေးဦးစွာ။ ပဟရန္တော ကိံ ပန၊ ပုတ်ခတ်သလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မယာ၊ ငါသည်။ ပဟဋဘာဝံ၊ ပုတ်ခတ်သော အဖြစ်ကို။ တွံ၊ သင်သည်။ န ဇာနာသိ ကိံ ပန၊ မသိသလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မယာ၊ ငါသည်။ ပဟရန္တော၊ ပုတ်ခတ်၏။ မယာ၊ ငါသည်။ ပဟရန္တော၊ ပုပ်ခတ်၏။ ဣတိ၊ ဤသို့။ ဝဒန္တာနံ၊ ဆိုကုန်သော။ နေသံ၊ ထို ခိုးသူတို့၏။ ဣတိတိ ဝေါဝစနံ၊ ဤစကားကို။ သုတွာ၊ ကြား၍။ တေ စရပုရိသာ၊ ထိုသူလျှိုအရာ၌ လိမ္မာကုန်သော ယောကျ်ားတို့သည်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ စောရေ၊ ထိုခိုးသူတို့ကို။ ဂဟေတွာ၊ ဘမ်း၍။ ရညော၊ အဇာတသတ်မင်းအား။ အာရောစေသုံ၊ ကြားကုန်ရာ၏။

ရာဇာ၊ အဇာတသတ်မင်းကြီးသည်။ စောရေ၊ ခိုးသူတို့ကို။ ပက္កောသာပေတွာ၊ ခေါ်စေ၍။ ပုစ္ဆိ၊ မေး၏။ တုမှေဟိ၊ သင်တို့သည်။ ထေရော၊ မောဂ္ဂလာန်မထေရ်ကို။ မာရိတော၊ သတ်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဒေဝ၊ အရှင်မင်းကြီး။ အာမ၊ ဟုတ်သည် သတ်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ကေန၊ အဘယ်သူသည်။ တုမှေ၊ သင်တို့ကို။ ဥယျောဇိတာ၊ တိုက်တွန်းကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဒေဝ၊ အရှင်မင်းကြီး။ နဂ္ဂသမဏကေဟိ၊ အဝတ် မဝတ်ကုန်သော ရဟန်းယောင်တို့သည်။ ဥယျောဇိတာ၊ တိုက်တွန်းအပ်ကုန်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ရာဇာ၊ အဇာတသတ်မင်းသည်။ ပဉ္စသတေ၊ ငါးရာ အတိုင်းအရှည်ရှိကုန်သော။ နဂ္ဂသမဏကေ၊ အဝတ် မဝတ်ကုန်သော ရဟန်းယောင်တို့ကို။ ဂါဟာပေတွာ၊ ဘမ်းစေ၍။ ပဉ္စသတေဟိ၊ ငါးရာ အတိုင်းအရှည်ရှိကုန်သော။ စောရေဟိ၊ ခိုးသူတို့နှင့်။ သဒ္ဓိံ၊ တကွ။

ရာဇင်္ဂဏေ၊ မင်းယင်ပြင်၌။ နာဘိပမာဏေသု၊ ချက်အဖတိုင်းအရှည်ရှိကုန်သော။ အာဝါဋေသု၊ တွင်းတို့၌။ နိခဏာပေတွာ၊ မြှုပ်စေ၍။ ပလာလေဟိ၊ ကောက်ရိုးတို့ဖြင့်။ ပဋိစ္ဆာဒါပေတွာ၊ ဖုံးလွှမ်းစေ၍။ အဂ္ဂိံ ဒါပေသိ၊ မီးတိုက်စေ၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထို ရဟန်းယောင် ခိုးသူတို့၏။ ဈာမဘာဝံ၊ မီးလောင်သောအဖြစ်ကို။ ဉတွာ၊ သိ၍။ အယနင်္ဂလေဟိ၊ သံထွန်သွားဝပ်ကုန်သော သံထွန်းတုံးတို့ဖြင့်။ ကသာပေတွာ၊ ထွန်စေ၍။ သဗ္ဗေ၊ အလုံးစုံကုန်သော ရဟန်းယောင် ခိုးသူတို့ကို။ ခဏ္ဍာခဏ္ဍိကံ၊ အပိုင်းအပိုင်း။ ကာရာပေသိ၊ ပြုစေ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ မဟာ မောဂ္ဂလ္လာနတ္ထေရော၊ မဟာမောဂ္ဂလ္လာန်မထေရ်သည်။ အတ္တနော၊ မိမိ၏။ အနနုရူပမေဝ၊ မလျောက်ပတ်သည်သာလျှင်ဖြစ်သော။ မရဏံ၊ သေခြင်းသို့။ ပတ္တော၊ ရောက်၏။ ဣတိ၊ ဤသို့၊ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ လာတော်မူလတ်၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခု ငါလာဆဲခဏ၌။ ကာယကထာယ၊ အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးတော်မူသောကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သောစကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်ပေသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာမောဂ္ဂလ္လာနေန၊ မဟာမောဂ္ဂလ္လာန်သည်။ အတ္တနော၊ ၏။ မရဏံ၊ သို့။ ပတ္တံ၊ သည်။ ဣမသ္မိံ အတ္တဘာဝသ္မိံ၊ ဤအတ္တဘောအားသာလျှင်။ အနနုရူပံ၊ မလျောက်ပတ်။ ပန၊ မလျောက်ပတ်သည်မှ တပါး လျောက်ပတ်သည်ကို ဆိုအံ့။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ဧသ၊ ထိုမောဂ္ဂလ္လာန်သည်။ ကတဿ ကမ္မဿ၊ ပြုအပ်သော မကောင်းမှုကံအား။ အနုရူပမေဝ၊ လျော်စွာသာလျှင်ဖြစ်သော။ မရဏံ၊ သေခြင်းသို့၊ ပတ္တော၊ ရောက်ပြီ။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အဿ၊ ထိုမောဂ္ဂလ္လာန်၏။ ပုဗ္ဗကမ္မံ၊ ရှေး၌ ပြုအပ်သော မကောင်းမှုကံသည်။ ကိံ ပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတော၊ မေးအပ်သော မြတ်စွာဘုရားသည်။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟောတော်မူ၏။

အတီတေ၊ လွန်လေပြီးသော အခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌ နေသော။ ဧကော ကုလပုတ္တော၊ တယောက်သော ကုလပုတ္တသည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ကောဋ္ဋနပစနာဒီနိ၊ မောင်းထောင်းခြင်း ထမင်းချက်ခြင်း အစရှိသော အမှုတို့ကို။ ကရောန္တော၊ ပြုလျက်။ မာတာပိတရော၊ အမိအဘတို့ကို။ ပဋိဇဂ္ဂိ ကိရ၊ လုပ်ကျွေး သတတ်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကုလပုတ္တ၏။

ပာတာပိတရောပိ၊ အမိ အဘ တို့သည်လည်း။ နံ၊ ထိုကုလပုတ္တကို။ အာဟံသု၊
ဆိုကုန်၏။ တာတ၊ ချစ်သား။ တွံ၊ သင်သည်။ ဧကကောဝ၊ တယောက်တည်း
သာလျှင်။ဂေဟေ၊ အိမ်၌ရှင်း၊ အရညေ၊ တော၌ရှင်း။ ကမ္မံ၊အမှုကို။ကရောန္တော၊
ပြုသည်ရှိသော်။ ကိလမသိ၊ ပင်ပန်း၏။တေ၊ သင်အား။ ကော ကုမာရိကံ၊တယောက်
သော သတို့သမီးကို။ အာနေဿာမ၊ ဆောင်ကုန်အံ့။ ဣတိ၊ဤသို့၊ ဝတွာ၊ဆိုသော
ကြောင့်။ ကုလပုတ္တော၊ အမျိုးသားသည်။ အမ္မတာတ၊ အိုမိခင်ဘခင်တို့။ မယှံ၊
ငါ့အား။ ဧဝရူပေန၊ ဤသို့သော အိမ်ရာထောင်ခြင်း သဘောဖြင့်။ န အတ္ထော၊
အလိုမရှိ။ အဟံ၊ ငါသည်။ ယာဝ၊ အကြင်မျှလောက်။ တုမှေ၊ သင်တို့သည်။
ဇီဝထ၊ အသက်ရှည်ကုန်၏။ တာဝ၊ ထိုမျှလောက်။ ဝေါ၊ သင်တို့အား။သဟတ္ထာ။
မိမိလက်ဖြင့်။ ဥပဋ္ဌဟိဿာမိ၊ လုပ်ကျွေးပါအံ့။ ဣတိ၊ ဤသို့။ တေန၊ ထိုကုလပုတ္တ
သည်။ ပဋိက္ခိတ္တာ၊ ပယ်သောကြောင့်။ပုနပ္ပုနံ၊ အဘန်တလဲလဲ။တံ၊ထိုကုလပုတ္တကို။
ယာစိတွာ၊ တောင်းပန်၍။ ကုမာရိကံ၊ သတို့သမီးကို။ အာနယိံသု၊ ဆောင်ကုန်၏။
သာ၊ ထိုချွေးမဖြစ်သော သတို့သမီးသည်။ ကတိပါဟမေဝ၊ နှစ်ရက် သုံးရက်
သာလျှင်။ တေ၊ ထိုမိဘ ဖြစ်သော ယောက္ခမ တို့ကို။ ဥပဋ္ဌာပေတွာ၊ လုပ်
ကျွေး၍။ ပစ္ဆာ၊ နောက်၌။ တေသံ၊ ထိုယောက္ခမတို့အား။ ဒဿနံပိ၊ မြင်ခြင်း
ကိုလည်း။ အနိစ္ဆန္တိ၊ အလိုမရှိ မူ၍။ တဝ၊ သင်၏ မာတာပိတူဟိ၊ အမိအဘ
တို့နှင့်။ သဒ္ဓိံ၊ တကွ။ ကေဋ္ဌာနေ၊ တခုတည်းသော အရပ်၌။ ဝသိတုံ၊ နေခြင်း
ငှာ။ နသက္ကာ၊ မတတ်နိုင်။ ဣတိ၊ ဤသို့။ ဥဇ္ဈာယိတွာ၊ ငြူစူစောင်းမြောင်း
၍။ တသ္မိံ၊ ထိုကုလပုတ္တသည်။ အတ္တနော၊ မိမိ၏။ ကထံ၊ စကားကို။
အဂဏှန္တေ၊ မယူသည်ရှိသော်။ တဿ၊ ထိုကုလပုတ္တ၏။ ဗဟိဂတကာလေ၊ အပသို့
သွားသော ကာလ၌။ မကစိပါကဆေဠာနိစ၊ သင်ပန်းလျှော်ပိုင်းတို့ကိုရင်း။ ယာဂု
ဖေဏဉ္စ၊ ယာဂုမြှုပ်ကိုရင်း။ ဂဟေတွာ၊ ယူ၍။ တတ္ထတတ္ထ၊ ထိုထိုသော အရပ်၌။
အာကိရိတွာ။ ကြဲ၍။ တေန၊ ထိုကုလပုတ္တသည်။ အာဂန္တွာ၊ လာလတ်၍။ ဣဒံ၊
ဤအမှုသည်။ ကိံ၊ အဘယ်သူ၏ အမှုနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊မေးလတ်သော်။
အာဟ၊ ဆို၏။ ဧတံ၊ ထိုအမှုသည်။ ဣမေသံ အန္ဓမဟလ္လကာနံ၊ ဤသူကန်းအိုကြီး
တို့၏။ ကမ္မံ၊ အမှုတည်း။ သဗ္ဗံ၊ အလုံးစုံသော။ဂေဟံ၊ကို။ ကိလိဋ္ဌံ၊ ညစ်ညူးသည်ကို။
ကရောန္တော၊ ပြုလျက်။ ဝိစရန္တိ၊ သွားလာကုန်၏။ ဧတေဟိ၊ ဤသူကန်းအိုတို့နှင့်။
သဒ္ဓိံ၊ တကွ။ကေဋ္ဌာနေ၊ တခုတည်းသော အရပ်၌။ ဝသိတုံ၊ နေခြင်းငှာ။ နသက္ကာ၊
မတတ်နိုင်။ ဣတိဧဝံ၊ ဤသို့။ တာယ၊ ထိုမယားသည်။ နံ၊ ထိုကုလပုတ္တကို။ပုနပ္ပုနံ၊
အဘန်တလဲလဲ။ကထယမာနာယ၊ ဆိုသဖြင့်။ ဧဝရူပေပိ၊ ဤသို့ သဘောရှိသည်
လည်း ဖြစ်သော။ ပူရိတ ပါရမီ၊ ဖြည့်အပ် ပြီးသော ပါရမီရှိသော။ သတ္တော၊

ကုလပုတ္တာသည်။မာတာပိတူဟိ၊ အမိအဘတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိတ္တကာရံ၊ အကျွ
ခင်ပွန်းအဖြစ်သည်။ ဘိဇ္ဇိ၊ ပျက်၏။

သော၊ ထိုကုလပုတ္တာသည်။ ဟောတု၊ တိုသိမှုလည်းဖြစ်စေ။ နေသံ၊ ထိုအမိအဘ
တို့၏။ ကဉ္ဇုဗ္ဗံ၊ ပြုအပ်သောအမှုကို။ ဇာနိဿာမိ၊ သိရလတ္တံ့။ ဣတိ၊ ဤသို့။
တေ၊ ထိုအမိအဘတို့ကို။ ဘောဇေတွာ၊ ထမင်းကျွေး၍။ အမ္မတာတ၊ အိုမိခင်
ဘခင်တို့။ အသုကဌာနေနာမ၊ ဤမည်သော အရပ်၌။တုမှာကံ၊ သင်တို့၏။ဉာတကာ။
အဆွေအမျိုးသည်။ အာဂမနံ၊ လာခြင်းကို။ ပစ္စာသီသံ၊တောင့်တ၏။ ဣတိ၊ဤသို့။
ဝတွာ၊ ဆို၍။ တတ္ထ၊ ထိုအရပ်သို့။ ဂမိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့။ တေ၊
ထိုအမိအဘတို့ကို။ ယာနကေ၊ ယာဉ်၌။ အာရောပေတွာ၊ တင်၍။ အာဒါယ၊ယူ၍။
ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အဋဝိမဇ္ဈေ၊ တောအုပ်အလယ်သို့။ ပတ္တကာလေ၊
ရောက်သောကာလ၌။ တာတ၊ ဘခင်။ ရသ္မိယော၊ ကြိုးတို့ကို။ ဂဏှထ၊ ကိုင်ကုန်
လော့။ ဂါဝေါ၊ နွားတို့သည်။ ပတောဒသညာယ၊ နှင်တံ၏အမှတ်ဖြင့်၊ ဂမိဿန္တိ၊
သွားကုန်လတ္တံ့။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ စောရာ၊ ခိုးသူတို့သည်။ ဝသန္တိ၊
နေကုန်၏၊ အဟံ၊ ငါသည်။ ဩတရာမိ၊ သက်ဆင်းအံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။
ပိတု၊ အဘ၏။ ဟတ္ထေ၊ လက်၌။ ရသ္မိယော၊ ကြိုးတို့ကို။ ဒတွာ၊ ပေး၍။ ဩတရိတွာ၊
ဆင်း၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ သဒ္ဒံ၊ အသံကို။ ပရိဝတ္တေတွာ၊ ဘောက်ပြန်
စေ၍။ စောရာနံ၊ ခိုးသူတို့၏။ ဥဋ္ဌိတသဒ္ဒံ၊ ထသော အသံကို။ အကာသိ၊ ပြု၏။
မာတာပိတရော၊ အမိအဘတို့သည်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ စောရာ၊
ခိုးသူတို့သည်။ ဥဋ္ဌိတာတိသညာယ၊ ထပြီဟူသော အမှတ်ဖြင့်။ တာတ၊ ချစ်သား။
မယံ၊ ငါတို့သည်။ မဟလ္လကာ၊ အိုမင်းပြီ။ တွံ၊ သင်သည်။ အတ္တာနမေဝ၊ ကိုယ်ကို
သာလျှင်။ ရက္ခာဟိ၊ စောင့်ပါလော့။ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ သော၊
ထိုကုလပုတ္တာသည်။ မာတာပိတရော၊အမိအဘတို့သည်။ဧဝံ၊ ဤအခြင်းအရာဖြင့်။
ဝိရဝန္တေပိ၊ မြည်တမ်းကုန်သော်လည်း။ စောရသဒ္ဒံ၊ ခိုးသူအသံကို။ ကရောန္တော၊
ပြုလျက်။ ကောဋ္ဋေတွာ၊ လော်င်းခတ်၍။ မာရေတွာ၊ သတ်၍။ အဋဝိယံ၊ တော
အုပ်၌။ ခိပိတွာ၊ ပစ်ခဲ့၍။ ပစ္စာဂမိ၊ ပြန်ခဲ့၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊
ထိုရှင်မောဂ္ဂလာန်၏။ ဣဒံ ပုဗ္ဗကမ္မံ၊ ဤရှေး၌ ပြုအပ်သော ကောင်းမှုကံကို။
ကထေတွာ၊ ဟောတော်မူ၍။ ဘိက္ခဝေ၊ရဟန်းတို့။ မောဂ္ဂလာနော၊ မောဂ္ဂလာန်
သည်။ ဧတ္တကံ၊ ဤမျှလောက်သော။ ကမ္မံ၊ အကုသိုလ်ကံကို။ ကတွာ၊ ပြုသော
ကြောင့်။ အနေကဝဿသတသဟဿာနိ၊ များစွာကုန်သော နှစ်အသိန်းတို့ပတ်လုံး။
နိရယေ၊ ငရဲ၌၊ ပစိတွာ၊ ကျက်ပြီး၍။ ဝိပါကာဝသေသေန၊ ငရဲ၌ ခံပြီးသည်မှ
ကြွင်းသော အကျိုးကြွင်းဖြင့်။ အတ္တဘာဝသတေ၊ အရာသောကိုယ်၏ အဖြစ်၌။

ဧဝမေဝ၊ ဤအတူသာလျှင်။ ကောဋ္ဌေတွာ၊ ထောင်းခတ်၍။ သံစုဏ္ဏိတော၊ မှုန့်မှုန့်ညက်ညက်ကြေလျက်။ မရဏံ၊ သေခြင်းသို့။ ပဂ္ဂတွာ၊ ရောက်ပြီ။ ဇဝံ၊ ဤသို့၊ မောဂ္ဂလာနေန၊ မောဂ္ဂလာန်သည်။ အတ္တနော၊ မိမိ၏။ ကမ္မာနုရူပမေဝ၊ ကံအား လျော်စွာသာလျှင်ဖြစ်သော။ မရဏံ၊ သေခြင်းကို။ လဒ္ဓံ၊ ရအပ်ပြီ။

ပဉ္စဟိ စောရသတေဟိ၊ ငါးရာသော ခိုးသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စတိတ္ထိယသတာနိ၊ ငါးရာသော တိတ္ထိတို့သည်။ အပ္ပဒုဋ္ဌေ၊ မပြစ်မှားအပ်သော။ မမပုတ္တေ၊ ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်၌။ ပဒုဿိတွာ၊ ပြစ်မှား၍။ အနုရူပမေဝ၊ လျော်စွာသာလျှင်။ မရဏံ၊ သေခြင်းကို။ လဘိံသု၊ ရကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ ယော၊ အကြင်သူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်သော သူအား။ ပဒုဿန္တော၊ ပြစ်မှားသည်ရှိသော်။ ဒသဟိကာရဏေဟိ၊ ဆယ်ပါးသော အကြောင်းတို့ဖြင့်။ အနယဗျသနံ၊ အကျိုးမရှိသော ပျက်စီးခြင်းသို့။ ပါပုဏာတိယေဝ၊ ရောက်သည်လျှင်ကတည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၃၇။ ။ဘိက္ခဝေ၊ တို့။ ဒုပ္ပဉ္ဉော၊ ပညာမဲ့သော။ ယော၊ အကြင်သူသည်။ အဒဏ္ဍေသု၊ ကာယဒဏ်အစရှိသည်မှ ကင်းကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော သူတို့၌။ ဒဏ္ဍေန၊ ကာယဒဏ် အစရှိသဖြင့်။ ဒုဿတိ၊ ပြစ်မှား၏။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သော ဒုက္ခ၏ အကြောင်း တို့တွင်။ အညတရံဌာနံ၊ တပါးပါးသော အကြောင်းသို့။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ နိဂစ္ဆတိ၊ ရောက်၏၊

၁၃၈။ ။ဖရုသံ၊ ကြမ်းကြုတ်စွာသော၊ ဝေဒနံ၊ ခေါင်းခဲနာ အစရှိသည်သို့ရင်း။ ဇာနိံ၊ ဉစ္စာဆုတ်ယုတ်ခြင်းသို့ရင်း။ သရီရဿ၊ ကိုယ်၏။ ဘေဒနဉ္စ၊ လက်ပျက်ခြင်းသို့ရင်း။ ဂရုကံဝါပိ၊ လေးစွာလည်းဖြစ်သော၊ အာဗာဓံ၊ မျက်စိပျက်ခြင်း နူနာအစရှိသည်သို့ရင်း၊ စိတ္တက္ခေပဉ္စ၊ ရူးခြင်းသို့ရင်း။ ပါပုဏေ၊ ရောက်ရာ၏။

၁၃၉။ ။ရာဇတောဝါ၊ မင်းမှလျှင်။ ဥပသဂ္ဂံ၊ စည်းစိမ်ချမ်းသာကို ဖျက်ဆီးခြင်း အထူးမှ နုတ်ခြင်းသို့ရင်း။ ဒါရုဏံ၊ ကြမ်းကြုတ်စွာသော။ အဗ္ဘက္ခာနဉ္စ၊ စွပ်စွဲခြင်းသို့ရင်း။ ဉာတီနံ၊ အဆွေအမျိုးတို့၏။ ပရိက္ခယဉ္စ၊ ကုန်ခြင်းသို့ရင်း။ ဘောဂါနံ၊ စည်းစိမ်ချမ်းသာတို့၏။ ပဘင်္ဂုနဉ္စ၊ မိုးယံမရွာခြင်း မီးသွေးဖြင်ခြင်း ဝါစေ့ဖြစ်ခြင်း အိုးခြမ်းကွဲဖြစ်ခြင်း ခြေလက်ချည့်နဲ့ခြင်း စသော ပျက်စီးခြင်းသို့ရင်း။ ပါပုဏေ၊ ရောက်ရာ၏။

၁၄၀။ ။အထ၊ ထိုမှတပါး။ အဿ၊ ထိုသူ၏။ အဂါရာနိ၊ အိမ်တို့ကို။ အဂ္ဂိ၊ မိုးကြိုးလောင်မီးသည်။ ဥယျတိ၊ လောင်၏။ ပါဝကော၊ ပကတိမီးသည်။ ဥယျတိ၊ လောင်၏။ ကာယဿဘေဒါ၊ ကိုယ်ခန္ဓာပျက်သည်မှ နောက်၌။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ရောက်ရာ၏။ ဋ္ဌတ်၊ဤသို့။ အဘာသိ၊ ဟောတော်မူ၏။

တတ္ထတာသုဂါထာသု၊ ထိုဂါထာတို့တွင်။ အဒဏ္ဍေသုတိ၊ အဒဏ္ဍေသု ဟူသည်ကား။ ကာယဒဏ္ဍာဒိရဟိတေသု၊ ကာယဒဏ် အစရှိသည်တို့မှ ကင်းကုန်သော။ ခီဏာသဝေသု၊ ရဟန္တာတို့၌။ အပ္ပဒုဋ္ဌေသုတိ၊ ဋ္ဌေသုဟူသည်ကား။ ပရေသုဝါ၊ တပါးသောသူတို့၌ရင်း။ အတ္တနိဝါ၊မိမိ၌ရင်း၊ နုရာပရာဓေသု၊ အပြစ်မရှိကုန်သော သူတို့၌။ အညဟရံဠာနန္တံ၊ ဟူသည်ကား။ ဒသသုဒုက္ခကာရဏေသု၊ ဆယ်ပါးကုန်သော ဒုက္ခ၏ အကြောင်းတို့တွင်။ အညတရံကာရဏံ၊ တပါးပါးသော အကြောင်းသို့၊ ဝေဒနန္တိ၊ ဝေဒနံဟူသည်ကား။ သီသာရောဂါဒိဘေဒံ၊ ခေါင်းခဲနာ အစရှိသည်အပြားရှိသော။ ဖရုသံ၊ ကြမ်းကြုတ်စွာသော။ ဝေဒနံ၊ ဝေဒနာကို။ ဇာနိန္တိ၊ ဇာနိ ဟူသည်ကား။ ကိစ္ဆာဓိဂတဿ၊ ငြိုငြင်သဖြင့်ရအပ်သော။ မနဿ၊ ဥစ္စာ၏။ ဇာနိ၊ ဆုံးရှုံးခြင်းသို့။ ဘေဒနန္တိ၊ ဟူသည်ကား။ ဟတ္ထစ္ဆေဒါဒိကံ၊ လက်ပြတ်ခြင်း အစရှိသော။ သရီရဘေဒနံ၊ ကိုယ်၏ပျက်ခြင်းသို့။ ဂရုကန္တိ၊ ဂရုကံ ဟူသည်ကား။ ပက္ခဟတ ကေစကျုက ပီဠယပ္ပိ ကုဏိဘာဝ ကုဋ္ဌရောဂါဒိဘေဒံ၊ ခြေဆွံ့ခြင်း, မျက်စိတဘက်ပျက်ခြင်း, ခါးကုန်းခြင်း, ကောက်ကွေးခြင်း, နူနာစွဲခြင်း အပြားရှိသော။ ဂရုကံ၊ လေးစွာသော။ အာဗာဓံဝါ၊ အနာသို့ရင်း။ စိတ္တက္ခေပန္တိ၊ စိတ္တက္ခေပံဟူသည်ကား၊ ဥမ္မာဒံ၊ ရူးခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဥပသဂ္ဂန္တိ၊ ဟူသည်ကား။ ယသဝိလောပံ၊ စည်းစိမ်ချမ်းသာ၏ ချို့တဲ့ခြင်းသို့။ သေနာပတိဋ္ဌာနာဒိ အစ္ဆိန္ဒနာဒိကံ၊ သေနာပတိအရာ အစရှိသည်တို့ကို ဖျက်ဆီးခြင်း အစရှိသော။ ရာဇတော၊ မင်းမှ။ ဥပသဂ္ဂံဝါ၊ ဆုံးရှုံးခြင်းသို့ရင်း။ အဗ္ဘက္ခာနန္တိ၊ ဟူသည်ကား။ အဒိဋ္ဌအသုတ အစိန္တိတပုဗ္ဗံ၊ မမြင်ဘူး မကြားဘူးသော။ ရာဇ သန္ဓိစ္ဆေဒါဒိကမ္မံဝါ၊ ဤခြံစပ်ဖောက်ခြင်း အစရှိသောအမှုတို့ကိုရင်း။ အညံ၊ တပါးသော။ ရာဇာပရာဓကမ္မံဝါ၊ မင်းအား ပြစ်မှားခြင်းအမှုကိုရင်း။ တယာ၊ သင်သည်။ ကတံ၊ ပြုအပ်၏။ ဣတိ ဝေဓူပံ၊ ဤသို့သဘောရှိသော။ ဒါရုဏံ၊ ကြမ်းကြုတ်စွာသော။ အဗ္ဘက္ခာနံ ဝါ၊ စွပ်စွဲခြင်းသို့ရင်း။ ပရိက္ခယဉ္စဉာတီနန္တိ၊ ဟူသည်ကား။ အတ္တနော၊ မိမိ၏။ အဿယော၊ မှီခိုရာသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ သမတ္ထာနံ၊ စွမ်းနိုင်ကုန်သော။ ဉာတီနံ၊ အဆွေအမျိုးတို့၏။ ပရိက္ခယံ ဝါ၊ ကုန်ခြင်းသို့ရင်း။ ပဘင်္ဂုနန္တိ၊ ဟူသည်ကား။ ပဘင်္ဂုဘာဝံ ပူတိဘာဝံ၊ ပုတ်သောအဖြစ်သို့။ ဟိ၊ ထိုစကား သင့်စွ။ အဿ၊ ထိုသူ၏။ ဂေဟေ၊ အိမ်၌။ ယံမူ၊ သည်။ အတ္ထိ၊ ၏။ ။(အတ္ထိကား ကြိယာအလိုငှာ

ထည့်သည်)။ ။တံ၊ ထိုစပါးသည်။ ပူတိဘာဝံ၊ ပုတ်သော အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ သုဝဏ္ဏံ၊ ရွှေသည်။ အင်္ဂါရဘာဝံ၊ မီးသွေးအဖြစ်သို့။ မုတ္တာ၊ ပုလဲသည်။ ကပ္ပါသဋ္ဌိဘာဝံ၊ ဝါစေ့အဖြစ်သို့။ ကဟာပဏံ၊အသပြာသည်။ ကပါလခဏ္ဍာဒိဘာဝံ၊ အိုးကင်းကွဲ အစရှိသောအဖြစ်သို့။ ဒွိပဒစတုပ္ပဒါနံ၊ အခြေနှစ်ချောင်း အခြေလေးချောင်းရှိကုန်သော သတ္တဝါတို့၏။ကာဏကုဏာဒိဘာဝံ၊ ကန်းခြင်း ကုန်းခြင်း အစရှိသော အဖြစ်သို့။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ အင်္ဂုဒ္ဓယှတိတိ၊ အင်္ဂုဒ္ဓယှတိ ဟူသည်ကား၊ ကေသံဝဏ္ဏရေ၊ တနှစ်၌။ ဒွိတိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ ဍယှတိ၊ လောင်၏။ အညသ္မိံ ဍာဟကေ၊ တပါးသော လောင်တတ်သောမီးသည်။ အဝိဇ္ဇမာနေပိ၊ မရှိသော်လည်း။ အသနိသဂ္ဂဝါ၊ မိုးကြိုးလောင်မီးသည်လည်း။ ပတိတွာ၊ ကျ၍။ ဍယှတိ၊ လောင်၏။ အတ္တနောဝ၊ မိမိ၏ သာလျှင်၊ ဓမ္မတာယ၊ သဘောအားဖြင့်။ ဥဋ္ဌိတော၊ ထလျက်။ ပါဝကောဝါ၊ ပကတိသော မီးသည်မူလည်း။ ဍယှတိယေဝ၊ လောင်သာလျှင်ကတည်း။ နိရယန္တိ၊ ဟူသည်ကား။ ဒိမဋ္ဌဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌။ ဣမေသံ ဒသန္နံ ဌာနာနံ၊ ဤဆယ်ပါးကုန်သော အကြောင်းဟူတွင်။ အညတရံ၊ တပါးပါးသို့။ ပတွာပိ၊ ရောက်၍လည်း။ ကေံသေန၊ စင်စစ်သဖြင့်။ သမ္ပရာယေ၊ တမလွန်ဘဝ၌။ ပတ္တဗ္ဗံ၊ ရောက်အပ်သော မကောင်းကျိုးကို။ ဒဿေတုံ၊ ပြခြင်းငှာ။ နိရယံသော-ပပဇ္ဇတီတိ ဣဒံဝစနံ၊နိရယံသောပပဇ္ဇတိ ဟူသော ဤစကားကို။ ဘဂဝတာ၊ ဘုရားရှင်သည်။ ဝုတ္တံ၊ဟောတော်မူအပ်ပြီ။ ဒေသနာဝသာနေ၊ ဒေသနာတော်၏အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့၊ ပါပုဏိံသု၊ ရောက်ကုန်၏။

သတ္တမံ၊ သော။ မောဂ္ဂလာနတ္ထေရဝတ္ထု၊ သည်။

ဣတိသမတ္တော၊ ပြီးပြီ။

—— ❀ ——

၁၀-ဒဏ္ဍဝဂ္ဂ။ ၈-ဗဟုဘဏ္ဍိက ဘိက္ခုဝတ္ထု။

(ရှင်မောဂ္ဂလာန်၏ အတ္ထုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ဗဟုဘဏ္ဍိက ရဟန်း၏ ဝတ္ထု၌ ဟောချ ဟောကြောင်း ဖြစ်သော "န နဂ္ဂစရိယာ" အစရှိသော ဂါထာ၏ အတ္ထ ပဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "န နဂ္ဂစရိယာတိ" အစရှိသော ပါဌ်ကို မိန့်သတည်း)။

"န နဂ္ဂစရိယာ" တိ ဂ္ဂါထံ ဓမ္မဒေသနံ၊ န နဂ္ဂစရိယာ-စသော ဤဓမ္မဒေသနာ
တော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။
ဝိဟရန္တော၊ နေတော်မူလျက်။ ဗဟုဘဏ္ဍိကံ၊ များသောပရိက္ခရာ ဘဏ္ဍာရှိသော။
ဘိက္ခုံ၊ ရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာ
ဝတ္ထိဝါသီ၊ သာဝတ္ထိပြည်၌နေသော။ ဧကော ကုဋုမ္ဗိကော၊ တယောက်သော
သူဌေးသည်။ ဘရိယာယ၊ မယား၏။ ကာလကတာယ၊ သေသည်၏ အဖြစ်
ကြောင့်။ ပဗ္ဗဇိကိရ၊ ရဟန်းပြုသတတ်။ သော၊ ထိုသူဌေးသည်။ ပဗ္ဗဇန္တော၊
ရဟန်းပြုသည်ရှိသော်။ အတ္တနော၊ မိမိ၏။ ပရိဝေဏဉ္စ၊ ပရိဝုဏ်ကိုလည်းကောင်း။
အဂ္ဂိသာလဉ္စ၊ မီးတင်းကုတ်ကိုရင်း။ ဘဏ္ဍဂဗ္ဘဉ္စ၊ ဘဏ္ဍာတိုက်ကိုရင်း။ ကရေတွာ၊
ပြုစေ၍။ သမ္ပုံပိ၊ အလုံးစုံလည်းဖြစ်သော။ ဘဏ္ဍဂဗ္ဘံ၊ သဏ္ဍာတိုက်ကို။ တေလ
သပ္ပိအာဒိဟိ၊ ဆီ ထောပတ် အစရှိသည်တို့ဖြင့်၊ ပူရေတွာ ပြည့်စေ၍ ပဗ္ဗဇိ၊ ရဟန်း
ပြု၏။ ပဗ္ဗဇိတွာစ ပန၊ ရဟန်းပြုပြီး၍ကား။ အတ္တနော၊ မိမိ၏။ ဒါသေ၊ ကျွန်
တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ယထာရုစိကံ၊ အလိုအတိုင်း။ အာဟာ
ရံ၊ ဘောဇဉ်ခဲဘွယ်ကို။ ပစာပေတွာ၊ ချက်စေ၍။ ဘုဉ္ဇတိ၊ ဘုဉ်းပေး၏။ ဗဟု
ဘဏ္ဍောစ၊ များသော ဘဏ္ဍာသည်ရင်း။ ဗဟု ပရိက္ခာရောစ၊ များသော
ပရိက္ခရာသည်ရင်း။ အဟောသိ၊ ဖြစ်၏။ ရတ္တိံ၊ ညဉ့်၌။ အညံ၊ တပါးသော။
နိဝါသနပါရုပနံ၊ ဝတ်ရုံသော သင်္ကန်းသည်။ ဟောတိ၊ ဖြစ်၏။ ဒိဝါ၊ နေ့၌။
အညံ၊ တပါးသော။ နိဝါသနပါရုပနံ၊ ဝတ်ရုံသော သင်္ကန်းသည်။ ဟောတိ၊
ဖြစ်၏။ ဝိဟာရပစ္စန္တေ၊ ကျောင်းစွန်း၌။ ဝသတိ၊ နေ၏။ ။(အဋ္ဌကထာ၌ ဒိဝါ
အညံ ဝိဟာရပစ္စန္တေဝသတိ" ဟု ပါရှိ၏။ "ဒိဝါအညံ" ကား ပါသင့်ဟန်မထင်၊
သို့ဖြစ်၍ အနက် မပေးသည်)။ ။တဿ၊ ထိုဗဟုဘဏ္ဍိက ရဟန်း၏။ ဓော
ဒိဝသံ၊ တနေ့သ၌။ စီဝရပစ္စတ္တရဏာနိ၊ ၁ ကန်း အိပ်ရာခင်းတို့ကို။ ဘိက္ခုပေန္တဿ၊
နေပူလှန်းစဉ်။ သေနာသနစာရိကံ၊ ကျောင်းစဉ် ဒေသစာရီကို။ အာဟိဏ္ဍန္တာ၊
လှည့်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပဿိတွာ၊ မြင်၍။ အာဝုသော၊ ငါ့
ရှင်တို့။ ဣမာနိ၊ ဤသင်္ကန်း အိပ်ရာခင်းတို့သည်။ ကဿ၊ အဘယ်သူ၏၊ စီဝရ
ပစ္စတ္ထရဏာနိ၊ သင်္ကန်း အိပ်ရာခင်းတို့နည်း၊ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးသော
ကြောင့်။ မယှံ၊ ငါ၏။ စီဝရပစ္စတ္ထရဏာနိ၊ သင်္ကန်းအိပ်ရာခင်းတို့တည်း။ ။(ဤ
နှစ်ပုဒ်ကား နောက်မှ လိုက်သည်)။ ။ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။
အာဝုသော၊ ငါ့ရှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ တိစီဝရေနိ၊ သင်္ကန်းသုံးထည်
တို့ကို။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်၏။ တွဉ္စ၊ သင်သည်လည်း။ အပ္ပိစ္ဆဿ၊
အလိုနည်းသော။ ဗုဒ္ဓဿ၊ ဘုရား၏။သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်း

ပြု၍။ ဧဝံ၊ ဤသို့။ ဗဟုပရိက္ခာရော၊ များစွာသော ပရိက္ခာရာသည်။ ဇာတော၊
ဖြစ်၏။ ဣတိ၊ ဤတို့။ တံ၊ ထိုဗဟုဘဏ္ဍိက ရဟန်းကို၊ သတ္ထု၊ မြတ်စွာဘုရား၏။
သန္တိကံ၊ အထံသို့။ နေတွာ၊ ဆောင်၍။ ဘန္တေ၊ အရှင်ဘုရား။ အယံဘိက္ခု၊ ဤ
ရဟန်းသည်။ အတိဗဟုဘဏ္ဍော၊ အလွန်များသော ဘဏ္ဍာရှိ၏။ ဣတိ၊ ဤသို့။
အာရောစေသုံ၊ ကြားလျှောက်ကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ သစ္စံကိရ၊
ပရိက္ခာရဘဏ္ဍာများ၏ဟူသည် မှန်သလော။ ဣတိ၊ ဤသို့၊ ပုစ္ဆိတွာ၊ မေးတော်
မူသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ သစ္စံ၊ မှန်သည်မှန်ပေ၏။ ဣတိ၊ ဤသို့။
ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခု၊ ရဟန်း။ ကသ္မာပန၊ အဘယ့်
ကြောင့်။ တွံ၊ သင့်ကို။ မယာ၊ ငါဘုရားသည်။ အပ္ပိစ္ဆတာယ၊ အလို နည်းစေခြင်း
ငှါ။ ဓမ္မာ၊ တရားကို။ ဒေသိတော ပန၊ ဟောအပ်၏ မဟုတ်လော။ ဧဝံ၊ ဤသို့
ဟောတော်မူလျက်။ ဗဟုဘဏ္ဍော၊ များသောဘဏ္ဍာရှိသည်။ ဇာတော၊ ဖြစ်
သနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ၊(အဝေါစ ကား ကြိယာ
အလိုငှာ ထည့်သည်)။ ။သော၊ ထိုဗဟုဘဏ္ဍိက ရဟန်းသည်။ တာဝတ္တ
ကေနေဝ၊ ထိုသို့ဆိုကာမျှဖြင့်သာလျှင်။ တနည်းကား။ ထိုမျှသာလျှင်။ ကုပိတော၊
မြတ်စွာဘုရားအား အမျက်ထွက်၍။ ဒါနိ၊ ယခုအခါ၌။ ဣမိနာ နီဟာရေန၊
ဤသို့သောနည်းဖြင့်။ စရိဿာမိ၊ ကျင့်ပါအံ့။ ဣတိ၊ ဤသို့။ ပါရုပနံ၊ ဝတ်ရုံ
သော သင်္ကန်းကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ပရိသမဇ္ဈေ၊ ပရိသတ်အလယ်၌။ ဧကစီဝရော၊
တထည်တည်းသော သင်္ကန်းရှိသည် ဖြစ်၍။ အဋ္ဌာသိ၊ တည်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုဗဟုဘဏ္ဍိကရဟန်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။
ဥပတ္ထမ္ဘယမာနော၊ ထောက်ပံ့တော်မူလျက်။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။
ပုဗ္ဗေ၊ ရှေး၌။ ဟိရောတ္တပ္ပံ၊ အရှက်အကြောက်သို့။ ဂဝေသကောနနု၊ ရှာဘူး၏
မဟုတ်လော။ ဥဒကရက္ခသ ကာလေပိ၊ ရေစောင့်ဘီလူးဖြစ်သော ကာလ၌လည်း။
ဟိရောတ္တပ္ပံ၊ အရှက်အကြောက်ကို။ ဂဝေသမာနော၊ ရှာလျက်။ ဒွါဒသဝဿာနိ၊
တဆဲ့နှစ်နှစ်တို့ပတ်လုံး။ ဝိဟာသိ၊ နေဘူး၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဣဒါနိ၊
ယခုအခါ၌။ ဂရုကေ၊ အလေးအမြတ်ပြု၍ ကျင့်အပ်သော။ ဗုဒ္ဓသာသနေ၊ ဘုရား
သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ စတုပရိသမဇ္ဈေ၊ ပရိသတ်လေးပါး
၏ အလယ်၌။ ပါရုပနံ၊ ဝတ်ရုံသောသင်္ကန်းကို ဆဍ္ဍေတွာ၊ စွန့်၍။ ဟိရောတ္တပ္ပံ၊
အရှက်အကြောက်ကို။ ပဟာယ၊ ပယ်၍။ ဌိတော၊ ရပ်သည်။ အသိ၊ ဖြစ်သနည်း။
ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ သော၊ ထိုဗဟုဘဏ္ဍိကရဟန်းသည်။ သတ္ထု၊
မြတ်စွာဘုရား၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဟိရောတ္တပ္ပံ၊ အရှက်

အကြောက်ကို။ ပဲစ္စုပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ တံ စီဝရံ၊ ထိုသင်္ကန်းကို၊ ပါရုပိတွာ၊ ရုံ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော ပြက် ပတ်သော အရပ်၌။ နိသီဒိ၊ နေ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿအတ္ထဿာပိ၊ ထိုဗဟုဘာဏ္ဍိကရဟန်း၏ အကြောင်းကို။ အာဝိကာဝန္တာ၊ ထင်စွာ ဖြစ်စေခြင်းငှာ။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ယာစိံသု၊ တောင်းပန် ကုန်၏။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ကထေသိ၊ ဟောတော်မူ၏။

အတီတေ၊ လွန်လေပြီးသော အခါ၌။ ဗာရာဏသိရညော၊ ဗာရာဏသီမင်းကြီး၏။ အဂ္ဂမဟေသိယာ၊ မိဘုရားကြီး၏။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှိကိရ၊ ယူသတတ်။ တဿ၊ ထိုဘုရားလောင်း၏။ နာမဂဟဏ ဒိဝသေ၊အမည်မှည့်သော နေ့၌။မဟိံသ ကုမာရောတိ နာမံ၊ မဟိံသ မင်းသားဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။ တဿ၊ ထိုမဟိံသ မင်းသား၏။ ကနိဋ္ဌဘာတာ၊ ညီငယ်သည်။ စန္ဒကုမာရောတိ နာမံ၊ စန္ဒမင်းသား ဟူသော အမည်သည်။အဟောသိ၊ဖြစ်၏။တေသံ၊ထိုမင်းသားနှစ်ပါး။ပာဘာဂေ၊အခါသည်။ ကာလကိရိယာယ၊သေသည်ရှိသော်။ရာဇာ၊မင်းကြီးသည်။အညံ၊တပါးသော မင်းသမီးကို။အဂ္ဂမဟေသိဋ္ဌာနေ၊ မိဘုရားကြီးအရာ၌။ဌပေသိ၊ ထား၏။ သာပိ၊ ထိုမိဘုရား သည်လည်း။ပုတ္တံ၊သားကို။ ဝိဇာယိ၊ ဖွား၏။အဿ၊ ထိုမင်းသား၏။ သူရိယကုမာ-ရောတိ နာမံ၊သူရိယမင်းသားဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။ တံ၊ ထို မင်းသားကို၊ ဒိသွာ၊ မြင်၍။ ရာဇာ၊ မင်းကြီးသည်။ တုဋ္ဌော၊နှစ်သက်သည်ဖြစ်၍။ တေ၊ သင်၏။ ပုတ္တဿ၊ သားအား။ ဝရံ၊ ဆုကို။ ဒမ္မိ၊ ပေး၏။ တနည်းကား၊ တံ၊ ထိုသားကို။ ဒိသွာ၊ မြင်၍။ ရာဇာ၊ သည်။ ပုတ္တဿ၊ အား၊ တုဋ္ဌော၊ နှစ်သက် သည် ဖြစ်၍။ တေ၊ ရှင်မိဘုရား အား။ ဝရံ၊ ကို။ ဒမ္မိ၊ ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သာပိခေါ ဒေဝီ၊ ထိုမိဘုရားကြီးသည်လည်း။ဒေဝ၊ ကြီး။ ဣစ္ဆိတကာလေ၊ အလိုရှိသောကာလ၌၊ ဂဏှိဿာမိ၊ ယူအံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍၊ ပုတ္တဿ၊ သား၏၊ ဝယပ္ပတ္တကာလေ၊ အရွယ်ရောက်သော ကာလ၌။ ရာဇာနံ၊ မင်းကို။ အာဟ၊ ဆို၏။ ဒေဝ၊ အရှင်မင်းကြီး။ မယှံ၊ ငါ၏။ "ငါ့အား"။ ပုတ္တဿ၊ သား၏။ "သားကို"။ ဇာတကာလေ၊ ဖွားသောကာလ၌။ ဝရော၊ ဆုကို။ ဒိန္နော၊ ပေး၏။ ဣဒါနိ၊ ၌။ မေ ပုတ္တဿ၊ ငါ့သားအား။ ရဇ္ဇံ၊ ပြည်ကို။ ဒေဟိ၊ ပေးပါလော့။ ဣတိ၊ ဤသို့။ အာဟ၊ တောင်း၏။

ရာဇာ၊ မင်းသည်။ မမ၊ ငါ၏။ ဒွေပုတ္တာ၊ သားနှစ်ယောက်တို့သည်။ အဂ္ဂိခန္ဓာဝိယ၊ မီးပုံကြီးကဲ့သို့။ ဇလန္တာ၊ တောက်ကုန်လျက်၊ ဝိစရန္တိ၊ သွားလာကုန်

၏။ တဿ၊ ထိုသူရိယမင်းသားအား။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ဒါတုံ၊ ပေးခြင်းငှာ။ နသက္ကာ၊ မဟတ်နိုင်။ ဣတိ၊ ဤသို့။ ပဋိက္ခိပိတွာ၊ ပယ်၍။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ယာစမာနမေဝ၊ တောင်းသည်သာလျှင်ဖြစ်သော။ တံ၊ ထိုမိဘုရားကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤမိဘုရားသည်။ မေ၊ ငါ၏။ ပုတ္တာနံ၊ သားတို့အား။ အနတ္ထမ္ပိ၊ အကျိုးမရှိခြင်းကိုလည်း။ ကရေယျ၊ ပြုရာ၏။ ဣတိ၊ ဤသို့။ ပုတ္တေ၊ သားတော်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အာဟ၊ မိန့်၏။ တာတာ၊ ချစ်သားတို့။ အဟံ၊ ငါသည်။ သူရိယကုမာရဿ၊ သူရိယမင်းသား၏။ ဇာတ-ကာလေ၊ ဖွားသော ကာလ၌။ ဝရံ၊ ဆုကို။ အဒါသိ၊ ပေး၏။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုသူရိယမင်းသား၏။ မာတာ၊ အမိသည်။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ယာစတိ၊ တောင်း၏။ အဟံ၊ ငါသည်။ တဿ၊ ထိုသူရိယ မင်းသားအား။ နဒါတုကာမော၊ ပေးခြင်းငှာအလိုရှိမရှိ။ တဿ၊ ထိုသူရိယ မင်းသား၏။ မာတာ၊ အမိသည်။ တုမှာကံ၊ တို့အား။ အနတ္ထမ္ပိ၊ အကျိုးမရှိခြင်းကိုလည်း။ ကရေယျ၊ ပြုရာ၏။ ဂစ္ဆထ၊ သွားလေကုန်။ တုမှေ၊ သင်တို့သည်၊ အရညေ၊ တော၌။ ဝသိတွာ၊ နေ၍။ မမစ္စယေန၊ ငါလွန်သဖြင့်။ အာဂန္တွာ၊ လာ၍။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ကာရေထ၊ ယူရစ်ကုန်လော့။ ဣတိ၊ ဤသို့။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ တေ၊ ထိုမင်းသားတို့သည်။ ပိတရံ၊ အဘကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပါသာဒါ၊ ပြာသာဒ်မှ။ ဩတရန္တာ၊ ဆင်းသည်ရှိသော်။ ရာဇင်္ဂဏေ၊ မင်းယင်ပြင်၌။ ကီဠမာနေ၊ ကစားလျက်။ သူရိယကုမာရော၊ သူရိယမင်းသားသည်။ ဒိသွာ၊ မြင်၍။ တံကာရဏံ၊ ထိုအကြောင်းကို။ ဉတွာ၊ သိ၍။ တေဟိ၊ ထိုနောင်တော်တို့နှင့်။ သဒ္ဓိံယေဝ၊ တကွသာလျှင်။ နိက္ခမိ၊ ထွက်၏။ တေသံ၊ ထိုမင်းသားတို့၏။ ဟိမဝန္တံ၊ ဟိမဝန္တာသို့။ ပဝိဋ္ဌကာလေ၊ ဝင်သောကာလ၌။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ မဂ္ဂါ၊ ခရီးမှ၊ ဩက္ကမ္မ၊ ဘဲ၍။ အညတရသ္မိံ ရုက္ခမူလေ၊ အမှတ်မရှိသော သစ်ပင်ရင်း၌။ နိသီဒိတွာ၊ နေ၍။ သူရိယကုမာရံ၊ သူရိယမင်းသားကို။ အာဟ၊ မိန့်၏။ တာတ၊ ငါ့ညီ။ တံသရံ၊ ထိုအိုင်သို့။ ဂန္တွာ၊ သွား၍။ နှတွာစ၊ ရေချိုး၍ရင်း။ ပိဝိတွာစ၊ သောက်၍ရင်း။ အမှာကံပိ၊ ငါတို့၏သည်း။ ပဒုမိနိပဏ္ဏေဟိ၊ ပဒုမ္မာကြာဖက်တို့ဖြင့်။ ဥဒကံ၊ ရေကို။ အာဟရ၊ ဆောင်ခဲ့လော့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်၏။

သော ပန သရော၊ ထိုအိုင်ကို။ ဝေဿဝဏဿ၊ ဝေဿဝဏ်နတ်မင်း၏၊ သန္တိ-ကာ၊ အထံမှ။ ဧကေန ဒကရက္ခသေန၊ ရေစောင့်ဘီလူး တယောက်သည်။ လဒ္ဓေါ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝေဿဝဏောစ၊ ဝေဿဝဏ်နတ်မင်းသည်လည်း။ တံ၊ ထိုဘီလူးကို။ အာဟ၊ ဆို၏။ ဒေဝဓမ္မေ၊ ဒေဝဓမ္မကို။ ဇာနနကေယေဝ၊ သိကုန်သော သူတို့ကိုသာလျှင်။ ထပေတွာ၊ ထား၍။ အညေ၊ မသိကုန်သော

သူတို့သည်။ ဣမံ သပ်၊ ဤအိုင်သို့။ ဩဘရန္တိ၊ ဘင်းကုန်၏။ တေ၊ ဆိုသူတို့ကို။ ခါဒိတုံ၊ စားခြင်းငှာ။ လဘသိ၊ ရခစလော့။ ဣတိ၊ ဤသို့၊ အာဟ၊ ဆို၏။
တတော၊ ထိုအခါမှ၊ ပဋ္ဌာယ၊ စ၍။ သော၊ ထိုဘီလူးသည်။ တံသရံ၊ ထိုအိုင်သို့။ ဩတိဏ္ဏောဘိဏ္ဏေ၊ ဆင်းကုန်ဆင်းကုန်သော သူတို့ကို။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားတို့ကို။ ပုစ္ဆိတ္ဝာ၊ မေး၍။ အဇာနန္တေ၊ မသိကုန်သော သူတို့ကို။ ခါဒတိ၊ စား၏။
သူရိယကုမာရောပိ၊ သူရိယမင်းသားသည်လည်း။ တံသရံ၊ ထိုအိုင်ကို။ အဝီမံ-သေတွာဝ၊ မစူးမစမ်း မဆင်ခြင်မူ၍သာလျှင်။ ဩတရိ၊ ဆင်း၏။ တေနေဝ၊ ထိုဘီလူးသည်လျှင်။ ဒေဝ ဓမ္မေ၊ ဒေဝဓမ္မတရားတို့ကို။ ဇာနာသိ၊ သင်သိ၏လော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးအပ်သော သူရိယမင်းသားသည်။ ဒေဝဓမ္မာနာမ၊ ဒေဝဓမ္မတရားမည်သည်ကား။ စန္ဒိမသူရိယာ၊ လနေတို့ကတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူရိယမင်းသားကို။ တံ၊ သင်သည်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရားတို့ကို။ န ဇာနာသိ၊ မသိ။ ဣတိ၊ သို့။ ဥဒကံ၊ ရေထဲသို့။ ပဝေသေတွာ၊ သွင်း၍။ အတ္တနော၊ မိမိ၏။ ဘဝနေ၊ နေရာဗိမာန်၌။ ထပေသိ၊ ထား၏။ ဗောဓိသတ္တောပိ၊ ဘုရားလောင်းသည်လည်း။ တံ၊ ထိုသူရိယမင်းသားကို။ စိရာယန္တံ၊ ကြာမြင့်သည်ကို။ ဒိသွာ၊ ၍။ စန္ဒကုမာရံ၊ စန္ဒမင်းသားကို။ ပေသေသိ၊ စေ၏။ သောပိ၊ ထိုစန္ဒမင်းသားကိုလည်း။ ဧဝံ၊ ထိုဘီလူးသည်။ ဒေဝဓမ္မေ၊ ဝေဓမ္မတရားတို့ကို။ ဇာနာသိ၊ သိ၏လော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ ပေးအပ်သော စန္ဒမင်းသားသည်။ ဒေဝဓမ္မာနာမ၊ ဒေဝဓမ္မတရားမည်သည်ကား။ စတဿောဒိသာ၊ အရပ်လေးမျက်နှာတို့တည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဒက်ရက်ခဲ့သော၊ ရေစောင့်ဘီလူးသည်။ တံပိ၊ ထိုစန္ဒမင်းသားကိုလည်း။ ဥဒကံ၊ ရေသို့။ ပဝေသေတွာ၊ သွင်း၍။ တထေဝ၊ ထိုအတူသာလျှင်။ ထပေသိ၊ ထား၏။

ဗောဓိသတ္တောပိ၊ ဘုရားလောင်းသည်လည်း။ တသ္မိံ၊ ထိုစန္ဒမင်းသားသည်။ စိရာယန္တေ၊ ကြာမြင့်သည်ရှိသော်။ အန္တရာယေန၊ အန္တရာယ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ သယံ၊ ကိုယ်တိုင်။ ဂန္တွာ၊ သွား၍။ ဒွိန္နံပိ၊ နှစ်ယောက်သော ညီတို့၏လည်း။ ဩတရဏပဒံ၊ ရေသို့ ဆင်းသော ခြေရာကို။ ဒိသွာယေဝ၊ မြင်၍လျှင်။ အယံသရော၊ ဤအိုင်ကို။ ရက္ခသပရိဂ္ဂဟိတော၊ ဘီလူးသည် သိမ်းဆည်းအပ်၏။ ဣတိ၊ သို့၊ ဉတ္ဝာ၊ သိ၍။ ခဂ္ဂံ၊ သန်လျက်ကို။ သန္နယှိတွာ၊ နှတ်၍။ အဋ္ဌာသိ၊ ရပ်၏။ ရက္ခသော၊ ဘီလူးသည်။ တံ၊ ထိုမဟိံသမင်းသားကို။ အနောတရန္တံ၊ ရေသို့မဆင်းသက်ကို။ ဒိသွာ၊ မြင်၍။ ဝနကမ္မိကပုရိသဝေသေန၊ တောသွားယောကျ်ား အသွင်ဖြင့်။ အာဂန္တွာ၊ ၍။ အာဟ၊ ဆို၏။ ဘောပုရိသ၊ ဒိုယောကျ်ား၊ တွံ၊ သင်သည်။ မဂ္ဂကိလန္တော၊ ခရီးပင်ပန်းလျက်။ ကသ္မာ၊

အဘယ်ကြောင့်၊ ဣမံသရုံ၊ ဤအိုင်သို့။ ဩတရိတွာ၊ ဆင်း၍၊ နှတွာ စ၊ ရေချိုး
၍ငင်း။ ပိဝိတွာစ၊ ရေသောက်၍ငင်း။ ဘိသမူလံ၊ ကြာစွယ်ကြာရင်းကို။ ခါဒိတွာ၊
စား၍။ ပုပ္ဖာနိ၊ ပန်းတို့ကို။ ပိလန္ဓိတွာ၊ ပန်ဆင်၍။ နဂစ္ဆသိ၊ မသွားသနည်း။ ဣတိ၊
ဤသို့။ အာဟ၊ ဆို၏။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ တံ၊ ထိုတောသွား
ယောကျ်ားကို။ ဒိသွာဝ၊ မြင်ကာတည်းကလျှင်။ သော၊ ဤသူသည်။ ယက္ခော၊
ဘီလူးတည်း။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ တယာ၊ သင်သည်။ မေ၊ ငါ၏။
ဘာတရော၊ ညီတို့ကို။ ဂဟိတာ၊ ဘမ်းသလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မယာ၊
ငါသည်။ အာမ ဂဟိတာ၊ သြော်ဘမ်းမိ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။
ကိံ ကာရဏာ၊ အဘယ်ကြောင့်။ ဂဟိတာ၊ တမ်းသနည်း။ ။(ဂဟိတာ ကား
နောက်မှလိုက်သည်)။ ။ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ အဟံ၊ ငါသည်။ ဣမံ သရုံ၊
ဤအိုင်သို့၊ ဩတိဏ္ဏောတိဏ္ဏေ၊ ဆင်းကုန်ဆင်းကုန်သော သူတို့ကို။ လဘာမိ၊ ရ၏။
ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သဗ္ဗေဝ၊ အလုံးစုံသော သူတို့ကိုပင်လျှင်။ လဘသိ
ကိံ ပန၊ သင်ရသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတရား
တို့ကို။ ဇာနန္တေ၊ သိကုန်သော သူတို့ကို။ ထပေတွာ၊ ထား၍။ အဝသေသေ၊
ကြွင်းကုန်သော သူတို့ကို။ လဘာမိ၊ ရ၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။
တေ၊ သင်အား။ ဒေဝဓမ္မဟိ၊ ဒေဝဓမ္မတရားတို့ဖြင့်။ အတ္ထော၊ အလိုသည်။
အတ္ထိပန၊ ရှိသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ အာမ အတ္ထော၊ သြော်အလို
ရှိ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အဟံ၊ ငါသည်။ ကထေဿာမိ၊ ဟောအံ့။
ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ကထေဟိ၊ ဟောပါ
လော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ကိလိဋ္ဌေန ဂတ္တေန၊ ညစ်နွမ်းသောကိုယ်ဖြင့်။
ကထေတုံ၊ ဟောခြင်းငှာ။ နသက္ကာ၊ မဟောနိုင်။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။
ယက္ခော၊ ဘီလူးသည်။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ နှာပေတွာ၊ ရေချိုး
စေ၍။ ပါနီယံ၊ ရေကို။ ပါယေတွာ၊ သောက်စေ၍။ အလင်္ကာရေတွာ၊ တန်းဆာ
ဆင်စေ၍။ အလင်္ကာရမဏ္ဍပေ မဇ္ဈေ၊ တန်းဆာဆင်သော မဏ္ဍပ်အလယ်၌။ ပလ္လင်္ကံ၊
ပလ္လင်သို့။ အာရောပေတွာ၊ တင်၍၊ သယံ၊ မိမိသည်၊ အဿ၊ ထိုဘုရားလောင်း၏။
ပါဒမူလေ၊ ခြေရင်း၌။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဘီလူးကို။
ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏာဟိ၊ နာလော့။
ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ အိုဘီလူး။ ။(ဘောယက္ခ-ကား အာလုပ်ထည့်သည်)။ ။
သခ္ကာ၊ မကောင်းမှုကို ငြိမ်းစေတတ်သော။ ဟိရိဩတ္တပ္ပသမ္ပန္နာ၊ အရှက်အကြောက်
နှင့် ပြည့်စုံကုန်ထသော။ သုက္ကဓမ္မသမာဟိတာ၊ ဖြူစင်သော သဘော ရှိကုန်ထ

သော။ "ဖြူစင်သော သဘောကို ဆောက်တည် ကုန်ထသော လည်းဟူ"။
သပ္ပုရိသာ၊ သူတော်ကောင်းတို့ကို။ လောကေ၊ လူသုံးပါး၌။ ဒေဝဓမ္မာတိ၊
ဒေဝဓမ္မဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

ယက္ခော၊ ဘီလူးသည်။ ဠမံ ဓမ္မဒေသနံ၊ ဤတရားဟောခြင်းကို။ သုတွာ၊
ကြား၍။ ပသန္နမာနသော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ ဘုရားလောင်းကို။ ပသန္နော၊ ကြည်ညိုစွာ၊ အာဟ၊ ဆို၏။
ပဏ္ဍိတ၊ ပညာရှိ။ အဟံ၊ ငါသည်။ တေ၊ သင်အား။ ပသန္နော၊ ကြည်ညို၏။
ဧကံ ဘာတရံ၊ ညီတယောက်ကို။ ဒမ္မိ၊ ပေး၏။ ကတရံ၊ အဘယ်ညီကို။ အာနေမိ၊
ဆောင်ရအံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ကနိဋ္ဌံ၊ ညီငယ်ဖြစ်သော သူရိယ
မင်းသားကို။ အာနေဟိ၊ ဆောင်ခဲ့ပါလော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။
ပဏ္ဍိတ၊ ပညာရှိ၊ တွံ၊ သင်သည်၊ ကေဝလံ၊ သက်သက်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မ
တရားတို့ကို။ ဇာနာသိယေဝ၊ သိသလျှင်ကတည်း။ ပန၊ တထာပိ၊ ထိုသို့သိသော်
လည်း၊ တွံ၊ သင်သည်။ ပေသု၊ ထိုဒေဝဓမ္မတို့၌။ နပ္ပဝတ္တသိ၊ မကျင့်လတ္တံ့။
ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။
ဣတိ၊ ဤသို့။ ပုစ္ဆော၊ ဆိုသည်ရှိသော်။ ။(ဝုတ္တေကား ထည့်သည်)။ ။ဇေဋ္ဌံ၊
အမိဝမ်းပေါက်ဖြစ်သော ညီအကြီးကို။ ထပေတွာ၊ ထား၍။ ကနိဋ္ဌံ၊ ညီငယ်ဖြစ်
သော သူရိယမင်းသားကို၊ အာဟရာပေန္တော၊ ဆောင်စေသော သင်သည်။
ဇေဋ္ဌာပစာယိကမ္မံ၊ အကြီး၌ ပူဇော်အပ်သော အမှုကို။ နကရောသိ၊ မပြု။ ဣတိ၊
ဤသို့။ အာဟ၊ ဆို၏။ ယက္ခ၊ ဘီလူး၊ အဟံ၊ ငါသည်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မ
တရားတို့ကို။ ဇာနာမိ၊ သိ၏။ ပေသုစ၊ ထိုဒေဝဓမ္မတရားတို့၌လည်း။ ပဝတ္တာမိ၊
ကျင့်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဟိ၊ ထိုစကားသင့်စွ။ မယံ၊ ငါတို့သည်။
တေ၊ ထိုသူရိယမင်းသားကို။ နိဿာယ၊ မှီ၍။ ဣမံ အရညံ၊ ဤတောသို့။ ပဝိဋ္ဌာ၊
ဝင်လာကုန်၏။ ဟိ၊ ထိုစကား သင့်စွ။ ဧတဿ၊ ထိုသူရိယမင်းသား၏။ အတ္ထာယ၊
အကျိုးငှာ။ အမှာကံ၊ ငါတို့၏။ ပိတရံ၊ အဘ ခမည်းတော်ကို။ ဧတဿ၊ ထိုသူရိယ
မင်းသား၏။ မာတာ၊ အမိ မိဖုရား၊ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ယာစိ၊ တောင်း၏။
အမှာကံ၊ ငါတို့၏။ ပိတာ၊ အဘသည်။ တံ ဝရံ၊ ထိုဆုကို။ အဒတွာ၊ မပေးမူ၍။
အမှာကံ၊ ငါတို့အား။ အနုရက္ခဏတ္ထာယ၊ အစဉ်စောင့်ရှောက်ခြင်းငှာ။ အရညေ-
ဝါသံ၊ တော၌နေခြင်းကို။ အနုဇာနိ၊ ခွင့်ပြု၏။ သော ကုမာရော၊ ထိုသူရိယ
မင်းသားသည်။ အနိဝတ္တေတွာ၊ မပြန်မူ၍။ အမှေဟိ၊ ငါတို့နှင့်။ သဒ္ဓိံ၊ တကွ။
အာဂတော၊ လာ၏။ တံ၊ ထိုသူရိယ မင်းသားကို။ အရညေ၊ တော၌။ ဧကော
ယက္ခော၊ ဘီလူးတယောက်သည်။ ခါဒိ၊ စားပြီ။ ဣတိ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုသော်
လည်း။ ပေ ကောစိ၊ တစုံတယောက်သောသူသည်။ နသဒ္ဒဟိဿတိ၊ မယုံကြည်လတ္တံ့။ တေန၊

ထိုကြောင့်။ အဟံ၊ ငါသည်။ ဂရဟူဘယဘီတော၊ ကဲ့ရဲ့သောဘေးမှ ကြောက်သော ကြောင့်။ တမေဝ၊ ထိုသူရိယမင်းသားကိုသာလျှင်။ အာဟရာပေမိ၊ ဆောင်စေ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ယက္ခော၊ ဘီလူးသည်။ ဗောဓိသတ္တဿ၊ ဘုရားလောင်း အား။ ပသီဒိတွာ၊ ကြည်ညို၍။ ပဏ္ဍိတ၊ ပညာရှိ။ သာဓု၊ ကောင်း၏။ တွံ၊ မာ၊ သင် သည်သာလျှင်။ ဒေဝဓမ္မေ၊ ဒေဝဓမ္မတို့ကို။ ဇာနာသိ၊ သိ၏။ ဒေဝဓမ္မေသု စ၊ ဒေဝ ဓမ္မတို့၌လည်း။ ဝတ္တတိ၊ ကျင့်၏။ (“ဒေဝဓမ္မေသု ဝတ္တတိ” ပုဒ်ကား အဋ္ဌကထာ ပါဠိ၌ မပါ။ သင့်အံ့ထင်၍ ထည့်လိုက်သည်။ အချို့အဋ္ဌကထာပါဠိ၌ ပါဟန် ထင် သည်၊ နိဿယများမှာ ပါသည်)။ ။ဣတိ၊ ဤသို့။ ဒွေ ဘာတရော၊ ညီနှစ် ယောက်တို့ကို။ အာနေတွာ၊ ဆောင်၍။ အာဒါသိ၊ ပေး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုဘီလူးကို။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ ယက္ခဘာဝေ၊ ဘီလူးအဖြစ်၌။ အာဒီနဝံ၊ အပြစ်ကို။ ကထေတွာ၊ ဆို၍။ ပဉ္စသု သီလေသု၊ ငါးပါးသော သီလတို့၌။ ပတိဋ္ဌာပေသိ၊ တည်စေ၏။ သော၊ ထို မဟိံသမင်းသားသည်။ တေန၊ ထိုဘီလူးသည်။ သံဝိဟိတရက္ခော၊ စီရင်အပ်သော စောင့်ရှောက်ခြင်းရှိသည် ဖြစ်၍။ အရညေ၊ တော၌။ ဝသိတွာ၊ နေ၍။ ပိတရိ၊ အဘသည်။ ကာလကတေ၊ နတ်ရွာလားသည်ရှိသော်။ ယက္ခံ၊ ဘီလူးကို။အာဒါယ၊ ယူ၍။ ဗာရာဏသိံ၊ ဗာရာဏသီပြည်သို့။ ဂန္တွာ၊ သွား၍။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ဂဟေတွာ၊ယူ၍။ စန္ဒကုမာရဿ၊ စန္ဒမင်းသားအား။ ဥပရဇ္ဇံ၊ အိမ်ရှေ့မင်း အဖြစ် ကို။ ဒတွာ၊ ပေး၍။ သူရိယကုမာရဿ၊ သူရိယမင်းသားအား။ သေနာပတိဋ္ဌာနံ၊ စစ် သူကြီး အရာကို။ ဒတွာ၊ ပေး၍။ ယက္ခဿ၊ ဘီလူးအား။ ရမဏီယေ ဌာနေ၊ မွေ့လျော်ရာ အရပ်၌။ အာယတနံ၊ နေရာပြာသာဒ်တန်ဆောင်းကို။ ကာရာပေတွာ၊ ပြုစေ၍။ ယထာ၊ အကြင်အခြင်းဖြင့်။ သော၊ ထိုဘီလူးသည်။ လာဘဂ္ဂပ္ပတ္တော၊ လာဘ်သပ္ပကာ ပြန့်ပြောသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ အကာသိ၊ ပြု၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤဓမ္မဒေသနာကို။ အာဟရ ပေတွာ၊ ဆောင်တော်မူ၍။ ဇာတကံ၊ ဇာတ်တော်ကို။ သမောဓာနေသိ၊ ပေါင်း ဓတော်မူ၏။ [တဒါ၊ ထိုအခါ၌။ ရက္ခသော၊ ရက္ခိုသ်သည်။ ဗဟုဘဏ္ဍိကဘိက္ခု၊ ပရိက္ခရာဘဏ္ဍာ များသော ရဟန်းသည်။ အဟောသိ၊ ဖြစ်၏။ သူရိယကုမာရော၊ သူရိယ မင်းသားသည်။ အာနန္ဒော၊ အာနန္ဒာသည်။ အဟောသိ၊ ဖြစ်၏။ စန္ဒ ကုမာရော၊ စန္ဒမင်းသားသည်။ သာရိပုတ္တော၊ သာရိပုတ္တရာသည်။ အဟောသိ၊ ဖြစ်၍။ မဟိံသကုမာရောပန၊ မဟိံသမင်းသားသည်ကား။ အဟမေဝ၊ ငါဘုရား သာလျှင်တည်း။ ဣတိ ဧဝံ၊ ဤသို့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇာတကံ၊ ဇာတ်ကို။

ကထေတွာ၊ ဟောတော်မူ၍။ ဝေါ၊ ဤသို့။ ဘိက္ခု၊ ရဟန်း။ တွံ၊သင်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဒေ၀ဓမ္မေ၊ ဒေ၀ဓမ္မတိုက်။ ဂဝေသမာနော၊ ရှာလျက်။ ဟိရောတ္တပ္ပ သမ္ပန္နော၊ အရှက်အကြောက်နှင့် ပြည့်စုံစွာ။ ဝိစရိတွာ၊ သွားလာ၍။ ဣဒါနိ၊ ယခု အခါ၌။ စတုပရိသမဇ္ဈေ၊ ပရိသတ်လေးပါး အလယ်၌။ ဣမိနာ ဥဗ္ဗာဟာရေန၊ ဤ သက်န်းတထည်ကို ဆောင်သောနည်းဖြင့်။ ဌတွာ၊ တည်၍။ မမ၊ ငါဘုရား၏။ ပုရတော၊ ရှေ့မှ။ အပ္ပိစ္ဆော၊ အလိုနည်းယောင်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒန္တော၊ ဆိုလျက်။ အယုတ္တံ၊ မသင့်သည်ကို။ အကာသိ၊ ပြု၏။ ဟိ၊ ထိုစကား သင့်စွ။ သာဋကံ ပဋိက္ခေပါဒိမတ္တေန၊ သက်န်းကို ပယ်ခြင်း အစရှိသည်မျှဖြင့်။ သမဏော နာမ၊ ရဟန်းမည်သည်။ န ဟောတိ၊ မဖြစ်သေး။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၄၁။ ဘိက္ခု၊ ရဟန်း။ အဝိတိဏ္ဏကင်္ခံ၊ မကူးမြောက်သော ယုံမှားခြင်း ရှိသော။ မစ္စံ၊ သတ္တဝါကို။ နဂ္ဂစရိယာ၊ အဝတ်မစည်း အချည်းနှီးသော အကျင့်တို့ သည်။ န ယောဓေန္တိ၊ မဖြူစင်စေကုန်။ ဇဋာ၊ ဆံကျစ်ထုံးသော အကျင့်တို့သည်။ န သောဓေန္တိ၊ မဖြူစင်စေကုန်။ ပင်္ကာ၊ ညွန်အလိမ်းလိမ်း ကပ်သော အကျင့်တို့ သည်။ န သောဓေန္တိ၊ မဖြူစင်စေကုန်။ အနာသကာ၊ အစာကို မစားသော အကျင့် တို့သည်။ န သောဓေန္တိ၊ မဖြူစင်စေကုန်။ ထဏ္ဍိလသာယိကာဝါ၊ မြေ၌ အိပ်သော အကျင့်တို့သည်။ န သောဓေန္တိ၊ မဖြူစင်စေကုန်၊ ရဇောဇလ္လံ၊ မြူအလိမ်းလိမ်း ကပ် စေ၍။ ဥက္ကုဋိကပ္ပဓာနံ၊ ဆောင့်ကြောင့်ထိုင်၍ အားထုတ်အပ်သော အကျင့်သည်။ န သောဓေန္တိ၊မဖြူစင်စေကုန်။ဣတိ၊သို့အာဟ၊မိန့်တော်မူ၏။

တတ္ထ တိဿံ ဂါထာယံ၊ ထိုဂါထာ၌။ နာနာသကာတိပဒဿ၊ နာနာသကာ ဟူသောပုဒ်၏။ န အနာသကာတိ ပဒစ္ဆေဒေါ၊ န အနာသကာ ဟူသော ပုဒ်ဖြတ်ခြင်း ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဘတ္တပဋိက္ခေပါ၊ ထမင်းကို ပယ်ခြင်းတည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ထဏ္ဍိလသာယိကာတိ၊ ထဏ္ဍိလ သာယိကာ ဟူသည်ကား။ ဘူမိသယနံ သယိကာဝါ၊ မြေ၌အိပ်၍ ကျင့်ခြင်းတည်း။ ရဇောဇလ္လန္တိ၊ ဟူသည်ကား။ ကဒ္ဒမလေပနာကာရေန၊ ညွန်အလိမ်းလိမ်းကပ်သော အခြင်းအရာရှိသော၊ သရီရေန၊ ကိုယ်ဖြင့်။ သန္နိဟိတရဇော၊ စုဝေးရာ မြူရှိသော အကျင့်တည်း။ ဥက္ကုဋိကပ္ပဓာနန္တိ၊ ဟူသည်ကား။ ဥက္ကုဋိကဘာဝေန၊ ဆောင့် ကြောင့်ထိုင်သော အဖြစ်ဖြင့်။ အာရဒ္ဓဝီရိယံ၊ အားထုတ်အပ်သော လုံ့လရှိသော သူတည်း။ ဣဒံ ဖလမိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဣတ္ထံ ဝုတ္တော၊ဆိုလိုသည်။

ဟောတိ.ဖြစ်၏။ ဟိ၊ထိုစကားသင့်စွ။ ယောမစ္စော၊ အကြင်သတ္တဝါသည်။ ဇဝံ၊ ဤသို့။ အဟံ၊ငါသည်။ လောကနိဿရဏံ သခ်ါတံ၊ လောကမှ ထွက်မြောက်ရာဟု ဆိုအပ်သော။ သုဒ္ဓိံ၊နိဗ္ဗာန်သို့။ ပါပုဏိဿာမိ၊ ရောက်အံ့။ ဣတိ၊ဤသို့။ဣမေသု နဂ္ဂစရိယာဒီသု၊ ဤအဝတ်မဝတ်ဘဲ ကျင့်ခြင်းအစဆည်တို့တွင်။ ယံကိဉ္စိ၊အမှတ်မရှိ တခုခုကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တေယျ၊ကျင့်ငြားအံ့။သော၊ထိုသူသည်။ ကေဝလံ၊ သက်သက်။ မိစ္ဆာဒဿနဥ္စေဝ၊ မိစ္ဆာအမြင်သည်သာလျှင်။ ပဝတ္တေယျ၊ ဖြစ်စေရာ၏။ ကိလမထဿစ၊ ပင်ပန်းခြင်း၏လည်း။ ဘာဂီ။အဘို့ရှိသည်။ အဿ၊ ဖြစ်ရာ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧတာနိ၊ ထိုအဝတ်မဝတ်ဘဲ ကျင့်ခြင်းအစရှိသည် ပို့ကို။ သုသမာဒိန္နာနိပိ၊ ကောင်းစွာ ဆောက်တည် ကုန်သော သူတို့သည်လည်း။ အဋ္ဌဝတ္ထုကာယ၊ ရှစ်ပါးသော အကြောင်းရှိသော။ ကင်္ခါယ၊ ယုံမှားခြင်း၏။ အဝိတိဏ္ဏဘာဝေန၊ မကူးမြောက်သည်၏ အဖြစ်ဖြင့်။ အဝိတိဏ္ဏကင်္ခံ၊ မကူးမြောက်သော ယုံမှားခြင်း ရှိသော။ မစ္စံ၊ သတ္တဝါကို။ နသောဓေန္တိ၊ မဖြူစင်စေကုန်။ ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

အဋ္ဌမံ၊သော။ ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၀-ဒဏ္ဍဝဂ္ဂ။ ၉-သန္တတိမဟာမတ္တဝတ္ထု။

(ဗဟုဘဏ္ဍိက ရဟန်း၏ အတ္ထုပ္ပတ္တိကို ဆိုရာ ဆိုကြောင်း ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ သန္တတိအမတ်၏ ဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သော အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အလင်္ကတော စေပိ" အစရှိသော ပါဌ်ကို မိန့်သတည်း)။

"အလင်္ကတောစေ" တိ ဣမံ ဓမ္မဒေသနံ၊ အလင်္ကတောစေ- ဟူသော ဤဓမ္မ ဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း တော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သန္တတိ မဟာမတ္တံ၊ သန္တတိ အမတ် ကြီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ သော၊ ထိုအမတ်ကြီးသည်။ ဧကသ္မိံ ကာလေ၊ တခုသော ကာလ၌။ ရညော၊ ပသေနဒိကောသလဿ၊ ပသေနဒီကောသလမင်းကြီး၏။ ကုပိတံ၊ သောင်းကျန်း

ပုန်ကန်သဖြင့် မာန်မူကြသော။ ပစ္စန္တံ၊ ပစ္စန္တရစ်ကို။ ဝူပသမိတွာ၊ ငြိမ်းစေ၍။ အာဂတော၊ လာ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအမတ်ကြီးအား။ ရာဇာ၊ မင်းသည်။ တုဋ္ဌော၊ နှစ်သက်သည်ဖြစ်၍။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ပတ်လုံး။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ဒတွာ၊ ပေး၍။ နစ္စဂီတကုသလံ၊ ကခြင်းသီခြင်း၌ လိမ္မာသော။ ဧကံ ဣတ္ထိံ၊ မိန်းမတယောက်ကို။ အဒါသိ၊ ပေး၏။ သော၊ ထိုအမတ်ကြီးသည်။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ပတ်လုံး။ သုရာမဒမတ္တော၊ သေယစ်သည်။ ဟုတွာ၊ ဖြစ်၍။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။ သဗ္ဗလင်္ကာရပဋိမဏ္ဍိတော၊ အလုံးစုံသော တန်းဆာဖြင့် တန်းဆာဆင်အပ်သော။ ဟတ္ထိခန္ဓဝရဂတော၊ မြတ်သော ဆင်ကျောက်ကုန်း၌ တည်သည်။ ဟုတွာ၊ ဖြစ်၍။ နှာနတိတ္ထံ၊ ရေချိုးဆိပ်သို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တံ၊ ဝင်သော။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒွါရန္တရေ၊ တံခါးအကြား၌။ ဒိသွာ၊ မြင်၍။ ဟတ္ထိခန္ဓဝရဂတော၊ မြတ်သော ဆင်ကျောက်ကုန်းထက်မှ။ သီသံ၊ ဦးခေါင်းကို။ စာလေတွာ၊ လှုပ်၍။ ဝန္ဒိ၊ ရှိခိုး၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သိတံ၊ ပြုံးခြင်းကို။ ကတွာ၊ ပြုသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ သိတပါတုကရဏေ၊ ပြုံးတော်မူခြင်းကို ပြုရာ၌။ ဟေတု၊ အကြောင်းကား။ ကောနုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အာနန္ဒတ္ထေရေန၊ အာနန္ဒာမထေရ်သည်၊ ပုဋ္ဌော၊ မေးအပ်သည်ရှိသော်။ သိတကာရဏံ၊ ပြုံးတော်မူသော အကြောင်းကို။ အာစိက္ခန္တော၊ ကြားတော်မူလိုသော မြတ်စွာဘုရားသည်။ အာဟ၊ မိန့်၏။ အာနန္ဒ၊ အာနန္ဒာ။ သန္တတိမဟာမတ္တံ၊ သန္တတိအမတ်ကြီးကို။ ပဿ၊ မြင်ဖါလော။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ သဗ္ဗာဘရဏပဋိမဏ္ဍိတော၊ အလုံးစုံသော တန်းဆာဖြင့် တန်းဆာဆင်အပ်လျက်။ မမ၊ ငါဘုရား၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာလတ်၍။ စတုပ္ပဒိကဂါထာဝသာနေ၊ လေးပုဒ်ရှိသော ဂါထာ၏ အဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ သတ္တကာလမတ္တေ၊ ထန်းခုနစ်ဆင့် ပမာဏရှိသော။ အာကာသေ၊ ကောင်းကင်၌။ နိသီဒိတွာ၊ နေ၍။ ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ မဟာဇနော၊ လူများအပေါင်းသည်။ ယေရေန၊ အာနန္ဒာ မထေရ်နှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တဿ၊ စကားဆိုသော။ သတ္ထု၊ မြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ အဿောသိ၊ ကြား၏။ တတ္ထ၊ ထိုလူအပေါင်းတို့တွင်။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိတို့သည်။ "မှားသောအမြင်ရှိသော သူတို့သည်လည်းဟူ"။ စိန္တယိံသု၊ ကြံကြကုန်၏။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမ၏။ ကိရိယံ၊ အမူအရာကို။ တုမှေ၊ သင်တို့သည်။ ။(တုမှေ-ကား ကတ္တားထည့်သည်)။ ။ပဿထ၊ ရှုကုန်

လော့။ မုခမတ္တမေဝ၊ အမြွက်မျှဖြင့်သာလျှင်။ ဘာသတိ၊ ဆို၏။ အဇ္ဇ၊ ယနေ့။ သော၊ ဤသန္တတိ အမတ်သည်။ ဧဝံ၊ ဤသို့။ သုရာမဒမတ္တော၊ သေယစ်လျက်။ ယထာ၊ အကြင်အခြင်းဖြင့်။ အလင်္ကတော၀၊ တန်းဆာဆင်လျက် သာလျှင်။ တဿ၊ ထိုမြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ မမံ၊ တရားကို။ သုတွာ၊ ကြား၍။ ပရိနိဗ္ဗာယိဿတိ ကိရ၊ ပရိနိဗ္ဗာန်ပြုမည်တဲ့။ အဇ္ဇေ၀၊ ယနေ့ပင်လျှင်။ တံ၊ ထိုမြတ်စွာဘုရားကို။ မုသာဝါဒေန၊ မုသာဝါဒဖြင့်။ နိဂ္ဂဟိဿာမ၊ နှိပ်ကုန်အံ့။ ဣတိ၊ ဤသို့။ စိန္တေသုံ၊ ကြံကုန်၏။

သမ္မာဒိဋ္ဌိကာ၊ သမ္မာ အယူရှိကုန်သော သူတို့သည်။ စိန္တေသုံ၊ ကြံကုန်၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ မဟာနုဘာဝေါ၊ မြတ်သော အာနုဘော်သည်။ အဟော၊ အံ့ဘွယ်ရှိစွ။ အဇ္ဇ၊ ယနေ့။ ဗုဒ္ဓလီဠှဉ္စေ၀၊ မြတ်စွာဘုရား၏ တင့်တယ်ခြင်းကိုရင်း။ သန္တတိ မဟာမတ္တလီဠှဉ္စ၊ သန္တတိအမတ်ကြီး၏ တင့်တယ်ခြင်းကိုရင်း၊ ဒဋ္ဌုံ၊ ဖူးမြင်အံ့သောငှာ။ လဘိဿာမ၊ ရကုန်အံ့။ ဣတိ၊ ဤသို့။ စိန္တေသုံ၊ ကြံကုန်၏။ သန္တတိမဟာမတ္တောပိ၊ သန္တတိအမတ်ကြီးသည်လည်း။ နှာနတိတ္ထေ၊ ရေချိုးဆိပ်၌။ ဒိဝသဘာဂံ၊ နေ့အဘို့ပတ်လုံး။ ဥဒကကီဠံ၊ ရေကစားခြင်းကို။ ကီဠိတွာ၊ ကစား၍။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂန္တွာ၊ သွား၍။ အာပါနဘူမိယံ၊ သေသောက်ရာမြေ၌။ နိသီဒိ၊ နေ၏။ သာပိ ဣတ္ထီ၊ ထိုမိန်းမသည်လည်း။ ရင်္ဂမဇ္ဈံ၊ သဘင်အလယ်သို့။ ဩတရိတွာ၊ သက်၍။ နစ္စဂီတံ၊ ကခြင်း သီခြင်းကို။ ဒဿေတုံ၊ ပြအံ့သောငှာ။ အာရဘိ၊ အားထုတ်၏။ တဿာ၊ ထိုမိန်းမ၏။ သရီရလီဠှာယ-ဒဿနတ္ထံ၊ ကိုယ်၏တင့်တယ်ခြင်းကို ပြအံ့သောငှာ။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ အပ္ပါဟာရတာယ၊ နည်းသော အစာရှိသည်၏ အဖြစ်ကြောင့်။ တံဒိဝသံ၊ ထိုနေ့၌။ နစ္စဂီတံ၊ ကခြင်းသီခြင်းကို။ ဒဿယမာနာယ၊ ပြသည်ရှိသော်။ အန္တောကုစ္ဆိယံ၊ ဝမ်းတွင်း၌။ သတ္ထကဝါတာ၊ ဓားငယ်နှင့်တူသော လေတို့သည်။ သမုဋ္ဌာယ၊ ၍။ ဟဒယမံသံ၊ နှလုံးခဲ့သားကို။ ကန္တိတွာ၊ ခဲ့၍။ အဂမံသု၊ သွား၏။ သာ၊ ထိုကချေသည်သည်။ တံခဏညေ၀၊ ထိခဏ၌သာလျှင်။ မုခေနစေ၀၊ ခံတွင်းဖြင့်ရင်း။ အက္ခီဟိစ၊ မျက်စိတို့ဖြင့်ရင်း။ ဝိဝဋ္ဋေဟိ၊ ဖွင့်ခြင်းတို့ဖြင့်။ ကာလမကာသိ၊ သေခဲ့၏။ သန္တတိ မဟာမတ္တော၊ သန္တတိအမတ်ကြီးသည်။ နံ၊ ထိုမိန်းမကို။ ဥပဓာရေထ၊ စုံစမ်းကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆိုသောကြောင့်။ သာမိ၊ အရှင်။ နိရုဒ္ဓါ၊ ချုပ်လေပြီ။ ဣတိစ၊ ဤသို့လည်း။ ဝုတ္တမတ္တေယေဝ၊ ဆိုကာမျှ၌သာလျှင်။ ဗလဝသောကေန၊ ကြီးစွာသော စိုးရိမ်ခြင်းဖြင့်။ အဘိဘူတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ တံခဏညေ၀၊ ထိုခဏ၌သာလျှင်။ အဿ၊ ထိုအမတ်ကြီးအား။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ပီတသုရာ၊ သောက်သော သေအရက်တို့သည်။ တတ္တကပါလေ၊

အိုးကင်းပူ၌။ ဥဒကဗိန္ဒုဝိယ၊ ကျသော ရေပေါက်ကဲ့သို့။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ အဂမာသိ၊ ရောက်၏။

သော၊ ထိုအမတ်ကြီးသည်။ မေ၊ ငါ၏။ ဣမံ သောကံ၊ ဤစိုးရိမ်ခြင်းကို။ တထာဂတေန၊ မြတ်စွာဘုရားကို။ အညတြ၊ ထား၍။ အညေ၊ တပါးသော သူတို့သည်။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ န သက္ခိဿန္တိ၊ မတတ်နိုင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဗလကာယပရိဝုတော၊ ဗိုလ်ပါအပေါင်းခြံရံလျက်။ သာယန္ဟသမယေ၊ ညချမ်းသော အခါ၌။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာ၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧဝံ၊ ဤသို့။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ သောကော၊ စိုးရိမ်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်၏။ တံ၊ ထိုစိုးရိမ်ခြင်းကို။ မေ၊ အကျွန်ုပ်အား။ တုမှေ၊ အရှင်ဘုရားတို့သည်။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ သက္ခိဿထ၊ တတ်နိုင်ကုန်လတ္တံ့။ ဣတိ ဟသွာ၊ ထိုကြောင့်။ အာဂတော၊ လာသည်။ အမှိ၊ ဖြစ်၏။ မေ၊ အကျွန်ုပ်၏။ ပဋိသရဏံ၊ ကိုးကွယ်ရာသည်။ ဟောထ၊ ဖြစ်ပါကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအမတ်ကြီးကို။ သတ္ထာ၊ ဘုရားရှင်သည်။ သောကံ၊ စိုးရိမ်ခြင်းကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ သမတ္ထဿဝ၊ စွမ်းနိုင်သော ငါ၏သာလျှင်။ သန္တိကံ၊ အထံသို့။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်၏။ ဟိ၊ ဟုတ်စကားသင့်စွ။ ဣမိဿာ ဣတ္ထိယာ၊ ဤမိန်းမ၏။ ဣမိနာဝ အာကာရေန၊ ဤသို့သော အခြင်းအရာဖြင့်သာလျှင်။ မတကာလေ၊ သေသောကာလ၌။ ရောဒန္တဿ၊ ငိုသော။ တဝ၊ သင်၏။ ပဂ္ဃရိတအဿူနိ၊ ယိုစီးသော မျက်ရည်တို့သည်။ စတုန္နံ မဟာသမုဒ္ဒါနံ၊ လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏။ ဥဒကတော၊ ရေထက်။ အတိရေကတရာနိ၊ အလွန်များကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

ဘော အမစ္စ၊ အိုအမတ်။ ပုဗ္ဗေ၊ ရှေးကာလ၌။ ယံ ကိဉ္စနံ၊ အကြင်ကိလေသာ တည်းဟူသော စိုးရိမ်ကြောင့်ကြခြင်းသည်။ အဟုဝိ၊ ရှိ၏။ ။(အဟုဝိကား ကြိယာအလိုငှာ ထည့်သည်)။ ။တံ ကိဉ္စနံ၊ ထိုကိလေသာ တည်းဟူသော စိုးရိမ်ကြောင့်ကြခြင်းကို။ ဝိသောဓေဟိ၊ သုတ်သင်လော့။ တေ၊ သင်အား။ ပစ္ဆာ၊ နောက်ကာလ၌။ ကိဉ္စနံ၊ ကိလေသာ တည်းဟူသော စိုးရိမ်ကြောင့်ကြခြင်းကို။ မာ အဟု၊ မဖြစ်စေလင့်။ မဇ္ဈေ၊ အလယ်ဖြစ်သော ပစ္စုပ္ပန်ကာလ၌။ စေ နော ဂဟိဿသိ၊ အကယ်၍ ကိလေသာ တည်းဟူသော စိုးရိမ်ကြောင့်ကြခြင်းကို မစွဲလမ်းသည်ဖြစ်အံ့။ ဥပသန္တော၊ ငြိမ်းပြီးသော ကိလေသာ ရှိသည်ဖြစ်၍။ စရိဿသိ၊ သွားရလတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

ဂါထာပရိယောသာနေ၊ ဂါထာ၏အဆုံး၌။ သန္တတိ မဟာမတ္တော၊ သန္တတိ
အမတ်ကြီးသည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ အတ္တနော၊
မိမိ၏။ အာယုသင်္ခါရံ၊ အာယုသင်္ခါရကို။ "အသက်အပိုင်း အခြားကိုလည်းဟူ"။
ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ တဿ၊ ထိုအာယုသင်္ခါရကို ပြုတတ်သော
ကံ၏။ အပ္ပဝတ္တနဘာဝံ၊ ဖြစ်လတ္တံ့မရှိသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ သတ္ထာရံ၊
မြတ်စွာဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်
အား။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ပြုခြင်းကို။ အနုဇာနာဟိ၊ ခွင့်ပြုလော့။ ဣတိ၊
ဤသို့။ အာဟ၊ လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေန၊ ထိုအမတ်ကြီး
သည်။ ကတကမ္မံ၊ ပြုအပ်သော ကံကို။ ဇာနန္တောပိ၊ သိတော်မူလျက်လည်း။
မဟာဇနေန၊ မဟာဇနဖြင့်။ နိဂ္ဂဏှနတ္ထံ၊ နှိပ်စက်အံ့သောငှာ။ သန္နိပတိတာ၊
စည်းဝေးကုန်သော။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာဒိဋ္ဌိတို့သည်။ ဩကာသံ၊ အခွင့်ကို။
န လဘိဿန္တိ၊ မရကုန်လတ္တံ့။ ဗုဒ္ဓလီဠှာယ၊ ဘုရား၏ တင့်တယ်ခြင်းကိုရင်း။
သန္တတိ မဟာမတ္တလီဠှာ၊ သန္တတိ အမတ်ကြီး၏ တင့်တယ်ခြင်းကိုရင်း။ ပဿိဿာမ၊
ဖူးမြင်ကုန်အံ့။ ဣတိ၊ ဤသို့။ သန္နိပတိတာ၊ စည်းဝေးကုန်သော။ သမ္မာဒိဋ္ဌိကာ၊
သမ္မာဒိဋ္ဌိအယူရှိကုန်သော သူတို့သည်။ ဣမိနာ၊ ဤအမတ်ကြီးသည်။ ကတကမ္မံ၊
ပြုအပ်သော ကံကို။ သုတွာ၊ ကြားနာရ၍။ ပုညေသု၊ ကောင်းမှုတို့၌။ အာဒရံ၊
ရိုသေစွာ။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဣတိ စ၊ ဤသို့လည်း။ သလ္လက္ခေတွာ၊
မှတ်တော်မူ၍။ တေနဟိ၊ ထိုသို့ တပြီးကား။ တယာ၊ သင်သည်။ ကတကမ္မံ၊
ပြုအပ်သော ကံကို။ မယှံ၊ ငါ့အား။ ကထေဟိ၊ ဟောလော့။ ဣတိ၊ ဤသို့၊
ကထေန္တော စ၊ ဟောသော်လည်း။ ဘူမိယံ၊ မြေ၌။ ဌိတော၊ တည်လျက်။
အကထေတွာ၊ မဟောမူ၍။ သတ္တတာလမတ္တေ၊ ထန်းခုနစ်ဆင့် ပမာဏရှိသော်။
အာကာသေ၊ ကောင်းကင်၌။ ဌိတော၊ တည်လျက်။ ကထေဟိ၊ ဟောလော့။
ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သော၊ ထိုအမတ်ကြီးသည်။ ဘန္တေ၊ အရှင်ဘုရား။
သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။
ဧက တာလမတ္တံ၊ ထန်းတဆင့် ပမာဏရှိသော အရပ်သို့။ ဥဂ္ဂမ္မ၊ တက်၍။
ဩရောဟိတွာ၊ သက်၍။ ပုန၊ တဖန်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ·
ရှိခိုး၍။ ဥဂ္ဂစ္ဆန္တော၊ တက်သည်ရှိသော်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ သတ္တ-
တာလပ္ပမာဏေ၊ ထန်းခုနစ်ဆင့် ပမာဏရှိသော။ အာကာသေ၊ ကောင်းကင်၌။
ပလ္လင်္ကေန၊ ထက်ဝယ်ဖြင့်။ နိသီဒိတွာ၊ နေ၍။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်
၏။ ပုဗ္ဗကမ္မံ၊ ရှေးက ပြုအပ်သော ကံကို။ သုဏာထ၊ နာတော်မူလော့။ ဣတိ၊
ဤသို့။ အာဟ၊ မိန့်တော်မူ၏။

ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ကေနဝုတိကပ္ပေ၊ ကိုးဆယ့်တကမ္ဘာထက်၌။ ဝိပဿိသမ္မာသမ္ဗုဒ္ဓကာလေ၊ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌။ အယံ၊ အကျွန်ုပ်သည်။ ဗန္ဓုမတီနာမ နဂရေ။ ဗန္ဓုမတီ အမည်ရှိသောပြည်၌။ ကေသ္မိံ ကုလေ၊ တခုသော အမျိုး၌။ နိဗ္ဗတ္တိတွာ၊ဖြစ်၍။ စိန္တေသိ၊ ကြံ၏။ ပရေသံ၊ တပါးသော သူတို့အား။ ဆေဒံ၊ ပြတ်ခြင်းကိုရင်း။ ပီဠံ၊ နှိပ်စက်ခြင်းကိုရင်း။ အကရဏကမ္မံ။ မပြုအပ်သော ကံသည်။ ကိံ နုခေါ၊ အဘယ်ရှိသလော။ ဣတိ၊ သို့။ ဥပဓာရေန္တော၊စူးစမ်းဆင်ခြင်လတ်သော်။မမ္မဃောသကကမ္မံ၊တရားနာစိမ့်သောငှာ ကြွေးကြော်သော ကုသိုလ်ကံကို။ ဒိသွာ၊မြင်၍။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ တံကမ္မံ၊ ထိုအမှုကို။ ကရောန္တော၊ပြုလျက်။ မဟာဇနံ၊ လူများအပေါင်းကို။ သမာဒပေတွာ၊ ကောင်းစွာ ဆောက်တည်စေ၍။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောမိ၊ပြု၏။ ဥပေါသထဒိဝသေသု၊ ဥပုသ်နေ့တို့၌။ ဥပေါသထံ၊ ဥပုသ်ကို။ သမာဒိယထ၊ ဆောက်တည်ကုန်လော့။ ဒါနံ၊အလှူကို။ ဒေထ၊ ပေးကုန်လော့။ သီလံ၊ သီလကို။ ရက္ခထ၊စောင့်ကုန်လော့။ ဓမ္မံ၊တရားကို။သုဏာထ၊ နာကုန်လော့။ ဗုဒ္ဓရတနာဒိဟိ၊ ဘုရားရတနာ အစရှိသည်တို့နှင့်။ သဒိသံ၊ တူသော။ အညံ၊နာမ၊ တပါးသော ရတနာမည်သည်။ နတ္ထိ၊ မရှိ။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရတနာနံ၊ ရတနာတို့အား။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ကရောထ၊ပြုကုန်လော့။ ဣတိ၊ဤသို့။ ဥဃ္ဃောသေန္တော၊ ကြွေးကြော်လျက်။စရာမိ၊သွား၏။ တဿ မယှံ၊ ထိုငါ၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍၊ ဗုဒ္ဓပိတာ၊ ဘုရားခမည်းတော် ဖြစ်သော။ ဗန္ဓုမတိ မဟာရာဇာ၊ ဗန္ဓုမတီမင်းကြီးသည်။ မံ၊ငါ့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တာတ၊အမောင်။ကိံ၊အဘယ်ကို။ ကရောန္တော၊ပြုလျက်။ ဝိစရသိ၊ သွားသနည်း။ ဣတိ၊ဤသို့။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ ဒေဝ၊ အရှင်မင်းကြီး။ တိဏ္ဏံ ရတနာနံ၊ သုံးပါးကုန်သောရတနာတို့၏။ဂုဏံ၊ဂုဏ်ကျေးဇူးကို။ပကာသေန္တော၊ပြ၍။မဟာဇနံ၊ လူများကို။ ပုညကမ္မေသု ကုသိုလ်ကောင်းမှုတို့၌။ သမာဒပေန္တော၊ ဆောက်တည်စေလျက်။ ဝိစရာမိ၊ သွား၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ ကတ္ထ၊ အဘယ်ယာဉ်၌။နိသိန္နော၊ နေလျက်။ ဝိစရသိ၊သွားသနည်း။ ဣတိ၊ဤသို့။မံ၊ငါ့ကို။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ ဒေဝ၊အရှင်မင်းကြီး။ ပဒသာဝ၊ခြေဖြင့်သာလျှင်။ ဝိစရသိ၊ သွား၏။ ဣတိ၊ဤသို့။ မယာ၊ငါသည်။ ဝုတ္တေ၊ဆိုသည်ရှိသော်။တာတ၊ အမောင်။ တွံ၊သင်သည်။ ဧဝံ၊ဤသို့။ ဝိစရိတုံ၊သွားခြင်းငှာ။ န အရဟသိ၊မထိုက်။ ဣဒံ ပုပ္ဖဒါမံ၊ ဤပန်းကုံးကို။ ပိလန္ဓိတွာ၊ ပန်ဆင်၍။ အဿပိဋ္ဌေ၊ မြင်းကျောက်ကုန်း၌။ နိသိန္နော၀၊ နေလျက်လျှင်။ ဝိစရ၊ သွားလော့။ ဣတိ၊ ဤသို့။ မယှံ၊

ငါ့အား။ မုတ္တာဒါမသဒိသံ၊ ပုလဲပန်းကုံးနှင့်တူသော။ ပုပ္ဖဒါမံ၊ ပန်းကုံးကို။ ဒတွာ၊ ပေး၍။ ဒန္တံ၊ ယဉ်ကျေးသော။ အဿံ၊ မြင်းကို။ အဒါသိ၊ ပေး၏။

အထ၊ ထိုအခါ၌။ မံ၊ ငါ့ကို။ ရညာ၊ မင်းကြီးသည်။ ဒိန္နပရိဟာရေန၊ ပေးအပ်သော အဆောင်အရွက်ဖြင့်။ တထေဝ၊ ထိုအတူသာလျှင်။ ဥဋ္ဌာသေဘွာ၊ ကြွေးကြော်၍။ ဝိစရန္တံ၊ သွားသည်ကို။ ပုနပိ၊ တဘန်လည်း။ ရာဇာ၊ မင်းသည်။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တာတ၊ အမောင်။ ကိံ၊ အဘယ်ကို။ ကရောန္တော၊ ပြုလျက်။ ဝိစရသိ၊ သွားသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ ဒေဝ၊ အရှင်မင်းကြီး။ တဒေဝ၊ ထိုမြင်းကို စီး၍သာလျှင်။ ဝိစရသိ၊ သွား၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တာတ၊ အမောင်။ အဿောပိ၊ မြင်းသည်လည်း။ တေ၊ သင်အား။ နာနုစ္ဆဝိကော၊ မလျောက်ပတ်သေး။ ဣမံ၊ ဤရထား၌။ နိသီဒိတွာ၊ နေ၍။ ဝိစရ၊ သွားလော့။ ဣတိ၊ ဤသို့။ စတုသိန္ဓဝယုတ္တရထံ၊ သိန္ဓောမြင်းလေးစီးကသော ရထားကို။ အဒါသိ၊ ပေး၏။ တတိယမ္ပိ၊ သုံးကြိမ်မြောက်အောင်လည်း။ မေ၊ ငါ၏။ သဒ္ဒံ၊ အသံကို။ ရာဇာ၊ မင်းကြီးသည်။ သုတွာ၊ ကြား၍။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တာတ၊ အမောင်။ ကိံ၊ အဘယ်ကို။ ကရောန္တော၊ ပြုလျက်။ ဝိစရသိ၊ သွားသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ ဒေဝ၊ အရှင်မင်းကြီး။ တဒေဝ၊ ထိုရထားကို စီး၍သာလျှင်။ ဝိစရသိ၊ သွား၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တာတ၊ အမောင်။ ရထောပိ၊ ရထားသည်လည်း။ တေ၊ သင်အား။ နာနုစ္ဆဝိကော၊ မလျောက်ပတ်သေး။ ဣတိ၊ ဤသို့။ မယှံ၊ ငါ့အား။ မဟန္တံ၊ ကြီးစွာသော။ ဘောဂဉ္စ၊ စည်းစိမ်ချမ်းသာကိုငင်း။ မဟာပသာဓနဉ္စ၊ မြတ်သော တန်းဆာကိုငင်း။ ဒတွာ၊ ပေး၍။ ကေဥ္စ ဟတ္ထိံ၊ ဆင်တစီးကို။ အဒါသိ၊ ပေး၏။ သွာဟံ ခသောအဟံ၊ ထိုငါသည်။ သဗ္ဗာဘရဏပဋိမဏ္ဍိတော၊ အလုံးစုံသော တန်းဆာဆင်လျက်။ ဟတ္ထိခန္ဓေ၊ ဆင်ကျောက်ကုန်း၌။ နိသိန္နော၊ နေလျက်။ အသီတိဝဿသဟဿာနိ၊ အနှစ်ရှစ်သောင်းတို့ပတ်လုံး။ ဓမ္မဃောသကကမ္မံ၊ တရားနှင့်လျော်သောကြွေးကြော်သောအမှုကို။ အကာသိံ၊ ပြု၏။ တဿမေ၊ မေ၊ ထိုငါ၏။ တေ္တကံ ကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ကာယတော၊ ကိုယ်မှ။ စန္ဒနဂန္ဓော၊ စန္ဒကူး အနံ့သည်။ ဝါယတိ၊ လှိုင်၏။ မုခတော၊ ခံတွင်းမှ။ ဥပ္ပလဂန္ဓော၊ ကြာညိုအနံ့သည်။ ဝါယတိ၊ လှိုင်၏။ ဣဒံ၊ ဤသည်ကား။ မယာ၊ ငါသည်။ ကတံ၊ သော။ ကမ္မံ၊ တည်း။ ဣတိဝေံ၊ ဤသို့။ သော၊ ထိုအမတ်ကြီးသည်။ အတ္တနော၊ မိမိ၏။ ပုဗ္ဗကမ္မံ၊ ရှေး၌ပြုအပ်သော ကုသိုလ်ကံကို။ ကထေတွာ၊ ဟော၍။ အာကာသေ၊ ကောင်းကင်၌။ နိသိန္နောဝ၊ နေလျက်သာလျှင်။ တေဇောဓာတုံ၊ တေဇော ကသိုဏ်းလျှင် အာရုံရှိသော စျာန်ကိုလည်း။ သမာပဇ္ဇိတွာ၊

ဝင်စား၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ သရီရေ၊ ကိုယ်၌။ ဇာလာ၊ မီးလျှံတို့သည်။ ဥဋ္ဌဟိတွာ၊ ထ၍။ မံသလောဟိတံ၊ အသား အသွေးကို။ ဈာပေသိ၊ လောင်၏။ သုဝဏ္ဏပုပ္ဖါနိဝိယ၊ ရွှေပန်းကဲ့သို့သော၊ ဓာတုယော၊ တို့သည်။ အဝသေသိံသု၊ ကြွင်းကုန်၏။

သတ္ထာ၊ ဘုရားသည်။ သုဒ္ဓဝတ္ထံ၊ စင်ကြယ်သော ပုဆိုးကို။ ပသာရေသိ၊ ဖြန့်၏။ ဓာတုယော၊ ဓာတ်တော်တို့သည်။ တတ္ထ၊ ထိုပုဆိုး၌။ ပတိံသု၊ ကျကုန်၏။ တာ၊ ထိုဓာတ်တော်တို့ကို။ ပတ္တေ၊ သပိတ်၌။ ပက္ခိပိတွာ၊ ထည့်၍။ မဟာဇနော၊ လူများသည်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပူဇာဘာဂံ၊ ကောင်းမှုအဘို့ရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့၊ စတုမဟာပထေ၊ ခရီးမလေးဆုံ၌။ ထူပံ၊စေတီကို၊ ကာရေသိ၊ ပြုစေ၏။ ဘိက္ခူ၊ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌ ကထံ၊စကားကို။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ အာဝုသော၊ ငါ့အရှင်တို့။ သန္တတိမဟာမတ္တော၊ သန္တတိအမတ်သည်။ ဂါထာဝသာနေ၊ ဂါထာအဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ အလင်္ကတပဋိယတ္တောယော၊ တန်းဆာဆင်ခြင်းနှင့် စပ်သည်ဖြစ်၍သာလျှင်။ အာကာသေ၊ ကောင်းကင်၌။ နိသီဒိတွာ၊ နေ၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြု၏။ ကိံ နုခေါ၊ အသို့နည်း။ ဧတံ၊ ထိုသန္တတိအမတ်ကြီးကို။ သမဏော တိပိ၊ ရဟန်းဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းသည်။ ဝဋ္ဋတိ၊ သင့်မည်လော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ဗြာဟ္မဏောတိပိ၊ ဗြာဟ္မဏဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းသည်။ ဝဋ္ဋတိ၊ သင့်မည်လော၊ ဣတိ၊ ဤသို့။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ လာတော်မူလတ်၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယကထာယ၊ အဘယ်မည်သော စကားကြောင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးတော်မူသောကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော စကားကြောင့်ဖြစ်ကုန်သည်ဟု။ ဝုတ္တေ၊ နားတော် လျှောက် ပေသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မမပုတ္တံ၊ ငါ့သားကို။ သမဏော တိပိ၊ သမဏ ဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဗြာဟ္မဏောတိပိ၊ ဟူ၍လည်း။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာလျှင်ကတည်း။ ။("ဗြာဟ္မဏောတိ" ဟူသော ပါဠိအားအရှေ့သို့ပါ။ ပါသင့်မည် ထင်၍ ထည့်၍ အနက်ပေးလိုက်သည်။ ကျွန်ုပ်ထင်သည်)၊ ။ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံ ဓမ္မံ၊ ဤတရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ဆို၏။

၁၄၂။ ။ဘိက္ခဝေ၊ တို့။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ခေ၊ ၍။ အလင်္ကတောပိ၊ တန်းဆာဆင်သော်လည်း။ သန္တော၊ ရာဂအစရှိသည်ငြိမ်းသည်

ဖြစ်၍။ ဒန္တော၊ ဣန္ဒြေကို မဆုံးမသည်ဖြစ်၍။ နိယတော၊ လေးပါးသောမဂ်၌ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်ဖြစ်၍။ သဗ္ဗေသု ဘူတေသု။ အလုံးစုံသော သတ္တဝါ၌။ ဒဏ္ဍံ၊ ကာယဒဏ် အစရှိသည်ကို။ နိဓာယ၊ ချ၍။ သမံ၊ ညီညွတ်သော အကျင့်ကို။ စရေယျ၊ ကျင့်အံ့။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏောတိ၊ ဗြာဟ္မဏဟူ၍ရင်း။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်ကို။ ဘိက္ခုတိ၊ ရဟန်းဟူ၍ ရင်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

တတ္ထတိဿံ ဂါထာယ ထိုဂါထာ၌။ အလင်္ကတောတိ၊ အလင်္ကတောဟူသည်ကား။ ဝတ္ထာဘရဏေဟိ၊ အဝတ်တန်းဆာတို့ဖြင့်။ ပဋိမဏ္ဍိတော၊ တန်းဆာဆင်လျက်။ တဿ၊ ထိုပုဂ္ဂိုလ်၏။ အတ္ထော၊ အနက်ကား။ ဝတ္ထာလင်္ကာရာဒီဟိ၊ အဝတ်တန်းဆာ စသည်တို့ဖြင့်။ အလင်္ကတောစေပိ၊ တန်းဆာဆင်သည်လည်း ဖြစ်သော။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကာယဒဏ္ဍာဒီဟိ၊ ကာယဒဏ် အစရှိသည်တို့ဖြင့်။ သမံ၊ ညီညွတ်စွာ။ စရေယျ၊ ရာ၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ရာဂါဒိဝူပသမေန၊ ရာဂအစရှိသည်တို့မှ ငြိမ်းသဖြင့်။ သန္တော၊ ငြိမ်သက်သည်။ ဣန္ဒြိယဒမနေန၊ ဣန္ဒြေကိုဆုံးမသဖြင့်။ ဒန္တော၊ ယဉ်ကျေးသည်။ စတုမဂ္ဂနိယမေန၊ လေးပါးသော မဂ်၏မြဲခြင်းဖြင့်။ နိယတော၊ မြဲသည်။ သေဋ္ဌစရိယာယ၊ ဖြင့်။ ဗြဟ္မစာရီ၊ ဖြစ်၍။ ကာယဒဏ္ဍာဒီဟိ၊ ကာယဒဏ္ဍ အစရှိသည်တို့ကို။ ဩရောပိတ တာယ၊ ချသဖြင့်။ သဗ္ဗေသု ဘူတေသု၊ အလုံးစုံသော သတ္တဝါတို့၌။ ဒဏ္ဍံ၊ ကာယဒဏ်ကို။ နိဓာယ၊ ချ၍။ ဝေရူပေါ၊ကြ၍သိုသဘောရှိသော။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဗာဟိတပါပတ္တာ၊ အပပြုအပ်သော မကောင်းမှုရှိသည်၏ အဖြစ်ကြောင့်။ ဗြာဟ္မဏောတိပိ၊ ဗြာဟ္မဏဟူ၍လည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ သမိတပါပတ္တာ၊ ငြိမ်းပြီးသော ကိလေသာရှိသည်၏ အဖြစ်ကြောင့်။ သမဏောတိပိ၊ သမဏဟူ၍လည်း။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဘိန္နကိလေသတ္တာ၊ ဖျက်ဆီးအပ်သော ကိလေသာရှိသည်၏ အဖြစ်ကြောင့်။ ဘိက္ခုတိပိ၊ ရဟန်း ဟူ၍လည်း။ ဝတ္တဗ္ဗောယေဝ၊ ဆိုအပ်သလျှင်ကတည်း။ ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

နဝမံ၊ သော။ သန္တတိမဟာမတ္တဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၀-ဒဏ္ဍဝဂ္ဂ။ ၁၀-ပိလောတိကတိဿတ္ထေရဝတ္ထု။

(သန္တတိအမတ်၏ အတ္တုပ္ပတ္တိ၌ ဆိုရာဆိုကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ပိလောတိက မထေရ်ဝတ္ထု၌ ဟောရာဟောကြောင်း ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ မထေရ်သည် "ဟိရီနိသေဓော" အစရှိသော ပါဌ်ကို မိန့်သတည်း)။

"ဟိရီနိသေဓော" တိ ဣမံ ဓမ္မဒေသနံ၊ ဟိရီနိသေဓော-ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာ ဘုရားသည်၊ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ပိလောတိကတ္ထေရံ၊ ပိလောတိကမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်၏။ ကိံ၊ အဘယ်သို့နည်း။ ဧကသ္မိံ သမယေ၊ တပါးသော အခါ၌။ အာနန္ဒတ္ထေရော၊ အာနန္ဒာမထေရ်သည်။ ဧကံ၊ တယောက်သော။ ပိလောတိကခဏ္ဍနိဝတ္ထံ၊ ပုဆိုးနွမ်းတပိုင်းကိုပတ်လျက်။ ကပါလံ၊ အိုးကင်းကို။ အာဒါယ၊ ယူ၍။ "ကိုင်၍လည်းဟူ"။ ဘိက္ခာစရန္တံ၊ ကမင်းအလို့ငှာ သွားသော။ ဒါရကံ၊ သူငယ်ကို။ ဒိသွာ၊ မြင်၍။ ဧဝံ၊ ဤသို့။ ပိစရိတွာ၊ သွား၍၊ တေ၊ သင်၏။ ဇီဝိတတော၊ အသက်မွေးသောထက်။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ နဥတ္တရိတရာကိံ၊ အကူးသဖြင့် မမြတ်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ကော၊ အဘယ်သူသည်။ ပဗ္ဗာဇေဿတိ၊ ရဟန်းပြုပါအံ့နည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်သည်ရှိသော်။ အဟံ၊ ငါသည်။ ပဗ္ဗာဇေဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့။ တံ၊ ထိုသူငယ်ကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ သွားလေ၍။ သဟတ္ထာ၊ မိမိလက်ဖြင့်။ နှာပေတွာ၊ ရေချိုးစေ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဒတွာ၊ ပေး၍။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ တဥ္စ ပန နိဝတ္ထပိလောတိကခဏ္ဍံ၊ ထိုပုဆိုးနွမ်း တပိုင်းကို။ ပသာရေတွာ၊ ဖြန့်၍။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ ပရိဘောဂနကရမဟုတ်မှု၊ ရေစစ်ကျက်စရာကို ပြုလောက်ရုံမျှကိုလည်း။ ဂယှူပဂံ၊ ယူလောက်သော။ ကိဥ္စိ ဘဏ္ဍံ၊ ဟစုံတခုသော အရပ်ကို။ အဒိသွာ၊ မမြင်၍။ ကပါလေန၊ အိုးကင်းကဲ့နှင့်။ သဒ္ဓိံ၊ တကွ။ ကေိဿာရက္ခသာခါယ၊ တခုသော သစ်ခက်၌။ ထပေသိ၊ ထား၏။ သော၊ ထိုပိလောတိကမထေရ်သည်။ ဥပသမ္ပဒံ ပတွာ၊ ရဟန်းပြုပြီး၍။ လဒ္ဓုပသမ္ပဒေါ၊ ရအပ်သော ပဥ္စင်းအဖြစ်သို့ ရောက်လတ်သော်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပန္နလာဘ-သက္ကာရံ၊ ပြန့်ပြောသော လာဘ်ပူဇော်သက္ကာရကို။ ပရိဘုဉ္ဇမာနော၊ သုံးဆောင်လျက်။ မဟဂ္ဃာနိ၊ အဘိုးများစွာ ထိုက်တန်သော။ စီဝရာနိ၊ သင်္ကန်းတို့ကို။ အစ္ဆာဒေတွာ၊ ဝတ်၍။ ဝိစရန္တော၊ သွားလျက်၊ တုလသရီရော၊ ပြည့်ဖြိုးသော

ကိုယ်ရှိသည့်၊ ဟုကုာ၊ ဖြစ်၍။ ဉက္ကဏ္ဍိတွာ၊ ဆန့်ကျင်သည်ဖြစ်၍။ "လူထွက်ချင်
၍လည်း"။ မေး ငါ့အား။ ဇနေသ၊ လူများအပေါင်းသည်။ သဒ္ဒါဒေယျံ၊ သဒ္ဒါ
ယုံကြည်၍ လှူအပ်သော သက်န်းကို။ နိဝါသေတွာ၊ ဝတ်၍။ ဝိစရန္တေန၊
သွားလာသဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အတ္တနော၊ မိမိ၏။ ပိလောတိက-
မေဝ၊ ပုဆိုးနွမ်းကိုသာလျှင်။ နိဝါသိဿာမိ၊ ဝတ်အံ့။ ဣတိ၊ ဤသို့။ တံ ဌာနံ၊
ထိုအရပ်သို့။ ဂန္ဒွာ၊ သွား၍။ ပိလောတိကံ၊ ပုဆိုးနွမ်းကို။ ဂဟေတွာ၊ ယူ၍။
အပဲရိက နိလဇ္ဇံ၊ အရှက်မရှိသော။ ဝေရှုပါနံ၊ ဤသို့သဘောရှိကုန်သော။ ဝတ္ထာနံ၊
အဝတ်တို့၏။ အန္တောဒနဋ္ဌာနံ၊ ဖုံးလွှမ်းခြင်းအရာကို။ ပဟာယ၊ စွန့်၍။ ဣမံပိ-
လောတိကခဏ္ဍံ၊ ဤပုဆိုးနွမ်းတပိုင်းကို။ နိဝါသေတွာ၊ ဝတ်၍။ ကပါလဟတ္ထော၊
အိုးကင်းကွဲလက်စွဲလျက်။ ဘိက္ခာယ၊ ထမင်းအလို့ငှာ။ စရိတုံ၊ လှည့်လည်ခြင်း
ငှာ။ ဂစ္ဆသိ၊ သွား၏။ ဣတိ၊ ဤသို့။ တံ အာရမ္မဏံကတွာ၊ ထိုပုဆိုးကို အာရုံပြု၍။
အတ္တနာဝ၊ မိမိသည်လျှင်။အတ္တာနံ၊ မိမိကိုယ်ကို။ ဩဝဒိ၊ ဆုံးမ၏။ ဩဝဒန္တဿေဝ၊
ဆုံးမစဉ်လျှင်။ စိတ္တံ၊ စိတ်သည်။ သန္နိသိဒတိ၊ နစ်၏။ သော၊ ထိုပိလောတိက
မထေရ်သည်။ တံ ပိလောတိကံ၊ ထိုပုဆိုးနွမ်းကို။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။
ပဋိသာမေတွာ၊ သိုမှီး၍။ နိဝတ္တိတွာ၊ နစ်ခဲ့၍။ ဝိဟာရမေဝ၊ ကျောင်းသို့သာ
လျှင်။ ဂတော၊ သွားလေ၏။ သော၊ ထိုပိလောတိကမထေရ်သည်။ ကတိပါဟစ္စ-
ယေန၊ နှစ်ရက်သုံးရက်လွန်သဖြင့်။ ပုနပိ၊ တဘန်လည်း။ ဉက္ကဏ္ဍိတွာ၊ ဆန့်ကျင်
၍။ "လူထွက်ချင်၍လည်းဟူ"။ တထေဝ၊ ထိုအတူသာလျှင်။ ဝတွာ၊ ဆို၍။
နိဝတ္တိ၊ နစ်ခဲ့၏။ "ပြန်ခဲ့၏လည်းဟူ"။ ပုနပိ၊ တဘန်လည်း။ တထေဝ၊ ထိုအတူ
သာလျှင်။ နိဝတ္တိ၊ နစ်ခဲ့၏။ ဣတိ၊ ဤသို့။ တံ၊ ထိုပိလောတိကမထေရ်ကို။ ဝေ၊
ဤသို့။ အပရာပရံ၊ လူးလာလူးလာ ထိုမှဤမှလည်း။ ဝိစရန္တံ၊ သွားလာသည်ကို။
ဒိသွာ၊ မြင်၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်။ ကဟံ၊ အဘယ်
အရပ်သို့။ ဂစ္ဆသိ၊ သွားသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တိ၊ မေးကုန်၏။ သော၊
ထိုမထေရ်သည်။ အာဝုသော၊ ငါ့ရှင်တို့။ အာစရိယဿ၊ ဆရာ၏။ သန္တိကံ၊
အထံသို့။ ဂစ္ဆာမိ၊ သွား၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဧတေနေဝ နိယာမေန၊
ဤသို့သောနည်းဖြင့်။ အတ္တနော၊ မိမိ၏။ ပိလောတိကခဏ္ဍမေဝ၊ ပုဆိုးနွမ်းအပိုင်း
ကိုသာလျှင်။အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ နိဒသမေတွာ၊
မြစ်၍။ ကတိပါဟေနေဝ၊ နှစ်ရက်သုံးရက်ဖြင့်သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်
သို့။ ပါပုဏိ၊ ရောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဟံသု၊ ဆိုကုန်၏။ အာဝု-
သော၊ ငါ့ရှင်။ ဒါနိ၊ ယခုအခါ၌။ ကိံ၊ အဘယ်ကြောင့်။ အာစရိယဿ၊
သရာ၏။ သန္တိကံ၊ အထံသို့။ န ဂစ္ဆသိ၊ မသွားသနည်း။ အယံ၊ ဤခရီးသည်။

တော၊ သင်၏။ ဝိစရဏ္ဏပနဂ္ဂါ နန္ဒ၊ ဘာဂရောဂရိုးမဟုတ်သလော။ ဣတိ၊ ဤသို့။ အာဟ၊ သုံးဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ အာစရိယေန၊ ဆရာနှင့်။ သဒ္ဓိံ၊ တကွ။ သံသဂ္ဂေ၊ ရောနှောခြင်းသည်။ သတိ၊ ရှိသော်။ ဂတော၊ သွားသည်။ အမိုဖြစ်၏။ ဣဒါနိပန၊ ယခုအခါ၌မူကား။ မေ၊ ငါ၏။ သံသဂ္ဂေါ၊ ရောနှောခြင်းကို။ ဆိန္နော၊ အရဟတ္တမဂ်ဖြင့် ဖြတ်အပ်ပြီ။ တေန၊ ထိုကြောင့်။ အသ၊ ထိုဆရာ၏။ သန္တိကံ၊ အထံသို့။ န ဂစ္ဆာမိ၊ မသွား။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘတဘာဂတာသော၊ ပြတ်စွာသော်ပုဏ္ဏားအား။ အာရော စေသုံ၊ ကြားလျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ပိလောတိကတ္ထေရ၊ ပိလောတိကမထေရ်သည်။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရောတိ၊ ကြား၏။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်သို့။ အာဟ၊ ဆိုသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ နာမ၊ ဤမည်သော အမှုတည်း။ ဣတိ၊ ဤသို့။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ တံ၊ ထိုရဟန်းတို့ဆိုသောစကားကို။ သုတွာ၊ ကြား၍။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ခြွင်းမဲ့ ဟုတ်၏။ မမပုတ္တော၊ ငါ့သားသည်။ သံသဂ္ဂေ၊ ရောနှောခြင်းသည်။ သတိ၊ ရှိသော်။ အာစရိယေသ၊ ဆရာ၏။ သန္တိကံ၊ အထံသို့။ ဂတော၊ သွား၏။ ဣဒါနိ ပန၊ ယခုမူကား။ အသ၊ ထိုငါ့သားအား။ သံသဂ္ဂေါ၊ ရောနှောခြင်းကို။ ဆိန္နော၊ အရဟတ္တမဂ်ဖြင့် ဖြတ်အပ်ပြီ။ အတ္တာနံ၊ မိမိကိုယ်ကို။ နိဂ္ဂဟေတွာ၊ နှိပ်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်ပြီ။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၄၃။ ။ဟိရီနိသေဓော ပုရိသော၊ ကောစိ လောကသ္မိ ဝိဇ္ဇတိ။ ယော နိန္ဒံ အပဗောဓတိ၊ အဿော ဘဒြော ကသာမိဝ။

၁၄၄။ ။အဿော ယထာ ဘဒြော ကသာနိဝိဋ္ဌော၊ အာတာပိနော သံဝေဂိနော ဘဝါထ။ သဒ္ဓါယ သီလေန စ ဝီရိယေန စ၊ သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။ သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊ ပဟဿထ ဒုက္ခမိဒံ အနပ္ပကံ။

၁၄၃။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဟိရိယာ၊ ရှက်ခြင်းဖြင့်။ နိသေဓော၊ ... ယော ပုရိသော၊ အကြင်ယောက်ျားသည်။ နိန္ဒံ၊ ကဲ့ရဲ့ခြင်းကို။ အပ္ပဗောဓတိ၊ ... ဟိရိနိသေဓော၊ ဟိရီဖြင့် အကုသိုလ်စိတ်ကို ဖြစ်သော။ ကောစိ၊ တစုံတယောက်သောသော။ ပုရိသော၊ ယောက်ျားသည်။ လောကသ္မိံ၊ လောက၌။ ဝိဇ္ဇတိ၊ ရှိ၏။

၁၄၄။ ။ဘဒြော၊ ကောင်းသော။ အဿော၊ မြင်းသည်။ ကသာ၊ ကြိမ်လုံးဖြင့်။ နိဝိဋ္ဌော၊ ထိပါးအပ်သည်ရှိသော် ... လုံ့လရှိကုန်သည်။ သံဝေဂိနော၊ ထိတ်လန့်ခြင်း သံဝေဂ ရှိကုန်သည်။ ဘဝထ၊ ဖြစ်ကုန်လော့။ သဒ္ဓါယ စ၊ သဒ္ဓါ လောကီလောကုတ္တရာ သဒ္ဓါခြင်းနှင့်၎င်း။ သီလေန စ၊ စတုပါရိသုဒ္ဓိသီလနှင့်၎င်း။ ဝီရိယေန စ၊ ဝီရိယနှင့်၎င်း။ သမာဓိနာ စ၊ သမာဓိနှင့်၎င်း။ ဓမ္မဝိနိစ္ဆယေန စ၊ ဟုတ်မှန်သောသဘောကို သိခြင်း လက္ခဏာ

ရှိသော ဆုံးဖြတ်နိုင်သော ပညာနှင့်ရှင်း။ သမ္ပန္နာ၊ ပြည့်စုံကုန်သည်ဖြစ်၍။ ဝိဇ္ဇာစရဏာ၊ ပြည့်စုံသော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆယ့်ငါးပါး ရှိကုန်သည် ဖြစ်၍။ ပတိဿတာ၊ ထင်သောသတိရှိကုန်သည်ဖြစ်၍။ အနမ္ပကာ၊ အတိုင်းမသိသော။ ဗုဒ္ဓဒုက္ခံ၊ ဤဆင်းရဲကို။ ဇဟိဿထ၊ စွန့်ကုန်လတ္တံ့။ ။(“ပဟိဿထ”ဟူ၍လည်း ပါဌ်အချို့ရှိ၏။ “ပယ်ရလတ္တံ့”ဟု ပေးလေ။ ဣတိ-ကား၊ ပရိသမာပနတည်း)။ ။

တတ္ထတာသုဂါထာသု၊ ထိုဂါထာတို့၌။ အဒ္ဓေ၊ အတွင်း၌။ ဥပ္ပန္နံ၊ ဖြစ်သော။ အကုသလဝိတက္ကံ၊ အကုသိုလ်ဝိတက်ကို။ ဟိရိယာ၊ ဟိရီဖြင့်။ နိသေဓေတိ၊ မြစ်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဟိရိနိသေဓော၊ ဟိရိနိသေဓမည်၏။ ကောစိလောကသ္မိန္တိ၊ ကောစိလောကသ္မိံ ဟူသည်ကား၊ ဝေရှုပေါ၊ဤသို့သဘော ရှိသော။ ကောစိဒေဝ၊ တစုံ တယောက်သော သူသည်လျှင်။ လောကသ္မိံ၊ ၌။ ဝိဇ္ဇတိ၊ ရှိ၏။ ယောနိဒ္ဒန္တိ၊ ယောနိဒ္ဒံ ဟူသည်ကား။ ယော၊ အကြင်သူသည်။ အပ္ပမတ္တော၊ မမေ့မလျော့။ သမဏ ဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ ပြုလျက်။ အတ္တနော၊ မိမိ၏။ဥပ္ပန္နံ၊ ဖြစ်သော။ နိဒ္ဒံ၊ အိပ်ခြင်းကို။ အပဟာရန္တော၊ ပယ်လျက်။ ဗုဇ္ဈတိ၊ နိုး၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အပ္ပခဗောဓေတိ၊ အပ္ပဗောဓေတိ မည်၏။ ကသာမိဝါတိ၊ ဟူသည်ကား။ ဘဒြော၊ ကောင်းသော။ အဿော၊ မြင်းသည်။ အတ္တနိ၊ မိမိ၌။ ပတမာနံ၊ ကျလတ္တံ့သော။ ကသံ၊ ကြိမ်လုံးကို။ အပဟာရတိ၊ ပယ်၏။ အတ္တနိ၊ မိမိ၌။ ပတိတုံ၊ ကျခြင်းငှာ။ န ဒေတိယထာ၊ မပေးသကဲ့သို့။ ဧဝံ၊ ဤအတူ။ ယော၊ အကြင်သူသည်။ နိဒ္ဒံ၊ အိပ်ခြင်းကို။ အပ္ပဗောဓေတိ၊ ပယ်သောအားဖြင့် နိုး၏။ သော၊ ထိုသူကို။ ဒုလ္လဘော၊ ရခဲ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ဒုတိယဂါထာယ၊ ဒုတိယဂါထာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား၊ သင်္ခေပဒတ္တော၊ အကျဉ်းဖြစ်သော အနက်တည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ဘဒြော၊ကောင်းသော၊အဿော၊ မြင်းသည်။ ပမာဒံ၊ မေ့လျော့ခြင်းကို။ အာဂမ္မ၊ စွဲ၍။ ကသာယ၊ ကြိမ်လုံးဖြင့်၊ နိဝိဋ္ဌော၊ ခတ်မိအံ့။ အဟံပိ နာမ၊ ငါ့ကိုစဉ်လျက်လည်း၊ ကသာယ၊ ကြိမ်လုံးဖြင့်။ ပဟာဋ္ဌောတိ၊ ခတ်၏ဟူ၍။ အပရဘာဂေ၊ နောက်အဘို့၌။ အာတပံ၊ လုံ့လကို။ ကရောတိ ယထာ၊ ပြုသကဲ့သို့။ ဧဝံ၊ ဤအတူ။ တုမှေပိ၊ သင်တို့သည်လည်း။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကုန်သည်၊ သံဝေဂိနော၊ ထိတ်လန့်ခြင်း သံဝေဂရှိကုန်သည်။ ဘဝထ၊ ဖြစ်ကုန်လော့။ ဧဝံ၊ ဤအတူ။ ဘူတာ၊ ဖြစ်ကုန်မူကား၊ လောကိယ လောကုတ္တရာသ၊ လောကီ လောကုတ္တရာဟု ဆိုအပ်သော။ ဒုဝိဓာယ၊ နှစ်ပါးအပြားရှိသော။ သဒ္ဓါယ စ၊ သဒ္ဓါခြင်းနှင့်ရှင်း။

ဘန္တေ၊ အရှင်ဘုရား။ သော သုရာနာမ၊ ဤသေမည်သည်ကား။ ပါပိကာ၊ ယုတ်မာစွာ၏။ ဟိ၊ ထိုစကားသင့်စွ။ ဝေရူပါနာမ၊ ဤသို့ သဘောရှိသည် မည်ကုန်သေး။ ဣမာ ဣတ္ထိယော၊ ဤမိန်းမတို့သည်။ တုမှာဒိသဿဗုဒ္ဓဿ၊ အရှင်ဘုရားကဲ့သို့ သဘောရှိသော ဘုရားရှင်၏။ ပုရတော၊ ရှေ့မှ။ နိသီဒိတွာ၊ နေ၍။ ဣရိယာပထမတ္တံပိ၊ ဣရိယာပုထ်မျှကိုလည်း။ သဏ္ဌာပေတုံ၊ တည်စေခြင်းငှာ။ အသက္ကောန္တိယော၊ မတတ်နိုင်ကုန်သည်ရှိသော်။ ဥဋ္ဌာယ၊ ထ၍။ ပါဏိံ ပဟရိတွာ၊ လက်ခုပ်တီး၍။ ဟသနဂီတနစ္စာဒီနိ၊ ရယ်ရွှင်ခြင်း သီခြင်း ကခြင်းစသည်တို့ကို။ အာရဘိံသု၊ ကုန်၏။ ဣတိအာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ဝိသာခေ၊ ဝိသာခါ။ အာမ၊ သြော် ယုတ်မာသည် မှန်၏။ သော သုရာနာမ၊ ဤသုရာမည်သည်ကား။ ပါပိကာ၊ ယုတ်မာခြင်းရှိ၏။ ဟိ၊ ထိုစကား သင့်စွ။ တေ၊ ထိုသုရာကို။ နိဿာယ၊ မှီ၍။ အနေကေ၊ များစွာ ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အနယဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ ပတ္တာ၊ ရောက်ကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဘန္တေ၊ အရှင်ဘုရား။ သောပန၊ ဤသေတို့သည်ကား။ ကဒါ၊ အဘယ်ကာလ၌။ ဥပ္ပန္နာ၊ ဖြစ်သနည်း။ ဣတိဝုတ္တေ၊ ဤသို့မေးသည်ရှိသော်။ တဿ၊ ထိုဝိသာခါအား။ ဥပ္ပတ္တိံ၊ သေဖြစ်ခြင်းကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထေတုံ၊ ဟောခြင်းငှာ။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ကုမ္ဘဇာတကံ၊ ကုမ္ဘဇာတ်ကို။ ကထေသိ၊ ဟောတော်မူ၏။

ပဉ္စမံ၊ သော။ ဝိသာခါယဿဟာယိကာနံ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———

၁၁—ဇရာဝဂ္ဂ။ ၂—သိရိမာဝတ္ထု။

(ဝိသာခါ၏ အဆွေခင်ပွန်း ဖြစ်ကုန်သော ငါးရာကုန်သော မိန်းမတို့၏ အတ္တုပ္ပတ္တိတို့၌ ဟောရာဂါထာတို့၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ သိရိမာဝတ္ထု၌ ဟောရာ ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ပဿ စိတ္တံ ကတံ"စသော ပါဌ်ကို မိန့်သတည်း)။

"ပဿ စိတ္တကတံ"န္တိ ဣမံ ဓမ္မဒေသနံ၊ ပဿစိတ္တကတံ-စသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သိရိမံ၊ သိရိမာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ အဘိရူပါ၊ အလွန် ဆင်းရဲလှသော။ သာ ဂဏိကာ၊ ထိုပြည့်တန်းဆာမသည်။ ကော်သို့ ပန၊ အဘယ်သို့ ပါနည်းဟူမူကား။ အန္တောဝဿေ၊ ဝါတွင်း၌။ သုမန သေဋ္ဌိ ပုတ္တဿ၊ သုမန သေဋ္ဌေးသား၏။ ဘရိယာယိ၊ မယားဖြစ်သော။ ပုဏ္ဏက သေဋ္ဌိဿ၊ ပုဏ္ဏက သေဋ္ဌေး၏။ ဓိတာယ၊ သမီးဖြစ်သော။ ဥတ္တရာနာမာယ ဥပါသိကာယ၊ ဥတ္တရာ အမည်ရှိသော ဒါယိကာမကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ တံ၊ ထိုဥတ္တရာဒါယိကာမကို။ ပသာဒေတု ကာမာ၊ ကြည်ညိုစေလိုသည် ဖြစ်၍။ တဿာ၊ ထိုဥတ္တရာ အမည်ရှိသော ဒါယိကာမ၏။ ဂေဟေ၊ အိမ်၌။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာနှင့်။ သဒ္ဓိံ၊ တကွ။ ကတဘတ္တကိစ္စံ၊ ပြုအပ်ပြီးသော ဆွမ်းဘုဉ်းပေးခြင်း ကိစ္စရှိသော။ သတ္ထာရံ၊ ဘုရားကို။ ခမာပေတွာ၊ ကန်တော့စေ၍။ တံ ဒိဝသံ၊ ထိုနေ့၌။ ဒသဗလဿ၊ ဉာဏ်တော်ဆယ်ပါး တည်းဟူသောအား, ကိုယ်တော်၏ ဆယ်ပါးသော အားနှင့် ပြည့်စုံသော မြတ်စွာဘုရား၏။ ဘတ္တာနုမောဒနံ၊ ဆွမ်းအနုမောဒနာကို။ သုတွာ၊ နာ၍။

အ ကောဓေန၊ အမျက်မထွက်သဖြင့်။ ကောဓံ၊ အမျက်ထွက်သော သူကို။ ဇိနေ၊ အောင်ရာ၏၊ အသာဓုံ၊ မကောင်းသော သူကို။ သာဓုနာ၊ ကောင်းသော သဘောဖြင့်။ ဇိနေ၊ အောင်ရာ၏။ ကဒရိယံ၊ နှိုက်သောသူကို။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကာဒိနံ၊ မမှန်ပြောသောသူကို။ သစ္စေန၊ မှန်သော စကားဖြင့်။ ဇိနေ၊ အောင်ရာ၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

ဂါထာပရိယောသာနေ၊ ဂါထာ၏ အဆုံး၌။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိကိရ၊ ရောက်သတတ်။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤသိရိမာ ပြည့်တန်းဆာမ ဝတ္ထု၌။ သင်္ခေပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရ ကထာပန၊ ကိုကား။ ကောဓဝဂ္ဂေ၊ ကောဓဝဂ်၌။ အနုမောဒနာဂါထာဝဏ္ဏနာယမေဝ၊ အနုမောဒနာဂါထာ၏ အဘွင့်၌သာလျှင်။ အာဝိ၊ ထင်စွာ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဧဝံ သို့။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတွာ၊ ရောက်ပြီး၍ကား။ သိရိမာ၊ သိရိမာသည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ နိမန္တေတွာ၊ ဘိတ်၍။ ပုနဒိဝသေ၊ တဘန်မိုးသောက်သောနေ့၌။ မဟာဒါနံ၊ ကြီးစွာသော အလှူကို။ ဒတွာ၊ ပေး၍။ သံဃဿ၊ သံဃာ၏။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ်ကို။ နိဗဒ္ဓံ၊ မပြတ်။ ဒါပေသိ၊ လှူစေ၏။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ နိဗဒ္ဓံ၊ မပြတ်။ အဋ္ဌ ဘိက္ခူ၊ ရှစ်ယောက်သော ရဟန်းတို့သည်။ ဂေဟံ၊ အိမ်သို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ သပ္ပိံ၊ ထောပတ်ကို။ ဂဏှထ၊ ခံယူကုန်လော့။ ခီရံ၊ နို့ရည်ကို။ ဂဏှထ၊ ခံယူကုန်လော့။ ဣတိ အာဒီနိ၊ ဤသို့ အစရှိသော စကားတို့ကို။ ဝတွာ၊

ဆို၍။ တေသံ၊ ထိုရဟန်းတို့၏။ ပဝတ္တေ၊ သပိတ်တို့ကို။ ပူရေတွာ၊ ပြည့်စေကုန်၏။ ဧကေနပိ၊ တယောက်သော ရဟန်းသည်လည်း။ လဒ္ဓံ၊ ရအပ်သောဆွမ်းသည်။ တိဏ္ဏံပိ၊ သုံးယောက်သော ရဟန်းတို့အားရင်း။ စတုန္နံပိ၊ လေးယောက်သောရဟန်းတို့အားရင်း။ ပဟောတိ၊ လောက်၏။ ဒေဝသိကံ၊ နေ့တိုင်း။ သောဠသ ကဟာပဏာ ပရိဗ္ဗယေန၊ တဆဲ့ခြောက်သပြာဟူသော မျိုးရိက္ခာဖြင့်။ ပိဏ္ဍပါတော၊ ဆွမ်းကို။ ဒိယျတိ၊ လှူအပ်၏။

အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဧကော၊ ဘိက္ခု၊ ရဟန်းတပါးသည်။ တဿာ၊ ထိုသီရိမာ၏။ ဂေဟေ၊ အိမ်၌။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ တိယောဇနမတ္ထကေ၊ သုံးယူဇနာထက်၌။ ဧကံဝိဟာရံ၊ တခုသောကျောင်းသို့။ အဂမာသိ၊ ရောက်၏။ အထ၊ ထိုအခါ၌။ သာယံ၊ ညအခါ၌။ ထေရူပဋ္ဌာနေ၊ မထေရ်ကြီးအား ခစားရာအရပ်၌။ နိသိန္နံ၊ နေသော။ နံ၊ ထိုမထေရ်ကို။ နေဝါသိကာ၊ ကျောင်းနေ ရဟန်းတို့သည်။ ပုစ္ဆိံသု၊ မေးကုန်၏။ အာဝုသော၊ ငါ့ရှင်။ ကဟံ၊ အဘယ်အရပ်မှ။ ဘိက္ခံ၊ ဆွမ်းကို။ ဂဟေတွာ၊ ယူ၍။ အာဂတော၊ လာသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ ပုစ္ဆိတော၊ ဤသို့ မေးသည်ရှိသော်၊ သိရိမာယ၊ သိရိမာ၏။ အဋ္ဌက ဘတ္တံ၊ အဋ္ဌကဘတ်ကို။ မေ မယာ၊ သည်။ ဘုတ္တံ၊ သုံးဆောင်ရပြီ၊ ဣတိ အာဟ၊ ဤသို့ ဆို၏။ အာဝုသော၊ ငါ့ရှင်။ မနာပံ နှစ်လိုဘွယ်သောဆွမ်းကို။ ကတွာ၊ ပြု၍။ ဒေတိ၊ လှူ၏လော။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ တဿာ၊ ထိုသီရိမာ၏။ ဘတ္တံ၊ ဆွမ်းကို။ ဝဏ္ဏေတုံ၊ ချီးမွမ်းခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ အတိဝိယ၊ အလွန်လျှင်။ ပဏီတံ၊ မွန်မြတ်သည်ကို။ ကတွာ၊ ပြု၍။ ဒေတိ၊ လှူ၏။ ဧကေန၊ တယောက်သော ရဟန်းသည်။ လဒ္ဓံ၊ ရအပ်သော ဆွမ်းကို။ တိဏ္ဏံပိ၊ သုံးယောက်သော ရဟန်းတို့အားရင်း။ စတုန္နံပိ၊ လေးယောက်သော ရဟန်းတို့အားရင်း။ ပဟောတိ၊ လောက်၏။ ဒေယျဓမ္မတောပိ၊ လှူဘွယ်ဝတ္ထုထက်လည်း။ တဿာ ပန၊ ထိုသီရိမာကို။ ဒဿနမေဝ၊ မြင်ရခြင်းသည်သာလျှင်။ ဥတ္တရိတရံ၊ လွန်ကဲ၏။ ဟိ၊ ထိုစကားသင့်စွ။ သာဣတ္ထီ၊ ထိုမိန်းမသည်။ ဧဝရူပါစ၊ ဤသို့သဘောရှိသည်သာလျှင်တည်း။ ဧဝရူပါစ၊ ဤသို့သဘောရှိသည်သာလျှင်တည်း။ ဣတိဝတွော၊ ဤသို့ဆိုလျက်။ တဿာ၊ ထိုသီရိမာ၏။ ဂုဏေ၊ ဂုဏ်ကျေးဇူးတို့ကို။ ဝဏ္ဏေသိ၊ ချီးမွမ်း၏။ အထ၊ ထိုအခါ၌။ ဧကောဘိက္ခု၊ ရဟန်းတယောက်သည်။ တဿာ၊ ထိုသီရိမာ၏။ ဂုဏကထံ၊ ကျေးဇူးစကားကို။ သုတွာ၊ ကြား၍။ အဒဿနေ နေဝ၊ မမြင်ဘူးဘဲလျှင်။ သိနေဟံ၊ ချစ်ခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ မယာ၊ ငါသည်။ ဂန္တွာ၊ သွား၍။ တံ၊ ထိုသီရိမာကို။ ဒဋ္ဌုံ၊ ရှုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ အတ္တနော ဝဿဂ္ဂံ၊ မိမိဝါစဉ်

အရေအတွက်ကို။ ကထေတွာ၊ ဆို၍။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ ဌိတိကာံ၊ ထေရ်စဉ်ကို။ ပုစ္ဆိတွာ၊ မေး၍။ အာဂုသော၊ ငါ့ရှင်။ သွေ၊ နက်ဖြန်၊ တဿ ဂေဟေ၊ ထိုသိရိမာအိမ်၌။ တုံ၊ သင်သည်။ သံဃတ္ထေရော ဟုတွာ၊ သံဃာ့ထေရ် ဖြစ်၍။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ်ကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍၊ တံ ခဏညေဝ၊ ထိုခဏ၌လျှင်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပက္ကန္တော၊ ဖဲသည်ရှိသော်။ ပါတောဝ၊ စောစောကလျှင်။ အရုဏေ၊ အရုဏ်သည်။ ဥဂ္ဂတေ၊ တတ်သည်ရှိသော်။ သလာကဂ္ဂံ၊ စာရေးကံ တင်းကုပ်သို့။ ပဝိသိတွာ၊ ဝင်၍။ ဌိတော၊ ရပ်လျက်။ သံဃတ္ထေရော ဟုတွာ၊ သံဃာ့ထေရ်ဖြစ်၍။ တဿာ၊ ထိုသိရိမာ၏။ ဂေဟေ၊ အိမ်၌။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ် စာရေးတံကို။ လဘိ၊ ရ၏။ ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဟိယျော၊ ယမန်နေ့၌။ ဘုဉ္ဇိတွာ၊ စား၍။ ပက္ကာမိ၊ ဖဲသွား၏။ တဿ၊ ထိုရဟန်း၏။ ဂတဝေလာယ မေဝ၊ သွားသောအခါ၌သာလျှင်။ အဿာ၊ ထိုသိရိမာ၏။ သရီရေ၊ ကိုယ်၌။ ရောဂေါ၊ အနာသည်လည်း။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ အာဘရဏာနိ၊ တန်းဆာတို့ကို။ ဩမုဉ္စိတွာ၊ ချွတ်၍။ နိပဇ္ဇိ၊ အိပ်၏။

အထ၊ ထိုအခါ၌။ အဿာ၊ ထိုသိရိမာ၏။ ဒါသိယော၊ ကျွန်မတို့သည်။ အဋ္ဌကဘတ္တံ၊ အဋ္ဌကဘတ် စာရေးတံကို။ လဘိတွာ၊ ရ၍။ အာဂတေ၊ လာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ အာရောစေသုံ၊ ကြားကုန်၏။ သာ၊ ထိုသိရိမာသည်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ပတ္တေ၊ သပိတ်တို့ကို။ ဂဟေတွာ၊ ယူ၍။ နိသီဒါပေတုံဝါ၊ နေစေခြင်းငှါရင်း။ ပရိဝိသိတုံဝါ၊ လုပ်ကျွေး ခြင်းငှါရင်း။ အသက္ကောန္တီ၊ မတတ်နိုင်သည်ဖြစ်၍။ ဒါသိယော၊ ကျွန်မတို့ကို။ အာဏာပေသိ၊ စေ၏။ အမ္မာ၊ အမိတို့။ ပတ္တေ၊ သပိတ်တို့ကို။ ဂဟေတွာ၊ ယူ၍၊ အယျေ၊ အရှင်ဘုရားတို့ကို။ နိသီဒါပေတွာ၊ နေစေ၍။ ယာဂုံ၊ ယာဂုကို။ ပါယေတွာ၊ သောက်စေ၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ဒတွာ၊ လှူ၍။ ဘတ္တဝေလာယ၊ ဆွမ်းစားချိန်အခါ၌။ ပတ္တေ၊ သပိတ်တို့ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဒေထ၊ လှူကုန်လော့။ ဣတိ အာဏာပေသိ၊ ဤသို့စေ၏။ တာ၊ ထိုကျွန်မတို့သည်။ အယျေ၊ ရှင်မ။ သာဓူတိ၊ ကောင်းပါပြီဟူ၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပဝေသေတွာ၊ သွင်း၍။ ယာဂုံ၊ ယာဂုကို။ ပါယေတွာ၊ သောက်စေ၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ဒတွာ၊ လှူ၍။ ဘတ္တဝေလာယ၊ ဆွမ်းစားချိန်အခါ၌။ ဘတ္တဿ၊ ဆွမ်းဖြင့်။ ပတ္တေ၊ သပိတ်တို့ကို။ ပူရေတွာ၊ ပြည့်စေ၍။ တဿာ၊ ထိုရှင်မအား။ အာရောစယိံသု၊ ကြားကုန်၏။ သာ၊ ထိုသိရိမာသည်။ မံ၊ ငါ့ကို။ ပရိဂ္ဂဟေတွာ၊ ချီ၍။ နေထ၊ ဆောင်ပါကုန်လော့။

အယျေ၊ အရှင်ကောင်းတို့ကို။ ဝန္ဒိဿာမိ၊ ရှိခိုးပါအံ့။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ တာဟိ၊ ထိုကျွန်မတို့သည်။ ပရိဂ္ဂဟေတွာ၊ ချီ၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ နီတာ၊ ဆောင်အပ်ကုန်သည်ရှိသော်။ ဝေဒမာနေန၊ တုန်လှုပ်ခြင်းသဘောရှိသော။ သရီရေန၊ ကိုယ်ဖြင့်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝန္ဒိ၊ ရှိခိုး၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ၊ ထိုသီရိမာကို။ ဩလောကေတွာ၊ ကြည့်၍။ စိန္တေသိ၊ ကြံ၏။ ဂိလာနာယ၊ နာလျက်လည်း။ တေိဿာ၊ ဤမိန်းမ၏။ ဝေရူပါ၊ ဤသို့ယဘောရှိသော။ အယံ ရူပ သောဘာ၊ ဤအဆင်း၏ တင့်တယ်ခြင်းဖြင့်လျှင်။ တာဝ၊ ဆိုဘွယ်မရှိ၏ ရှင့်။ အရောဂကာလေပန၊ အနာမရှိသော ကာလ၌ကား။ သဗ္ဗာ ဘရဏ ပဋိမဏ္ဍိတာယ၊ အလုံးစုံသော တန်းဆာဆင်ခြင်းဖြင့် တန်းဆာဆင်ခြင်းရှိသော။ ဣမိဿာ၊ ဤသီရိမာ၏။ ဤဒိသီ၊ ဤသို့သဘောရှိသော။ ရူပသမ္ပတ္တိ၊ အဆင်း၏ပြည့်စုံခြင်းသည်။ ကိံ၊ အဘယ်မှာ ဆိုရာရှိအံ့နည်း။ ဣတိ စိန္တေသိ၊ ဤသို့ကြံ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန်း၏။ အနေကဝဿကောဋိသန္နိစိတော၊ များစွာသော နှစ်အကုဋေပေါင်းပတ်လုံး ကောင်းစွာစုဝေး၍တည်သော။ ကိလေသော၊ ကိလေသာသည်။ သမုဒ္ဒါစရိ၊ ပြင်းစွာဖြစ်၏။ သော၊ ထိုရဟန်းသည်။ အညာဏီဟုတွာ၊ မသိသည်ဖြစ်၍။ "မိန်းမောသည် ဖြစ်၍လည်းဟူ"။ ဘတ္တံ၊ ဆွမ်းကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်ခြင်းကြောင့်။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ပတ္တံ၊ သပိတ်ကို။ ပိဓာယ၊ ပိတ်၍။ ဧကမန္တေ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ထပေတွာ၊ ထား၍။ စီဝရကဏ္ဏံ၊ သင်္ကန်းစွန်းကို။ ပတ္ထရိတွာ၊ ဖြန့်၍။ နိပဇ္ဇိ၊ အိပ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ ဧကော သဟာယကော ဘိက္ခု၊ အဆွေခင်ပွန်းဖြစ်သော ရဟန်းတပါးသည်။ ယာစန္တောပိ၊ တောင်းပန်သော်လည်း။ ဘောဇေတုံ၊ ဆွမ်းစားခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ သော၊ ထိုရဟန်းသည်။ ဆိန္နဘတ္တော၊ ပြတ်သော ဆွမ်းရှိသည်။ အဟောသိ၊ ဖြစ်၏။ တံ ဒိဝသမေဝ၊ ထိုနေ့၌သာလျှင်။ သာယနှ သမယေ၊ ညအခါ၌။ သီရိမာ၊ သီရိမာသည်။ ကာလံ၊ စုတေခြင်းကို။ အကာသိ၊ ပြု၏။

ရာဇာ၊ ဗိမ္ဗိသာရမင်းကြီးသည်။ သတ္ထု၊ မြတ်စွာဘုရားအား။ သာသနံ၊ သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ ဘန္တေ၊ အရှင်ဘုရား။ ဇီဝကဿ၊ ဇီဝက၏။ ကနိဋ္ဌဘဂိနီ၊ နှစ်မငယ်ဖြစ်သော။ သိရိမာ၊ သီရိမာသည်။ ကာလံ၊ စုတေခြင်းကို။ အကာသိ၊ ပြု၏။ ဣတိပေသေသိ၊ ဤသို့စေ၏။ သတ္ထာ၊ ဘုရားသခင်သည်။ တံ၊ ထိုစကားကို။ သုတွာဝ၊ ကြား၍လျှင်။ ရညော၊ မင်းအား။ သာသနံ၊ သတင်းစကားကို။ ပဟိဏိ၊ စေ၏။ သိရိမာယ၊ သီရိမာအား။ ဈာပနကိစ္စံ၊ သင်္ဂြိုဟ်ခြင်း

ကိစ္စသည်။ နတ္ထိ၊ မရှိ။ အာမကသုသာနေ၊ သုသာန်တစပြင်၌။ တံ၊ ထိုသိရိမာကို။
ယထာ၊ အကြင်အခြင်းဖြင့်။ ကာကာ၊ ကျီးတို့သည်။ နခါဒန္တိ၊ မစားကုန်။ တထာ၊
ထိုအခြင်းဖြင့်။ နိပ္ပဇ္ဇာပေတွာ၊ အိပ်စေ၍။ ရက္ခာပေထ၊ စောင့်စေကုန်လော့။
ဣတိပဟိဏိ၊ ဤသို့စေ၏။ ရာဇာပိ၊ မင်းသည်လည်း။ တထာ၊ ထိုဘုရားမိန့်တော်
မူတိုင်း။ အကာသိ၊ ပြု၏။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ တယော ဒိဝသာ၊ သုံးရက်
တို့သည်။ အတိက္ကန္တာ၊ လွန်ကုန်သည်ရှိသော်။ စတုတ္ထေ ဒိဝသေ၊ လေးရက်မြောက်
သောနေ့၌။ သရီရံ၊ ကိုယ်သည်။ ဥဒ္ဓုမာယိ၊ ဖူးဖူးရောင်၏။ နဝဟိဝဏမုခေဟိ၊
ကိုးပါးသော အမာဝတို့မှ။ ပုဠဝါ၊ ပိုးလောက်တို့သည်။ ပဂ္ဃရိံသု၊ ယိုစီးကုန်၏။
သကလသရီရံ၊ ကိုယ်အလုံးသည်။ ဘိန္န၊ ပျက်၏။ သာလိဘတ္တစာဋိဝိယ၊ သလေး
ထမင်းချက်သော အိုးစရည်းကဲ့သို့။ အဟောသိ၊ ဖြစ်၏။ ရာဇာ၊ ဗိမ္ဗိသာရမင်းသည်။
နဂရေ၊ ရာဇဂြိုဟ်ပြည်၌။ ဂေဟရက္ခကေ၊ အိမ်စောင့်ဖြစ်ကုန်သော။ ဒါရကေ၊
တိုကို။ ထပေတွာ၊ ထား၍။ သိရိမာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ခြင်းငှာ။
အနာဂစ္ဆန္တာနံ၊ မလာကုန်သော သူတို့အား။ အဋ္ဌကဟာပဏော၊ ရှစ်သပြာသည်။
ဒဏ္ဍော၊ မင်းဒဏ်သင့်သည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ဘေရိံ စရာပေသိ၊
စည်လည်စေ၏။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံစ၊ အထံသို့လည်း။ ပေသေသိ
စေ၏။ ဗုဒ္ဓပမုခေါ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။
သိရိမာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းငှါ။ အာဂစ္ဆတု၊ ကြွလာစေလော့။
ဣတိပေသေသိ၊ ဤသို့စေ၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။
အာရောစေသိ၊ ကြားစေ၏။ သိရိမာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းငှါ။
ဂမိဿာမ၊ သွားကုန်အံ့။ ဣတိအာရောစေသိ၊ ဤသို့ကြားစေ၏။ သောပိဒဟရ
ဘိက္ခု၊ ထိုပဉ္စင်းငယ်သည်လည်း။ စတ္တာရော ဒိဝသေ၊ လေးရက်တို့ပတ်လုံး။ ကဿစိ၊
တစုံတယောက်သောသူ၏။ ဝစနံ၊ စကားကို။ အဂဟေတွာ၊ မနာမယူမူ၍။ သိန္န
ဘတ္တော ဝိယ၊ အမ်းမစားဘဲလျှင်။ နိပ္ပဇ္ဇိ၊ အိပ်၏။ ပတ္တေ၊ သပိတ်၌။ ဘတ္တံ၊ ဆွမ်းသည်။
ပူတိကံ၊ ပုပ်သိုးခြင်းသည်။ ဇာတံ၊ ဖြစ်၏။ ပတ္တေ၊ သပိတ်၌။ မလံ၊ အညစ်အကြေးသည်။
ဥဋ္ဌဟိ၊ တက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းသို့။ သော သဟာယကော ဘိက္ခု၊
ထိုအဆွေခင်ပွန်းရဟန်းသည်။ ဥပသင်္ကမိတွာ၊ ကပ်၍။ အာဝုသော၊ ငါ့ရှင်။ သတ္ထာ၊
မြတ်စွာဘုရားသည်။ သိရိမာယ၊ သိရိမာကို။ ဒဿနတ္ထံ၊ ကြည့်ခြင်းငှါ။ ဂစ္ဆသိ၊
ကြွတော်မူအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုရဟန်းငယ်သည်။ တထာ၊
ထိုအခြင်းဖြင့်။ ဆာတဇ္ဈတ္တောပိ၊ မွတ်သိပ်ဆာလောင်ခြင်းရှိသော်လည်း။ သိရိမာတိ၊
သိရိမာဟူ၍။ ဝုတ္တပဒေယေဝ၊ ဆိုအပ်သော ပုဒ်၌သာလျှင်။ ပဟာသာ၊ အဆောတလျှင်။
ဥဋ္ဌဟိတွာ၊ ထ၍။ ကိံ၊ အဘယ်ကို။ ဘဏသိ၊ ဆိုသနည်း။ ဣတိအာဟ၊ ဤသို့မေး၏။

သတ္ထာ၊ ဘုရားသခင်သည်။ သိရိမံ၊ သိရိမာကို။ ဒဋ္ဌုံ၊ ရှုခြင်းငှါ။ ဂစ္ဆတိ၊ ကြွ၏။ တံပိ၊ သင်သည်လည်း။ ဂမိဿသိ၊ လိုက်အံ့လော။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ အာဂမိဿာမိ၊ ခြော်လိုက်ပါအံ့။ ဣတိ၊ ဤသို့။ ဘတ္တံ၊ ဆွမ်းကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ပတ္တံ၊ ကို။ ဓောဝိတွာ၊ ၍။ ထဝိကာယ၊ အိတ်၌။ ပက္ခိပိတွာ၊ သွတ်၍။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ အဂမာသိ၊ လိုက်လာ၏။

သတ္ထာ၊ ဘုရားသခင်သည်။ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းသံဃာခြံရံလျက်။ ဧကပဿေ၊ နံပါးတဘက်၌။ အဋ္ဌာသိ၊ ရပ်၏။ ဘိက္ခုသံဃောပိ၊ ရဟန်းသံဃာသည်၎င်း။ ရာဇပရိသာပိ၊ မင်းပရိသတ်တို့သည်၎င်း။ဥပါသကပရိသာပိ၊ ဒါယကာပရိသတ်တို့သည်၎င်း။ ဧကေကပဿေ၊ နံပါးတဘက်တဘက်၌။အဋ္ဌံသု၊ရပ်ကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ရာဇာနံ၊ ကို။ ပုစ္ဆိ၊၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧသာ၊ ဤသူကား။ကာ၊ အဘယ်အမည်ရှိသောသူနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ ဘုရား။ ဇီဝကဿ၊ ဇီဝက၏။ ဘဂိနီ၊ နှစ်မဖြစ်သော။ သိရိမာနာမ၊ သိရိမာအမည်ရှိသောသူတည်း။ ဣတိ၊ လျှောက်၏။ ဧသာ၊ ဤသူကား။ သိရိမာ၊ သိရိမာလော။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ခြော် သိရိမာမှန်ပါ၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ နဂရေ၊ ပြည်၌။ ဘေရိံစရာပေဟိ၊ စည်လည်စေလော့။ သဟဿံ၊ တထောင်သော ဥစ္စာကို။ ဒတွာ၊ ပေး၍။ သိရိမံ၊ သိရိမာကို။ ဂဏှန္တု၊ ယူကုန်လော့။ ဣတိ၊ ဤသို့ စည်လည်စေ၏။ ရာဇာ၊ မင်းသည်။ တထာ၊ ထိုအခြင်းဖြင့်။ ကာရေသိ၊ ပြုစေ၏၊ ဧကောပိ၊ တယောက်မျှလည်း။ ဟန္ဒိဝါ၊ ငါယူအံ့ဟူ၍၎င်း။ ဟောန္တုတိ ဝါ၊ ငါ့အား ဖြစ်စေကုန်လော့ ဟူ၍၎င်း။ ဝဒန္တော၊ ဆိုသောသူမည်သည်။ နအဟောသိ၊ မရှိ။ ရာဇာ၊ မင်းသည်။ သတ္ထု၊ မြတ်စွာ ဘုရားအား။ အာရောစေသိ၊ ကြား၏။ ဘန္တေ၊ အရှင်ဘုရား။ နဂဏှန္တိ၊ ယူသူသည် မရှိပါကုန်။ ဣတိအာရောစေသိ၊ ဤသို့ကြား၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အဍ္ဍံ၊ အဘိုးကို။ ဩသာရေဟိ၊ ငါးရာလျှော့ဘိလော့၊ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ရာဇာ၊ မင်းသည်။ ပဉ္စသတာနိ၊ ငါးရာတို့ကို။ ဒတွာ၊ ပေး၍။ ဂဏှန္တုတိ၊ ယူကုန်လော့ဟု။ ဘေရိံစရာပေတွာ၊ စည်လည်စေ၍။ ဂဏှနကံ၊ ယူလိုသော။ ကိဉ္စိ၊ တစုံတယောက်သော သူကို။ အဒိသွာ၊ မမြင်သောကြောင့်။ အဍ္ဎတိယာနိသတာနိ၊ နှစ်ရာ့ငါးဆယ်တို့ကို၎င်း။ ဒွေသတာနိ၊ နှစ်ရာတို့ကို၎င်း။ ဧကံသတံ၊ တရာကို၎င်း။ ပဏ္ဏာသံ၊ ငါးဆယ်ကို၎င်း။ ပဉ္စဝီသတိကဟာပဏေ၊ နှစ်ဆယ့်ငါးသပြာတို့ကို၎င်း၊ ဒသကဟာပဏေ၊ ဆယ်သပြာတို့ကို၎င်း။ ပဉ္စ- ကဟာပဏေ၊ ငါးသပြာ တို့ကို၎င်း။ ဧကံကဟာပဏံ၊ တသပြာ ကို၎င်း။ အဍ္ဎံ၊

ငါးမူးကိုရင်း။ ပါဒံ၊ တမတ်ကိုရင်း။ မာသံ၊ တပဲကိုရင်း။ ကာကနိကံ၊ တရွေး
ကိုရင်း။ ဒတွာ၊ ပေး၍။ သိရိမံ၊ သိရိမာကို။ ဂဏှန္တုတိ၊ ယူစေ ကုန်သဲတည်း
ဟု။ ဘေရိစရေပေတွာ၊ စည်လည်ခေ၍။ ကောစိ၊တစုံတယောက်သော ယောကျ်ား
သည်။ တံ၊ ထိုသိရိမာကို။ နံ့ဣစ္ဆိ၊ အလိုမရှိ၊ မုဓာပိ၊ အချည်းနှီးလည်း။ ဂဏှန္တု
တိ၊ ယူစေကုန်လော့ဟု။ ဘေရိံ စရာပေသိ၊ စည်လည်စေ၏။ ဟန္တိဝါ၊ ငါယူအံ့
ဟူ၍ရင်း။ ဟောန္တုတိဝါ၊ ယူခြင်းငှါ သင့်ကုန်၏ ဟူ၍ရင်း။ ဝဒန္တောနာမ၊
ဆိုသူမည်သည်။ နဟောတိ၊ မရှိ။ ရာဇာ၊ မင်းသည်။ ဘန္တေ၊ အရှင်ဘုရား။
မုဓာပိ၊ အချည်းနှီးလည်း။ ဂဏှန္တော၊ ယူလိုသောသူသည်။ နတ္ထိ၊ မရှိ။ ဣတိအာဟ၊
ဤသို့ လျှောက်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာဇနဿ၊ လူများ
အပေါင်းသည်။ ပိယံ၊ ချစ်အပ်သော။ မာတုဂါမံ၊ မာတုဂါမကို။ပဿထ၊ ရှုကုန်
လော့။ ဣမသ္မိံ ယေဝ နဂရေ၊ ဤရာဇဂြိုဟ်ပြည်၌။ သဟဿံ၊ တထောင်ကို။
ဒတွာ၊ ပေး၍။ ပုဗ္ဗေ၊ ရှေး၌။ ဧကံဒိဝသံ၊ တနေ့မျှ ယဉ်ပါးခြင်းကို။ လဘိံသု၊
ရကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ မုဓာ၊ အချည်းနှီးပင်။ ဂဏှန္တောပိ၊ ယူလိုသော
သူသည်လည်း။ နတ္ထိ၊ မရှိ။ ဘိက္ခဝေ၊ ရဟန်းတို့။ ခယဝယပ္ပတ္တံ၊ ကုန်ခြင်း
ပျက်ခြင်းသို့ ရောက်ကသော။ အာတုရံ၊ ကျင်နာစွာထသော။ ဧဝရူပံ၊ ဤသို့
သဘောရှိသော။ နာမရူပံ၊ နာမ်ရုပ်မျှသာ ဖြစ်ထသော။ အတ္တဘာဝံ၊ အတ္တ
ဘောကို။ ပဿထ၊ ရှုကုန်လော့။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊
ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၄၇။ ။ပဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဓုဝံ၊ မြဲသော အဖြစ်သည်ရင်း။ ဌိတိ၊
တည်သောအဖြစ်သည်ရင်း။ နတ္ထိ၊ မရှိ။ စိတ္တကတံ၊ အဝတ်ဆန်းဆာစသည်တို့ဖြင့်
ဆန်းကြယ်စွာ ပြုအပ်ထသော။ ဗိမ္ဗံ၊ ရှေ့ရုပ်နှင့်တူထသော၊ အရုကာယံ၊ ကိုးပါး
သော အဟာဝတို့၏ အစွမ်းဖြင့် အိုင်းအမာနှင့် တူသော ကိုယ်ရှိထသော။
သမုဿိတံ၊ သုံးရာသော အရိုးတို့ဖြင့် စိုက်ထားအပ်ထသော။ အာတုရံ၊ ကျင်နာ
စွာထသော။ ဗဟုသင်္ကပ္ပံ၊ များစွာသော လူအပေါင်းသည် များသောအားဖြင့်
ကြံအပ်ထသော။ ဣမံ၊ ဤအတ္တဘော ဟူသော ခန္ဓာကိုယ်ကို။ ပဿထ၊ ရှုကုန်
လော့။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ စိတ္တကတန္တိ၊ စိတ္တကတံဟူသည်ကား။ ကတစိတ္တံ ပြုအပ်
သော ဆန်းကြယ်ခြင်းရှိသော။ ဝတ္ထာဘရဏ မာလာလင်္ကာဒိဟိ၊ အဝတ်ဘန်းဆာ
ပန်းဆင်ယင်ခြင်း အစရှိသည်တို့ဖြင့်။ စိတ္တကတံ၊ ဆန်းကြယ်စွာ ပြုအပ်၏။ ဣတိ
အယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။ ဗိမ္ဗန္တိ၊ ဗိမ္ဗံဟူသည်ကား။ ဒီဃာ

ဒိယုတ္တဋ္ဌာနေသု၊ ရှည်ခြင်းစသည်နှင့် ယှဉ်ရာအရပ်တို့၌။ ဒီဃာဒီဟိ၊ ရှည်ခြင်းအစရှိကုန်သော။ အင်္ဂပစ္စင်္ဂေဟိ၊ အင်္ဂါကြီးငယ်တို့ဖြင့်။ သဏ္ဌိတံ၊ ကောင်းစွာတည်သော။ အတ္တဘာဝံ၊ အတ္တဘောတည်း။ အရုက်ာယန္တိ၊ ဟူသည်ကား။ နဝန္နံဝဏမုခါနံ၊ ကိုးပါးသော အမာဝတို့၏။ ဝဏ္ဏဝသေန၊ အစွမ်းအားဖြင့်။ အရုဘူတံ၊ အိုင်းအမာသဘွယ်ဖြစ်၍ဖြစ်သော။ ကာယံ၊ ကိုယ်တည်း။ သမုဿိတန္တိ၊ ဟူသည်ကား။ တီဟိ အဋ္ဌိသတေဟိ၊ သုံးရာသော အရိုးတို့ဖြင့်။ သမုဿိတံ၊ ဆောက်၍ထားအပ်သော။ အာတုရန္တိ၊ အာတုရံဟူသည်ကား။ သဗ္ဗ ကာလံ၊ အခါခပ်သိမ်း။ ဣရိယာပထာဒိဟိ၊ ဣရိယာပုထ်စသည်တို့ဖြင့်၊ ပရိဟရိတဗ္ဗဘာဝ၊ ဆောင်အပ်သည်၏ အဖြစ်ကြောင့်။ နိစ္စတာ၊ အမြဲ။ ဂိလာနံ၊ ပင်ပန်းကျင်နာသောသူဘည်း။ ဗဟုသင်္ကပ္ပန္တိ၊ ဗဟုသင်္ကပ္ပဟူသည်ကား။ မဟာဇနေန၊ လူအပေါင်းသည်။ ဗဟုဓာ၊ များသောအားဖြင့်။ သင်္ကပ္ပိတံ၊ ကြံအပ်သော။ ယဿ နတ္ထိ ဓုဝံ ဌိတီတိ၊ ဟူသည်ကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဓုဝဘာဝေါ ဝါ၊ မြဲစွာဖြစ်ခြင်းသည်၎င်း။ ဌိတိဘာဝေါ ဝါ၊ အရှည် တည်သော အဖြစ်သည်၎င်း။ နတ္ထိ၊ မရှိ။ ဧကန္တေန၊ စင်စစ်အားဖြင့်။ ဖေတံ၊ ထိုအတ္တဘောသည်။ ဘေဒနေ၊ အပြားအားဖြင့်။ ဝိကိရဏဝိဒ္ဓံသနဓမ္မမေဝ၊ ဖရိုဖရဲရှိခြင်း ပျက်စီးခြင်း သဘော ရှိသည်သာလျှင်တည်း။ ဣဒံ၊ ဤအတ္တဘောကို။ ပဿထ၊ ရှုကုန်ခလော့။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ စတုရာသီတိယာ ပါဏသဟဿာနံ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကို သိသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။ သောပိ ဘိက္ခု၊ ထိုသိရိမာကို မေတ္တာရောက်သော ရဟန်းသည်လည်း။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

ဒုတိယံ၊ သော။ သိရိမာဝတ္ထု၊ သည်။ ဣတိသမတ္တော၊ ပြီးပြီ။

---

၁၁-ဇရာဝဂ္ဂ။ ၃-ဥတ္တရာထေရိယာဝတ္ထု။

(သိရိမာ၏ ဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ဥတ္တရာထေရီဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ပရိဇိဏ္ဏမိဒန္တိ" စသော ပါဌ်ကို မိန့်သဘည်း။

"ပရိဇိဏ္ဏမိဒန္တိ" ဣမံ ဓမ္မဒေသနံ၊ ပရိဇိဏ္ဏမိဒံ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော၊ နေတော်မူလျက်။ ဥတ္တရာထေရိံ နာမ ဥတ္တရာမည်သော ထေရီကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ထေရီ၊ မထေရ်မသည်။ ဇာတိယာ၊ အရွယ်အားဖြင့်။ ဝီသတိဝဿသတိကာ၊ အသက်တရာ့နှစ်ဆယ်ရှိမှ ရဟန်းပြုလျက်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ လဒ္ဓပိဏ္ဍပါတာ၊ ရအပ်သော ဆွမ်းရှိပြီးသော်။ အန္တရဝီထိယံ၊ ခရီးအကြား၌။ ဧကံ ဘိက္ခုံ၊ ရဟန်းတပါးကို။ ဒိသွာ၊ မြင်၍။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။ အာပုစ္ဆိတွာ၊ ပန်၍။ တဿ၊ ထိုရဟန်းအား။ အပဋိက္ခိပေတွာ၊ မပယ်မူ၍။ ဂဏှန္တဿ၊ ယူသည်ရှိသော်။ သဗ္ဗံ၊ အလုံးစုံကို။ ဒတွာ၊ ပေး၍။ နိရာဟာရာ၊ ပြတ်သော အာဟာရရှိသည်။ အဟောသိ၊ ဖြစ်၏။ ဒုတိယေပိ ဒိဝသေ၊ နှစ်ရက်မြောက်သော နေ့၌ ၎င်း။ တတိယေပိ ဒိဝသေ၊ သုံးရက်မြောက်သော နေ့၌ ၎င်း။ ဝေံ၊ ဤအတူလျှင်။ တသောဝ ဘိက္ခုနော၊ ထိုရဟန်း၏လျှင်။ တသ္မိံယေဝ ဌာနေ၊ ထိုအရပ်၌လျှင်။ ဘတ္တံ၊ ဆွမ်းကို။ ဒတွာ၊ လှူ၍။ နိရာဟာရာ၊ အစာကင်းသည်။ အဟောသိ၊ ဖြစ်၏။ စတုတ္ထေ ဒိဝသေ ပန၊ လေးခုမြောက်သောနေ့၌ကား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တီ၊ သွားသည်ရှိသော်။ ဧကသ္မိံ၊ တခုသော။ သမ္ဗာဓဋ္ဌာနေ၊ ကျဉ်းမြောင်းရာအရပ်၌။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဒိသွာ၊ မြင်၍။ ပဋိက္ကမန္တီ၊ နောက်သို့ ဆုတ်သည်ရှိသော်။ ဩလမ္ဗန္တံ၊ တွဲလျားကျသော။ အတ္တနော စီဝရကဏ္ဏံ၊ မိမိသင်္ကန်းစွန်းကို။ အက္ကမိတွာ၊ နင်းမိ၍။ သဏ္ဌာတုံ၊ တည်ခြင်းငှါ။ အသက္ကောန္တီ၊ မတတ်နိုင်သည်ဖြစ်၍။ ပရိဝတ္တိတွာ၊ ပြန်လှန်၍။ ပတိ၊ လဲ၍။ ပတိတာ၊ လည်း ...ပ... သတ္ထာ၊ ဘုရားသခင်သည်။ တဿာ၊ ထိုရဟန်းမိန်းမ၏၊ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဘဂိနိ၊ နှမ။ ဇရာ ...။ အတ္တဘာဝေါ ...တ္တဘောသည်။ ပရိဇိဏ္ဏော၊ အိုပြီ။ "ကြီးရင့်ပြီလည်းဟူ"၊ နာ မိရသော၊ မပြောမြင့် မီလျှင်။ ဘိဇ္ဇိဿတိ၊ ပျက်စီးလတ္တံ့။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၄၈။ ဘဂိနီ၊ နှမ။ တေ၊ သင်၏။ ဣဒံ ရူပံ၊ ဤကိုယ်သည်။ ပရိဇိဏ္ဏံ၊ ကြီးရင့်ခြင်းဖြင့် အိုမင်း၏။ ရောဂနိဒ္ဓံ၊ အလုံးခုံသော ...နာတို့၏ နေရာလည်း ဖြစ်၏၊ ပဘင်္ဂုနံ၊ အမြဲ အပုပ်တို့ဖြင့် ယိုစီးခြင်းရှိသည်ဖြစ်၍ ပျက်တတ်၏၊ ပူတိသန္ဒေဟော၊ ပုပ်သော ကိုယ်သည်။ ဘိဇ္ဇတိ၊ ပျက်တတ်၏။ ဟိ၊ ထိုအကားသင့်၊ ဇီဝိတံ၊ အသက်သည်။ မရဏန္တံ၊ သေခြင်းအဆုံးရှိ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ဘဂိနီ၊ နှမ။ တဝ၊ သင်၏။ သရီရသင်္ခါတံ၊ ကိုယ်ဟု ဆိုအပ်သော။ ဣဒံ ရူပံ၊ ဤရုပ်သည်။ မဟလ္လိကဘာဝေန၊ ကြီးသည်၏ အဖြစ်ဖြင့်။ ပရိဇိဏ္ဏံ၊ အိုမင်း၏။ တစ္ဆခေါ၊ ထိုအိုခြင်းသို့ ရောက်သော ကိုယ်သည်လည်း။ သဗ္ဗရောဂါနံ၊ အလုံးစုံသော အနာတို့၏။ နိဝါသနဋ္ဌာနဋ္ဌေန၊ နေရာဟူသော အနက်ကြောင့်။ ရောဂနိဍ္ဍံ၊ အနာ၏ နေရာဖြစ်သော။ ခေါ ပန၊ စင်စစ်ကား။ တရုဏောပိ သိင်္ဂါလော၊ ငယ်နုသော မြေခွေးကိုလည်း။ဇရသိင်္ဂါလောတိ၊ မြေခွေးအိုဟူ၍။ ဝုစ္စတိယထာ၊ ဆိုအပ်သကဲ့သို့ရင်း။ တရုဏာပိဂလော စိလတာ၊ ငယ်နုသော ဆင်တုံးမနွယ်ကိုလည်း။ ပူတိလတာတိ၊ နွယ်ရင့်နွယ်ပုပ်ဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့ရင်း။ ဧဝံ တထာ၊ ထိုအတူ။ တဒဟုဇာတံ၊ ထိုနေ့၌ ဖြစ်သော။ သုဝဏ္ဏ ဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။ သမာနမ္ပိ၊ ဖြစ်လျှင်မူလည်း။ နိစ္စံ၊ အမြဲ။ ပဂ္ဃရဏဋ္ဌေန၊ ယိုစီးတတ်သော အနက်ကြောင့်၊ ပူတိတာယ၊ ပုပ်သည်၏ အဖြစ်ဖြင့်။ ပဘင်္ဂုနံ၊ ပျက်ခြင်းသဘောရှိ၏။ သေပူတိကော၊ ဤသို့ပုပ်ခြင်း သဘောရှိသည်သာလျှင်။ သမာနော၊ ဖြစ်လျက်။ တဝ၊ သင်၏။ သောဒေဟော၊ ထိုကိုယ်သည်။ ဘိဇ္ဇတိ၊ ပျက်တတ်၏။ ဣတိ၊ ထိုကြောင့်။ န စိရဿေဝ၊ မကြာမြင့်မီလျှင်။ ဘိဇ္ဇတိ၊ ပျက်လတ္တံ့သတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်း· ဟူမူကား။ ဟိယသ္မာ၊ အကြင်ကြောင့်။ ဇီဝိတံ၊ အသက်သည်။ မရဏန္တံ၊ သေခြင်းလျှင် အဆုံးရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယောသာနမေဝ၊ သေခြင်းအဆုံးရှိသည်သာလျှင်တည်း။ ဣတိ၊ ဤသို့၊ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ထေရီ၊ ဥတ္တရာ ထေရီသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တာ၊ ရောက်၏။ မဟာဇနဿာပိ၊ လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော၊ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ततိယံ၊ သော။ ဥတ္တရထေရိယာဝတ္ထု၊ သည်။

ဣတိ သမတ္တံ၊ ပြီးပြီ။

---

၁၁—ဇရာဝဂ္ဂ။ ၄-သမ္ဗဟုလအဓိမာနိကဘိက္ခုနံ ဝတ္ထု။

(ဥတ္တရာမည်သော ထေရီဝတ္ထု၌ ဟောရာ ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြီးပြီး၍ အရဟတ္တဖိုလ်ကို ရလိုချင်ကုန်သော ရဟန်းတို့၏ ဝတ္ထု၌ ဟောရာ

ဂါထာ၏ အတ္ထ ဌေကနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယာနိမာနိ" အစရှိသော ပါဌ်ကို မိန့်သတည်း။

"ယာနိမာနိ" တိ ဣမံ ဓမ္မဒေသနံ၊ ယာနိမာနိ-စသော ဤတရားဒေသနာ ကို။ သတ္ထာ၊ ဘုရား သခင်သည်။ ဇေတဝနေ၊ ဇေတာဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အဓိမာနိကေ၊ အရဟတ္တဖိုလ်ကို ရနိုးခြင်း ရှိကုန် သော။ သမ္ဗဟုလေ ဘိက္ခူ၊ များစွာ ကုန်သော ရဟန်း တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ပဉ္စသတာဘိက္ခူ၊ ငါးရာကုန်သော ရဟန်းတို့သည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေ တွာ၊ ယူ၍။ အရညံတော သို့။ ပဝိသိတွာ၊ ဝင်၍။ ဃဋေန္တာ၊ စေ့ဆော်ကုန်လျက်။ ဝါယမန္တာ၊ လုံ့လပြုကုန်သည် ရှိသော်။ ဈာနံ၊ ဈာန်ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ကိလေသာနံ၊ ကိလေသာတို့၏။ အသမုဒါစာရေန၊ ဖြစ်ခြင်းမရှိသဖြင့်။ နော၊ ငါတို့ အား။ ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စသည်။ နိဋ္ဌိတံ၊ ပြီးပြီ။ အတ္တနော၊ မိမိ၏။ ပဋိလဒ္ဓ ဂုဏံ၊ ရအပ်သော ဂုဏ်ကျေးဇူးကို။ သတ္ထု၊ မြတ်စွာဘုရားအား။ အာရောစေဿာ မာတိ၊ ကြားကုန်အံ့ဟူ၍။ အာဂမိံသုကိရ၊ လာကုန်သတတ်။ သတ္ထာ၊ မြတ်စွာ ဘုရားသခင်သည်။ တေသံ၊ ထိုရဟန်း တို့၏။ ဗဟိ၊ အပ၌။ ဒွါရကောဋ္ဌကံ၊ တံခါးမုခ်ဦးသို့။ ပတ္တကာလေ ယေဝ၊ ရောက်သော ကာလ၌သာလျှင်။ အာ နန္ဒတ္ထေရံ၊ ကို။ အာဟ၊ မိန့်တော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ဧတေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ပဝိသိတွာ၊ ၍။ မံ၊ ငါဘုရားကို။ ဒိဋ္ဌေန၊ မြင်ခြင်းဖြင့်။ ကမ္မံ၊ အမှုသည်။ နတ္ထိ၊ မရှိ။ အာမကသုသာနံ၊ သင်းချိုင်း သုသာန်သို့။ ဂန္တွာ၊ သွား၍။ တတော၊ ထိုသုသာန်မှ။ အာဂန္တွာ၊ လာ၍။ မံ၊ ငါ့ကို။ ပဿန္တု၊ ဖူးမြင်စေ ကုန်လော့၊ ဣတိ အာဟ၊ ဤသို့ မိန့်၏။ ထေရော၊ အာနန္ဒာ မထေရ်သည်။ ဂန္တွာ၊ ၍။ တေသံ၊ ထိုရဟန်းတို့အား။ ကထေတွာ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။တေ၊ထိုငါးရာသော ရဟန်းတို့သည်။ အမှာကံ၊ငါတို့အား၊ အာမကသုသာ နေန၊ သုသာန်သို့ သွားသဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ အဝတွာဝ၊ ဤသို့ မဆိုမူ၍လျှင်။ ဒီဃဒဿိနာ၊ အရှည်ကို မြင်လေ့ရှိသော။ ဗုဒ္ဓေန၊ ဘုရား သဗ္ဗညုသည်။ ကာရဏံ၊ အကြောင်းကို။ ဒိဋ္ဌံ၊ မြင်တော်မူသည်။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့ဟူ၍။ အာမကသုသာနံ၊ သုသာန်သို့။ ဂန္တွာ၊ သွား၍။ တတ္ထ၊ ထို သုသာန်၌။ ကုဏပါနိ၊ အကောင်ပုပ်တို့ကို။ ပဿန္တာ၊ ရှုကုန်သည်ရှိသော်။ ဧကာ ဟဒွိဟာပတိဘေသု၊ ချ၍ တရက် နှစ်ရက် ရှိကုန်ပြီးသော၊ ကုဏပေသု၊ အကောင် ပုပ်တို့၌။ အဋ္ဌိသညံ ဘဝံ၊ အရိုးစုအမှတ်ကို။ ပဋိလဘိတွာ၊ ရ၍။ တံ ခဏံ၊ ထိုခဏ၌။

ပယိတေသု၊ ပစ်ချလာကုန်သော။ အလ္လသရီရေသု၊ စိုသော ကိုယ်တို့၌။ ရာဂံ၊ တပ်ခြင်းကို။ ဥပ္ပါဒယိံသု၊ ဖြစ်စေကုန်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ အတ္တနော၊ မိမိ၏။ သံကိလေသဘာဝံ၊ ညစ်နွမ်းခြင်း ကိလေသာရှိသည်၏ အဖြစ်ကို။ ဇာနိံသု၊ သိကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋီ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ ဩဘာသံ၊ အရောင်ကို။ ဖရိတွာ၊ နှံ့စေ၍။ ဧဝံ ဘိက္ခုနံ၊ ထိုရဟန်းတို့၏။ သမ္မုခေ၊ မျက်မှောက်၌။ ကထေန္တော ဝိယ၊ စကားပြောဟော သကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှာကံ၊ သင်တို့အား။ ဧဝရူပံ၊ ဤသို့သဘော ရှိသော၊ အဋ္ဌိသင်္ဃာတံ၊ အရိုးစုအပေါင်းကို။ ဒိသွာ၊ မြင်၍။ ရာဂရတိံ၊ တပ်ခြင်း မွေ့လျော်ခြင်းကို။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှာ။ ပတိရူပံ နုခေါ၊ လျောက် ပတ်အံ့သော။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၄၉။ ဘိက္ခဝေ၊ တို့။ သာရဒေ၊ တန်းဆောင်မုန်း ကာလ၌။ အလာဗူ နေဝ၊ ထိုထိုအရပ်၌ ဖရိုဖရဲကြဲသောဗူးကဲ့သို့။ အပတ္ထာနိ၊ ထက်ဝန်းကျင်စွန့်ပစ် အပ်ကုန်သော။ ကာပေါတကာနိ၊ ခို၏အဆင်းနှင့် တူကုန်သော။ ယာနိမာနိ အဋ္ဌီနိ၊ အကြင်အရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုအရိုးတို့ကို။ ဒိသွာ၊ မြင်၍။ တုမှာကံ၊ သင်တို့အား။ ရတိ၊ မွေ့လျော်ခြင်းသည်။ ကာ၊ အဘယ် အကျိုးရှိပါအံ့နည်း။ ဣတိအာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အပတ္ထာနီတိ၊ အပတ္ထာနိ ဟူသည်ကား။ ဆဍ္ဍိတာနိ၊ စွန့်အပ်ကုန်သော။ သာရဒေတိ၊ သာရဒေ ဟူသည်ကား။ သာရဒသာလေ၊ တန်း ဆောင်မုန်းကာလ၌။ ဝါတာတပဟတာနိ၊ လေဖြင့် ခတ်အပ်ကုန်သည် ဖြစ်၍။ တတ္ထတတ္ထဝိပ္ပကိဏ္ဏာနိ၊ ယိုထိုအရပ်၌ ဖရိုဖရဲကြဲကုန်သော။ အလာဗုနိဝိယ၊ ဗူးတို့ ကဲ့သို့။ ကာပေါတကာနီတိ၊ ကာပေါတကာနိ ဟူသည်ကား။ ကပေါတက ဝဏ္ဏာနိ၊ ခိုအဆင်းနှင့် တူကုန်သော။ တာနိဒိသွာနတိ၊ ဟူသည်ကား။ ဧဝရူပါနိ၊ ဤသို့သဘောရှိကုန်သော။ အဋ္ဌီနိ၊ အရိုးတို့ကို။ ဒိသွာ၊ မြင်၍။ တုမှာကံ၊ သင် တို့အား။ ရတိ၊ မွေ့လျော်ခြင်းသည်။ ကာ၊ အဘယ်အကျိုး ရှိအံ့နည်း။ အပ္ပ မတ္တကံပိ၊ အနည်းငယ်မျှလည်း။ ကာမရတိံ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို၊ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိယေဝ နနု၊ မအပ်သည်သာလျှင် မဟုတ် တုံလော။ ဣတိ၊ ဤကား။ အတ္ထော၊ အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ တေဘိက္ခူ၊ ထိုရဟန်း တို့သည် ယထာဌိတာဝ၊ တည်မြဲ တိုင်းသာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ

ရောက်၍။ ဘဂဝန္တံ၊ ဘုရားရှင်ကို။ အဘိတ္ထာဝမာနာ၊ ချီးမွမ်းကုန်လျက်။ အာဂန္တွာ၊ လာ၍။ ပက္ကမိံသု၊ ရှိခိုးကုန်၏။

စတုတ္ထံ၊ သော။ သမ္မဟုလ အဓိမာနိကဘိက္ခုနီဝတ္ထုသည့်။
ဂ္ဂတိယသမတ္တော၊ ပြီးပြီ။

---

## ၁၁-ဇရာဝဂ္ဂ။ ၅-ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု။

(အဗျာဟတ္တဖိုလ်ကို ရပြီဟု အယူရှိကုန်သော ရဟန်းတို့၏ ဝတ္ထု၌ ဟောရာပါထာ၏ အဓိပ္ပာယ်ဝဏ္ဏနာကိုပြုပြီး၍ ရူပနန္ဒာထေရီဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အဋ္ဌီနံ နဂရံ ကတ"န္တိ စသော ပါဌ်ကို မိန့်သတည်း)။

"အဋ္ဌီနံ နဂရံ ကတ"န္တိ ဣမံ ဓမ္မဒေသနံ၊ အဋ္ဌီနံနဂရံ ကတံ စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေလျက်၊ ဇနပဒကလျာဏိံ၊ ဇနပဒကလျာဏီ အမည်ရှိသော။ ရူပနန္ဒတ္ထေရိံ၊ ထေရီကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာ၊ ထိုရူပနန္ဒာသည်။ ကေပိဝသံ၊ တနေ့သ၌။ စိန္တေသိ၊ ကြံ၏။ မယှံ၊ ငါ၏။ ဇေဋ္ဌဘာတိကော၊ မောင်းကြီးသည်။ ရဇ္ဇသိရိံ၊ ပြည်စည်းစိမ်ကို။ ပဟာယ၊ စွန့်၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ လောကေ၊ လောက၌။ အဂ္ဂပုဂ္ဂလော၊ ပုဂ္ဂိုလ်တို့ထက် အမြတ်ဖြစ်သော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဇာတော၊ ဖြစ်တော်မူပြီ။ တဿ၊ ထိုဘုရား၏။ ပုတ္တော၊ သားဖြစ်သော။ ရာဟုလကုမာရောပိ၊ ရာဟုလာမင်းသားသည်လည်း။ ပဗ္ဗဇိတော၊ ရဟန်းပြုပြီ။ မေ၊ ငါ၏။ ဘတ္တာပိ၊ လင်သည်လည်း။ ပဗ္ဗဇိတော၊ ရဟန်းပြုပြီ။ မေ၊ ငါ၏။ မာတာပိ၊ အမိသည်လည်း။ ပဗ္ဗဇိတာ၊ ရဟန်းပြုပြီ။ အဟံပိ၊ ငါသည်လည်း။ ဧတ္တကေ ဉာတိဇနေ၊ ဤမျှလောက်သော ဆွေမျိုး အပေါင်းသည်။ ပဗ္ဗဇိတေ၊ ရဟန်းပြုသည်ရှိသော်။ ဂေဟေ၊ အိမ်၌ နေသဖြင့်။ ကိံ ကရိဿာမိ၊ အသို့ပြုရအံ့နည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့ နှလုံး သွင်းလျက်။ ဘိက္ခုနီ ဥပဿယံ၊ ရဟန်း မိန်းမတို့ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ပဗ္ဗဇိ၊ ရဟန်းပြု၏။ ဉာတိသိနေဟေနေဝ၊ ဆွေမျိုးတို့ကို ချစ်၍သာလျှင်။ ပဗ္ဗဇိတာ၊ ရဟန်းပြု၏။ သဒ္ဓါယ၊ သဒ္ဓါ၍။ နော၊ ရဟန်း ပြုသည်မဟုတ်။ အဘိရူပတာယ ပန၊ အလွန်အဆင်းလှသည်၏ အဖြစ်ကြောင့်ကား။ ရူပနန္ဒာတိ၊ ရူပနန္ဒာဟူ၍၊ ပညာယိ၊ ထင်ရှား၏။ သတ္ထာ၊ ဘုရားသခင်သည်။ ရူပံ၊

ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်မရှိ။ ဝေဒနာ၊
ဝေဒနာသည်။ သညာ၊ သညာသည်။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဝိညာဏံ၊ ဝိညာဏ်
သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ မိမိအလိုသို့ မလိုက်တတ်။
ဣတိ၊ ဤသို့။ ဝဒေတိကိရ၊ ဟောသတတ်။ ဣတိ၊ ဤသို့သော စကားကို။ သုတွာ၊
ကြား၍။ သာ၊ ထိုရူပနန္ဒာသည်။ ဧဝံ၊ ဤသို့။ ဒဿနိယေ၊ ရှုဘွယ်ရှိသော။
ပါသာဒိကေ၊ ကြည်ဘွယ်ရှိသော။ မမရူပေပိ၊ ငါ့အဆင်း၌လည်း။ ဒေါသံ၊
အပြစ်ကို။ ကထေယျာတိ၊ ဆိုချေရာ၏ဟု။ သတ္ထု၊ မြတ်စွာဘုရား၏။ သမ္မုခီဘာဝံ၊
မျက်မှောက်အဖြစ်သို့။ နဂစ္ဆတိ၊ မသွား။ ဝံ့။ သာဝတ္ထိဝါသိနော၊ သာဝတ္ထိပြည်၌
နေသော ပြည်သူ ပြည်သားတို့သည်။ ပါတောဝ၊ စောစောကလျှင်။ ဒါနံ၊
အလှူကို။ ဒတွာ၊ ပေး၍။ သမာဒိန္နုပေါသထာ၊ ကောင်းစွာ ဆောက်တည်
အပ်သော ဥပုသ် ရှိကုန်လျက်။ သုဒ္ဓုတ္တရာသင်္ဂါ၊ ကောင်းစွာ စင်ကြယ်သော ပုဆိုး
ဖြူကို ဝတ်ရုံကုန်လျက်။ ဂန္ဓမာလာဒိဟတ္ထာ၊ နံ့သာပန်း အစရှိသည်ကို လက်စွဲကုန်
သည် ဖြစ်၍။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ ဇေတဝနေ၊ ဇေတဝန်
ကျောင်းတော်၌။ သန္နိပတိတွာ၊ စည်းဝေး၍။ ဓမ္မံ၊ တရားကို။ သုဏန္တိ၊ နာကုန်
၏။ ဘိက္ခုနိသံဃောပိ၊ ရဟန်းမိန်းမ သံဃာသည်လည်း။ သတ္ထု ဓမ္မဒေသနာယ၊
ဘုရားဟောရာ ဓမ္မဒေသနာ၌။ ဥပ္ပန္နဆန္ဒော၊ ဖြစ်သောကုသိုလ်ဆန္ဒရှိ၍။ ဝိဟာရံ၊
ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဓမ္မံသုတွာ၊ တရားနာပြီး၍။ နဂရံ၊ မြို့သို့။ ပဝိသန္တာ၊
ဝင်ကုန်သည်ရှိသော်။ သတ္ထု၊ ဘုရားသခင်၏။ ဂုဏကထံ၊ ကျေးဇူးစကားကို။
ကထေန္တာဝ၊ ပြောကုန်လျက်လျှင်။ ပဝိသန္တိ၊ ဝင်ကုန်၏။ ဟိ၊ ထိုစကားသင့်စွ။
စတုပ္ပမာဏိကေ၊ လေးပါးသော မြတ်နိုးခြင်း ရှိသော။ လောကသန္နိဝါသေ၊
လူအပေါင်း၌။ တထာဂတံ၊ ဘုရားသခင်ကို။ ပဿန္တာနံ၊ ဖူးမြင်ကုန်သော။ ယေသံ၊
အကြင်သတ္တဝါတို့အား။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။
တေသတ္တာ၊ တို့သည်။ အပ္ပကာဝ၊ အနည်းငယ်တို့သာလျှင်တည်း။ ဟိ၊ ထိုစကား
သင့်စွ။ ရူပပမာဏိကာ၊ အဆင်း၌ မြတ်နိုးခြင်း ရှိကုန်သော သူတို့သည်။ တထာ
ဂတဿ၊ ဘုရားသခင်၏။ လက္ခဏာနုဗျဉ္ဇနပဋိမဏ္ဍိတံ၊ လက္ခဏာတော်ကြီးသုံးဆယ့်
နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် တန်းဆာဆင်အပ်သော၊ သုဝဏ္ဏ
ဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော။ သရီရံ၊ ကိုယ်တော်ကို။ ဒိသွာ၊
မြင်၍။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ဃောသပ္ပမာဏိကာပိ၊ အသံ၌ မြတ်နိုးခြင်း
ရှိကုန်သော သူတို့သည်လည်း။ အနေကာနိ၊ များစွာကုန်သော။ ဇာတကသတာနိ၊
အရာသော ဘဝဟောင်းတို့ကို။ နိဿာယ၊ မှီ၍။ ပဝတ္တံ၊ ဖြစ်သော။ သတ္ထု၊
မြတ်စွာဘုရား၏။ ဂုဏဃောသံ၊ ဂုဏ်ကျေးဇူးနှင့်စပ်၍ ဆိုသောစကားကိုရင်း။

အင္ဂသမ္ပန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဓမ္မဒေသနာဃောသဥ္စ၊ တရားဟောတော်မူသော အသံကိုလည်း။ သုတွာ၊ ကြား၍။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ။(အသံတော်၏အင်္ဂါရှစ်ပါးကား။ ဝိသဋ္ဌော စ သုဝိညေယျော၊ သဝနီယော မဉ္ဇုပိ စ၊ ဗိန္ဒုဝိသာရီ ဂမ္ဘီရော၊ နိန္နာဒီ စော မုနိတရော။ ။အနက်ကား။ မုနိသရော၊ မြတ်စွာဘုရားအသံတော်သည်။ ဝိသဋ္ဌော စ၊ သန့်ရှင်းသည်လည်း။ သုဝိညေယျော စ၊ သိလွယ်သည်လည်း။ သဝနီယော စ၊ နာချင်ဘွယ်ရှိသည်လည်း။ မဉ္ဇုပိ စ၊ ညံ့သက်သည်လည်း။ ဗိန္ဒု စ၊ လုံးသည်လည်း။ အဝိသာရီ စ၊ ပရိသတ်ကို လွန်၍ မပြန့်သည်လည်း။ ဂမ္ဘီရော စ၊ နက်သည်လည်း။ နိန္နာဒီ စ ဟောတိ၊ ပဲ့တင်ထပ်သည်လည်း ဖြစ်၏။ ။မြတ်စွာဘုရား၏ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကို မှတ်ရန် ထည့်လိုက်သည်)။ ။လူခပ်မ ဟိကာ၊ ခေါင်းပါခြင်း၌ မြတ်နိုးခြင်း ရှိကုန်သော သူတို့သည်။ အဿ၊ ထိုမြတ်စွာဘုရား၏။ စီဝရာဒိလူခတံ၊ သင်္ကန်းစသည်ဖြင့် ခေါင်းပါးခြင်းရှိသည်၏ အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ဓမ္မပ္ပမာဏိကာပိ၊ တရား၌မြတ်နိုးခြင်း ရှိကုန်သော သူတို့သည်လည်း။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ သီလံ သီလသည်။ ဝေဠုပေါ၊ ဤသို့သဘောရှိ၏။ သမာဓိ၊ သမာဓိသည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ ပညာ၊ ပညာသည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သီလာဒီဟိ၊ သီလအစရှိကုန်သော။ ဂုဏေဟိ၊ ဂုဏ်တို့ဖြင့်။ အသမော၊ အတုမရှိ။ အပ္ပဋိပုဂ္ဂလော၊ တုဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ဣတိ၊ ဤသို့။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ယထာဂတဿ၊ မြတ်စွာဘုရား၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေန္တာနံ၊ ချီးမွမ်းကုန်သော။ တေသံ၊ ထိုသူတို့၏။ မုခံ၊ ခံတွင်းသည်။ နပ္ပဟောတိ၊ မလောက်။

ရူပနန္ဒာ၊ ရူပနန္ဒာသည်။ ဘိက္ခုနီနဉ္စ၊ ရဟန်းမိန်းမတို့၏လည်း။ ဥပါသိကာနဉ္စ၊ ဒါယိကာမတို့၏လည်း။ သန္တိကာ၊ အထံမှ။ တထာဂတဿ၊ ဘုရားသခင်၏။ ဂုဏကထံ၊ ကျေးဇူးတော်နှင့်စပ်သော စကားကို။ သုတွာ၊ ကြား၍။ စိန္တေသိ၊ ကြံ၏။ မေ၊ ၏။ ဘာတိကဿ၊ မောင်တော်ဘုရား၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ အတိဝိယ၊ အလွန်လျှင်။ ကထေန္တိယေဝ၊ ဆိုကုန်သည်သာလျှင်တည်း။ ကေဒိဝသံပိ၊ တနေ့မျှလည်း။ မေ၊ ငါ၏။ ရူပေ၊ အဆင်း၌။ ဒေါသံ၊ အပြစ်ကို။ ကထေန္တော၊ ဆိုသည်ရှိသော်။ ကိတ္တကံ၊ အဘယ်မျှလောက်ကို။ ကထေဿတိ၊ ဆိုလတ္တံ့နည်း။ ဝါ၊ ဆိုပစေ။ အဟံ၊ ငါသည်။ ဘိက္ခုနီဟိ၊ ရဟန်းမိန်းမတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တွာ၊ ၍။ အတ္တာနံ၊ ကိုယ်ကို။ အဒဿေတွာဝ၊ မမြင်စေမူ၍လျှင်၊ တထာဂတံ၊ ဘုရားသခင်ကို။ ပဿိတွာ၊ ဖူးမြင်၍။ အဿ၊ ထိုဘုရားရှင်၏။ ဓမ္မံ၊ တရားကို။ သုဏိတွာ၊ နာပြီး၍။ အာဂစ္ဆေယျံ၊ လာရမူကား။ ယံနူန၊ ကောင်းပါလေစွ။

ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သာ၊ ထိုရူပနန္ဒာသည်။ အဟံ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ ဓမ္မသဝနံ၊ တရားနာရာသို့။ ဂမိဿာမိတိ၊ လိုက်ပါအံ့ဟူ၍။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အား။ အာရောစေသိ၊ ကြား၏။ ဘိက္ခုနိယော၊ ရဟန်းမိန်းမတို့သည်။ ရူပနန္ဒာယ၊ ရူပနန္ဒာသည်။ သတ္ထုဥပဋ္ဌာနံ၊ ဘုရားအား ဆည်းကပ်ခြင်းသို့။ ဂန္တုကာမတာယ၊ သွားလိုသဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ခြင်းသည်၊ စိရဿံဝတ၊ ကြာမြင့်လေစွ။ အဇ္ဇ၊ ယခု။ သတ္ထာ၊ ဘုရားသခင်သည်။ ဣမံ နိဿာယ၊ ဤရူပနန္ဒာကို အမှီပြု၍။ နာနာနယံ၊ အထူးထူးသော နည်းရှိသော။ ဝိစိတြဓမ္မဒေသနံ၊ ဆန်းကြယ်သော တရားဒေသနာကို။ ဒေသိဿတီတိ၊ ဟောလတ္တံ့ဟူ၍။ တုဋ္ဌမာနသာ၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍။ တံ၊ ထိုရူပနန္ဒာကို။ အာဒါယ၊ ခေါ်၍။ နိက္ခမိံသု၊ ထွက်ကုန်၏။ သာ၊ ထိုရူပနန္ဒာသည်။ နိက္ခန္တကာလတော၊ ထွက်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ အဟံ၊ ငါသည်။ အတ္တာနံ၊ ကိုယ်ကို။ နေဝဒဿေဿာမိတိ၊ မပြအံ့ဟူ၍။ စိန္တေသိ၊ ကြံ၏။

သတ္ထာ၊ ဘုရားသခင်သည်။အဇ္ဇ၊ ယနေ့။ ရူပနန္ဒာ၊ ရူပနန္ဒာသည်။ မယှံ၊ ငါ့အား။ ဥပဋ္ဌာနံ၊ ခစားခြင်းသို့။ အာဂမိဿတိ၊ လာလတ္တံ့၊ တဿာ၊ ထိုရူပနန္ဒာအား။ ကီဒိသာနုခေါ၊ အဘယ်သို့သဘောရှိသော။ ဓမ္မဒေသနာ။ တရားဒေသနာသည်။ သပ္ပါယာ၊ လျောက်ပတ်သနည်း။ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ သော၊ ဤရူပနန္ဒာသည်။ ရူပဂရုကာ၊ အဆင်းကို အလေးပြု၏။ အတ္တဘာဝေ၊ အတ္တဘော၌။ ဗလဝသိနေဟာ၊ အားကြီးစွာ မြတ်နိုးခြင်းရှိ၏။ ကဏ္ဋကေန၊ ဆူးဖြင့်။ ကဏ္ဋကုဒ္ဓရဏံဝိယ၊ ဆူးကို နုတ်သကဲ့သို့။ အဿာ၊ ထိုရူပနန္ဒာအား။ ရူပေနေဝ၊ ရုပ်ဖြင့်သာလျှင်။ ရူပမဒနိမ္မဒနံ၊ ရုပ်၌ မာန်မူခြင်း မရှိအောင် နှိပ်ခြင်းသည်။ သပ္ပါယံ၊ လျောက်ပတ်၏။ ဣတိ သန္နိဋ္ဌာနံကတွာ၊ ဤသို့ ဆုံးဖြတ်ခြင်းကိုပြု၍။ တဿာ၊ ထိုရူပနန္ဒာ၏။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသနသမယေ၊ ဝင်သော ကာလ၌။ အဘိရူပံ၊ အလွန်အဆင်းလှသော။ သောဠသဝဿုဒ္ဒေသိကံ၊ တဆယ့်ခြောက်နှစ်အရွယ်ရှိသော။ ရတ္တဝတ္ထနိဝတ္ထံ၊ နီသောအဝတ်ကို ဝတ်ခြင်းရှိသော။ သဗ္ဗာဘရဏပဋိမဏ္ဍိတံ၊ အလုံးစုံသော တန်းဆာဖြင့် တန်းဆာဆင်အပ်သော။ ဗီဇနိံ၊ ယပ်ကို။ ဂဟေတွာ၊ ကိုင်၍။ အတ္တနော၊ ကိုယ်တော်မြတ်၏။ သန္တိကေ၊ အထံ၌။ ဌတွာ၊ တည်၍။ ဗီဇမာနံ၊ ယပ်ခတ်သော။ ဧကံ ပန ဣတ္ထိံ၊ မိန်းမတယောက်ကို။ ဣဒ္ဓိဗလေန၊ တန်းခိုးအာနုဘော်ဖြင့်။ အဘိနိမ္မိတံ၊ ဖန်ဆင်းအပ်၏။ တံခေါ ပန ဣတ္ထိံ၊ ထိုမိန်းမကို။ သတ္ထာစေဝ၊ ဘုရားသခင်သည်။ ပဿတိ၊ မြင်၏။ ရူပနန္ဒာစ၊ ရူပနန္ဒာသည်လည်း။ ပဿတိ၊ မြင်၏။ သာ၊ ထိုရူပနန္ဒာသည်။ ဘိက္ခုနီဟိ၊ ရဟန်းမိန်းမတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဘိက္ခုနီနံ၊

ရဟန်းမိန်းမတို့၏။ ပိဋ္ဌိပဿေ၊ နံပါး၌။ ဌတ္ဝာ၊ ရပ်၍၊ ပဥ္စပဟိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍၊ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏၊ အန္တရေ၊အကြား၌။ နိသီဒိတွာ၊ နေလျက်။ ပါဒန္တတော၊ ခြေဖျားတော်မှ။ ပဋ္ဌာယ။ စ၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ လက္ခဏာဝိစိတ္တံ၊ လက္ခဏာတော် ကြီးငယ်ဖြင့် ဆန်းကြယ်ထသော။ အနုဗျဉ္ဇနသမုဇ္ဇလံ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် ထွန်းတောက်ပခြင်း ရှိယသော။ ဗျာမပ္ပဘာယ၊ တလံမျှလောက်သော ရောင်ခြည်တော်အပန်းဖြင့်။ ပရိက္ခိတ္တံ၊ ခြံရံအပ်ထသော။ သတ္ထု၊ ဘုရားသခင်၏။ သရီရံ၊ ကိုယ်တော်ကို။ ဒိသွာ၊ မြင်၍။ ပုဏ္ဏစန္ဒသဿိရိကံ၊ လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်း ရှိသော။ မုခံ၊ မျက်နှာတော်ကို။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ သမီပေ၊ အနီး၌။ ဌိတံ၊ တည်သော။ ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ အဒ္ဒသ၊ မြင်၏။ သာ၊ ထို ရူပနန္ဒာသည်။ တံ၊ ထိုမိန်းမရုပ်ကို။ ဩလောကေတွာ၊ ကြည့်၍။ အတ္တဘာဝံ၊ မိမိကိုယ်ကို။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ သုဝဏ္ဏဟံသသန္တိကေ၊ ရွှေဟင်္သာမင်းမ၏။ ပုရတော၊ ရှေ့၌။ ကာကီသဒိသံ၊ ကျီးမနှင့်တူသော။ အတ္တာနံ၊ ကိုယ်ကို။ အဝမညိ၊ အောက်မေ့၏။ ဟိ၊ ထိုစကားသင့်စွ။ ဣဒ္ဓိမယာရူပံ၊ တန်းခိုးဖြင့်ပြီးသော အဆင်းကို။ ဒိဋ္ဌကာလတော၊ မြင်သည်မှ၊ ပဋ္ဌာယဝ၊ စ၍လျှင်။ တဿာ၊ ထိုရူပနန္ဒာ၏။ အက္ခီနိ၊ မျက်စိတို့သည်။ ဘမိံသု၊ လည်ကုန်၏။ သာ၊ ထိုရူပနန္ဒာသည်။ ဣမိဿာ၊ ဤမိန်းမ၏။ ကေသာ သောဘာ၊ ဆံ၏ တင့်တယ်ခြင်းသည်။ အဟော၊ အံ့ဘွယ်ရှိပေစွ။ နလာဋံ သောဘာ၊ နဖူး၏ တင့်တယ်ခြင်းသည်။ အဟော၊ အံ့ဘွယ်ရှိပေစွ။ ဣတိ၊ ဤသို့။ သဗ္ဗေသံ သရီရပ္ပဒေသာနံ၊ အလုံးစုံ ကိုယ်အစိတ်တို့၏။ ရူပသိရိယာ၊ အဆင်း၏ တင့်တယ်ခြင်းဖြင့်။ သမာကဍ္ဎိတစိတ္တာ၊ ကောင်းစွာ အာရုံဖြင့် ဆွဲငင်အပ်သော စိတ်ရှိသည်ဖြစ်၍။ တသ္မိံ ရူပေ၊ ထိုအဆင်း၌။ ဗလဝသိနေဟာ၊ အားကြီးစွာ ချစ်မြတ်နိုးခြင်းသည်။ အဟောသိ၊ ဖြစ်သည်။

သတ္ထာ၊ ဘုရားသခင်သည်။ တဿာ၊ ထိုရူပနန္ဒာ၏။ တတ္ထ၊ ထိုအဆင်း၌။ အဘိရတိံ၊ အလွန်မွေ့လျော်ခြင်းကို။ ဉတွာ၊ သိ၍၊ ဓမ္မံ ဟရားကို။ ဒေသေန္တော၀၊ ဟောတော်မူ၍သာလျှင်။ တံရူပံ၊ ထိုအဆင်းကို။ သောဠသဝဿုဒ္ဒေသိကဘာဝံ၊ တဆယ့်ခြောက်နှစ်ရွယ်ရှိသော အဖြစ်ကို။ အတိက္ကမိတွာ၊ လွန်စေ၍။ ဝီသတိဝဿုဒ္ဒေသိကံ၊ အသက်နှစ်ဆယ်အရွယ် ရှိသည်ကို။ ကတွာ၊ ပြု၍။ ဒဿေသိ၊ ပြ၏။ ရူပနန္ဒာ၊ ရူပနန္ဒာသည်။ ဩလောကေတွာ၊ ကြည့်၍။ ဣဒံ ရူပံ၊ ဤအဆင်းသည်။ ပုရိမသဒိသံ၊ ရှေးနှင့်တူသည်။ နေဝဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့

ထောကာံ၊ အတန်ငယ်။ ဝိရတ္တစိတ္တာ၊ တပ်ခြင်းကင်းသော စိတ်ရှိသည်၊ အဟောသိ၊ ဖြစ်၏။ သတ္ထာ၊ ဘုရားသခင်သည်။ အနုက္ကမေနေဝ၊ အစဉ်အားဖြင့် သာလျှင်၊ တဿာ ဣတ္ထိယာ၊ ထိုမိန်းမ၏။ သကိံ ဝိဇာတဝဏ္ဏံ၊ တကြိမ် သားဖွားသောမိန်းမ အသွင်ကိုရင်း၊ မဇ္ဈိမိတ္ထိဝဏ္ဏံ၊ မိန်းမလတ် အသွင်ကိုရင်း။ ဇရာဇိဏ္ဏမဟလ္လကိတ္ထိဝဏ္ဏံ၊ ရင့်ရော်အိုမင်းသော မိန်းမကြီး အဆင်းကိုရင်း။ ဣတိ အာဒိံ၊ ဤသို့ အစ ရှိသော မိန်းမအဆင်းကို။ ဒဿေသိ၊ ပြ၏။ သာပိ၊ ထိုရူပနန္ဒာသည်လည်း။ အနုပုဗ္ဗေနေဝ၊ အစဉ်အားဖြင့်သာလျှင်။ ဣဒံပိ၊ ဤသို့ သဘောရှိသော မိန်းမသည် လည်း။ အန္တရဟိတံ၊ ကွယ်၏။ ဣတိ၊ ဤသို့။ ဇရာဇိဏ္ဏကာလေ၊ အိုခြင်း ဆွေးမြေ့ ခြင်းသို့ ရောက်သော ကာလ၌၊ ဝိရဇ္ဇမာနာ၊ တပ်ခြင်း ကင်းသည်ရှိသော်။ ခဏ္ဍဒန္တံ၊ သွားကျိုးမကို။ ပလိတသိရံ၊ ခေါင်းဖြူသော မိန်းမကို။ ဩဘဂ္ဂံဂေါပါနသိဝင်္ကံ၊ ပျက်စီးခြင်းသို့ရောက်၍ ကိုင်းသော နံရိုးရှိသဖြင့် ကုန်းသော မိန်းမကို။ ပဝေဓမာနံ၊ တုန်တုန်ခိုက်ခိုက်။ ဒဏ္ဍပရာယနံ၊ တောင်ဝှေး လက်စွဲလျက် သွားသော မိန်းမကို။ ဒိသွာ၊ မြင်၍။ အတိဝိယ၊ အလွန်လျှင်။ ဝိရဇ္ဇိ၊ တပ်ခြင်းကင်း၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုရူပနန္ဒာအား။ သတ္ထာ၊ ဘုရား သခင်သည်၊ တံ၊ ထိုတန်ခိုးဖြင့် ဖန်ဆင်းသော မိန်းမကို။ ဗျာဓိနာ၊ အနာဖြင့်။ အဘိဘူတံ၊ အလွန်နှိပ်စက်ဟန်။ ကတွာ၊ ပြု၍။ ဒဿေသိ၊ ပြ၏။ သာ၊ ထိုဖန်ဆင်းသော မိန်းမသည်၊ တံ ခဏညေဝ၊ ထိုခဏ၌လျှင်၊ ဒဏ္ဍံ၊ တောင်ဝှေးကိုရင်း။ တာလဝဏ္ဋဉ္စ၊ ထန်းရွက်ယပ်ဝန်းကိုရင်း။ ဆဍ္ဍေတွာ၊ စွန့်၍၊ မဟာဝိရဝံ၊ သည်းစွာသော ငိုကြွေးခြင်းကို၊ ဝိရဝမာနာ၊ ငိုကြွေးမြည်တမ်းလျက်။ ဘူမိယံ၊ မြေ၌၊ ပတိတွာ၊ လည်းစေ၍။ သကေမုတ္တကရိသေ၊ မိမိ ကျင်ကြီး ကျင်ငယ်၌၊ နိမုဂ္ဂါ၊ နစ် လျက်၊ အာရောပရံ၊ ထိုမှ ဤမှ၊ ပရိဝတ္တိ၊ လူးလည်း၏။

ရူပနန္ဒာ၊ ရူပနန္ဒာသည်။ တံပိ၊ ထိုအနာနှိပ်စက်သော မိန်းမကိုလည်း။ ဒိသွာ၊ မြင်၍။ အတိဝိယ၊ အလွန်လျှင်။ ဝိရဇ္ဇိ၊ တပ်ခြင်းကင်း၏။ တဿာ၊ ထိုရူပနန္ဒာ အား။ သတ္ထာ၊ ဘုရားသခင်သည်။ တဿာ ဣတ္ထိယာ၊ ထိုတန်းခိုးဖြင့် ပြီးသော မိန်းမ၏။ မရဏံ၊ သေသော အခြင်းအရာကို။ ဒဿေသိ၊ ၏။ သာ၊ ထိုမိန်းမ သည်။ တံ ခဏညေဝ၊ ထိုခဏ၌ပင်လျှင်။ ဥဒ္ဓုမာတကဘာဝံ၊ ဖူးဖူးယောင် သည်၏ အဖြစ်သို့။ အာပဇ္ဇိ၊ ရောက်၏။ နဝဟိ ဝဏမုခေဟိ၊ ကိုးပါးသော အမာ ဝတို့မှ။ ပုဗ္ဗဝဋ္ဋိယောစေဝ၊ ပြည်အိမ်တို့သည်ရင်း။ ပုဠဝါ စ၊ ပိုးလောက် တို့သည် ရင်း။ ပဂ္ဃရိံသု၊ ယိုစီးကုန်၏။ ကာကာဒယော၊ ကျီးအစရှိသည်တို့သည်။ သန္နိ ပတိတွာ၊ စည်းဝေး၍။ ဝိလုမ္ပိံသု၊ လုယက်ကုန်၏။ ရူပနန္ဒာပိ၊ ရူပနန္ဒာသည်လည်း။ တံ၊ ထိုမိန်းမကို။ ဩလောကေတွာ၊ ကြည့်၍၊ အယံ ဣတ္ထီ၊ ဤမိန်းမသည်။

ဣမသ္မိံ ယေဝ ဌာနေ၊ ဤအရပ်၌သာလျှင်။ ဇရံ၊ အိုခြင်းသို့။ ပတ္တာ၊ ရောက်၏။
ဗျာဓိံ၊ နာခြင်းသို့။ ပတ္တာ၊ ရောက်၏။ မရဏံ၊ သေခြင်းသို့။ ပတ္တာ၊ ရောက်၏။
ဣမဿာ မေ အတ္တဘာဝဿာပိ၊ ဤငါ၏ အတ္တဘောသည်လည်း၊ ဝေမေဝ၊
ဤအတူသာလျှင်။ ဇရာ ဗျာဓိ မရဏာနိ၊ အိုခြင်း နာခြင်း သေခြင်းတို့သို့။ အာ
ဂမိဿန္တိ၊ ရောက်လတ္တံ့။ ဣတိ၊ ဤသို့။ အတ္တဘာဝံ၊ မိမိခန္ဓာကိုယ်ကို။ အနိစ္စတော၊
မမြဲသောအားဖြင့်။ ပဿိ၊ ရှု၏။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒိဋ္ဌတ္တာဝေ၊
မြင်သောကြောင့် သာလျှင်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊
အနှစ်မရှိသော အားဖြင့်။ ဒိဋ္ဌာယေဝ၊ မြင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။
အထ၊ ထိုအခါ၌။ အဿာ၊ ထိုရူပနန္ဒာအား။ တယော ဘဝါ၊ သုံးပါးသော ဘဝ
တို့သည်။ အာဒိတ္တာ ဝိယ၊ ထိန်ထိန်လောင်သကဲ့သို့။ ဂီဝါယ၊ လည်၌။ ဗန္ဓကုဏပံ
ဝိယ၊ ဖွဲ့အပ် ဆွဲအပ်သောအကောင်ပုပ်ကဲ့သို့။ ဥပဋ္ဌဟိံသု၊ ထင်ကုန်၏။ ကမ္မဋ္ဌာ
နာဘိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒိ၊ ပြေးဝင်၏။

သတ္ထာ၊ ဘုရားသခင်သည်။ တာယ၊ ထိုရူပနန္ဒာ၏လည်း။ အနိစ္စတော၊
မမြဲသောအားဖြင့်။ ဒိဋ္ဌဘာဝံ၊ မြင်သည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ သာယ
မေဝ၊ ကိုယ်တိုင်သာလျှင်။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌံ၊ ကိုးကွယ်ရာကို။ ကာတုံ၊
ပြုခြင်းငှါ။ သက္ခိဿတိနုခေါ၊ တတ်နိုင်အံ့လော။ ဣတိ၊ ဤသို့။ ဩလော
ကေန္တော၊ ကြည့်ဘည်ရှိသော်။ နာသက္ခိဿတိ၊ မတတ်နိုင်လတ္တံ့။ ဗဟိဒ္ဓါ၊အပ၌။
ပစ္စယံ၊ အကြောင်းကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိစိန္တေတွာ၊ဤသို့
ကြံတော်မူ၍။ တဿာ၊ ထိုရူပနန္ဒာအား။ သပ္ပါယဝသေန၊ လျောက်ပတ်သည်၏
အစွမ်းဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလို၍။ အာဟ၊ ဟော
တော်မူ၏။

နန္ဒေ၊ ရူပနန္ဒာ။ အာတုရံ၊ နာကျင်စွာထသော။ အသုစိံ၊ ဇင်ကြြင်ထသော။
ပူတိံ၊ ပုပ်ခြင်းရှိထသော။ ဥဂ္ဃရန္တံ၊ ခံတွင်း နား မျက်စိ နှာခေါင်းဟူသော အထက်
မှလည်း ယိုထသော။ ပဂ္ဃရန္တံ၊ ဝဋ္ဋမဂ် ပဿာဝမဂ် ဟူသော အောက်မှလည်း
ယိုထသော။ ဗာလာနံ၊ လူမိုက်တို့သည်။ အဘိပတ္ထိတံ၊ အလွန် တောင့်တအပ်
ထသော။ သမုဿယံ၊ ခန္ဓာတို့၏အစုကို။ ပဿ၊ ရှုလော့။

ဣဒ်ယထာ၊ ဤမိန်းမ အကောင်ကဲ့သို့။ ဇတံ၊ထိုသင်၏ကိုယ်သည်။ ဘဝိဿတိ၊
လတ္တံ့။ တေံယထာ၊ ထိုသင်၏ကိုယ်ကဲ့တို့။ တထာ၊တူ။ ဣဒံ၊ဤမိန်းမအကောင်
သည်။ ဟောတိ၊ဖြစ်၏။ ဣဒံ၊ ဤကိုယ်ကို။ ဓာတုသော၊ ဓာတ်အားဖြင့်ရှင်း။
သုညတော၊ အချည်းနှီးအားဖြင့်ရှင်း။ပဿ ရှုလော့။ လောကံ၊သတ္တလောကကို။
ပုန၊ တဘန်။ မာအာဂမိ၊ ပလာလင့်။ ။(ရကားအာကုံ)။ ။ဘဝေဆံသာရာ

ဘဝ၌။ ဆန္ဒံ၊ တပ်ခြင်းကို။ ဝိရာဇေတွာ၊ ခွါ၍။ ဥပသန္တော၊ ကိလေသာ ငြိမ်းသည်ဖြစ်၍။ စရိဿတိ၊ သွားလတ္တံ့သတည်း။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

ဣဒံသုတ္တံ၊ ဤသုတ္တန်ကို။ ဘဂဝါ၊ ဘုရားရှင်သည်။ နန္ဒိဘိက္ခုနိံ၊ နန္ဒာမည်သော ရဟန်းမိန်းမကို။ အာရဗ္ဘ၊အကြောင်းပြု၍၊ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိတ္ထ၊ ဟောတော်မူပြီ။ ဣတိ၊ ဤသို့။ နန္ဒာ၊နန္ဒာသည်။ဒေသနာနုသာရေန၊ ဒေသနာကို အစဉ်လျှောက်သဖြင့်။ဉာဏံ၊ဉာဏ်ကို။ ပေသေတွာ၊စေ၍။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ပါပုဏိ၊ ရောက်၏။ အထ၊ ထိုနောင်မှ။ အဿာ၊ ထိုရူပနန္ဒာအား။ ဥပရိ၊ အထက်၌။ တိဏ္ဏံမဂ္ဂဖလာနံ၊ သုံးပါးသော မဂ်ဖိုလ်တို့၏။ ဝိပဿနာပရိဝါသတ္ထာယ၊ ဝိပဿနာကို ပွားစိမ့်သောငှါ။ သုညတကမ္မဋ္ဌာနံ၊ သုညတကမ္မဋ္ဌာန်းကို။ ကထေတုံ၊ဟောခြင်းငှါ။ နန္ဒေ၊ နန္ဒာ။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ သာရော၊ အနှစ်သည်။ မာအတ္ထီတိ၊ မရှိဟူ၍။ သညံကရိ၊ အမှတ်ကို ပြုလေ့။ ဟိ၊ ထိုစကားသင့်စွ။ ဧတ္ထ၊ဤအတ္တဘော၌။ အပ္ပမတ္တကောပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ သာရော၊ အနှစ်သည်။ နတ္ထိ၊ မရှိ။ ဟီဏိအဋ္ဌိသတာနိ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ ထောင်၍။ ဝေါံအဋ္ဌိနဂရံ၊ ဤအရိုးတည်းဟူသောမြို့ကို။ ကတန္တိ၊ ပြု၏ဟု။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်၏။

၁၅၀။ ။နဂရံ၊ ရူပနန္ဒာ၊ ယတ္ထ၊ အကြင်အတ္တဘော၌။ ဇရာစ၊ အိုခြင်းသည်၎င်း။ မစ္စုစ၊ သေခြင်းသည်၎င်း။ မာနောစ၊ မာန်မူခြင်းသည်၎င်း။ မက္ခောစ၊ ကျေးဇူးချေခြင်းသည်၎င်း။ သြဟိတော၊ တည်၏။ သောအတ္တဘာဝေါ၊ သည်။ အဋ္ဌီနံ၊ အရိုးတို့၏။ နဂရံ၊ မြို့သည်။ ဂတံ၊ဖြစ်၏။မံသလောဟိတ လေပနံ၊အသားအသွေးတို့ဖြင့် လိမ်းကျံခြင်းရှိ၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ဟိ၊ ထိုစကားသင့်စွ။ ပုဗ္ဗဏ္ဏာပရဏ္ဏာဒီနံ၊ ကောက်ပဲစသည်တို့ကို။ သြဒဟနတ္ထာယ၊ ထားခြင်းငှါ။ ကဋ္ဌာနိ၊ သစ်တို့ကို။ ဥဿာပေတွာ၊ စိုက်၍။ ဝလ္လီဟိ၊ ကြိမ်နွယ်တို့ဖြင့်။ ဗန္ဓိတွာ၊ ချည်၍။ မတ္တိကာယ၊ မြေညက်ဖြင့်။ ဝိလိမ္ပေတွာ၊ လိမ်းကျံစေ၍။ နဂရသင်္ခါတံ၊ မြို့ဟုဆိုအပ်သော။ ဗဟိဒ္ဓါဂေဟံ၊ အပအိမ်ကို။ ကရောန္တိယထေဝ၊ ပြုကုန်သကဲ့သို့။ ဧဝံ ဝါထာ၊ ထိုအတူ။ တိဏိ အဋ္ဌိသတာနိ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်၍။ နှာရုဝိနဒ္ဓံ၊ အကြောဖြင့် ဖွဲ့ချက်အပ်သော။ မံသလောဟိတလေပနံ၊ အသားအသွေးဖြင့် လိမ်းကျံအပ်သော။ တစပဋိစ္ဆန္နံ၊အရေဖြင့်ဖုံးလွှမ်းခြင်းရှိသော။ ဣဒံအဇ္ဈတ္တိကမ္ပိ၊ ဤအဇ္ဈတ္တိကဖြစ်သည်လည်း။ဇီရဏလက္ခဏာယ၊ဆွေးမြေ့ခြင်းလက္ခ

ဏာရှိသော။ဇရာယာစ၊ ဇရာ၏ရင်း။မရဏလက္ခဏဿ၊ သေခြင်းလက္ခဏာရှိသော။ မစ္စုနောစ၊ စုတေခြင်း၏ရင်း။ အာရောဟပရိဏာဟဒီဃမာနာနံ၊ အလုံးအရပ် ကိုယ်၏ ပြည့်စုံခြင်းစသည်၌ ဖြစ်ကုန်သော မာန်ထောင်လွှားခြင်း စသည်တို့ကို။ ပဋိစ္စ၊ စွဲ၍။ မဇ္ဇနလက္ခဏဿ၊ ယစ်ခြင်းလက္ခဏာရှိသော။ မာနဿစ၊ မာန်၏ရင်း။ သုကတ ကာရဏဝိနာသန လက္ခဏဿစ၊ ကောင်းစွာပြုအပ်သောသူ၏ ကျေးဇူးကို ဖျက်ဆီးခြင်း လက္ခဏာရှိသော။ မက္ခဿ၊ သူ့ကျေးဇူးကို ချေခြင်း၏ရင်း။ သြဒဟနတ္ထာယ၊ တည်ရာဖြစ်စေခြင်းငှာ။ နဂရံ ကတံ၊ မြို့ကဲ့သို့ ပြုအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧဝရူပေ ဧဝ၊ ဤသို့ သဘောရှိသည်သာလျှင် ဖြစ်သော။ ကာယိကစေတသိကော၊ ကိုယ်စိတ်ကိုမှီ၍ဖြစ်သော။ အာဗာဓော၊ အနာသည်။ ဧတ္ထ၊ ဤအတ္တဘော၌။ သြဟိတော၊ တည်၏။ ဂဟိတော၊ ဤမှ။ ဥဒ္ဓံ၊ အထက်၌။ ကိဉ္စိဂယှုပဂံ၊ တစုံတခုယူခြင်းငှာ လောက်သော အနက်သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ထေရီ၊ ရူပနန္ဒာ ထေရီသည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ မဟာဇနဿပိ၊ လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော ဓမ္မ ဒေသနာ၊ သည်၊ အဟောသိ၊ ဖြစ်၏။

ပဉ္စမံ၊ သော။ ဇနပဒကလျာဏီရူပနန္ဒတ္ထေရိယာဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၁- ဇရာဂ္ဂ။ ၆- မလ္လိကာဒေဝိယာဝတ္ထု။

(ရူပနန္ဒာထေရီဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထာဓိပ္ပာယ်ကိုပြပြီး၍ ယခု အခါ မလ္လိကာမိဘုရားဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အဓိပ္ပါယ်အနက်ကို ပြလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် “ဇီရန္တိဝေ”တိ စသော ပါဌ်ကို မိန့်သတည်း)။

“ဇီရန္တိဝေ”တိ ဣမံ ဓမ္မဒေသနံ၊ ဇီရန္တိဝေ- အစရှိသော ဤဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူသျှင်။ မလ္လိကံဒေဝိံ၊ မလ္လိကာ မိဘုရားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာ၊ ထိုမလ္လိကာမိဘုရားသည်။ ဧကဒိဝသံ၊ တနေ့သည်၌။ နှာနကောဋ္ဌကံ၊ ရေချိုးအိမ်သို့။ ပဝိသိတွာ၊ ဝင်၍။ မုခံ၊ မျက်နှာကို။ ဓောဝိတွာ၊ သစ်၍။ ဩနတသရီရာ၊ ကိုင်းညွတ်သော ကိုယ်ရှိသည်ဖြစ်၍။ ဇင်္ဃံ၊ သလုံး ပြင်ခေါင်းကို။ ဓောဝိတုံ၊ ဆေးခြင်းငှာ။ အာရဘိ၊ အားထုတ်၏။

တာယစပန၊ ထိုမလ္လိကာ မိဘုရားနှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ပဝိဋ္ဌော၊
ဝင်ပါသော။ ကောသလ္လဘသုနခေါ၊ အကျွမ်းဝင်သော ခွေးတကောင်သည်။
အတ္ထိ၊ ရှိ၏။ သော၊ ထိုခွေးသည်။ တံ၊ ထိုမိဘုရားကို။ တထာ၊ ထိုအခြင်းအရာ
ဖြင့်။ ဩနတံ၊ ကိုင်း၍ညွတ်သည်ကို၊ ဒိသွာ၊ မြင်၍၊ အသဒ္ဓမ္မသန္ထဝံ၊ သူတော်
မဟုတ် သူယုတ်တို့၏ ပေါင်းဘော်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ အာရဘိ၊
အားထုတ်၏။ သာ၊ ထိုမလ္လိကာမိဘုရားသည်။ ဖဿံ၊ အတွေ့ကို။ သာဒိယန္တီ၊
သာယာလျက်၊ အဋ္ဌာသိ၊ တည်၏။ ရာဇာပိ၊ ကောသလမင်းကြီးသည်လည်း။
ဥပရိပါသာဒေ၊ အထက်ပြာသာဒ်၌။ ဝါတပါနေန၊ လေသာနန်း ပြူတင်းဖြင့်။
ဩလောကေန္တော၊ ကြည့်လတ်သော်။ တံ၊ ထိုအမူအရာကို။ဒိသွာ၊ မြင်၍။ တတော၊
ထိုရေချိုးအိမ်မှ။ အာဂတကာလေ၊လာသောအခါ၌။ ဝသလိ၊ သူယုတ်မ။ နဿ၊
ပျက်၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဧဝရူပံ၊ ဤသို့ ခွေးနှင့် ယှဉ်ပါးခြင်းသဘော
ကို။ အကာသိ၊ ပြုဘိသနည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ ဒေဝ၊ အရှင်မင်းကြီး၊
မယာ၊ ငါသည်။ ကိံ၊ အဘယ်ကို။ ကတံ၊ ပြုသနည်း။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်
ရှိသော်။ သုနခေန၊ ခွေးနှင့်။ သဒ္ဓိံ၊ တကွ။ ဝေါ၊ သင်မိဘုရားတို့သည်။ သံသဂ္ဂော၊
ပေါင်းဘော်ခြင်းရှိကုန်၏။ ဣတိ၊ ဤသို့၊ အာဟ၊ ဆို၏။ ဒေဝ၊ အရှင်မင်းကြီး။
ဧတံ၊ ဤအမှုသည်။နတ္ထိ၊ မရှိ။ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။မယာ၊ငါသည်။
သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌံ၊ မြင်အပ်၏၊ အဟံ၊ ငါသည်။ တဝ၊ သင်အား။ နသဒ္ဒ-
ဟိဿာမိ၊ မယုံနိုင်။ ဝသလိ၊ သူယုတ်မ။ နဿ၊ ပျက်၏။ ဣတိအာဟ၊ ဤသို့ဆို၏။
မဟာရာဇ၊ မြတ်သောမင်းကြီး။ ယောကောစိ၊ အမှတ်မရှိသောသူသည်။ ဣမံ
ကောဋ္ဌကံ၊ ဤရေချိုးအိမ်သို့။ ပဝိဋ္ဌော၊ ဝင်သည်ရှိသော်။ ဣမိနာ ဝါတပါနေန၊
ဤလေသာ ပြူတင်းပေါက်ဖြင့်။ ဩလောကေန္တဿ၊ ကြည့်သောသူအား။ ဧကော၊
တယောက်ကို။ ဒွိဓာဝ၊ နှစ်ယောက်ကဲ့သို့။ ပညာယတိတိ၊ ထင်၏ဟု။ အဘူတံ၊
မဟုတ်မမှန်သည်ကို၊ ကထေသိ၊ လှည့်စားသောအားဖြင့်ဆို၏။ ဒေဝ၊ အရှင်
မင်းကြီး။ မေ၊ ကျွန်မအား။ သစေနသဒ္ဒဟာသိ၊ အကယ်၍ မယုံသည်ဖြစ်အံ့။
တေ ကောဋ္ဌကံ၊ ဤရေချိုး အိမ်သို့။ ပဝိသ၊ ဝင်တော်မူလော့။ အဟံ၊
အကျွန်ုပ်သည်။ တံ၊ အရှင်မင်းကြီးကို။ ဣမိနာ ဝါတပါနေန၊ ဤလေသာ
ပြူတင်းဖြင့်။ ဩလောကေဿာမိ၊ကြည့်ပါအံ့။ ဣတိဝုတ္တေ၊ဤသို့ဆိုသည်ရှိသော်။
ရာဇာ၊ မင်းသည်။ မုဠှဓာတုကော၊ ပညာနည်းသော သဘောရှိသည် ဖြစ်၍။
“မိုက်သောသဘော ရှိသည်ဖြစ်၍လည်းဟူ”။ တဿာ၊ ထိုမလ္လိကာမိဘုရား၏။ဝစနံ၊
စကားကို။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ကောဋ္ဌကံ၊ရေချိုးအိမ်သို့။ ပါဝိသိ၊ ၏။
သာပိခေါ ဒေဝီ၊ ထိုမလ္လိကာ မိဘုရားသည်လည်း၊ ဝါတပါနေ၊ လေသာ

ပြုတင်း၌။ ဌတွာ၊ ရပ်၍။ ဩလောကေန္တိ၊ ကြည့်သည်ရှိသော်။ အန္တဗာလမဟာ ရာဇ၊ လွန်စွာမိုက်လှသောမင်းကြီး။ တေ၊ ဤအမှုသည်။ ကိံ နာမ၊ အဘယ်နည်း။ အဇိကာယ၊ ဆိတ်မနှင့်။ သဒ္ဓိံ၊ တကွ။ သန္ထဝံ၊ ပေါင်းဘော် ယှဉ်ပါးခြင်းကို။ ကရောသိ၊ ပြုဘိ၏။ ဣတိ အာဟ၊ ဤသို့ဆို၏။ ရာဇာပိ၊ မင်းကြီး သည်လည်း။ ဘဒ္ဒေ၊ မလ္လိကာ မိဘုရား။ အဟံ၊ ငါသည်။ ဝေရူပံ၊ ဤသို့ ဆိတ်မနှင့်ယှဉ်ပါးခြင်း သဘောကို။ န ကရောမိ၊ မပြု။ ဣတိစ၊ ဤသို့လည်း။ ဂုတ္တောပိ၊ဆိုသော်လည်း။ မယာ၊ ငါသည်။ သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌော၊ မြင်သည်။ အသိ၊ ဖြစ်၏။ တဝ၊ သင်အား။ အဟံ၊ ငါသည်။ န သဒ္ဒဟိဿာမိ၊ မယုံနိုင်။ ဣတိ အာဟ၊ ဤသို့ ဆို၏။ ဟံ၊ ဟိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ မင်းသည်။ အဒ္ဓါ၊ ပဧ္စျတ်။ ဣမံ ကောဋ္ဌကံ၊ ဤရေချိုးအိမ်သို့။ ပဝိဋ္ဌော၊ဝင်သည်ရှိသော်။ ဧကော၊ တယောက် ကို။ ဒွိမာဝ၊ နှစ်ယောက်ကဲ့သို့။ ပညာယတီတိ၊ ထင်မြင်ရသည် ဟူ၍။ သဒ္ဒဟိ၊ ယုံကြည်၏။

မလ္လိကာ၊ မလ္လိကာ မိဘုရားသည်။ စိန္တေသိ၊ကြံ၏။ အယံရာဇာ၊ဤမင်းသည်။ အန္ဓဗာလတာယ၊ အလွန်မိုက်လှသည်၏အဖြစ်ကြောင့်။ မယာ၊ငါသည်။ ဝဉ္စိတော၊ လှည့်စားအပ်၏။ ပါပံ၊ မကောင်းမှုကို။ မေ၊ ငါသည်။ ကတံ၊ ပြုမိ၏။ အယဉ္စ၊ ဤမင်းကြီးကိုလည်း။ အဘူတေန၊ မဟုတ်မမှန်သဖြင့်။ အဗ္ဘာစိက္ခိတော၊ စွပ်စွဲ အပ်၏။ မေ၊ ငါ၏။ ဣဒံ ကမ္မံ၊ ဤအမှုကို။ သတ္ထာပိ၊မြတ်စွာဘုရားသည်လည်း၊ ဇာနိဿတိ၊ သိလတ္တံ့။ ဒွေ အဂ္ဂသာဝကာပိ၊ နှစ်ပါးသော အဂ္ဂသာဝကတို့သည် ၎င်း။ အသီတိ မဟာသာဝကာပိ၊ ရှစ်ကျိပ်သော မဟာသာဝက တို့သည် ၎င်း။ ဇာနိဿန္တိ၊ သိကုန်လတ္တံ့။ အဟော ဝတ၊ အံ့ဘွယ်ရှိစွ။ မေ၊ ငါသည်။ ကဟံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုသည်။ ဘာရိယံ၊ ဝန်လေး၏။ ဣတိ၊ ဤသို့ကြံ၏။ အယံ၊ ဤမလ္လိကာသည်။ ရညော၊ မင်း၏။ အသဒိသဒါနေ၊ အတုမရှိသောအလှူ ကြီးကို ပေးရာ၌။ သဟာယိကာ၊ အဆွေခင်ပွန်းမသည်။ အဟောသိ ကိရ၊ ဖြစ်သ တတ်။ ကတ္ထာစ၊ ထိုအသဒိသဒါန၌လည်း။ ကောဋိဓနံ၊ တနေ့သာ၌။ ကတဗရိ စာဂေ၊ ပြုအပ်သော စွန့်ကြဲခြင်းသည်။ နေသ၊ ငွေဖြစ်သောဥစ္စာ၏။ စုဒ္ဒသ ကောဋိ အဂ္ဃနကော၊ ဟဆယ့်လေးကုဋေ ထိုက်သည်။ အဟောသိ၊ ဖြစ်၏။ တထာ ဂတဿ၊ မြတ်စွာဘုရားအား။ ဒါနေ၊ ပေးလှူရာ၌။ သေတဆတ္တံ၊ ထီးဖြူ၎င်း။ နိသီဒနပလ္လင်္ကော၊ နေရာပလ္လင်၎င်း။ အာဓာရကော၊ လပိတ်ခြေ၎င်း။ ပါဒပီဌံ၊ ခြေ ဆေးအင်းပျဉ်၎င်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ ပန၊ ဤအလှူဝတ္ထုတို့သည်ကား၊ အနဂ္ဃာနေဝ၊ အဘိုးများစွာ ထိုက်ကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ သာ၊ ထိုမလ္လိကာ မိဘုရားသည်။ မရဏကာလေ၊ သေခါနီး

ကာလဲ၌။ ဝေရူပံ၊ ဤသို့သဘောရှိသော။ မဟာပရိစာဂံ၊ များစွာသော စွန့်ကြဲ
ခြင်းကို။ နာနုဿရိတွာ၊ မအောက်မေ့မူ၍။ ဟထေဝ ပါပကမ္မံ၊ ထိုမကောင်းမှု
ကံကိုသာလျှင်၊ အနုဿရန္တိ၊ အောက်မေ့လျက်။ ကာလင်္ကတွာ၊ သေခြင်းကိုပြု၍။
အဝီစိမှိ၊အဝီစိ၌။ နိဗ္ဗတ္တိ၊ဖြစ်၏။ ရညော ပန၊ မင်းသည်ကား။ အဿ၊ ထိုမလ္လိ
ကာကို။ အတိဝိယ၊ အလွန်လျှင်။ ပိယာ၊ ချစ်မြတ်နိုးသည်။ အဟောသိ၊ဖြစ်၏။

သော၊ ထိုကောသလ မင်းကြီးသည်။ ဗလဝသောကာဘိ ဘူတော၊ အားကြီး
စွာသော စိုးရိမ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍။ တဿာ၊ ထိုမလ္လိကာ၏။ သရီရကိစ္စံ၊
အကောင်ဖုတ်သောအမှုကို။ ကာရေတွာ၊ပြုစေ၍။ အဿာ၊ထိုမလ္လိကာမိဘုရား၏။
နိဗ္ဗတ္တဋ္ဌာနံ၊ ဖြစ်ရာအရပ်ကို။ ပုစ္ဆိဿာမိတိ၊ မေးအံ့ဟူ၍။ သတ္ထုသန္တိကံ၊ ဘုရား
သခင်အထံသို့။ အဂမာသိ၊ ရောက်လာ၏။ သတ္ထာ၊ ဘုရားသခင်သည်။ သော၊ ထို
ကောသလမင်းကြီးသည်။ အာဂတ ကာရဏံ၊ လာခြင်း၏အကြောင်းကို။ ယထာ၊
အကြင်အခြင်းဖြင့်။ နသရတိ၊ မအောက်မေ့နိုင်။ တထာ၊ ထိုအခြင်းဖြင့်။အကာသိ၊
ပြုတော်မူ၏။ သော၊ ထိုကောသလမင်းကြီးသည်။ သတ္ထုသန္တိကေ၊ဘုရားအထံ၌။
သာရဏီယ ဓမ္မကထံ၊ အသက်ထက်ဆုံး အောက်မေ့အပ်သော မင်္ဂလိဖိုလ်နိဗ္ဗာန်နှင့်
စပ်သော စကားကို။ သုတွာ၊ ကြား၍။ ဂေဟံ၊အိမ်သို့။ ပဝိဋ္ဌကာလေ၊ ဝင်သော
ကာလ၌။ သရိတွာ၊ အောက်မေ့၍။ ဘဏေ၊ အချင်းလုလင်တို့။ အဟံ၊ ငါသည်။
မလ္လိကာယ၊ မလ္လိကာမိဘုရား၏။ နိဗ္ဗတ္တဋ္ဌာနံ၊ ဖြစ်ရာအရပ်ကို။ ပုစ္ဆိဿာမိတိ၊
မေးအံ့ဟူ၍။ သတ္ထုသန္တိကံ၊ ဘုရားသခင်အထံသို့။ ဂန္တွာ၊ သွား၍။ ပမုဋ္ဌော၊
မေ့လျော့၏။ သွေ၊ နက်ဖြန်။ ပုန၊ တဖန်။ ပုစ္ဆိဿာမိတိ၊ မေးအံ့ဟူ၍။
ပုနဒိဝသေပိ၊ မိုးသောက်သော နေ့၌လည်း။ အဂမာသိ၊ သွားလေ၏။
သတ္ထာပိ၊ ဘုရားသခင်သည်လည်း။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ သတ္တဒိဝသာနိ၊
ခုနစ်ရက်ပတ်လုံး။ သော၊ ထိုကောသလ မင်းကြီးသည်။ ယထာ၊ အကြင်
အခြင်းအရာဖြင့်၊ နသရတိ၊ မအောက်မေ့နိုင်။ တထာ၊ ထိုအခြင်းဖြင့်။ အကာသိ၊
ပြု၏။ သာပိ၊ ထိုမလ္လိကာမိဘုရားသည်လည်း။ သတ္တာဟမေဝ၊ ခုနစ်ရက်သာလျှင်။
နိရယေ၊ အဝီစိ ငရဲ၌။ ပစိတွာ၊ ကျက်ပြီး၍။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်
သောနေ့၌။ တတော၊ ထိုအဝီစိမှ။ စုတာ၊ စုတေသည် ရှိသော်။ တုသိတာ-
ဘဝနေ၊ တုသိတာနတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ကသ္မာ ပန၊ အဘယ်ကြောင့်
နည်းဟူမူကား။ အဿ၊ ထိုကောသလမင်းအား။ သတ္ထာ၊ ဘုရားသခင်သည်။
အသရဏဘာဝံ၊ မအောက်မေ့နိုင်သည်၏အဖြစ်ကို။ အကာသိ၊ ပြုသနည်း။ ဣတိ၊
ဤသို့ဆိုငြားအံ့။ သော၊ ထိုကောသလမင်းသည်။ တဿာ၊ ထိုမလ္လိကာအား။
အတိဝိယ၊ အလွန်လျှင်။ ပိယာ၊ ချစ်မြတ်နိုးသည်။ အဟောသိ၊ ဖြစ်၏။ မနာပါ၊

နှလုံးကို ပွားစေခြင်းရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဟဿာ၊ ထိုမလ္လိကာ၏။ နိရယေ၊ အစိစိ၌။ နိဗ္ဗတ္တဘာဝံ၊ ဖြစ်သည်၏၊ အဖြစ်ကို။ သုတွာ၊ ကြား၍။ ဝေရူပါ-သဒ္ဒါသမ္ပန္နာ၊ ဤသို့သဘောရှိသော ကြည်ညိုဖွယ်ရှင်းနှင့် ပြည့်စုံသောမလ္လိကာသည်။ နိရယေ၊ အဝီစိ၌။ သစေ နိဗ္ဗတ္တာ၊ အကယ်၍ ဖြစ်သည်မှန်အံ့။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ နကရိဿာမိတိ၊ မပြုအံ့ဟူ၍။ မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူကို။ ဂဟေတွာ၊ ယူ၍။ ပဉ္စန္နံ သိက္ခ၊ သတာနံ၊ ငါးရာသော ရဟန်းတို့အား။ ဂေဟေ၊ အိမ်၌။ ပဝတ္တံ၊ ဖြစ်သော။ နိစ္စဘတ္တံ၊ အမြဲဝတ်တည်သော ဆွမ်းကို။ ဟာပေတွာ၊ ယုတ်စေ၍။ နိရယေ၊ ငရဲ၌၊ နိဗ္ဗတ္တေယျ၊ ဖြစ်လေရာ၏။ တေန၊ ထိုကြောင့်။ အဿ၊ ထိုကောသလမင်းအား။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ အသရဏဘာဝံ၊ မအောက်မေ့နိုင်သည်၏ အဖြစ်ကို။ ကတွာ၊ ပြု၍။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်သော နေ့၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တော၊ သွားသည်ရှိသော်။ သယမေဝ၊ ကိုယ်တော်တိုင်သာလျှင်၊ ရာဇကုလ-ဒွါရံ၊ မင်းအိမ်တံခါးသို့။ အဂမာသိ၊ ကြွတော်မူ၏။

ရာဇာ၊ ကောသလမင်းသည်။ သတ္ထာ အာဂတောတိ၊ ဘုရားကြွလာ၏ဟု။ သုတွာ၊ ကြား၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ပါသာဒံ၊ ပြာသာဒ်သို့။ အဘိရူဟိတုံ၊ တက်ခြင်းငှာ။ အာရဘိ၊ အားထုတ်၏။ သတ္ထာ ပန၊ ဘုရားသခင်သည်ကား။ ရထသာလာယ၊ ရထားဘင်းကုပ်၌။ နိသီဒိတုံ၊ နေခြင်းငှာ၊ အာကာရံ၊ အခြင်းအရာကို။ ဒဿေသိ၊ ပြ၏။ ရာဇာ၊ ကောသလမင်းသည်။ သတ္ထာရံ၊ ဘုရားသခင်ကို။ တတ္ထေဝ၊ ထိုရထားဘင်းကုပ်၌သာလျှင်။ နိသီဒါပေတွာ၊ နေစေ၍။ ယာဂုခဇ္ဇကေန၊ ယာဂုခဲဖွယ်ဖြင့်။ ပဋိမာနေတွာ၊ မြတ်နိုးစေ၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသိန္နောဝ၊ နေလျက်လျှင်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ မလ္လိကာယ ဒေဝိယာ၊ မလ္လိကာ မိဘုရား၏။ နိဗ္ဗတ္တနဋ္ဌာနံ၊ ဖြစ်ရာ အရပ်ကို။ ပုစ္ဆိဿာမိတိ၊ မေးအံ့ဟူ၍။ အာဂန္တွာ၊ လာလျက်။ ပမုဋ္ဌော၊ မေ့လျော့ခဲ့၏။ ဘန္တေ၊ အရှင်ဘုရား။ သာ၊ ထိုမလ္လိကာသည်။ ကတ္ထနုခေါ၊ အဘယ်အရပ်၌။ နိဗ္ဗတ္တာ၊ ဖြစ်သနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုသိတဘဝနေ၊ တုသိတာ နတ်ပြည်၌ ဖြစ်၏။ ဣတိ အဝေါစ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ တာယ၊ ထိုမလ္လိကာသည်။ တုသိတဘဝနေ၊ တုသိတာ-နတ်ပြည်၌။ အနိဗ္ဗတ္တိယာ၊ မဖြစ်သည်ရှိသော်။ အညော၊ တပါးသော။ ကော၊ အဘယ်သူသည်။ နိဗ္ဗတ္တိဿတိ၊ ဖြစ်နိုင်လတ္တံ့နည်း။ ဘန္တေ၊ အရှင်ဘုရား။ တာယ၊ ထိုမလ္လိကာနှင့်။ သဒိသာ၊ တူသော။ ဣတ္ထီ၊ မိန်းမသည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကားသင့်စွ။ တဿာ၊ ထိုမလ္လိကာ၏။ နိသိန္နဋ္ဌာနာဒိသု၊ ထိုင်ခြင်း ရပ်ခြင်း

စသည်တို့တွင်။ သေဒွ၊ နက်ဖြန်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဣဒံ၊ ဤအလှူဝတ္ထုကို။ ဒဿာမိ၊ လှူအံ့။ ဣဒံ၊ ဤအလှူဝတ္ထုကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ ဣဒံ ဒါနသံဝိဓာနံ၊ ဤလှူရန်စီရင်၍နေခြင်းကို။ ထပေတွာ၊ ထား၍။ အညံ၊ တပါးသော၊ ကိစ္စံ၊ မသာ၊ ကိစ္စသည်ပင်လျှင်။ နတ္ထိ၊ မရှိ။ ဘန္တေ၊ အရှင်ဘုရား။ တဿ၊ ထိုမလ္လိကာ၏။ ပရလောကဂတကာလတော၊ တမလွန်ဘဝသို့ သွားလေသောအခါမှ။ ပဋ္ဌာယ၊ စ၍။ မေ၊ ငါ၏။ သရီရံ၊ ကိုယ့်ကိုယ်ကို။ နဝဟာတိ၊ မရွက်ဆောင်နိုင်။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုကောသလမင်းကို။ သတ္ထာ၊ ဘုရားသခင်သည်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မာစိန္တယိ၊ မကြံလင့်။ အယံ၊ ဤသေခြင်း သဘော သည်၊ သဗ္ဗေသံ၊ အလုံးစုံသောသတ္တဝါတို့၏။ ဓုဝဓမ္မော၊ မြဲသောသဘောတည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အယံရထော၊ ဤရထားသည်။ ကဿ၊ အဘယ် သူ၏ ရထားနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ ကောသလမင်းသည်။ သီသမ္ပိ၊ ဦးခေါင်း၌။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပတိဋ္ဌပေတွာ၊ မြှောက်တင်၍။ ဘန္တေ၊ အရှင်ဘုရား၊ မေ၊ အကျွန်ုပ်၏။ ပိတာမဟဿ၊ အဘိုး၏ ရထားတည်း။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ အယံ၊ ဤရထားသည်။ ကဿ၊အဘယ်သူ၏ ရထားနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ ပိတု၊ အဘ၏ ရထားတည်း။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ အယံပန၊ ဤရထားသည် ကား။ ကဿ၊ အဘယ်သူ၏ ရထားနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မမ၊ အကျွန်ုပ်၏ ရထားတည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဤသို့လျှောက်သည် ရှိသော်။ သတ္ထာ၊ ဘုရားသည်။ မဟာရာဇ၊ မြတ်သော မင်းကြီး။ တဝ၊ သင်၏။ ပိတာမဟဿ၊ အဘိုး၏။ ရထော၊ ရထားသည်။ ကေနကာရဏေန၊ အဘယ်အကြောင်းကြောင့်။ တဝပိတုရထံ၊ သင့်အဘ ရထား အဖြစ်သို့။ နပါပုဏိ၊ မရောက်သနည်း။ တဝ ပိတုရထော၊ သင့်အဘရထားသည်။ တဝရထံ၊ သင်၏ရထားအဖြစ်သို့။ နပါပုဏိ၊ မရောက်သနည်း။ ဣတိ၊ ဤသို့မေး၍။ ဧဝရူပဿနာမ၊ ဤသို့ သဘော ရှိသည်လည်း ဖြစ်သော။ ကဋ္ဌကလိင်္ဂရဿာပိ၊ သစ်တုံး၏လည်း။ ဇိရဏံ၊ ဆွေးမြေ့ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ အဿအတ္တဘာဝေ ပန၊ ထိုခန္ဓာကိုယ် အတ္တဘော၏ကား။ ကိံ မင်္ဂ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ဟိ၊ ထိုစကားသင့်စွ။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သပ္ပုရိသဓမ္မဿေဝ၊ သူတော်ကောင်း တရား၏သာလျှင်။ ဇရာ၊ အိုခြင်းဆွေးမြေ့ခြင်းသည်။ နတ္ထိ၊ မရှိ။ သတ္တာနံပန၊ သတ္တဝါတို့အားကား။ အဇိရကာနာမ၊ မဆွေးမြေ့ခြင်းသဘော

မည်သည်။ နတ္ထိ၊ မရှိ။ ဣတိဝဟ္ပာ၊ ဤသို့မိန့်ဟောတော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၅၁။ ။မဟာရာဇ၊ကြီး။ ဝေ၊ စင်စစ်။ သုစိတ္တာ၊ ရတနာ ခုနစ်ပါး စသည်ဖြင့် အလွန်ဆန်းကြယ်ကုန်သော။ ရာဇရထာ၊ မင်း၏ ရထားတို့သည်။ ဇီရန္တိ၊ ဆွေးမြေ့ကုန်၏။ အထော၊ ထိုမှို။ သရီရမ္ပိ၊ကိုယ်သည်လည်း။ ဇရံ၊ ဆွေးမြေ့ခြင်းသို့။ ဥပေတိ၊ ရောက်တတ်၏။ သတဥ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရားသည်။ ဇရံ၊ ဆွေးမြေ့ခြင်းသို့။ နဥပေတိ၊ မရောက်တတ်။ ဣတိ၊ သို့။ ။(ဂုဏ်သဒ္ဒါ၊ ထည့်သည်)။ ။ဟဝေကော္တန်၊ စစ်စစ်အကယ် မလွဲသဖြင့်။ သန္တော၊ သူတော်ကောင်းတို့သည်။ သဗ္ဘိ၊ ပညာရှိတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဝေဒယန္တိ၊ ဟောကုန်၏။ ဣတိအာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဝေတိ၊ ဝေဟူသည်ကား။ နိပါတမတ္တာ၊ နိပါတ်မျှသာ တည်း။ သုစိတ္တာတိ၊ သုစိတ္တာ ဟူသည်ကား။ သတ္တဟိရတနေဟိစ၊ ရတနာ ခုနစ်ပါးတို့ဖြင့်၎င်း။ အာပရေဟိ၊ တပါးကုန်သော။ ရထာလင်္ကာရေဟိစ၊ ရထား တန်ဆာတို့ဖြင့်၎င်း။ သုဋ္ဌု၊ ကောင်းစွာ။ စိတ္တကာ၊ ဆန်းကြယ်ကုန်သော။ ရာဇူနံ၊ မင်းတို့၏။ ရထာပိ၊ ရထားတို့သည်။ ဇီရန္တိ၊ ဆွေးမြေ့ပျက်စီးကုန်၏။ သရီရမ္ပိဟူသည်ကား။ ကေဝလံ၊ သက်သက်။ ရထာဝေ၊ ရထားသည်သာလျှင်။ န၊ မဟုတ်သေး။ သုသင်္ဂဟိတံ၊ ကောင်းစွာ သုတ်သင် လုပ်ကျွေးအပ်သော။ ဣဒံ ပရီ-ရမ္ပိ၊ ဤကိုယ်သည်လည်း။ ခဏ္ဍိစ္စာဒီနိ၊ သွားကျိုးခြင်းစသည်တို့သို့။ ပါပုဏာတိ၊ ရောက်၏။ ဇရံ၊ အိုခြင်းသို့။ ဥပေတိ၊ ရောက်၏။ သတဥ၊ ဟူသည်ကား။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ သန္တာနံ၊ သူတော်ကောင်းတို့၏ကား။ နဝ ဝိဓော လောကုတ္တရဓမ္မောစ၊ ကိုးပါးသော လောကုတ္တရာ တရားသည်လည်း။ ကိဉ္စိ၊ တစုံ တခုသော။ ဥပဃာတံ၊ ပျက်ခြင်းကို။ နကရောတိ၊ မပြုနိုင်။ ဇရံ၊ အိုခြင်းသို့။ နဥပေတိနာမ၊ မရောက်သည်မည်၏။ ပဝေဒယန္တီတိ၊ ပဝေဒယန္တိ ဟူသည်ကား။ ဧဝံ၊ ဤသို့။ သန္တော၊ သူတော်ကောင်းဖြစ်ကုန်သော။ ဗုဒ္ဓါဒယော၊ဘုရားစသော သူတို့သည်။ သဗ္ဘိပဏ္ဍိတေဟိ၊ ပညာရှိတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တိ၊ ဟော ကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာ၏အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဘဒ္ဒံ၊ သော၊ မလ္လိကာဒေဝီဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၁-ဇရာဝဂ္ဂ။ ၇-လာဠုဒါယိတ္ထေရဝတ္ထု။

(မလ္လိကာမိဘုရား၏ ဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ လာဠုဒါယီ မထေရ် ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓ ဃောသ ဆရာသည် "အပ္ပဿုတာ ယ' န္တိ-စသော ပါဌ်ကို မိန့်သတည်း)။

"အပ္ပဿုတာယ"န္တိ ဣမံ ဓမ္မဒေသနံ၊ အပ္ပဿုတာယံ-စသော ဤတရား ဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ လာဠုဒါယိတ္ထေရံ၊ လာဠုဒါယီ မထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုလာဠုဒါယီ မထေရ်သည်။ မင်္ဂလံ၊ မင်္ဂလာကို။ ကရောန္တာနံ၊ ပြုကုန်သောသူတို့၏။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ တိရောကုဋ္ဋေသု တိဋ္ဌန္တီတိ အာဒိနာနယေန၊ တိရောကုဋ္ဋေသု တိဋ္ဌန္တိ ဤသို့ အစရှိသောနည်းဖြင့်။ အဝမင်္ဂလာဒီနိ၊ မင်္ဂလာမရှိသောတရား စသည်တို့ကို။ ကထေသိ၊ ဟော၏။ အဝမင်္ဂလံ၊ မင်္ဂလာမရှိသည်ကို။ ကရောန္တာနံ၊ ပြုကုန်သောသူတို့၏။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ ရောက်၍။ တိရောကုဋ္ဋာဒီသု၊ တိရော ကုဋ္ဋသုတ် စသည်တို့ကို၊ ကထေတဗ္ဗေသု၊ ဟောအပ်ကုန်လျက်။ ဒါနဉ္စ ဓမ္မစရိယာ စာတိ အာဒိနာနယေန၊ ဒါနဉ္စ ဓမ္မစရိယာ ဤသို့ အစရှိသောနည်းဖြင့်။ မင်္ဂလာ ကထာဝ၊ မင်္ဂလာစကားကိုပင်။ ယံကိဉ္စိဝိတ္တံဣဓဝါ ဟုရံဝါတိ၊ ယံကိဉ္စိဝိတ္တံဣဓဝါ ဟုရံဝါ အစရှိသော။ ရတနသုတ္တံဝါ၊ ရတနသုတ်ကိုပင်။ ကထေသိ၊ ဟော၏။ ဧဝံ၊ ဤသို့။ တေသုတေသုဌာနေသု၊ ထိုထိုအရာတို့၌။ အညံ၊ တပါးကို။ ကထေဿာ မီတိ၊ ဟောအံ့ ဟူ၍။ အညံ၊ တပါးကို။ ကထေန္တောပိ၊ ဟောလျက်လည်း။ အဟံ၊ ငါသည်။ ကထေမီတိ၊ ဟော၏ဟူ၍။ နဇာနာတိ၊ မသိ။ ဘိက္ခူ၊ ရဟန်း တို့သည်။ တဿ၊ ထိုလာဠုဒါယီ၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ သတ္ထု၊ မြတ်စွာဘုရားအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်ကြောင့်။ လာဠုဒါယိဿ၊ လာဠုဒါယီ မထေရ်အား။ မင်္ဂလာ မင်္ဂလ ဌာနေသု၊ မင်္ဂလာရှိ မင်္ဂလာမရှိသော အရာတို့၌။ ဂမနေ၊ ရောက်သည် ရှိသော်။ အညသ္မိံ၊ တပါးကို၊ ကထေတဗ္ဗေ၊ ဟောအပ်လျက်။ အညမေဝ၊ တပါး ကိုသာလျှင်။ ကထေသိ၊ ဟောဘိသနည်း။ ဣတိ၊ ဤသို့။ လျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ သော၊ ဤလာဠုဒါယီ မထေရ်သည်။ ဣဒါနေဝ၊ ယခုသာလျှင်။ ဧဝံ၊ ဤသို့။ ကထေတိ၊ ဟောသည်ကား။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အညသ္မိံ၊ တပါးကို။ ကထေတဗ္ဗေ၊ ဆိုအပ်လျက်။ အညမေဝ၊

တပါးကိုသာလျှင်။ ကထေတိ၊ ဆို၏၊ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသော အခါ၌၊ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ အင်္ဂဒတ္တသနာမ၊ အင်္ဂဒတ္တ အမည်ရှိသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏား၏။ ပုတ္တော၊ သားဖြစ်သော။ သောမဒတ္တကုမာရောနာမ၊ သောမဒတ် အမည်ရှိသော သတို့သားသည်။ ရာဇာနံ၊ မင်းကြီးကို။ ဥပဋ္ဌဟိကိရ၊ လုပ်ကျွေးခစားသတတ်။ သော၊ ထိုသောမဒတ်ကို။ ရညော၊ မင်းသည်။ ပိယော၊ ချစ်မြတ်နိုးသည်။ အဟောသိ၊ ဖြစ်၏။ မနာပေါ၊ နှလုံးကိုပွားစေခြင်းရှိ၏။ ဗြာဟ္မဏော ပန၊ ပုဏ္ဏားသည်ကား။ ကသိကမ္မံ၊ လယ်ထွန်အမှုကို။ နိဿာယ၊ မှီ၍။ ဇီဝတိ၊ အသက်မွေး၏။ တဿ၊ ထိုပုဏ္ဏားအား။ ဒွေဂေါဏာ၊ နွားနှစ်ကောင်တို့သည်၊ အဟေသုံ၊ ရှိသည်ဖြစ်ကုန်၏။ တေသု၊ ထိုနွားနှစ်ကောင်တို့တွင်။ ဧကော၊ နွားတကောင်သည်။ မတော၊ သေ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ပုတ္တံ၊ သားကို၊ အာဟ၊ ဆို၏။ တာတသောမဒတ္တ၊ ချစ်သား သောမဒတ်။ ရာဇာနံ၊ မင်းကြီးကို။ ယာစိတွာ၊ တောင်း၍။ မေ၊ ငါ့အား။ ဧကံ ဂေါဏံ၊ နွားတကောင်ကို။ အာဟရ၊ ဆောင်ခဲ့ပါလော့။ ဣတိ၊ ဤသို့ဆို၏။ သောမဒတ္တော၊ သောမဒတ်သည်။ အဟံ၊ ငါသည်။ ရာဇာနံ၊ မင်းကြီးကို။ သစေ ယာစိဿာမိ၊ အကယ်၍ တောင်းသည်ဖြစ်အံ့။ မေ၊ ငါ၏။ လဟုဘာဝေါ၊ ပေါ့သောအဖြစ်သည်။ ပညာယိဿတိ၊ ထင်လတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တာတ၊ ဘခင်။ တုမှေယေဝ၊ ဘခင်တို့သည်သာလျှင်။ ရာဇာနံ၊ မင်းကြီးကို၊ ယာစထ၊ တောင်းကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တာတ၊ ငါ့သား။ မံ၊ ငါ့ကို။ ဂဟေတွာ၊ ခေါ်၍။ ယာဟိ၊ သွားလော့။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်၊ စိန္တေသိ၊ ကြံ၏။ အယံဗြာဟ္မဏော၊ ဤပုဏ္ဏားသည်။ ဒန္ဓပညော၊ ပညာနုံ့၏။ အတိက္ကမာဒိဝစနမတ္တံပိ၊ ရှေ့သို့တက်ခြင်း အစရှိသော စကားမျှကိုလည်း။ နဇာနာတိ၊ မသိ။ အညဝါရသ္မိံ၊ တပါးကို။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်ရှိသော်။ အညဒေဝ၊ တပါးကိုသာလျှင်။ ဝဒတိ၊ ယောင်၍ ဆိုမိတတ်၏၊ သိက္ခာပေတွာပန၊ သင်ပြီး၍ကား။ နံ၊ ထိုအဘကို။ နေဿာမိတိ၊ ဆောင်အံ့ဟူ၍။ သော၊ ထိုသောမဒတ်သည်။ တံ၊ ထိုအဘ ပုဏ္ဏားကို။ အာဒါယ၊ ခေါ်၍။ ဗီရဏတ္ထမ္ဘကံနာမ၊ ဗိရဏတ္ထမ္ဘက အမည်ရှိသော။ သုသာနံ၊ သုသာန်သို့။ ဂန္တွာ၊ သွား၍။ တိဏကလာပေ၊ မြက်စည်းတို့ကို။ ဗန္ဓိတွာ၊ [illegible]၍။ အယံ၊ ဤသူကား။ ရာဇာ၊ မင်းတည်း။ အယံ၊ ဤသူကား။ ဥပရာဇာ၊ အိမ်ရှေ့ မင်းတည်း။ အယံ၊ ဤသူ ကား။ သေနာပတိ၊ စစ်သူ ကြီးတည်း။ ဣတိ ကတွာ၊ ဤသို့ စသည် ကို ပြု၍။ ပဋိပါဋိယာ၊ အစဉ် အတိုင်း။ ပိတု၊

အဘာအား။ ဒသေတွာ၊ ပြ၍။ တုမှေဟိ၊ သင် အဘတို့သည်။ ရာဇကုလံ၊ နန်းတော်သို့။ ဂန္တွာ၊ ရောက်၍။ ဧဝံ၊ ဤသို့။ အတိက္ကမိတဗ္ဗံ၊ ရှေ့သို့ တက်အပ်၏။ ဧဝံ၊ ဤသို့။ ပဋိက္ကမိတဗ္ဗံ၊ နောက်သို့ ဆုတ်အပ်၏။ ဧဝံ နာမ၊ ဤသို့လျှင်။ ရာဇာ၊ မင်းကြီးကို။ ဝတ္တဗ္ဗော၊ သံတော်ဦးတင်အပ်၏။ ဧဝံ၊ ဤသို့။ ဥပရာဇာ၊ အိမ်ရှေ့မင်းကို။ ဝတ္တဗ္ဗော၊ လျှောက်အပ်၏။ ရာဇာနံ ပန၊ မင်းသို့ကား၊ ဥပသင်္ကမိတွာ၊ ကပ်၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇယတု၊ အောင်တော်မူစေလော့။ ဣတိ ဧဝံ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ ဝတွာ၊ ဆို၍။ ဧဂါထာ၊ နှုတ်ကို။ ယာစေယျာထာတိ၊ တောင်းလေတော့ဟူ၍။ ဂါထံ၊ ဂါထာကို။ ဥဂ္ဂဏှာပေသိ၊ သင်စေ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ ငါ့အား။ ဒွေ ဂေါဏာ၊ နွား နှစ်ကောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ ယေဟိ၊ အကြင်နွားနှစ်ကောင်တို့ဖြင့်။ ခေတ္တံ၊ လယ်ကို။ ကသာမသေ၊ ထွန်ရ၏။ ဒေဝ၊ ကြီး။ တေသု၊ ထိုနွားနှစ်ကောင်တို့တွင်။ ဧကော၊ နွားတကောင်သည်။ မတော၊ သေခဲ့၏။ ခတ္တိယ၊ ရေမြေကို အစိုးရသော အရှင်မင်းကြီး။ ဒုတိယံ၊ အဘော်နွားကို။ ဒေဟိ၊ ကယ်မ သဲနားပါလော့။ ဣတိ၊ ဤသို့။ ဥဂ္ဂဏှာပေသိ၊ သင်စေ၏။

သော၊ ထိုပုဏ္ဏားသည်။ သံဝစ္ဆရမတ္တေန၊ တနှစ်မျှဖြင့်။ တံ ဂါထံ၊ ထိုဂါထာကို။ ပဂုဏံ၊ လေ့လာစွာ။ ကတွာ၊ ၍။ ပဂုဏဘာဝံ၊ လေ့လာသည်၏ အဖြစ်ကို။ ပုတ္တဿ၊ သားအား။ အာရောစေတွာ၊ ကြား၍။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တာတ၊ ဘခင်။ ကိဉ္စိဒေဝ၊ တစုံတခုသာလျှင်ဖြစ်သော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ အာဒါယ၊ ယူ၍။ အာဂစ္ဆထ၊ လာကုန်လော့။ အဟံ၊ ငါသည်။ ပုရိမတရံ၊ ရှေးဦးစွာ။ ဂန္တွာ၊ သွား၍။ ရညော၊ မင်း၏။ သန္တိကေ၊ အထံ၌။ ဌဿာမီတိ၊ နေအံ့ဟူ၍။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တာတ၊ ချစ်သား။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဂဟေတွာ၊ ယူ၍။ သောမဒတ္တဿ၊ သောမဒတ်၏။ ရညော၊ မင်း၏။ သန္တိကေ၊ အထံ၌။ ဌိတကာလေ၊ နေသောအခါ၌။ ရညော၊ မင်း၏။ ဥဿာဟာ၊ ဗတ္တော၊ အားထုတ်ခြင်းသို့ ရောက်လျက်။ ရာဇကုလံ၊ မင်းအိမ်သို့။ ဂန္တွာ၊ သွား၍။ ရညာ၊ မင်းသည်။ တုဋ္ဌစိတ္တေန၊ နှစ်သက်သော စိတ်ဖြင့်။ ကတပဋိ သန္ထာရော၊ ဝမ်းမြောက်ဝမ်းသာ စကားပြောဟော ခြင်းကို ပြုသည်ဖြစ်၍။ တာတ၊ ဘခင်ပုဏ္ဏား။ အာဂတတ္ထ၊ လာခြင်းကား။ စိရဿံ ဝတ၊ ကြာမြင့်စွ။ ဣဓာသနံ၊ ဤခနေရာ၌။ နိသီဒိတွာ၊ နေ၍။ ယေန၊ အကြင် ဝတ္ထုဖြင့်။ အတ္ထော၊ အလိုရှိ၏။ တံ၊ ထိုလိုရာဝတ္ထုကို။ ဝဒထ၊ ဆိုလော့။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ ဒ္ဒ.ကျွန်ုပ်၏။ ဒွေ ဂေါဏာ၊ နွားနှစ်ကောင်တို့သည်။ သန္တိ၊ ရှိကုန်၏။ ယေဟိ၊ အကြင်နွားတို့ဖြင့်။ ခေတ္တံ၊ လယ်ကို။ ကသာမသေ၊ ထွန်ရ၏။ ဒေပ၊ ကြီး။ တေသု၊ ထိုနွားနှစ်ကောင်တို့တွင်။ ဧကော၊ တကောင်သည်။ မတော၊ သေ၏။ ခတ္တိယ၊ ရေမြေကို အစိုးရသောမင်းကြီး။ ဒုတိယံ၊ အဘော်နွားကို။ ဂဏှ၊ ယူတော်မူလော့။ ဣတိ၊ ဤသို့ တင်၏။

ရညာ၊ မင်းသည်။ တာတ၊ ဘခင်။ ကိံ၊ အဘယ်ကို။ ဝဒေသိ၊ ဆိုသနည်း။ ပုနဝဒေဟိ၊ တဘန်ဆိုဦးလော့။ ဣတိ ပုဋ္ဌော ပါ၊ ဤသို့ အမိန့်ရှိပြန်သော်။ တမေဝ ဂါထံ၊ ထိုဂါထာကိုသာလျှင်။ အာဟ၊ ဆို၏။ ရာဇာ၊ မင်းသည်။ တေန၊ ထိုပုဏ္ဏားသည်။ ဝိရဇ္ဈိတ္ဝာ၊ ချွတ်ယွင်း၍။ ကထိတဘာဝံ၊ ဆိုသည်၏အဖြစ်ကို။ ဥတ္ဝာ၊ သိ၍။ သိတံ ကတ္ဝာ၊ ပြုံးခြင်းကိုပြု၍။ သောမဒတ္တ၊ သောမဒတ်။ တုမှာကံ၊ သင်တို့၏။ ဂေဟေ၊ အိမ်၌။ ဂါဝေါ၊ နွားတို့သည်။ ဗဟုမညေ၊ များယောင်တကား။ ဣတိ ဝတ္ဝာ၊ ဤသို့ အမိန့်တော်ရှိသောကြောင့်။ ဒေဝ၊ အရှင်မင်းကြီး။ တုမှေဟိ၊ အရှင်မင်းကြီးတို့သည်။ ဒိန္နာ၊ သနားတော်မူသည်ရှိသော်။ ဘဝိဿန္တိ၊ များကုန်လတ္တံ့။ ဣတိ ဝုတ္တေ၊ ဤသို့ တင်သည်ရှိသော်။ ဗောဓိသတ္တဿ၊ ဘုရားလောင်း၏ စကားကို။ တုဿိတ္ဝာ၊ နှစ်သက်၍။ အဿ ဗြာဟ္မဏဿ၊ ထိုပုဏ္ဏားအား။ သောဠသ ဂေါဏေ၊ တဆယ့်ခြောက်ခုသော နွားတို့ကိုလည်း။ အလင်္ကာရဘဏ္ဍကံ၊ တန်းဆာဆင်ရန် ဥစ္စာလွယ်ကိုလည်း။ နိဝါသနဂါမဉ္စ၊ နေရာရွာကိုလည်း၊ ဗြဟ္မဒေယျံ၊ မြတ်သောပေးခြင်းကို။ ဒတွာ၊ ပေး၍။ မဟန္တေန ယသေန၊ များသောစည်းစိမ် ချမ်းသာဖြင့်။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ သတ္ထာ၊ ဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ အာဟရိတ္ဝာ၊ ဆောင်၍။ တဒါ၊ ထိုအခါ၌။ ရာဇာ၊ မင်းသည်၊ အာနန္ဒော၊ အာနန္ဒာသည်။ အဟောသိ၊ ဖြစ်၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ လာဠုဒါယီ၊ လာဠုဒါယိသည်။ အဟောသိ၊ ဖြစ်၏။ သောမဒတ္တော ပန၊ သောမဒတ်သည်ကား။ အဟမေဝ၊ ငါဘုရားသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်တော်ကို။ သမောဓာနေတ္ဝာ၊ ပေါင်း၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဧသ၊ ဤသူသည်။ အတ္တနော၊ မိမိ၏။ အပ္ပသုတတာယ၊ နည်းသော အကြား အမြင်ရှိသည်၏ အဖြစ်ကြောင့်။ အညံ ဝတ္တဗ္ဗံ၊ တပါးကို။ ဝတ္တဗ္ဗေ၊ ဆိုအပ်သည်ရှိသော်။ အညမေဝ၊ တပါးကိုသာလျှင်။ ဝဒတိ၊ ဆို၏။ ဟိ၊ ထိုစကားသင့်စွ၊ အပ္ပသုတပုရိသော၊ နည်းသော အကြားအမြင်ရှိသော ယောကျ်ားသည်။ ဗလိဗဒ္ဒသဒိသော နာမ၊ မလိမ္မာသော နွားလားနှင့်

တူသော မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ကို။ အာဟ၊ ဟောတော်မူ၏။

၁၅၂။ ကိက္ခဝေါတို့။ အပ္ပသုတော၊ နည်းသော အကြား အမြင် ရှိသော။ အယံ ပုရိသော၊ သည်။ ဗလိဗဒ္ဒေါ၊ နွားလားကဲ့သို့။ ဇီရတိ၊ အိုရ၏။ တဿ၊ ထိုအကြားအမြင်နည်းသော ယောကျ်ား၏။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဎန္တိ၊ ပွါးကုန်၏။ တဿ၊ ထိုအကြားအမြင်နည်းသော ယောကျ်ား၏။ ပညာ၊ ပညာသည်။ န ဝဍ္ဎတိ၊ မပွါး။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အပ္ပသုတာယန္တိ၊ အပ္ပသုတာယံ ဟူသည် ကား။ ဧကဿဝါ၊ တခုသော ပဏ္ဏာသက၏ရင်း။ ဒွိန္နံဝါ၊ နှစ်ခုလည်း ဖြစ်ကုန်သော။ ပဏ္ဏာသကာနံဝါ၊ ပဏ္ဏာသကတို့၏ရင်း။ အထဝါ၊ တနည်းကား။ ပန္နရသဝဂ္ဂါနံ၊ တဆယ့်ငါးဝဂ်တို့၏။ သဗ္ဗန္တိမေန၊ ယုတ်သော အပိုင်းအခြားဖြင့်။ ဧကဿဝါ၊ တခုသော သုတ်၏ရင်း။ ဒွိန္နံဝါ၊ နှစ်ခုလည်း ဖြစ်ကုန်သော။ သုတ္တန္တာနံဝါပိ၊ သုတ်တို့၏ရင်း။ အဘာဝေန၊ မရှိသဖြင့်။ အပ္ပသုတော၊ အပ္ပသုတမည်၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ကမ္မဋ္ဌာနံ ပန၊ ကမ္မဋ္ဌာန်းကိုကား။ ဥဂ္ဂဟေတွာ၊ သင်၍။ အနုယုဉ္ဇန္တော၊ အားထုတ်သည်ရှိသော်။ ဗဟုဿုတောဝ၊ များသော အကြားအမြင်ရှိသည်သာလျှင်ဖြစ်၏။ ဗလိဗဒ္ဒေါဝ ဇီရတီတိ၊ ဇီရတိဟူသည်ကား။ ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ဗလိဗဒ္ဒေါ၊ နွားလားသည်။ ဇီရမာနော၊ ကြီးရင့်သည်ရှိသော်။ ဝဍ္ဎမာနော၊ ကြီးပွါးသည်ရှိသော်။ မာတု၊ အမိနွားမ၏။ အတ္ထာယ၊ အကျိုးငှါ။ နေဝဝဍ္ဎတိ၊ မပွါး၊ ပိတု၊ အဘ၏။ အတ္ထာယ၊ အကျိုးငှါ။ န ဝဍ္ဎတိ၊ မပွါး။ သေသဉာတကာနံ၊ မိဘမှကြွင်းကုန်သော ပေါက်ဘော် နွားတို့၏။ အတ္ထာယ၊ အကျိုးငှါ။ န ဝဍ္ဎတိ၊ မပွါး။ အထခေါ၊ စင်စစ်သော်ကား၊ နိရတ္ထကမေဝ၊ အကျိုးမဲ့သာလျှင်။ ဇီရတိယထာ၊ ကြီးရင့်သကဲ့သို့။ ဧဝမေဝ။ ဤအတူလျှင်။ အယမ္ပိ၊ ဤရဟန်းသည်လည်း။ ဥပဇ္ဈာယဝတ္တံ၊ ဥပဇ္ဈာယ် ဆရာ၏ ဝတ်ကို။ န ကရောတိ၊ မပြု။ အာစရိယဝတ္တံ၊ အာစရိယဝတ်ကို။ န ကရောတိ၊ မပြု။ အာဂန္တုကဝတ္တာဒီနိ၊ အာဂန္တုကဝတ် စသည်တို့ကို။ န ကရောတိ၊ မပြု။ ဘာဝနာမတ္တံ၊ ဘာဝနာမျှကို။ န အနုယုဉ္ဇတိ၊ အားမထုတ်။ ဣတိ၊ ထို့ကြောင့်။ နိရတ္ထကမေဝ၊ အကျိုးမဲ့သာလျှင်။ ဇီရတိ၊ ကြီးရင့်၏။ မံသာနိ တဿ ဝဍ္ဎန္တိတိ၊ မံသာနိ တဿ ဝဍ္ဎန္တိဟူသည်ကား။ ယုဂနင်္ဂလာဒီနိ၊ ထွန် ထမ်းပိုးစသည်တို့ကို။ ဟေတုံ၊ ရွက်ဆောင်ခြင်းငှါ။ သော၊ ထိုနွားသည်။ အသမတ္ထောတိ၊ မစွမ်းနိုင်ဟူ၍။ အရညေ၊ တောသို့။ ဝိဿဇ္ဇိတော၊ လွှတ်လွှတ် လွှတ်အပ်သည်ဖြစ်၍။ တတ္ထေဝ၊ ထိုတော၌သာလျှင်။ ဝိစရန္တော၊ လှည့်လည်လျက်။ ခါဒန္တော၊ စားသော။ ပိဝန္တော၊ သောက်

သော။ ဗလိဗဒ္ဒေါ၊ နွားလ ားၤ။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဍန္တိယထာ၊ ပွါး ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဥပဇ္ဈာယာဒီဟိ၊ ဥပဇ္ဈာယ် စသည် တို့သည်။ ဝိဿဇ္ဇော၊ လွှတ်သည်ရှိသော်။ ဇေဋံ၊ သလုံးမြင်းခေါင်းကို။ နိဿာယ၊ မှီ၍။ စတ္တာရော ပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ လဘိတွာ၊ ရ၍။ ဥဒ္ဒဝိရေစနာ ဒီနိ၊ အထက်သို့ အန်စေခြင်း အောက်သို့လျှောစေခြင်း စသည်တို့ကို။ ကတွာ၊ ပြု၍။ ကာယံ၊ ကိုယ်ကို။ ပေါသန္တဿ၊ မွေးသော။ ဂူမဿာပိ၊ ဤရဟန်း၏ လည်း။ မံသာနိ၊ အသားတို့သည်။ ဝဍ္ဍန္တိ၊ ပွါးကုန်၏။ ထူလသရီရော၊ ဆူသော ကိုယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ သွား၏။ ဂူတိ၊ ဤသို့။ ပညာယိ၊ ထင် ၏။ အဿ၊ ထိုရဟန်းအား။ လောကိယလောကုတ္တရာ၊ လောကီ လောကုတ္တရာ ဖြစ်သော။ ပညာ၊ နေ၊ ပညာသည်ကား။ ကေဂုလမတ္တာပိ၊ လက်တသစ်မျှလည်း။ န ဝဍ္ဍတိ၊ မပွါး။ အရညေ ပန၊ တောဌ်ကား။ ဂစ္ဆလတာဒီနိ၊ ချုံနွယ် စသည် တို့သည်။ ဝဍ္ဍန္တိဝိယ၊ ပွါးကုန်သကဲ့သို့။ အဿ၊ ထိုရဟန်းအား၊ ဆဒွါရာနိ၊ ခြောက်ဒွါရတို့ကို။ နိဿာယ၊ မှီ၍။ တဏှာပေဝ၊ တဏှာသည်ရင်း။ နဝ ဝိခ မာနေဝစ၊ ကိုးပါးအပြား ရှိသော မာနသည်ရင်း။ ဝဍ္ဍတိ၊ ပွါး၏။ ဂူတ် အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး ၌။ မဟာဇနော၊ လူများအပေါင်းသည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိ ဖိုလ် စသည်တို့သို့။ ပါပုဏိ၊ ရောက်၏။

ဂူတိ ပရိသမာပန်၊ တဆယ့်တခုတို့၏ ပြည့်ကြောင်း ဖြစ်သော ဇရာဝဂ်၌ ခုနစ် ခုမြောက်သော လာဠုဒါယိမထေရ်၏ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သတ္တမံ၊ သော။ လာဠုဒါယိတ္ထေရဿဝတ္ထု၊ သည်။
ဂူတိ သမတ္တာ၊ ပြီးပြီ။

---

၁၁–ဇရာဝဂ္ဂ။ ၈–အာနန္ဒတ္ထေရဿပဌမဒါနဂါထာ ဝတ္ထု။

(လာဠုဒါယိမထေရ်၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထ ဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ အာနန္ဒတ္ထေရဿ ပဌမဥဒါန ဂါထာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အနေကဇာတိ" စသောပါဌ်ကို မိန့်သတည်း)။

"အနေကဇာတိသံသာရ" ဂူတိ ဂူမံဓမ္မဒေသနံ၊ အနေကဇာတိသံသာရံ· စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင် ရင်း၌။ နိသိန္နော၊ နေလျက်။ ဥဒါနဝသေန၊ ဝမ်းမြောက်နှစ်သက်သည်၏ အစွမ်း

ဖြင့်။ ဥဒါနေန္တော၊ ဥဒါန်းကျူး၍။ အပရာဘာဂေ၊ နောက်အဘို၌။ အာနန္ဒတ္ထေရေန၊ အာနန္ဒာမထေရ်သည်။ ပုဋ္ဌော၊ မေးအပ်သော မြတ်စွာဘုရားသည်။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ တိုစကားသင့်စွ။ သော၊ ထိုမြတ်စွာဘုရားသည်။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်ရင်း၌။ နိသိန္နော၊ နေတော်မူလျက်။ သူရိယေ၊ နေသည်။ အနတ္ထင်္ဂမိတေယေဝ၊ မဝင်မီလျှင်။ မာရဗလံ၊ မာရ်၏စစ်သည်ကို။ ဝိဓံသေတွာ၊ ဖျက်ဆီး၍။ ပဌမယာမေ၊ ပဌမယာမ်၌။ ပုဗ္ဗေနိဝါသပဋိစ္ဆာဒကံ၊ ရှေး၌နေဘူးသော ခန္ဓာကို ဖုံးလွှမ်းတတ်သော။ တမံ၊ အဝိဇ္ဇာမှောင်ကို။ ပဒါလေတွာ၊ ဘောက်ခွဲ၍။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်ကို။ ဝိသောမေတွာ၊ သုတ်သင်၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်၌။ သတ္တေသု၊ သတ္တဝါတို့၌။ ကာရုညတံ၊ သနားခြင်းရှိသည်၏ အဖြစ်ကို။ ပဋိစ္စ၊ စွဲ၍။ ပစ္စယကာရေ၊ ပဋိစ္စသမုပ္ပါဒ်၌။ဉာဏံ၊ ဉာဏ်ကို။ ဩတာရေတွာ၊ သွင်း၍။ တံ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားကို။ အနုလောမပဋိလောမဝသေန၊ အနုလုံပဋိလုံ၏ အစွမ်းဖြင့်။ သမ္မသန္တော၊ သုံးသပ်လျက်။ အရုဏုဂ္ဂမနဝေလာယ၊ အရုဏ်တက်သော အခါ၌။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ အဘိသမ္ဗုဇ္ဈိတွာ၊ ထိုးထွင်း၍ သိလျက်။ အနေကဗုဒ္ဓသတသဟဿေဟိ၊ များစွာကုန်သော ဘုရားအသိန်းတို့သည်။ အဝိဇဟိတံ၊ မစွန့်အပ်သော။ဥဒါန်း၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေန္တော၊ ဆိုလျက်။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူပြီ။

၁၅၃။ ။အဟံ၊ သည်။ ဘော ဂဟကာရက၊ အိုအတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို ပြုတတ်သော တဏှာယောကျ်ား လက်သမား။ တံ၊ သင်တဏှာယောကျ်ားလက်သမားကို။ ဂဝေသန္တော၊ ရှာသည်ရှိသော်။ အနေကဇာတိသံသာရံ၊ များစွာသော ဘဝအသိန်းတို့ဖြင့် ရေတွက်အပ်သော သံသရာဝဋ်ပတ်လုံး။ အနိဗ္ဗိသံ၊ သဗ္ဗညုတ ဉာဏ်တော်ကို မရသည်ဖြစ်၍။ သန္ဓာဝိဿံ၊ တပြောင်းပြန်ပြန် ကျင်လည်ရလေပြီ။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဇာတိ၊ ဘုံသုံးပါး၌ ဖြစ်ခြင်းသည်။ ဒုက္ခာ၊ အိုခြင်း နာခြင်း သေခြင်းတို့နှင့် ရောသည်၏ အဖြစ်ကြောင့် ဆင်းရဲ၏။

၁၅၄။ ။ဂဟကာရက၊ အတ္တဘောတည်းဟူသော အိမ်ကို ပြုပြင်တတ်သော တဏှာယောကျ်ား လက်သမား။ ဣဒါနိ၊ ယခုကား၊ မယာ၊ သည်။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ သဗ္ဗညုတဉာဏ်ကို သိသဖြင့် မြင်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဘန်။ ဂေဟံ၊ အတ္တဘောဟု ဆိုအပ်သော ငါ၏အိမ်ကို။ နကာဟသိ၊ သင်မပြုရလတ္တံ့။ တေ၊ သင်တဏှာ လက်သမား၏။ သဗ္ဗာ၊အလုံးစုံ အကြွင်းမရှိကုန်သော။ ဖါသုကာ၊ ကြွင်းသော တထောင့်ငါးရာ ကိလေသာဟူသော နံရိုးတို့ကို။ မယာ၊ ငါသည်။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ သင်တဏှာလက်သမားသည် ပြုအပ်သော

အတ္တဘောတည်းဟူသော အိမ်၏ အဝိဇ္ဇာဟုဆိုအပ်သော အသွင့်ဝန်းကို။ ဝိသင်္ခါတံ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖျက်ဆီးအပ်လေပြီ၊ မေ၊ငါ၏။ စိတ္တံ၊စိတ်သည်။ ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ဝင်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ငါရပြီ။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဂဟကာရ ဂဝေသန္တောတိ၊ ဂဝေသန္တော- ဟူသည်ကား။ ဣမဿ အတ္တဘာဝဂေဟဿ၊ ဤအတ္တဘော ဟူသော အိမ်ကို။ ကာရကံ၊ ဆောက်လုပ်ခြင်းရှိသော။ တဏှာဝဍ္ဎကိံ၊ တဏှာလက်သမားကို။ ဂဝေသန္တော၊ ရှာသည်ရှိသော်။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ သော၊ ထိုတဏှာလက်သမားကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ တဿဗောဓိဉာဏဿ၊ ထိုဗောဓိဉာဏ်၏။ အတ္ထာယ၊ အကျိုးငှါ။ ဒီပင်္ကရပါဒမူလေ၊ ဒီပင်္ကရာဘုရားခြေတော်ရင်း၌။ ကတာဘိနီဟာရော၊ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍။ ဧတ္တကံ ကာလံ၊ ဤမျှကာလတိုင်တိုင်။ အနေကဇာတိသံသာရံ အနေကဇာတိသတသဟဿသင်္ချံ၊ ဘဝအသိန်းမက များစွာသော အရေအတွက်ရှိသော။ ဣမံ သံသာရဝဋ္ဋံ၊ ဤသံသာရာဝဋ်ပတ်လုံး။တံ ဉာဏံ၊ထိုသဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ- အဝိန္ဒန္တော အလဘန္တောယေဝ၊ မရခြင်းကြောင့်သာလျှင်။ သန္ဓာဝိဿံ သံသရိံ၊ ကျင်လည်ရလေပြီ၊ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒုက္ခာဇာတိ ပုနပ္ပုနန္တိ ဣဒံ၊ ဒုက္ခာဇာတိပုနပ္ပုနံ ဟူသော ဤစကားသည်။ ဂဟကာရကဂဝေသနဿ၊ တဏှာလက်သမားကိုရှာခြင်း၏။ ကာရဏဝစနံ၊ အကြောင်းဖြစ်သော စကားတည်း။ ဇရာဗျာဓိမရဏ မိဿိတာယ၊ အိုခြင်း နာခြင်း သေခြင်းနှင့် ရောသည်၏ အဖြစ်ကြောင့်။ ဧသာဇာတိနာမ၊ ဤဇာတိမည်သည်ကား။ ပုနပ္ပုနံ၊ အဘန်ဘန်ကာလ၌။ ဥပဂန္တုံ၊ ကပ်ရောက်ခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ သာ၊ထိုဇာတိသည်။ တသ္မိံ၊ ထိုသဗ္ဗညုတဉာဏ်သည်။ အဒိဋ္ဌေ၊ မမြင်သည်ရှိသော်။ ယသ္မာ၊ အကြင်ကြောင့်။ နနိဝတ္တတိ၊ မဆုတ်မနစ်။ တသ္မာ၊ ထိုကြောင့်။ တံ၊ထိုလက်သမားကို။ ဂဝေသန္တော၊ ရှာလျက်။ သန္ဓာဝိဿံ၊ ကျင်လည်ရပြီ။ ဣတိအတ္ထော၊ဤကား အနက်တည်း။ ဒိဋ္ဌောသီတိ၊ ဒိဋ္ဌောသိ ဟူသည်ကား။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်ကို။ ပဋိဝိဇ္ဈန္တေန၊ ထိုးထွင်း၍ သိသဖြင့်။ မယာ၊ ငါဘုရားသည်။ ဣဒါနိ၊ ယခုအခါ၌။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ၊ ပုနဂေဟန္တိ၊ ဂေဟံဟူသည်ကား။ပုန၊ တဖန်။ ဣမသ္မိံ သံသာရဝဋ္ဋေ၊ ဤသံသရာဝဋ်ဆင်းရဲ၌။ အတ္တဘာဝသင်္ခါတံ၊ အတ္တဘောဟု ဆိုအပ်သော။ မမဂေဟံ၊ ငါ့အိမ်ကို။ နကာဟသိ၊ သင်မပြုရလတ္တံ့။ သဗ္ဗာ တေ ဖါသုကာဘဂ္ဂါတိ၊ ဘဂ္ဂါဟူသည်ကား။ တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ အနဝသေသာ၊ အကြွင်းမရှိကုန်သော။ ကိလေသာ

ပါသုကာ၊ ကိလေသာဟူသော အခြင်နံရိုးတို့ကို။ မယာ၊ ငါသည်။ ဘဂ္ဂါ၊ ချိုးဖျက်ရကုန်ပြီ။ ဂဟကူဋံဝိသင်္ခတံ၊ ဝိသင်္ခတံဟူသည်ကား။ တယာ၊ သင်သည်။ ကတဿ၊ ပြုအပ်သော။ ဣမဿ အတ္တဘာဝဂေဟဿ၊ ဤအတ္တဘောဟူသောအိမ်၏။ အဝိဇ္ဇာသင်္ခါတံ၊ အဝိဇ္ဇာဟုဆိုအပ်သော။ ကဏ္ဏိကမဏ္ဍလမ္ပိ၊ အထွဋ်ဝန်းကိုလည်း။ မယာ၊ ငါသည်။ ဝိဒ္ဓံသိတံ၊ ဖျက်ဆီးအပ်ပြီ၊ ဝိသင်္ခါရဂတံစိတ္တန္တိ၊ စိတ္တံ ဟူသည်ကား။ ဣဒါနိ၊ ယခုအခါ၌။ မမစိတ္တံ၊ ငါ့စိတ်သည်။ ဝိသင်္ခါရံ၊ ပြုပြင်ခြင်းကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏ ကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းဖြင့်။ ဂတံအနုပ္ပဝိဋ္ဌံ၊ ငင်ပြီ။ တဏှာနံ ခယမဇ္ဈဂါတိ၊ တဏှာနံခယမဇ္ဈဂါ ဟူသည်ကား။ တဏှာနံ၊ တဏှာတို့၏။ ခယသင်္ခါတံ၊ ကုန်ရာဟုဆိုအပ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဓိဂတော၊ ရသည်။ အသ္မိ၊ ဖြစ်ပြီ။

ဣတိ ပရိသမာနံ၊ တဆယ့်တခုတို့၏ ပြည့်ကြောင်းဖြစ်သော ဇရာဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ဗုဒ္ဓဥဒါနဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဋ္ဌမံ၊ သော။ အာနန္ဒတ္ထေရဿပုစ္ဆာဥဒါနဂါထာဂတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———

## ၁၁—ဇရာဝဂ္ဂ။ ၉—မဟာဓနသေဋ္ဌိပုတ္တဝတ္ထု။

(အာနန္ဒတ္ထေရဿပုစ္ဆာဥဒါနဂါထာဝတ္ထု၌ ဟောရာ ဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ မဟာဓနသေဋ္ဌိ ပုတ္တဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အစရိတွာတိ" စသော ပါဠ်ကို မိန့်သတည်း)။

"အစရိတွာ"တိ ဣမံ ဓမ္မဒေသနံ၊ အစရိတွာ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဣသိပတနေ၊ ရသေ့တို့ ကျရာဖြစ်သော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ ဝိဟရန္တော၊ နေတော်မူလျက်။ မဟာဓနသေဋ္ဌိပုတ္တံ၊ များသောဥစ္စာရှိသောသေဋ္ဌေးသားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုသေဋ္ဌေးသားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ အသီတိကောဋိဝိဘဝေ၊ ကုဋေရှစ်ဆယ် ကြွယ်ဝသော။ ကုလေ၊ အမျိုး၌။ နိဗ္ဗတ္တိ၊ ကိရ၊ ဖြစ်သတတ်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသေဋ္ဌေးသား၏။ မာတာပိတရော၊ အမိအဘတို့သည်။ စိန္တေသုံ၊ ကြံကုန်၏။ အမှာကံ၊ ငါတို့၏။ ကုလေ၊ အိမ်၌။ မဟာဘောဂက္ခန္ဓော၊ များသောဥစ္စာရှိ၏။ တံ၊ ထိုဥစ္စာကို။ နော၊ ငါတို့၏။ ပုတ္တဿ၊ သား၏။ ဟတ္ထေ၊ လက်၌။ ထပေတွာ၊ ထား၍။ ယထာသုခံ၊ ချမ်းသာစွာ။

ပရိဘောဂံ၊ သုံးဆောင်ခြင်းငှါ။ အညေနကပေ့န၊ တပါးသောအမှုဖြင့်။ ကိစ္စံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ၊ ထိုသားကို။ နစ္စဂီတဝါဒိတမတ္တမေဝ၊ ကခြင်းသီခြင်း တီးမှုတ်ခြင်းမျှကိုသာလျှင်။ သိက္ခာပေသုံ၊ သင်စေကုန်၏။ တသ္မိံယေဝနဂရေ၊ ထိုဗာရာဏသီပြည်၌သာလျှင်။ အသီတိကောဋိဝိဘဝေ၊ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော အမျိုး၌။ ကောဓိတာပိ၊ သမီးတယောက်သည်လည်း။ နိဗ္ဗတ္တိ၊ ဖြစ်၏။ တဿာပိ၊ ထိုသမီး၏လည်း၊ မာတာပိတရော၊ အမိအဘတို့သည်။ တထေဝ၊ ထိုအတူလျှင်။ စိန္တေတွာ၊ ကြံ၍။ တံ၊ သမီးကို။ နစ္စ ဂီတ ဝါဒိတမတ္တမေဝ၊ ကခြင်း သီခြင်း တီးမှုတ်ခြင်းမျှကိုသာလျှင်။ သိက္ခာပေသုံ၊ သင်စေကုန်၏။ ဝယပ္ပတ္တာနံ၊ အရွယ်သို့ရောက်ကုန်သော။ တေသံ၊ ထိုသူတို့၏။ အာဝါဟ ဝိဝါဟော၊ သမီးပေးခြင်း သမီးယူခြင်းဟူသော ထိမ်းမြားခြင်းမင်္ဂလာသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုနောက်မှ။ အပရဘာဂေ၊ နောက်အဘို့၌။ နေသံ၊ ထိုသူတို့၏။ မာတာပိတရော၊ အမိအဘတို့သည်။ကာလမကံသု၊ စုတေကုန်၏။ ဒွေ အသီတိကောဋိဓနံ၊ နှစ်လီသော ကုဋေရှစ်ဆယ် ဥစ္စာသည်။ ဧကသ္မိံယေဝ ဂေဟေ၊ တအိမ်တည်း၌သာလျှင်။ အဟောသိ၊ ဖြစ်၏။ သေဋ္ဌိပုတ္တော၊သေဋ္ဌေးသားသည်။ ဒိဝသဿ၊ တိက္ခတ္တုံ၊ တနေ့သုံးကြိမ်။ ရညော၊ မင်းအား။ ဥပဋ္ဌာနံ၊ ခစားခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

အထ၊ ထိုအခါ၌။ တသ္မိံ နဂရေ၊ ထိုဗာရာဏသီပြည်၌။ ဓုတ္တာ၊ သေသောက်ကြူးတို့သည်။ စိန္တေသုံ၊ ကြံကြကုန်၏။ အယံ သေဋ္ဌိပုတ္တော၊ ဤသေဋ္ဌေးသားသည်။ သုရာသောဏ္ဍော၊ သေသောက်ကြူးသည်။ သစေ ဘဝိဿတိ၊ အကယ်၍ ဖြစ်အံ့။ အမှာကံ၊ ငါတို့အား။ ဖါသုကံ၊ ချမ်းသာရာရသည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍။ နံ၊ ထိုသေဋ္ဌေးသားကို။ သုရာသောဏ္ဍဘာဝံ၊ သေသောက်ကြူး၏ အဖြစ်ကို။ ဥဂ္ဂဏှာပေမ၊ သွန်သင်ကုန်အံ့။ ဣတိ စိန္တေသုံ၊ ဤသို့ကြံကုန်၏။ တေ၊ ထိုသေသောက်ကြူးတို့သည်။ သုရံ၊ သေကို။ အာဒါယ၊ ယူ၍။ ခဇ္ဇကမံသေ၊ ခဲဘွယ်အမဲတို့ကိုရင်း။ လောဏသက္ခရာစ၊ ဆားခဲကိုရင်း။ ဒုဿန္တေ၊ ပုဆိုးစွန်း၌။ ဗန္ဓိတွာ၊ ဖွဲ့ထုပ်၍။ မူလကန္ဒေ၊ အမြစ်အဖုတို့ကို။ ဂဟေတွာ၊ ယူ၍။ ရာဇကုလတော၊ မင်းအိမ်မှ။ အာဂစ္ဆန္တဿ၊ လာသော။ တဿ၊ ထိုသေဋ္ဌေးသား၏။ မဂ္ဂံ၊ ခရီးကို။ ဩလောကယမာနာ၊ ကြည့်လျက်။ နိသီဒိတွာ၊ နေ၍။ အာဂစ္ဆန္တံ၊ လာသော။ တံ၊ ထိုသေဋ္ဌေးသားကို။ ဒိသွာ၊ မြင်၍။ သုရံ၊ သေကို။ ပိဝိတွာ၊ သောက်၍။ လောဏသက္ခရံ၊ ဆားကို။ မုခေ၊ ခံတွင်း၌။ ခိပိတွာ၊ ပစ်ထည့်၍။ မူလကန္ဒံ၊ အမြစ်အဖုကို။ ဍံသိတွာ၊ ကိုက်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝ ဿာမိ၊ အသက်ရှင်ပါ စေအံ့။ သေဋ္ဌိပုတ္တကံ၊ သေဋ္ဌေးသားကို။ နိဿာယ၊ မှီ၍။ မယံ၊ ငါတို့သည်။ ခါဒန

ပိဝနသမတ္တာ၊ ခဲခြင်းသောက်ခြင်းငှာ စွမ်းနိုင်ကုန်သည်။ ဘဝေယျာမ၊ ဖြစ်ပါကုန်အံ့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ သော၊ ထိုသေဋ္ဌေးသားသည်။ တေသံ၊ ထိုသေသောက်ကြူးတို့၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ပစ္ဆတော၊ နောက်မှ။ အာဂစ္ဆန္တံ၊ လိုက်သော။ စူဠုပဋ္ဌာကံ၊ အလုပ်ကျွေးငယ်ကို။ ပုစ္ဆိ၊ မေး၏။ တေ၊ ဤသူတို့သည်။ ကိံ၊ အဘယ်ကို။ ပိဝန္တိ၊ သောက်ကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏၊ သာမိ၊ အရှင်သား။ ဧကံ ပါနကံ၊ တခုသော အဖျော်အရည်ကိုသောက်၏။ ဣတိ အာဟ၊ ဤသို့ဆို၏။ တံ၊ ဤအဖျော်ရည်သည်။ မနာပ ဇာတိကံ၊ စိတ်ကို နှစ်သက်စေခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့ဆို၏။ သာမိ၊ အရှင်သား။ ဣမသ္မိံ ဇီဝလောကေ၊ အသက်ရှည်သော ဤလူ့ပြည်၌။ ဣမိနာ၊ ဤအဖျော်နှင့် သဒိသံ၊ တူသော။ ပါတဗ္ဗယုတ္တကံ နာမ၊ သောက်အပ်သည်နှင့် ယှဉ်သော အဖျော်ရည်မည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဆိုသည်ရှိသော်။ သော၊ ထိုသေဋ္ဌေးသားသည်။ ဧဝံ သန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ မယာပိ၊ ငါသည်လည်း။ ပါတုံ၊ သောက်ခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏ဟူ၍။ ထောကံ၊ အတန်ငယ်သော သေကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ပိဝတိ၊ သောက်၏။

အထ၊ ထိုအခါ၌၊ အဿ၊ ထိုသေဋ္ဌေးသား၏။ န စိရဿေဝ၊ မကြာမြင့်မီလျှင်။ တေ ဓုတ္တာ၊ ထိုသေသောက်ကြူးတို့သည်၊ ပိဝနဘာဝံ၊ သေသောက်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ တံ၊ ထိုသေဋ္ဌေးသားကို။ ပရိဝါရယိံသု၊ ခြံရံကုန်၏။ ဂစ္ဆန္တေ ကာလေ၊ သွားသော ကာလ၌။ ပရိဝါရော၊ အခြံအရံသည်။ မဟာ၊ များသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုသေဋ္ဌေးသားသည်။ သတေနပိ၊ တရာသော ဥစ္စာဖြင့်ရင်း။ သဟဿေနပိ၊ နှစ်ရာသော ဥစ္စာဖြင့်ရင်း။ သုရံ၊ သေကို။ အာဟာရာပေတွာ၊ ဆောင်စေ၍။ ပိဝန္တော၊ သောက်သည်ရှိသော်။ အနုက္ကမေနေဝ၊ အစဉ်အားဖြင့်သာလျှင်။ နိသိန္နဋ္ဌာနာဒိသု၊ နေရာအရပ်စသည်တို့၌။ ကဟာပဏရာသိံ၊ အသပြာစုကို။ ထပေတွာ၊ ထား၍။ သုရံ၊ သေကို။ ပိဝန္တော၊ သောက်လျက်။ ဣမိနာ၊ ဤအသပြာဖြင့်၊ မာလံ၊ ပန်းကို။ အာဟရ၊ ဝယ်လော့။ ဣမိနာ၊ ဤအသပြာဖြင့်။ ဂန္ဓံ၊ နံ့သာကို။ အာဟရ၊ ဝယ်လော့။ အယံ၊ ဤသူသည်။ ဇူတေ၊ သံခြင်း၌။ ဆေကော၊ လိမ္မာ၏။ အယံ၊ ဤသူသည်။ နစ္စေ၊ ကခြင်း၌။ ဆေကော၊ လိမ္မာ၏။ အယံ၊ ဤသူသည်။ ဝါဒိတေ၊ တီးမှုတ်ခြင်း၌။ ဆေကော၊ လိမ္မာ၏။ ဣမဿ၊ ဤသူအား။ သဟဿံ၊ တထောင်ကို။ ဒေထ၊ ပေးကုန်လော့။ ဣမဿ၊ ဤသူအား။ ဒွေ သဟဿာနိ၊ နှစ်ထောင်တို့ကို။ ဒေထ၊ ပေးကုန်လော့။ ဣတိ ဧဝံ၊ ဤသို့။ ဝိကိရန္တော၊ ဖယိုဖရဲပြုသည်ရှိသော်။ န စိရဿေဝ၊ မကြာမြင့်မီလျှင်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာဖြစ်သော။ အသီတိကောဋိဓနံ၊ ကုဋေရှစ်ဆယ်သော ဥစ္စာကို။

ခေပေတွာ၊ကုန်စေ၍။ သာမိ၊ အရှင်သား။ ဘော၊ဣ။ ဓနံ၊ဥစ္စာသည်။ ခီဏံ၊ ကုန်ပြီ။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ မေ၊ ငါ၏။ဘရိယာယ၊မယား၏။သန္တကံ၊ဥစ္စာသည်။ နတ္ထိကိံ၊ မရှိသလော။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ သာမိ၊ အရှင်သား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ တေနှိ၊ ယိုသို့ဆိုပြီးကား။ တံ၊ ယိုမယား ဥစ္စာကို။ အာဟရထ၊ ဆောင်ခဲ့လော့။ ဣတိ၊ ဤသို့ဆို၏။ တံပိ၊ ထိုမယားဥစ္စာကို လည်း။ တထေဝ၊ ထိုမိမိဥစ္စာအတူလျှင်။ ခေပေတွာ၊ ကုန်စေ၍။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ခေတ္တအာရာမယျာနယောဂ္ဂါဒိကံပိ၊ လယ် အရာမ် ဥယျာဉ်လှည်း ယာဉ် စသည်တို့ကိုရှင်း။ အန္တမသော၊ အယုတ်သဖြင့်။ ဘာဇနဘဏ္ဍကမ္ပိ၊ စားခွက်ကိုရှင်း။ အတ္ထရဏပါဝုရဏနိသီဒနံပိ၊ အခင်းအရုံနေရာထိုင်ရာကိုရှင်း၊ အတ္တနော၊ မိမိ၏။ သပ္ပံ၊ အလုံးစုံသော၊ သန္တကံ၊ ဥစ္စာကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ခါဒိ၊ သောက်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေးသားကို။ မဟလ္လကကာလေ ပနအိုမင်းသော အခါ၌ကား။ ယေဟိ၊ အကြင်သူတို့သည်။ အဿ၊ ထိုသေဋ္ဌေးသား၏။ ကုလသန္တကံ၊ အမျိုးဥစ္စာဖြစ်သော။ ဂေဟံ၊ အိမ်ကို။ ဝိက္ကိဏိတွာ၊ ဝယ်၍။ ဂဟိတံ၊ ယူအပ်၏။ တေန၊ ထိုသူသည်။ တေ၊ ထိုသေဋ္ဌေးသား လင်မယားတို့ကို။ ဂေဟာ၊ အိမ်မှ။ နိဟရိ၊ သုံ၊ ငင်ဆက်ကုန်၏။ သော၊ ထိုသေဋ္ဌေးသားသည်။ ဘရိယံ၊ မယားကို။ အာဒါယ၊ ခေါ်၍။ ပရဇနဿ၊ သူတပါး၏။ ဂေဟာဘိတ္တိံ၊ အိမ်နံရံကို။ နိဿာယ၊ မှီ၍။ ဝသန္တော၊ နေလျက်။ ကပါလခဏ္ဍံ၊ အိုးကွဲကို။ အာဒါယ၊ ယူ၍။ ဘိက္ခာယ၊ ထမင်းတောင်းအံ့သောငှာ။ စရိတွာ၊ သွား၍။ ဇနဿ၊ သူတပါး၏။ ဥစ္ဆိဋ္ဌကံ၊ စားကြွင်းကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ အာရဘိ၊ အားထုတ်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေးသားကို။ ဧကဒိဝသံ၊ တနေ့၌။ အာသန သာလာယ၊ ဆွမ်းစားရာ စရပ်၏။ ဒွါရေ၊ တံခါး၌။ ဌတွာ၊ ရပ်၍။ ဒဟရသာမဏေရေဟိ၊ သာမဏေငယ်တို့သည်။ ဒိယျမာနံ၊ ပေးအပ်သော။ ဥစ္ဆိဋ္ဌကံ၊ ဘုန်းပေး၍ ကြွင်းသော။ ဘောဇနံ၊ ဆွမ်းကို။ ပဋိဂ္ဂဏှန္တံ၊ တောင်းသည်ကို။ ဒိသွာ၊ မြင်၍။ သတ္ထာ၊ ဘုရားသခင်သည်။ သိတံ၊ ပါတုကာသိ၊ ပြုံးခြင်းကို ပြုတော်မူ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဘုရားသခင်ကို။ အာနန္ဒထေရော၊ အရှင်အာနန္ဒာမထေရ်သည် လည်း။ သိတကာရဏံ၊ ပြုံးခြင်း၏အကြောင်းကို။ ပုစ္ဆိ၊ လျှောက်၏။ သတ္ထာ၊ ဘုရားသခင်သည်။ သိတကာရဏံ၊ ပြုံးခြင်း၏အကြောင်းကို။ ကထေန္တော၊ ဟောတော်မူလို၍။ အာနန္ဒ၊ အာနန္ဒာ။ ဣမံ သို့ ယေဝ နဂရေ၊ ဤဗာရာဏသီပြည်၌။ အသီတိကောဋိဓနံ၊ ကုဋေရှစ်ဆယ်ရှိသော ဥစ္စာကို။ ခေပေတွာ၊ ကုန်စေ၍။ ဘရိယံ၊ မယားကို။ အာဒါယ၊ ခေါ်၍။ ဘိက္ခာယ၊ ထမင်းတောင်းခြင်းငှါ။ စရန္တံ၊ သွားသော။

ဣမံ မဟာဓနသေဋ္ဌိပုတ္တံ၊ ဤမဟာဓန သေဋ္ဌေးကြီး၏သားကို။ ပဿ၊ မြင်၏လော။
ဟိ၊ ထိုစကားသင့်စွ။ အယံ၊ ဤသေဋ္ဌေးသားသည်။ ပဌမဝယေ၊ ပဌမအရွယ်၌။
ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ အခေပေတွာ၊ မကုန်စေမူ၍။ ကမ္မန္တေ၊ ရောင်းဝယ်
ခြင်းစသောအမှု၌။ ပယောဇယိ၊ ယှဉ်ခြင်းရှိသည်။ သစေအယံ၊ အကယ်၍ဖြစ်ငြား
အံ့။ ဣမသ္မိံ ယေဝ နဂရေ၊ ဤပြည်၌လျှင်။ အဂ္ဂသေဋ္ဌိ၊ အထူးအားဖြင့် မြတ်သော
သေဋ္ဌေးသည်။ အ ဘဝိဿ၊ ဖြစ်ရာ၏။ နိက္ခမိတွာပန၊ အိမ်မှ ထွက်၍ကား၊
သစေပဗ္ဗဇိဿ၊ အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။
ပါပုဏိဿ၊ ရောက်လေရာ၏။ အဿ၊ ထိုသေဋ္ဌေးသား၏။ ဘရိယာပိ၊ မယားသည်
လည်း။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌဟိဿ၊ တည်လေရာ၏။
မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ ဘောဂေ၊ ဥစ္စာတို့ကို။ အခေပေတွာ၊ မကုန်စေမူ၍။
ကမ္မန္တေ၊ ကြေးမြီချခြင်းအမှု၌။ သစေ ပယောဇယိဿ၊ အကယ်၍ အတိုးအပွါး
ထားသည်ဖြစ်ငြားအံ့။ ဒုတိယ သေဋ္ဌိ၊ ဒုတိယ သေဋ္ဌေးသည်။ အဘဝိဿ၊ ဖြစ်လေ
ရာ၏။ နိက္ခမိတွာ၊ လူ့ဘောင်မှ ထွက်၍။ ပဗ္ဗဇန္တော၊ ရဟန်းပြုသည်။ သစေဟောတိ၊
အကယ်၍ဖြစ်အံ့။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ အဘဝိဿ၊ ဖြစ်လေရာ၏။
အဿ၊ ထိုသေဋ္ဌေးသား၏။ ဘရိယာပိ၊ မယားသည်လည်း။ သကဒါဂါမိဖလေ၊ သက
ဒါဂါမိဖိုလ်၌။ ပတိဋ္ဌဟိဿတိ၊ တည်လတ္တံ့။ ပစ္ဆိမဝယေ၊ ပစ္ဆိမအရွယ်၌။ ဘောဂေ၊
စည်းစိမ်ဥစ္စာတို့ကို။ အခေပေတွာ၊ မကုန်စေမူ၍။ ကမ္မန္တေ၊ လယ်လုပ်ခြင်းစသော
အမှု၌။ သစေ ပယောဇယိဿ၊ အကယ်၍ ခန့်ရမ်းစီရင်သည်ဖြစ်ငြားအံ့။ တတိယ
သေဋ္ဌိ၊ တတိယ သေဋ္ဌေးသည်။ အဘဝိဿ၊ ဖြစ်လေရာ၏။ နိက္ခမိတွာ၊ ကာမဂုဏ်မှ
ထွက်၍။ သစေ ပဗ္ဗဇန္တောပိ၊ အကယ်၍ရဟန်းပြုသည်ဖြစ်အံ့။ သကဒါဂါမိ၊ သကဒါ
ဂါမိသည်။ အဘဝိဿ၊ ဖြစ်လေရာ၏။ အဿ၊ ထိုသေဋ္ဌေးသား၏။ ဘရိယာပိ၊ မယား
သည်လည်း။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိဿ၊ တည်လေ
ရာ၏။ ဣဒါနိ ပန၊ ယခုအခါ၌ကား။ သော၊ ဤသေဋ္ဌေးသားသည်။ ဂိဟိဘော
ဂါပိ၊ လူ့စည်းစိမ်မှသည်လည်း။ ပရိဟီနော၊ ယုတ်၏။ သာမညတောပိ၊ မဂ်ဖိုလ်
မှလည်း။ ပရိဟီနော၊ ယုတ်၏။ ပရိဟာယိတွာစပန၊ ယုတ်ပြီး၍ကား။ သုက္ခ
ပလ္လလေ၊ ခြောက်သော ညွန်အိုင်၌။ ကောဉ္စသကုဏော ဝိယ၊ ကြိုးကြာငှက်ကဲ့သို့။
ဇာတော၊ ဖြစ်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာ ဂါထာ၊ ဤဂါထာ
တို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၅၅။ ။ဘိက္ခဝေ၊ တို့။ ယောဗ္ဗနေ၊ ငယ်ရွယ်သောအခါ၌။ ဗြဟ္မစရိယံ၊
မြတ်သော သီတင်းသုံးခြင်းကို။ အစရိတွာ၊ မသုံးကုန်မူ၍။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊
မရကုန်သည်ဖြစ်၍။ ခီဏမစ္ဆေ၊ ရေမရှိသည်ဖြစ်၍ ကုန်ပြီးသော ငါးရှိသော။

ပလ္လလေဝ၊ ညွန့်ပြောင်း၍လျှင်။ ဇိဏ္ဏကောဉ္စာဣဝ၊ ကြိုးကြာငှက်အိုတို့ကဲ့သို့။ ဈာယန္တိ၊ မှိုင်တွေရကုန်၏။

၁၅၆။ ။ယောဗ္ဗနေ၊ အရွယ်ရှိသော အခါက။ ဗြဟ္မစရိယံ၊ ကို။ အစရိတွာ၊ ကုန်မူ၍။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊ မရကုန်မူ၍။ စာပါတိခိတ္တာဝ၊ လေးမှလွတ်သည်ဖြစ်၍ အဟုန်ကုန်သောမြားတို့ကဲ့သို့။ ပုရာဏာနိ၊ ရှေး၌ ပြုအပ်ကုန်ပြီးသော ခဲဘွယ်သောက်ဘွယ် ကခြင်းသီခြင်း စသည်တို့ကို။ အနုတ္ထုနံ-အနုတ္ထုနန္တာ၊အဘန်တလဲလဲ စိုးရိမ်၍ ကြည်းညည်းကုန်လျက်။ သေန္တိ၊ အိပ်ရကုန်၏။

တတ္ထ၊ ထိုဂါထာတို့၌။ အစရိတွာတိ၊ ဟူသည်ကား။ ဗြဟ္မစရိယဝါသံ၊ မြတ်သောသီတင်းသုံး၍ နေခြင်းကို။ အဝသိတွာ၊မနေမူ၍။ ယောဗ္ဗနေတိ၊ ယောဗ္ဗနေ ဟူသည်ကား။ အနုပ္ပန္နေ၊ မဖြစ်ကုန်သေးသော။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ဥပ္ပါဒေတုံဝါ၊ ဖြစ်စေခြင်းငှါလည်း။ ဥပ္ပန္နေ၊ ဖြစ်ကုန်ပြီးသော။ ဘောဂေ၊ ဥစ္စာတို့ကို။ အနုရက္ခိတုံဝါ၊ စောင့်ခြင်းငှါလည်း။ သမတ္ထကာလေ၊ စွမ်းနိုင်သော အခါ၌။ ဓနမ္ပိ၊ ဥစ္စာကိုလည်း။ အလဘိတွာ၊ မရမူ၍။ ခီဏမစ္ဆေဝါတိ၊ ခီဏမစ္ဆေ ဟူသည်ကား။ ဝေရူပါ၊ ဤသို့သဘောရှိကုန်သော။ တေဗာလာ၊ ထိုမလိမ္မာသော သူတို့သည်။ ဥဒကဿ၊ ရေ၏။ အဘာဝေါ၊ မရှိခြင်းကြောင့်။ ခီဏမစ္ဆေ၊ ကုန်သောငါးရှိသော။ ပလ္လလေ၊ ညွန့်၌။ ပရိက္ခီဏပတ္တာ၊ ကုန်ပြီးသော အတောင်ရှိကုန်သော။ ဇိဏ္ဏကောဉ္စာဝိယ၊ ကြိုးကြာအိုတို့ကဲ့သို့။ အဝဈာယန္တိ၊ ကြံမှိုင်ရကုန်၏။ ဣဒံ၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဟိ၊ ဥပမာ ဥပမေယျ၊ နှိုးနှော၍ ပြဦးအံ့။ ပလ္လလေ၊ ညွန့်၌။ ဥဒကဿ၊ ရေ၏။ အဘာဝေါဝိယ၊ မရှိခြင်းကဲ့သို့။ ဣမေသံ၊ ဤသေဋ္ဌေး လင်မယားတို့၏။ဝသနဋ္ဌာနဿ၊ နေရာအရပ်၏။ အဘာဝေါ၊ မရှိခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ မစ္ဆာနံ၊ ငါးတို့၏။ ခီဏဘာဝေါဝိယ၊ ကုန်သောအဖြစ်ကဲ့သို့။ ဣမေသံ၊ ဤသေဋ္ဌေး လင်မယားတို့အား။ ဘောဂါနံ၊ စည်းစိမ်ဥစ္စာတို့၏။ အဘာဝေါ၊ မရှိခြင်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ခီဏပတ္တာနံ၊ကုန်ပြီးသောအတောင်ရှိကုန်သော။ ကောဉ္စာနံ၊ ကြိုးကြာငှက်တို့၏။ ဥပ္ပတိတွာ၊ ပျံ၍။ ဂမနာဘာဝေါဝိယ၊ မသွားနိုင်သကဲ့သို့။ ဣမေသံ၊ ဤသေဋ္ဌေးမောင်နှံတို့၏။ ဣဒါနိ၊ ယခုအခါ၌။ ဇလေ ထလေ ပထာဒီဟိပိ၊ ရေကြောင်းကုန်းကြောင်း စသည်တို့ဖြင့်လည်း။ ဘောဂေ၊ ဥစ္စာတို့ကို။ သဏ္ဌာပေတုံ၊ တည်စေခြင်းငှါ။ အသမတ္ထဘာဝေါ၊ မစွမ်းနိုင် သည်၏ အဖြစ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တေ၊ ထိုလူမိုက်တို့သည်။ ခီဏပတ္တာ၊ ကုန်ပြီးသောအတောင်ရှိကုန်သော။ ဇိဏ္ဏကောဉ္စာ၊ ထိုကြိုးကြာ ငှက်တို့သည်။ အဝဈာယန္တိဣဝ၊ ကြံမှိုင်သကဲ့သို့။ တတ္ထေဝ၊ ထိုကြိုးကြာငှက်အဝတ္ထုများ၊ ဗဇ္ဈိတွာ၊

ငိုမြည်တမ်း၍။ အဝစျာယန္တိ၊ ကြုံမှိုင်ရကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ စာပါတိခီဏာဝါတိ၊ စာပါတိခီဏာဝ ဟူသည်ကား။ စာပတော၊ လေးမှ။ အတိခီဏာ၊ အဟုန်ကုန်ပြီးသော။ စာပါလေးမှ။ ဝိနိမုတ္တာ၊ လွတ်သော။ မြားတည်း။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ စာပါ၊ လေးမှ။ ဝိနိမုတ္တာ၊ လွတ်ကုန်သော။ သရာ၊ မြားတို့သည်။ ဝေဂံ၊ အဟုန်ရှိသမျှကာလပတ်လုံး။ ဂန္တွာ၊ သွား၍။ ပတိတာ၊ ကျ၏။ တံ၊ ထိုမြားကို။ ဂဟေတွာ ဥက္ခိပန္တော၊ ကောက်ယူသော သူသည်။ အသတိ၊ မရှိသော်။ တတ္ထေဝ၊ ထိုကျရာအရပ်၌လျှင်။ ဥပစိကာနံ၊ ခြတို့၏ ဘတ္တံ၊ အစာသည်။ ဟောန္တိ ယထာ၊ ကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣမေပိ၊ ဤသေဋ္ဌေးသား မောင်နှံတို့သည် လည်း။ တယော ဝယေ၊ အရွယ်သုံးပါးတို့ကို။ အတိက္ကန္တာ၊ လွန်ကုန်လျက်။ ဣဒါနိ၊ ယခုအခါ၌လျှင်။ အတ္တာနံ၊ ကို။ ဥဒ္ဓရိတုံ၊ ထုတ်ခြင်းငှါ။ အသမတ္ထတာယ၊ မစွမ်း နိုင်သည်၏ အဖြစ်ကြောင့်။ မရဏံ၊ သေခြင်းသို့။ ဥပဂမိဿန္တိ၊ လတ္တံ့။ တေန၊ ထိုကြောင့်။ သေန္တိစာပါတိခီဏာဝါတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပုရာဏာနိအနုတ္ထုနန္တိ၊ နံဟူသည်ကား။ ဣတိ၊ ဤသို့။ အမေဟိ၊ ငါတို့သည်။ ဣဒံ၊ ဤဥစ္စာကို။ ခါဒိတံ၊ စားအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ရှေး၌။ ခါဒိတပိဝိတနစ္စ ဂီတဝါဒိတာဒီနိ၊ စားသောက်ခြင်း ကခြင်း သီခြင်း တီးမှုတ်ခြင်း စသည်တို့ကို။ ကတာနိ၊ ပြုအပ်သည်တို့ကို။ အနုတ္ထုနန္တာသောစန္တာ၊ အဘန်တလဲလဲ စိုးရိမ်ခြင်း ရှိယည်ဖြစ်၍ ကြည်းညည်းလျက်။ သေန္တိ၊ အိပ်ဒကုန်၏။ ဣတိ အတ္ထော၊ ဤသည် ကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန် သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

နဝမံ၊သော။ မဟာဓနသေဋ္ဌိပုတ္တဿဝတ္ထု၊သည်။
ဣတိသမတ္တော၊ ပြီးပြီ။
ဇရာဝဂ္ဂဝဏ္ဏနာ၊သည်။ နိဋ္ဌိတာ၊ ပြီးပြီ။
ဧကာဒသမော၊သော။ ဝဂ္ဂေါ၊သည်။
နိဋ္ဌိတော၊ ပြီးပြီ။

---

၁၂=အတ္တဝဂ္ဂ။ ၁-ဗောဓိရာဇကုမာရဿဝတ္ထု။

(တဆယ့်တခုတို့၏ ပြည့်ကြောင်းဖြစ်သော ထိုဝတ္ထုတို့ဖြင့် မှတ်အပ် သော အစုရှိသော ဇရာဝဂ်၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍

ယာဉ်အခါ တဆယ့်နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဆယ်ငတ္ထုကိုဖြင့် ပိုင်းခြားအပ်သော အစုရှိသော အတ္တဝဂ်၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသောအရှင်ဗုဒ္ဓဃောသဆရာသည် "အတ္တာနံစေ" တိ စသောပါဌ်ကို မိန့်သတည်း)။

"အတ္တာနံ စေ" တိ ဣမံ ဓမ္မဒေသနံ၊ အတ္တာနံစေ စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဘေသကဠာဝနေ၊ ပဲဇင်းခုန်တော၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဗောဓိရာဇကုမာရံ၊ ဗောဓိမင်းသားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုဗောဓိမင်းသားသည်။ ပထဝိတလေ၊ မြေအပြင်၌။ အညေဟိပါသာဒေဟိ၊ တပါးကုန်သော ပြာသာဒ်တို့နှင့်။ အသဒိသရူပံ၊ မတူသော အဆင်းရှိသော။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတမာနံပိယ၊ ပျံတက်သကဲ့သို့သော။ ကောကနုဒံနာမပါသာဒံ၊ ကောကနုဒအမည်ရှိသောပြာသာဒ်ကို။ ကာရေတွာ၊ ဆောက်လုပ်စေ၍။ ဝဍ္ဎကိံ၊လက်သမားကို။ ပုစ္ဆိကိရ၊ မေးသတတ်။ တယာ၊သင်သည်။ အညတ္တာပိ၊ တပါးသောအရပ်၌လည်း။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ပါသာဒေါ၊ ပြာသာဒ်ကို။ ကတပုဗ္ဗောကိံ၊ ပြုဘူးသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ တေ၊ သင်၏။ ဣဒံ၊ ဤသို့ ဆောက်လုပ်ခြင်းသည်။ ပဌမသိပ္ပမေဝကိံ ၊ ရှေးဦးစွာဖြစ်သော လက်မှု အတတ်သာလျှင်လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ အရှင်မင်းသား။ ပဌမသိပ္ပမေဝ၊ ရှေးဦးစွာ ပြုအပ်သော လက်မှု အတတ်သာလျှင်တည်း။ ဣတိဝုတ္တေ၊ ဤသို့ လျှောက်သည်ရှိသော်။ သော၊ ထိုဗောဓိ မင်းသားသည်။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤလက်သမားသည်၊ အညဿာပိ တပါးသူအားလည်း။ ဧဝရူပံပါသာဒံ၊ ဤသို့ သဘော ရှိသော ပြာသာဒ်ကို။ သစေ ကရိဿတိ၊ အကယ်၍ ပြုသည်ဖြစ်အံ့။ အယံပါသာဒေါ၊ ဤပြာသာဒ်သည်။ အနစ္ဆရိယော၊ အံ့ဘွယ်သရဲမရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣမံ၊ ဤလက်သမားကို။ မယာ၊ ငါသည်။ မာရေတုံဝါ၊ သတ်ခြင်းငှါလည်း။ အဿ၊ ထိုလက်သမား၏။ ဟတ္ထပါဒေ၊ လက်ခြေတို့ကို။ ဆိန္ဒိတုံဝါ၊ ဖြတ်ခြင်းငှါလည်း။ အက္ခီနိ၊ မျက်စိတို့ကို။ ဥပ္ပါဋေတုံဝါ၊ ထုတ်နုတ်ခြင်းငှါလည်း။ ဝဋ္ဋတိ၊ သင့်၏။ ဧဝံ၊ ဤသို့ပြုသည်ရှိသော်။ အညဿ၊ တပါးသောသူအား။ ပါသာဒံ၊ ပြာသာဒ်ကို။ နကရိဿတိ၊ မပြုလတ္တံ့။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သော၊ ထိုဗောဓိမင်းသားသည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အတ္တနော၊ မိမိ၏။ ပိယသဟာယကဿ၊ချစ်လှစွာသော အဆွေခင်ပွန်းဖြစ်သော။ သဉ္ဇိကာ ပုတ္တဿနာမ၊ သဉ္ဇိကအမည်ရှိသော။ မာဏဝကဿ၊ လုလင်ပျိုအား။ ကထေသိ၊ပြောဆို၏။ သော၊ ထိုလုလင်သည်၊ စိန္တေသိ၊ ကြံ၏။ နိဿံသယံ၊ယုံမှားမဲ့၊ ဧသော၊ဤဗောဓိမင်းသားသည်။ ဝဍ္ဎကိံ၊ လက်

သမားကို။ နာသေဿတိ၊ ဖျက်ဆီးလတ္တံ့။ အနဂ္ဃော သိပ္ပိယော၊ အဘိုးများစွာထိုက်သောအတတ်ရှိသောသူကို။ မယိ၊ ငါသည်။ ပဿန္တေ၊ မြင်လျက်၊ မာနဿတု၊ မပျက်စေလင့်။ အဿ၊ ထိုသူအား။ သညံ၊ အမှတ်ကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ စိန္တေသိ၊ ဤသို့ကြံ၏။ သော၊ ထိုလုလင်သည်။ တံ၊ ထိုလက်သမားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သမ္မ၊ အချင်းလက်သမား။ ရာဇကုမာရော၊ သည်။ ပါသာဒေ၊ ပြာသာဒ်၌။ တေ၊ သင်၏။ ကမ္မံ၊ ပြုဘွယ်ကိစ္စသည်။ နိဋ္ဌိတံ ကိံ၊ ပြီးပြီလော။ နော၊ မပြီးသေးလော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးသောကြောင့်။ နိဋ္ဌိတံ၊ ပြီးပါပြီ။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ တံ၊ သင့်ကို။ နာသေတုကာမော၊ ဖျက်ဆီး လို၍။ အတ္တာနံ၊ ကိုယ်ကို။ ရက္ခေယျာသိ၊ စောင့်လေးလော့။ ဣတိ အာဟ၊ ဤသို့ဆို၏။

ဝဍ္ဎကိပိ၊ လက်သမားသည်လည်း။ သာမိ၊ အရှင်သိန်းစည်းသား။ မမ၊ အကျွန်ုပ်အား။ အာရောစေန္တေန၊ ကြားစေသဖြင့်။ ဘဒ္ဒကံ ကတံ၊ ကောင်းစွာပြုပေ၏။ အဟံ၊ အကျွန်ုပ်သည်။ ဧတ္ထ၊ ဤအရာ၌။ ကတ္တဗ္ဗံ၊ ပြုအပ်ပြုသင့် ပြုထိုက်ပြုဘွယ်ပြုရာကို။ ဇာနိဿာမိ၊ သိရအံ့။ ဣတိ ဝတွာ၊ ဤသို့ပြောဆိုပြီး၍။ သမ္မ၊ အချင်း။ အမှာကံ၊ ငါတို့၏။ ပါသာဒေ၊ ပြာသာဒ်၌။ ကမ္မံ၊ ပြုအပ်သော အမှုသည်။ နိဋ္ဌိတံ ကိံ၊ ပြီးပြီလော။ ဣတိ၊ ဤသို့။ ရာဇကုမာရေန၊ မင်းသားသည်။ ပုဋ္ဌော၊ မေးသည်ရှိသော်၊ ဒေဝ၊ အရှင်မင်းကြီး။ နတာဝနိဋ္ဌိတံ၊ မပြီးပါသေး။ အဝသိဋ္ဌံ၊ လုပ်ရန်အကြွင်းသည်။ ဗဟု၊ များသေး၏။ ဣတိ အာဟ၊ ဤသို့ဆို၏။ အဝသိဋ္ဌံ၊ လုပ်ရန်အကြွင်းဖြစ်သော။ ကမ္မံနာမ၊ အမှုမည်သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ ဒေဝ၊ မင်းကြီး။ ပစ္ဆာ၊ နောက်မှ။ အာစိက္ခိဿာမိ၊ ကြားပါအံ့။ ဒါရူနိ၊ သစ်တို့ကို။ တာဝ၊ ရှေးဦးစွာ။ အာဟရာပေထ၊ ဆောင်ခဲ့ပါစေလော့။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ဒါရူနိနာမ၊ သစ်တို့မည်သည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မင်းက မေးသည် ရှိသော်။ ဒေဝ၊ အရှင်မင်းကြီး၊ နိဿာရာနိ၊ အနှစ်မရှိကုန်သော။ သုက္ခဒါရူနိ၊ ခြောက်သောသစ်တို့တည်း။ ဣတိ၊ ဤသို့ဆိုသော်။ သော၊ ထိုဗောဓိမင်းသားသည်။ အာဟရာပေတွာ၊ ဆောင်စေ၍။ အဒါသိ၊ ပေး၏။ အထ၊ ထိုသို့ပေးသောအခါ၌။ နံ၊ ထိုဗောဓိမင်းသားကို။ အာဟ၊ ဆိုလေ၏။ ဒေဝ၊ အရှင်မင်းကြီး။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ မမ၊ အကျွန်ုပ်၏။ သန္တိကံ၊ အထံသို့။ နာဂန္တဗ္ဗံ၊ မလာလင့်။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိ၊ ထိုစကား သင့်စွ။ သုခုမကမ္မံ၊ သိမ်မွေ့နူးညံ့သော ပန်း ချိုးနွယ် စသော ဆန်းကြယ်စွာသော အမှုကို။ ကရောန္တဿ၊ ပြုစဉ်။ အညေဟိ၊ တပါးသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ သလ္လာပေ၊ စကားပြောဟောခြင်းသည်။ သတိ၊ ရှိသော်။ ကမ္မဝိက္ခေပေါ၊ အပြောက်ထုရာ

အမှု၌ စိတ်ပျံ့လွင့်သည်။ ဟောဘိ၊ ဖြစ်၏။ အာဟာရ ဝေလာယံပန၊ ထမင်း စားသောအခါ၌ကား။ မေ၊ အကျွန်ုပ်၏။ ဘရိယာဝ၊ မယားသည်သာလျှင်။ အာဟာရံ၊ ထမင်းကို။ အာဟရိသာတိပို့ သာရုလတ္တံ။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ရာဇကုမာရောစ၊ မင်းသားသည်လည်း။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိ၊ ဝန်ခံ၏။

သောပိ၊ ထို လက်သမား သည်လည်း။ ဧကသ္မိံ ဂေဟေ၊ တခုသော တိုက်၌။ နိသီဒိတွာ၊ နေ၍။ တာနိဒါရူနိ၊ ထိုသစ်တို့ကို။ တစ္ဆေတွာ၊ ဖြတ်၍။ အဋ္ဌနေဝ ပုတ္တဒါရေဿ၊ မိမိသား မယားကို။ အန္တော၊ အထဲ၌။ နိသီဒနယောဂ္ဂံ၊ နေခြင်းငှါသောက်သော။ ဂရုဠသကုဏံ၊ ဂဠုန်ငှက်ကို။ ကတွာ၊ ပြီးစွာထုလုပ်၍။ အာဟာရဝေလာယ ပန၊ ထမင်းပို့လာသော အခါ၌ကား။ ဘရိယံ၊ မကားကို။ အာဟ၊ ဆို၏။ ဂေဟေ၊ အိမ်၌။ ဝိဇ္ဇမာနကံ၊ ထင်ရှားရှိသော။ သဗ္ဗံ၊ အလုံးစုံသော ဥစ္စာကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ဟိရညသုဝဏ္ဏံ၊ ရွှေငွေကို။ ဂဏှာဟိ၊ ယူခဲ့လော့။ ဣတိ အာဟ၊ ဤသို့ မှာ၏။ ရာဇကုမာရောပိ၊ မင်းသား သည်လည်း။ ဝဍ္ဎကိဿ၊ လက်သမား၏။ အနိက္ခမနတ္ထာယ၊ ပတွက် သွားစေ ခြင်းငှါ။ ဂေဟံ၊ အိမ်ကို။ ပရိက္ခိပေတွာ၊ ရံစေ၍။ အာရက္ခံ၊ အစောင့် အရှောက်ကို။ ထပေသိ၊ ထား၏။ ဝဍ္ဎကိပိ၊ လက်သမားသည်လည်း။ သကုဏဿ၊ ဂဠုန်ငှက်ရုပ်၏။ နိဋ္ဌိတကာလေ၊ ထုလုပ်၍ ပြီးသောကာလ၌။ အဇ္ဇ၊ ယနေ့၊ သဗ္ဗေပိ ဒါရကေ၊ အလုံးစုံသော သားငယ် သမီးငယ်တို့ကို။ ဂဟေတွာ၊ ခေါ်၍၊ အာဂစ္ဆေယျာသိဟိ၊ လာခဲ့လော့ဟူ၍။ ဘရိယံ၊ မယားကို။ ဝတွာ၊ ခေါ်၍။ ဘုတ္တပါတရာသော၊ နံနက်စာ စားပြီးသည်ရှိသော်။ ပုတ္တဒါရံ၊ သားမယားကို။ သကုဏဿ၊ ဂဠုန်ငှက်၏။ ကုစ္ဆိယံ၊ ဝမ်း၌။ နိသီဒါပေတွာ၊ နေစေ၍။ ဝါတပါနေန၊ လေသာ ပြူတင်းပေါက်ဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ ပလာယတိ၊ ပြေး၏။ ဒေဝ၊ မင်းကြီး။ ဝဍ္ဎကိ၊ လက်သမားသည်။ ပလာယတိတိ၊ ပြေးပြီဟူ၍။ တေသံ၊ ထိုအစောင့် ထားသော မင်းချင်းတို့၏။ ကန္ဒန္တာနံ ယေဝ၊ ကြွေးကြော်ကုန်စဉ်ပင်လျှင်။ သော၊ ထိုလက်သမားသည်။ ဂန္တွာ၊ သွား၍။ ဟိမဝန္တေ၊ ဟိမဝန္တာ၌။ ဩတရိတွာ၊ သက်ဆင်း၍။ ဧကံ နဂရံ၊ မြို့တခုကို။ မာပေတွာ၊ ဘန်ဆင်း၍။ ကဋ္ဌဝါဟနရာဇာ နာမ၊ ကဋ္ဌဝါဟန အမည်ရှိသော မင်းသည်။ ဇာတော၊ ဖြစ်၏။

ရာဇကုမာရောပိ၊ ဗောဓိမင်းသား သည်လည်း။ ပါသာဒမဟံ၊ ပြာသာဒ်ပူဇော်ခြင်းကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ နိမန္တေတွာ၊ ဘိတ်၍။ ပါသာဒေ၊ ပြာသာဒ်၌။ ... ဂန္ဓေဟိ၊ လေးပါးသော ... သာမျိုးတို့ဖြင့်၊ ပရိဘာဝိတံ ကတွာ၊ ... ကိုပြု၍။ ... ဥမ္မာရဂေဟာ၊

ရှေးဦးစွာသော တံခါးခုံ၌။ ပဌာယ၊ စ၍။ စေလပဋိကံ၊ ပုဆိုးအခင်းကို။ ပတ္ထရိ၊ ဖြန့်ခင်း၏။ သော၊ ထိုဗောဓိမင်းသားသည်။ အပုတ္တကော ကိရ၊ သားမရှိခဲ့သတတ်။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ ပုတ္တံ ဝါ၊ သားကိုဒင်း၊ ဓီတရံ ဝါ၊ သမီးကိုဒင်း၊ သစေ လစ္ဆာမိ၊ အကယ်၍ အခေါ်အပြောရပါသည်ဖြစ်အံ့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမံ၊ ဤပုဆိုးအခင်းကို။ အက္ကမိဿတိ၊ နင်းတော်မူလတ္တံ့။ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ ပတ္ထရိ၊ ဖြန့်ခင်း၏။ သော၊ ထိုမင်းသားသည်။ သတ္ထုရိ၊ ဘုရားသခင်သည်။ အာဂတေ၊ ကြွလာသည်ရှိသော်။ သတ္ထာရံ၊ ဘုရားသခင်ကို။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ ဘန္တေ၊ အရှင်ဘုရား။ ပဝိသထ၊ ဝင်တော်မူပါကုန်လော့။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ န ပါဝိသိ၊ ဝင်တော်မမူ။ သော၊ ထိုဗောဓိမင်းသားသည်။ ဒုတိယမ္ပိ၊ နှစ်ကြိမ်ဒင်း။ တတိယမ္ပိ၊ သုံးကြိမ်ဒင်း။ ယာစိ၊ တောင်းပန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ အပဝိသိတွာဝ၊ မဝင်မူ၍လျှင်။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ ဩလောကေတိ၊ ကြည့်၏။ ထေရော၊ အရှင်အာနန္ဒာမထေရ်သည်။ ဩလောကိတ သညာယေဝ၊ ကြည့်တော်မူသော အမှတ်ဖြင့်လျှင်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အနက္ကမဘာဝံ၊ နင်းတော်မမူလိုသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ရာဇကုမာရ၊ ဗောဓိ မင်းသား။ ဒုဿာနိ၊ ပုဆိုးတို့ကို။ သံဟရတု၊ ယုတ်လော့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ စေလပဋိကံ၊ ထိုပုဆိုးအခင်းကို၊ န အက္ကမိဿတိ၊ မနင်းလတ္တံ့။ ပစ္ဆိမဇနတံ၊ နောင်လာသူအပေါင်းကို။ တထာဂတော၊ ဘုရားသခင်သည်။ ဩလောကေတိ၊ ကြည့်တော်မူ၏။ ဣတိတသ္မာ ထိုကြောင့်။ ဒုဿာနိ၊ ပုဆိုး အခင်းတို့ကို။ သံဟရာပေသိ၊ ယုတ်စေ၏။

သော၊ ထိုဗောဓိမင်းသားသည်။ ဒုဿာနိ၊ ပုဆိုးတို့ကို။ သံဟရေတွာ၊ ယုတ်စေပြီး၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ အန္တောနိဝေသနံ၊ အိမ်တွင်းသို့။ ပဝေသေတွာ၊ ဝင်စေ၍။ ယာဂုခဇ္ဇကေန၊ ယာဂုခဲဘွယ်ဖြင့်။ သမ္မာနေတွာ၊ ကောင်းစွာ မြတ်နိုးစေ၍။ ဧကမန္တံ၊ တင့်အပ် လျှောက်ပတ်သော အရပ်၌။ နိသိန္နော၊ နေလျက်လျှင်။ ဝန္ဒိတွာ၊ ရှိခိုး၍။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဥပကာရကော၊ ဒါယကာ တည်း။ တိက္ခတ္တုံ၊ သုံးကြိမ်။ သရဏံ ဂတော၊ ကိုးကွယ်ခြင်းသို့ ရောက်၏။ ကုစ္ဆိဂတောဧ၊ အမိဝမ်း၌ တည်လျက်လည်း။ ဧကဝါရံ၊ တကြိမ်။ သရဏံဂတော၊ ကိုးကွယ်ခြင်းသို့ ရောက်၏။ အကိမှိ၊ ဖြစ်သတတ်။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ တရုဏဒါရက ကာလေ၊ လုလင်ပျို ငယ်ရွယ်သော ကာလ၌။ သရဏံဂတော

ကိုးကွယ်ခြင်းသို့ ရောက်၏။ တတိယံ၊ သုံးကြိမ်။ ပိညုတ ဘာဝံ၊ သိကြား လိမ္မာ သည်၏အဖြစ်သို့၊ ပတ္တကာလေ၊ ရောက်သော်ကာလ၌။ သရဏာဂတော၊ ကိုးကွယ် ခြင်းသို့ရောက်၏။ ကသ္မာ၊ အဘယ်ကြောင့်။ တဿ မေ၊ ထိုအကျွန်ုပ်၏၊ စေလ ပဋိကံ၊ ပုဆိုးအခင်းကို။ န အက္ကမိတ္ထ၊ နင်းတော်မမူကုန်သနည်း။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ ကုမာရ၊ မင်းသား။ တွံ၊ သင်သည်။ ကိံ ပန၊ အဘယ်သို့။ စိန္တေတွာ၊ ကြံ၍။ စေလာနိ၊ ပုဆိုးတို့ကို။ အတ္ထရိ၊ ခင်းသနည်း။ ဣတိ၊ ဤသို့ မေး၏။ ပုတ္တံဝါ၊ သားကိုငှင်း၊ ဓီတရံဝါ၊ သမီးကိုငှင်း။ သစေ လစ္ဆာမိ၊ အကယ်၍ ရပါငြားအံ့။ သတ္ထာ၊ ဘုရားသခင်သည်။ မေ၊ငါ၏။ စေလပဋိကံ၊ပုဆိုးအခင်း ကို။ အက္ကမိဿတိ၊ နင်းလတ္တံ့။ ဘန္တေ၊အရှင်ဘုရား။ ဣတိ ဣဒံ၊ ဤအကြောင်း ကို။ စိန္တေတွာ၊ အကြံရှိသောကြောင့်။ အတ္ထရိံ၊ ခင်းပေ၏။ ဣတိ၊ လျှောက်၏။ တေနေဝ၊ ထိုကြောင့်လျှင်။ အဟံ၊ ငါဘုရားသည်။ တံ၊ ထိုအခင်းကို။ နအက္ကမိံ၊ မနင်းပြီ၊ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ကိံ ပန၊ အဘယ့်ကြောင့်။ ပုတ္တံဝါ၊ သားကိုငှင်း။ ဓီတရံဝါ၊ သမီးကိုငှင်း။ နေဝ လစ္ဆာမိ၊ မရလေသနည်း။ ဣတိ ပုဋ္ဌော၊ ဤသို့မေး၏။ ကုမာရ၊ မင်းသား။ အာမ၊ ဧကန်သားမရလတ္တံ့သည် မှန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ကာရဏာ၊ အ ကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ ပုဋ္ဌော၊ ဤသို့မေး၏။ ပုရိမကအတ္တ ဘာဝေ၊ ရှေးဖြစ်သောကိုယ်၏ အဖြစ်၌။ ဇာယာယ၊ မယားနှင့်။ သဒ္ဓိံ၊ တကွ။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ အာပန္နတ္တာ၊ ရောက်သောကြောင့်တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊အရှင်ဘုရား။ ကိသ္မိံ ကာလေ၊အဘယ်ကာလ၌ မေ့လျော့ ခြင်းသို့ ရောက်လေသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုဗောဓိမင်းသားအား။ သတ္ထာ၊ ဘုရားသခင်သည်။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်၍။ ဒေသေသိ၊ ဟောတော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ အနေကသတမနုဿာ၊အရာမကများစွာ ကုန်သော သူတို့သည်။ မဟတိယာ နာဝါယ၊ များစွာသော လှေသင်္ဘော ဖြင့်။ "ကြီးစွာသော လှေသင်္ဘော ဖြင့်လည်းဟူ"။ သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပက္ခန္ဒိံသု၊ လွင့် ကုန်၏။ နာဝါ၊ လှေသင်္ဘောသည်။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဘိဇ္ဇိ၊ ပျက်၏။ ဒွေဇာယမ္ပတိကာ၊ လင်မယားနှစ်ယောက်တို့သည်။ ဧကံဖလကံ၊ ပျဉ်တခု ကို။ ဂဟေတွာ၊ ယူ၍။ အန္တရဒီပကံ၊ တခုသော ကျွန်းကြားသို့။ ပဝိသိံသု၊ ဝင်ကုန်၏။ သေသာ၊ ကြွင်းကုန်သောသူတို့သည်။ တတ္ထေဝ၊ ထိုသင်္ဘော ပျက်ရာ၌ သာလျှင်။ မရိံသု၊ သေကုန်၏။ တသ္မိံ ခေါ ပန ဒီပကေ၊ ထိုကျွန်း၌။ မဟာ သကုဏသံဃော၊ များစွာသော ငှက်အပေါင်းသည်။ ဝသတိ၊ နေ၏။ တေ၊ ထို

လင်မယားနှစ်ယောက်တို့သည်။ ခါဒိတဗ္ဗကံ၊ စားအပ်သော။ အညံ၊တပါးသော ခဲဘွယ်ဘောဇဉ်ကို။ အဒိသွာ၊ မမြင်မူ၍။ ဆာတစ္ဆတ္တာ၊ မွတ်သိပ် ဆာလောင် ခြင်းကြောင့်။ သကုဏအဏ္ဍာနိ၊ ငှက်ဥတို့ကို။ အင်္ဂါရေသု၊ မီးကျီးစုတို့၌။ ပစိတွာ၊ ဖုတ်ကင်၍။ ခါဒိံသု၊ စားကုန်၏။ ဟေသု၊ ထိုငှက်ဥတို့သည်။ အပ္ပဟောန္တေသု၊ မလောက်ကုန်သည်ရှိသော်။ သကုဏစ္ဆာပေ၊ ငှက်ငယ်တို့ကို။ ဂဟေတွာ၊ဘမ်း၍။ ခါဒိံသု၊ စားကုန်၏။ ဝေ၊ ဤသို့။ ပဌမဝယေပိ၊ ပဌမအရွယ်၌ရှင်း။ မဇ္ဈိမ ဝယေပိ၊ မဇ္ဈိမအရွယ်၌ရှင်း။ ပစ္ဆိမဝယေပိ၊ ပစ္ဆိမအရွယ်၌ရှင်း။ ခါဒိံသုယေဝ၊ စားကုန်သည်သာလျှင်တည်း။ ကေသိံပိ ဝယေ၊ တခုသောအရွယ်၌လည်း။ အပ္ပ မာဒံ၊ မမေ့မလျော့ခြင်းသို့။ နာပဇ္ဇိံသု၊ မရောက်ကုန်။ နေသံ၊ ထိုခင်ပွန်းနှစ် ယောက်တို့တွင်။ ဧကောပိ၊ တယောက်သည်လည်း။ အပ္ပမာဒံ၊ မမေ့မလျော့ ခြင်းသို့။ နာပဇ္ဇိ၊ မရောက်။ သတ္ထာ၊ ဘုရားသခင်သည်။ တဿ၊ ထိုဗောဓိကုမာရ ၏။ ဣဒံ ပုဗ္ဗကမ္မံ၊ ဤမကောင်းမှုကို။ ဒဿေတွာ၊ ပြပြီး၍။ ကုမာရ၊ မင်းသား။ တွံဟိ၊ သင်လျှင်။ တဒါ၊ ထိုအခါ၌။ ဧကသ္မိံပိဝယေ၊တခုခုသောအရွယ်၌လည်း။ ဘရိယာယ၊ မယားနှင့်။ သဒ္ဓိံ၊တကွ။ အပ္ပမာဒံ၊ မမေ့မလျော့ခြင်းသို့။ သစေ အာပဇ္ဇိဿ၊ အကယ်၍ရောက်သည်ဖြစ်အံ့။ ကေသိံပိဝယေ၊ တခုခုသော အရွယ်၌ လည်း။ ပုတ္တောဝါ၊ သားသည်ရှင်း။ ဓီတာဝါ၊ သမီးသည်ရှင်း။ ဥပ္ပဇ္ဇေယျ၊ ဖြစ် လေရာ၏။ ဝေါ၊ သင်နှစ်ယောက်တို့တွင်။ ဧကောပိ၊ တယောက်ယောက် သည် လည်း။ အပ္ပမတ္တော၊ မမေ့မလျော့။ သစေ ပန အဘဝိဿ၊ အကယ်၍ မဖြစ် ပြီးအံ့။ တံ၊ ထိုမမေ့မလျော့သော သူကို။ ပဋိစ္စ၊ စွဲ၍။ ပုတ္တောဝါ၊သားသည်ရှင်း။ ဓီတာဝါ၊ သမီးသည်ရှင်း။ ဥပ္ပဇ္ဇိဿ၊ ဖြစ်ရာ၏။ ကုမာရ၊ မင်းသား။ အတ္တာနံ၊ မိမိ ကိုယ်ကို။ ပိယံ၊ ချစ်မြတ်နိုးအပ်သည်ကို။ မညမာနေန၊ အောက်မေ့သဖြင့်။ တီသုပိ ဝယေသု၊ အရွယ်သုံးပါးတို့၌လည်း။ အပ္ပမတ္တေန၊ မမေ့မလျော့ ခြင်းဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခိတဗ္ဗောဟိ-ရက္ခိတဗ္ဗောဝေ၊ စောင့်ရှောက် အပ်သလျှင် ကတည်း။ ဧဝံအသက္ကောန္တေန၊ဤသို့အရွယ်သုံးပါး၌ စောင့်ရှောက်ခြင်းငှါ မတတ် နိုင်သောသူသည်။ ဧကဝယေပိ၊ တခုသော အရွယ်၌လည်း။ ရက္ခိတဗ္ဗော ယေဝ၊ စောင့်ရှောက်အပ်သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၅၇။ ။အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်မြတ်နိုး အပ်သည်၏ အဖြစ်ကို။ စေဇာနာ၊ အကယ်၍ သိငြားအံ့။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်အပ်သော။ နံ၊ ထိုကိုယ်ကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ပဏ္ဍိတော၊ပညာရှိသောသူသည်။

တိဏ္ဏံ၊ သုံးပါးသော အရွယ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ယာမံ၊ အရွယ်ကို။ ပဋိဇဂ္ဂေယျ၊ သုတ်သင်ရာ၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယာမန္တိ၊ ယာမံဟူသည်ကား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အတ္တနောဂမ္မီယရဟာယစ၊ ကိုယ်တော်သာ တရားကို အစိုးရသည်၏အဖြစ်ကြောင့်ရှင်း။ ဒေသနာကုလတာယစ၊ တရားဒေသနာ၌ လိမ္မာတော်မူသည်၏အဖြစ်ကြောင့်ရှင်း။ ဣဓ၊ ဤဂါထာ၌။ တိဏ္ဏံဝယာနံ၊ သုံးပါးသောအရွယ်တို့တွင်။ အညတရံဝယံ၊ တပါးပါးသော အရွယ်ကို။ ယာမန္တိ၊ ယာမံဟူ၍။ ကတွာ၊ ပြုလျက်။ ဒေသေတိ၊ ဟောတော်မူ၏။ တသ္မာ၊ ထိုကြောင့်။ ဧတ္ထ၊ ဤဂါထာ၌။ ဝေ့အတ္ထော၊ ဤသို့ဆိုလတ္တံ့သောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အတ္တာနံ၊ ကိုယ်ကို။ ပိယံ၊ ချစ်အပ်သည်ကို။ သစေဇာနေယျ၊ အကယ်၍သိငြားအံ့။ ရက္ခေယျနံ သုရက္ခိတန္တိ၊ ရက္ခေယျနံ သုရက္ခိတံ ဟူသည်ကား။ ယထာ၊ အကြင်အခြင်းဖြင့်။ သော၊ ထိုသူသည်။ သုရက္ခိတော၊ ကောင်းစွာစောင့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့သောအခြင်းဖြင့်။ နံ၊ ထိုကိုယ်ကို။ ရက္ခေယျ၊ စောင့်ရာ၏။ တတ္ထ၊ ထိုကိုယ်ကိုစောင့်သောသူအပေါင်းတို့တွင်။ ဂိဟိသမာနော၊ လူဖြစ်သောသူသည်။ အတ္တာနံ၊ ကိုယ်ကို။ ရက္ခိဿာမိတိ၊ စောင့်အံ့ဟူ၍။ ဥပရိပါသာဒတလေသု၊ အထက် ပြာသာဒ်ပြင်တို့၌။ သုသံဝုတံ၊ ကောင်းစွာပိတ်အပ်သော။ ဂဗ္ဘံ၊ တိုက်သို့။ ပဝိသိတွာ၊ ဝင်၍။ သမ္ပန္နာရက္ခော၊ ပြည့်စုံသော စောင့်ရှောက်ခြင်းရှိသည်။ ဟုတွာ၊ ၍။ ဝသန္တော၊ နေသည်။ သစေပိ ဟောတိ၊ အကယ်၍ မူလည်းဖြစ်အံ့။ ပဗ္ဗဇိတော ဟုတွာ၊ ရဟန်းဖြစ်၍။ သုသံဝုတေ၊ ကောင်းစွာ လုံခြုံသော။ ပိဟိတဒွါရဝါတပါနေ၊ ပိတ်အပ်သော တံခါးမ လေသာပြူတင်းရှိသော။ လေဏေ၊ လိုဏ်ဥမင်၌။ ဝိဟရန္တော၊ နေသည်။ သစေပိဟောတိ၊ အကယ်၍ မူလည်းဖြစ်အံ့။ အတ္တာနံ၊ ကိုယ်ကို။ ရက္ခိတံနာမ၊ စောင့်ခြင်းမည်သည်သာလျှင်။ န ဟောတိ၊ မဖြစ်။ ပန၊ အစောင့်မည်သည်ကို ဆိုဦးအံ့။ ဂိဟိသမာနော၊ လူဖြစ်သောသူသည်။ ယထာဗလံ၊ အစွမ်းအားလျော်စွာ။ ဒါနသီလာဒီနိ၊ အလှူပေးခြင်း သီလဆောက်တည်ခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောန္တော၊ ပြုသောသူသည်။ အတ္တာနံ၊ ကိုယ်ကို။ ရက္ခိတံနာမ၊ စောင့်သည်မည်၏။ ပဗ္ဗဇိတော ပန၊ ရဟန်းဖြစ်သောသူမည်သည်ကား၊ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံစွာ။ ပရိယတ္တိံ မနသိကာရေန ပရိယတ္တိသာသနာကို ဆောင်ခြင်း အသင့်နှလုံးသွင်းခြင်းဖြင့်။ ဥဿုက္ကံ၊ လုံ့လပြုခြင်းသို့။ အာပဇ္ဇန္တော၊ ရောက်သောရဟန်းသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခတိနာမ၊ စောင့်သည်မည်၏။ ဧဝံ၊ ဤသို့။ တီသုဝယေသု၊ အရွယ်သုံးပါးတို့၌။ အသက္ကောန္တော၊ မတတ်နိုင်သော။ ပဏ္ဍိတပုရိသော၊ ပညာရှိသော ယောက်ျားသည်။ အညတရေ ဝါပိ ဝယေ၊ တပါး

ပါးသော အရှယ်၌လည်း။ အတ္တာနံ၊ ကိုယ်ကို။ ပဋိဇဂ္ဂိယေဝ၊ စောင့်ရှောက်အပ်သည်သာလျှင်တည်း၊ ဟိ၊ ထိုစကားသင့်စွ။ ဂိဟိဘူတော၊ လူဖြစ်သောသူသည်၊ ပဌမဝယေ၊ ရှေးဦးစွာသော အရွယ်၌။ ခိဍ္ဍပသုတတာယ၊ မြူးတူးရွှင်ပခြင်းဖြင့် လေ့လာသည်၏အဖြစ်ကြောင့်။ ကုသလံ၊ ကုသိုလ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ သစေ နသက္ကောတိ၊ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့။ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ အပ္ပမတ္တေန၊ မမေ့မလျော့ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကုသလံ၊ ကုသိုလ်ကို။ကာတဗ္ဗံ၊ ပြုအပ်၏။ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ ပုတ္တဒါရံ၊ သားမယားကို။ ပေါသေန္တော၊ ကျွေးမွေးရသည်၏ အဖြစ်ကြောင့်။ ကုသလံ၊ ကုသိုလ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ သစေ နသက္ကောတိ၊ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့။ ပစ္ဆိမဝယေ၊ ပစ္ဆိမအရွယ်၌။ ကာတဗ္ဗမေဝ၊ ပြုအပ်သည်သာလျှင်တည်း။ ဧဝံပိ၊ ဤသို့လည်း။ တေန၊ ထိုသူသည်။ အတ္တာ၊ ကိုယ်ကို။ ပဋိဇဂ္ဂိတော ဝ၊ စောင့်ရှောက် အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အကရောန္တဿပန၊ မပြုသောသူအား။ အတ္တာ၊ ကိုယ်ကို။ ပိယောနာမ၊ ချစ်သောသူမည်သည်။ နဟောတိ၊ မဖြစ်။နံ၊ ထိုမိမိကိုယ်ကို။ အပါယ ပရာယနမေဝ၊ အပါယ်သို့ လားခြင်းကိုသာလျှင်။ ကရောတိ၊ ပြု၏။ ပဗ္ဗဇိတော၊ ရဟန်းပြုသောသူသည်။ ပဌမဝယေ၊ ရှေးဦးစွာဖြစ်သော အရွယ်၌။ သဇ္ဈာယံ၊ သရဇ္ဈာယ်ခြင်းကို။ ကရောန္တော ဝါ၊ ပြုသည်ဖြစ်၍ရင်း။ ဓာရေန္တော ဝါ၊ ဆောင်သည်ဖြစ်၍ရင်း။ ဝါစေန္တော ဝါ၊ ကြံခြင်းဆင်ခြင်ခြင်း ပို့ချခြင်း ရှိသည်ဖြစ်၍ရင်း။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ သစေ ပန အာပဇ္ဇတိ၊ အကယ်၍ ရောက်သည်ဖြစ်အံ့။ မဇ္ဈိမဝယေ၊ မဇ္ဈိမအရွယ်၌။ အပ္ပမတ္တေန၊ မမေ့မလျော့သဖြင့်။ သမဏဓမ္မော၊ ရဟန်းတရားကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ပဌမဝယေ၊ ပဌမအရွယ်၌။ ဥဂ္ဂဟိတ ပရိယတ္တိယာ၊ သင်အပ်သော ပရိယတ်၌၊ အဋ္ဌကထံ ဝိနိစ္ဆယံ၊ အဋ္ဌကထာ အဆုံးအဖြတ်ကိုရင်း။ ကာရဏာကာရဏဉ္စ၊ အကြောင်း ဟုတ်သည်မဟုတ်သည်ကိုရင်း။ ပုစ္ဆန္တော၊ မေးလျက်၊ မဇ္ဈိမဝယေဝါ၊ မဇ္ဈိမ အရွယ်၌လည်း။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ သစေ အာပဇ္ဇတိ၊ အကယ်၍ ရောက်သည်ဖြစ်အံ့။ ပစ္ဆိမဝယေ၊ ပစ္ဆိမအရွယ်၌။ အပ္ပမတ္တေန၊ မမေ့ မလျော့သဖြင့်။ သမဏဓမ္မော၊ ရဟန်းတရားကို။ ကာတဗ္ဗော ယေဝ၊ ပြုအပ်သည်သာလျှင်တည်း။ ဧဝံပိ၊ ဤသို့ ပြုသော်လည်း။ တေန၊ ထိုသူသည်။ အတ္တာ၊ မိမိကိုယ်ကို။ ပဋိဇဂ္ဂိတော ဝ၊ စောင့်ရှောက် အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အကရောန္တဿပန၊ မပြုသောသူအား။ အတ္တာ၊ ကိုယ်ကို။ ပိယောနာမ၊ ချစ်သော သူမည်၏။ နဟောတိ၊ မဖြစ်။ ပစ္ဆာနုတာပေနေဝ၊ နောင်တပူပန်ခြင်းဖြင့်သာလျှင်။ နံ၊ ထိုကိုယ်ကို။ တာပေတိ၊ ပူပန်စေ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဒေသနာ၀သာနေ၊ ဒေသနာအဆုံး၌။ ရာဇကုမာရော၊ ဗောဓိမင်းသားသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း၊ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ သာတ္ထိကာ၊ အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ပဌမ၊ သော။ ဗောဓိရာဇကုမာရဝတ္ထု၊ သည်။
ဩတိသမတ္တံ၊ ပြီးပြီ။

---

၁၂-အတ္တဝဂ္ဂ။ ၂-ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု

(ဗောဓိကုမာရ မင်းသားဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္တဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ အရှင်ဥပနန်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အတ္ထဝဏ္ဏနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "အတ္တာန မေဝ ပဌမံ" စသောပါဌ်ကို မိန့်သတည်း။)

"အတ္တာနမေဝ ပဌမံ"န္တိ ဣမံ ဓမ္မဒေသနံ၊ အတ္တာနမေဝ ပဌမံ-အစရှိသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သကျပုတ္တံ၊ သာကီဝင်မင်းသားဖြစ်သော။ ဥပနန္ဒံ၊ အရှင်ဥပနန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သောထေရော၊ ထိုမထေရ်သည်။ ဓမ္မကထံ၊ တရားစကားကို။ ကထေတုံ၊ ဟောခြင်းငှာ။ ဆေကော၊ လိမ္မာသတတ်။ တဿ၊ ထိုအရှင်ဥပနန်၏။ အပ္ပိစ္ဆတာဒိပဋိသံယုတ္တံ၊ အလိုနည်းခြင်း အစရှိသည်နှင့်ယှဉ်သော။ ဓမ္မကထံ၊ တရားစကားကို။ သုတွာ၊ ၍။ ဗဟူ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ တံ၊ စီဝရေဟိ၊ သင်္ကန်းသုံးထည်တို့ဖြင့်။ ပူဇေတွာ၊ ပူဇော်၍။ ဓုတင်္ဂါနိ၊ ဓုတင်တို့ကို။ သမာဒိယိံသု၊ ကိရ၊ ဆောက်တည်ကုန်သတတ်။ တေဟိ၊ ထိုရဟန်းတို့သည်။ ဝိဿဋ္ဌပရိက္ခာရေ၊ စွန့်အပ်သော ပရိက္ခရာတို့ကို။ သောယေဝ၊ ထိုအရှင်ဥပနန်သည်သာလျှင်။ ဂဏှိ၊ ယူ၏။ သော၊ အရှင်ဥပနန်သည်။ ကေသိ၊ တခုသောအရပ်၌။ အန္တော၀ဿေ၊ ဝါ၏အတွင်း ဖြစ်သောလသည်။ ဥပကဋ္ဌေ၊ နီးသည်ရှိသော်။ ဇနပဒံ၊ ဇနပုဒ်သို့။ အဂမာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဥပနန်ကို။ ကေသိံ ဝိဟာရေ၊ တခုသော ကျောင်း၌။ ဒဟရသာမဏေရာ၊ သာမဏေငယ်တို့သည်။ ဘန္တေ၊ အရှင်ဘုရား။ ဓမ္မကထိကဝေမေနေ၊ တရားဟောခြင်း၌ ချစ်မြတ်နိုးသဖြင့်။ ဣဓ၊ ဤကျောင်း၌။ ဝဿံ ဥပေထ၊ ဝါကပ်တော်မူပါကုန်လော့။ ဣတိ၀တွာ၊ ဤသို့ လျှောက်ကြားသောကြောင့်။ ဣဓ၊ ဤကျောင်း၌။ ကိတ္တကံ၊ အဘယ်မျှလောက်သော။ ဝဿာ

ဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ လဘတိ၊ ရသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တေပိ၊ ထိုသာမဏေကလေးတို့သည်။ ဧကေကော သာဋကော၊ တထည်တထည်သော ပုဆိုးကိုရ၏။ ဣတိဝုတ္တေ၊ ဤသို့လျှောက်သည်ရှိသော်။ တတ္ထ၊ ထိုကျောင်း၌။ ဥပါဟနံ၊ ဘိနပ်ကို၊ ထပေတွာ၊ ထား၍။ အညံ ဝိဟာရံ၊ တပါးကျောင်းသို့။ အဂမာသိ၊ သွား၏။ ဒုတိယံ ဝိဟာရံ၊ နှစ်ခုမြောက်သော ကျောင်းသို့။ ဂန္တွာ၊ ရောက်၍။ ဣမံ၊ ဤကျောင်း၌။ ကိံ လဘတိ၊ အဘယ်မျှရသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးသောကြောင့်။ ဒွေသာဋကာ၊ နှစ်ထည်သော ပုဆိုးတို့ကိုရကုန်၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ကတ္တရယဋ္ဌိံ၊ တောင်ဝှေးကို။ ထပေသိ၊ ထား၏။ တတိယံ ဝိဟာရံ၊ သုံးခုမြောက်သော ကျောင်းသို့။ ဂန္တွာ၊ ရောက်၍။ ဣမ၊ ဤကျောင်း၌။ ကိံ လဘတိ အဘယ်မျှရသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တယော သာဋကာတိ၊ သုံးထည်သော ပုဆိုးတို့ကို ရကုန်၏ဟု။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ တတ္ထ၊ ထိုကျောင်း၌။ ဥဒကတုမ္ဗံ၊ ရေဗူးကို။ ထပေသိ၊ ထား၏။ စတုတ္ထံ ဝိဟာရံ၊ လေးခုမြောက်သော ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဣမ၊ ဤကျောင်း၌။ ကိံ လဘတိ၊ အဘယ်မျှရသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးသောကြောင့်။ စတ္တာရော သာဋကာတိ၊ လေးထည်သော ပုဆိုးတို့ကို ရကုန်၏ဟူ၍။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သာဓု၊ ကောင်းပြီ။ ဣမ၊ ဤကျောင်း၌။ ဝသိဿာမီတိ၊ နေအံ့ဟူ၍ ဝန်ခံလျက်။ တတ္ထ၊ ထိုကျောင်း၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ကပ်၍။ ဂဟဋ္ဌာနဉ္စေဝ၊ လူတို့အားလည်း။ ဘိက္ခုနဉ္စ၊ ရဟန်းတို့အားလည်း။ ဓမ္မကထံ၊ တရားစကားကို။ ကထေသိ၊ ဟော၏။ တေ၊ ထိုသူတို့သည်။ နံ၊ ထို အရှင်ဥပနန္ဒကို။ ဗဟူဟိ ဧဝ၊ များစွာကုန်သော အဝတ်ပုဆိုးတို့ဖြင့်လည်း။ စီဝရေဟိစ၊ သင်္ကန်းတို့ဖြင့်လည်း။ ပူဇေသုံ၊ ပူဇော်ကုန်၏။

သော၊ ထိုဥပနန္ဒသည်။ ဝုတ္ထဝဿော၊ ဝါကျွတ်ပြီးသည်ရှိသော်။ ဣတရေသုပိ၊ ဝါဆိုရာကျောင်းမှလည်း တပါးကုန်သော။ ဝိဟာရေသု၊ ကျောင်းတို့၌။ သာသနံ၊ သတင်းစကားကို။ ပေသေတွာ၊ စေလွှတ်၍။ မယာ၊ ငါသည်။ ပရိက္ခာရဿ၊ ပရိက္ခရာကို။ ထပိတတ္တာ၊ ထားသည်၏အဖြစ်ကြောင့်။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ လဒ္ဓဗ္ဗံ၊ ရထိုက်၏၊ တုမှေ၊ သင်တို့သည်။ ပဟိဏထ၊ ပို့လာကုန်လော့။ ဣတိ၊ ဤသို့ သတင်းစကားမှာ၏။ သဗ္ဗံ၊ အလုံးစုံကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ယာနကံ၊ လှည်းကို။ ပူရေတွာ၊ ပြည့်စေ၍။ ပါယာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ ဧကသ္မိံ ဝိဟာရေ၊ တခုသောကျောင်း၌။ ဒွေ ဒဟရဘိက္ခူ၊ ရဟန်းငယ်နှစ်ပါးတို့သည်။ ဒွေ သာဋကေ၊ ပုဆိုးနှစ်ထည်တို့ကိုလည်း။ ဧကဉ္စ ကမ္ဗလံ၊ ကမ္ဗလာ တထည်ကိုလည်း။ လဘိတွာ၊ ရ၍။ တုယှံ၊ သင်အား။ သာဋကာ၊ ပုဆိုးတို့သည်။ ဟောန္တု၊ ဖြစ်စေကုန်လော့။ မယှံ၊ ငါ့အား။ ကမ္ဗလော၊ ကမ္ဗလာသည်။

ဟောတု၊ ဖြစ်စေလော့။ ဣတိ၊ ဤသို့။ ဘာဇေတုံ၊ သဘောတူခွဲဝေခြင်းငှါ၊ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ မဂ္ဂသမီပေ၊ ခရီးအနီး၌။ နိသီဒိတွာ၊ ထိုင်၍။ ဝိဝဒန္တိ၊ အငြင်းအခုံဖြစ်ကုန်၏။ တေသံ၊ ထိုရဟန်းငယ်နှစ်ပါးတို့အား။ ထေရံ၊ ဥပနန်မထေရ်ကို။ အာဂစ္ဆန္တံ၊ လာသည်ကို။ ဒိသွာ၊ မြင်၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ နော၊ အကျွန်ုပ်တို့အား။ ဘာဇေတွာ၊ ညီမျှအောင်ဝေ၍။ ဒေထ၊ ပေးပါကုန်လော့။ ဣတိဝဒိံသု၊ ဤသို့ ဆိုကုန်၏။ တုမှေယေဝ၊ သင်တို့သည်ပင်လျှင်။ ဘာဇေထ၊ ဝေကြကုန်လော့။ ဣတိ၊ ဤသို့ ဥပနန်ဆိုလတ်သော်။ ဘန္တေ၊ ဘုရား။ နသက္ကောမ၊ ဝေခြင်းငှါမတတ်နိုင်ပါကုန်။ တုမှေ၊ အရှင်ဘုရားတို့သည်။ နော၊ အကျွန်ုပ်တို့အား။ ဘာဇေတွာ၊ ဝေ၍။ ဒေထ၊ ပေးပါကုန်လော့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ တေနဟိ၊ ထိုသို့ ဆိုကပြီးကား။ မမ၊ ၏။ ဝစနေ၊ စကား၌။ ဌဿထ၊ တည်ကုန်အံ့လော။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အာမ ဌဿာမ၊ ဩော်တည်ပါကုန်အံ့။ ဣတိ၊ ဤသို့ ဝန်ခံကုန်၏။ တေနဟိ၊ ထိုသို့ဆိုပါပြီးကား။ သာဓုဟိ၊ ကောင်းပြီဟူ၍။ တေသံ၊ ထိုရဟန်းနှစ်ဦးတို့အား။ ဒွေ သာဋကေ၊ ပုဆိုးနှစ်ထည်တို့ကို။ ဒတွာ၊ ပေး၍။ အယံ၊ ဤကမ္ဗလာ သက္ကလတ်သည်။ မဓမ္မကထေန္တာနံ၊ တရားဟောကုန်သော။ အမှာကံ၊ ငါတို့အား။ ပါရုပနာရဟော၊ ကိုယ်ရုံသင်္ကန်းပြုခြင်းငှါ တိုက်၏။ ဣတိ၊ ဤသို့ဆို၍။ မဟဂ္ဃံ၊ အဘိုးများစွာတိုက်သော။ ကမ္ဗလံ၊ သက္ကလတ်ကို။ အာဒါယ၊ ယူ၍။ ပက္ကာမိ၊ ဖဲ၏။ ဒဟရဘိက္ခူ၊ ရဟန်းငယ်တို့သည်။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာရှိကုန်သည်။ ဟုတွာ၊ ဖြစ်လျက်။ သတ္ထုသန္တိကံ၊ ဘုရားသခင်ထံသို့။ ဂန္တွာ၊ ရောက်၍။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ ဧသ၊ ဤဥပနန်သည်။ တုမှာကံ၊ သင်တို့၏။ သန္တကံ၊ ဥစ္စာကို။ ဂဟေတွာ၊ ယူ၍။ တုမှေ၊ သင်တို့ကို။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာယာရှိစေခြင်းငှါကို။ ကရောတိ၊ ပြုသည်ကား။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အကာသိယေဝ၊ ပြုဘူးသည်သာလျှင်တည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိ၊ ဆောင်တော်မူ၏။

ဟိ၊ ထိုစကားကို အကျယ်ဆိုဦးအံ့။ အတီတသ္မိံ၊ လွန်လေပြီးသော ဘဝ၌။ အနုတီရစာရီ စ၊ ရေစပ်မြစ်နားသို့ရှောက်၍ ကျက်စားခြင်းကြောင့် အနုတီရစာရီ မည်သော ဖျံရင်း။ ဂမ္ဘီရစာရီ စ၊ ရေနက်ရာငုပ်၍ ကျက်စားခြင်းရှိသောကြောင့် ဂမ္ဘီရစာရီ မည်သောဖျံရင်း။ ဣတိ၊ ဤသို့။ ဒွေ ဥဒ္ဒါ၊ ဖျံနှစ်ကောင်တို့သည်။ မဟန္တံ၊ ကြီးစွာသော။ ရောဟိတမစ္ဆံ၊ ငါးကြင်းကို။ လဘိတွာ၊ ရ၍။ မယှံ၊ ငါ့အား။

သီသံ၊ ငါးကြင်းခေါင်းသည်။ ဟောတု၊ ဖြစ်စေလော့။ တဝ၊ သင်အား။ နင်္ဂုဋ္ဌံ၊ အမြီးသည်။ ဟောတု၊ ဖြစ်စေလော့။ ဣတိ ဝိဂါဒါပန္နာ၊ ဤသို့သော အငြင်းအခုန်သို့ ရောက်ကုန်သည်ဖြစ်၍၊ ဘာဇေတုံ၊ သဘောတူကြည်ဖြူ၍ ဝေခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ရှိသော်။ ဧကံသိင်္ဂါလံ၊ မြေခွေးတခုကို။ ဒိသွာ၊ မြင်၍။ အာဟံသု၊ ဆိုကုန်၏။ မာတုလ၊ ဦးရီး။ ဣမံ၊ ဤငါးကြင်းကို။ နော၊ ငါတို့အား။ ဘာဇေတွာ၊ ဝေ၍။ ဒေဟိ၊ ပေးပါလော့။ ဣတိ၊ ဤသို့ဆိုကုန်၏။ အဟံ၊ ငါကို။ ရညော၊မင်းသည်။ ဝိနိစ္ဆယဋ္ဌာနေ၊တရားဆုံးဖြတ်ရာ၌။ ထပိတော၊ ထားအပ်၏။ တတ္ထ၊ ထိုအရပ်၌။ စိရံ၊ ကြာမြင့်စွာ။ နိသီဒိတွာ၊ နေ၍။ ဇင်္ဃဝိဟာရတ္ထာယ၊ အညောင်းပြေခြင်းငှါ။ အာဂတော၊ လာသည်။ အမှိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ့အား၊ ဩကာသော၊ ဝေပေးခွင့်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ဆိုလတ်သော်။ မာတုလ၊ ဦးရီးမြေခွေးမင်း။ ဧဝံ၊ ဤသို့။ မာကရောထ၊ အမိန့်မရှိပါနှင့်။ ဘာဇေတွာဝ၊ ဝေ၍သာလျှင်။ ဒေထ၊ ပေးသနားတော်မူပါကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ မမ၊ငါ၏။ ဝစနေ၊စကား၌။ ဌဿထ၊ တည်ကြကုန်လော့၊ ဣတိ၊ ဤသို့ဆို၏။ မာတုလ၊ ဦးရီးမြေခွေးမင်း။ ဌဿာမ၊ တည်ပါကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ သဥ္စိုတိ၊ ကောင်းပြီဟူ၍။ သော၊ ထိုမြေခွေးသည်။ သီသံ၊ငါးကြင်းခေါင်းကို။ ဆိန္ဒိတွာ၊ ကိုက်ဖြတ်၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ အကာသိ၊ ထား၏။ နင်္ဂုဋ္ဌံ၊ ငါးကြင်းမြီးကို။ ဧကမန္တံ၊တင့်အပ်သောအရပ်၌။ အကာသိ၊ထား၏။ ကတွာ စပန၊ ထားပြီး၍ကား။ တာတာ ငါ့သားတို့၊ ဝေါ၊သင်တို့တွင်။ ယေန၊အကြင်ဖျံသည်။ အနုတီရေ၊ မြစ်ကမ်းနား၌။ စရိတံ၊ ကျက်စားခြင်းရှိ၏။ သော၊ ထိုဖျံသည်။ နင်္ဂုဋ္ဌံ၊ အမြီးကို။ ဂဏှာတု၊ ယူစေလော့။ ယေန၊ အကြင်ဖျံသည်။ ဂမ္ဘီရေ၊ နက်စွာသောရေ၌။ စရိတံ၊ ကျက်စားခြင်းရှိ၏။ တဿ၊ ထိုဖျံအား။ သီသံ၊ ငါးကြင်းခေါင်းသည်။ ဟောတု၊ ဖြစ်စေ။ အယံပန မဇ္ဈိမော ခဏ္ဍော၊ ဤအလယ်ပိုင်းသည်။ ဝိနိစ္ဆယဓမ္မေ၊ တရားဆုံးဖြတ်ရာ၌။ ဌိတဿ၊ တည်သော။ မမ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ တေ၊ထိုဖျံတို့ကို။ သညာပေတွာ၊ သိစေလျက်။

နင်္ဂုဋ္ဌံ၊ ငါးကြင်းမြီးသည်။ အနုတီရစာရိ၊ အနုတီရ မည်သော ဖျံအား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သီသံ၊ငါးကြင်းခေါင်းသည်။ ဂမ္ဘီရစာရိနော၊ ဂမ္ဘီရစာရီမည်သောဖျံအား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အထ၊ထိုမှို့။ အယံမဇ္ဈိမော ခဏ္ဍော၊ ဤအလယ်ပိုင်းသည်။ ဓမ္မဋ္ဌဿ၊တရားသူကြီးဖြစ်သောမြေခွေးအား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဣတိ ဣမံ ဂါထံ၊ ဤဂါထာကို။ ဝတွာ၊ဆို၍။ မဇ္ဈိမခဏ္ဍံ၊ အကဲယ်အပိုင်းကို။ အာဒါယ၊ ချီ၍။ ပက္ကာမိ၊ ပြေးလေ၏။ တေပိ၊ ထိုဖျ တို့သည်လည်း။ ဝိပ္ပဋိသာရိနော၊ နှလုံးမသာရှိကုန်လျက်။ တံ၊ ထိုမြေခွေးကို။ ဩလောကေတွာ၊မျှော်၍ ကြည့်လျက်၊ အဋ္ဌံသု၊ ရပ်ကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ဣမံ အတီတံ၊ ဤလွန်လေပြီးသောအကြောင်းကို။ ဒဿေတွာ၊ ပြ၍။ ဧသ၊ ဤဥပနန်သည်။ ဇေ၊ ဤသို့။ အတီတေပိ၊ လွန်လေပြီးသောအခါ၌လည်း။ တုမှေ၊ သင်တို့ကို၊ ဝိပ္ပဋိသာရိနော၊ နှလုံးမသာရှိသည်တို့ကို။ အကာသိယေဝ၊ ပြုဘူးသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ သညာပေတွာ၊ မှတ်စေ၍။ ဥပနန္ဒံ၊ ဥပနန်ကို။ ဂရဟန္တော၊ကဲ့ရဲ့တော်မူလျက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပရံ၊သူတပါးကို။ ဩဝဒန္တေန နာမ၊ ဆုံးမသောသူ မည်သည်ကား။ ပဌမမေဝ၊ ရှေးဦးစွာကသာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဋိရူပေ၊ သင့်တန့်လျောက်ပတ်ရာ၌။ ပတိဋ္ဌာပေတဗ္ဗော၊ တည်စေအပ်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်ပေယာ်မူ၍၊ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၅၈။ ။ပဌမံ၊ရှေးဦးစွာ။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပတိရူပေ၊ လျောက်ပတ်သော ဂုဏ်၌။ နိဝေသယေ၊ တည်စေရာ၏။ အထ၊ ထိုနောင်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမငြားအံ့။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ န ကိလိဿေယျ၊ မိမိသည် မညစ်နွမ်းရာ။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ပတိရူပေနိဝေသယေတိ၊သယေဟူသည်ကား။ အနုစ္ဆဝိကေ ဂုဏေ၊ သင့်တင့်လျောက်ပတ်သောဂုဏ်ကျေးဇူးရှိသော သဘော၌၊ ပတိဋ္ဌာပေယျ၊ တည်စေငြားအံ့။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အပ္ပိစ္ဆတာဒိဂုဏေဟိဝါ၊ အလိုနည်းခြင်းစသော ဂုဏ်ကျေးဇူး တို့ဖြင့်ရင်း။ အရိယဝံသပဋိပဒါဒိဟိဝါ၊ အရိယာတို့၏အနွယ်ဖြစ်သော အကျင့်စသည်တို့ဖြင့်ရင်း။ ပရံ၊ သူတပါးကို။ အနုသာသိတုကာမော၊ ဆုံးမခြင်းငှါ အလိုရှိ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ တသ္မိံ ဂုဏေ၊ ထိုဂုဏ်ကျေးဇူး၌။ ပတိဋ္ဌာပေယျ၊ တည်စေရာ၏။ ဧဝံ၊ သို့။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ အထ၊ ထိုနောင်မှ။ အညံ၊ သူတပါးကို၊ တေဟိ ဂုဏေဟိ၊ ထိုအလိုနည်းခြင်း စသော ဂုဏ်ကျေးဇူးတို့ဖြင့်။ အနုသာသေယျ၊ ဆုံးမရာ၏။ ဟိ၊ တိုစကားသင့်၌။ အတ္တာနံ၊ ကိုယ်ကို၊ တတ္ထ၊ ထိုဂုဏ်ကျေးဇူး၌။ အနိဝေသေတွာ၊ မတည်စေမူ၍။ ကေဝလံ၊ သက်သက်၊ ပရမေဝ၊သူတပါးကိုသာလျှင်။အနုသာသမာနော၊ဆုံးမသည်ရှိသော်။

ပရတော၊ သူတပါးမှ။ နိန္ဒံ၊ ကဲ့ရဲ့ခြင်းကို။ လဘိတွာ၊ ၍။ ကိလိဿတိနာမ၊ ညစ်နွမ်းသည်မည်၏။ တတ္ထ၊ ထိုအလိုနည်းခြင်း စသည်၌။ အတ္တာနံ၊ မိမိကိုယ်ကို။ နိဝေသေတွာ၊ တည်စေ၍။အနုသာသမာနော၊ဆုံးမသောသူသည်။ပရတော၊သူတပါးမှ။ ပသံသံ၊ ချီးမွမ်းခြင်းကို၊ လဘတိ၊ ရ၏။ တသ္မာ၊ ထိုကြောင့်။ န ကိလိဿတိ နာမ၊ ညစ်နွမ်းခြင်း မရှိသည် မည်၏။ ဇဝံ၊ ဤသို့။ ကထေန္တော၊ ပြုသော။ ပဏ္ဍိတော၊ ပညာရှိသည်။ န ကိလိဿေယျ၊ မညစ်နွမ်းရာ။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ တေ ဘိက္ခူ၊ ထိုနှစ်ယောက်သော ရဟန်းတို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ မဟာဇနဿာပိ၊ လူများအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဒုတိယံ၊ သော။ ဥပနန္ဒသကျပုတ္တတ္ထေရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၂-အတ္တဝဂ္ဂ။ ၃-ပဓာနိကတိဿတ္ထေရဝတ္ထု။

(အရှင်ဥပနန်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ပဓာနိကတိဿမထေရ်ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည် "အတ္တာနဉ္စေ"တိ-စသောပါဌ်ကို မိန့်သတည်း။)

"အတ္တာနံဉ္စေ"တိ ဣမံ ဓမ္မ ဒေသနံ၊ အတ္တာနဉ္စေ စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ဝိဟရန္တော၊ နေတော်မူလျက်။ ပဓာနိကတိဿတ္ထေရံ၊ ကမ္မဋ္ဌာန်းစီးဖြန်းသော တိဿမထေရ်ကို။ အာရဗ္ဘ၊အကြောင်းပြု။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုတိဿမထေရ်သည်။ သတ္ထုသန္တိကေ၊ ဘုရားသခင်အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ ပဉ္စသတေ၊ ငါးရာအတိုင်းအရှည် ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို၊ အာဒါယ၊ ခေါ်၍။ အရညံ၊ တောသို့။ဝဿံ ဥပဂန္တွာ၊ ဝါသို့ ကပ်၍။ အာဝုသော၊ ငါ့ရှင်တို့။ ဓရမာနကဿ၊ သက်တော် ထင်ရှားရှိသော။ ဗုဒ္ဓဿ၊ ဘုရား၏။ သန္တိကေ၊ အထံ၌။ ဝေါ၊ သင်တို့အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟိတံကိရ၊ ယူပြီးသတတ်၊ အပ္ပမတ္တာဝ၊ မမေ့မလျော့ဘဲသာလျှင်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောထာတိ၊

ပြုကုန်လော့ဟု။ ဩဝဒိတွာ၊ သုံးမ၍။ သယံ၊မိမိပူကား။ ဂန္တွာ၊သွား၍၊ နိပဇ္ဇိတွာ၊ လျောင်း၍။ သုပတိ၊ အိပ်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ပဌမယာမေ၊ ပဌမယာမ်၌။ စင်္ကမိတွာ၊ စင်္ကြံသွား၍။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊သွား၍။ ပဝိသန္တိ၊ဝင်ကုန်၏။ သော၊ ထိုမထေရ်ကြီးသည်။ နိဒ္ဒါယိတွာ၊ အိပ်၍။ ပဗုဒ္ဓကာလေ၊ နိုးသောအခါ၌။ တေသံ၊ ထိုရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ တုမှေ၊ သင်တို့သည်။ နိပဇ္ဇိတွာ၊ လျောင်း၍။ နိဒ္ဒါယိဿာမ၊ အိပ်ကုန်အံ့။ ဣတိ၊ ဤသို့ကြံ၍။ အာဂတာ၊ လာကုန်သလော့။ သီဃံ၊ လျင်စွာ။ နိက္ခမိတွာ၊ ထွက်၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ ဝတွာ၊ ဤသို့ ဆိုပြီး၍။ သယံ၊ မိမိမူကား။ ဂန္တွာ၊ အိပ်ရာသို့သွား၍။ တထေဝ၊ ထိုရှေးအတူလျှင်။ သုပတိ၊ အိပ်၏။ ဣတရေ၊ မိမိမှ အခြားရဟန်းတို့သည်။ မဇ္ဈိမယာမေ၊ မဇ္ဈိမယာမ်၌။ ဗဟိ၊ အပ၌။ စင်္ကမိတွာ၊ စင်္ကြံသွား၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်၌။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသန္တိ၊ ဝင်ကုန်၏။ သော၊ ထိုမထေရ်ကြီးသည်။ ပုနပိ၊ တဖန်လည်း။ ပဗုဇ္ဈိတွာ၊ နိုး၍။ တေသံ၊ ထိုရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ တေ၊ ထိုရဟန်းတို့ကို။ ဝိဟာရာ၊ ကျောင်းမှ။ နီဟရိတွာ၊ ထုတ်၍ သယံ၊ မိမိသည်။ ပုန၊ တဖန်။ ဂန္တွာ၊ အိပ်ရာသို့ သွား၍။ တထေဝ၊ ထိုအတူသာလျှင်၊ သုပတိ၊ အိပ်၏။ တသ္မိံ၊ ထိုမထေရ်ကြီးသည်၊ နိစ္စကာလံ၊ အခါခပ်သိမ်း။ ဧဝံ ကရောန္တေ၊ ဤသို့ ပြုသည်ရှိသော်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်၊ သဇ္ဈာယံ၊ သရဇ္ဈာယ် ခြင်းကိုလည်း။ ကမ္မဋ္ဌာနံ ဝါ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကိုလည်း။ မနသိကာတုံ၊ အသင့် အားဖြင့် နှလုံးသွင်းခြင်းငှာ။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ စိတ္တံ၊ စိတ်သည်။ အညတ္တံ၊ ပျံ့လွင့်ခြင်းသို့။ အဂမာသိ၊ ရောက်၏။ တေ၊ ထိုရဟန်းတို့သည်။ အမှာကံ၊ အာစရိယော၊ ငါတို့ဆရာသည်။ အတိဝိယ၊ အလွန်လျှင်။ အာရဒ္ဓဝီရိယော၊ အားထုတ်သောလုံ့လရှိ၏။ နံ၊ ထိုဆရာကို။ ပဋိဂ္ဂဏှိဿာမ၊ စူးစမ်းကုန်အံ့။ ဣတိ၊ ဤသို့၊ ပဋိဂ္ဂဏှန္တာ၊ စူးစမ်းကုန်သည်ရှိသော်။ တဿ၊ ထိုဆရာ၏၊ ကိရိယံ၊ အမူအရာကို။ ဒိသွာ၊ မြင်၍။ အာဝုသော၊ ငါ့ရှင်တို့။ နဋ္ဌာ၊ ပျက်ကုန်သည်။ အမှာ၊ ဖြစ်ကုန်ပြီ။ နော၊ ငါတို့၏။ အာစရိယော၊ ဆရာသည်။ တုစ္ဆံ၊ အချည်းနှီးဖြစ်သော်။ ရဝံ၊ မြည်တွန်တောက်တီးခြင်းကို။ ရဝတိ၊ မြည်တွန်တောက်တီး၏။ ဣတိ ဝဒိံသု၊ ဤသို့ဆိုကုန်၏။ အတိဝိယ နိဒ္ဒါယိ၊ မအိပ်မနေ၍။ ။(အတိဝိယ၊ လွန်ကား ပင်ပန်းခြင်းဖြင့်)။ ကိလမန္တာနံ၊ ပင်ပန်းကုန်သော။ တေသံ၊ ထိုရဟန်းတို့တွင်။ ဧကော ဘိက္ခုပိ၊ တယောက်သော ရဟန်းသည်မူလည်း။ ဝိသေသံ၊ ထူးခြားသော ဂုဏ်ကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ တေ၊ ထိုရဟန်းတို့သည်။ ဝုတ္တဝသာ၊ ဝါကျွတ်ကုန်ပြီးသော်။ သတ္ထု၊ သန္တိကံ၊ ဘုရားသခင်အထံသို့၊

ဂန္တွာ၊ သွား၍။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ကတပဋိသန္ထာရာ၊ ပြုအပ်ပြီးသော အစေ့အစပ်ရှိလျက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အသို့နည်း။ အပ္ပမတ္တာ၊ မမေ့ မလျော့။ ဟုတွာ၊ ဖြစ်၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိတ္ထ၊ ပြုကုန်၏လော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူသောကြောင့်။ တေ၊ ထိုရဟန်းတို့သည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားမလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရား သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ သေ၊ ဤရဟန်းသည်။ တုမှာကံ၊ သင်တို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ အကာသိ ယေဝ၊ ပြုဘူးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ တေဟိ၊ ထိုရဟန်းတို့သည်။ ယာစိတော၊ တောင်းပန်သောကြောင့်။

အမာယာပိတုသံဝဒ္ဓေါ၊ အမိအဘတို့၏အထံ၌ ကြီးထသော။ အနာစရိယ ကုလေ၊ဆရာမရှိသောအမျိုး၌။ဝသံ၊နေထသော။ အယံ ကုက္ကုဋော၊ဤကြက်သည်။ ကာလံ၊ တွန်ချိန်ကာလကို။ န ဇာနာတိ၊ မသိ။ ဣတိ၊ သို့။

ဣမံ အကာလရဝိကုက္ကုဋဇာတကံ၊ ဤသို့ အခါမဟုတ်ဘဲတွန်သော ကုက္ကုဋ ဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ တဒါ၊ ထိုအခါ၌။သော ကုက္ကုဋော၊ ထိုကြက်သည်။ အယံ ဘိက္ခု ဟောတိ သဣ္ဆေရော၊ ဤမှဋ္ဌာန်းစီးဖြန်းသော တိဿမဟာထေရ်သည်။ အဟောသိ၊ ၏။ ပဉ္စသတာ၊ ငါးရာ အတိုင်းအရှည် ရှိကုန်သော။ ဣမေဘိက္ခူ၊ ဤရဟန်းတို့သည်။ တေ မာဏဝါ၊ ထို သူငယ်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဒိသာပါမောက္ခော၊ အရပ်မျက်နှာ၏ အကြီးဖြစ်သော။ အစရိယော၊ ဆရာသည်။ အဟမေဝ၊ ငါဘုရားသာလျှင်။ အဟောသိ၊ ဖြစ်၏။ဣတိ၊သို့။ သတ္ထာ၊ ဘုရားသခင်သည်။ဣမံဇာတကံ၊ ဤဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ဘိက္ခဝေ၊ရဟန်းတို့။ ပရံ၊ သူတပါးကို။ ဩဝဒနေန နာမ၊ ဆုံးမ လိုသော သူမည်သည်ကား။ အတ္တာနံ၊ မိမိကိုယ်ကို။ သုဒန္တော၊ ယဉ်ကျေးစွာ ဆုံးမ ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဟိ၊ ထိုစကား သင့်စွ။ ဧဝံ၊ ဤသို့။ ဝဒန္တော၊ ဆုံးမသည်ရှိသော်။ အတ္တနော၊ မိမိအား။ သုဒန္တော၊ ဣန္ဒြေကိုသုံးမခြင်း စသည်ဖြင့် အလွန်ယဉ်ကျေးသည်။ ဟုတွာ၊ ၍။ ဒမေတိနာမ၊ ဆုံးမသည်မည်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို၊ အာဟ၊ ဟောတော်မူ၏။

၁၅၉။ ။ဘိက္ခဝေ၊ တို့။ အညံ၊ သူတပါးကို။ ယထာ၊ အကြင်အခြင်းဖြင့်။ စေအနုသာသတိ၊ အကယ်၍ ဆုံးမလိုအံ့။ တထာ၊ ထိုအခြင်းဖြင့်။ အတ္တာနံ၊ မိမိ ကိုယ်ကို။ ကရိယာ၊ ပြုရာ၏။ ဧဝံ သန္တေ၊ ဤသို့ ပြုသည်ရှိသော်။ သုဒန္တော၊ မိမိသည် ကောင်းစွာ ယဉ်ကျေးသည်ဖြစ်၍လျှင်။ တံ၊ ထိုသူတပါးကို။ ဒမေထ၊ ဆုံးမကုန်ရာ၏။ ဟိ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ အတ္တာ၊ မိမိကိုယ်

မည်သည်ကား ဒုဒ္ဒမောကိရ၊ ဆုံးခြင်းငှာ ခဲယဉ်းသတတ်။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယထာဟိ၊ ဥပမာမည်သည်ကား။ ဘိက္ခု၊ ရဟန်းဘိုကို။ ပဌာသဘာမာဒီသု၊ ပဌမဿာမ် စသည်တို့၌၊ စက်မီးတတ္ထု၊ ကြီးသွားအင်၏ရှု၊ ဝက္ခာ၊ သိုလျက်၊ ပရံ၊ သူတပါးကို။ ဩဝဒတိ၊ ဆုံးမ၏။ သယံ၊ မိမိသည်။ စင်္ကမနာဒီနိ၊ စင်္ကြံသွားခြင်း စသည်တို့ကို။ အဓိဋ္ဌဟန္တော၊ ဆောက်တည်လျက်။ အညံ၊ သူတပါးကို။ အနုသာသတိ ယထာ၊ ဆုံးမသကဲ့သို့။ တထာ၊ ထို့အတူ။ အတ္တာနံ ပုဗ္ဗေဝ၊ မိမိကိုယ်ကိုသာလျှင်။ ကရိယာ၊ ပြုရာ၏။ ဧဝံ သန္တေသု ဤသို့ပြုသည်ရှိသော်၊ သုဒန္တော ဝတ ဒမေထာတိ၊ ဒမေထ-ဟူသည်ကား။ ယော ဂုဏေဟိ အကြောင်းဂုဏ်ကျေးဇူးဖြင့်။ ပရံ၊ သူတပါးကို။ အနုသာသတိ၊ ဆုံးမ၏။ တေန၊ ထိုဂုဏ်ကျေးဇူးဖြင့်။ အတ္တနာ၊ မိမိကိုယ်ကို။ သုဒန္တော၊ ယဉ်ကျေးစွာ ဆုံးမခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဒမေယျ၊ ဆုံးမရာ၏။ အတ္တာဟိ ကိရ ဒုဒ္ဒမောတိ၊ ဒုဒ္ဒါမောဟူသည်ကား။ ဟိ၊ တိုစကားသင့်စွ။ အယံ အတ္တာနာမ၊ ဤ ကိုယ်မည်သည် ကား။ ဒုဒ္ဒမော၊ ဆုံးမခက်၏။ တသ္မာ၊ ထိုကြောင့်။ ယထာ၊ အကြင်အခြင်းဖြင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ သုဒန္တော၊ ကောင်းစွာ ယဉ်ကျေးသည်။ ဟောတိ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဒမေတဗ္ဗော၊ ဆုံးမအပ်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ ပဉ္စသတာပိ ငါးရာ အတိုင်းအရှည်ရှိကုန်လည်း ဖြစ်ကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဓာနိကတိဿတ္ထေရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

၁၂-အတ္တဝဂ္ဂ။ ၄-ကုမာရကဿပ မာတုထေရီဝတ္ထု။

(ကမ္ဘာ့ဒန်းစီးပြီးသော တိဿပထေရ်၏ ဝတ္ထု ဟောရ ဖြစ်သော ဂါထာ၏ အတ္တာနံ ကို ပြုပြီး၍ အရှင်ကုမာရ ကဿပမထေရ်၏ အမိ ထေရီမ ဝတ္ထု ဟော ဖြစ်သော ဂါထာ၏ အတ္တာဟိ အတ္တနာ ကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အတ္တာဟိ အတ္တနော နာထော" စသောပါဌ်ကို မိန့်သတည်း)။

"အတ္တာဟိ အတ္တနော နာထော"တိ ဣမံ ဓမ္မ ဒေသနံ၊ အတ္တာဟိ အတ္တနော နာထော-စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊

ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊နေတော်မူလျက်၊ ကုမာရကဿပတ္ထေရဿ
ကုမာရကဿပ မထေရ်၏။ မာတရံ၊အမိကို။ အာရဗ္ဘ၊အကြောင်းပြု၍။ ကထေသိ၊
ဟောတော်မူ၏။ သာ၊ ထိုထေရီမသည်။ ရာဇဂဟနဂရေ၊ ရာဇဂြိုဟ် ပြည်၌။
သေဋ္ဌိဓီတာကိရ၊ သေဌ္ဌေးသမီးဖြစ်သတတ်။ဝိညုတံ.သိကြားလိမ္မာသည်၏ အဖြစ်သို့။
ပတ္တကာလတော၊ ရောက်သောအခါမှ၊ ပဋ္ဌာယ၊စ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။
ယာစိ၊ မိဘအား တောင်းပန်၏။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစမာနာပိ၊
တောင်းပန်သော်လည်း။ မာတာပိတူနံ၊ အမိအဘတို့၏။ သန္တိကာ၊အထံမှ။ ပဗ္ဗဇ္ဇံ၊
ရဟန်းအဖြစ်ကို၊ အလဘိတွာ၊ မရမူ၍။ ဝယပ္ပတ္တာ၊ အရွယ်ရောက်သည် ရှိသော်။
ပတိကုလံ၊ လင်အိမ်သို့။ ဂန္တွာ၊ရောက်၍။ ပတိဒေဝတာ၊ လင်လျှင်နတ်ရှိသည်။
ဟုတွာ၊ ဖြစ်၍။ အဂါရံ၊အိမ်၌။ အဇ္ဈာဝသိ၊ နေ၏။ အထ၊ ထိုအခါ၌။ အဿာ၊
ထိုသေဌ္ဌေးသမီးအား။ န စိရဿေဝ၊ မကြာမြင့်မီလျှင်။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။ ဂဗ္ဘော၊
ကိုယ်ဝန်သည်။ ပတိဋ္ဌဟိ၊ တည်၏။ သာ၊ထိုသတို့သမီးသည်။ ဂဗ္ဘဿ၊ ကိုယ်ဝန်၏။
ပတိဋ္ဌိတဘာဝံ၊ တည်သည်၏ အဖြစ်ကို။ အဇာနိတွာဝ၊ မသိမူ၍သာလျှင်၊သာမိကံ၊
လင်ကို။အာရာဓေတွာ၊ နှစ်သိမ့်စေ၍။ ပဗ္ဗဇ္ဇံ၊ရဟန်းအဖြစ်ကို။ ယာစိ၊တောင်း
ပန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမယားကို။ သော၊ ထိုလင်ယောကျ်ားသည်။
မဟန္တေနမျှားစွာသော။ သက္ကာရေန၊ ပူဇော်သက္ကာဖြင့်။ဘိက္ခုနီဥပဿယံ၊ရဟန်း
မိန်းမတို့၏ကျောင်းသို့။ နေတွာ၊ ဆောင်၍၊ အဇာနန္တော၊ မသိခြင်းကြောင့်။
ဒေဝဒတ္တပက္ခိကာနံ၊ ဒေဝဒတ်အပင်းအသင်းဖြစ်ကုန်သော။ ဘိက္ခုနီနံ၊ ရဟန်း
မိန်းမတို့၏။ သန္တိကေ၊အထံ၌။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ အပရေန သမယေန၊
တပါးသောအခါ၌။ ဘိက္ခုနိယော၊ ရဟန်း မိန်းမ တို့သည်။ တဿာ၊ ထိုပဉ္စင်း
သစ်မ၏။ ဂဗ္ဘိနိဘာဝံ၊ ကိုယ်ဝန်ရှိသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ တာဟိ၊
ထိုရဟန်းမိန်းမတို့သည်၊ ဣဒံ ဤအမူအရာသည်။ ကိံ၊ အဘယ်နည်း။ ဣတိ ဝုတ္တာ၊
ဤသို့ မေးကုန်သည်ရှိသော်။အယျေ၊အရှင်မတို့။အဟံ၊အကျွန်ုပ်သည်။ န ဇာနာမိ၊
မသိ။ ကိံ၊ အသို့နည်း။ ဝတ၊ စင်စစ်။မေ၊၏။ တော်သီလံ၊သည်။ အရောဂမေဝ၊
မပျက်သည်သာလျှင်လော။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ဘိက္ခုနိယော၊ ရဟန်း
မိန်းမတို့သည်။ တံ၊ထိုရဟန်းမိန်းမငယ်ကို။ ဒေဝဒတ္တဿ၊ ဒေဝဒတ်၏။ သန္တိကံ၊
အထံသို့။ နေတွာ၊ခေါ်၍။ အယံဘိက္ခုနီ၊ဤရဟန်းမိန်းမသည်။သဒ္ဓါ၊ သာသနာကို
ကြည်ညို၍။ ပဗ္ဗဇိတာ၊ ရဟန်းပြု၏။ဣမိဿာ၊ ဤရဟန်းမအား။ ဂဗ္ဘဿ၊ ကိုယ်
ဝန်၏။ ပတိဋ္ဌိတကာလံ၊ တည်သောကာလကို။ မယံ န ဇာနာမ၊ ငါတို့မသိကုန်။
ဒါနိ၊ ယခု။ ကိံ ဝ၊အဘယ်သို့လျှင်။ကရောမ၊ ပြုရပါကုန်အံ့နည်း။ ဣတိ ပုစ္ဆိံသု၊
ဤသို့ ဆရာဒေဝဒတ်ကို မေးကုန်၏။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ မယှံ၊ ငါ၏။

ဩဝါဒကာရိကာနံ။ အဆုံးအမကိုခံလေ့ရှိကုန်သော။ ဘိက္ခုနီနံ၊ရဟန်းမိန်းမတို့၏။ အယသော၊ အကျော်အစောမဲ့သည်။ မာဥပ္ပဇ္ဇတု၊ မဖြစ်စေသတည်း။ ဣတိ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ စိန္တေတွာ၊ ကြံ၍။ နံ၊ ထိုကိုယ်ဝန်ဆောင်သော ရဟန်းမိန်းမကို။ ဥပ္ပဗ္ဗာဇေထ၊ လူထွက်စေကုန်လော့။ ဣတိ အာဟ၊ ဤသို့ ဆုံးဖြတ် စီရင်၏။ တံ၊ထိုဒေဒတ် ဖြတ်တမ်းစကားကို။ သုတွာ၊ကြား၍။သာဒဟာရာ၊ ထိုရဟန်း မိန်းမငယ်သည်။ အယျေ၊ ရှင်မတို့။ မံ၊ အကျွန်ုပ်ကို။ မာနာသေထ၊ မဖျက်ဆီးပါကုန်လင့်။ အဟံ၊အကျွန်ုပ်သည်။ ဒေဝဒတ္တံ၊ဒေဝဒတ်ကို။ ဥဒ္ဒိသ၊ ရည်၍။ န ပဗ္ဗဇိတာ၊ ရဟန်းမပြု။ ဧထ၊ ကြွပါကုန်လော့။ မံ၊ အကျွန်ုပ်ကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ဝိဟရန္တံ၊သော။သတ္ထုသန္တိကံ၊သို့။ နေထ၊ ပို့ပါကုန်လော့။ ဣတိ၊ဤသို့ ဆိုလတ်သော်။ တာ၊ထိုရဟန်း မိန်းမတို့သည်။ တံ၊ ထိုကိုယ်ဝန်ဆောင်သော ရဟန်းမကို အာဒါယ၊ခေါ်၍။ ဇေတဝနံ၊ဇေတဝန်ကျောင်းတော်သို့။ ဂန္တွာ၊ သွား၍၊ သတ္ထု၊ မြတ်စွာဘုရားအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။

သတ္ထာ၊ ဘုရားသခင်သည်။ ဟဿာ၊ ထိုရဟန်းမိန်းမ၏။ ဂိဟိ ကာလေ၊ လူ့လက်ထက်မှ။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌိတော၊ တည်၏။ ဣတိ၊ ဤသို့ ဇာနန္တောပိ၊ သိတော်မူလျက်လည်း။ ပရဝါဒ မောစနတ္ထံ၊ သူတပါးတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်ကင်းခြင်းငှါ။ ရာဇာနံပသေနဒိကောသလံ၊ပသေနဒီကောသလမင်းကိုင်း။ မဟာ အနာထပိဏ္ဍိကံ၊ မဟာအနာထပိဏ်သဌေးကြီးကိုင်း။ စူဠအနာထပိဏ္ဍိကံ၊ အနာထပိဏ်သဌေးငယ်ကိုင်း။ ဝိသာခါ ဥပါသိကံ၊ ဝိသာခါ အမည်ရှိသော ဒါယိကာမကြီးကိုင်း။ အညာနိ၊ တပါးကုန်သော။ မဟာကုလာနိစ၊ များစွာကုန်သော အမျိုးတို့ကိုင်း။ ပက္ကောသာပေတွာ။ခေါ်စေ၍။ဥပါလိတ္ထေရံ၊ ဥပါလိမထေရ်ကို။ အာဏာပေသိ၊ခေါ်စေ၏။ ဂစ္ဆ၊ သွားချေ။ဣမိဿာဒဟရာယ ဘိက္ခုနိယာ၊ဤရဟန်းမိန်းမငယ်၏။ကမ္မံ၊အမှုကို။ စတုပ္ပရိသမဇ္ဈေ၊ပရိသတ်လေးပါး အလယ်၌။ ပရိသောဓေဟိ၊ သုတ်သင်ဘိလော့။ ဣတိ အာဏာပေသိ၊ ဤသို့ စေ၏။ ထေရော၊ အရှင်ဥပါလိမထေရ်သည်။ရညော၊ ကောသလမင်း၏။ ပုရတော၊ ရှေ့မှ။ ဝါ၊ ရညောပုရတော၊ ကောသလမင်း မျက်မှောက်မှ။ ဝိသာခံ၊ ဝိသာခါကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တေသံ၊ တို့သူဟို့အား။ တံ အဓိကရဏံ၊ ထိုအဓိကရဏ်းကို။ ပဋိစ္ဆာပေသိ၊ ဝန်ခံစေ၏။ သာ၊ ထိုဝိသာခါသည်။ သာဏိပါကာရံ၊ တင်းတိမ်ကို။ ပရိက္ခိပါပေတွာ၊ ထက်ဝန်းကျင် ကာစေ၍။ အန္တော သာဏိယံ၊ တင်းတိမ်တွင်း၌။ တဿာ၊ ထိုရဟန်းမိန်းမငယ်ကို။ ဟတ္ထပါဒနာဘိ ဥဒရပရိယောသာနိ၊ လက်-ခြေ- ချက်-ဝမ်း အဆုံးရှိသည်တို့ကို။ ဩလောကေတွာ၊ ကြည့်၍။မာသ ဒိဝသေ၊ လ နေ့ တို့ကို။ သမာနေတွာ၊ ပေါင်းရေတွက်၍။ ဂိဟိ-

ဘာဝေ၊ လူ့အဖြစ်၌၊ ဌိတာယ၊ ဤရဟန်းမိန်းမငယ်သည်။ ဂန္တွာ၊ ကိုယ်ဝန်ကို။
လဒ္ဓါ၊ ရ၏။ ဣတိ၊ ဤသို့ သိ၍။ ထေရဿ၊ အရှင်ဥပါလိ မထေရ်အား။
တပ္ပကတိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။ အထ၊ ထိုနောင်မှ။
ထေရော၊ ဥပါလိမထေရ်သည်။ ပရိသမဇ္ဈေ၊ ပရိသတ်အလယ်၌။ အဿာ၊ ထိုရဟန်း
မိန်းမငယ်၏။ ပရိသုဒ္ဓဘာဝံ၊ စင်ကြယ်သည်၏အဖြစ်ကို။ ပတိဋ္ဌာပေသိ၊ တည်စေ၏။
သာ၊ ထိုရဟန်းမိန်းမငယ်သည်။ အပရေန သမယေန၊ နောင်အခါ၌။ ပဒုမုတ္တရ
ဗုဒ္ဓဿ၊ ပဒုမုတ္တိုရ် မြတ်စွာဘုရား၏။ ပါဒမူလေ၊ ခြေရင်းတော်၌။ ပတ္ထိတပတ္ထနံ၊
တောင့်တသော အားဖြင့် ဆုတောင်းခြင်းရှိသော။ မဟာနုဘာဝံ၊ ကြီးသော
ဘုန်းအာနုဘော်ရှိသော။ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ဖွား၏။
အထ၊ ထိုနောင်မှ။ ကောဒိဝသံ၊ တနေ့သ၌၊ ရာဇာ၊ ကောသလမင်းသည်။
ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏။ ဥပဿယသမီပေ၊ ကျောင်း၏အနီးဖြစ်သော ခရီး
လမ်းကို။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဒါရကသဒ္ဒံ၊ သူငယ်အသံကို။ သုတွာ၊
ကြား၍။ ဣဒံ၊ ဤသူငယ်အသံသည်။ ကိံ၊အဘယ်နည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့
မေးပြန်သောကြောင့်။ ဒေဝ၊ ရေမြေစိုးရာဘဝရှင်မင်းကြီး။ ဧကိဿာဘိက္ခုနိယာ၊
ရဟန်းမိန်းမတယောက်သည်။ ပုတ္တော၊ သားကို။ ဇာတော၊ ဖွါး၏။ တဿေဝ၊
ထိုရဟန်းမိန်းမ၏သားလျှင်။ သော -ဧသော သဒ္ဒေါ၊ ဤသူငယ်အသံဖြစ်ပါသည်
ဘုရား။ ဣတိဝုတ္တေ၊ ဤသို့သံတော်ဦး တင်သည်ရှိသော်။ တံကုမာရံ၊ ထိုသတို့
သားကို။ အတ္တနော၊ မိမိ၏။ ဃရံ၊ နန်းတော်သို့။ နေတွာ၊ ယူဆောင်၍။ ဓာတီနံ၊
နို့ထိန်းတို့အား။ အဒါသိ၊ ပေး၏။ နာမဂဟဏဒိဝသေစ၊ အမည်မှည့်အံ့သော
နေ့၌လည်း၊ အဿ၊ ထိုသူငယ်၏။ ကဿပေါတိနာမံ၊ ကဿပဟူသော အမည်ကို။
ကတွာ၊ မှည့်၍။ ကုမာရပရိဟာရေန၊ သတို့သား၏ အဆောင်အရွက်ဖြင့်။ ဝဍ္ဎို-
တတ္တာ၊ ကြီးသောကြောင့်။ ကုမာရကဿပေါတိ၊ကုမာရကဿပဟူ၍၊ သဉ္ဇာနိံသု၊
ခေါ်ဝေါ်ကုန်၏။ သော၊ ထိုကုမာရကဿပ သတို့သားသည်။ ကီဠာမဏ္ဍလေ၊
ကစားဝိုင်း၌။ ဒါရကေ၊ သူငယ်တို့ကို။ ပဟရိတွာ၊ ပုတ်ခတ်ခြင်းကြောင့်။နိမာတာ
ပိတိကေန၊ အမိအဘမရှိသော သားသည်။ ပဟဋ္ဌာ၊ ပုတ်ခတ်ကုန်သည်။ အမှာ၊
ဖြစ်ကုန်၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ရာဇာနံ၊ ကောသလမင်းသို့။
ဥပသင်္ကမိတွာ၊ ကပ်၍။ ဒေဝ၊ ခမည်းတော်ဘုရား။ မံ၊ အကျွန်ုပ်ကို။ နိမာတာပိတိ
ကော်တိ၊ အမိမဲ့သား အဘမဲ့သားဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ မေ၊ အကျွန်ုပ်၏။
မာတရံ၊ အမိကို။ အာစိက္ခထ၊ မိန့်ပါသော့။ ဣတိပုစ္ဆိတွာ၊ ဤသို့လျှောက်သော
ကြောင့်။ရာဇာ၊ ကောသလမင်းသည်။ ဓာတိယော၊ နို့တိန်း ကိုယ်လုပ်တို့ကို။
ဒဿေတွာ၊ပြ၍။ ဣမာ၊ ဤမောင်းမကိုယ်လုပ်တို့သည်။ တေ၊ သင်ချစ်သား၏။

မာတရော၊ အမိတို့တည်း။ ဣတိဝုတ္တေ၊ ဤသို့မိန့်တော်မူလတ်သော်။ မမ၊ ငါ၏။ ဧတ္တကာ၊ ဤမျှလောက်ကုန်သော နို့ထိန်းတို့သည်။ န မာတရော၊ အမိမဟုတ်ကုန်။ ကောဿ၊ တယောက်သော။ မေ၊ ငါ၏။ မာတာ၊ အမိသည်။ ဘဝိတဗ္ဗံ- ဖြစ်ရာ၏။ ဣတိ၊ ဤသို့တွင်၏။ မေ၊ အကျွန်ုပ်၏။ တံ၊ ထိုအမိရင်းကို ဆောစိက္ခထ၊ မိန့်တော်မူသော့။ ဣတိအာဟ၊ ဤသို့လျှောက်၏။ ရာဇာ၊ ကောသလမင်းသည်။ ဣမံ၊ ဤမင်းသားကို။ ဝဉ္စေတုံ၊ လှည့်ပတ်ခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တာတ၊ ချစ်သား။ တဝ၊ သင်၏။ မာတာ၊ အမိကား။ ဘိက္ခုနီ၊ ရဟန်းမိန်းမတည်း။ တံ၊ သင်ချစ်သားကို။ မယာ၊ ငါသည်။ ဘိက္ခုနီဥပဿယာ၊ ရဟန်းမိန်းမကျောင်းမှ။ အာနီတော၊ ဆောင်ယူခဲ့၏။ ဣတိအာဟ၊ ဤသို့ အမိန့်ရှိ၏။

သော၊ ထိုမင်းသားသည်။ တာဝတ္တကေနေဝ၊ ထိုမျှသော စကားဖြင့် သာလျှင်။ သမုပ္ပန္နသံဝေဂေါ၊ ကောင်းစွာ ဖြစ်သော ထိတ်လန့်ခြင်း ရှိသည်။ ဟုတွာ၊ ဖြစ်၍။ တာတ၊ ခမည်းတော်ဘုရား။ မံ၊ အကျွန်ုပ်ကို။ ပဗ္ဗာဇေထ၊ ရဟန်း ပြုပါကုန်လော့။ ဣတိအာဟ၊ ဤသို့တင်၏။ ရာဇာ၊ ကောသလမင်းသည်။ တာတ၊ ချစ်သား။ သာဓုဣတိ၊ ကောင်းပြီဟု။ တံ၊ ထိုမင်းသားကို။ မဟန္တေန၊ များစွာသော။ သက္ကာရေန၊ လှူဘွယ် ဝတ္ထုဖြင့်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ သော၊ ထိုမင်းသားသည်။ လဒ္ဓူပသမ္ပဒေါ၊ ပဉ္စင်းအဖြစ်သို့ ရပြီးသော။ ကုမာရကဿပတ္ထေရောတိ၊ ကုမာရကဿပမထေရ်ဟူ၍။ ပညာယိ၊ ထင်ရှား၏။ သော၊ ထိုမာရကဿပထေရ်သည်။ သတ္ထုသန္တိကေ၊ ဘုရားသခင်အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ ဝါယမိတွာ၊ လုံ့လပြု၍။ ဝိသေသံ၊ ထူးသော တရားကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ပုန၊ တဖန်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဝိသေသေတွာ။ ရှေးကာ ကမ္မဋ္ဌာန်းကို ဆောင်ယူပြီး၍။ ဂဟိဿာမီတိ၊ ယူအံ့ဟူ၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွားရောက်ပြီး၍။ အန္ဓဝနေ၊ မိုက်သောတော၌။ ဝိဟာသိ၊ နေ၏။ အထ၊ ထိုနေရာ၌မှ။ နံ၊ ထိုကုမာရကဿပမထေရ်ကို။ ကဿပဗုဒ္ဓကာလေ၊ ကဿပ မြတ်စွာဘုရားလက်ထက်၌။ ဧကတော၊ တညီနက်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊ ပြု၍။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပတွာ၊ ရောက်၍။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တဘိက္ခု၊ ဖြစ်သောရဟန်းသည်။ ဗြဟ္မလောကတော၊ ဗြဟ္မာ့ပြည်မှ။ အာဂန္တွာ၊ လာ၍။ ပန္နရသပဉှေ၊ တဆယ့်ငါးပါးသော ပြဿနာတို့ကို။ ပုစ္ဆိတွာ၊ မေး၍။ ဣမေပဉှေ၊ ဤပြဿနာတို့ကို။ သတ္ထာရံ၊ ဘုရားကို။ ဌပေတွာ၊ ထား၍။ အညော၊ တပါး

သောသူသည်။ ဗျာကာတုံ၊ ဖြေခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သော သူမည်သည်။ နတ္ထိ၊ မရှိ။ ဂစ္ဆ၊ သွားလေ ။သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ဣမေ၊ ဤပြဿနာတို့၏။ အတ္ထံ၊ အနက်ကို။ ဥဂ္ဂဏှ၊ ယူလေလော့။ ဣတိဥယျောဇေသိ၊ ဤသို့လွှတ်၏။

သော၊ ထိုကုမာရကဿပ မထေရ်သည်။ တထာ။ ထိုအနာဂါမ်တည်း ဗြဟ္မာဆိုတိုင်း။ ကတွာ၊ ပြု၍။ ပဥှာ၊ ပြဿနာကို။ ဝိဿဇ္ဇနာဝသာနေ၊ ဖြေသည်၏ အဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ တဿာန၊ ထိုကုမာရကဿပ မထေရ်၏ကား။ နိက္ခန္တဒိဝသတော၊ ထွက်သောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့ ပတ်လုံး။ မာတုဘိက္ခုနိယာ၊ အမိဖြစ်သော ရဟန်းမိန်းမ၏။ အက္ခီဟိ၊ မျက်စိတို့မှ။ အဿူနိ၊ မျက်ရည်တို့သည်။ ပဝတ္တိံသု၊ ဖြစ်ကုန်၏။ သာ၊ ထိုရဟန်းမိန်းမသည်။ ပုတ္တဝိယောဂဒုက္ခိတာ၊ သားနှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော ဆင်းရဲခြင်း ရှိသည်ဖြစ်၍။ အဿုတိန္တေနေဝ၊ စွတ်သော မျက်ရည်ရှိသည်သာလျှင်ဖြစ်သော။ မုခေန၊ မျက်နှာဖြင့်။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ စရမာနာ၊ သွားစဉ်။ အန္တရဝီထိယံ၊ ခရီးအကြား၌။ ထေရံ၊ မထေရ်ကို။ ဒိသွာဝ၊ မြင်၍လျှင်။ ပုတ္တပုတ္တာဘိ၊ ချစ်သားချစ်သားဟူ၍။ ဝိရဝန္တီ၊ ငိုမြည်တမ်းလျက်။ တံ၊ ထိုမထေရ်ကို။ ပါပုဏိတုံ၊ အမှီရောက်ခြင်းငှါ။ ဥပဓာဝမာနာ၊ ပြေးသည်ရှိသော်။ ပဝိဋ္ဌတ္တိတွာ၊ ပြန်၍။ ပတိ၊ လည်း၏။ သာ၊ ထိုရဟန်း မိန်းမသည်။ ထနေဟိ၊ သားမြတ်တို့မှ။ ခီရံ၊ နို့ရည်သည်။ မုဥ္စန္တေဟိ၊ ယိုကုန်လျက်။ ဥဋ္ဌဟိတွာ၊ ထ၍။ အလ္လစီဝရာ၊ စိုသောသင်္ကန်းရှိလျက်။ ဂန္တွာ၊ သွား၍။ ထေရံ၊ မထေရ်ကို။ ဂဏှိ၊ ဆွဲ၏။ သော၊ ထိုမထေရ်သည်။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤငါ့အမိသည်။ မမသန္တိကာ၊ ငါ့အထံမှ။ မဓုရဝစနံ၊ အသာအယာဆိုသောစကားကို။ သစေလဘိဿတိ၊ အကယ်၍ရသည်ဖြစ်အံ့။ ဝိနဿိဿတိ၊ ပျက်လတ္တံ့။ ထဒ္ဓမေဝ၊ နားမချမ်းသာသော စကားကိုသာလျှင်။ ကတွာ၊ ပြု၍။ ဣမာယ၊ ဤအမိ မိန်းမနှင့်။ သဒ္ဓိံ၊ တကွ။ သလ္လပိဿာမိ၊ ပြောဟောအံ့။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ အထ၊ ထိုနောင်မှ၊ နံ၊ ထိုအမိထေရီကို။ အာဟ၊ ဆိုအံ၏။ ကိံကရောန္တိ၊ အဘယ်မှု၍။ ဝိစရတိ၊ သွားသနည်း။ သိနေဟမတ္တမ္ပိ၊ ချစ်ခြင်းကိုမျှလည်း။ ဆိန္ဒိတုံ၊ ဖြတ်၍ ကျင့်ခြင်းငှါ။ နသက္ကောသိ၊ မတတ်နိုင်ဘိ သနည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ သာ၊ ထိုထေရီမသည်။ ထေရဿ၊ မထေရ်၏။ ကထာ၊ ဆိုသော စကားသည်။ အဟောကက္ခလာ၊ ကြမ်းခက်ထန်စွ။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တာတ၊ ချစ်သား။ ကိံဝဒေသိ၊ အသို့ဆိုသနည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပုနပိ၊ တဖန် လည်း။ တေန၊ ထိုမထေရ်သည်။ တထေဝ၊ ထိုရှေးအတူလျှင်။ ဝုတ္တာ၊ ဆိုအပ်

သော ထေရီမသည်။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ ဣမဿ၊ ဤသား၏။ ကာရဏာ၊ အကြောင်း ကြောင့်။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ် တိုင်တိုင်။ အဿူနိ။ မျက်ရည်တို့ကို။ သမ္ဗာဒေတုံ၊ တည်စေခြင်းငှါ။ နသက္ကောမိ၊ မဘတ်နိုင်။ အယံပန၊ ဤသားသည်ကား။ မေ၊ ဤကို။ ထဒ္ဓဟဒယော၊ ခက်ထန်သော နှလုံးရှိ၏။ မေ၊ ငါ့အား။ ဣမိနာ၊ ဤသားဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့။ ပုတ္တသိနေဟံ၊ သား၌ ချစ်ခြင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ တံဒိဝသမေဝ၊ ဆိုနေ့၌လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

အပရေနသမယေန၊ နောက်အခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဟောပြောကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဒေဝဒတ္တေန၊ ဒေဝဒတ်သည်။ ဧဝံ၊ ဤသို့။ ဥပနိဿယသမ္ပန္နော၊ ဥပနိဿယည်းနှင့် ပြည့်စုံသော။ ကုမာရကဿပေါစ၊ ကုမာရကဿပကိုရင်း၊ ထေရီစ၊ ရဟန်းမိန်မကိုရင်း။ နာသိတာ၊ ဖျက်ဆီး၏။ သတ္ထာပန၊ မြတ်စွာဘုရားသည်ကား။ တေသံ၊ ထိုသူတို့၏။ ပတိဋ္ဌာ၊ ကိုးကွယ်ရာသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ လောကာနု ကမ္ပကာ၊ လူကိုသနားဟတ်ကုန်သော။ ဗုဒ္ဓါနာမ၊ ဘုရားတို့မည်သည်ကား။ အဟော၊ ခြောက်အံ့ဘွယ်ရှိပေစွ။ ဣတိသမုဋ္ဌာပေသုံ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ လာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုငါလာသဲသောအခါ၌။ ကာယကာယာယ၊ အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ ဣမာယ နာမာဟိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ အဟံ၊ ငါဘုရားသည်။ ဣမေသံ၊ ဤသူတို့၏။ ပစ္စယောစ၊ အထောက်အပံ့သည်ရင်း။ ပတိဋ္ဌာစ၊ တည်ရာသည်ရင်း။ ဇာတော၊ ဖြစ်သည်။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အဟံ၊ ငါသည်။ ဧသံ၊ ထိုသူတို့၏။ ပတိဋ္ဌာ၊ ကိုးကွယ်ရာသည်။ အဟောသိယေဝ၊ ဖြစ်ဘူးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။

နိဂြောဓမေဝ၊ နိဂြောဓမည်သော ရွှေသမင်သို့သာလျှင်။ သေဝေယျ၊ မှီဝဲဆည်းကပ်ရာ၍။ သာခံ၊ သာခမည်သော သမင်ကို။ နဥပသံဝသေ၊ မပိုဝဲရာ။ သာခသ္မိံ၊ သာခမည်သောသမင်သည်။ ယံ ဇီဝိတံ၊ သည်။ ဝေါစင်စစ်။ အဂ္ဂိ၊ ၏။ တတော၊ ထိုသာခသမင် အသက်ရှည်သောထက်။ နိဂြောဓသ္မိံ၊ နိဂြောဓသမင်မင်းသည်။ မတံ၊ သေခြင်းသည်။ သေယျော၊ မြတ်၏။ သာခသ္မိံ၊ သာခမည်သော သမင်သည်။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ န သေယျော၊ မမြတ်။

ဣတိ ဣမံ နိဗ္ဗေဒဇေဝတကံ၊ ဤနိဗ္ဗေဒ သမင်မင်း ဇာတ်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထေတွာ၊ ဟောၡ၍။ တဒါ၊ ထိုအခါ၌။ သာခမိဂေါ၊ သာခ သမင်သည်။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ အဟောသိ၊ ဖြစ်၏။ ပရိသာပိ၊ သာခ သမင်၏ ပရိသတ်တို့သည်လည်း။ ဒေဝဒတ္တ ပရိသာ၊ ဒေဝဒတ်၏ ပရိသတ်တို့သည် သာလျှင်တည်း။ ဝါရပ္ပတ္တာ၊ အလှည့်သို့ ရောက်သော။ မိဂီ၊ သမင်မသည်။ ထေရီ၊ မထေရ်မသည်။ အဟောသိ၊ ဖြစ်၏။ ပုတ္တော၊ သားသည်။ ကုမာရကဿပေါ၊ ကုမာရကဿပသည်။ အဟောသိ၊ ဖြစ်၏။ ဂဗ္ဘိနိမိဂိယာ၊ ကိုယ်ဝန် ဆောင်သော သမင်မအား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇိတွာ၊ စွန့်၍။ ဂတော၊ လေးတင်လျက် ရပ်သောမင်းကြီး၏အထံသို့ သွားသော။ နိဗ္ဗေဒမိဂရာဇာပန၊ နိဗ္ဗေဒမည်သော သမင်မင်းသည်ကား။ အဟမေဝ၊ ငါဘုရားသည်သာလျှင်တည်း။ ဣတိ၊ ဤသို့၊ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေတွာ၊ ပေါင်းတော်မူ၍။ ပုတ္တသိနေဟံ၊ သား၏ချစ်ခြင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ထေရိယာ၊ ထေရီမသည်။ အတ္တနာဝ၊ မိမိ သည်သာလျှင်။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌာနံ၊ကိုးကွယ်ရာကို။ ဂတဘာဝံ၊ရောက် သည်၏အဖြစ်ကို။ ပကာသေန္တော၊ ပြတော်မူလျက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပရဿ၊ သူတပါးအား။ အတ္တနိ၊ မိမိ၌။ ဌိတေန၊တည်သောကောင်းမှုဖြင့်။ တနည်းကား။ ပရဿ၊ အား။ ဌိတေန၊ တည်သောကောင်းမှုဖြင့်။ အတ္တနိ၊ ၌။ သဂ္ဂပရာယနေန ဝါ၊ နတ်ပြည်သို့လားကြောင်း သည်ရင်း။ မဂ္ဂပရာယနေန ဝါ၊ မဂ်လေးပါးသို့ လားကြောင်းသည်ရင်း။ ဘဝိတုံ၊ဖြစ်ခြင်းငှါ။ ယသ္မာ၊အကြင်ကြောင့်။ န သက္ကာ၊ မတတ်နိုင်။ တသ္မာ၊ ထိုကြောင့်။ အတ္တနာဝ၊မိမိသည်သာလျှင်။ အတ္တနော၊မိမိ၏။ နာထော၊ ကိုးကွယ်ရာတည်း။ ပရော၊ သူတပါးသည်။ ကိံ ကရိဿတိ၊ အဘယ် ပြုအံ့နည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၆၀။ ၊အတ္တာဟိ၊မိမိသည်သာလျှင်။ အတ္တနော၊မိမိ၏။ နာထော၊ကိုးကွယ် ရာသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ပရော၊ တပါးသောသူသည်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာသည်။ ကောသိယာ၊ အဘယ်မှာဖြစ်ရာ အံ့နည်း။ အတ္တနာဟိ၊ မိမိသည်လျှင်။ သုဒန္တေန၊ ကောင်းစွာ ဣန္ဒြေကို ဆုံးမ ခြင်းဖြင့်။ ဒုလ္လဘံ၊ ရခဲသော။ နာထံ၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော ကိုးကွယ် ရာကို။ လဘတိ၊ ရ၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ နာထောတိ၊ နာထော ဟူသည်ကား။ ပတိဋ္ဌာ၊ကိုးကွယ် ရာတည်း။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အတ္တ နိဋ္ဌိတေန အတ္တနိသမ္ပန္နေန၊ မိမိ၌ ပြည့်စုံခြင်း၊ဖြင့်။ ကုသလလံ၊ ကုသိုလ်ကို။ ကတွာ၊

ပြု၍။ သဂ္ဂံ ဝါ၊ နတ်ပြည်သို့လည်း။ ပါပုဏ္ဏိဘုံ၊ ရောက်ခြင်းငှါ။ မဂ္ဂံ ဝါ၊ မဂ်ကို လည်း။ ဘာဝေတုံ၊ ပွါးခြင်းငှါ။ ဖလံ ဝါ၊ ဖိုလ်ကိုလည်း။ သစ္ဆိကာတုံ၊ မျက်မှောက် ပြုခြင်းငှါ။ ယသ္မာ၊ အကြင်ကြောင့်။ သက္ကာ၊ တတ်နိုင်၏။ တသ္မာ ဟိ၊ ထိုကြောင့် လျှင်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌာ၊ ကိုးကွယ်ရာ ဖြစ်၏။ ကော ဟိ၊ ထိုကြောင့်။ ပရော၊ တစ်ယောက်သည်။ ကဿ၊ အဘယ်သူ၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ကောနာမ သိယာ၊ အဘယ်မှာ ဖြစ်ရာအံ့နည်း၊ ဟိ၊ ထိုစကား သင့်စွ။ အတ္တနာ ဧဝ၊ မိမိ သည်သာလျှင်။ သုဒန္တေန နိဗ္ဗိသေဝနေန၊ အဆိပ်အ တောက်မရှိခြင်းဖြင့်။ အရဟတ္တဖလသင်္ခါတံ၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော။ ဒုလ္လဘံ၊ ရခဲခြင်းရှိသော။ နာထံ၊ ကိုးကွယ်ရာကို။ လဘတိ၊ ရ၏။ ဟိ၊ ထိုစကား သင့်စွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ သန္ဓာယ၊ ရည်၍။ ဣဒံ၊ ဤအရာ၌။ နာထံ လဘတိ ဒုလ္လဘန္တိ၊ ဒုလ္လဘံ ဂုဏ္ဍ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာ ဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

စတုတ္ထ၊သော။ ကုမာရကဿပမာတုထေရီဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၂-အတ္တဝဂ္ဂ။ ၅-မဟာကာလဥပါသကဝတ္ထု။

(ကုမာရကဿပမထေရ်၏ မာတုဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ မဟာကာလ ဥပါသကဝတ္ထု၌ ဟော ရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အတ္တနာဝ ကတံ ပါပံ"ဣတိ-စသော ပါဌ်ကို မိန့်သတည်း)။

"အတ္တနာဝကတံ ပါပံ"ဣတိ ဣဒံ ဓမ္မဒေသနံ၊ အတ္တနာဝ ကတံ၊ ပါပံ- ဟူသော ဤဓမ္မဒေသနာကို၊ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း တော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ မဟာကာလံနာမ၊ မဟာကာလအမည် ရှိသော။ ဧကံ သောတာပန္နံ ဥပါသကံ၊ သောတာပန်ဖြစ်သော ဒါယကာတယောက် ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုမဟာ ကာလသည်။ မာသဿ၊ လ၏။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်သော နေ့၌။ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟာရေ၊ ကျောင်း၌။ သဗ္ဗ ရတ္တိံ၊ ညဉ့်သုံးယာမ်ပတ်လုံး။ ဓမ္မကထံ၊ တရားစကားကို။ သုဏာတိ ကိရ၊ နာ

သတတ်။ အထ၊ ထိုအခါ၌။ ရတ္တိံ၊ ညဉ့်၌။ စောရာ၊ ခိုးသူတို့သည်။ ဧကသ္မိံ
ဂေဟေ၊ တခုသောအိမ်၌။ သန္ဓိံ ဆိန္ဒိတွာ၊ ခြံစပ်ကို ဘောက်၍။ ဘဏ္ဍိကံ၊ ဥစ္စာ
ထုပ်ကို။ ဂဟေတွာ၊ ယူခြင်းကြောင့်။ လောဟဘာဇနသဒ္ဒေန၊ ကြေးအိုးခွက်
သံဖြင့်။ ပဗုဒ္ဓေဟိ၊ နိုးကုန်သော။ သာမိကေဟိ၊ ဥစ္စာရှင်တို့သည်။ အနုဗန္ဓာ၊
လိုက်ကုန်သည်ရှိသော်။ ဂဟိတ ဘဏ္ဍံ၊ ယူအပ်သော ဘဏ္ဍာကို။ ဆဍ္ဍေတွာ၊ စွန့်
ပစ်၍။ ပလာယိံသု၊ ပြေးကုန်၏။ သာမိကာပိ၊ ဥစ္စာရှင်တို့သည်လည်း။ တေ၊
ထိုခိုးသူတို့ကို။ အနုဗန္ဓိံသုယေဝ၊ လိုက်ကုန်သည်သာလျှင်တည်း။ တေ၊ ထိုခိုးသူ
တို့သည်။ ဒိသာ၊ အရပ်မျက်နှာတို့သို့။ ပက္ခန္ဒိံသု၊ ပြေးကုန်၏။ ဧကောပန၊ ခိုးသူ
တယောက်သည်ကား။ ဝိဟာရမဂ္ဂံ၊ ကျောင်းသို့သွားရာ လမ်းခရီးကို။ ဂဟေတွာ၊
ယူ၍။ မဟာကာလဿ၊ မဟာကာလ၏။ ရတ္တိံ၊ ညဉ့်၌။ ဓမ္မကထံ၊ တရားစကားထို။
သုတွာ၊ နာ၍။ ပါတောဝ၊ စောစောကလျှင်။ ပေါက္ခရဏီတီရေ၊ ရေကန်နား၌။
မုခံဓောဝန္တဿ၊ မျက်နှာသစ်စဉ်။ ပုရတော၊ ရှေ့မှ။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။
ဆဍ္ဍေတွာ၊ စွန့်၍။ ပလာယိ၊ ပြေးလေ၏။ စောရေ၊ ခိုးသူတို့ကို။ အနုဗန္ဓိတွာ၊
လိုက်၍။ အာဂတမနုဿာ၊ လာသောလူတို့သည်။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဒိသွာ၊
မြင်၍။ တွံ၊ သင်သည်။ နော၊ ငါတို့၏။ ဂေဟသန္ဓိံ ဆိန္ဒိတွာ၊ အိမ်၌ ခြံစပ်ကို
ဘောက်၍။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဟရိတွာ၊ ခိုး၍။ ဓမ္မံ၊ တရားကို။ သုဏန္တော
ဝိယ၊ နာသကဲ့သို့။ ဝိစရတီတိ၊ သွား၏ဟူ၍။ တံ၊ ထိုမဟာကာလ သီတင်းသည်ကို။
ဂဟေတွာ၊ ဘမ်း၍။ ပေါထေတွာ၊ ထောင်းထု၍။ မာရေတွာ၊ သတ်၍။
ဆဍ္ဍေတွာ၊ ရေကန်မှုပြင်သို့ထုတ်၍ ပစ်လျက်။ အဂမိံသု၊ သွားကုန်၏။ အထ၊ ထို
အခါ၌။ နံ၊ ထိုမဟာကာလ သီတင်းသည်ကို။ ပါတောဝ၊ စောစောကလျှင်။
ပါနီယဃဋံ၊ ရေခပ်အိုးကို။ အာဒါယ ယူ၍။ ဂတာ၊ လာကုန်သော။ ဒဟရသာ
မဏေရာ၊ သာမဏေငယ်တို့သည်။ ဒိသွာ၊ မြင်၍။ ဝိဟာရေ၊ ကျောင်း၌။ ဓမ္မကထံ၊
တရားစကားကို။ သုတွာ၊ နာ၍။ သယိတ ဥပါသကော၊ အိပ်သော ဒါယကာ
သည်။ အယုတ္တံ၊ မလျောက်ပတ်သော။ မရဏံ၊ သေခြင်းကို။ လဘတိ၊ ရ၏။ ဣတိ၊
ဝတွာ၊ ဤသို့ဆို၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အာရောစေသုံ၊ ကြားလျှောက်
ကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ဩော် သေခြင်း
သည် မှန်၏။ ဣမသ္မိံ အတ္တဘာဝေ၊ ဤအတ္တဘော၌။ ကာလေန၊ ကာလမည်
သော ငါ့တပည့်သည်။ အပ္ပတိရူပံ၊ မလျောက်ပတ်သော။ မရဏံ၊ သေခြင်းကို။ လဒ္ဓံ၊
ရလေပြီ။ ပုဗ္ဗေ၊ ရှေး၌။ တေန၊ ထိုကာလမည်သော ဒါယကာသည်။ ကတကမ္မဿ
ပန၊ ပြုအပ်သော ကံအားကား။ ယုတ္တမေဝ၊ လျော်သည်ကိုလျှင်။ လဒ္ဓံ၊ ရအပ်၏။
ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ တေဟိ၊ ထိုရဟန်းတို့သည်။ ယာစိတော၊ တောင်း

ပန်ခြင်းကြောင့်။ တဿ၊ ထိုမဟာကာလသည်။ ပုဗ္ဗကမ္မံ၊ ရှေးပကောင်းမှုကံကို။ ကထေသိ၊ ဟောတော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီမင်း၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဧကဿ ပစ္စန္တဂါမဿ၊ တခုသော ပစ္စန္တရွာ၏။ အဋဝိမုခေ၊ တောအုပ်အဝ၌။ စောရာ၊ ခိုးသူတို့သည်။ ပဟရန္တိ၊ လုသက် ဖျက်ဆီးကုန်၏။ ရာဇာ၊ မင်းကြီးသည်။ အဋဝိမုခေ၊ တောအုပ်ဝ၌။ ဧကံ ရာဇဘဋံ၊ မင်းခစား ယောကျ်ားတယောက်ကို။ ထပေသိ၊ ကင်းစောင့်ထား၏။ သော၊ ထိုကင်းစောင့် ထောင်မှူးသည်။ ဘတိံ၊ ကင်းခွန်ကို။ ဂဟေတွာ၊ ယူ၍။ မနုဿေ၊ လူတို့ကို။ ဩရတော၊ ဤမှာဘက် တောစခန်းမှ။ ပါရံ၊ ထိုမှာဘက် တောစခန်းသို့။ နေတိ၊ ပို့၏။ ပါရတော၊ ထိုမှာဘက်တောစခန်းမှ။ ဩရံ၊ ဤမှာဘက်တောစခန်းသို့။ နေတိ၊ ဆောင်ယူ၏။ အထ၊ ထိုအခါ၌။ ဧကော မနုဿော၊ လူတယောက်သည်။ အတ္တနော၊ မိမိ၏။ အဘိရူပံ၊ အလွန်အဆင်းရှိသော၊ ဘရိယံ၊ မယားကို။ စူဠယာနကံ၊ လှည်းငယ်သို့။ အာရောပေတွာ၊ တင်၍။ တံ ဌာနံ၊ ထိုကင်းကားရာ အရပ်သို့။ အာဂမာသိ၊ ရောက်လာ၏။ ရာဇဘဋော၊ မင်းခ ယောကျ်ားသည်။ တံ ဣတ္ထိံ၊ ထိုမိန်းမကို။ ဒိသွာဝ၊ မြင်ရလျှင်။ သဉ္ဇာတသိနေဟော၊ ဖြစ်သောချစ်ခြင်းရှိ၍။ တေန၊ ထိုခရီးသွား ယောကျ်ားသည်၊ သာမိ၊ အရှင်။ နော၊ အကျွန်ုပ်တို့အား။ အဋဝိံ၊ တောအုပ်ကို။ အတိက္ကမေဟိ၊ လွန်ပါစေလော့။ ဣတိ ဝုတ္တေပိ၊ ဤသို့ ဆိုသော်လည်း။ ဣဒါနိ၊ ယခု။ ဝိကာလော၊ အချိန် မဟုတ်ပါပြီ။ ပါတောဝ၊ နံနက်အခါမှလျှင်။ အတိက္ကမေဿာမိ၊ လွန်စေအံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။ သော၊ ထိုခရီးသွား ယောကျ်ားသည်။ သာမိ၊ အရှင်။ သကာလော၊ အခါရှိသေး၏၊ ဣဒါနေဝ၊ ယခုပင်လျှင်။ နော၊ အကျွန်ုပ်တို့ကို။ နေဟိ၊ ပို့ပါလော့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ နိဝတ္တိတော၊ နစ်ဦးလော့။ အမှာကံ ယေဝ ဂေဟေ၊ ငါတို့အိမ်၌သာလျှင်။ အာဟာရော စ၊ ထမင်းသည်လည်း။ နိဝါသော စ၊ နေရာသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ အာဟ၊ ဤသို့ မင်းခ ယောကျ်ားဆို၏။ သော၊ ထိုခရီးသွားယောကျ်ားသည်၊ နိဝတ္တိတုံ၊ ပြန်ခြင်းငှါ။ နေဝ ဣစ္ဆိ၊ အလိုမရှိ။ ဣတရော၊ ကင်းမှူးသည်။ ပုရိသာနံ၊ ကင်းသုလင်တို့အား။ သညံ ဒတွာ၊ အမှတ်ပေး၍။ ယာနကံ၊ လှည်းကို။ နိဝတ္တာပေတွာ၊ နစ်စေ၍။ အနိစ္ဆန္တဿေဝ၊ တည်းနေခြင်းငှါ အလိုမရှိသော ခရီးသွား ယောကျ်ားအားလျှင်။ ဒွါရကောဋ္ဌကေ၊ ဝင်းပေါက်ဦး အိမ်၌။ နိဝါသံ ဒတွာ၊ နေရာချ၍။ အာဟာရံ၊ ကို။ ပဋိယာဒါပေသိ၊ စီရင်စေ၏။ တဿ ပန၊ ထို ကင်းမင်း၏အား။ ဂေဟေ၊ အိမ်၌။ ဧကံ မဏိရတနံ၊ တခုသော ပတ္တမြား ရတနာသည်။ အတ္ထိ၊ ရှိ၏။ သော၊

ထိုကင်းမင်းသည်။ တံ၊ ထိုပတ္တမြားရတနာကို။ အဿ၊ ထိုခရီးသွားယောကျ်ား၏။ ယာနကန္တရေ၊ လှည်းကြား၌။ ပက္ခိပါပေတွာ၊ ထည့်စေ၍။ ပစ္စူသကာလေ၊ မိုးသောက်သော ကာလ၌၊ စောရာနံ၊ ခိုးသူတို့၏။ ပဝိဋ္ဌဘာဝံ၊ ဝင်လေဟန်သော အသံကို။ ကာရေသိ၊ ပြုစေ၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုကင်းမင်း၏။ ပုရိသာ၊ ကင်းလုလင်တို့သည်။ သာမိ၊ အရှင်။ မဏိရတနံ၊ ပတ္တမြားရတနာကို။ စောရေဟိ၊ ခိုးသူတို့သည်။ ဟဋ္ဌန္တိ၊ ခိုး၏ဟူ၍။ အာရောစယိံသု၊ ကြားကုန်၏။ သော၊ ထိုကင်းမင်းသည်။ ဂါမဒွါရေသု၊ ရွာတံခါးတို့၌။ အာရက္ခံ၊ အစောင့် အရှောက်ကို။ ထပေတွာ၊ ထား၍။ အန္တောဂါမတော။ ရွာတွင်းမှ။ နိက္ခမန္တေ၊ ထွက်ကုန်သော သူတို့ကို။ ဝိစိနထ၊ စူးစမ်းကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဣတရောပိ၊ ခရီးသွား ယောကျ်ားသည်သည်း။ ပါတောဝ၊ စောစောကလျှင်။ ယာနကံ၊ လှည်းကို။ ယောဇေတွာ၊ က၍။ ပါယာသိ၊ သွား၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုခရီးသွား ယောကျ်ား၏။ ယာနကံ၊ လှည်းကို။ သောဓေန္တော၊ သုတ်သင်သည်ရှိသော်။ အတ္တနာ၊ မိမိသည်။ ထပိတံ၊ ထားသော။ မဏိရတနံ၊ ပတ္တမြား ရတနာကို။ ဒိသွာ၊ မြင်၍။ တံ၊ ထိုခရီးသွားယောကျ်ားကို။ သန္တဇ္ဇေတွာ၊ ခြိမ်းခြောက် မောင်းမဲ၍။ တွံ၊ သင်သည်။ မဏိံ ဂဟေတွာ၊ ပတ္တမြားကိုယူ၍။ ပလာယသီတိ၊ ပြေးသွား၏ဟု။ ပေါထေတွာ၊ ထောင်းခတ်၍။ သာမိ၊ ရွာစားမင်း။ နော၊ ငါတို့၏ပတ္တမြားကို။ ဂဟိတော၊ ယူလော။ စောရောတိ၊ ခိုးသူတည်းဟု။ ဂါမဘောဇကဿ၊ ရွာစားမင်းအား။ ဒဿေသုံ၊ ဆက်ကုန်၏။ သော၊ ထိုရွာစား မင်းသည်။ မေ၊ ငါ၏။ ဘဋ္ဌကဿ၊ ကင်းစားသည်။ တာ၊ အား။ ဂေဟေ၊ အိမ်၌။ နိဝါသံ၊ နေရာကို။ ဒတွာ၊ ပေး၍။ ဘတ္တံ၊ ထမင်းကို။ ဒိန္နံ၊ ပေးပါလျက်လည်း။ မဏိံ၊ ပတ္တမြားကို။ ဂဟေတွာ၊ ခိုးယူ၍။ ဂတော၊ သွား၏။ နံပါပပုရိသံ၊ ထိုခရီးသွား ယောကျ်ားယုတ်ကို။ ဂဏှထ၊ ဘမ်းဆီးကုန်လော့။ ဣတိ၊ ဤသို့ ဆိုလျက်။ ပေါထာပေတွာ၊ ထောင်းစေ၍။ မာရေတွာ၊ သတ်စေ၍။ ဆဍ္ဍာပေသိ။ စွန့်ပစ်စေ၏။ ဣဒံ၊ ဤသည်လျှင်။ တဿ၊ ထိုမဟာကာလသီတင်းသည်၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှု ကံတည်း။ သော၊ ထိုရွာစားမင်းသည်။ တတော၊ ထိုဘဝမှ။ စုတော၊ စုတေသည်ရှိသော်။ အဝီစိမှိ၊ အဝီစိ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ တတ္ထ၊ ထိုအဝီစိ၌။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ ပစိတွာ၊ ကျက်ပြီး၍။ ဝိပါကာဝသေသေန၊ အကျိုးကြွင်းဖြင့်။ အတ္တဘာဝသတေ၊ အရာသောကိုယ်အဖြစ်၌။ တထေဝ၊ ထိုရေကန်နား၌ မတင့်တယ်သော သေခြင်းနှင့်တူစွာလျှင်။ ပေါထိတော၊ ထောင်းခတ်လျက်။ မရဏံ၊ သေခြင်းသို့။ ပါပုဏိ၊ ရောက်ဘူးပြီ။ ဧဝံ၊ သို့။ သတ္တာ၊ မြတ်စွာ ဘုရားသည်။

မဟာကာလဿ၊ မဟာကာလ၏။ ပုဗ္ဗကမ္မံ၊ ရှေး၌ကောင်းမှုကံကို၊ ဒဿေတွာ၊ ပြ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ဣမေသတ္တာ၊ ဤသတ္တဝါတို့ကို။ အတ္တနာ၊ မိမိသည်။ ကတာပါပကမ္မမေဝ၊ ပြုအပ်သော မကောင်းမှု ကံသည်သာလျှင်။ စတူသုအပါယေသု၊ အပါယ်လေးပါးတို့၌။ အဘိမတ္ထတိ၊ ဖျက်ဆီး၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၆၁။ ။ဘိက္ခဝေ၊ တို့။ အသ္မမယံ၊ ကျောက်မှဖြစ်ထသော။ ဝဇီရံ၊ ဝရဇိန်ဖြစ်ထသော။ မဏိဝ၊ ပတ္တမြားကဲ့သို့။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်ထသော။ အတ္တဇံ၊ မိမိ၌ ဖြစ်ထသော။ အတ္တသမ္ဘဝံ၊ မိမိကြောင့်ဖြစ်သော။ ပါပံ၊ မကောင်းမှုကံသည်။ ဒုမ္မေဓံ၊ ပညာမရှိသောသူကို။ အဘိမတ္ထတိ၊ ဖျက်ဆီး၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဝဇီရံအသ္မမယံမဏိန္တိ၊ ကား။ ဝဇီရံ၊ ဝရဇိန်သည်။ အသ္မမယံ၊ မိမိမှဖြစ်သော။ မဏိံ ဣဝ၊ ပတ္တမြားကဲ့သို့။ ဣဒံ၊ ဤအဓိပ္ပာယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ။(ဝသ္မမယံ၊ အသ္မမယံ၊ ဝမှမယံ၊ အမှမယံ၊ ဟု အထွေထွေ ရှိကြ၏။ သဒ္ဒါကြိုက်နှစ်သက်ရာကိုသာ ဉာဏ်ဖြင့် စူးစမ်း၍ ယူကြပါလေကုန်)။ ။ပါသာဏမယံ ပါသာဏသမ္ဘဝံ၊ ကျောက်မှ ဖြစ်ထသော။ ဝဇီရံ၊ ဝရဇိန်သည်။ အသ္မမယံ၊ ကျောက်ဖြင့်ပြီးစေအပ်သော။ တမေဝမဏိံ၊ ထိုပတ္တမြားကို။ အတ္တနော၊ မိမိ၏။ ဥဋ္ဌာနသာခါတံ၊ ဖြစ်ရာဟုဆိုအပ်သော။ ပါသာဏမဏိံ၊ ပတ္တမြားကျောက်ကို။ ခါဒိတွာ၊ စား၍။ ဆိဒ္ဒံဆိဒ္ဒံ၊ အပေါက်အပေါက်။ ခဏ္ဍံခဏ္ဍံ၊ အပိုင်းအပိုင်း။ ကတွာ၊ ပြု၍။ အပရိဘောဂံ၊ မသုံးဆောင် ကောင်းသည်ကို။ ကရောတိယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော။ အတ္တနိ၊ မိမိ၌။ ဇာတံ၊ ဖြစ်သော။ အတ္တသမ္ဘဝံ၊ မိမိကြောင့်ဖြစ်သော။ ပါပံ၊ မကောင်းမှုသည်။ ဒုမ္မေဓံနိပ္ပညံ၊ ပညာမရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို၊ စတူသု အပါယေသု၊ အပါယ်လေးပါးတို့၌။ အဘိမတ္ထတိ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သမ္ပတ္တဘိက္ခူ၊ ရောက်လာကုန်သော ရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဉ္စမံ၊ သော။ မဟာကာလဥပါသကဝတ္ထု၊ သည်။

ဝဏ္ဏတိသမတ္တံ၊ ပြီးပြီ။

## ၁၂-အတ္တဝဂ္ဂ။ ၆-ဒေဝဒတ္တဝတ္ထု

(မဟာကာလမည်သော သီတင်းသည်၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ဒေဝဒတ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယဿ အစ္စန္တ" စသော ပါဌ်ကို မိန့်သတည်း)။

"ယဿအစ္စန္တဒုဿီလျ"န္တိ 'ဣမံ ဓမ္မဒေသနံ၊ ယဿအစ္စန္တဒုဿီလျံ-ဟူသော ဤတရားဒေသနာတော်ကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဒေဝဒတ္တံ၊ ဒေဝဒတ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ ဒိဝသေ၊ တခုသောနေ့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဟောပြောကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ဒုဿီလော၊ သီလမရှိ။ ပါပဓမ္မော၊ ယုတ်သော အကျင့်ရှိ၏။ ဒုဿီလျကာရဏေနေဝ၊ သီလ မရှိခြင်း အဖြစ်၏ အကြောင်းသာလျှင် ဖြစ်သော။ တဏှာယ၊ တဏှာကို။ ဝဍ္ဎိတာယ၊ ပွါးစေ ခြင်းဖြင့်။ အဇာတသတ္တုံ၊ အဇာတသတ်မင်းကို။ သံဂဏှိတွာ၊ သင်္ဂြိုဟ်၍။ မဟန္တံလာဘ သက္ကာရံ၊ များစွာသော လာဘ်ပူဇော် သက္ကာကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အဇာတသတ္တုံ၊ အဇာတသတ်မင်းကို၊ ပိတုဝဓေ၊ အဘအား သတ်စေခြင်း၌။ သမာဒပေတွာ၊ ဆောက်တည်စေ၍။ တေန၊ ထိုအဇာတသတ်နှင့်။ သဒ္ဓိံ၊ တကွ။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်၍။ နာနပ္ပကာရေန၊ အထူးထူးအပြားပြားသော အခြင်းအရာဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝဓာယ၊ သတ်ခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဣတိ သမုဋ္ဌာပေသုံ၊ ဤသို့ဟောပြောကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ အာဂန္တွာ၊ လာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုငါလာဆဲဖြစ်သောအခါ၌။ ကာယကထာယ၊ အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူသောကြောင့်။ ဣမာယနာမာတိ၊ ဤမည်သောစကားကြောင့်တည်း ဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ နာနပ္ပကာရေန၊ အထူးထူး အပြားပြားသော အခြင်းအရာဖြင့်။ မယှံ၊ ငါ့အား။ ဝဓာယ၊ သတ်ခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ကုရုင်္ဂမိဂဇာတကာဒီနိ၊ ကုရုင် သမင်မင်းဇာတ် စသည်တို့ကို။ ကထေတွာ၊ ဟော၍။

ဘိက္ခဝေ၊ ရဟန်းတို့။ အစ္စန္တဒုဿီလျပုဂ္ဂလံနာမ၊ စင်စစ် သီလမရှိသောပုဂ္ဂိုလ် မည်သည်ကား။ ဒုဿီလျကာရကာ၊ သီလမရှိခြင်းကို ပြုတတ်သော။ တဏှာ၊ တဏှာသည်။ ဥပ္ပန္နာ၊ ဖြစ်သည်ရှိသော်။ မာလုဝါ၊ မာလောနွယ်သည်။ သာလံ၊ အင်ကြင်းပင်ကို။ ပရိယောနန္ဓိတွာ၊ မြေးရှက်၍။ သမ္ဘဉ္စမာနာဝိယ၊ ဖျက်ဆီးသကဲ့သို့။ နိရယာဒီသု၊ ငရဲစသည်တို့၌။ ပက္ခိပမာ၊ ပစ်ချ၏။ ဣတိဝေဒွာ၊ ဤသို့ ဟောတော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၆၂။ ။ဘိက္ခဝေ၊ တို့၊ ယဿ၊ အံ့၊ အစ္စန္တဒုဿီလျံ၊ စင်စစ် သီလမရှိသော အဖြစ်သည်။ အတ္တိ၊ ၏။ တဿ၊ ၏။ ဒုဿီလျံ၊ သီလမရှိသော အဖြစ်သည်။ မာလုဝါ၊ မာလောနွယ်သည်။ သာလံ၊ အင်ကြင်းပင်ကို။ ဩတ္ထတံဣဝ၊ ဘိ၍ နှိပ်စက်သကဲ့သို့။ ဩတ္ထတံ၊ ဘိ၍ နှိပ်စက်၏။ ဒိသော၊ ခိုးသူသည်။ ယထာ၊ အကြင် ပျက်စီးသော အခြင်းအရာဖြင့်။ နံ၊ ထိုသူတပါးကို။ ဣစ္ဆတိ၊ အလိုရှိ၏။ တထာ၊ ထိုပျက်စီးသော အခြင်းအရာဖြင့်။ ကရောတိဣဝ၊ ပြုသကဲ့သို့။ သော၊ ထိုသီလမရှိသော အဖြစ်တည်း ဟူသော မကောင်းမှုသည်။ အတ္တာနံ မိမိ၏ဘည်းဟု ဖြစ်သော သတ္တဝါ၏ ကိုယ်ကို။ ကရောတိ၊ ပျက်စီးအောင် ပြုပါတ၏။

တတ္ထ၊ ထိုဂါထာ၌၊ အစ္စန္တဒုဿီလျန္တိ၊ အစ္စန္တဒုဿီလျံ-ဟူသည်ကား။ ဧကန္တဒုဿီလဘာဝေါ၊ စင်စစ် သီလမရှိသော အဖြစ်တည်း။ ဂိဟိဝါ၊ လူဖြစ်၍လည်း။ ဇာတိတော၊ ဖွားသည်မှ။ ပဋ္ဌာယ၊ စ၍။ ဒသ အကုသလ ကမ္မ ပထေ၊ ဆယ်ပါးသော အကုသလကမ္မပထတို့ကို။ ကရောန္တော၊ ပြုသောသူသည်။ အစ္စန္တဒုဿီလော၊ စင်စစ် သီလမရှိသောသူ မည်၏။ ပဗ္ဗဇိတော ဝါ၊ ရဟန်းဖြစ်၍လည်း။ ဥပသမ္ပန္နဒိဝသတော၊ ပဉ္စင်းခံသော နေ့မှ။ ပဋ္ဌာယ၊ စ၍။ ဂရုကာပတ္တိ၊ ပါရာဇိက, သံဃာဒိသိသ်အာပတ်သို့။ အာပဇ္ဇမာနော၊ ရောက်သောရဟန်းသည်။ အစ္စန္တဒုဿီလောနာမ၊ စင်စစ် သီလမရှိသော ပုဂ္ဂိုလ်မည်၏။ ဣဓ ပန၊ ဤဒေသနာတော်၌ကား။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒွိသုတိသု အတ္တဘာဝေသု၊ နှစ်ဘာသုံးဘဝသော ကိုယ်အဖြစ်တို့၌။ ဒုဿီလော၊ သီလမရှိ။ ဟောဿ၊ ထိုပုဂ္ဂိုလ်၏။ ဂတိယာ၊ အလားဖြင့်။ အာဂတံ၊ လာသော။ ဒုဿီလဘာဝံ၊ သီလမရှိသော အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဧတံ၊ ဤဂါထာကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဝ၊ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ၊ ဤစကားရပ်၌။ ဒုဿီလျဘာဝေါ တိ၊ ဟူသည်ကား။ ဒုဿီလဿ၊ ဒုဿီလပုဂ္ဂိုလ်၏။ ဆဒွါရေနို၊ ခြောက်ပါးသောဒွါရတို့၌။ နိဿာယ၊ မှီ၍။ ဥပ္ပန္နာ၊ ဖြစ်သော။ တဏှာ၊ တဏှာကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ မာလုဝါ ဩတ္ထတံ ဣဝ ဩတ္ထတံ၊ မိဝေါတ္ထတံ ဟူသည်ကား။ ယထာ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ တဏှာသည်။ ဩတ္ထတံ၊ တဏှာဟု ဆိုအပ်သော။ တံ ဒုဿီလျံ၊ ထိုသီလမရှိသောအဖြစ်သည်။ ။(ဩတ္ထတံ၊

မှာ စပ်)။ ။ယထာနာမ၊ ဥပမာမည်သည်ကား။ မာလုဝါ၊ မာလောနွယ်သည်။ သာလံ၊ အင်ကြင်းပင်ကို။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ပဒတ္တဟိ၊ အရွက်တို့ဖြင့်။ ဥဒကံ၊ ရေကို။ သမ္ပဋိစ္ဆိတွာ၊ ခံ၍။ သမ္ဘဉ္ဇန္တ ဝသေန၊ ချိုးဖွဲ့ဖျက်ဆီးသည်၏ အစွမ်းဖြင့်။ သဗ္ဗတ္ထကမေဝ၊ ထက်ဝန်းကျင်အရပ်ကိုသာလျှင်။ ဩတ္ထတံ ပရိယောနန္ဓတိယထာ၊ ဘိ၍ နှိပ်စက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အတ္တဘာဝံ၊ အတ္တဘောကို။ ဩတ္ထတံ ပရိယောနန္ဓိတွာ၊ ဘိ၍ နှိပ်စက်လျက်။ ဌိတံ၊ တည်၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ မာလုဝါယ၊ မာလောနွယ်သည်။ ရုက္ခာ၊ သစ်ပင်ကို။ သမ္ဘဉ္ဇိတွာ၊ ချိုး၍၊ ဘူမိယံ၊ မြေ၌။ ပါတိယမာနော ဝိယ၊ ချသကဲ့သို့။ ဒုဿီလျသင်္ခါတာယ၊ ဒုဿီလဟု ဆိုအပ်သော။ တာယ တဏှာယ၊ ထိုတဏှာသည်။ သမ္ဘဉ္ဇိတွာ၊ ချိုး၍။ အပါယေသု၊ အပါယ်ဘုံတို့၌။ ပါတိယမာနော၊ ကျစေ၏။ ဗိုဠသော၊ ခိုးသူသည်။ အနတ္ထကာမော၊ အကျိုးမဲ့ကို။ လ္လစ္ဆတိယထာ၊ အလိုရှိသကဲ့သို့။ တထာ၊ ထိုအတူ။ အတ္တာနံ၊ မိမိကိုယ်ကို။ ကရောတိ နာမ၊ ပြုသည်မည်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဆဋ္ဌံ၊သော။ ဒေဝဒတ္တဝတ္ထု၊ သည်။ ဣတိ သာမတ္တံ၊ ပြီးပြီ။

---

## ၁၂-အတ္တဝဂ္ဂ။ ၇-သံဃဘေဒပရိသက္ကနဝတ္ထု။

(ဒေဝဒတ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ ယခုအခါ သင်းခွဲခြင်းငှါ လုံ့လပြုသောဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သုကရာနိ" စသောပါဌ်ကို မိန့်သတည်း)။

"သုကရာနိ"တိ ဣမံ ဓမ္မ ဒေသနံ၊ သုကရာနိ- စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သံဃဘေဒပရိသက္ကနံ၊ သံဃာ၏ ကွဲပြားစေခြင်းငှါ လုံ့လပြုခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ဧကဒိဝသံ၊ တနေ့သ၌။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သံဃဘေဒါယ၊ သံဃာ၏ ကွဲပြားစေခြင်းငှါ။ ပရိသက္ကန္တော၊ လုံ့လ ပြုပြီးသော်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တံ၊ သွားသော။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာကို။ ဒိသွာ၊ မြင်၍။

အတ္တနော၊ မိမိ၏။ အဒိဋ္ဌိယံ၊ အယူကို။ အာဒေရာစေသိ၊ ကြေး၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ထေရော၊ အာနန္ဒာမထေရ်သည်။ သတ္ထုသန္တိကံ၊ မြတ်စွာဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်္ကန်းရုံဟပ်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ဝင်၏။ ဘန္တေ၊ အရှင်ဘုရား။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တံ၊ သွားသော။ မံ၊ အကျွန်ုပ်ကို။ ဒေါ၊ စင်စစ်။ အဒ္ဒသာ၊ မြင်၏။ ဒိသွာ၊ မြင်ပြီး၍။ ယေန၊ အကြင်အရပ်၌။ အဟံ၊ အကျွန်ုပ်သည်။ အဟောသိ၊ ရှိ၏။ တေန၊ ထိုအကျွန်ုပ်ရှိရာသို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ မံ၊ အကျွန်ုပ်ကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ ဆို၏။ အာဝုသော အာနန္ဒ၊ ငါ့ရှင်အာနန္ဒာ၊ အဟံ၊ ငါသည်။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ဒါနိ၊ ယခုအခါ၌။ အညတြေဝ ဘဂဝတာ၊ မြတ်စွာဘုရားကို။ အညတြေဝ၊ ကြဉ်၍လျှင်။ ဘိက္ခုသံဃာ၊ ရဟန်းသံဃာကို။ အညတြေဝ၊ ကြဉ်၍လျှင်။ ဥပေါသထံ စ၊ ဥပုသ်ကိုရင်း။ သံဃကမ္မာနိ၊ သံဃကံ ကိုရင်း။ ကရိဿာမိ၊ ပြုအံ့။ ဣတိ အဝေါစ၊ ဤသို့ဆို၏။ ဘန္တေ၊ မြတ်စွာဘုရား။ အဇ္ဇ၊ ယနေ့။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သံဃံ၊ သံဃာကို။ ဘိန္ဒိဿတိ၊ ခွဲလတ္တံ့။ ဥပေါသထဉ္စ၊ ဥပုသ်ကိုရင်း။ သံဃကမ္မာနိ စ၊ သံဃကံတို့ကိုရင်း။ ကရိဿတိ၊ ပြုလတ္တံ့။ ဣတိ ဝေါ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

၁၆၃။ ။သိကရာနိ၊ ကို။ သာဓုနာ၊ သူတော်ကောင်းသည်။ သာဓုံ၊ ကောင်းသောသဘောကို။ သုကရံ၊ ပြုလွယ်၏။ ပါပေန၊ ယုတ်မာသောသူသည်။ သာဓုံ၊ ကောင်းသောသဘောကို။ ဒုက္ကရံ၊ ပြုခဲ၏။ ပါပေန၊ ယုတ်မာသော သူသည်။ ပါပံ၊ ယုတ်မာသောသဘောကို။ သုကရံ၊ ပြုလွယ်၏။ အရိယေဟိ၊ မြတ်သောသူတို့သည်။ ပါပံ၊ ယုတ်မာသောမှုကို။ ဒုက္ကရံ၊ ပြုခဲ၏။

ဂါထာ ဂါထာ၌ ဥဒါနံ၊ ဤဥဒါန်းစကားကို။ ဥဒါနေတွာ၊ ဆိုကျူး၍။ အာနန္ဒ၊ အာနန္ဒာ။ အတ္တနော၊ မိမိ၏။ အဟိတကရာနိ၊ အစီးအပွါးမရှိသောအမှုမည်သည်ကား။ သုကရာနိ၊ ပြုလွယ်ကုန်၏။ ဟိတကမ္မာနိ၊ အစီးအပွါးရှိသော အမှုသည်သာလျှင်။ ဒုက္ကရာနိ၊ ပြုခြင်းငှါခဲယဉ်း၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဂါထံ၊ ဂါထာကို။ ဣမံ၊ ဤ။ အာဟ၊ ဟောတော်မူ၏။

၁၆၄။ ။ယော ဗာလော၊ ယော။ အရဟတံ၊ အကြင်အလှူခံထိုက်သည်။ အာယာ ဓမ္မဇီဝိနံ၊ ကောင်းကုန်။ တာဒိသ၊ ထိုသို့သောသူကိုလည်း။ သာသနံ၊ သုကရာဂ၊ ပြုလွယ်ကုန်၏။ ယံ၊ အကြင်

အမှုသည်။ ဝေါ စင်စစ်။ ဟိတဉ္စ၊ အစီးအပွားလည်းရှိ၏။ သာဓုဉ္စ၊ အပြစ်မရှိသည်ဖြစ်၍ ကောင်းလည်းကောင်း၏။ တံ၊ ထိုအမှုကို။ ဝေ၊ အကယ်မလွဲသဖြင့်။ ပရမဒုက္ကရံ၊ လွန်စွာပြုနိုင်ခဲ၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယာနိ ကမ္မာနိ၊ အကြင် အမှုတို့သည်။ အသာဓူနိ စ၊ မကောင်းကုန်။ သာဝဇ္ဇာနိ စ၊ အပြစ်လည်း ရှိကုန်၏။ အပါယသံဝတ္တနိကာနိ၊ အပါယ်သို့ လားခြင်းတို့ကို။ ကတတ္တာယေဝ စ၊ ပြုကာမျှလျှင်။ အတ္တနော၊ မိမိ၏။ အဟိတာနိ စ၊ အကျိုးမရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထိုအမှုတို့သည်။ သုကရာနိ၊ ပြုလွယ်ကုန်၏။ အတ္တနော၊ မိမိ၏။ ကတတ္တာ၊ ပြုအပ်သည်၏အဖြစ်ကြောင့်။ ဟိတဉ္စ၊ အစီးအပွါး ရှိသည်လည်း ဖြစ်သော။ အနဝဇ္ဇတ္ထေန၊ အပြစ်ရှိသောအနက်ကြောင့်။ သာဓုဉ္စ၊ ကောင်းသည်လည်း ဖြစ်သော။ သုဂတိသံဝတ္တနိကဉ္စေဝ၊ သုဂတိဘုံ၌ ချမ်းသာခြင်းကို ဖြစ်စေတတ်သည်လည်းဖြစ်သော။ နိဗ္ဗာနသံဝတ္တနိကဉ္စ၊ နိဗ္ဗာန်ချမ်းသာကိုဖြစ်စေတတ်သည်လည်း ဖြစ်သော။ ယံ ပန ကမ္မံ၊ အကြင်မကောင်းမှုကံသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမကောင်းမှုကံသည်။ ပါစီနနိန္နာယ ဂင်္ဂါယ၊ အရှေ့မျက်နှာသို့နိမ့်ရာ ဂင်္ဂါမြစ်၊ ဥဗ္ဗတ္တေတွာ၊ ပြန်၍။ ပစ္ဆာမုခကရဏံ၊ အနောက်မျက်နှာသို့ စီးဝင်ခြင်းငှါ ပြုခြင်းသည်။ အတိ ဒုက္ကရံဝိယ၊ အလွန်ခဲယဉ်းသကဲ့သို့။ အတိဒုက္ကရံ၊ အလွန်ခဲယဉ်း၏။ ဣတိ အတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာ၏အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

သင်္ဃဘေဒပရိသက္ကနဝတ္ထု၊ သည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

---

၁၂-အတ္တဝဂ္ဂ။ ၈-ကာလတ္ထေရဝတ္ထု။

(သံဃဘေဒပရိသက္ကန ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ကား ကာလမထေရ်၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယောသာသနံ" စသော ပါဌ်ကို မိန့်သတည်း)။

"ယောသာသန"န္တိ ဣမံ ဓမ္မဒေသနံယော သာသနံ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ကာလတ္ထေရံ၊ ကာလမည်သောမထေရ်ကို။ အာရဗ္ဘ၊ အကြောင်း

ပြု၍။ ကထေသိ။ ဟောတော်မူ၏။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ကောဇုဋ္ဌိ၊ မိန်းမတယောက်သည်။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌတွာ၊ တည်၍။ တံထေရံ၊ ထိုမထေရ်ကို။ ဥပဋ္ဌဟိ ဘိရ၊ လုပ်ကျွေးသတတ်။ တဿ၊ ထိုမိန်းမ၏။ ပဋိဝိဿကဂေဟေ၊ အိမ်နီးချင်းအိမ်၌။ မနုဿာ၊ လူတို့သည်။ သတ္ထု၊ သန္တိကေ၊ ဘုရားအထံ၌။ ဓမ္မံ သုတွာ၊ တရားနာ၍။ အာဂန္တွာ၊ လာ၍။ ဗုဒ္ဓါနံ၊ ဘုရားတို့မည်သည်ကား။ အဟော အစ္ဆရိယာ၊ ခြောက်အံ့ဘွယ်ရှိပေစွ။ မဓုရာ၊ ချိုပြုံ့သောအရသာရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟော၊ အိုကွ မြရှိကောင်းပေစွ။ ဣတိ ပသံသန္တိ၊ ဤသို့ချီးမွမ်းကုန်၏။ သာဝတ္ထိ၊ ထိုမိန်းမသည်။ တေသံ၊ ထိုလူတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံပိ၊ အကျွန်ုပ်သည်လည်း။ သတ္ထု၊ ဓမ္မဒေသနံ၊ ဘုရားတရားကို။ သောတုကာမာသိ၊ နာလိုပါ၏ဟု။ တဿ၊ ထိုအရှင်မထေရ်အား။ အာရောစေတိ၊ လျှောက်ထား၏။ သော၊ ထိုအရှင်မထေရ်သည်။ တတ္ထ၊ ထိုဘုရားအထံသို့။ မာဂမိတိ၊ မသွားလေလင့်ဟု။ တံ၊ ထိုဒါယိကာမကို။ နိဝါရေတိ၊ မြစ်၏။ သာ၊ ထိုအလုပ်အကျွေးမသည်။ ပုနဒိဝသေပိ၊ မိုးသောက်သောနေ့၌လည်း။ ယာဝတတိယံ၊ သုံးကြိမ်တိုင်အောင် တောင်းပန်ပါသည်ကို။ ထေရော၊ ထိုအရှင်မထေရ်သည်။ နိဝါရိယမာနာပိ၊ တားမြစ်သော်လည်း။ သောတုကာမာဝ၊ ဘုရားတရားကို နာလိုသည်သာလျှင်။ အဟောသိ၊ ၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဧတံ၊ ထိုဒါယိကာမကို။ သော၊ ထိုအရှင်သည်။ နိဝါရေသိ၊ တားမြစ်သနည်း။ ဣတိ၊ ဤသို့ဆိုငြားအံ့။ အဿ၊ ထိုအရှင်အား။ ဧဝံ၊ ဤအကြံသည်။ အဟောသိကိရ၊ ဖြစ်သည်ထင်၏၊ သတ္ထု သန္တိကေ၊ ဘုရားအထံ၌။ ဓမ္မံ၊ တရားကို။ သုတွာ၊ နာခြင်းကြောင့်။ မယိ၊ ငါ၌။ ဘိဇ္ဇိဿတိ၊ သဒ္ဓါ ပျက်လေအံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍ တားမြစ်၏။

သာ၊ ထိုမိန်းမသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ပါတောဝ၊ နံနက်စောစောကိုကလျှင်။ ဘုတ္တပါတရာသာ၊ ထမင်း နံနက်စာ စားပြီးသော်။ ဥပေါသထံ၊ ဥပုသ်ကို။ သမာဒိယိတွာ၊ ဆောက်တည်၍။ အမ္မ၊ ချစ်သမီး။ သာဓုကံ၊ ကောင်းစွာ။ အယျံ၊ အရှင်ရဟန်းကို။ ပရိဝိသေယျာသိ၊ ကျွမ်းလုပ်ကျွေးမွေးပါလော့။ ဣတိ၊ ဤသို့ဆိုလျက်။ ဓီတရံ၊ သမီးကို။ အာဏာပေတွာ၊ စေခိုင်း၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ သွား၏။ ဒသာ၊ ထိုမိန်းမ၏။ ဓီတာပိ၊ သမီးသည်လည်း။ တံ ဘိက္ခုံ၊ ထိုဆရာရဟန်းကို။ အာဂတကာလေ၊ ကြွလာသောအခါ၌။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ မဟာဥပါသိကာ၊ ဒါယိကာမကြီးသည်။ ကုဟိံ၊ အဘယ်သို့ သွားသနည်း။ ဣတိဝုတ္တေ၊ ဤသို့မေးသည်ရှိသော်။ ဓမ္မဿဝနာယ၊ တရားနာခြင်းငှါ။ ဝိဟာရံ၊ ကျောင်းသို့။ ဂတာတိ၊ သွားပြီဟူ၍။ အာဟ၊ လျှောက်၏။ သော၊ ထိုဆရာရဟန်း

သည်။ တံ၊ ထိုစကားကို။ သုတွာ၀၊ ကြား၍လျှင်။ ကုဋ္ဌိယံ၊ ဝမ်း၌။ ဥဋ္ဌိတေန၊ ဖြစ်သော။ ဒေါသေန၊ ဒေါသဖြင့်။ သန္တပ္ပမာနော၊ ပူဒလောင်သည်ဖြစ်၍။ ဣဒါနိ၊ ယခုအခါ၌။ သာ၊ ထိုဒါယိကာမကြီးသည်။ မယိ၊ ငါ၌။ ဘိန္နာတိ၊ ကြည်ညိုခြင်း ပျက်ချေပြီဟု။ စေဂေန၊ လျင်စွာ။ ဂန္ထာ၊ သွား၍။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ဓမ္မံ၊ ကို။ သုဏာမာနံ၊ နာသောဒါယိကာမကို။ ဒိသွာ၊ မြင်၍။ သတ္ထာရံ၊ ဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အယံ ဥပါသိကာ။ ဤမိန်းမသည်။ ဒန္ဓာ၊ နုံ့သော ပညာရှိ၏။ သုခုမဓမ္မကထံ၊ သိမ်မွေ့သော တရားစကားကို၊ နဇာနာတိ၊ မသိ။ ဣမိဿာ၊ ဤဒါယိကာမအား။ ခန္ဓာဒိပဋိသံယုတ္တံ၊ ခန္ဓာစသည်နှင့်စပ်သော။ သုခုမဓမ္မကထံ၊ သိမ်မွေ့သော တရားစကားကို။ အကထေတွာ၊ မဟောမူ၍။ ဒါန-ကထံ၀ါ၊ ဒါနကထာကိုရင်း။ သီလကထံ ဝါ၊ သီလကထာကိုရင်း။ ကထေတုံ၊ ဟောခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုကာလမထေရ်၏။ အဇ္ဈာသယံ၊ ယုတ်မာသော အလိုကို။ ဝိဒိတွာ၊ သိ၍။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ဒုပ္ပညော၊ ပညာမရှိ။ ပါပိကံ-ဒိဋ္ဌိံ၊ ယုတ်မာသော မိစ္ဆာအယူကို။ နိဿာယ၊ မှီ၍။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးမကို။ ပဋိက္ကောသသိ၊ တားမြစ်၏။ အတ္တနော ဃာတာယေဝ၊ မိမိကိုယ်ကို သတ်ခြင်းငှါသာလျှင်။ ဝါယမသိ၊ လုံ့လပြုဘိ၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၆၅။ ။ဘိက္ခဝေ၊ တို့။ ဒုမ္မေဓော၊ ပညာမရှိသော။ ယောဗာလော၊ အကြင် သူမိုက်သည်၊ အရဟတံ၊ သံသရာစက်၏ အကန့်ဖြစ်သော ကိလေသာဘိုကိုလည်း ဖျက်ဆီးကုန်ပြီး ထသော။ ဓမ္မဇီဝနံ၊ တရားသဖြင့် အသက် ရှည်ကုန်သသော။ အရိယာနံ၊ ဘုရားတို့၏။ သာသနံ၊ သာသနာတော်ကို။ ပါပိကံ၊ ယုတ်မာသော။ ဒိဋ္ဌိံ၊ အယူကို။ နိဿာယ၊ ၍၊ ပဋိက္ကောသတိ၊ ဖျက်၏၊ အဌေး ကဿ၊ ဝါးဟုဆိုအပ်သော သစ်၏။ ဖလာနိဣဝ၊ အသီးတို့ကဲ့သို့။ သောဗာလော၊ ထိုသူမိုက်သည်၊ အတ္တဃာတာယ၊ မိမိကိုယ်ကိုသတ်ခြင်းငှါ။ ဖလတိ၊ သီး၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယောဒုမ္မေဓပုဂ္ဂလော၊ အကြင် ပညာမရှိသော ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ သက္ကာရဟာနိ ဘယေန၊ ပူဇော် သက္ကာရ ယုတ်အံ့သည်ကို ကြောက်သဖြင့်။ ပါပိကာ၊ ယုတ်မာစွာသော။ ဒိဋ္ဌိံ၊ အယူကို။ နိဿာယ၊ မှီ၍။ ဓမ္မံဝါ၊ တရားကိုမူလည်း၊ သောဿာမ၊ နာကုန်အံ့။ ဒါနံဝါ၊ အလှူကိုမူလည်း။ ဒဿာမ၊ ပေးကုန်အံ့။ ဣတိဝဒန္တေ၊ ဤသို့ဆိုသည် ရှိသော်။ ပဋိက္ကောသန္တော၊ ဘားမြစ်သောသူသည်။ အရဟတံ အရိယာနံ၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏။ ဓမ္မဇီဝနံ၊ တရားကို မှီ၍ အသက်မွေးကုန်သော။ ဗုဒ္ဓါနံ၊ ဘုရားရှင်

တို၏။ သာသနံ၊ အဆုံးအမကို။ ပဋိက္ကောသတိ၊ တားမြစ်၏။ ကဿ၊ ထိုပုဂ္ဂိုလ်၏။ တံပဋိက္ကောသနံ၊ ထိုသို့တားမြစ်ခြင်း သည်နှင်း။ သာစပါပိကံဒိဋ္ဌိ၊ ထိုယုတ်မာသော အယူသည်နှင်း။ ဝေဠုသင်္ခါတဿ ကဋ္ဌကဿ၊ ဝါးဟု ဆိုအပ်သော သင်၏။ ဖလာနိဝိယ၊ အသီးတို့ကဲ့သို့။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ကဋ္ဌကော၊ ဝါးသည်။ ဖလာနိ၊ အသီးတို့ကို။ ဂဏှန္တော၊ ယူသည်ရှိသော်။ အတ္တဃာတာယ၊ မိမိကိုယ်ကို သတ်ခြင်းငှါ။ ဖလတိ၊ သီး၏။ အတ္တနော ဃာတနကမေဝ၊ မိမိကိုယ်ကို သတ်ခြင်း အကျိုးငှါသာလျှင်။ ဖလတိ ယထာ၊ သီးသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ သောပိ၊ ထိုပညာမရှိသော ပုဂ္ဂိုလ်သည်လည်း။ အတ္တဃာတာယ၊ မိမိ ကိုယ်ကိုသတ်ခြင်းငှါ။ ဖလတိ၊ သီး၏။ ဣတိ ဣဒံ၊ ဤဖလံ ဝေကဒလီ။ လ။ အဿတရီယထာတိ၊ ယထာ ဟူသော စကားကို။ ဝုတ္တံပိ၊ ဆိုအပ်သည်သာလျှင်တည်း။

ကဒလိဖလံ၊ ငှက်ပျောသီးသည်။ ဝေ၊ စင်စစ်။ ကဒလိံ၊ ငှက်ပျောပင်ကို။ ဟန္တိ ယထာ၊ သတ်သကဲ့သို့။ ဝေဠုဖလံ၊ ဝါးသီးသည်။ ဝေဠုံ၊ ဝါးပင်ကို။ ဟန္တိ ယထာ၊ သတ်သကဲ့သို့။ နဠဖလံ၊ ကျူသီးသည်။ နဠံ၊ ကျူပင်ကို။ ဟန္တိ ယထာ၊ သတ်သကဲ့သို့။ ဂဗ္ဘော၊ အဿတရီ မြည်းငယ်သည်။ အဿတရိ၊ မိမိအမိကို။ ဟန္တိ ယထာ၊ သတ်သကဲ့သို့။ တထာ၊ ထိုအတူ။ သက္ကာရော၊ မိမိကိုပူဇော်ခြင်းဖြစ်သော လာဘ်ပူဇော်သက္ကာရသည်၊ ကာပုရိသံ၊ သူယုတ်မာကို။ ဟန္တိ၊ သတ်တတ်၏။ ((ဆန်းကြောင့်ပျက်ကြွေ၊ ယွင်းလျက်နေသွ၊ ဆောင်လေ နက်ပေးကာ။ ယူ၍ ဆရာတို့ဆိုသည်နှင့်အညီ။ ကဒလိဖလံ၊ ဟု ဆောင်၍ အနက်ပေးလိုက်သည်။ ။အမှိပ္ပါယ်ကား။ ကဒလိဖလံ၊ ဝေဠုဖလံ၊ နဠဖလံ၊ ရှိလိုသည်။ ဆန်းဂိုဏ်းသင့်အောင်။ ကဒလိ၊ ဝေဠု၊ နဠ၊ ပုဒ်တို့ကိုချ၍။ ဖလံ၊ ဟုယားသည်)။

ဒေသနာဝသာနေ၊ ဒေသနာ၏အဆုံး၌။ ဥပါသိကာ၊ ဒါယိကာမသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

အဉ္စမံသော။ ကာလတ္ထေရဝတ္ထုသည်။ ပြီးပြီ။

---

၁၂-အတ္တဝဂ္ဂ။ ၉-စူဠကာလုပါသကဝတ္ထု။

(ကာလတ္ထေရဝတ္ထု၌ ဟောအပ် ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ စူဠကာလဒါယကာဝတ္ထု၌ ဟောအပ်ဖြစ်သော ဂါထာ

၏ အတ္ထဝဏ္ဏနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "အတ္တနာဟိက တန္တိ" စသော ပါဌ်ကို မိန့်သတည်း)။

"အတ္တနာဟိကတ" န္တိ ဣမံ ဓမ္မဒေသနံ၊ အတ္တနာဟိကတံ ဟူသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားရှင်သည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ စူဠကာလံ၊ စူဠကာလအမည်ရှိသော။ ဥပါသကံ၊ ဒါယကာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ကေဒိဝသံ၊ တနေ့သ၌။ မဟာကာလဥပါသိကာ၊ မဟာကာလဝတ္ထု၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်လျှင်။ ဥမင်္ဂစောရာ၊ ဥမင်ဖြင့် ခိုးကုန်သော သူတို့သည်။ သာမိကေဟိ၊ ဥစ္စာရှင်တို့သည်။ အနုဗန္ဓာ၊ လိုက်ကုန်သည်ရှိသော်။ ရတ္တိံ၊ ညဉ့်၌။ ဝိဟာရေ၊ ကျောင်း၌၊ ဓမ္မကထံ၊ တရားစကားကို။ သုတ္ွာ၊နာ၍။ ပါတောဝ၊ စောစောကလျှင်။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ခမိတွာ၊ ထွက်၍။သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ အာဂစ္ဆန္တဿ၊ လာသော။ တဿ ဥပါသကဿ၊ ထိုစူဠကာလ ဒါယကာ၏။ ပုရတော၊ ရှေ့မှ။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ ပလာယိံသု၊ ပြေးကုန်၏။ မနုဿာ၊ လူတို့သည်။ တံ၊ ထိုစူဠကာလကို။ ဒိသွာ၊ မြင်၍။ အယံ၊ဤသူသည်။ ရတ္တိံ၊ ညဉ့်၌။ စောရကမ္မံ၊ ခိုးမှုကို။ ကတွာ၊ ပြု၍။ဓမ္မံ၊တရားကို။ သုဏန္တောဝိယ၊ နာသေဟန်ကဲ့သို့။ ဝိစရတိ၊ အယောင်ဆောင်၍ သွား၏။ နံ၊ ထို စူဠကာလကို။ ဂဏှထ၊ ဘမ်းဆီးကုန်လော့။ ဣတိ၊ ဤသို့ဆိုလျက်။ ပေါထယိံသု၊ ထောင်းခတ်ကုန်၏။ ကုမ္ဘဒါသိယော၊ ရေခပ်ကျွန်မတို့သည်။ ဥဒကတိတ္ထံ၊ ရေဆိပ်သို့။ ဂစ္ဆမာနာ၊ သွားကုန်သည်ရှိသော်။ တံ၊ ထိုထောင်းခတ်သော အခြင်းအရာကို။ ဒိသွာ၊ မြင်၍။သာမိ၊ အရှင်တို့၊ အပေထ၊ ဘဲကုန်လော့။ အယံ၊ ဤစူဠကာလသည်။ ဧဝရူပံ၊ ဤသို့သဘောရှိသောအမှုကို။ န ကရောတိ၊ မပြု။ ဣတိ၊ ဤသို့ဆို၍၊ တံ၊ ထိုစူဠကာလကို။ မောစေသုံ၊ လွှတ်စေကုန်၏။ သော၊ ထိုစူဠကာလသည်၊ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ မနုဿေဟိ၊ လူတို့သည်။ နာသိတော၊ ဖျက်ဆီးသည်။ အမှိ၊ ဖြစ်ပြီ။ ကုမ္ဘဒါသိယော၊ ရေခပ်ကျွန်မတို့ကို။ နိဿာယ၊မှီ၍။မေ၊ အကျွန်ုပ်၏။ဇီဝိတံ၊ အသက်သည်။ လဒ္ဓံ၊ ချမ်းသာရပေ၏။ ဣတိ၊ဤသို့။ ဘိက္ခူနံ၊ရဟန်းတို့အား။ အာရောစေသိ၊ ကြားလျှောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ တမတ္ထံ၊ ထို အကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ တေသံ၊ ထိုရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ စူဠကာလ ဥပါသကော၊ စူဠကာလ ဒါယကာသည်။ ကုမ္ဘဒါသိယော၊ ရေခပ်

ကျွန်မတို့ကို။ နိဿာယစေဝ၊ မှီ၍ရှင်း၊ အတ္တနော၊ မိမိ၏။ အကရဏဘာဝေနစ၊ မကောင်းမှုကို မပြုဘူးသည်၏ အဖြစ်ကြောင့်ရှင်း။ ဝိဝိတံ လဘိ၊ အသက် ချမ်းသာရ၏။ ဣမေဟိ နာမ သတ္တာ၊ ဤသတ္တဝါတို့ မည်သည်ကား။ အတ္တနာ၊ မိမိသည်။ ပါပကမ္မံ ကတွာ၊ မကောင်းမှုကံကိုပြု၍။ နိရယာဒီသု၊ ငရဲ စသည်တို့၌။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ကိလိဿန္တိ၊ ညစ်နွမ်းကုန်၏။ ကုသလံ ကတွာ ပန၊ ကုသိုလ်ကို ပြု၍မူကား။ သုဂတိဥ္စေဝ၊ နတ်ပြည်သို့ရှင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်သို့ရှင်း။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အတ္တနာဝ၊ မိမိသည်သာလျှင်။ သုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၆၆။ ဘိက္ခဝေ၊ တို့။ အတ္တနာဟိ၊ မိမိသည်လျှင်။ ပါပံ၊ မကောင်းမှုကို။ ကတံ၊ အပ်၏။ အတ္တနာဝ၊ မိမိသည်လျှင်။ သံကိလိဿတိ၊ ပူပန်ရလတ္တံ့။ အတ္တနာ၊ မိမိသည်။ ပါပံ၊ မကောင်းမှုကို။ အကတံ၊ မပြုအပ်။ အတ္တနာဝ၊ မိမိသည်လျှင်၊ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ သုဒ္ဓိ၊ ကုသိုလ်သည်ရှင်း အသုဒ္ဓိ၊ အကုသိုလ်သည်ရှင်း။ ပစ္စတ္တံ၊ ပြုတတ်သောသူတို့အား အကျိုးကိုဖြစ်စေ၏။ အညော၊ တယောက်သောသူသည်။ အညံ၊ တယောက်သောသူကို။ န ဝိသောဓယေ၊ မဖြူစင်စေနိုင်ရာ။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယေန၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိသည်။ အကုသလကမ္မံ၊ အကုသိုလ်ကံကို။ ကတံ၊ ပြုသည်။ ဟောတိ၊ ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ စတူသု အပါယေသု၊ အပါယ်လေးဘုံတို့၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝန္တော၊ ခံစားလျက်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ သံကိလိဿတိ၊ ပူပန်ရလတ္တံ့။ ယေန ပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အတ္တနာ၊ မိမိသည်။ ပါပံ၊ မကောင်းမှုကို။ အကတံ၊ မပြု။ သော၊ ထိုပုဂ္ဂိုလ်သည်။ သုဂတိဥ္စေဝ၊ သုဂတိဘဝသို့ရှင်း။ နိဗ္ဗာနဥ္စ၊ နိဗ္ဗာန်သို့ရှင်း။ ဂစ္ဆန္တော၊ ရောက်လျက်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဝိသုဇ္ဈတိ၊ ဖြူစင်၏။ ကုသလကမ္မသင်္ခါတာ၊ ကုသိုလ်ကံဟု ဆိုအပ်သော။ သုဒ္ဓိစ၊ သုဒ္ဓိသည်ရှင်း။ အကုသလကမ္မသင်္ခါတာ၊ အကုသိုလ်ကံဟု ဆိုအပ်သော။ အသုဒ္ဓိစ၊ အသုဒ္ဓိသည်ရှင်း။ ကာရကာနံ၊ ပြုတတ်ကုန်သော သတ္တဝါတို့အား။ ပစ္စတ္တံ အတ္တနိယေဝ၊ မိမိကိုယ်၌ အမြဲသာလျှင်။ ဝိပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ အညော ပုဂ္ဂလော၊ ပုဂ္ဂိုလ်တပါးသည်၊ အညံ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်တပါးကို။ န ဝိသောဓေယျ၊ နေဝ ဝိသောဓယေ၊ မဖြူစင်စေ။ ဣတိ တသ္မာ၊ ထိုကြောင့်။ န ကိလိဿေယျ၊ မညစ်နွမ်း လတ္တံ့။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ကာလော၊ ကာလသည်။ သောတာပတ္တိဖလေ၊ သောတာ

ပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ် အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

နဝမံ၊ သော။ စူဠကာလုပါသကာတ္ထု၊ သည်။
ဝတ္ထုသမတ္တံ၊ ပြီးပြီ။

၁၂-အတ္တဝဂ္ဂ။ ၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု။

(စူဠကာလ ဒါယကာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ အခုအခါ အတ္တဒတ္ထမထေရ်၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "အတ္တဒတ္ထံ"-စသောပါဌ်ကို မိန့်သတည်း၊

"အတ္တဒတ္ထ"န္တိ ဣမံ ဓမ္မဒေသနံ၊ အတ္တဒတ္ထံ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အတ္တဒတ္ထတ္ထေရံ၊ အတ္တဒတ္ထမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာန ကာလေ၊ ပရိနိဗ္ဗာန် ယူတော်မူအံ့သောအခါ၌။ ဘိက္ခုဝေ၊ ရဟန်းတို့။ အဟံ၊ ငါ ဘုရားသည်။ ဣတော၊ ဤလမှ။ စတုမာသစ္စယေန၊ လေးလ လွန်သဖြင့်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန် ပြုတော်မူအံ့။ ဣတိဝုတ္တေ၊ ဤသို့ မိန့်တော်မူသည် ရှိသော်။ ဥပ္ပန္နသံဝေဂါ၊ ဖြစ်သော ထိတ်လန့်ခြင်းရှိကုန်သော။ သတ္တ သတာ ပုထုဇ္ဇန ဘိက္ခူ၊ ခုနစ်ရာသော ပုထုဇ္ဇန်ရဟန်းတို့သည်။ သတ္ထု သန္တိကံ၊ မြတ်စွာဘုရားအထံသို့။ အ သံဝိဇဟိတွာ၊ မစွန့်မူ၍၊ အာဝုသော၊ ငါ့ရှင်တို့။ ကိံ နုခေါ၊ အဘယ်သို့။ ကရိဿာမ၊ ပြုပါရကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သမန္တယမာနာ၊ တိုင်ပင်ပြောဆိုကြကုန်လျက်။ ဝိစရန္တိ၊ သွားလာကုန်၏။ အတ္တဒတ္ထတ္ထေရောပန၊ အတ္တဒတ္ထ မထေရ်သည်ကား။ စိန္တေသိ၊ ကြံ၏။ သတ္ထာ၊ ငါတို့ဆရာဘုရားသည်။ စတုမာသစ္စယေန၊ လေးလ လွန်သဖြင့်။ ပရိနိဗ္ဗာယိဿတိ ကိရ၊ ပရိနိဗ္ဗာန် ပြုလိမ့်သတတ်။ အဟဉ္စ၊ ငါသည် လည်း။ အဝီတရာဂေါ၊ ရာဂမကင်းသည်။ အမှိ၊ ဖြစ်ခဲ့၏။ သတ္ထရိ၊ ဘုရားသခင် သည်၊ ဓရမာနေယေဝ၊ သက်တော်ထင်ရှား ရှိစဉ်သာလျှင်။ အရဟတ္တတ္ထာယ၊ အရဟတ္တဖိုလ် အကျိုးငှါ။ ဝါယမိဿာမိ၊ လုံ့လပြုအံ့။ ဣတိ စိန္တေသိ၊ ဤသို့ကြံ ၏။ သော၊ ထိုအတ္တဒတ္ထမထေရ်သည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကံ၊ အထံသို့၊

နံ ဂစ္ဆတိ၊ မှသွား။ အထ၊ ထိုအခါ၌။ နံ၊ ထိုအတ္တဒတ္ထမထေရ်ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဝုသော၊ ငါ့ရှင်။ အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ အမှာကံ၊ ငါတို့၏။ သန္တိကံ၊ အထံသို့။ နေဝအာဂစ္ဆသိ၊ မလာဘိသနည်း။ ကိဉ္စိ၊ တစုံတခုသောစကားကို။ န မန္တေသိ၊ မကိုင်ပင်ဘဲ နေဘိသနည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ သတ္ထုသန္တိကံ၊ ဘုရားသခင်အထံသို့။ နေတွာ၊ ဆောင်ခဲ့၍။ ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ဤအတ္တဒတ္ထမထေရ်သည်။ ဧဝံ နာမ၊ ဤသို့မတုန့်မလှုပ်သော သဘောရှိသည်ကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ အာရောစယိံသု၊ ကြားလျှောက်ကုန်၏။ အထ၊ ထိုအတ္တဒတ္ထမထေရ်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်လည်း။ ကသ္မာ၊ အဘယ်ကြောင့်။ ဧဝံကရောသိ၊ ဤသို့ ပြုဘိသနည်း။ ဣတိ၊ ဝုတ္တေ၊ ဤသို့ မေးသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ စတုမာသစ္စယေန၊ လေးလလွန်သဖြင့်။ ပရိနိဗ္ဗာယိဿာမိ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်လတ္တံ့ဟု ကြားခဲ့သတတ်။ အဟံ၊ အကျွန်ုပ်သည်။ တုမှေသု အရှင်ဘုရားတို့သည်။ ဓရန္တေသုယေဝ၊ ထင်ရှားရှိတော်မူကုန်စဉ်လျှင်။ အရဟတ္တပတ္တိယာ၊ ရဟန္တာ ဖြစ်ခြင်းငှါ ဝါယာမိဿာမိ၊ လုံ့လပြုအံ့။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ ဘုရားရှင်သည်။ တဿ၊ ထိုအတ္တဒတ္ထမထေရ်အား။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ မယိ ငါ၌။ သိနေဟော၊ ချစ်မြတ်နိုးခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ အတ္တဒတ္ထတ္ထေရေနဝိယ၊ အတ္တဒတ္ထမထေရ်ကဲ့သို့။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဂန္ဓာဒီဟိ၊ နံ့သာစသည်တို့ဖြင့်။ မံ၊ ငါဘုရားကို။ ပူဇေန္တာပိ၊ ပူဇော်ကုန်သော်လည်း။ နပူဇေန္တိ၊ မြတ်သော အားဖြင့် ပူဇော်သည် မမည်ကုန်။ ဓမ္မာနုဓမ္မပဋိပတ္တိယာ ပန၊ တရားကျင့်ရာတရားအား လျော်သော အကျင့်ဖြင့်ကား။ မံ၊ ငါဘုရားကို။ ပူဇေန္တာ၊ အကြင်ကြောင့်။ ပူဇေန္တိ၊ ပူဇော်သည်မည်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အညောပိ၊ အတ္တဒတ္ထနှင့်တူသော ရဟန်းတို့သည်လည်း။ အတ္တဒတ္ထသဒိသေနေဝ၊ အတ္တဒတ္ထရဟန်းနှင့် တူသည်သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၆၇။ ။ဗဟုနာပိ၊ များစွာသည်းဖြစ်သော။ ပရတ္ထေန၊ သူတပါးအကျိုးစီးပွားကို ဆောင်ရွက်သဖြင့်။ အတ္တဒတ္ထံ၊ မိမိအကျိုး စီးပွားကို။ နဟာပယေ၊ မဟုတ်စေရာ။ အတ္တဒတ္ထံ၊ မိမိအကျိုး မိမိကိစ္စကို။ အဘိညာယ၊ သိ၍။ သဒတ္ထပသုတော၊ မိမိအကျိုး၌ ကြိုးစား လုံ့လပြုသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ အာဟ၊ ဤသို့ဟောတော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ဂိဟိဘူတော၊ လူဖြစ်သော
သူသည်။ တာဝ၊ ရှေးဦးစွာ။ ကာကဏိကမတ္တမ္ပိ၊ တချင်ရွေးမျှလည်း ဖြစ်သော။
အတ္တနော၊ မိမိ၏။ အတ္ထံ၊ အကျိုးဟူသော ကိစ္စကို။ ပရဿ၊ သူတပါး၏။ သဟဿ
မတ္တေနာပိ၊ တထောင် အတိုင်းအရှည် ရှိသည်လည်းဖြစ်သော။ အတ္ထေန၊ အကျိုး
ဟူသော ကိစ္စကို။ နဟာပယေ၊ မယုတ်စေရာ။ ဟိ၊ ထိုစကားသင့်စွ။ အဿ၊
ထိုပုဂ္ဂိုလ်၏။ ကာကဏိကမတ္တောပိ၊ တချင်ရွေးမျှလည်းဖြစ်သော။ အတ္တဒတ္ထော၊
မိမိအကျိုးဟူသော ကိစ္စသည်။ ခါဒနီယံဝါ၊ ခဲဘွယ်ကိုရင်း။ ဘောဇနီယံဝါ၊
ဘောဇဉ်ကိုရင်း။ နိပ္ဖါဒေတိဣာ၊ ပြီးစေသကဲ့သို့။ ပရတ္ထော၊ သူတပါး၏ အကျိုး
ဟူသော ကိစ္စသည်။ ននိပ္ဖါဒေတိ၊ မပြီးစေ။ ဣဒံပန၊ ဤဒေသနာကိုကား။ ဧဝံ၊
ဤသို့ဆိုခဲ့ပြီးသော အခြင်းအရာဖြင့်။ အကထေတွာ၊ မဟောမူ၍။ ကမ္မဋ္ဌာန
သီသေန၊ ကမ္မဋ္ဌာန်းကို အရင်းပြုသဖြင့်။ ကထိတံ၊ ဟောအပ်၏။ တသ္မာ၊
ထိုကြောင့်။ အတ္တဒတ္ထံနဟာပယေတိ၊ ပယေဟူ၍။ ကထိတံ၊ ဟောတော်မူအပ်၏။
ဘိက္ခုနာနာမ၊ ရဟန်းမည်သည့်ကား။ သံဃဿ၊ သံဃာတော်အား။ ဥပ္ပန္နံ၊
ဖြစ်သော။ စေတိယပဋိသင်္ခရဏာဒိကိစ္စံဝါ၊ စေတီကို တဘန်ပြုပြင်ခြင်း အစရှိသော
ကိစ္စကိုရင်း။ ဥပဇ္ဈာယာဒိဝတ္တံဝါ၊ ဥပဇ္ဈာယ်စသည်၌ ပြုရာသော ဝတ်ကြီးဝတ်ငယ်
ကိုရင်း။ နဟာပေတဗ္ဗံ၊ မယုတ်စေအပ်။ ဟိ၊ ထိုစကားသင့်စွ။ အဘိသမာစာရိက
ဝတ္တံ၊ အဘိသမာစာရိကဝတ်ကို။ ပူရေန္တောယေဝ၊ ဖြည့်မှသာလျှင်။ အရိယဖလာ
ဒီနိ၊ အရိယာဖိုလ် စသည်တို့ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။ တသ္မာ၊
ထိုကြောင့်။ အယံပိ၊ ဤအဘိသမာစာရိကဝတ်ကို ပြည့်စေခြင်းသည်လည်း။ အတ္တ
ဒတ္ထောဝ၊ အတ္တဒတ္ထမည်သည်သာလျှင်တည်း။ အစ္စာရဒ္ဓဝိပဿကောပ၊ ပြင်းစွာ
အားထုတ်အပ်သော လုံ့လရှိသော၊ ယောပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အဇ္ဇဝါ၊
ယနေ့ရင်း။ သုဝေဝါ၊ နက်ဖြန်ရင်း။ ပဋိဝေဓံ၊ ထိုးထွင်း၍ သိအပ်သော
အရဟတ္တမဂ်ဉာဏ်ကို။ ပတ္ထယမာနော၊ တောင့်တလျက်။ ဝိစရတိ၊ သွား၏။ တေန၊
ထိုပုဂ္ဂိုလ်သည်။ ဥပဇ္ဈာယာဒီနံပိ၊ ဥပဇ္ဈာယ်စသော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း။
ဟာပေတွာ၊ ယုတ်စေ၍။ အတ္တနော၊ မိမိ၏။ ကိစ္စမေဝ၊ အရဟတ္တဖိုလ် ကိစ္စကို
သာလျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧဝရူပံ၊ ဤသို့သဘော
ရှိသော။ အတ္တနော၊ မိမိအရဟတ္တဖိုလ်ဟူသော ကိစ္စကို။ အဘိညာယ၊ သိ၍။
မေအတ္တနော၊ ငါ၏။ အယံ၊ ဤသည်ကား။ အတ္ထောတိ၊ ကိစ္စတည်းဟု။
သလ္လက္ခေတွာ၊ မှတ်၍။ သဒတ္ထပသုတောသိယာတိ၊ သိယာဟူသည်ကား။ သကေ၊
မိမိဥစ္စာဖြစ်သော။ တသ္မိံ အတ္ထေ၊ ထိုအကျိုးဟူသော ကိစ္စ၌။ ဥယျုတ္တပယုတ္တော၊
လုံ့လပြုသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌၊ သောရော၊ အတ္တဒတ္ထမထေရ်သည်။ အရဟတ္တေ၊ ရဟန္တာအဖြစ်၌၊ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တဘိက္ခူနမ္ပိ၊ ရောက်လာသော ရဟန်းတို့အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။

ဒသမံ၊ သော။ အတ္တဒတ္ထတ္ထေရဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။
အတ္တဝဂ္ဂဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။
ဒွါဒသမော၊ သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

———

## ၁၃–လောကဝဂ္ဂ။ ၁–အညတရဒဟရဘိက္ခုဝတ္ထု။

(တဘယ့်နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော ဆယ်ဝတ္ထုတို့၏ အစု ဖြစ်သော အတ္တဝဂ်၌ ဂါထာ၏ အဏ္ဏဝဏ္ဏနာကို ပြုပြီး၍ ယခု အခါ တဆယ့်သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော တဆယ့်တဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော လောကဝဂ်၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ဟီနံဓမ္မန္တိ" စသောပါဌ်ကို မိန့်သတည်း)။

"ဟီနံ ဓမ္မ"န္တိ ဣမံ ဓမ္မဒေသနံ၊ ဟီနံ ဓမ္မံ-ဟူသော ဤတရားဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အညတရံ၊ အမှတ်မရှိသော။ ဒဟရဘိက္ခုံ၊ ရဟန်းငယ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ အညတရော၊ အမှတ်မရှိသော။ ထေရော၊ မထေရ်သည်။ ဒဟရဘိက္ခုနာ၊ ရဟန်းငယ်နှင့်။ သဒ္ဓိံ၊ တကွ။ ပါတောဝ၊ စောစောကလျှင်။ ဝိသာခါယ၊ ဝိသာခါဒါယိကာမ၏။ ဂေဟံ၊ အိမ်သို့။ အဂမာသိကိရ၊ သွားသတတ်။ ဝိသာခါယ၊ ဝိသာခါ၏။ ဂေဟေ၊ အိမ်၌။ ပဉ္စသတာနံ ဘိက္ခူနံ၊ ငါးရာကုန်သော ရဟန်းတို့ကို။ ဓုဝယာဂုံ၊ ပုံ့ယာဂုကို။ နိစ္စံ၊ အမြဲ၊ ပညတ္တာ၊ ဝင်တည်း ပေါ်လာ၏။ ... ဖြစ်၏။ ထေရော၊ မထေရ်သည်။ တတ္ထ၊ ထိုဝိသာခါ၏အိမ်၌။ ယာဂုံ၊ ယာဂုကို။ ပိဝိတွာ၊ သောက်၍။ ဒဟရဘိက္ခုံ၊ ရဟန်းငယ်ကို။ နိသီဒါပေတွာ၊ နေစေ၍။ သယံ၊ မိမိသည်၊ အညံ၊ တပါးသော။ ဂေဟံ၊ အိမ်သို့။ အဂမာသိ၊ သွား၏။ တေနစ သမယေန၊ ထိုအခါ၌လည်း။ ဝိသာခါယ၊ ဝိသာခါ၏။ ပုတ္တဿ၊ သား၏။ ဓီတာ၊ မြေးသည်။ အယျိကာယ၊ အဘွားဖြစ်သော ဝိသာခါ၏။ ဌာနေ၊ အရာ၌။ ဌတွာ၊ တည်၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝေယျာဝစ္စံ၊ အမှုကြီးငယ်ကို။ ကရောတိ၊ ပြု၏။ သာ၊ ထိုသတို့သမီးသည်။

တဿဒဟရဿ၊ ထိုရဟန်းငယ်၏။ ဥဒကံ၊ ရေကို။ ပရိဿာဝေန္တိ၊ စစ်သည်ရှိသော်။ စာဋိယံ၊ အိုးတုပ်၌။ အတ္တနော၊ မိမိ၏။ မုခနိမိတ္တံ၊ မျက်နှာရိပ်ကို။ ဒိသွာ၊ မြင်၍။ ဟသိ၊ ရယ်၏။ ဒဟရောပိ၊ ရဟန်းငယ်သည်လည်း။ တံ၊ ထိုသတ္တိသမီးကို။ ဩလောကေတွာ၊ ကြည့်၍။ ဟသိ၊ ရယ်၏။ သာ၊ ထိုသတို့သမီးသည်။ တံ၊ ထိုရဟန်းငယ်ကို။ ဟသမာနံ၊ ရယ်သည်ကို။ ဒိသွာ၊ မြင်၍။ ဆိန္နသီသော၊ ဦးခေါင်းပြတ်သည်။ ဟသိ၊ ရယ်ဘိ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသတို့သမီးငယ်ကို။ ဒဟရော၊ ရဟန်းငယ်သည်။ တွံ၊ သင်သည်။ ဆိန္နသီသာ၊ ဦးခေါင်းပြတ်၏။ တေ၊ သင်၏။ မာတာ ပိတရောပိ၊ အမိအဘတို့ သည်လည်း။ ဆိန္နသီသာ၊ ဦးခေါင်းပြတ်ကုန်၏။ ဣတိ၊ ဤသို့။ အက္ကောသိ၊ ဆဲရေး၏။ သာ၊ ထိုသတို့သမီးသည်။ ရောဒမာနာ၊ ငိုလျက်။ မဟာ နသေ၊ စဖိုအိမ်၌။ အယျိကာယ၊ အဘွားမဖြစ်သော ဝိသာခါ၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ အမ္မ၊ အမိ။ ဣဒံ၊ ငိုခြင်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သာ၊ ထိုသတို့ သမီးငယ်သည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ သာ၊ ထိုဝိသာခါသည်။ ဒဟရဿ၊ ရဟန်းငယ်၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာ၍။ ဘန္တေ၊ အရှင်ဘုရား။ မာကုဇ္ဈိ၊ အမျက်မထွက်သင့်။ ဧတံ၊ ဤသို့ အမျက်ထွက်ခြင်းသည်။ နာ၊ မကောင်း။ ဆိန္နကေသနခဿ၊ ပြတ်သောဆံ- ခြေသည်း- လက်သည်းရှိသော။ ဆိန္နနိဝါသနပါရုပနဿ၊ ခေါးငယ်ဖြင့် ဖြတ်အပ်သော အဝတ်တို့ဖြင့် ဝတ်ရုံခြင်းရှိသော။ မဇ္ဈေဆိန္နကပါလံ၊ အလယ်၌ပြတ်သော အိုးကင်းကို။ အာဒါယ၊ ယူ၍။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ စရန္တဿ၊ သွားသော၊ အယျဿ၊ အရှင်ဘုရားအား။ အတိဂရုကံ၊ အလွန် ဝန်လေး၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ ဒဟရော၊ ရဟန်းသည်။ ဥပါသိကေ၊ ဒါယိကာမ။ အာမ၊ ဩော် ဝန်လေးသည်မှန်၏။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ဆိန္နကေသာဒိဘာဝံ၊ ပြတ်သောဆံ အစရှိသည်၏အဖြစ်ကို။ ဇာနာသိ၊ သိ၏။ ဣမိဿာ၊ ဤမိန်းမငယ်သည်၊ မံ၊ ငါ့ကို။ ဆိန္နသီသော တိကတွာ၊ ဦးခေါင်း ပြတ်သည်ကိုပြု၍။ အက္ကောသိတုံ၊ ဆဲရေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဝိသာခါ၊ ဝိသာခါဒါယိကာမသည်။ ဒဟရံ၊ ရဟန်းငယ်ကို။ သညာပေတုံ၊ နှစ်သိမ့်စေခြင်းငှါ။ နေဝအသက္ခိ၊ မတတ်နိုင်၊ ဒါရိကံ၊ သတို့သမီးငယ်ကို။ သညာပေတုံ၊ နှစ်သိမ့်စေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ထေရော၊ မထေရ်ကြီးသည်။ အာဂန္တွာ၊ လာလတ်၍။ ဥပါသိကေ၊ ဒါယိကာမ။ ဣဒံ၊ ဤအမှုသည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ တမတ္ထံ၊ ထိုအကြောင်းကို၊ သုတွာ၊

ကြား၍။ ဒဟရံ၊ ရဟန်းငယ်ကို။ သြဝဒန္တော၊ ဆုံးမလျက်။ အာဟ၊ ဆို၏။
အာဝုသော၊ ငါ့ရှင်။ အနေဟိ၊ တဲလေလော့။ အယံ၊ ဤသတို့သမီး ငယ်သည်။
ဘိန္နကာဒေ ဿနာဝတ္ထူသာ၊ ပြတ်သောအံ ခြေသည်း- လက်သည်း အဝတ်ရှိသော။
ဆိန္နကပါလံ၊ ပြတ်သော အိုးကင်းကို။ အာဒါယ၊ ယူ၍။ ဘိက္ခာယ၊ ဆွမ်းအလို
ငှါ။ စရန္တိသာ၊ သွားသော သင်အား။ နအနုစ္ဆဝိကာ၊ မဆဲ့ရေး၊ သော၊ ထိုရဟန်း
ငယ်သည်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်ပေ၏။ တုဏှီ၊ ဆိတ်ဆိတ်။ ဟောတိ၊
ဖြစ်လေ၏။ ကိံ၊ အဘယ်ကြောင့်။ တုမှေ၊ အရှင်ဘုရားတို့သည်၊ အတ္တနော၊ မိမိ၏။
ဥပဇ္ဈာယိကံ၊ အလုပ်အကျွေးကို။ အတဇ္ဇတွာ၊ ခြိမ်းခြောက် မူ၍။ မံ၊ အကျွန်ုပ်
ကို။ တဇ္ဇေသ၊ ခြိမ်းခြောက်ကုန်သနည်း။ မံ၊ အကျွန်ုပ်ကို။ ဆိန္နသီသောတိ၊
ဦးခေါင်းပြတ် ကျ၍၊ အကျော့ဘိကုံ၊ ဆဲရေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သလော။ ဣတိ၊
ဤသို့။ ပုစ္ဆိ၊ မေး၏။ ဧသမ္မိ ခဏေ၊ ထိုခဏ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။
အာဂန္တွာ၊ လာတော်မူ ပြီး၍။ ဣဒံ၊ ဤအမှုသည်ကား။ ကိံ၊ အဘယ်နည်း။
ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဝိသာခါ၊ ဝိသာခါသည်။ အာဒိတော၊
အစမှ။ ပဋ္ဌာယ၊ စ၍။ တံ ဝတ္ထုံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား
လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ ဒဟရဿ၊ ထိုရဟန်းငယ်၏။
သောတာပတ္တိဖလူပနိဿယံ၊ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို။ ဒိသွာ၊ မြင်၍။
မဟာ၊ ငါသည်။ ဣမံ ဒဟရံ၊ ဤရဟန်းငယ်ကို။ အနုဂ္ဂဏ္ဟိတုံ၊ အလိုသို့လိုက်ခြင်း
ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ စိန္တေတွာ၊ ဤသို့ ကြံတော်မူ၍။ ဝိသာခံ၊ ဝိသာခါကို။
အာဟ၊ ဆို၏။ ဝိသာခေ၊ ဝိသာခါ၊ ကိံ ပန၊ အဘယ်ကြောင့်။ တဝ၊ သင်၏။
ဓီတိကာယ၊ သတို့သမီးငယ်သည်။ ဆိန္နကေသာဒိမတ္တကေနေဝ၊ ပြတ်သော ဆံ အစ
ရှိကာလျှပြင့် သာလျှင်။ မယာ သာဝကေ၊ ငါ၏ တပည့်သာဝကတို့ကို။ ဆိန္နသီသေ
ကတွာ၊ ဦးခေါင်းပြတ်သည်ကို ပြု၍၊ အက္ကောသိတုံ၊ ဆဲရေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်
သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ဟေဝ ခေါ၊ ပဗ္ဗဇိတ်သည်။ ဟာဝဒေဟိ၊ တို
ခတ္တဲ့ပင်လျှင်။ ဥဋ္ဌာယ၊ ထ၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။
ဘန္တေ၊ အရှင်ဘုရား။ တော ပုံ၊ ဤပြဿနာကို။ တုမှေ၊ အရှင်ဘုရား တို့သည်
သာလျှင်။ သုဋ္ဌု၊ ကောင်းစွာ။ ဇာနာထ၊ သိတော်မူကုန်၏။ အမှာကံ၊ အကျွန်ုပ်
တို့၏။ ဥပဇ္ဈာယာစ၊ ဥပဇ္ဈာယ်သည်ရင်း။ မဟာဥပါသိကာစ၊ ဝိသာခါ ဒါယိ
ကာမကြီးသည်ရင်း။ န ဇာနန္တိ၊ မသိကုန်။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သတ္ထာ၊
မြတ်စွာဘုရားသည်။ ဒဟရဿ၊ ပဉ္စင်းငယ်၏၊ အတ္တနော၊ မိမိ၏။ အနုကူလဘာဝံ၊
လျော်သည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ကာမဂုဏံ၊ ကာမဂုဏ်ကို။ အာရဗ္ဘ၊
အကြောင်းပြု၍။ ဟီနဓမ္မာဝေါနာမ၊ ရယ်ခြင်းမည်သည်။ ဟီနဥ္စနာမဝဝမ္မံ၊

ယုတ်သော ကာမဂုဏ်တရားမည်သည်ကို။ သေဝိတုံစ၊ မှီဝဲခြင်းငှါ၎င်း။ ပမာဒေန၊ မေ့လျော့သောသူနှင့်၊ သဒ္ဓိံ၊ တကွ။ သံဝသိတုံစ၊ နေခြင်းငှါ၎င်း။ န ဝဋ္ဋတိ၊ မအပ်။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၆၇။ ။ဟီနံ ဓမ္မံ၊ ယုတ်သော ကာမဂုဏ် တရားကို။ န သေဝေယျ၊ မမှီဝဲရာ။ ပမာဒေန၊ မေ့လျော့သောသူနှင့်။ န သံဝသေ၊ မပေါင်းဘော်ရာ။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာဒိဋ္ဌိအယူကို။ န သေဝေယျ၊ မယူရာ။ ယော၊ အကြင်သူသည်။ ဧဝံ၊ ဤသို့ ယုတ်သောတရားစသည်ကို မမှီဝဲ။ သော၊ ထိုသူသည်။ လောကဝဍ္ဎနော၊ ဘုံသရာ၏ပွါးခြင်းသည်။ န သိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဟီနံဓမ္မန္တိ၊ ဟူသည်ကား။ ပဉ္စကာမဂုဏံ ဓမ္မံ၊ ငါးပါးသော ကာမဂုဏ်တရားကို။ ဟိ၊ ထိုစကားကို သင့်စွ။ သော၊ ထိုကာမဂုဏ် တရားသည်။ ဟီနေန၊ ယုတ်သောကြောင့်။ အန္တမသော၊ အယုတ်သဖြင့်။ ဩဋ္ဌဂေါဏာဒီဟိပိ၊ ကုလားအုဋ်နွား စသည် တို့လည်း။ ပဋိသေဝိတဗ္ဗော၊ မှီဝဲအပ်၏။ ဟီနေသု၊ ယုတ်ကုန်သော၊ နိရယာဒီသု၊ ငရဲ အစ ရှိကုန်သော။ ဌာနေသု၊ အရပ်တို့၌။ နိဗ္ဗတ္တာပေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဟီနောနာမ၊ ဟီန မည်၏။ တံ၊ ထိုယုတ်မာသောတရားကို။ န သေဝေယျ၊ မမှီဝဲရာ။ ပမာဒေနာတိ၊ ဟူသည်ကား။ သတိဝေါဿဂ္ဂလက္ခဏေန၊ သတိ၏ လွှတ်ခြင်း လက္ခဏာရှိသော၊ ပမာဒေနာပိ၊ မေ့လျော့သောသူနှင့်လည်း။ န သံဝသေယျ၊ မပေါင်းဘော်ရာ။ န သေဝေယျာတိ၊ ယျဟူသည်ကား။ မိစ္ဆာဒိဋ္ဌိမ္ပိ၊ မိစ္ဆာဒိဋ္ဌိကိုလည်း။ န ဂဏှေယျ၊ မယူရာ။ လောကဝဍ္ဎနောတိ၊ ဟူသည်ကား။ ဟိ သစ္စံ၊ မှန်၏။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကရောတိ၊ ပြု၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ လောကဝဍ္ဎနော နာမ၊ လောကဝဍ္ဎန မည်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့။ အကာရဏော၊ မပြုသည် ရှိသော်။ လောက ဝဍ္ဎနော၊ သံသရာ ပွါးခြင်းသည်။ န သိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဒဟရော၊ ရဟန်းငယ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တာနံပိ၊ ရောက်လာကုန်သော ပရိသတ်တို့အားလည်း။ သာတ္ထိကာ၊ အကျိုး ရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ပဌမံ၊ သော။ အညတရဒဟရဘိက္ခုဝတ္ထု၊ သည်။

ဣတိ သမတ္တံ၊ ပြီးပြီ။

## ၁၃-လောကဝဂ္ဂ။ ၂-သုဒ္ဓေါဒနရာဇ ဝတ္ထု။

(ဒဟရဘိက္ခုဝတ္ထု၌ ဟောရာ ဟောကြောင်း ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြပြီး၍ ခမည်းတော် သုဒ္ဓေါဒနဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "ဥတ္တိဋ္ဌေ" စသော ပါဌ်ကို မိန့်သတည်း)။

"ဥတ္တိဋ္ဌေ" တိ ဣမံ ဓမ္မဒေသနံ၊ ဥတ္တိဋ္ဌေ- ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ နိဂြောဓာရာမေ၊ နိဂြောဓာရုံ ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အတ္တနော၊ ကိုယ်တော်၏။ ပိတရံ၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ဧကသ္မိံ သမယေ၊ တပါးသော အခါ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပဌမဂမနေန၊ ရှေးဦးစွာသော ကြွတော်မူခြင်းဖြင့်။ ကပိလပုရံ၊ ကပိလဝတ်ပြည်သို့။ ဂန္တွာ၊ ကြွတော်မူ၍။ ဉာတိဟိ၊ ဆွေတော်မျိုးတော်တို့သည်။ ကတ ပစ္စုဂ္ဂမနော၊ ခရီးဦးကြိုပြုလျက်။ နိဂြောဓာရာမံ၊ နိဂြောဓာရုံကျောင်းသို့။ ပတွာ၊ ရောက်၍။ ဉာတီနံ၊ ဆွေတော်မျိုးတော်တို့၏။ မာနံ၊ မာန်ကို။ ဘိန္ဒနတ္ထာယ၊ ချိုးဖျက်အံ့သောငှါ။ အာကာသေ၊ ကောင်းကင်၌။ ရတန စင်္ကမံ၊ ရတနာဖြင့် ပြီးသောစင်္ကြံကို။ မာပေတွာ၊ ဖန်ဆင်း၍။ တတ္ထ၊ ထိုစင်္ကြံ၌။ စင်္ကမန္တော၊ စင်္ကြံ ကြွတော်မူလျက်။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ ဉာတိ၊ ဆွေတော် မျိုးတော်တို့သည်။ ပသန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ သုဒ္ဓေါဒန မဟာရာဇံ၊ သုဒ္ဓေါဒနမင်းကြီးကို။ အာဒိံ ကတွာ၊ အစပြု၍။ ဝန္ဒိံသု၊ ရှိခိုးကုန်၏။ တသ္မိံ ဉာတိသမာဂမေ၊ ထိုဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌။ ပေါက္ခရ ဝဿံ၊ ကြာတော၌ ရွာသော မိုးနှင့်တူသော ပေါက္ခရမည်သော မိုးကို။ ဝဿိ၊ ရွာစေ၏။ ။(ပေါက္ခရမည်သော မိုးကား။ ကြာတော၌ ရွာသော မိုးနှင့် တူ၏။ ကြာတော၌ရွာသော မိုးသည် အချို့သော ကြာရွက်ကိုသာ စွတ်စေ၍ အချို့သော ကြာရွက်ကိုမစွတ်စေသဖြင့် ရွာသကဲ့သို့ စွတ်လိုသောသူအား စွတ်စေ၍ မစွတ်လိုသော သူအား မစွတ်စေမူ၍ ရွာခြင်းသည် ပေါက္ခရမိုးမည်၏)။ • တံ၊ ထိုဆွေတော်မျိုးတော်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ မဟာဇနေန၊ လူများအပေါင်းသည်။ ကထာယ၊ စကားကို။ သမုဋ္ဌာပိတာယ၊ ဖြစ်စေသည် ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ မယှံ၊ ငါ၏။ ဉာတိသမာဂမေ၊ ဆွေတော်မျိုးတော်၏အစည်းအဝေး၌။ ပေါက္ခရဝဿံ၊ ကြာတော၌ ရွာသောမိုးနှင့်တူသော ပေါက္ခရမည်သော မိုး

ကို။ ဝသိယေဝ၊ ရွာစေဘူးသည်သာလျှင်ကတည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဝေဿန္တရဇာတကံ၊ ဝေဿန္တရာဇာတ်ကို။ ကထေသိ၊ ဟောတော်မူ၏။

ဓမ္မဒေသနံ၊ တရားဒေသနာကို။ သုတွာ၊ ကြား၍။ ဉာတိ သမာဂမေသု၊ စည်းဝေးကုန်သော အဆွေအမျိုးတို့သည်။ ပက္ကမန္တေသု၊ ဖဲကုန်သည်ရှိသော်။ ဧကောပိ၊ တယောက်သောသူမျှလည်း။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ န နိမန္တေသိ၊ မဘိတ်။ ရာဇာပိ၊ မင်းသည်လည်း။ မယှံ၊ ၏။ ပုတ္တော၊ သည်။ မမ ဂေဟံ၊ ငါ၏ နန်းတော်သို့။ အနာဂန္တွာ၊ မလာမူ၍။ ကဟံ၊ အဘယ်အရပ်သို့။ ဂမိဿတိ၊ သွားလတ္တံ့နည်း။ ဣတိ၊ ဤသို့ နှလုံးပြု၍။ အနိမန္တေတွာဝ၊ မဘိတ်မူ၍သာလျှင်။ အဂမာသိ၊ သွားလေ၏။ ဂန္တွာစ ပန၊ သွား၍လည်း။ ဂေဟေ၊ အိမ်၌။ ဝီသတိယာ ဘိက္ခုသဟဿာနံ၊ နှစ်သောင်းကုန်သော ရဟန်းတို့အား။ ယာဂုအာဒီနိ၊ ယာဂုစသည်တို့ကို။ ပဋိယာဒါပေတွာ၊ စီရင်စေ၍။ အာသနာနိ၊ နေရာတို့ကို။ ပညာပေသိ၊ ခင်းစေ၏။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တော၊ ဝင်တော်မူသည်ရှိသော်။ ကိံ နုခေါ၊ အသို့လျှင်။ အတီတဗုဒ္ဓါ၊ လွန်လေပြီးသောဘုရားရှင်တို့သည်။ ပိတုနဂရံ၊ အဘပြည်သို့။ ပတွာ၊ ရောက်၍။ ဥဇုကမေဝ၊ ဖြောင့်ဖြောင့်သာလျှင်။ ဉာတိကုလံ၊ အဆွေအမျိုးအိမ်သို့။ ပဝိသိံသု၊ ဝင်ကုန်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ပဋိပါဋိယာ၊ အစဉ်သဖြင့်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိံသု၊ သွားကုန်သလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇန္တော၊ ဆင်ခြင်တော်မူသည်ရှိသော်။ ပဋိပါဋိယာ၊ အစဉ်သဖြင့်။ စရိံသူတိ၊ သွားကုန်၏ဟူ၍။ ဒိသွာ၊ မြင်၍။ ပဌမဂေဟတော၊ ရှေးဦးစွာအိမ်မှ။ ပဋ္ဌာယ၊ စ၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ လှည့်လည်တော်မူလျက်။ ပါယာသိ၊ ကြွတော်မူ၏။ ရာဟုလမာတာ၊ ရာဟုလာမယ်တော်သည်။ ပါသာဒတလေ၊ ပြာသာဒ်အပြင်၌။ နိသိန္နာဝ၊ နေလျက်လျှင်။ ဒိသွာ၊ မြင်၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ ရညော၊ မင်းကြီးအား။ အာရောစေသိ၊ ကြား၏။ ရာဇာ၊ မင်းကြီးသည်။ သာဋကံ၊ ပုဆိုးကို။ အသဏ္ဌာပေန္တော၊ ကောင်းစွာမဝတ်နိုင်မူ၍။ ဝေဂေန၊ လျင်စွာ။ နိက္ခမိတွာ၊ ထွက်၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုတ္တ၊ ချစ်သား။ ကသ္မာ၊ အဘယ်ကြောင့်။ မံ၊ ငါ့ကို။ နာသေသိ၊ ဖျက်ဆီးဘိသနည်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တေန၊ သွားသဖြင့်။ အတိဝိယ၊ အလွန်လျှင်။ မေ၊ ငါ၏။ လဇ္ဇာ၊ အရှက်ကို။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်၏။ ဝေါ၊ အရှင်ဘုရားတို့သည်။ ဣမသ္မိံယေဝနဂရေ၊ ဤပြည်၌သာလျှင်။ သုဝဏ္ဏ သိဝိကာဒီဟိ၊ ရွှေထမ်းစင်စသည်တို့ဖြင့်။ ဝိစရိတွာ၊ သွား၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတုံ၊ သွားခြင်းငှါ။ ယုတ္တံနာမ၊ သင့်သည်မဟုတ်လော။ ကိံ၊ အဘယ်ကြောင့်။

မံ၊ ငါ့ကို။ လဇ္ဇာပေသိ၊ ရှက်စေဘိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ မဟာရာဇ၊ မင်းကြီး။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ နလဇ္ဇာပေမိ၊ မရှက်စေ။ အတ္တနော ပန၊ မိမိ၏ကား။ ကုလဝံသံ၊ အမျိုးအနွယ်ကို။ အနုဝတ္တာမိ၊ လိုက်၍ကျင့်၏။ ဣတိအဝေါစ၊ ဤသို့မိန့်တော်မူ၏။ တာတ၊ ချစ်သား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ဇီဝနပံသော၊ အသက်မွေးသော အနွယ်သည်။ မမ၊ ငါ၏။ ဝံသော ကိံ ပန၊ အနွယ်ဖြစ်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သော၊ ထို ဆွမ်းခံ၍ အသက်မွေးခြင်းသည်။ တာ၊ သင်၏။ ဝံသော၊ အနွယ်သည်။ န၊ မဟုတ်။ ဧသော၊ ဤဆွမ်းခံ၍ အသက်မွေးခြင်းသည်။ မမ ပန၊ ငါ၏သာလျှင်။ ဝံသော၊ အနွယ်တည်း။ ဟိ၊ ထိုစကားသင့်စွ။ အနေကာနိ၊ များစွာကုန်သော။ ဗုဒ္ဓသဟဿာနိ၊ ဘုရားအထောင်တို့သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာဝ၊ သွား၍သာလျှင်။ ဇီဝိံသု၊ အသက်မွေးကုန်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသည်ဖြစ်၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၆၈။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံသွားခြင်း၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံခြင်းဟူသောအကျင့်ကို။ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ ဆွမ်းခံခြင်း အကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်သည်။ အသ္မိံ လောကေစ၊ ဤလောက၌၎င်း။ ပရမှိစ၊ တမလွန်ဘဝ၌၎င်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ၏။

၁၇၀။ ။သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံသွားခြင်း ဟူသောအကျင့်ကို။ စရေယျ၊ ကျင့်ရာ၏။ ဒုစ္စရိတံ၊ ပြည့်ဘန်းဆာမ အစရှိသည် အပြားရှိသော မကျက်စားရာဖြစ်သော အရပ်၌ သွားလျက်။ နံ၊ထိုဆွမ်းခံအကျင့်ကို။ နစရေ၊ မကျင့်ရာ။ ဓမ္မစာရီ၊ ဆွမ်းခံအကျင့်ကို ကျင့်လေ့ရှိသောပုဂ္ဂိုလ်သည်။ အသ္မိံ လောကေစ၊ ဤလောက၌၎င်း။ ပရမှိစ၊ တမလွန်လောက၌၎င်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ၏။ ဣတိ၊ သို့။ အဘာသိ၊ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဥတ္တိဋ္ဌေတိ၊ ဟူသည်ကား။ ဥဋ္ဌဟိတွာ၊ ဆွမ်းခံသွား၍။ ပရေသံ၊ တပါးသောသူတို့၏။ ဃရဒွါရေ၊ အိမ်တံခါး၌။ ဌတွာ၊ ရပ်၍။ ဂဟေတဗ္ဗပိဏ္ဍေ၊ ယူအပ်ပြီးသော ဆွမ်း၌။ နပ္ပမဇ္ဇေယျာတိ၊ ဟူသည်ကား။ ဟိ၊ ထိုစကား သင့်စွ။ ပိဏ္ဍာစာရိကဝတ္တံ၊ ပိဏ္ဍာစာရိကဝတ်ကို။ ဟာပေတွာ၊ ယုတ်စေ၍။ ပဏီတဘောဇနာနိ၊ ပွန်မြတ်သော ဘောဇဉ်တို့ကို။ ပရိယေသန္တော၊ ရှာသောရဟန်းသည်။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံခြင်း၌။ ပမဇ္ဇတိနာမ၊ မေ့လျော့သည်မည်၏။ သပဒါနံ၊

အိမ်စဉ်အတိုင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော ပန၊ သွားသော ရဟန်းသည်ကား။ နပ္ပမဇ္ဇတိနာမ၊ မမေ့မလျော့သည်မည်၏။ ဧဝံ၊ သို့။ ကရောန္တော၊ ပြုလျက်။ ဥတ္တိဋ္ဌေ၊ ဆွမ်းခံသွားခြင်း၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ၊ ဓမ္မံ၊ ဟူသည်ကား။ အနေသနံ၊ မရှာ မှီးအပ်သောအစာကို။ ပဟာယ၊ စွန့်၍။ သပဒါနံ၊ အိမ်စဉ်အတိုင်း။ စရန္တော၊ သွားသော ရဟန်းသည်။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ တမေ၀ ဘိက္ခာစာရိယဓမ္မံ၊ ထိုဆွမ်းခံသွားခြင်းဟူသော အကျင့်ကိုလျှင်။ စရေယျ၊ ကျင့်ရာ၏။ သုခံသေတီတိဧတံ၊ ဟူသော ဤစကားသည်။ ဒေသနာမတ္တံ၊ ဒေသနာမျှသာတည်း။ ဘိက္ခာစရိယဓမ္မံ၊ ဆွမ်းခံသွားခြင်း ဟူသောအကျင့်ကို။ စရန္တော၊ ကျင့်လေ့ရှိသော။ ဓမ္မစာရီ၊ မြတ်သောပုဂ္ဂိုလ်သည်။ ဣဓလောကေ၊ ဤလောက၌။ စတူသုပိ၊ လေးပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့ဖြင့်။ သုခံ၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ န နံ ဒုစ္စရိတန္တိ၊ ဟူသည်ကား။ ဝေသိယာဒိဘေဒေ၊ ပြည့်တန်ဆာမ စသည် အပြားရှိသော။ အဂေါစရေ၊ မကျက်စားရာဖြစ်သောအရပ်၌။ စရန္တော၊ သွားလျက်။ ဘိက္ခာစရိယဓမ္မံ၊ ဆွမ်းခံသွားခြင်း ဟူသော။ ဒုစ္စရိတံ၊ မကောင်းသောအကျင့်ကို။ စရတိနာမ၊ ကျင့်သည်မည်၏။ ဧဝံ၊ ဤသို့။ အစရိတွာ၊ မကျင့်မူ၍။ သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံသွားခြင်း ဟူသော အကျင့်ကို။ စရေ၊ ကျင့်ရာ၏။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်အပ်သော။ နံ၊ ထိုအကျင့်ကို။ န စရေ၊ မကျင့်ရာ။ သေသံ၊ ကြွင်းသော စကားသည်။ ဝုတ္တတ္ထမေဝ၊ ဆိုအပ်ပြီးခဲ့သော အနက် ရှိသည်သာလျှင်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ရာဇာ၊ သုဒ္ဓေါဒနမင်းကြီးသည်။ သောတာပတ္တိဖလေ။ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တာနမ္ပိ ရောက်လာကုန်သော ပရိသတ်တို့အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။

ဒုတိယံ၊ သော။ သုဒ္ဓေါဒနရာဇဝတ္ထု၊သည်။
ဣတိသမတ္တံ၊ပြီးပြီ။

———

၁၃-လောကဝဂ္ဂ။ ၃-ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု။

(ခမည်းကော်ငတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ဝိပဿနာရှုကုန်သော ရဟန်းတို့၏ ငတ္ထု၌ ဟောရာဖြစ်

သော ဂါထာ၏ အက္ခရဝဏ္ဏနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည့် "ယထာပုဗ္ဗုဠကံ ပဿေ" အစရှိသော ပါဠိကို မိန့်သတည်း)။

"ယထာပုဗ္ဗုဠက" န္တိ ဣမံ ဝုတ္တဒေသနံ၊ ယထာ ပုဗ္ဗုဠကံ ဟူသော ဤမြေ့ဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ပဉ္စသတေ၊ ငါးရာကုန်သော။ ဝိပဿကေ၊ ဝိပဿနာရှုကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တေ၊ ထိုရဟန်းတို့သည်။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ ဝါယမန္တာ၊ လုံ့လပြုကုန်သည်ရှိသော်။ အပ္ပဝိသေသာ၊ အရဟတ္တဖိုလ်သို့ မရောက်သောကြောင့်။ ဝိသေသတ္ထာယ၊ အထူး ပြု၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေဿာမ၊ ယူကုန်အံ့။ ဣတိ၊ ဤသို့။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆန္တာ၊ လာကုန်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မရီစိ ကမ္မဋ္ဌာနံ၊ တံလျှပ် ကမ္မဋ္ဌာန်းကို။ ဘာဝေန္တာ၀၊ ပွါးကုန်လျက်လျှင်။ အာဂမိံသု၊ ရောက်ကုန်သတတ်။ တေသံ၊ ထိုရဟန်းတို့သည်။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိဋ္ဌက္ခဏေယေဝ၊ ဝင်သော ခဏ၌ပင်လျှင်။ ဒေဝေါ၊ မိုးသည်။ ဝဿိ၊ ရွာ၏။ တေ၊ ထိုရဟန်းတို့သည်။ တတ္ထတတ္ထ ပမုခေသု၊ ထိုထိုသော ကျောင်းဦးတို့၌။ ဌတွာ၊ ရပ်၍။ ဓါရာဝေဂေန၊ လေအဟုန်အလျင်ဖြင့်။ ဥဋ္ဌဟိတွာ၊ ထိုက်၍။ ဘိဇ္ဇန္တေ ပျက်ကုန်သော။ ပုဗ္ဗုဠကေ၊ ရေပွက်-ရေမြှုပ်တို့ကို။ ဒိသွာ၊ မြင်၍။ အယံပိ အတ္တဘာဝေါ၊ ဤကိုယ်၏ အဖြစ်သည်လည်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဘိဇ္ဇနဋ္ဌေန၊ ပျက်တတ်သော အနက်ကြောင့်။ ပုဗ္ဗုဠကသဒိသောယေဝ၊ ရေမြှုပ်နှင့် တူကုန်သည်သာလျှင်တည်း။ ဣတိ၊ သို့။ အာရမ္မဏံ၊ အာရုံကို။ ဂဏှိံသု၊ ယူကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်သာလျှင်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဩလောကေတွာ၊ ကြည့်တော်မူ၍။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သဒ္ဓိံ၊ ကွ။ ကထေ တောယေဝ၊ စကားပြောဟောလျက်လျှင်။ ဩဘာသံ၊ အရောင်ကို။ ဖရိတွာ၊ နှံ့စေ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၀။ ။ဘိက္ခဝေ၊ တို့။ ပုဗ္ဗုဠကံ၊ ရေပွက်ရေမြှုပ်ကို။ ပဿေယျယထာ၊ ကဲ့သို့ ရှုရင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယျယထာ၊ ရှုသကဲ့သို့ရှင်း။ ဧဝံ၊ ထိုအတူ။ လောကံ၊ ခန္ဓာအစရှိသောလောကကို။ အဝေက္ခန္တံ၊ ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ မရီစိကန္တိ၊ ဟူသည်ကား။ မာယံ၊ တံလျှပ်ကို။ ဟိ သစ္စံ၊ မှန်၏။ မာယာ၊ တံလျှပ်သည်။ ဒူရတောဝ၊ အဝေးမှလျှင်။ ဂေဟသဏ္ဌာနာဒိဝသေန၊

အိမ်သဏ္ဌာန်-အစရှိသည့်တို့၏ အစွမ်းဖြင့်။ ဥပဋ္ဌိတာပိ၊ ထင်စေအပ်သည် ရှိသော်လည်း။ ဥပဂစ္ဆန္တာနံပိ၊ ကပ်၍ ရှုကုန်သော်လည်း။ အဂယှုပဂါ၊ ယူခြင်းငှာ မလောက်သောကြောင့်။ ရိတ္တာကတုစ္ဆကာဝ၊ အချည်းနှီးတို့ သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ ဥပဋ္ဌိတွာ၊ ဖြစ်၍။ ဘိဇ္ဇနတ္တေန၊ ပျက်တတ်သောအနက်ကြောင့်။ ပုဗ္ဗုဠကံ၊ ရေပွက်ရေမြှုပ်သည်။ ရိတ္တတုစ္ဆဒိဘာဝေနေဝ။ အချည်းနှီး အစရှိသည်တို့၏ အဖြစ်အားဖြင့်သာလျှင်၊ မာယံ၊ တံလှပ်ကို။ ပဿေယျထာ၊ မြင်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ခန္ဓာဒိလောကံ၊ ခန္ဓာအစရှိသော လောကကို။ အဝေက္ခန္တံ၊ ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္တော၊ အနက်ဘည်း။ ဒေသနာ ဝသာနေ၊ ဒေသနာတော် အဆုံး၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဌိတ ဌာနေယေဝ၊ တည်ရာအရပ်၌ ပင်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

တတိယံ၊ သော။ ပဉ္စသတဝိပဿကတိက္ခူသည်။

ဣတိသမတ္တံ၊ ပြီးပြီ။

———

၁၃–လောကဝဂ္ဂ။ ၄–အဘယရာဇကုမာရဝတ္ထု။

(ဝိပဿနာရှုကုန်သော ရဟန်းငါးရာတို့၏ ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ ယခုအခါ အဘယမင်းသား၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည် “ဧထ ပဿထိမံလောကံ” အစရှိသော ပါဠ်ကို မိန့်သတည်း)။

“ဧထ ပဿတိမံ လောကံ” န္တိ ဣမံ ဓမ္မဒေသနံ၊ ဧထ ပဿထိ မံ လောကံ-အစ ရှိသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အဘယရာဇကုမာရံ အဘယ မင်းသားကို။ အာရဗ္ဘ၊ အကြောင်းပြု။ ကထေသိ၊ ဟောတော်မူ၏။

ပစ္စန္တံ၊ သောင်းကျန်းသော ပစ္စန္တရစ်ကို။ ဝူပသမေတွာ၊ ငြိမ်းစေ၍။ အာဂတဿ၊ လာသော။ တဿ၊ ထိုအဘယမင်းသားအား။ ပိတာ၊ အဘဖြစ်သော။ ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရ မင်းကြီးသည်။ တုဿိတွာ၊ နှစ်သက်၍။ နစ္စဂီတကုသလံ၊ ကခြင်း,သီခြင်း၌ လိမ္မာသော။ ဧကံ နာဋကိတ္ထိံ၊ တယောက်သော ကချေသည်မကို။ ဒတွာ၊ ပေး၍။ တဿ၊ ထိုအဘယ မင်းသားအား။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ အဒါသိ၊ ပေး၏။ သော၊ ထိုအဘယမင်းသားသည်။

သတ္တာဟံ၊ ခုနစ်ရက်တို့ပတ်သုံး။ ဂေဟာ၊ အိမ်မှ။ ဗဟိ၊ အပသို့။ အနိက္ခမိတွာဝ၊ မထွက်မူ၍သာလျှင်။ ရဇ္ဇသိရိံ၊ ပြည်စည်းစိမ်ကို။ အနုဘဝိတွာ၊ ခံစား၍။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်သောနေ့၌။ နဒီတိတ္ထံ၊ မြစ်ဆိပ်သို့။ ဂန္တွာ၊ သွား၍။ နှတွာ၊ ရေချိုး၍၊ ဥယျာနံ၊ ဥယျာဉ်သို့။ ပဝိသေတွာ၊ ဝင်၍။ သန္တတိမဟာမတ္တောဝိယ၊ သန္တတိ အမတ်ကြီးကဲ့သို့။ တဿာ ဣတ္ထိယာ၊ ထိုမိန်းမ၏။ နစ္စဂီတံ၊ ကခြင်း, သီခြင်းကို။ ပဿန္တော၊ကြည့်လျက်။ နိသီဒိ၊နေ၏။ သာပိ၊ထိုကချေသည်မသည် လည်း။ တံ ခဏညေဝ၊ထိုခဏ၌ပင်လျှင်။ သန္တတိမဟာမတ္တဿ၊ သန္တတိ အမတ် ကြီး၏။ နာဋကိတ္ထိဝိယ၊ ကချေသည်မကဲ့သို့။ သတ္ထက ဝါတာနံ၊ သတ္ထက လေတို့ ၏။ ဝသေန၊ အစွမ်းဖြင့်။ ကာလံ၊ စုတေခြင်းကို။ အကာသိ၊ပြု၏။ ကုမာရော၊ အဘယမင်းသားသည်။ တဿာ၊ ထိုကချေသည်မ၏။ ကာလကိရိယာယ၊ သေ ခြင်းကြောင့်။ ဥပ္ပန္နသောကော၊ ဖြစ်သောစိုးရိမ်ခြင်း ရှိသည်ဖြစ်၍။ မေ၊ငါ၏။ ဣမံသောကံ၊ ဤစိုးရိမ်ခြင်းကို။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ထပေတွာ၊ထား၍။ အညော၊ တပါးသော သူသည်။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ။ န သက္ခိဿတိ၊ မစွမ်းနိုင်လတ္တံ့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ သောကံ၊ စိုးရိမ်ခြင်းကို။ နိဗ္ဗာပေထ၊ ငြိမ်းတော်မူပါစေကုန်လော့။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုအဘယ မင်းသားကို။ သမဿာသေတွာ၊ နှစ်သိမ့်စေ၍။ ကုမာရ၊ အဘယမင်းသား။ တယာဟိ၊ သင်သည်လျှင်။ ဧဝမေဝ၊ ဤအတူလျှင်။ ဣမိဿာ ဣတ္ထိယာ၊ ဤမိန်းမ၏။ ပတကာလေ၊သေသောကာလ၌။ ရောဒန္တေန၊ ငိုသဖြင့်။ ပဝတ္တိတာနံ၊ ဖြစ်စေအပ်ကုန်သော။ အဿူနံ၊ မျက်ရည် တို့၏။ အနမတဂ္ဂေ၊ မသင်သော အစရှိသော။ သံသာရေ၊ သံသရာ၌။ ပမာဏံ၊ အတိုင်းအရှည်သည်။ နတ္ထိ၊ မရှိ။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ တာယ ဒေသနာယ၊ ထိုဒေသနာဖြင့်။ သောကတနုကဘာဝံ၊ စိုးရိမ်ခြင်း၏ ပေါ့ပါးသည် ၏အဖြစ်ကို။ ဉတွာ၊ သိ၍။ ကုမာရ၊ အဘယမင်းသား။ မာသောစိ၊ မစိုးရိမ် လင့်။ ဗာလဇနာနံ၊ မသိကုန်သော သူတို့၏။ ဧတံ၊ ဤစိုးရိမ်ခြင်းသည်။ သံသီ ဒနဋ္ဌာနံ၊ နစ်မြုပ်ရာအရပ်တည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၂။ ။ကုမာရ၊ မင်းသား။ ထေ၊ လာလှည့်ကုန်။ စိတ္တံ၊ ဆန်းကြယ်သော၊ ရာဇရထူပမံ၊ မင်း၏ ရထားနှင့် တူသော။ ဣမံ လောကံ၊ ဤခန္ဓာလောကတည်း ဟူသော အတ္တဘောကို။ ပဿထ၊ ရှုကုန်လော့။ ယတ္ထ၊ အကြင်အတ္တဘော၌။ ဗာလာ၊ မသိကုန်သော သူတို့သည်။ ဝိသီဒန္တိ၊ နစ်မြုပ်ကုန်၏ ဝိဇာနတံ၊ ပညာရှိ

ကုန်သော သူတို့အား။ သင်္ဂေါ၊ ကပ်ငြိခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ထေပဿထာတိ၊ ထေပဿထ-ဟူသောစကားကို။ ရာဇကုမာရမေဝ၊ အဘယမင်းသားကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ အာဟ၊ မိန့်တော်မူ၏။ ဣမံ လောကန္တိ၊ ဣမံလောကံဟူသည်ကား။ ခန္ဓလောကာဒိ သင်္ခါတံ၊ ခန္ဓလောကစသည်ဟု ဆိုအပ်သော။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ စိတ္တန္တိ၊ စိတ္တံဟူသည်ကား။ သတ္တရတနာဒိဝိစိတ္တံ၊ ရတနာခုနစ်ပါး စသည်ဖြင့် ဆန်းကြယ်သော။ ရာဇရထံဝိယ၊ မင်း၏ ရထားကဲ့သို့။ ဝတ္ထာလင်္ကာရာဒီဟိ၊ အဝတ်တန်ဆာစသည်တို့ဖြင့်။ စိတ္တံ၊ ဆန်းကြယ်သော။ ယတ္ထဗာလာတိ၊ ယတ္ထဗာလာ ဟူသည်ကား။ ယသ္မိံ အတ္တဘာဝေ၊ အကြင်အတ္တဘော၌။ ဗာလာ၊ မသိကုန်သောသူတို့သည်။ ဝေံ၊ ဤသို့။ ဝိသီဒန္တိ၊ နစ်ကုန်၏။ ဝိဇာနတန္တိ၊ ဝိဇာနတံဟူသည်ကား။ ဝိဇာနန္တာနံ၊ သိကုန်သော။ ပဏ္ဍိတာနံ၊ ပညာရှိတို့အား။ ဧတ္ထ၊ ဤအတ္တဘော၌။ ရာဂသင်္ဂါ ဒီသု၊ ရာဂစသည်တို့၏ ကပ်ငြိခြင်းတို့တွင်။ ဧကောပိသင်္ဂေါ၊ တစုံတခုသော ကပ်ငြိခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ရာဇကုမာရော၊ အဘယမင်းသားသည်။ သောတာပတ္တိ ဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တာနမ္ပိ၊ ရောက်လာကုန်သော ပရိသတ်တို့အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

စတုတ္ထံ၊ သော။ အဘယရာဇကုမာရဝတ္ထု၊ သည်။

ဣဘိသမတ္တံ၊ ပြီးပြီ။

—●—

၁၃-လောကဝဂ္ဂ။ ၅-သမ္မဇ္ဇနတ္ထေရဝတ္ထု။

(အဘယမင်းသား၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏။ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ သမ္မဇ္ဇနမထေရ်၏ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယောပုဗ္ဗေတိ" စသော ပါဌ်ကို မိန့်သတည်း)။

"ယောပုဗ္ဗေတိ" ဣမံ ဓမ္မ ဒေသနံ၊ ယောပုဗ္ဗေ—ဟူသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သမ္မဇ္ဇနတ္ထေရံ၊ သမ္မဇ္ဇနမည်သောမထေရ်ကို။ အာရဗ္ဘ၊

အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုသမ္မဇ္ဇနမထေရ်သည်။
ပါတော ပါတိ၊ နံနက်ဟူ၍ရင်း။ သာယံ ပတိ၊ ညချမ်းဟူ၍ရင်း။ ဝေလံပမာဏ၊
ကာလအတိုင်းအရှည်ကို။ အကတွာ၊ မပြုမူ၍။ အဘိက္ခဏံ၊ မပြတ်။ သမ္မဇ္ဇန္တော ဝ၊
တံမြက်လှည်းလျက်သာလျှင်။ ဝိစရတိကိရ၊ သွားသတတ်။ သော၊ ထိုသမ္မဇ္ဇနမထေရ်
သည်။ ကေဒိဝသံ၊ တနေ့သ၌။ သမ္မဇ္ဇနိံ၊ တံမြက်ဆုပ်ကို။ ဂဟေတွာ၊ ယူ၍။ ဒိဝါ
ဌာနေ၊ နေ့သန့်ရာအရပ်၌။ နိသိန္နဿ၊ နေသော။ ရေဝတတ္ထေရဿ၊ ရေဝတမထေရ်
၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ အယံ၊ ဤမထေရ်သည်ကား။ မဟာ
ကုသိတော၊ ကြီးစွာသော ပျင်းခြင်းရှိ၏။ ဇနဿ၊ လူသည်။ သဒ္ဓါဒေယျံ၊ သဒ္ဓါ၍
လှူသောဆွမ်းကို။ ဘုဉ္ဇိတွာ၊ စား၍။ အာဂန္တွာ၊ လာ၍။ နိသီဒတိ၊ နေ၏။ ကိံ နာမ၊
အဘယ်ကြောင့်လျှင်။ ဧတဿ၊ ထိုရေဝတမထေရ်၏။ သမ္မဇ္ဇနိံ၊ တံမြက်ဆုပ်ကို။
ဂဟေတွာ၊ ယူ၍။ ဧကံဌာနံ၊ တခုသောအရပ်ကို။ သမ္မဇ္ဇိတုံ၊ တံမြက်လှည်းခြင်းငှာ။
နဝဋ္ဋတိ၊ မအပ်သလော။ ဣတိ အာဟ၊ ဤသို့ဆို၏။ ထေရော၊ ရေဝတမထေရ်သည်။
အဿ၊ ထိုသမ္မဇ္ဇနမထေရ်အား။ ဩဝါဒံ၊ အဆုံးအမကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ
စိန္တေတွာ၊ ဤသို့ကြံ၍။ အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလှည့်။ ဣတိ အာဟ၊
ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်အခါမှ လာရပါအံ့နည်း။ ဣတိ
ပုစ္ဆိ၊ ဤသို့မေး၏။ ဂစ္ဆ၊ သွားလေ။ နှာတွာ၊ ရေချိုး၍။ ဧဟိ၊ လာလှည့်။ ဣတိ
အဝေါစ၊ ဤသို့ဆို၏။ သော၊ ထိုသမ္မဇ္ဇနမထေရ်သည်။ ကထာ၊ ထိုရေဝတမထေရ်ဆို
တိုင်း။ အကာသိ၊ ပြု၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသမ္မဇ္ဇနမထေရ်ကို။ ထေရော၊
ရေဝတမထေရ်သည်။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသီဒါပေ
တွာ၊ နေစေ၍။ ဩဝဒန္တော၊ ဆုံးမလိုသည်ဖြစ်၍။ အာဟ၊ ဆို၏။ အာဝုသော ငါ့ရှင်။
ဘိက္ခုနာ နာမ၊ ရဟန်းတို့မည်သည်ကား။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ သမ္မဇ္ဇန္တေန၊
တံမြက်လှည်း သဖြင့်။ စရိတုံ၊ သွားခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ ပါတောဝ၊
စောစောကလျှင်။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊
သွား၍။ ပိဏ္ဍပါတပဋိက္ကန္တေန၊ ဆွမ်းခံရွာမှဘဲ့သဖြင့်။ အာဂန္တွာ၊ လာ၍။ ရတ္တိ
ဋ္ဌာနေဝါ၊ ညဥ့်သန့်ရာ အရပ်၌ရင်း။ ဒိဝါဋ္ဌာနေဝါ၊ နေ့သန့်ရာ အရပ်၌ရင်း။
နိသိန္နေန၊ နေသဖြင့်။ ဒွတ္တိံသာကာရံ၊ သုံးဆယ့်နှစ်ပါးသော အခြင်းအရာရှိသော
ကမ္မဋ္ဌာန်းကို။ သဇ္ဈာယိတွာ၊ သရဇ္ဈာယ်၍။ အတ္တဘာဝေ၊ အတ္တဘော၌။ ခယဝယံ၊
ကုန်ခြင်းပျက်ခြင်းကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ သာယန္ဟေ၊ ညချမ်းအခါ၌။ ဥဋ္ဌာယ၊
ထ၍။ သမ္မဇ္ဇိတုံ၊ တံမြက်လှည်းခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ နိစ္စကာလံ၊ အခါခပ်သိမ်း။
အသမ္မဇ္ဇိတွာ၊ တံမြက်မလှည်းမူ၍။ အတ္တနောပိ၊ မိမိ၏လည်း။ ဩကာသော နာမ၊
စီးဖြန်းခြင်း အခွင့်မည်သည်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ ဩဝဒတိ၊ ဤသို့

ဆုံးမ၏။ သော၊ ထိုသမ္ဗဇ္ဇနမထေရ်သည်။ ထေရဿ၊ အရှင်ရေဝတမထေရ်၏။ ဩဝါဒံဩဝါဒေ၊ အဆုံးအမ၌။ ဌတွာ၊ တည်၍။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ တံတံဌာနံ၊ ထိုထိုညဉ့်သန့်ရာသော အရပ်၌။ ဥက္ကာပံ၊ အမှိုက်များသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသမ္ဗဇ္ဇနမထေရ်ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဟံသု၊ ဆိုကုန်၏။ အာဝုသော သမ္ဗဇ္ဇနတ္ထေရ၊ ငါ့ရှင်သမ္ဗဇ္ဇနမထေရ်။ တံတံဌာနံ၊ ထိုထိုညဉ့်သန့်ရာစသောအရပ်၌။ ဥက္ကာပံ၊ အမှိုက်များ၏။ ကသ္မာ၊ အဘယ်ကြောင့်။ နသမ္မဇ္ဇတိ၊ တံမြက်မလှည်း သနည်း။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ မယာ၊ အကျွန်ုပ်သည်။ ပမာဒကာလေ၊ မေ့လျော့သော ကာလ၌။ ဧဝံ၊ ဤသို့ တံမြက် လှည်းခြင်းအမှုကို။ ကတံ၊ ပြုအပ်၏။ ဣဒါနိ၊ ယခုအခါ၌။ အပ္ပမတ္တော၊ မမေ့ မလျော့သည်။ အမှိဖြစ်၏။ ဣတိအဝေါစ၊ ဤသို့ဆို၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ အယံထေရော၊ ဤမထေရ်သည်။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရောတိ၊ ကြား၏။ သတ္ထု၊ မြတ်စွာဘုရားအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ ဘိက္ခဝေ၊ ရဟန်းတို့။ မမပုတ္တော၊ ငါ့သားသည်။ အာမ၊ ဩော် အရဟတ္တဖိုလ်ကို ကြားသည်မှန်၏။ ပုဗ္ဗေ၊ ရှေး၌။ ပမာဒကာလေ၊ မေ့လျော့သော ကာလ၌။ သမ္မဇ္ဇန္တော၊ တံမြက်လှည်းလျက်။ ဝိစရိ၊ သွား၏။ ဣဒါနိ ပန၊ ယခု အခါ၌ကား။ မဂ္ဂဖလသုခေန၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ချမ်းသာဖြင့်။ ဝီတိနာ မေန္တော၊ လွန်စေလျက်။ နသမ္မဇ္ဇတိ၊ တံမြက်မလှည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော် မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၃။ ။ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၊ ရှေး၌လျှင်။ ပမဇ္ဇိတွာ၊ မေ့လျော့၍။ ပစ္ဆာ၊ နောက်အခါ၌။ သော၊ ထိုပုဂ္ဂိုလ်သည်။ နပ္ပမဇ္ဇတိ၊ မမေ့ မလျော့။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ တိမ်တိုက်စသည်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာဝ၊ လကဲ့သို့။ ဣမံ လောကံ၊ ဤခန္ဓာစသော လောကကို။ ပဘာသေတိ၊ ထွန်းလင်းစေ၏။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဝတ္တပဋိဝတ္တကရဏေနဝါ၊ ဝတ်ကြီးဝတ်ငယ်ကို ပြု သောအခြင်းအရာဖြင့်ရင်း။ သဇ္ဈာယာဒီဟိဝါ၊ သရဇ္ဈာယ်ခြင်းစသည်တို့ဖြင့်ရင်း။ ပမဇ္ဇိတွာ၊ မေ့လျော့၍။ ပစ္ဆာ၊ နောက်မှ။ မဂ္ဂဖလ သုခေန၊ မဂ်ဖိုလ်၏ချမ်းသာ ခြင်းဖြင့်။ ဝီတိနာမေန္တော၊ လွန်စေလျက်။ နပ္ပမဇ္ဇတိ၊ မမေ့မလျော့။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာဒီဟိ၊ တိမ်တိုက်စသည်တို့မှ။ မုတ္တော၊ လွတ်သော။ စန္ဒော၊ လသည်။ ဩကာသလောကံ၊ ဩကာသလောကကို။ ဩဘာသေတိဣဝ၊ ထွန်း

လင်းစေသကဲ့သို့။ မဂ္ဂဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ ဣမံခန္ဓာဒိလောကံ၊ ဤခန္ဓာအစရှိသော လောကကို။ ဩဘာသေတိ၊ ထွန်းလင်းစေ၏။ ကောလောကံ၊ တပြိုင်နက်သောအလင်းကို။ ကရောတိ၊ ပြု၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာသောရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဉ္စမံ၊ သော၊ သမ္မဇ္ဇနတ္ထေရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၃-လောကဝဂ္ဂ။ ၆-အင်္ဂုလိမာလတ္ထေရဝတ္ထု။

သမ္မဇ္ဇနမထေရ်၏ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထာဏ္ဏနာကို ပြုပြီး၍ အင်္ဂုလိမာလထေရ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုတော်မူလိုသောအရှင်ဗုဒ္ဓဃောသ ဆရာသည် "ယဿပါပန္တိ" စသော ပါဌ်ကို မိန့်သတည်း)။

"ယဿပါ"န္တိ ဣမံ ဓမ္မဒေသနံ၊ ယဿပါပံ-ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အင်္ဂုလိမာလတ္ထေရံ၊ အင်္ဂုလိမာလမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဝတ္ထု၊ အင်္ဂုလိမာလမထေရ်ဝတ္ထုကို။ အင်္ဂုလိမာလသုတ္တန္တဝသေနေဝ၊ အင်္ဂုလိမာလသုတ်၏ အစွမ်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ထေရော ပန၊ အင်္ဂုလိမာလမထေရ်သည်ကား။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ၊ ရှည်သောအသက်ရှိသော။ အင်္ဂုလိမာလော၊ အင်္ဂုလိမာလမထေရ်သည်။ ရဟောဂတော၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်သည်ဖြစ်၍။ ပဋိသလ္လီနော၊ ကိန်းလျက်။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒိ၊ ခံစား၏။ တာယံဝေလာယံ၊ ထိုအခါ၌။ ဣမံ ဥဒါနံ၊ ဤနှစ်သက်သောစကားကို။ ဥဒါနေသိ၊ ပြွက်၏။

ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၊ ရှေး၌သာလျှင်။ ပမဇ္ဇိတွာ၊ မေ့လျော့၍။ ပစ္ဆာ၊ နောက်အခါ၌။ သော၊ ထိုပုဂ္ဂိုလ်သည်။ နပ္ပမဇ္ဇတိ၊ မမေ့လျော့။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ ဟိမ်တိုက်စသည်မှ။ မုတ္တော၊ လွတ်သော။

စန္ဒိမာဝ၊ လကဲ့သို့။ ဣမံလောကံ၊ ဤခန္ဓာစသော လောကကို။ ပဘာသေတိ၊ ထွန်းလင်းစေ၏။

ဣတိအာဒိနာနယေန၊ ဤသို့စသောနည်းဖြင့်။ ဥဒါနံ၊ ဥဒါန်းကို။ ဥဒါနေတွာ၊ မြွက်၍။ အနုပါဒိသေသာယ၊ ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာန ဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြု၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်တို့။ ထေရော၊ အင်္ဂုလိမာလမထေရ်သည်၊ ကဟံ နုခေါ၊ အဘယ်အရပ်၌။ ဥပ္ပန္နော၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ လာတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ငါလာတော်မူသောကာလ၌။ ကာယကထာယ၊ အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ နည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးတော်မူသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အင်္ဂုလိမာလတ္ထေရဿ၊အင်္ဂုလိမာလမထေရ်၏။ နိဗ္ဗတ္တဋ္ဌာန ကထာယ၊ ဖြစ်ရာအရပ်ကို ပြောဆိုကုန်သဖြင့် စုံဝေးပါကုန်၏။ ဣတိဝုတ္တေ၊ ဤသို့နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပုတ္တော၊ ငါ့သားသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတ္တကေ၊ ဤမျှအတိုင်းအရှည် ရှိကုန်သော။ မနုဿေ၊ လူတို့ကို။ မာရေတွာ၊ သတ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုသနည်း။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ဩော်-ပရိနိဗ္ဗာန်ပြုသည်မှန်၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထို အင်္ဂုလိမာလ မထေရ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ဧကံ ကလျာဏမိတ္တံ၊တယောက်သောအဆွေခင်ပွန်းကောင်းကို။ အလဘိတွာ၊ မရသောကြောင့်။ ဧတ္တကံ ပါပံ၊ ဤမျှလောက်သော မကောင်းမှုကို။ အကာသိ၊ ပြု၏။ ပစ္ဆာ ပန၊ နောက်မှကား။ ကလျာဏမိတ္တံ၊အဆွေခင်ပွန်းကောင်းကို။ ပစ္စယံ၊ အထောက် အပံ့ကို။ လဘိတွာ၊ ရသောကြောင့်။ အပ္ပမတ္တော၊ မမေ့လျော့သည်။ အဟောသိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ အဿ၊ ထိုအင်္ဂုလိမာလ၏။ တံ ပါပကမ္မံ၊ ထိုမကောင်းမှုကံကို။ ကုသလေန၊ အရဟတ္တမဂ်ကုသိုလ်သည်။ ပိဟိတံ၊ ပိတ်အပ်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၄။ ။ဘိက္ခဝေ၊ တို့။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ကတံ၊ ပြုအပ်သော။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကုသလေန၊ အရဟတ္တမဂ် ကုသိုလ်သည်။ ပဟိယျတိ၊ ပယ်အပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊ တိမ်တိုက်စသည်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာဝ၊ လကဲ့သို့။ ဣမံ လောကံ၊ ဤခန္ဓာစသော လောကကို။ ပဘာသေတိ၊ ထွန်းလင်းစေ၏။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ကုသလေနာတိ၊ ဟူသည်ကား။ အရဟတ္တံ၊ အရဟတ္တမဂ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ သေသံ၊ ကြွင်းသော စကားသည်။ ဥတ္တာနတ္ထမေဝ၊ ပေါ်သောအနက်ရှိသလျှင်ကတည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော ရဟန်းတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဆဋ္ဌံ၊ သော။ အင်္ဂုလိမာလထေရဝတ္ထု၊ သည်။
ကထိတံ၊ မတ္တံ၊ ပြီးပြီ။

---

## ၁၃-လောကဝဂ္ဂ။ ၇-ပေသကာရဓီတုဝတ္ထု။

(အင်္ဂုလိမာလ ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏။ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ သတ္တမ်ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသထေရ်သည် "အန္ဓဘူတော"-အစ ရှိသော ပါဌ်ကို မိန့်သတည်း)။

"အန္ဓဘူတော" တိ ဣမံ ဓမ္မဒေသနံ၊ အန္ဓဘူတောဟူသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဂ္ဂါဠဝေ စေတိယေ၊ အဂ္ဂါဠဝ စေတီ၌။ ဝိ၊ စေတီယေ၊ ခပ်သိမ်းသော လူအပေါင်းတို့သည် ပူဇော်ရာ ဖြစ်သော။ အဂ္ဂါဠဝေ၊ အဂ္ဂါဠဝ ဘီလူးသည် သိမ်းဆည်းအပ်သော စေတီ၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဧကံ ပေသကာရဓီတရံ၊ တယောက်သော ရက်ကန်းသည်၏ သမီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကဒိဝသံ၊ ကနေ့သည့်၊ အာဠဝိဝါသိနော၊ အာဠဝီ ပြည်သူပြည်သားတို့သည်။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ အာဠဝိံ ၊ အာဠဝီ ပြည်သို့။ သမ္ပတ္တေ ရောက်သည် ရှိသော်။ နိမန္တေတွာ၊ ဘိတ်၍။ ဒါနံ၊ အလှူကို။ အဒံသု၊ လှူကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းစားပြီးသောအဆုံး၌။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုလျက်။ ဧဝံ၏။ ဇီဝိတံ၊ အသက်သည်။ အဒ္ဓုဝံ၊ မမြဲ။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်။ ဓုဝံ၊ မြဲ၏။ မယာ၊ ငါသည်။ အဝဿံ၊ မချွတ်။ မရိတဗ္ဗမေဝ၊ သေရာသည်သာလျှင်တည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိ၏။ ဇီဝိတံ၊ အသက်သည်။ အနိယတံ ဧဝ၊ မမြဲသလျှင်ကတည်း။ မရဏံ၊ သေခြင်းသည်။ နိယတံ၊ မြဲ၏။ ဣတိ ဧဝံ၊ ဤသို့။ မရဏာနုဿတိံ၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို။ ဘာဝေထ၊ ပွါးစေကုန်လော့။ ဟိ၊ ထိုစကားသင့်စွ။ ယေသံ၊ အကြင်သတ္တဝါတို့အား။ မရဏံ၊ သေ

ခြင်းကို။ အဘာဝိတံ၊ မပွါးအပ်။ တေ၊ ထိုသတ္တဝါသည်။ ပစ္ဆိမေကာလေ၊ နောက်ကာလ၌။ အာသီဝိသံ၊ မြွေဟောက်ကို၊ ဒိသွာ၊ မြင်၍။ ဘီတ အဒဏ္ဍပုရိသော ဝိယ၊ ကြောက်သော လုံ့ကန်မရှိသော ယောကျ်ားကဲ့သို့။ သန္တာသံပတ္တာ၊ ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍။ ဘေရဝံ၊ ပြင်းစွာသောအသံကို။ ရဝန္တာ၊ ငိုမြည်တမ်းကုန်လျက်။ ကာလံ၊ စုတေခြင်းကို။ ကရောန္တိ၊ ပြုရကုန်၏။ ယေသံ၊ အကြင်သတ္တဝါတို့အား။ မရဏံ၊ သေခြင်းကို။ ဘာဝိတံ၊ ပွါးအပ်၏။ တေ၊ ထိုသတ္တဝါတို့သည်။ဒူရတော ဝ၊ အဝေးမှ သာလျှင်။အာသီဝိသံ၊ မြွေဟောက်ကို၊ ဒိသွာ၊မြင်၍။ ဒဏ္ဍကေန၊လှုံ့ကန်ဖြင့်။ဂဟေတွာ၊ဘမ်း၍။ ဆဍ္ဍေတွာ၊စွန့်၍။ဌိတပုရိသော ဝိယ၊တည်သော ယောကျ်ားကဲ့သို့။ပစ္ဆိမေ ကာလေ၊ နောက်ကာလ၌။ န သန္တာသန္တိ၊ မထိတ်လန့်ကုန်။ တသ္မာ၊ ထိုကြောင့်။ မရဏာနုဿတိံ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။ တံ ဓမ္မဒေသနံ၊ ထိုတရားဒေသနာကို။ သုတွာ၊ ကြား၍။ အဝသေသဇနာ၊ ကြွင်းသော လူအပေါင်းတို့သည်။ သကိစ္စပသုတာ ဝ၊ မိမိကိစ္စကို လေ့ကျက်ကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။

သောဠသဝဿုဒ္ဒေသိကာ၊ တဆယ့်ခြောက်နှစ်အရွယ်ရှိသော။ ပေသကာရဓီတာ၊ ယက်ကန်းသည်၏သမီးသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ကထာနာမ၊ စကားမည်သည်ကား။ အဟော အစ္ဆရိယာ။ ဩော်-အံ့ဘွယ်ရှိပေစွ။ မယာ၊ သည်။ မရဏဿတိံ၊ မရဏဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝေတုံ၊ ပွါးစေခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ သို့။ ရတ္တိ ဒိဝံ၊ ညဥ့်နေ့ပတ်လုံး။ မရဏဿတိ မေဝ၊ မရဏဿတိ ကမ္မဋ္ဌာန်ကိုသာလျှင်။ ဘာဝေသိ၊ပွါးစေ၏။သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ တတော၊ ထိုအာဠဝီပြည်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ အဂမာသိ၊ ကြွတော်မူ၏။ သာပိ ကုမာရိကာ၊ထိုသတို့သမီးငယ်သည်လည်း။တီဏိဝဿာနိ၊သုံးနှစ်တို့ပတ်လုံး။ မရဏဿတိံ၊ မရဏဿတိကမ္မဋ္ဌာန်းကို။ ဘာဝေတိယေဝ၊ ပွါးစေသည်သာလျှင်တည်း။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊တနေ့သ၌။ သတ္ထာ၊မြတ်စွာဘုရားသည်။ ပစ္စူသသမယေ၊ မိုဃ်းသောက်ထ အခါ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်သည် ရှိသော်။ တံ ကုမာရိကံ၊ ထိုသတို့သမီးကို။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏဇာလဿ၊ သဗ္ဗညုတဉာဏ်တော်ဟူသော ကွန်ရက်၏။ အန္တော၊ အတွင်း၌။ ပဝိဋ္ဌံ၊ ဝင်သည်ကို။ ဒိသွာ၊ မြင်၍။ ကိံ နုခေါ၊ အသို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့သနည်း။ ဣတိ ဥပဓာရေန္တော၊ ဤသို့ စုံစမ်းဆင်ခြင်တော်မူသည်ရှိသော်။ ဣမာယ ကုမာရိကာယ၊ ဤသတို့သမီးငယ်သည်။ မယှံ ဓမ္မဒေသနာ၊ ငါ့တရားဒေသနာကို။

သုတဒိဝသတော၊ ကြားသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ တီဏိဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ မရဏဿတိံ၊ မရဏဿတိကမ္မဋ္ဌာန်းကို။ ဘာဝေတာ၊ ပွါးစေအပ်၏။ ဧကဒါ ပန၊ ယခုအခါ၌။ အယံ၊ ငါသည်။ တတ္ထ၊ ထိုအာဠဝီပြည်သို့။ ဂန္တွာ၊ ၍။ ဣမံ ကုမာရိကံ၊ ဤသတို့သမီးငယ်ကို။ စတ္တာရော ပဉှေ၊ ပြဿနာ လေးပါးတို့ကို။ ပုစ္ဆိတွာ၊ မေး၍။ တာယ၊ ထိုသတို့သမီးသည်။ ဝိဿဇ္ဇိတေသု၊ ဖြေသည်ရှိသော်။ စတူသု ဌာနေသု၊ လေးပါးသောအရာတို့၌။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ ဘာသိဿာမိ၊ ဟောအံ့။ ဂါထာဝသာနေ၊ ဂါထာ၏အဆုံး၌။ သောတာပတ္တိ ဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိဿတိ၊ တည်လတ္တံ့။ တံ၊ ထိုသတို့သမီးငယ်ကို။ နိဿာယ၊ မှီ၍။ မဟာဇနဿာပိ၊ လူများအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ ဉတွာ၊ ဤသို့သိတော်မူ၍။ ပဉ္စသတဘိက္ခုပရိဝါရော၊ ငါးရာသောရဟန်း ခြံရံလျက်။ ဇေတဝနာ၊ ဇေတဝန် ကျောင်းတော်မှ။ နိက္ခမိတွာ၊ ထွက်၍။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ အဂ္ဂါဠဝဝိဟာရံ၊ အဂ္ဂါဠဝကျောင်းသို့။ အဂမာသိ၊ ရောက်တော်မူ၏။

တိုင်းမှကား။ နိက္ခမ၊ ထွက်လေ။ ဣတိ၊ ဤသို့ဆိုလျက်။ တံ၊ ထိုကာလအမတ်ကို။
ရဋ္ဌာ၊ ပြည်မှ။ နီဟရိတွာ၊ ထုတ်၍။ ဇုဏှံ၊ ဇုဏှအမတ်ကို။ ပက္කောသာပေတွာ၊
၍။ တေ၊ သင်သည်။ ဧဝံစိန္တိတံ၊ ဤသို့ကြံခြင်းသည်။ သစ္စံကိရ၊ မှန်သလော။
ဣတိပုစ္ဆိတွာ၊ ဤသို့မေးသောကြောင့်။ သစ္စန္တိ၊ မှန်၏ဟူ၍။ ဝုတ္တေ၊ ဆိုသည်
ရှိသော်။ သာဓု၊ ကောင်း၏။ မာတုလ၊ ဦးရီး။ တုံ၊ ကို။ ပသန္နော၊ ကြည်ညို
သည်။ အသ္မိ၊ ဖြစ်၏။ မမ ပရိဇနံ၊ ငါ့ပရိသတ်ကို။ ဂဟေတွာ၊ ယူ၍။ မယာ၊
ငါသည်။ ဒိန္နနိယာမေနေဝ၊ လှူသောနည်းဖြင့်သာလျှင်။ သတ္တဒိဝသာနိ၊ ခုနစ်ရက်
တို့ပတ်လုံး။ ဒါနံ၊ အလှူကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ သတ္တာဟံ၊ ခုနစ်ရက်
ပတ်လုံး။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ နိယျာဒေတွာ၊ ဆောက်နှင်း၍။ သတ္ထာရံ၊ မြတ်စွာ
ဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ဗာလဿ၊ မလိမ္မာသော

သူ၏။ ကရဏံ၊ အပြုအရေးကို။ ပဿတ၊ ကြည့်တော်မူပါကုန်လော့။ မယာ၊ အကျွန်ုပ်သည်။ ဝေါ၊ ဤသို့၊ ဒိန္နဒါနံ၊ ပေးအပ်သော အလှူ၌။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ အဒါသိ၊ ပေး၏။ ဣတိအာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အာမ၊ ဩြော်မှန်၏။ ဗာလာနာမ၊ မလိမ္မာသော သူမည်သည်ကား။ ပရဿ၊ သူတပါး၏။ ဒါနံ၊ အလှူကို။ အနဘိနန္ဒိတွာ၊ မနှစ်သက်မူ၍၊ ဒုဂ္ဂတိပရာယနာ၊ ဒုဂ္ဂတိသို့လားခြင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဓီရာပန၊ ပညာရှိဘိုသည်ကား။ ပရေသံပိ၊ သူတပါးတို့၏လည်း။ ဒါနံ၊ အလှူကို။ အနုမောဒိတွာ၊ အနုမောဒနာပြု၍။ သဂ္ဂပရာယနာဝ၊ နတ်ပြည်သို့လားခြင်း ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၈။ ။မဟာရာဇ၊ ကြီး။ ဝေ၊ စင်စစ်။ ကဒရိယာ၊ ခက်ထန်ဝန်တို ကုန်သောသူတို့သည်။ ဒေဝလောကံ၊ နတ်ပြည်သို့။ နဝဇန္တိ၊ မသွားကုန်။ ဟဝေ၊ စင်စစ်။ ဗာလာ၊ မလိမ္မာကုန်သော သူတို့သည်လည်း။ ဒါနံ၊ သူတပါးအလှူကို။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ ဓီရောဝ၊ ပညာရှိသည်သာလျှင်။ ဒါနံ၊ သူတပါး အလှူကို။ အနုမောဒမာနော၊ အနုမောဒနာပြု၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ သောဓီရော၊ ထိုပညာရှိသည်။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ကဒရိယာတိ၊ ကဒရိယာ ဟူသည်ကား။ ထဒ္ဓမစ္ဆရိနော၊ ခက်ထန် ဝန်တိုခြင်းရှိသောသူတည်း။ ဗာလာတိ၊ ဗာလာဟူသည်ကား။ ဣဓ လောကပရလောကံ၊ ဤ ပစ္စုပ္ပန်လောက တမလွန်လောကကို။ အဇာနနကာ၊ မသိသောသူတည်း။ ဓီရောတိ၊ ဓီရော ဟူသည်ကား။ ပဏ္ဍိတော၊ ပညာရှိသော သူတည်း။ သုခီပရတ္ထာတိ၊ သုခီပရတ္ထဟူသည်ကား။ တေနေဝ၊ ထိုကြောင့် သာလျှင်။ သောဓီရော၊ ထိုပညာရှိသည်။ ပါနာ အနုမောဒနပုညေန၊ အလှူ၌ အနုမောဒနာပြုသော ကောင်းမှုကြောင့်။ ပရလောကေ၊ တမလွန် လောက၌။ ဒိဗ္ဗသမ္ပတ္တိ၊ နတ်၏စည်းစိမ်ကို။ အနုဘဝနမာနော၊ ခံစားလျက်။ သုခီ၊ ချမ်းသာခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒေသနာ ဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဇုဏှော၊ ဇုဏှအမတ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယိ၊ တည်၏။ သမ္ပတ္တ ပရိသာယပိ၊ ရောက်လာကုန်သော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မ ဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။ ဇုဏှောပိ၊ ဇုဏှအမတ်သည်လည်း။ သောတာပန္နော၊ သောတာပန်သည်။ ဟုတွာ၊

ဖြစ်၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ရညာ၊ မင်းသည်။ ဒိန္နံ ဒိန္နံယာဂ ပေးအပ်သော နည်းဖြင့်သာလျှင်။ ဒါနံ၊ အလှူကို။ အဒါသိ၊ ပေး၏။

ဒသမံ၊ သော။ အသဒိသဒါနဝတ္ထု၊ သည်။

ဂ္ဂတိသမတ္တံ၊ ပြီးပြီ။

———

## ၁၃–လောကဝဂ္ဂ။ ၁၁–အနာထပိဏ္ဍိက ပုတ္တကာလဝတ္ထု။

(အသဒိသဒါန ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ကာလဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ပထဗျာကေရဇ္ဇေနာ" တိ စသော ပါဌ်ကို မိန့်သတည်း)။

"ပထဗျာကေရဇ္ဇေနာ"တိ ဣမံ ဓမ္မဒေသနံ၊ ပထဗျာ ကေရဇ္ဇေန ဟူသော ဤ ဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ကာလံနာမ၊ ကာလအမည် ရှိသော။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သေဋ္ဌေး၏။ ပုတ္တံ၊ သားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုကာလသည်။ တထာဝိဓဿ၊ ထိုသို့သဘောရှိသော။ သဒ္ဓါ သမ္ပန္နဿ၊ သဒ္ဓါနှင့် ပြည့်စုံသော။ သေဋ္ဌိနော၊ သေဋ္ဌေး၏။ ပုတ္တော၊ သားသည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တုံ၊ သွားခြင်းငှါ။ နေဝ ဣစ္ဆတိ၊ အလိုမရှိ။ ဂေဟံ၊ အိမ်သို့။ အာဂတကာလေ၊ လာသောကာလ၌။ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှါ။ န ဣစ္ဆတိ၊ အလိုမရှိ။ သံဃဿ၊ သံဃာ၏။ ဝေယျာဝစ္စံ၊ အမှုကြီးငယ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ န ဣစ္ဆတိ၊ အလိုမရှိ။ ပိတရာ၊ အဘသည်။ တာတ၊ ချစ်သား။ ဧဝံ၊ ဤသို့။ မာ ကရိ၊ မပြုလင့်။ ဣတိ ဝုတ္တောပိ၊ ဤသို့ဆိုသော်လည်း။ တဿ၊ ထိုအဘ၏။ ဝစနံ၊ စကားကို။ န သုဏာတိ၊ မနာ။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကာလ၏။ ပိတာ၊ အဘသည်။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤသူသည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဒိဋ္ဌိံ၊ အယူကို။ ဂဟေတွာ၊ ယူ၍။ ဝိစရန္တော၊ သွားလာသည် ရှိသော်။ အဝီစိပရာယနော၊ အဝီစိသို့ လားခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ မယိ၊ ငါသည်။ ပဿန္တေ၊ မြင်စဉ်။ မမ ပုတ္တော၊ ငါ့သားသည်။ နိရယံ၊ ငရဲသို့။ ယံ ဂစ္ဆေယျ အကြင့်ကြောင့် သွားရာ၏။ ဧတံ၊ ဤသို့ သွားခြင်းသည်။ န ခေါ ပန ပတိရူပံ၊ မလျောက်ပတ်လေ။ ဣမသ္မိံ ခေါ ပန လောကေ၊ ဤလောက၌။ ဓနဒါနေန၊

ဥစ္စာကို ပေးသဖြင့်။ အဘိဇ္ဈနကသတ္တောနာမ၊ မပျက်သော သတ္တဝါမည်သည်၊ နတ္ထိ၊ မရှိ၊ ဓနေန-ဓနဒါနေန၊ ဥစ္စာပေးသဖြင့်။ နံဒိဋ္ဌ၊ ထိုအယူကို။ ဆိန္ဒိဿာမိ။ ဖျက်အံ့။ ဣတိ စိန္တေသိ၊ ဤသို့ ကြံ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုကာလကို။ အာဟ၊ ဆို၏။ တာတ၊ ချစ်သား၊ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဓမ္မံ၊ တရားကို။ သုတွာ၊ နာ၍။ ဧဟိ၊ လာလှည့်။ ကဟာပဏသတံ၊ တရာသော အသပြာကို။ တေ၊ သင်အား၊ ဒဿာမိ၊ ပေးအံ့။ ဣတိအာဟ၊ ဤသို့ ဆို၏။ တာတ၊ ဘခင်။ ဒဿထ၊ ပေးကုန်အံ့လော။ ဣတိအာဟ၊ ဤသို့ ဆို၏။ ပုတ္တ၊ ချစ်သား။ ဒဿာမိ၊ အံ့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည် ရှိသော်။ သော၊ ထိုကာလသည်။ ယာဝတတိယံ၊ သုံးကြိမ်မြောက်အောင်။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဂဟေတွာ၊ ယူ၍ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ သွား၏။ သဇ္ဈာယနေန ပန၊ သူတော်ကောင်း တရားကို နာခြင်း၌ကား။ အဿ၊ ထိုကာလအား၊ ကိစ္စံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ယထာ၊ အကြင်အခြင်းဖြင့်။ ဖါသုကဋ္ဌာနေသု၊ ချမ်းသာသာအရပ်တို့၌။ သယိတွာ၊ အိပ်ပြီး၍။ ပါတောဝ၊ စောစောကလျှင်။ ဂေဟံ၊ အိမ်သို့။ အဂမာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကာလ၏။ ပိတာ၊ အဘသည်။ မေ ပုတ္တော၊ ငါ့သားသည်။ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ အဟောသိ၊ ဖြစ်ပြီ။ သီဃံ၊ လျင်စွာ။ အဿ၊ ထိုကာလအား။ ယာဂုအာဒီနိ၊ ယာဂုစသည်တို့ကို။ အာဟရထ၊ ဆောင်ကုန်လော့၊ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဒါပေသိ၊ ပေးစေ၏။ သော၊ ထိုကာလသည်။ ကဟာပဏေ၊ အသပြာတို့ကို။ အဂဟေတွာ၊ မယူမူ၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့ဟူ၍။ အာဟဋာဟဋံ၊ ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော ယာဂုစသည်ကို။ ပဋိက္ခိပိ၊ ပယ်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကာလ၏။ ပိတာ၊ အဘသည်။ ပီဠံ၊ နှိပ်စက်ခြင်းကို။ အသဟန္တော၊ သည်းမခံနိုင်သည် ဖြစ်၍။ ကဟာပဏဘဏ္ဍိကံ၊ အသပြာထုပ်ကို။ ဒါပေသိ၊ ပေးစေ၏။ သော၊ ထိုကာလသည်။ တံ၊ ထိုအသပြာထုပ်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတွာဝ၊ ယူ၍သာလျှင်။ အာဟာရံ၊ ယာဂုစသော အာဟာရကို။ ပရိဘုဉ္ဇိ၊ စား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုကာလကို။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ သေဋ္ဌိ၊ သူဌေးသည်။ တာတ၊ ချစ်သား။ ကဟာပဏသဟဿံ၊ တထောင်သော အသပြာကို။ တေ၊ သင်အား၊ ဒဿာမိ၊ ပေးအံ့၊ သတ္ထု၊ မြတ်စွာဘုရား၏။ ပုရတော၊ ရှေ့မှ။ ဌတွာ၊ ရပ်၍။ ဧကမ္ပိ ပဒံ၊ တခုသော တရား၏ အစုကို။ ဥဂ္ဂဏှိတွာ၊ သင်၍။ အာဂစ္ဆေယျာသိ၊ လာခဲ့လော့။ ဣတိ၊ ဤသို့။ ပေသေသိ၊ စေလိုက်၏။ သော၊ ထိုကာလသည်။

ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ သတ္ထု၊ မြတ်စွာဘုရား၏။ ပုရတော၊ ရှေ့မှ၊ ဌတွာဝ၊ ရပ်၍လျှင်။ ကေမေဝံ ဓမ္မပဒံ၊ တခုသောတရားအစုကို။ ဥဂ္ဂဏှိတွာ၊ သင်၍။ ပလာယိတုကာမော၊ ပြေးလိုသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကာလအား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အသလ္လက္ခဏာကာရံ၊ မမှတ်နိုင်သော အခြင်းအရာကို။ အကာသိ၊ ပြု၏။ သော၊ ထိုကာလသည်။ တံ ပဒံ၊ ထိုပုဒ်ကို။ အသလ္လက္ခေတွာ၊ မမှတ်နိုင်၍။ ဥပရိပဒံ၊ အထက်ပုဒ်ကို။ ဥဂ္ဂဏှိဿာမိ၊ သင်အံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ အဿောသိ ယေဝ၊ ကြားသလျှင်ကတည်း။ ကိရ-သစ္စံ၊ မှန်၏။ သုဏန္တောဝ၊ နာလျက်သည်သာလျှင်။ ဥဂ္ဂဏှိဿာမိတိ၊ သင်အံ့ဟူ၍။ ဝဒန္တော၊ ဆိုသောသူသည်၊ သက္ကစ္စံ၊ ရိုသေစွာ။ သုဏန္တိနာမ၊ နာသည် မည်ကုန်၏။ ကိရ၊ စင်စစ်။ ဝေဠု သုဏန္တာနံ၊ ဤသို့ နာကုန်သော သူတို့အား။ ဓမ္မော၊ တရားသည်။ သောတာပတ္တိမဂ္ဂါဒယော၊ သောတာပတ္တိမဂ်- အစရှိသည် တို့ကို။ ဒေတိ၊ ပေးတတ်၏။ သောပိ၊ ထိုကာလသည်လည်း။ ဥဂ္ဂဏှိဿာမိတိ၊ သင်အံ့ဟူ၍။ သုဏာတိ၊ နာ၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ အသလ္လက္ခဏာကာရံ၊ မမှတ်နိုင်သော အခြင်းအရာကို။ အကာသိ၊ ပြုတော်မူ၏။ သောပိ၊ ထိုကာလသည်လည်း။ ဥပရိပဒံ၊ အထက်ပုဒ်ကို။ ဥဂ္ဂဏှိဿာမိ၊ သင်အံ့။ ဣတိ၊ ဤသို့ ဆို၍။ သုဏန္တောဝ၊ နာလျက်လျှင်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်၏။

သော၊ ထိုကာလသည်။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ ဗုဒ္ဓပမုခေန၊ ဘုရား အမှူးရှိသော။ ဘိက္ခုသံဃေန၊ ရဟန်း သံဃာနှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ပါဝိသိ၊ ဝင်၏။ မဟာသေဋ္ဌိ၊ သေဋ္ဌေးကြီးသည်။ တံ၊ ထိုကာလကို။ ဒိသွာ၊ မြင်၍။ အဇ္ဇ၊ ယနေ့။ မမပုတ္တဿ၊ ငါ့သား၏။ အာကာရော၊ ဒ ခြင်းအရာသည်။ ရုစ္စတိ၊ နှစ်သက်ဘွယ် ရှိ၏။ ဣတိ စိန္တေသိ၊ ဤသို့ကြံ၏။ တဿပိ၊ ထိုကာလ၏လည်း။ ဧဝံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။ မေ၊ ငါ၏။ ပိတာ၊ အဘသည်။ အဇ္ဇ၊ ယနေ့။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ ကဟာပဏေန၊ အသပြာဖြင့်။ ဒဒေယျ၊ ပေးငြားအံ့။ အဟောဝတ၊ အံ့ဩဘွယ်ဖြစ်ရာ၏။ ကဟာပဏကာရဏာ၊ အသပြာဟူသော အကြောင်းကြောင့်။ မယှံ၊ ငါ့အား။ ဥပေါသထိကဘာဝံ၊ ဥပုသ်သုံးသော အဖြစ်ကို။ ပဋိစ္ဆာဒေယျ၊ ဝန်ခံရာ၏။ ဣတိတော၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ သတ္ထာပန၊ မြတ်စွာဘုရားသည်ကား။ အဿ၊ ထိုကာလ၏။ ဟိယျော၊ ယမန်နေ့က။ ကဟာပဏဿကာရဏာ၊ အသပြာ၏အကြောင်းကြောင့်။ ဥပေါသထိကဘာဝံ၊ ဥပုသ်သုံးသည်၏အဖြစ်ကို။ အညာသိ၊ သိတော်မူ၏။ မဟာ

သေဋ္ဌိ၊ သူဋ္ဌေးကြီးသည်။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ယာဂုံ၊ ယာဂုကို။ ဒါပေတွာ၊ လှူစေ၍။ ပက္ကာသပိ၊ သွားအားသည်း။ ဒါပေတိ၊ ပေးစေ၏။ သော၊ ထိုသူလသည်။ နိသီဒိတွာ၊ ထိုင်၍။ တုဏှိဘူတော၊ ဆိတ်ဆိတ်နေသည်ဖြစ်၍။ ယာဂုံ၊ ယာဂုကို၊ ပိဝတိ၊ သောက်၏။ ခါဒနီယံ၊ ခဲဘွယ်ကို။ ခါဒိ၊ ခဲ၏။ ဘတ္တံ၊ ထမင်းကို။ ဘုဉ္ဇ၊ စား၏။ မဟာသေဋ္ဌိ၊ သူဋ္ဌေးကြီးသည်။ သတ္ထု၊ မြတ်စွာဘုရား၏။ ဘတ္တကိစ္စဝသာနေ၊ ဆွမ်းစားခြင်းကိစ္စပြီးသော အခါ၌။ ပတ္တံ၊ သပိတ်ကို။ ဂဏှိ၊ ယူ၏။ ပုရိသော၊ ရှေ့မှ။ သဟဿဂ္ဃနိကံ၊ တထောင်ထိုက်သော ဥစ္စာထုပ်ကို။ ထပေတွာ၊ ထား၍။ တာတ၊ ချစ်သား။ မယာ၊ ငါသည်။ တုံ့၊ သင့်ကို။ သဟဿံ၊ တထောင်ကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဥပေါသထံ၊ ဥပုသ်ကို။ သမာဒပေတွာ၊ ဆောက်တည်စေ၍။ ဝိဟာရံ၊ ကျောင်းသို့။ ပဟိဏတော၊ စေ၏။ ဣဒံ၊ ဤသည်ကား။ တေ၊ သင်၏။ သဟဿံ၊ ထောင်ထုပ်ကည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။ သော၊ ထိုကာလသည်။ သတ္ထုပုရတော၊ မြတ်စွာဘုရားရှေ့၌။ ကဟာပဏော၊ အသပြာတို့ကို။ ဒိယျမာနေ၊ ပေးသည်တို့ကို။ ဒိသွာ၊ မြင်၍။ လဇ္ဇန္တော၊ ရှက်သောကြောင့်။ မေ၊ ငါ့အား။ ကဟာပဏေဟိ၊ အသပြာတို့ဖြင့်။ အလံ၊ အလိုမရှိ။ ဣတိ ဝတွာ၊ ဤသို့ဆိုသည် ရှိသော်။ တာတ၊ ချစ်သား။ ဂဏှ၊ ယူလော့။ ဣတိ၊ ဤသို့။ ဝုစ္စမာနောပိ၊ ဆိုသော်လည်း။ နဂဏှိ၊ မယူ။

အထ၊ ထိုအခါ၌။ အဿ၊ ထိုကာလ၏။ ပိတာ၊ အဘသည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ မေ ပုတ္တဿ၊ အကျွန်ုပ်သား၏။ အာကာရော၊ အခြင်းအရာသည်။ ရုစ္စတိ၊ နှစ်သက်ဘွယ်ရှိ၏။ ဣတိ ဝတွာ၊ ဤသို့ဆိုသည်ရှိသော်။ မဟာသေဋ္ဌိ၊ သူဋ္ဌေးကြီး။ ကိံ၊ အဘယ်နည်း။ ဣတိ ဝုတ္တေ၊ ဤသို့မေးတော်မူသည်ရှိသော်။ မယာ၊ အကျွန်ုပ်သည်။ သော၊ ဤသူကို။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌။ ကဟာပဏသဟဿံ၊ အသပြာတထောင်ကို။ တေ၊ သင့်အား။ ဒဿာမိ၊ ပေးအံ့။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဝိဟာရံ၊ ကျောင်းသို့။ ပေသိတော၊ စေအပ်၏။ ပုနဒိဝသေ၊ ရှေးဖြစ်သော နေ့၌ပင်။ ကဟာပဏေ၊ အသပြာတို့ကို။ အဂဏှိတွာ၊ မယူမူ၍။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ နဣစ္ဆိ၊ အလိုမရှိ။ အဇ္ဇပန၊ ယနေ့မူကား။ ဒိယျမာနေပိ၊ ပေးသော်လည်း၊ ကဟာပဏေ၊ အသပြာတို့ကို။ နဣစ္ဆတိ၊ အလိုမရှိ။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားရှင်သည်။ မဟာသေဋ္ဌိ၊ သူဋ္ဌေးကြီး။ အာမ၊ ကြောင်း အလိုမရှိသည်မှန်၏။ အဇ္ဇ၊ ယနေ့။ ဧဝ၊ သင်၏ ပုတ္တဿ၊ သားအား။ စက္ကဝတ္တိသမ္ပတ္တိတောပိ၊ စကြဝတေးမင်းစည်းစိမ်ထက်လည်း။ ဒေဝလောက ဗြဟ္မလောက

သမ္ပတ္တိံဟိပိ၊ နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တို့ထက်ရင်း။ သောတာပတ္တိ ဖလမေဝ၊ သောတာပတ္တိဖိုလ်သည်သာလျှင်။ ဝရံ၊ မြတ်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံ ဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၇၈။ ။မဟာသေဋ္ဌိ၊ ကြီး။ တဝ၊ ၏။ ပုတ္တဿ၊ အား။ လဒ္ဓံ၊ ရအပ်သော။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ် တည်းဟူသော စည်းစိမ်သည်။ ပထဗျာကေရဇ္ဇေန၊ စကြဝတေးမင်း၏ စည်းစိမ်ကို ရသောထက်ရင်း။ သဂ္ဂဿဂမနေနဝါ၊ နတ်စည်းစိမ်ကို ရသောထက်ရင်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသော လောကကို အစိုးရခြင်းထက်ရင်း။ ဝရံ၊ မြတ်၏။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ပထဗျာကေရဇ္ဇေနာတိ၊ ဟူသည်ကား။ စက္ကဝတ္တိရဇ္ဇေန၊ စကြဝတေးမင်းစည်းစိမ်ကို ရသောထက်ရင်း။ သဂ္ဂဿဂမနေနဝါတိ၊ ဟူသည်ကား။ ဆဗ္ဗီသတိဝိဓဿ၊ နှစ်ဆယ့်ခြောက်ပါး အပြားရှိသော။ သဂ္ဂဿ အဓိဂမနေနဝါ၊ နတ်စည်းစိမ်ကိုရသောထက်ရင်း။ သဗ္ဗလောကာဓိ ပစ္စေနာတိ၊ ဟူသည်ကား။ ဧတ္တကေလောကေ၊ ဤလောက၌။ နာဂသုပဏ္ဏ ဝေမာနိကပေတေဟိ၊ နဂါး ဂဠုန် ဝေမာနိကပြိတ္တာတို့နှင့်။ သဒ္ဓိံ၊ တကွ။ သဗ္ဗသ္မိံ၊ အလုံးစုံသော။ ဧတသ္မိံ လောကေ၊ ဤလောက၌။ အဓိပစ္စေနဝါ၊ အစိုးရခြင်းထက်ရင်း။ သောတာပတ္တိဖလံ ဝရန္တိ၊ ဝရံဟူသည်ကား။ ဧတ္တကေဌာနေ၊ ဤမျှသော အရပ်၌။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ကာရေတွာပိ၊ ပြု၍သော်လည်း။ နိရယာဒီဟိ၊ ငရဲစသည်တို့မှ။ အမုတ္တာဝ၊ မလွတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပိဟိတပါယဒွါရော၊ ပိတ်အပ်ပြီးသော အပါယ်တံခါးရှိသည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗဒုဗ္ဗလော်ပိ၊ အလုံးစုံအောက် အားနည်းသည်ဖြစ်၍လည်း ဖြစ်ထသော။ သောတာပန္နောပိ၊ သောတာပန်သော်လည်း။ အဋ္ဌမေ ဘဝေ၊ ရှစ်ခုမြောက်သော ဘဝ၌။ ယသ္မာ၊ အကြင်ကြောင့်။ နနိဗ္ဗတ္တတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ သောတာပတ္တိဖလမေဝ၊ သောတာပတ္တိဖိုလ်သည်သာလျှင်။ ဝရံ ဥတ္တမံ၊ မြတ်၏။ ဣတိအယံ၊ ဤသည်လျှင်၊ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ကောဒသမံ၊ သော။ အနာထပိဏ္ဍိကပုတ္တကာလဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။
လောကဝဂ္ဂဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ၊
တေရသမော၊ သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

# ၁၄-ဗုဒ္ဓဝဂ္ဂ။ ၁-မာဂဏ္ဍိယဝတ္ထု။

(တဆယ့်တဝတ္ထုတို့ဖြင့် မှတ်အပ်ပိုင် ခြားအပ်သော တဆယ့်သုံးကြိမ်မြောက်ဖြစ်သော လောကဝဂ်၌ ဟောအပ်သော ဂါထာတို့၏ အတ္ထဝဏ္ဏနာကိုပြီးပြီးရှိ ယခုအခါ ရှစ်ဝတ္ထုတို့ဖြင့် မှတ်အပ်ပိုင်ခြားအပ်သောတဆယ့်လေးကြိမ်မြောက်ဖြစ်သော ဗုဒ္ဓဝဂ်၌ ဟောအပ်သော ဂါထာတို့၏ အတ္ထဝဏ္ဏနာကို ပြုတော်မူလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ယဿဇိတန္တိ ဣမံဓမ္မဒေသနံ" စသောပါဌ်ကို မိန့်သတည်း)။

"ယဿဇိတ"န္တိ ဣမံ ဓမ္မဒေသနံ၊ ယဿဇိတံ ဟူသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ မာရဓီတရော၊ မာရ်နတ်သား၏တဏှာဟူသောသမီး, အရတိဟူသောသမီး, ရာဂါဟူသောသမီး, သုံးယောက်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာပန၊ ဒေသနာသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ သမုဋ္ဌိတာ၊ ဖြစ်၏။ ပုန၊ တဖန်။ ကုရုရဋ္ဌေ၊ ကုရုရာဇ်တိုင်း၌။ မာဂဏ္ဍိယ ဗြာဟ္မဏဿ၊ မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားအား။ ကထေသိ၊ ဟောတော်မူ၏။ ကုရုရဋ္ဌေ၊ ကုရုရာဇ်တိုင်း၌။ မာဂဏ္ဍိယဗြာဟ္မဏဿ၊ မာဂဏ္ဍီ အမည်ရှိသော ပုဏ္ဏား၏။ ဓီတာ၊ သမီးသည်။ မာဂဏ္ဍိယာ ဝေန္နာမ၊ မာဂဏ္ဍီ အမည်ရှိသည်သာလျှင် အဟောသိကိရ၊ ဖြစ်သတတ်။ ဥတ္တမရူပဓရာ၊ မြတ်သောအဆင်းကိုဆောင်၏။ တံ၊ ထိုမာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားသမီးကို။ ပတ္ထယမာနာ၊ တောင့်တကုန်သည်ဖြစ်၍။ အနေကာ ဗြာဟ္မဏမဟာသာလာစေဝ၊ များစွာကုန်သော ဗြာဟ္မဏ မဟာသာလမျိုး ဖြစ်ကုန်သော ပုဏ္ဏားသူကြွယ်တို့သည်၎င်း။ ခတ္တိယမဟာသာလာစ၊ များစွာကုန်သော ခတ္တိယမဟာသာလမျိုး ဖြစ်ကုန်သော သူဌေးသူကြွယ်သားတို့သည်၎င်း။ မိဓရာ၊ သမီးမာဂဏ္ဍီကို။ နော၊ ငါတို့အား။ ဒေတု၊ ပေးပါစေသော။ ဣတိ၊ သို့။ မာဂဏ္ဍိယဿ၊ မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏား၏ အထံသို့။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ သောပိ၊ ထိုမာဂဏ္ဍီပုဏ္ဏားသည်လည်း။ တုမှေ၊ သင်တို့သည်။ မယှံ ဓီတု၊ ငါ၏။ ဓီတု၊ သမီးအား။ နာနုစ္ဆဝိကာ၊ မလျောက်ပတ်ကုန်။ ဣတိ၊ သို့။ သဗ္ဗေ၊ အလုံးစုံကုန်သောသူတို့ကို။ ပဋိက္ခိပတေဝ၊ ပယ်သည်သာလျှင်တည်း။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပစ္စူသသမယေ၊ မိုးသောက်သော အခါ၌။ လောကံ၊ လောကကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည် ရှိသော်။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏဇာလဿ၊ သဗ္ဗညုတဉာဏ် တည်းဟူသော ကွန်ရက်၏။ အန္တော၊ အတွင်း၌။ ပဝိဋ္ဌံ၊ ဝင်လာသော။ မာဂဏ္ဍိယဗြာဟ္မဏံ၊ မာဂဏ္ဍီအမည်ရှိသော ပုဏ္ဏားကို။ ဒိသွာ၊ မြင်၍။

ကိံ နုခေါ ဘဝိဿတိတိ၊ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟူ၍။ ဥပဓာရေန္တော၊ စူးစမ်း
ဆင်ခြင်သည် ရှိသော်၊ ဗြာဟ္မဏဿစ၊ ပုဏ္ဏားဓါ်ရင်း။ ဗြာဟ္မဏိယာစ၊ ပုဏ္ဏေးမ
ဓါ်ရင်း။ တိဏ္ဏံမဂ္ဂဖလာနံ၊သုံးပါးသော မဂ်ဖိုလ်တို့၏။ဥပနိဿယံ၊ ဥပနိဿယည်းကို။
အဒ္ဒသ၊ မြင်တော်မူ၏။ ဗြာဟ္မဏောပိ၊ ပုဏ္ဏားသည်လည်း။ ဗဟိဂါမေ၊ ရွာပဥ္စ၌
နိဗဒ္ဓံ၊မပြတ်။ အဂ္ဂိံ ၊ မီးကို။ ပရိစရတိ၊ လုပ်ကျွေး၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ပါတောဝ၊ စောစောကလျှင်။ ပတ္တစီဝရံ၊
သပိတ် သင်္ကန်းကို။ အာဒါယ၊ ယူ၍။ တံ ဌာနံ၊ ထိုအရပ်သို့။ အဂမာသိ၊
ကြွတော်မူလာ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ သတ္ထု၊ မြတ်စွာဘုရား၏။ ရူပ
သိရိံ၊ အသရေရှိသော အဆင်းတော်၏ တင့်တယ်ခြင်းကို။ ဩလောကေန္တော၊
ကြည့်သည်ရှိသော်။ ဣသိံ လောကေ၊ဤလောက၌။ ဣမိနာ၊ဤသူနှင့်။သဒိသော၊
တူသော။ ပုရိသောနာမ၊ ယောကျ်ားမည်သည်။ နတ္ထိ၊ မရှိ။ မယှံ၊ ငါ၏။ ဓီတု၊
သမီးအား။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ ဣမဿ၊ ဤသူအား။ မေ၊ ငါ၏။
ဓီတရံ၊ သမီးကို။ ဒဿာမီတိ၊ ပေးအံ့ဟူ၍။ စိန္တေတွာ၊ ကြံ၍။ သတ္ထာရံ၊ မြတ်စွာ
ဘုရားကို။ အာဟ၊ ဆို၏။ သမဏ၊ အရှင်ရဟန်း။ မမ၊ ငါအား၊ ဧကာဓီတာ၊
သမီးတယောက်သည်။ အတ္ထိ၊ ရှိ၏။ အဟံ၊ ငါသည်။ တဿ၊ ထိုသမီးအား။
အနုစ္ဆဝိကံ၊ လျောက်ပတ်ထိုက်တန်သော။ ပုရိသံ၊ ယောကျ်ားကို။ အပဿန္တော၊
မမြင်သောကြောင့်။ တံ၊ ထိုသမီးကို။ ကဿစိ၊ တစုံတယောက်သောသူအား။ န
အဒါသိ၊ ငါမပေး။ တွံ ပန၊ သင်သည်ကား။ အဿာ၊ ထိုငါ့သမီးအား။ အနုစ္ဆ
ဝိကော၊ လျောက်ပတ်၏။ အဟံ၊ ငါသည်။ တေ၊ သင်အား။ ဓီတရံ၊သမီးကို။ ပါဒ
ပရိစာရိကံကတွာ၊ ခြေရင်းအလုပ်အကျွေးကိုပြု၍။ ဒါတုကာမော၊ ပေးခြင်းငှါ
အလိုရှိ၏။ ယာဝ၊ အကြင်မျှလောက်။ နံ၊ ထိုချစ်စွာသော သမီးကို။ အာနေမိ၊
ဆောင်အံ့။ တာဝ၊ ထိုမျှလောက်။ ဣမေဝ၊ ဤအရပ်၌သာလျှင်။ တိဋ္ဌာဟီတိ၊
ရပ်လင့်ဦးလော့ဟု။ အာဟ၊ ဆို၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထို
ပုဏ္ဏား၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ နေဝ အဘိနန္ဒတိ၊ ဝမ်းမသာ။
န ပဋိက္ကောသိ၊ စိတ်မဆိုး။ ဗြာဟ္မဏောပိ၊ ပုဏ္ဏားသည်လည်း။ ဂေဟံ၊ အိမ်သို့။
ဂန္တွာ၊ သွား၍။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမကို။ အာဟ၊ ဆို၏။ ဘောတိ၊ အိုရှင်မ။
အဇ္ဇ၊ ယနေ့။ မေဓီတု၊ ငါ့သမီးအား။ အနုစ္ဆဝိကော၊ ထိုက်တန်သော။ ပုရိသော၊
ယောကျ်ားကို။ ဒိဋ္ဌော၊ မြင်ပြီ။ တဿ၊ ထိုယောကျ်ားအား။ နံ၊ ထိုသမီးကို။
ဒဿာမာတိ၊ ပေးကုန်အံ့ဟူ၍။ ဓီတရံ၊ သမီးကို။ အလင်္ကာရာပေတွာ၊ တန်းဆာ
ဆင်စေ၍။ အာဒါယ၊ ခေါ်၍။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမနှင့်။ သဒ္ဓိံ ၊ တကွ။

တံ ဌာနံ၊ ထိုအရပ်သို့။ အဂမာသိ၊ သွားလေ၏။ မဟာဇနောပိ၊ လူများသည် လည်း။ ကောတုဟလံ၊ အုတ်အုတ်ကျက်ကျက်။ ဇာတော၊ ဖြစ်၍။ နိက္ခမိ၊ ထွက်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗြာဟ္မဏေန၊ ပုဏ္ဏားသည်။ ဝုတ္တဋ္ဌာနေ၊ မှာခဲ့သောအရပ်၌။ အဋ္ဌတွာ၊ မရပ်မူ၍။ တတ္ထ၊ ထိုအရပ်၌။ ပဒစေတိယံ၊ ခြေစက်တော်ရာကို။ ဒဿေတွာ၊ ပြ၍။ အညသ္မိံ ဌာနေ၊ တပါးသောအရပ်၌။ အဋ္ဌာသိ၊ ရပ်တော်မူ၏။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဣဒံပဒစေတိယံ၊ ဤခြေတော်ရာစေတီကို။ အဓိဋ္ဌာယ၊ အဓိဋ္ဌာန်၍။ အက္ကန္တဋ္ဌာနေယေဝ၊ နင်းချတော်မူရာ အရပ်၌ သာလျှင်။ ပညာယတိ၊ ထင်သတတ်။ သေသဋ္ဌာနေ၊ ဓိဋ္ဌာန်၍ နင်းချသော အရပ်မှ တပါးသောအရပ်၌။ တံ၊ ထိုခြေစက်တော်ကို။ ပဿန္တော၊ ဖူးမြင်ရသော သူမည်သည်။ နတ္ထိ၊ မရှိ။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အတ္တနော၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ ဂတမာနုဿ၊ လိုက်လာသော။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမသည်။ သောပုရိသော၊ ထိုအမောင်သားကိုယောကျ်ားသည်။ ကဟံ၊ အဘယ်မှာနည်း။ ဣတိပုဋ္ဌော၊ ဤသို့ မေးအပ်သော ပုဏ္ဏားသည်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ တိဋ္ဌာဟီတိ၊ ရပ်လင့်ပါလော့ဟူ၍။ အဝစံ၊ မှာခဲ့၏ဟူ၍။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ ပဒဝလဉ္ဇံ၊ ခြေတော်ရာကို။ ဒိသွာ၊ မြင်၍။ ဣဒံ၊ ဤခြေရာသည်။ အဿပဒဝလဉ္ဇနံ၊ ထိုယောကျ်ား၏ ခြေရာဖြစ်တည်းဟု။ ဒဿေသိ၊ ပြ၏။ သာ၊ ထိုပုဏ္ဏေးမသည်။ လက္ခဏမန္တကုသလတာယ၊ လက္ခဏာကြီးငယ်ကိုသိကြောင်း ဖြစ်သော ဗေဒင်၌ လိမ္မာပြွမ်းတီးသည်၏ အဖြစ်ကြောင့်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒံ၊ ဤခြေရာသည်။ ကာမဘောဂိနော၊ ကာမစည်းစိမ်ကို ခံစားသောသူ၏။ ပဒံ၊ ခြေရာသည်။ န၊ မဟုတ်။ ဣတိဝတွာ၊ ဤသို့ဆိုသောကြောင့်။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဘောတိ၊ အိုရှင်မ။ တွံ၊ နင်သည်။ ဥဒကပါတိမှို၊ ရေခွက်၌။ သုသုမာရံ၊ မိကျောင်းကို။ ပဿသိ၊ မြင်ဘိ၏။ မယာ၊ ငါသည်။ သောသမဏော၊ ထိုရဟန်းကို။ ဒိဋ္ဌော၊ မြင်အပ်၏။ တော၊ အား။ မိတရံ၊ သမီးကို။ ဒေသာမီတိ၊ ပေးအံ့ဟူ၍။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ တေနာပိ၊ ထိုရဟန်းသည်လည်း။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ အဓိဝါသိတံ၊ ဝန်ခံပြီ။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည် ရှိသော်။ ဗြာဟ္မဏ၊ အမောင်ပုဏ္ဏား။ တွံ၊ သင်သည်။ ဝေ၊ ဤသို့။ ကိဉ္စာပိ ဝဒေသိ၊ အကယ်၍ဆို၏ရှင့်။ ပန၊ ထိုသို့ဆိုသော်လည်း။ ဣဒံ၊ ဤခြေရာသည်။ နိက္ကိလေသဿဝ၊ ကိလေသာကုန်ပြီးသော သူ၏သာလျှင်။ ပဒံ၊ ခြေရာတည်း။ ဣတိဝတွာ၊ ဤသို့ဆိုပြီး၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ဟိ၊ ထိုစကား သင့်စု။ ရတ္တသ၊ အလိုကြီးသော သူ၏။ ပဒံ၊ ခြေရာသည်။
ဥက္ကုဋိကံ၊ ဆောင့်ကြောင့်ထိုင်သော သူ၏ ခြေရာကဲ့သို့ ဖနောင့်ရာ နက်၍
ဘဝါးရာ တိမ်သည်။ ဘဝေ၊ ဖြစ်၏။ ဒုဋ္ဌဿ၊ ဒေါသကြီးသော သူ၏။ ပဒံ၊
ခြေရာသည်။ သဟသာနုပီဠိတံ၊ ဖနောင့်ရေ တိမ်သဖြင့် အလယ်ပြတ်၍ ဘဝါးရာ
နက်သည်။ ဟောတိ၊ ဖြစ်၏။ မူဠှဿ၊ မောဟကြီးသောသူ၏။ ပဒံ၊ ခြေရာသည်။
အဝကဍ္ဎိတံ၊ နောက်၌ ငင်ဆွဲအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိဝဋ္ဋစ္ဆဒဿ၊ ဝဋ္ဋ
ပြတ်ပြီးသောသူ၏။ ဤဒံ ပဒံ၊ ဤခြေရာသည်။ ဤဒိသံ၊ ဤသို့သဘောသဘောရှိ၏။
ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

အထ၊ ထိုသို့ ဆိုသောအခါ၌။ နံ၊ ထိုပုဏ္ဏားမကို။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။
ဘောတိ၊ အိုရှင်မ။ မာဝိရဝိ၊ မမြည်တမ်းလင့်၊ တုဏှီဘူတာဝ၊ ဆိတ်ဆိတ်သာလျှင်။
ဟောဟိ၊ လာလှည့်။ ဣတိဝတ္ဆန္တော၊ ဤသို့ဆို၍ သွားသောပုဏ္ဏားမောင်နှံ တို့သည်။
သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသူသည်ကား။ သော ပုရိ
သောတိ၊ ထိုယောကျ်ားပင်တည်းဟု။ တဿာ၊ ထိုပုဏ္ဏားမအား။ ဒဿေတွာ၊
ပြ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ သမဏ၊ ရှင်ရဟန်း။
ဓီတရံ၊ သမီးကို။ တေ၊ သင့်အား။ ဒဿာမိတိ၊ ပေးအံ့ဟူ၍။ အာဟ၊ ဆို၏။ သတ္ထာ၊
မြတ်စွာဘုရားသည်။ မေ၊ ငါသည်။ တဝဓီတာယ၊ သင့်သမီးဖြင့်။ န အတ္ထော၊
အလိုမရှိ။ ဣတိဝတွာ၊ ဤသို့ မဆိုမူ၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကေနစိ၊ စင်စစ်
အားဖြင့်။ ကာရဏံ၊ ဟုတ်မှန်သော အကြောင်းကို။ ကထေဿာမိ၊ ငါဆိုအံ့။
သုဏဿသိ၊ သင်နာအံ့လော။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူသောကြောင့်။ ဘောသ
မဏ၊ အိုရဟန်း။ ကထေဟိ၊ ဟောလော့။ သုဏိဿာမိ၊ နာပါအံ့။ ဣတိဝုတ္တေ၊
ဤသို့နားတော်လျှောက်သည်ရှိသော်။ အဘိနိက္ခမနတော ပဋ္ဌာယ၊ တောထွက်
သည်မှ စ၍။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်
မူ၍။ ဒဿေသိ၊ ပြတော်မူ၏။ တတြ၊ ထိုသို့ ပြရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်
ကား။ သင်္ခေပ ကထာ၊ အကျဉ်းစကားတည်း။ မဟာသတ္တော၊ ဘုရားလောင်း
သည်။ ရဇ္ဇသိရိံ၊ ပြည်စည်းစိမ်ကို။ ပဟာယ၊ စွန့်၍။ ကဏ္ဍကံ၊ ကဏ္ဍကမြင်းကို။
အာရုယှ၊ တက်စီးပြီး၍။ ဆန္နသဟာယော၊ ဆန္နလျှင် အဖော်ရှိလျက်။ အဘိ
နိက္ခမန္တော၊ တောထွက်သည်ရှိသော်၊ နဂရဒွါရေ၊ ပြည်တံခါး၌။ ဌိတေန၊ ရပ်
သော။ မာရေန၊ မာရ်နတ်သားသည်။ သိဒ္ဓတ္ထ၊ ရှင်သိဒ္ဓတ်။ နိဝတ္တ၊ ပြန်လော့။
ဣတော၊ ဤနေ့မှ။ တေ၊ သင်အား။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက် မြောက်သော
နေ့၌။ စက္ကရတနံ၊ စကြာရတနာသည်။ ပါတုဘဝိဿတိ၊ ထင်ရှား ဖြစ်လတ္တံ့။
ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ မာရ၊ မာရ်နတ်သား။ အဟံ၊ ငါသည်။ တံ၊

ဤစကြာရဘနာ ရောက်သာလတ္တံ့သည်ကို။ ဇာနာမိ၊ သိ၏။ မေ၊ ငါ့အား။ တေန၊ ထိုစကြာရတနာဖြင့်။ န အတ္ထော၊ အလိုမရှိ။ ဣတိ အာဟ၊ ဤသို့ဆို၏။ အထ၊ ထိုသို့ဆိုသည်ရှိသော်။ ကိမတ္ထာယ၊ အဘယ်အကျိုးငှါ။ နိက္ခမသိ၊ တောထွက်သနည်း။ ဣတိပုဋ္ဌော၊ ဤသို့မေး၏။ သဗ္ဗညုတ ဉာဏတ္ထာယ၊ သဗ္ဗညုတဉာဏ်အကျိုးငှါ။ နိက္ခမိ၊ တောထွက်၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ တေန ဟိ၊ ထိုသို့ဆိုတပြီးကား။ အဇ္ဇတောပဋ္ဌာယ၊ ယနေ့ကိုအစပြု၍။ ကာမဝိတက္ကာဒီနံ၊ ကာမဝိတက် အစရှိသည်တို့တွင်။ ဧကမ္ပိ ဝိတက္ကံ၊တခုသောအကြံကိုလည်း။ သစေဝိတက္ကေဿသိ၊ အကယ်၍ ကြံသည်ဖြစ်အံ့။ တေ၊ သင်အား။ ကတ္တဗ္ဗံ၊ ပြုအပ်သောအမှုကို။ ဇာနိဿာမိ၊ သိရအံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။ သော၊ ထိုမာရ်နတ်သားသည်။ တတော ပဋ္ဌာယ၊ ထိုနေ့မှစ၍။ ဩတာရာပေက္ခော၊ အခွင့်ကို ကြည့်လျက်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ မဟာသတ္တံ၊ ဘုရားလောင်းကို။ အနုဗန္ဓိ၊ ၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ဆဗ္ဗဿာနိ၊ခြောက်နှစ်တို့ပတ်လုံး။ ဒုက္ကရကာရိကံ၊ ပြုခြင်းငှါ ခဲယဉ်းသော အမှုသာလျှင်ဖြစ်သော ဒုက္ကရ စရိယာကို။ စရိတွာ၊ ကျင့်၍။ ပစ္စတ္တံ၊ မျက်မှောက်ဖြစ်သော ကိုယ်၏အဖြစ်၌။ ပုရိသ ကာရံ၊ ယောကျ်ားမြတ်၏ အားအစွမ်းကို။ နိဿာယ၊မှီ၍။ဗောဓိမူလေ၊ ဗောဓိပင်ရင်း၌။ သဗ္ဗညုတညာဏံ၊ သရဲညုတဉာဏ်ကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်းသောအားဖြင့် သိ၍။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်၌ ဖြစ်သော ချမ်းသာခြင်းကို။ ပဋိသံဝေဒိယမာနော၊ ခံစားတော်မူအပ်သော။ ပဉ္စမသတ္တာဟေ၊ ပဉ္စမသတ္တာဟ်ဖြစ်သော။ အဇပါလ နိဂြောဓမူလေ၊ ဆိတ်ကျောင်းသားတို့ စိုက်အပ်သော ညောင်ပင်ရင်း၌။ နိသီဒိ၊ နေတော်မူ၏။

တသ္မိံ သမယေ၊ ထိုအခါ၌။ မာရော၊ မာရ်နတ်သားသည်။ အယံ၊ ဤသူကို။ တွေက်ကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ အနုဗန္ဓိတွာ၊ အစဉ်လိုက်၍။ ဩတာရာပေက္ခောပိ၊ အခွင့်ကို ကြည့်သော်လည်း။ ဣမဿ၊ ဤသိဒ္ဓတ် မင်းသားအား။ ကိဉ္စိ ခလိတံ၊ တစုံတခု ချွတ်ယွင်းသည်ကို။ နာဒ္ဒသံ၊ မမြင်။ ဣဒါနိ၊ ၌။ သော၊ ဤသိဒ္ဓတ်မင်းသားသည်။ မမ ဝိသယံ၊ ငါ၏နိုင်ငံကို။ အတိက္ကန္တောတိ၊ လွန်ခဲ့ပြီ ဟူ၍။ ဒေါမနဿပ္ပတ္တော၊ နှလုံးမသာခြင်းသို့ရောက်လျက်။ မဟာမဂ္ဂေ၊ ခရီးမ၌။ နိသီဒိ၊ နေ၏။ အသ၊ လိုအခါ၌။ အဿ၊ ထိုမာရ်နတ်သား၏။ တဏှာ၊ တဏှာမည်သော သမီးရင်း။ အရတိ၊ အရတိ မည်သောသမီးရင်း။ ရာဂါ၊ ရာဂါ မည်သော သမီးရင်း။ ဣတိ ဣမာ တိဿော ဓီတရော၊ ဤသုံးယောက်သော သမီးတို့သည်။ နော၊ ငါတို့၏။ ပိတာ၊ သည်။ န ပညာယတိ၊ မထင်။ ဝါ၊ မမြင်ပါ တကား။ ဣဒါနိ၊ ယခုအခါ၌။ ကဟံ နု ခေါ၊ အဘယ်မှာ နေသနည်း။ ဣတိ၊

ဤသို့။ ဩလောကိယမာနာ၊ ကြည့်ကုန်သည်ရှိသော်။ တံ၊ ထိုအဘကို။ တထာ နိသိန္နံ၊ ထိုအခြင်းအရာဖြင့် နေသည်ကို။ ဒိသွာ၊ မြင်၍။ ဥပသင်္ကမိတွာ၊ ကပ်၍။ ကသ္မာ၊ အဘယ်ကြောင့်။ တာတ၊ ဘခင်။ဒုက္ခိ၊ နှလုံးဆင်းရဲခြင်းသည်။ ဒုမ္မနော၊ နှလုံးမသာယာသည်။ အသိ၊ ဖြစ်သနည်း။ဣတိ ပုစ္ဆိံသု၊ ဤသို့ မေးကုန်၏။ သော၊ ထိုမာရ်နတ်သားသည်။ တာသံ၊ ထိုသမီးတို့အား။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအဘကို။ တာ၊ ထိုသမီးတို့သည်။ အာဟံသု၊ ဆိုကုန်၏။ တာတ၊ ဘခင်။ မာစိန္တယိ၊ မစိုးရိမ်လင့်။ မယံ၊ ငါတို့သည်။ တံ၊ ထိုသိဒ္ဓတ်မင်းသားဘုရားကို။ အတ္တနော ဝသေကတွာ၊ ငါတို့၏ အလိုသို့ လိုက်သည်ကို ပြု၍။ အာနေဿာမ၊ ဆောင်ကုန်အံ့။ ဣတိအာဟံသု၊ ဤသို့ဆိုကုန်၏။ အမ္မာ၊ အိုချစ်သမီးတို့။ သော၊ ဤဘုရားကို။ ကေနစိ၊တစုံတယောက်သောသူသည်။ ဝသေ၊ အလိုသို့။ ကာတုံ၊ လိုက်စေခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်ရာ။ ဣတိ အာဟ၊ ဤသို့ဆို၏။ တာတ၊ ဘခင်။ အယံ ဣတ္ထိယောနာမ၊ အကျွန်ုပ်မိန်းမတို့ မည်သည်ကား။ ဣဒါနေဝ၊ ယခုပင်လျှင်။နံ၊ ထိုဘုရားကို။ ရာဂပါသာဒီဟိ၊ ရာဂဟူသော ကြော့ကွင်းစသည်တို့ဖြင့်။ ဗန္ဓိတွာ၊ဖွဲ့၍။ အာနေဿာမ၊ဆောင်ကုန်အံ့။ တုမှေ၊ အရှင်မင်းကြီးသည်။ မာစိန္တယိတ္ထ၊မစိုးရိမ်လင့်ကုန်။ ဣတိ၊ ဤသို့ဆို၍။ သတ္ထာရံ၊ သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သမဏ၊ ရှင်ရဟန်း။ တေ၊သင်၏။ ပါဒေ၊ ခြေရင်း၌ နေ၍။ ပရိစာရေမ၊ လုပ်ကျွေးပါကုန်အံ့။ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တာသံ၊ ထိုနတ်သမီးတို့၏။ ဝစနံ၊ စကားကို။ နေဝမနသာကာသိ၊ နှလုံးမပြု။အက္ခီနိ၊ မျက်စိတို့ကို။ ဥမ္မိလိတွာ၊ဖွင့်၍။ နဩလောကေသိ၊ မကြည့်။ ပုန၊ တဖန်။ မာရဓီတရော၊ မာရ်နတ်မင်းသမီးတို့သည်။ ခေါ၊ စင်စစ်။ ပုရိသာနံ၊ တို့၏။ အဓိပ္ပါယာ၊ အလိုတို့သည်။ ဥစ္စာဝစာ၊ အကြီးအငယ်ကို အလိုရှိကုန်၏။ ကေသဉ္စိ၊ အချို့သော ယောကျ်ားတို့သည်။ ကုမာရိကာသု၊ သတို့သမီးငယ်တို့၌။ ပေမံ၊ ချစ်ခြင်းသည်။ ဟောတိ၊ ၏။ ကေသဉ္စိ၊ အချို့သော ယောကျ်ားတို့သည်။ ပဌမဝယေ၊ ပဌမအရွယ်၌။ ဌိတာသု၊တည်သောမိန်းမတို့၌။ ပေမံ၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကေသဉ္စိ၊ အချို့သောယောကျ်ားတို့သည်။ မဇ္ဈိမာဝယေဌိတာသု၊ မဇ္ဈိမအရွယ်၌တည်သော မိန်းမတို့၌။ပေမံ၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကေသဉ္စိ၊ အချို့သောယောကျ်ားတို့သည်။ ပစ္ဆိမဝယေဌိတာသု၊ ပစ္ဆိမအရွယ်၌တည်သော မိန်းမတို့၌။ ပိယံ၊ ချစ်ခြင်းသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊၏။ တသ္မာ၊ ထိုကြောင့်။ နာနပ္ပကာရေဟိ၊ အထူးထူးသော အခြင်းအရာတို့ဖြင့်။ တံ၊ ထိုရဟန်းဂေါတမကို။ပလောဘေဿာမ၊ ဖြားယောင်း

ကုန်အံ့။ ဣတိ၊ သို့။ ကေမေကာ၊ဘယောက်တယောက်စီ။ကုမာရိက ဇဏ္ဍာဒိဝသေန၊ မိန်းမငယ်အဆင်း စသည်အစွမ်းဖြင့်။ သတံသတံအတ္တဘာဝေ၊ အရာအရာသော ကိုယ်တို့ကို။ အဘိနိမ္မိနိတွာ၊ ဖန်ဆင်း၍။အဝိဇာတာ၊သားမဖွားသေးကုန်သော။ ကုမာရိယောစ၊ သတို့သမီးငယ်တို့ကိုရင်း။ သကိံ ဝိဇာတာ၊ တကြိမ်သားဖွါးဟန် ရှိကုန်သော။ မဇ္ဈိမိတ္ထိယောစ၊ အလတ်သော မိန်းမတို့ကိုရင်း။ မဟလ္လကိတ္ထိ ယောစ၊ မိန်းမကြီးတို့ကိုရင်း။ ကတွာ၊ ပြု၍။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ဘဂဝန္တံ၊ ငါဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သမဏ၊ ရှင်ရဟန်း။ တေ၊ သင်၏။ ပါဒေ ပရိစာရေမ၊ ခြေရင်းအလုပ်အကျွေးဖြစ်ပါကုန်အံ့။ ဣတိအာဟံသု၊ဤသို့လျှောက် ကုန်၏။ တံပိ၊ ထိုစကားကိုလည်း။ ဘဂဝါ၊ ငါဘုရားသည်။ ယထာယေနကာရ ဏေန၊ အကြင်အကြောင်းဖြင့်။ အနုတ္တရေ၊ အကုမရှိမြတ်သော။ ဥပဓိသင်္ခါရေ၊ ဥပဓိသင်္ခါရဟု ဆိုအပ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ လွတ်၏။ တံတေန ကာရဏေန၊ ဖြင့်။ နမ နသာကာသိ၊ နှလုံးမပြု။ ဣတိအာဟ၊၏။ အထ၊ ၌။ သတ္တာ၊ သည်။ တွေကော်နပိ၊ ဤမျှဖြင့်လည်း။ အဿ၊ ထိုမာရ်နတ်သား၏။ အနုဂစ္ဆန္တိယော၊ မသွားလိုကုန်သော။ တာ၊ ထိုသမီးသုံးယောက်တို့ကို။ အပေထ၊ ဘဲလေကုန်။ကိံ၊ အဘယ်ကို။ ဒိသွာ၊ မြင်၍။ ဧဝံ၊ ဤသို့။ ဂါယမထ၊ လုံ့လပြုကုန်ဘိသနည်း။ ဣတိ၊ ဤသို့ဆိုလျက်။ ဧဝရူပံနာမ၊ ဤသို့သဘောရှိသည်ကို။ ဝီတရာဂါနံ၊ ရာဂ ကင်းသော သူတို့၏၊ ပုရတော၊ ရှေ့မှ။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့ဆို၏။ တထာဂတဿပန၊ ငါဘုရားအားကား။ ရာဂါဒယော၊ ရာဂ အစရှိသည်တို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ ကေနကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။တံ၊ ထိုငါဘုရားကို။ အတ္တနော၊ မိမိ၏။ ဝသံ၊ အလိုသို့။နေဿထ၊ ဆောင်ကုန်အံ့နည်း။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဣမာဂါထာ၊ ဤဂါထာ တို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၇၀။ ။ဒေသနာမာရဓိတရော၊ အိမ်မာရ်မင်းသမီးတို့။ ယဿ၊ အကြင်ငါဘုရား၏။ ဇိတံ၊ အောင်အပ်ပြီးသော ကိလေသာသည်။ နာဝဇီယတိ၊ တဖန်အောင်ခြင်းငှာ မထိုက်။ အဿ၊ ထိုငါဘုရား၏။ ဇိတံ၊ အောင်အပ်ပြီးသော ကိလေသာအပေါင်း သို့။ ကောစိ၊ တစုံတခုသော ကိလေသာသည်။ လောကေ၊ လောက၌။ နောယာ တိ၊ မလိုက်။ အနန္တဂေါစရံ၊ အဆုံးမရှိသော အာရုံရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူထသော။ အပဒံ၊ ရာဂစသော အကြောင်း မရှိထသော။ တံဗုဒ္ဓံ၊ ထိုငါဘုရားကို။ တုမှေ၊ သင်တို့သည်။ ကေနပဒေန၊ အဘယ်အကြောင်းဖြင့်။ နေဿထ၊ ဆောင်ကုန်အံ့နည်း။

၁၇၁။ ။ယဿ၊ အကြင် ငါဘုရားအား။ ဇာလိနီ။ ကွန်ရက်နှင့် တူထသော။ ဝိသတ္တိကာ၊ ကပ်ငြိခြင်းရှိထသော။ တဏှာ၊ တဏှာသည်။ ကုဟိဉ္စိ၊ တစုံတခုသော ဘဝသို့။ နေတဝေ၊ ဆောင်ခြင်းသည်။ နတ္ထိ၊ မရှိ။ အနန္တဂေါစရံ၊ အဆုံးမရှိသော အာရုံရှိသောသဗ္ဗညုတ ဉာဏ်တော် ရှိထသော။ အပဒံ၊ ရာဂစသော အကြောင်း မရှိထသော။ တံဗုဒ္ဓံ၊ ထိုငါဘုရားကို။ ကေနပဒေန၊ အဘယ် အကြောင်းဖြင့်။ နေဿထ၊ ဆောင်ကုန် အံ့နည်း။ ဣတိအဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယဿဇိတန္တိ၊ ဟူသည်ကား။ ယဿ သမ္မာသမ္ဗုဒ္ဓဿ၊ အကြင်ငါဘုရား၏။ ရာဂါဒိကိလေသဇာတံ၊ရာဂအစရှိသော ကိလေသာအပေါင်းကို။ တေနတေန မဂ္ဂေန၊ ထိုထိုမဂ်ဖြင့်။ ဇိတံ၊ အောင်အပ်ပြီ။ ပုန၊ တဖန်။ အသမုဒါစာရတော၊ မဖြစ်ခြင်းကြောင့်။ နာဝဇီယတိ၊ တဖန်အောင်ခြင်းငှါ မထိုက်။ ဒုဇ္ဇိတံနာမ၊ မကောင်းသော အောင်ခြင်းမည်သည်။ နဟောတိ၊ မဖြစ်။ နော ယာတိတိ၊ နော ယာတိဟူသည်ကား။ နုဥယျာတိ၊ နောက်၌ဖြစ်ခြင်းမည်သည် မရှိ။ ယဿ၊ အကြင်ငါဘုရားအား။ ဇိတံ၊ အောင်အပ်ပြီးသော။ ကိလေသဇာတံ၊ ကိလေသာအပေါင်းသို့။ ရာဂါဒိသု၊ ရာဂစသည်တို့တွင်။ ကောစိ ကောကိလေသောပိ၊တခုသော ကိလေသာသည်လည်း။လောကေ၊လောက၌။ ပစ္စာဝတ္တိနာမ နဟောတိ၊ နောက်သို့လိုက်ခြင်း မည်သည်မရှိ။ နာနုဗန္ဓတိ၊ မလိုက်။ ဣတိအတ္ထော၊ ဤကားအနက်တည်း။အနန္တဂေါစရန္တိ၊ အနန္တဂေါစရံဟူသည်ကား။ အနန္တာရမ္မဏဿ၊ အဆုံးမရှိသော အာရုံရှိသော။ သဗ္ဗညုတညာဏဿ၊ သဗ္ဗညုတဉာဏ်၏။ ဝသေန၊ အစွမ်းဖြင့်။ အပရိယန္တဂေါစရံ၊ အဆုံးမရှိသော အာရုံရှိသော။ ကေနပဒေနာတိ၊ ကေနပဒေနဟူသည်ကား။ယဿ၊ အကြင်ငါဘုရား၏။ ရာဂပဒါဒိသု၊ ရာဂစသော အကြောင်းတို့တွင်။ ဧကပဒံပိ၊ တခုသော အကြောင်းသည်လည်း။ နတ္ထိ၊ မရှိ။ တုမှေ၊ သင်တို့သည်။ တံ၊ ထိုငါဘုရားကို။ ကေနပဒေန၊ အဘယ်အကြောင်းဖြင့်။ နေဿထ၊ ဆောင်ကုန်အံ့နည်း။ ဗုဒ္ဓံပန၊ ငါဘုရားသည်ကား။ ဧကပဒံပိ၊ တခုသောအကြောင်းသည်လည်း။ နတ္ထိ၊ မရှိ။ အပဒံ၊ အကြောင်းမရှိသော။ တံဗုဒ္ဓံ၊ ထိုငါဘုရားကို။ တုမှေ၊သင်တို့သည်။ ကေနပဒေန၊ အဘယ်အကြောင်းဖြင့်။ နေဿထ၊ ဆောင်ကုန်အံ့နည်း။ ဒုတိယ ဂါထာယ၊ ဒုတိယဂါထာ၌။ ဧသာ တဏှာနာမ၊ ဤတဏှာ မည်သည်ကား။ သံသိဗ္ဗိတ ပရိယောနန္ဓနဋ္ဌေန၊ ချုပ်ခြင်း ထက်ဝန်းကျင်မှ ရက်ခြင်း ဟူသော အနက်ကြောင့်။ အဿာ၊ ထိုတဏှာအား။ ဇာလံ၊ ကိလေသာဟူသော ကွန်ရက်သည်။ အတ္ထိ၊ ၏။ ဣတိပိ၊ ထိုကြောင့်လည်း။ ဇာလိနီ၊ ဇာလိနီမည်၏။ ဇာလကာရိကာ၊

ကွန်ရက်ကိုပြုလေ့ရှိ၏။ ဣတိပိ၊ ထိုကြောင့်လည်း။ ဇာလိနီ၊ ဇာလိနီမည်၏။ ဇာလူပမာ၊ ကွန်ရက်ဥပမာရှိ၏။ ဣတိပိ၊ ထိုကြောင့်လည်း။ ဇာလိနီ၊ ဇာလိနီမည်၏။ ရူပါဒီသု အာရမ္မဏေသုပိ၊ ရူပါရုံအစရှိသော အာရုံတို့၌လည်း။ သတ္တတာယ၊ တပ်ငြိခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဝိသတ္တိကာ၊ ဝိသတ္တိကမည်၏။ ဝိသတ္တမနတာယ၊ တပ်ငြိခြင်းစိတ်ရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝိသာဟရတာယ၊ တဏှာဟူသော အဆိပ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်ရင်း။ ဝိသပုပ္ဖတာယ၊ တဏှာဟူသော အဆိပ်အပွင့်ရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝိသဖလတာယ၊ တဏှာဟူသော အဆိပ်သီး ရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝိသပရိဘောဂတာယ၊ တဏှာဟူသော သုံးဆောင်ခြင်း ရှိသည်၏ အဖြစ်ကြောင့်ရင်း။ ဝိသတ္တိကာ၊ ဝိသတ္တိကာမည်၏။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ သာတဏှာ၊ ထိုတဏှာသည်။ ယဿ၊ အကြင်ဘုရား ငါအား။ ကုဟိဉ္စိဘဝေ၊ တစုံတခုသော ဘဝသို့။ နေတုံ၊ ဆောင်ခြင်းငှါ၊ နတ္ထိ၊ မရှိ။ တုမှေ၊ သင်တို့သည်။ အပဒံ၊ ရာဂစသော အကြောင်းမရှိသော။ ကံ ဗုဒ္ဓံ၊ ထိုငါဘုရားကို။ ကေန ပဒေန၊ အဘယ်အကြောင်းဖြင့်။ နေဿထ၊ ဆောင်ကုန်အံ့နည်း။ ဣတိ အတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူနံ ဒေဝတာနံ၊ များစွာကုန်သော နတ်တို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကိုသိသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မာရဓီတရောပိ၊ မာရ်မင်း၏သမီးတို့သည်လည်း။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ အန္တရဓာယိံသု၊ ကွယ်ကုန်၏။

သတ္ထာ၊ ငါဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ အာဟရိတွာ၊ ဆောင်၍။ ပုဗ္ဗေ၊ ရှေး၌။ သေမှာဒီဟိ၊ သလိပ်ချွဲခန်း အစရှိသည်တို့ဖြင့်။ အပလိဗုဒ္ဓေန၊ နှောက်ချက်ခြင်းမရှိသော။ သုဝဏ္ဏခန္ဓသဒိသေန၊ ရွှေပုံနှင့်တူသော။ အတ္တဘာဝေန၊ အတ္တဘောနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ ဣမာတိသော မာရဓီတရော၊ ဤသုံးယောက်သော မာရ်မင်းသမီးတို့ကို။ အဒ္ဒသံ၊ မြင်ပြီ။ တဒါပိ၊ ထိုအခါ၌သည်။ မေ၊ ငါအား။ မေထုနသ္မိံ၊ မေထုန်မှီဝဲလိုခြင်း၌။ ဆန္ဒော၊ အလိုသည်။ နာဟောသိ၊ မဖြစ်။ တဝ၊ သင်၏။ ဓီတုသရီရံ၊ သမီး၏ကိုယ်သည်။ ဒ္ဓတ္တိံသာကာရကုဏပပရိပူရံ၊ သုံးဆယ့်နှစ်ပါးသော အခြင်းအရာရှိသော အပုပ်ဖြင့်ပြည့်ခြင်းရှိ၏၊ ဗဟိ၊ အပ၌။ ဝိစိတ္တော၊ ဆန်းကြယ်သော။ အသုစိယန္တ္ရောဝိယ၊ မစင်အိုးနှင့် တူ၏။ ဟိ၊ သင့်စွ။ မမ၊ ငါ၏။ ပါဒေါ၊ ခြေသည်။ အသုစိမက္ခိတော၊ မစင်ဖြင့် လိမ်းကျံသည်။ သစေ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ အယမ္ပိ၊ ဤသင့်သမီးသည်လည်း။ ဥမ္မာရန္တရေ၊ တံခါးခုံဖြစ်၍ တိဋ္ဌေယျ၊ တည်ငြားအံ့။ တထာပိ၊ ထိုသို့တည်ငြားသော်လည်း။ အဿ၊ ထိုသူ၏။ သရီရေ၊ ကိုယ်၌။

အဟံ၊ ငါသည်။ ပါဒံ၊ ခြေကို။ နဖုသေယျံ၊ မသုတ်ရာ။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

မာဂဏ္ဍိယ၊ မာဂဏ္ဍိပုဏ္ဏား။ တဏှဉ္စ၊ တဏှာမည်သော သ္မီးကိုဒ်င်း။ အရတိဉ္စ၊ အရတိမည်သော သ္မီးကိုဂ်င်း။ ရာဂဉ္စ၊ ရာဂမည်သော သ္မီးကိုဂ်င်း။ ဒိသွာ၊ မြင်၍။ မေ၊ ငါအား။ မေထုနသ္မိံ၊ မေထုန်မှီဝဲခြင်း၌။ ဆန္ဒော၊ဆန္ဒသည်။ နာဟောသိ၊ မဖြစ်။ မုတ္တကရီသပုဏ္ဏံ၊ ကျင်ငယ်ကျင်ကြီးဖြင့် ပြည့်သော။ ဣဒံ၊ ဤသင့်သ္မီးကို။ ကိမေဝ၊ အဘယ်ပြုအံ့သည်လျှင်တည်း။ ပါဒါပိ၊ ခြေဘို့ဖြင့်လည်း။ နံ၊ ထိုသင့်သ္မီးကို။ သမ္ဖုသိတုံ၊ ထိခြင်းငှါ။ န ဣစ္ဆေ၊ အလိုမရှိ။ ဣတိအာဟ၊ ဤသို့ဆို၏။ ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ ဥဘောပိ ဇာယပ္ပတိကာ၊နှစ်ယောက်သောပုဏ္ဏား သ္မီးခင်ပွန်းတို့သည်။ အနာဂါမိဖလေ၊အနာဂါမိဖိုလ်၌။ပတိဋ္ဌဟိံသု၊တည်ကုန်၏။

ပဉ္စမံ၊ သော။ မာဂဏ္ဍိယဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

——❀——

၁၄=ဗုဒ္ဓဝဂ္ဂ။ ၂–ဒေဝေါရောဟဏ ဝတ္ထု။

မာဂဏ္ဍိယဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ဒေဝေါရောဟဏ ဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယေဈာန" စသောပါဠိကို မိန့်သတည်း)။

"ယေ ဈာနပသုတာ" တိ ဣမံ ဓမ္မဒေသနံ၊ ယေ ဈာနပသုတာ-ဟူသော ဤတရားဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သံကဿ နဂရ ဒွါရေ၊ သံကဿမြို့တံခါး၌။ ဗဟူဒေဝမနုဿေ၊ များစွာသော နတ်လူတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာပန၊ဒေသနာသည်ကား။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သမုဋ္ဌိတာ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တခုသောအခါ၌။ ရာဇဂဟသေဋ္ဌိ၊ ရာဇဂြိုဟ်သေဋ္ဌေးသည်။ ပရိဿယ မောစနတ္ထဉ္စေဝ၊ မိုးကျောင်းစသော ဘေးရန်မှ လွတ်စေခြင်းငှါလည်း။ ပမာဒေန၊ မေ့လျော့ခြင်းဖြင့်။ ဂလိတာနိ၊ လျှောကျကုန်သော။ အာဘရဏာဒီနိ၊ ဒါလီမုတ် ပုတီးဘယက်စသော တန်းဆာတို့ကို။ ရက္ခနတ္ထဉ္စ- စောင့်ရှောက်ခြင်းငှါလည်း။ ဇာလကရဏ္ဍကံ၊ သံကွန်ရက်ဖြင့် ပြီးသော ချိုင့်ကို။ ပရိက္ခိပါပေတွာ၊ ရံစေ၍။ ဂင်္ဂါယ၊ဂင်္ဂါ၌။ ဥဒကကီဠံ၊ရေကစားခြင်းကို။ ကီဠိ၊ ကစား၏။အထ၊ ထိုအခါ၌။

ကောရတ္တစန္ဒနံ ရှကေ့ာ၊ တခုသော စန္ဒကူးနှိပင်သည့်၊ ဂဏ်ါယ၊ ဂဏ်ါ၏။ ဥပရိ တီရေ၊ အညာကမ်းနား၌။ ဇာတော၊ ပေါက်၏၊ ဂင်္ဂါဒကေန၊ ဂင်္ဂါရေယဉ်သည်။ ဓောတမူလော၊ တိုးဝှေ့အပ်သော အမြစ်ရှိလျက်။ ပတိတွာ၊ လည်း၍။ တတ္ထ တတ္ထ ပါသာဏေသု၊ ထိုထို ကျောက်ဆောင်တို့၌။ သံဘဋ္ဌမာနော၊ တိုက်ခိုက်၍ ကွဲလျက်။ ဝိပ္ပကိရိ၊ ဖရိုဖရဲ မျော၏။ တတော၊ ထိုမျောသမှု။ ပါသာဏေဟိ၊ ကျောက်တို့ဖြင့်။ ဃံသိယမာနာ၊ ထိခိုက်ခြင်းရှိသော။ ဥဒကဦမိဟိ၊ ရေလှိုင်း ထမ်းပိုးတို့ဖြင့်။ ပေါထိယမာနာ၊ ပုတ်ခတ်ခြင်းရှိသော။ ဧကာဃဋပ္ပမာဏာဃဋိကာ၊ တခုသော အိုးရေည်းကြီးပမာဏ ရှိသော စန္ဒကူးတုံးသည်။ ဟုတွာ၊ ၍။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဝုယှမာနာ၊ မျောသည် ရှိသော်။ သေဝါလပရိယောနဒ္ဓာ၊ မှော်သေးမှော်ညွင်း မြေးရှက်လျက်။ အာဂန္တွာ၊ လာ၍။ တဿ၊ ထိုသေဌေး၏။ ဇာလေ၊ သံကွန်ရက်၌။ လဂ္ဂိ၊ ငြိ၏။ သေဋ္ဌိ၊ သေဌေးသည်။ တော၊ ဤသည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိဝတွာ၊ ဤသို့ မေးသောကြောင့်။ ရုက္ခဃဋိကာဘ်၊ သစ်တုံးတည်းဟု ဆိုသည်ကို။ သုတွာ၊ ကြား၍။ တံ၊ ထိုသစ်တုံးကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ တော၊ ဤသစ်တုံးသည်။ ကိံ နာမ၊ အဘယ်မည်သော သစ်တုံးနည်း။ ဣတိဝတွာ၊ ဤသို့ ဆို၍။ ဥပမာရဏတ္ထံ၊ စူးစမ်းခြင်းငှာ။ ဝါသိကဏ္ဏကေန၊ ပဲကွပ် သွားဖြင့်။ တစ္ဆာပေသိ၊ ရွှေစေ၏။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အလတ္တကဏ္ဏံ၊ ချိပ်ရည် အဆင်းနှင့်တူသော။ ရတ္တစန္ဒနံ၊ စန္ဒကူးနီသည်။ ပညာယိ၊ ထင်ရှား၏။ သေဋ္ဌိပန၊ သေဌေးသည်ကား။ နေဝသမ္မာဒိဋ္ဌိ၊ ကောင်းသောအယူ ရှိသည်လည်း မဟုတ်။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူ ရှိသည်လည်း။ န၊ မဟုတ်။ မဇ္ဈတ္တဓာတုကော၊ လျစ်လျူရှုခြင်းသဘော ရှိ၏။ သော၊ ထိုသေဌေးသည်။ စိန္တေသိ၊ ကြံ၏။ မယှံ၊ ငါ၏။ ဂေဟေ၊ အိမ်၌။ ရတ္တစန္ဒနံ၊ စန္ဒကူးနီသည်။ ဗဟုံ၊ များစွာကုန်၏။ ဣမိနာ၊ ဤစန္ဒကူးနီဖြင့်။ ကိံ နု ခေါ ကရောမိ၊ အသို့ ပြုအံ့နည်း။ ဣတိစိန္တေသိ၊ ဤသို့ ကြံ၏။

အထ၊ ထိုအခါ၌။ အဿ၊ ထိုသေဌေး၏။ တော၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ ဣမသ္မိံ လောကေ၊ ဤလောက၌။ မယံ၊ ငါတို့သည်။ အရဟန္တော၊ ရဟန္တာတို့တည်း။ မယံ၊ ငါတို့သည်။ အရဟန္တောသိ၊ ရဟန္တာတို့ ဟူ၍။ ပဝတ္တာရော၊ ဆိုသောသူတို့သည်။ ဗဟူ၊ များစွာကုန်၏။ အဟံ၊ ငါသည်။ ဧကံ အရဟန္တံပိ၊ တယောက်သော ရဟန္တာကိုမျှလည်း။ န ပဿာမိ၊ ငါမမြင်။ ဂေဟေ၊ အိမ်၌။ ဘမံ၊ ပွတ်ခုံကို။ ယောဇေတွာ၊ တပ်၍။ ပတ္တံ၊ သပိတ်ကို။ လိခါပေတွာ၊ ပွတ်ခံစေ၍။ သိက္ကာယ၊ ဆိုင်း၌။ ထပေတွာ၊ ၍။ ဝေဠုပရမ္ပရာယ၊ ဝါးအဆက်ဆက်ဖြင့်။ သဋ္ဌိ ဟတ္ထမတ္တေ၊ အတောင် ခြောက်ဆယ်မျှ အတိုင်းအရှည် ရှိသော။ အာကာသေ၊

ကောင်းကင်၌။ ဩလမ္ဗာပေတွာ၊ ဆွဲစေ၍။ အရဟာ၊ ရဟန္တာသည်။ သစေအတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ အာကာသေန၊ ဖြင့်။ အာဂန္တွာ၊ ၍။ ဣမံ၊ စန္ဒကူးသပိတ်ကို။ ဂဏှန္တုတိ၊ ယူစေကုန်သတည်းဟု။ ဝက္ခာမိ၊ ဆိုအံ့။ ယော၊ အကြင်ရဟန်းသည်။ တံ၊ ထိုသပိတ်ကို။ ဂဟေဿတိ၊ ယူလတ္တံ့။ တဿ၊ ထိုရဟန်းကို။ သပုတ္တဒါရော၊ သားမယားနှင့်တကွ။ သရဏံ ဂမိဿာမိ၊ ဆရာပြု၍ ကိုးကွယ်အံ့။ ဣတိ ဝက္ခာမိ ဤသို့ ဆိုအံ့။ စိန္တိတ နိယမေနေဝ၊ ကြံသောနည်းဖြင့်သာလျှင်။ ပတ္တံ၊ ကို။ လိခါပေတွာ၊ တွင်ခံစေ၍။ ဝေဠုပရံပရာယ၊ ဝါးအဆက်ဆက်ဖြင့်။ ဥဿာပေတွာ၊ ၍။ ယော၊ အကြင် ရဟန်းသည်။ ဣမသ္မိံ လောကေ၊ ဤလောက၌။ အရဟာ၊ ရဟန္တာမှန်၏။ သော၊ ထိုရဟန္တာသည်။ အာကာသေန၊ ကောင်းကင်ဖြင့် အာဂန္တွာ၊ ၍။ ဣမံ ပတ္တံ၊ ဤသပိတ်ကို။ ဂဏှတူတိ၊ ယူစေသတည်းဟု။ အာဟ၊ ၏။

ဆသတ္ထာရော၊ ခြောက်ယောက်သော ဆရာတို့သည်။ အမှာကံ ယောဝ၊ ငါတို့အားသာလျှင်။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ အမှာက မေဝ၊ ငါတို့အားသာလျှင်။ နံ၊ ထိုသပိတ်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ ဘာဒိံသု၊ ဤသို့ ဆိုကုန်၏။ သော၊ ထိုသေဋ္ဌေးသည်။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဂဏှာထ၊ ယူကုန်လော့။ ဣတိ အာဟ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ ဆဋ္ဌေဒိဝသေ၊ ခြောက်ရက်မြောက်သော နေ့၌။ နာဋပုတ္တော၊ ကာချေသည်မသား ဖြစ်သော။ နိဂဏ္ဌော၊ တက္ကတွန်းသည်။ အန္တေဝါသိကေ၊ တပည့်တို့ကို။ ပေသေသိ၊ စေ၏။ ဂစ္ဆထ၊ သွားလေကုန်။ သေဋ္ဌိံ၊ သေဋ္ဌေးကို။ ဧဝံ ဝဒေထ၊ ဤသို့ဆိုလေကုန်။ အမှာကံ၊ ငါတို့၏။ အာစရိယဿ၊ ဆရာအား။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ အပ္ပမတ္တကဿ၊ အနည်းငယ်၏။ ကာရဏာဝ၊ အကြောင်းကြောင့်လျှင်။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂမနံ၊ လာခြင်းကို။ မာ ကရိ၊ မပြုပါလင့်။ ဧတံ ပတ္တံ၊ ဤသပိတ်ကို။ မေ၊ အား။ ဒေဟိ။ လှူလော့။ ဣတိ၊ ဤသို့သော စကားကို ဆို၍။ တေ၊ ထိုတက္ကတွန်း တပည့်တို့သည်။ ဂန္တွာ၊ သွား၍။ သေဋ္ဌိံ၊ သေဋ္ဌေးကို။ တထာ၊ ထိုတက္ကတွန်း ဆရာ ပြောတိုင်း။ ဝဒိံသု၊ ဆိုကုန်၏။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ အာကာသေန၊ ကောင်းကင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဂဏှိတုံ၊ ယူခြင်းငှာ။ သမတ္ထောဝ၊ စွမ်းနိုင်သော သူသည်သာလျှင်။ ဂဏှာတူတိ၊ ယူစေသတည်းဟူ၍။ အာဟ၊ ဆို၏။ နာဋပုတ္တော၊ ကာချေသည်မ၏သားဖြစ်သော တက္ကတွန်းသည်။ သယံ၊ ကိုယ်တိုင်။ ဂန္တုကာမော၊ သွားလိုသည်။ ဟုတွာ၊ ဖြစ်၍။ အန္တေဝါသိကာနံ၊ အန္တေဝါသိက တပည့်တို့အား။ သညံ၊ အမှတ်ကို။ အဒါသိ၊ ပေး၏။ အဟံ၊ ငါသည်။ ဧကံ ဟတ္ထဉ္စ၊ လက်တဘက်ကိုရင်း။ ဧကံ ပါဒဉ္စ၊ ခြေတဘက်

ကိုရင်း၊ ဥက္ခိပိတွာ၊ ကြွ၍။ ဥပ္ပတိတုကာမောဝိယ၊ ပျံခြင်းငှာ အလိုရှိသကဲ့သို့။ ဘဝိဿာမိ၊ ဖြစ်အံ့။ တုမှေ၊ သင်တို့သည်။ မံ၊ ငါ့ကို။ အာစရိယ၊ ဆရာ။ ကိံ ကရောထ၊ အသို့ပြုအံ့နည်း။ ဒါရုမယပတ္တဿ၊ သစ်သားဖြင့်ပြီးသော သပိတ်၏။ ကာရဏာ၊ အကြောင်းကြောင့်။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းအပ်သော။ အရဟတ္တဂုဏံ၊ ရဟန္တာ၏ ဂုဏ်ကျေးဇူးကို။ မဟာဇနဿ၊ လူများအား။ မာဒဿယိတ္ထ၊ မပြပါလင့်။ ဣတိ ဝတွာ၊ ဤသို့ ဆို၍။ မံ၊ ငါ့ကို။ ဟတ္ထေသု၊ လက်တို့၌ ၎င်း၊ ပါဒေသု၊ ခြေတို့၌ ၎င်း။ ဂဟေတွာ၊ ဆွဲ၍။ အာကာသေ ဥတ္တာ၊ ငင်လျက်။ ဘူမိယံ၊ မြေ၌။ ပါတေယျာထ၊ လည်းစေကုန်လော့။ ဣတိ ဝတွာ၊ ဤသို့ ဆို၍။ သော၊ ထိုဘိက္ခုတွန်း ပရိဗိုဇ်သည်။ တတ္ထ၊ ထို စန္ဒကူး သပိတ်ရှိရာ အရပ်သို့။ ဂန္တွာ၊ သွား၍။ သေဋ္ဌိ၊ သေဋ္ဌေးကို။ အာဟ၊ ဆို၏။ မဟာသေဋ္ဌိ၊ သေဋ္ဌေးကြီး။ မယှံ၊ ငါ့အား။ အယံ ပတ္တော၊ ဤသပိတ်သည်။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ အညေသံ၊ တပါးသော သူတို့အား။ နာနုစ္ဆဝိကော၊ မလျောက်ပတ်။ တေ၊ သင့်အား။ အပ္ပမတ္တကဿ၊ အနည်း ငယ်၏။ ကာရဏာဝ၊ အကြောင်း ကြောင့်သျှင်။ အာကာသေ၊ ကောင်းကင်သို့။ ဥပ္ပတနံ၊ ပျံတက်ခြင်းကို။ မာရုစိ၊ မနှစ်သက်လင့်။ မေ၊ ငါ့အား။ ပတ္တံ၊ သပိတ်ကို၊ ဒေဟိ၊ ပေးလော့။ ဣတိ အာဟ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ အာကာသေန၊ ကောင်း ကင်ဖြင့်၊ ဥပ္ပတိတွာဝ၊ ပျံတက်၍သျှင်။ ဂဏှာထ၊ ယူကုန်လော့၊ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ တတော၊ ထိုနောင်မှ။ နာဋပုတ္တော၊ ကချေသည်မှ သား ဖြစ်သော ဒိဋ္ဌိတက္ကတွန်းသည်။ တေနဟိ၊ ထိုသို့ဆိုဘပြီးကား။ အပေထ၊ ဘဲကုန် လော့။ အပေထ၊ ဘဲကုန်လော့။ ဣတိ၊ ဤသို့။ အန္တေဝါသိကေ၊ အန္တေဝါသိက တပည့်တို့ကို။ အပနေတွာ၊ ဘဲစေ၍။ အာကာသေ၊ ကောင်းကင်သို့။ ဥပ္ပတိဿာ မိတိ၊ ပျံတက်အံ့ဟူ၍၊ ဧကံ ဟတ္ထဉ္စ၊ လက် တဘက်ကို ၎င်း၊ ဧကံ ပါဒဉ္စ၊ ခြေ တဘက်ကို၎င်း။ ဥက္ခိပိ၊ ကြွ၏။ အထ၊ ထိုအခါ၌၊ နံ၊ ထိပက္ကတွန်းကို။ အန္တေ ဝါသိကာ၊ အန္တေဝါသိက တပည့်တို့သည်။ အာစရိယ၊ ဆရာ။ ကိံ နာမ၊ အဘယ် ကြောင့်။ ဧတံ၊ ဤကောင်းကင်သို့ ပျံခြင်းကို။ ကရောထ၊ ပြုကုန် အံ့နည်း။ ဆဝဿ၊ လူ၏ဦးခေါင်းခွံနှင့်တူသော။ လာမကဿ၊ ယုတ်မာစွာသော။ ဒါရုမယပတ္တဿ၊ သစ်သားဖြင့်ပြီးသော သပိတ်၏။ ကာရဏာ၊ အကြောင်းကြောင့်။ ပဋိစ္ဆန္နဂုဏော၊ ဖုံးလွှမ်းအပ်သော ရဟန္တာ၏ ဂုဏ်ကျေးဇူးတို့ကို။ မဟာဇနဿ၊ လူများအား။ ဒဿေတေန၊ ပြသဖြင့်။ ကော အတ္ထော၊ အဘယ်အကျိုး ရှိအံ့ နည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုပက္ကတွန်းကို။ ဟတ္ထပါဒေသု၊ လက်၊ ခြေတို့၌။ ဂဟေတွာ၊ ဆွဲ၍။ အာကဍ္ဎေတွာ၊ ငင်လျက်၊ ဘူမိယံ၊ မြေ၌။ ပါတေသုံ၊ လည်း

စေကုန်၏။ သော၊ ထိုဘက္ကတွန်းသည်။ သေဋ္ဌိံ၊ သေဌ္ဌေးကို။ အာဟ၊ ဆို၏။
မဟာသေဋ္ဌိ၊ သေဌ္ဌေးကြီး။ ဣမေ၊ ဤအန္တေဝါသိကတပည့်တို့သည်။ ဥပ္ပတိတုံ၊
ပျံတက်ခြင်းငှါ။ န ဒေန္တိ၊ မပေးကုန်။ မေ၊ငါ့အား။ ပတ္တံ၊ သပိတ်ကို။ ဒေဟိ၊ ပေးလော့။
ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ ဥပ္ပတိတွာဝ၊ ပျံ၍
သာလျှင်။ ဂဏှထ၊ ယူကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဝေံ၊ ဤသို့။ တိတ္ထိ
ယာ၊ တိတ္ထိတို့သည်။ ဆဒိဝသာနိ၊ ခြောက်ရက်တို့ ပတ်လုံး။ ဝါယမိတွာပိ၊ လုံ့လ
ပြုသော်လည်း။ ပတ္တံ၊ သပိတ်ကို။ န လဘိံသုယေဝ၊ မရ ကုန်သည်သာလျှင်
တည်း။

သတ္တမေဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။ အာယသ္မာတော၊ ရှည်သော
အသက်ရှိသော။ မဟာမောဂ္ဂလာ နဿစ၊ မဟာမောဂ္ဂလာန် သည်၎င်း။ အာ
ယသ္မာတော၊ ရှည်သောအသက်ရှည်သော။ ပိဏ္ဍောလဘာရဒွါဇဿစ၊ ပိဏ္ဍောလ
ဘာရဒွါဇ မထေရ်သည်၎င်း။ ရာဇဂဟေ၊ ရာဇဂြိုဟ် ပြည်၌။ ပိဏ္ဍာယ၊ ဆွမ်း
အလို့ငှါ။ စရိဿာမာတိ၊ သွားကုန်အံ့ဟူ၍ ၊ ဂန္တွာ၊ သွား၍။ ကေသိမ္ပိဋ္ဌိပါသာ
ဏေ၊ တခုသော ကျောက်ဖျာ၌၊ ဌတွာ၊ ရပ်၍။ စီဝရံ၊ သင်္ကန်းကို။ ပါရုပန
ကာလေ၊ ရုံသောကာလ၌။ ဓုတ္တကာ၊ သေသောက်ကြူးတို့သည်။ ကထံ၊ စကားကို။
သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ အမ္ဘော၊ အိုအချင်းတို့၊ ပုဗ္ဗေ၊ ရှေးကာလ၌။
ဆသတ္ထာရော၊ ခြောက်ဦးသော ဆရာတို့သည်။ လောကေ၊ လောက၌။ မယံ၊ ငါတို့
သည်။ အရဟန္တာ၊ ရဟန္တာတို့သည်။ အမှာတိ၊ ဖြစ်ကုန်၏ဟူ၍။ ဝိစရိံသု၊ လှည့်လတ်
သွားလာကုန်၏။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သေဋ္ဌိနောပန၊ သေဌ္ဌေး၏ကား။
ပတ္တံ၊ သပိတ်ကို။ ဉဿာပေတွာ၊ ဝါးအဆင့်ဆင့်ပိုက်လျက်။ ထပိတော၊ ထား
သော။ ဒိဝသော၊ နေ့သည်။ အဇ္ဇ၊ ယနေ့။ သတ္တမော၊ ခုနစ်ရက်မြောက် ရှိခဲ့၏။
အရဟာ၊ ရဟန္တာသည်။ သာစေပနအတ္ထိ၊ အကယ်၍ရှိအံ့။ အာကာသေန၊
ကောင်းကင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဂဏှတု၊ ယူစေသတည်း။ ဣတိဝဒန္တဿ၊
ဤသို့ဆိုစဉ်။ အဟံ၊ ငါသည်။ အရဟာတိ၊ ရဟန္တာဟူ၍။ အာကာသေ၊
ကောင်းကင်၌။ ဥပ္ပတန္တော၊ ပျံတက်သော။ ကောပိ၊ တယောက်သော ရဟန္တာ
သည်လည်း။ နတ္ထိ၊ မရှိ။ အဇ္ဇ၊ ယခုပင်လျှင်။ လောကေ၊ လောက၌။ အရဟန္တာနံ၊
ရဟန္တာတို့၏။ နတ္ထိဘာဝေါ၊ မရှိသောအဖြစ်သည်။ ဉာတော၊ ထင်ရှား၏။ ဣတိ
သမုဋ္ဌာပေသုံ၊ ဤသို့ပြောဆိုကုန်၏။ တံကထံ၊ ထိုသေသောက်ကြူးတို့၏ စကားကို။
သုတွာ၊ ကြား၍။ အာယသ္မာ မဟာမောဂ္ဂလာနော၊ အရှင်မဟာ မောဂ္ဂလာန်သည်။
အာယသ္မန္တံ ပိဏ္ဍောလဘာရဒွါဇံ၊ အရှင် ပိဏ္ဍောလဘာရဒွါဇကို။ အာဟ၊ ဆို၏။
အာဝုသော ဘာရဒွါဇ၊ ငါ့ရှင်ဘာရဒွါဇ။ ဧတေသံ၊ သင်သည်။ သုတံ၊ ကြား၏

လော॥ ဣဓမ၊ ဤသေသောက်ကြူးတို့သည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာသနံ၊
သာသနာတော်ကို။ ပရိဂ္ဂဏှန္တာဝိယ၊ စုံစမ်းလိုသကဲ့သို့။ ဝဒန္တိ၊ ဆိုကုန်၏॥ တွဥ္စ၊
သင်သည်လည်း။ မဟိဒ္ဓိကော၊ ကြီးသော တန်ခိုးရှိ၏॥ မဟာနုဘာဝေါ၊ မြတ်သော
အာနုဘော်ရှိ၏။ ဂစ္ဆ၊ ကြွသွားပါလေ။ တံ တ္တာံ၊ ထိုသပိတ်ကို။ အာကာသေန၊
ကောင်းကင်ဖြင့်။ ဂန္တွာ၊ သွား၍။ ဂဏှာဟိ၊ ယူခလေလော့॥ ဣတိအာဟ၊ ဤသို့
ဆို၏။

အာဝုသော မဟာမောဂ္ဂလာန၊ ငါ့ရှင် မောဂ္ဂလာန်၊ တွံ၊ သင်သည်။ ဣဒ္ဓိ
မန္တာနံ၊ တန်ခိုးကြီးကုန်သော သူတို့တွင်။ အဂ္ဂေါ၊ မြတ်၏။ တွံ၊ သင်သည်။
တော၊ ဤသပိတ်ကို။ ဂဏှာဟိ၊ ယူခလော။ တဿ၊ သင်သည် ကား။ အာဏုနန္တ၊
မယူလိုသည်ရှိသော်။ အဟံဂဏှိဿာမီတိ၊ ငါယူအံ့ဟူ၍။ ဝဒတိ၊ဆို၏။ အာဝုသော၊
ငါ့ရှင်။ ဂဏှ၊ ယူလော့။ ဣတိဝုတ္တော၊ ဤသို့ဆိုလတ်သော်။ အာယသ္မာပိဏ္ဍောလ
ဘာရဒွါဇော၊ အရှင်ပိဏ္ဍောလဘာရဒွါဇသည်။ အဘိညာပါဒကံ၊ အဘိညာ၏
အခြေဖြစ်သော။ စတုတ္ထဇ္ဈာနံ၊ စတုဈာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။
ပါဒင်္ဂုဋ္ဌေသ၊ ခြေမဖြင့်။တိဂါဝုတံ၊ သုံးဂါဝုတ်ရှိသော။ ပိဋ္ဌိပါသာဏံ၊ ကျောက်ဖျာ
ကို॥ ပါဒန္တေန ခြေဖျားဖြင့်၊ ပဋိစ္ဆာဒေန္တော၊ ညှပ်လျက်။ တူလပိစုပိယ၊ လဲ
ဝါဂွမ်းစုကဲ့သို့။ အာကာသေ၊ ကောင်းကင်၌။ ဥပ္ပတိတွာ၊ တည်စေ၍။ ရာဇ
ဂဟနံဂရဿ၊ ရာဇဂြိုဟ်ပြည်၏။ ဥပရိ၊ အထက်၌။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ အနု
ပရိယာယိ၊ အစဉ်လှည့်၍သွား၏။ သော၊ ထိုကျောက်ဖျာသည်॥ တိဂါဝုတပမာ
ဏဿ၊ သုံးဂါဝုတ်အတိုင်းအရှည်ရှိသော။ နဂရဿ၊ ရာဇဂြိုဟ်ပြည်ကို။ ပိဓာနံ
ဝိယ၊ ဖုံးအုပ်ဘိသကဲ့သို့။ ပညာယိ၊ ထင်၏။ နဂရဝါသိနော၊ ရာဇဂြိုဟ် ပြည်သူတို့
သည်။ ပါသာဏော၊ ကျောက်ဖျာသည်။ နော၊ ငါတို့အား။ အာတ္ထရိတွာ၊
ဘိလတ်၍။ဂဏှတိ ဘိ၊ အသက်ကိုယူငြားအံ့သတည်းဟူ၍။ ဘီတာ၊ ကြောက်ကုန်
လျက်။ သုပ္ပါဒီနိ၊ စကောဘန်း စသည်တို့ကို၊ မတ္ထကေ၊ ထိပ်ထက်၌။ ကတွာ၊
အုပ်၍။ နိလယိံသု၊ ပုန်းကုန်၏။ သတ္တမေ ဝါရေ၊ ခုနစ်ကြိမ်မြောက်၌။ ထေရော၊
ပိဏ္ဍောလမထေရ်သည်။ ပိဋ္ဌိပါသာဏံ၊ ကျောက်ဖျာကို။ ဘိန္ဒိတွာ၊ ခွဲ၍။အတ္တာနံ၊
ကိုယ်ကို။ ဒဿေသိ၊ ပြ၏။ မဟာဇနော၊ လူများသည်။ ထေရံ၊ ပိဏ္ဍောလမထေရ်
ကို။ ဒိသွာ၊ မြင်၍။ ဘန္တေပိဏ္ဍောလဘာရဒွါဇ၊ အရှင်ဘုရားပိဏ္ဍောလဘာရဒွါဇ။
တဝ၊ သင်၏။ ပါသာဏံ၊ ကျောက်ဖျာကို။ ဒဠှံကတွာ၊ မြဲစွာပြု၍။ ဂဏှ၊ ဆွဲပါ
လော့॥ သဗ္ဗေ၊ အလုံးစုံကုန်သော။ နော၊ အကျွန်ုပ်တို့ကို။ မာနာသယိ၊ မဖျက်
ပါလင့်။ ဣတိအာဝေါစုံ၊ ဤသို့ဆိုကုန်၏၊ ထေရော၊ ပိဏ္ဍောလမထေရ်သည်॥
ပါသာဏံ၊ ကျောက်ဖျာကို။ ပါဒန္တေန၊ ခြေမစွန်းဖြင့်॥ ခိပိတွာ၊ ပစ်၍॥

ဝိဿဇ္ဇေသိ၊ လွှတ်၏၊ သော၊ တိုကျောက်ဖျာသည်။ ဂန္တွာ၊ သွား၍။ ယထာ ဌာနေယေဝ၊ တည်မြဲတိုင်းသော အရပ်၌သာလျှင်။ ပတိဋ္ဌာသိ၊ တည်၏။ထေရော၊ မထေရ်သည်။ သေဋ္ဌိဿ၊ သေဋ္ဌေး၏။ ဂေဟမတ္တကေ၊ အိမ်ထက်၌။ အဋ္ဌာသိ၊ ရပ်လျက်နေ၏။ တံ၊ ထိုမထေရ်ကို။ ဒိသွာ၊ မြင်၍။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ ဥရေန၊ ရင်ဖြင့်။ နိပ္ပဇ္ဇိတွာ၊ ဝပ်၍။ သာမိ၊ အရှင်ဘုရား။ ဩတရထ၊ ဆင်းပါ လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ အာကာသတော၊ ကောင်းကင်မှ။ ဩတိဏ္ဏံ၊ ဆင်းသော၊ ထေရံ၊ ပိဏ္ဍောလမထေရ်ကို၊ နိသီဒါပေတွာ၊ နေစေ၍။ ပတ္တံ၊ စန္ဒကူးသပိတ်ကို။ ဩတရာပေတွာ၊ ချစေ၍။ စတုမဓုရပုဏ္ဏံ၊ ထောပတ်ဆီ ပျားသကာဟူသော စတုမဓုအရသာဖြင့် ပြည့်ကုန်သည်ကို။ ကတွာ၊ပြု၍။ထေရဿ၊ မထေရ်အား၊ ပတ္တံ၊ ကို။ အဒါသိ၊ လှူ၏။ ထေရော၊ မထေရ်သည်။ ပတ္တံ၊သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ ဝိဟာရာဘိမုခေါ၊ ကျောင်းသို့ ရှေးရှု၊ ပါယာသိ၊ သွား၏။ အထ၊ ၌။ အရညဂတာဝါ၊ တော၌နေသည်လည်း ဖြစ်ကုန်သော။ သုညာဂါရ· ဂတာဝါ၊ ဆိတ်ငြိမ်ရာ၌ နေသည်လည်း ဖြစ်ကုန်သော။ ယေ၊ အကြင်သူတို့သည်။ အဿ၊ ထိုပိဏ္ဍောလမထေရ်၏။ တံ ပါဋိဟာရိယံ၊ ထိုတန်ခိုး ပြာဋိဟာကို။ နာဒ္ဒသံသု၊ မမြင်ကုန်။ တေ၊ ထိုသူတို့သည်။ သန္နိပတိတွာ၊ စည်းဝေး၍။ ဘန္တေ၊ အရှင်ဘုရား။ အမှာကံပိ၊ ငါတို့အားလည်း။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ဒဿေဟီတိ၊ ပြပါလော့ဟူ၍။ထေရံ၊ မထေရ်ကို။အနုဗန္ဓိံသု၊ လိုက်ကုန်၏။ သော၊ ထိုမထေရ်သည်။ တေသံ တေသံ၊ ထိုထိုလူတို့အား။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိ ဟာကို။ ဒဿေတွာ၊ ပြ၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ သွား၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုပိဏ္ဍောလသို့။ အနုဗန္ဓိတွာ၊ လိုက်၍။ ဥန္နာဒေန္တဿ၊ ပဲ့တင်ထပ်မျှသော။ မဟာဇနဿ၊ လူများ၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ အာနန္ဒ၊ အာနန္ဒာ၊ ဧသောသဒ္ဒေါ၊ ဤအသံသည်။ ကဿ၊ အဘယ်သူ၏ အသံနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်မူ၍။ ဘန္တေ၊အရှင်ဘုရား။ ပိဏ္ဍောလဘာရဒွါဇေန၊ ပိဏ္ဍောလဘာရဒွါဇသည်။ အာကာသေန၊ကောင်းကင် ဖြင့်။ ဥပ္ပတိတွာ၊ ပျံတက်၍။ စန္ဒနပတ္တော၊ စန္ဒကူးသပိတ်ကို ဂဟိတော၊ ယူ၏။ တဿ၊ ထိုပိဏ္ဍောလ၏။ သန္တိကေ၊ အထံ၌။ ဧသောသဒ္ဒေါ၊ ဤအသံဖြစ်၏။ ဣတိ ဝစနံ၊ ဤသို့သောစကားကို။ သုတွာ၊ ကြားတော်မူ၍။ဘာရဒွါဇံ၊ ဘာရဒွါဇကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တယာ၊ သင်သည်။ ဧဝံ ကတန္တိ၊ ဤသို့ပြု၏ ဟူသည်။ သစ္စံ ကိရ၊ မှန်သလော။ ဘန္တေ၊ အရှင်ဘုရား။သစ္စံ၊ မှန်၏။ဣတိဝုတ္တေ၊ ဤသို့လျှောက်သည်ရှိသော်။ ဘာရဒွါဇ၊ ဘာရဒွါဇ။ ကသ္မာ၊ အဘယ်ကြောင့်။ တေ၊ သင်သည်။ ဧဝံ၊ ဤသို့။ ကတန္တိ၊ ပြုဘိသနည်းဟု။ ထေရဿ၊ ဘာရဒွါဇကို။

ဂရုဟိတွာ၊ ကဲ့ရဲ့တော်မူ၍။ တံ ပဥှံ၊ ထိုသပိတ်ကို။ ခဏ္ဍာခဏ္ဍံ၊ အပိုင်းအပိုင်း။ ဘေဒါပေတွာ၊ ခွဲစေ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အဉ္ဇနပိသနတ္ထာယ၊ မျက်စဉ်းမှုန့် ကြိတ်စေခြင်းငှါ။ ဒါပေတွာ၊ ပေးစေ၍။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေသိ၊ ပညတ်တော်မူ၏။ တိက္ကိယာ၊တိတ္ထိတို့သည်။ သမဏော ဂေါတမော၊ရဟန်းဂေါတမသည်။ တံ ပတ္တံ၊ ထိုသပိတ်ကို။ ဘေဒါပေတွာ၊ ခွဲစေ၍။ ပါဋိဟာရိယဿ၊ တန်းခိုးပြာဋိဟာကို။ အကရဏတ္ထာယ၊ မပြုစေခြင်းငှါ။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေသိကိရ၊ ပညတ်သတတ်။ ဣတိသုတွာ၊ ဤသို့စကားကိုကြား၍။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမ၏။ သာဝကာ၊ တပည့်သားတို့သည်။ ပညတ္တံ၊ ပညတ်အပ်သော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့်လည်း။ နာတိက္ကမန္တိ၊ မလွန်ကျူးကုန်။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ တံ၊ ထိုသိက္ခာပုဒ်ကို။ ရက္ခိဿတော၊ စောင့်သည်သာလျှင် တည်း။ ဣဒါနိ၊ ယခုအခါ၌။ အမှေဟိ၊ ငါတို့သည်။ ဩကာသော၊ အခွင့်ကို။ လဒ္ဓေါ ဘိ၊ရပြီဟူ၍။ တေ၊ ထိုတိတ္ထိတို့သည်။ နဂရဝီထိသု၊ မြို့လေးမျက်နှာ လမ်းခရီးတို့၌၊ အာရောစေန္တော၊ ကြားကုန်လျက်။ ဝိစရိံသု၊ သွားကုန်၏၊ ကိံ၊ အဘယ်သို့ ပြောကြား၍ လှည့်လည်နည်းဟူမူကား။ ။(ထည့်သည်)။ မယံ၊ ငါတို့သည်။ အတ္တနော ဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ ရက္ခန္တာ၊ စောင့်ကုန်လျက်။ ပုဗ္ဗေ၊ ရှေး၌။ ဒါရုမယပတ္တဿ၊သစ်သားဖြင့်ပြီးသော သပိတ်၏။ကာရဏာ၊ အကြောင်းကြောင့်။ အတ္တနော ဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ မဟာဇနဿ၊ လူအပေါင်းအား။ န ဒဿယိမှာ၊ မပြရသည်ဖြစ်ကုန်၏။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမ၏။ သာဝကာ၊ တပည့်တို့သည်။ ပတ္တကာရဏာ၊ သပိတ်ဟူသော အကြောင်းကြောင့်။ အတ္တနော ဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ မဟာဇနဿ၊ လူများအား။ ဒဿေသုံ၊ ပြကုန်၏။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ အတ္တနော ပဏ္ဍိတတာယ၊ မိမိပညာရှိသည် အဖြစ်ကြောင့်။ ပတ္တံ၊ သပိတ်ကို။ ဘေဒါပေတွာ၊ ခွဲစေ၍။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေသိ၊ ပညတ်တော်မူ၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ မယံ၊ ငါတို့သည်။ တေနေဝ၊ ရဟန်းဂေါတမနှင့်လျှင်။ သဒ္ဓိံ၊ တကွ။ ပါဋိဟာရိယံ၊တန်းခိုးပြာဋိဟာကို။ကရိဿာမ၊ ပြုကုန်အံ့။ဣတိဝဒိံသု၊ ဤသို့ဆို၍ လှည့်လည်ကုန်၏။

ရာဇာ ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရမင်းသည်။ တံ ကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ပါဋိဟာရိယဿ၊ တန်းခိုးပြာဋိဟာကို။ အကရဏတ္ထာယ၊ မပြုစေခြင်းငှါ။ သာဝကာနံ၊ တပည့်သာဝကတို့အား။

သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညတ္တံကိရ၊ ပညတ်၏ဟူသည် မှန်ပေသလော။ ဣတိ ပုစ္ဆိ၊ ဤသို့လျှောက်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အာမ၊ ဪ မှန်၏။ ဣတိအာဟ၊ ဤသို့ဆို၏။ ဣဒါနိ၊ ယခုအခါ၌။ တိတ္ထိယာ၊ တိတ္ထိတို့သည်။ တုမှေဟိ၊ အရှင်ဘုရားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပါဋိဟာရိယံ၊ တန်းခိုးပြာဋိဟာကို။ ကရိဿာမာတိ၊ ပြိုင်ကုန်အံ့ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ဣဒါနိ၊ ယခုအခါ၌၊ ကိံ ကရိဿထ၊ အဘယ်သို့ ပြုပါအံ့နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေသု၊ ထိုတိတ္ထိတို့သည်။ ကရောန္တေသု၊ ပြုလိုကုန်သည် ရှိသော် ကရိဿာမိ၊ ပြုအံ့။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို၊ ပညတ္တံနနု၊ ပညတ်ပြီးသည် မဟုတ်လော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ ငါသည်။ အတ္တနော၊ မိမိကိုယ်အား။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ န ပညာပေသိ၊ မပညတ်။ မမေဝ၊ ငါ၏သာလျှင်။ သာဝကာနံ၊ သာဝကတို့အား။ ပညတ္တံ၊ ပညတ်၏။ ဣတိ အဝေါစ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့ကို။ ထပေတွာ၊ ထား၍။ အညတ္ထ၊ တပါးသော အရာ၌။ သိက္ခာပဒံ ပညတ္တံနာမ၊ သိက္ခာပုဒ်ကို ပညတ်ခြင်းမည်သည်။ ဟောတိ၊ ရှိပါ၏လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တမေဝ၊ သင့်ကိုပင်လျှင်။ တွေ၊ ဤအရာ၌။ ပဋိပုစ္ဆာမိ၊ တဘန်မေးဦးအံ့။ မဟာရာဇ၊ မင်းကြီး။ တေ၊ သင်၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဥယျာနံ၊ ဥယျာဉ်သည်။ အတ္ထိ ပန၊ ရှိသလော။ ဣတိပုစ္ဆိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အတ္ထိ၊ ရှိ၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ မဟာရာဇ၊ မင်းကြီး။ တေ၊ သင်၏။ ဥယျာနေ၊ ဥယျာဉ်၌။ မဟာဇနော၊ လူများသည်။ အမ္ဗာဒီနိ၊ သရက်သီး စသည်တို့ကို။ သစေခါဒေယျ၊ အကယ်၍ စားငြားအံ့။ ကိံ ကတ္တဗ္ဗံ၊ အသို့ပြုသနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား၊ ဒဏ္ဍော၊ မင်းဒဏ် ပေးရပါ၏။ ဣတိ အဝေါစ၊ ဤသို့ လျှောက်၏၊ ပန၊ ဤသို့သော်။ တွံ၊ သင်သည်။ ခါဒိတုံ၊ စားခြင်းငှါ။ လဘတိ၊ ရပါအံ့လော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဪ--ရပါ၏။ မယှံ၊ အကျွန်ုပ်အား။ ဒဏ္ဍော၊ ဒဏ်သည်။ နတ္ထိ၊ မရှိ။ အဟံ၊ အကျွန်ုပ်သည်။ အတ္တနော သန္တကံ၊ အကျွန်ုပ်ဥစ္စာကို။ ခါဒိတုံ၊ စားခြင်းငှါ။ လဘာမိ၊ ရပါ၏။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ မဟာရာဇ၊ မင်းကြီး။ တဝ၊ သင်၏။ တိယောဇနသတိကေ၊ ယူဇနာ သုံးရာရှိသော။ ရဇ္ဇေ၊ နိုင်ငံ၌။ အာဏာ၊ အာဏာသည်။ ပဝတ္တတိယထာ၊ ဖြစ်သကဲ့သို့။ အတ္တနော ဥယျာနေ၊ မိမိဥယျာဉ်၌။ အမ္ဗာဒီနိ၊ သရက်သီး စသည်တို့ကို။ ခါဒန္တဿ၊ စားသော

သူအား။ ဒဿေတွာ၊ ဒဿသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ အညေသံ၊ သူတပါးတို့အား။ ဒဿေတွာ၊ ဒဿသည်။ အတ္ထိ ယထာ၊ ရှိသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ စက္ကဝါဠကောဋ္ဌိသတသဟဿေ၊ စကြဝဠာ ကုဋေတသိန်း၌။ မမ၊ ငါဘုရား၏။ အာဏာ၊ အာဏာသည်။ ပဝတ္တတိ၊ နှံ့၏။ အတ္တနော၊ မိမိအား။ သိက္ခာပဒံ ပညတ္တိယာ၊ ပညတ် အပ်သောသိက္ခာပုဒ်ကို။ အတိက္ကမော နာမ၊ လွန်ကျူးခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အညေသံ ပန၊ သာဝကတို့ကား။ အတ္ထိ၊ ရှိ၏။ အဟံ၊ ငါသည်။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ကရိဿာမိ- ဘက်ပြိုင်အံ့။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။

တိတ္ထိယာ၊ တိတ္ထိတို့သည်။ တံ ကထံ၊ ထိုဘုရား မိန့်တော်မူသော စကားကို။ သုတွာ၊ ကြား၍။ ဣဒါနိ၊ ယခုအခါ၌။ နဋ္ဌာ ပျက်ကုန်သည်၊ အမှာ၊ ဖြစ်ကုန်ပြီ။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ သာဝကာနံယေဝ၊ သာဝကတို့အကျိုးငှါသာလျှင်။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်အပ်၏။ အတ္တနော၊ မိမိ၏အကျိုးငှါ။ န ပညတ္တံ၊ မပညတ်အပ်။ သယမေဝ၊ ကိုယ်တိုင် သာလျှင်။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ကာတုကာမော တိကိရ၊ ပြုခြင်းငှါ အလိုရှိသတဲ့။ ကိံ နုခေါ၊ အဘယ်သို့သောအကြောင်းဖြင့်။ ကရောမ၊ ငါတို့ပြုရ ကုန်အံ့နည်း။ ဣတိ စိန္တယိံသု၊ ဤသို့ကြံကုန်၏။ ရာဇာ၊ မင်းသည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ မေးလျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ကဒါ၊ အဘယ်အခါ၌။ ပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ကရိဿထ၊ ပြုကုန် အံ့နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ လျှောက်၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ဣတော၊ ဤနေ့မှ၊ စတုမာသစ္စယေန၊ လေးလလွန်သဖြင့်။ အာသာဠှိပုဏ္ဏမာယံ၊ နွယ်တာ လပြည့်နေ့၌။ တနည်းကား၊ ဝါဆိုလပြည့်နေ့၌။ ကရိဿာမိ၊ ပြုကုန်အံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကတ္ထ၊ အဘယ်အရပ်၌။ ကရိဿထ၊ ပြုကုန်အံ့နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့လျှောက်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သာဝတ္ထိံ၊ သာဝတ္ထိပြည်ကို။ နိဿာယ၊ မှီ၍၊ ကရိဿာမိ၊ ပြုကုန်အံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။ ပန၊ အဘယ်ကြောင့်နာ- သောမနာပုဒ်ကိုဆိုဦးအံ့။ ကသ္မာ၊ အဘယ်ကြောင့်ကား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဧဝံ၊ ဤသို့။ ဒူရဋ္ဌာနံ၊ ဝေးရာအရပ်ကို။ အပဒိသိ၊ ညွှန်းဘိသနည်း။ ဣတိ၊ ဤသို့ ဆိုငြားအံ့၊ တံ၊ ထိုသာဝတ္ထိပြည်သည်။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသောဘုရားတို့၏။ မဟာပါဋိဟာရိယကရဏဋ္ဌာနံ၊ ကြီးစွာသောယမိုက်ပြာဋိဟာကို ပြတော်မူရာ အရပ်သည်။ ယသ္မာ၊ အကြင်ကြောင့်၊ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်၊ အပဒိသိ၊ ညွှန်းတော်မူ၏။ အပိစ အပရော နယော၊ နည်းဝါ ပါးကို။ မဟာ၊ ငါအား မြဲ ထော ဆရာသည်။ ဝုတ္တောမိန့်ဦးအံ့။ မဟာဇနဿ၊ လူအပေါင်း၏။ သန္နိပါတနတ္ထာယပိ၊

စည်းဝေးခြင်း အကျိုးငှါလည်း။ ဒုရဋ္ဌာနဒမေ၀၊ ဝေးသော အရပ်ကိုသာလျှင်။ အပ္ပဒိသိ၊ ညွှန်းတော်၏။ ဣတိ၊ ဤသည်လျှင် အဖြေတည်း။

တည်းဟူသော အပြစ်ရှိကုန်၏။ တဿာဟိ၊ ထိုကြောင့်လျှင်။ ဝိတမောဟာသု၊ မောဟ ကင်းသော ရဟန္တာတို့၌။ ဒိန္နံ၊ ပေးအပ်သော အလှူသည်။ မဟပ္ဖလံ၊ မြတ်သောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက် တည်းဟူသော အပြစ်ရှိကုန်၏။ အယံပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ဣစ္ဆာဒေါသာ၊ မကောင်းသော အလိုရမ္မက် တည်းဟူသော အပြစ်ရှိကုန်၏။ တဿာဟိ၊ ထို့ကြောင့်လျှင်။ ဝိဂတစ္ဆေသု၊ ကင်းသော အလိုရမ္မက် ရှိကုန်သော ရဟန်းတို့၌။ ဒိန္နံ၊ ပေးအပ်သော အလှူသည်။ မဟပ္ဖလံ၊ မြတ်သောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဒွာဘာသိ၊ ၏။

ဒေသနာ ဝသာနေ၊ ဒေသနာတော်အဆုံး၌။ အင်္ကုရောစ၊ အင်္ကုရနတ်သားသည်ရင်း။ ဣန္ဒကောစ၊ ဣန္ဒက နတ်သားသည်ရင်း။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ တာဝတိံသဘဝနေ၊ တာဝတိံသာ နတ်ပြည်၌။ ဒေသနာ၊ ဟောတော်မူသော ဒေသနာသည်။ မဟာဇနဿာပိ၊ လူအပေါင်းအားလည်း။သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ သိအပ်၏။ အထ၊ ထိုနောင်မှ။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒေဝပရိသာယ၊နတ်ပရိသတ်၏။ မဇ္ဈေ၊အလယ်၌။ နိသိန္နော၊ နေတော်မူလျက်။ မာတရံ၊ မယ်တော်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကုလလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာတိ၊ ဟူ၍။ အဘိဓမ္မ ပိဋကံ၊ အဘိဓမ္မာ ပိဋကတ်ကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။ ဧဝံ၊ ဤသို့။ တယောမာသေ၊ သုံးလတို့ပတ်လုံး။ နိရန္တရံ၊ မပြတ်။ အဘိဓမ္မပိဋကံ၊ အဘိဓမ္မာ ပိဋကတ်ကို။ ကထေသိ၊ ဟောတော်မူ၏။ ကထေန္တော ပန၊ ဟောပြီး၍ကား။ ဘိက္ခာစာရဝေလာယ၊ ဆွမ်းခံအံ့သောအခါ၌။ မမ၊ ငါဘုရား၏။ ယာဝ အာဂမနာ၊ ကြွလာသည်တိုင်အောင်။ ဧတ္တကံနာမ ဓမ္မံ ဤမျှလောက်သောအဘိဓမ္မာဒေသနာတော်ကို။ မာပေတွာ၊ ဘန်ဆင်း၍။ ဟိမဝန္တံ၊ ဟိမဝန္တာသို့။ ဂန္တွာ၊ ကြွ၍။ နာဂလတာ ဒန္တကဋ္ဌံ၊ နာဂလကာမည်သော ဒန်ပူကို။ တနည်းကား။ နာဂလတာဒန္တကဋ္ဌံ၊ နဂါးပြည်၌ဖြစ်သော နွယ်ချို ဒန်ပူကို။ ခါဒိတွာ၊ ဘုဉ်းပေး၍။ အနောတတ္တဒဟေ၊ အနဝတတ်အိုင်၌။ မုခံဓောဝိတွာ၊ မျက်နှာသစ်တော်မူ၍။ ဥတ္တရကုရုတော၊ မြောက်ကျွန်းမှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အာဟရိတွာ၊ ဆောင်၍။ မဟာသာလမာဠကေ၊ အင်ကြင်းပင်ကြီးအဝန်း၌။ နိသိန္နော၊ နေတော်မူလျက်။ ဘတ္တကိစ္စံ၊ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို။ အကာသိ၊ ပြုတော်မူ၏။

သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာမထေရ်သည်။ တတ္ထ၊ ထိုဘုရားရှိရာအနေဝဒတ် အိုင်၏အနီး အင်ကြင်းတောသို့။ ဂန္တွာ၊ ကြွ၍။ သတ္ထု၊ မြတ်စွာဘုရားအား။ ဝံတ္တာ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ကာရေတိ၊ ပြု၏။ သတ္ထာ၊မြတ်စွာဘုရားသည်။ ဘတ္တ ကိစ္စ ပရိယောသာနေ၊ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးပြီးသော်။ သာရိပုတ္တ၊ သာရိ ပုတ္တရာ။ အဇ္ဇ၊ ယနေ့။ မယာ၊ ငါဘုရားသည်။ တွတ္တကောနာ်မ ဓမ္မော၊ ဤမျှ လောက်သော အဘိဓမ္မာတရားကို။ ဘာသိတော၊ ဟောအပ်ပြီ။ တွံ၊ သင်သည်။ အတ္တနော၊ ၏၊ အန္တေဝါသိကာနံ၊ အတွင်းတပည့် ဖြစ်ကုန်သော။ ဘိက္ခူနံ၊ငါး ရာသော ရဟန်းတို့အား။ ဝါစေဟိ၊ ပို့ချလေလော့။ ဣတိ၊ ဤသို့။ ထေရဿ၊ အရှင်သာရိပုတ္တရာ မထေရ်အား။ ကထေသိ၊ ဟောတော်မူ၏။ ယမကပါဋိဟာရိယေ၊ ရေ မီး အစုံအစုံ တန်းခိုးပြာဋိဟာ ပြတော်မူရာ၌။ ပသီဒိတွာ၊ ကြည်ညို၍။ ပဉ္စသတာ ကုလပုတ္တာ၊ ငါးရာသော အမျိုးသားတို့သည်။ ထေရဿ၊ အရှင်သာရိ ပုတ္တရာမထေရ်၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိံသု ကိရ၊ ရဟန်းပြုကုန်သတတ်။ တေ၊ ထိုငါးရာသော ရဟန်းတို့ကို။ သန္ဓာယ၊ ရည်၍။သတ္ထာ၊မြတ်စွာဘုရားသည်။ ထေရံ၊ အရှင်သာရိပုတ္တရာမထေရ်ကို။ ဧဝံ အာဟ၊ ဤသို့မိန့်တော်မူပြီ။ ဝတွာစ ပန၊ ဟောတော်မူပြီး၍ကား။ ဒေဝလောကံ၊တာဝတိံသာနတ်ပြည်သို့။ ဂန္တွာ၊ ကြွတော်မူ၍။ နိမ္မိတဗုဒ္ဓေန၊ နိမ္မိတဘုရားသည်။ ဒေသိတဋ္ဌာနတော၊ ဟောတော် မူရာအရပ်မှ။ ပဋ္ဌာယ၊ ၍။သယံ၊ကိုယ်တိုင်။ ဓမ္မံ၊ အဘိဓမ္မာ တရားကို။ဒေသေသိ၊ ဟောတော်မူ၏။

ထေရောပိ၊ ရှင်သာရိပုတ္တရာမထေရ်သည်လည်း။ ဂန္တွာ၊ကြွတော်မူ၍။ တေသံ၊ ထိုငါးရာကုန်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဓမ္မံ၊ အဘိဓမ္မာတရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ တေ၊ ထိုငါးရာသော ရဟန်းတို့သည်။သတ္ထုရိ၊မြတ် စွာဘုရားသခင်သည်။ဒေဝလောကေ၊ တာဝတိံသာ နတ်ပြည်၌။ ဝိဟရန္တေယေဝ၊ နေတော်မူစဉ်လျှင်။ သတ္တပကရဏိကာ၊ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်ကုန် သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေ၊ ထိုငါးရာသော ရဟန်းတို့သည် ကဿပ ဗုဒ္ဓ ကာလေ၊ ကဿပဘုရား လက်ထက်တော်၌။ ခုဒ္ဒကဝဂ္ဂုလိယော၊ လင်းနို့ငယ်တို့ သည်၊ ဟုတ္တာ၊ ဖြစ်၍၊ ဧကသ္မိံ ဂဗ္ဘရေ၊ တခုသော ဥမင်လိုဏ်ခေါင်း၌။ဩလမ္ဗန္တာ၊ တွဲလျှားဆွဲကုန်လျက်။ စင်္ကမိတွာ၊ စင်္ကြံသွား၍။ အဘိဓမ္မံ၊ အဘိဓမ္မာတရားကို။ သဇ္ဈာယန္တာနံ၊သရဇ္ဈာယ်ကုန်သော။ဒွိန္နံ ထေရာနံ၊နှစ်ဦးသောမထေရ်တို့၏။ သရေ၊ အသံ၌။ နိမိတ္တံ၊ အာရုံကို။ အဂ္ဂဟေသုံ ကိရ၊ ယူကုန်သတတ်။ တေ၊ ထိုလင်းနို့သား တို့သည်။ ဣမေ၊ဤသည်တို့ကား။ ခန္ဓာနာမ၊ ခန္ဓာမည်ကုန်၏။ ဣမေ၊ ဤသည်တို့ ကား။ ဓာတုယောနာမ၊ ဓာတ်မည်ကုန်၏။ ဣတိအာဒိံ၊ ဤသို့ အစရှိသည်ကို။

အဇာနိတွာ၊မသိမူ၍။ သရော၌။ နိမိတ္တဂ္ဂဟဏမတ္တမေဝ၊ အာရုံကို ယူခြင်းမျှဖြင့်သာ လျှင်။ တဘော၊ ထိုသင်းနှိုးအဖြစ်မှ။ စုတော၊ စုတေကုန်သည် ရှိသော်။ ဒေဝ လောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တာ၊ ၏။ တေ၊ထိုနတ်သားတို့သည်။ ကေံဗုဒ္ဓန္တရံ၊နှစ်ဆူ သော ဘုရားတို့၏ တခုသောအကြား ကာလပတ်လုံး။ ဒိဗ္ဗသမ္ပတ္တိံ၊ နတ်၏ စည်း စိမ်ကို။အနုဘဝိတွာ၊ အစဉ်အတိုင်း ခံစား၍။ တတော၊ ထိုနတ်ပြည်မှ။ စဝိတွာ၊ စုတေ၍။ သာဝတ္ထိယံ၊၌၊ကုလဃရေသု၊ အမျိုးကောင်း အိမ်တို့၌။ နိဗ္ဗတ္တာ၊ ဖြစ် ကုန်သည်ရှိသော်။ ယမကပါဋိဟီရေ၊ ယမိုက်ပြာဋိဟာ ပြတော်မူရာအရပ်၌။ ဥပ္ပန္န ပသာဒါ၊ ဖြစ်သော ကြည်ညိုခြင်း ရှိကုန်သည်ဖြစ်၍။ ထေရဿ၊ အရှင် သာရိ ပုတ္တရာ၏။ သန္တိကေ၊၌။ ပဗ္ဗဇိတွာ၊၍။ သဗ္ဗပဌမံ၊အလုံးစုံသောသူတို့၏ရှေ့ဦးစွာ။ သတ္တပ္ပကရဏိကာ၊ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်ကုန်သည်။ အဟေသုံ၊ ၏။ သတ္ထာပိ၊မြတ်စွာဘုရားသည်လည်း။ တေနေဝနိယာမေန၊ ထိုသို့သောနည်းဖြင့်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ တံ အဘိဓမ္မံ၊ ထိုအဘိဓမ္မာ တရားတော်ကို။ ဒေသေသိ၊ ဟောတော်မူ၏။ ဒေသနာဝသာနေ၊၌။ အသီတိကောဋိသဟဿာနံ၊ ကုဋေရှစ်သောင်းကုန်သော။ ဒေဝတာနံ၊အား။မမ္မာဘိ သမယော၊သစ္စာလေးပါး တရားကို သိသည်။ အဟောသိ၊ ဖြစ်၏။ မဟာ မာတာပိ၊ မယ်တော် မာယာ သည်လည်း။ သောတာပတ္တိ ဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

(တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို ဟောပြီးသည် ကို ပြပြီး၍ သာဝတ္ထိပြည်၌ ကျန်ရစ်သော လူအပေါင်းကို တဘန်ပြလို သောဆရာသည်"သာပိ ခေါ ဆတ္တိံသ"စသည်ကို မိန့်သတည်း။)

သာပိ ခေါ ဆတ္တိံသ ယောဇန ပရိမဏ္ဍလပရိသာ၊ ထိုသုံးဆယ်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်တို့ သည်လည်း။ ဣဒါနိ၊ ယခုအခါ၌။ သတ္ထာမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ မဟာ ပဝါရဏာ၊ သီတင်းကျွတ် လပြည့်နေ့သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်းခြင်းကို ပြု၍။ မဟာ မောဂ္ဂလာနတ္ထေရံ၊မဟာမောဂ္ဂလာန်မထေရ်ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ အာဟု၊ လျှောက်၏။ ဘန္တေ၊အရှင်ဘုရား။ သတ္ထု၊ မြတ်စွာဘုရား၏။ သြရောဟဏဒိဝသံ၊ ဆင်းတော်မူအံ့သော နေ့သည်။ ဘဝိတုံ၊ဖြစ်ခြင်းငှာ။ ဇာနိတုံ၊သိခြင်းငှာ။ဣတိအာဟ၊၏။ ဟိ၊ ထိုစကားသင့်စွ။ မယံ၊ အကျွန်ုပ်တို့သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အဒိသွာ၊ မဖူးမြင်ရမူ၍။ န ဂမိဿာမ၊ မပြန်ကုန်။ ဣတိ အာဟ၊ဤသို့လျှောက်၏။အာယသ္မာ မောဂ္ဂလာနော၊ အရှင်မောဂ္ဂလာန်သည်။ တံ ဝစနံ၊ ထိုစကားကို။ သုတွာ၊ ၍။ အာဝုသော၊ ငါ့ရှင်တို့။ သာဓု၊ ကောင်း၏ဟု။ ဝတွာ၊ ဆို၍။ သော၊ ထိုရှင်မောဂ္ဂလာန်သည်။ တတ္ထေဝ ပထဝိယံ၊ ထိုသာဝတ္ထိပြည်၏ အနီး မြေကြီး၌

လျှင်။ နိမုဂ္ဂေါ၊ ငုပ်လျှိုး၍။ သိနေရုပါဒံ၊ မြင်းမိုရ်တောင် ခြေရင်းသို့။ ဂန္တွာ၊
ရောက်၍။ မံ၊ ငါ့ကို။ အဘိရုဟန္တံ၊ တာဝတိံသာ နတ်ပြည်သို့ တက်သည်ကို။
ပရိသာ၊ ပရိသတ်တို့သည်။ ပဿန္တု၊ မြင်စေကုန်သတည်း။ ဣတိ အဓိဋ္ဌာယ၊
ဤသို့ ဓိဋ္ဌာန်၍။ မဏိရတနေန၊ ပတ္တမြားရတနာဖြင့်။ အာဝုတံ၊ သီအပ်သော။
ပဏ္ဍုကမ္ဗလသုတ္တံဝိယ၊ ဖြော့တော့သော အဆင်းရှိသော ကမ္ဗလာနီကြိုးကဲ့သို့။
ပညာယမာနရူပေါဝ၊ ထင်ရှားသော ကိုယ်ရှိသည်ဖြစ်၍လျှင်။ သိနေရုမဇ္ဈေန၊
မြင်းမိုရ်တောင်လယ်ဖြင့်။ အဘိရုဟိ၊ တက်တော်မူ၏။ မနုဿာပိ၊ လူတို့သည်
လည်း။ နံ၊ ထိုအရှင်မောဂ္ဂလာန်ကို။ ဧကံ ယောဇနံ၊ တယူဇနာလမ်းခရီးသို့။
အဘိရုဋ္ဌော၊ တက်၍ရောက်ပြီ။ ဒွိ ယောဇနံ၊ နှစ်ယူဇနာ လမ်းခရီးသို့။ အဘိရုဋ္ဌော၊
တက်၍ ရောက်ပြီ။ ဣတိ၊ ဤသို့။ ဩလောကယိံသု၊ ကြည့်ကုန်၏။ ထေရောပိ၊
အရှင်မောဂ္ဂလာန်သည်လည်း။ သတ္ထု၊ မြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်စုံ
တို့ကို။ သီသေန၊ ဦးခေါင်းဖြင့်။ ဥက္ခိပေန္တော ဝိယ၊ ရွက်ဆောင်သကဲ့သို့။ အဘိရူ
ဟိတွာ၊ တက်၍။ ဧဝံ အာဟ၊ ဤသို့လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ပရိသာ၊
ပရိသတ်တို့သည်။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဒိသွာဝ၊ ဖူးမြင်၍သာလျှင်။ ဂန္တု
ကာမာ၊ သွားခြင်းငှာ အလိုရှိကုန်၏။ ကဒါ၊ အဘယ် ကာလ၌။ ဩရော
ဟိဿထ၊ ဆင်းတော်မူပါကုန်အံ့နည်း။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။
မောဂ္ဂလာန၊ မောဂ္ဂလာန်။ တေ၊ သင်၏။ ဇေဋ္ဌဘာတိကော၊ နောင်တော်ကြီး
ဖြစ်သော။ သာရိပုတ္တော၊ သာရိပုတ္တရာသည်။ ကဟံပန၊ အဘယ်အရပ်၌ ဝါဆို
သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ သင်္ကဿနဂရေ၊ သင်္ကဿ
ပြည်၌။ ဝဿံ၊ ဝါသို့။ ဥပဂတော၊ ကပ်၏။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။
မောဂ္ဂလာန၊ မောဂ္ဂလာန်။ အဟံ၊ ငါသည်။ ဣတော၊ ဤနေ့မှ။ သတ္တမေ ဒိဝသေ၊
ခုနစ်ရက်မြောက်သော နေ့၌။ မဟာ ပဝါရဏာယ၊ သီတင်းကျွတ် လပြည့်နေ့၌။
သင်္ကဿနဂရ ဒွါရေ၊ သင်္ကဿပြည်တံခါး၌။ ဩတရိဿာမိ၊ ဆင်းအံ့။ မံ၊ ငါ့ကို။
ဒဋ္ဌုကာမာ၊ ဖူးမြင်လိုသော သူတို့သည်။ တတ္ထ၊ ထိုသင်္ကဿပြည်သို့။ အာဂစ္ဆန္တု၊
လာစေကုန်လော့။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ သာဝတ္ထိတော၊ သာဝတ္ထိ
ပြည်မှ။ သင်္ကဿနဂရ ဒွါရံ၊ သင်္ကဿပြည် တံခါးသည်။ တိံသ ယောဇနာနိ၊
ယူဇနာ သုံးဆယ်ကွာလှမ်းသော ခရီးသောက် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။
တွေကေ မဂ္ဂေ၊ ဤမျှ အတိုင်းအရှည်ရှိသော ခရီး၌။ ကဿစိ၊ တစုံတယောက်သော
သူအား။ ပါထေယျ ကိစ္စံ၊ မျိုးရိက္ခာ ဆောင်ဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဥပေါ
သထိကာ၊ ဥပုသ်သုံးခြင်းရှိကုန်သည်။ဟုတွာ၊ ဖြစ်၍။ ဓုရဝိဟာရံ၊ အနီးကျောင်းသို့။
ဓမ္မသဝနတ္ထာယ၊ တရားနာခြင်းငှာ။ ဂစ္ဆန္တာ ဝိယ၊ သွားကုန်သကဲ့သို့။ အာဂစ္ဆေ

ယျာထ၊ လာစေကုန်လော့။ ဣတိ ဝစနံ၊ ဤသို့သော စကားကို။ တေ၊ ထိုပရိသတ်တို့ကို။ အာရောစေထ၊ ကြားကုန်လော့။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ ထေရော၊ အရှင်မောဂ္ဂလ္လာန်သည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ ဝတွာ၊ ဤသို့ ဝန်ခံလျက်။ ဂန္တွာ၊ သွား၍၊ တထာ၊ ထို ဘုရားသခင် မိန့်တော်မူတိုင်း။ အာရောစေသိ၊ ကြား၏။

သတ္ထာ၊ လူနတ်တို့၏ သဗ္ဗညုမြတ်စွာဘုရားသည်။ဂုတ္တဝသာ၊ဝါကျွတ်ပြီးသော်၊ ပဝါရေတွာ၊ပဝါရဏာပြု၍။သက္ကဿ၊သိကြားမင်းအား။ အာရောစေသိ၊ကြား၏။ မဟာရာဇ၊ မြတ်သောသိကြားမင်း၊ မနုဿပထံ၊ လူ့ပြည်ခရီးသို့။ ဂမိဿာမိ၊ သွားအံ့။ ဣတိ အာရောစေသိ၊ ဤသို့ကြား၏။ သက္ကော၊ သိကြားမင်းသည်။ သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော စောင်းတန်းကိုရင်း။ မဏိမယံ၊ ပတ္တမြားဖြင့်ပြီးသော စောင်းတန်းကိုရင်း။ ရဇတမယံ၊ ငွေဖြင့်ပြီးသော စောင်းတန်းကိုရင်း။ဣတိ၊ ဤသို့။ တီဏိ သောပါနာနိ၊ သုံးသွယ်သော စောင်းတန်းတို့ကို။ မာပေသိ၊ ဖန်ဆင်း၏။ တေသံ၊ ထိုသုံးသွယ်သော စောင်းတန်းတို့၏။ ပါဒါ၊ ခြေတို့သည်။ သင်္ကဿနဂရဒွါရေ၊ သင်္ကဿပြည်၏တံခါး၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ သီသာနိ၊ စောင်းတန်းလှေကားဦးတို့သည်။ သိနေရုမုဒ္ဓနိ၊ မြင်းမိုရ်တောင်ထိပ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ တေသု၊ ထိုသုံးသွယ်သော စောင်းတန်းတို့တွင်။ ဒက္ခိဏပဿေ၊ လက်ျာနံပါး၌။ သုဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော။ သောပါနံ၊ စောင်းတန်းသည်။ ဒေဝတာနံ၊ နတ်တို့အား။ အဟောသိ၊ ဆင်းသွားရာဖြစ်၏။ ဝါမပဿေ၊ လက်ဝဲနံပါး၌။ ရဇတမယံ၊ ငွေဖြင့်ပြီးသော။ သောပါနံ၊ စောင်းတန်းသည်။ မဟာဗြဟ္မာနံ၊ ဗြဟ္မာကြီးတို့အား။ အဟောသိ၊ ဆင်းသွားရာဖြစ်၏။ မဇ္ဈေ၊အလယ်၌။ မဏိမယံ၊ ပတ္တမြားဖြင့်ပြီးသော။ သောပါနံ၊စောင်းတန်းသည်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ အဟောသိ၊ ဖြစ်၏။ သတ္ထာပိ၊ လူနတ်တို့၏ဆရာ မဟာမုနိသည်လည်း။ သိနေရုမုဒ္ဓနိ၊ မြင်းမိုရ်တောင်ထိပ်၌။ ဌတွာ၊ ရပ်၍။ ဒေဝေါရောဟဏသမယေ၊နတ်ပြည်မှ ဆင်းတော်မူသော အခါ၌။ ယမကပါဋိဟာရိယံ၊ ယမိုက်ပြာဋိဟာကို။ ကတွာ၊ ပြုတော်မူလိုသောကြောင့်။ ဥဒ္ဓံ၊ အထက်သို့။ ဩလောကေသိ၊ ကြည့်တော်မူ၏။ ယာဝဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်ဘိုင်အောင်။ ဧကင်္ဂဏာ၊ တခုသောအပြင်တို့သည်။ "အလုံးစုံ မြင်ရကုန်သည်လည်းဟူ"။ အဟေသုံ၊ ဖြစ်ကုန်၏။ အဓော၊ အောက်သို့။ဩလောကေသိ၊ကြည့်တော်မူ၏။ ယာဝအဝီစိတော၊ အဝီစိတိုင်အောင်။ ဧကင်္ဂဏံ၊ တခုတည်းသော အပြင်သည်။ အဟောသိ၊ ဖြစ်၏။ ဒိသာဝိဒိသာ၊ ထိုထိုအရပ်တို့သို့။ ဩလောကေသိ၊ ကြည့်တော်မူ၏။ အနေကာနိ၊ များစွာကုန်သော။ စက္ကဝါဠသတသဟဿာနိစ၊ စကြဝဠာ တသိန်းတို့လည်းလည်း။ ဧကင်္ဂဏာနိ၊ တခု

တည်းသော အပြင်တို့သည်။ အဒဟေသုံ၊ ဖြစ်ကုန်၏။ ဒေဝါ၊နတ်တို့သည်၊ မနုဿေ၊ လူတို့ကို။ ပဿိံသု၊မြင်ရကုန်၏။ မနုဿာပိ၊ လူတို့သည်လည်း။ ဒေဝေ၊ နတ်တို့ကို။ ပဿိံသု၊ မြင်ရကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော သူတို့သည်။ သမ္မုခါဝ၊ မျက်မှောက်ကဲ့သို့။ ပဿိံသု၊ မြင်ကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဆဗ္ဗဏ္ဏရံသိယော၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို။ ဝိဿဇ္ဇေသိ၊ လွှတ်တော်မူ၏။ တံဒိဝသံ၊ ထိုနေ့၌။ ဗုဒ္ဓသိရိံ၊ ဘုရား၏ ကြက်သရေတော်ကို။ ဩလောကေတွာ၊ ကြည့်၍။ ဆတ္တိံသ ယောဇနပရိမဏ္ဍလာယပရိသာယ၊ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်၌။ ဧကောပိ၊ တယောက်မျှသည်လည်း။ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်ကို။ အပတ္ထေန္တောနာမ၊ မတောင့်တသော သူမည်သည်။ နတ္ထိ၊မရှိ။

သုဝဏ္ဏဝဏ္ဏာပါနေန၊ ရွှေစောင်းတန်းဖြင့်။ ဒေဝါ၊နတ်တို့သည်။ ဩတရိံသု၊ ဆင်းကုန်၏။ ရဇတသောပါနေန၊ ငွေစောင်းတန်းဖြင့်။ မဟာဗြဟ္မာနော၊ ဗြဟ္မာကြီးတို့သည်။ ဩတရိံသု၊ ဆင်းကုန်၏။ မဏိသောပါနေန၊ပတ္တမြားစောင်းတန်းဖြင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဩတရိ၊ ဆင်းတော်မူ၏။ ဂန္ဓဗ္ဗဒေဝပုတ္တော၊ ဂန္ဓဗ္ဗနတ်၏ သားဖြစ်သော။ ပဉ္စသိခေါ၊ ပဉ္စသိခနတ်သားသည်။ ဗေဠုဝဝဏ္ဏံ၊ အုတ်ရှစ်သီးမှည့် အဆင်းနှင့်တူသော စောင်းကို။ အာဒါယ၊လွယ်၍။ ဒက္ခိဏပဿေ၊ လကျာနံပါး၌။ ဌတွာ၊ရပ်၍။ သတ္ထု၊မြတ်စွာဘုရားအား။ ဂန္ဓဗ္ဗမဓုရဒိဗ္ဗဝီဏာသဒ္ဒေန၊ ဂန္ဓဗ္ဗသည်သော သာယာစွာသော နတ်၏ စောင်းသံဖြင့်။ ပူဇံ၊ပူဇော်ခြင်းကို၊ ကရောန္တော၊ပြုလျက်။ ဩတရိ၊ဆင်း၏။ မာတလိသင်္ဂါဟကော၊သင်္ဂြိုဟ်တတ်သော မာတလိနတ်သားသည်။ ဝါမပဿေ၊လက်ဝဲနံပါး၌။ ဌတွာ၊ ရပ်၍။ ဒိဗ္ဗဂန္ဓမာလာပုပ္ဖံ၊နတ်၌ဖြစ်သော နံ့သာပန်းကို။ ဂဟေတွာ၊ကိုင်စွဲ၍။ နမဿမာနော၊ ရှိခိုးလျက်။ ပူဇံကတွာ၊ ပူဇော်ခြင်းကိုပြု၍။ဩတရိ၊ဆင်း၏။ မဟာဗြဟ္မာ၊ဗြဟ္မာကြီးသည်။ ဆတ္တံ၊ထီးကို။ ဓာရေသိ၊ မိုး၏။ သုယာမော၊ သုယာမနတ်သားသည်။ ဝါဠဗီဇနိံ၊ သားမြီးယပ်ကို။ ဓာရေသိ၊ ခပ်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမိနာပရိဝါရေန၊ ဤသို့သော အခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ ဩတရိတွာ၊ ဆင်း၍။ သင်္ကဿနဂရဒွါရေ၊ သင်္ကဿပြည်တံခါး၌။ ပတိဋ္ဌဟိ၊ တည်တော်မူ၏။ သာရိပုတ္တတ္ထေရောပိ၊ အရှင်သာရိပုတ္တရာ မထေရ်သည်လည်း။ အာဂန္တွာ၊ ကြွလာ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ သာရိပုတ္တတ္ထေရေန၊ အရှင်သာရိပုတ္တရာမထေရ်သည်။ ဟာသာရှ ပါယ၊ ထိုသို့ သဘောရှိသော။ဗုဒ္ဓသိရိယာ၊ ဘုရား၏ အသရေတော်ဖြင့်။ ဩတရန္တော၊ ဆင်းတော်မူသော။ သတ္ထာ၊ ဘုရားသခင်ကို။ ဣတောပုဗ္ဗေ၊ ဤမှရှေး၌။ ယသ္မာ၊ အကြင်ကြောင့်။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ တသ္မာ၊ ထိုကြောင့်။

ဝေ၊ ဤသို့။ ဝဂ္ဂုဂတော၊ ကရဝိက်ငှက်မင်း ဖြဟ္မာမင်း၏အသံနှင့်တူစွာ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောသာယာသောအသံဖြင့် စကားကောင်းကိုဆိုတော်မူဘတ်သော။ သတ္ထာ၊ လူနတ်တို့၏။ ဆရာဖြစ်သော ဘုရားသည်၊ တုသိတာ၊ တုသိတာနတ်ပြည်မှ။ ဂဏိ၊ သင်္ကဿနဂိုရ်ပြည် တံခါး၏အနီးမြေအပြင်သို့။ အာဂတော၊ ကြွလာခြင်းကို။ ဣတော၊ ဤနေ့မှ။ ပုဗ္ဗေ ရှေး၌။ မေမယာ၊ ငါသည်။ နဒိဋ္ဌော၊ မမြင်စဘူး။ ဥဒ၊ ထိုမြို့။ ကဿစိ၊ တစုံတယောက်သောသူ၏ထံ့။ နသုတော၊ မကြားစဘူး။

ဣတိအာဒိဟိ၊ ဤသို့စသော စကားတို့ဖြင့်။ အတ္တနော၊ မိမိ၏။ တုဋ္ဌိံ၊ နှစ်သက်ခြင်းကို။ ပကာသေတွာ၊ ပြ၍။ ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ တုမှာကံ၊ အရှင်ဘုရားတို့ကို။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ပတ္ထေန္တိ၊ တောင့်တကုန်၏။ ဣတိအာဟ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအရှင်သာရိပုတ္တရာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သ ရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ဧဝရူပေ ဟိ၊ ဤသို့သဘောရှိကုန်သော။ ဂုဏေဟိ၊ ဂုဏ်ကျေးဇူးတို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံခြင်းသို့ ရောက်ကုန်သော။ ဗုဒ္ဓါ၊ ဘုရားတို့ကို။ ဒေဝမနုဿာနံ၊ နတ်လူတို့သည်။ ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောန္တိ ယေဝ၊ ဖြစ်ကုန်သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၈၂။ ။ယေဓီရာ၊ အကြင်ဘုရား အနှစ်ရှိသော သူတော်ကောင်း တို့သည်။ ဈာနပ္ပသုတာ၊ လက္ခဏူပနိဈာန် အာရမ္မဏူပနိဈာန်တို့၌ အာဝဇ္ဇနစသော ငါးပါးသော ဝသီဘော်တို့နှင့် လေ့လာခြင်းရှိကုန်သည်။ နေက္ခမ္မူပသမေ၊ ကိလေသာတို့ဖြင့် ငြိမ်းရာ နိဗ္ဗာန်ဟုဆိုအပ်သော နိက္ခမ၌။ ရတာ၊ မွေ့လျော်ကုန်၏။ သတိမန္တာ၊ သတိရှိကုန်သော။ တေသံဗုဒ္ဓါနံ၊ ထိုမြတ်စွာဘုရားတို့အား။ ဒေဝါပိ၊ နတ်လူတို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုး ကုန်၏။ ဣတိအာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယေဈာနပ္ပသုတာတိ၊ ယေဈာနပ္ပသုတာ ဟူသည်ကား။ လက္ခဏူပနိဇ္ဈာနံ၊ လက္ခဏာသို့ ကပ်၍ရှုခြင်းရှိသော ဈာန်နှင့်။ အာရမ္မဏူပနိဇ္ဈာနံ၊ အာရုံသို့ကပ်၍ ရှုခြင်းရှိသော ဈာန်နှင့်။ ဣတိ၊ ဤသို့။ ဣမေသု ဈာနေသု၊ နှစ်ပါးသော ဈာန်တို့၌။ အာဝဇ္ဇနသမာပဇ္ဇနအဓိဋ္ဌာနပစ္စဝေက္ခဏေဟိ၊ ဆင်ခြင်ခြင်း ဝင်စားခြင်း ဓိဋ္ဌာန်ခြင်း ဈာန်မှထခြင်းဈာန်၏အင်္ဂါကို ဆင်ခြင်ခြင်းတို့နှင့်။ ယုတ္တပယုတ္တာ၊ ယှဉ်ခြင်း အမြဲယှဉ်ခြင်းရှိကုန်၏။ နေက္ခမ္မူပသမေရတာတိ၊ ဧတ္ထ၊ သမေရတာ ဟူသော ဤပုဒ်၌။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်ကို။ နိက္ခမန္တိ၊ နိက္ခမဟူ၍။ နဂဟေတဗ္ဗာ၊ မယူအပ်ကုန်။ ကိလေသဝူပသမနိဗ္ဗာနရတိ၊ ကိလေသာ၏ငြိမ်းရာဟုဆိုအပ်သော နိဗ္ဗာန်၌

မွေလျှော်ခြင်းကို။ သန္တာယ၊ ရည်၍။ တော်ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဒွေဝါပိတိ၊ ဒွေဝါပိဟူသည်ကား။ ဒွေဝါပိ၊ နှတ်တို့သည်ငင်း။ မနုဿာပိ၊ လူတို့သည်ငင်း။ တေသံ၊ ထိုမြတ်စွာဘုရားတို့အား။ပိဟယန္တိ ပတ္ထေန္တိ၊ တောင့်တကုန်၏။ သတိမတန္တိ၊ သတိမံတိဟူသည်ကား။ ဝေရူပဂုဏာနံ၊ ဤသို့ သဘာဝရှိသော ဂုဏ်ကျေးဇူးရှိကုန်ထသော။ သတိယာ၊ သတိနှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်ထသော။ တေသံသမ္ဗုဒ္ဓါနံ၊ ထိုဘုရားရှင်တို့အား။ မယံပိ၊ ငါတို့သည်လည်း။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ အပေါဝတ ဘဝေယျာမ၊ ဧကန်ဖြစ်ပါလိုကုန်၏။ ဣတိ၊ ဤသို့။ ဗုဒ္ဓဘာဝံ၊ ဘုရားအဖြစ်ကို။ ဣစ္ဆမာနာ၊ အလိုရှိကုန်သော လူနတ်တို့သည်။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ဣတိအယံအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်၏ အဆုံး၌။တိံသမတ္တာနံ ပါဏကောဋိနံ၊ ကုဋေသုံးဆယ် အတိုင်းအရှည်ရှိကုန်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါး တရားကိုသိသည်။ အဟောသိ၊ ဖြစ်၏။ ထေရဿ၊ အရှင်သာရိပုတ္တရာ၏။ သဒ္ဓိ ဝိဟာရိကာ၊ဥပဇ္ဈာယ်တူ တပည့်ဖြစ်ကုန်သော။ပဉ္စသတဘိက္ခူ၊ငါးရာသော ရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော ဘုရားရှင်တို့၏။ အဝိဇဟိတမေဝ၊မစွန့်အပ်သည်သာလျှင်ဖြစ်သော။ ယမကပါဋိဟီရံ၊ တန်းခိုးပြာဋိဟာကို။ ကတွာ၊ ပြုပြီး၍။ ဒေဝလောကဝဿံ၊ တာဝတိံသာနတ်ပြည်၌ ဝါကို။ ဝသိတွာ၊ ဆိုပြီး၍။ သင်္ကဿနဂရဒွါရေ၊ သင်္ကဿ ပြည်တံခါးသို့။ ဩတရဏံ၊ ဆင်းခြင်းသည်ငင်း။ တတ္ထပန၊ ထိုသင်္ကဿပြည်၌ကား။ ဒက္ခိဏပါဒဿ၊ လက်ျာခြေကို။ ပတိဋ္ဌိတဋ္ဌာနံ၊ တည်ရာအအရပ်သည်။ အစလ စေတိယဋ္ဌာနံနာမ၊ မတုန်မလှုပ်သော စေတီတည်ရာ အရပ်မည်သည်ငင်း။ ဟောတိ ကိရ၊ ဖြစ်သတတ်။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တတ္ထ၊ထိုသင်္ကဿပြည်၌။ ဌတွာ၊တည်တော်မူ၍။ ပုထုဇ္ဇနာဒီနံ၊ ပုထုဇ္ဇန် စသည့်တို့၏။ ဝိသယေယသု၊ အရာတို့၌၊ ပဥှံ၊ ပြဿနာကို။ ပုစ္ဆိ၊ မေးတော်၏။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ အတ္တနော၊ မိမိ၏။ ဝိသယေ၊ အရာ၌။ ပဥှေ၊ ပြဿနာကို။ ဝိဿဇ္ဇေတွာ၊ ဖြေ၍။ သောတာပန္နဝိသယေ၊ သောတာပန် ပုဂ္ဂိုလ်၏ အရာ၌၊ ပဥှံ၊ပြဿနာကို။ ဝိဿဇ္ဇေတုံ၊ ဖြေခြင်းငှာ။ နာသက္ခိံသု၊ မတတ် နိုင်ကုန်။ တထာ၊ ထိုအတူ။ သကဒါဂါမိအာဒီနံ၊ သကဒါဂါမ် စသော ပုဂ္ဂိုလ်တို့၏။ ဝိသယေ၊ အရာ၌။ သောတာပန္နာဒယော၊ သောတာပန် စသော ပုဂ္ဂိုလ်တို့သည်။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ မဟာမောဂ္ဂလာန ဝိသယေ၊ အရှင်မောဂ္ဂလာန်၏ အရာ၌။ သေသမဟာသာဝကာ၊ ကြွင်းကုန်သော မဟာသာဝက တို့သည်။ နာသက္ခိံ၊ မတတ်နိုင်ကုန်။ သာရိပုတ္တတ္ထေရဿ၊ အရှင်သာရိပုတ္တရာ မထေရ်၏။

ဝိသယေ၊ အရာ၌။ မဟာမောဂ္ဂလာနေ၊ အရှင်မောဂ္ဂလာန်သည်။ နသက္ကိ၊ မဘတ်နိုင်။ ဗုဒ္ဓဝိသယေစ၊ ဘုရား၏ အရာ၌လည်း။ သာရိပုတ္တောပိ၊ အရှင်သာရိပုတ္တရာသည်လည်း။ ဝိသဇ္ဇေတုံ၊ ဖြေခြင်းငှာ။ နသက္ကိယေဝ၊ မတတ်နိုင်သည်သာလျှင်တည်း။ သော၊ ထို မြတ်စွာဘုရားသည်။ ပါစီနဒိသံ၊ အရှေ့အအရပ်မျက်နှာကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗ ဒိသာ၊ အလုံးစုံသော အရပ်တို့သို့။ ဩလောကေသိ၊ ကြည့်တော်မူ၏။ သဗ္ဗတ္ထ၊ အလုံးစုံသောရပ်တို့၌။ ဧကင်္ဂဏမေဝ၊ တခုတည်းသော ဟင်းလင်းအပြင်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ အဋ္ဌသု ဒိသာသု၊အရပ်ရှစ်မျက်နှာတို့၌။ ဥဒ္ဓံ၊အထက်၌။ ယာဝ ဗြဟ္မာလောကတာ၊ဗြဟ္မာပြည်တိုင်အောင်သော။ ဒေဝမနုဿာစ၊ နတ်လူပြည်တို့သည်ရင်း။ ဟေဋ္ဌာ၊အောက်၌။ ဘူမဋ္ဌာ၊ မြေ၌တည်ကုန်သော။ ယက္ခာ နာဂါ သုပဏ္ဏာစ၊ ဘီလူး နဂါး ဂဠုန်တို့သည်ရင်း။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤလောက၌။ တဿ ပဉ္ဇာ၊ထိုပြဿနာကို။ ဝိဿဇ္ဇေန္တော၊ ဖြေနိုင်သောသူသည်။ နတ္ထိ၊ မရှိ။ တတ္ထေဝ၊ ဤအရပ်၌သာလျှင်။ ဥပဓာရေထ၊ စူးစမ်းရှာဖွေကုန်လော့။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ကိလမတိ၊ ပင်ပန်း၏။ ။မာရိသ၊ဆင်းရဲမရှိသောအချင်း။ ဣဓ၊ ဤလောက၌။ ယေစ သင်္ခတဓမ္မာ၊ အကြင် ကောင်းစွာ သိအပ်ပြီးသော သင်္ခါရတရားရှိသော ရဟန္တာတို့သည်ရင်း။ ပုထူ၊များစွာကုန်သော။ ယေစ သေခါ၊ အကြင် သေက္ခတို့သည်ရင်း။အာသေ၊ ရှိကုန်၏။ တေသံ၊ ထိုသေက္ခ အသေက္ခတို့၏။ အရိယာ၊ အကျင့်ကို။ ပုဋ္ဌော၊ မေးအပ်သော။ နိပကော၊ ရင့်သော ပညာလည်း ရှိထသော။ တွံ၊ သင်သည်။ မေ၊ ငါ့အား။ ဗြူဟိ၊ ကြားဘိလော့။

ဗုဒ္ဓဝိသယေ၊ ဘုရားအရာ၌။ ပဝတ္တံ၊ ဖြစ်သော။ ဣတိ ဣမံ ဗုဒ္ဓပဉ္ဇံ၊ ဤ ဘုရား ပြဿနာကို။ သုတွာ၊ ကြား၍။ သတ္ထာ၊မြတ်စွာဘုရားသည်။ မံ၊ ငါ့ကို။ သေခါ-သေခါနံ၊ သေက္ခ အသေက္ခပုဂ္ဂိုလ်တို့၏။အာဂမနံ ပဋိပဒံ၊မဂ်ဖိုလ်သို့ရောက်ကြောင်း ဖြစ်သော အကျင့်ကို။ ပုစ္ဆတိ၊ မေး၏။ ဣတိ၊ သို့။ သေ-ပဉ္ဇေ၊ ဤသို့ မေးသော ပြဿနာ၌၊ ကိဥ္စာပိ နိက္ကခေါ၊ အကယ်၍ကား ယုံမှားမရှိ။ ပန၊ ထိုသို့ပင် မရှိသော်လည်း။ ခန္ဓာဒိသု၊ ခန္ဓာ-အစရှိသည်တို့တွင်။ ကတရေန မုခေန၊ အဘယ် သို့သော အကြောင်းဖြင့်။ ဣမံ ပဋိပဒံ၊ ဤအကျင့်ကို။ ကထေန္တော၊ ဟောသည် ရှိသော်။ အဟံ၊ ငါသည်။ သတ္ထု၊ မြတ်စွာဘုရား၏။ အဇ္ဈာသယံ၊ အလိုကို။ ဂဏှိတုံ၊ ယူခြင်းငှာ။ နခေါ၊ စင်စစ်။ န သက္ခိဿာမိတိ၊ မတတ်နိုင်အံ့ဟူ၍။ သတ္ထု၊ မြတ်စွာဘုရား၏။ အဇ္ဈာသယေ၊ အလို၌။ ကင်္ခတိ၊ ယုံမှားခြင်းရှိ၏။ သော၊ ထို

သာရိပုတ္တရာသည်။ မယာ၊ ငါဘုရားသည်။ နယေ၊ နည်းကို။ အဒိန္နေ၊ ပေးသည်
ရှိသော်၊ ကထေတုံ၊ ဖြေခြင်းငှာ။ န သက္ကိဿတိ၊ မတတ်နိုင်လတ္တံ့။ အဿ၊
ထိုသာရိပုတ္တရာအား။ နယံ၊ နည်းကို။ ဒဿာမိတိ၊ ပေးအံ့ဟူ၍။ နယံ၊ နည်းကို။
ဒဿေန္တော၊ ပြုလို၍။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဘူတံ၊ ဖြစ်ထသော။ ဣဒံ၊ ဤ
ခန္ဓာငါးပါးအပေါင်းကို။ သမနုပဿတိ၊ ရှုလော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်
မူ၏။ အဿ၊ ထိုမြတ်စွာဘုရားအား။ ဧဝံ၊ ဤအကြံတော်သည်။ အဟောသိ၊ ကိရ၊
ဖြစ်သတတ်။ သာရိပုတ္တော၊ သာရိပုတ္တရာသည်။ မမ၊ ငါ၏။ အဇ္ဈာသယံ၊ အလိုကို။
ဂဟေတွာ၊ ယူ၍။ ကထေန္တော၊ ဟောသည်ရှိသော်။ ခန္ဓဝသေန၊ ခန္ဓာ၏အစွမ်းဖြင့်။
ကထေဿတိ၊ ဟောလတ္တံ့။ ဣတိ၊ ဤသို့သောအကြံသည်။ အဟောသိ၊ ၏။
ထေရဿ၊ အရှင်သာရိပုတ္တရာအား။ နယဒါနေန၊ နည်းပေးသည်နှင့်။ သဟ၊ တကွ။
သောပဉ္ဇော၊ ထိုပြဿနာသည်။ နယသတေန၊ နည်းအရာဖြင့်။ နယသဟဿေန၊
နည်းအထောင်ဖြင့်။ နယသတသဟဿေန၊ နည်းအသိန်း ဖြင့်။ ဥပဋ္ဌာသိ၊ ထင်၏။
သော၊ ထို ရှင်သာရိပုတ္တရာသည်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒိန္နနယေ၊ ပေးတော်
မူသောနည်း၌။ ဌတွာ၊ တည်၍။ တံ ပဉ္စံ၊ ထိုပြဿနာကို။ ကထေသိ၊ ဖြေ၏။ သမ္မာ
သမ္ဗုဒ္ဓံ၊ မြတ်စွာသုရားကို။ ထပေတွာ၊ ထား၍။ အညော၊ တပါးသောသူသည်။
သာရိပုတ္တတ္ထေရဿ၊ ရှင်သာရိပုတ္တရာ၏။ ပဉ္စံ၊ ပြဿနာဖြေခြင်းသို့။ ပါပုဏိတုံ၊
ရောက်ခြင်းငှာ။ သမတ္ထောနာမ၊ စွမ်းနိုင်သောသူမည်သည်။ နတ္ထိ ကိရ၊ မရှိသတတ်။
တေနေဝ၊ ထိုကြောင့်သာလျှင်။ ထေရော၊ အရှင် သာရိပုတ္တရာသည်။ သတ္ထု၊
မြတ်စွာဘုရား၏။ ပုရတော၊ ရှေ့မှ၊ သီဟနာဒံ၊ ခြင်္သေ့မင်း၏ အသံနှင့်တူသောအသံ
ကို။ နဒိကိရ၊ ဆိုသတတ်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ သကလ
ကပ္ပမ္ပိ၊ တကမ္ဘာပတ်လုံးလည်း။ ဒေဝေ၊ မိုဃ်းသည်။ ဝဿန္တေ၊ ရွာသည် ရှိသော်။
စတ္တကာနိ၊ ဤမျှလောက်ကုန်သော။ ဗိန္ဒူနိ၊ မိုဃ်းပေါက်တို့သည်။ မဟာသမုဒ္ဒေ၊
မဟာသမုဒ္ဒရာ၌။ ပတိတာနိ၊ ကျကုန်၏။ စတ္တကာနိ၊ ဤမျှလောက် ကုန်သော
မိုဃ်းပေါက်တို့သည်။ ဘူမိယံ၊ မြေ၌။ ပတိတာနိ၊ ကျကုန်၏။ စတ္တကာနိ၊ ဤမျှ
လောက်သော မိုဃ်းပေါက်တို့သည်။ ပဗ္ဗတေ၊ တောင်၌။ ပတိတာနိ၊ ကျကုန်၏။
ဣတိ ဂဏေတွာ၊ ဤသို့ ရေတွက်၍၊ လေခံ၊ ဂဏန်း အရေးသို့။ အာရောပေတုံ၊
တင်ခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်၏။ ဣတိနဒိ၊ ဤသို့ဆို၏။ သတ္ထာပိ၊ ဘုရားသခင်
သည်လည်း။ နံ၊ ထိုရှင်သာရိပုတ္တရာကို။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တေ တယာ၊
သင်သည်။ ဂဏေတုံ၊ ရေတွက်ခြင်းငှာ။ သမတ္ထဘာဝံ၊ စွမ်းနိုင်သည်၏ အဖြစ်ကို။
ဇာနာမိ၊ သိ၏။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။ အာယသ္မတော၊ ရှည်သော
အသက်ရှိသော။ ဟဿ၊ ထိုရှင်သာရိပုတ္တရာ၏။ ပညာယ၊ ပညာ၏။ ဥပမာ နာမ၊

နိူင်းရှည့်ရာမည်သည်။ နပ္ပိ၊မရှိ။ တေနေဝ၊ထိုကြောင့်လျှင်။ ဂင်္ဂါယ။လ။ ဗုဒ္ဓိယာတို့၊ ဗုဒ္ဓိယာ-ဟူသော။ တေ၊ ဤဂါထာကို။ အာဟ၊ ဆိုၿ။

ဂင်္ဂါယ၊ ဂင်္ဂါ၌။ ဝါလုကာ၊သဲသည်။ ခီယေ၊ ရေတွက်သည်ရှိသော် ကုန်ရာ၏။ မဟဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဥဒကံ၊ရေသည်။ ခီယေ၊ ရေတွက်သည် ရှိသော် ကုန်ရာ၏။ မဟိယာ၊ မြေ၌၊ မတ္တိကာ၊ မြေမှုန့်သည်။ ခီယေ၊ ရေတွက်သည်ရှိသော် ကုန်ရာ၏။ မမ၊ အကျွန်ုပ်၏။ ဗုဒ္ဓိယာ၊ ပညာသည်။ န ခီယေ၊ မကုန်နိုင်ရာ။

ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကား သင့်စွ။ ဗုဒ္ဓိသမ္ပန္နလောကနာထ၊ ဘုန်းပညာနှင့်ပြည့်စုံ၍ လူသုံးပါးတို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ ကော်သို့ ပဥ္စ၊ တခုသောပြဿနာကို။ ဝိဿဇ္ဇိတေ၊ ဖြေသည်ရှိသော်။ ဂင်္ဂါဝါလုကံဝါ၊ သဲတလုံး ကိုရင်း။ ကော်ဥဒကဗိန္ဒုံဝါ၊ ရေဘပေါက်ကိုရင်း။ ကော်ပံသုခဏ္ဍံဝါ၊ မြေမှုန့်ပိုင်းကိုရင်း။ ပက္ခိပိတွာ၊ထည့်၍၊ ပဥှာနံ၊ပြဿနာတို့ကို။ သတေနဝါ၊အရာဖြင့်ရင်း။ သဟဿေနဝါ၊ အာထောင်ဖြင့်ရင်း။ သတသဟဿေနဝါ၊ အသိန်းဖြင့်ရင်း။ ဝိဿဇ္ဇိတေ၊ ဖြေသည်ရှိ သော်။ ဂင်္ဂါယ၊ဂင်္ဂါ၌။ ဝါလုကာဒီသု၊ သဲအစရှိသည်တို့တွင်။ ဧကေကံ၊ သဲတလုံးတလုံး စသည်ကို။ ကေမဓန္တေ၊တင့်အပ်သော အရပ်၌။ သစေခိပေယျ၊ အကယ်၍ပစ်ငြားအံ့။ ခိပ္ပတရံ၊ လျှင်စွာ။ ဂင်္ဂါဒီသု၊ ဂင်္ဂါစသည်တို့၌။ ဝါလုကာဒယော၊ သဲစသည်တို့သည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့၊ ဂစ္ဆေယျုံ၊ ရောက်ကုန်ရာ၏။ မမ၊ ငါ၏။ ပဥှာနံ၊ ပြဿနာတို့ကို။ ဝိဿဇ္ဇနံ၊ ဖြေခြင်းသည်။ ပက္ခယံ၊ ကုန်ခြင်းသို့။ နတွေဝဂစ္ဆေယျုံ၊ မရောက်ကုန်ရာ။ ဣတိဝုတ္တံ၊ ဤသို့ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကား သင့်စွ။ ဧဝံ၊ ဤသို့။ မဟာပညောပိ၊ ပညာကြီးသည်လည်း ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဗုဒ္ဓဝိသယေ၊ ဘုရားအရာ၌။ ပုဋ္ဌပဥှာ၊ မေးအပ်သောပြဿနာ၏။ အန္တံဝါ၊အဆုံးကိုရင်း။ ကောဋိံဝါ၊ အစွန်းကိုရင်း။ အဒိသွာ၊မမြင်သောကြောင့်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဒိန္နနယေ၊ ပေးအပ်သောနည်း၌။ ဌတွာဝ၊ တည်၍ လျှင်။ ပဥှံ၊ ပြဿနာကို။ ဝိဿဇ္ဇေသိ၊ ဖြေရ၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ၊စကားကို။ သမုဋ္ဌာပေသုံ၊ဖြစ်စေကုန်၏။ ယံပဥှံ၊ အကြင်ပြဿနာကို။ ပုဋ္ဌော၊ မေးသည်ရှိသော်။ သဗ္ဗောပိဇနော၊ အလုံး စုံသော လူနတ်သည်လည်း။ ကထေတုံ၊ ဖြေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ တံ၊ ထိုပြဿနာကို။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီးဖြစ်သော။ သာရိပုတ္တော၊ သာရိ ပုတ္တရာအမည်ရှိသော။ ဧကကောဝ၊ ထေရ်တပါးသည်သာလျှင်။ ကထေသိ၊ ဖြေနိုင်၏။ ဣတိသမုဋ္ဌာပေသုံ၊ ဤသို့ဖြစ်စေကုန်၏။ သတ္တာ၊ မြတ်စွာဘုရားသည်။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ပုဗ္ဗေပါနေဝ၊ ယခုသာလျှင်။ သာရိ

ပုတ္တော၊ သာရိပုတ္တရာသည်။ ယံပဉှံ၊ အကြင်ပြဿနာကို။ မဟာဇနော၊ လူများအပေါင်းသည်။ ဝိဿဇ္ဇေတုံ၊ ဖြေခြင်းငှါ။ နသက္ကော၊ မတတ်နိုင်။ တံ၊ထိုလူအပေါင်းဖြေခြင်းငှါမတတ်နိုင်သော ပြဿနာကို။ ဝိဿဇ္ဇေသိ၊ ဖြေသည်ဘား။ နမဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အနေန၊ ဤသာရိပုတ္တရာသည်။ ဝိဿဇ္ဇိတမေဝ။ ဖြေသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ အတီတံ၊ အတိတ်ကို။ အာဟရိတုံ၊ ဆောင်တော်မူခြင်းငှါ။

ဘောန္တော၊ အိုရသေ့အပေါင်းတို့။ သမာဂတာနံ၊ အညီအညွတ် စည်းဝေးကုန်သော ရသေ့တို့တွင်။ ပရောသဟဿမ္ပိ၊ တထောင်အလွန်လည်း ဖြစ်ကုန်ထသော။ အပညာ၊ ပညာလည်း မရှိကုန်ထသော။ တေ၊ ထိုရသေ့တို့သည်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ကန္ဒေယျုံ၊ ငိုကြွေးကုန်၏။ တေသံ၊ ထိုရသေ့တို့တွင်။ ယော၊ အကြင်ရသေ့သည်။ ဘာသိတဿ၊ နတ္ထိကိဉ္စိဟူ၍ ငါဆိုသောစကား၏။ အတ္ထံ၊ အနက်ကို။ ဝိဇာနာတိ၊ ၏။သပညော၊ ပညာရှိထသော။ ဧကော၊ တယောက်တည်းသော။ သောဝေ ပုရိသော၊ သည်လျှင်။ သေယံ၊ ကြွင်းသောရသေ့တို့ထက်။ သေယျော၊ မြတ်၏။ ဣတိဣမံဇာတကံ၊ဤဇာတ်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထေသိ၊ ဟောတော်မူ၏။

ဒုတိယံ၊ သော၊ ဒေဝေါရောဟဏာဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

၁၄-ဗုဒ္ဓဝဂ္ဂ။ ၃-ဧရကပတ္တနာဂရာဇ ဝတ္ထု။

(ဒေဝေါရောဟဏဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအဒါ ဧရကပတ္တနာဂရာဇဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ကိစ္ဆော မနုဿပဋိလာဘော" စသော ပါဋ်ကို မိန့်သတည်း)။

"ကိစ္ဆော မနုဿပဋိလာဘော"တိ ဣမံ ဓမ္မဒေသနံ၊ ကိစ္ဆော မနုဿပဋိလာဘော စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ သတ္တသိရီသကရုက္ခမူလေ၊ ကုက္ကိုခုနစ်ပင်တို့၏ အနီး၌။ ဝိဟရန္တော၊ နေတော်မူစဉ်၊ ဧရကပတ္တံ၊ ဧရကပတ္တ အမည်ရှိသော။ နာဂရာဇံ၊နဂါးမင်းကို။ အာရဗ္ဘ၊အကြောင်းပြု၍။ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုနဂါးမင်းသည်။ ပုဗ္ဗေ၊ ရှေး၌။ ကဿပဗုဒ္ဓသာသနေ၊ ကဿပမြတ်စွာဘုရားသာသနာတော်၌။ ဒဟရဘိက္ခု၊ ရဟန်းငယ်သည်။ ဟုတွာ၊ ဖြစ်၍။

ဂင်္ဂါယ၊ ဂင်္ဂါ၌။ နာဝံ၊ လှေကို။ အဘိရုယှ၊ စီး၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဧကသ္မိံ ဧရကဂုမ္ဗေ၊ တခုသောပိန်းချုံ၌။ ဧကေရကပတ္တံ၊ ပိန်းရွက်ကို။ ဂဟေတွာ၊ ဆွဲ၍။ နာဝါယ၊ လှေ၏။ ဝေဂသာ၊ အဟုန်ဖြင့်။ ဂစ္ဆမာနာယပိ၊ သွားသော်လည်း။ နမုဉ္စိ၊ ဆွဲရာပိန်းရွက်ကို မလွှတ်မိ။ ဧရကပတ္တံ၊ ပိန်းရွက်သည်။ ဆိဇ္ဇိတွာ၊ ပြတ်၍။ ဂတံ ကိရ၊ သွားသတတ်။ သော၊ ထိုရဟန်းငယ်သည်။ တော၊ ဤအာပတ်သည်။ အပ္ပမတ္တကံ၊ အနည်းငယ် သာတည်း။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးပြု၍။ အာပတ္တိံ၊ အာပတ်ကို။ အဒေသေတွာ၊ ဒေသနာ မကြားမူ၍။ ဝီသတိဝဿသဟဿာနိ၊ အနှစ်နှစ်သောင်းတို့ပတ်လုံး။ အရညေ၊ တော၌။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာပိ၊ ပြု၍လည်း။ မရဏကာလေ၊ သေခါနီးကာလ၌။ ဧရကပတ္တေန၊ ပိန်းရွက်သည်။ ဂီဝါယ၊ လည်၌။ ဂဟိတော ဝိယ၊ ဆွဲသကဲ့သို့ဖြစ်၏။ အာပတ္တိံ၊ အာပတ်ကို။ ဒေသေတုကာမော၊ ဒေသနာကြားလိုသည်။ ဟုတွာပိ၊ ဖြစ်၍လည်း။ အညံ ဘိက္ခုံ၊ တပါးရဟန်းကို။ အပဿမာနော၊ မမြင်ခြင်းကြောင့်။ မေ၊ ငါ၏။ သီလံ၊ သီလသည်။ အပရိသုဒ္ဓံ၊ မစင်ကြယ်။ ဣတိ၊ ဤသို့။ ဥပ္ပန္နဝိပ္ပဋိသာရော၊ ဖြစ်သောနှလုံး မသာယာခြင်းရှိလျက်။ တတော၊ ထိုရဟန်းအဖြစ်မှ။ စဝိတွာ၊ စုတေ၍။ ဧကဒေါဏိကနာဝပ္ပမာဏော၊ တခုသော စားကျင်းရှိသော သစ်သား ပိန်းကောလှေ ပမာဏရှိသော။ နာဂရာဇာ၊ နဂါးမင်းသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ အဿ၊ ထိုနဂါးမင်း၏။ ဧရကပတ္တောတွေဝ နာမံ၊ ဧရကပတ္တဟူသောအမည်သည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုနဂါးမင်းသည်။ နိဗ္ဗတ္တက္ခဏေယေဝ၊ ဖြစ်သော ခဏ၌သာလျှင်။ အတ္တဘာဝံ၊ အတ္တဘောကို။ ဩလောကေတွာ၊ ကြည့်၍။ ဧတ္တကံ နာမ ကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊ ပြု၍။ အဟေတုကယောနိယံ၊ အဟိတ် ပဋိသန္ဓေနေသောအမျိုး၌။ မဏ္ဍူကဘက္ခဋ္ဌာနေ၊ ဖားကိုစားရာအရပ်၌။ နိဗ္ဗတ္တောမှိ၊ ဖြစ်ရချေ၏ဟု။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာရှိသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုနဂါးမင်းသည်။ အပရဘာဂေ၊ နောက်အဘို့၌။ ဧကံ ဓီတရံ၊ သမီးတယောက်ကို။ လဘိတွာ၊ ရ၍။ မဇ္ဈေဂင်္ဂါယ၊ ဂင်္ဂါအလယ်၌။ ဥဒကပိဋ္ဌေ၊ ရေအပြင်၌။ မဟန္တံ၊ ကြီးစွာသော ဖဏံ၊ ပါးပျဉ်းကို။ ဥက္ခိပိတွာ၊ ဖြန့်၍။ ဓီတရံ၊ သမီးကို။ တသ္မိံ၊ ထိုပါးပျဉ်း၌။ ဌပေတွာ၊ ထား၍။ နစ္စာပေတွာ၊ ကခြေ၍။ ဂါယာပေသိ၊ သီချင်းကိုသီစေ၏။ အဿ၊ ထိုနဂါးမင်း၏။ ဧဝံ၊ ဤအကြံသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ အဒ္ဓါ၊ မချွတ်။ အဟံ၊ ငါသည်။ ဣဓ၊ ဤလောက၌။ ဣမိနာ ဥပါယေန၊ ဤသို့သော အကြောင်းဖြင့်။ ဗုဒ္ဓေ၊ ဘုရားသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ တဿ၊ ထိုဘုရား၏။ ဥပ္ပန္နဘာဝံ၊ ဖြစ်ခြင်းကို။ သုဏိဿာမိ၊ ကြားရအံ့။ ဣတိ ဝေ၊

ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ မေ၊ ငါ့သို့း၏။ ဂီတဿ၊ သီချင်း၏။ ပဋိဂ္ဂိတံ၊ တဘန်သီချင်းကို။ အာဟရတိ၊ ဆောင်နိုင်၏။ တဿ၊ ထိုသူအား။ မဟန္တေန၊ များစွာသော။ နာဂဘောဂေန၊ နဂါးစည်းစိမ်နှင့်။ သဒ္ဓိံ၊ တကွ။ ဓီတရံ၊ သမီးကို။ ဒဿာမိ၊ ပေးအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ အနွဍမာသံ၊ လခွဲတကြိမ်။ ဥပေါသထဒိဝသေ၊ ဥပုသ်နေ့၌။ တံဓီတရံ၊ ထိုသမီးကို။ ဖဏေ၊ ပါးပျဉ်း၌။ ထပေသိ၊ ထား၏။ သာ၊ ထိုသမီးသည်။ တဿံ၊ ထိုပါးပျဉ်း၌။ ဌိတာ၊ ရပ်လျက်။ နစ္စန္တီ၊ ကကုန်သျက်။

အဓိပ္ပတိ၊ အစိုးရသော။ ရာဇာ၊ မင်းကား။ ကိံသု၊ အဘယ်နည်း။ ရဇ္ဇိဿရော၊ မင်းတို့ကိုအစိုးရသော။ ရာဇာ၊ မင်းကား။ ကိံသု၊ အဘယ်နည်း။ ကထံ ကေနကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ သုပိရဇော၊ အလွန်မြူမှကင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ကထံ ကေနကာရဏေန အဘယ်ကဲ့သော အကြောင်းကြောင့်။ ဗာလောတိ၊ ဗာလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း။

ဣတိဣမံဂီတံ၊ ဤသီချင်းကို။ ဂါယတိ၊ သီ၏။ သကလဇမ္ဗုဒီပဝါသိနော၊ အလုံးစုံ ဇမ္ဗူပါကျွန်း၌ နေကုန်သောသူတို့သည်။ နာဂမာဏဝိကံ၊ နဂါးမင်းသမီးကို။ ဂဏှိဿာမီတိ၊ ယူကုန်အံ့ဟု။ ဂန္တွာ၊ သွား၍။ အတ္တနော၊ မိမိ၏။ ပညာဗလေန၊ ပညာ၏အစွမ်းဖြင့်။ ပဋိဂီတံ၊ သီချင်းတို့ကို။ ကတွာ၊ ၍။ ဂါယန္တိ၊ သီကုန်၏။ သာ၊ ထိုနဂါးမင်းသမီးသည်။ တံ၊ ထိုဇမ္ဗူဒီပါကျွန်းသားတို့ သီချင်းတို့ကို။ ပဋိက္ခိပတိ၊ ပယ်၏။ တဿာ၊ ထိုနဂါးမင်းသမီး၏။ အနွဍမာသံ၊ လခွဲတကြိမ်။ ဖဏေ၊ ပါးပျဉ်း၌။ ဌတွာ၊ ရပ်၍။ ဧဝံ၊ သို့။ ဂါယန္တိယာဝ၊ သီလျက်လျှင်။ ကေဝံ ဗုဒ္ဓန္တရံ၊ နှစ်ဆူသော ဘုရားရှင်တို့၏ တခုသော အကြားကာလသည်။ ဝီတိဝတ္တံ၊ လွန်၏။ အထ၊ ထိုအခါ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဧကဒိဝသံ၊ တနေ့သ၌။ ပစ္စူသကာလေ၊ မိုးသောက်သော ကာလ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်သည်ရှိသော်။ ဧရက ပတ္တံ၊ ဧရကနဂါးမင်းကို။ အာဒိကတွာ၊ အစပြု၍။ ဥတ္တရမာဏဝံနာမ၊ ဥတ္တရအမည်ရှိသော လုလင်ကို။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏဇာလဿ၊ သဗ္ဗညုတဉာဏ်ကွန်ရက်၏။ အန္တော၊ အတွင်းသို့။ ပဝိဋ္ဌံ၊ ဝင်သည်ကို။ ဒိသွာ၊ မြင်၍။ ကိံ နုခေါ၊ အဘယ်သို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇန္တော၊ ဆင်ခြင်သည် ရှိသော်။ ဧရကပတ္တဿ၊ ဧရက် နဂါးမင်း၏။ ဓီတရံ၊ သမီးကို။ ဖဏေ၊ ပါးပျဉ်း၌။ ထပေတွာ၊ ထား၍။ နစ္စာပန ဒိဝသော၊ ကခြင်း, သီခြင်း တို့ကို ပြုစေသော နေ့ကည်း။ အယံ ဥတ္တရမာဏဝေါ၊ ဤဥတ္တရ လုလင်သည်။ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးအပ်သော။ ပဋိဂီတံ၊ သီချင်းတို့ကို။ ဂဏှန္တော၀၊

သင်၍သာလျှင်။ သောတာပန္နော၊ သောတာပန်သည်။ ဟုတွာ၊ ဖြစ်၍။
တံ၊ ထိုငါကပေးသော သီချင်းတို့ကို။ အာဒါယ၊ ယူ၍။ နာဂရာဇဿ၊ နဂါး
မင်း၏။ သန္တိကံ၊ အထံသို့။ ဂမိဿတိ၊ သွားလတ္တံ့။ သော၊ ထိုဧရကပတ္တ
နဂါးမင်းသည်။ တံ၊ ထိုသီချင်းတို့ဂါထာကို။ သုတွာ၊ ကြား၍။ ဗုဒ္ဓေါ၊ ဘုရား
သည်။ ဥပ္ပန္နောတိ၊ ဖြစ်ပြီဟု။ ဉတွာ၊ သိ၍။ မမ၊ ငါ၏။ သန္တိကံ၊ အထံသို့။
အာဂမိဿတိ၊ လာလတ္တံ့။ အဟံ၊ ငါသည်။ တသ္မိံ၊ ထိုနဂါးသည်။ အာဂတေ၊
လာသည်ရှိသော်။ မဟာသမာဂမေ၊ များစွာသော အစည်းအဝေး၌။ ဂါထံ၊
ဂါထာကို။ ကထေဿာမိ၊ ဟောရအံ့။ ဂါထာပရိယောသာနေ၊ ဂါထာအဆုံး၌။
စတုရာသီတိယာ ပါဏာသဟဿာနံ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါ
တို့အား။ ဓမ္မာဘိ သမယော၊ သစ္စာလေးပါးတရားကို သိသည်။ ဘဝိဿတိ၊
ဖြစ်လတ္တံ့။ ဣတိ အဒ္ဒသ၊ ဤသို့မြင်တော်မူ၏။ သော၊ ထိုမြတ်စွာဘုရားသည်။
တတ္ထ၊ ထိုအရပ်သို့။ ဂန္တွာ၊ ကြွ၍။ ဗာရာဏသိတော၊ ဗာရာဏသီပြည်မှ၊ အဝိ
ဒူရေ၊ မနီးမဝေးသော အရပ်၌။ သတ္တသိရီသကရုက္ခေသု၊ ကုက္ကို ခုနစ်ပင်သည်။
အတ္ထိ၊ ရှိ၏။ တေသု၊ ထိုကုက္ကို ခုနစ်ပင်တို့သည်။ ဧကဿ၊ ကုက္ကိုတပင်၏။ မူလေ၊
အနီး၌။ နိသီဒိ၊ နေတော်မူ၏။ ဇမ္ဗုဒီပဝါသိနော၊ ဇမ္ဗုဒီပါကျွန်း၌နေကုန်သော
သူတို့သည်။ဂီတပဋိဂီတံ၊ သီချင်းတို့ သီခြင်းကို။ အာဒါယ၊ ယူ၍။ သန္နိပတိံသု၊
စည်းဝေးကုန်၏။ သတ္ထာ၊ ဘုရားသည်။ အဝိဒူရေဌာနေ၊ မနီးမဝေးသော အရပ်
၌။ ဂစ္ဆန္တံ၊ သွားသော။ ဥတ္တရမာဏဝံ၊ ဥတ္တရလုလင်ကို။ ဒိသွာ၊ မြင်၍။ ဥတ္တရ၊
ဥတ္တရလုလင်။ ဟေ၊ လာလော့။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ဘန္တေ၊
အရှင်ဘုရား။ ကိံ၊ အဘယ်နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေးလျှောက်၏။ ဣတော၊
ဤအရပ်သို့။ တာဝ၊ ရှေးဦးစွာ။ ဧဟိ၊ လာဦးလော့။ ဣတိ အဝေါစ၊ ဤသို့
မိန့်တော်မူ၏။ အထ၊ ထိုနောင်မှ။ အာဂန္တွာ၊ လာ၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသိန္နံ၊
နေသော။ နံ၊ ထိုဥတ္တရလုလင်ကို။ ကဟံ၊ အဘယ်သို့။ ဂစ္ဆသိ၊ သွားအံ့နည်း။
ဣတိ အာဟ၊ ဤသို့မိန့်၏။ ဧရကပတ္တဿ၊ ဧရကနဂါးမင်း၏။ ဓီတု၊ သမီး၏။
ဂါယနဋ္ဌာနံ၊ သီချင်းသီရာ အရပ်သို့။ ဂစ္ဆာမိ၊ သွားပါအံ့။ ဣတိအဝေါစ၊ဤသို့
လျှောက်၏။ ဂီတပဋိဂီတံ၊ သီချင်းတို့ဂါထာကို။ ဇာနာသိ ပန၊ သင် သိ၏လော။
ဣတိ ပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဇာနာမိ၊ သိပါ၏။
ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ တာဝ၊ ရှေးဦးစွာ၊ နံ၊ ထိုသီချင်းတို့ကို။ ဝဒေ
ဟိ၊ ဆိုစမ်းလော့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ အထ၊ ထိုနောင်မှ။ အတ္တနော၊
မိမိ၏။ ဇာနနနိယာမေနေဝ၊ သိသော အမှတ်ဖြင့်သာလျှင်။ ဝဒန္တံ၊ ဆိုသော။
နံ၊ ထိုဥတ္တရ လုလင်ကို။ ဥတ္တရ၊ ဥတ္တရလုလင်။ တေ၊ ဤသင်အမှတ် အစဲ့ပြု

သော ဂါထာသည်။ န ပဋိဂီတံ၊ သီချင်းတို့ ဂါထာမဟုတ်။ အဟံ၊ ငါသည်။ တေ၊ သင်အား။ ပဋိဂီတံ၊ သီချင်းတို့ ဂါထာကို။ ဒဿာမိ၊ ပေးအံ့။ နံ၊ ထိုသီချင်းတို့ ဂါထာကို။ အာဒါယ၊ ယူ၍။ ဂမိဿသိ၊ သင်သွားလော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့ ဝန်ခံလျက်။ အထ၊ ထိုနောင်မှ။ နံ၊ ထိုဥတ္တရလုလင်ကို။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။ ဥတ္တရ၊ ဥတ္တရလုလင်။ တွံ၊ သင်သည်။ နာဂမာဏဝိကာယ၊ နဂါးမ၏။ ဂီတကာလေ၊ သီချင်းသီသော ကာလ၌။

ဆဒွါရာဓိပတိ၊ ခြောက်ဒွါရကို အစိုးရသောသူသည်။ ရာဇာ၊ မင်းမည်၏။ ရဇ္ဇမာနော၊ တပ်ခြင်းရှိသောသူသည်။ ရဇ္ဇိဿရော၊ ရဇ္ဇိဿရမင်းမည်၏။ အရဇ္ဇံ၊ တပ်ခြင်းမရှိသော သူသည်။ ဝိရဇော၊ မြူကင်းသည်။ ဟောတိ၊ ဖြစ်၏။ ရဇ္ဇံ၊ ကာမဂုဏ်၌တပ်သောသူကို။ ဗာလောတိ၊ ဗာလဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဣတိ ဣမံ ပဋိဂီတံ၊ ဤသီချင်းတို့ပြန်သော ဂါထာကို။ ဂါဟေယျာသိ၊ သီလေလော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ မာဏဝိကာယ၊ နဂါးမ၏။ ဂီတဿ၊ သီချင်း၏။ အတ္ထော၊ အနက်ကား။ ကိံသု အဓိပတိ ရာဇာတိ၊ ရာဇာဟူသည်ကား။ ကိံ၊ အဘယ်ကြောင့်။ အဓိပတိ၊ အစိုးရသောသူသည်။ ရာဇာနာမ၊ မင်းမည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ကိံသု ရာဇာ ရဇ္ဇိဿရောတိ၊ ရဇ္ဇိဿရောဟူသည်ကား။ ကထံ ပန၊ အဘယ့်ကြောင့်ကား။ ရာဇာ၊ မင်းသည်။ ရဇ္ဇိဿရော နာမ၊ မြည်ကို အစိုးရသောသူ မည်သည်၊ ဟောတိ၊ ဖြစ်သနည်း။ ကထံ သုဝိရဇော ဟောတီတိ၊ ဟောတိ ဟူသည်ကား။ ကထံ နု ခေါ၊ အဘယ့်ကြောင့်။ သော ရာဇာ၊ ထိုမင်းသည်။ ဝိရဇော နာမ၊ တပ်ခြင်းကင်းသောသူ မည်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ ပဋိဂီတဿ ပန၊ အတုံ့ဖြစ်သော သီချင်း၏ကား။ အယတ္ထော အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဆဒွါရာဓိပတိ ရာဇာတိ၊ ဆဒွါရာဓိပတိ ရာဇာဟူသည်ကား။ ယော၊ အကြင်သူသည်။ ဆန္နံ ဒွါရာနံ၊ ခြောက်ဒွါရတို့၏။ အဓိပတိ၊ အရှင်ဖြစ်၏။ ဧကေ ဒွါရေပိ၊ တခုသော ဒွါရ၌လည်း။ ရူပါဒီဟိ၊ ရူပါရုံ စသည်တို့ဖြင့်။ အနဘိဘူတော၊ နှိပ်စက်ခြင်းမရှိ။ အယံ၊ ဤသူသည်။ ရာဇာနာမ၊ မင်းမည်၏။ ရဇ္ဇမာနော ရဇ္ဇိဿရောတိ၊ ရဇ္ဇိဿရော ဟူသည်ကား။ ယော ပန၊ အကြင်သူသည်ကား။ တေသု အာရမ္မဏေသု၊ ထိုအာရုံတို့၌။ ရဇ္ဇတိ၊ တပ်တတ်၏။ သော ရဇ္ဇမာနော၊ ထိုသို့ တပ်ခြင်းသည်။ ရဇ္ဇိဿရော နာမ၊ ရဇ္ဇိဿရမည်၏။ အရဇ္ဇန္တော၊ အရဇ္ဇံ ဟူသည်ကား။ အရဇ္ဇမာနော ပန၊ တပ်ခြင်း မရှိသော သူသည်ကား။ ဝိရဇော နာမ၊ ဝိရဇမည်သည်။ ဟောတိ၊ ဖြစ်၏။ ရဇ္ဇန္တော၊ ဟူသည်ကား။ ရဇ္ဇမာနော၊ တပ်ခြင်း ရှိသောသူကို။ ဗာလောတိ၊ ဗာလဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဣာဘိ ဝေ၊ ဤသို့။ အဿ၊ ထိုဥတ္တရအား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပဋိဂီတံ၊ သီချင်းတုံ့ကို။ ဒတွာ၊ ပေး၍။ ဥတ္တရ၊ ဥတ္တရလုလင်။ တယာ၊ သင်သည်။ ဣမသို့ ဂီတေ၊ ဤသီချင်းဂါထာတုံ့ကို။ ဂါယိတေ၊ သီသည်ရှိသော်။ ဣမဿ ဂီဘဿ၊ ဤသီချင်းတုံ့၏။ ဣမံ ပဋိဂီတံ၊ ဤအတုံ့ဖြစ်သော သီချင်းကို။ ဂါယိဿန္တိ၊ သီကုန်လတ္တံ့။

ဗာလော၊ သူမိုက်ကို။ ကေန၊ အဘယ်တရားသည်။ ဝုယှတိ၊ မျောသည် အဿ၊ ဖြစ်သနည်း။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ နုဒတိ၊ ပယ်သနည်း။ ယောဂက္ခေမိ၊ ယောဂ၏ ကုန်ခြင်းသည်။ ကထံဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ တံ၊ ထိုပြဿနာကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားဘိလော့။ ဣာဂိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။

အထ၊ ထိုအခါ၌။ အဿ၊ ထိုနဂါးမင်းသမီး၏။ တွံ၊ သင်သည်။ ဣမံ ပဋိဂီတံ၊ ဤသို့ သီချင်းတုံ့ကို။ ဂါယေယျာသိတိ၊ သီလော့ဟု။ အာဟ၊ ဆို၏။

ဗာလော၊ မလိမ္မာသောသူသည်။ ဩဃေန၊ ဩဃလေးပါးဖြင့်။ ဝုယှတိ၊ မျော၏။ ယောဂေ၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းနှင့်ယှဉ်သော၊ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ နုဒတို၊ ဩဃ လေးပါးကို နုတ်၏။ သဗ္ဗယောဂဝိသံယုတ္တော၊ အလုံးစုံ သော ယောဂလေးပါးနှင့် မယှဉ်သော ပုဂ္ဂိုလ်ကို။ ယောဂက္ခေမိတိ၊ ယောဂ၏။ ကုန်ခြင်းကို ပြုဘတ်သောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ အာဟ၊ ဤသို့ ဆို၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ကာမောဃာဒိနာ၊ ကာမောဃ အစရှိသော။ စတုဗ္ဗိဓေန၊ လေးပါးအပြားရှိသော၊ ဩဃေန၊ ဩဃဖြင့်၊ ဗာလော၊ သူမိုက်သည်၊ ဝုယှတိ၊ မျော၏။ တံဩဃံ၊ ထိုဩဃကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ သမပ္ပဓာနသင်္ခါတေန၊ သမပ္ပဓာန်ဟုဆိုအပ်သော။ ယောဂေန၊ လုံ့လပြုခြင်းဖြင့်။ နုဒတိ၊ ပယ်၏။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ကာမယောဂါဒိဟိ၊ ကာမယောဂစသည်တို့နှင့်။ ဝိသံယုတ္တော၊ ယှဉ်ခြင်းမရှိသော။ သော၊ ထိုပုဂ္ဂိုလ်ကို။ ယောဂက္ခေမိနာမ၊ ယောဂ၏ ကုန်ခြင်းရှိသော သူမည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဥတ္တရော၊ ဥတ္တရလုလင်သည်။ ဣမံပဋိဂီတံ၊ ဤသီချင်းတုံ့ဂါထာကို။ ဂဏှန္တောဝ၊ သင်စဉ်လျှင်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သော၊ ထိုဥတ္တရလုလင်သည်။ သောတာပန္နော၊ သောတာပန်သည်။ ဟုတွာ၊ တံဂါထံ၊ ထိုဂါထာကို။ အာဒါယ၊ ယူ၍။ ဂန္တွာ၊ သွား၍။ အမ္ဘော၊ အိုအချင်းတို့။ မယာ၊ ငါသည်။ ဂီဘ

ပဋိဂီတံ၊ သီချင်းတုံ့ဂါထာကို။ အာဟဍ္ဎံ၊ ဆောင်အပ်ပြီ၊ ကြကာသံ၊ အခွင့်ကို။ မေ၊ ငါ့အား။ ဒေထ၊ ပေးကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ နိရန္တရံ၊ မပြတ်။ ဥဟသာ၊ တည်သော။ မဟာဇနဿ၊ လူအပေါင်း၏။ ဇဏ္ဏုနာ၊ ပုဆစ်ဒူးဖြင့်။ အက္ကမန္တော၊ နင်းလျက်။ အဂမာသိ၊ သွား၏။ နာဂမာဏဝိကာ၊ နဂါးမငယ်သည်။ ပိဘုဖဏော၊ အဘားပျဉ်း၍။ ၎တွာ၊ ရပ်၍။ နစ္စမာနာ၊ ကလျက်။ ကိံသု အဓိပ္ပတိရာဇာတိ၊ ရာဇာဟူသော။ ဂီတံ၊ သီချင်းကို။ ဂါယတိ၊ သီ၏။ ဥတ္တရော၊ ဥတ္တရလုလင်သည်။ ဆဒွါရာဓိပ္ပတိရာဇာတိ၊ ရာဇာဟူသော။ ပဋိဂီတံ၊ သီချင်းတုံ့ကို။ ဂါယိ၊ သီ၏။ ပုန၊ တဘန်။ မာဏဝိကာ၊ နဂါးမသည်။ ကေနဿုဝုယှတီတိ၊ ဝုယှတိဟူ၍။ တဿ၊ ထိုဥတ္တရလုလင်အား။ ဂီတံ၊ သီချင်းကို။ ဂါယတိ၊ သီပြန်၏။ အထ၊ ထိုနောင်မှ။ အဿာ၊ ထိုနဂါးမအား။ ပဋိဂီတံ၊ သီချင်းတုံ့ကို။ ဂါယန္တော၊ သီလိုသော။ ဥတ္တရော၊ ဥတ္တရလုလင်သည်။ ဩဃေနဝုယှတီတိ၊ ဝုယှတိဟူသော။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။ နာဂရာဇာ၊ နဂါးမင်းသည်။ တံ၊ ထိုစကားကို။ သုတွာဝ၊ ကြား၍လျှင်။ ဗုဒ္ဓဿ၊ ဘုရားသခင်၏။ ဥပ္ပန္နဘာဝံ၊ ဖြစ်ကြောင်းကို။ ဉတွာ၊ သိ၍။ မယာ၊ ငါသည်။ ကေံဗုဒ္ဓန္တရံ၊ နှစ်ဆူသောဘုရားတို့၏ တခုသော အကြားကာလပတ်လုံး။ ဧဝရူပဿ၊ ဤသို့သဘော ရှိသောသူ၏။ သဒ္ဒံနာမ၊ စကားသံမည်သည်ကို။ နသုတပုဗ္ဗံ၊ မကြားစဘူး။ ဘော၊ အချင်းတို့။ ဝတ၊ စင်စစ်။ လောကေ၊ လောကသွား၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပန္နောတိ၊ ဖြစ်ပြီဟု။ တုဋ္ဌမာနသော၊ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ နင်္ဂုဋ္ဌေန၊ အမြီးဖြင့်။ ဥဒကံ၊ ရေကို။ ပဟရိ၊ ပုတ်ခတ်၏။ မဟာဝီစိယော၊ ကြီးစွာသော လှိုင်းတံပိုးတို့သည်။ ဥဋ္ဌဟိံသု၊ ထကုန်၏။ ဥဘောတီရာနိ၊ ကမ်းနှစ်ဘက်တို့သည်။ ဘိဇ္ဇိံသု၊ ပြိုကုန်၏။ ဣတောစိတောစ၊ ထိုမှဤမှလည်း။ ဥသဘမတ္တေဋ္ဌာနေ၊ တဥသဘ မျှလောက်သော အရပ်၌။ မနုဿာ၊ လူတို့သည်။ ဥဒကေ၊ ရေ၌။ နိမုဇ္ဇိံသု၊ နစ်ကုန်၏။ သော၊ ထိုနပါးမင်းသည်။ ဧတ္တကံ၊ ဤမျှလောက်သော။ မဟာဇနံ၊ လူအပေါင်းကို။ ဖဏေ၊ ပါးပျဉ်း၌။ ထပေတွာ၊ တင်၍။ ဥက္ခိပိတွာ၊ ဆယ်လျက်။ ထလေ၊ ကြည်းကုန်း၌။ ပတိဋ္ဌာပေသိ၊ ထား၏။ သော၊ ထိုနဂါးမင်းသည်။ ဥတ္တရံ၊ ဥတ္တရလုလင်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သာမိ၊ ငါ့သားဥတ္တရလုလင်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ကဟံ၊ အဘယ်အရပ်မှာရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ မဟာရာဇ၊ မြတ်သော နဂါးမင်း။ ကေသိုံ၊ ရုက္ခမူလေ၊ တခုသောသစ်ပင်ရင်း၌။ နိသိန္နော၊ နေတော်မူ၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ သော၊ ထိုနဂါးမင်းသည်။ သာမိ၊ သခင့်သား ဥတ္တရလုလင်။ ဧဟိ၊ လာလော့။ ဂစ္ဆာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့။ ဥတ္တရေန၊ ဥတ္တရလုလင်နှင့်။ သဒ္ဓိံ၊ တကွ။ အဂမာသိ၊ သွားလေ၏။ မဟာဇနောပိ၊ လူများ

အပေါင်းသည်။ တေန၊ ထိုနဂါးမင်းဥတ္တရလုလင်နှင့်။ သဒ္ဓိံ၊ ယေဝ၊ တကွသာလျှင်။ ဂတော၊ သွားကြ၏။ နာဂရာဇာ၊ နဂါးမင်းသည်။ ဂန္တွာ၊ သွားပြီး၍။ ဆဗ္ဗဏ္ဏရံသိနံ၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့၏။ အန္တရံ၊ အတွင်းတို့၊ ပဝိသေတွာ၊ ဝင်၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ရောဒမာနော၊ ငိုမြည်တမ်းလျက်။ အဋ္ဌာသိ၊ တည်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုနဂါးမင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ မဟာရာဇ၊ မြတ်သောနဂါးမင်း။ ဣဒံ၊ ဤသို့ နှလုံးကြည်ကွဲခြင်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တုမှာဒိသဿ၊ အရှင်ဘုရားကဲ့သို့သော။ ဗုဒ္ဓဿ၊ ကဿပမြတ်စွာဘုရား၏ သာဝကော၊ တပည့်သည်။ ဟုတွာ၊ ဖြစ်၍။ ဝီသတိဝဿသဟဿာနိ၊ အနှစ် နှစ်သောင်းတို့ပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ အကာသိ၊ ပြု၏။ မံ၊ အကျွန်ုပ်ကို။ သောပိ သမဏဓမ္မော၊ ထိုရဟန်းတရားသည်လည်း။ နိဒ္ဒါရေတုံ၊ အဟိတ်ပဋိသန္ဓေမှ ထုတ်ခြင်းငှာ။ နာသက္ခိ၊ မတတ်နိုင်။ အပ္ပမတ္တကံ၊ အနည်းငယ်မျှဖြစ်သော။ ဧရကပတ္တံ၊ ပိန်းရွက်ကို။ ဆိန္ဒနမတ္တံ၊ ဖြတ်မိကာမျှကို။ နိဿာယ၊ မှီ၍။ အဟေတုက ပဋိသန္ဓိံ၊ အဟိတ်ပဋိသန္ဓေကို။ ဂဟေတွာ၊ ယူ၍။ ဥရေန၊ ဝမ်းဖြင့်။ ပရိသက္ကနဋ္ဌာနေ၊ တွား၍သွားရာဖြစ်သော အရပ်၌။ နိဗ္ဗတ္တော၊ ဖြစ်၍။ အသိမ္ပိ၊ ဖြစ်၏။ ဧကံဗုဒ္ဓန္တရံ၊ ကဿပ ဂေါတမ ဘုရားတို့၏ တခုသော အကြား၌။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ နေဝ လဘာမိ၊ မရနိုင်။ သဒ္ဓမ္မသဝနံ၊ သူတော်တရား၌ ကြားရခြင်းကို။ နလဘာမိ၊ မရပါ။ တုမှာဒိသဿ၊ အရှင်ဘုရားကဲ့သို့သော။ ဗုဒ္ဓဿ၊ ဘုရားအား။ ဒဿနံ၊ ဖူးမြင်ခြင်းကို။ နလဘာမိ၊ မရခဲ့။ ဣတိ ဣဒံ၊ ဤသည်လျှင်။ ကာရဏံ၊ ကံကို ဝမ်းနည်းသောအကြောင်းတည်း။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုနဂါး၏။ ကထံ၊ လျှောက်ချက်စကားကို။ သုတွာ၊ ကြား၍။ မဟာရာဇ၊ မြတ်သောနဂါးမင်း။ မနုဿတ္တံနာမ၊ လူ၏အဖြစ်မည်သည်ကို။ ဒုလ္လဘမေဝ၊ ရခဲသည်သာလျှင်တည်း။ တထာ၊ ထိုအတူ။ သဒ္ဓမ္မသဝနံ၊ သူတော်တရားကို နာရခြင်းသည်။ ဒုလ္လဘံ၊ ရခြင်းငှာ ခဲယဉ်း၏။ တထာ၊ တူ။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လဘော၊ ရခဲစွာ၏။ ဣဒံ၊ ဤလူ၏အဖြစ် စသည်ကို။ ကိစ္ဆေန၊ ငြိုငြင်ခြင်းဖြင့်။ ကသိရေန၊ ပင်ပန်းခြင်းဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၈၃။ မဟာရာဇ၊ နဂါးမင်း။ မနုဿပဋိလာဘော၊ လူ၏အဖြစ်ကိုရခြင်းကား။ **ကိစ္ဆော**၊ ငြိုငြင်စွာ၏။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ **ကိစ္ဆံ**၊ ငြိုငြင်စွာ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကို နာရခြင်းသည်။ ကိစ္ဆံ၊

ငြိုငြင်စွာရခဲ၏။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားဖြစ်သော ကာလကို။ ကိစ္ဆ ံ၊ ရခဲစွာ၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား၊ ဟိ၊ ထိုစကား သင့်စွ။ မဟန္တေန၊ များစွာသော။ဝါယာမေန၊လုံ့လဖြင့်ရင်း။ မဟန္တေန၊များစွာသော။ ကုသလေန၊ ကုသိုလ်ဖြင့်ရင်း။လဒ္ဓတ္တာ၊ ရအပ်သည်၏ အဖြစ်ကြောင့်။ မနုဿပဋိလာဘော၊ နာမ၊ လူ၏အဖြစ်ကို ရခြင်းမည်သည်ကား။ ကိစ္ဆောဒုလ္လဘော၊ ရခဲ၏။ နိရန္တရံ၊ မပြတ်။ ကသိကမ္မာဒိနို၊လယ်လုပ်ခြင်း စသောအမှုတို့ကို။ ကတ္တာ၊ပြု၍၊ ဇီဝိတဝုတ္တိံ၊ အသက်မွေးခြင်းကို။ ဃဋ္ဋေန္တော၊ ပိ၊လုံ့လပြုလျက်လည်း။ ပရိတ္တဋ္ဌာယိကာယ၊ အလွန်တိုသော အသက်၏တည်ရာအရပ်၌။ ဆပိတံပ၊ထားအပ်သည်လည်းဖြစ်သော။မစ္စာနံ၊သတ္တဝါ တို့၏။ဇီဝိတံ၊အသက်ရှည်ခြင်းသည်။ကိစ္ဆံ၊ငြိုငြင်၏။အနေကာသုပိ၊များသည်လည်း ဖြစ်ကုန်သော။ ကပ္ပေသု၊ ကမ္ဘာတို့၌။ ဓမ္မဒေသကဿပုဂ္ဂလဿ၊ တရားဟော ပုဂ္ဂိုလ်၏၊ ဒုလ္လဘတာယ၊ ရခဲသည်၏ အဖြစ်ကြောင့်။ သဒ္ဓမ္မဿဝနံပိ၊ သူတော် တော်ကောင်း တရားကို ကြားနာရခြင်းသည်လည်း။ ကိစ္ဆံ၊ ငြိုငြင်ခဲယဉ်း၏။ မဟန္တေန၊ များစွာသော။ ဝါယာမေန၊ လုံ့လဖြင့်။ အဘိနီဟာရဿ၊ ဘုရားဆုကို တောင်း၏။ သမိဇ္ဈနတော၊ ပြည့်စုံခြင်းကြောင့်။ သမိဒ္ဓါဘိနီဟာရဿစ၊ ပြည့်စုံစွာ ဘုရားဆုကို တောင်းခြင်းရှိသော ဘုရားဖ်လည်း။ အနေကေဟိ၊ များစွာကုန် သော။ ကပ္ပကောဋိသဟဿေဟိပိ၊ ကမ္ဘာကုဋေအထောင်တို့ဖြင့်လည်း၊ ဒုလ္လဘုပ္ပါ ဒတော၊ ခဲယဉ်းစွာဖြစ်ခြင်းရှိသောကြောင့်။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဥပ္ပါဒေါပိ၊ ဖြစ်ခြင်းသည်လည်း။ ကိစ္ဆောယေဝ၊ ငြိုငြင်ခဲယဉ်းသည်သာလျှင်တည်း။ အတိ ဝိယ၊ အလွန်လျှင်။ ဒုလ္လဘော၊ ရခဲ၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ဒေသနာတော်အဆုံး၌။စတုရာသီတိယာ ပါဏ သဟဿာနံ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား။ဓမ္မာဘိ သမယော၊သစ္စာလေးပါး တရားကိုသိသည်။ အဟောသိ၊ဖြစ်၏။ နာဂရာဇာပိ၊ နဂါးမင်းသည်လည်း။ တံဒိ ဝသံ၊ ထိုနေ့၌။ သောတာပတ္တိ ဖလံ၊ သောတာပတ္တိ ဖိုလ်သို့။ လဘေယျ၊ ရရာ၏။ တိရစ္ဆာန ဂတတ္တာပန၊ တိရစ္ဆာန်ဖြစ်သောကြောင့်ကား။နာလဒ္ဓါ၊ မရအပ်သော၊ ထိုနဂါးမင်းသည်။ ပဋိသန္ဓိဂဟဏာဒိဝ မဟာနဝိဿဋ္ဌနိဒ္ဒေါက္ကမန သဇာတိယာဓမ္မေ ထုနသေဝနစုတိသခါတေသု၊ ပဋိသန္ဓေ နေခြင်း အရေကို စွန့်ခြင်း လွတ်လွတ် စိတ်ကိုပြု၍အိပ်ခြင်း ဇာတ်တူရှိသောနဂါးမနှင့်မေထုန်မှီဝဲခြင်း စုတိခြင်းဟု ဆိုအပ် ကုန်သော။ ယေသုပဉ္စသုဌာနေသု၊ အကြင်ငါးပါးသော အရာတို့၌။ နာဂါ၊နဂါး တို့သည်။ နာဂသရီရမေဝ၊ ဖြစ်တိုင်းသော နဂါးကိုယ်ကို သာလျှင်။ ဂဏှန္တိ၊ ယူခြင်းကြောင့်။ ကိလမန္တိ၊ ပင်ပန်းကုန်၏။ တေသု၊ ထိုငါးပါးသော အရာတို့၌။

အကိလမနုဘောဝံ၊ မပင်ပန်းသည်၏ အဖြစ်သို့။ ပတ္တာ၊ရောက်၍။ မာဏဝရူပေနေဝ၊ နတ်သုလင်၏အသွင်ဖြင့်လျှင်။ ဝိစရိတုံ၊ လှည့်လည်သွားလာခြင်းငှာ။လဘတိ၊ရ၏။

တတိယံ၊ သော။ရေကပတ္တနာဂရာဇဝတ္ထု၊သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———

## ၁၄-ဗုဒ္ဓဝဂ္ဂ။ ၄-အာနန္ဒတ္ထေရပဉှပေါသထပဉှဝတ္ထု။

(ရေကပတ္တ နဂါးမင်း ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြပြီး၍ အာနန္ဒတ္ထေရ ဉှာတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "သဗ္ဗပါပဿ အကရဏံ" စသောပါဌ်ကို မိန့်သသည်း)။

"သဗ္ဗပါပဿ အကရဏံ"န္တိ ဣမံ ဓမ္မဒေသနံ၊ သဗ္ဗပါပဿ အကရဏံ စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌၊ ဝိဟရန္တော၊ နေတော်မူလျက်။ အာနန္ဒတ္ထေရဿ၊ အရှင် အနန္ဒာမထေရ်၏။ ပဉှံ၊ ပြဿနာမေးခြင်းကို။အာရဗ္ဘ၊အကြောင်းပြု၍။ကထေသိ၊ ဟောတော်မူ၏။ တံ၊ ထိုပြဿနာကို။ ထေရော၊ အာနန္ဒာ မထေရ်သည်။ ဒိဝါ ဋ္ဌာနေ၊ နေ့သန့်ရာ အရပ်၌။ နိသိန္နော၊ နေလျက်။ စိန္တေသိ ကိရ၊ ကြံသတတ်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ သတ္တန္နံ ဗုဒ္ဓါနံ၊ ခုနစ်ဆူသော ဘုရားတို့၏။ မာတာပိတရော၊ မယ်တော်တို့ကိုရင်း။ အာယုပရိစ္ဆေဒေါ၊ အသက်အပိုင်းအခြားကိုရင်း။ ဗောဓိပလ္လင်္ကာ ဗောဓိကိုရင်း။ သာဝကသန္နိပါတော၊ သာဝက အစည်းအဝေးကိုရင်း။ အဂ္ဂသာဝကသန္နိပါတော၊ အဂ္ဂသာဝက အစည်းအဝေးကိုရင်း။ ဥပဋ္ဌာကော၊ အလုပ်အကျွေးကိုရင်း။ ဣတိ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။ ကထိတံ၊ ဟောတော်မူ၏။ ဥပေါသထော ပန၊ ဥပုသ်ကိုကား။ အကထိတော၊ ဟောတော်မမူ၊ ကိံ နုခေါ၊ အဘယ်သို့နည်း။ တေသံပိ၊ ထိုခုနစ်ဆူသော ဘုရားရှင်တို့၏ လည်း။ အယမေဝ ဥပေါသထော၊ ဤပုသ်သည်ပင်လျှင်။ အသိ၊ ဖြစ်သလော။ အညော၊ သည်မှ တပါးသည်။ အသိ၊ ဖြစ်သလော။ ဣတိ၊ ဤသို့။ သော၊ ထိုအာနန္ဒာသည်။ သတ္ထာရံ၊ မြတ်စွာ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆိ၊ မေး၏။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တေသံ ဗုဒ္ဓါနံ၊ ထိုမြတ်စွာ ဘုရားတို့၏။ ကာလ ဘေဒေါဝ၊ ကာလ အပြား ရှိသည် သာလျှင်။ အဟောသိ၊ ဖြစ်၏။ ကထာ ဘေဒေါ၊ ကထာ အပြား သည်။ န အဟောသိ၊ မဖြစ်။ ဣတိ၊ ထိုစကား သင့်စွ။ ဝိပဿိသမ္မာသမ္ဗုဒ္ဓေါ၊

ဝိပဿီ မြတ်စွာဘုရားသည်။ သတ္တမေ သတ္တမေ သံဝစ္ဆရေ၊ ခုနစ်နှစ်ဘကြိမ် ခုနစ်နှစ်တကြိမ်။ ဥပေါသထံ ဥပုသ်ကို။ အကာသိ၊ ပြု၏။ ဟိ၊ ထိုစကားသင့်စွ။ အဿ၊ ထိုဝိပဿီ မြတ်စွာဘုရား၏။ ဧကဒိဝသံ၊ တနေ့သဉ္၌။ ဒိန္နော၊ ပေးအပ်သော။ ဩဝါဒေါ ယေဝ၊ အဆုံးအမသည်သာလျှင်။ သတ္တန္နံ သံဝစ္ဆရာနံ၊ ခုနစ်နှစ်တို့ပတ်လုံး။ အလံ၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ သိခီစ၊ သိခီဘုရားသခင်သည်၎င်း။ ဝေဿဘူစ၊ဝေဿဘူဘုရားသခင်သည်၎င်း။ ဆဋ္ဌေ ဆဋ္ဌေ သံဝစ္ဆရေ၊ ခြောက်နှစ်တကြိမ် ခြောက်နှစ်တကြိမ်။ ဥပေါသထံ၊ ဥပုသ်ကို။ ကရိံသု၊ ပြုကုန်၏။ ကကုသန္ဓောစ၊ ကကုသန် မြတ်စွာဘုရားသည်၎င်း။ ကောနာဂမနောစ၊ ကောနာဂုံ မြတ်စွာဘုရားသည်၎င်း။ သံဝစ္ဆရေ သံဝစ္ဆရေ၊ တနှစ်တကြိမ် တနှစ်တကြိမ်။ ဥပေါသထံ၊ ဥပုသ်ကို။ ကရိံသု၊ ကုန်၏။ ကဿပ ဒသဗလော၊ အားဆယ်ပါးနှင့်ပြည့်စုံတော်မူသော ကဿပ မြတ်စွာ ဘုရားသည်။ ဆဋ္ဌေ ဆဋ္ဌေ မာသေ၊ ခြောက်လတကြိမ် ခြောက်လတကြိမ်။ ဥပေါသထံ၊ ဥပုသ်ကို။ အကာသိ၊ ပြုတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ အဿ၊ ထိုကဿပ မြတ်စွာဘုရား၏။ ဧကဒိဝသံ၊ တနေ့သဉ္၌။ ဒိန္နော၊ ပေးအပ်သော။ ဩဝါဒေါ ဝေ၊ အဆုံးအမသည်သာလျှင်။ ဆန္နံမာသာနံ၊ ခြောက်လတို့ ပတ်လုံး။ အလံ၊ စွမ်းနိုင်သည်။ အဟောသိ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုသာဝကတို့အား။ ဣမံ၊ ကာလဘေဒံ၊ ဤကာလ အထူးအပြားကို။ အာရောစေတွာ၊ ကြား၍။ နေသံ၊ ထိုရဟန်းတို့၏။ ဩဝါဒဂါထာယ၊ အဆုံးအမပေးသော ဂါထာသည်ကား။ ဣမာယေဝ၊ ဤဂါထာတို့သာလျှင်တည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ သဗ္ဗေသံ၊ အလုံးစုံသော သာဝကတို့အား။ ဧကမေဝ၊ တူသည်သာလျှင်ဖြစ်သော။ ဥပေါသထံ၊ ဥပုသ်ကို။ အာဝိကရောန္တော၊ ထင်ရှားပြတော်မူလိုသည်ဖြစ်၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၀၄။ ဘိက္ခဝေ၊ တို့။ သဗ္ဗပါပဿ၊ အလုံးစုံသော အကုသိုလ်ကို။ ယံ အကရဏံ၊ အကြင် မပြုခြင်းသည်၎င်း။ ကုသလဿ၊ ကုသိုလ်၏။ ယာ ဥပသမ္ပဒါ၊ အကြင် ပြည့်စုံခြင်းသည်၎င်း။ ယံ သစိတ္တပရိယောဒပနံ၊ အကြင် မိမိစိတ်ကို ဖြူစင်စေခြင်းသည်၎င်း။ ဧတံ၊ ရှိ၏။ တေ၊ ဤအလုံးစုံသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သာသနံ၊ အဆုံးအမတည်း။

၁၀၅။ ဘိက္ခဝေ၊ တို့။ တိတိက္ခာ၊ တိတိက္ခာဟု ဆိုအပ်သော။ ခန္တိ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ မြတ်၏ ဟူ၍။ ဗုဒ္ဓါ၊ ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာတို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ဟိ၊ ထိုစကား သင့်စွ။ ပရူပဃာတီ၊ သူတပါးကို သတ်ပုတ်သောသူသည်။

ပဗ္ဗဇိတော၊ ကိလေသာကို နှင်ထုတ်သောသူ မည်သည်။ န ဟောတိ၊ မဖြစ်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲခြင်း ရှိသောသူသည်။ သမဏော၊ ရဟန်း သည်။ န ဟောတိ၊ မဖြစ်။

၁၈၆။ ဘိက္ခဝေ၊ တို့၊ အနုပဝါဒေါ၊ သူတပါးကို မကဲ့ရဲ့ မစွပ်စွဲခြင်းသည် ၎င်း။ အနုပဃာတော၊ သူတပါးကို မသတ် မညှဉ်းဆဲခြင်းသည်၎င်း။ ပါတိ မောက္ခေစ၊ အကြီးဖြစ်သော သီလကိုလည်း။ သံဝရော၊ စောင့်စည်းခြင်းသည် ၎င်း။ ဘတ္တသ္မိံ၊ ဆွမ်းကိုစားခြင်း၌။ မတ္တညုတာစ၊ အတိုင်းအရှည်ကို သိသည်၏ အဖြစ်သည်၎င်း။ သန္တဉ္စ သယနာသနံ၊ ဆိတ်ငြိမ်ရာသောကျောင်း၌ နေခြင်းသည် ၎င်း။ အဓိစိတ္တေ၊ ရှစ်ပါးသော သမာပတ်ဟု ဆိုအပ်သော အဓိစိတ္တသိက္ခာ၌။ အာယောဂေါစ၊ လုံ့လပြုခြင်းသည်၎င်း။ ဧတံ၊ ဤအလုံးစုံသည်။ ဗုဒ္ဓါနံ၊ မြတ်စွာ ဘုရားတို့၏။ သာသနံ၊ အဆုံးအမတည်း။ ဣတိ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ သဗ္ဗပါပဿာတိ၊ သဗ္ဗပါပဿ ဟူသည်ကား။ သဗ္ဗဿ၊ အလုံးစုံသော။ အကုသလ ကမ္မဿ၊ အကုသိုလ်ကံကို။ ဥပသမ္ပဒါတိ၊ ဥပ သမ္ပဒါ-ဟူသည်ကား။ အဘိနိက္ခမနတော၊တောထွက်သည်မှ။ ပဋ္ဌာယ၊ ၍။ ယာဝ အရဟတ္တမဂ္ဂါ၊ အရဟတ္တမဂ်သို့ ရောက်သည်တိုင်အောင်။ ကုသလဿ၊ ကုသိုလ်ကို၊ ဥပ္ပါဒနံစေဝ၊ ပြည့်စုံစေခြင်းသည်၎င်း။ ဥပ္ပါဒိကဿစ၊ ပြည့်စုံစေအပ်ပြီးသော ကုသိုလ်ကိုလည်း။ ဘာဝနာ၊ ပွားစေခြင်းတည်း။ သစိတ္တပရိယောဒပနန္တိ၊ သစိတ္တ ပရိယောဒပနံ ဟူသည်ကား။ ပဉ္စဟိ နီဝရဏေဟိ၊ ငါးပါးသော နီဝရဏတို့မှ။ အတ္တ နော၊မိမိ၏။စိတ္တဿ၊စိတ်ကို။ဝေါဒါပနံ၊ဖြူစင်စေခြင်းတည်း။ဧတံ ဗုဒ္ဓါနသာသနန္တိ၊ ဧတံ ဗုဒ္ဓါနသာသနံ-ဟူသည်ကား။ အယံ၊ ဤသည်လျှင်။သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသော ဘုရားရှင်တို့၏။ အနုသိဋ္ဌိ၊ အဆုံးအမတော်တည်း။ ခန္တီတိ၊ ခန္တီဟူသည်ကား။ တိတိက္ခသင်္ခါတာ၊ တိတိက္ခာဟု ဆိုအပ်သော။ ယာ သော ခန္တိနာမ၊ အကြင် သည်းခံခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသည်းခံခြင်းသည်။ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌၊ ပရမံ ဥတ္တမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါတိ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ ဟူသည်ကား။ ဗုဒ္ဓါစ၊ ဘုရားသခင် တို့သည်၎င်း။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါ ဘုရားသခင်တို့သည်၎င်း။ အနုဗုဒ္ဓါစ၊ ဘုရားကို အမှီပြု၍ သစ္စာလေးပါးကိုသိကုန်သော သာဝကတို့သည်၎င်း။ ဣတိ ဣမေ တယော ဗုဒ္ဓါ၊ ဤသုံးဦးသော ဘုရားသခင်တို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဥတ္တမန္တိ၊ မြတ်၏ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ နဟိ ပဗ္ဗဇိတောတိ၊ နဟိ ပဗ္ဗဇိတော ဟူသည်ကား။ ပါဏိအာဒီဟိ၊ လက် အစရှိသည်တို့ဖြင့်။ ပရံ၊ သူတပါးကို၊ ဥပဟ နန္တော ဝိဟေဌေန္တော၊ ညှဉ်းဆဲခြင်းရှိသော။ ပရူပဃာတီ၊ သူတပါးကို။ သတ်လေ့

ရှိသောသူသည်။ ပဗ္ဗဇိတော နာမ၊ ရဟန်းမည်သည်။ န ဟောတိ၊ မဖြစ်။ န သမဏောတိ၊ န သမဏောဟူသည်ကား၊ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တောပိ၊ ညှဉ်းဆဲခြင်းရှိသော သူသည်လည်း။ သမဏော၊ ရဟန်းသည်၊ န ဟောတိ ယေဝ၊ မဖြစ်သည်သာ လျှင်တည်း။ အနူပဝါဒေါတိ၊ အနူပဝါဒေါ ဟူသည်ကား။ အနူပဝါဒနဉ္စေဝ၊ မိမိကိုယ်တိုင် စွပ်စွဲကဲ့ရဲ့ခြင်းသည်ရင်း။ အနူပဝါဒါပနဉ္စ၊ သူတပါးကို စွပ်စွဲကဲ့ရဲ့ စေခြင်းသည်ရင်းတည်း။ အနူပဃာတောတိ၊ အနူပဃာတော ဟူသည်ကား။ အနူပဃာတနဉ္စေဝ၊ မိမိကိုယ်တိုင် သတ်ပုတ်ခြင်းသည်ရင်း၊ အနူပဃာတာပနဉ္စ၊ သူတပါးကို သတ်ပုတ်စေခြင်းသည်ရင်းတည်း။ ပါတိမောက္ခေတိ၊ ပါတိမောက္ခေ ဟူသည်ကား၊ ဇေဋ္ဌကံသီလံ၊ အကြီးဖြစ်သော သီလကို။ သံဝရောတိ၊ သံဝရော ဟူသည်ကား။ ပိဒဟနံ၊ ပိတ်ပင်ခြင်းတည်း။ မတ္တညုတာတိ၊ မတ္တညုတာ ဟူသည်ကား။ မတ္တညုဘာဝေါ ပမာဏဇာနနံ၊ အတိုင်းအရှည်ကိုသိသော အဖြစ်ဘည်း။ သန္တန္တိ၊ သန္တံ ဟူသည်ကား။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်ခြင်းတည်း။ အဓိစိတ္တေတိ၊ အဓိစိတ္တေ ဟူသည်ကား။ အဋ္ဌ သမာပတ္တိ သင်္ခါတေ၊ ရှစ်ပါးသော သမာပတ်ဟုဆိုအပ်သော။ အဓိစိတ္တေ၊ အစိစိတ္တသိက္ခာ၌ပုဒ်၌။ အာယောဂေါတိ၊ အာယောဂေါ-ဟူသည်ကား။ ပယောဂကရဏံ၊ လုံ့လပြုခြင်းတည်း။ ဧတန္တိ၊ ဧတံ ဟူသည်ကား။ ဧတံ၊ ဤအဆုံး အမတော်သည်။ သဗ္ဗေသံ၊ ဗုဒ္ဓါနံ၊ အလုံးစုံသော ဘုရားရှင်တို့၏၊ သာသနံ၊ အဆုံးအမတော်တည်း။ ဟိ၊ ထိုစကား သင့်စွ။ ဧတ္ထ၊ ဤ ဩဝါဒဂါထာတို့တွင်။ အနူပဝါဒေန၊ မကဲ့ရဲ့ မစွပ်စွဲခြင်းဖြင့်။ ဝါစသိကံ၊ နှုတ်၌ဖြစ်သော။ သီလံ၊ သီလကို။ ကထိတံ၊ ဆိုအပ်၏။ အနူဃာတေန၊ မသတ်ပုတ်ခြင်းဖြင့်။ ကာယိကသီလံ၊ ကာယိက သီလကို။ ကထိတံ၊ ၏။ ပါတိမောက္ခေစ သံဝရောတိ ဣမိနာ၊ သံဝရော ဟူသော ဤပါဌ်ဖြင့်။ ပါတိမောက္ခသီလဉ္စေဝ၊ ပါတိမောက္ခသံဝရသီလကိုရင်း။ ဣန္ဒြိယ သံဝရဉ္စ၊ ဣန္ဒြိယ သံဝရသီလကိုရင်း။ ကထိတံ၊ ဆိုအပ်၏။ မတ္တညုတာဝ၊ မတ္တညုတာ ဟူသောပါဌ်ဖြင့်။ အာဇီဝပါရိသုဒ္ဓိဉ္စေဝ၊ အာဇီဝပါရိသုဒ္ဓိသီလကိုရင်း။ ပစ္စယ သန္နိဿိတသီလဉ္စ၊ ပစ္စယသန္နိဿိတသီလကိုရင်း။ ကထိတံ၊ ဆိုအပ်၏။ သန္တသေနာသနေန၊ ဆိတ်ငြိမ်ရာကျောင်း၌ နေခြင်းဖြင့်။ သပ္ပါယ သေနာသနံ၊ လျောက်ပတ်သော ကျောင်းကို။ ကထိတံ၊ ဆိုအပ်၏။ အဓိစိတ္တေန၊ အဓိစိတ္တ ဟူသောပုဒ်ဖြင့်။ အဋ္ဌသမာပတ္တိယော၊ ရှစ်ပါးသော သမာပတ်တို့ကို။ ကထိတာ၊ ဆိုအပ်ကုန်၏။ ဧဝံ၊ ဤသို့။ ဣမာယ ဂါထာယ၊ ဤဂါထာဖြင့်။ တိဿောပိ၊ သုံးပါးလည်း ဖြစ်ကုန်သော။ သိက္ခာ၊ သိက္ခာတို့ကို။ ကထိတာဧဝ၊ ဆိုအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ အယံ၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊

ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒိနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

စတုတ္ထံ၊ သော။ အာနန္ဒတ္ထေရပဉှပေါသထပဉှဝတ္ထု၊ သည်။
ဋ္ဌတိသမတ္တံ၊ ပြီးပြီ။

—— ● ——

## ၁၄-ဗုဒ္ဓဝဂ္ဂ။ ၅-အနဘိရတိဘိက္ခု ဝတ္ထု။

(အာနန္ဒပဉှဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြပြီး၍ ယခုအခါ အနဘိရတိဘိက္ခုဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "နကဟာပဏဝဿေန"တိ-စသောပါဌ်ကို မိန့်သတည်း)။

နကဟာပဏဝဿေနာတိ ဣမံ ဓမ္မဒေသနံ၊ နကဟာပဏဝဿေန- စသော ဤဘုရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဧကံ၊ တယောက်သော။ အနဘိရတိဘိက္ခုံ၊ မမွေ့လျော်သောရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုရဟန်းသည်။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ လဒ္ဓူပသမ္ပဒေါ၊ ရအပ်သော ပဉ္စင်း အဖြစ်ရှိပြီးသော်။ အသုကံဌာနံနာမ၊ ဤမည်သောအရပ်သို့။ ဂန္ဒွာ၊ သွား၍။ ဥဒ္ဒေသံ၊ ပါဠိတော်ကို။ ဥဂ္ဂဏှာဟီတိ၊ သင်လေလော့ဟု။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်သည်။ ပေသိတော၊ စေအပ်သည်၍။ တတ္ထ၊ ထိုအရပ်သို့။ အာဂမာသိ၊ သွားသတတ်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုရဟန်း၏။ ပိတုနော၊ အဘ၏။ ရောဂေါ၊ အနာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သော၊ ထိုအဘသည်။ ပုတ္တံ၊ သားကို။ ဒဋ္ဌုကာမော၊ ဖူးမြင်လိုသည်။ ဟုတွာ၊ ဖြစ်၍။ တံ၊ ထိုသားကို။ ပက္ကောသိတုံ၊ ပင့်ခေါ်ခြင်းငှာ။ သမတ္ထံ၊ စွမ်းနိုင်သော။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ အလဘိတွာ၊ မရသောကြောင့်။ ပုတ္တသောကေန၊ သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့်။ ဝိပ္ပလပန္တောယေဝ၊ ယောင်ယမ်းမြည်တမ်းလျက်သာလျှင်။ အာသန္နမရဏော၊ သေခြင်း၏ အနီးသို့ရောက်သည်။ ဟုတွာ၊ ဖြစ်၍။ ဣဒံ၊ ဤဝတ္ထုကို။ မေ၊ငါ၏။ ပုတ္တဿ၊သား၏။ ပတ္တစီဝရမူလံ၊ သပိတ်သင်္ကန်းဘိုးကို။ ကရေယျာသိ၊ ပြုရစ်လော့။ ဣတိ၊ ဤသို့။ ကဟာပဏသတံ၊ အသပြာတရာကို။ ကနိဋ္ဌဿ၊ ညီ၏။ ဟတ္ထေ၊ လက်၌။ ဒတွာ၊ ပေးခဲ့၍။ ကာလမကာသိ၊ စုတေခြင်းကိုပြု၏။ သော၊ ထိုဘထွေးသည်။ ဒဟရဿ၊ ပဉ္စင်းငယ်၏။ အာဂတကာလေ၊ လာသောအခါ၌။ ပါဒမူလေ၊ခြေရင်း၌။ နိပတိတွာ၊ဝပ်၍။ ပဝတ္တေန္တော၊

လူးလည်းလျက်။ ရောဒိတွာ၊ ငိုရ၍။ ဘဒ္ဒန္တေ၊ အရှင်ဘုရား။ တော၊ သင်၏။ ပိတာ၊
သည်။ ဝိပ္ပလပန္တောဝယေဝ၊ ယောင်ယမ်းမြည်တမ်းလျက်လျှင်။ ကာလံကတော၊
စုတေခြင်းသို့ရောက်၏။ မယှံပန၊ ငါ၏ကား။ တေန၊ ထိုအဘတကာကြီးသည်။
ကဟာပဏသတံ၊ အသပြာတရာကို။ ဟတ္တေ၊လက်၌။ ထပိတံ၊ ထားခဲ့၏။ တေန၊
ထိုအသပြာဖြင့်။ ကိံ ကရောမိ၊ အဘယ်သို့ ပြုရအံ့နည်း။ ဣတိအာဟ၊ ဤသို့
ဆို၏။ ဒဟရော၊ ပဉ္စင်းငယ်သည်။ မေ၊ ငါ့အား။ ကဟာပဏေဟိ၊ အသပြာ
တို့ဖြင့်။ နအတ္ထော၊ အလိုမရှိ။ ဣတိပဋိက္ခိပိတွာ။ ဤသို့ပယ်ပြီး၍။ အပရဘာဂေ၊
နောက်အဘို့။ စိန္တေသိ။ ကြံ၏။ မေ၊ငါ့အား။ ပရကုလေ၊သူတပါးအိမ်၌။ပိဏ္ဍာယ၊
ဆွမ်းအလို့ငှာ။ စရိတွာ၊ သွား၍။ ဇီဝိတေန၊ အသက်မွေးခြင်းဖြင့်။ ကိံ၊ အဘယ်
အကျိုးရှိအံ့နည်း။ တံကဟာပဏသတံ၊ ထိုအပြာတရာကို။ နိဿာယ၊ မှီ၍။ ဇီဝိတုံ၊
အသက်ရှည်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ ဝိဗ္ဘမိဿာမိ၊ လူထွက်အံ့၊ ဣတိ
စိန္တေသိ၊ ဤသို့ကြံ၏။ သော၊ ထိုပဉ္စင်းငယ်သည်။ အနဘိရတိယာ၊ မမွေ့လျော်
ခြင်းဖြင့်။ ပီဠိတော၊ နှိပ်စက်သည်ဖြစ်၍။ ဝိဿဋ္ဌသဇ္ဈာယကမ္မဋ္ဌာနော၊ လွှတ်အပ်
သော သဇ္ဈာယ်ခြင်း ကမ္မဋ္ဌာန်းစီးဖြန်းခြင်းရှိလျက်။ ပဏ္ဍုရောဂေါဝိယ၊ ဖျော့တော့
သော အဆင်းရှိလျက် အနာနှိပ်စက်သကဲ့သို့။အဟောသိ၊ ဖြစ်၏။အထ၊ထိုအခါ၌။
နံ၊ ထိုပဉ္စင်းငယ်ကို။ ဒဟရသာမဏေရာ၊ သာမဏေငယ်တို့သည်။ ကိံ၊ ဤသို့ညစ်
နွမ်းသော ကိုယ်ရှိခြင်းသည်။ ကိံ၊ အဘယ်နည်း။ဣတိပုစ္ဆိတွာ၊ ဤသို့မေးသော
ကြောင့်။ ဥက္ကဏ္ဌိတော၊ ငြီးငွေ့သည်။ အမှိ၊ဖြစ်၏။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်
ရှိသော်။ အာစရိယုပဇ္ဈာယာနံ၊ ဆရာဥပဇ္ဈာယ်တို့အား။ အာစိက္ခိံသု၊ ကြားကုန်
၏။ အထ၊ ထိုအခါ၌။နံ၊ ထိုပဉ္စင်းငယ်ကို။ တေ၊ ထိုရဟန်းတို့သည်။ သတ္ထုသန္တိကံ၊
မြတ်စွာဘုရားအထံသို့။နေတွာ၊ဆောင်၍။ သတ္ထု၊ မြတ်စွာဘုရားအား။ ဒဿေသုံ၊
ပြကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တွံ၊ သင်သည်။ ဥက္ကဏ္ဌိတောကိရ၊ငြီးငွေ့၏
ဟူသည်။ သစ္စံ၊မှန်သလော။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးသောကြောင့်။ဘန္တေ၊ အရှင်
ဘုရား။ အာမ၊ ဩော် မှန်ပေ၏။ ဣတိဝုတ္တေ၊ ဤသို့နားတော်လျှောက်သည်ရှိသော်။
ကသ္မာ၊ အဘယ်ကြောင့်။ ဧဝံ၊ ဤသို့။ အကာသိ၊ ပြုသနည်း။ ကောစိ၊ တစုံတခု
သော။တေ၊သင်၏။ ဇီဝိတပစ္စယော၊ အသက်မွေးခြင်း၏အကြောင်းသည်။အတ္ထိပန၊
ရှိသလော။ ဣတိအာဟ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊အရှင်ဘုရား။ အာမ၊ ဩော်
ရှိပါ၏။ဣတိ ဝုတ္တေ၊ဤသို့ နားတော်လျှောက်သည်ရှိသော်။တေ၊သင့်အား။ ကိံ၊
အဘယ်မျှလောက်သည်။ အတ္ထိ၊ ရှိသနည်း။ ဣတိ အာဟ၊ ဤသို့ မေးတော်မူ၏၊
ဘန္တေ၊ အရှင်ဘုရား။ ကဟာပဏသတံ၊ အသပြာတရာသည်။ အတ္ထိ၊ ရှိပါ၏။ ဣတိ
အဝေါစ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တာဝ၊ ရှေးဦးစွာ။

ကဲက္ဍစိ၊ တစုံတခုသော အရပ်၌၊ သက္ခရံ၊ ကျောက်စရစ်ကို။ အာဟရ၊ ဆောင်ခဲ့လော့။ ဂဏေတွာ၊ ရေတွက်၍။ ဇာနိဿာမ၊ သိရကုန်အံ့။ တာဝတ္တကေန။ ထိုမျှလောက်သော အသပြာဖြင့်။ ဇီဝိတုံ၊ အသက်ရှည်ခြင်းငှာ။ သက္ကာဝါ။ တတ်နိုင်ကောင်းအံ့လော။ နောဝါ၊ မတတ်နိုင်အံ့သလော။ ဣတိဝုတ္တေ၊ ဤသို့မိန့်တော်မူသည်ရှိသော်။ သော၊ ထိုပဉ္စင်းငယ်သည်။ သက္ခရံ၊ ကျောက်စရစ်ကို။ အာဟရိ၊ ဆောင်၏။ အထ၊ ထိုနောင်မှ။ နံ၊ ထိုပဉ္စင်းငယ်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တာဝ၊ ရှေးဦးစွာ၊ ပရိဘောဂတ္ထာယ၊ သုံးဆောင်ခြင်းငှါ။ ပဏ္ဏာသံ၊ အသပြာငါးဆယ်ကို။ ထပေဟိ၊ ထားလော့။ ဒွိန္နံ ဂေါဏာနံ၊ နွားနှစ်ခုတို့၏။ အတ္ထာယ၊ အကျိုးငှါ။ စတုဝီသတိ၊ နှစ်ဆယ့်လေးသပြာကို။ ထပေဟိ၊ ထားလော့။ တွေ့ကံနာမ၊ ဤမျှလောက်လောက်သော အသပြာကို။ ဗီဇတ္ထာယ၊ မျိုးစေ့အကျိုးငှါလည်း၊ ယုဂနင်္ဂလတ္ထာယ၊ ထွန်ဆမ်းပိုးအကျိုးငှါလည်း။ ကုဒ္ဒါလဝါသိပရသုအတ္ထာယ၊ ပေါက်တူးပဲခွပ် ပေါက်ဆိန်အကျိုးငှါလည်း။ ထပေဟိ၊ ထားလော့။ ဣတိဝေ၊ ဤသို့။ ဂဏာပယမာနေ၊ ရေတွက်သည်ရှိသော်၊ တံကဟာပဏသတံ၊ ထိုအသပြာတရာသည်။ နပ္ပဟောတိ၊ မလောက်။ အထ၊ ထိုနောင်မှ။ နံ၊ ထိုရဟန်းငယ်ကို။ သတ္ထာ၊ ဘုရားသခင်သည်။ ဘိက္ခု၊ ရဟန်း။ တဝ၊ သင်၏။ ကဟာပဏာ၊ အသပြာသည်။ အပ္ပကာ၊ အနည်းသာ ဖြစ်၏။ တေ၊ ဤအသပြာတို့ကို။ နိဿာယ၊ မှီ၍။ တဏှံ၊ တပ်ခြင်းလောဘသည်။ ကထံပူရေဿတိ၊ အဘယ်မှာ ပြည့်နိုင်အံ့နည်း။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ အတီတေ၊ လွန်လေပြီးသောအခါ၌၊ စက္ကဝတ္တိရဇ္ဇံ၊ စကြဝတေးမင်း၏အဖြစ်ကို။ ကာရေတွာ၊ ပြုပြီး၍။ အပ္ဖောဋိတမတ္တေန၊ လက်ပန်းပေါက်ခတ်ကာမျှဖြင့်။ ဒွါဒသယောဇနဋ္ဌာနေ၊ တဆယ့်နှစ်ယူဇနာရှိသော အရပ်၌။ ကဋိပ္ပမာဏေန၊ ခါးအတိုင်းအရှည်ဖြင့်။ ရတနဝဿံ၊ ရတနာမိုးကို။ ဝဿာပေတုံ၊ ရွာစေခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်၏။ယာဝ၊ အကြင်၍လောက်။ ဆတ္တိံသ သက္ကာ၊ သုံးကျိပ်ခြောက်ယောက်သော သိကြားတို့သည်။ စဝန္တိ၊ စုတေကုန်၏။ တွေ့ကံကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ဒေဝရဇ္ဇံ၊ တာဝတိံသာ နတ်စည်းစိမ်ကို။ ကာရေတွာပိ၊ ပြု၍လည်း။ မရဏကာလေ၊ သေသောအခါ၌၊ တဏှံ၊ တောင့်တခြင်း လောဘကို။ အပူရေတွာ၊ မပြည့်မူ၍လျှင်။ ကာလံ၊ သေခြင်းကို။ အကာသိ၊ ပြုကုန်၏။ ဣတိ၊ ဤသို့ဆို၍။ တေန၊ ထိုပဉ္စင်းငယ်သည်။ ယာစိတော၊ တောင်းပန်အပ်သော ဘုရားသခင်သည်။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ မန္ဓာတုဇာတကံ၊ မန္ဓာတ်မင်းဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။

စန္ဒိမာဘူရိယာ၊ လဒ္ဓနတို့သည်။ ယာ၊ အကြင်မျှလောက်သော အရပ်တို့သို့။ ပရိဘာရန္တိ၊ လည်၍သွားကုန်၏။ တာ၊ ထိုမျှလောက်။ ဒိသာ၊ အရပ်မျက်နှာတို့သည်။ ဝိရောစမာနာ၊ တင့်တယ်ကုန်လျက်။ ဘန္တိ၊ ထွန်းလင်းကုန်၏။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ ပထဝိနိဿိတာ၊ မြေကိုမှီ၍နေကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေပါဏာ၊ ထိုသတ္တဝါတို့သည်။ မန္ဓာတု၊ မန္ဓာတ်မင်း၏။ ဒါသာ၊ ကျွန်တို့ချည်းတည်း။ ။ဣတိ၊ ဤသို့။ ဣမိဿာဂါထာယ၊ ဤဂါထာ၏။ အနန္တရာ၊ အခြားမဲ့၌။ ဣမာဒွေဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၈၇။ ။ကဲဟာပဏဝဿေန၊ အသပြာမိုးရွာသဖြင့်လည်း။ ကာမေသု၊ ကာမဂုဏ်တို့၌။ တိတ္တိ၊ ရောင့်ရဲခြင်း မည်သည်။ နဝိဇ္ဇတိ၊ မရှိ။ ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ ခဏသာ ကောင်းကုန်၏။ ဒုခါ၊ မောပန်းသဖြင့် ဆင်းရဲခြင်း များကုန်၏။ ဣတိ၊ ဤသို့။ ဝိညာယ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။

၁၈၈။ ။ဒိဗ္ဗေသု၊ နတ်၌ဖြစ်ကုန်သော။ အာမေသုအပိ၊ ကာမဂုဏ်တို့၌ လည်း။ ရတိံ၊ မွေ့လျော်ခြင်းကို။ နာဓိဂစ္ဆတိ၊ မရ။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား တပည့်သားဖြစ်သော။ သော၊ ထိုရဟန်းသည်။ တဏှက္ခယရတော၊ တဏှာကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ကဲဟာပဏဝဿေနာတိ၊ ကဲဟာပဏဝဿေန ဟူသည် ကား။ သော၊ ထိုမန္ဓာတ်မင်းသည်။ အပ္ဖောဋိတ္ဝာ၊ လက်ပန်းပေါက်ခတ်၍။ ယံ သတ္တရတနဝဿံ၊ အကြင်ခုနစ်ပါးသောရတနာမိုးကို။ ဝဿာပေသိ၊ ရွာစေ၏။ တံ၊ ထိုခုနစ်ပါးသောမိုးကို။ ဣဓ၊ ဤဂါထာ၌။ ကဟာပဏဝဿန္တိ၊ ကဟာ ပဏဝဿံဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ တေနပိ၊ ထိုခုနစ်ပါးသော ရတနာမိုးဖြင့်လည်း၊ ဝတ္ထုကာမ ကိလေသကာမေသု၊ ဝတ္ထုကာမ ကိလေသာ ကာမတို့၌။ တိတ္တိနာမ၊ ရောင့်ရဲခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဧဝံ၊ ဤသို့။ သော တဏှာ၊ ဤတောင့်တခြင်း ဣစ္ဆာသည်။ ဒုပ္ပူရာ၊ ပြည့်နိုင်ခဲ၏။ အပ္ပဿာဒါတိ၊ အပ္ပဿာဒါ ဟူသည်ကား။ သုပိနကူပမသဒိသဘာဝယ၊ အိပ်မက်နှင့် တူသည်၏ အဖြစ်ဖြင့်။ ပရိတ္တသုခါ၊ နည်းသော ချမ်းသာခြင်း ရှိ၏။ ဒုက္ခာတိ၊ ဒုက္ခာ ဟူသည်ကား။ ဒုက္ခက္ခန္ဓာဒီသု၊ ဒုက္ခအစုအစရှိသည်တို့၌။ အာဂတဒုက္ခ ဝသေနပန၊ လာသောဒုက္ခ၏ အစွမ်းအားဖြင့်ကား။ ဗဟုဒုက္ခာဧဝ၊ များစွာသော ဒုက္ခရှိကုန် သည်သာလျှင်တည်း။ ဣတိ ဝိညာယာတိ၊ ဝိညာယ ဟူသည်ကား။ ဧဝံ၊ ဤသို့။

ဧတောဘာမေ၊ ထိုကာမဂုဏ်တို့ကို။ ဇာနိတွာ၊ သိ၍။ အပိဒိဗ္ဗေသုတိ၊ အပိဒိဗ္ဗေသု ဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ ဒေဝါနံ၊ နတ်တို့၏။ ဥပကပ္ပနံက ကာမေဟိ၊ ကာ၏ အနုဘော်ကြောင့် အထူးထူးဘန်ဆင်းအပ်သော ကာမဂုဏ်တို့ဖြင့်။ သစေ နိမန္တေယျအပိ၊ အကယ်၍ ဘိတ်ငြားအံ့။ အာယသ္မာသမိဒ္ဓိဝိယ၊ အရှင် သမိဒ္ဓိမှထေရ် ကဲ့သို့။ ဝေပိ၊ ဤသို့ ဖြစ်သော်လည်း။ တေသုကာမေသု၊ ထိုကာမဂုဏ်တို့၌။ ရတိံ၊ မွေ့လျော်ခြင်းကို။ နဝိန္ဒတိ ယေဝ၊ မရသည်သာလျှင်တည်း။ တဏှက္ခယ ရတောတိ၊ တဏှက္ခယရတော ဟူသည်ကား။ အရဟတ္တေစေဝ၊ အရဟတ္တဖိုလ်၌ ၎င်း။ နိဗ္ဗာနေစ၊ နိဗ္ဗာန်၌၎င်း။ အဘိရတော၊ အလွန်မွေ့လျော်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအရဟတ္တဖိုလ် နိဗ္ဗာန်ကို။ ပတ္ထယမာနော၊ တောင့်တ လျက်။ ဝိဟရတိ၊ နေ၏။ သမ္မာသမ္ဗုဒ္ဓသာဝကောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော ဟူသည်ကား။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတဿ၊ ဟောအပ် သော။ ဓမ္မဿ၊ တရားတော်ကို။ သဝနန္တော၊နာခြင်းကြောင့်၊ ဇာတော၊ဖြစ်သော။ ယောဂါဝစရဘိက္ခု၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းရှိသော ရဟန်းတည်း။ ဣတိအယံ၊ သည်ကား၊ အတ္ထော၊ တည်း။

ဒေသနာဝသာနေ၊ ဒေသနာဘော်အဆုံး၌။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ပဉ္စမံ၊ ငါးခုမြောက်သော။ အနဘိရတိဘိက္ခုဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———●———

၁၄-ဗုဒ္ဓဝဂ္ဂ။ ၆-အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု။

(အနဘိရတိဘိက္ခုဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ အဂ္ဂိဒတ္တဗြာဟ္မဏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ဗဟုံ ဝေ သရဏံ" စသော ပါဌ်ကို မိန့်သတည်း)။

"ဗဟုံ ဝေ သရဏံ ယန္တိ"တိ ဣမံ ဓမ္မဒေသနံ၊ ဗဟုံ ဝေ သရဏံယန္တိ-စသော ဤတရားဟောခြင်းကို။သတ္ထာ၊ မြတ်စွာဘုရားသည်။ဇေတဝနေ၊ ဇေတဝန်ကျောင်း တော်၌၊ ဝိဟရန္တော၊ နေတော်မူလျက်။ ဝါလုကရာသိမှိ၊သဲစု၌။ နိသိန္နံ၊ နေသော။ အဂ္ဂိဒတ္တံ နာမ၊ အဂ္ဂိဒတ္တအမည်ရှိသော။ ကောသလရညော၊ ကောသလမင်း၏။

ပုရောဟိတံ၊ပုရောဟိတ်ပုဏ္ဏားကို။ အာရဗ္ဘ၊အကြောင်းပြု၍။ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုအဂ္ဂိဒတ္တသည်။ မဟာ ကောသလဿ၊ မဟာကောသလမင်း၏။ ပုရောဟိတော၊ ပုရောဟိတ်ပုဏ္ဏားသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ အထ၊ ထိုနောင်မှ။ နံ၊ ထိုအဂ္ဂိဒတ္တကို။ ပိတရိ၊ အဘ မဟာ ကောသ မင်းကြီးသည်။ ကာလကတေ၊ သေသည်ရှိသော်။ရာဇာပသေနဒိကောသလော၊ ပသေနဒိကောသလမင်းသည်။ မေ၊ ငါ၏။ ပိတု၊ အဘ ဖြစ်သော။ မဟာကောသလဿ၊ ၏။ ပုရောဟိတော၊ တည်း။ဣတိ၊ ဤသို့။ ဂါရဝေန၊ ရိုသေသဖြင့်။ တသ္မိံ ယေဝဌာနေ၊ ထိုပုရောဟိတ် အရာ၌သာလျှင်။ ဌပေတွာ၊ ထား၍။ တဿ၊ ထိုအဂ္ဂိဒတ္တ၏။ အတ္တနော၊ မိမိကို။ ဥပဋ္ဌာနံ၊ ခစားခြင်းသို့။ အာဂတကာလေ၊ လာသောအခါ၌။ ပစ္စုဂ္ဂမနံ၊ခရီးဦးကြိုဆိုခြင်းကို။ကရောတိ၊ ပြု၏။အာစရိယ၊ဆရာ။ ဣဓ၊ဤအရပ်၌။ နိသီဒထ၊ နေလော့။ ဣတိ၊ ဤသို့။ သမာနာသနံ၊ တူသောနေရာကို။ ဒါပေသိ၊ ပေးစေ၏။ သော၊ ထိုအဂ္ဂိဒတ္တသည်။စိန္တေသိ၊ ကြံ၏။အယံ၊ ဤ ရာဇာ၊ ဤမင်းသည်။ မယိ၊ ငါ၌။ အတိဝိယ၊ အလွန်လျှင်။ ဂါရဝံ၊ ရိုသေခြင်းကို။ ကရောတိ၊ ပြု၏။ ရာဇူနံ၊ မင်းတို့၏။စိတ္တံ၊ စိတ်ကို။ နိစ္စကာလမေဝ၊ မြဲသောကာလပတ်လုံးသာလျှင်။ ဂဟေတုံ၊ ယူခြင်းငှါ။ န ခေါ ပန သက္ကာ၊ မတတ်နိုင်။ ဟိ၊ ထိုစကား သင့်စွ။ သမာနဝယေနေဝ၊ တူသော အရွယ်ရှိသော သူနှင့်သာလျှင်။ သဒ္ဓိံ၊တကွ။ ရဇ္ဇသုခံ နာမ၊ မင်း၏ ချမ်းသာကို ခံစားခြင်း မည်သည်ကား။ သုခံ၊ချမ်းသာခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။အဟဉ္စ၊ ငါသည်သာလျှင်။ မဟလ္လကော၊ ကြီးရင့်သော အရွယ်ရှိသည်။ ဒမှိ၊ ဖြစ်၏။ မေ၊ ငါ့အား။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ၊ ယုတ္တန္တိ၊ သင့်၏ဟု။ သော၊ ထိုပုရောဟိတ် ပုဏ္ဏားသည်။ ရာဇာနံ၊ မင်းကြီးကို။ ပဗ္ဗဇ္ဇံ၊ ရဟန်း အဖြစ်ကို။ အနုဇာနာပေတွာ၊ ခွင့်ပြုစေ၍။ နဂရေ၊ ပြည်၌။ ဘေရိံ စရာပေတွာ၊ စည်လည်စေ၍။ သတ္တာဟေန၊ ခုနစ်ရက်ဖြင့်။ သဗ္ဗံ၊ အလုံးသော။ အတ္တနော ဓနံ၊ မိမိဥစ္စာကို။ ဒါနမုခေ၊ အလှူဝ၌။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဗာဟိရ ပဗ္ဗဇ္ဇံ၊ သာသနာမှ အပ ဖြစ်သော ရဟန်းအဖြစ်ကို။ပဗ္ဗဇိ၊ရဟန်းပြု၏။ တံ၊ ထိုအဂ္ဂိဒတ္တကို။ နိဿာယ၊ မှီ၍။ ဒသပုရိသ သဟဿာနိ၊ တသောင်းသော ယောကျ်ားတို့သည်။ အနုပဗ္ဗဇိံသု၊ လိုက်၍ ရဟန်းပြုကုန်၏။ သော၊ ထိုအဂ္ဂိဒတ္တသည်။ တေဟိ၊ ထိုတသောင်းသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ အင်္ဂမဂဓ ရဋ္ဌာနဉ္စ၊ အင်္ဂတိုင်း မဂဓတိုင်း၏ရင်း။ ကုရုရဋ္ဌဿစ၊ ကုရုရာဇ်တိုင်း၏ရင်း။ (အဋ္ဌကထာ၌ ကုရုရဋ္ဌဿစ ဟူသော ပုဒ်သည် မပါဘဲ ရှိနေသည်။ အန္တရေပုဒ်ကို ထောက်လျှင် ရှိအံ့ထင်၏)။ ။အန္တရေ၊ အကြား၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပေတွာ၊ ပြု၍။ ဣမံ သြဝါဒံ၊ ဤအဆုံးအမကို။ ဒေတိ၊ ပေး၏။ တာတာ၊

ငါ့ရှင်ချစ်သားတို့။ ယဿ၊ အကြင်သူအား။ ကာမဝိတက္ကာဒယော၊ ကာမဝိတက် စသည်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုရဟန်းသည်။ နဒိံတော၊ မြစ်မှ။ ကေကာဝါလုကပုဋ္ဌံ၊ သဲတဆုပ်ဘဆုပ်ကို။ ဥဒ္ဓရိတွာ၊ ထုတ်၍။ ဣမသ္မိံ၊ ဤအရပ်၌။ ဩကိရတု၊ လောင်းလော့။ ဣတိ ဩဝဒေတိ၊ ဤသို့ အဆုံးအမ ပေး၏။ တေ၊ ထိုတသောင်းသော ရဟန်းတို့သည်။ သာဓုတိ၊ ကောင်းပြီဟု။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ကာမဝိတက္ကာဒီနံ၊ ကာမဝိတက် စသည်တို့၏။ ဥပ္ပန္နကာလေ၊ ဖြစ်သော အခါ၌။ တထာ၊ ထိုဩဝါဒပေးတိုင်း။ ကရိံသု၊ ပြုကုန်၏။

အပရေန သမယေန၊ တပါးသောအခါ၌။ မဟာဝါလုကရာသိ၊ သဲစုကြီးသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုသဲစုကြီးကို။ အဟိဆတ္တော နာမ နာဂရာဇာ၊ အဟိဆတ္တ အမည်ရှိသော နဂါးမင်းသည်။ ပဋိဂ္ဂဟေသိ၊ သိမ်းယူ၏။ အင်္ဂမဂဓဝါသိနော စ၊ အင်္ဂတိုင်း မဂဓတိုင်း၌ နေကုန်သော သူတို့သည်ရင်း။ မာသေ မာသေ၊ လတိုင်း လတိုင်း။ တေသံ၊ ထိုရဟန်းတို့အား။ မဟန္တံ၊ များစွာသော။ သက္ကာရံ၊ ပူဇော်သက္ကာကို။ အဘိဟရိတွာ၊ ဆောင်ယူ၍။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ ပေးကုန်၏။ အထ၊ ထိုအခါ၌။ တေသံ၊ ထိုပရိဗိုဇ် ရဟန်းတို့အား။ အဂ္ဂိဒတ္တော၊ အဂ္ဂိဒတ္တသည်။ ဣမံ ဩဝါဒံ၊ ဤအဆုံးအမကို။ အဒါသိ၊ ပေး၏။ ပဗ္ဗတံ၊ တောင်ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ယာထ၊ ရောက်ကုန်လော့။ ဝနံ၊ တောစိုးသစ်ပင်ကို။ သရဏံ သရဏံဣတိ၊ ကိုးကွယ်ရာ လည်းလျောင်းရာဟူ၍။ ယာထ၊ ရောက်ကုန်လော့။ အာရာမံ၊ အရာမ်ကို။ သရဏံ၊ ဆင်းရဲကိုဖျောက်၍ ချမ်းသာကို ပေးဘတ်၏ ဟူ၍။ ယာထ၊ ဆည်းကပ်သောအားဖြင့် ရောက်ကုန်လော့။ ရုက္ခံ၊ သစ်ပင်ကို။ သရဏံ၊ ကိုးကွယ်သောအားဖြင့် အောက်မေ့ခြင်းသို့။ ယာထ၊ ရောက်ကုန်လော့။ တော၊ ဤသို့ ကိုးကွယ်ချီးမြှင့်ခြင်းသည်။ သဗ္ဗဒုက္ခတော၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ။ မုစ္စိဿထ၊ လွတ်ကုန်ရာ၏။ ဣတိ ဩဝဒိ၊ ဤသို့ ဆုံးမ ေး၏။ အတ္တနော၊ မိမိ၏။ အန္တေဝါသိကေပိ၊ အတွင်းတပည့်တို့ကိုလည်း။ ဣမိနာ ဩဝါဒေန၊ ဤသို့သော အဆုံးအမ ဖြင့်။ ဩဝဒိ၊ ဆုံးမ၏။ ဗောဓိသတ္တောပိ၊ ဘုရားလောင်းသည်လည်း။ ကဿဘိ နိက္ခမနေ၊ ပြုအပ်ပြီးသော တောထွက်ခြင်းရှိသည်ဖြစ်၍ ၊ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတ ဉာဏ်သို့။ ပတွာ၊ ရောက်၍။ တသ္မိံ သမယေ၊ ထိုအဂ္ဂိဒတ္တပုဏ္ဏား ရဟန်းပြုသော အခါ၌။ သာဝတ္ထိံ၊ သာဝတ္ထိပြည်ကို။ နိဿာယ၊ မှီ၍။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပစ္စူသကာလေ၊ မိုးသောက်ထ အခါ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည် ရှိသော်။ အဂ္ဂိဒတ္တံ၊ အဂ္ဂိဒတ္တအမည်ရှိသော။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ အန္တေဝါသိကေဟိ၊ အန္တေဝါသိက တပည့်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အတ္တနော၊ ကိုယ်တော်မြတ်၏။

ဥဏှာဘာလသာ၊ သဗ္ဗညုတဉာဏ် ဟူသော ကွန်ရက်၏။ အန္တော၊ အတွင်းသို့။ ပဝိဋ္ဌံ၊ ဝင်လာသည်ကို။ ဒိသွာ၊ မြင်၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမေ၊ ဤသူတို့ကို။ အရဟတ္တသာ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ ဥပနိဿယကို။ ဥတ္တွာ သိ၍။ သာယာ သဟယေ၊ ညချမ်းသောအခါ၌။ မဟာမောဂ္ဂလာနတ္ထေရ်၊ အရှင် မောဂ္ဂလာန်မထေရ်ကို။ အာဟ၊ ဆို၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ အဂ္ဂိဒတ္တ ဗြာဟ္မဏံ၊ အဂ္ဂိဒတ္တပုဏ္ဏားကို။ မဟာဇနံ၊ လူအပေါင်းကို။ အတိတ္တေန၊ ဆိပ်မဘုတ် သဖြင့်။ ပက္ခန္ဒာပေန္တံ၊ ပြေးဝင်စေသည်ကို။ ပဿသိကိံ၊ မြင်၏လော။ ဂစ္ဆ၊ သွား ချေ။ တေသံ၊ ထိုသူတို့အား။ သြဝါဒံ၊ အဆုံးအမကို။ ဒေဟိ၊ ပေးလော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ အရှင်ဘုရား။ ဧတေ၊ ဤလူတို့သည်။ ဗဟူ၊ များစွာကုန်၏။ ဧကကသာ၊ တယောက် အထီးတည်းသာ ဖြစ်သော။ မယှံ၊ အကျွန်ုပ်အား။ အဝိသယှာ၊ မဝံ့ပါကုန်။ တုမှေပိ၊ အရှင်ဘုရားတို့သည်။ သစေ အာဂမိဿထ၊ အကယ်၍ ကြွတော်မူကုန်သည်ဖြစ်အံ့။ ဝိသယှာ၊ နိုပ်နင်းခြင်းငှါ ပံ့ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ အဝေါစ၊ ဤသို့ လျှောက်၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ အဟံပိ၊ ငါသည်လည်း။ အာဂမိဿာမိ ကြွလာအံ့။ တွံ၊ သင်သည်။ ပုရတော၊ ရှေ့က။ ယာဟိ၊ သွားနှင့်လော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။

ထေရော၊ အရှင်မောဂ္ဂလာန်သည်။ ပုရတော၊ ရှေ့က။ ဂစ္ဆန္တောဝ၊ ခရီးသွား စဉ်လျှင်။ စိန္တေသိ၊ ကြံ၏။ ဧတေ၊ ဤသူတို့သည်။ ဗလဝန္တောစေဝ၊ ခွန်အားသည်း ကြီးကုန်၏။ ဗဟူစ၊ များလည်းများကုန်၏။ သဗ္ဗေသံ၊ အလုံးစုံသော သူတို့ကို။ သမာဂမဋ္ဌာနေ၊ တညီတညွတ်စည်းဝေးရာ အရပ်၌။ ကိဉ္စိ တစုံတခွန်းသော စကား ကို။ သစေ ကထေဿာမိ၊ အကယ်၍ ဆိုချေသည်ဖြစ်အံ့၊ သဗ္ဗေပိ၊ အလုံးစုံသော သူ တို့သည်လည်း။ ဝဂ္ဂဝဂ္ဂေန၊ အစုအစုဖြင့်။ ဥဋ္ဌဟေယျုံ၊ ထကုန်ရာ၏။ ဣတိ စိန္တေသိ၊ ဤသို့ကြံ၏။ အတ္တနော၊ မိမိ၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ ထူလဖုသိတကံ၊ ကြမ်းတမ်းသောမိုးယံပေါက်ရှိသော။ ဒေဝံ၊ မိုးယံကို။ ဝုဋ္ဌာပေသိ၊ ရွာစေ၏။ တေ၊ ထိုပရိဗိုဇ်ရဟန်းတို့သည်။ ထူလဖုသိတကေသု၊ ကြမ်းတမ်းသော မိုးယံပေါက် တို့သည်။ ပတန္တေသု၊ ကျကုန်သည်ရှိသော်။ ဥဋ္ဌာယုဋ္ဌာယ၊ ထ၍ထ၍။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ ပဏ္ဏသာလံ၊ သစ်ရွက်မိုးသော ကျောင်းသို့။ ပဝိသိံသု၊ ဝင်ကုန်၏။ ထေရော၊ အရှင်မောဂ္ဂလာန်မထေရ်သည်။ အဂ္ဂိဒတ္တဿ၊ အဂ္ဂိဒတ္တအ မည် ရှိသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏား၏။ ပဏ္ဏသာလဒွါရေ၊ သစ်ရွက်မိုးသောကျောင်း တံခါး၌။ ဌတွာ၊ ရပ်၍။ အဂ္ဂိဒတ္တာတိ၊ အဂ္ဂိဒတ္တဟူ၍။ အာဟ၊ ခေါ်တော်မူ၏။ သော၊ ထိုအဂ္ဂိဒတ္တသည်။ ထေရဿ၊ အရှင်မောဂ္ဂလာန်၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊

၍။ လမသို့ လောကေ၊ ဤလောက၌။ မံ၊ ငါ့ကို။ နာမေန၊ အမည်အားဖြင့်။ အာလပိတုံ၊ ခေါ်ခြင်းငှါ။ သမတ္ထော နာမ၊ စွမ်းနိုင်သောသူမည်သည်။ နတ္ထိ၊ မရှိ။ ကောနုခေါ၊ အဘယ်သူသည်။ မံ၊ ငါ့ကို။ နာမေန၊ အမည်အားဖြင့်။ အာလပတိ၊ ခေါ်သနည်း။ ဣတိ၊ ဤသို့။ မာနထဒ္ဓတာယ၊ ခေါ်ဝေါ်ရာ အသံ၌မာန်မူသည်၏အဖြစ်ဖြင့်။ သော၊ ဤမဟာန်းကား။ ကော၊ အဘယ်သူနည်း။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါတည်း။ ဣတိအာဟ၊ ၏။ ကိံ၊ အဘယ်ကို။ ဝဒသိ၊ ဆိုသနည်း။ ဣတိ၊ ဤသို့မေး၏။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ့အား။ ကေရတ္တိံ၊ တည်ဖို့မျှ။ ဣဓ၊ ဤအရပ်၌။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ အာစိက္ခာဟိ၊ ကြားလော။ ဣတိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော် ဣဓ၊ ဤအရပ်၌။ ဝသနဋ္ဌာနံ၊ တည်နေရာအရပ်သည်။ နတ္ထိ၊ မရှိ။ ကောဝပဏ္ဏသာလာ၊ တဆောင်သောလျှင် ဖြစ်သော သစ်ရွက်မိုးသော စရပ်သည်။ ကေဿ၊ တယောက်သော သူအား။ ပဟောတိ၊ နေခြင်းငှါလောက်၏။ ဣတိအာဟ၊ ဤသို့ဆို၏။

အင်္ဂိဒတ္တ၊ ငါ့ရှင်အင်္ဂိဒတ္တ။ မနုဿာနာမ၊ လူတို့မည်သည်ကား။ မနုဿာနံ၊ လူတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဂါဝေါ၊ နွားတို့သည်။ ဂုန္နံ၊ နွားတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ပဗ္ဗဇိတာ၊ ရဟန်းတို့သည်။ ပဗ္ဗဇိတာနံ၊ ရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဧဝံ၊ ဤသို့။ မာဂ.ရိ၊ မပြုလင့်။ မေ၊ ငါ့အား။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ဒေဟိ၊ ပေးလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ တွံ၊ နှ၊ သင်သည်ကား။ ပဗ္ဗဇိတောကိံ၊ ရဟန်းဟုတ်သလော။ ဣတိပုဋ္ဌော၊ ဤသို့မေး၏။ ပဗ္ဗဇိတော၊ ရဟန်းသည်။ အာမအမှိ၊ သြော် ဖြစ်သည်မှန်၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သစေ ပဗ္ဗဇိတော၊ အကယ်၍ ရဟန်း ပြုသည်မှန်အံ့၊ တေ၊ သင်၏။ ခါရိဘဏ္ဍ၊ ပြာစစ်ထမ်းပိုး ရေအိုးကရား ခြင်းတောင်း ထံချိုမျှားသည်ရင်း။ ပဗ္ဗဇိတ ပရိက္ခာရော၊ ရဟန်းတို့၏ ပရိက္ခရာသည်ရင်း။ ကဟံ၊ အဘယ်မှာနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ မေ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာသည်။ အတ္ထိ၊ ၏။ ဝိသုံ၊ အသီး။ နံ၊ ထိုပရိက္ခရာကို။ ဂဟေတွာ၊ ယူ၍။ ဝိစရိတုံ၊ လှည့်ပတ်သွားလာခြင်းငှါ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဣတိအာဟ၊ ဤသို့ဆို၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဗ္ဘန္တရေနေဝ၊ အတွင်းဖြင့်သာလျှင်။ နံ၊ ထိုပရိက္ခရာကို။ ဂဟေတွာ၊ ယူ၍။ ဝိစရာမိ၊ သွား၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုအင်္ဂိဒတ္တပုဏ္ဏားသည်။ ဂဟေတွာ၊ ငါ၏အမည်ကိုယူ၍။ ဝိစရိဿတိ၊ သွားရလတ္တံ့။ ဣတိ၊ ဤသို့ အောက်မေ့လျက်။ ထေရဿ၊ အရှင်မောဂ္ဂလာန်အား။ ကုဇ္ဈိ၊ အမျက်ထွက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအင်္ဂိဒတ္တကို။ သော၊ ထိုရှင်မောဂ္ဂလာန်သည်။ အာဟ၊ ဆို၏။ အင်္ဂိဒတ္တ၊ အင်္ဂိဒတ္တ။ အမ္ဘော၊ ငါတို့ကို။ မာကုဇ္ဈိ၊ အမျက်မထွက်

လင့်။ မေ၊ ငါ့အား။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ အာစိက္ခထာဟိ၊ ကြားဘိလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဧတ္ထ၊ ဤအရပ်၌။ ဝသနဋ္ဌာနံ၊ နေရာအရပ်သည်။ နတ္ထိ၊ မရှိ။ ဣတိအာဟ၊ ဤသို့ဆို၏။ ဧကသ္မိံ ပနဝါလုကရာသိမှိ၊ ဤသဲပုံစု၌ကား။ ကော၊ အဘယ်သူသည်။ ဝသတိ၊ နေသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဧကောနာဂရာဇာ၊ တခုသောနဂါးမင်းသည်။ ဝသတိ၊ နေ၏။ ဣတိအာဟ၊ ဤသို့ဆို၏။ မေ၊ ငါ့အား။ တံ၊ ဤနေရာကို။ ဒေဟိ၊ ပေးလော့။ ဣတိအဝေါစ၊ ဤသို့ မော်ဂ္ဂလာန်ဆို၏။ တဿ၊ ဤနဂါးမင်း၏။ ကမ္မံ၊ အမှုသည်။ ဘာရိယံ၊ ဝန်လေးစွာ၏။ တတ္ထ၊ ထိုအရပ်၌။ နသက္ကာ၊ နေခြင်းငှါမတတ်နိုင်။ ဣတိအာဟ၊ ဤသို့အဂ္ဂိဒတ္တကဆို၏။ ဟောတု၊ ထိုသို့ ဝန်လေးသည်ပင် ဖြစ်စေ။ မေ၊ ငါ့အား။ ဒေဟိ၊ ပေးလော့။ ဣတိအဝေါစ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တုမှေ၊ သင်သည်ပင်လျှင်။ ဇာနာဟိ၊ သိတော်မူလော့၊ ဣတိအာဟ၊ ဤသို့ဆို၏။

ထေရော၊ အရှင်မဟာမော်ဂ္ဂလာန်သည်။ ဝါလုကရာသိံ၊ သဲပုံစုသို့။ အဘိမုခေါ၊ ရှေးရှု။ ပါယာသိ၊ သွား၏။ နာဂရာဇာ၊ နဂါးမင်းသည်။ အာဂစ္ဆန္တံ၊ လာသော။ တံ၊ ထိုရှင်မော်ဂ္ဂလာန်ကို။ ဒိသွာ၊ မြင်၍။ အယံသမဏော၊ ဤရဟန်းသည်။ ဣတော၊ ဤနေရာအရပ်သို့။ အာဂစ္ဆတိ၊ လာ၏။ မမ၊ ငါ၏။ အတ္ထိဘာဝံ၊ ရှိသည်၏ အဖြစ်ကို။ နဇာနာတိမညေ၊ မသိပါလေတကား။ ဓူမာယိတွာ၊ အခိုးအလျှံလွှတ်၍။ နံ၊ ထိုရဟန်းမော်ဂ္ဂလာန်ကို။ မာရေဿာမိ၊ သတ်အံ့။ ဣတိ၊ ဤသို့ဆို၍။ ဓူမာယိ၊ အခိုးအလျှံလွှတ်၏။ ထေရော၊ အရှင်မော်ဂ္ဂလာန်သည်။ အယံ နာဂရာဇာ၊ ဤနဂါးမင်းကို။ အဟမေဝ၊ ငါသည်သာလျှင်။ ဓူမာယိတုံ၊ အခိုးအလျှံလွှတ်ခြင်းငှါ။ သက္ကောမိ၊ စွမ်းနိုင်၏။ အညေ၊ တပါးသော သူတို့သည်။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဣတိမညေ၊ ဤသို့အောက်မေ့လျက်။ သလ္လက္ခေသိ၊ မှတ်ထင်၏။ ဣတိ၊ ဤသို့။ သယံပိ၊ မိမိသည်လည်း။ ဓူမာယိ၊ အခိုးလွှတ်၏။ ဒွိန္နံပိ၊ နှစ်ယောက်ဖြစ်ကုန်သော သူတို့၏လည်း။ သရီရတော၊ ကိုယ်မှ။ ဥဂ္ဂတာ၊ ထွက်၍တက်ကုန်သော။ ဓူမာ၊ အခိုးတို့သည်။ ယာဝဗြဟ္မလောကာ၊ ဗြဟ္မာပြည်တိုင်အောင်။ ဥဋ္ဌဟိံသု၊ တခဲနက်နှံ့၍ တက်ကုန်၏။ ဥဘောပိဓူမာ၊ နှစ်ပါးသော အခိုးအလျှံတို့သည်လည်း။ ထေရံ၊ အရှင်မော်ဂ္ဂလာန်မထေရ်ကို။ အဗာဓိတွာ၊ မညှဉ်းဆဲမနှိပ်စက်မူ၍။ နာဂရာဇာနမေဝ၊ ကိုသာလျှင်၊ ဗာဓေန္တိ၊ နှိပ်စက်ညှဉ်းဆဲကုန်၏။ နာဂရာဇာ၊ နဂါးမင်းသည်။ ဓူမဝေဂံ၊ အခိုးအလျှံ၏ အဟုန်ကို။ သဟိတုံ၊ သည်းခံခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ပဇ္ဇလိ၊ အလျှံလွှတ်၏။ ထေရောပိ၊ အရှင်မော်ဂ္ဂလာန်သည်လည်း။ တေဇောဓာတုံ၊ တေဇော

ကသိုဏ်းလျှင် အာရုံရှိသော သမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ကေနု၊ ထို နဂါးမင်းနှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ပဇ္ဇလိ၊ အခိုးအလျှံ လွှတ်၏။ အဂ္ဂိဇာလာ၊ မီးလျှံတို့သည်။ ယာဝဗြဟ္မလောကာ၊ ဗြဟ္မာပြည်တိုင်အောင်။ ဥဋ္ဌဟိံသု၊ ထိန်တိန်လောင်၍ တက်ကုန်၏။ ဥဘောပိ၊ နှစ်ပါးသော မီးလျှံတို့သည်လည်း။ ထေရံ၊ အရှင်မောဂ္ဂလာန်ကို။ အဗာဓိတွာ၊ မညှဉ်းဆဲမူ၍။ နာဂရာဇာနမေဝ၊ နဂါးမင်းကိုသာလျှင်။ ဗာဓယိံသု၊ နှိပ်စက်ကုန်၏။ အဿ၊ ဤ။ အဿ၊ ထိုနဂါးမင်း၏။ သကလသရီရံ၊ ကိုယ်အလုံးသည်။ ဥက္ကာဟိ၊ မီးရှူးတို့ဖြင့်။ပရိဒ္ဓယိတံဝိယ၊ လောင်သကဲ့သို့။ အဟောသိ၊ ဖြစ်၏။ ဣသိဂဏော၊ ရဟန်းအပေါင်းသည်။ ဩလောကေတွာ၊ ကြည့်၍။ စိန္တေသိ၊ ကြံ၏။ နာဂရာဇာ၊ နဂါးမင်းသည်။ သမဏံ၊ ရဟန်းမောဂ္ဂလာန်ကို။ ဈာပေသိ၊ လောင်စေ၏။ ဝတ၊ စင်စစ်။ အမှာကံ၊ ငါတို့၏။ ဝစနံ၊ စကားကို။ အသုဏိတွာ၊ နားမထောင်ခြင်းကြောင့်။ သမဏော၊ ရဟန်းသည်။ နဋ္ဌော၊ ပျက်ခြင်းသည်။ ဘဒ္ဒကော၊ ကောင်း၏။ ဣတိစိန္တေသိ၊ ဤသို့ ရဟန်းယောင်တို့ ကြံကုန်၏။

ထေရော၊ အရှင်မောဂ္ဂလာန်သည်။ နာဂရာဇာနံ၊ နဂါးမင်းကို။ ဒမေတွာ၊ ဆုံးမ၍။ နိဗ္ဗိသေဝနံ၊ မာန်ဟူသော အဆိပ်အတောက်မရှိသည်ကို။ ကတွာ၊ ပြု၍။ ဝါလုကရာသိမှိ၊ သဲစု၌။ နိသီဒိ၊ နေတော်မူ၏။ နာဂရာဇာ၊ နဂါးမင်းသည်။ ဝါလုကာရာသိမှိ၊ သဲစု၌။ ဘောဂေဟိ၊ အခွေတို့ဖြင့်။ ပရိက္ခိပိတွာ၊ ခြံရံ၍။ ကူဋာဂါရကုစ္ဆိပမာဏံ၊ စုလစ်မွန်းချွန်တပ်သောစရပ်ဝန်းပမာဏရှိသော။ဖဏံ၊ပါးပျဉ်းကို။ မာပေတွာ၊ ဘန်ဆင်း၍။ ထေရဿ၊ အရှင်မောဂ္ဂလာန်၏။ ဥပရိ၊အထက်၌။ ဓာရေသိ၊ ဆောင်း၏။ ဣသိဂဏာ၊ ပရိဗိုဇ်ရဟန်းတို့သည်။ ပါတောဝ၊ စောစော ကြီးကလျှင်။ သမဏဿ၊ အရှင်မောဂ္ဂလာန်၏။ မတဘာဝံဝါ၊ သေသည်၏အဖြစ်ကိုငှင်း။ အမတဘာဝံဝါ၊ မသေသည်၏ အဖြစ်ကိုငှင်း။ ဇာနိဿာမာတိ၊သိရကုန်အံ့ဟူ၍။ ထေရဿ၊ အရှင်မောဂ္ဂလာန်၏။ သန္တိကံ၊ သို့။ ဂန္တွာ၊ သွား၍။ တံ၊ ထိုရှင်မောဂ္ဂလာန်ကို။ ဝါလုကရာသိမတ္ထကေ၊ သဲစု၏ အထက်၌။ နိသိန္နံ၊ နေ့တော်မူသည်ကို။ ဒိသွာ၊ မြင်၍။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ချီ၍။ အဘိတ္ထာဝန္တာ၊ ချီးမွမ်းထောမနာ ကုန်လျက်။ အာဟံသု၊ ဆိုကုန်၏။ သမဏ၊ ရှင်ရဟန်း။ကစ္စိ၊ အသို့နည်း။ နာဂရာဇေန၊ နဂါးမင်းသည်။ နဗာဓိတော၊မနှိပ်စက်လေသလော။ ဣတိပုစ္ဆိ၊ ဤသို့ ပရိဗိုဇ်တို့ကမေး၏။ မမ၊ ငါ၏။ ဥပရိ၊အထက်၌။ ဖဏံ၊ပါးပျဉ်းကို။ ဓာရေတွာ၊ မိုး၍။ ဋ္ဌိတံ၊ တည်သည်ကို။ ကိံ နပဿထ၊ အဘယ်ကြောင့်သင်တို့ မမြင်ကုန်ဘိသနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ တေ၊ ထိုပရိဗိုဇ်ရဟန်းတို့သည်။ ဘော၊ အချင်းတို့။ သမဏဿ၊ ရဟန်း၏။ ဝေရူပေါနံ့ာမ၊ ဤသို့ သ

ဘောရှိသည်မည်သော။ နာဂရာဇာ၊ ကို။ ဒမိတော၊ ဆုံးမခြင်းသည်။ အစ္စ ရိယံ၀တ၊ ဩြော် အံ့ဘွယ်ရှိပေစွ။ ဣတိ၊ဘွာ၊ ဤသို့ဆို၍။ ထေရံ၊ ရှင်မောဂ္ဂလာန်ကို။ ပရိဝါရေတွာ၊ ခြံရံ၍။ အဌံသု၊ ဘည်ကုန်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ သတ္ထာ၊ လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ အာဂတော၊ ကြွတော်မူလာ၏။ ထေရော အရှင်မောဂ္ဂလာန်သည်။ သတ္ထာရံ၊ မြတ်စွာဘုရားသခင်ကို။ ဒိသွာ၊ မြင်၍။ ဥဋ္ဌာယ၊ ထ၍။ ဝန္ဒိ၊ ရှိခိုး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုရှင်မောဂ္ဂလာန်ကို။ ဘိက္ခူ၊ ရဟန်းယောင်တို့ သည်။ အာဟံသု၊ ဆိုကုန်၏။ အယံ၊ ဤရဟန်းကြီးသည်။ တယာပိ၊ သင့်ထက်သည်း။ မဟန္တတရော၊ ကြီးမြတ်သလော။ ဣတိ အာဟံသု၊ ဤသို့ လျှောက်ကုန်၏။ သော၊ ဤရဟန်းကြီးကား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော။ သတ္ထာ၊ ငါတို့ဆရာဘုရားတည်း။ အဟံ၊ ငါသည်။ဣမဿ၊ဤဘုရား၏။သာဝကော၊ တပည့် တည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝါလုကရာသိ မတ္ထကေ၊ သဲစုအထက်၌။ နိသီဒိ၊ နေတော်မူ၏။ ဣသိဂဏော၊ ပရိဗိုဇ်ရဟန်း အပေါင်းသည်။ သာဝကဿ၊ တပည့်ဖြစ်သောရှင်မောဂ္ဂလာန်၏။ အာနုဘာဝေါ၊ တန်းခိုးအာနုဘော်သည်။ အယံတာဝ၊ ဤမျှလောက် ဖြစ်တုံသေး၏။ ဣမဿ ပန၊ ဤဆရာဖြစ်သောဘုရားသခင်၏ကား။အာနုဘာဝေါ၊တန်းခိုးတော်သည်။ကီဒိသော ဘဝိဿတိ၊ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ဣတိ၊ ဤသို့။ အဥ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အဘိတ္ထဝိံ၊ချီးမွမ်း၏။ သတ္ထာ၊မြတ်စွာ ဘုရားသည်။ အဂ္ဂိဒတ္တံ၊ အဂ္ဂိဒတ္တကို။ အာမန္တေတွာ၊ ခေါ်၍။ အာဟ၊ မိန့်တော် မူ၏။ အဂ္ဂိဒတ္တ၊ အဂ္ဂိဒတ္တ။ တွံ၊ သင်သည်။ တဝ၊ သင်၏။ သာဝကာ နဉ္စ၊ သာဝကတို့အားရင်း။ ဥပဋ္ဌာကာနဉ္စ၊ အလုပ်အကျွေး ဒါယကာတို့အားရင်း။ ကိံ၊အသို့။ ဩဝါဒံ၊အဆုံးအမကို။ဒဒမာနော၊ ပေးသနည်းဟု"ဝတွာ၊ဆိုပြီး၍။ ဝဒေဟိ၊ ဆိုလော့။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ ဧတံ ပဗ္ဗတံ၊ ဤတောင် ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆထ၊ရောက်ကုန်လော့။ ဝနံ၊တောကို။ အာရာမံ၊ အရာမ်ကို။ ရုက္ခံ၊ သစ်ပင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆထ၊ ဆည်းကပ်ကုန် လော့။ ဟိ၊ ထိုစကားသင့်စွ။ ဧတာနိ၊ ဤတောင် စသည်တို့ကို။ သရဏံ၊ ကိုးကွယ် ခြင်းသို့၊ ဂတော၊ ရောက်သောသူသည်။သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဆင်းရဲခြင်းမှ။ ပမုစ္စတိ၊ လွတ်၏။ ဣတိ ဧဝံ၊ ဤသို့။ တေသံ၊ ထိုသာဝက- ဥပသကာတို့အား။ ဩဝါဒံ၊ အဆုံးအမကို။ ဒမ္မိ၊ ပေး၏။ ဣတိ၊ ဤသို့ လျှောက်၏။ သတ္ထာ၊မြတ်စွာ ဘုရားသခင်သည်။ အဂ္ဂိဒတ္တ၊ အဂ္ဂိဒတ္တ။ ဧတာနိ၊ ဤတောင်စသည်တို့ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ရောက်သော သူသည်။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ နခေါ

ပမုစ္စတိ၊ မလွတ်။ ဗုဒ္ဓံ ဓမ္မံ သံဃံ ပန၊ ဘုရားတရားသံဃာကိုကား။သရဏံ၊ကိုးကွယ်ခြင်းကို။ ဂန္တွာ၊ ရောက်၍၊ သကာလ ဝဋ္ဋ ဒုက္ခာ၊အလုံးစုံသော သံသရာဝဋ္ဋဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်၏။ ဣတိ ဝတွာ ဤသို့မိန့်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၈၉။ ။အဂ္ဂိဒတ္တ၊ အဂ္ဂိဒတ္တပုဏ္ဏား။ ပဗ္ဗတာနိစ၊ ဣသိဂိလိစသောတောင်တို့ကိုင်း။ ဝနာနိစ၊ မဟာဝုန်စသော တောတို့ကိုင်း။ အာရာမရုက္ခစေတျာနိစ၊ ဝေဠုဝုန်အစရှိသော ဥယျာဉ် ဥဒေနံစေတီ ဂေါတမစေတီအစရှိကုန်သော သစ်ပင်စေတီတို့ကိုင်း။ ဗဟူ၊ များစွာကုန်သော။ မနုဿာ၊ လူတို့သည်။ဘယတဇ္ဇိတာ၊ ဘေးဖြင့်ထိတ်လန့်သည်ဖြစ်၍။ စေ၊ အကယ်၍။ သရဏံ၊ သို့။ ယန္တိ၊ရောက်ကုန်၏။

၁၉၀။ ။ဧတံ သရဏံ၊ ဤအလုံးစုံသော ကိုးကွယ်ခြင်းသည်။ ခေါ၊ စင်စစ်။ နခေမံ၊ ဘေးမရှိသည်မဟုတ်၊ ဧတံ သရဏံ၊ ဤအလုံးစုံသော ကိုးကွယ်ခြင်းသည်။ န ဥတ္တမံ၊ မမြတ်။ ဧတံ သရဏံ၊ ဤ အလုံးစုံသော ကိုးကွယ်ခြင်းကို။ အာဂမ္မ၊စွဲ၍။ နေကာပိ၊ တစ်ယောက်သော သူမျှလည်း။သဗ္ဗဒုက္ခာ၊ဇာတိဒုက္ခ အစရှိသောခပ်သိမ်းသော ဒုက္ခမှ။ န ပမုစ္စတိ၊ မလွတ်။

၁၉၁။ ။ယောစ၊ အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ ဘုရားကိုင်း။ ဓမ္မဉ္စ၊ တရားကိုင်း။ သံဃဉ္စ၊ သံဃာကိုင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ ဝါ၊ တနည်းကား။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊အရိယသစ္စာတို့ကို။ သမ္မာပညာယ၊ မဘောက်မပြန်သော ဉာဏ်ဖြင့်။ ပဿတိ၊ မြင်၏။

၁၉၂။ ။ကတမာနိ၊ အဘယ်သစ္စာလေးပါးတို့ကို။ ပဿတိ၊ မြင်သနည်း။ ဒုက္ခဉ္စ၊ ဒုက္ခသစ္စာကိုင်း။ ဒုက္ခသမုပ္ပါဒဉ္စ၊ဒုက္ခကို ဖြစ်စေတတ်သော သမုဒယသစ္စာကိုင်း။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ အတိက္ကမဉ္စ၊ လွန်ရာဖြစ်သော နိရောဓသစ္စာကိုင်း။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ အရိယံ၊ မြတ်သော။အဋ္ဌင်္ဂိကံ၊အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။မဂ္ဂဉ္စ၊မဂ္ဂသစ္စာကိုင်း။ပဿတိ၊ မြင်၏။

၁၉၃။ ။တဿ၊ ထိုသစ္စာလေးပါးကို မြင်သောသူ၏။ ဧတံခေါသရဏံ၊အလုံးစုံသော ကိုးကွယ်ခြင်းသည်သာလျှင်။ ခေမံ၊ ဘေးကင်း၏။ ဧတံသရဏံ၊ ဤသို့ကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊ မြတ်၏။ ဧတံ သရဏံ၊ ဤအလုံးစုံသော ကိုးကွယ်ခြင်းကို။ အာဂမ္မ၊ ရောက်၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ္ဋဒုက္ခမှ။ ပမုစ္စတိ၊ လွတ်၏။ ဣတိ၊ ဤသို့ဟော၏။

တတ္ထ တာသု ဂါထာသု၊ ထိုဂါထာတို့တွင်။ ဗဟုမ္ပိ၊ ဗဟုံဟူသည်ကား။ ဗဟူ၊ များစွာကုန်သော။ ပေဗ္ဗတာနိ ပိ၊ ပဗ္ဗတာနိဟူသည်ကား၊ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ဣသိဂိလိပေပုလ္လဝေဘာရာဒိကေ၊ ဣသိဂိလိ ဝေပုလ္လ ဝေဘာရ အစရှိကုန်သော။ ပဗ္ဗတေစ၊ တောင်တို့ကိုရင်း။ မဟာဝနဂေါသိင်္ဂသာလဝနာဒီနိ၊ မဟာဝုန်တောနွားဦးချိုကဲ့သို့ အခက်အရွက်ဖူး ရှက်ညှန့်ထွက်ခြင်းရှိသော အင်ကြင်းပင်တော အစရှိသည်တို့ကိုရင်း။ ဝေဠုဝနဇီဝကမ္ဗဝနာဒယော၊ ဝေဠုဝန် ဥယျာဉ်-ဇီဝက၏ သရက် ဥယျာဉ်အစရှိကုန်သော။ အာရာမေစ၊ အရာမ်တို့ကိုရင်း။ ဥဒေနစေတိယ ဂေါတမစေတိယာဒီနိ၊ ဥဒေန စေတီ ဂေါတမ စေတီ အစရှိကုန်သော။ ရုက္ခစေတျာနိစ၊ သစ်ပင်ဟုဆိုအပ်သော စေတီတို့ကိုရင်း။ တေ တေ မနုဿာ၊ ထိုထို လူတို့သည်။ တေနတေန ဘယေန၊ ထိုထိုသော ဘေးဖြင့်။ တဇ္ဇိတာ၊ ခြိမ်းချောက်ကုန်သောကြောင့်။ ဘယတော၊ ဘေးမှ။ မုစ္စိတုကာမာ၊ လွတ်လိုကုန်သည်ဖြစ်၍လည်းကောင်း။ ပုတ္တလာဘာဒီနိ၊ သားရခြင်း စသည်တို့ကို။ ပတ္ထယမာနာဝါ၊ တောင့်တကုန်၍လည်းကောင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ယန္တိ၊ ရောက်ကုန်၏။ ဣတိ အတ္ထော၊ ဤသို့အနက်တည်း။

နေတံ သရဏန္တိ၊ ဟူသည်ကား။ သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော။ တံသရဏံ၊ ဤသို့ ကိုးကွယ်ခြင်းသည်။ နေဝခေမံ၊ ဘေးမရှိသည်မဟုတ်။ န ဥတ္တမံ၊ မမြတ်။ တံ၊ ဤသို့ ကိုးကွယ်ခြင်းကို။ ပဋိစ္စ၊ စွဲ၍။ ဇာတိအာဒိဓမ္မေသု၊ ပဋိသန္ဓေနေခြင်းစသော သဘောရှိကုန်သော။ သတ္တေသု၊ သတ္တဝါတို့တွင်။ ဧကောပိ၊ တစ်ယောက်သည်မျှလည်း။ ဇာတိအာဒိတော၊ ပဋိသန္ဓေနေခြင်း အစရှိသော။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ။ နစ ပမုစ္စတိ၊ လွတ်သည်း မလွတ်။ ဣတိ အတ္ထော၊ ဤသည်ကား အနက်တည်း။

ယော စာတိ ဣဒံ၊ ယောစ ဟူသော ဤပုဒ်ကို။ အခေမံ၊ ဘေးမရှိသည် မဟုတ်သော။ အနုတ္တမံ၊ မမြတ်သော။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ဒဿေတွာ၊ ပြပြီး၍။ ခေမံ၊ ဘေးမရှိသော။ ဥတ္တမံ၊ မြတ်သော၊ သရဏံ၊ ကိုးကွယ်ခြင်းကို။ ဒဿနတ္ထံ၊ ပြခြင်းငှာ။ အာရဒ္ဓံ၊ အားထုတ်အပ်၏။ တဿ၊ ထိုပါဌ်၏။ အယံ အတ္ထော၊ အနက်ကား။ ယောစ ဂဟဋ္ဌော ဝါ၊ အကြင်လူသည်ရင်း။ ယောစ ပဗ္ဗဇိတော ဝါ၊ အကြင်ရဟန်းသည်ရင်း။ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ တို အာဒိကံ၊ သမ္မာသမ္ဗုဒ္ဓေါ ဤသို့ အစရှိသော။ ဗုဒ္ဓ ဓမ္မ သံဃာ နုဿတိ ကမ္မဋ္ဌာနံ၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်ကို အောက်မေ့ခြင်းဟု ဆိုအပ်သော ကမ္မဋ္ဌာန်းကို။ နိဿာယ၊ မှီ၍။ သေဋ္ဌဝသေန၊ မြတ်သည်၏ အစွမ်းဖြင့်။ ဗုဒ္ဓဥ္စ၊ ဘုရားကိုရင်း။ ဓမ္မဥ္စ၊ တရားကိုရင်း။ သံဃဥ္စ၊ သံဃာကိုရင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ တဿ၊ ထိုသူ၏။

တမ္ပိ သရဏာဂမနံ၊ ထိုသို့ ကိုးကွယ်ခြင်းသို့ ရောက်ခြင်းသည်လည်း။ အညတိတ္ထိယဝန္ဒနာဒိဟိ၊ သာသနာတော်မှ အပ ဖြစ်သော တိတ္ထိတို့ကို ရှိခိုးခြင်း စသည်ကို ပြုကာမျှတို့ကြောင့်။ န ကုပ္ပတိ၊ မပျက်။ န စလတိ၊ မဘုန်လှုပ်။ တဿ ပန၊ ထိုသရဏဂုံ၏ကား။ အစလဘာဝံ၊ အမြဲမတုန်လှုပ်သည်၏အဖြစ်ကို။ဒဿေတုံ၊ ပြခြင်းငှာ။ မဂ္ဂေန၊ မဂ်ဖြင့်။အာဂတသရဏမေဝ၊ လာသော သရဏဂုံကိုသာလျှင်။ ပကာသေန္တော၊ထင်ရှားပြုလို၍။ စတ္တာရိ အရိယသစ္စာနိ-သမ္မပညာယ ပဿတိတိ၊ ပဿတိဟူ၍။ အာဟ၊ ဆို၏။ ။(အဓိပ္ပါယ်ကား။ လောကုတ္တရာ သရဏဂုံသည် မပျက်။ လော့ကီသရဏဂုံသည်မပျက်။ လောကီသရဏဂုံသည်ပျက်၏။ အဘယ်သို့ ပျက်သနည်းဟူမူကား။ သေသဖြင့် ပျက်၏။ အပြစ်မရှိ။ သာသနာတော်မှ အပ ဖြစ်သော တိတ္ထိကို ဆရာဟူ၍ ညွှန်းအံ့ပျက်၏၊ အပြစ်ရှိ၏။ ။သရဏဂုံယူခြင်းမှာ၊ ဆွေမျိုးအဖြစ်ဖြင့်ရင်း, ဘေးကို ကြောက်သဖြင့်ရင်း ယူအံ့။ သရဏဂုံမရ၊ယူသည် မမည်။

ဟိ၊ဆိုစကားသင့်စွ။ ယော၊အကြင်သူသည်။ ဧတသံ့ သစ္စာနံ၊ ထိုသစ္စာတို့ကို။ ဒဿနဝသေန၊ မြင်သည်၏ အစွမ်းဖြင့်၊ တောနိ၊ ထိုရတနာသုံးပါးတို့ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ တဿ၊ထိုသူ၏။ ဘံသရဏံ၊ ဤသို့ကိုးကွယ် ခြင်းသည်။ခေမဥ္စ၊ ဘေးလည်းမရှိ။ ဥတ္တမဥ္စ၊မြတ်လည်းမြတ်၏။ သောစ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ တံ သရဏံ၊ ဤသို့သော ကိုးကွယ်ခြင်းကို။ ပဋိစ္စ၊စွဲ၍။ သကလသ္မာပိ၊အလုံးစုံလည်းဖြစ်သော။ ဝဋ္ဋဒုက္ခာ၊ဝဋ်ဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ တံ ခေါ သရဏံခေမန္တိအာဒိ၊ခေမံ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ဆိုအပ်ပြီ။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။တေ ဣသယော တိုရဟန်းယောင်တို့သည်။သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို ယာစိံသု၊ တောင်းပန်ကုန်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ စီဝရဂဗ္ဘတော၊ သင်္ကန်း ဟူသောတိုက်မှ။ ဟတ္ထံ၊ လက်ျာလက်ကို။ ပသာရေတွာ၊ ဆန့်၍။ ဘိက္ခဝေါ၊ ရဟန်းတို့။ထေ၊ရှိသေတပ်ကွ လာကုန်ကြလော့။ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ သမ္မာဧရထ၊ ကောင်းစွာကျင့်ကုန်လော့။ ဣတိ အာဟ၊ ဤသို့ နှုတ်မြွက်၍။ ဟေဟိ ဘိက္ခု ခေါ်တော်မူ၏။ တေသံ၊ ထိုရဟန်းတို့အား။ တံ ခဏေယေ၀၊ ထိုခဏ၌ ပင်လျှင်။ အဋ္ဌပရိက္ခာရဓရာ၊ သင်္ကန်း ခါးပန်း ကိုယ်ဝတ် ဒုကုဋ်အာ.ဖြင့် အတွင်းလေးပါး၊သပိတ်ပဲခွပ် ရေစစ် အပ်အားဖြင့် အပလေးပါး၊ဤရှစ်ပါးသော

ပရိက္ခာရတို့ကို ဆောင်ကုန်လျက်( ဝဿသဋ္ဌိကတ္ထေရာဝိယ၊ အဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးတို့ကဲ့သို့။ အဟေသုံ၊ ဖြစ်ကုန်၏။

သဗ္ဗေသံပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ အင် မဂ မကုရုရဋ္ဌဝါသီနံ၊ အင်တိုင်း မဂဓတိုင်း ကုရုရာဇ်တိုင်း၌ နေကုန်သောသူတို့၏။ သက္ကာရံ၊ ပူဇော်သက္ကာကို။ အာဒါယ၊ ယူ၍။ ယောဇနာဂမနဒိဝသော၊အကြင်လာသော နေ့သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ တေ၊ ထိုသုံးရပ်သော တိုင်းသားတို့သည်၊ သက္ကာရံ၊ ပူဇော်သက္ကာကို။ အာဒါယ၊ ယူ၍။ အာဂတာ၊ လာကုန်သည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံ လည်းဖြစ်ကုန်သော။ တေဠသယော၊ ထိုရဟန်းယောင်တို့ကို။ ပဗ္ဗဇိတေ၊ ရဟန်း ပြုသည်တို့ကို။ ဒိသွာ၊ မြင်၍။ ကိံ နုခေါ၊ အဘယ်သို့နည်း။ အမှာကံ၊ ငါတို့၏။ အဂ္ဂိဒတ္တ ဗြာဟ္မဏော၊ အဂ္ဂိဒတ္တ ပုဏ္ဏားသည်။ မဟာ၊ အကြီးဖြစ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ သမဏောဂေါတမော၊ ရဟန်းဂေါတမသည်။ မဟာ၊ အကြီး ဖြစ်သလော။ဣတိစိန္တေတွာ၊ဤသို့ကြံ၍။သမဏဿဂေါတမဿ၊ရဟန်းဂေါတမ၏။ အာဂတတ္တာ၊ အဂ္ဂိဒတ္တပုဏ္ဏားရှိရာ မြစ်နားသဲစုသို့ ကြွလာသောကြောင့်။ အဂ္ဂိဒတ္တောဝ၊ အဂ္ဂိဒတ္တ ပုဏ္ဏားသည်သာလျှင်။ မဟာ၊ မြတ်ဟန်ရှိ၏။ ဣတိမညိံသု၊ ဤသို့ အောက်မေ့ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရပ်ရပ်သော တိုင်းသားတို့၏။ အဇ္ဈာသယံ၊ အလိုကို။ ဩလောကေတွာ၊ ကြည့်၍။ အဂ္ဂိဒတ္တ၊ အဂ္ဂိဒတ္တ။ ပရိသာယ၊ ပရိသတ်၏။ ကင်္ခံ၊ ယုံမှားတွေးတောခြင်းကို။ ဆိန္ဒ၊ ဖြတ်လော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ သော၊ ထိုအဂ္ဂိဒတ္တသည်။ အဟံပိ၊ အကျွန်ုပ်သည်လည်း။တ္တကမေဝ၊ ဤမျှကိုသာလျှင်။ ပစ္စာသိသာမိ၊တောင့်တရင်း ရှိပါ၏။ ဣတိ၊ ဤသို့လျှောက်၍။ ဣဒ္ဓိဗလေန၊ တန်းခိုးအာနုဘော် အစွမ်းဖြင့်။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဩရုယှ၊ ဆင်း၍။ သတ္ထာရံ၊ ဘုရားသခင်ကို၊ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော အရှင်မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏။ သတ္ထာ၊ ဆရာတည်း။အဟံ၊ ငါသည်၊ သာဝကော၊ တပည့်သည်။အသ္မိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့လျှောက်၍။ သာဝကတ္တံ၊ သာဝက၏အဖြစ်ကို။ ပကာသေတိ၊ ပြ၏။

ဆဋ္ဌံ၊ သော။ အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၄-ဗုဒ္ဓဝဂ္ဂ။ ၇-အာနန္ဒတ္ထေရပုစ္ဆိတပဉှဝတ္ထု။

(အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြပြီး၍ အာနန္ဒတ္ထေရပုစ္ဆိတပဉှဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ဒုလ္လဘော"တိ စသော ပါဠိကို မိန့်သတည်း)။

"ဒုလ္လဘော"တိ ဣဒံ ဓမ္မဒေသနံ၊ ဒုလ္လဘော စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အာနန္ဒတ္ထေရဿ၊ အရှင်အာနန္ဒာမထေရ်၏။ ပဉှံ၊ ပြဿနာကို၊ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ တိုစကား သင့်စွ။ ထေရော၊ အရှင်အာနန္ဒာသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ဒိဝါဋ္ဌာနေ၊ နေ့သန့်စရာ၌။ နိသိန္နော၊ နေလျက်။ စိန္တေသိ၊ ကြံ၏။ ဟတ္ထာဇာနီယော၊ ဆင်အာဇာနည်သည်၊ ဆဒ္ဒန္တကုလေဝါ၊ ဆဒ္ဒန်ဆင်မျိုး၌ရင်း။ ဥပေါသထကုလေဝါ၊ ဥပေါသထဆင်မျိုး၌ရင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အဿာဇာနီယော၊ မြင်းအာဇာနည်သည်။ သိန္ဓဝကုလေဝါ။ သိန္ဓဝအမျိုး၌ရင်း၊ ဝလာဟကဿရာဇကုလေဝါ၊ ဝလာဟကမြင်းမင်းအမျိုး၌ရင်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥသဘာဇာနီယော၊ နွားလား ဥသဘအာဇာနည်သည်။ ဒက္ခိဏာပထေ၊ ဒက္ခိဏာပထအရပ်၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိအာဒီနိ၊ ဤသို့ အစ ရှိသည်တို့ကို။ ဝဒန္တေန၊ ဟောတော်မူသော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဟတ္ထိအာဇာနီယာဒီနံ၊ ဆင်အာဇာနည် အစရှိသည်တို့၏။ ဥပ္ပတ္တိဋ္ဌာနာဒီနိ၊ ဖြစ်ရာအရပ် စသည်တို့ကို။ ကထိတာနိ၊ ဟောတော်မူအပ် ကုန်၏။ ပုရိသာဇာနီယော ပန၊ ယောကျ်ားအာဇာနည်သည်ကား။ ကဟံနုခေါ၊ အဘယ်အရပ်၌။ ဥပ္ပဇ္ဇတိ၊ ဖြစ် သနည်း။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သော၊ ထိုအာနန္ဒာသည်။ သတ္ထာရံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သောအရပ်၌။ နိသီဒိတွာ၊ နေ၍။ ဧတမတ္ထံ၊ ဤအကြောင်းကို။ ပုစ္ဆိ၊ မေးလျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာနန္ဒ၊ အာနန္ဒာ။ ပုရိသာဇာနီယော နာမ၊ ယောကျ်ား အာဇာနည်မည်သည်ကား။ သဗ္ဗတ္ထ။ အလုံးစုံသော အရပ်၌။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ဥဇုကတော ပန၊ ဖြောင့်ဖြောင့် အားဖြင့်ကား။ တိယောဇန သတာယာမေ၊ အလျား ယူဇနာသုံးရာရှိသော။ ဝိတ္ထာရတော၊ အနံ အားဖြင့်။ အဍ္ဎတေယျသတာနိ၊ ယူဇနာ နှစ်ရာ့ငါးဆယ်ရှိသော။ အာဝဋ္ဋတော၊ အဝန်းအားဖြင့်။ နဝယောဇနသတပ္ပမာဏေ၊ ယူဇနာကိုးရာ အတိုင်းအရှည်ရှိသော။ မဇ္ဈိမပဒေသဋ္ဌာနေ၊ မဇ္ဈိမဒေသအရပ်၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥပ္ပဇ္ဇန္တော စ၊ ဖြစ်၍လည်း၊

ယသိ္မံ ဝါ တသိ္မံ ဝါ ကုလေ ပန၊ ဟုတ်ဟုတ် ငြားငြားသော အမျိုး၌ကား။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလကုလသာနံ ပန၊ များသော ဥစ္စာနှစ်ရှိသော မင်းမျိုးများသော ဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုးတို့တွင်။ အညတရသိ္မံ ယေဝ၊ တပါးပါးသော အမျိုး၌သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၉၄။ ။ပုရိသာဇညော၊ ယောကျ်ားအာဇာနည်ကို။ ဒုလ္လဘော၊ ရခဲသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောကျ်ားအာဇာနည်သည်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်၌။ နဇာယတိ၊ မဖြစ်။ ဓီရော၊ မတုန်မလှုပ် ပညာရှိသော။ သော၊ ထို ယောကျ်ားအာဇာနည်သည်။ ယတ္ထ၊ အကြင်အမျိုး၌။ ဇာယတိ၊ ဖြစ်၏။ တံကုလံ၊ ထိုအမျိုးကို။ သုခံ၊ ချမ်းသာခြင်းသို့။ ဧဓတိ၊ ရောက်စေ၏။ ဣတိ အာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဒုလ္လဘောတိ၊ ဟူသည်ကား။ ဟိသစ္စံ၊ မှန်၏။ ပုရိသာဇညော၊ ယောကျ်ားအာဇာနည်သည်။ ဒုလ္လဘော၊ ရခဲ၏။ ဟတ္ထိအာဇာနီ ယာဒ ယောဝိယ၊ ဆင်အာဇာနည် အစရှိသည်တို့ကဲ့သို့။ နသုလဘော၊ မရလွယ်။ သော၊ ထိုပုရိသအာဇာနည်သည်။ သဗ္ဗတ္ထပစ္စန္တဒေသေဝါ၊ အလုံးစုံသော ပစ္စန္တရာဇ်အရပ် ၌၎င်း၊ နီစကုလေဝါ၊ ဆင်းရဲနွမ်းပါးသော အရပ်မျိုး၌၎င်း။ နဇာယတိ၊ မဖြစ်။ မဇ္ဈိမဒေသေပိ၊ မဇ္ဈိမဒေသ၌လည်း။ မဟာဇနဿ၊ လူအပေါင်း၏။ အဘိဝါဒနာဒိ သက္ကာရံ ကရဏဋ္ဌာနေ၊ ရှိခိုးခြင်းအစရှိသည်ဖြင့် ပူဇော်ခြင်းကို ပြုရာအရပ်၌။ ခတ္တိယ ဗြာဟ္မဏကုလသာနံ၊ မင်းမျိုး ပုဏ္ဏားမျိုးတို့တွင်။ အညတရသိ္မံ ကုလေ၊ တပါးပါးသော အမျိုး၌။ ဇာယတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဇာယမာနော စ၊ ဖြစ်သော်လည်း။ ယတ္ထ၊ အကြင်အမျိုး၌။ သော၊ ထိုပုရိသအာဇာနည်သည်။ ဓီရော၊ မြဲမြံတည်ကြည်သော။ ဥတ္တမပညော၊ မြတ်သော ပညာရှိသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် အမှန်အားဖြင့် သိသော ဘုရားသည်။ ဇာယတိ၊ ဖြစ်၏။ တံကုလံသုခမေဓတီတိ၊ မေဓတိဟူသည်ကား။ သုခပ္ပတ္တမေဝ၊ ချမ်းသာခြင်းသို့ ရောက်စေသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့၊ ပါပုဏိံသု၊ ရောက်ကုန်၏။

သတ္ထမံ၊ သော။ အာနန္ဒတ္ထေရပဉှဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၄-ဗုဒ္ဓဝဂ္ဂ။ ၈-သမ္ဗဟုလဘိက္ခုဝတ္ထု။

(အာနန္ဒတ္ထေရပုစ္ဆိတပဥှာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အဖွင့်ဝဏ္ဏနာကို ပြပြီး၍ သမ္ဗဟုလ ဘိက္ခုဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတွင်းဖွင့်နာကို ပြလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သုခေါ ဗုဒ္ဓါနန္တိ" စသောပါဌ်ကို မိန့်သတည်း)။

"သုခေါ ဗုဒ္ဓါနံ"န္တိ ဣမံ ဓမ္မဒေသနံ၊ သုခေါ ဗုဒ္ဓါနံ-စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ သမ္ဗဟုလာနံ၊ များစွာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ကထံ၊ စကားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကဒိဝသံ၊ တနေ့သ၌။ ပဉ္စသတာဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်။ ဥပဋ္ဌာနသာလာယံ၊ ညီမူခံရာစရပ်၌။ နိသိန္နာ၊ နေကုန်သည်ရှိသော်။ အာဝုသော၊ ငါ့ရှင်။ ဣမသ္မိံ လောကေ၊ ဤလောက၌။ သုခံ၊ ချမ်းသာခြင်းသည်။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏၊ တတ္ထ၊ ထိုသို့စကားပြောကြားရာ၌။ ကေစိ၊ အချို့သော ရဟန်းတို့သည်။ ရဇ္ဇသုခသဒိသံ၊ ပဒေသရာဇ်မင်း၏ စည်းစိမ်၊ စကြဝတေး မန္ဓာတ်မင်းတို့၏ စည်းစိမ်ချမ်းသာနှင့်တူသော။ သုခံ နာမ၊ ချမ်းသာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။ ကေစိ၊ အချို့သော ရဟန်းတို့သည်။ ကာမသုခသဒိသံ၊ ကာမဂုဏ်ငါးပါး၌ မွေ့လျော်သည်၏အစွမ်းဖြင့်ဖြစ်သောချမ်းသာခြင်းနှင့်တူသော။ သုခံ နာမ၊ သာယာအပ်သော သုခမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။ ကေစိ၊ အချို့သောရဟန်းတို့သည်။ သာလိမံသဘောဇနာဒိသဒိသံ၊ သားလေးဆန်ကောင်းကို သားပြွမ်းကျိ၍ စားရခြင်းစသည်၌ သာယာခြင်း သုခနှင့်တူသော။ သုခံ နာမ၊ ချမ်းသာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ နိသိန္နဋ္ဌာနံ၊ နေရာအရပ်သို့။ အာဂန္တွာ၊ ကြွတော်မူလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုငါလာသဲ ဖြစ်သော အခါ၌။ ကာယကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ တညီတညွတ်စည်းဝေးကြကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ ဣမာယနာမာတ၊ ဤမည်သောစကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အသို့။ ကထေထ၊ ပြောကြကုန်သနည်း။ ဟိ၊ ထိုစကားသင့်စွ။ သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော။ ဣဒံ သုခံ၊ ဤမင်းစည်းစိမ်ချမ်းသာ အစရှိသည်။ ဝဋ္ဋ ဒုက္ခ

ပရိယာပန္န မေဝ၊ ဝဋ္ဋ်ဆင်းရဲ၌ အကျုံးဝင်သည် သာလျှင်တည်း။ ဣမသ္မိံ လောကေ၊ ဤလောက၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းသည်ရှင်း။ ဓမ္မသဝနံ၊ သူတော်ကောင်းတရားကို နာရခြင်းသည်ရှင်း။ သံဃသာမဂ္ဂီသမောဒမာနဘာဝေါ၊ သံဃာညီညွတ်သည်ဖြစ်၍ တူမျှသောစိတ်ရှိသည်၏ အဖြစ်သည်ရှင်း။ ဣတိ ဣဒမေဝ၊ ဤသဘော တရားသည်သာလျှင်။ သုခံ၊ သုခမည်၏။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၁၉၅။ ။ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို ဟောခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သံဃဿ၊ သံဃာ၏။ သာမဂ္ဂီ၊ ကိုယ်စိတ်၏ ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ သဘောတူမျှသော စိတ်ရှိကုန်သော သူတို့၏၊ တပေါ၊ ခြိုးခြံသော အကျင့်သည်။ သုခေါ၊ ချမ်းသာ၏။ ဣတိ အာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဗုဒ္ဓါနံ ဥပ္ပါဒေါတိ၊ ဗုဒ္ဓါနံ ဥပ္ပါဒေါ ဟူသည်ကား။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ မဟာဇနံ၊ လူအပေါင်းကို။ ရာဂကန္တာရာဒီဟိ၊ ရာဂသာလျှင်ဖြစ်သော ခရီးစသည်တို့မှ။ ယသ္မာ၊ အကြင့်ကြောင့်။ တာရေန္တိ၊ ကယ်ဘင်တော်မူကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဥတ္တမော၊ မြတ်သော။ သုခေါ၊ ချမ်းသာခြင်းမည်၏။ သဒ္ဓမ္မဒေသနံ၊ သူတော်ကောင်းတရားကို ဟောခြင်းကို။ အာဂမ္မ၊ စွဲ၍။ ဇာတိအာဒိဓမ္မာ၊ ပဋိသန္ဓေနေခြင်း စသော သဘောရှိကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်။ ဇာတိ အာဒီဟိ၊ ပဋိသန္ဓေနေခြင်း စသည်တို့မှ။ ယသ္မာ၊ အကြင့်ကြောင့်။ မုစ္စန္တိ၊ လွတ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို ဟောခြင်းသည်။ သုခါ၊ ချမ်းသာခြင်းရှိ၏။ ။(သဒ္ဓမ္မသာနာဟူ၍လည်းရှိ၏။ သင့်အံ့ထင်၏) သာမဂ္ဂီတိ၊ သာမဂ္ဂီဟူသည်ကား။ သမစိတ္တတာ၊ တူမျှသော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ သာပိ၊ ထိုညီညွတ်ခြင်းသည်လည်း။ သုခါဧဝ၊ ချမ်းသာသည် သာလျှင်တည်း။ ဧကစိတ္တာနံ၊ တူသော စိတ်ရှိကုန်သော။ သမဂ္ဂါနံ ပန၊ ညီညွတ်သောသူတို့၏ကား။ ဗုဒ္ဓ ဝစနံ၊ မြတ်စွာဘုရား စကားကို။ ဥဂ္ဂဏှိတုံဝါ၊ သင်ခြင်းငှာရှင်း။ ဓုတင်္ဂါနိ၊ ဓုတင်တို့ကို။ ပရိဟရိတုံဝါ၊ ဆောင်ခြင်းငှာရှင်း။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကာတုံဝါ၊ ပြုခြင်းငှာရှင်း။ ယသ္မာ အကြင်ကြောင့်။ သုခံ၊ ချမ်းသာခြင်းရှိ၏။ တသ္မာ၊ ထိုကြောင့်။ သမဂ္ဂါနံ၊ ညီညွတ်သောသူတို့၏။ တပေါ၊ အကျင့်သည်။ သုခေါတိ၊ ချမ်းသာ၏ ဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ တေနေဝ၊ ထိုကြောင့်လျှင်။ ယာဝကီဝဉ္စ။ ပရိဟာနီတိ၊ ပရိဟာနိဟူ၍။ အာဟ၊ ဆိုပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ၊ ဤလောက၌။ ယာဝ၊ အကြင်မျှလောက်ကုန်သော။

ဘိက္ခု၊ ရဟန်းတို့သည်။ သမဂ္ဂါ၊ အညီ အညွတ်။ သန္နိပတိဿန္တိ၊ စည်းဝေးကုန်လတ္တံ့။ သမဂ္ဂါ၊ အညီ အညွတ်။ ဝုဋ္ဌဟိဿန္တိ၊ ထကုန်လတ္တံ့။ သမဂ္ဂါ၊ အညီအညွတ်။ သံဃကရဏီယာနိ၊ သံဃာ့ကံတို့ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ဘိက္ခုနံ၊ရဟန်းတို့အား။ဝုဒ္ဓိယေဝ၊ကြီးပွားခြင်းကိုသာလျှင်။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ ပရိဟာနိ၊ ယုတ်ခြင်းကို၊ နောပါဋိကင်္ခါ၊ အလိုမရှိအပ်။ ဒေသနာ ဝသာနေ၊ ဒေသနာတော်အဆုံး၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ မဟာဇနဿာပိ၊ လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သော။ သမ္ဗဟုလဘိက္ခုဝတ္ထု၊ သည်။

ဝတ္ထု သမတ္တံ၊ ပြီးပြီ။

ဗုဒ္ဓဝဂ္ဂဝဏ္ဏနာ၊ ဗုဒ္ဓဝဂ်် အဖွင့်သည်။

နိဋ္ဌိတာ၊ ပြီးပြီ။

စုဒ္ဒသမော၊ သော၊ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

ပဌမဘာဏဝါရံ၊ ဝါရသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

——●——

## ၁၅-သုခဝဂ္ဂ။ ၁-ဉာတိကလဟ ဝူပသမနဝတ္ထု။

(ရှစ်ဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော တဆဲ့လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဗုဒ္ဓဝဂ်၌ ဟောအပ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ရှစ်ဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော တဆယ့်ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော သုခဝဂ်၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သုသုခံ ဝတာတိ" စသော ပါဌ်ကို မိန့်သတည်း)။

"သုသုခံ ဝတာတိ ဣမံ ဓမ္မဒေသနံ" သုသုခံဝတ-အစရှိသော ဤ တရားဒေသနာကို၊ သတ္ထာ၊ မြတ်စွာဘုရားသည်။သက္ကေသု၊ သက္ကတိုင်းတို့၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ကလဟ ဝူပသမနတ္ထံ၊ ခိုက်ရန်ဖြစ်သော အဓိကရုဏ်းကို ငြိမ်းစေခြင်းငှာ။ ဉာတကေ၊ ဆွေတော် မျိုးတော်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ သင့်စွ။ သာကိယာ၊ သာကီဝင် မင်းတို့သည်။ ကပိလဝတ္ထုနဂရဿစ၊ ကပိလဝတ်ပြည်၏ရင်း။ ကောလိယ နဂရဿစ၊ ကောလိယပြည်၏ရင်း။ အန္တရေ၊ အကြား၌။ ရောဟိနီနာမနဒိံ၊ ရောဟိနီအမည်ရှိသောမြစ်ကို။

ကောဲနေ၀ံ အာ၀ရဏောန၊ တခုသော ပိတ်ဆို့ဆီးထားခြင်းဖြင့်လျှင်။ ဗန္ဓာပေတွာ၊ ကန်ပေါင် ကန်ရိုးတက်၍။ သဿာနိ၊ ကောက်တို့ကို။ ကရောန္တိ ကိရ၊ လုပ်ဆောင်ကုန်သတတ်။ အထ၊ ထိုအခါ၌။ ဇေဋ္ဌမူလမာသေ၊ နယုန်လ၌။ သဿသု၊ ကောက်ပင်တို့သည်။ မိလာယန္တေသု၊ ညှိုးကုန်သည်ရှိသော်။ ဥဘယနဂရ၀ါသိကာနမ္ပိ၊ နှစ်ပြည်ထောင်၌ နေကုန်သော သူတို့၏လည်း။ ကမ္မကာရာ၊ လယ်ထွန်သမားတို့သည်။ သန္နိပတိံသု၊ စည်းဝေးကုန်၏။ တတ္ထ၊ ထိုနှစ်ပြည်ထောင်သားတို့တွင်။ ကောလိယ နဂရ ၀ါသိနော၊ ကောလိယပြည်၌နေကုန်သော သူတို့သည်။ အာဟံသု၊ ဆိုကုန်၏။ ဣဒံ ဥဒကံ၊ ဤရေကို။ ဥဘယတော၊ နှစ်ပြည်ထောင်သားတို့ လုပ်ရာ လယ်တာသို့။ ဟရိယမာနံ၊ ဆောင်သည် ရှိသော်။ တုမှာကံ၊ သင်တို့အား။ နေ၀ ပဟောဿတိ၊ မလောက်လတ္တံ့။ အမှာကမ္ပိ၊ ငါတို့အားလည်း။ နေ၀ ပဟောဿတိ၊ မလောက်လတ္တံ့။ အမှာကံ ပန၊ ငါတို့၏ကား။ သဿံ၊ ကောက်သည်။ ဧက ဥဒကေနေ၀၊ ရေတကြိမ် သွန်းခြင်းဖြင့်သာလျှင်။ နိပ္ဖဇ္ဇိဿတိ၊ မှည့်၍ရိတ်ရလတ္တံ့၊ ဣဒံ ဥဒကံ၊ ဤရေကို။ အမှာကံ၊ ငါတို့အား။ ဒေထ၊ ပေးကုန်လော့။ ဣတိ အာဟံသု၊ ဤသို့ ဆိုကုန်၏။ ဣတရေပိ၊ ကပိလ၀တ် ပြည်သားတို့သည်လည်း။ အာဟံသု၊ ဆိုကုန်၏။ တုမှေသု၊ သင်တို့သည်။ ကောဋ္ဌကေသု၊ ကျီတို့ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဌိတေသု၊ နေကုန်သည် ရှိသော်။ မယံ၊ ငါတို့သည်။ ရတ္တသုဝဏ္ဏနီလမဏိကာဠကဟာပဏေစ၊ ဇမ္ဗူရာဇ် ရွှေနီ ညိုသော ပတ္တမြားမည်းနက်သော အသပြာတို့ကို။ ဂဟေတွာ။ ယူ၍။ ပစ္ဆိသိဗ္ဗကာဒီသု ဟတ္ထာ၊ တောင်း အိတ် စသည်ကို လက်စွဲလျက်။ တုမှာကံ၊ သင်တို့၏။ ဃရဒွါရေ၊ အိမ်တံခါး၌။ ၀ိစရိတုံ၊ လှည့်၍နေခြင်းငှါ။ နသက္ခိဿာမ၊ မတတ်နိုင်လေကုန်။ အမှာကံပိ၊ ငါတို့၏လည်း။ သဿံ၊ ကောက်သည်။ ဧကဥဒကေနေ၀၊ တကြိမ်ရေသွန်းခြင်းဖြင့်လျှင်။ နိပ္ဖဇ္ဇိဿတိ၊ အောင်လတ္တံ့။ ဣဒံ ဥဒကံ၊ ဤရေကို။ အမှာကံ၊ ငါတို့အား။ ဒေထ၊ ပေးကုန်လော့။ ဣတိ အာဟံသု၊ ဤသို့ ဆိုကုန်၏။ မယံ၊ ငါတို့သည်။ န ဒဿာမ၊ မပေးကုန်အံ့။ ဣတိ၊ ဤသို့ ဆိုကုန်၏။ မယံပိ၊ ငါတို့သည်လည်း။ န ဒဿာမ၊ မပေးကုန်အံ့။ ဣတိ၊ ဤသို့ဆိုကုန်၏။ ဧ၀ံ၊ ဤသို့။ ကထံ၊ စကားကို။ ၀ဍ္ဎေတွာ၊ ပွားစေ၍။ ဧကော၊ တယောက်သည်။ ဥဋ္ဌာယ၊ ထလျက်။ ဧကဿ၊ တယောက်သောသူအား။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ အဒါသိ၊ ပေး၏။ သောပိ၊ ထိုသူသည်လည်း။ အညဿ၊ ထိုသူအား။ အဒါသိ၊ ပုတ်ခတ်ခြင်းကို ပေး၏။ ဣတိဧ၀ံ၊ ဤသို့။ အညမညံ၊ အချင်းချင်း။ ပဟရိတွာ၊ ပုတ်ခတ်၍။ ရာဇကုလာနံ၊ မင်းမျိုးတို့၏။ ဇာတိံ၊ ဇာတ်ကို။ ဃဋ္ဋေတွာ၊ ထိခိုက်ချုတ်ချယ်၍။ ကလဟံ၊ ငြင်းခုံခြင်းကို။ ၀ဍ္ဎယိံသု၊ ပွားစေကုန်၏။

ကောလိယ ကမ္မကာရာ၊ ကောလိယပြည်က လယ်လုပ်ကုန်သော သူတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ တုမ္ဟေ၊ သင်တို့သည်။ ဣဒါနိ၊ ယခုအခါ၌။ ကပိလဝတ္ထုဝါသိနော၊ ကပိလဝတ်ပြည်၌ နေကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။ ဂဟေတွာ၊ ဘမ်း၍။ ဂစ္ဆထ၊ သွားလေကုန်။ ယေ၊ အကြင်သူတို့သည်။ သောဏသိင်္ဂါလာဒယော ဝိယ၊ အိမ်ခွေးမြေခွေးစသော သတ္တဝါတို့ကဲ့သို့။ အတ္တနော၊ မိမိ၏။ ဘဂိနီဟိ၊ နှမတို့နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဘော် ကုန်လျက်။ ဝသိံသု၊ နေကုန်၏။ တေသံ၊ ထိုသူတို့၏။ ဟတ္ထိနော စေဝ၊ ဆင်တို့သည်ရင်း။ အဿာစ၊ မြင်းတို့သည်ရင်း။ ဖလကာဝုဓာနိစ၊ ကာဒိုင်းလက်နက်တို့သည်ရင်း။ အမှာကံ၊ ငါတို့အား။ ကိံ ကရိဿန္တိ၊ အဘယ်သို့ အသက်အန္တရာယ်ကို ပြုနိုင်ကုန်အံ့နည်း။ ဣတိ ဝဒန္တိ၊ ဤသို့ ဆိုကုန်၏။ သာကိယကမ္မကာရာပိ၊ ကပိလဝတ်ပြည်က လယ်လုပ်သမား တို့သည်လည်း။ ဝဒန္တိ၊ ဆိုကုန်၏။ တုမ္ဟေ၊ သင်တို့သည်။ ဣဒါနိ၊ ယခုအခါ၌။ ကုဋ္ဌိနော၊ နူကုန်သော၊ ဒါရကေ၊ သူငယ်တို့ကို။ ဂဟေတွာ၊ ဘမ်း၍။ ဂစ္ဆထ၊ သွားလေကုန်။ ယေ၊ အကြင်သူတို့သည်။ အနာထာ၊ ကိုးကွယ်ရာမရှိကုန်။ နိဂ္ဂတိကာ၊ နေရာအိမ် မရှိကုန်။ တိရစ္ဆာနာ ဝိယ၊ တိရစ္ဆာန် တို့ကဲ့သို့။ ကောလိယရုက္ခေ၊ ကလောပင်၏အခေါင်း၌။ ဝသိံသု၊ နေကုန်၏။ တေသံ၊ ထိုသူတို့၏။ ဟတ္ထိနောစ၊ ဆင်တို့သည်ရင်း။ အဿာစ၊ မြင်းတို့သည်ရင်း။ ဖလကာဝုဓာစ၊ ဒိုင်းကာလက်နက်တို့သည်ရင်း။ အမှာကံ၊ ငါတို့အား။ ကိံ ကရိဿန္တိ၊ အဘယ်မှာ အသက်အန္တရာယ်ကို ပြုနိုင်ကုန်အံ့နည်း။ ဣတိ ဝဒန္တိ၊ ဤသို့ဆိုကုန်၏။ တေ၊ ထိုလူတို့သည်။ ဂန္တွာ၊ သွား၍၊ တသ္မိံ ကမ္မေ၊ ထိုအမှု၌။ နိယုတ္တာနံ အမစ္စာနံ၊ စီရင်ကုန်သော အမတ်တို့ကို။ ကထယိံသုံ၊ ဆိုကုန်၏။ အမစ္စာ၊ အမတ်တို့သည်။ ရာဇကုလာနံ၊ မင်းဆွေ မင်းမျိုးတို့ကို။ ကထေသုံ၊ ဆိုကုန်၏။ တတော၊ ထိုနောင်မှ။ သာကိယာ၊ သာကီဝင်မင်းမျိုးတို့သည်။ ဘဂိနီဟိ၊ နှမတို့နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဘော်ခြင်းကိုပြု၍။ ဝသိတကာနံ၊ နေထိုင်ကုန်သော သူတို့၏။ ထာမဥ္စ၊ အစွမ်းကိုရင်း။ ဗလဉ္စ၊ အားကိုရင်း။ ဒဿဿာမ၊ ပြကုန်အံ့။ ဣတိ၊ ဤသို့။ ယုဒ္ဓသဇ္ဇာ၊ စစ်ဆင်ကုန်လျက်။ နိက္ခမိံသု၊ ထွက်ကုန်၏။ ကောလိယာပိ၊ ကောလိယ မင်းသားတို့သည်လည်း။ ကောလိယရုက္ခဝါသီနံ၊ ကလောပင်ကိုစွဲ၍ဖြစ်သော ကောလိယမင်းသားတို့၏။ ထာမဉ္စ၊ အစွမ်းကိုရင်း။ ဗလဉ္စ၊ အားကိုရင်း။ ဒဿဿာမ၊ ပြကုန်အံ့။ ဣတိ၊ ဤသို့၊ ယုဒ္ဓသဇ္ဇာ၊ စစ်ဆင်ကုန်လျက်။ နိက္ခမိံသု၊ ထွက်ကုန်၏။

သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ပစ္စူသသမယေ၊ မိုးသောက်အခါ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည်ရှိသော်။ ဉာတကေ၊ ဆွေတော် မျိုးတော်တို့ကို။ ဒိသွာ၊ မြင်၍။ မယိ၊ ငါဘုရားသည်။ အနာ

ဂစ္ဆန္တေ၊ မသွားသည်ရှိသော်။ ဣမေ၊ ဤသူတို့သည်။ နာသိဿန္တိ၊ ပျက်စီးကုန်လတ္တံ့။ မယာ၊ ငါဘုရားသည်။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ စိန္တေတွာ၊ ဤသို့ကြံ၍။ ကောဝေကောဝ၊ ကိုယ်တော်တည်းသာလျှင်။ အာကာသေန၊ ကောင်းကင်ဖြင့်။ ဂန္တွာ၊ ကြွ၍။ ရောဟိနိနဒိယာ၊ ရောဟိနီမြစ်၏။ မဇ္ဈေ၊ အလယ်၌။ အာကာသေ၊ ကောင်းကင်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖြင့်။ နိသီဒိ၊ နေတော်မူ၏။ ဉာတကာ၊ ဆွေတော် မျိုးတော်တို့သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။ အာဝုဓာနိ၊ လက်နက်တို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ဝန္ဒိံသု၊ ရှိခိုးကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုမင်းသားတို့ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ မဟာရာဇ၊ မြတ်သော မင်းအပေါင်းတို့။ သေသောက- လဟောနာမ၊ ဤခိုက်ရန်ဖြစ်ခြင်းမည်သည်။ ကိံ၊ အဘယ် အကြောင်း ကြောင့် ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ နဇာ နာမိ၊ မသိပါဘုရား။ ဣတိ အဝေါစုံ၊ ဤသို့ လျှောက်ကုန်၏။ ကော၊ အဘယ် သူသည်။ ဣဒါနိ၊ ယခု။ ဇာနိဿတိ၊ သိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေးတော်မူ၏။ ဥပရာဇာ၊ အိမ်ရှေ့မင်းသည်။ ဇာနိဿတိ၊ သိလတ္တံ့။ သေနာပတိ၊ အမတ် စစ် သူ ကြီး သည်။ ဇာနိဿတိ၊ သိလတ္တံ။ ဣတိဣမိနာ ဥပါယေန၊ ဤသို့ သော နည်း ဖြင့်။ ယာဝဒါသကမ္မကရေ၊ ကျွန် အမှုလုပ် တိုင်အောင်သော သူတို့ကို။ ပုစ္ဆိတွာ၊ မေးတော်မူသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ ဥဒကကလဟော၊ ရေကိုလိုကုန်သောကြောင့် ခိုက်ရန်အဓိကရုဏ်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အာဟံသု၊ ဤသို့ဆိုကုန်၏။ မဟာရာဇ၊ မြတ်သော မင်းတို့။ ဥဒကံ၊ ရေသည်။ ကိံ အဂ္ဃတိ၊ အဘယ်မျှ ထိုက်သနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး တော်မူ၏။ ဘန္တေ၊ အရှင် ဘုရား။ အပ္ပံ၊ အနည်းငယ်မျှသာ ထိုက်၏။ ဣတိ အဝေါစုံ၊ ဤသို့လျှောက်ကုန်၏။ မဟာရာဇ၊ မြတ်သောမင်းတို့။ ခတ္တိယာ၊ မင်းမျိုးတို့သည်။ ကိံ အဂ္ဃန္တိ၊ အဘယ်မျှ ထိုက်ကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ခတ္တိယာနာမ၊ မင်းတို့မည်သည်ကား။ အနဂ္ဃာ၊ အဘိုးအတိုင် မသိထိုက်ကုန်၏။ ဣတိ အဝေါစုံ၊ ဤသို့လျှောက်ကုန်၏။ တုမှာကံ၊ သင်တို့အား။ အပ္ပမတ္တကံ၊ အနည်းငယ်သော။ ဥဒကံ၊ ရေကို။ နိဿာယ၊ မှီ၍။ အနဂ္ဃေ၊ အဘိုးအတိုင်း မသိထိုက်ကုန်သော။ ခတ္တိယေ၊ မင်းတို့ကို။ နာသေတုံ၊ ဖျက်ဆီးခြင်းငှါ။ အယုတ္တံ၊ မယင့်။ ဣတိ ပုစ္ဆိ၊ ဤသို့ မိန့်တော်မူ၏။ တေ၊ ထိုလူတို့သည်။ တုဏှီ၊ ဆိတ်ဆိတ်နေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ တေ၊ ထိုသူတို့ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ မဟာရာဇ၊ မြတ်သော မင်းတို့။ ဝေရူပံ၊ ဤသို့သဘောရှိသော အမှု

ကို။ ကသ္မာ၊ အဘယ်ကြောင့်။ ကရောထ၊ ပြုကြကုန်ဘိသနည်း။ မယံ၊ ငါဘုရားသည်။ အသန္တေ၊ မရှိသည်ရှိသော်။ အဇ္ဇ၊ ယနေ့။ လောဟိတံနဒိဝ၊ သွေးမြစ်ကဲ့သို့။ ပဝတ္တိဿထ၊ စီးကုန်လတ္တံ့။ ဝေါ၊သင်တို့၏။ကတံ၊ပြုအပ်သောအမှုသည်။ အယုတ္တံ၊ မသင့်။ တုမှေ၊ သင်တို့သည်။ ပဉ္စဟိဝေရေဟိ၊ ငါးပါးသောရန်တို့ဖြင့်။ သဝေရာ၊ ရန်ရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကုန်၏။ အဟံ၊ ငါသည်။ အဝေရော၊ ရန်မရှိသည်ဖြစ်၍။ ဝိဟရာမိ၊ နေ၏။ တုမှေ၊ သင်တို့သည်။ ကိလေသာတုရာ၊ ကိလေသာဖြင့် ကျင်နာခြင်းရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရထ၊ နေကုန်၏။ အဟံ၊ ငါသည်။ အနာတုရော၊ ကိလေသာဖြင့် ကျင်နာခြင်းမရှိ။ တုမှေ၊ သင်တို့သည်။ ကာမဂုဏပရိယေသနုဿုကာ၊ ကာမဂုဏ်ကို ရှာမှီးအံ့သောငှါ လုံ့လပြုကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟရထ၊ နေကုန်၏။ အဟံ၊ ငါဘုရားသည်။ အနုဿုကော၊ လုံ့လကြောင့်ကြမရှိဘဲ။ ဝိဟရာမိ၊ နေ၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၉၆။ ။မဟာရာဇာနော၊ မြတ်သောမင်းတို့။ ဝေရိနေသု၊ ရန်ပြုကုန်သောသူတို့၌။ အဝေရိနော၊ ရန်မရှိကုန်သည်ဖြစ်၍။ ယေမယံ၊ တို့သည်။ သုသုခံ၊ ချမ်းသာစွာ။ ဝတ၊ စင်စစ်။ ဇီဝါမ၊ အသက်ရှည်ကုန်၏။ ယေမယံ အကြင်ငါတို့သည်။ ဝေရိနေသု၊ ငါးပါးသော ရန်ရှိကုန်သော။ မနုဿေသု၊ လူတို့၌။ အဝေရိနော၊ ရန်မရှိကုန်သည်ဖြစ်၍။ ဝိဟရာမ၊ နေကုန်၏။

၁၉၇။ ။ယေမယံ၊ တို့သည်။ အာတုရေသု၊ ကိလေသာအားဖြင့် ကျင်နာသောသူတို့၌။ အနာတုရော၊ ကျင်နာခြင်း မရှိသည်ဖြစ်၍။ သုသုခံ၊ အလွန် ချမ်းသာစွာ။ ဝတ၊ စင်စစ်။ ဇီဝါမ၊ အသက်ရှည်ကုန်၏။ ယေမယံ၊ တို့သည်။ အာတုရေသု၊ ကျင်နာကုန်သော။ မနုဿေသု၊ လူတို့၌။ အနာတုရာ၊ ကိလေသာဖြင့် မကျင်နာကုန်သည်ဖြစ်၍။ ဝိဟရာမိ၊ နေ၏။

၁၉၈။ ။ယေမယံ၊တို့သည်။ ဥဿုကေသု၊ ကာမဂုဏ်ချမ်းသာကိုရှာအံ့သောငှါ လုံ့လပြုသောသူတို့၌။ အနုဿုကာ၊ လုံ့လမရှိကုန်သည်ဖြစ်၍။သုသုခံ၊အလွန် ချမ်းသာစွာ။ ဝတ၊ စင်စစ်။ ဇီဝါမ၊ အသက်ရှည်ကုန်၏။ ယေမယံ၊ တို့သည်။ ဥဿုကေသု၊ လုံ့လကြောင့်ရှိကြကုန်သော၊ မနုဿေသု၊ လူတို့၌။ အနုဿုကာ၊လုံ့လကြောင့်ကြမပြုကုန်သည်ဖြစ်၍။ ဝိဟရာမိ၊ နေ၏၊ ဣတိအဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ သုသုခန္တိ၊ သုသုခံဟူသည်ကား။ သုဋ္ဌုံသုခံ၊ အလွန် ချမ်းသာစွာ။ ဣဒံ၊ ဤအငြိမ့်ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ယေဂိဟိနော၊ အကြင်လူတို့သည်။ သန္ဓိစ္ဆေဒါဒိဝသေန၊ ခြံဖပ် ဖေါက်ခြင်း စသည်၏

အစွမ်းဖြင့်။ ဇီဝိတဝုတ္တိံ၊ အသက်မွေးခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သုခေန၊ ချမ်းသာစွာ။ ဇီဝါမ၊ အသက်ရှည်ကုန်အံ့။ ဣတိဝဒန္တိ၊ ဤသို့ဆိုကုန်၏။ ပဗ္ဗဇိတာဝါပန၊ ရဟန်းတို့သည်ကား။ ဝေဇ္ဇကမ္မာဒိဝသေန၊ ဆေးကုခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်။ ဇီဝိတဝုတ္တိံ၊ အသက်မွေးခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သုခေန၊ ချမ်းသာစွာ။ ဇီဝါမ၊ အသက်ရှည်ကုန်အံ့။ ဣတိဝဒန္တိ၊ ဤသို့ဆိုကုန်၏။ တေဟိ၊ ထိုလူရဟန်းတို့သည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ သုသုခံ၊ ချမ်းသာစွာ။ ဝတ၊ စင်စစ်။ ဇီဝါမ၊ အသက်ရှည်ကုန်အံ့။ တေဟိ၊ ထိုသူတို့သည်။ မယံ ဧဝ၊ ငါတို့သာလျှင်၊ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဝတ၊ စင်စစ်။ ဇီဝါမ၊ အသက်ရှည်ကုန်အံ့။ ယေမယံ၊ အကြင် ငါတို့သည်။ ဝေရိနေသု၊ ငါးပါးသော ရန်တို့ဖြင့်။ ဝေရိနေသု၊ ရန်ရှိကုန်သော။ မနုဿေသု၊ လူတို့၌။ အဝေရိနော၊ ရန်မရှိကုန်သည်ဖြစ်၍။ ကိလေသာတုရေသု၊ ကိလေသာဖြင့် ကျင်နာကုန်သော။ မနုဿေသု၊ လူတို့၌။ နိက္ကိလေသတာယ၊ ကိလေသာမရှိသည်၏ အဖြစ်ကြောင့်။ အနာတုရာ၊ ကိလေသာဖြင့် ကျင်နာခြင်း မရှိကုန်သည်ဖြစ်၍။ ပဉ္စကာမဂုဏ်ပရိယေသနေသု၊ ငါးပါးသောကာမဂုဏ်ကိုရှာခြင်းတို့၌။ ဥဿုက္ကေသု၊ လုံ့လပြုကုန်သောသူတို့၌။ တာယပရိယေသနာယ၊ ထိုသို့သောရှာခြင်း၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အနုဿုကာ၊ ကြောင့်ကြမရှိကုန်သည်ဖြစ်၍။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သေသံ၊ ကြွင်းသောစကားသည်။ ဥတ္တာနတ္ထမေဝ၊ ပေါ်သောအနက်ရှိသည် သာလျှင်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဌမံ၊ သော။ ဉာတိကလဟဝူပသမနဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

——❁——

၁၅–သုခဝဂ္ဂ။ ၂–မာရဝတ္ထု။

(ကလဟဝူပသမနဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထယောဇနာကို ပြုပြီး၍ မာရဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထယောဇနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် “သုသုခံဝတ”တိ-စသော ပါဌ်ကို မိန့်သတည်း)။

“သုသုခံဝတဇီဝါမ”တိ ဣမံ ဓမ္မဒေသနံ၊ သုံသုခံဝတ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပဉ္စသာလာယ၊ စရပ်ငါးဆောင်ရှိသော။ ဗြာဟ္မဏဂါမေ၊ ပုဏ္ဏားတို့၏ရွာ၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ မာရံ၊ မာရ်နတ်သားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကား

သင့်စွ။ ကေဒိ၀သံ၊ တနေ့သ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပဥ္စသတာနံ ကုမာ
ရိကာနံ၊ ငါးရာကုန်သော သတို့သမီးတို့၏။ သောဘာပတ္တိ မဂ္ဂဿ၊ သောတာပတ္တိ
မဂ်၏။ ဥပနိဿယံ၊ ဥပနိဿယည်းကို။ ဒိသွာ၊ မြင်တော်မူ၍။ တံ ဂါမံ၊ ထိုရွာကို။
ဥပနိဿာယ၊ ဆွမ်းခံရွာ အမှီပြု၍။ ၀ိဟာသိ၊ နေတော်မူ၏။ တာပိ ကုမာရိ
ကာယော၊ ထိုသတို့သမီးတို့သည်လည်း။ ဧကသ္မိံ နက္ခတ္တဒိ၀သေ၊ တခုသောနက္ခတ်
ပွဲသဘင်၌။နဒိံ ၊ မြစ်သို့။ ဂန္တွာ၊ သွားပြီး၍။ အလင်္ကတပဋိယတ္တာ၊ တန်းဆာဆင်
ခြင်းနှင့် စပ်သည်ဖြစ်၍။ ဂါမာဘိမုခိယော၊ ရွာသို့ ရှေ့ရှု။ ပါယိံသု၊ သွားကုန်
၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ တံ ဂါမံ၊ ထိုရွာသို့။ ပ၀ိသိတွာ၊
၀င်၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရတိ၊ ကြွသွားတော်မူ၏။ အထ၊ ထိုအခါ၌။
မာရော၊ မာရ်နတ်သားသည်။ သကလဂါမ၀ါသီနံ၊ အလုံးစုံသော ရွာ၌ နေကုန်
သော သူတို့၏။ သရီရေ၊ ကိုယ်၌။ အဓိမုစ္စိတွာ၊ ပူး၀င်၍။ ယထာ၊ အကြင်
၂၀၉။ ။ဘိက္ခဝေ၊ တို့။ အယောဂေ၊ မယှဉ်သင့်သည်၌။ အတ္တာနံ၊ မိမိကိုယ်ကို။ ယုဉ္စံ ယုဉ္စန္တော၊ ယှဉ်သော သူသည်ရင်း။ ယောဂသ္မိံ၊ ယှဉ်သင့်သည်၌။ အယောဇယံ-အယောဇယန္တော၊ မယှဉ်သောသူသည်ရင်း။ အတ္တံ၊ အဓိသီလအစရှိသော သုံးပါးသော အကျိုးကို။ ဟိတွာ၊ စွန့်၍။ ပိယဂ္ဂါဟိ၊ ကာမဂုဏ်ငါးပါးဟုဆိုအပ်သော ချစ်ခြင်းကို ယူလေ့ရှိသည် ဖြစ်၍။ ဝါ၊ ယူလေ့ရှိသော သူသည်၊ အတ္တာနုယောဂိနံ၊ကိုယ်၏အစီးအပွား အလို့ငှါ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းနှင့် ယှဉ်သော ပုဂ္ဂိုလ်ကို။ ဒိသွာ၊ မြင်၍။ ပိဟေတိ၊ အလိုရှိတတ်၏။

၂၁၀။ ။ပိယေဟိ၊ ချစ်အပ်ကုန်သော သတ္တဝါတို့နှင့်။ ကုဒါစနံ၊ တရံတဆစ်မျှ၊ မာသမာဂဉ္ဆိ၊ မပေါင်းဘက်လင့်။ အပ္ပိယေဟိ၊ မချစ်အပ်သော သူတို့နှင့်။ ကုဒါစနံ၊ တရံတဆစ်၊ မာသမာဂဉ္ဆိ၊မပေါင်းဘက်လင့်။ ပိယာနံ၊ ချစ်အပ်သော သတ္တဝါ သင်္ခါရတို့ကို။ အဒဿနံ၊ မမြင်ရခြင်းသည်သာလျှင်။ ဒုက္ခံ၊ ဆင်းရဲ၏။ အပိယာနဉ္စ၊ မချစ်အပ်သော သတ္တဝါ သင်္ခါရတို့ကိုလည်း။ ဒဿနံ၊ မြင်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။

၂၁၁။ ။တသ္မာ၊ ထိုကြောင့်။ ကိဉ္စိ၊ တခုတခုသော သတ္တဝါ သင်္ခါရကို။ ပိယံ။ ချစ်ခြင်းကို။ နကရိယာ၊ မပြုကုန်ရာ။ ဟိ၊ ထိုစကားသင့်စွ။ ပိယာပါယော၊ မုန်းခြင်းသည်။ "ချစ်ခြင်းတို့ဖြင့် ကင်းခြင်းသည်လည်းဟူ"။ ပါပကော၊ ယုတ်မာ၏။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ပိယာပိယံ၊ ချစ်ခြင်း မုန်းခြင်းသည်။ နတ္ထိ၊ မရှိ၊ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဂန္ထာ၊ ခလေးပါးသော ဂန္ထတို့သည်။ နဝိဇ္ဇန္တိ၊ မရှိကုန်။ ဣဘိအဘာသိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အယောဂေတိ၊ အယောဂေဟူသည်ကား။ အယုဥ္ဇိတဗ္ဗေ၊ မယှဉ်အပ်သော၊ အယောနိသောမနသိကာရေ၊ အသင့်သော နှလုံးမသွင်းရာ၌။ ဟိ၊ သင့်စွ။ ဝေသိယာဂေါစရာဒိဘေဒဿ၊ ပြည့်တန်းဆာမ၌ ကျက်စားခြင်းစသည်

အပြားရှိသော။ ဆဗ္ဗိမဿ၊ခြောက်ပါးအပြားရှိသော။ အဂေါစရဿ၊ မကျက်စားအပ်သည်ကို။ သေဝနံ၊ မှီဝဲခြင်းသည်။ ဣဓ၊ ဤအရာ၌။ အယောနိသောမနသိကာရေနာမ၊ အသင့်သော နှလုံးမသွင်းခြင်းမည်၏။ တသ္မိံ အယောနိသောမနသိကာရေ၊ ထိုမသင့်သောနှလုံးသွင်းရာ၌။ အတ္တာနံ၊ ကိုယ်ကို။ ယုဉ္ဇန္တော၊ ယှဉ်ခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ယောဂသ္မိန္တိ၊ဟူသည်ကား။ တဗ္ဗိပရိတေ၊ ထိုမှပြန်သော။ ယောနိသော မနသိကာရေစ အသင့်နှလုံးသွင်းရာ၌လည်း။ အယုဉ္ဇန္တော၊ မယှဉ်ခြင်းတည်း။ ဣဒအတ္ထော၊ ဤသည်ကား အနက်တည်း။ အတ္ထံဟိတွာတိ၊ အတ္ထံဟိတွာဟူသည်ကား။ ပဗ္ဗဇိတကာလတော၊ ရဟန်းပြုသောအခါမှ။ ပဋ္ဌာယ၊ စ၍။ အဓိသီလာဒိသိက္ခတ္တယံ၊ အဓိသီလအစရှိသော သိက္ခာသုံးပါးသည်။ အတ္ထောနာမ၊ အနက်မည်၏။ တံအတ္ထံ၊ ထိုအနက်ကို။ ဟိတွာ၊ စွန့်၍။ ပိယဂ္ဂါဟီတိ၊ ပိယဂ္ဂါဟီဟူသည်ကား။ ပဉ္စကာမဂုဏသင်္ခါတံ၊ ငါးပါးသောကာမဂုဏ်ဟုဆိုအပ်သော။ ပိယမေဝ၊ချစ်ခြင်းကိုသာလျှင်။ ဂဏှန္တော၊ ယူသောသူကို၊ ပိဟေတတ္တာနုယောဂိနန္တိ၊ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ တာယပဋိပတ္တိယာ၊ ထိုအကျင့်ဖြင့်။ သာသနတော၊ သာသနာတော်မှ၊ စုတော၊ စုတေသည်ဖြစ်၍။ ဂိဟိဘာဝံ၊ လူအဖြစ်သို့။ ပတွာ၊ ရောက်၍။ ပစ္ဆာ၊ နောက်အခါ၌။ ။(ပိဟေတိမှာစပ်)။ ။ယေ၊ အကြင်သူတို့သည်။ အတ္တာနုယောဂံ၊ ကိုယ်၏အစီးအပွားနှင့်စပ်သော လုံ့လကို။ အနုယုတ္တာ၊ အားထုတ်ကုန်သည်ဖြစ်၍။ သီလာဒီနိ၊ သီလစသည်တို့ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ သန္တိကာ၊ အထံမှ၊ သက္ကာရံ၊ ပူဇော်သက္ကာရကို။ လဘန္တိ၊ ရကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ်တို့ကို။ ပိဟေတိ၊ အလိုရှိ၏။ ကိံ ပိဟေတိ၊ အဘယ်သို့အလိုရှိသနည်း။ ။(ထည့်သည်)။ ။အဟံပိ၊ ငါသည်လည်း။ ဧဝရူပေါ၊ ဤသို့သဘောရှိသော အခြင်းအရာသည်၊ အဿံ၊ ဖြစ်ရမူကား။ အဟောဝတ၊ ဩော်ကောင်းလေစွ။ ဣတိ ဣစ္ဆန္တိ၊ ဤသို့အလိုရှိကုန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ မာပိယေဟီတိ၊ ဟူသည်ကား။ သတ္တေဟိဝါ၊ သတ္တဝါတို့နှင့်ရင်း။ သင်္ခါရေဟိဝါ၊ သင်္ခါရတို့နှင့်ရင်း။ ကုဒါစနံ၊ တရံ တဆစ်မျှ။ ကောဋ္ဌာသေပိ၊ တခဏမျှရင်း။ နသမာဂစ္ဆေယျ၊ အတူမသွားရာ။ တထာ၊ထို့အတူ။ အပိယေဟိ၊မုန်းသောသူတို့နှင့်။ နသမာဂစ္ဆေယျ၊ အတူမသွားရာ။ ကိံကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိ၊ ထိုစကားသင့်စွ၊ ပိယာနံ၊ ချစ်သောသူတို့၏။ ဝိယောဂဝသေန၊ ကွေကွင်းသည်၏ အစွမ်းအားဖြင့်။ အဒဿနံ၊ မမြင်ရခြင်းသည်ရင်း။ အပိယာနဉ္စ၊ မချစ်အပ်သော သူတို့သို့လည်း။ ဥပသင်္ကမနဝသေန၊ ကပ်ရသည်၏ အစွမ်းအားဖြင့်။ ဒဿနံ၊မြင်ရခြင်းသည်ရင်း။ ဒုက္ခံနာမ၊ဆင်းရဲသည်

မည်၏။ တသ္မာတိ၊ တသ္မာဟူသည်ကား၊ ဣဒံဥဘယံပိ၊ ဤနှစ်ပါးစုံသည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ တသ္မာ၊ ထိုကြောင့်။ ကိဉ္စိ၊ တစုံတခုသော။ သတ္တံဝါ၊ သတ္တဝါကိုရင်း။ သင်္ခါရံဝါ၊ သင်္ခါရကိုရင်း။ ပိယံနာမ၊ ချစ်ခြင်းမည်သည်ကို။ နကရေယျ၊ မပြုရာ။ ပိယာပါယောဟိတိ၊ ဟူသည်ကား။ ပိယေဟိ၊ ချစ်သောသူတို့နှင့်။ အပါယော ဝိယောဂေါ၊ ကွေကွင်းခြင်းမည်၏။ ပါပကောတိ၊ ပါပကောဟူသည်ကား။ လာမကော၊ ယုတ်မာ၏။ ဂန္ထာတေသံ နဝိဇ္ဇန္တီတိ၊ ဟူသည်ကား။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ ပိယံ၊ ချစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ အဘိဇ္ဈာကာယဂန္ထော၊ အဘိဇ္ဈာကာယဂန္ထကို။ ပဟီယတိ၊ ပယ်၏။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့အား။ အပ္ပိယံ၊ မုန်းခြင်းသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဗျာပါဒေါကာယဂန္ထော၊ ဗျာပါဒကာယဂန္ထကို။ ပဟီယတိ၊ ပယ်၏။ တေသု ပန ဒွိသု၊ ထိုနှစ်ပါးတို့ကို။ ပဟီနေသု၊ ပယ်ကုန်သည် ရှိသော်။ သေသဂန္ထာ၊ ကြွင်းသော ဂန္ထတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပိယံဝါ၊ ချစ်ခြင်းကိုရင်း။ အပ္ပိယံဝါ၊ မချစ်ခြင်းကိုရင်း။ နကတ္တဗ္ဗံ၊ မပြုအပ်။ ဣတိအတ္ထော၊ ဤကားအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ တေ ပန တယောဇနာ၊ ထိုသုံးယောက်သော ရဟန်းတို့သည်။ မယံ၊ ငါတို့သည်။ ဝိနာ၊ ကင်း၍။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ နသက္ကောမ၊ မတတ်နိုင်ကုန်။ ဣတိ၊ ဤသို့။ ဝိဗ္ဘမိတွာ၊ လူထွက်၍။ ဂေဟာ၊ အိမ်သို့လာလျှင်။ အဂမိံသု၊ ပြန်ကုန်၏။

ပဌမံ၊ သော။ တယောဇနပဗ္ဗဇိတဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

၁၆-ပိယဝဂ္ဂ။ ၂-အညတရကုဋုမ္ဗိကဝတ္ထု။

(တယောဇနပဗ္ဗဇိတဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ အညတရကုဋုမ္ဗိကဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ပိယတော ဇာယတီတိ" စသော ပါဌ်ကို မိန့်သတည်း)။

"ပိယတော ဇာယတီ"တိ ဣမံ ဓမ္မဒေသနံ၊ ပိယတော ဇာယတိ- ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်

ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အညတရံ၊ အမှတ် မရှိသော။ ကုဋုမ္ဗိကံ၊ သူကြွယ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သောပိ၊ ထိုသူကြွယ်သည်လည်း။ အတ္တနော၊ မိမိ၏။ ပုတ္တေ၊ သားသည်။ ကာလကတေ၊ သေသည်ရှိသော်။ ပုတ္တသောကာဘိဘူတော၊ သား၌ဖြစ်သော စိုးရိမ်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍။ အနှာယာနံ၊ သင်းချိုင်းသို့။ ဂန္တွာ၊ သွား၍။ ရောဒတိ၊ ငို၏။ ပုတ္တသောကံ၊ သား၌ဖြစ်သော စိုးရိမ်ခြင်းကို။ သန္ဓာရေတုံ၊ တည်စေခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပစ္စူသကာလေ၊ မိုးသောက်သော ကာလ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည်ရှိသော်။ တဿ၊ ထိုသူကြွယ်အား။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဥပနိဿယံ၊ ယည်းကို။ ဒိသွာ၊ မြင်တော်မူ၍။ ပိဏ္ဍပါတ ပဋိက္ကန္တော၊ ဆွမ်းခံရွာမှ ဖဲပြီးသည်ရှိသော်။ ဧကံ ပစ္ဆာသမဏံ၊ တယောက်သောနောက်လိုက် ရဟန်းကို။ ဂဟေတွာ၊ ခေါ်တော်မူ၍။ တဿ၊ ထိုသူကြွယ်၏။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ အဂမာသိ၊ ကြွတော်မူ၏။ သော၊ ထိုသူကြွယ်သည်။ သတ္ထု၊ မြတ်စွာဘုရား၏။ အာဂတဘာဝံ၊ လာသည်၏အဖြစ်ကို။ သုတွာ၊ ကြား၍။ မယာ၊ငါနှင့်။ ဂဋိသန္ထာရံ၊ စကားပြောဟောခြင်းကို။ ကာတုကာမော၊ ပြုလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပဝေသေတွာ၊ ဝင်စေ၍။ ဂေဟ မဇ္ဈေ၊ အိမ်အလယ်၌။ အာသနံ၊ နေရာကို။ ပညာပေတွာ၊ ခင်း၍။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ နိသိန္နေ၊ နေသည်ရှိသော်။ အာဂန္တွာ၊ လာ၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သောအရပ်၌။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူကြွယ်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဥပါသက၊ ဒါယကာ။ ကိံ နုခေါ၊ အဘယ့်ကြောင့်။ ဒုက္ခိတော၊ ဆင်းရဲသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ တေန၊ ထိုသူကြွယ်သည်။ ပုတ္တ ဝိယောဂ ဒုက္ခေ၊ သားနှင့် ကွေကွင်းခြင်းကြောင့် ဖြစ်သော ဆင်းရဲကို။ အာရောစိတေ၊ ကြားသည် ရှိသော်။ ဥပါသက၊ ဒါယကာ။ မာစိန္တယိ၊ မကြံလင့်။ ဣဒံ မရဏံ နာမ၊ ဤသေခြင်းမည်သည်ကား။ ဧကသ္မိံယေဝ ဌာနေ၊ တခုတည်းသောအရပ်၌ သာလျှင်။ ဟောတိ၊ ဖြစ်သည်ကား။ န၊ မဟုတ်။ ဧကသ္မိံ၊ ထယောက်သော သူအား သာလျှင်။ ဟောတိ၊ ဖြစ်သည်ကာ။ နစ၊ ဟုတ်လည်းမဟုတ်။ ပန၊အဟုတ်သော်။ ယာဝတာ၊ အကြင်မျှလောက်။ ဘဝုပ္ပတ္တိ နာမ၊ ဘဝ၏ဖြစ်ခြင်းမည်သည်။ အတ္ထိ၊ ရှိသေး၏။ တာဝတာ၊ ထိုမျှလောက်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါ တို့အား။ ဟောတိ ယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဧကသင်္ခါရောပိ၊ တခုသော သင်္ခါရသည်လည်း။ နိစ္စော နာမ၊ မြဲသောသူ မည်သည်။ နတ္ထိ၊ အကြင်ကြောင့်။

နတ္ထိ၊ မရှိ၊ တသ္မာ၊ ထိုကြောင့်။ မရဏဓမ္မ၊ သေခြင်း သဘောရှိသော သူသည်။ မတ၊ သေ၏။ ဘိဇ္ဇနဓမ္မ၊ ပျက်ခြင်း သဘောရှိသော သူသည်။ ဘိန္န၊ ပျက်၏။ ဣတိ၊ ဤသို့။ ယောနိသော၊ အသင့်အားဖြင့်။ ပစ္စဝေက္ခိတဗ္ဗ၊ ဆင်ခြင်အပ်၏။ နှသောစိတဗ္ဗ၊ မစိုးရိမ်အပ်၊ ဟိ၊ သင့်စွ။ ပေါရာဏပဏ္ဍိတာပိ၊ ရှေးပညာရှိတို့သည်လည်း။ ပုတ္တသ္မိ၊ သား၏။ မတကာလေ၊ သေသောကာလ၌။ မရဏဓမ္မ၊ သေခြင်းသဘောရှိသော သူသည်။ မတ၊ သေ၏။ ဘိဇ္ဇနဓမ္မ၊ ပျက်ခြင်းသဘောရှိသော သူသည်။ ဘိန္န၊ ပျက်၏။ ဣတိ၊ ဤသို့။ သောကံ၊ စိုးရိမ်ခြင်းကို။ အကတွာ၊ မပြုမူ၍။ မရဏဿတိမေဝ၊ မရဏဿတိ ကမ္မဋ္ဌာန်းကိုသာလျှင်။ ဘာဝယိံသု၊ ပွားစေကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဘန္တေ၊ အရှင်ဘုရား။ ကေ၊ အဘယ်သူတို့သည်။ ဧဝံ၊ ဤသို့။ အကံသု၊ ပြုကုန်သနည်း။ ကဒါစိ၊ အဘယ်အခါ၌လျှင်။ အကံသု၊ ပြုကုန်သနည်း။မေ၊ အကျွန်ုပ်အား။အာစိက္ခထ၊ကြားတော်မူပါကုန်လော့။ ဣတိ ယာစိတော၊ ဤသို့ တောင်းပန်သောကြောင့်။ တဿတ္ထဿ၊ ထိုထိုအကြောင်းကို။ ပကာသနတ္ထံ၊ ပြခြင်းငှါ။ အတီတံ၊ လွန်လေ ပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။

ကုဋ္ဌမ္ဗိက၊ သူကြွယ်။ ဥရဂေါ၊ မြွေသည်။ ဇိဏ္ဏံ၊ ဆွေးမြေ့ပြီးသော။ သံတန္ဓံ၊ ပါးသော။ တစံ၊ အရေကို။ ဟိတွာ၊ စွန့်၍။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပေတော၊ ဘဝတပါးသို့ ပြောင်းသည်ရှိသော်။ ကာလင်္ကတော၊ သေသည်။ သတိ၊ ရှိသော်။ နိဗ္ဗောဂေ၊ ဇီဝိတိန္ဒြေမှ ကင်းသော။ သရီရေ၊ ကိုယ်ကို။ ဟိတွာ၊ စွန့်၍။ ဂစ္ဆတိ၊ သွား၏။

ဍယှမာနော၊ မီးဖြင့် ဖုတ်ကြည်းအပ်သော သေသောသူသည်။ ဉာတီနံ၊ မိဘစသော ဆွေမျိုးတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးသည်ကို။ ယသ္မာ၊ အကြင်ကြောင့်၊ န ဇာနာတိ၊ မသိ။ တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့ သေသောသူကို။ နသောစာမိ၊ မစိုးရိမ်။ တဿ၊ ထိုသေသောသူ၏။ ယာ ဂတိ၊ အကြင်လားရာသည်။ အတ္ထိ၊ ၏။ တံ ဂတိံ၊ ထိုဂတိသို့။ သော၊ ထိုသေသောသူသည်။ ဂတော၊ သွားလေ၏။

ဣတိ၊ ဤသို့။ ပဉ္စနိပါတေ။ ပဉ္စနိပါတ်၌။ ဣမံ ဥရဂဇာတကံ၊ ဤဥရဂဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ဧဝံ၊ ဤသို့။ ပုဗ္ဗေ၊ ရှေး၌။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ပိယ ပုတ္တေ၊ ချစ်သော သားသည်။ ကာလင်္ကတေ၊ သေသည် ရှိသော်။ တေရဟိ၊ ယခုဘဝ၌။ တွံ၊ သင်သည်။ ကမ္မန္တေ၊ အမှုတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍ နိရာဟာရော၊ ကင်းသော အစာရှိသည် ဖြစ်၍။ ရောဒန္တော၊ ငိုလျက်၊ ဝိစရသိ ယထာ၊ သွားလာသကဲ့သို့။တထာ၊ ထိုအတူ။ အဝိစရိတွာ၊ မသွားမူ၍။ မရဏဿတိ

ဘာဝနာဗလေန၊ မရဏာဿတိ ကမ္မဋ္ဌာန်း၏ အာနုဘော်ဖြင့်။ သောကံ၊ စိုးရိမ်ခြင်းကို။ အကတွာ၊ မပြုမူ၍။ အာဟာရဥ္စ၊ အာဟာရကိုလည်း။ ဘုဉ္ဇိံ သုံးဆောင်ကုန်၏။ ကမ္မန္တဉ္စ၊ အမှုကိုလည်း။ ယသ္မာ၊ အကြင်ကြောင့်။ အဓိဋ္ဌဟိံသု၊ ဆောက်တည်ကုန်၏၊ တသ္မာ၊ ထိုကြောင့်။ မေ၊ ငါ၏။ ပိယပုတ္တော၊ ချစ်စွာသောသားသည်။ ကာလကတော၊ ကွယ်လွန်တော်မူ၏။ ယေ၊ အကြင် ... ပေ ... သွား၏။ မိနိယ၊ မကြုံလင့်။ ဟိ၊ ထို့ကြောင့်။ မေဘော သင့်စွ၊ သောကော ဝါ၊ စိုးရိမ်ခြင်းသည်ရင်း။ ဘယံ ဝါ၊ ဘေးသည်ရင်း။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သော်။ ပိယမေဝ၊ ချစ်ခြင်းကိုသာလျှင်။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၁၂။ ။ပိယတော၊ ချစ်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပိယတော၊ ချစ်ခြင်းကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတိ၊ ဖြစ်၏။ ပိယတော၊ ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။

ပ တ္ထ၊ ထိုဂါထာ၌။ ပိယတောတိ၊ ပိယတော ဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ ဝဋ္ဋမူလတော၊ ဝဋ်တည်းဟူသော အမြစ်ရှိသော သူအား။ သောကော ဝါ၊ စိုးရိမ်ခြင်းသည်ရင်း။ ဘယံ ဝါ၊ ဘေးသည်ရင်း။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ပိယမေဝ၊ ချစ်အပ်သည်သာလျှင် ဖြစ်သော။ သတ္တံ ဝါ၊ သတ္တဝါကိုရင်း။ သင်္ခါရံ ဝါ၊ သင်္ခါရကိုရင်း။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတော ပန၊ ထိုသို့ ချစ်ခြင်းမှကား။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ တော် ဥဘယံ၊ ဤနှစ်ပါးသော စိုးရိမ်ခြင်း ဘေးဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာ ဝသာနေ၊ ဒေသနာတော် အဆုံး၌။ ကုဋုမ္ဗိကော၊ သူကြွယ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တာနံပိ၊ ရောက်လာကုန်သော သူတို့အားလည်း။ သာတ္ထိကာ၊ အကျိုးနှင့်သော။ ဒေသနာ၊ မေ့ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဒုတိယံ၊ သော။ အညတရကုဋုမ္ဗိကဝတ္ထု သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

ဒ၆-ပိယဝဂ္ဂ။ ၃-ဝိသာခါဝတ္ထု။

(ကုဋုမ္ဗိကဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ဝိသာခါဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို

ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည်"ပေမတော ဇာယတီ"တိ- အစရှိသော ပါဠိကို မိန့်သတည်း)။

"ပေမတော ဇာယတီ"တိ ဣမံ ဓမ္မဒေသနံ၊ ပေမတော ဇာယတိ- ဟူသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဝိသာခံ၊ဝိသာခါအမည်ရှိသော ဥပါသိကာ၊ ဒါယိကာမကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာ၊ ထိုဝိသာခါသည်။ ပုတ္တဿ၊ သား၏။ ဓီတရံ၊ သမီးဖြစ်သော။ သုဒတ္တံနာမ၊ သုဒတ္တအမည်ရှိသော။ ကုမာရိကံ၊ သတို့သမီးငယ်ကို။ အတ္တနော၊ မိမိ၏။ ဌာနေ၊ အရာ၌။ ထပေတွာ၊ ထား၍။ ဂေဟေ၊ အိမ်၌။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ ဝေယျာဝစ္စံ၊ အမှုကြီးငယ်ကို။ ကာရေသိကိရ၊ ပြုစေသတတ်။ သာ၊ ထိုသုဒတ္တာသည်။ အပရေနသမယေန၊ တပါးသော အခါ၌။ ကာလမကာသိ၊ သေခဲ့၏။ သာ၊ ထိုဝိသာခါသည်။ တဿ၊ ထိုသုဒတ္တာ၏။ သရီရနိက္ခေပံ၊ သေပြီးသောအကောင်ကို သင်းချိုင်း၌ ချခြင်းကို။ ကာရေတွာ၊ ပြုစေ၍။ သောကံ၊ စိုးရိမ်ခြင်းကို။ သန္ဓာရေတုံ၊တည်စေခြင်းငှါ။ အသက္ကောန္တီ၊ မတတ်နိုင်သည်ဖြစ်၍။ ဒုက္ခီ၊ ဆင်းရဲလျက်။ ဒုမ္မနာ၊ နှလုံးမသာယာလျက်။ သတ္ထုသန္တိကံ၊ မြတ်စွာဘုရား၏ အထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဝိသာခါကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝိသာခေ၊ ဝိသာခါ။ တွံ၊ သင်သည်။ ကိံနုခေါ၊ အဘယ်ကြောင့်။ ဒုက္ခီ၊ ဆင်းရဲသည်ဖြစ်၍၊ ဒုမ္မနာ၊ နှလုံးမသာသည်ဖြစ်၍။ အဿုမုခါ၊ မျက်ရည်ပြည့်သော မျက်နှာရှိလျက်။ ရောဒမာနာ၊ ငိုလျက်။ နိသိန္နာ၊ နေသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဤသို့မိန့်တော်မူ၏။ သာ၊ ထိုဝိသာခါသည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေတွာ၊ ကြား၍၊ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ ပိယာ၊ ချစ်စွာသော။ သာကုမရိကာ၊ ထိုသတို့သမီးငယ်သည်။ ဝတ္တသမ္ပန္နာ၊ ဝတ်နှင့်ပြည့်စုံ၏။ ဣဒါနိ၊ ယခုအခါ၌ကား။ တထာရူပံ၊ ထိုသို့သဘောရှိသော သူကို။ န ပဿာမိ၊ မမြင်ရ။ ဣတိ၊ ဤသို့။ အာဟ၊ ဤသို့လျှောက်၏။ ဝိသာခေ၊ ဝိသာခါ။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ မနုဿာ၊ လူတို့သည်။ ကိတ္တကာပန၊ အဘယ်မျှ ရှိကုန်သနည်း၊ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိယေဝ၊ အရှင်ဘုရားတို့သည်သာလျှင်။ သတ္တဇနကောဋိယောပိ၊ ခုနစ်ကုဋေသော လူရှိကုန်၏ဟူ၍။ ကထိတံ၊ ဟောဘူးသည်မဟုတ်လော။ ပန၊ ငါဟောသော စကားကို ကြားဘူး၏ဟုဆိုခြင်းသည် ကောင်းပြီ။ ဧတ္တကော၊ ဤမျှလောက်သော။အယံဇနော၊ ဤလူအပေါင်းသည်။ တဝ၊ သင်၏။ နတ္တာယ၊ မြေးနှင့်။ သဒိသော၊ တူသောသူသည်။ သစေ

ဘဝေယျ၊ အကယ်၍ ဖြစ်အံ့။ နံ၊ ထိုမြေးကို။ ဝွာဒဿယျာသိ၊ အလိုရှိအံ၊ ဣတိ အာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မြဲဘ်မှန်၏။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ကတိဇနာ၊ အဘယ်မျှသော လူအပေါင်းတို့သည်။ ဒေဝသိကံ၊ နေ့တိုင်း။ ကာလံ၊ သေခြင်းကို၊ ကရောန္တိ၊ ပြုကုန်သနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား၊ ဗဟူ၊ များစွာကုန်၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ ဝေသန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ တဝ၊ သင်၏။ အဒေသာ တနုကာလော၊ မစိုးရိမ်အပ်သော အခါသည်။ နဘဝေယျနနု၊ ဖြစ်ရာသည်မဟုတ်တုံလော။ ရတ္တိဒိဝံ၊ ညဥ့်နေ့ပတ်လုံး။ ရောဒန္တိယော၊ ငိုကြွေးကုန်သည်ဖြစ်၍ ဝိစာရေယျာသိ၊ သွားလာဘိသနည်း။ ဣတိ အာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဟောတု၊ ထိုသို့မူလည်း ဖြစ်စေ။ မယာ၊ အကျွန်ုပ် ဝိသာခါသည်။ ဉာတံ၊ သိပြီ။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဝိသာခါကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေနဟိ၊ ထိုသို့ ဆိုဘိပြီကား။ မာဒေသာစိ၊ မစိုးရိမ်လင့်။ သောကောဝါ၊ စိုးရိမ်ခြင်းသည်ငှင်း။ ဘယံဝါ၊ ဘေးသည်ငှင်း။ ပေမတော၊ ချစ်ခြင်းကြောင့်သာလျှင်။ ဇာယတိ၊ ဖြစ်၏။ ဣတိဝတ္ဂာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၁၃။ ။ဝိသာခါဝတ္ထု။ ပေမတော၊ ချစ်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပေမတော၊ ချစ်ခြင်းကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတိ၊ ဖြစ်၏၊ ပေမတော၊ ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်။ ကုတော၊ အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ပေမတော၊ ပေမတောဟူသည်ကား။ ပုတ္တဓီတာသု၊ သားသမီးတို့၌။ ကတံ၊ ပြုအပ်သော။ ပေမမေဝ၊ ချစ်ခြင်းကိုသာလျှင်။ နိဿာယ၊ မှီ၍။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်၏ အဆုံး၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

တတိယံ၊ သော။ ဝိသာခါဝတ္ထု၊ သည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

## ၁၆–ပိယဝဂ္ဂ။ ၄-လိစ္ဆဝိဝတ္ထု။

(ဝိသာခါဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ လိစ္ဆဝိမင်းသားတို့ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ရတိယာ ဇာယတီတိ" စသော ပါဌ်ကို မိန့်သတည်း)။

"ရတိယာဇာယတီ" တိ ဣမံ ဓမ္မဒေသနံ၊ ရတိယာဇာယတိ-ဟူသော ဤ ဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေသာလိံ၊ ဝေသာလီပြည်ကို။ နိဿာယ၊ မှီ၍။ ကူဋာဂါရသာလာယံ၊ စုလစ်မွန်းချွန်တပ်သောစရပ်၌၊ ဝိဟရန္တော၊ နေတော်မူလျက်။ လိစ္ဆဝိ၊ လိစ္ဆဝိမင်းသားတို့ကို၊ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တေ၊ ထိုလိစ္ဆဝိမင်းသားတို့သည်။ ကေသုစိ ဆဏဒိဝသေ၊ တခုသော ပွဲလမ်းသဘင်ခံသောနေ့၌၊ အညမညံ၊ အချင်းချင်း။ အသဒိသေဟိ၊ မတူကုန်သော။ အလင်္ကာရေဟိ၊ တန်းဆာတို့ဖြင့်။ အလင်္ကရိတွာ၊ တန်းဆာဆင်ကုန်သည်ဖြစ်၍၊ ဥယျာနံ၊ ဥယျာဉ်သို့။ ဂမနတ္ထာယ၊ သွားခြင်းငှါ၊ နဂရာ၊ မြို့မှ။ နိက္ခမိံသု ကိရ၊ ထွက်ကုန်သတတ်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တော၊ ဝင်တော်မူသည်ရှိသော်။ တေ၊ ထိုလိစ္ဆဝိမင်းသားတို့ကို။ ဒိသွာ၊ မြင်၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ၊ ခေါ်၍မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ လိစ္ဆဝိနယာ၊ လိစ္ဆဝိမင်းသားတို့ကို။ ပဿထ၊ ကြည့်ကြကုန်လော့။ ယေဟိ၊ အကြင် ရဟန်းတို့သည်။ တာဝတိံသာ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်ကုန်သော။ ဒေဝေါ၊ ထိုနတ်တို့ကို။ နဒိဋ္ဌပုဗ္ဗာ၊ မမြင်စဘူးကုန်။ ဘော၊ ထိုရဟန်းတို့သည်၊ ဣမေ၊ ဤလိစ္ဆဝိမင်းသားတို့ကို။ ဩလောကေန္တု၊ ကြည့်ကြကုန်လော့၊ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူပြီး၍။ နဂရံ၊ မြို့သို့။ ပါဝိသိ၊ ဝင်တော်မူ၏။ တေပိ၊ ထိုလိစ္ဆဝိမင်းသားတို့သည်လည်း။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဧကံ၊ တယောက်သော။ နဂရသောဘိဏိံ၊ ပြည်ကို တန်းဆာဆင်တတ်သော။ ဣတ္ထိံ၊ မိန်းမကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ သွားကုန်သည်ရှိသော်။ တံ၊ ထိုပြည်ကို တန်းဆာဆင်တတ်သော မိန်းမကို။ နိဿာယ၊ မှီ၍။ ဣဿာဘိဘူတာ၊ ငြူစူခြင်းဖြင့် နှိပ်စက်ကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ ပဟရိတွာ၊ ပုတ်ခတ်၍။ လောဟိတာ၊ သွေးတို့သည်။ နဒိဝိယ၊ မြစ်ရေအယဉ်ကဲ့သို့။ ပဝတ္တိံသု၊ စီးကုန်၏။ အထ၊ ထိုနောင်မှ။ နေ၊ ထိုလိစ္ဆဝိမင်းသားတို့ကို။ မဉ္စေန၊ ညောင်စောင်းဖြင့်။ အာဒါယ၊ ယူ၍။ ဥက္ခိပိတွာ၊ ထမ်း၍။ ဒါဂမံသု၊ လာကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်လည်း။ ကတဘတ္တကိစ္စော၊ ပြုအပ်သော ဆွမ်းစားခြင်း ကိစ္စပြီးပြီး

သော်။ နဂရာ၊ မြို့မှ။ နိက္ခမိ၊ ထွက်တော်မူ၏။ ဘိက္ခုပို၊ ရဟန်းတို့သည်လည်း။ လိစ္ဆဝိယော၊ လိစ္ဆဝီမင်းသားတို့ကို။တထာ၊ထိုအခြင်းဖြင့်။ နိလမာနေ၊ ဆောင်သည်တို့ကို။ ဒိသွာ၊ မြင်၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အာဟံသု၊ ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရား။လိစ္ဆဝိရာဇာနော၊ လိစ္ဆဝီမင်းတို့သည်။ပါဂေတာဝ၊ စောစောကလျှင်။ အလင်္ကတပဋိယတ္တာ၊ တန်းဆာဆင်ခြင်းနှင့် စပ်သည် ဖြစ်၍။ ဒေဝါဝိယ၊ တာဝတိံသာနတ်တို့ကဲ့သို့။ နဂရာ၊ မြို့မှ။ နိက္ခမိတွာ၊ ထွက်၍။ ဥယျာနံ၊ ယခုအခါ၌။ ဧကံဣတ္ထိံ၊ တယောက်သော မိန်းမကို အမှီပြု၍။ဣမံ ဗျသနံ၊ဤပျက်စီးခြင်းသို့။ ပတ္တာ၊ ရောက်ကုန်၏။ ဣတိအာဟံသု၊ ဤသို့ဆိုကုန်၏။သတ္ထာ၊မြတ်စွာဘုရားသည်။ဘိက္ခဝေ၊ ရဟန်းတို့ သောကောဝါ၊ စိုးရိမ်ခြင်းသည်ငှင်း။ ဘယံဝါ၊ ဘေးသည်ငှင်း။ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်၊ ရတိံ၊ မွေ့လျော်ခြင်းကို။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိယေဝ၊ ဖြစ်သည် သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဣမံ-ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၁၄။ ဘိက္ခဝေ၊ တို့။ ရတိယာ၊ မွေ့လျော်ခြင်းကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ရတိယာ၊ မွေ့လျော်ခြင်းကြောင့်။ ဘယံ၊ဘေးသည်၊ ဇာယတိ၊ ဖြစ်၏။ ရတိယာ၊ မွေ့လျော်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်။ ကုတော၊အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ ဣတိအဓိပ္ပါယ်၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ရတိယာတိ၊ ရတိယာဟူသည်ကား။ ပဉ္စကာမဂုဏရတိတော၊ ငါးပါးသောကာမဂုဏ်၌ မွေ့လျော်ခြင်းကြောင့်။ တံ၊ ထိုကာမဂုဏ်ကို။နိဿာယ၊ မှီသည်ဖြစ်၍။ ဣတိအယံ၊ဤသည်ကား။အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

စတုတ္ထံ၊ သော။ လိစ္ဆဝီဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

၁၆-ပိယဝဂ္ဂ။ ၅-အနိတ္ထဂန္ဓကုမာရဝတ္ထု။

(လိစ္ဆဝီမင်းသားတို့၏ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ အနိတ္ထိဂန္ဓကုမာရဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "ကာမတော ဇာယတီ" ဟူသောပါဌ်ကို မိန့်သတည်း။

“ကာမတော ဇာယတီ”တိ ဣမံ ဓမ္မဒေသနံ၊ ကာမတော ဇာယတိ ဟူသော ဤဓမ္မဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတာဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အနိတ္ထိဂန္ဓကုမာရံနာမ၊ မိန်းမအနံ့ကို အလို မရှိသော သတို့သား မည်သည်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဗြဟ္မလောကာ စုတသတ္တော၊ ဗြဟ္မာ့ပြည်မှ စုတေသော သတ္တဝါဟု ဆိုအပ်သော။ သော၊ ထိုအနိတ္ထိဂန္ဓ သတို့သားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ မဟာဘောဂကုလေ၊ များသော စည်းစိမ်ရှိသော အမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ ဇာတဒိဝသတော၊ ဖွားသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဣတ္ထိ သမီပံ၊ မိန်းမ၏ အနီးသို့၊ ဥပဂန္တုံ၊ ကပ်ခြင်းကို။ န ဣစ္ဆသိ၊ အလိုမရှိ။ ဣတ္ထိယာ၊ မိန်းမသည်။ ဂယှမာနော၊ ယူသည်ရှိသော်။ ရောဒတိ၊ ငို၏။ ဝတ္ထခုမ္ဘုဋ္ဌကေန၊ အဝတ်ခွေခေါင်းခုဖြင့်။ နံ၊ ထိုသတို့သားကို။ ဂဟေတွာ၊ ယူ၍။ ထည့်၊ နို့ကို။ ပါယန္တိ၊ စို့စေကုန်၏။ သော၊ ထိုအနိတ္ထိဂန္ဓသတို့သားသည်။ ဝယပ္ပတ္တော၊ အရွယ်သို့ရောက်သည်ရှိသော်။မာတာပိတုဟိ၊ အမိအဘတို့သည်။တာတ၊ ချစ်သား။ ဟေ၊ သင့်အား။ အာဝါဟံ၊ ထိမ်းမြားခြင်းကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ မေ၊ ငါအား။ ဣတ္ထိယာ၊ မိန်းမဖြင့်။ န အတ္ထော၊ အလိုမရှိ၊ ဣတိ၊ ဤသို့။ ပဋိက္ခိပိတ္ဝာ၊ ပယ်၍။ ပုနပ္ပုနံ၊ အဘန်ဘလဲလဲ။ ယာစိယာမာနော၊ တောင်းပန်သည်ရှိသော်။ ပဉ္စသတေ၊ ငါးရာကုန်သော။ သုဝဏ္ဏကာရေ၊ ရွှေပန်းထိမ်သည်တို့ကို။ ပက္കောသာပေတွာ၊ ခေါ်စေ၍။ ရတ္တသုဝဏ္ဏနိက္ခသဟဿံ၊ ရွှေနီ၏ နိက္ခတထောင်ကို။ ဒါပေတွာ၊ ပေးစေ၍။ အတိဝိယ၊ အလွန်လျှင်။ ပါသာဒိကံ၊ ကြည်ညိုဖွယ်ရှိသော။ ဃနကောဋ္ဋိမံ၊ တခဲနက် သွန်းထုအပ်သော။ ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ ကာရေတွာ၊ ပြုစေ၍။ ထပေသိ၊ ထား၏၊ ပုန၊ တဖန်။ မာတာပိတုဟိ၊ အမိအဘတို့သည်။ တာတ၊ ချစ်သား။ တယိ၊ သည်သည်။ အာဝါဟံ၊ ထိမ်းမြားခြင်းကို။ အကရောန္တေ၊ မပြုသည်ရှိသော်။ ကုလဝံသော၊ အမျိုးအနွယ်သည်။ န ပတိဋ္ဌဟိဿတိ၊ မတည်လတ္တံ့။ ဟေ၊ သင်အား။ ကုမာရိကံ၊ သတို့သမီးငယ်ကို။ အာနေဿာမ၊ ဆောင်ကုန်အံ့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ မေ၊ ငါ့အား။ ဧဝ ရူပံ၊ ဤသို့ သဘောရှိကုန်သော၊ ကုမာရိကံ သတို့သမီးကို။ သစေ အာနေဿထ၊ အကယ်၍ ဆောင်ကုန်သည် ဖြစ်အံ့။ ဝေါ၊ သင်တို့၏။ဝစနံ၊ စကားကို။ ကရိဿာမိ၊ လိုက်နာအံ့။ ဣတိ၊ဤသို့။ တံ သုဝဏ္ဏရူပကံ၊ ထိုရွှေဖြင့်ပြီးသော မိန်းမရုပ်ကို။ ဒဿေတိ၊ ပြ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအနိတ္ထိဂန္ဓသတို့သား၏။ မာတာပိတရော၊ အမိအဘတို့သည်။ အဘိညာတေ၊ သိကြားလိမ္မာကုန်သော။ဗြာဟ္မဏေ၊ ပုဏ္ဏားတို့ကို။ပက္ကောသာပေတွာ၊ခေါ်စေ၍၊

အမှာကံ၊ ငါတို့၏။ ပုတ္တော၊ သားသည်။ မဟာပုညော၊ ကြီးသော ဘုန်းပညာရှိ၏။ အဝသံ၊ မချွတ်။ ဣမိနာ၊ ဤသတို့သားနှင့်။ တဒ္ဓိ၊ ဘက္ခ၊ ကတပုညကုမာရိကာ၊ ပြုဘူးသော ကုသိုလ်ရှိသော သတို့သမီးသည်၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဂန္တွာ၊ သွားလေကုန်၊ ဣမံ သုဝဏ္ဏရူပကံ၊ ဤရွှေဖြင့် ပြီးသော မိန်းမရုပ်ကို။ ဂဟေတွာ၊ ယူ၍။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ကုမာရိကံ၊ သတို့သမီးကို။ အာဟရထ၊ ဆောင်ခဲ့ကုန်လော့။ ဣတိ၊ ဤသို့။ ပဟိဏိံသု၊ စေလိုက်ကုန်၏။

တေ၊ ထိုပုဏ္ဏားတို့သည်၊ သာဓုတိ၊ ကောင်းပြီဟု။ စာရိကံ၊ လှည့်ပတ်သွားလာခြင်းကို၊ စရန္တာ၊ လှည့်လည်ကုန်လျက်။ မဒ္ဒရဋ္ဌေ၊ မဒ္ဒရာဇ်တိုင်း၌။ သာဂလနဂရံ၊ သာဂလမြို့သို့။ ဂတာ၊ ရောက်ကုန်၏။ တသ္မိံ စ နဂရေ၊ ထိုပြည်၌လည်း။ ဧကာ၊ တယောက်သော။ သောဠသ သဝဿုဒ္ဒေသိကာ၊ တဆယ့်ခြောက်နှစ်အရွယ်ရှိသော၊ အဘိရူပါ၊ အလွန် အဆင်းလှသော။ ကုမာရိကာ၊ သတို့သမီးသည်။ အဟောသိ၊ ဖြစ်၏။ တံ၊ ထိုသတို့သမီးကို။ မာတာ ပိတရော၊ အမိအဘတို့သည်။ သတ္တ ဘူမိကသ္မ၊ ဘုံခုနစ်ဆင့်ရှိသော။ ပါသာဒဿ၊ ပြာသာဒ်၏။ ဥပရိမတလေ၊ အထက်အပြင်၌။ ပရိဝါရေသုံ၊ နေစေကုန်၏။ ဗြာဟ္မဏာပိ ခေါ ဗြာဟ္မဏာ၊ ထိုပုဏ္ဏားတို့ သည်လည်း။ ဣဓ၊ ဤပြည်၌။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ကုမာရိကာ၊ သတို့သမီးသည်။ သစေ ဘဝိဿတိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ ဣမံ၊ ဤရွှေဖြင့်ပြီးသော မိန်းမရုပ်ကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤရွှေရုပ်သည်။ အသုကဿ ကုလဿ၊ ဤအမည်ရှိသော အမျိုး၏။ ဓီတာဝိယ၊ သမီးကဲ့သို့။ အဘိရူပါ၊ အလွန်အဆင်းလှ၏။ ဣတိ၊ ဤသို့။ ဝက္ခန္တိ၊ ဆိုကုန်လတ္တံ့။ ဣတိ၊ ဤသို့။ တံ သုဝဏ္ဏ ရူပကံ၊ ထိုရွှေဖြင့်ပြီးသော မိန်းမရုပ်ကို။ တိတ္ထမဂ္ဂေ၊ ရေချိုးဆိပ်ခရီး၌။ ထပေတွာ၊ ထား၍။ ဧကမန္တံ၊ ချောက်ပတ်သော အရပ်၌။ နိသီဒိံသု၊ နေကုန်၏။ အထ၊ ထိုအခါ၌။ အသာ ကုမာရိကာယ၊ ထိုသတို့သမီး၏။ ဓာတိကံ၊ နို့ထိန်းမသည်။ ကုမာရိကံ၊ သတို့သမီးကို။ နှာပေတွာ၊ ရေချိုးစေ၍။ သယံပိ၊ မိမိသည်လည်း၊ နှာယိတုကာမာ၊ ရေချိုးလိုသည်။ ဟုတွာ၍။ တိတ္ထံ၊ ရေချိုးဆိပ်သို့။ အာဂတာ၊ လာ၏။ တံ ရူပကံ၊ ထိုရွှေဖြင့် ပြီးသော မိန်းမရုပ်ကို။ ဒိသွာ၊ မြင်၍။ မေဓီဘာဝတိ သညာယ၊ ငါ့သမီးဟုသော အမှတ်ဖြင့်။ ဒုဗ္ဗိနီတာ၊ ဆုံးမခက်သော သမီးသည်။ အသိ၊ ဖြစ်၏။ ဣဒါနေဝ၊ ယခုပင်လျှင်။ အပ၊ ငါသည်။ တံ၊ သင့်ကို။ နှာပေတွာ၊ ရေချိုးစေ၍။ နိက္ခန္တာ၊ ထွက်ခဲ့၏။ တွံ၊ သည်။ မယာ၊ ငါ၏။ ပုရေတရံ၊ ရှေးဦးစွာ၊ ဣဓ၊ ဤရေချိုးဆိပ်သို့။ အာဂတာ၊ ရောက်သည်။ အသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဟတ္ထေန၊ သက်ဖြင့်၊ ပဟရိတွာ၊ ပုတ်ခတ်၍။ ထဒ္ဓဘာဝဉ္စ၊ ခက်ထရော်ရှိသည်၏ အဖြစ်ကိုခြင်း။ နိဒ္ဓကာရဏတဉ္စ၊

ဓ ဘာကျ်ပြန်ခြင်း မရှိသည်၏ အဖြစ်ကိုရင်း။ ဉ တွာ၊ သိ၍။ အဟံ၊ ငါသည်၊ မေမိတာဘိ သည်၊ ငါ့ချီးဟူသော အမှတ်ကို။ အကာသိ၊ ပြု၏။ တော၊ ညွှေရုပ် သည်။ ကိံနာမ၊ အဘယ်နည်း။ ဣတိ အာဟ၊ ဤသို့ ဆို၏။

အထ ထိုအခါ၌။ နံ၊ ထိုအထိန်းကတော်ကို။ တေ ဗြာဟ္မဏာ၊ ထိုပုဏ္ဏားတို့ သည်။ အမ္မ၊ အမိ။ တေ၊ သင်အား။ ဝေဠုပါ။ ဤသို့ သဘောရှိသော၊ မိတာ၊ သွီးသည်။ အတ္ထိ၊ ရှိသလော။ ဣတိ ပုစ္ဆိံသု၊ ဤသို့ မေးကုန်၏။ အယံ၊ ညွှေရုပ် သည်။ မမဓီတုသန္တိကေ၊ ငါ့သွီးအထံ၌။ ကိံ၊ အ ဘိ၊ အဘယ်အကိုး ထိုက်အံ့ နည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုဘပြီးကား။ ဘော၊ သင်၏။ ဓိတရံ၊ ဒ ကို။ အမှာကံ၊ ငါတို့အား။ ဒဿေဟိ၊ ပြပါလော့။ ဣတိ အာဟ၊ ဤသို့ဆို၏။ သာ၊ထိုအထိန်းကတော်သည်။ တေဟိ၊ ထိုပုဏ္ဏားတို့နှင့်။ သဒ္ဓိံ၊တကွ။ ဂေဟံ၊ သို့။ ဂန္တွာ၊သွား၍။ သာမိကာနံ၊ အမိအဘတို့အား။ အာရောစေသိ၊ ကြား၏။ တေပိ၊ ထိုအမိအဘတို့သည်။ ဗြာဟ္မဏေဟိ၊ ပုဏ္ဏားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကတပဋိသမ္မောဒမာနာ၊ ပြုအပ်ပြီးသော ဝမ်းမြောက် ဝမ်းသာ ရှိသည်ဖြစ်၍။ ဓိတရံ၊ ကို။ ဩတာရေတွာ၊ ဆင်းစေ၍။ ဟေဋ္ဌာပါသာဒေ၊ အောက်ပြာသာဒ် ၌။ သုဝဏ္ဏရူပကဿ၊ ရွှေဖြင့်ပြီးသော မိန်းမရုပ်၏။ သန္တိကေ၊ အထံ၌။ ထပေသုံ၊ ထားကုန်၏။ သုဝဏ္ဏရူပံ၊ ရွှေဖြင့်ပြီးသော မိန်းမရုပ်သည်။ နိပ္ပဘံ၊အရောင်မရှိသည်။ အဟောသိ၊ ဖြစ်၏။ ကုမာရိကာ၊ သတို့သမီးငယ်သည်။ သပ္ပဘာ၊ အရောင်ရှိသည်။ အဟောသိ၊ ဖြစ်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ တံ၊ ထိုရွှေဖြင့်ပြီးသော မိန်းမ ရုပ်ကို။ တေသံ၊ ထိုမိဘတို့အား။ ဒတွာ၊ အပ်ခဲ့၍။ ကုမာရိကာ၊ သတို့ သမီးငယ် ကို။သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ စေ၍။ ဂန္တွာ၊သွား၍။အနိတ္ထိဂန္ဓ ကုမာရဿ၊ မိန်းမအနံ့ ကို အလိုမရှိသော သတို့သား၏။ မာတာပိတူနံ၊အမိအဘတို့အား။ အာရောစယိံသု၊ ကြားကုန်၏။ တေ၊ ထိုအမိအဘတို့သည်။ ကုဋ္ဌမာနသာ၊ နှစ်သက်သော စိတ်ရှိ ကုန်သည်ဖြစ်၍။ဂစ္ဆထ၊သွားလေကုန်။ နံ၊ ထိုသမီးငယ်ကို။သီဃံ၊ လျင်စွာ၊ အာနေထ၊ ဆောင်ကုန်လော့။ ဣတိ၊ ဤသို့။ မဟန္တေန၊ များစွာသော။ သက္ကာရေန၊ ပူဇော် သက္ကာဖြင့်။ ပဟိဏိံသု၊ စေလိုက်ကုန်၏။ ကုမာရောပိ၊ သတို့သား သည်လည်း။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ကဉ္စနရူပတောပိ၊ ရွှေဖြင့်ပြီးသော မိန်းမရုပ်ထက်လည်း။ အဘိရူပတရာ၊ လှန်သော အဆင်းကိုဆောင်သော။ ဒါရိကာ၊ သတို့သမီးငယ်သည်။ အတ္ထိ ကိရ၊ ရှိသတတ်။ ဣတိ၊ ဤသို့။ သုတွာ၊ ကြား၍။ သဝနဝသေနေဝ၊ ကြားသည်၏အစွမ်းအားဖြင့်။သိနေဟံ၊ ချစ်ခြင်းကို။ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သီ ၊ လျင်စွာ။ အာနေတု၊ ဆောင်ကုန်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ သာပိခေါ၊ ထိုသတို့သမီးငယ်သည်လည်း။ ယာနံ၊ ယာဉ်ထက်သို့ အာရော

ပေတွာ၊ တင်၍။ အာနိယမာနာ၊ ဆောင်ကုန်သည်ရှိသော်။ အတိသုခုမာလတာယ၊ အလွန် သိမ်မွေ့နူးညံ့သည်၏ အဖြစ်ကြောင့်။ ယာနုဂ္ဃာတေန၊ ယာဉ်ချောက်ချားသဖြင့်။ သမုပ္ပါဒိတ ဝါတရောဂါ၊ ဖြစ်စေအပ်သော လေနာကြောင့်။ အန္တရာမဂ္ဂေယေဝ၊ ခရီးအကြား၌သာလျှင်။ ကာလမကာသိ၊ သေခဲ့၏။ ကုမာရော ပိုသတို့သားသည်လည်း။ အာဂတော၊ လာပြီလော။ ဣတိ၊ ဤသို့။ နိရန္တရံမပြတ်။ ပုစ္ဆတိ၊ မေး၏။ အတိသိနေဟေန၊ အလွန်ချစ်ခင်ခြင်းဖြင့်။ ပုစ္ဆန္တဿ၊ မေးသော။ တဿ၊ ထိုသတို့သားအား။ သဟသာဝ၊ အဆောတလျှင်လျှင်။ အနာရောစေတွာ၊ မကြားမူ၍။ ကတိပါဟံ၊ တရက်နှစ်ရက်။ ဝိက္ခေပံ၊ စကား၏ ပျံ့လွင့်ခြင်းကို။ ကတွာ၊ ပြု၍။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစယိံသု၊ ကြားကုန်၏။ သော၊ ထိုသတို့သားသည်။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ ဣတ္ထိယာနာမ၊ မိန်းမမည်သည်နှင့်။ သဒ္ဓိံ၊ တကွ။ သမာဂမံ၊ အတူတကွ ပေါင်းဘော်ခြင်းကို။ နလတ္ထန္တိ၊ မရ၏ဟူ၍။ ဥပ္ပန္နဒေါမနဿော၊ ဖြစ်သော နှလုံးမသာယာခြင်းသည်။ ပဗ္ဗတေန တောင်သည်။အဇ္ဈောတ္ထဋ္ဌောဝိယ၊ ဘိသကဲ့သို့။သောကဒုက္ခေန၊ စိုးရိမ်ခြင်းဟူသော ဆင်းရဲခြင်းဖြင့်။ အဇ္ဈောတ္ထဋ္ဌော၊ ဘိသည်။ အဟောသိ၊ ဖြစ်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုသတို့သား၏။ ဥပနိဿယံ၊ ဥပနိဿယည်းကို။ ဒိသွာ၊ မြင်တော်မူ၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တော၊ ကြွတော်မူသည်ရှိသော်။ တံဂေဟဒွါရံ၊ ထိုအိမ်တံခါးသို့။ အဂမာသိ၊ ရောက်တော်မူ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသတို့သား၏။ မာတာပိတရော၊ အမိအဘတို့သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အန္တော၊ အိမ်တွင်းသို့။ ပဝေသေတွာ၊ သွင်း၍။ သက္ကစ္စံ၊ ရိုသေစွာ။ ပရိဝိသိံသု၊ ဆွမ်းလုပ်ကျွေးကုန်၏။သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းစားခြင်းကိစ္စ ပြီးသည်ရှိသော်။ အနိတ္ထိဂန္ဓကုမာရော၊ မိန်းမအနံ့ကို အလိုမရှိသော သတို့သားသည်။ ကဟံ၊ အဘယ်မှာရှိသနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဧသော၊ ဤသူသည်။ အာဟာရူပစ္ဆေဒံ၊ အာဟာရ၏ ပြတ်ခြင်းကို။ကတွာ၊ ပြု၍။ အန္တောဂေဗ္ဘေ၊ တိုက်တွင်း၌။ နိသိန္နော၊ နေ၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ နံ၊ ထိုသတို့သားကို။ ပက္ကောသထ၊ ခေါ်ကုန်လော့။ ဣတိ၊ ဤသို့ ခေါ်စေ၍။ သော၊ ထိုသတို့သားသည်။ အာဂန္တွာ၊ လာ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို၊ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသိဒိ၊ နေ၏။သတ္ထာ၊ မြတ်စွာဘုရားသည်။ကုမာရ၊သတို့သား။ ကိံ နုခေါ၊ အဘယ်ကြောင့်။ ဗလဝါ ဗလဝသောကော၊ အားကြီးသော စိုးရိမ်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်သနည်း။ဣတိ ပုစ္ဆိ၊ ဤသို့ မေးသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်၏ အားကြီးစွာ စိုးရိမ်ခြင်းဖြစ်သည် မှန်၏။ ဝေဠုပါနာမ၊ ဤသို့သဘော

ရှိသော။ ဣတ္ထိ၊ မိန်းမသည်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ကာလင်္ကတာတိ၊ သေပြီဟု။ သုတွာ၊ ကြား၍။ ဗလဝသောကော၊ အားကြီးသော ဝိုးရိမ်ခြင်းသည်။ မေ၊ အကျွန်ုပ်အား။ ဥပ္ပန္နော၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မေ၊ အကျွန်ုပ်သည်။ ဘတ္တံပိ၊ ထမင်းကိုလည်း။ နစ္ဆာဒေတိ၊ အလိုမရှိ။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသတို့သားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ကုမာရ၊ သတို့သား။ တံ၊ သင်သည်၊ ကိံ၊ အဘယ်ကို။ နိဿာယ၊ မှီ၍။ တေ၊ သင်အား။ သောကော၊ စိုးရိမ်ခြင်းသည်။ ဥပ္ပန္နောတိ၊ ဖြစ်၏ဟု။ ဇာနာသိပန၊ သိ၏လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ နဇာနာမိ၊ မသိပါ။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ ကာမံ၊ ဝတ္ထုကာမ ကိလေသာကာမကို။ နိဿာယ၊ မှီ၍။ ကုမာရ၊ သတို့သား။ ဗလဝသောကော၊ အားကြီးသော စိုးရိမ်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်၏။ သောကော ဝါ၊ စိုးရိမ်ခြင်းသည်ရင်း၊ ဘယံဝါ၊ ဘေးသည်ရင်း။ ကာမံ၊ ဝတ္ထုကာမ ကိလေသာကာမကို။ နိဿာယေဝ၊ မှီ၍သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၁၅။ ။ကုမာရ၊ သား။ကာမတော၊ ဝတ္ထုကာမ ကိလေသာကာမကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ကာမတော၊ ဝတ္ထုကာမ ကိလေသာ ကာမကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတိ၊ ဖြစ်၏။ ကာမတော၊ ဝတ္ထုကာမကိလေသာကာမမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်၊ ကုတော အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ကာမတောတိ၊ ကာမတောဟူသည်ကား။ ဝတ္ထုကာမ ကိလေသကာမတော၊ ဝတ္ထုကာမ ကိလေသာ ကာမကြောင့်။ ပဉ္စဝိဓကာမံ၊ ဤနှစ်ပါးသောကာမကို။ နိဿာယ၊ မှီ၍။ ဇာယတိ၊ ဖြစ်၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ အနိတ္ထိဂန္ဓကုမာရော၊ အနိတ္ထိဂန္ဓသတို့သားသည်။ သောတာပတ္တိဖလေ၊ သောတာ ပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

ပဉ္စမံ၊ သော။အနိတ္ထိဂန္ဓကုမာရဝတ္ထု၊ သည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

## ခ၆-ပိယဝဂ္ဂ။ ၆-အညတရဗြာဟ္မဏဝတ္ထု။

(အနိတ္ထိဂန္ဓ သတို့သားဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ အညတရဗြာဟ္မဏဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "တဏှာယ ဇာယတီတိ" စသော ပါဌ်ကို မိန့်သတည်း)။

"တဏှာယ ဇာယတီ"တိ ဣဒံ ဓမ္မဒေသနံ၊ တဏှာယ ဇာယတိ- ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အညတရံ၊ အမှတ် မရှိသော။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ မိစ္ဆာဒိဋ္ဌိကော၊ မိစ္ဆာအယူရှိသော။ ဧကော၊ တယောက်သော။ သော၊ ထိုပုဏ္ဏားသည်။ ကေဒိဝသံ၊ တနေ့သ၌။ နဒီတီရံ၊ မြစ်နားသို့။ ဂန္တွာ၊ သွား၍။ ခေတ္တံ၊ လယ်ကို။ သောဓေတိကိရ၊ သုတ်သင်သတတ်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုပုဏ္ဏား၏။ ဥပနိဿယ သမ္ပတ္တိံ၊ ဥပနိဿယည်းနှင့်ပြည့်စုံခြင်းကို။ ဒိသွာ၊ မြင်တော်မူ၍။ တဿ၊ ထိုပုဏ္ဏား၏။ သန္တိကံ၊ အထံသို့။ အဂမာသိ၊ ကြွတော်မူ၏။ သော၊ ထိုပုဏ္ဏားသည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒိသွာပိ၊ မြင်သော်လည်း။ သာမိစိကမ္မံ၊ အရိုအသေ ပြုအပ်သောအမှုကို။ အကတွာ၊ မပြုမူ၍။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပုရေတရံ၊ ရှေးဦးစွာ။ အာလပိတွာ၊ ခေါ်၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အဘယ်ကို။ ကရောသိ၊ ပြုသနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ခေတ္တံ၊ လယ်ကို။ သောဓေမိ၊ သုတ်သင်၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တတောကမေဝ၊ ဤမျှလောက်သော စကားကိုသာလျှင်။ ဝတွာ၊ မိန့်တော်မူ၍။ ဂတော၊ ကြွတော်မူ၏။ ပုနဒိဝသေပိ၊ မိုးသောက်သော နေ့၌သည်း။ ခေတ္တံ၊ လယ်ကို။ ကသိတုံ၊ ထွန်ခြင်းငှါ။ အာဂတဿ၊ လာသော။ တဿ၊ ထိုပုဏ္ဏား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အဘယ်ကို။ ကရောသိ၊ ပြုသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ခေတ္တံ၊ လယ်ကို။ ကသာမိ၊ ထွန်၏။ ဣတိဣဒံဝစနံ၊ ဤသို့သော စကားကို။ သုတွာ၊ ကြားတော်မူသောကြောင့်။ ပက္ကာမိ၊ ဖဲတော်မူ၏။ ပုနဒိဝသေပိ၊ တဘန် မိုးသောက်သော နေ့၌လည်း။ တထေဝ၊ ထိုအတူလျှင်။ ဂန္တွာ၊ သွား၍။ ပုစ္ဆိ၊

မေးတော်မူ၏။ ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ခေတ္တံ၊ လယ်ကို။ ဝပါမိ၊ စိုက်မျိုး၏။ နိဒ္ဒေမိ၊ ရေသွန်း၏။ ရက္ခာမိ၊ စောင့်၏။ ဣတိ၊ ဣဒံဝစနံ၊ ဤသို့သောစကားကို။ သုတွာ၊ ကြားတော်မူသောကြောင့်။ ပက္ကာမိ၊ ဘဲ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမြတ်စွာဘုရားကို။ ကေဒိဝသံ၊ တနေ့သ၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အာဟ၊ လျှောက်၏။ ဘောဂေါတမ၊ အိုရှင်ဂေါတမ။ တွံ၊ သင်သည်။ မမ၊ ငါ၏။ ခေတ္တံ၊ လယ်ကို။ သောမနဒိဝသတော၊ သုတ်သင်သော နေ့မှ။ ပဋ္ဌာယ၊ စ၍။ အာဂတော၊ လာ၏။ မေ၊ ငါ၏ သဿံ၊ ကောက်သည်။ သစေသမ္ပဇ္ဇိဿတိ၊ အကယ်၍ ပြည့်စုံသည် ဖြစ်အံ့။ တုယှံပိ၊ သင်အားလည်း။ သံဝိဘာဂံ၊ အဘို့ကို။ ကရိဿာမိ၊ အံ့။ တုယှံ၊ သင်အား။ အဒတွာ၊ မပေးမူ၍။ သယံ၊ မိမိသည်။ နခါဒိဿာမိ၊ မစားအံ့။ ဣဒါနိ၊ ယခုအခါ၌။ ဣတော၊ ဤနေ့မှ။ ဂဋ္ဌာယ၊ စ၍။ တွံ၊ သင်သည်။ မမသဟာယော၊ ငါ့အဆွေခင်ပွန်းတည်း။ ဣတိ၊ အာဟ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပုဏ္ဏား၏။ အပရေန သမယေန၊ တပါးသောအခါ၌။ သဿံ၊ ကောက်သည်။ သမ္ပဇ္ဇိ၊ ပြည့်စုံ၏။ ဝါဿမေ၊ ထိုငါ၏။ သဿံ၊ ကောက်သည်။ သမ္ပန္နံ၊ ပြည့်စုံ၏။ သွေ၊ နက်ဖြန်။ ဒါနိ၊ ယခု။ လာယာပေဿာမိ၊ ရိတ်စေအံ့။ ဣတိ၊ ဤသို့၊ လာယနတ္ထံ၊ ရိတ်ခြင်းအကျိုးငှါ။ ကတ္တဗ္ဗကိစ္စဿ၊ ပြုအပ်ပြီးသော အလုံးစုံသော ကိစ္စရှိသော။ ရတ္တိံ၊ ညဉ့်၌။ မဟာမေဃော၊ မိုးကြီးသည်။ ဝဿိတွာ၊ ရွာ၍။ သဗ္ဗံ သဿံ၊ အလုံးစုံသော ကောက်ကို။ ဟရိ၊ ဆောင်၏။ ပဝါဟေတွာ၊ မျော၍။ ခေတ္တံ၊ လယ်ကို။ ဟစ္ဆေတွာ၊ ရှွေချော၍။ ထပိတ သဒိသံ၊ ထားသည်နှင့်တူသည်။ အဟောသိ၊ ဖြစ်၏။ သတ္ထာပန၊ မြတ်စွာဘုရား သည်ကား။ ပဌမဒိဝသေယေဝ၊ ရှေးဦးစွာသော နေ့ကပင်လျှင်။ တံ သဿံ၊ ထိုကောက်သည်။ န သမ္ပဇ္ဇိဿတိ၊ မပြည့်စုံလတ္တံ့။ ဣတိအညာသိ၊ ဤသို့ သိတော်မူ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ပါတောဝ၊ စောစောကလျှင်။ ခေတ္တံ၊ လယ်ကို။ ဩလောကေဿာမိတိ၊ ကြည့်အံ့ဟု။ ဂတော၊ သွား၏။ တုစ္ဆံ ခေတ္တံ၊ အချည်းနှီးသော လက်မြေတို့။ ဒိသွာ၊ မြင်၍။ ဥပ္ပန္နဗလဝသောကော၊ ဖြစ်သော အားကြီးကြီးသော ပိုးရိမ်ခြင်း ရှိသည် ဖြစ်၍၊ စိန္တေသိ၊ ကြံ၏။ သမဏော ဂေါတမော၊ ရဟန်း ဂေါတမသည်။ မမ၊ ငါ၏။ ခေတ္တံ၊ လယ်ကို။ သောမနဒိဝသတော၊ သုတ်သင်သောနေ့မှ။ ပဋ္ဌာယ၊ စ၍။ အာဂတော၊ လာ၏။ အဟံပိ၊ ငါသည်လည်း။ နံ၊ ထိုရဟန်းဂေါတမကို။ ဣမသ္မိံ သဿေ၊ ဤကောက်သည်။ နိပ္ဖန္နေ၊ ပြီးပြည့်စုံသည်ရှိသော်။ တုယှံပိ၊ သင်အားလည်း။ သံဝိဘာဂံ၊ အဘို့ကို။ ကရိဿာမိ၊ ပြုအံ့။ တုယှံ၊ သင်အား။ အဒတွာ၊ မပေးမူ၍။ သယံ၊ မိမိသည်။ နခါဒိဿာမိ၊ မစားအံ့။ ဣတိ၊ ဤသို့။

ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဒါနိ၊ ယခု။ တံ၊ သည်။ မမသဟာယေ၊ ငါ့အဆွေခင်ပွန်းတည်း။ ဣတိ၊ ဤသို့။ အဝစံ၊ ဆိုမိဘူး၏။ သောပိ၊ ထိုကောက်သည်လည်း၊ မေ၊ ငါ၏။ မနောရထော၊ နှလုံးအလိုသည်။ မတ္ထကံ၊ အပြီးသို့။ န ပါပုဏိ၊ မရောက်။ ဣတိ စိန္တေသိ၊ ဤသို့ကြံ၏။ သော၊ ထိုပုဏ္ဏားသည်။ အာဟာရူပစ္ဆေဒံ၊ အာဟာရ၏ပြတ်ခြင်းကို။ ကတွာ၊ ပြု၍။ မဉ္စကေ၊ ညောင်စောင်း၌။ နိပဇ္ဇိ၊ အိပ်၏။

အထ၊ ထိုအခါ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အဿ၊ ထိုပုဏ္ဏား၏။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ အဂမာသိ၊ ရောက်တော်၏။ သော၊ ထိုပုဏ္ဏားသည်။ သတ္ထု၊ မြတ်စွာဘုရား၏။ အာဂမနံ၊ လာခြင်းကို။ သုတွာ၊ ကြား၍။ မေ၊ ငါ၏။ သဟာယံ၊ အဆွေခင်ပွန်းကို။ အာနေတွာ၊ ဆောင်၍။ ဣဓ၊ ဤအရပ်၌။ နိသီဒါပေထ၊ နေစေကုန်လော့။ ဣတိ အာဟ၊ ဤသို့ဆို၏။ ပရိဇနော၊ အခြံအရံ ပရိသတ်သည်။ တထာ၊ ထိုပုဏ္ဏား ဆိုတိုင်း။ အကာသိ၊ ပြု၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ နိသီဒိတွာ၊ နေ၍။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ကဟံ၊ အဘယ်မှာ ရှိသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးတော်မူသောကြောင့်၊ ဂဗ္ဘေ၊ အိမ်တွင်း၌။ နိပန္နော၊ အိပ်၏။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ နံ၊ ထိုပုဏ္ဏားကို။ ပက္ကောသထ၊ ခေါ်ကုန်လော့။ ဣတိ၊ ဤသို့။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အာဂန္တွာ၊ လာ၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသိန္နံ၊ နေသော ပုဏ္ဏားကို။ အာဟ၊ မိန့်တော်မူ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အဘယ်ကြောင့်။ နိပန္နောသိ၊ အိပ်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘော ဂေါတမ၊ အို-အရှင်ဂေါတမ။ တုမှေ၊ အရှင်ဘုရားတို့သည်။ မမ၊ ငါ၏။ ခေတ္တံ၊ လယ်ကို။ သောဓေန္တဒိဝသတော၊ သုတ်သင်သောနေ့မှ။ ပဋ္ဌာယ၊ စ၍။ အာဂတော၊ လာ၏။ အဟံပိ၊ ငါသည်လည်း။ သဿေ၊ ကောက်သည်။ နိပ္ဖန္နေ၊ ပြီးပြည့်စုံသည် ရှိသော်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ သံဝိဘာဂံ၊ အဘို့ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ အစင်္ဂံ၊ ဆိုမိဘူး၏။ သော၊ ထိုကောက်သည်။ မေ၊ ငါ၏။ မနောရထော၊ နှလုံး အလိုသည်။ အနိပ္ဖန္နော၊ မပြီး။ တေန၊ ထိုကြောင့်၊ မေ၊ ငါ၏။ သောကော၊ စိုးရိမ်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်၏။ မေ၊ ငါ့အား။ ဘတ္တံ၊ ထမင်းကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ န ရုစ္စတိ၊ အလိုမရှိ။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အဘယ်ကို။ နိဿာယ၊ မှီ၍။ တေ၊ သင်၏။ သောကော၊ စိုးရိမ်ခြင်းသည်။ ဥပ္ပန္နောတိ၊ ဖြစ်၏ဟူ၍။ ဇာနာသိ ပန၊ သိ၏လော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူသောကြောင့်။ ဘော ဂေါတမ၊ အို-ရှင်ဂေါတမ။ န ဇာနာမိ၊ မသိပါ။ တွံ ပန၊ သင်သည်ကား။ ဇာနာသိ၊ သိ၏

လော။ ဣတိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အာမ၊ ဪ-သိသည်မှန်၏။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သော။ သောကေ ဝါ၊ စိုးရိမ်ခြင်းသည်၎င်း။ ဘယေ ဝါ၊ ဘေးသည်၎င်း။ တဏှံ၊ ခြောက်ဒွါရ၌ ဖြစ်သော တဏှာကို။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၂၁၆။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။ တဏှာယ၊ ခြောက်ဒွါရ၌ ဖြစ်သော တဏှာကြောင့်။ သောကော၊ စိုးရိမ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ တဏှာယ၊ ခြောက်ဒွါရ၌ ဖြစ်သော တဏှာကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတိ၊ ဖြစ်၏။ တဏှာယ၊ ခြောက်ဒွါရ၌ ဖြစ်သော တဏှာမှ။ ဝိပ္ပမုတ္တဿ၊ လွတ်သောသူအား။ သောကော၊ စိုးရိမ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ဘေးသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ တဏှာယာတိ၊ တဏှာယ ဟူသည်ကား။ ဆဒွါရိကာယ တဏှာယ၊ ခြောက်ဒွါရ၌ဖြစ်သော တဏှာကြောင့်။ တေ တဏှံ၊ ထိုတဏှာကို။ နိဿာယ၊ မှီ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

ဆဋ္ဌံ၊ သော။ အညတရ ဗြာဟ္မဏဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၆-ပိယဝဂ္ဂ။ ၇-ပဉ္စသတဒါရကဝတ္ထု။

(အညတရပုဏ္ဏားဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ ငါးရာ အတိုင်းအရှည်ရှိသော သူငယ်တို့၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "သီလဒဿနသမ္ပန္နန္တိ" စသောပါဌ်ကို မိန့်သတည်း)။

"သီလဒဿနသမ္ပန္န"န္တိ ဣမံ ဓမ္မဒေသနံ၊ သီလဒဿနသမ္ပန္နံ ဟူသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူလျက်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ပဉ္စသတေ၊ ငါးရာ အတိုင်းအရှည် ရှိကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အသီတိ မဟာထေရေဟိ၊ ရှစ်ကျိပ်ကုန်သော မဟာထေရ်တို့

နှင့်။ သဒ္ဓိံ၊ တကွ။ ပဥ္စသတဘိက္ခုပရိဝါရော၊ ငါးရာသော ရဟန်းအခြံအရံ
ခြံရံလျက်။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တော၊
ဝင်တော်မူသည် ရှိသော်။ ကေသွိ ဆဏဒိဝသေ၊ တခုသော ပွဲလမ်းသဘင်ခံသော
နေ့၌။ ပဉ္စသတေ၊ ငါးရာ အတိုင်းအရှည်ရှိကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။
ပူဝပစ္ဆိယော၊ မုံ့တောင်းတို့ကို။ ဥက္ခိပါပေတွာ၊ ထမ်းစေ၍။ နဂရာ၊ မြို့မှ၊ နိက္ခမ္မ၊
ထွက်၍။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂစ္ဆန္တေ၊ သွားသည်တို့ကို။ အဒ္ဒသ၊ မြင်တော်
မူ၏။ တေပိ၊ ထိုသူငယ်တို့သည်လည်း။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။
ဝန္ဒိတွာ၊ ရှိခိုး၍။ ပက္ကမိံသု၊ ဖဲလေကုန်၏။ တေ၊ ထိုသူငယ်တို့သည်။ ဧကံဘိက္ခုံပိ၊
ရဟန်းတပါးကိုမျှလည်း။ ပူဝံ၊ မုံ့ကို။ ဂဏှထ၊ ခံတော်မူကုန်လော့။ ဣတိ၊ ဤသို့။
နဝဒိံသု၊ မဆိုကုန်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုသူငယ်တို့၏။ ဂတ
ကာလေ၊ သွားသောကာလ၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာဟ၊ မိန့်တော်မူ၏။
ဘိက္ခဝေ၊ ရဟန်းတို့။ ပူဝေ၊ မုံ့တို့ကို။ ခါဒိဿထ၊ ဘုဉ်းပေးကြကုန်အံ့လော။
ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏၊ ဘန္တေ၊ အရှင်ဘုရား။ ပူဝါ၊ မုံ့တို့သည်။ ကဟံ၊
အဘယ်မှာရှိသနည်း။ ဣတ်အဝေါစ၊ ဤသို့လျှောက်၏။ ပူဝပစ္ဆိယော၊ မုံ့တောင်း
တို့ကို။ ဥက္ခိပါပေတွာ၊ ထမ်းစေ၍။ အတိက္ကန္တေ၊ လွန်၍ သွားကုန်သော။ တေ
ဒါရကေ၊ ထိုသူငယ်တို့ကို။ ကိံပန ပဿထ၊ မြင်ကြကုန်၏မဟုတ်လော။ ဣတိ
ပုစ္ဆိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။
ဒါရကာပိ၊ သူငယ်တို့သည်လည်း။ ကဿစိ၊ တစုံတယောက်သော ရဟန်းအား။
ပူဝံ၊ မုံ့ကို။ န ဒေန္တိ၊ မလှူကုန်။ ဣတိ အဝေါစုံ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊
ရဟန်းတို့။ ဧတေ၊ ထိုသူငယ်တို့သည်။ မံဝါ၊ ငါဘုရားကိုရင်း။ တုမှေဝါ၊ သင်တို့
ကိုရင်း။ ပူဝေဟိ၊ မုံ့တို့ဖြင့်။ ကိဥ္စာပိ န နိမန္တယိံသု၊ အကယ်၍ကား မဘိတ်ကုန်၏
ရှင့်။ ပန တထာပိ၊ ထိုသို့မဘိတ်ကုန်သော်လည်း။ ပူဝသာမိကော၊ မုံ့ရှင်သည်။
ဘိက္ခုပစ္ဆတော- ရဟန်းတို့နောက်မှ။ အာဂစ္ဆတိ၊ လိုက်လာ၏။ ပူဝေ၊ မုံ့တို့ကို။
ခါဒိတွာဝ၊ ဘုဉ်းပေး၍သာလျှင်။ ဂန္တုံ၊ ကြွသွားခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဣတိ ဣဒံ
ဝစနံ၊ ဤသို့သော စကားကို။ အာဟ၊ မိန့်တော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဗုဒ္ဓါနံ၊
မြတ်စွာဘုရားတို့အား။ ဧက ပုဂ္ဂလေပိ၊ တယောက်သော ပုဂ္ဂိုလ်၌လည်း။
ဣဿာဝါ၊ ငြူစူ စောင်းမြောင်းခြင်းသည်ရင်း။ ဒေါသော ဝါ၊ ပြစ်မှားခြင်း
သည်ရင်း။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ ဣမံ၊ ဤစကားကို။ ဝတွာ၊
မိန့်တော်မူပြီး၍။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ အာဒါယ၊ ခေါ်၍။ ဧကသ္မိံ ရုက္ခ
မူလေ၊ တခုသောသစ်ပင်ရင်း၌။ ဆာယာယ၊ အရိပ်၌။ နိသီဒိ၊ နေတော်မူ၏။ ဒါရကာ၊
သူငယ်တို့သည်။ မဟာကဿပတ္ထေရံ၊ ရှင်မဟာကဿပ မထေရ်ကို။ ပဿတော၊

နောက်မှ။ အာဂစ္ဆန္တံ၊ ကြွလာသည့်ကို။ ဒိသွာ၊ မြင်၍။ ဥပ္ပန္နသိနေဟာ၊ ဖြစ်သော ချစ်မြတ်နိုးခြင်း ရှိကုန်လျက်။ ပီတိ ဝေဂေန၊ ပီတိအဟုန်ဖြင့်။ ပရိပုဏ္ဏသရီရာ၊ ပြည့်သောကိုယ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စုဂ္ဂန္တွာ၊ မုန့်တောင်းတို့ကို။ ဩတာရေတွာ၊ ချ၍။ ထေရံ၊ အရှင်မဟာကဿပမထေရ်ကို။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပူဝေ၊ မုန့်တို့ကို။ ပစ္စိဟိ၊ တောင်းတို့နှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ဥက္ခိပိတွာ၊ ချီ၍။ ဘန္တေ၊ အရှင်ဘုရား။ ဂဏှထ၊ ခံတော်မူကုန်လော့။ ဣတိ၊ သို့။ ထေရံ၊ အရှင်မဟာကဿပမထေရ်ကို။ ဝဒိံသု၊ လျှောက်ကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုသူငယ်တို့ကို။ ထေရော၊ ရှင်မဟာကဿပ မထေရ်သည်။ အာဟ၊ မိန့်တော်မူ၏။ သေသတ္ထာ၊ ဤမြတ်စွာဘုရားသည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ဂဟေတွာ၊ ခေါ်၍။ ရက္ခမူလေ၊ သစ်ပင်ရင်း၌။ နိသိန္နော၊ နေတော်မူ၏။ တုမှာကံ၊ သင်တို့၏။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုကို။ အာဒါယ၊ ယူ၍။ ဂန္တွာ၊ သွား၍။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ သံဝိဘာဂံ၊ ခွဲဝေခြင်းကို။ ကရောထ၊ ပြုကုန်လော့၊ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ တေ၊ ထိုသူငယ်တို့သည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့။ နိဝတ္တိတွာ၊ ပြန်၍။ ထေရေန၊ ရှင်မဟာကဿပနှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ဂန္တွာ၊ သွား၍။ ပူဝေ၊ မုန့်တို့ကို။ ဒတွာ၊ လှူ၍။ ဩလောကယမာနာ၊ ကြည့်ကုန်လျက်၊ ဧကမန္တေ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဌတွာ၊ ရပ်၍။ ပရိဘောဂါဝသာနေ၊ ဘုဉ်းပေးတော်မူသော အဆုံး၌။ ဥဒကံ၊ ရေကို။ အဒံသု၊ လှူကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥဇ္ဈာယိံသု၊ ကဲ့ရဲ့ကြကုန်၏။ ဒါရကေဟိ၊ သူငယ်တို့သည်။ မုခေါ် လောကနေန၊ မျက်နှာကြီးငယ် ကြည့်သဖြင့်။ ဘိက္ခွာ၊ ဆွမ်းဟူသော မုန့်ဘိုကို။ ဒိန္နာ၊ လှူအပ်ကုန်၏။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားကိုရင်း။ မဟာထေရဿ၊ မထေရ်ကြီးတို့ကိုရင်း။ ပူဝေဟိ၊ မုန့်တို့ဖြင့်။ အနာပုစ္ဆိတွာ၊ မပန်ကြားမူ၍။ မဟာကဿပတ္ထေရဿ၊ ရှင်မဟာကဿပ မထေရ်ကို။ ဒိတွာ၊ မြင်၍။ ပစ္ဆိဟိ၊ မုန့်တောင်းတို့နှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ အာဒါယ၊ ယူ၍။ အာဂမိံသု၊ လာကုန်၏။ ဣတိ ဥဇ္ဈာယိံသု၊ ဤသို့ကဲ့ရဲ့ရှုတ်ချကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မမပုတ္တေန၊ သားတော်ဖြစ်သော။ မဟာကဿပေန၊ ရှင်မဟာကဿပနှင့်။ သဒိသော၊ တူသော။ ဘိက္ခု၊ ရဟန်းကို။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ပိယော၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧတာဒိ၊ ထိုနတ်လူတို့သည်လည်း။ တဿ၊ ထိုရဟန်းအား။ စတုပစ္စယေန၊ ပစ္စည်းလေးပါးဖြင့်။

ပူဇံ၊ ပူဇော်ခြင်းကို။ ကရောန္တံယေဝ၊ ပြုကုန်သည်သာလျှင်တည်း။ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၂၁၇။ ။သီလဒဿနသမ္ပန္နံ၊ စတုပါရိသုဒ္ဓိသီလမဂ်ဉာဏ်ဖိုလ်ဉာဏ် အမြင်နှင့် ပြည့်စုံထသော။ ဓမ္မဋ္ဌံ၊ ကိုးပါးသော လောကုတ္တရာတရား၌ တည်ထသော။ သစ္စဝါဒိနံ။ သစ္စာဉာဏ်ဖြင့် အမှန်ကို ဆိုလေ့ရှိထသော။ အတ္တနော၊ မိမိ၏။ကမ္မကုဗ္ဗာနံ၊ သိက္ခတ္တယ၏ ပြည့်စုံခြင်းကို ပြုတတ်ထသော။တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဇနော၊ လောကီ လူအပေါင်းသည်။ ပိယံ၊ ချစ်ခြင်းကို။ ကုရုတေ၊ ပြု၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ သီလဒဿနသမ္ပန္နန္တိ၊ ဟူသည်ကား။ စတုပါရိသုဒ္ဓိ သီလေန စေဝ၊ လေးပါးသော ပါရိသုဒ္ဓိသီလနှင့်ရှင်း။ မဂ္ဂဖလသမ္ပယုတ္တေန၊ မဂ်ဖိုလ်နှင့် ယှဉ်သော။ သမ္မာဒဿနေနစ၊ ကောင်းသောအမြင်နှင့်ရှင်း။ သမ္ပန္နံ၊ ပြည့်စုံထသော။ ဓမ္မဋ္ဌန္တိ၊ ဓမ္မဋ္ဌံဟူသည်ကား။ နဝဝိဓ လောကုတ္တရဓမ္မေ၊ ကိုးပါးအပြားရှိသော လောကုတ္တရာတရား၌။ ဌိတံ၊ တည်သော။ သစ္ဆိကတ လောကုတ္တရဓမ္မံ၊ မျက်မှောက် ပြုအပ်သော လောကုတ္တရာတရားရှိထသော။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သစ္စဝါဒိနန္တိ၊ သစ္စဝါဒိနံ ဟူသည်ကား၊ စတုန္နံသစ္စာနံ၊ သစ္စာလေးပါးတို့၏။ သောဠသဟာကာရေဟိ၊ တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်။ သစ္ဆိကတတ္တာ၊ မျက်မှောက်ပြုအပ်သည်၏ အဖြစ်ကြောင့်။သစ္စဉာဏေန၊သစ္စာဉာဏ်ဖြင့်။ သစ္စဝါဒိနံ၊ အမှန်ကိုမှ ဆိုလေ့ရှိထသော။ အတ္တနော ကမ္မကုဗ္ဗာနန္တိ၊ ကုဗ္ဗာနံ ဟူသည်ကား။ အတ္တနော၊ မိမိ၏။ ကမ္မံနာမ၊ အမှုမည်သည်ကား။ တိဿော သိက္ခာ၊ သိက္ခာသုံးပါးတို့တည်း၊ တာ၊ ထိုသိက္ခာသုံးပါးတို့ကို။ ပူရယမာနံ၊ ပြည့်စုံခြင်းကို ပြုထသော။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ တံ ဇနောတိ။ တံ ဇနော ဟူသည်ကား။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ လောကိယ မဟာဇနော၊ လောကီ လူအပေါင်းသည်။ ပိယံ၊ ချစ်ခြင်းကို။ ကရောတိ၊ ပြု၏။ ဒဋ္ဌုကာမော၊ ဖူးမြင်ခြင်းငှာ အလိုရှိသည်။ ဝန္ဒိတုကာမော၊ ရှိခိုးခြင်းငှာ အလိုရှိသည်။ ပစ္စယေ၊ ပစ္စည်းလေးပါးဖြင့်။ ပူဇေတုကာမော၊ ပူဇော်ခြင်းငှာ အလိုရှိသည်။ ဟောတိယေဝ၊ ဖြစ်သည် သာလျှင်တည်း။ဣတိအတ္ထော၊ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။သဗ္ဗေပိ၊အလုံးစုံသည်း ဖြစ်ကုန်သော။ တေဒါရကာ ထိုသူငယ်တို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိ ဖိုလ် ၌။ပတိဋ္ဌဟိံသု၊တည်ကုန်၏။

သတ္တမံ၊ သော။ ပဉ္စသတဒါရကဝတ္ထုံ၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၆-ပိယဝဂ္ဂ။ ၈-ဧကေအနာဂါမိတ္ထေရဝတ္ထု။

(ပဉ္စသတဒါရကာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ အနာဂါမိဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "ဆန္ဒဇာတော" စသောပါဌ်ကို မိန့်သတည်း။)

"ဆန္ဒဇာတော"တိ ဣမံ ဓမ္မဒေသနံ၊ ဆန္ဒဇာတော-စသော ဤတရားဒေသနာတော်ကို။ သတ္ထာ၊ဘုရားသည်။ဇေတဝနေ၊ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ဧကံ၊ တယောက်သော။ အနာဂါမိတ္ထေရံ၊ အနာဂါမ် မထေရ်ကို။ အာရဗ္ဘ၊ ပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ချဲ့ဦးအံ့။ ဧကဒိဝသံ၊ တနေ့သ၌။ တံထေရံ၊ ထိုအနာဂါမ် မထေရ်ကို။ သဒ္ဓိဝိဟာရိကာ၊ ဥပဇ္ဈာယ်တူသော တပည့်တို့သည်။ ပုစ္ဆိံသု၊ မေးကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ အရှင်ဘုရားအား။ ဝိသေသာဓိဂမော။ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရခြင်းသည်။ အတ္ထိပန၊ ရှိပါ၏လော။ ဣတိပုစ္ဆိံသု၊ မေးကုန်၏။ ထေရော၊ မထေရ်သည်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်ကို။ ဂဟေတွာပိ၊ လူတို့သည်လည်း။ ပါပုဏန္တိ၊ ရောက်ကုန်သေး၏။ ဟိ၊ တကယ်အဟုတ်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တကာလေယေဝ၊ ရောက်သော အခါမှသာလျှင်။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကထေဿာမိ၊ ပြောဟောအံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးပြု၍။ ဟရာယမာနော၊ ရှက်နိုးရကား။ ကိဉ္စိ၊ တစုံတခုသော စကားကို။ အကထေတွာ၊ မဆိုမူ၍။ ကာလကတော၊ စုတေခြင်းကို

ပြုလျက်။ သုဒ္ဓါဝါသ ဒေဝလောကေ၊ သုဒ္ဓါဝါသဗြဟ္မာပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌၊ အဿ၊ ထိုအနာဂါမ်မထေရ်၏။ သဒ္ဓိဝိဟာရိကာ၊ ဥပဇ္ဈာယ်တူ တပည့်တို့သည်။ ရောဒိတွာ၊ ငို၍။ ပရိဒေဝိတွာ၊ မြည်တမ်း၍။ သတ္ထုသန္တိကံ၊ မြတ်စွာဘုရားထံသို့။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ရောဒန္တာဝ၊ ငိုကုန်လျက်သာလျှင်။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသီဒိံသု၊ နေကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုရဟန်းတို့ကို။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်သော မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်ကြောင့်။ ရောဒထ၊ ငိုကုန်ဘိသနည်း။ ဣတိအာဟ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ နော၊ အကျွန်ုပ်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကာလကတော၊ စုတေခြင်းကိုပြု၏။ ဣတိအဝေါစုံ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။

ဟောတု၊ ထိုသို့ စုတေသည်ပင် ဖြစ်စေကာမူ။ မာစိန္တယိတ္ထ၊ မစိုးရိမ်လင့်ကုန်။ သော၊ ဤသေခြင်းသည်။ ခုဝမေ့ဝနာမ၊ မြဲသောသဘောမည်၏။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ အာမ ဇာနာမ၊ ဧကြောင့် မြဲသောအဖြစ်ကို သိပါကုန်၏။ အပိစ၊ စင်စစ်ကား၊ မယံ၊ အကျွန်ုပ်တို့သည်။ ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်ကို။ ဝိသေသာဓိဂမံ၊ အရဟတ္တဖိုလ် ရခြင်းကို။ ပုစ္ဆိမှာ၊ မေးကုန်ပါသည်ဖြစ်လျက်။ သော၊ ထိုဥပဇ္ဈာယ်ဆရာသည်။ ကိဉ္စိ၊ တစုံ တခုသော စကားကိုမျှ။ အကထေတွာ၀၊ မဆိုမူ၍သာလျှင်။ ကာလကတော၊ စုတေခြင်းကို ပြုခဲ့၏။ တေန၊ ထိုကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဒုက္ခိတာ၊ ဆင်းရဲကုန်၏။ ဣတိအဝေါစုံ၊ ဤသို့လျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မာစိန္တယိတ္ထ၊ မစိုးရိမ်လင့်ကုန်။ ဝေါ၊ သင်တို့၏။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်ဆရာသည်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပတ္တံ၊ ရောက်၏။ ဂိဟိပိ၊ လူတို့စဉ်လျက်လည်း။ တော၊ ဤအနာဂါမိဖိုလ်သို့။ ပါပုဏာတ္ထိ၊ ရောက်ကုန်သေး၏။ သော၊ ထိုသင်တို့ဆရာ ဥပဇ္ဈာယ်သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၀၊ ရောက်မှသာလျှင်။ နေသံ၊ ထိုရဟန်းတို့အား။ ကထေဿာမိ၊ ပြောဟောအံ့။ ဣတိ၊ ဤသို့။ ဟာယန္တော၊ ရှက်နိုးလျက်။ တုမှာကံ၊ သင်တို့အား။ ကိဉ္စိ၊ တစုံ တခုသော စကားကို။အကထေတွာ၊ မဆိုမူ၍။ကာလံကတွာ၊ စုတေခြင်းကိုပြုလျက်။ သုဒ္ဓါဝါသေ၊ သုဒ္ဓါဝါသဘုံ၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။အဿာသထ၊ သက်သာရာကို ရကြကုန်လော့။ ဝေါ၊ သင်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာကာမတို့၌။ အပဋိဗဒ္ဓစိတ္တံ၊ မတပ်သောစိတ်ရှိသည်၏ အဖြစ်သို့။ ပတ္တော၊ ရောက်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၀. ။ဘိက္ခဝေ၊ တို့၊ ယောဘိက္ခု၊ အကြင်ရဟန်းသည်။ အနက္ခာတေ၊ နိဗ္ဗာန်၌၊ ဆန္ဒဇာတော၊ ဖြစ်သောဆန္ဒရှိသည်လည်း။ သိယာ၊ ဖြစ်၏။ မနသာ၊ အောက်မဂ် အောက်ဖိုလ်စိတ်ဖြင့်။ ဖုဋ္ဌော၊ တွေ့သည် လည်း။ သိယာ၊၏။ ကာမေသု ဝတ္ထုကာမ ကိလေသာကာမတို့၌။ အပဋိဗဒ္ဓ စိတ္တော၊ မတပ်သော စိတ်ရှိသည်။ သိယာ၊ ဖြစ်ရာ၏။ သောဘိက္ခု၊ ထိုရဟန်းကို။ ဥဒ္ဓံသောတော၊ ဥဒ္ဓံသောတော ဣတိ၊ ဆိုအပ်၏။ ဣတိအာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဆန္ဒဇာတော၊ ဆန္ဒဇာတော ဟူသည်ကား။ ကတ္တုကာမတာသေန၊ ပြုလိုကာမတ္တ၏ အစွမ်းဖြင့်။ ဇာတဆန္ဒော၊ ဖြစ်သောအလိုသည်။ ဥဿာဟပ္ပတ္တော၊ အားထုတ်ခြင်းသို့ ရောက်၏။ အနက္ခာတေတိ၊ အနက္ခာတေ

ဟူသည်ကား။ နိဗ္ဗာနေ၊ ၌။ဟိ၊ ထိုစကား သင့်စွ။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ အသုကေန၊ ဤမည်သော သူသည်။ ကတံ၊ ပြုအပ်၏။ ဣတိဝါ၊ ဤသို့ရင်း။ နီလာဒီသု၊ အညို စသည်တို့တွင်။ ဝေမျှပ၊ ဤသို့သဘောရှိ၏။ ဣတိဝါ၊ ဤသို့ရင်း။ အဝတ္တဗ္ဗတာယ၊ မဆိုအပ်သည်၏ အဖြစ်ကြောင့်။ အနက္ခာတံ နာမ၊ အနက္ခာတ မည်၏။ မနသာစ ဖုဋ္ဌောသိယာတိ၊ သိယာဟူသည်ကား။ ဟေဋ္ဌိမေဟိ။ အောက်၌ ဖြစ်ကုန်သော။ တီဟိ မဂ္ဂဖလစိတ္တေဟိ၊ သုံးပါးသောမဂ်ဖိုလ်စိတ်တို့ဖြင့်။ ဖုဋ္ဌောပုရိတော၊ ပြည့်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ အပဋိဗဒ္ဓစိတ္တောတိ၊ စိတ္တော— ဟူသည်ကား။ အနာဂါမိ မဂ္ဂဝသေန၊ အနာဂါမိမဂ်၏ အစွမ်းဖြင့်။ ကာမေသု၊ ကာမဂုဏ်တို့၌။ အပဋိဗဒ္ဓ စိတ္တော၊ တပ်ငြိသောစိတ်မရှိ။ ဥဒ္ဓံသောတောတိ၊ ဥဒ္ဓံသောတော ဟူသည်ကား။ အဝိဟေသု၊ အဝိဟာဘုံတို့၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ တတော၊ ထိုအဝိဟာဘုံမှ။ ပဋ္ဌာယ၊ စ၍။ ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ၏ အစွမ်းဖြင့်။ အကနိဋ္ဌံ၊ အကနိဋ္ဌဘုံသို့။ ဂစ္ဆန္တော၊ သွားသော။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ ဘိက္ခု၊ ရဟန်းကို။ ဥဒ္ဓံသောတောတိ၊ ဥဒ္ဓံသောတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝေါ၊ သင်တို့၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ တာဒိသော၊ ထိုသို့ သဘောရှိ၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ။ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ မဟာဇနဿာပိ၊ လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

အဋ္ဌမံ၊ သော။ ကေအနာဂါမိတ္ထေရဝတ္ထု၊ သည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

———●———

## ၁၆-ပိယဝဂ္ဂ။ ၉-နန္ဒိယဝတ္ထု။

(အနဂါမိတ္ထေရဝတ္ထု၌ ဟောဆုဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ နန္ဒိယဝတ္ထု၌ ဟောဆုဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "စိရပ္ပဝါသိန္တိ" စသောပါဌ်ကို မိန့်သတည်း)။

"စိရပ္ပဝါသိန္တိ" ဣမံ ဓမ္မဒေသနံ၊ စိရပ္ပဝါသိံ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣသိပတနေ၊ ရသေ့တို့၏ ကျရာအရပ်၏ အဖြစ်ကြောင့်။ ဣတိပတန အမည်ရှိသော ဥယျာဉ်၌။ ဝိဟာရန္တော၊ နေတော်မူစဉ်။ နန္ဒိယံ၊ နန္ဒိယ သတို့သားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ သဒ္ဓါသမ္ပန္နဿ၊ သဒ္ဓါခြင်းနှင့် ပြည့်စုံသော။ ကုလဿ၊

အမျိုးသားအ၏။ နန္ဒိယောနာမ၊ နန္ဒိယ အမည်ရှိသော။ ပုတ္တော၊ သားသည်။
အဟောသိကိရ၊ ဖြစ်သတတ်။သော၊ ထိုနန္ဒိယသည်။မာတာ ပိတူနံ၊ အမိအဖတို့နှင့်။
အနုရူပေါ၊လျော်စွာ။သဒ္ဓါသမ္ပန္နော၊ ကြည်ညိုခြင်းနှင့်ပြည့်စုံစွာ။သံဃုပဋ္ဌာကောဝ၊
သံဃာ၏ အလုပ်အကျွေးသာလျှင်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ အဿ၊
ထိုနန္ဒိယ၏။ မာတာပိတရော၊ အမိအဘတို့သည်။ ဝယပ္ပတ္တကာလေ၊ အရွယ်သို့
ရောက်သော ကာလ၌။ သံမုခဂေဟတော၊ မျက်နှာစာအိမ်မှ။ ရေဝတိံနာမ၊
ရေဝတီ အမည်ရှိသော။ မာတုလဓီတရံ၊ ဦးရီးသမီးကို။ အာနေတုကာမာ၊ ဆောင်လို
ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ သာ ပန၊ ထို ရေဝတီသည်ကား။ အသဒ္ဓါ၊
ရတနာသုံးပါး၌ ကြည်ညိုခြင်း မရှိ။ အဒါနသီလာ၊ ပေးကမ်းလှူ မရှိ။ နန္ဒိယော၊
နန္ဒိယသတို့သားသည်။ တံ၊ထိုရေဝတီကို။ နဣစ္ဆိ၊ အလိုမရှိ။ အထ၊ ထိုအခါ၌။
အဿ၊ ထိုနန္ဒိယ၏။မာတာ၊အမိသည်။ရေဝတိံ၊ရေဝတီကို။ အာဟ၊ဆို၏။ အမ္မ၊
ရေဝတီ။တွံ၊သင်သည်။ ဣမသ္မိံ ဂေဟေ၊ ဤငါတို့အိမ်၌။ ဘိက္ခုသံဃဿ၊ ရဟန်း
သံဃာ၏။ နိသဇ္ဇနဋ္ဌာနံ၊နေရာအရပ်ကို။ ဥပလိမ္ပိတွာ၊ နံ့သာရည် စသည်တို့ဖြင့်
လိမ်းကျံလျက်။ အာသနာနိ၊နေရာတို့ကို။ ပညာပေဟိ၊ ခင်းလော့။အာဓာရကေ၊
သပိတ်ခြေတို့ကို။ ထပေဟိ၊ ထားလော့။ဘိက္ခူနံ၊တို့၏။အာဂတကာလေ၊လာသော
အခါ၌။ ပတ္တံ၊သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ နိသီဒါပေတွာ၊ နေစေ၍။ ဓမ္မကရ
ဏေန၊ ရေစစ်ဖြင့်။ ပါနီယံ၊ သောက်ရေကို။ ပရိသာဝေတွာ၊ စစ်၍။ ဘုတ္တ
ကာလေ၊ ဆွမ်းစားသောကာလ၌။ ပတ္တာနိ၊ သပိတ်တို့ကို။ ဓောဝ၊ ဆေးလော့။
ဧဝံ၊ဤသို့ အနှုကြီးယော်ကို ရှက်ဆောင်သည်ရှိသော်။ မေ၊ငါ၏။ ပုတ္တဿ၊ သား
သည်။ အာရာဓိတာ၊ ကြိုက်နှစ်သက်သည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဣတိ အာဟ၊
ဤသို့ သွန်သင်၏။ သာ၊ ထိုရေဝတီသည်။ တထာ၊ ထိုအဒေါ ဆိုတိုင်း။ အကာသိ၊
ပြု၏၊ အထ၊ ထိုအခါ၌။နံ၊ထိုရေဝတီသည်။ တာဘ၊ သား။ ဩဝါဒက္ခမာ၊ ဆုံးမ
ခြင်းငှါခံ့သည်၊ ဇာတာ၊ဖြစ်ပြီ။ ဣတိ၊ဤသို့။ ပုတ္တဿ၊ သားအား။ အာရော
စေတွာ၊ ကြားနှ၍။တေနပိ၊ထိုသို့ဆိုတပြီးကား။ သာဓူတိ၊ ကောင်းပြီဟု။ သမ္ပဋိစ္ဆိ၊
ဝန်ခံ၏။ဒိဝသံ၊နေ့ရက်ကို။ဝ ဝဋ္ဋာပေတွာ၊ မှတ်သားပိုင်းခြား၍။ အာဝါဟံ၊ထိမ်း
မြားခြင်းမင်္ဂလာကို။ကရိံသု၊ပြုကုန်၏။ အထ၊ထိုအခါ၌။ နံ၊ထိုရေဝတီကို။ နန္ဒိယ
ယော၊နန္ဒိယသည်။ အာဟ၊ဆို၏။ ဘိက္ခုသံဃဉ္စ၊ရဟန်းသံဃာကိုရင်း။ မေ၊ငါ၏။
မာတာပိတရောစ၊မိဘတို့ကိုရင်း။ သစေ ဥပဋ္ဌဟိဿတိ၊အကယ်၍ သင်လုပ်ကျွေး
သည်ဖြစ်အံ့။ဧဝံ၊ဤသို့ လုပ်ကျွေးသည်ရှိသော်။ဣမသ္မိံ ဂေဟေ၊ ဤအိမ်၌။ဝသိတုံ၊
နေခြင်းငှါ။ လဘိဿသိ၊ သင်ရလတ္တံ့။ အပ္ပမတ္တာ၊ မမေ့မလျော့။
ဟောတိ၊ ဖြစ်လော့။ ဣတိ အာဟ၊ ဤသို့ ဆို၏။

သာ၊ ထိုရေဝတီသည်၊ သာမုတိ၊ ကောင်းပါပြီဟု။ ပဋိသုဏိတွာ၊ ဝန်ခံ၍။ ကတိပါဟံ၊ နှစ်ရက် သုံးရက်။ သဒ္ဓါဝိယ၊ ကြည်ညိုလေဟန်ကဲ့သို့။ ဟုတွာ၊ဖြစ်၍။ ဘတ္တာခံ၊ လင်ကို။ ဥပဋ္ဌဟန္တီ၊ လုပ်ကျွေးစဉ်။ ဒွေပုတ္တေ၊ သားနှစ်ယောက် တို့ကို။ ဝိဇာယိ၊ ဖွါးမြင်၏။ နန္ဒိယဿပိ၊ နန္ဒိယ၏လည်း။ မာတာပိတရော၊ အမိအဘတို့သည်။ ကာလမကံသု၊စုံဘေ ကုန်၏။ ဂေဟေ၊အိမ်၌။ သဗ္ဗိဿရိယံ၊ အလုံးစုံသော အစိုးရခြင်းသည်။ တဿယေဝ၊ ထိုရေဝတီအားသာလျှင်။ အဟောသိ ဖြစ်၏။ နန္ဒိယောပိ၊နန္ဒိယသည်လည်း။ မာတာပိတူနံ၊ အမိအဘတို့၏။ ကာလကိရိယတော၊ သေစုခြင်းကိုပြုသည်မှ၊ပဋ္ဌာယ၊စ၍။ မဟာဒါနပတိ၊မြတ်သော အလှူရှင်သည်။ ဟုတွာ၊ဖြစ်၍။ ဘိက္ခုသံဃဿ၊ရဟန်းသံဃာအား။ဒါနံ၊အလှူကို။ပဋ္ဌပေသိ၊ဖြစ်စေ၏။ကပဏဒ္ဓိကာဒီနံပိ၊အထီးကျန်သူခရီးသွားသူတို့အားလည်း။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ပါကဝတ္တံ၊ ထမင်းဝတ်ကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။ သော၊ထိုနန္ဒိယသည်။ အပရဘာဂေ၊ နောက်အခါ၌။ သတ္ထုဓမ္မဒေသနံ၊ မြတ်စွာဘုရား တရားတော်ကို။ သုတွာ၊ကြား၍။ အာဝါသဒါနေ၊ ကျောင်းဟူသော အလှူ၌။အာနိသံသံ၊အကျိုးဆက်ကို။သလ္လက္ခေတွာ၊မှတ်၍။မဟာဝိဟာရေ၊ မြတ်သောသူတို့၏ နေရာဖြစ်သော။ ဣသိပတနေ၊ ဣသိပတန ဥယျာဉ်၌။တနည်းကား။ ဣသိပတနေ၊ဣသိပတန မည်ရှိသော။ မဟာဝိဟာရေ၊ ကျောင်းတိုက်ကြီး၌။ စတုဟိ ဂဗ္ဘေဟိ၊ တိုက်သေးသွယ်တို့ဖြင့်။ ပဋိမဏ္ဍိတံ၊ တန်းဆာဆင်အပ်သော။စတုသာလံ၊မုခ်ထွက်လေးခု ရှိသော ကျောင်းကို။ ကာရေတွာ။ ဆောက်စေ၍။ မဉ္စပီဌာဒီနိ၊ ညောင်စောင်းအင်းပျဉ် စသည် တို့ကို။ အတ္ထရာပေတွာ၊ ခင်းစေ၍။ တံအာဝါသံ၊ ထိုကျောင်းကို။ နိယျာဒေန္တော၊ ပြီးစေလျက်။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းအား။ နိယျာဒေန္တော၊ ဆောင်နှင်းလျက်၊ ဒါနံ၊ အလှူကို။ ဒတွာ၊ပေး၍။ တထာဂတဿ၊မြတ်စွာဘုရားအား၊ ဒက္ခိဏောဒကံ၊အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ အဒါသိ၊ လှူ၏။ သတ္ထုဟတ္ထေ၊ မြတ်စွာဘုရား ရွှေလက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်သည်။ ပတိဋ္ဌာပနေန၊ တည်ခြင်း ကျစေခြင်းနှင့်။ သဒ္ဓိံယေဝ၊တကွသာလျှင်။ တာဝတိံသ ဒေဝလောကေ၊ တာဝတိံသာ နတ်ပြည်၌။သဗ္ဗဒိသာသု၊အလုံးစုံသော အရပ်မျက်နှာတို့၌။ ဒွါဒသယောဇနိကော၊ တဆဲ့နှစ်ယူဇနာရှိသော။ ဉဒ္ဓံ၊ အထက်သို့ မတ်မတ်တက်သော အပိုင်းအခြားအား ဖြင့်ကား။ ယောဇနသတုဗ္ဗေဓော၊ ယူဇနာတရာ အစောက်မြင့်သော။ သတ္တရတနမယော၊ ရတနာ ခုနစ်ပါးဖြင့် ပြီးသော။ နာရီ ဂဏသမ္ပန္နော၊ နတ်သမီးအပေါင်း ဖြင့်'ပြည့်သော။ ဒိဗ္ဗပါသာဒေါ၊နတ်၏ပြာသာဒ်သည်။ဥဂ္ဂစ္ဆိ၊ ပေါက်၏။

ဒ႑ထ၊ ထိုအခါ၌။ ကေဒိဝသေ၊ တနေ့သ၌။ မဟာမောဂ္ဂလာနတ္ထေရော၊ ရှင်မဟာမောဂ္ဂလာန်မထေရ်သည်။ ဒေသစာရိကံ၊ ဒေသစာရီကို။ ဂန္တွာ၊ ကြွ၍။ တဿပါသာဒဿ၊ ထိုပြာသာဒ်၏။ အဝိဒူရေ၊ အနီး၌။ ဌိတော၊ ရပ်စဉ်။ အတ္တနော၊ မိမိ၏။ သန္တိကံ၊ အထံသို့။ အာဂတေ၊ လာကုန်သော။ ဒေဝပုတ္တေ၊ နတ်သားတို့ကို။ ပုစ္ဆိ၊ မေး၏။ အစ္ဆရာဂဏပရိဝုတော၊ နတ်သမီးအပေါင်းခြံရံလျက်။ နိဗ္ဗတ္တော၊ ဖြစ်သော။ ဧသောဒိဗ္ဗပါသာဒေါ၊ ဤနတ်၏ပြာသာဒ်သည်၊ ကဿ၊ အဘယ်သူ၏ ပြာသာဒ်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအရှင် မောဂ္ဂလာန်အား။ ဒေဝပုတ္တာ၊ နတ်သားတို့သည်။ ဝိမာနသာမိကံ၊ ဗိမာန်ရှင်ကို။ အာစိက္ခန္တော၊ကြားလိုကုန်သည်ဖြစ်၍။ အာဟံသု၊ဆိုကုန်၏။ ဘန္တေ။အရှင်ဘုရား။ နန္ဒိယေနနာမ၊ နန္ဒိယ အမည်ရှိသော။ ယေနဂဟပတိပုတ္တေန၊ အကြင်သူကြွယ် သားသည်။ ဣသိပတနေ၊ ရသေ့တို့၏ကျရာ ဒ႑ရပ်၌။ သတ္ထု၊ မြတ်စွာဘုရားအား၊ ဝိဟာရံ၊ကျောင်းကို။ ကာရေတွာ၊ ဆောက်၍။ ဒိန္နော၊လှူအပ်၏။ တဿတ္ထာယ။ ထိုနန္ဒိယ၏အကျိုးငှါ။ ဇာတံဝိမာနံ၊ ဤဗိမာန်သည်။ နိဗ္ဗတ္တံ၊ဖြစ်၏။ ဣတိအာဟံသု၊ ဤသို့ လျှောက်ကုန်၏။ အစ္ဆရာသံဃောပိ၊ နတ်သမီးအပေါင်းသည်လည်း။ နံ၊ ထို ရှင်မောဂ္ဂလာန်ကို။ ဒိသွာ၊ မြင်၍။ ပါသာဒတော၊ ပြာသာဒ်မှ။ ဩရောဟိတွာ၊ ဆင်း၍၊ အာဟ၊လျှောက်၏။ ဘန္တေ၊အရှင်ဘုရား။မယံ၊အကျွန်ုပ်တို့သည်။နန္ဒိယဿ၊ နန္ဒိယသတို့သား၏။ ပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေးတို့သည်။ ဘဝိဿာမာတိ၊ ဖြစ်ပါကုန်အံ့ဟူ၍။ ဣဓ၊ဤပြာသာဒ်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ တံပန၊ ထိုနန္ဒိယကို ကား။ အပဿန္တော၊ မမြင်ကုန်သောကြောင့်။ အတိဝိယ၊အလွန်လျှင်။ ဥက္ကဏ္ဌိတာ၊ ဆန့်ကျင်ကုန်သည်၊ အမှာ၊ဖြစ်ကုန်၏။ မတ္တိကပါတိံ၊ မြေခွက်ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ သုဝဏ္ဏပါတိံ၊ ရွှေခွက်ကို။ ဂဟဏံဝိယ၊ ယူခြင်းကဲ့သို့။ မနုဿသမ္ပတ္တိံ၊ လူစည်းစိမ်ကို။ ဇဟိတွာ၊ စွန့်၍။ ဒိဗ္ဗသမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ ဂဟဏံ၊ ယူခြင်းကို။ ။ (ဝဒေယျာထပိ)။ ။ ဣဓ၊ဤနတ်ပြည်သို့။ အာဂမနတ္ထာယ၊လာခြင်းအကျိုးငှါ။ နံ၊ ထိုနန္ဒိယကို၊ ဝဒေယျ၊ အမိန့်ရှိပါလေလော့။ ဣတိအာဟံသု၊ ဤသို့လျှောက် ကုန်၏။ ထေရော၊ ရှင်မဟာမောဂ္ဂလာန်သည်။ တတော၊ ထိုတာဝတိံသာ နတ် ပြည်မှ။ အာဂန္တွာ၊ လာ၍၊ သတ္ထာရံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ကပ်၍။ ပုစ္ဆိ၊မေးလျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မနုဿလောကေ၊ လူ့ပြည်၌။ ဌိတာနံယေဝ၊ တည်ကုန်လျက် လျှင်။ ကတကလျာဏာနံ၊ ပြုအပ်သော ကောင်းမှု ရှိကုန်သော သူတို့၏၊ ဒိဗ္ဗသမ္ပတ္တိ၊ နတ်၏စည်းစိမ်သည်။ နိဗ္ဗတ္တတိနုခေါ၊ ဖြစ်ပါ အံ့လော။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ တေတယာ၊ သင်သည်။ ဒေဝလောကေ၊ နတ်ပြည်၌၊ နန္ဒိယဿ၊ နန္ဒိယ၏။ နိဗ္ဗတ္တာ၊ ဖြစ်သော။

ဒိဗ္ဗသမ္ပတ္တိ၊ နတ်စည်းစိမ်ကို။ သာမံ၊ ကိုယ်တိုင်။ ဒိဋ္ဌာနုခေါ၊ မြင်ခဲ့ပြီမဟုတ်လော။ ကသ္မာ၊ အဘယ်ကြောင့်။ မံ၊ ငါ့ကို။ ပုစ္ဆသိ၊ မေးသနည်း။ ဣတိအဝေါစ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ နိဗ္ဗတ္တတိ၊ ဤသို့ဖြစ်သည် မှန်ပေ၏။ ဣတိအာဟ၊ ဤသို့လျှောက်၏။

အထ၊ ထိုအခါ၌။ သတ္ထာမြတ်စွာဘုရားသည်။ နံ၊ ထိုမောဂ္ဂလာန်ကို။ မောဂ္ဂလာန၊ မောဂ္ဂလာန်။ ကိံနာမ၊ အဘယ်ကြောင့်။ တေ၊ ဤစကားကို။ ကထေသိ၊ ဆိုသနည်း။ဟိတပ္ပါကဋ္ဌိကရောမိ၊ ထိုစကားကို ထင်စွာပြုအံ့။ စိရပ္ပဝုဋ္ဌံ၊ ကြာမြင့်စွာ ကွေကွင်းခြင်းရှိသော။ ပုတ္တံဝါ၊ သားကိုရင်း။ ဘာတရံဝါ၊ ညီအစ်ကိုကိုရင်း။ ဝိပ္ပဝါသတော၀ါ၊ ကွေကွင်းရာ အရပ်မှလည်း။အာဂစ္ဆန္တံ၊လာသည်ကို။ ဂါမဒွါရေ၊ ရွာတံခါး၌။ ဌိတော၊ တည်သော။ကောစိဒေဝ၊ တစုံတယောက်သောသူသည်။ ဒိသွာ၊ မြင်၍။ ဝေဂေန၊ လျင်စွာ။ဂေဟံ၊ အိမ်သို့။အာဂန္တွာ၊ လာ၍။ အသုကော နာမ၊ ဤမည်သောသူသည်။ အာဂတော၊ ရောက်လာပြီ။ ဣတိအာရောစေယျ၊ ဤသို့ ကြားရာ၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုသူ၏။ ဉာတကာ၊ အဆွေအမျိုးတို့သည်။ ဟဋ္ဌပဟဋ္ဌာ၊ အလွန် ရွှင်ကုန်သည်ဖြစ်၍။ဝေဂေန၊လျင်စွာ။ နိက္ခမိတွာ၊ ထွက်၍။ တာတ၊ ချစ်သား။ အာဂတောသိ၊ လာသည်ဖြစ်၏လော။ တာဘာ၊ ချစ်သား ချစ်သမီးတို့သည်။ အရောဂါသိ၊ အနာမရှိ၏လော။ ဣတိ၊ဤသို့ နှုတ်ဆက်ခြင်းကိုပြုလျက်။ တံ၊ ထိုကွေကွင်းသော သူကို။ အဘိနန္ဒေယျုံ ယထာ၊ အလွန် နှစ်သက်ကုန်သကဲ့သို့။ ဧဝမေဝ၊ဤအတူလျှင်။ဣဓ၊ဤလူ့ပြည်၌။ကတကလျာဏံ၊ ပြုအပ်သော ကောင်းမှုရှိသော။ ဣမံလောကံ၊ ဤလောကကို။ ဇဟိတွာ၊ စွန့်၍။ ပရလောကံ၊တမလွန်ဘဝသို့။ ဂတံ၊ သွားသော။ ဣတ္ထိံ ဝါ၊ မိန်းမကိုရင်း။ပုရိသံဝါ၊ ယောကျ်ားကိုရင်း။ ဒေဝတာ၊ နတ်တို့သည်။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ ဒိဗ္ဗပဏ္ဏာကာရံ၊ နတ်၏လက်ဆောင်ကို။ အာဒါယ ယူ၍။ အဟံပုရတော၊ ငါးဦး၏။ အဟံပုရတော၊ ငါဦး၏။ ဣဘိပစ္စုဂ္ဂန္တွာ ဤသို့ ခရီးဦးကြိုဆို၍။ အဘိနန္ဒန္တိ၊ ဝမ်းမြောက်ကုန်၏။ ဣတိဝတွာ၊ဤသို့ဆို၍။ဣမာဂါထာဤဂါထာ၊တို့ကို။အဘာသိ၊ ဟောတော်မူ၏။

၂၁၉။ ။မောဂ္ဂလာန၊ လာန်။ စိရပ္ပဝါသိံ၊ အခါလေးမြင့်စွာ ကွေကွင်းခြင်းရှိသော။ သောတ္ထိံ၊ရအပ်ပြီးသောစည်းစိမ်ရှိသည်ဖြစ်၍ ချမ်းသာခြင်းရှိသော။ ဒူရတော၊ ဝေးစွာသောအရပ်မှ။ အာဂတံ၊ ရောက်လာသော။ ပုရိသံ၊ ယောကျ်ားကို။ ဉာတိမိတ္တာစ၊ မိမျိုး ဘမျိုး ဖြစ်ကုန်သောသူ အတူတကွ စားဘူးသောက်ဘူး မြင်ဘူးသော အဆွေခင်ပွန်းတို့သည်ရင်း။ သုဟဇ္ဇာစ၊ နှလုံးအကျွမ်းဝင်သောသူတို့

သည်ရင်း။ အာဂတံ၊ လာခဲ့သလော။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဆိုလျက်။ အဘိနန္ဒန္တိ ယထာ၊ အလွန်ဝမ်းမြောက်ကုန်သကဲ့သို့။

၂၂၀။ ။တထေဝ၊ ထိုအတူလျှင်။ အသ္မာလောကာ၊ ဤလောကမှ။ ပရံ၊ တမလွန်ဘဝသို့။ ဂတံ၊ သွားသော။ ကတပုညံပိ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူကိုလည်း။ ပုညာနိ၊ ကောင်းမှုတို့သည်။ အာဂတံ၊ လာသလော။ ဣတိအာဒိနိ၊ ဤသို့အစရှိသည်တို့ကိုဆို၍။ ပိယညာတိဝ၊ ချစ်လှစွာသော အဆွေအမျိုးတို့ကဲ့သို့။ ပဋိဂ္ဂဏှန္တိ၊ အာယုစသည်နှင့်စသော သမ္ပတ္တိကိုပေးသောအားဖြင့် လှမ်းယူကုန်၏။

ဟ္တြထိုဂါထာတို့တွင်။စိရပ္ပဝါသိန္တိ၊စိရပ္ပဝါသိ ဟူသည်ကား။စိရပ္ပဝုဋ္ဌံ၊ ကာလအကြာကျွကွင်းခြင်းရှိသောသူတည်း။ဒူရတော သောတ္ထိမာဂတန္တိ၊မာဂတံဟူသည်ကား။ဝါဏိဇ္ဇံဝါ၊ ကုန်သွယ်ခြင်းကိုရင်း။ ရာဇပေါရိသံဝါ၊ မင်းအားခစားခြင်းတို့ရင်း။ကတွာ၊ပြု၍။လဒ္ဓလာဘံ၊ရအပ်သောလာဘ်ရှိသော။နိပ္ဖန္နသမ္ပတ္တိ၊ပြီးပြီးသော စည်းစိမ်ရှိသော။ အနုပဒ္ဒဝေန၊ ဥပဒ္ဒဝေါမရှိသဖြင့် ဥရုဋ္ဌာနတော၊ ဝေးသော အရပ်မှ။ အာဂတံ၊ လာသောသူကို။ ဉာတိမိတ္တာသုဟဇ္ဇာ စာတိ၊ သုဟဇ္ဇာစဟူသည် ကား။ ကုလသမ္ဗန္ဓဝသေန၊ အမျိုးအနွယ်စပ်သည်၏ အစွမ်းဖြင့်။ ဉာတိစ၊ မိဆွေဘမျိုးတို့သည်ရင်း။ သန္ဒိဋ္ဌာဒိဘာဝေန၊ သန္ဒိဋ္ဌစသည်၏အစွမ်းဖြင့်၊ မိတ္တာစ၊ အဆွေခင်ပွန်းတို့သည်ရင်း။ သုဟဒယဘာဝ ဝသေန၊ ကောင်းသောနှလုံးရှိသောအဖြစ်၏ အစွမ်းဖြင့်။ သုဟဇ္ဇာစ၊ အကျွမ်းဝင်သောသူတို့သည်ရင်း။ အဘိနန္ဒန္တိ၊ အလွန်နှစ်သက်ကုန်၏။ အာဂတန္တိ၊ အာဂတံဟူသည်ကား။ နံ၊ ထိုသူကို။ ဒိသွာ၊ မြင်၍။ အာဂတံ၊ လာသလော။ ဣတိ၊ ဤသို့။ ဝစနမတ္တေနဝါ၊ ဆိုအပ်ပြီးသောစကားမျှဖြင့်ရင်း။ အဉ္ဇလိကရဏမတ္တေနဝါ၊ လက်အုပ်ချီခြင်းကို ပြုကာမျှဖြင့်ရင်း။ ဂေဟံ၊ အိမ်သို့။ သမ္ပတ္တံပန၊ ရောက်လာသောသူကိုကား။ နာနပ္ပကာရပဏ္ဏာကာရာဘိဟရဏဝသေန၊ အထူးထူးအပြားပြားရှိသော အလွန်မွန်မြတ်သော လက်ဆောင်ကို ရွှေ၍ဆောင်သည်၏ အစွမ်းအားဖြင့်။ အဘိနန္ဒန္တိ၊ နှစ်သက်ကုန်၏။ တထေဝါတိ၊ တထေဝဟူသည်ကား။ တေနေဝကာရဏေန၊ ထိုအကြောင်းဖြင့်လျှင်။ ကတပုညပုဂ္ဂလံ၊ ပြုအပ်သော ကောင်းမှုရှိသောပုဂ္ဂိုလ်ကို။ ဣမသ္မာလောကာ၊ ဤလောကမှ။ ပရံလောကံ၊ တမလွန်ဘဝသို့။ ဂတံ၊ ရောက်သောသူကို။ ဒိဗ္ဗံအာယုဝဏ္ဏသုခယသအဓိပတေယျံ၊ နတ်၌ဖြစ်သော အသက်ရှည်ခြင်း အဆင်းလှခြင်းချမ်းသာကြီးခြင်း အခြံအရံများခြင်း အစိုးရခြင်းတို့ရင်း။ ဒိဗ္ဗရူပ သဒ္ဒ ဂန္ဓရသဖောဋ္ဌဗ္ဗံ၊ နတ်၌ဖြစ်သော ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့ရင်း။ ဣတိ၊ ဤသို့။ ဣမံဒသဝိဓံ၊ ဤဆယ်ပါးအပြားရှိသော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ အာဒါယ၊ ယူ၍။ မာတာပိတုဋ္ဌာနေ၊ မိဘအရာ၌။ ဌိတာနိ၊ တည်ကုန်သော။ အဘိနန္ဒန္တာနိ၊ အလွန်နှစ်သက်ခြင်းရှိကုန်

သော။ ပညာနိ၊ ကောင်းမှုတို့သည်။ ပဋိဂ္ဂဏှန္တိ၊ လှမ်းယူကုန်၏။ ပိယဉာတိဝါတို့၊ ဝါဟူသည်ကား။ ဣခလောကေ၊ ဤလောက၌။ အာဂတံ၊ လာသော၊ ပိယဉာတကံ၊ ချစ်စွာသောဆွေမျိုးကို။ သေသညာတကာ၊ ကြွင်းသော ဆွေမျိုးတို့သည်။ ပဋိဂ္ဂဏှန္တိဝိယ၊ လှမ်းယူကုန်သကဲ့သို့။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဣတိပရိ သမာပန်၊ တဆယ့်ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပိယဝဂ်၌ ကိုးခုမြောက်သော နန္ဒိယဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

နဝမံ၊ သော။ နန္ဒိယဝတ္ထု၊သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

ပိယဝဂ္ဂဝဏ္ဏနာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

သောဠသမော၊ သော။ ဝဂ္ဂေါ၊သည်။ နိဋ္ဌိတော၊ ပြီးပြီ။

## ၁၇-နကောဓဝဂ္ဂ။ ၁-ရောဟိနိခတ္တိယကညာဝတ္ထု။

(ကိုးဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော တဆယ့်ခြောက်ခုမြောက်ဖြစ်သော ပိယဝဂ်၌ ဟောရာဖြစ်သော ဂါထာအပေါင်း၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ရှစ်ဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော တဆယ့်ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကောဓဝဂ်၌ ဟောရာဂါထာအပေါင်း၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "ကောဓံ ဇဟေ"တိ စသောပါဌ်ကို မိန့်သတည်း)။

"ကောဓံ ဇဟေ"တိ ဣမံ ဓမ္မဒေသနံ၊ ကောဓံဇဟေ-အစရှိသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ နိဂြောဓာ ရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ရောဟိနိံ၊ ရောဟနီ အမည်ရှိသော။ ခတ္တိယ ကညံ၊ မင်းသမီးကို။ အာရဗ္ဘ၊အကြောင်းပြု၍။ကထေသိ၊ ဟောတော်မူ၏။ ဧကသ္မိံ သမယေ၊ တခုသော အခါ၌။ အာယသ္မာ အနုရုဒ္ဓေါ၊ အရှင် အနုရုဒ္ဓါ မထေရ်သည်။ ပဉ္စသတေဟိ၊ ငါးရာအတိုင်းအရှည် ရှိကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကပိလဝတ္ထုံ၊ ကပိလဝတ်ပြည်သို့။ အဂမာသိ ကိရ၊ ကြွသွားသတတ်။အထ၊ထိုအခါ၌။ အဿ၊ ထိုအနုရုဒ္ဓါ၏။ ဉာတကာ၊ဆွေတော်မျိုးတော်တို့သည်။ ထေရော၊မထေရ်အနုရုဒ္ဓါသည်။ အာဂတော ဣတိ၊လာ၏ဟု။သုတွာ၊ ကြား၍။ ထေရဿ၊ အနုရုဒ္ဓါ၏။ သန္တိကံ၊အထံဖြစ်သော။ဝိဟာရံ၊ ကျောင်းသို့။ ရောဟိနိံ နာမ၊ ရောဟိနီ အမည်ရှိသော။ ထေရဿ၊ အနုရုဒ္ဓါ၏။ ဘဂိနိံ ၊ နှမကို။ ထပေတွာ၊ ထား၍။ အဂမံသု၊ သွားကုန်၏။ ထေရော၊ အနုရုဒ္ဓါ မထေရ်သည်။ ဉာတကေ၊ အဆွေအမျိုးတို့ကို။ ရောဟိနီ၊ ရောဟိနီသည်။ အဟံ၊ အဘယ်အရပ်မှ

ရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဂေဟေ၊ အိမ်၌။
အတ္ထိ၊ ရှိပါ၏။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ ကသ္မာ၊ အဘယ်ကြောင့်။
ဣမ၊ ဤကျောင်းသို့။ နာဂတာ၊ မလာသနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊
အရှင်ဘုရား။ တဿာ၊ ထိုရောဟိနီ၏။ သရီရေ၊ ကိုယ်၌။ ဆဝိရောဂေါ၊ နူနာသည်။
ဥပ္ပန္နောတိ၊ ဖြစ်ခဲ့၏ဟူ၊ လဇ္ဇာယ၊ ရှက်သဖြင့်။ နာဂတာ၊ မလိုက်လာပါ။ ဣတိ
အာဟ၊ ဤသို့ လျှောက်၏။ သော ထေရော၊ ထိုအနုရုဒ္ဓါမထေရ်သည်။ နံ၊ ထို
ရောဟိနီကို။ ပက္ကောသထ၊ ခေါ်ချေကုန်။ ဣတိ၊ ဤသို့။ ပက္ကောသာပေတွာ၊
ခေါ်စေသည်ရှိသော်။ ပဋကဉ္စုကံ၊ သင်တိုင်း ပုဆိုးကို။ ပဋိမုဉ္စိတွာ၊ စွပ်ဝတ်၍။
အာဂတံ၊ လာသော ရောဟိနီကို။ ဧဝံ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ရောဟိနိ၊
ရောဟိနီ။ ကသ္မာ၊ အဘယ်ကြောင့်။ နာဂတာသိ၊ ငါ့အထံသို့ သင်မလာဘိသနည်း။
ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။
သရီရေ၊ ကိုယ်၌။ ဆဝိရောဂေါ၊ နူနာသည်။ ဥပ္ပန္နော၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်၊
လဇ္ဇာယ၊ ရှက်၍။ နာဂနာ၊ မရောက်လာသည်။ အမှို၊ ဖြစ်၏။ ဣတိ အဝေါစ၊
ဤသို့ လျှောက်၏။ တေ၊ သင်သည်။ ပုညံ၊ ကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှာ။
န ဝဋ္ဋတိ ကိံ ပန၊ မအပ်လေသလော။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊
အရှင်ဘုရား။ ကိံ ကရောမိ၊ အဘယ်ကောင်းမှုကို ပြုပါရအံ့နည်း။ ဣတိ အဝေါစ၊
ဤသို့ လျှောက်၏။ အာသန သာလံ၊ နေရာစရပ်ကို။ ကာရေဟိ၊ ဆောက်စေလော့။
ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ကံ၊ အဘယ်ကို။ ဂဟေတွာ၊ ယူ၍ ဆောက်ရ
ပါအံ့နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ တေ၊ သင်အား။ ပသာဓန ဘဏ္ဍကံ၊
ဆင်ယင်သော ပတိး, လက်ကောက်, ဒါလီ, ဘယက် စသော ဘဏ္ဍာသည်။ နတ္ထိ ကိံ၊
မရှိသလော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အတ္ထိ၊ ရှိပါ၏။
ဣတိ အာဟ၊ ဤသို့ လျှောက်၏။ ကိံ မူလံ၊ အဘိုးမည်မျှ ထိုက်သနည်း။ ဣတိပုစ္ဆိ၊
ဤသို့မေး၏။ ဒသသဟဿမူလံ၊ တသောင်းသော အဘိုးသည်။ ဘဝိဿတိ၊
ထိုက်သည်ဖြစ်၏။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။ တေန ဟိ၊ ထိုသို့ဆိုဘိပြီးကား။
တံ၊ ထိုတန်ဆာကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ အာသန သာလံ၊ ဆွမ်းစား စရပ်ကို။
ကာရေဟိ၊ ဆောက်စေလော့။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်
ဘုရား။ မေ၊ ငါအား။ ကော၊ အဘယ်အမည်ရှိသော သူသည်။ ကရိဿတိ၊
ဆောက်ပါလတ္တံ့နည်း။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။ ထေရော၊ အနုရုဒ္ဓါသည်။
သမီပေ၊ အနီး၌။ ဌိတဉာတကေ၊ တည်ကုန်သော အဆွေအမျိုးတို့ကို။ ဩလောက
ကေတွာ၊ ကြည့်၍။ တုမှာကံ၊ သင်တို့၏။ ဘာရော၊ ဝန်သည်။ ဟောတု၊ ဖြစ်စေလော့။
ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ ပန၊ အရှင်ဘုရား

တို့သည်ကား။ ကိံကရိဿထ၊ အဘယ်သို့ စောင်မခြင်းကိုပြု၍။ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှင့်ပါအံ့နည်း။ ဣတိ အာဟ၊ဤသို့ လျှောက်၏။ အဟံပိ စေဝ၊ ငါသည်လည်း။ ဘဝိဿာမိ၊ ဓမ္မအားဖြင့် စောင်မခြင်းကို ဖြစ်စေအံ့၊ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ တေနှိ၊ ထိုသို့ဆိုတပြီးကား။ တေိဿာ၊ ထိုစရပ်၏။ ဝဍ္ဍသမ္မာရေ၊ အဆောက်အဦတို့ကို။ အာဟရထ၊ ဆောင်ကုန်လော့။ ဣတိ အာဟ၊ ဤသို့၊ မိန့်တော်မူ၏။

တေ၊ ထိုဆွေမျိုးတို့သည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့ ဝန်ခံလျက်။ အာဟရိံသု၊ ဆောင်ကုန်၏။ ထေရော၊ အနုရုဒ္ဓါမထေရ်သည်။ အာသန် သာလံ၊ နေရာကျောင်းကို။ သံဝိဒဟန္တော၊ စီရင်သည်ရှိသော်၊ ရောဟိနိံ၊ ရောဟိနီကို။ အာဟ၊ မိန့်တော်မူ၏။ ဒွိဘူမိကံ၊ ဘုံနှစ်ဆင့်ရှိသော။ အာသနသာလံ လည်ပေါ်စရပ်ကို။ကာရေတွာ၊ဆောက်စေ၍။ ဥပရိ၊အထက်၌။ပဒရာနံ၊ပျဉ်တို့၏။ ဒိန္နကာလတော ပဋ္ဌာယ၊ ခင်းသည်မှစ၍။ ဟေဋ္ဌာ၊ အောက်၌။ သာလံ၊ စရပ်ကို။ နိဗဒ္ဓံ၊ မပြတ်။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ အာသနာနိ၊ နေရာတို့ကို။ ပညာပေဟိ၊ ခင်းလေလော့။ နိဗဒ္ဓံ၊ မပြတ်။ ပါနီယဃဋ္ဋေ၊ သောက်ရေအိုးတို့ကို။ ဥပဋ္ဌာပေဟိ၊ တည်စေလော့။ ဣတိ၊ ဤသို့ ဆိုသည်ရှိသော်။ သာ၊ ထိုရောဟိနီသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့။ ပသာဓနဘဏ္ဍကံ၊ ဆင်သော တန်းဆာကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ဒွိဘူမိကအာသနသာလံ၊ ဘုံနှစ်ဆင့်ရှိသော လည်ပေါ်စရပ်ကို။ ကာရေတွာ၊ဆောက်၍။ဥပရိ၊အထက်၌၊ ပဒရဒိန္နကာလတော ပဋ္ဌာယ၊ ပျဉ်ကို ခင်းသည်မှစ၍။ ဟေဋ္ဌာ၊ အောက်၌။ သာလံ၊စရပ်ကို။ သမ္မဇ္ဇနိယာဒီနိ၊ တံမြက်လှည်းခြင်း စသည်တို့ကို။ အကာသိ၊ ပြု၏။ နိဗဒ္ဓံ၊ မပြတ်။ ဘိက္ခူ၊ ရဟန်းတို့သည်။ နိသီဒန္တိ၊ နေကုန်၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုရောဟိနီ၏။ အာသနသာလံ၊ နေရာဖြစ်သော လည်ပေါ်စရပ်ကို။ သမ္မဇ္ဇန္တိယာဝ၊ တံမြက် လှဲစဉ်သာလျှင်။ ဆဝိရောဂေါ၊ နူနာသည်။ မိလာယိ၊ညှိုး၏။ အာသနသာလာယ၊ ဆွမ်းစားစရပ်သည်။ နိဋ္ဌိတာယ၊ ပြီးပြီးသည်ရှိသော်။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူး ရှိသော။ ဘိက္ခုသံဃဿ၊ရဟန်းသံဃာအား။နိမန္တေတွာ၊ ဘိတ်၍။ အာသနသာလံ၊ နေစရာစရပ်ကို။ ပူရေတွာ၊ ပြည့်စေ၍။ နိသိန္နဿ၊ နေသော။ ဗုဒ္ဓပမုခဿ၊ ဘုရား အမှူးရှိသော။ ဘိက္ခု သံဃဿ၊ ရဟန်းသံဃာအား။ ပဏီတံ၊ မွန်မြတ်သော။ ခါဒနီယံ၊ ခဲဘွယ်ဘောဇဉ်ကို။ အဒါသိ၊ လှူ၏။ သတ္ထာ၊ မြင်စွာဘုရားသည်။ ကတဘတ္တကိစ္စော၊ ဆွမ်းစားခြင်းကိစ္စ၊ ပြီးပြီးသော်။ ဒါနံ၊ ဤအလှူသည်။ ကဿ၊ အဘယ်သူ၏ အလှူနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင် ဘုရား။ မေ၊ ငါ၏။ ဘဂိနိယာ၊ နှမဖြစ်သော။ ရောဟိနိယာ၊ ရောဟိနီ၏ အလှူ

ဖြစ်ပါသည် ဘုရား။ ဣတိ အဝေါစ၊ ဤသို့ လျှောက်၏။ သာ ပန၊ ထို ယောဟိနီ
သည်ကား။ ကဟံ၊ အဘယ်မှာနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊
အရှင်ဘုရား။ ဂေဟေ၊ အိမ်၌။ အတ္ထိ၊ ရှိ၏။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။
နံ၊ ထိုရောဟိနီကို။ ပက္ကောသထ၊ ခေါ်ချေလော့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။
သာ၊ ထိုရောဟိနီသည်။ အာဂန္တုံ၊ လာခြင်းငှါ။ န ဣစ္ဆိ၊ အလိုမရှိ။ အထ၊ ထိုအခါ၌။
နံ၊ ထိုရောဟိနီကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အနိစ္ဆမာနံပိ၊ လာခြင်းငှါအလို
မရှိသော်လည်း။ ပက္ကောသာပေသိ ယေဝ၊ ခေါ်စေသည်သာလျှင်တည်း။ အာဂန္ဒွာ
စ ပန၊ ရောက်ပြီး၍ကား။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသိန္နံ၊ နေသော ရောဟိနီကို။ အာဟ၊ မိန့်
တော်မူ၏။ ရောဟိနိ၊ ရောဟိနီ။ ကသ္မာ၊ အဘယ်ကြောင့်။ နာဂမိတ္ထ၊ ငါဘုရားရှိရာသို့
မလာဘိသနည်း။ ဣတိ အာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ငါ၏။
သရီရံ၊ ကိုယ်၌။ ဆဝိရောဂေါ၊ နူနာသည်။ အတ္ထိ၊ ရှိခဲ့၏။ တေန၊ ထိုကြောင့်။ လဇ္ဇာယ
မာနာ၊ ရှက်နိုး၍။ နာဂတာ၊ မလာသည်။ အမှိ၊ ဖြစ်၏။ ဣတိ အာဟ၊ ဤသို့
လျှောက်၏။ တေ၊ သင်သည်။ ကိံ၊ အဘယ်ကို။ နိဿာယ၊ မှီ၍။ သော၊ ဤနူနာ
သည်။ ဥပ္ပန္နောတိ၊ ဖြစ်၏ဟူ၍။ ဇာနာသိ ပန၊ သိပါ၏လော။ ဣတိ ပုစ္ဆိ၊ ဤသို့
မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ န ဇာနာမိ၊ မသိပါ။ ဣတိ အာဟ၊ ဤသို့
နားတော်လျှောက်၏။ ဘဝ၊ သင်၏။ ကောဓံ၊ အမျက်ကို။ နိဿာယ၊ မှီ၍။ သော၊
ဤနူနာသည်။ ဥပ္ပန္နော၊ ဖြစ်၏။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊
အရှင်ဘုရား။ မေ၊ အကျွန်ုပ်သည်။ ကိံ ပန၊ အဘယ်ကောင်းမှုကို။ ကတံ၊
ပြုမိသနည်း။ ဣတိအာဟ၊ ဤသို့လျှောက်၏။ တေန ဟိ၊ ထိုသို့သင်လျှောက်မူကား။
သုဏာဟိ၊ နာလော့။ ဣတိ အဝေါစ၊ ဤသို့ မိန့်တော်မူ၏။ အထ၊ ထိုအခါ၌။
အဿာ၊ ထိုရောဟိနီအား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အတီတံ၊ လွန်လေပြီး
သော အကြောင်းကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိ ရဇ္ဇော၊ ဗာရာဏသီမင်း၏။
အဂ္ဂမဟေသီ၊ မိဘုရားကြီးသည်။ ရညော၊ မင်း၏။ ဧကိဿာနာဋကိတ္ထိယာ၊
တယောက်သော ကချေသည်မအား။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓိတွာ၊ ဖွဲ့လျက်။
အဿာ၊ ထိုကချေသည်မအား။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ဥပ္ပါဒေဿာမိ၊ ဖြစ်စေအံ့။
ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ မဟာကစ္ဆုဖလာနိ၊ များစွာသောယားယံစေတတ်သော
ယင်းရိုးသီးတို့ကို။ "ကြီးစွာသောထင်းအောင်းသီးတို့ကိုလည်းဟူ။ ခွေးလေးသီးတို့ကို
လည်းဟူ"။ အာဟရာပေတွာ၊ ဆောင်စေ၍။ တံ နာဋကိတ္ထိံ၊ ထိုကချေသည်မကို။
အတ္တနော၊ ၏။ ကန္တိကံ၊ သို့။ ပက္ကောသာပေတွာ၊ ၍။ ယထာ၊ အကြင်အခြင်းဖြင့်။ သာ၊

ထိုကချေသည်မသည်။ နဇာနာတိ၊မသိ။ ဧဝံ၊ ဤအခြင်းဖြင့်။ အဿာ၊ ထိုကချေသည်မ၏။ သယနေစေဝ၊ အိပ်ရာ၌ရင်း။ ပါဝါရကောဇဝါဒိနဥ္စ၊ အပေါ်လွှမ်းအခင်းကောဇော စသည်တို့၌ရင်း။ အန္တရေသု၊တို့၌။ ကစ္ဆုစုဏ္ဏာနိ၊ ခွေးလေးသီးအမှုန့်တို့ကို။ ထပေါပေသိ၊ထားစေ၏။ ကေဠိ၊ပြက်ရယ်ကို။ ကုရုမာနာဝိယ၊ ပြုသကဲ့သို့။ တဿာ၊ ထိုကချေသည်မ၏။ သရီရေ၊ ကိုယ်၌။ ဩကိရိ၊ သွန်း၏။ တံခဏညေဝ၊ ထိုခဏ၌သာလျှင်။ တဿာ၊ထိုကချေသည်မ၏။ သရီရံ၊ကိုယ်သည်။ ဥက္ကုပက္ကံ၊ ဖူးရရွ။ ကဏ္ဍုကဏ္ဍဇာတံ၊ အပိမ့်ပိမ့်ပေါက်သည်။ အဟောသိ၊ဖြစ်၏။ သာ၊ ထိုကချေသည်မသည်။ ကဏ္ဍုဝန္တီ၊ ယားလှခဲ့ပြီဟူ၍။ ဂန္တွာ၊ သွား၍။ သယနေ၊ အိပ်ရာ၌။ နိပဇ္ဇိ၊အိပ်၏။ တတြာပိ၊ ထိုအရပ်၌လည်း။ အဿာ၊ ထိုကချေသည်မအား။ ကစ္ဆုစုဏ္ဏေဟိ၊ခွေးဘယ်သီးမှုန့်တို့ဖြင့်။ ခါဒိယမာနာဝိယ၊ ခဲသကဲ့သို့။ ခရမာနာ၊ ကျင်နာစွာသော။ ဝေဒနာ၊သည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ အဂ္ဂမဟေသီ၊ မိဖုရားကြီးကား။ ရောဟိနီ၊ ရောဟိနီသည်။ အဟောသိ၊ ဖြစ်၏။ (ယခုအဋ္ဌကထာပါဠ်၌။ တံခဏညေဝ အစ၊ အဟောသိ အဆုံးရှိသော ပါဠ်တို့သည် မပါဘဲရှိနေသည်။ ပါခြင်းသာလျှင် သင့်မြတ်၏)။ ။သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမံအတီတံ၊ ဤလွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ရောဟိနီ၊ရောဟိနီ။တဒါ၊ထိုအခါ၌။ တယာ၊သင်သည်။ ကတံ၊ ပြုအပ်သော။ကမ္မံ၊မကောင်းမှုကံကား။ တေဓ္ဓ၊ဤသည်လျှင်တည်း။ ဟိ၊ထိုစကားသင့်စွ။ အပ္ပမတ္တကောပိ၊ အနည်းငယ်လည်း ဖြစ်သော။ ကောဓော၀ါ၊ အမျက်ထွက်ခြင်းကိုရင်း။ ဣဿာဝါ၊ ငြူစူခြင်းကိုရင်း။ ကာတုံ၊ ပြုခြင်းငှါ။ နယုတ္တရူပေါဝ၊ မသင့်သောသဘောရှိသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊မိန့်တော်မူ၏။

၂၂၁။ ။ရောဟိနီ၊နီ။ ကောဓံ၊အမျက်ကို။ ဇဟေ၊စွန့်ရာ၏။ မာနံ၊ကိုပါး အပြားရှိသော မာန်ကိုလည်း။ ဝိပ္ပဇဟေယျ၊ ပယ်စွန့်ရာ၏။ သဗ္ဗံသံယောဇနံ၊ အလုံးစုံသော သံယောဇဉ်ကို။ အတိက္ကမေယျ၊ လွန်ရာ၏။ နာမရူပသ္မိံ၊ နာမ်ရုပ်၌။ အသဇ္ဇမာနံ၊ ငါ၏နာမ်ရုပ်ဟူ၍ တပ်ငြိခြင်းမရှိသော။ အကိဉ္စနံ၊ ရာဂစသော ကြောင့်ကြခြင်း ပလိဗောဓမရှိသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒုက္ခာ၊ဆင်းရဲခြင်းတို့သည်။ နာနုပတန္တိ၊အစဉ်မလိုက်ကုန်။ ဣတိ၊ဤသို့ဟောတော်မူ၏။

တတ္ထ၊ထိုဂါထာ၌။ ကောဓန္တိ၊ ကောဓံ ဟူသည်ကား။ သဗ္ဗာကာရံ၊ အလုံးစုံသော အပြားရှိသော။ ကောဓံပိ၊အမျက်ထွက်ခြင်းကိုရင်း။နဝဝိဓံ၊ ကိုးပါးအပြား

ရှိသော။ မာနံပိ၊မာန်ကိုရင်း။ ဇဟေယျ၊စွန့်ရာ၏။ သံယောဇနန္တိ၊ သံယောဇနံ ဟူသည်ကား။ကာမရာဂသံယောဇနာဒိကံ၊ ကာမရာဂသံယောဇဉ်စသော။ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ သဗ္ဗသံယောဇနံပိ၊ အလုံးစုံသော သံယောဇဉ်ကိုလည်း။ အတိက္ကမေယျ၊လွန်ရာ၏။ အသဇ္ဇမာနန္တိ၊ ဟူသည်ကား။ အလဂ္ဂမာနံ၊ တပ်ခြင်း မရှိသော။ ဟိသစ္စံ၊ မှန်၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ မမရူပံ၊ ငါ၏ရုပ်၊ မမဝေဒနာ၊ ငါ၏ဝေဒနာ။ ဣတိ အာဒိနာ နယေန၊ ဤသို့စသော နည်းဖြင့်။ နာမရူပံ၊ နာမ်ရုပ်ကို။ပဋိဂ္ဂဏှန္တိ၊သိမ်းဆည်းကုန်၏။ တသ္မိံ စ၊ ထိုနာမ်ရုပ် ဝေဒနာ သည်သည်း။ ဘိဇ္ဇမာနေ၊ ပျက်သည်ရှိသော်။ သောစတိ၊ စိုးရိမ်၏။ ဟညတိ၊ ပင်ပန်း၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ နာမရူပသ္မိံ။နာမ်ရုပ်၌။ သဇ္ဇတိနာမ၊ တပ်ငြိ သည်မည်၏။ ဧဝံ၊ဤသို့။ အဂဏှန္တော၊မယူသောပုဂ္ဂိုလ်သည်ကား။ နသဇ္ဇတိနာမ၊ မတပ်ငြိသည်မည်၏။ ဧဝံ၊ဤသို့ အသဇ္ဇမာနံ၊ တပ်ငြိခြင်းမရှိသော။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အကိဉ္စနံ၊ ကြောင့်ကြခြင်း မရှိသော။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဒုက္ခံနာမ၊ဆင်းရဲခြင်းတို့မည်သည်။ နာနုပတန္တိ၊ အစဉ်မလိုက်ကုန်။ ဣတိအတ္ထော၊ ဤကား အနက်ဘည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊များစွာကုန်သောသူတို့သည်။ သောတာပတ္တိဖလာ ဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ရောဟိနိပိ၊ ရောဟိနီသည်လည်း။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌိတာ၊ တည်၏၊ တံခဏညေဝ၊ ထိုခဏ၌သာလျှင်။ အဿ၊ ထိုရောဟိနီ၏။ သရီရံ၊ ကိုယ် သည်။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။ အဟောသိ၊ ဖြစ်၏။

သာ၊ ထိုရောဟိနီသည်။ တတော စုတာ၊ ထိုကိုယ်အဖြစ်မှ စုတေသည် ရှိသော်။ ကာဝတိံသ ဘဝနေ၊ တာဝတိံသာ နတ်ပြည်၌။ စတုန္နံဒေဝ ပုတ္တာနံ၊ နတ်သား လေးယောက်တို့၏။ သီမန္တရေ၊ အပိုင်းအခြား အတွင်း၌၊ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ပါသာဒိကာ၊ ကြည်ညိုဘွယ်ရှိလျက်။ ရူပသောဘဂ္ဂပ္ပတ္တာ၊ အဆင်း၏ တင့်တယ်ခြင်း အထူးသို့ရောက်သည်။ အဟောသိ၊ ဖြစ်၏။ စတ္တာရောပိ ဒေဝပုတ္တာ၊ နတ်သားလေးယောက်တို့သည်လည်း။ တံ၊ ထိုနတ်သမီးကို။ ဒိသွာ၊ မြင်၍။ ဥန္နပ္ပသိနေ့ဟာ၊ ဖြစ်သော ချစ်ခြင်းရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ မမသိ မာယ၊ ငါ့အပိုင်းအခြား၏။ အန္တော၊ အတွင်း၌။ နိဗ္ဗတ္တာ၊ ဖြစ်၏။ ဣတိဝဒန္တာ၊ ဤသို့ဆိုကုန်လျက်။ သက္ကဿဒေဝရညော၊သိကြားနတ်မင်း၏။ သန္တိကံ၊အထံသို့။ ဂန္တွာ၊ သွား၍။ ဒေဝ၊ သိကြားမင်း။ ဣမံ၊ ဤနတ်သမီးကို။ နိဿာယ၊ မှီ၍။ အဇ္ဇ၊ယနေ့။ အမှော၊ တရားတွေ့ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်၏။ တံ၊ထိုတရားကို။

နိစ္စထ၊ ဆုံးဖြတ်တော်မူပါကုန်လော့။ ဣတိအာဟံသု၊ ဤသို့ လျှောက်ကုန်၏။
သက္ကောပိ၊ သိကြားမင်းသည်လည်း။ တံ၊ ထိုနတ်သမီးကို။ ဩလောကေတွာဝ၊
ကြည့်ရှုသာလျှင်။ ဥပ္ပန္နသိနေဟော၊ ဖြစ်သောချစ်ခြင်းသည်။ ဟုတွာ၊ ဖြစ်၍။
ဝေံအာဟ၊ ဤသို့ဆို၏။ ဝေါ၊ သင်တို့အား။ ဣမာယ၊ ဤနတ်သမီးကို။ ဒိဋ္ဌကာလ
တော ပဌာယ၊ မြင်သောကာလမှစ၍။ ကထံ၊ အဘယ်သို့။ စိတ္တာနိ၊ စိတ်တို့သည်။
ဥပ္ပန္နာနိ၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ အထ၊ ထိုအခါ၌။ ဧကော၊
နတ်သားတယောက်သည်။ တာဝ၊ စွာ။ အာဟ၊ လျှောက်၏။ မမ၊ အကျွန်ုပ်၏။
ဥပ္ပန္နစိတ္တံ၊ ဖြစ်သောစိတ်သည်။ သံဂါမေ၊ စစ်မြေအရပ်၌။ ဘေရိဝိယ၊ စည်ကဲ့
သို့။ သန္နိသိဒိတုံ၊ နစ်၍နေဖြစ်ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ဣတိအာဟ၊ ဤ
သို့လျှောက်၏။ ဒုတိယော၊ နှစ်ယောက်မြောက်ဖြစ်သောနတ်သားသည်။ မမစိတ္တံ၊
အကျွန်ုပ်စိတ်သည်။ ပဗ္ဗတနဒီဝိယ၊ တောင်ထက်မှ အဟုန်ပြင်းစွာ ဆင်းသော မြစ်
ရေကဲ့သို့။ သီဃံ၊ လျင်စွာ။ ပဝတ္တတိယေဝ၊ ယိုစီးခြင်းသည်သာလျှင်။ ဇာတံ၊
ဖြစ်၏။ တတိယော၊ သုံးယောက်မြောက်သော နတ်သားသည်။ မမ၊ အကျွန်ုပ်
အား။ ဣမိဿာ၊ ဤနတ်သမီးကို။ ဒိဋ္ဌကာလတော ပဌာယ၊ မြင်သောအခါမှစ၍။
ကက္ကဋဿ၊ ဗုဇွန်၏။ အက္ခီနိဝိယ၊ မျက်စိတို့ကဲ့သို့။ နိက္ခမိံသု၊ ထွက်ကုန်၏။ ဣတိ
အာဟ၊ ဤသို့လျှောက်၏။ စတုတ္ထော၊ လေးယောက်မြောက်ဖြစ်သော နတ်သား
သည်။ မမစိတ္တံ၊ အကျွန်ုပ်စိတ်သည်။ စေတိယေ၊ စေတီ၌။ ဥဿာပိတဓဇောဝိယ၊
စိုက်အပ်သော တမ်းခွန်ကဲ့သို့။ နိစ္စလံ၊ မတုန်မလှုပ်။ ဌာတုံ၊ တည်ခြင်းငှါ။
နာသက္ခိ၊ မတတ်နိုင်။ ဣတိအာဟ၊ ဤသို့လျှောက်၏။ အထ၊ ထိုနောင်မှ။ နေ၊
ထိုနတ်သားတို့ကို။ သက္ကော၊ သိကြားမင်းသည်။ တာတ၊ အချင်းနတ်သားတို့။
တုမှာကံ၊ သင်တို့၏။ တာဝ၊ ရှေးဦးစွာ။ စိတ္တာနိ၊ စိတ်တို့သည်။ ပသယှုရူပါနိ၊
သည်းမခံချိသော သဘောရှိကုန်၏။ အဟံပန၊ ငါသည်ကား။ ဣမံ၊ ဤနတ်သမီး
ကို။ လဘန္တော၊ ရသည်ရှိသော်။ ဇီဝိဿာမိ၊ အသက်ရှင်အံ့။ အလဘန္တဿ၊
မရချေသည်ရှိသော်။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
ဣတိအာဟ၊ ဤသို့ဆို၏။ ဒေဝပုတ္တာ၊ နတ်သားတို့သည်။ မဟာရာဇ၊ မြတ်သော
မင်းကြီး။ တုမှာကံ၊ အရှင်တို့၏။ မရဏေန၊ သေခြင်းဖြင့်။ အတ္ထော၊ အလိုသည်။
နတ္ထိ၊ မရှိသင့်။ ဣတိတသွာ၊ ထိုကြောင့်။ တံ၊ ထိုနတ်သမီးကို။ သက္ကဿ၊ သိကြား
မင်းအား။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ပက္ကမိံသု၊ ဖဲကုန်၏။ သာ၊ ထိုနတ်သမီးကို။
သက္ကဿ၊ သိကြားမင်းသည်။ ပိယာ၊ ချစ်မြတ်နိုးသည်။ မနာပါ၊ နှစ်သိုခြင်းရှိ
သည်။ အဟောသိ၊ ဖြစ်၏။ အသုကကီဠနာမှ၊ ဤမည်သော ကစားခြင်းသို့။
ဂစ္ဆာမ၊ သွားကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့ နတ်သမီးက ဆိုသည်ရှိသော်။ သက္ကော၊

သိကြွားမင်းသည်။ တဿာ၊ ထိုနတ်သမီး၏။ ဝစနံ၊ စကားကို။ ပဋိက္ခိပိတုံ၊ ငြင်းခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။

ပဥ္စမံ၊ သော၊ ရောဟိနိခတ္တိယကညာဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

———●———

## ၁၇-ကောဓဝဂ္ဂ။ ၂ = အညတရဘိက္ခုဝတ္ထု။

(ရောဟိနီဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ အညတရဘိက္ခုဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ယော ဝေ ဥပ္ပတိတံ" စသော ပါဌ်ကို မိန့်သတည်း)။

"ယော ဝေ ဥပ္ပတိတ"န္တိ ဣမံ ဓမ္မဒေသနံ၊ ယော ဝေ ဥပ္ပတိတံ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ စေတိယေ၊ လူတို့ပူဇော်ရာဖြစ်သော။ အဂ္ဂါဠဝေ၊ အဂ္ဂါဠဝမည်သော ဘီလူး သိမ်းဆည်းရာ အရပ်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အညတရံ၊ အမှတ်မရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော် မူ၏။ ဟိ၊ ထိုစကားသင့်စွ။ သတ္ထာရာ၊ မြတ် စွာ ဘု ရား သည်။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ သေနာသနေ၊ ကျောင်းကို။ အနုညာတေ၊ ခွင့်ပြုတော်မူသည်ရှိသော်။ ရာဇဂဟသေဋ္ဌိအာဒီဟိ၊ ရာဇဂြိုဟ်ပြည်၌။ သေဋ္ဌိအာဒီဟိ၊ သေဋ္ဌေး စသော သူတို့သည်။ သေနာသနေသု၊ ကျောင်းတို့ကို။ ကရိယမာနေသု၊ ဆောက်ကုန်သည်ရှိသော်။ ဧကော အာဠဝိကော ဘိက္ခု၊ အာဠဝီတိုင်းသား ရဟန်းတပါးသည်။ အတ္တနော၊ မိမိ၏။ သေနာသနံ၊ ကျောင်းကို။ ကရောန္တော၊ ဆောက်လိုသောကြောင့်။ ဧကံ မနာပရုက္ခံ၊ နှစ်လိုဘွယ်ရှိသော သစ်တပင်ကို။ ဒိသွာ၊ မြင်၍။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ အာရဘိ၊ အားထုတ်၏။ တတ္ထ ပန၊ ထိုသစ်ပင်၌ကား။ နိဗ္ဗတ္တာ၊ ဖြစ်သော။ ဧကာ တရုဏ ဒေဝတာ၊ နတ်သမီးတယောက်သည်။ တရုဏပုတ္တံ၊ သားငယ်ကို။ အင်္ကေန၊ ခါးစောင်ဖြင့်။ အာဒါယ၊ ချီ၍။ ဌိတာ၊ ရပ်လျက်။ ယာစိ၊ တောင်းပန်၏။ သာမိ၊ သခင်ဘုရား။ မေ၊ ငါ၏။ ဝိမာနံ၊ ဗိမာန်ကို။ မာဆိန္ဒိ၊ မဖြတ်ပါလင့်။ ပုတ္တံ၊ သားငယ်ကို။ အာဒါယ၊ ပိုက်၍။ အနာဝါသာ၊ နေရာမရှိဘဲ။ ဝိစရိတုံ၊ နေခြင်းငှါ။ န သက္ခိဿာမိ၊ တပည့်တော်မ မတတ်နိုင်ပါ။ ဣတိယာစိ၊ ဤသို့ တောင်းပန်၏။ သော၊ ထိုရဟန်းသည်။ အယံ၊ ဤသစ်ပင်ကို။ အညတြ၊ ထား၍။

ဣဒံ၊ ဤသို့သဘော်ရှိသော။ ရုက္ခံ၊ သစ်ပင်ကို။ န လဘိဿာမိ၊ မရ။ ဣတိ၊
ဤသို့ဆို၍။တဿာ၊ ထိုနတ်သမီး၏။ ဝစနံ၊ စကားကို။ အနာဒိယိတွာ၊ နားမထောင်
သည် ရှိသော်။ သာ၊ ထိုနတ်သမီးသည်။ တာဝ၊ရှေးဦးစွာ။ ဣမံပိ ဒါရကံ၊ ဤနတ်
သားငယ်ကိုလည်း။ ဩလောကေတွာ၊ ကြည့်၍။ ဩရမိဿတိ၊ ကြဉ်ပါလတ္တံ့။
ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပုတ္တံ၊ သားကို။ ရုက္ခသာခါယ၊ သစ်ခွ အကြား၌။
ထပေသိ၊ ထား၏။ သောပိ ဘိက္ခု၊ ထိုရဟန်းသည်လည်း။ ဥက္ခိပိတံ ပရသုံ၊ မိုးအပ်
သော ပုဆိန်ကို။ သန္ဓာရေတုံ၊ တည်တန့်စေခြင်းငှါ။ အသက္ကောန္တော။
မတတ်နိုင်ခြင်းကြောင့်။ ဒါရကဿ၊ နတ်သူငယ်၏။ ဗာဟုံ၊ လက်ရုံးကို။ ဆိန္ဒိ၊
ဖြတ်မိ၏။ ဒေဝတာ၊ နတ်သမီးသည်။ ဥပ္ပန္နာဗလဝကောဓော၊ အားကြီးစွာသော
အမျက်ရှိခြင်းကြောင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ နံ၊ ထိုရဟန်းကို။ မာရေဿာမိ၊
သတ်အံ့။ ဣတိ၊ ဤသို့။ ဥဘောဟတ္ထေ၊လက်နှစ်ဘက်တို့ကို။ ဥက္ခိပိတွာ၊မြှောက်၍။
တာဝ၊ ရှေးဦးစွာ။ ဧဝံ စိန္တေသိ၊ ဤသို့ကြံ၏။ အယံဘိက္ခု၊ ဤရဟန်းသည်။
သီလဝါ၊ သီလရှိ၏။ အဟံ၊ ငါသည်။ ဣမံ၊ ဤရဟန်းကို။ သစေ မာရေဿာမိ၊
အကယ်၍သတ်အံ့။ နိရယဂါမိနီ၊ ငရဲလားခြင်းရှိသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။
သေသဒေဝတာပိ၊ ကြွင်းသော နတ်တို့သည်လည်း။ အတ္တနော၊ မိမိ၏။ ရုက္ခံ၊
သစ်ပင်ကို။ ဆိန္ဒန္တေ၊ ဖြစ်ကုန်သော။ဘိက္ခူ၊ရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ အသုက
ဒေဝတာယ၊ ဤမည်သော နတ်သမီးသည်။ ဧဝံ နာမ ဘိက္ခု၊ ဤသို့သော ရဟန်းကို။
မာရိတောတိ၊ သတ်၏ဟူ၍။ မံ၊ ငါ့ကို။ ပမာဏံ ကတွာ၊ ပမာဏပြု၍။ ဘိက္ခူ၊
ရဟန်းတို့ကို။ မာရေဿန္တိ၊ သတ်ကုန်လတ္တံ့။ အယဉ္စ ဘိက္ခု၊ ဤရဟန်းသည်လည်း။
သသာမိကော၊ အရှင်ရှိ၏။ သာမိကသောဝ၊အရှင်ဖြစ်သော ဘုရားအားသာလျှင်။
နံ၊ ထိုရဟန်းကို။ ကထေဿာမိ၊ လျှောက်အံ့။ ဣတိ၊ ဤသို့။ ဥက္ခိတ္တဟတ္ထေ၊
မြှောက်သော လက်တို့ကို။ အပနေတွာ၊ ပယ်၍။ ရောဒမာနာ၊ ငိုကြွေးလျက်။
သတ္ထုသန္တိကံ၊ မြတ်စွာဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုးလျက်၊
ဧကမန္တံ၊ တင့်အပ်သော အရပ်၌။အဋ္ဌာသိ၊ ရပ်၏။အထ၊ ထိုအခါ၌။ နံ၊ထိုနတ်သမီး
ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒေဝတေ၊ နတ်သမီး။ ကိံ အဘယ်ကြောင့်
ငိုလျက် ရပ်သနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ သာ၊ ထိုနတ်သမီးသည်။
ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သာဝကေန၊ တပည့်ရဟန်း
သည်။ မေ၊အကျွန်ုပ်အား။ ဣမံ နာမ၊ ဤမည်သောအမှုကို။ ကတံ၊ပြု၏။အဟံပိ၊
အကျွန်ုပ်သည်လည်း။ နံ၊ ထိုရဟန်းကို။ မာရေတုကာမာ၊ သတ်ခြင်းငှါ အလို
ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဣဒံနာမ၊ဤမည်သောအကြောင်းကို။ စိန္တေတွာ၊ကြံ၍။
အမာရေတွာဝ၊ မသတ်မူ၍သာလျှင်။ ဣဓ၊ ဤဘုရားရှိရာ အရပ်သို့။ အာဂတာ၊

ရောက်လာပါ၏။ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံသော။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။အာရောစေသိ၊ ကြားလျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုလျှောက်ချက်စကားကို။ သုတွာ၊ ကြား၍။ ဒေဝတေ၊ နတ်သမီး။ သာဓုသာဓု ၊ကောင်းစွကောင်းစွ။ တေ၊ သင်နတ်သမီး၏။ ကတံ၊ ပြုအပ်သော အမှုသည်။ သာဓု၊ ကောင်းလှပေ၏။ ဧဝံ၊ ဤသို့။ ဥဂ္ဂတကောပံ၊ ထွက်ပြီးသော အမျက်ကို။ ဘန္တံရထံ၊ တုန်လှုပ်သော ရထားကို။ နိဂ္ဂယှ မာနာယ၊ နှိပ်နင်းခြင်းဖြင့်။ သန္တံဝိယ၊ ငြိမ်းခြင်းကဲ့သို့တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၂၂။ ။ဒေဝတေ၊ နတ်သမီး။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝေါစင်စစ်။ ဥပ္ပတိတံ၊ ဖြစ်သော။ ကောဓံ၊ အမျက်ဒေါသကို။ ဘန္တံ၊ တုန်လှုပ်သော။ ရထံ၊ ရထားကို။ ဝါရယေ ဣဝ၊ မြစ်သကဲ့သို့။ ဝါရယေ၊ ဖြစ်ရာ၏။ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အဟံ၊ ငါဘုရားသည်။ သာရထိံ၊ ရထားထိန်းနှင့် တူ၏ ဟူ၍။ ဗြူမိ၊ ဟော၏။ ဣတရော၊ အမျက်ဒေါသကို မြစ်နိုင်သောသူမှ တပါးသော။ ဇနော၊ လူအပေါင်းသည်။ ရသ္မိဂါဟော၊ ရထားကြိုးကို ကိုင်ဆွဲသောသူနှင့် တူသည်။ ဟောတိ၊ ဖြစ်၏၊ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဥပ္ပတိတန္တိ၊ တံ-ဟူသည်ကား။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော။ ရထံဘန္တံဝါတိ- ဘန္တံဝါ ဟူသည်ကား။ ယထာနာမ၊ ဥပမာမည်သည်ကာ။ ဆေကောသာရထိ၊ လိမ္မာသော ရထားထိန်းသည်၊ အတိဝေဂေန၊ အလွန်လျင်စွာ။ ဓာဝန္တံရထံ၊ ပြေးသွားသော ရထားကို။ နိဂ္ဂဏှိတွာ၊ နှိပ်၍။ ယထာဋ္ဌိတံ၊ အလိုရှိတိုင်းသောအရပ်၌။ ထပေတိ ယထာ၊ ထားသကဲ့သို့။ ဧဝံ၊ဤအတူ။ သောပုဂ္ဂလော ထိုပုဂ္ဂိုလ်သည်။ ဥပ္ပန္နံ ကောဓံ၊ ဖြစ်သောအမျက်ကို။ ဝါရယေ၊ မြစ်ခြင်းငှါ။ နိဂ္ဂဏှိတုံ၊ နှိပ်နင်းခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ တမဟန္တိ၊ တမဟံဟူသည်ကား။ တံ၊ ထိုဖြစ်လာသော အမျက်ဒေါသကိုဖျောက်ခြင်းငှါ စွမ်းနိုင်သောသူကို သာရထိ၊ ရထားထိမ်းနှင့်တူ၏ ဟူ၍။ ဗြူမိ၊ ဆို၏။ ဣတရော ဇနောတိ၊ ဇနော ဟူသည်ကား။ ဣတရောပန၊ ဤမှတပါးသော။ ရာဇ ဥပရာဇာဒီနံ၊ မင်း, အိမ်ရှေ့မင်းစသော သူတို့၏။ ရထသာရထိဇနော၊ ရထားထိန်းဖြစ်သောသူသည်။ ရသ္မိဂါဟောနာမ၊ ကြိုးကိုင်နှင့်တူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဥတ္တမသာရထိ၊ မြတ်သော ရထားထိန်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိအတ္ထော၊ ဤကား။ အနက်တည်း။ ဒေသနာဝသာနေ၊ သာသနာတော်အဆုံး၌၊ သာဒေဝတာ၊ ထိုနတ်သမီးသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

သမ္ပတ္တ ပရိသာယပို့ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဒေဝတာပန၊ နတ်သမီးသည်ကား။ သောတာပန္နာဟုတွာပိ၊ သောတာပန် ဖြစ်၍လည်း။ ရောဒမာနာ၊ ငိုမြည်တမ်းလျက်။ အဋ္ဌာသိ၊ တည်၏။ အထ၊ ထို အခါ၌။ နံ၊ ထိုနတ်သမီးကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဒေဝတေ၊ နတ်သမီး။ ကိံ၊ အဘယ်ကြောင့် အငိုမစဲသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ငါ၏။ ဝိမာနံ၊ ဗိမာန်သည်။ နဋ္ဌံ၊ ပျက်စီးခဲ့ပြီ။ ဣဒါနိ၊ ယခု။ ကိံ ရိဿာမိ၊ အဘယ်သို့ ပြုရပါအံ့နည်း။ ဣတိဝုတ္တေ၊ ဤသို့ လျှောက်သည်ရှိသော်။ ဒေဝတေ၊ နတ်သမီး။ အလံ၊ မစိုးရိမ် မကြောင့်ကြလင့်။ မာစိန္တယိ၊ မကြံလင့်။ အဟံ၊ ငါသည်။ တေ၊ သင်အား။ ဝိမာနံ၊ ဗိမာန်ကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဇေတဝနေ ဂန္ဓကုဋိသမီပေ၊ ဇေတဝန်ကျောင်း တော် ဂန္ဓကုဋိ၏အနီး၌။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌။ စုတဒေဝတာ၊ စုတေ ပြီးသော နတ်ရှိသော။ ဧကံရုက္ခံ၊ သစ်တပင်ကို။ အပဒိဿန္တော၊ ညွှန်ပြလျက်။ အမုကသ္မိံ ဩကာသေ၊ ဤအမည်ရှိသော အရပ်၌။ ရုက္ခော၊ သစ်ပင်သည်။ ဝိဝိတ္တော၊ ဆိတ်၏။ တတ္ထ၊ ထိုသစ်ပင်သို့။ ဥပဂစ္ဆ၊ ကပ်လော့။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။ သာ၊ ထိုနတ်သမီးသည်။ တတ္ထ၊ ထိုသစ်ပင်သို့။ ဥပဂစ္ဆိ၊ ကပ်၏။ တတော ပဋ္ဌာယ၊ ထိုနေ့မှစ၍။ ဣမိဿာ၊ ဤနတ်သမီးအား။ ဗုဒ္ဓဒတ္တိယံ၊ ဘုရား သခင်ပေးအပ်သော။ ဝိမာနံ၊ ဗိမာန်ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟေသက္ခ ဒေဝတာပိ၊ တန်ခိုးကြီးကုန်သော နတ်တို့သည်လည်း။ အာဂန္တွာ၊ လာ၍။ တံ၊ ထိုနတ်သမီးကို။ စာလေတုံ၊ လှုပ်စေခြင်းငှါ။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုနတ်သမီးကို။ အတ္ထုပ္ပတ္တိံ ကတွာ၊ အကြောင်းဖြစ်ခြင်း ရှိသည်ကိုပြု၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဘူတဂါမ သိက္ခာပဒံ၊ ဘူတဂါမ် သိက္ခာပုဒ်ကို။ ပညာပေသိ၊ ပညတ်တော်မူ၏။

ဒုတိယံ၊ သော။ အညတရ ဘိက္ခုဝတ္ထု၊သည်။
ဣသိသမတ္တံ၊ ပြီးပြီ။

## ၁၇-ကောဓဝဂ္ဂ။ ၃-ဥတ္တရာဥပါသိကာဝတ္ထု။

(အညတရဘိက္ခုဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထ ဝဏ္ဏနာကို ပြုပြီး၍ ဥတ္တရာဥပါသိကာဝတ္ထု၌ ဟောရာဖြစ်သော

ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည်“အကောဓေန ဇိနေ”စသော ပါဠိကို မိန့်သတည်း)။

“အကောဓေန ဇိနေကောဓံ” န္တိ ဣမံ ဓမ္မဒေသနံ၊ အကောဓေန ဇိနေကောဓံ—စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ဥတ္တရာယ၊ ဥတ္တရာ၏။ ဂေဟေ၊ အိမ်၌။ ကတဘတ္တကိစ္စော၊ ဆွမ်းဘုဉ်းပေးသော ကိစ္စကို ပြုပြီးသော်။ ဥတ္တရံ- ဥတ္တရာအမည်ရှိသော။ ဥပါသိကံ၊ ဒါယိကာမကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တတြ၊ ထိုစကား၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ အနုပုဗ္ဗိကထာ၊ အစဉ်သော စကားတည်း။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သုမနသေဋ္ဌိံ၊ သုမနမည်သော သေဋ္ဌေးကို။ နိဿာယ၊ မှီ၍။ ပုဏ္ဏော နာမ၊ ပုဏ္ဏအမည်ရှိသော။ ဒလိဒ္ဒေါ၊ သူ ဆင်းရဲသည်။ ဘတိံ ကတွာ၊ အခယူ၍။ ဇီဝတိကိရ၊ အသက်မွေးသတတ်။ တဿ၊ ထိုပုဏ္ဏ၏။ ဘရိယာစ၊ မယားသည်၎င်း။ ဥတ္တရာ နာမ၊ ဥတ္တရာ အမည်ရှိသော။ ဓီတာစ၊ သမီးသည်၎င်း။ ဣတိဒွေယေဝ၊ ဤနှစ်ယောက်သော သူတို့သည်သာလျှင်။ ဂေဟမာနုဿိကာနိ၊ အမြဲအိမ်၌နေသော လူတို့တည်း။ အထ၊ ထိုအခါ၌။ ကောဒိဝသံ၊ တနေ့သ၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နက္ခတ္တံ၊ နက္ခတ်သဘင်ကို။ ကီဠိတဗ္ဗန္တိ၊ ကစားအပ်၏ဟူ၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဃောသနံ၊ ကြွေးကြော်ခြင်းကို။ ကရိံသု၊ ပြုကုန်၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သုမနသေဋ္ဌိ၊ သုမနသေဋ္ဌေးသည်။ ပါတောဝ၊ စောစောကလျှင်။ အာဂတံ၊ လာသော။ ပုဏ္ဏံ၊ ပုဏ္ဏကို။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ တာတ၊ ချစ်သား။ အမှာကံ၊ ငါတို့၏။ ပရိဇနော၊ ကျေးကျွန်အပေါင်းသည်။ နက္ခတ္တံ၊ နက္ခတ်သဘင်ကို။ ကီဠိတုကာမော၊ ကစားလို၏။ တွံ၊ သင်သည်။ နက္ခတ္တံ၊ နက္ခတ်သဘင်ကို။ ကီဠိဿသိကိံ၊ ကစားအံ့လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဘတိံ၊ အခယူအမှုကို။ ကရိဿသိကိံ၊ ပြုအံ့လော။ ဣတိအာဟ၊ ဤသို့မေး၏။ သာမိ၊ အရှင်သေဋ္ဌေး။ နက္ခတ္တံနာမ၊ နက္ခတ်သဘင် မည်သည်ကား။ သဓနာနံ၊ ဥစ္စာရှိသောသူတို့အား။ ဟောတိ၊ ဖြစ်၏။ မမ၊ အကျွန်ုပ်၏။ ဂေဟေပန၊ အိမ်၌ကား။ သွေတနာယ၊ နက်ဖြန် ရိက္ခာအကျိုးငှါ။ ယာဂုတဏ္ဍုလံပိ၊ ယာဂုကျိုစရာ ဆန်သည်မျှလည်း။ နတ္ထိ၊ မရှိ။ မေ၊ ငါ့အား၊ နက္ခတ္တေန၊ နက္ခတ်ဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဂေါဏေ၊ နွားတို့ကို။ လဘန္တော၊ ရသည်ရှိသော်။ ကသိတုံ၊ လယ်ထွန်ခြင်းငှါ။ ဂမိဿာမိ၊ သွားအံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဂေါဏေ၊ နွားတို့ကို။ ဂဏှာဟိ၊ ယူလေလော့။ ဣတိအာဟ၊ ဤသို့သေဋ္ဌေးဆို၏။

သော၊ ထိုပုဏ္ဏသည်။ ဗလဝဂေါဏေ၊ အားရှိသော နွားတို့ကိုရင်း။နင်္ဂလဥ္စ၊ ထွန်
ကိုရင်း။ ဂဟေတွာ၊ယူ၍။ ဘဒ္ဒေ၊နှမ ဥတ္တရာ၏မိခင်။ နာဂရာ၊ ပြည်သူတို့သည်။
နက္ခတ္တံ၊ နက္ခတ်သဘင်ကို။ ကီဠန္တိ၊ ကစားကုန်၏။ အဟံ၊ငါသည်။ဒလိဒ္ဒတာယ၊
ဆင်းရဲခြင်းကြောင့်။ ဘတိကာတုံ၊ အခစားပြုခြင်းငှါ၊ ဂမိဿာမိ၊ သွားအံ့။
တွတိ၊ဤသို့။ မယှံပိ၊ ငါ့အားလည်း။ တာဝ၊ ရှေးဦးစွာ။ ဒဝိုယနေ၊ ဒွိဂုဏ
နှစ်ဆတက်သော၊ နိဝါပံ၊ ရိက္ခာကို။ ပစိတွာ၊ ချက်၍။ ဘတ္တံ၊ ထမင်းကို။
အာဟရေယျာသိ၊ ဆောင်ခဲ့လော့၊ တွတိ၊ ဤသို့ ဆိုလျက်၊ ဘရိယံ၊ မယားကို။
ဝတွာ၊ မှာပြီး၍။ ခေတ္တံ၊ လယ်တောသို့။ အဂမာသိ၊ သွား၏။

သာရိပုတ္တတ္ထေရောပိ၊ သာရိပုတ္တရာမထေရ်သည်လည်း။ သတ္တာဟံ၊ ခုနစ်ရက်
တိုင်တိုင်။ နိရောဓသမာပန္နော၊ နိရောဓသမာပတ်ကို ဝင်စားပြီးသော်၊ တံဒိဝသံ၊
ထိုနေ့၌။ ဝုဋ္ဌာယ၊ထ၍။ ကဿနုခေါ၊ အဘယ်သူအား။ အဇ္ဇ၊ ယနေ့။ မယာ၊
ငါသည်။ သင်္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သနည်း။
တွတိသြလောကေန္တော၊ ဤသို့ ကြည့်သည်ရှိသော်။ အတ္တနော၊မိမိ၏။ ဉာဏဇာ
လဿ၊ ဉာဏ်တည်းဟူသော ကွန်ရက်၏။ အန္တော၊ အတွင်းသို့။ ပဝိဋ္ဌံ၊ ဝင်သော။
ပုဏ္ဏံ၊ ပုဏ္ဏကို။ ဒိသွာ၊မြင်၍။ သော၊ ဤပုဏ္ဏသည်။ သဒ္ဓေါနုခေါ၊ သဒ္ဓါတရား
ရှိပါအံ့လော။ တွတိဝါ၊ ဤသို့ရင်း။ မေ၊ ငါ၏။ သင်္ဂဟံ၊ ချီးမြှင့်ခြင်းကို။
ကာတုံသက္ခိဿတိနုခေါ၊ တတ်နိုင်အံ့လော။ တွတိသြလောကေန္တော၊ ဤသို့ကြည့်
သည်ရှိသော်။ တဿ၊ ထိုပုဏ္ဏ၏။ သဒ္ဓဘာဝဥ္စ၊ သဒ္ဓါတရားရှိသည်၏ အဖြစ်ကို
ရင်း။ သင်္ဂဟံကာတုံ၊ ချီးမြှင့်ခြင်းကိုပြုခြင်းငှါ၊ သမတ္ထဘာဝဥ္စ၊ စွမ်းနိုင်သည်၏
အဖြစ်ကိုရင်း။ တပ္ပစ္စယာဝ၊ ထိုသင်္ဂဟဟူသောအကြောင်းကြောင့်လျှင်။ အဿ၊
ထိုပုဏ္ဏ၏။ မဟာသမ္ပတ္တိ၊ များစွာသော စည်းစိမ်ချမ်းသာကို။ ပဋိလာဘဥ္စ၊ ရအံ့
သည်ကိုရင်း။ ဉတွာ၊ သိ၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။
တဿ၊ ထိုပုဏ္ဏ၏။ ကသိတဋ္ဌာနံ၊ လယ်ထွန်ရာအရပ်သို့။ ဂန္တွာ၊ သွား၍။
အာဝါဋတီရေ၊ ရေတွင်းနား၌။ ဂေါ်ဂုမ္ဗံ၊ ချုံတခုကို။သြလောကေန္တော၊ ကြည့်
လျက်။ အဋ္ဌာသိ၊ ရပ်၏။ ပုဏ္ဏော၊ ပုဏ္ဏသည်။ ထေရံ၊ ရှင်သာရိပုတ္တရာကို။
ဒိသွာဝ၊ မြင်၍သာလျှင်။ ကသိံ၊ လယ်ထွန်ခြင်း။ ထပေတွာ၊ ထား၍။
ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသောတည်ခြင်းဖြင့်။ ထေရံ၊ရှင်သာရိပုတ္တရာကို။ ဝန္ဒိတွာ၊
ရှိခိုး၍။ ဒန္တကဋ္ဌေန၊ ဒန်ပူဖြင့်။ အတ္ထော၊ အလိုရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
တွတိ၊ဤသို့ နှလုံးသွင်းလျက်။ ဒန္တကဋ္ဌံ၊ ဒန်ပူကို၊ ကပ္ပိယံကတွာ၊အပ်သည်ကို ပြု၍။
အဒါသိ၊ပေးလှူ၏။ အထ၊ထိုအခါ၌။အဿ၊ထိုပုဏ္ဏအား။ ထေရော၊မထေရ်သည်။
ပတ္တဉ္စ၊သပိတ်ကိုရင်း။ ပရိဿာဝနဉ္စ၊ ရေစစ်ကိုရင်း။ နီဟရိတွာ၊ ထုတ်၍။ အဒါသိ၊

ပေး၏။ သော၊ ထိုပုဏ္ဏသည်။ ပါနီယေန၊ ရေဖြင့်။ အတ္ထော၊ အလိုရှိသည်။ ဘဝိဿတိတိ၊ ဖြစ်လတ္တံ့ဟု။ တံ၊ ထိုသပိတ်ကို။ အာဒါယ၊ ယူ၍။ ပါနီယံ၊သောက်ရေကို။ ပရိဿာဝေတွာ၊ စစ်၍။ အဒါသိ၊ လှူ၏။

ထေရော၊ မထေရ်သည်။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤသူသည်။ ပရေသံ၊ သူတပါးတို့၏။ ပစ္ဆိမဂေဟေ၊ အိမ်နောက်၌။ ဝသတိ၊ နေ၏။ အဿ၊ ထိုသူ၏။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ သစေဂမိဿာမိ၊ အကယ်၍ သွားအံ့။ ဣမဿ၊ ဤသူ၏။ ဘရိယာ၊ မယားသည်။ မံ၊ ငါ့ကို။ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှါ၊ နလဘိဿတိ၊ မရလတ္တံ့။ ယာဝ၊ အကြင်မျှလောက်။ အဿာ၊ ထိုသူဆင်းရဲမအား။ ဘတ္တံ၊ ထမင်းကို။ အာဒါယ၊ ယူ၍။ မဂ္ဂံ၊ ခရီးကို။ ပဋိပဇ္ဇိ၊ သွား၏။ တာဝ၊ ထို၍လောက်။ ဣဓေဝ၊ ဤအရပ်၌သာလျှင်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ သော၊ ထိုရှင်သာရိပုတ္တရာသည်။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ထောကံ၊ အတန်ငယ်။ဝီတိနာမေတွာ၊ လွန်စေ၍။ တဿာ၊ ထိုသူ ဆင်းရဲမ၏။ မဂ္ဂါရုဠ္ဟဘာဝံ၊ ခရီးသွားသည်၏အဖြစ်ကို။ ဉတွာ၊သိ၍။ အန္တောနဂရာဘိမုခေါ၊ ရှေးရှု။ ပါယာသိ၊ သွား၏။ သာ၊ ထိုသူဆင်းရဲမသည်။ အန္တရာမဂ္ဂေ၊ ၌။ ထေရံ၊ ရှင်သာရိပုတ္တရာကို။ ဒိသွာ၊ မြင်၍။ စိန္တေသိ၊ကြံ၏။ အပိ၊ စင်စစ်။ ဧကဒါ၊ တရံတခါ။ အဟံ၊ ငါသည်။ ဒေယျဓမ္မေ၊ လှူဘွယ်ဝတ္ထုသည်။ သတိ၊ ရှိလျက်။ အယျံ၊ အရှင်ဘုရားကို။ နပဿတိ၊ မမြင်။ အပိ၊ စင်စစ်။ ဧကဒါ၊တရံတခါ။ မေ၊ ငါသည်။ အယျံ၊ အရှင်ဘုရားကို။ ပဿာမိ၊ မြင်၏။ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုသည်။ နဟောတိ၊ ရှိသည်မဖြစ်။ အဇ္ဇပန၊ ယနေ့မူကား။မေ၊ငါ၏။ အယျောစ၊ ရှင်သာရိပုတ္တရာကိုလည်း။ ဒိဋ္ဌော၊ မြင်ရ၏။ အယံ၌ ဒေယျ ဓမ္မော၊ ဤလှူဘွယ် ဝတ္ထုသည်လည်း။ အတ္ထိ၊ရှိ၏။ မေ၊ ငါ့အား။ သင်္ဂဟံ၊ချီးမြှင့်ခြင်းကို။ ကရိဿတိနုခေါ၊ ပြုပါအံ့လော။ ဣတိ၊ ဤသို့။ သာ၊ ထိုသူဆင်းရဲမ သည်။ ဘတ္တဘာဇနံ၊ ထမင်းခွက်ကို။ဩရောပေတွာ၊ ချ၍။ ထေရံ၊မထေရ်ကို။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤဆွမ်းကို။ လူခံဝါတိ၊ ခေါင်းပါး၏ ဟူ၍၎င်း။ ပဏီတံဝါတိ၊ မွန်မြတ်၏ ဟူ၍၎င်း။ အစိန္တေတွာ၊ မကြံမူ၍။ ဝေါ၊ အရှင်ဘုရားတို့၏။ ဒါသဿ[illegible]ကျွန်တပည့်ဖြစ်သော ငါ့ပုဏ္ဏအား။ သင်္ဂဟံ၊ ထောက်ပံ့ခြင်းကို။ ကရောထ၊ပြုတော်မူဗုဒ္ဓါကုန်လော့။ ဣတိအာဟ၊ ဤသို့လျှောက်၏။ ထေရော၊ မထေရ်သည်။ ပတ္တံ၊ သပိတ်ကို။ ဥပနာမေတွာ၊ ညွတ်၍ ခံသည်ရှိသော်။ တာယ၊ ထိုသူ ဆင်းရဲမ၏။ ဧကေနဟတ္ထေန၊ လက်တဘက်ဖြင့်။ တတော၊ ထိုထမင်းခွက်မှ။ ဘတ္တံ၊ ဆွမ်းကို။

ဒဒမာနာယ၊ ယူ၍လှူသည်ရှိသော်။ ဥပစုဘာတ္တေ၊ ထက်ဝက်သော ဆွမ်းကို။ ဒိန္နေ၊ လှူသည်ရှိသော်။ အလန္တ၊ တန်ပြီဟူ၍။ ဟတ္ထေန၊ လက်ဖြင့်။ ပတ္တံ၊ သပိတ်ကို။ ပိဓဟိ၊ ပိတ်၏။ သာ၊ ထိုသူဆင်းရဲမသည်။ ဘန္တေ၊ အရှင်ဘုရား။ ကောဝပဋ္ဋိဝိသော၊ တခုသောအဘို့ရှိသော တယောက်စာကို။ ဒွိဓာကာတုံ၊ နှစ်ခုပြုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ တုမှာကံ၊ အရှင်တို့၏။ ဒါသဿ၊ ကျွန်တပည့်ဖြစ်သောပုဏ္ဏအား။ ဣဓလောကသင်္ဂဟံ၊ ဤပစ္စုပ္ပန်လောကဌ်ဖြစ်သော သင်္ဂြိုဟ်ခြင်းကို။ အကတွာ၊ မပြုမူ၍။ ပရလောကသင်္ဂဟံ၊ တမလွန်သောကဌ် ဖြစ်သော သင်္ဂြိုဟ်ခြင်းကို။ ကရောထ၊ ပြုပါကုန်လော။ နိရဝသေသမေဝ၊ အကြွင်းမရှိသည်သာလျှင်။ ဒါတုကာမာ၊ လှူလိုသည်။ အမှိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့လျှောက်၍။ သဗ္ဗမေဝ၊ အလုံးစုံသော ဆွမ်းကိုသာလျှင်။ ထေရဿ၊ ရှင်သာရိပုတ္တရာ၏။ ပတ္တေ၊ သပိတ်၌။ ပတိဋ္ဌပေတွာ၊ ထည့်ပြီး၍။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မသော၊ မြင်အပ်သောတရား၏သာလျှင်။ ဘာဂီ၊ အဘို့ရှိသည်။ အဿံ၊ ဖြစ်ရလို၏။ ဣတိပတ္တနံ၊ ဤသို့ ဆုတောင်းခြင်းကို။ အကာသိ၊ ၏။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ ဧဝံ၊ ဤသို့တောင်းသည်ဆုအတိုင်း။ ဟောတု၊ ဖြစ်စေလော့။ ဣတိဝတွာ၊ ဤသို့ မိန့်ပြီး၍။ ဌိတကောဝ၊ ရပ်လျက်သာလျှင်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရိတွာ၊ ပြုပြီး၍။ ကေသိုဥဒကဖါသုကဋ္ဌာနေ၊ တခုသောရေရှိ၍ ချမ်းသာသော အရပ်၌။ နိသီဒိတွာ၊ နေပြီး၍။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ အကာသိ၊ ပြု၏။

သာပိ၊ ထိုသူဆင်းရဲမသည်လည်း။ နိဝတ္တိတွာ၊ အိမ်သို့ပြန်လည်၍။ တဏ္ဍုလေ၊ ဆန်တို့ကို။ ဂဝေသိတွာ၊ ရှာ၍။ ဘတ္တံ၊ ထမင်းကို။ ပစိ၊ ချက်၏။ ပုဏ္ဏောပိ၊ ပုဏ္ဏသည်လည်း။ အဍ္ဍကရီသမတ္တံ၊ ရှစ်မင်းပယ်မျှလောက်သောအရပ်ကို။ ကသိတွာ၊ ထွန်ပြီး၍။ ဇိဃစ္ဆံ၊ မွတ်သိပ်ဆာလောင်ခြင်းကို။ သဟိတုံ၊ သည်းခံခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ဂေါဏေ၊ နွားတို့ကို။ ဝိဿဇ္ဇေတွာ၊ လွှတ်၍။ ဧကရုက္ခစ္ဆာယံ၊ တခုသောသစ်ပင်ရိပ်၌။ ပဝိသိတွာ၊ ဝင်၍။ မဂ္ဂံ၊ လမ်းကို။ ဩလောကေန္တော၊ မျှော်လျက်။ နိသီဒိ၊ နေ၏။ ထိုအခါ၌။ အဿ၊ ထိုသူဆင်းရဲ၏။ ဘရိယာ၊ မယားသည်။ ဘတ္တံ၊ ထမင်းကို။ အာဒါယ၊ ယူ၍။ ဂစ္ဆမာနာ၊ သွားသည်ရှိသော်။ တံ၊ ထိုငါ့ပုဏ္ဏကို။ ဒိသွာ၊ မြင်၍သာလျှင်။ သေ၊ ဣါဘူသည်။ ဇိဃစ္ဆာယ၊ မွတ်သိပ်ခြင်းဖြင့်။ ပိဠိတော၊ နှိပ်စက်ခြင်းကြောင့်။ မဂ္ဂံ၊ လမ်းကို ဩလောကေန္တော၊ ကြည့်လျက်။ နိသိန္နော၊ နေဟန်ရှိ၏။ မံ၊ ငါ့ကို အတိဝိယ၊ အလွန်လျှင်။ စိရာယိကန္တိ၊ ကြာမြင့်၏ဟု။ တဇ္ဇေတွာ၊ ခြိမ်းခြောက်၍။ ပတောဒလဋ္ဌိယာ၊ နှင်တံဖြင့်။ သစေပဟရိဿတိ၊ အကယ်၍ ပုတ်ခတ်သည်ဖြစ်အံ့။ မယာ၊

ငါသည်။ ကတကမ္မံ၊ ပြုအပ်သော ကောင်းမှုသည်။ နိရတ္ထကံ၊ အကျိုးမရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဿ၊ ထိုခင်ပွန်းသည်အား။ ပဋိကစ္စေဝ၊ ရှေးဦးစွာ မှဆွကလျှင်။ အာရောစေဿာမိ၊ ကြားအံ့။ ဣဘိစိန္တေတွာ၊ ဤသို့ကြံ၍။ ဝေ အာဟ၊ ဤသို့စိတ်မဆိုးပါလင့်ဟုဆို၏။ သာမိ၊ အမောင်။ အဇ္ဇကေဒိဝသံ၊ ယနေ့ တရက်၌။ စိတ္တံ၊ စိတ်ကို။ သောဒေဟိ၊ ကြည်ဖြူပါလော့။ မယာ၊ ငါသည်။ ကတ ကမ္မံ၊ ပြုအပ်သောကောင်းမှုကို၊ နိရတ္ထကံ၊ အကျိုးမဲ့။ မာကရိ၊ မပြုလင့်။ ဟိ၊ ထိုစကားသင့်စွ။ အဟံ၊ ငါသည်။ ပါတောဝ၊ စောစောကလျှင်။ ယတ္တံ၊ မောင် မင်းဘို့ထမင်းကို။ အာဟရန္တီ၊ ဆောင်ခဲ့သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား ၌။ ဓမ္မ သေနာပတိံ၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာကို။ ဒိသွာ၊ မြင်၍။ တံဘတ္တံ၊ ထိုမောင်မင်းစားစရာထမင်းကို။ တဿ၊ ထိုရှင်သာရိပုတ္တရာအား။ ဒတွာ၊ လှူ၍။ ပုန၊ တဘန်။ ဂန္တွာ၊ အိမ်သို့ပြန်၍။ ဘတ္တံ၊ ထမင်းကို။ ပစိတွာ၊ ချက်ပြီး၍။ အာဂတာ၊ လာ၏။ သာမိ၊ သခင်သား။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ ကြည်ဖြူပါစေလော့။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ သော၊ ထိုငါ့ပုဏ်သူဆင်းရဲ သည်။ ဘဒ္ဒေ၊ အိမ်ရှင်။ ကိံ ဝဒေသိ၊ အသို့ဆိုသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး သောကြောင့်။ ပုန၊ တတန်။ တမတ္ထံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ ဘဒ္ဒေ၊ နှမ။ တေ၊ သင်သည်။ မမဘတ္တံ၊ ငါစားစရာထမင်းကို။ အယျဿ၊ ရှင်သာရိပုတ္တရာ အား။ ဒေမာနာယ၊ စေတနာသုံးတန်ပြတ်၍ လှူခြင်းကို။ ကတံ၊ ပြုခြင်းသည်။ သာဓုဝတ၊ ကောင်းစွတကား။ မယာပိ၊ ငါသည်လည်း။ အဇ္ဇ၊ ယနေ့၊ အဿ၊ ထိုရှင်သာရိပုတ္တရာအား။ ပါတောဝ၊ စောစောကလျှင်။ ဒန္တကဋ္ဌ၊ ဒန်ပူကိုရင်း။ မုခေါဒကဉ္စ၊ မျက်နှာသစ်ရေကိုရင်း။ ဒိန္နံ၊ လှူရပြီ၊ ဣတိပသန္နမာနသော၊ ဤသို့ ကြည်ညိုသော စိတ်ရှိသောအားဖြင့်။ တံဝစနံ၊ ထိုစကားကို။ အဘိနန္ဒိ၊ အလွန် နှစ်သက်၏။ ဥဿုရေ၊ နေမြင့်သော့အခါ၌။ လဒ္ဓဘတ္တတာယ၊ ရအပ်သောထမင်း စားရခြင်းရှိသည်၏အဖြစ်ကြောင့်။ ကိလန္တကာယော၊ ပင်ပန်းသောကိုယ်ရှိသော သူဆင်းရဲငါ့ပုဏ်သည်။ တဿာ၊ ထိုမယား၏။ အင်္ကေ၊ ရင်ခွင်၌။ သီသံကတွာ၊ ခေါင်းအုံး၍။ နိဒ္ဒံ၊ အိပ်ပျော်ခြင်းသို့။ ဩက္ကမိ၊ ရောက်၏။

အထ၊ ထိုအခါ၌။ အဿ၊ ထိုငါ့ပုဏ်သူဆင်းရဲ၏။ ပါတောဝ၊ စောစောက လျှင်။ ပံသုစုဏ္ဏံ၊ မြေမှုန့်ကို။ ဥပါဒါယ၊ အစပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ ရတ္တ သုဝဏ္ဏံ၊ ရွှေနီဖလံ အဆင်းရှိသော။ ကသိတဋ္ဌာနံ၊ လယ်ထွန်ရာအရပ်သည်။ ကဏ္ဏိ ကာရပုပ္ဖရာသိဝိယ၊ မှဟာလှေကား ပန်းပွင့်ကဲ့သို့။ သောဘမာနံ၊ တင့်တယ်လျက်။ အဋ္ဌာသိ၊ တည်၏။ သော၊ ထိုသူဆင်းရဲငါ့ပုဏ်သည်။ ပဗုဒ္ဓေါ၊ နိုးလတ်သော်။ ဩလောကေတွာ၊ ကြည့်၍။ ဘရိယံ၊ မယားကို။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှမ။

သဗ္ဗံ၊ အလုံးစုံသော။ မမ၊ ၏။ ကေါကာသိတဋ္ဌာနံ၊ တခုသောလယ်ထွန်ရာအရပ်သည်။ သုဝဏ္ဏံဟုတွာ၊ ရွှေကဲ့သို့ဖြစ်၍။ ပညာယတိတိ၊ ထင်၏ဟု။ အတိဥဿုဧရ၊ အလွန်နေမြင့်သောကာလ၌။ လဒ္ဓဘတ္တတာယ၊ ရအပ်သော ထမင်းစားရခြင်းရှိသည်၏ အဖြစ်ကြောင့်။ မေ၊ ငါ၏၊ အဂ္ဂိနိ၊ မျက်စိတို့သည်။ ဘမန္တိကဲ နူခေါ်၊ လည်လေကုန်သလော။ ဣတိအာဟ၊ ဤသို့ဆို၏။ သာပိ၊ ထိုမယားသည်လည်း။ မယှံပိ၊ အကျွန်ုပ်အားလည်း။ ဧဝမေဝ၊ ဤအတူလျှင်။ ပညာယတိ၊ ထင်၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုပုဏ္ဏသည်။ ဥဋ္ဌာယ၊ ထ၍။ တတ္ထ၊ ထိုလယ်ထွန်ရာသို့။ ဂန္တွာ၊ ၍။ ကေပိဏ္ဍံ၊ မြေဆိုင်တခုကို။ ဂဟေတွာ၊ ယူ၍။ နင်္ဂလသီသေ၊ ထွန်တုံးစွန်း၌။ ပဟရိတွာ၊ ခတ်၍။ သုဝဏ္ဏဘာဝံ၊ ရွှေ၏အဖြစ်ကို။ ဉတွာ၊ သိ၍။ အဟော ဩဘာသ် အံ့ဘွယ်ရှိလှပေ၏။ အယျဿ မဟာသေနာပတိဿ၊ ရှင်သာရိပုတ္တရာအား။ ဒိန္နဒါနေန၊ ပေးအပ်သောအလှူကြောင့်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ဝိပါကော၊ အကျိုးကို။ ဒဿိတော၊ မြင်ရ၏။ တွက်ကံ ခန်း။ ဤမျှလောက်သော ဥစ္စာကို။ ပဋိစ္ဆာဒေတွာ၊ ပြည့်ရှင်မင်းအား မသိအောင်ဖုံးလွှမ်း၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင် ခံစားခြင်းငှါ။ နခေါပနသက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့ဆိုလျှက်။ ဘရိယာယ၊ မယားသည်။ အာဘတံ၊ ရွက်ဆောင်ခဲ့သော။ ဘတ္တပါတိံ၊ ထမင်းခွက်ကို။ သုဝဏ္ဏဿ၊ ရွှေဖြင့်၊ ပူရေတွာ၊ ပြည့်စေ၍ ရာဇကုလံ၊ မင်းအိမ်သို့။ ဂန္တွာ၊ သွား၍။ ရညော၊ မင်းအား။ ကတောကာသော၊ အခွင့်တောင်း၍ပြုသည်ရှိသော်။ ပဝိသိတွာ၊ ဝင်၍။ ရာဇနံ၊ မင်းကြီးကို။ အဘိဝါဒေတွာ၊ ရှိခိုးခြင်းကြောင့်။ တာတ၊ အမောင်တို့။ ကိံ ၊ အဘယ်ကြောင့်လာသနည်း။ ဣတိဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ ဒေဝ၊ အရှင်မင်းကြီး။ အဇ္ဇ၊ ယနေ့။ သဗ္ဗံ၊ အလုံးစုံသော။ မယာ၊ ကျွန်တော်သည်။ ကသိတဋ္ဌာနံ၊ လယ်ထွန်ရာအရပ်သည်။ သုဝဏ္ဏဘရိတ မေဝ၊ ရွှေဖြင့်ပြည့်သည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ဋ္ဌိတံ၊ တည်၏။ ဣဒံ သုဝဏ္ဏံ၊ ဤရွှေကို။ အာဟရာပေတုံ၊ ဆောင်စေခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ သံတော်ဦး တင်သည်ရှိသော်။ တွံ၊ သင်သည်။ ကောသိ၊ အသူဖြစ်သနည်း။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ အဟံ၊ ကျွန်တော်သည်။ ပုဏ္ဏောနာမ၊ ပုဏ္ဏမည်သူဖြစ်ပါ ၏။ ဣတိ၊ ဤသို့တင်၏။ တော၊ သင်သည်။ အဇ္ဇ၊ ယနေ့။ ကိံ ပနကတံ၊ အဘယ် ကောင်းမှုကို ပြုသနည်း။ ဣတိဝုတ္တေ၊ ဤသို့မေးသည်ရှိသော်။ အဇ္ဇ၊ ယနေ့။ မေ၊ ကျွန်တော်သည်။ ပါတောဝ၊ စောစောကလျှင်။ ဓမ္မသေနာပတိဿ၊ ရှင်သာရိ ပုတ္တရာအား။ ဒန္တကဋ္ဌဉ္စ၊ ဒန်ပူကိုရင်း။ မုခေါဒကဉ္စ၊ မျက်နှာသစ်ရေကိုရင်း။ ဒိန္နံ၊ လှူရ၏။ မယှံ၊ ကျွန်တော်၏။ ဘရိယာပိ၊ မယားသည်လည်း။ အာဟရဏ ဘတ္တံ၊ အာဟာရအလို့ငှါ ဆောင်သော ထမင်းကို။ တဿေဝ၊ ထိုရှင်သာရိပုတ္တရာ

အားသာလျှင်။ ဒိန္နံ၊ လှူရ၏။ ဣတိဝုတ္တေ၊ ဤသို့တင်သည်ရှိသော်။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ရာဇာ၊ မင်းသည်။ ဘော၊ အချင်းတို့။ အဇ္ဇဝ၊ ယနေ့ပင်လျှင်။ ဓမ္မသေနာပတိဿ၊ ရှင်သာရိပုတ္တရာအား။ ဒိန္နဒါနေန၊ ပေးအပ်သောအလှူကြောင့်။ ဝိပါကော၊ အကျိုးကို။ ဒဿိတောကိရ၊ မြင်သတတ်။ ဣတိဝတွာ၊ ဤသို့မိန့်၍။ တာတာ၊ ချစ်သားတို့။ ကိံ ကရောမိ၊ အသို့ပြုရအံ့နည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ ဗဟူနိသကဋသဟဿာနိ၊ များစွာကုန်သော လှည်းအထောင်တို့ကို"ပဟိဏိတွာ၊ စေလွှတ်၍။ သုဝဏ္ဏံ၊ ရွှေကို။ အာဟာရာပေထ၊ ဆောင်တော်မူပါစေကုန်လော့။ ဣတိ အဝေါစ၊ ဤသို့ လျှောက်၏။ ရာဇာ၊ မင်းသည်။ သကဋာနိ၊ လှည်းသမားတို့ကို။ ပဟိဏိ၊ စေ၏။

ရာဇပုရိသေသု၊ မင်းချင်း ယောကျ်ားတို့သည်။ ရညောသန္တကန္တိ၊ မင်း၏ဥစ္စာဟူ၍။ ဂဏှန္တေသု၊ ယူကုန်သည်ရှိသော်။ ဂဟိတဂဟိတံ၊ ယူတိုင်း ယူတိုင်းသော ဝတ္ထုသည်။ မတ္တိကာဝ၊ မြေစိုင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တေဟိ၊ ထိုမင်းလုလင်တို့သည်။ ဂန္တွာ၊ သွား၍။ ရညော၊ မင်းအား။ အာရောစိတေ၊ ကြားသည်ရှိသော်။ တုမှေဟိ၊ သင်တို့သည်။ ကိန္တိဝတွာ၊ အဘယ်သို့ဆို၍။ ဂဟိတံ၊ ယူသနည်း။ ဣတိပုဋ္ဌာ၊ ဤသို့မေးအပ်ကုန်သည်ရှိသော်။ တုမှာကံ သန္တကံ၊ ရှင်မင်းကြီးဥစ္စာ။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆို၍ယူကုန်၏။ တာတာ၊ အမောင်တို့။ ကုတော၊ အဘယ်မှာ။ လဒ္ဓိဿာမိ၊ ရအံ့နည်း။ ဣတိ၊ ဤသို့ဆိုလျက်။ ဂစ္ဆထ၊ သွားလေကုန်။ ပုဏ္ဏသန္တကံ၊ ပုဏ္ဏ၏ဥစ္စာ။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဂဏှထ၊ ယူလေကုန်လော့။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ တေ၊ ထိုလုလင်တို့သည်။ တထာ၊ ထိုမင်းကြီးဆိုတိုင်း။ ကရိံသု၊ ပြုကုန်၏။ ဂဟိတံဂဟိတံ၊ ယူတိုင်း ယူတိုင်းသော ဝတ္ထုသည်။ သုဝဏ္ဏမေဝ၊ ရွှေသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ သဗ္ဗံပိ၊ အလုံးစုံကိုလည်း။ အာဟရိတွာ၊ ဆောင်၍။ ရာဇင်္ဂဏေ၊ မင်းယင်ပြင်၌။ ရာသိံ၊ အစုကို။ အကံသု၊ ပြုကုန်၏။ အသီတိဟတ္ထုဗ္ဗေဓော၊ အတောင်ရှစ်ဆယ်မြင့်သော။ ရာသိ၊ အစုသည်။ အဟောသိ၊ ဖြစ်၏။ ရာဇာ၊ မင်းသည်။ နဂရေ၊ ပြည်သူတို့ကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဣမသ္မိံ နဂရေ၊ ဤမြို့ပြည်၌။ ကဿစိ၊ တစုံတယောက်သောသူအား။ ဧတ္တကံ သုဝဏ္ဏံ၊ ဤမျှလောက်သောရွှေသည်။ အတ္ထိ၊ ရှိ၏လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ မင်းကြီး။ နတ္ထိ၊ မရှိပါ။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ ပန၊ ထိုသို့မရှိသော်။ အဿ၊ ထိုသူအား။ ကိံ၊ အဘယ်အရာထူးကို။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်မည်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ ရှင်မင်းကြီး။ သေဋ္ဌိဆတ္တံ၊ သေဌေးတို့၏ ထီးကို။ ဒါတုံ၊ ပေးခြင်းငှါသင့်၏။ ဣတိအာဟ၊ ဤသို့လျှောက်၏။ ရာဇာ၊ မင်းသည်။ ဗဟုဓနသေဋ္ဌိနာမ၊ ဗဟုဓန

အမည်ရှိသော သေဋ္ဌေးမည်သည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ မဟာဓနေန ဘောဂေန၊ များစွာသော စည်းစိမ်နှင့်။ သဒ္ဓိံ၊ တကွ။ တဿ၊ ထိုပုဏ္ဏားအား။ သေဋ္ဌိဆတ္တံ၊ သေဋ္ဌေးထီးကို။ အဒါသိ၊ ပေးတော်မူ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမင်းကြီးကို။ သော၊ ထိုဗဟုဓနသေဋ္ဌေးသည်။ အာဟ၊ ဆို၏။ ဒေဝ၊ အရှင်မင်းကြီး။ မယံ၊ ကျွန်တော်တို့သည်။ တွေကံကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ပရကုလေ၊ သူတပါးအိမ်၌။ ဝသိမ္ဟာ၊ နေရကုန်၏။ နော၊အကျွန်ုပ်တို့၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ ဒေထ၊ ကယ်မသနားတော်မူပါလော့၊ ဣတိအာဟ၊ ဤသို့ လျှောက်၏။တေနဟိ၊ထိုသို့ဆိုတပြီးကား။သေဂုမ္ဗေ ပညာ ယတိ၊ဤချုံသည် ထင်၏မပဿ၊ကြည့်လော့၊ တံ ဤချုံကို။ ဟရာပေတွာ၊ ခုတ်ညှိစေ၍။ ဂေဟံ၊ အိမ်ကို။ကာရေဟိ၊ဆောက်လေလော့။ ဣတိ ဤသို့။ ပုရာဏသေဋ္ဌိဿ၊ရှေးဖြစ်သော သေဋ္ဌေး၏။ ဂေဟဋ္ဌာနံ၊ အိမ်ရာအရပ်ကို။အာစိက္ခိ၊ကြား၏။သော၊ ထိုပုဏ္ဏသေဋ္ဌေးသည်။ တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ကတိပါဟေနေဝ၊ နှစ်ရက် သုံးရက် ဖြင့်လျှင်။ ဝတ္ထုံ၊ အိမ်ရာကို။ သောဓာပေတွာ၊ သုတ်သင်စေ၍။ ဧကေန၊ တလုံးသော အိုးဖြင့်။ ဃဋ္ဋ အိုးတလုံးကို။ ပဋိဟညိ၊ ထိလျက်။ နိခိကုမ္ဘံ၊ မြှုပ်ထားသော ရွှေအိုးသည်။ အတ္ထိ၊ရှိ၏။ နိခိကုမ္ဘံ၊ ရွှေအိုးကို။ နီဟရိတွာ၊ ထုတ်ဆောင်၍။ ရာဇာနံ၊ မင်းကြီးကို။ ဒေဝ၊ ရှင်မင်းကြီး။ နိခိကုမ္ဘံ၊ ရွှေအိုးကို။ဇာနာပေသိ၊ သိစေ၏။ ဂဏှာဟိ၊ ယူတော်မူလော့။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ တဝ၊သင်၏။ ပုညလဒ္ဓံ၊ ကောင်းမှုကြောင့် ရ၏။ ဂဏှာဟိ၊ ယူလေလော့။ ဣတိ၊ ဤသို့။ ဗဟူ ဓနံ၊ များစွာသော ဥစ္စာကို။ လဘိတွာ၊ရ၍။ ဂေဟံ၊အိမ်ကို။ ကာရာပေတွာ၊ ဆောက်စေပြီး၍။ ဂေဟပ္ပဝေသနမင်္ဂလဉ္စ၊ အိမ်တက်မင်္ဂလာကိုရင်း။ ဆတ္တမင်္ဂလဉ္စ၊ ထီးဆောင်းမင်္ဂလာကိုရင်း။ဧကတောဝ၊တကွနက်လှုင်။ကရောန္တော၊ ပြုသည်ရှိသော်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအား၊ ဒါနံ၊အလှူကို။ အဒါသိ၊ ပေး၏။

အထ၊ထိုအခါ၌။ အဿ၊ ထိုပုဏ္ဏသေဋ္ဌေးအား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုတော်မူသည်ရှိသော်။ အနုပုဗ္ဗိကထံ၊အစဉ်သော တရားစကားကို။ ကထေသိ၊ဟောတော်မူ၏။ ဓမ္မကထာဝသာနေ၊ ဓမ္မဒေသနာအဆုံး၌။ ပုဏ္ဏသေဋ္ဌိစ၊ ပုဏ္ဏသေဋ္ဌေးသည်၎င်း။ ဘရိယာစ၊ မယားသည်၎င်း။ အဿ၊ထိုသေဋ္ဌေး၏။ဓီတာ၊သမီးဖြစ်သော။ ဥတ္တရာစ၊ဥတ္တရာသည်၎င်း။ ဣတိ၊ဤသို့။တယောဇနာ၊ သုံးယောက်သော သူတို့သည်။ သောတာပန္နာ၊ သောတာပန်တို့သည်။ အဟေသုံ၊ဖြစ်ကုန်၏။ အပရဘာဂေ၊ နောက်အဘို့၌။

ရာဇဂဟသေဋ္ဌိ၊ ရာဇဂြိုဟ်သေဋ္ဌေးသည်။ ပုဏ္ဏသေဋ္ဌိနော၊ ပုဏ္ဏသေဋ္ဌေး၏။ဓီတရံ၊ သမီးဥတ္တရာကို။ အတ္တနော ပုတ္တဿ၊ မိမိသားအား။ ဒါတုကာမော၊ ပေးစေလိုသည်။ အပဟောသိ၊ဖြစ်၏။ ပုဏ္ဏသေဋ္ဌိနော၊ ပုဏ္ဏသေဋ္ဌေးသည်။ ဝါရေသိ၊မြစ်၏။ သော၊ ထိုပုဏ္ဏသေဋ္ဌေးသည်။ အဟံ၊ ငါသည်။ န ဒဿာမိတိ၊ မပေးအံ့ဟူ၍။ ဇတ္ဝာ၊ ဆိုခြင်းကြောင့်။ ဧဝံ၊ဤသို့။ မာကရောတု၊ မပြုလင့်။ တွေကံ ကာလံ၊ ဤမျှလောက်သောကာလပတ်လုံး။ အမှေ၊ ငါတို့ကို။ နိဿာယ၊ မှီ၍။ဝသန္တေနေဝ၊ နေသဖြင့်သာလျှင်။ တေ၊ သင်အား။ သမ္ပတ္တိ၊ စည်းစိမ်ချမ်းသာကို။ လဒ္ဓါ၊ ရအပ်၏။ မေ ပုတ္တဿ၊ ငါ့သားအား။ ဓီတရံ၊ သမီးဥတ္တရာကို။ ဒေတု၊ ပေးစေချင်၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုရာဇဂြိုဟ်သေဋ္ဌေးသည်။ မိစ္ဆာဒိဋ္ဌိကော၊ အယူမှား၏။ မမ ဓီတာ၊ ငါ့သမီးသည်။ တိတိ ရတနေဟိ၊ရတနာသုံးပါးတို့နှင့်။ ဝိနာဝတ္တိတုံ၊ ကင်း၍နေခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ အဿ၊ ထိုမိစ္ဆာဒိဋ္ဌိသေဋ္ဌေးအား။ ဓီတရံ၊ သမီးဥတ္တရာကို။ နေဝဒဿာမိ၊ မပေးနိုင်။ ဣတိအာဟ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ထိုပုဏ္ဏသေဋ္ဌေးကို။ ဗဟူသေဋ္ဌိဂဏာဒယော၊ များစွာသော သေဋ္ဌေးအပေါင်း အစရှိကုန်သော၊ ကုလပုတ္တာ၊ အမျိုးသားတို့သည်။ တေန၊ ထိုရာဇဂြိုဟ်သေဋ္ဌေးနှင့်။ သဒ္ဓိံ ဝိဿာသံ၊ တကွအကျွမ်းဝင်ခြင်းကို။ မာဘိန္ဒိ၊ မဖျက်ပါလင့်။ အဿ၊ ထိုသေဋ္ဌေးအား။ ဓီတရံ၊ သမီးကို။ ဒေဟိ၊ ပေးပါလော့။ ဣတိယာစိံသု၊ဤသို့ တောင်းပန်ကုန်၏။ သော၊ ထိုပုဏ္ဏသေဋ္ဌေးသည်။ တေသံဝစနံ၊ ထိုသူတို့၏ စကားကို။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ အာသဠှိပုဏ္ဏမာယံ၊ ဝါဆိုလပြည့်နေ့၌။ ဓီတရံ၊ သမီးကို။ အဒါသိ၊ ပေး၏။

သာ၊ ဥတ္တရာသည်။ ပတိကုလံ၊ လင်အိမ်သို့။ ဂတကာလတောပဋ္ဌာယ၊ ရောက်သောအခါမှစ၍။ ဘိက္ခုံဝါ၊ ရဟန်းယောကျ်ားသို့ရင်း။ ဘိက္ခုနိံဝါ၊ ရဟန်းမိန်းမသို့ရင်း။ ဥပသင်္ကမိတုံ၊ ကပ်ခြင်းငှါ။ ဒါနံဝါ၊ အလှူကိုမူလည်း။ဒါတုံ၊ပေးခြင်းငှါ။ ဓမ္မံဝါ၊ တရားကိုမူလည်း။ သောတုံ၊ နာခြင်းငှါ။ နာလတ္ထ၊ မရအပ်။ ဧဝံ၊ ဤအတူ။ အဍ္ဍတိယေသု မာသေသု၊ နှစ်လခွဲတို့သည်။ ဝီတိဝတ္တေသု၊ လွန်ကုန်သည်ရှိသော်။ သန္တိကေ၊ အနီးအပါး၌။ ဌိတံ၊နေသော။ ပရိစာရိကံ၊ အလုပ်အကျွေးကို။ ပုစ္ဆိ၊ မေး၏။ ဣဒါနိ၊ယခုအခါ၌။ အန္တောဝဿဿ၊ဝါတွင်း၏။ အဝသိဋ္ဌံ၊ ကြွင်းသောနေ့ရက်သည်။ ကိတ္တကံ၊ အဘယ်မျှနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ အယျေ၊ ထိပ်တင်မ။ အဍ္ဍမာသော၊ တဆယ့်ငါးရက်ရှိပါသေး၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သာ၊ထိုဥတ္တရာသည်။ ပိတု၊အဘအား။ သာသနံ၊ သတင်းစကားကို။ ပဟိဏိ၊စေ၏။ကသ္မာ၊ အဘယ်ကြောင့်။ မံ၊ ငါ့ကို။ဧဝရူပေ ဗန္ဓနာဂါရေ၊ ဤသို့သဘောရှိသော နှောင်အိမ်၌။ ပက္ခိပိံသု၊ သွင်းကုန်ဘိသနည်း။ မံ၊ ငါ့ကို။

လက္ခဏာဟတ်ကတ္ဝာ၊ အမှတ်တပ်ခြင်းကိုပြု၍။ ပရေသံ၊ သူတပါးတို့၏။ ဒါသိံ၊ ကျွန်ဖြစ်အံ့သည်ကို။ သာဝေတုံ၊ ကြားခြင်းသည်။ ဝဋ္ဋံ၊ မြတ်သေး၏။ ဇေရူပဿ မိစ္ဆာဒိဋ္ဌိကုလဿ၊ ဤသို့သဘောရှိသော မိစ္ဆာဒိဋ္ဌိအမျိုးအား။ ဒါတုံ၊ ပေးခြင်းသည်။ န ဝဋ္ဋတိ၊ မသင့်။ အာဂတကာလတော ပဋ္ဌာယ၊ လာသောအခါမှ စ၍။ ဘိက္ခုဒဿနာဒီသု၊ ရဟန်းကို ဖူးမြင်ခြင်း စသည်တို့တွင်။ ဧကံပိ ပုညံ၊ တခုသော ကုသိုလ်ကိုမျှလည်း။ ကာတုံ၊ ပြုခြင်းငှါ။ န လဘာမိ၊ မရ။ ဣတိ ပဟိဏိ၊ ဤသို့စေ၏။ အထ၊ ထိုနောင်မှ။ အဿာ၊ ထိုဥတ္တရာ၏။ ပိတာ၊ အဘသည်။ မေ ဓီတာ၊ ငါ့သမီးသည်။ ဒုက္ခာဝတ၊ ဆင်းရဲလေစွတကား။ ဣတိ၊ ဤသို့။ အနတ္တမနော၊ နှလုံးမသာသော အဖြစ်ကို။ ပဝေဒေတွာ၊ ကြား၍။ ပဉ္စဒသကဟာပဏ သဟဿာနိ၊ တသောင်းငါးထောင်သော အသပြာတို့ကို။ ပေသေသိ၊ ပို့စေ၏။ ဣမသ္မိံ နဂရေ၊ ဤရာဇဂြိုဟ်ပြည်၌။ သိရိမာနာမ၊ သိရိမာအမည်ရှိသော။ ဂဏိကာ၊ ပြည့်တန်ဆာမသည်။ အတ္ထိ၊ ရှိ၏။ ဒေဝသိကံ၊ နေ့တိုင်း။ သဟဿံ၊ တထောင်ကို။ ဂဏှာတိ၊ ယူ၏။ ဣမေဟိ ကဟာပဏေဟိ၊ ဤအသပြာတို့ဖြင့်။ တံ၊ ထိုသိရိမာကို။ အာနေတွာ၊ ခေါ်စေ၍။ သာမိကဿ၊ လင်၏။ ပါဒပရိစာရိကံကတွာ၊ အလုပ်အကျွေးကိုပြု၍။ သယံ၊ မိမိသည်။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောတု၊ ပြုလေလော့။ ဣတိပေ-သေသိ၊ ဤသို့စေ၏။

သာ၊ ထိုဥတ္တရာသည်။ သိရိမံ၊ သိရိမာကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ သဟာယိကေ၊ သူငယ်ချင်း သိရိမာ။ ဣမေ ကဟာပဏေ၊ ဤအသပြာတို့ကို။ ဂဟေတွာ၊ ယူ၍။ ဣမံ အဍ္ဎမာသံ၊ ဤတဆယ့်ငါးရက်ပတ်လုံး။ တာဝ၊ ညီမ၏။ သဟာယိကံ၊ မြောက်သားငါ့လင်ကို။ ပရိစရာဟိ၊ လုပ်ကျွေးလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ သာ၊ ထိုသိရိမာသည်။ သာဓူတိ၊ ကောင်းပြီသခင်မဟု။ ပဋိသုဏိ၊ ဝန်ခံ၏။ သာ၊ ထိုဥတ္တရာသည်။ တံ၊ ထိုသိရိမာကို။ အာဒါယ၊ ခေါ်၍။ သာမိကဿ သန္တိကံ၊ လင်အထံသို့။ ဂန္တွာ၊ ရောက်၍။ သောန၊ ထိုလင်သည်။ သိရိမံ၊ သိရိမာကို။ ဒိသွာ၊ မြင်၍။ ဣဒံ၊ ဤအကြောင်းသည်။ ကိံတိ၊ အဘယ်နည်းဟု။ ဝုတ္တေ၊ မေးသည်ရှိသော်။ သာမိ၊ အရှင်သား။ ဣမံ အဍ္ဎမာသံ၊ ဤဆယ့်ငါးရက်ပတ်လုံး၊ မမသဟာယိကာ၊ ကျွန်မ၏ သူငယ်ခြင်း သိရိမာသည်။ တုမှေ၊ အရှင်သားတို့ကို။ ပရိစရတု၊ မွေ့လျော်ပါစေလတ္တံ့။ အဟံပန၊ ကျွန်မသည်ကား။ ဣမံ အဍ္ဎမာသံ၊ ဤဆယ့်ငါးရက်မျှ။ ဒါနဉ္စေဝ၊ အလှူကိုလည်း။ ဒါတုကာမာ၊ လှူပါရစေ။ ဓမ္မဉ္စ၊ တရားကိုလည်း။ သောတုကာမာ၊ နာပါရစေ။ ဣတိ အာဟ၊ ဤသို့ခွင့်တောင်း၏။ သော၊ ထိုသေဌေးသားသည်။ အဘိရူပံ၊ အလွန်အဆင်းလှသော၊ တံ ဣတ္ထိံ၊ ထိုသိရိမာကို။ ဒိသွာ၊ မြင်၍။ ဥပ္ပန္နသိနေဟော၊ ဖြစ်သော ချစ်ခြင်းရှိ၍။

သာဓူတိ၊ ကောင်းပြီဟု။ သမ္ပဋိစ္ဆိ၊ ဝန်ခံ၏။ ဥတ္တရာပိ ခေါ၊ ဥတ္တရာသည်လည်း။ ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တေတွာ၊ ဘိတ်၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမံ အဍ္ဎမာသံ၊ ဤတဆယ့်ငါးရက်ပတ်လုံး။ အညတ္ထ၊ တပါးသောအရပ်ကို။ အဂန္တွာ၊ မကြွမူ၍။ ဣဓေဝ၊ ဤအိမ်၌သာလျှင်။ ဘိက္ခံ၊ ဆွမ်းကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရား၏။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဂဟေတွာ၊ ယူ၍။ ဒါနိ၊ ယခုအခါ၌။ ဣတော ပဋ္ဌာယ၊ ဤနေ့မှစ၍။ ယာဝ၊ အကြင်မျှလောက်။ မဟာပဝါရဏာ၊ သီတင်းကျွတ်လပြည့်နေ့သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ သတ္ထာရံ၊ သဗ္ဗညုဘုရားကို။ ဥပဋ္ဌာတုံ၊ ဆည်းကပ်ခြင်းငှာ။ ဓမ္မဉ္စ၊ တရားကိုလည်း။ သောတုံ၊ နာခြင်းငှာ။ လဘိဿာမီတိ၊ ရပေအံ့ဟူ၍။ တုဋ္ဌမာနသာ၊ ဝမ်းမြောက်ဝမ်းသာ စိတ်ရှိလျက်။ ဧဝံ၊ ဤသို့။ ယာဂုံ၊ ယာဂုကို။ ပစထ၊ ကျိုကုန်လော့။ ဧဝရူပေ၊ ဤသို့ သဘောရှိကုန်သော။ ပူဝေ၊ မုန့်တို့ကို။ ပစထ၊ ကြော်ကုန်လော့။ ဣတိ၊ ဤသို့။ မဟာနသေ၊ စဖိုအိမ်၌။ သဗ္ဗကိစ္စာနိ၊ အလုံးစုံသောကိစ္စတို့ကို။ သံဝိဒဟန္တီ၊ စီရင်လျက်။ ဝိစရတိ၊ သွားလာ၏။

အထ၊ ထိုအခါ၌။ အဿာ၊ ထိုဥတ္တရာ၏။ သာမိကော၊ လင်သည်။ သွေ၊ နက်ဖြန်။ ပဝါရဏာ၊ သီတင်းကျွတ် လပြည့်နေ့သည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟု။ မဟာနသာဘိမုခေါ၊ စဖိုအိမ်သို့ ရှေးရှု။ ဝါတပါနေ၊ လေသာပြူတင်း၌။ ဌတွာ၊ ရပ်၍။ ကိံ နုခေါ ကရောန္တီ၊ အဘယ်သို့ပြုလျက်။ သာ အန္ဓဗာလာ၊ ထိုအမိုက်မ ဥတ္တရာသည်။ ဝိစရတီတိ၊ သွားလာသနည်းဟု။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ သေဒကိလိန္နံ၊ ချွေးအလိမ်းလိမ်းကပ်လျက်။ ဆာရိကာယ၊ ပြာဖြင့်။ ဩကိဏ္ဏံ၊ ပြည့်သော၊ အင်္ဂါရမသိမက္ခိတံ၊ မီးသွေးဖြင့်ကပ်သော။ တထာ၊ ထိုအခြင်းဖြင့်။ သံဝိဒဟိတွာ၊ စီရင်၍။ ဝိစရမာနံ၊ သွားသော။ တံ သေဋ္ဌိဓီတရံ၊ ထိုသူဌေးသမီးကို။ ဒိသွာ၊ မြင်၍။ အဟော၊ ဩော်-အံ့ဘွယ်ရှိစွ။ အန္ဓဗာလာ၊ မလိမ္မာလှသော ဥတ္တရာသည်။ ဧဝရူပေ ဌာနေ၊ ဤသို့ သဘောရှိသော အရပ်၌။ ဣမံ သိရိသမ္ပတ္တိံ၊ ဤစည်းစိမ်ချမ်းသာကို။ နာနုဘဝတိ၊ မခံစား။ မုဏ္ဍကသမဏေ၊ ဦးပြည်း ရဟန်းတို့ကို။ ဥပဋ္ဌဟိဿာမီတိ၊ လုပ်ကျွေးအံ့ ဟူ၍။ တုဋ္ဌစိတ္တာ၊ နှစ်သက်သော စိတ်ရှိလျက်၊ ဝိစရတိ၊ သွားလာ၏။ ဣတိ၊ ဤသို့။ ဟသိတွာ၊ ရယ်၍။ အပဂစ္ဆိ၊ ဖဲ၏။ တသ္မိံ၊ ထိုလင်သည်။ အပဂတေ၊ ဖဲသည်ရှိသော်။ တဿ၊ ထိုသူဌေးသား၏။ သန္တိကေ၊ အထံ၌။ ဌိတာ၊ နေသော။ သိရိမာ၊ သိရိမာသည်။ ကိံ နုခေါ ဩလောကေတွာ၊ အဘယ်ကိုကြည့်၍။ ဧသ၊ ဤသူဌေးသားသည်။ ဟသီတိ၊ ရယ်သနည်းဟု။ တေနေဝ ဝါတပါနေန၊ ထို လေသာပြူတင်းဖြင့်လျှင်။

ဩလောကေန္တီ၊ကြည့်သည်ရှိသော်။ဥတ္တရာ၊ဥတ္တရာကို။ဒိသွာ၊မြင်၍။ဣမံ၊ ဤသူယုတ်မကို။ဩလောကေတွာ၊ကြည့်၍။ ဣမိနာ၊ဤသေ၀ွေးသားသည်။ ဟသိတံ၊ရယ်၏။ အဒ္ဓါ၊မချွတ်။ ဣမဿ၊ဤသေ၀ွေးသားသည်။တေဝယ၊ထိုဥတ္တရာနှင့်။သဒ္ဓိံ၊တကွ။ သန္ထဝေါ၊ ပေါင်းဘော်ယဉ်ပါးခြင်းသည်။ အတ္ထိဘဝိ၊ ရှိ၏ဟု။ စိန္တေသိ၊ ကြံ၏။ သာ၊ ထိုသိရိမာသည်။အစ္စမာသံ၊တဆယ့်ငါးရက်ပတ်လုံး။တသ္မိံ ဂေဟေ၊ထိုအိမ်၌။ ဗာဟိရကဣတ္ထီ၊ အပဖြစ်သော မိန်းမ သည်။ ဟုတွာ၊ ဖြစ်၍။ ဝသမာနာပိ၊ နေသော်လည်း။တံ သမ္ပတ္တိံ၊ထိုစည်းစိမ်ကို။အနုဘဝမာနာ၊ခံစားလျက်။အတ္တနော၊ မိမိ၏။ ဗာဟိရကဣတ္ထိဘာဝံ၊ အပ မိန်းမစိမ်း၏ အဖြစ်ကို။ အဇာနိတွာ၊ မသိမူ၍။ အဟံ ဃရသာမိနီတိ၊ ငါအိမ်ရှင်တည်းဟု။ သညံ၊ အမှတ်ကို။ အကာသိ ကိရ၊ ပြုသတတ်။

သာ၊ ထိုသိရိမာသည်။ ဥတ္တရာယ၊ ဥတ္တရာ၌။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ အဿာ၊ထိုဥတ္တရာအား။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ဥပ္ပါဒေဿာမီတိ၊ ဖြစ်စေအံ့ဟူ၍။ ပါသာဒါ၊ ပြာသာဒ်မှ။ ဩရုယှ၊ ဆင်း၍။ မဟာနသံ၊ စဖိုအိမ်သို့။ ပဝိသိတွာ၊ဝင်၍။ ပူဝပစန ဌာနေ၊ မုံ့ကြော်ရာအရပ်၌။ ပက္ကုထိတံ၊ ကျိုက်ကျိုက်ဆူသော။ သပ္ပိံ၊ထောပတ်ကို။ ကဋစ္ဆုနာ၊ ဟင်းကျိုမှုတ်ဖြင့်။ အာဒါယ၊ခပ်၍။ ဥတ္တရာ၊ဥတ္တရာသို့။ အဘိမုခံ၊ ရှေးရှု။ ပါယာသိ၊ သွား၏။ ဥတ္တရာ၊ ဥတ္တရာသည်။ အာဂစ္ဆန္တိံ၊လာသော။ တံ၊ထိုသိရိမာကို။ ဒိသွာ၊မြင်၍။ မမသဟာယိကာယ၊ ငါ့ သူငယ်ချင်းဖြစ်သော သိရိမာသည်။ မယှံ၊ ငါ့အား။ ဥပကာရော ကတော၊ များသော ကျေးဇူးရှိသည် ဖြစ်ပေ၏။ စက္ကဝါဠံ၊ စကြဝဠာသည်။ အတိသမ္ဗာဓံ၊ အလွန်ကျဉ်း၏။ ဗြဟ္မလောကော၊ ဗြဟ္မာပြည်သည်။ အတိနီစကော၊ အလွန်နိမ့်၏။ မမသဟာယိကာ ပန။ ငါ့သူငယ်ချင်း သိရိမာ၏ကား။ ဂုဏောဝ၊ ကျေးဇူးသည် သာလျှင်။ မဟန္တော၊ များမြတ်၏။ ဟိ၊ ထိုစကား သင့်စွ။ အဟံ၊ ငါသည်။ ဧတံ ဤသိရိမာကိုသာလျှင်။ နိဿာယ၊မှီ၍။ ဒါနဒါတုံ၊ အလှူပေးရခြင်းကိုရင်း။ ဓမ္မဥ္စ သောတုံ၊ တရားနာရခြင်းကိုရင်း။ လဘာမိ၊ ရ၏။ မမ၊ ငါ့အား။ ဧတိဿာ၊ ဤသိရိမာ၌။ ဥပရိ၊ အထက်၌။ ကောပေါ၊ အမျက်ထွက်ခြင်းသည်။ သစေ အတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဣဒံ သပ္ပိ၊ ဤထောပတ်သည်။ မံ၊ ငါ့ကို။ ဒဟတု၊ လောင်စေသတည်း။ သစေ နတ္ထိ၊ အကယ်၍ မရှိသည်ဖြစ်အံ့။ မံ၊ ငါ့ကို။ မာဒဟတု၊ မလောင်စေသတည်း။ဣတိ၊ ဤသို့။ မေတ္တာယ၊ မေတ္တာကို။ ဖရိတွာယ၊ နှံ့စေသည်ရှိသော်။ တဿာ၊ ထိုဥတ္တရာ၏။ မတ္ထကေ၊ထိပ်၌။ အာသိတ္တံ၊ သွန်းအပ်သော။ ပက္ကုထိတသပ္ပိ၊ ကျိုက်ကျိုက်ဆူသော ထောပတ်သည်။ သီတုဒကံ

ဝိယ၊ အေးလှသော ရေကဲ့သို့။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဣဒံ၊ ဤ ထေ ာပတ်သည်။ သီတလံ၊ ဘဝိဿတိတိ၊ အေး ဖြစ်လတ္တံ့ဟု။ ကင်္ခန္ဓုံ၊ ဟင်းကျို မှုတ်ကို။ ပုရေတွာ၊ ပြည့်စေ၍။ အာဒါယ၊ ယူလျက်။ အာဂစ္ဆန္တီ၊ လာသော။ နံ၊ ထိုသီရိမာကို။ ဥတ္တရာယ၊ ဥတ္တရာ၏။ဒါသိယော၊ကျွန်မတို့သည်။ ဒိသွာ၊မြင်၍။ ဒုဇ္ဇိနီတော၊ သူယုတ်မ။ အပေဟိ၊ ဘဲလေလော့။ တံ၊ သင်သည်။ အမှာကံ၊ ငါတို့၏။ အယျာယ၊ သခင်မ၏။ဥပရိ၊ အထက်၌၊ ပက္ကုထိတံ၊ ကျိုက်ကျိုက်ဆူသော။ သပ္ပိံ၊ ထောပတ်ကို။ အာသိဉ္စိတုံ၊ သွန်းလောင်းခြင်းငှာ။ န အနုစ္ဆဝိကာတိ၊ မလျောက် ပတ်ဟု။ သန္တဇ္ဇေန္တိယော၊ ခြိမ်းချောက်ကုန်လျက်။ ဣတော စိတောစ၊ ထိုမှ ဤ မှလည်း။ ဥဋ္ဌာယ၊ ထ၍။ ဟတ္ထေဟိ စ၊ လက်တို့ဖြင့်ရင်း။ ပါဒေဟိ စ၊ ခြေတို့ ဖြင့်ရင်း။ ပေါထေတွာ၊ ပုတ်ခတ်၍။ ဘူမိယံ၊ မြေ၌။ ပါတေသုံ၊ လည်းစေကုန်၏။ ဥတ္တရာ၊ ဥတ္တရာသည်။ ဝါရေန္တီပိ၊ တားမြစ်ပါသော်လည်း။ ဝါရေတုံ၊ တားမြစ် ခြင်းငှာ။ န သက္ခိ၊ မတတ်နိုင်။

အထ၊ ထိုအခါ၌။ အဿာ၊ ထိုသီရိမာ၏။ ဥပရိ၊ အထက်၌။ ဌိတာ၊ ရပ်လျက်။ သဗ္ဗာဒါသိယော၊ အလုံးစုံသော ကျွန်မတို့ကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ ကိဿ၊ အဘယ်ကြောင့်။ တော၊ သင်သည်။ ဧဝရူပံဘာရိယကမ္မံ၊ ဤသို့ သဘောရှိသော ဝန်လေးသောအမှုကို။ ကတန္တိ၊ ပြုဘိသနည်းဟု။ သိရိမံ၊ သီရိမာကို။ ဩဝဒိတွာ၊ ဆုံးမ၍။ ဥဏှောဒကေန၊ ရေနွေးဖြင့်။နှာပေတွာ၊ရေချိုး၍။ သတပါကတေလေန၊ အကြိမ်တရာ ချက်ပြီးသောဆီဖြင့်။ အဗ္ဘဉ္ဇိတွာ၊ ဆုပ်နယ်၍။ တသ္မိံခဏေ၊ ထို ခဏ၌။ သာ၊ ထိုသီရိမာသည်။ အတ္တနော၊ မိမိ၏။ ဗာဟိရကိတ္တိဘာဝံ၊ အပမိန်းမ စိမ်း၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ စိန္တေသိ၊ကြံ၏။ မယာ၊ ငါသည်။ ဘာရိယံကမ္မံ၊ ဝန်လေးသောအမှုကို။ ကတံ၊ပြုမိ၏။သာမိကဿ၊ ခင်ပွန်း၏။ ဟာသနမတ္တကာရဏာ၊ ရယ်ခြင်းမျှဟူသော အကြောင်းကြောင့်။ဣမိဿာ၊ ဤဥတ္တရာ၏။ ဥပရိ၊အထက်၌။ ပက္ကုထိတံ၊ကျိုက်ကျိုက်ဆူသော။သပ္ပိံ၊ထောပတ်ကို။အာသိဉ္စန္တိယာ၊သွန်းလောင်း သည်ရှိသော်၊အယံ၊ဤဥတ္တရာသည်။ နံ၊ထိုသီရိမာကို။ ဂဏှထ။ ဘမ်းကြကုန်လော့၊ ဣတိ၊ဤသို့။ ဒါသိယော၊ ကျွန်မတို့ကို။ န အာဏာပေသိ၊ မစေခိုင်း။ မံ၊ ငါ့ကို။ ဝိဟေဌကာလေပိ၊ ညှဉ်းဆဲခြင်းကို ပြုသောကာလ၌လည်း။ သဗ္ဗာဒါသိယော၊ အလုံးစုံသော ကျွန်မတို့ကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ မယှံ၊ ငါအား။ ကတ္တဗ္ဗ မေဝ၊ ပြုအပ်သော အမှုကိုသာလျှင်။ အကာသိ၊ ပြု၏။ အဟံ၊ ငါသည်။ ဣမံ၊ ဤဥတ္တရာကို။ သစေ နခမာပေဿာမိ၊ အကယ်၍ မကန်တော့သည် ဖြစ်အံ့။ မေ၊ ငါ၏။ မုဒ္ဒါ၊ ဦးခေါင်းသည်။ သတ္တဓာ၊ ခုနစ်စိတ်။ ဖာလေယျ၊ ကွဲရာ၏။ ဣတိ

စိန္နေတိ၊ ဤသို့ကြံ၏။ တဿာ၊ ထိုဥတ္တရာ၏။ ပါဒမူလေ၊ ခြေရင်း၌။ နိပ္ပဇ္ဇိတွာ၊ ဝပ်၍။ အယျာ၊ ရှင်မ။ မေ၊ ငါ့အား။ ခမာဟိ၊ သည်းခံပါလော့။ ဣတိ အာဟ၊ ဤသို့ဆို၏။ အဟံ၊ ငါသည်။ သပိတိကာ ဓီတာ၊ အဘရှိသော သမီးတည်း။ ပိတရိ၊ အဘသည်။ ခမန္တေ၊ သည်းခံသည်ရှိသော်။ ခမာမိ၊ သည်းခံ၏။ ဣတိ အာဟ၊ ဤသို့ဆို၏။ ဟောတု၊ ထိုသို့မူလည်းဖြစ်စေ။ အယျေ၊ ရှင်မ။ တေ၊ သင်၏။ ပိတရံ၊ အဘဖြစ်သော။ ပုဏ္ဏသေဋ္ဌိံ၊ ပုဏ္ဏသေဋ္ဌေးကို။ ခမာပေဿာမိ၊ ကန်တော့ပါအံ့။ ဣတိ ဝုတ္တေ၊ ဤသို့ ဆိုသည်ရှိသော်။ မမပုဏ္ဏော၊ ငါ့အဘဖြစ်သော ပုဏ္ဏသေဋ္ဌေးသည်။ ဇနကပိတာ၊ သံသရာဝဋ်ကို ဖြစ်စေတတ်သော အဘမည်၏။ ဝိဝဋ္ဋဇနကော၊ သံသရာဝဋ်၏ပြတ်ခြင်းကို ဖြစ်စေတတ်သော။ ပိတရိ၊ အဘသည်။ ခမန္တေ ပန၊ သည်းခံသည်ရှိသော်ကား။ အဟံခမိဿာမိ၊ ငါသည်းခံအံ့၊ ဣတိ အာဟ၊ ဤသို့ဆို၏။ တေ၊ သင်၏။ ဝိဝဋ္ဋဇနကပိတာ၊ သံသရာဝဋ်၏ ပြတ်ခြင်းကို ဖြစ်စေတတ်သော အဘသည်။ ကော ပန၊ အဘယ်သူနည်း။ ဣတိ ပုစ္ဆိတော၊ ဤသို့ မေးသည်ရှိသော်။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကိုသိသော ဘုရားတည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။

မယှံ၊ ငါ၏။ တေ၊ ထိုဘုရားသခင်နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဿာသော၊ အကျွမ်းဝင်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ကရိဿာမိ၊ အကျွမ်းဝင်အောင် ပြုအံ့။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သွေ၊ နက်ဖြန်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ အာဒါယ၊ ခေါ်၍။ ဣဓ၊ ဤအိမ်သို့။ အာဂမိဿတိ၊ ကြွလာလတ္တံ့။ တွံ၊ သင်သည်။ ယထာ လဒ္ဓံ၊ ရတိုင်းရတိုင်းသော။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ ဂဟေတွာ၊ ယူ၍။ ဣဓေဝ၊ ဤအိမ်သို့လျှင်။ အာဂန္တွာ၊ လာ၍။ တံ၊ ထိုဘုရားသခင်ကို။ ခမာပေဟိ၊ ကန်တော့လော့။ ဣတိ၊ ဤသို့ဆို၏။

သာ၊ ထိုသီရိမာသည်။ အယျေ၊ ထိပ်တင်မ၊ သာဓုတိ၊ ကောင်းလှပါပြီဟု။ ဥဋ္ဌာယ၊ ထ၍။ အတ္တနော၊ မိမိ၏။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍၊ ပဉ္စသတာ ပရိဝါရိတ္ထိယော၊ အခြံအရံဖြစ်သော ငါးရာသော မိန်းမတို့ကို။ အာဏာပေတွာ၊ စေခိုင်း၍။ နာနာဝိဓာနိ၊ အထူးထူးအပြားပြား ရှိကုန်သော။ ခါဒနိယာနိ စေဝ၊ ခဲဘွယ်တို့ကိုရင်း။ သုပေယျာနိ စ၊ ဆွမ်းဟင်း အဖျော်တို့ကိုရင်း။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ပုနဒိဝသေ၊ တဘန်မိုးသောက်သောနေ့၌။ တံသက္ကာရံ၊ ထိုပူဇော်သက္ကာရကို။ အာဒါယ၊ ယူ၍။ ဥတ္တရာယ၊ ဥတ္တရာ၏။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာ၍။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာ၏။ ပတ္တေ၊ သပိတ်၌။

ပတိဋ္ဌာပေတုံ၊ ဆွမ်းလောင်းခြင်းငှါ။ အဝိသဟန္တီ၊ မဝံ့သည်ဖြစ်၍။ အဋ္ဌာသိ၊ နေ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော လှူဘွယ်ဝတ္ထုကို။ ဂဟေတွာ၊ ယူ၍။ ဥတ္တရာဝ၊ ဥတ္တရာသည်သာလျှင်။ သံဝိဒဟိ၊ စီရင်၏။ သိရိမာပိ၊ သိရိမာသည်လည်း။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းစားပြီးသောအဆုံး၌။ ပရိဝါရေန၊ အခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ သတ္ထုပါဒမူလေ၊ ဘုရားခြေတော်ရင်း၌။ နိပ္ပဇ္ဇိ၊ ဝပ်လျက်နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသိရိမာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေ၊ သင်၏။ အပရာဓော၊ အပြစ်သည်။ ကော၊ အဘယ်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်မသည်။ ဟိယျော၊ ယမန်နေ့က။ ဣဒံနာမ၊ ဤမည်သောအမှုကို။ ကတံ၊ ပြုမိ၏။ အထ၊ ထိုအခါ၌။ မေသဟာယိကာ၊ အကျွန်ုပ်၏ သူငယ်ချင်း ဥတ္တရာသည်။ မံ၊ အကျွန်ုပ်ကို။ ဝိဟေဌမာနာ၊ ပုတ်ခတ်ညှဉ်းဆဲကုန်သော။ ဒါယိယော၊ ကျွန်မတို့ကို။ နိဝါရေတွာ၊ တားမြစ်၍။ မယှံ၊ အကျွန်ုပ်အား။ ဥပကာရမေဝ၊ ကျေးဇူးရှိသည်ကိုသာလျှင်။ အကာသိ၊ ပြု၏။ သာဟံ၊ ထိုကျွန်မသည်။ ဣမိဿာ၊ ဤဥတ္တရာ၏။ ဂုဏံ၊ ဂုဏ်ကို။ ဇာနိတွာ၊ သိ၍။ ဣမံ၊ ဤဥတ္တရာကို။ ခမာပေသိ၊ သည်းခံစေ၏။ အထ၊ ထိုအခါ၌။ မံ၊ အကျွန်ုပ်ကို။ သော၊ ဤဥတ္တရာသည်။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ခမန္တေသု၊ သည်းခံကုန်သည်ရှိသော်။ ခမိဿာမိ၊ သည်းခံအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဥတ္တရေ၊ ဥတ္တရာ။ ဧဝံကိရ၊ ဤသို့ သိရိမာလျှောက်ချက်အတိုင်း မှန်၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြော် မှန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား၊ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းထက်၌။ သဟာယိကာယ၊ သူငယ်ချင်းသိရိမာသည်။ ပမ္မက္ကုထိသပ္ပိ၊ ကျိုက်ကျိုက်ဆူသော ထောပတ်ကို။ အာသိတ္တံ၊ သွန်း၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။

အထ၊ ထိုအခါ၌။ တယာ၊ သင်သည်။ ကိံ စိန္တိတံ၊ အဘယ်သို့ အကြံဖြစ်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏၊ ဘန္တေ၊ အရှင်ဘုရား။ စက္ကဝါဠံ၊ စကြဝဠာသည်။ အတိသမ္ဗာဓံ၊ အလွန်ကျဉ်း၏။ ဗြဟ္မလောကော၊ ဗြဟ္မာ့ပြည်သည်၊ အတိနီစော၊ အလွန်နိမ့်၏။ မမ သဟာယိကာယ၊ အကျွန်ုပ် သူငယ်ချင်း သိရိမာ၏။ ဂုဏာကာ၊ ဂုဏ်ကျေးဇူးသည်သျှင်။ မဟန္တာ၊ များ၏။ ဟိ၊ သင့်စွ။ အဟံ၊ ငါသည်။ ဧတံနိဿာယ၊ ဤသိရိမာကိုမှီ၍။ ဒါနဥဒ္ဒါတုံ၊ အလှူပေးခြင်းကိုရင်း။ ဓမ္မ သောတုံ၊ တရားနာခြင်းကိုရင်း။ အလတ္ထံ၊ ရပေ၏။ မေ၊ အကျွန်ုပ်သည်။ ဣမိဿာ၊ ဤသိရိမာ၏။ ဥပရိ၊ အထက်၌။ ကောပေါ၊ အမျက်ထွက်ခြင်းသည်။ သစေ အတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဣဒံ ဤထောပတ်သည်။

မံ၊ အကျွန်ုပ်ကို။ ဒဟတု၊ လောင်စေသတည်း။ နော စေ၊ အကယ်၍အမျက်ထွက်ခြင်းမရှိပါသည်ဖြစ်အံ့၊ မာ ဒဟတု၊ မလောင်ပါစေသတည်း။ ဣတိဝေံ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ဣမံ၊ ဤသီရိမာကို။ မေတ္တာယ၊ မေတ္တာဖြင့်။ ဖရိ၊ နှံ့စေ၏။ ဣတိအဝေါစ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဥတ္တရေ၊ ဥတ္တရာ၊ သာဓုသာဓု၊ ကောင်းစွ ကောင်းစွ။ ဧဝံ၊ ဤသို့။ ကောဓံ၊ အမျက်ကို။ ဇိနိတုံ၊ အောင်မြင်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့မိန့်၏။ ဟိ၊ ထိုစကားသင့်စွ။ ကောဓေန္တာမ်၊ အမျက်ထွက်ခြင်း မည်သည်ကို။ အကောဓေန၊ အမျက်မထွက်သဖြင့်၊ ဇိနိတဗ္ဗော၊ အောင်အပ်၏။ အက္ကောသကာ၊ ပရိဘာသကော၊ ဆဲရေးခြင်း ရေရွတ်ခြင်းကို။ အနက္ကောသန္တေန အပရိဘာသန္တေန၊ မဆဲရေးခြင်း မရေရွတ်ခြင်းဖြင့်။ ဇိနိတဗ္ဗော၊ အောင်အပ်၏။ ထဒ္ဓမစ္ဆရီ၊ ကြမ်းထမ်း ဝန်တိုသောသူကို။ အတ္တနော၊ မိမိ၏။ သန္တကဿ၊ ဥစ္စာကို။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇိနိတဗ္ဗော၊ အောင်အပ်၏။ မုသာဝါဒီ၊ မမှန်သောစကားကို ပြောဆိုတတ်သောသူကို။ သစ္စဝစနေန၊ မှန်သောစကားကို ပြောဆိုသဖြင့်။ ဇိနိတဗ္ဗောတိ၊ အောင်အပ်၏ဟူ၍။ ဝတွာ၊ မိန့်တော်မူပြီး၍။ အကောဓေန ဇိနေကောဓံ။ လ။ သစ္စေနာလိကဝါဒိနန္တိ၊ အကောဓေန။ လ။ ဝါဒိနံဟူသော။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၂၃။ ။ဥတ္တရေ၊ ဥတ္တရာ။ ကောဓံ၊ အမျက်ထွက်သောသူကို။ အကောဓေန၊ အမျက်မထွက်သဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ မကောင်းသောသူကို။ သာဓုနာ၊ ကောင်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ ကဒရိယံ၊ လွန်စွာဝန်တိုခြင်းရှိသောသူကို။ ဒါနေန၊ ပေးကမ်းသဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကဝါဒိနံ၊ မမှန်သော ချွတ်ယွင်းသော စကားကိုပြောဆိုတတ်သောသူကို။ သစ္စေန၊ မှန်သော စကားကိုဆိုသဖြင့်။ ဇိနေ၊ အောင်ရာ၏။ ဣတိအာဟ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အကောဓေနာတိ၊ အကောဓေနဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ ကောဓနော၊ အမျက်ထွက်တတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ အကောဓေန၊ အမျက်မထွက်သည်။ ဟုတွာ၊ ၍။ ဇိနိတဗ္ဗော၊ အောင်အပ်၏။ အသာဓုံတိ၊ ဟူသည်ကား။ အဘဒ္ဒကော၊ မကောင်းသောသူကို။ ဘဒ္ဒကေန၊ သူထက်သာ၍ ကောင်းသည်။ ဟုတွာ၊ ဖြစ်၍။ ဇိနိတဗ္ဗော၊ အောင်အပ်၏။ ကဒရိယန္တိ၊ ဟူသည်ကား။ ထဒ္ဓမစ္ဆရီ၊ အလွန်ဝန်တိုသောသူကို။ အတ္တနော၊ မိမိ၏။ သန္တကဿ၊ ဥစ္စာကို။ စာဂစိတ္တေန၊ ပေးကမ်းစွန့်ကြဲခြင်းရှိသော စိတ်ဖြင့်။ ဇိနိတဗ္ဗော၊ အောင်အပ်၏။ အလိကဝါဒီ၊ မမှန်သောစကားကို ပြောဆိုလေ့ရှိသောသူကို။ သစ္စဝစနေန၊ မှန်သောစကားကိုဆိုသဖြင့်။ ဇိနိတဗ္ဗော၊ အောင်အပ်၏။

ဉာတိတသ္မာ၊ ကြောင့်။ အကော်ခနေဇိနေကော်ခံ။ ပ။ သစ္စေနာလိကဝါဒိနန္တိ၊ ဟူ၍။ ဝေါ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ ဒေသနာဝသာနေ၊ ဒေသနာတော် အဆုံး၌။ သီရိမာ၊ သီရိမာသည်။ ပဉ္စသတာဟိ၊ ငါးရာကုန်သော။ ဉာတ္တိဟိ၊ မိန်းမတို့နှင့်။ သဒ္ဓိံ၊ တကွ။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

တတိယံ၊ သော၊ ဥတ္တရာဥပါသိကာဝတ္ထု၊ သည်။
ဉာတိသမတ္တံ၊ ပြီးပြီ။

---

## ၁၇း-ကောဓဝဂ္ဂ။ ၄-မဟာမောဂ္ဂလာနတ္ထေရပဉှဝတ္ထု။

(ဥတ္တရာဥပါသိကာမ၏ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ အရှင်မောဂ္ဂလာန်၏ နတ်ပြည်သို့ ဒေသစာရီကြွတော်မူရာဖြစ်သောဝတ္ထု၏ အတ္ထဝဏ္ဏနာကို ပြုတော်မူလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သစ္စံဘဏေတိ"စသော ပါဌ်ကို မိန့်သတည်း)။

"သစ္စံဘဏေ" တိ ဣမံ ဓမ္မဒေသနံ၊ သစ္စံဘဏေ–စသော ဤဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ မဟာမောဂ္ဂလာနတ္ထေရဿ၊ အရှင်မောဂ္ဂလာန် မထေရ်၏။ ပဉှာ၊ မေးလျှောက်သော ပြဿနာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ၊ ဧကသ္မိံ သမယေ၊ တနေ့သ၌။ ထေရော၊အရှင်မောဂ္ဂလာန်မထေရ်သည်။ ဒေဝစာရိကံ၊ နတ်ပြည်သို့ ဒေသစာရီ သွားခြင်းကို။ ဂန္တွာ၊သွားတော်မူ၍။ မဟေသက္ခာယဒေဝတာယ၊ တန်ခိုးကြီးသော နတ်သမီး၏၊ ဝိမာနဒွါရေ၊ ဗိမာန်တံခါးဝ၌။ ဌတွာ၊ရပ်တော်မူ၍။ အတ္တနော၊ မိမိ၏။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာ၍။ ဝန္ဒိတွာ၊ရှိခိုး၍။ ဌိတံ၊ ရပ်လာသော။ တံ၊ ထိုနတ်သမီးကို။ ဧဝံ၊ဤသို့။ အာဟ၊ မေးတော်မူ၏။ ဒေဝတေ၊ နတ်သမီး။ တေတယာ၊ သင်နတ်သမီး၏။ သမ္ပတ္တိ၊စည်းစိမ်ချမ်းသာသည်။ မဟတီ၊ ကြီးမြတ်၏။ ကိံ ကမ္မံ၊ အဘယ်ကောင်းမှုကို။ ကတွာ၊ပြုခဲ့ဘူး၍။ ဣမာဒေဝသမ္ပတ္တိ၊ ဤနတ်၏စည်းစိမ်ကို။ လဒ္ဓါ၊ရသနည်း။ ဣတိ၊ဤသို့။ ပုစ္ဆိ၊မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား၊ မံ၊ တပည့်တော်မကို။ မာပုစ္ဆထ၊ မေးတော်မမူပါကုန်လင့်။ ဣတိ၊ ဤသို့ ကုသိုလ်နည်းသောကြောင့်လျှောက်၏။ ဒေဝတာ၊ နတ်သမီးသည်။ ပရိတ္တကမ္မေန၊ နည်းသောကောင်းမှုကြောင့်။ လဇ္ဇမာနာ၊ရှက်သည်ဖြစ်၍။ ဧဝံ၊ ဤသို့ မေးတော်မမူပါကုန်လင့်ဟူ၍။ ဝဒတိကိရ၊ ဆိုသတတ်။ သာပန၊ ထိုနတ်သမီးသည်။

ထေရေန်၊ အရှင်မောဂ္ဂလာန် မထေရ်သည်။ ကထေဟိယေဝ၊ ဆိုသာဆိုလော့။ ဣတိ၊ သို့။ ဝုစ္စမာနော၊ ဆိုစေသည်ရှိသော်။ အာဟ၊ နားတော်လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်မသည်။ ဒါနံ၊ အလှူကို။ နေဝဒိန္နံ၊ မလှူဘူးပေ။ ပူဇာ၊ ပူဇော်ခြင်းကို။ နကတာ၊ မပြုဘူးပေ။ ဓမ္မော၊ သူတော်ကောင်း တရားကို။ နသုတော၊ မကြားဘူး မနာဘူးပေ။ ကေဝလံ၊ သက်သက်။ သစ္စမတ္တံ၊ မှန်သောစကားမျှကို။ ရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်ခဲ့ဘူးပါ၏။ ဣတိ၊ သို့ ဒသဝေါစ၊ လျှောက်၏။ ထေရော၊ အရှင်မောဂ္ဂလာန်သည်။ အညာနိ၊ တပါးလည်း ဖြစ်ကုန်သော။ ဝိမာနဒွါရာနိ၊ ဗိမာန်တံခါးဝတို့သို့။ ဂန္တွာ၊ ကြွတော်မူ၍။ အပရာပိ၊ တပါးလည်းဖြစ်ကုန်သော။ ဒေဝဓီတရော၊ နတ်သမီးတို့ကို။ ပုစ္ဆိ၊ မေးတော်မူ၏။ တာသုပိ၊ ထိုနတ်သမီးတို့သည်လည်း။ တထေဝ၊ ထိုရှေးမေးသော နတ်သမီးအတူ လျှင်။ နိဂုဟိတွာ၊ ရှို့ဝှက်၍။ ထေရံ၊ အရှင်မောဂ္ဂလာန်ကို။ ပဋိဗာဟိတုံ၊ ကောင်းမှုကိုမမေးပါလင့်ဟု တားမြစ်ခြင်းငှါ။ အသက္ကောန္တီသု၊ မတတ်နိုင်ကုန် သည်ဖြစ်၍။ ဧကာ၊ တယောက်သောနတ်သမီးသည်။ တာဝ၊ ရှေးဦးစွာ။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်မသည်။ ဒါနာဒီသု၊ အလှူ အစရှိကုန်သော ကောင်းမှုတို့ကို။ ကတံ၊ နာမ၊ ပြုဘူးသော မည်သည်။ နေဝအတ္ထိ၊ မရှိပါ။ အဟံပန၊ တပည့်တော်မသည်ကား။ ကဿပဗုဒ္ဓကာလေ၊ ကဿပဘုရား ပွင့်တော်မူသော ကာလ၌။ ပရဿဒါသီ၊ သူတပါးကျွန်မသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ တဿာမေ၊ ထိုတပည့်တော်မ၏။ သာမိကော၊ အရှင်သည်။ အတိဝိယ၊ အလွန်လျှင်။ စဏ္ဍော၊ ကိုယ်လက်ကြမ်းကြုတ်၏။ ဖရုသော၊ နှုတ်ကြမ်းတမ်း၏။ ဂဟိတဂဟိတေနေဝ၊ ကိုင်မိတိုင်း ကိုင်မိတိုင်းသာလျှင် ဖြစ်သော။ ကဋ္ဌေနဝါ၊ ထင်းဖြင့်သော်၎င်း။ ကလိင်္ဂရေနဝါ၊ ထင်းစသည်ဖြင့်သော်၎င်း။ သီသံ၊ ဦးခေါင်းကို။ ဘိန္ဒတိ၊ ရိုက်ခွဲတတ်၏။ သာဟံ၊ ထိုတပည့်တော်မသည်။ ကောပံ၊ အမျက် ထွက်ခြင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ တဝ၊ သင်၏။ သေဿာ သာမိကော၊ ဤအရှင်သည်။ လက္ခဏာဟတံ၊ အမှတ်တံဆိပ်ကို။ ကာတုံဝါ၊ ငှါ၎င်း။ နာသာဒီနိ၊ နှာခေါင်း အစရှိသည်တို့ကို။ ဆိန္ဒိတုံဝါ၊ ဖြတ်ခြင်းငှါ၎င်း။ ဣဿရော၊ အစိုးရ၏။ မာကုဇ္ဈိ၊ အမျက်မထွက်ပေလင့်။ ဣတိ၊ ဤသို့။ အတ္တာနမေဝ၊ မိမိကိုယ်ကိုသာ လျှင်။ ပရိဘာသေတွာ၊ ရေရွတ်ဖြားယောင်း၍။ ကောပံနာမ၊ အမျက်ထွက် ခြင်းမည်သည်ကို။ န အကာသိ၊ မဖြစ်ဘူး၊ တေနပုညေန၊ ထိုသို့ အမျက်မထွက် ခဲ့ဘူးသော ကောင်းမှုကြောင့်။ မေ မယာ၊ တပည့်တော်မသည်။ အယံ သမ္ပတ္တိ၊ ဤနတ်၏ စည်းစိမ်ချမ်းသာကို။ လဒ္ဓါ၊ ရပေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ အပရာ၊ တယောက်သော နတ်သမီးသည်။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။

အဟံ၊ တပည့်တော်မသည်။ ဥစ္စုခေတ္တံ၊ ကြံခင်းကို။ ရက္ခမာနေ၁၊ စောင့်ရှောက်၍ နေစဉ်။ ဘေဿ ဘိက္ခုနေ၁၊ ရဟန်းတော်တပါးအား။ ဥစ္စုယဋ္ဌိံ၊ ကြံချောင်းကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ အပရာ၊ တယောက်သော နှတ်သွီးသည်။ ဧကံ တိမ္ဗရုသကံ၊ တလုံးသော တည်သီးကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ အပရာ၊ တယောက်သော နှတ်သွီးသည်။ ဧကံ ဠွေ၁လုကံ၊ တလုံးသော သခွါးသီးကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ အပရာ၊ တယောက်သော နှတ်သွီးသည်။ ဧကံ ဖါရုသကံ၊ တလုံးသော ဖက်သက်တရော်သီးကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ အပရာ၊ တယောက်သော နှတ်သွီးသည်။ ဧကံ မူလမုဋ္ဌိံ၊ မုန်လာတဆုပ်ကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ အပရာ၊ တယောက်သော နှတ်သွီးသည်။ နိမ္ဗမုဋ္ဌိံ၊ တမာရွက်တဆုပ်ကို။ အဒါသိ၊ လှူခဲ့ဘူးပါ၏။ ဣတိ၊ အာဒိနာ၁နယေန၊ ဤသို့ အစရှိသောနည်းဖြင့်။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုခဲ့ဘူးသော။ ပရိတ္တဒါနံ၊ အနည်းငယ်မျှသော အလှူကို။ အာရောစေတွာ၊ အသီးအသီး ကြားလျှောက်၍။ ဣမိနာ၁ကာရဏေန၊ ဤသို့ ပြုခဲ့ဘူးသောကောင်းမှုကြောင့်။ အမှေဟိ၊တပည့်တော်မတို့သည်။ အယံသမ္ပတ္တိ၊ ဤနတ်၏ စည်းစိမ်ချမ်းသာကို။ လဒ္ဓါ၊ရပါကုန်၏။ ဣတိ၊ဤသို့။ အာဟံသု၊ လျှောက်ကုန်၏။ ထေရော၊ ရှင်မောဂ္ဂလာန်မထေရ်သည်။ တာဟိ၊ထိုနတ်သွီးတို့သည်။ ကတကမ္မံ၊ ပြုခဲ့ဘူးသော ကောင်းမှုကို။ သုတွာ၊ ကြား၍။ သတ္ထာရံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဘန္တေ၊ မြတ်စွာဘုရား။ သစ္စကထနမတ္တေန၊ မှန်သော စကားကို ဆိုကာမျှဖြင့်ရင်း။ ကောပ၊ အမျက်ထွက်ခြင်းကို။ နိဗ္ဗာန မတ္တေန၊ ငြိမ်းစေကာမျှဖြင့်ရင်း။ အတိပ္ပရိတ္တကေန၊အနည်းမျှသော။ တိမ္ဗရုသကာဒိဒါနမတ္တေန၊တည်သီး အစရှိသော အလှူမျှဖြင့်။ ဒိဗ္ဗသမ္ပတ္တိံ။ နတ်၏ စည်းစိမ်ချမ်းသာကို။ လဒ္ဓုံ၊ ရခြင်းငှါ။ သက္ကာနုခေါ၊ တတ်နိုင်အံ့လော။ ဣတိ၊ ဤသို့။ အပုစ္ဆိ၊ နှားတော်လျှောက်၏။ မောဂ္ဂလာန၊ ချစ်သားမောဂ္ဂလာန်။ ကသ္မာ၊ အဘယ်ကြောင့်။ မံ၊ ငါဘုရား[ကို]။ ပုစ္ဆသိ၊မေးလျှောက်ဘိသနည်း။ တေ၊သင်အား။ ဒေဝတာဟိ၊ နတ်သွီးကိုသည်။ အယံ အတ္တော၊ဤသို့ အနည်းငယ်မျှ ကောင်းမှုကြောင့် နတ်ပြည်သို့ ရောက်ကြောင်းကို။ ကထိတောနနုံ၊ ဆိုလေပြီး မဟုတ်လော။ ဣတိ၊ဤသို့။ အာဟ၊ မိန့်တော်မူ၏။ ဘန္တေ၊မြတ်စွာဘုရား။ အာမ၊ ဩော်—ဆိုသည်မှန်ပါ၏။ တွေ့ကေန၊ ဤအနည်းငယ်သော ကောင်းမှုကြောင့်။ ဒိဗ္ဗသမ္ပတ္တိ၊ နတ်၏စည်းစိမ်ကို။ လဗ္ဘတိမည၊ ရကောင်းအံ့လော့။ ဣတိ၊ဤသို့။ အဝေါစ၊ နှားတော်လျှောက်၏။ အထခေါ၊ထိုအခါ၌။ နံ၊ ထိုအရှင်မောဂ္ဂလာန်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ မောဂ္ဂလာန၊ ချစ်သားမောဂ္ဂလာန်။ သစ္စမတ္တံ၊ မှန်သောစကားကို။ ကထေတွာပိ၊ ဆိုသောကြောင့်ရင်း။ ကောပမတ္တံ၊ အမျက်ထွက်ခြင်းမျှကို။ ဇဟိတွာပိ၊ စွန့်သော

ကြောင့်ရှင်း။ ပရိတ္တကံ၊ အနည်းငယ်မျှသော။ ဒါနံ၊အလှူကို။ ဒတွာပိ၊ ပေးလှူရ သောကြောင့်ရှင်း။ ဒေဝလောကံ၊နတ်ပြည်သို့။ ဂစ္ဆတိယေဝါတိ၊ ရောက်လေသည် သာလျှင်တည်းဟု။ ဝတွာ၊ မိန့်တော်မူပြီး၍။ သစ္စံဘဏေ နကုဇ္ဈေယျ။ လ။ ဂစ္ဆေ ဒေဝါန သန္တိကေတိ၊ဂစ္ဆေ ဒေဝါန သန္တိကေ-ဟူသော။ဣမံဂါထံ၊ ဤဂါထာ ကို။ အာဟ၊ ဟောတော်မူ၏။

၂၂၄။ ၊မောဂ္ဂလ္လာန၊ မောဂ္ဂလ္လာန်။ သစ္စံ၊ အမှန်ကို။ ဘဏေ၊ဆိုရာ၏။ နကုဇ္ဈေ၊သူတပါးအား အမျက်မထွက်ရာ။ ယာစိတော၊ သီလဝန္တရဟန်း စသော သူတို့သည် တောင်းအပ်သော ဒါယကာသည်။ အပ္ပံပိ၊ အနည်းငယ်မျှကိုလည်း။ ဒဇ္ဇာ၊ လှူရာ၏။ ဧတေဟိ တီဟိ ဌာနေဟိ၊ ဤသုံးပါးသော အကြောင်းတို့ဖြင့် ဒေဝါနံ၊နတ်တို့၏။ သန္တိကေ၊ အထံသို့။ဂစ္ဆေ၊ ရောက်ရာ၏။

တတ္ထ၊ထိုဂါထာ၌။ သစ္စံ ဘဏေတိ၊ ကား။ သစ္စံမှန်သောစကားကို၊ ဒီပေယျ၊ ပြရာ၏။ ဝေါဟာရေယျ၊ ဆိုရာ၏။ သစ္စေ၊ မှန်သော စကား၌။ ပတိဋ္ဌဟေယျ၊ တည်ရာ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။ န ကုဇ္ဈေယျာတိ၊ ကား။ ပရဿ၊ သူတပါးအား။ န ကုဇ္ဈေယျ၊ အမျက်မထွက်ရာ။ ယာစိတောတိ၊ ကား။ ယာစကာ နာမ၊ သူတော်တောင်းယာစကာ မည်သည်ကား။ သီလဝန္တော၊ သီလရှိကုန်သော။ ပဗ္ဗဇိတာ၊ ရဟန်းတို့တည်း။ တေဟိ၊ထိုရဟန်းတို့သည်။ ကိဉ္စာပိ၊ တစုံဘခုမျှကိုလည်း။ ဒေထာတိ၊ ပေးလှူပါလော့ဟု။ အယာစိတွာဝ၊ နှုတ်မြွက်၍ မတောင်းသော်လည်း။ ဃရဒွါရေ၊အိမ်တံခါး၌၊ တိဋ္ဌန္တိ၊ရပ်ကုန်၏။အတ္ထတော ပန၊ အနက်အားဖြင့်ကား။ ယာစန္တိယေဝ နာမ၊ တောင်းသည်ပင်မည်၏။ ဇေ၀၊ ဤသို့။ သီလဝန္တေဟိ၊ သီလရှိသော ရဟန်းတို့သည်။ ယာစိတော၊ အလှူခံသည်ရှိသော်။ အပ္ပသ္မိံ၊ အနည်းငယ်မျှသော။ ဒေယျဓမ္မေ၊ ပေးလှူအပ်သော ဝတ္ထုသည်။ ဝိဇ္ဇမာနေပိ၊ရှိသည်ရှိသော်။ အပ္ပမတ္တကံပိ၊ အနည်းငယ်မျှကိုသော်လည်း။ ဒဒေယျ၊ ပေးလှူရာ၏။ ဧတေဟိ တီဟီတိ၊ ဟိဟူသည်ကား။ ဧတေသု၊ ထိုသုံးပါးတို့တွင်။ ဧကေနပိ ကာရဏေန၊ တပါးပါးသောအကြောင်းကြောင့်လည်း။ ဒေဝလောကံ၊ နတ်ပြည်သို့။ဂစ္ဆေယျ၊ ရောက်ရာ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက် တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာသော သူတို့ သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်လေကုန်၏။

တေတ္တိံသော။မဟာမောဂ္ဂလ္လာနတ္ထေရပဥ္စဝတ္ထု၊သည်။
ဣတိ သမတ္တံ၊ပြီးပြီ၊

## ၁၇-ကောဓဝဂ္ဂ။ ၅-ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု။

(အရှင်မောဂ္ဂလာန်၏ နတ်ပြည်သို့ ဒေသစာရီ ကြွကြောင်းဝတ္ထု၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ ဗုဒ္ဓပိတု ပုဏ္ဏားဓါ်ဝတ္ထု၌ ဟောရာဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အဟိံသကာယာ" အစရှိသောပါဌ်ကို မိန့်တော်မူ၏)။

အဟိံသကာယာ"တိ ဣမံ ဓမ္မဒေသနံ၊ အဟိံသကာယာ အစရှိသော ဤဓမ္မဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သာကေတံ၊ သာကေတပြည်ကို။ နိဿာယ၊ ဆွမ်းခံအမှီပြု၍။ အဉ္ဇနဝနေ၊ အဉ္ဇနမည်သော တောအုပ်၌။ "မျက်စဉ်းတော"လည်းဟူ။ တနည်း။ "အဉ္ဇနမည်သောဆင်သည် စောင့်အပ်သောတော၌"။ (ကြိုက်ရာပေး)။ ဝိဟရန္တော၊ နေတော်မူလျက်။ ဘိက္ခုဟိ၊ ရဟန်းတို့သည်။ ပုဋ္ဌံ၊ မေးလျှောက်သောပြဿနာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ကိံရ၊ ကြားရဘူးသည်ကား။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဘိက္ခု သံဃပရိဝုတဿ၊ ရဟန်းသံဃာအပေါင်းခြံရံလျက်။ သာကေတံ၊ သာကေတပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပဝိသနကာလေ၊ ဝင်တော်မူသောအခါ၌။ ဧကော၊ တယောက်သော။ သာကေတဝါသီ၊ သာကေတပြည်၌ နေသော။ မဟလ္လက ဗြာဟ္မဏော၊ ပုဏ္ဏား ကြီးတယောက်သည်။ နဂရတော၊ သာကေတပြည်မှ။ နိက္ခမန္တော၊ ထွက်သည်ရှိသော်။ အန္တရဒွါရေ၊ မြို့တံခါးအကြား၌။ ဒသဗလံ၊ ဉာဏ်တော်ဆယ်ပါး အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။ ပါဒေသု၊ ခြေတော်တို့၌။ ပတိတွာ၊ ဝပ်၍၊ ဂေါပ္ဖကေသု၊ ဖမျက်တို့၌။ ဒဠှံ၊ မြဲစွာ။ ဂဟေတွာ၊ ဘက်၍။ တာတ၊ ချစ်သား။ ပုတ္တေဟိ၊ သားတို့သည်။ ဇိဏ္ဏကာလေ၊ အိုမင်းသောကာလ၌။ မာတာပိတရော၊ အမိအဘတို့ကို။ ပဋိဇဂ္ဂိတဗ္ဗာနနုနာမ၊ စောင့်ရှောက် လုပ်ကျွေးအပ်၏ မဟုတ်တုံလော။ ကသ္မာ၊ အဘယ်ကြောင့်။ တွေကံ ကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ အမှာကံ၊ ငါတို့အား။ အတ္တာနံ၊ ကိုယ်ကို။ နဒဿေသိ၊ မပြဘိသနည်း။ မယာ၊ ငါသည်။ တာဝ၊ ရှေးဦးစွာ။ ဒိဋ္ဌောသိ၊ မြင်အပ်သည်ဖြစ်ပြီ။ မာတရံပိ၊ အမိကိုလည်း။ ပဿိတုံ၊ ဖူးမြင်စေခြင်းငှာ။ ဧဟိတိ၊ ကြွပါလော့ဟု။ သတ္ထာရံ၊ မြတ်စွာဘုရားသည်။ ဂဟေတွာ၊ ပင့်ခေါ်၍။ အတ္တနော ဂေဟံ၊ မိမိအိမ်သို့။ အဂမာသိ၊ သွား၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တတ္ထ၊ ထိုအိမ်သို့။ ဂန္တွာ၊ သွား၍။ ပညတ္တေအာသနေ၊ ခင်းထားအပ်သောနေရာ၌။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာနှင့်။ သဒ္ဓိံ၊ တကွ။ နိသီဒိ၊ နေတော်မူ၏။ ဗြာဟ္မဏီပိ၊ ပုဏ္ဏေးသည်လည်း။ အာဂန္တွာ၊ လာ၍။ သတ္ထုပါဒေသု၊ ဘုရား ခြေတော်တို့၌။

ပတိတွာ၊ ဝပ်၍။ တာတ၊ ချစ်သား။ တွေကံကာလံ၊ ဤမျှလောက်သော ကာလ တိုင်အောင်။ ကုဟိံ ဂတောသိ၊ အဘယ်အရပ်သို့ ကြွသနည်း။ မဟလ္လကကာလေ၊ အိုမင်းကုန်သော ကာလ၌။ မာတာပိတရော၊ မိဘတို့ကို။ ဥပဋ္ဌာဘဗ္ဗာနနုနာမ၊ လုပ်ကျွေးအပ်ပါ၏ မဟုတ်တုံလော။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ပုတ္တဓီတရော၊ သားသမီးတို့ကို။ ထေ၊ လာကုန်လော့။ ဘာတရံ၊ အစ်ကိုကို။ ဝန္ဒထ၊ ရှိခိုးကုန်လော့။ ဣတိ၊ ဤသို့ဆို၍။ ဝန္ဒာပေသိ၊ ရှိခိုးစေ၏။ တေဥဘောပိ၊ ထို ပုဏ္ဏား ပုဏ္ဏေးမ နှစ်ယောက်တို့သည်လည်း။ တုဋ္ဌမာနသာ၊ နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ ပရိဝိသိတွာ၊ ဆွမ်းလုပ် ကျွေး၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမေဝ၊ ဤအိမ်၌သာလျှင်။ နိဗဒ္ဓံ၊ မပြတ်။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါလော့။ ဣတိဝတွာ၊ ဤသို့လျှောက်သောကြောင့်။ ဗုဒ္ဓါနာမ၊ ဘုရားတို့မည်သည်ကား။ ဧကဋ္ဌာနေယေဝ၊ တခုသော အရပ်၌သာလျှင်။ နိဗဒ္ဓံ၊ အမြဲ၊ ဘိက္ခံ၊ ဆွမ်းကို။ နဂဏှန္တိ၊ မခံကုန်။ ဣတိဝုတ္တေ၊ ဤသို့ မိန့်တော် မူသည်ရှိသော်။ တေနဟိ၊ ထိုသို့တပြီးကား။ ဘန္တေ၊ အရှင်ဘုရား။ ယေ၊ အကြင် သူတို့သည်။ ဝေါ၊ အရှင်ဘုရားတို့ကို။ နိမန္တေတုံ၊ ဘိတ်ခြင်းငှာ၊ အာဂစ္ဆန္တိ၊ လာကုန်၏။ တေ၊ ထိုသူတို့ကို။ အမှာကံသန္တိကေ၊ ငါတို့အိမ်သို့။ ပဟိဏေယျ၊ စေလွှတ်ပါလော့။ ဣတိအာဟံသု၊ ဤသို့ လျှောက် ကုန် ၏။ သတ္ထာ၊ မြတ်စွာ ဘုရားသည်။ တတောပဋ္ဌာယ၊ ထိုနေ့မှစ၍။ နိမန္တေတုံ၊ ဘိတ်ခြင်းငှာ။ အာဂတေ၊ လာကုန်သော သူတို့ကို။ ဂန္တွာ၊ သွား၍။ဗြာဟ္မဏဿ၊ ပုဏ္ဏားအား။ အာရောစေထ၊ ကြားကုန်လော့။ ဣတိပေသေသိ၊ ဤသို့စေ၏။တေ၊ ထိုသူတို့သည်။ ဂန္တွာ၊သွား၍။ မယံ၊ ငါတို့သည်။ သွေတနာယ၊ နက်ဖြန် ကောင်းမှုအကျိုးငှာ။ သတ္ထာရံ၊ မြတ်စွာ ဘုရားကို။ နိမန္တေမ၊ ဘိတ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို။ ဝဒန္တိ၊ ဆိုကုန်၏။ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ပုနဒိဝသေ၊မိုးသောက်သောနေ့၌။ အတ္တနော ဂေဟတော၊ မိမိအိမ်မှ။ဘတ္တဘာဇနသုပေယျ ဘာဇနာနိ၊ ဆွမ်းအိုးဟင်းအိုးတို့ကို။ အာဒါယ၊ ယူ၍။ သတ္ထု၊ မြတ်စွာဘုရား၏။ နိသီဒနဋ္ဌာနံ၊ နေရာအရပ်သို့။ ဂစ္ဆတိ၊ သွား၏။ အညတြပန၊ တပါးသော အရပ်၌ကား။ နိမန္တနေ၊ ဘိတ်သူသည်။ အသတိ၊ မရှိသော်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗြာဟ္မဏဿေဝ၊ ပုဏ္ဏား၏ သာလျှင်။ ဂေဟေ၊ အိမ်၌။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကရောတိ၊ ပြု၏။ တေဥဘောပိ၊ ထိုနှစ်ယောက်သော သူတို့သည်လည်း။ အတ္တနော ဒေယျဓမ္မံ၊ မိမိ၏ လှူဘွယ်ဝတ္ထုကို။ နိစ္စကာလံ၊ အခါခပ်သိမ်း။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဒေန္တာ၊ လှူကုန်လျက်။ ဓမ္မကထံ၊ တရားစကားကို။ သုဏန္တာ၊ နာကုန်လျက်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဘိက္ခူ၊ ရဟန်း

တို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ကထံ သမုဋ္ဌာပေသုံ၊စကားပြောဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဗြဟ္မဏော၊ ပုဏ္ဏားသည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ပိတာ၊ အတကား။ သုဒ္ဓေါဒနော၊ သုဒ္ဓေါဒနမည်၏။ မာတာ၊ မယ်တော်သည်။ မဟာမာယာ၊ မဟာမာယာမည်၏။ ဣတိဇာနာတိ၊ ဤသို့သိ၏။ ဇာနန္တောဝ၊ သိလျက်လျှင်။ ဗြာဟ္မဏီယာ၊ ပုဏ္ဏေးမနှင့်။ သဒ္ဓိံ၊ တကွ။ တထာဂတံ၊ မြတ်စွာဘုရားကို။ အမှာကံပုတ္တောတိ၊ ငါတို့သားဟူ၍။ ဝဒတိ၊ ဆို၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ တထေဝ၊ ထိုသူတို့ ဆိုတိုင်းသာလျှင်။ အဓိဝါသေသိ၊ သည်းခံ၏။ကာရဏံ၊အကြောင်းကား။ကိံ နုခေါ၊ အဘယ်နည်း။ဣတိသမုဋ္ဌာပေသုံ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥဘောပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ တေ၊ ထိုပုဏ္ဏားမောင်နှံတို့သည်။အတ္တနော၊ မိမိ၏။ပုတ္တမေဝ၊ သားကိုသာလျှင်။ ပုတ္တောတိ၊ သားဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိ၊ ဆောင်တော်မူ၏။ အတီတေ၊ လွန်လေပြီးသောအခါ၌။ဘိက္ခဝေ၊ ရဟန်းတို့။ အယံဗြာဟ္မဏော၊ ဤပုဏ္ဏားသည်။ နိရန္တရံ၊ မပြတ်။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ မယှံ၊ ငါ၏။ ပိတာ၊ အဘသည်။အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ စူဠပိတာ၊ ဘထွေးသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ မဟာပိတာ၊ ဘကြီးသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ သာပိဗြာဟ္မဏီ၊ ထိုပုဏ္ဏေးမသည်လည်း။ နိရန္တရမေဝ၊ မပြတ်သာလျှင်။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။မေမာတာ၊ ငါ့အမိသည်။အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ စူဠမာတာ၊ မိထွေးသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ မဟာမာတာ၊ မိကြီးသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ဧဝံ၊ ဤသို့။ အဟံ၊ ငါသည်။ ဒိယဍ္ဎဇာတိ သဟဿံ၊ ဘဝတထောင့်ငါးရာတို့ပတ်လုံး။ ဗြာဟ္မဏဿ၊ ပုဏ္ဏား၏။ ဟတ္ထေ၊ လက်၌။ သံဝဍ္ဎော၊ ကြီးခဲ့ဘူး၏။ ဒိယဍ္ဎဇာတိသဟဿံ၊ ဘဝတထောင့်ငါးရာတို့ပတ်လုံး။ ဗြာဟ္မဏိယာ၊ ပုဏ္ဏေးမ၏။ ဟတ္ထေ၊ လက်၌။ သံဝဍ္ဎော၊ နို့ရည်ကျွေး၍ ကြီးခဲ့ဘူး၏၊ ဣတိ၊ ဤသို့။ တီဏိဇာတိသဟဿာနိ၊ ဘဝ သုံးထောင်တို့ပတ်လုံး။ တေသံ၊ ထိုပုဏ္ဏားအို သို့မခင်ပွန်းတို့၏။ ပုတ္တဘာဝံ၊ သား၏အဖြစ်ကို။ ဒဿေတွာ၊ ပြ၍။ ဣမာဂါထာ၊ ဤဂါထာကို။ အဘာသိ၊ ဟောတော်မူ၏။

ဘိက္ခဝေ ရဟန်းတို့။ ယသ္မိံ၊ အကြင်ပုဂ္ဂိုလ်၌။ မနောနိဝိသတိ၊ နှလုံးအကျွမ်းဝင်၏။ စိတ္တဥ္စာပိ၊ စိတ်သည်လည်း။ ပသီဒတိ၊ ကြည်ညို၏။ အဒိဋ္ဌပုဗ္ဗကာ၊ ရှေးက

မမြင်ခဲ့ဘူးသော။ တသ္မိံ ပိုပေါသော၊ ထိုပုဂ္ဂိုလ်၌လည်း ကာမံ၊ ခင်စစ်။ ဝိသာသော၊ အကျွမ်းဝင်ရာ၏။

ပုဗ္ဗေဝ၊ ရှေးဘဝ၌သာလျှင်။ သန္နိဝါသေန၊ အတူတကွ၊ ပေါင်းဖော်ဘူးသဖြင့်ရင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ အစီးအပွားကို ဆောင်သဖြင့်ရင်း။ ဧဝံ ဣဒမေဟိကာရဏေဟိ၊ ဤနှစ်ပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းတို့ကြောင့်။ ဥဒကေ၊ ရေ၌။ ဥပ္ပလံ၊ ကြာသည်။ ဇာယတေယထာ၊ ကဲ့သို့လျှင်။ တံပေမံ၊ ထိုချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏၊

သတ္ထာ၊ မြတ်စွာဘုရားသည်။ တေမာသမေဝ၊ သုံးလပတ်လုံးလျှင်။ တံကုလံ၊ ထိုပုဏ္ဏားအမျိုးကို။ နိဿာယ၊ မှီ၍။ ဝိဟာသိ၊ နေတော်မူ၏။ တေဥဘောပိ၊ ထိုပုဏ္ဏားမောင်နှံ နှစ်ယောက်တို့သည်လည်း။ အရဟတ္တံ၊အရဟတ္တဖိုလ်ကို။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပရိနိဗ္ဗာယိံသု၊ ပရိနိဗ္ဗာန်ပြုကုန်၏။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုနှစ်ယောက်သော သိမ်းခင်ပွန်းတို့အား။ မဟာသက္ကာရံ၊ များစွာသော ပူဇော်သက္ကာကို။ ကတွာ၊ ပြု၍၊ ဥဘောပိ၊ နှစ်ယောက်သော သူတို့ကိုလည်း။ ဧကကူဋာဂါရမေဝ၊ တခုသော အထွဋ်ရှိသောတလား ၌သာလျှင်။ အာရောပေတွာ၊ တင်၍။ နီဟရိံသု၊ ဆောင်ကုန်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ပဉ္စသတဘိက္ခုပရိဝါရော၊ ငါးရာသော ရဟန်းအပေါင်း ခြံရံလျက်။ တေဟိ၊ ထိုရဟန်းတို့နှင့်။သဒ္ဓိံ ယေဝ၊တကွသာလျှင်။ အာဠဟနံ၊ သင်းချိုင်းသုသာန်သို့။ အဂမာသိ၊ အသုဘရှု ကြွတော်မူ၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရား တို့၏။ မာတာပိတရောတိ၊ မယ်တော် ခမည်းတော်တို့ဘည်းဟု။ မဟာဇနော၊ လူများအပေါင်းသည်။ နိက္ခမိ ကိရ၊ ထွက်သတတ်။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ အာဠဟနသမီပေ၊ သင်းချိုင်း၏အနီး၌။ ဧကံ သာလံ၊ တဆောင်သော စရပ်သို့။ ပဝိသိတွာ၊ ဝင်၍။ အဋ္ဌာသိ၊ နေတော်မူ၏။ မနုဿာ၊လူတို့သည်။ သတ္ထာရံ၊မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တေ၊ တင့်အပ်သော အရပ်၌။ ဌတွာ၊ ရပ်၍။ဘန္တေ၊ အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရားတို့သည်။ မာတာပိတရော၊ အမိအဘတို့သည်။ ကာလင်္ကတာတိ၊ စုတေကုန်၏ဟု။ မာစိန္တယိတ္ထ၊ စိုးရိမ်တော်မမူပါလင့်။ ဣတိ၊ဤသို့။ သတ္ထာရာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊တကွ။ပဋိသန္ထာရံ၊ခမ္မပဋိသန္ထာရကို။ ကရောန္တိ၊ ပြုကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေါ၊ သင်တို့သည်။ဧဝံ၊ ဤသို့။ မာအဝစုတ္ထ၊ မဆိုလင့်ကုန်။ ဣတိ၊ ဤသို့။ အပဋိက္ခိပိတွာ၊ မပယ်မူ၍။ ပရိသာယ၊ ပရိသတ်၏။ အာသယံ၊ အလိုဟူသော အာသယကို။ ဩလောကေတွာ၊ ကြည့်၍။ တံခဏာရူပံ၊ ထိုခဏနှင့် လျော်စွာ။ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာ ဘုရားသည်။

ဥပါသကာ၊ ဒါယကာတို့။ ဣဒံ ဇီဝိတံ၊ ဤလူတို့၏ အသက်သည်။ အပ္ပံ ဝတ၊ နည်းစွတကား။ ဩရံ ဝဿသတာပိ၊ အနှစ်တရာအောက်ယုတ်သော အသက် ရှည်သည် ဖြစ်၍လည်း။ မီယတိ၊ သေရ၏။ ယော၊ အကြင်သူသည်။ စေပိ၊ အကယ် ၍လည်း။ အတိစ္စ ဇီဝတိ၊ အနှစ်တရာထက် အလွန် အသက်ရှည်အံ့။ အထပိ၊ ထိုသို့ အနှစ်တရာကိုလွန်၍ အသက်ရှည်သော်လည်း။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဇရာယပိ၊ အိုခြင်းကြောင့်လည်း။ မီယတိ၊ သေရ၏။

ဣတိဣဒံ ဇရာသုတ္တံ၊ ဤဇရာသုတ္တန်ကို။ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာ ဝသာနေ၊ ဒေသနာတော် အဆုံး၌။ စတုရာသီတိယာ ပါဏသဟဿာနံ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးတရားကို သိသည်၊ အဟောသိ၊ ဖြစ်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဗြာဟ္မဏာသစ၊ ပုဏ္ဏားအိုရင်း။ ဗြာဟ္မဏိယာစ၊ ပုဏ္ဏေးမအိုရင်း။ ပရိနိဗ္ဗုတဘာဝံ၊ ပရိနိဗ္ဗာန်ပြုသည်၏ အဖြစ်ကို။ အဇာနန္တာ၊ မသိခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ တေသံ၊ ထိုပုဏ္ဏား ပုဏ္ဏေးမ တို့၏။ အဘိသမ္ပရာယော၊ တမလွန်ဘဝသို့ လားခြင်းသည်။ ကော၊ အဘယ်နည်း။ ဣတိ ပုစ္ဆိံသု၊ ဤသို့ မေးကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝရူပါနံ၊ ဤသို့ သဘောရှိကုန်သော။ အသေခမုနီနံ၊ အသေခရဟန်း တို့၏။ အဘိသမ္ပရာယောနာမ၊ တမလွန်ဘဝသို့ လားခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကား သင့်စွ။ ဧဝရူပါ၊ ဤသို့သဘောရှိသော သူတို့သည်။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ အမတံ၊ သေခြင်းကင်းသော၊ မဟာနိဗ္ဗာနမေဝ၊ မြတ်သော နိဗ္ဗာန်သို့သာလျှင်။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣညဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ အဟိံသကာယာ မုနယောတျာဒိ၊ မုနယော စသော ဤ ဂါထာကို။ အာဟ၊ ဆို၏။

၂၂၅။ ။ဘိက္ခဝေ၊ တို့။ မုနယော၊ မောနေယျအကျင့်ဖြင့် မဂ်ဖိုလ်သို့ ရောက် ကုန်သော အသေခ ရဟန်းတို့သည်။ အဟိံသကာယာ၊ မညှဥ်းဆဲတတ်သော ကိုယ်ရှိကုန်သည် ဖြစ်၍။ နိစ္စံ၊ အမြဲ။ ကာယေန၊ ကာယဒွါရဖြင့်။ သံဝုတာ၊ စောင့်ရှောက် လုံခြုံကုန်သည်ဖြစ်၍။ ယတ္ထ၊ အကြင်နိဗ္ဗာန်အရပ်သို့။ ဂန္တွာ၊ သွား ကုန်၍။ န သောစရေ၊ မစိုးရိမ်ကုန်။ တေ၊ ထိုအသေခရဟန်းတို့သည်။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ တံ ဌာနံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ယန္တိ၊ ရောက်ကုန်၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ မုနယောတိ၊ မုနယော ဟူသည်ကား။ မောနေယျ ပဋိပဒါယ၊ မောနေယျအကျင့်ဖြင့်။ မဂ္ဂဖလပတ္တာ၊ မဂ်ဖိုလ်သို့ရောက်ကုန်သော။ အသေခ

မုနယော၊ ရဟန္တာဖြစ်သော မုနိတို့တည်း။ ကာယေနာတိ ဇတော်၊ ကာယေနဟူသော ဤပုဒ်သည်။ ဒေသနာမတ္တမေဝ၊ ဒေသနာမျှသည် သာ လျှင် တည်း။ တီဟိပိ ဒွါရေဟိ၊ သုံးပါးသောဒွါရတို့ဖြင့်လည်း။ သုသံဝုတာ၊ ကောင်းစွာ စောင့်ရှောက်ခြင်းရှိကုန်၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ အစ္စုတန္တိ၊ အစ္စုတံ ဟူသည်ကား။ သဿတံ၊ မြဲသော။ ဌာနန္တိ၊ ဌာနံ ဟူသည်ကား။ အကုပ္ပဋ္ဌာနံ၊ မပျက်သောအရပ်ဟု ဆိုအပ်သော။ ဓုဝဋ္ဌာနံ၊ မြဲစွာတည်သော အရပ်တည်း။ ယတ္ထာတိ၊ ယတ္ထဟူသည်ကား။ ယသ္မိံ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်သို့၊ ဂန္တွာ၊ ရောက်၍။ နသောစရေ နသောစန္တိ၊ မစိုးရိမ်ကြကုန်။ နဝိဟညန္တိ၊ မညည်းဆဲကုန်။ တံဌာနံ၊ ထိုအရပ်သို့။ ဂစ္ဆတိ၊ သွား၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဉ္စမံ၊ ငါးခုမြောက်သော။ ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု၊ ဝတ္ထုသည်။

ဣတိ သမတ္တံ၊ ပြီးပြီ။

## ၁၇-ကောဓဝဂ္ဂ။ ၆-ပုဏ္ဏာနာမရာဇဂဟသေဋ္ဌိဒါသိဝတ္ထု။

(ဗုဒ္ဓပိတုဗြာဟ္မဏဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ အိမ်ပြည့်ဝမည်သော ကျွန်မ၏ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည် "သဒါ ဇာဂရမာနာနံ" စသော ပါဌ်ကို မိန့်သတည်း။)

"သဒါ ဇာဂရမာနာန" န္တိ ဣဒံ ဓမ္မဒေသနံ၊ သဒါ ဇာဂရမာနာနံ- စသော ဤတရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ်၌ တောင်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ရာဇဂဟသေဋ္ဌိနော၊ ရာဇဂြိုဟ်သူဌေးကြီး၏။ ပုဏ္ဏာနာမဒါသိံ၊ အိမ်ပြည့်ဝ အမည်ရှိသော ကျွန်မကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ကေဒိဝသံ၊ တနေ့သ၌။ တဿာ၊ ထိုအိမ်ပြည့်ဝအား။ ဗဟုဝီဟိံ၊ များစွာသောစပါးကို။ ကောဋ္ဋနတ္ထာယ၊ ထောင်းစိမ့်သောငှာ။ အဒံသုကိရ၊ ပေးကုန်သတတ်။ သာ၊ ထိုအိမ်ပြည့်ဝသည်၊ ရတ္တိံပိ၊ ညဥ့်၌လည်း။ ဒီပံ ဇာလေတွာ၊ မီးထွန်း၍။ ဝီဟိံ ကောဋ္ဋေန္တီ၊ စပါးထောင်းရသည်ရှိသော်။ ဝိဿမနတ္ထာယ၊ အမောအပန်းဖြေခြင်းငှာ။ သေဒတိန္တေန ဂတ္တေန၊ ချွေးထွက်သောကိုယ်ဖြင့်။ ဗဟိဝါတေ၊ အပ လေညင်းလာရာ၌။ အဋ္ဌာသိ၊ နေ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ မလ္လပုတ္တော၊ မလ္လာမင်း၏သားဖြစ်သော။ ဒဗ္ဗော၊

အရှင်ဒဗ္ဗသည်။ ဘိက္ခုနှံ၊ ရဟန်းတို့၏။ သေနာသနပညာပကော၊ အိပ်ရာနေရာခင်း သည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုရှင်ဒဗ္ဗသည်။ ဓမ္မသဝနံသုတွာ၊ တရားနာပြီး၍။ အတ္တနော အတ္တနော၊ မိမိမိမိ၏။ သေနာသနံ၊ ကျောင်းသို့။ ဂစ္ဆာန္တာနံ၊ သွားကုန်သော။ ဘိက္ခုနံ၊ ရဟန်းတို့အား။ အင်္ဂုလိဇာလေ့တွာ။ လက်ညှိုးကို မီးတိုင်ကဲ့သို့ ညှိ၍။ ပုရတော ပုရတော၊ ရှေးကရှေးက။ ဂစ္ဆန္တော၊ သွားလျက်။ ဘိက္ခုနံ၊ ရဟန်းတို့ကို။ မဂ္ဂဒေသနတ္ထာယ၊ ခရီးညွှန်ပြခြင်းအကျိုးငှါ။ အာလောကံ၊ အလင်းကို။ နိမ္မိနိ၊ ဖန်ဆင်း၏။ ပုထုဇ္ဇနာ၊ အိမ်ပြည့်ဝသည်၊ ပေနာသောကေန၊ ထိုအလင်းဖြင့်။ ဝိစရန္တော၊ သွားကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ၊ ဘိက္ခူ၊ တို့ကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ တာဝ၊ ရှေးဦးစွာ။ အတ္တနော ဒုက္ခေန၊ မိမိဆင်းရဲခြင်းဖြင့်။ ဥပ္ပဒ္ဒုတာယ၊ နှိပ်စက်ခြင်းရှိသည်ဖြစ်၍။ ဣမာယ ဝေလာယပိ၊ ဤအခါ၌လည်း။ နိဒ္ဒံ၊ အိပ်ခြင်းသို့။ နဥပေမိ၊ မကပ်ရ၊ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ကိံကာရဏာ၊ အဘယ်ကြောင့်။ န နိဒ္ဒါယန္တိ၊ မအိပ်ကုန်သနည်း။ ဣတိစိန္တေတွာ၊ ဤသို့ကြံပြီး၍။ အဒ္ဒါ၊ မချွတ်။ ကေဿ ဘိက္ခုနော၊ တယောက်သောရဟန်း၏။ အဖာသုကံဝါ၊ မချမ်းသာခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒီဃဇာတိကေပိ၊ မြွေခဲခြင်းတို့ကြောင့်။ ဥပ္ပဒ္ဒဝေါဝါ၊ ဘေးရန်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိသညံ ကတွာ၊ ဤသို့အမှတ်ကိုပြု၍။ ပါတောဝ၊ စောစောကြီးကလျှင်။ ကုဋ္ဌကံ၊ ဆန်ကွဲမှုံကို။ အာဒါယ၊ ယူ၍။ ဥဒကေန၊ ရေဖြင့်။ တေမေတွာ၊ စွတ်၍။ ဟတ္ထတလေ၊ လက်ဝါးပြင်၌။ ပူဝံကတွာ၊ မုံ့ကဲ့သို့ပြုး၍။ အင်္ဂါရေသု၊ မီးကျိုးတို့၌။ ပစိတွာ၊ ကင်၍။ ဥစ္ဆင်္ဂေကတွာ၊ ခါးပိုက်၌ ညှပ်သည်ကိုပြု၍။ တိတ္ထမဂ္ဂေ၊ ရေဆိပ်ခရီး၌။ ခါဒိဿာမိတိ၊ စားအံ့ဟူ၍။ ဃဋံ အာဒါယ၊ ရေခပ်အိုးကိုယူလျက်။ တိတ္ထာဘိမုခီ၊ ရေဆိပ်သို့ ရှေးရှု။ ပါယာသိ၊ သွား၏။

သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသိတုံ၊ ဝင်ခြင်းငှါ။ တမေဝမဂ္ဂံ၊ ထိုခရီးသို့သာလျှင်။ ပဋိပဇ္ဇိ၊ ကြွတော်မူ၏။ သာ၊ ထိုအိမ်ပြည့်ဝသည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဒိသွာ၊ မြင်၍။ စိန္တေတွာ၊ ကြံ၍။ အညေသု ဒိဝသေသု၊ တပါးသော နေ့တို့၌။ သတ္ထရိ၊ မြတ်စွာဘုရားကို။ ဒိဋ္ဌေပိ၊ မြင်သော်လည်း။ မမ၊ ငါ့အား။ ဒေယျဓမ္မော၊ လှူဘွယ်ဝတ္ထုသည်။ သတိ၊ ရှိသော်၊ သတ္ထာရံ၊ မြတ်စွာဘုရားကို။ န ပဿာမိ၊ မမြင်။ ဣဒါနိပန၊ ယခုမူကား။ မေ၊ အား။ ဒေယျဓမ္မောပိစ၊ လှူဘွယ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သတ္ထာစ၊ မြတ်စွာဘုရားကိုလည်း။ သံမုခီဘူတော၊ မျက်မှောက်ဖြစ်လျက်။

ပဿာမိ၊မြင်၏။ လူခံဝါတိ၊ကြမ်း၏ဟူ၍ရင်း။ ပဏီတံဝါတိ၊ မွန်မြတ်၏ဟူ၍ရင်း။ အစိန္တေတွာ၊ မကြံဘဲ။ သစေဂဏှေယျ၊ အကယ်၍အလှူခံပါမူကား၊ အဟံ၊ ငါသည်။ ဣမံ ပူဝံ၊ဤမုံ့ကို။ဒဒေယျ၊ လှူရာ၏။ ဣတိစိန္တေတွာ၊ဤသို့ကြံ၍။ ဿင္ဘ၊ ရေခပ်အိုးကို၊ ဧကမန္တေ၊ တင့်အပ်သောအရပ်၌။ နိက္ခိပိတွာ၊ ချထား၍။သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ လူခံ၊ ခေါင်းပါးသော။ ဣမံ ဒါနံ၊ ဤမုံ့ဟူသောအလှူကို၊ ပဋိဂ္ဂဏှန္တာ၊ ခံတော်မူလျက်။ မမ၊ အကျွန်ုပ်အား။ သင်္ဂဟံ ကရောထ၊ သင်္ဂြိုဟ်ခြင်းကို ပြုပါကုန်လော့။ ဣတိ အဝေါစ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ ဩလောကေတွာ၊ ကြည့်၍။ တေန၊ ထိုအာနန္ဒာသည်။ နီဟာရိတွာ၊ ထုတ်၍။ မဟာရာဇဒတ္တိယံ၊စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် လှူအပ်သော၊ ပတ္တံ၊ သပိတ်တော်ကို။ဒိန္နံ၊ ကပ်အပ်၏။ ပတ္တံ၊ သပိတ်ကို။ ဥပနာမေတွာ၊ ညွတ်၍။ ပူဝံ၊မုံ့ကို။ဂဏှိ၊ခံတော်မူ၏။ ပုဏ္ဏာပိ၊ အိမ်ပြည့်သည်လည်း။ တံ၊ထိုမုံ့ကို။သတ္ထု၊ မြတ်စွာဘုရား၏။ပတ္တေ၊ သပိတ်၌။ ပတိဋ္ဌာပေတွာဝ၊ ထည့်၍သာလျှင်။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်၊ ဒိဋ္ဌဓမ္မာ ယေဝ၊ မြင်အပ်သောတရားရှိသည်သာလျှင်။ မေ၊ငါ့အား။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဧဝံဟောတူတိ၊ ဤသို့ တောင်းသည့်အတိုင်း ပြည့်စုံစေဟူ၍။ ဌိတကောဝ၊ ရပ်လျက်သာလျှင်။ အနုမောဒနံ၊ အနုမောဒနာကို။ အကာသိ၊ ပြုတော်မူ၏။ ပုဏ္ဏာပိ၊ အိမ်ပြည့်ဝသည်လည်း။ စိန္တေသိ၊ ကြံ၏။ မေ၊ ငါ့အား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သင်္ဂဟံ၊ချီးမြှောက်ခြင်းကို။ ကရောန္တော၊ လို၍။ ပူဝံ၊ မုံ့ကို။ ကိဉ္စာပိ ဂဏှိ၊ အကယ်၍ကား ခံတော်မူ၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ခံတော်မူသော်လည်း။ ဣဒံ၊ ဤမုံ့ကို။ န ခါဒိဿတိ၊ မဘုဉ်းပေးလတ္တံ့။ အဒ္ဓါ၊ မချွတ်။ပုရတော၊ ရှေ့မှ။ကာကဿဝါ၊ ကျီးအားရင်း။ သုနခဿဝါ၊ ခွေးအားရင်း။ ဒတွာ၊ ပေး၍။ ရညောဝါ၊ မင်း၏ရင်း။ ရာဇပုတ္တဿဝါ၊ မင်းသား၏ရင်း။ ဂေဟံ၊ အိမ်သို့။ဂန္တွာ၊ ကြွ၍။ပဏီတဘောဇနံ၊ မွန်မြတ်သောဘောဇဉ်ကို။ ဘုဉ္ဇိဿတိ၊ ဘုဉ်းပေးလတ္တံ့။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း၊ သော၊ ဤအိမ်ပြည့်ဝသည်။ ကိံ နုခေါ၊ အဘယ်သို့။ စိန္တေသိ၊ ကြံသနည်း။ ဣတိ၊ ဤသို့ ဆင်ခြင်တော်မူသည်ရှိသော်။ တဿာ၊ထိုအိမ်ပြည့်ဝ၏။ စိတ္တာစာရံ၊ စိတ်အကြံကို။ ဉတွာ၊ သိ၍။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။

ဩလောကေတွာ၊ ကြည့်၍။ နိသိဒနာကာရံ၊ နေအံ့သောအခြင်းအရာကို။ ဒဿေသိ၊ ပြ၏။ ထေရော၊ အာနန္ဒာမထေရ်သည်၊ စိတ္တံ၊ သက်န်းကို။ ပညာပေတွာ၊ ခင်း၍။ အဒါသိ၊ ကပ်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဗဟိ နဂရေယေဝ၊ မြို့ပ၌သာလျှင်။ နိသီဒိတွာ၊ နေ၍။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ အကာသိ၊ ပြုတော်မူ၏။ ဒေဝတာ၊ နတ်တို့သည်။ သကလစက္ကဝါဠဂဗ္ဘေ၊ အလုံးစုံသော စကြဝဠာတိုက်၌။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ဥပကပ္ပနကံ၊ သုံးဆောင်ခံစားအပ်သော။ ဩဇံ၊ ဩဇာကို။ မဓုပဋလံ ဝိယ၊ ပျားလဘိုကဲ့သို့။ ပီဠေတွာ၊ ညှစ်၍။ တတ္တ၊ ထိုဆန်ကွဲမုံ့၌။ ပက္ခိပိံသု၊ ထည့်ကုန်၏။ ပုဏ္ဏာပိ၊ အိမ်ပြည့်ဝသည်လည်း။ ဩလောကေန္တီ၊ ကြည့်လျက်။ အဋ္ဌာသိ၊ ရပ်၏။ ဘတ္တကိစ္စာဝသာနေ၊ ဆန်ကွဲမုံ့ကို ဘုဉ်းပေးပြီးသောအဆုံး၌၊ ထေရော၊ အရှင်အာနန္ဒာသည်။ ဥဒကံ၊ ကို။ အဒါသိ၊ ၏။ သတ္ထာ၊ သည်။ ကတဘတ္တကိစ္စော၊ ဆန်ကွဲမုံ့ဆွမ်းကို ဘုဉ်းပေးပြီးသော်။ ပုဏ္ဏံ၊ အိမ်ပြည့်ဝကို။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ ပုဏ္ဏေ၊ အိမ်ပြည့်ဝ။ ကသ္မာ၊ အဘယ်ကြောင့်။ တွံ၊ သင်သည်။ မေ သာဝကေ၊ ငါ့တပည့်တို့ကို။ ပရိဘာသတိ၊ ရေရွတ်ဘိသနည်း။ ဣတိ အာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ နပရိဘာသာမိ၊ မရေရွတ်ပါ။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ အထ၊ ထိုသို့ မရေရွတ်သည်ရှိသော်။ တယာ၊ သင်သည်။ မမ သာဝကေ၊ ငါ့တပည့်တို့ကို။ ဩလောကေတွာ၊ ကြည့်၍။ ကိံ၊ အဘယ်ကို။ ကထိတံ၊ ဆိုသနည်း။ ဣတိ အာဟ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တာဝ၊ ရှေးဦးစွာ။ ဣမိနာ ဒုက္ခုပ္ပဒ္ဒဝေန၊ ဤဆင်းရဲခြင်း နှိပ်စက်သဖြင့်။ နိဒ္ဒံ၊ အိပ်ခြင်းသို့။ နဥပေမိ၊ မကပ်ရ။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ နိဒ္ဒံ၊ အိပ်ခြင်းသို့။ နဥပေန္တိ၊ မကပ်ကုန်သနည်း။ အဒ္ဓါ၊ မချွတ်။ ကဿစိ၊ တစုံတယောက်သောရဟန်း၏။ အဖါသုကံဝါ၊ မချမ်းသာခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒီဃဇာတိကေန၊ မြွေမျိုး၌ဖြစ်သောသတ္တဝါကြောင့်။ ဥပဒ္ဒဝေါဝါ၊ ဘေးရန်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ စိန္တေသိံ၊ ဤမျှလောက်သောအခြင်းအရာကို။ မယာ၊ အကျွန်ုပ်သည်။ စိန္တိတန္တိ၊ အကြံဖြစ်အပ်၏ဟု။ ဝတွာ၊ လျှောက်သောကြောင့်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿာ၊ ထိုအိမ်ပြည့်ဝ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ပုဏ္ဏေ၊ ပုဏ္ဏာ။ တွံ၊ သင်သည်။ တာဝ၊ ရှေးဦးစွာ။ ဒုက္ခုပ္ပဒ္ဒဝေန၊ ဆင်းရဲခြင်းဥပဒ္ဒဝေါဖြင့်။ နနိဒ္ဒါယတိ၊ မအိပ်ရသည်ဖြစ်၏။ မမ သာဝကာ၊ ငါ့တပည့်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဇာဂရိယံ၊ နိုးချပ်ခြင်းနှင့်။ အနုယုတ္တတာယ၊ ယှဉ်သည်၏အဖြစ်ကြောင့်။ နနိဒ္ဒါယတိ၊ မအိပ်ရ။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၂၆။ ။ပုဏ္ဏော၊ ပုဏ္ဏ။ "အိမ်ပြည့်ဝလည်းဟူ"။ သဒ္ဓါ၊ အခါခပ်သိမ်း။ ဇာဂရမာနာနံ၊ နိုးကြားခြင်းလို့လကို မပြတ်ယှဉ်ကုန်သသော။ အဟောရတ္တာနုသိက္ခိနံ၊ ညဉ့်နေ့ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကုန်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အဓိမုတ္တာနံ၊ အလိုရှိကုန်သော သူတို့အား။ အာသဝါ၊ အာသဝေါတရားတို့သည်။ အတ္ထံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိအာဟ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အဟောရတ္တာနုသိက္ခိနန္တိ၊ သိက္ခိနံဟူသည်ကား။ ဒိဝါ စ၊ နေ့၌ရင်း။ ရတ္တိံ စ၊ ညဉ့်၌ရင်း။ တိဿော သိက္ခာ၊ သုံးပါးသော သိက္ခာတို့ကို။ သိက္ခမာနာနံ၊ ကျင့်ကုန်သော။ နိဗ္ဗာနံ အဓိမုတ္တာနန္တိ၊ နိဗ္ဗာနံ အဓိမုတ္တာနံဟူသည်ကား။ နိဗ္ဗာနဇ္ဈာသယာနံ၊ နိဗ္ဗာန်ကို အလိုရှိကုန်သော။ အတ္ထံ ဂစ္ဆန္တီတိ၊ ဂစ္ဆန္တိ ဟူသည်ကား။ ဧဝရူပါနံ၊ ဤသို့ သဘောရှိကုန်သော ပုဂ္ဂိုလ်တို့အား။ သဗ္ဗေပိ အာသဝါ၊ အလုံးစုံသော အာသဝေါတရားတို့သည်လည်း။ အတ္ထံ၊ ချုပ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ယထာဋ္ဌိတာဝ၊ ရပ်မြဲတိုင်းသာလျှင်။ ပုဏ္ဏာ။ အိမ်ပြည့်ဝသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ သမ္ပတ္တပရိသာယပိ၊ ရောက်လာသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ကုဏ္ဍကအင်္ဂါရပူဝေန၊ မီးကျီး၌ ကင်အပ်သော ဆန်ကွဲမုန့်ဖြင့်။ ဘတ္တကိစ္စံ ဆွမ်းစားခြင်းကိစ္စကို။ ကတွာ၊ ပြု၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ ကြွတော်မူ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံပိ၊ တရားသဘင်၌လည်း။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဟောကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပုဏ္ဏာယ၊ အိမ်ပြည့်ဝသည်။ ဒိန္နေန၊ လှူအပ်သော။ ကုဏ္ဍကအင်္ဂါရပူဝေန၊ မီးကျီး၌ ဖုတ်အပ်သော ဆန်ကွဲမုန့်ဖြင့်၊ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကရောန္တေန၊ ပြုသဖြင့်။ ဒုက္ကရံ၊ ပြုနိုင်ခဲသောအမှုကို၊ ကတံ၊ ပြုပေ၏။ ဣတိ သမုဋ္ဌာပေသုံ၊ ဤသို့ဟောပြောကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ လာတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုလာဆဲဖြစ်သောအခါ၌။ကာယကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးသော ကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း၊ မယာ၊ ငါဘုရားသည်။ ဣမာယ၊ ဤအိမ်ပြည့်ဝသည်။ ဒိန္နကုဏ္ဍကံ၊ ပေးအပ်သော ဆန်ကွဲကို။ ပရိဘုဉ္ဇမာ၊

သုံးဆောင်စားသောက်ဘူးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။

ဗာရာဏသိယံ၊ ဗာရာဏသီမြို့၌။ ပုဗ္ဗေ၊ ရှေးအခါ၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မည်သောမင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေန္တေ၊ ပြုစဉ်။ ဒါမ၊ ကုန်သည်တို့၏သားဖြစ်သည်။ သဝဏ္ဏ၊ ကုန်သည်ဖြစ်၏။ အသီတိ၊ ရှစ်ဆယ်ကုန်သော။ ဧဝံ၊ ဤသို့။

ဗာရာဏသိယာ ဒွါရဂါမေ၊ ဗာရာဏသီမြို့၏တံခါးရွာ၌။ ဧကော၊ တစ်ယောက်သော။ မဟာဗြာဟ္မဏော၊ မြတ်သောပုဏ္ဏား။ ယတ္ထ၊ အကြင်အရပ်၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ ပေါသံ၊ မွေးမြူအပ်သော သတ္တဝါကို။ ဇာတိယာဝါ၊ အမျိုးအားဖြင့်ရင်း။ ဝိနယေနဝါ၊ ဆုံးမကမြစ်ခြင်းဖြင့်ရင်း။ နဇာနန္တိ၊ မသိကုန်။ တတ္ထ၊ ထိုအရပ်၌။ အာစာမကုဏ္ဍကံ၊ ထမင်းချိုးဆန်ကွဲမှုံ့ကို။ အပိ၊ စင်စစ်။ ဘက္ခော၊ စားရာ၏။

ဗြာဟ္မဏာ၊ ပုဏ္ဏား။ တဒ္ဓ၊ သင်သည်တမူကား။ မံ၊ ငါ့ကို။ ယာဒိသော၊ အကြင်သို့ သဘောရှိသော။ အယံ၊ ဤမြင်းသည်။ ဟယုတ္တမော၊ မြတ်သော မြင်းတည်း ဟူ၍။ ပဇာနသိခေါ၊ သိ သည် သာ လျှင် တည်း။ ဇာ နန္တော၊ သိအပ်သောငါသည်။ ဇာနံ၊ သိတတ်သော သင်၏အထံသို့။ အာဂမ္မ၊ ရောက်၍။ တော၊ သင်၏။ ကုဏ္ဍကံ၊ ဆန်ကွဲမှုံ့ကို။ နဘက္ခာမိ၊ ငါမစားအံ့။

ဣတိ၊ ဣမံ ကုဏ္ဍကသိန္ဓဝ ပေါတကဇာတကံ၊ ဤကုဏ္ဍက သိန္ဓဝပေါတက ဇာတ်ကို။ ဝိတ္ထာရေတွာ၊ချဲ့၍။ကထေသိ၊ဟောတော်မူ၏။

ဆဋ္ဌံ၊သော။ပုဏ္ဏာနာမရာဇဂဟသေဋ္ဌိဒါသိဝတ္ထုံ၊ဝတ္ထုသည်။

ဣတိ၊သမတ္တံ၊ပြီးပြီ။

---

## ၁၇-ကောဓဝဂ္ဂ။ ၇-အတုလျဉပါသကဝတ္ထု။

(အိမ်ပြည့်ဝမည်သော ကျွန်မ၏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ အတုလျမည်သော ဒါယကာ၏ ဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "ပေါရာဏမေတန္တိ" စသောပါဌ်ကို မိန့်သတည်း)။

"ပေါရာဏမေတ"န္တိ ဣမံ ဓမ္မဒေသနံ၊ ပေါရာဏမေတံ၊ စသော ဤတရားဟောခြင်းကို။သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေလျက်။ အတုလျနာမဉပါသကံ၊ အတုလမည်သော ဒါယကာကို။

အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စ။
သာဝတ္ထိဝါသီ၊ သာဝတ္ထိပြည်၌နေသော။ သောဥပါသကော၊ ထိုဒါယကာသည်။
ပဉ္စသတဥပါသကပရိဝါရော၊ ငါးရာသော ဒါယကာခြံရံလျက်။ ဧကဒိဝသံ၊
တနေ့သ၌။ တေဥပါသကေ၊ ထိုသီတင်းသည်တို့ကို။ အာဒါယ၊ ခေါ်၍။
ဓမ္မသဝနတ္ထာယ၊ တရားနာခြင်းငှါ။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။
ရေဝတတ္ထေရဿ၊ ရေဝတမထေရ်၏။ သန္တိကေ၊ အထံ၌။ ဓမ္မံ၊တရားကို။
သောတုကာမော၊ နာလိုသည်။ ဟုတွာ၊ ဖြစ်၍။ ရေဝတတ္ထေရံ၊ ရေဝတမထေရ်ကို။
ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိ၊ နေ၏။ သော ပန အာယသ္မာ၊ ထိုအရှင်ရေဝတမထေရ်သည်။
ပဋိသလ္လာနာရာမော၊ ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်ခြင်းရှိ၏။ သီဟောဝိယ၊
ခြင်္သေ့မင်းကဲ့သို့။ ဧကစာရော၊ တယောက်ထီးတည်းကျင့်၏။ တသ္မာ၊ထိုကြောင့်။
တေန၊ ထိုအတုလဒါယကာနှင့်။ သဒ္ဓိံ ၊တကွ။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။
န ကထေသိ၊မဆို။ ဣတိ၊ဤသို့ မဆိုသည်ရှိသော်။ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။
သာရိပုတ္တဿ၊ သာရိပုတ္တရာမထေရ်၏။သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဧကမန္တံ၊
တင့်အပ်သောအရပ်၌။ ဌိတော၊ ရပ်သည်ကို၊ ထေရေန၊ ရှင်သာရိပုတ္တရာမထေရ်
သည်။ ကေနတ္ထေန၊အဘယ်အကြောင်းကြောင့်။ အာဂတတ္ထာတိ၊လာသနည်းဟု၊
ဝုတ္တော၊ဆိုသည်ရှိသော်။ ဘန္တေ၊အရှင်ဘုရား။အဟံ၊အကျွန်ုပ်သည်။ဣမေဥပါသကေ၊
ဤသီတင်းသည်တို့ကို။ အာဒါယ၊ ခေါ်၍။ ဓမ္မသဝနတ္ထာယ၊ တရားနာခြင်းငှါ။
ရေဝတတ္ထေရံ၊ ရေဝတမထေရ်သို့။ ဥပသင်္ကမိ၊ ကပ်၏။ တဿမေ၊ ထိုအကျွန်ုပ်
အား။ ထေရော၊ ရေဝတမထေရ်သည်။ ကိဉ္စိ၊ တစုံကခွန်းသော စကားကို။
နကထေသိ၊မဆို။ ။(ဣတိကား၊အနက်မရှိ)။ ။သွာဟံ၊ ထိုအကျွန်ုပ်သည်။
တဿ၊ထိုမထေရ်အား။ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊
လာ၏။ မေ၊ငါ့အား။ ဓမ္မံ၊ တရားကို။ ကထေဟ၊ ဟောတော်မူပါကုန်လော့။
ဣတိဝုတ္တေ၊ ဤသို့လျှောက်သည်ရှိသော်။ ဥပါသက၊ ဒါယကာတို့။ နိသီဒထ၊
နေကုန်လော့။ ဣတိဝတွာ၊ ဤသို့မိန့်လျက်။ ဗဟုကံကတွာ၊ များစွာပြု၍။
အဘိဓမ္မကထံ၊ အဘိဓမ္မာတရားတော်ကို။ ကထေသိ၊ ဟောတော်မူ။

ဥပါသကောပိ။ဒါယကာသည်လည်း။အဘိဓမ္မကထာနာမ၊ အဘိဓမ္မာဒေသနာ
မည်သည်ကား။ အတိသဏှာ၊ အလွန်သိမ်မွေ့၏။ ထေရော၊ ရှင်သာရိပုတ္တရာကား။
ဗဟုံ၊များစွာ။ အဘိဓမ္မမေဝ၊ အဘိဓမ္မာတရားကိုသာလျှင်။ကထေသိ၊ဟောတော်
မူ၏။အမှာကံ၊ ငါတို့အား။ ဣမိနာ၊ ဤအဘိဓမ္မာ ဒေသနာဖြင့်။ ကော[illegible]တ္တော၊
အဘယ်အကျိုးရှိအံ့နည်း။ဣတိကုဇ္ဈိတွာ၊ဤသို့အမျက်ထွက်၍။ပရိသံ၊ [illegible]တ်ကို။
အာဒါယ၊ ခေါ်၍။ အာနန္ဒထေရဿ၊ အာနန္ဒာမထေရ်၏။ သန္တိကံ၊ အထံသို့။

အဂမာသိ၊ ရောက်လာ၏။ထေရေနာပိ၊ အာနန္ဒာမထေရ်သည်လည်း။ ဥပါသကား ဒါယကာတို့။ ကိံတိ၊ အဘယ်ကြောင့် ရောက်လာသနည်းဟု။ ပုဋ္ဌော၊ ခမ်းသည် ရှိသော်။ဘန္တေ၊အရှင်ဘုရား။ မယံ၊ ငါတို့သည်။ ဓမ္မသဝနတ္ထာယ၊တရားနာခြင်းငှါ။ ရေဝတတ္ထေရံ၊ ရေဝတမထေရ်သို့။ ဥပသင်္ကမိမှာ၊ ကပ်သည်ဖြစ်ကုန်၏။ တဿ၊ ထိုရေဝတမထေရ်၏။သန္တိကေ၊ အထံ၌။အလ္လာပသလ္လာပမတ္တံပိ၊ စကားပြောဟော ခြင်းကိုမျှလည်း။ အလဘိတွာ၊ မရမူ၍။ ကုဒ္ဓေါ၊ အမျက်ထွက်လျက်။ သာရိပုတ္တ ထေရဿ၊ သာရိပုတ္တရာမထေရ်၏။ သန္တိကံ၊ အထံသို့။ အဂမိမှာ၊ ရောက်လာသည် ဖြစ်ကုန်၏။ သောပိ၊ ထိုရှင်သာရိပုတ္တရာသည်လည်း။ နော၊ အကျွန်ုပ်တို့အား။ မဟုံ၊များစွာ၊အတိသဏ္ဍံ၊ အလွန်သိမ်မွေ့သော။ အဘိဓမ္မမေဝ၊ အဘိဓမ္မာတရားကို သာလျှင်။ ကထေသိ၊ ဟောတော်မူ၏။ အမှာကံ၊ ငါတို့အား။ ဣမိနာ၊ ဤ အဘိဓမ္မာဒေသနာဖြင့်။ ကောအတ္ထောတိ၊ အဘယ်အကျိုးရှိအံ့နည်းဟု။ဘဲဿာပိ၊ ထို အရှင်ပုတ္တရာအားလည်း။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဣဓ၊ ဤ အရပ်သို့။ အာဂတမှာ၊ လာကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ နော၊ အကျွန်ုပ်တို့အား၊ ဓမ္မ ကထံ၊ တရားစကားကို။ ကထေဟိ၊ ဟောပါလော့။ ဣတိ၊ ဤသို့လျှောက်သည် ရှိသော်၊ တေနဟိ၊ ထိုသို့တပြီးကား။ နိသီဒိတွာ၊ နေ၍။ သုဏာထ၊ နာကုန်လော့။ ဣတိ၊ ဤသို့အမိန့်ရှိလျက်။ ထေရော၊ အာနန္ဒာမထေရ်သည်။ တေသံ၊ ထိုဒါယ ကာတို့အား။ သုဝိညေယျံ၊ သိလွယ်သည်ကို။ကတွာ၊ ပြု၍။ အပ္ပကမေဝဓမ္မံ၊ အနည်းငယ်သော တရားကိုသာလျှင်။ ကထေသိ၊ ဟောတော်မူ၏။ တေ၊ ထို ဒါယကာတို့သည်၊ ထေရဿပိ၊ အာနန္ဒာအားလည်း။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ သတ္ထုသန္တိကံ၊ မြတ်စွာဘုရားထံသို့။ ဂန္တွာ၊ ရောက်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသီဒိံသု နေကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုဒါယကာတို့ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ကသ္မာ၊ အဘယ်ကြောင့်။ ဥပါသကာ၊ ဒါယကာတို့သည်။ အာဂတတ္ထ၊ ရောက် လာကုန်သနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဓမ္မ သဝနတ္ထာယ၊ တရားနာခြင်းငှါ။ အာဂတာ၊ လာကုန်၏။ ဣတိ၊ ဤသို့လျှောက် ကုန်၏။ ပေါ၊ သင်တို့သည်။ ဓမ္မော၊ တရားကို။ သုတောပန၊ ကြားအပ်ပြီလော။ ဣတိ၊ ဤသို့မေးတော်မူ၏၊ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ငါတို့သည်။ အာဒိတော၊ အစမှ။ ရေဝတတ္ထေရံ၊ ရေဝတမထေရ်သို့။ ဥပသင်္ကမိမှာ၊ ကပ်သည်ဖြစ်ကုန်၏။ သော၊ ထိုရေဝတ မထေရ်သည်။ အမှေဟိ၊ ငါတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိဉ္စိ၊ တစုံ တခွန်းသော စကားကို။ နကထေသိ၊ မဆို။ တဿ၊ ထိုရေဝတအား။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာမထေရ်သို့။ ဥပသင်္ကမိမှာ၊ ကပ်

ကုန်၏။ တေန၊ ထိုရှင်သာရိပုတ္တရာသည်။ နော၊ အကျွန်ုပ်တို့အား။ ဗဟုအာဘိဓမ္မာ၊ များစွာကုန်သော အဘိဓမ္မာတရားကို။ ကထိတော၊ ဟော၏။ တံ၊ ထိုအဘိဓမ္မာတရားကို။ အသလ္လက္ခန္တော၊ မမှတ်နိုင်ခြင်းကြောင့်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်သို့။ ဥပသင်္ကမိမှာ၊ ကပ်ကုန်၏။ တေန၊ ထိုရှင်အာနန္ဒာသည်။ နော၊ အကျွန်ုပ်တို့အား။ အပ္ပမတ္တကောဝ ဓမ္မော၊ အနည်းငယ်သော တရားကိုမျှသာလျှင်။ ကထိတော၊ ဟောအပ်၏။ တသ္မာ၊ ထိုအာနန္ဒာမထေရ်အားလည်း။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဣဓ၊ ဤအရပ်သို့။ အာဂတမှာ၊ ရောက်လာကုန်၏။ ဣတိ၊ ဤသို့လျှောက်ကုန်သည်ရှိသော်။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုအတုလဒါယကာ၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ အတုလ၊ အတုလဒါယကာ။ ပေါရာဏမေတံ ပဋ္ဌာယ၊ ရှေးအခါမှ စ၍။ ဧတံ၊ ဤသို့ကဲ့ရဲ့ခြင်းသည်။ အာစိဏ္ဏမေဝ၊ အလေ့အလာ ရှိသည်သာလျှင် ဖြစ်၏။ တုဏှီဘူတံပိ၊ ဆိတ်ဆိတ်နေသောသူကိုရင်း။ ဗဟုကထံပိ၊ စကားများသောသူကိုရင်း။ မန္ဒကထံပိ၊ စကားနည်းသောသူကိုရင်း။ ဂရဟန္တိယေဝ၊ ကဲ့ရဲ့ကုန်သည်သာလျှင်တည်း။ ဟိ၊ ထိုစကားသင့်စွ။ ဧကန္တ ဂရဟိတဗ္ဗောယေဝ၊ စင်စစ်ကဲ့ရဲ့အပ်သောသူသည်ရင်း။ ဧကန္တပသံသိတဗ္ဗောယေဝ၊ စင်စစ်ချီးမွမ်းအပ်သောသူသည်ရင်း။ နတ္ထိ၊ မရှိ။ ရာဇာနောပိ၊ မင်းတို့ကိုသည်း။ ဧကစ္စေ၊ အချို့သောသူတို့သည်။ နိန္ဒန္တိ၊ ကဲ့ရဲ့ကုန်၏။ ဧကစ္စေ၊ အချို့သောသူတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ မဟာပထဝိံပိ၊ မြေကြီးကိုရင်း။ စန္ဒိမသူရိယေပိ၊ လနေတို့ကိုရင်း။ ဧကစ္စေ၊ အချို့သောသူတို့သည်။ နိန္ဒန္တိ၊ ကဲ့ရဲ့ကုန်၏။ ဧကစ္စေ၊ အချို့သောသူတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ စတုပရိသမဇ္ဈေ၊ ပရိသတ်လေးပါးအလယ်၌။ နိသီဒိတွာ၊ နေတော်မူ၍။ ဓမ္မံ၊ တရားကို။ ကထေန္တံ၊ ဟောသော။ သမ္မာသမ္ဗုဒ္ဓံပိ၊ မြတ်စွာဘုရားကိုလည်း။ ဧကစ္စေ၊ အချို့သောသူတို့သည်။ ဂရဟန္တိ၊ ကဲ့ရဲ့ကုန်၏။ ဧကစ္စေ၊ အချို့သောသူတို့သည်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ အန္ဓဗာလာနံ၊ အလွန်မိုက်သောသူတို့၏။ နိန္ဒာဝါ၊ ကဲ့ရဲ့ခြင်းသည်ရင်း။ ပသံသာဝါ၊ ချီးမွမ်းခြင်းသည်ရင်း။ အပ္ပမာဏာ၊ ပမာဏမဟုတ်။ ပဏ္ဍိတေန၊ ပညာရှိသော။ မေဓာဝိနာပန၊ လျင်စွာသိနိုင်သော သဘောရှိသော သူသည်သာလျှင်။ နိန္ဒိတော၊ ကဲ့ရဲ့ခြင်းသည်။ နိန္ဒိတောနာမ၊ ကဲ့ရဲ့ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ပသံသိတောစ၊ ချီးမွမ်းခြင်းသည်လည်း။ ပသံသိတောနာမ၊ ချီးမွမ်းခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

တိုးတက်ရေးပုံနှိပ်တိုက် ၆၁။

၂၂၇။ ။အတုလျ၊ အတုလဒါယကာ။ တေ၊ ဤသို့ ကဲ့ရဲ့ရှုံ့ချခြင်းသည်။ ပေါရာဏကံ၊ ရှေးမှစ၍ဖြစ်သော အလေ့အကျက်ဘည်း။ တေ၊ ဤသို့ ကဲ့ရဲ့ရှုံ့ချခြင်းသည်။ အဇ္ဇတနမိဝ၊ ယခုသာ ဖြစ်သကဲ့သို့။ န၊ မဟုတ်။ တုဏှိမာသီနံ၊ ဆိတ်ဆိတ်နေသောသူတို့ကိုလည်း။ နိန္ဒန္တိ၊ ကဲ့ရဲ့ကုန်၏။ ဗဟုဘာဏိနံ၊ စကားများစွာဆိုလေ့ရှိသော သူကိုလည်း။ နိန္ဒန္တိ၊ ကဲ့ရဲ့ကုန်၏။ မိတဘာဏိံပိ၊ နှိုင်းယှဉ်အပ်သော စကားရှိသောသူကိုလည်း။ နိန္ဒန္တိ၊ ကဲ့ရဲ့ကုန်၏။ လောကေ၊ လောက၌။ အနိန္ဒိတော၊ မကဲ့ရဲ့အပ်သော သူမည်သည်။ နတ္ထိ၊ မရှိ။

၂၂၈။ ။ကေဝလံ၊ စင်စစ်အားဖြင့်။ နိန္ဒိတော၊ ကဲ့ရဲ့အပ်သော။ ပေါသော၀ါ၊ ယောကျ်ားသည်ငင်း။ ကေဝလံ၊ စင်စစ်အားဖြင့်။ ပသံသိတော၊ ချီးမွမ်းအပ်သော။ ပေါသော၀ါ၊ ယောကျ်ားသည်ငင်း။ နအဟု၊ ရှေး၌သည်းမဖြစ်ဘူး။ နစဘဝိဿတိ၊ နောင်၌လည်း မဖြစ်လတ္တံ့။ ဧတရဟိစ၊ ယခုပစ္စုပ္ပန်ဘဝ၌လည်း။ နဝိဇ္ဇတိ၊ မရှိ။

၂၂၉။ ။အစ္ဆိဒ္ဒဝုတ္တိံ၊ မပျက်သော အသက်မွေးခြင်းရှိသော။ မေဓာဝိံ၊ လောကီပညာရှိသော။ ပညာသီလ သမာဟိတံ၊ လောကီလောကုတ္တရာပညာ စတုပါရိသုဒ္ဓိ သီလနှင့်ပြည့်စုံသော။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ ဝိညူ၊ ပညာရှိတို့သည်။ သုဝေသုဝေ၊ နေ့တိုင်းနေ့တိုင်း။ အနုဝိစ္စ၊ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း၏ အကြောင်းကို ဉာဏ်ဖြင့်စိစစ်၍သိလျက်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။

၂၃၀။ ။ဇမ္ဗောနဒဿ၊ ဇမ္ဗူရာဇ်ရွှေ၏။ နိက္ခံဣဝ၊ တုန်လှုပ်ခြင်း ခတ်ခြင်း သုံးသပ်ခြင်းငှါ ခံ့သောအချိန်ရှိသော တနိက္ခကဲ့သို့။ တံ၊ ထိုသူကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ငှါ။ အရဟတိ၊ ထိုက်အံ့နည်း။ နံ၊ ထိုပုဂ္ဂိုလ်ကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ သော၊ ထိုပုဂ္ဂိုလ်ကို။ ဗြဟ္မုနာပိ၊ ဗြဟ္မာမင်းသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏၊ ဣတိအဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ပေါရာဏမေတန္တိပဒဿ၊ ပေါရာဏမေတံ ဟူသော ပုဒ်၏။ ပုရာဏကံ တေန္တိ ပဒစ္ဆေဒေါ၊ ပုံရာဏကံတေံဟု ပုဒ်ဖြတ်ခြင်းကို ပြုအပ်၏။ အတုလျာတိ၊ အတုလျဟူသည်ကား။ တုဥပါသကံ၊ ထိုဒါယကာကို။ အာလပတိ၊ ခေါ်၏။ နေတံအဇ္ဇတနမိဝါတိ၊ နေတံအဇ္ဇတနမိဝါဟူသည်ကား။ နိန္ဒိတံ၀ါ၊ ကဲ့ရဲ့ခြင်းသည်ငင်း။ ပသံသိတံ၀ါ၊ ချီးမွမ်းခြင်းသည်ငင်း။ အဇ္ဇတနံ၊ အဓုနာဃ၊ ယခုနေ့၌။ ဥပ္ပန္နာဝိယ၊ ဖြစ်ခြင်းကဲ့သို့။ ဣဒံ၊ ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည်။ နဟောတိ၊ မဖြစ်။ တုဏှိမာသီနန္တိ၊ တုဏှိမာသီနံ ဟူသည်ကား။ သော၊ ဤသူသည်။ မူဂေါဝိယ၊ အ-သကဲ့သို့။ ပဓိရောဝိယ၊ နားပင်းသကဲ့သို့။ ကိဉ္စိ၊ တစုံတခုကို။

အဇာနန္တောဝိယ၊ မသိသကဲ့သို့။ တုဏှီဟုတွာ၊ ဆိတ်သည်ဖြစ်၍။ ကိံ နိသိန္နော၊ အဘယ်ကြောင့်နေသနည်း။ ဣတိနိန္ဒန္တိ၊ ဤသို့ကဲ့ရဲ့ကုန်၏။ ဗဟုဘာဏိနန္တိ၊ ဗဟုဘာဏိန်ဟူသည်ကား။ သေ၊ ဤသူသည်။ ဝါတာဟတတာလပဏ္ဏံဝိယ၊ လေဖြင့်ခတ်သောထန်းရွက်ကဲ့သို့။ တဋတဋယတိ၊ ဖြတ်ဖြတ်မြည်လျက်။ ဣမဿ၊ ဤသူ၏။ ကထာ၊ စကားသည်။ ပရိယန္တောယေဝ၊ အဆုံးသည်သာလျှင်။ နတ္ထိ၊ မရှိ။ ဣတိနိန္ဒန္တိ၊ ဤသို့ကဲ့ရဲ့ကုန်၏။ မိတဘာဏိံပိတိ၊ မိတဘာဏိံပိ ဟူသည်ကား။ သေ၊ ဤသူသည်။ သုဝဏ္ဏဟိရညံဝိယ၊ ရွှေငွေကဲ့သို့။ အတ္တနောဝစနံ၊ မိမိ စကားကို။ မညမာနော၊ အောက်မေ့လျက်။ ဧကံဝါ၊ တခွန်းသောစကားကိုဖြင့်၊ ဒွေဝါ၊ နှစ်ခွန်းသော စကားကိုဖြင့်။ အဝတွာ၊ မဆိုမူ၍။ တုဏှီ၊ ဆိတ်ဆိတ်။ အဟောသိ၊ ဖြစ်၏။ ဣတိနိန္ဒန္တိ၊ ဤသို့ကဲ့ရဲ့ကုန်၏။ ဧဝံ၊ ဤအတူ။ သဗ္ဗထာပိ။ အလုံးစုံသော အရာ၌သည်း။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣမသ္မိံ လောကေ၊ ဤလော ကေ၌။ အနိန္ဒိတောနာမ၊ မကဲ့ရဲ့အပ်သောသူမည်သည်။ နတ္ထိ၊ မရှိ။ ဣဘိအတ္ထော၊ ဤကား အနက်တည်း။ နစာဟုတိ၊ နစအဟုဟူသည်ကား။ အတီတေပိ၊ လွန်လေ ပြီးသောအခါ၌လည်း။ နဟောတိ၊ မဖြစ်စဘူး။ အနာဂတေပိ၊ နောင်ကာလ၌ လည်း။ နဘဝိဿတိ၊ မဖြစ်လတ္တံ့။ ယဉ္စေဝိညူတိ၊ ယဉ္စေဝိညူဟူသည်ကား။ ဗာလနံ၊ မလိမ္မာသောသူတို့၏။ နိန္ဒာဝါ၊ ကဲ့ရဲ့ခြင်းသည်၎င်း။ ပသံသာဝါ၊ ချီးမွမ်းခြင်း သည်၎င်း။ အပ္ပမာဏာ၊ ပမာဏမဟုတ်ကုန်။ ယမ္ပန၊ အကြင်ကဲ့ရဲ့ခြင်း ချီးမွမ်း ခြင်းကိုကား။ ပဏ္ဍိတာ၊ ပညာရှိသော သူတို့သည်။ ဒိဝသေ ဒိဝသေ။ နေ့တိုင်း နေ့တိုင်း။ အနုဝိစ္စ၊ စိစစ်၍။ နိန္ဒကာရဏံဝါ၊ ကဲ့ရဲ့ခြင်း၏ အကြောင်းကို၎င်း။ ပသံသကာရဏံဝါ၊ ချီးမွမ်းခြင်း၏အကြောင်းကို၎င်း။ ဇာနိတွာ၊ သိ၍။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ အစ္ဆိန္နဝုတ္တိံ အစ္ဆိဒ္ဒဝုတ္တိံ ဗျာ။ အဆိ ... 

အစ္ဆိဒ္ဒဝုတ္တိံ၊ မပျက်သော သိက္ခာကို။ ဝတ္တမာနံဝါ၊ ကျင့်သည်လည်းဖြစ်သော။ အစ္ဆိန္နာယ ဇီဝိတဝုတ္တိယာဝါ၊ မပျက်သော အသက်မွေး ခြင်းနှင့်လည်း။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ အစ္ဆိန္နဝုတ္တိံ၊ မပျက်သော အသက်မွေးခြင်း သဘောရှိသော။ မေဓာဝိပညာယ၊ တရားကြောင့် ဖြစ်သော ပညာနှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ မေဓာဝိံ၊ ပညာရှိသော။ လောကိယလောကုတ္တရပညာယစေဝ၊ လောကီလောကုတ္တရာပညာ နှင့်၎င်း။ စတုပါရိသုဒ္ဓိသီလေနစ၊ လေးပါးသောပါရိသုဒ္ဓိသီလနှင့်၎င်း။ သမန္နာ ဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ပညာသီလသမာဟိတံ၊ ပညာသီလနှင့် ပြည့်စုံခြင်းရှိသော ပုဂ္ဂိုလ်ကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ သုဝဏ္ဏဒေါသဝိရဟိတံ၊ ရွှေ၏အပြစ်မှကင်းသော။ ဃဋ္ဋနမဇ္ဇနက္ခမံ၊ ခတ်ခြင်း သုံးသင်ခြင်းငှါ ခံ့သော။ ဇမ္ဗောနဒနိက္ခံဝိယ၊ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ကော၊ အဘယ်သူ

သည်။ နိဒ္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှါ။ အရဟတိ၊ ထိုက်အံ့နည်း။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေဝါပိတိ၊ ဒေဝါပိဟူသည်ကား။ ဒေဝတာပိ၊ နတ်တို့သည်ရင်း။ ပဏ္ဍိတမနုဿာပိ၊ ပညာရှိသောသူတို့သည်ရင်း။ တံဘိက္ခုံ၊ ထိုရဟန်းကို။ ဥပဋ္ဌာယ၊ လုပ်ကျွေး၍။ ထောမေန္တိ၊ ချီးမြှင့်ကုန်၏။ ဗြဟ္မုနာပီတိ၊ ဗြဟ္မုနာပိဟူသည်ကား။ ကေဝလံ၊ သက်သက်။ ဒေဝမနုဿေဟိ၊ နတ်လူတို့သည်။ န၊ ချီးမွမ်းအပ်သည်မဟုတ်။ ဒသသဟဿစက္ကဝါဠေ၊ တသောင်းသောစကြဝဠာတိုက်၌။ မဟာဗြဟ္မုနာပိ၊ ဗြဟ္မာမင်းကြီးတို့သည်လည်း။ သော၊ ဤပုဂ္ဂိုလ်ကို။ ပသံသိတော ယေဝ၊ ချီးမွမ်းအပ်သည်သာလျှင်တည်း။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ပဉ္စသတာပိ၊ ငါးရာလည်း ဖြစ်ကုန်သော။ တေ ဥပါသကာ၊ ထိုဒါယကာတို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။

သတ္တမံ၊ သော။ အတုလျဥပါသကဝတ္ထု၊ ဝတ္ထုသည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၇–ကောဓဝဂ္ဂ။ ၈=ဆဗ္ဗဂ္ဂိယဝတ္ထု။

(အတုလျဥပါသကဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ဆဗ္ဗဂ္ဂိယ ရဟန်း၏ ဝတ္ထု၌ ဟောရာဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ကာယပ္ပကောပန္တိ" စသော ပါဠ်ကို မိန့်သတည်း)။

"ကာယပ္ပကောပ"န္တိ ဣမံ ဓမ္မဒေသနံ၊ ကာယပ္ပကောပံ စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ ဆဗ္ဗဂ္ဂိယေ ဘိက္ခူ၊ ဆဗ္ဗဂ္ဂီရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ယဋ္ဌိယော၊ တောင်ဝှေးတို့ကို။ ဂဟေတွာ၊ ယူ၍။ ကဋ္ဌပါဒုကံ၊ သစ်သားခြေနင်းကို။ အာရုယှ၊ စီး၍။ ပိဋ္ဌိပါသာဏေ၊ ကျောက်ဖျာ၌။ စင်္ကမန္တာနံ၊ စင်္ကြံသွားကုန်သော။ တေသံဆဗ္ဗဂ္ဂိယာနံ၊ ထိုဆဗ္ဗဂ္ဂီရဟန်းတို့၏။ ခဋ္ခဋ္ဌာတိသဒ္ဒံ၊ ခေါက်ခေါက်ဟူသောအသံကို။ သုတွာ၊ ကြား၍။ အာနန္ဒ၊ အာနန္ဒာ။ သော၊ ဤခေါက်ခေါက်ဟူသောအသံသည်။ ကိံသဒ္ဒေါနာမ၊ အဘယ်အသံမည်သနည်း။

ဣတိပုဋ္ဌေတွာ၊ ဤသို့အမေးရှိသောကြောင့်။ ပါဒုကာ၊ ခုံဘိနပ်ကို။ အာရုယှ၊စီး၍။ စင်္ကမန္တာနံ၊ စင်္ကြံသွားကုန်သော၊ ဆဗ္ဗဂ္ဂိယာနံ၊ ဆဗ္ဗဂ္ဂီရဟန်းတို့၏။ ခဋခဋသဒ္ဒါ၊ ခေါက်ခေါက်သံဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့လျှောက်သောစကားကို။ သုတွာ၊ ကြားတော်မူ၍။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေတွာ၊ ပညတ်တော်မူပြီး၍။ ဘိက္ခူနံ၊ ရဟန်းမည်သည်ကား။ ကာယာဒီနိ၊ ကိုယ်ဖြင့်လွန်ကျူးခြင်းစသည် တို့ကို။ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော် မူပြီး၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၃၁။ ။ကာယပ္ပကောပံ၊ ကာယဒုစရိုက်ကို။ ရက္ခေယျ၊ စောင့်ရာ၏။ ကာယေန၊ ကာယဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိုက်ကို။ ဟိတွာ၊ စွန့်၍။ ကာယေန၊ ကာယဒွါရဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရေ၊ ကျင့်ရာ၏။

၂၃၂။ ။ဝစီပကောပံ၊ ဝစီဒုစ္စရိုက်ကို။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ ဝါစာယ၊ ဝစီဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဝစီဒုစ္စတံ၊ ဝစီဒုစ္စရိုက်ကို။ ဟိတွာ၊ စွန့်၍။ ဝါစာယ၊ ဝစီဒွါရဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရေ၊ ကျင့်ရာ၏။

၂၃၃။ ။မနောပကောပံ၊ မနောဒုစ္စရိုက်ကို။ ရက္ခေယျ၊ စောင့်ရာ၏။ မနသာ၊ မနောဒွါရဖြင့်။ သံဝုတော၊ စောင့်ရှောက်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ မနော ဒုစ္စရိတံ၊ မနောဒုစ္စရိုက်ကို။ ဟိတွာ၊ စွန့်၍။ မနသာ၊ မနောဒွါရဖြင့်။ သုစရိတံ၊ ကောင်းသောအကျင့်ကို။ စရေ၊ ကျင့်ရာ၏။

၂၃၄။ ။ယေဓီရာ၊ အကြင် ပညာရှိတို့သည်။ ကာယေန၊ ကာယဒွါရဖြင့်။ သံဝုတာ၊ လုံခြုံစွာ ပိတ်အပ်ကုန်၏။ အထော၊ ထို့မှို၊ ဝါစာယ၊ ဝစီဒွါရဖြင့်။ သံဝုတာ၊ လုံခြုံစွာ ပိတ်အပ်ကုန်၏။ မနသာ၊ မနောဒွါရဖြင့်၊ သံဝုတာ၊ လုံခြုံစွာ ပိတ်အပ်ကုန်၏။ တေဓီရာ၊ ထိုပညာရှိတို့သည်။ လောကေ၊ လောက၌။ဝေကေန္တေန၊ စင်စစ်အားဖြင့်။ သုပရိသံဝုတာ၊ ကောင်းစွာ စောင့်ရှောက်အပ်ကုန်ပြီးသော တံခါးရှိကုန်၏။ ဣတိ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ကာယပ္ပကောပန္တိ၊ ကောပံ ဟူသည်ကား။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိုက်ကို။ ရက္ခေယျ၊ စောင့်ရာ၏။ ကာယေန သံဝုတောတိ၊ သံဝုတော ဟူသည်ကား။ ကာယဒွါရေ၊ ကာယဒွါရ၌။ ဒုစ္စရိတ ပဝေသနံ၊ ဒုစ္စရိုက်၏ ဝင်လာခြင်းကို။ နိဝါရေတွာ၊ မြစ်၍။ သံဝုတော၊ စောင့်ရှောက်လျက်။ပိဟိတဒွါရော၊ ပိတ်အပ်သောတံခါးရှိသည်။ သိယာ၊ဖြစ်ရာ၏။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိုက်ကို။ ဟိတွာ ပယ်၍။ ကာယသုစရိတံ၊ ကာယသုစရိုက်ကို။ စရန္တော၊ ကျင့်လျက်။ တေ ဉဘယံပိ၊ ဤနှစ်ပါးစုံကိုလည်း။ ကရောတိ၊ ပြု၏။ တသ္မာ၊ ထိုကြောင့်။ ကာယဒုစ္စရိတံ၊ ကာယဒုစ္စရိုက်ကို။ ဟိတွာ၊ စွန့်၍။ ကာယေန၊ ကာယဒွါရဖြင့်။ သုစရိတံ၊ သုစရိုက်ကို။ စရေ၊ ကျင့်ရာ၏။ ဣတိ ဝုတ္တံ၊ ဤသို့ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အနန္တရဂါထာသုပိ၊ အခြားမရှိသော ဂါထာတို့၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင် နည်းရှိ၏။ ကာယေန သံဝုတာ ဓီရာတိ၊ ဓီရာ ဟူသည်ကား။ ယေ ပဏ္ဍိတာ၊ အကြင် ပညာရှိသောသူတို့သည်။ ပါဏာတိပါတာဒီနိ၊ သူ့အသက်ကိုသတ်ခြင်း အစရှိသည်တို့ကို။ ကာယေန၊ ကိုယ်ဖြင့်။ အကရောန္တော၊ မပြုမူ၍။ မုသာဝါဒါဒီနိ၊ မဟုတ်မမှန်ဆိုခြင်း စသည်တို့ကို။ ဝါစာယ၊ နှုတ်ဖြင့်။ အကရောန္တော၊ မဆိုမူ၍။ အဘိဇ္ဈာဒီနိ၊ စည်းစိမ်ကို ရှေးရှုတတ်သောအားဖြင့် ကြံခြင်းစသည်တို့ကို။ မနသာ၊ မြင့်။ အသမုဋ္ဌပေန္တော၊ မဖြစ်မူ၍။ သံဝုတာ၊ စောင့်ရှောက်ခြင်း ရှိကုန်၏။ တေ၊ ထိုပညာရှိတို့သည်။ ဣဓ လောကသ္မိံ၊ ဤလောက၌။ သုသံဝုတာ သုရက္ခိတာသုဂေါပိတာ၊ ကောင်းစွာ စောင့်ရှောက် ခြင်းဖြင့် ကောင်းစွာ လုံခြုံစေအပ် ကုန်၏။ သုပိဟိတဒွါရာ၊ ကောင်းစွာ ပိတ်အပ်သော တံခါးရှိကုန်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

အဋ္ဌမံ၊ ရှစ်ခုမြောက်သော။ ဆဗ္ဗဂ္ဂိယဝတ္ထု၊ ဆဗ္ဗဂ္ဂိယဝတ္ထုသည်။

ဣတိ သမတ္တံ၊ ပြီးပြီ။

ကောဓဝဂ္ဂဝဏ္ဏနာ၊ ကောဓဝဂ်အဖွင့်သည်။

နိဋ္ဌိတာ၊ ပြီးပြီ။

သတ္တရသမော၊ တဆယ့်ခုနစ်ခုမြောက်သော။ ဝဂ္ဂေါ၊ ဝဂ်သည်။

နိဋ္ဌိတော၊ ပြီးပြီ။

---

## ၁၈-မလဝဂ္ဂ။ ၁-ဂေါဃာတကပုတ္တ ဝတ္ထု။

( ရှစ်ဝတ္ထုတို့ဖြင့် တန်းဆာ ဆင် အပ် သော တဆယ့်ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ကောဓဝဂ်၌ ဟောရာဖြစ်သော ဂါထာတို့၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ တဆယ့်နှစ်ဝတ္ထုတို့ဖြင့် တန်းဆာဆင်အပ်သော တဆယ့်ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မလဝဂ်၌ ဟောရာဖြစ်သော ဂါထာတို့၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "ပဏ္ဍုပလာသော" စသောပါဌ်ကို မိန့်သတည်း)။

"ပဏ္ဍုပလာသောဝဒါနီသီ"တိ ဣမံ ဓမ္မဒေသနံ၊ ပဏ္ဍုပလာသောဝဒါနီသီမ
စသော ဤတရားဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊
ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော၊ နေတော်မူစဉ်။ ဧကံဂေါဃာတကပုတ္တံ၊
နွားသတ်သော ယောကျ်ားသား တယောက်ကို။ အာရဗ္ဘ၊ အကြောင်း ပြု၍။
ကထေသိ၊ ဟောတော်မူ၏။ ကိရ၊ အကျယ်ဆိုဦးအံ့။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။
ဧကော ဂေါဃာတကော၊ နွားသတ်သော ယောကျ်ားတယောက်သာ။ ဂါဝေါ၊
နွားတို့ကို။ ဃာတေတွာ၊ သတ်၍။ ဝရမံသာနိ၊ ကောင်းသောအသားတို့ကို။ ဂဟေတွာ၊
ယူ၍။ ပစာပေတွာ၊ ချက်စေ၍။ပုတ္တဒါရေဟိ၊ သားမယားတို့နှင့်။ သဒ္ဓိံ နိသီဒိတွာ၊
တကွနေထိုင်၍။ မံသဉ္စ၊ အသားကိုလည်း။ ခါဒတိ၊ စား၏။ မူလေနစ၊ အဘိုး
အားဖြင့်လည်း။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေသိ၊ မွေး၏။
သော၊ ထိုနွားသတ်သည်သည်။ ဧဝံ၊ ဤသို့။ ပဥ္စပဏ္ဏာသဝဿာနိ၊ ငါးဆယ့်ငါးနှစ်
တို့ပတ်လုံး။ဂေါဃာတကကမ္မံ၊နွားသတ်အမှုကို။ကရောန္တော၊ပြုလျက်။ဇေတဝနံ၊
ဇေတဝန်ကျောင်းတော်ဦး၌။ ဝိဟရန္တဿ၊ နေသည်ရှိသော်။ သတ္ထု၊ မြတ်စွာ
ဘုရားအား။ ဧကဒိဝသံ၊ တနေ့မျှ။ ကဋစ္ဆုမတ္တံပိ၊ တယောက်မ တဟင်းချိုမျှလည်း
ဖြစ်သော။ ယာဂုံဝါ၊ ယာဂုကိုရင်း။ ဘတ္တံဝါ၊ ဆွမ်းကိုရင်း။ န အဒါသိ၊ မလှူ။
ကင်း၍။ သော၊ ထိုနွားသတ်ယောကျ်ားသည်လည်း။ မံသေန၊ နွားသားအမဲနှင့်။
ဝိနာ၊ ဘတ္တံ၊ ထမင်းကို။ န ဘုဥ္ဇတိ၊ မစား။ သော၊ ထို နွားသတ်ယောကျ်ားသည်၊
ဧကဒိဝသံ၊ တနေ့သ၌။ မံသံ၊ နွားသားကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ အတ္တနော အတ္ထာယ
မိမိအကျိုးငှာ။ ပစိတုံ၊ ချက်စေခြင်းငှာ။ ဧကံမံသခဏ္ဍံ၊ တခုသောအသားစုအပိုင်းကို။
ဘရိယာယ၊ မယားအား။ ဒတွာ၊ ပေး၍။ နှာယိတုံ၊ ရေချိုးခြင်းငှာ။ အဂမာသိ၊
သွား၏။ အထ၊ ထိုအခါ၌။ အဿ၊ ထို နွားသတ်ယောကျ်ား၏။ သဟာယကော။
အဆွေခင်ပွန်းသည်။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ ဘရိယံ၊ မယားကို။ အာဟ၊
ဆို၏။ မေ၊ ငါ့အား။ ထောကံ၊ တနပ်စာလောက်ရုံမျှဖြစ်သော။ ဝိက္ကိဏိယ မံသံ၊
ရောင်းအပ်သော နွားသားကို။ ဒေဟိ၊ အကြွေးပေးနှင့်ပါသော့။ မေ၊ ငါ၏။
ဂေဟေ၊ အိမ်၌။ပါဟုနကော၊ ဧည့်သည်အဆွေခင်ပွန်းသည်။အာဂတော၊ လာ၏၊
ဣတိ၊ ဤသို့ဆို၏။ ဝိက္ကိဏိယမံသံ၊ ရောင်းအပ်သော နွားသားသည်။ နတ္ထိ၊ မရှိ။
တေ၊ သင်၏၊ သဟာယကော၊ အဆွေခင်ပွန်းသည်၊ မံသံဝိက္ကိဏိတွာ၊ အမဲရောင်း
ပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ နှာယိတုံ၊ ရေချိုးခြင်းငှာ။ ဂတော၊ သွား၏။ ဣတိ၊
ဤသို့ ဆို၏။ ဧဝံ၊ ဤသို့။ မာကရိ၊ မပြုလင့်။ မံသခဏ္ဍံ၊ အသားပိုင်းသည်။ သစေ
အတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဒေဟိ၊ ပေးပါလော့။ ဣတိ၊ ဤသို့ဆို၏၊ ခေတ: ၍။
သဟာယကဿ၊ အဆွေခင်ပွန်း၏။နိက္ခိတ္တ မံသံ၊ထားအပ်သော အမဲကို။ဒဿေတွာ၊

ထား၍။ အညံ၊ တပါးသော အမဲသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ဆို၏။ သော၊
ထိုအဆွေခင်ပွန်းသည်။ မေ၊ ငါ၏။ သဟာယကဿ၊ ငါ့အဆွေဖြစ်သောသူ၏။
အတ္တာယ၊ အကျိုးငှာ။ ထပိတမံသတော၊ ထားသောအမဲမှ။ အညံမံသံ၊ တပါးသော
အမဲသည်။ နတ္ထိ၊ မရှိ။ သောစ၊ ထိုငါ၏သူငယ်ချင်းသည်လည်း။ မံသေန၊ အမဲနှင့်။
ဝိနာ၊ ကင်း၍။ နံဘုဉ္ဇတိ၊ ထမင်းမစားနိုင်။ အယံ၊ ဤအမဲကို။ န ဒဿာမိ၊ မပေး
လတ္တံ့။ ဣတိ၊ ဤသို့သော စကားကိုဆိုလျက်။ သာမံယေဝ၊ ကိုယ်တိုင်သာလျှင်။
တံမံသံ၊ ထိုအမဲကို။ ဂဟေတွာ၊ ယူ၍။ ပက္ကာမိ၊ ဘဲ၏။

ဂေါဃာတတောပိ၊ နွားသတ်ယောကျ်ားသည်လည်း။ နှတွာ၊ ရေချိုးပြီး၍။
အာဂတော၊ လာသည်ရှိသော်။ တာယ၊ ထိုမယားသည်။ အတ္တနော၊ မိမိ၏။ ပက္က
ပဏ္ဏေန၊ ဟင်းရွက်ကျက်နှင့်။ သဒ္ဓိံ၊ တကွ။ ဘတ္တေ၊ ထမင်းတို့ကို။ ဝဍ္ဎေတွာ၊ခူး၍။
ဥပနီတေ၊ ဆောင်သည်ရှိသော်။ မံသံ၊ အမဲသည်။ ကဟံ၊ အဘယ်မှာနည်း။ ဣတိ
အာဟ၊ ဤသို့ မေး၏။ သာမိ၊ အရှင်သား။ နတ္ထိ၊ မရှိပြီ။ ဣတိအာဟ၊ ဤသို့ဆို၏။
အဟံ၊ ငါသည်။ ပစနတ္ထာယ၊ ချက်စေခြင်းငှာ။ သယံ၊ ကိုယ်တိုင်။ ဒတွာ၊
ပေး၍။ ဂတောနနု၊ သွားခဲ့တကား။ ဣတိအာဟ၊ ဤသို့ဆို၏။ တဝ၊ သင်၏။
သဟာယကော၊အဆွေခင်ပွန်းဖြစ်သော သူငယ်ချင်းသည်။ အာဂန္တွာ၊ လာ၍။ မေ၊
ငါ၏။ ပါဟုနကော၊ ဧည့်သည်ဖြစ်သော အဆွေခင်ပွန်းသည်။ အာဂတော၊ ၏။
ဝိက္ကိဏိယမံသံ၊ ရောင်းအပ်သော အမဲကို။ ဒေဟိတိ၊ ပေးလော့ဟု။ ဝတွာ၊ ဆို၍။
မယာ၊ ငါသည်။ တေ သဟာယကဿ၊ သင်အဆွေခင်ပွန်း၏ အကျိုးငှာ။ ထပိတ
မံသတော၊ ထားသော ဟင်းလျာအမဲမှ။ အညံ မံသံ၊ တပါးသော အမဲသည်။
နတ္ထိ၊ မရှိ။ သောစ၊ ထိုနွားသတ်ယောကျ်ားသည် လည်း။ မံသေန၊ အမဲဟင်း
လျာနှင့်။ ဝိနာ၊ ကင်း၍။ န ဘုဉ္ဇတိ၊ ထမင်းမစားနိုင်။ ဣတိဝုတ္တေပိ၊ ဤသို့
ဆိုသော်လည်း။ ဗလက္ကာရေန၊ အနိုင်အထက်ဖြင့်။ တံ မံသံ၊ ထိုအမဲကို။ သာမံယေဝ၊
ကိုယ်တိုင်သာလျှင်။ ဂဟေတွာ၊ ယူ၍။ ဂတော၊ သွား၏။ ဣတိ အာဟ၊ ဤသို့
ဆို၏။ အဟံ၊ ငါသည်။ မံသေန၊ အမဲဟင်းလျာနှင့်။ ဝိနာ၊ ကင်း၍။ ဘတ္တံ၊
ထမင်းကို။ န ဘုဉ္ဇာမိ၊ မစားနိုင်။ နံ၊ ထိုထမင်းကို။ ဟရာဟိ၊ ဆောင်လေလော့။
ဣတိ၊ ဤသို့ ဆိုသည်ရှိသော်။သာမိ၊ သခင်သား။ကိံ ကာတုံ၊ အဘယ်ကိုပြုခြင်းငှာ။
သက္ကာ၊ တတ်ကောင်းအံ့နည်း။ ဘုဉ္ဇ၊ စားတော်ခေါ်ပါလော့။ ဣတိ၊ ဤသို့
ဆိုသည်ရှိသော်။ သော၊ ထိုနွားသတ်ယောကျ်ားသည်။ အဟံ၊ငါသည်။န ဘုဉ္ဇာမိတိ၊
မစားနိုင်ပါဟူ၍။ တံ ဘတ္တံ၊ ထိုထမင်းကို။ ဟရာပေတွာ၊ ဆောင်စေ၍။ သတ္ထံ၊
ဓားကို။ အာဒါယ၊ ယူ၍။ ပစ္ဆာ ဂေဟေ၊ အိမ်၏နောက်၌။ ဌိတော ဂေါဏော၊

ချည်၍ထားသော နွားသည်။အတ္တိ၊ ရှိ၏။ တဿ သန္တိကံ၊ ထိုနွားအထံသို့။ ဂန္တွာ၊ သွား၍၊ မုခေန၊ ခံတွင်းဖြင့်။ ဟတ္ထံ၊ လက်ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍၊ ဇိဝှံ၊ နွားလျှာကို၊ နီဟရိတွာ၊ ငင်ထုတ်၍။ သတ္တေန၊ ဓားဖြင့်။ ဇိဝှါမူလေတော၊ လျှာအရင်းမှ။ ဆိန္ဒိတွာ၊ ဖြတ်၍။အာဒါယ၊ ယူ၍။ဂန္တွာ၊ သွားပြီးသော်။ အင်္ဂါရေသု၊ မီးကျီးတို့၌။ ပစာပေတွာ၊ ဖုတ်ကင်စေ၍။ ဘတ္တမတ္ထကေ၊ထမင်းထိပ်၌။ထပေတွာ၊ ထား၍။ နိသိန္နော၊ နေလျက်။ ကေဘတ္တပိဏ္ဍံ၊ ထမင်းတဆုပ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ ကေ မံသဘဏ္ဍံ၊ တခုသောအမဲတစ်ကို။ မုခေ၊ ခံတွင်း၌။ ထပေသိ၊ ထား၏။ တံ ခဏညေဝ၊ ထိုခဏ၌ပင်လျှင်။အဿ၊ထို နွားသတ်ယောကျ်ားအား။ ဇိဝှါ၊လျှာသည်။ ဆိဇ္ဇိတွာ၊ပြတ်၍။ ဘတ္တပါတိယံ၊ထမင်းခွက်၌။ ပတိ၊ကျ၏။ တံ ခဏညော၊ ထို ခဏ၌ ပင်လျှင်။ ကမ္မသရိက္ခကံ၊ မိမိပြုသော ကံနှင့် တူစွာ။ ဝိပါကံ၊ မကောင်းကျိုးကို။ လဘိ၊ ရ၏။ ခေါ၊ စင်စစ်။ သောပိ၊ ထိုနွားသတ်ယောကျ်ားသည်လည်း။ ဂေါဏောဝိယ၊ နွားကဲ့သို့။ လောဟိတဓာရယ၊ သွေးအယဉ်ဖြင့်။ မုခတော၊ ခံတွင်းမှ၊ ပဂ္ဃရန္တိယာ၊ ယိုစီးလျက်၊ အန္တောဂေဟ၊ အိမ်တွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဇဏ္ဏုကေဟိ၊ ပုဆစ်ဒူးတို့ဖြင့်။ ဝိစရန္တော၊ လေးဘက်ထောက်သဖြင့် လှည့်ပတ် သွားလာလျက်။ ဝိရဝိ၊ နွားကဲ့သို့ မြည်၏။

တသ္မိံ သမယေ၊ ထိုအခါ၌။ ဂေါဃာတကဿ၊ နွားသတ်ယောကျ်ား၏။ ပုတ္တော၊ သားသည်။ ပိတရံ၊ အဘကို။ ဩလောကေန္တော၊ ကြည့်လျက်။ သမီပေ၊ အနီး၌။ ဌိတော၊ ရပ်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသားကို။ မာတာ၊အမိသည်။ အာဟ၊ ဆို၏။ ပုတ္တ၊ ချစ်သား။ဣမံ ဂေါဃာတကံ၊ ဤနွားသတ်ယောကျ်ားကို။ ပဿ၊ကြည့်ပါလော့။ ဂေဟမဇ္ဈေ၊ အိမ်လယ်၌ ဇဏ္ဏုကေဟိ၊ ပုဆစ်တို့ဖြင့်။ ဝိစရိတွာ၊ သွားလာ လှည့်ပတ်၍။ ဝိရဝန္တံ၊ မြည်းတမ်းလျက် မသေခံခံရသော ဣမံ ဒုက္ခံ၊ ဤဆင်းရဲခြင်းသည်။ ဟာမတ္ထကော၊ သင်ဦးခေါင်းပေါ်၌။ ပတိဿတိ၊ ကျလတ္တံ့။ မံပိ၊ ငါ့ကိုလည်း။ အနေဝလောကေတွာ၊ မကြည့်မူ၍။ အတ္တနော သောတ္ထိံ၊ မိမိချမ်းသာခြင်းကို။ ကရောန္တော၊ ပြုလျက်။ ပလာယဿု၊ ပြေးပါလေလော့။ဣတိ အာဟ။ ဤသို့ဆို၏။ သော၊ ထိုသားသည် မရဏဘယတဇ္ဇိတော၊ သေဘေးဖြင့် ကြောက်သောကြောင့်။ မာတရံ၊ အမိကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပလာယိ၊ ပြေး၏။ ပလာယိတွာစပန၊ ပြေးပြီး၍ကား။ တက္ကသိလံ၊ တက္ကသိုလ်ပြည်သို့။ အဂမာသိ၊ သွားလေ၏။ ဂေါဃာတကောပိ၊ နွားသတ်ယောကျ်ားသည်လည်း။ ဂေါဏောဝိယ၊ နွားကဲ့သို့။ ဂေဟမဇ္ဈေ၊ အိမ်အလယ်၌၊ ဝိရဝန္တော၊ မြည်တမ်းလျက်။ ဝိစရိတွာ၊ သွားလာ၍။ ကာလကတော၊ သေသည်

ရှိသော်။ အဝီစိမှိ၊ အဝီစိ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဂေါဏောပိ၊ နွားသည်လည်း။ ကာလမကာသိ၊ သေ၏။ ဂေါဃာတကပုတ္တောပိ၊ နွားသတ်ယောကျ်ား၏ သားသည်လည်း။ တက္ကသိလာယံ၊ တက္ကသိုလ်ပြည်သို့။ ဂန္တွာ၊ ၍။ သုဝဏ္ဏကာရကမ္မံ၊ ရွှေပန်းထိမ်သည် အတတ်ကို။ ဥဂ္ဂဏှိ၊ သင်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုနွားသတ်ယောကျ်ား၏ သား၏။ အာစရိယော၊ ဆရာသည်။ ဂါမံ၊ သင်၏ရွာသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ အလင်္ကာရံနာမ၊ တန်းဆာမည်သည်ကို။ ကရေယျာသိ၊ ပြုရာ၏။ "ပြုလေလော့လည်းဟူ"။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ပက္ကာမိ၊ ဖဲ၏။ သောပိ၊ ထိုနွားသတ်ယောကျ်ား၏ သားသည်လည်း။ တထာရူပံ၊ တိုသို့ သဘောရှိသော။ အလင်္ကာရံ၊ တန်းဆာကို။ အကာသိ၊ ပြု၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုနွားသတ်ယောကျ်ား၏ သား၏။ အာစရိယော၊ သည်၊ အာဂန္တွာ၊ လာ၍။ တံ အလင်္ကာရံ၊ ထိုတန်းဆာကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤယောကျ်ားသည်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော အရပ်သို့။ ဂန္တွာ၍။ ဇီဝိတုံ သမတ္ထောတိ၊ အသက်မွေးခြင်းငှာ စွမ်းပြီဟု။ ဝယပ္ပတ္တံ၊ အရွယ်သို့ရောက်သော၊ အတ္တနောဓီတရံ၊ မိမိသမီးကို၊ အဒါသိ၊ ၏။ သော၊ ထိုနွားသတ်ယောကျ်ား၏ သားသည်၊ ပုတ္တဓီတာဟိ၊ သားသမီးတို့ဖြင့်။ ဝဍ္ဍိ၊ ကြီးပွားစည်ပင်၏။

အထ၊ ထိုနောင်မှ။ အဿ၊ ထိုနွားသတ်ယောကျ်ား၏ သား၏။ ပုတ္တာ၊ သားတို့သည်။ ဝယပ္ပတ္တာ၊ အရွယ်သို့ရောက်ကုန်သည် ရှိသော်။ သိပ္ပံ၊ အတတ်ကို။ ဥဂ္ဂဏှိတွာ၊ သင်၍။ အပရဘာဂေ၊ နောက်အဘို့၌။ သာဝတ္ထိယံ၊ သို့။ ဂန္တွာ၊ ၍။ တတ္ထ၊ ထိုသာဝတ္ထိပြည်၌။ ဃရာဝါသံ၊ အိမ်ထောင်ခြင်းကို။ သဏ္ဌာပေတွာ၊ ဖြစ်စေ၍။ ဝသန္တာ၊ နေကုန်သည်ရှိသော်။ သဒ္ဓါပသန္နာ၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ နေသံ၊ ထိုသူတို့၏။ ပိတာပိ၊ အဘသည်လည်း။ တက္ကသိလာယံ၊ တက္ကသိုလ် ပြည်၌။ ကိဉ္စိကုသလံ၊ တစုံတခုသော ကုသိုလ်ကောင်းမှုကို။ အကတွာဝ၊ မပြုရဘဲသာလျှင်။ ဇရံ၊ အိုခြင်းသို့။ ပါပုဏိ၊ ရောက်၏။ အထ၊ ထိုအခါ၌၊ အဿ၊ ထိုနွားသတ်ယောကျ်ား၏ သား၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ နေ၊ ငါတို့၏။ ပိတာ၊ အဘသည်။ မဟလ္လကောတိ၊ အိုမင်းပြီဟူ၍။ အတ္တနော သန္တိကံ၊ မိမိအထံသို့။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ပိတု၊ အဘ၏။ အတ္ထာယ၊ နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်အကျိုးငှါ။ ဒါနံ၊ အလှူကို။ ဒဿာမ၊ ပေးကုန်အံ့။ ဣတိ၊ ဤသို့။ ဗုဒ္ဓပမုခံဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တယိံသု၊ ပင့်ကုန်၏။ တေ၊ ထိုနွားသတ်ယောကျ်ား၏ သား၏ သားသမီးတို့သည်။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ အန္တောဂေဟေ၊ အိမ်တွင်း၌။ ဗုဒ္ဓပမုခံဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိသီဒါပေတွာ၊ နေစေ၍။

သက္ကစ္စံ၊ ရိုသေစွာ။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းဘုဉ်းပေးပြီးသည်၏ အဆုံး၌။ သတ္ထာရံ၊ မြတ်စွာဘုရားကို၊ အာဟံသု၊ လျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ပိတု၊ အဘ၏။ ဣဒံဇီဝဘတ္တံ၊ ဤအသက်ရှည်အံ့သောဆွမ်းကို။ ဒိန္နံ၊ လှူအပ်ပြီ။ နော၊ အကျွန်ုပ်တို့၏၊ ပိတု၊ အဘအား။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောထ၊ ပြုကုန်ပါလော့။ ဣတိ အာဟံသု၊ ဤသို့လျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုနွားသတ်ယောကျ်ားမြ်သားကို။ အာမန္တေတွာ၊ ခေါ်၍။ ဥပါသက၊ ဒါယကာ။ တွံ၊ သင်သည်။ မဟလ္လကော၊ အရွယ်ကြီးသည်ဖြစ်၍။ ပရိပက္ကသရီရော၊ ကြီးရင့်သောကိုယ်ရှိ၏။ ပဏ္ဍုပလာသသဒိသော၊ ပြွတ်၍မြေ၌ကျသည့်သော ဖျော့တော့သော အဆင်းရှိသော ဖက်ရွက်လျော်နှင့်တူ၏။ တေ၊ သင်၏။ ပရလောကဂမနာယ၊ တမလွန်ဘဝသို့ သွားခြင်းငှါ။ ကုသလပါထေယျံ၊ ကုသိုလ်တည်းဟူသော ရိက္ခာထုပ်သည်။ နတ္ထိ၊ မရှိ။ အတ္တနော ပတိဋ္ဌံ၊ မိမိဘည်ရာကို။ ကရောဟိ၊ ပြုလော့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။ ဗာလော၊ မိုက်မဲ တွေဝေသည်။ မာဘဝ၊ မဖြစ်လင့်လော့။ ဣတိ၊ ဤသို့မိန့်တော်မူ၍။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမာ ဒွေ ဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၃၅။ ။ပဏ္ဍုပလာသောဝ ဒါနိသိ၊ ယမပုရိသာပိ စ တံ ဥပဋ္ဌိတာ။ ဥယျောဂမုခေ စ တိဋ္ဌသိ၊ ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

ဘောဥပါသက၊ အိုဒါယကာ။ တွံ၊ သင်သည်၊ ဣဒါနိ၊ ယခုအခါ၌။ ပဏ္ဍုပလာသောဝ၊ ဖျော့တော့သော အဆင်းရှိသော ဖက်ရွက်လျော်ကဲ့သို့။ အသိ၊ ဖြစ်ပြီ။ ယမပုရိသာပိ စ၊ ငရဲမင်း၏ တမန် ယောကျ်ားတို့သည်လည်း။ တံ၊ သင်၏။ ဥပဋ္ဌိတာ၊ အနီး၌ တည်ကုန်၏။ တွံ၊ သင်သည်။ ဥယျောဂမုခေ၊ ဆုတ်ယုတ်သည်ဖြစ်၍ သေမင်း၏ အာဝဲ့သို့လျှင်။ တိဋ္ဌသိ၊ တည်၏။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တဿ၊ သွားသော။ တေ၊ သင်အား။ ပါထေယျံပိ စ၊ ကုသိုလ်ဟူသော ရိက္ခာထုပ်သည်လည်း။ န ဝိဇ္ဇတိ၊ မရှိ။

၂၃၆။ ။သော တွံ၊ ထိုသင်သည်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းကြီးနှင့်တူသော ကုသိုလ်ဟူသော မှီခိုရာကို။ ကရောဟိ၊ ပြုလော့။ ခိပ္ပံ၊ လျင်စွာ။ ဝါယာမ၊ လုံ့လပြုလော့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။ နိဒ္ဓန္တမလော၊ ထုတ်ပြီးသော ရာဂစသော အညစ်အကြေးရှိသည်။ အနင်္ဂဏော၊ ကိလေသာမရှိသည်။ ဟုတွာ၊ ဖြစ်၍။ အရိယဘူမိံ၊ အရိယာတို့၏ ဖြစ်ရာဖြစ်သော။ ဒိဗ္ဗံ၊ သုဒ္ဓါဝါသဘုံသို့။ ဥပေဟိသိ၊ ရောက်လတ္တံ့။ ဣတိ အဘာသိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ပဏ္ဍုပလာသောဝ ဒါနိသီတိ၊ ဒ္ါနိသိဟူသည်ကား။
ဥပါသက၊ ဒါယကာ။ တွံ၊ သင်သည်။ ဣဒါနိ၊ ယခုအခါ၌။ ဆိန္ဒိတွာ၊ ပြုတ်
၍။ ဘူမိယံ၊ မြေ၌။ ပတိတပဏ္ဍုပလာသောဝိယ၊ ကျသောဖက်ရွက်လျော်ကဲ့သို့။
အဟောသိ၊ ဖြစ်၏။ ယမပုရိသာတိ၊ ဟူသည်ကား။ ယမဒူတာ၊ ယမမင်း၏တမန်
တို့ကို။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဥပဋ္ဌိတာ၊ ဤစကားကိုကား။ မရဏမေဝ၊ သေခြင်း
ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ တေ၊ သင်အား။ မရဏံ၊
သေခြင်းသည်။ ပစ္စုပဋ္ဌိတံ၊ ရှေးရှုတည်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။
ဥယျောဂမုခေတိ၊ မုခေဟူသည်ကား။ ပရိဟာနိမုခေ၊ ဆုတ်ယုတ်ခြင်း ရှိသော
သေခြင်း၏ အဝ၌။ အဝဍ္ဍိမုခေဝ၊ ပွားခြင်းမရှိသော အဝ၌သာလျှင်။ ဌိတောသိ၊
တည်သည်။ အသိ၊ ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ပါထေ
ယျန္တိ၊ ပ္ါထေယျံဟူသည်ကား။ ဂမိကဿ၊ ခရီးသွားသောသူအား။ တဏ္ဍုလာဒိ
ပါထေယျံဝိယ၊ ဆန်အစရှိသော ရိက္ခာထုပ်ကဲ့သို့။ ပရလောကံ၊ တမလွန်ဘဝသို့
ဂစ္ဆန္တဿ၊ သွားသော။ တဝ၊ သင်အား။ ကုသလပါထေယျံပိ၊ ကုသိုလ်ဟူသော
ရိက္ခာထုပ်သည်လည်း။ နတ္ထိ၊ မရှိ။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ သော
ကရောဟီတိ၊ ကရောဟိဟူသည်ကား။ သော တွံ၊ ထိုသင်သည်။ သမုဒ္ဒေ၊ သမုဒ္ဒရာ၌။
နာဝါယ၊ လှေဖြင့်။ ဘိန္နာယ၊ ကွဲသည်ရှိသော်။ ဒီပသင်္ခါတံ၊ ကျွန်းဟုဆိုအပ်သော။
ပတိဋ္ဌံဝိယ၊ တည်ရာ ကဲ့သို့။ အတ္တနော၊ မိမိ၏။ ကုသလပတိဋ္ဌံ၊ ကိုးကွယ်ရာ
ဖြစ်သော ကုသိုလ်ကို။ ကရောဟိ၊ ပြုလော့။ ကရောန္တော စ၊ ပြု၍လည်း။ ခိပ္ပံ
သီဃံသီဃံ၊ လျင်စွာ လျင်စွာ။ ဝါယာမ ဝီရိယံ၊ လုံ့လကို။ အာရဘ၊ အားထုတ်၍၊
အတ္တနော၊ မိမိ၏။ ကုသလကမ္မံ၊ ကုသိုလ်ကံကို။ ပတိဋ္ဌာကရဏေန၊ တည်ရာကို
ပြုသဖြင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။ ဟိ၊ ထိုစကား
သင့်စွ။ ယော၊ အကြင်သူသည်။ မရဏမုခံ၊ သေမင်း၏အဝသို့။ အပတွာ၊
မရောက်မူ၍။ ကာတုံ၊ ပြုခြင်းငှာ။ သမတ္ထကာလေဝ၊ စွမ်းနိုင်သော ကာလက
သာလျှင်။ ကုသလံ၊ ကုသိုလ်ကို။ ကရောတိ၊ ပြု၏။ သော၊ ဤသူသည်ကား။
ပဏ္ဍိတောနာမ၊ ပဏ္ဍိတမည်၏။ တာဒိသော၊ ထိုသို့သဘောရှိသည်။ ဘဝ၊ ဖြစ်
လော့။ အန္ဓဗာလော၊ အလွန်တွေဝေသော သူသည်။ မာဘဝ၊ မဖြစ်လင့်။ ဣတိ
အတ္ထော၊ ဤကားအနက်တည်း။ ဒိဗ္ဗံအရိယဘူမိန္တိ၊ ဘူမိံဟူသည်ကား။ ဧဝံ၊ သို့။
ဝီရိယံ၊ လုံ့လကို။ ကရောန္တော၊ ပြုလျက်။ ရာဂါဒီနံမလာနံ၊ ရာဂအစရှိသော
အညစ်အကြေးတို့ကို။ နီဟဋတာယ၊ ထုတ်သည်၏အဖြစ်ကြောင့်။ နိဒ္ဓန္တမလော၊
နုတ်အပ်သော အညစ်အကြေးရှိသော။ အနင်္ဂဏောတိ၊ ဟူသည်ကား။ အနင်္ဂဏ
ဘာဝေန၊ အင်္ဂဏ မရှိသည်၏ အဖြစ်ကြောင့်။ အနင်္ဂဏော နိက္ကိလေသော၊

ကိလေသာမရှိသည်၊ ဟုတွာ၊ ဖြစ်၍။ ပဥ္စဝိဓံသုဒ္ဓါဝါသဘုမ်ိ၊ ငါးပါးအပြား
ရှိသော သုဒ္ဓါဝါသဘုံသို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ ဣတိအတ္ထော၊ ဤကား
အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ သောဥပါသကော၊
ထိုဒါယကာကြီးသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊
တည်၏။ သမ္ပတ္တာနံပိ၊ ရောက်လာသော ပရိသတ်တို့အားလည်း။ သာတ္ထိကာ၊
အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊
ဤကား နွားသတ်ယောကျ်ား၏ သားဖြစ်သော ဥပါသကာ၏ သောတာပန်ဖြစ်
သည်ကို ဆိုရာဖြစ်သော စကားတည်း။ တေ၊ ထိုဥပါသကာ၏ သားသို့ကိုသည်။
ပုနဒိဝသမ္ပိ ဘတ္တာယပိ၊ နက်ဖြန်ကောင်းမှုအကျိုးငှာလည်း။ ဘတ္တာရံ၊ မြတ်စွာဘုရား
ကို။ နိမန္တေတွာ၊ ဘိတ်၍။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ကတဘတ္တကိစ္စံ၊
ပြုအပ်ပြီးသော ဆွမ်းစားခြင်း ကိစ္စရှိသော။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အနု
မောဒနကာလေ၊ တရားဟောခတော်မူသော အခါ၌။ အာဟံသု၊ လျှောက်ကုန်၏။
ဘန္တေ၊ အရှင်ဘုရား။ အမှာကံ၊ ငါတို့၏။ ပိတု၊ အဘ၏။ ဣဒံပိ ဇီဝိဘတ္တ
မေဝ၊ ဤအသက်ရှည်ခြင်းငှာ လှူသောဆွမ်းသည်လျှင်။ ဣမဿေ၊ ဤသူ
အားသာလျှင်။ အနုမောဒနံ၊ ဝမ်းမြောက်စေခြင်းကို။ ကရောထ၊ ပြုပါကုန်
လော့။ ဣတိအာဟံသု၊ ဤသို့လျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။
တဿ၊ ထိုသူအား။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုတော်
မူလို၍။ ဣမာဒွေဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၃၇။ ။သော ဥပါသက၊ အိုဒါယကာ။ တွံ၊ သင်သည်။ ဒါနိ၊ ယခု
အခါ၌။ ဥပနီတ ဝယောစ၊ လွန်လေပြီးသော အရွယ်သည်သည်း။ အသိ၊ ဖြစ်၏။
ယမဿ၊ သေခင်း၏။ သန္တိကေ၊ အထံ၌။ သံပယာတတော၊ သွားအံ့သော အစီ
အရင်ရှိသည်ဖြစ်၍ တည်သည်။ အသိ၊ ဖြစ်၏။ အန္တရာ၊ အကြား၌၊ တေ၊
သင်အား။ ဝါသောပိစ၊ နေရခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ တေ၊ သင်အား။
အန္တရာ၊ သံသရာ အကြား၌။ ပါထေယျံပိစ၊ ကုသိုလ်ဟူသော ရိက္ခာ သည်လည်း။
နဝိဇ္ဇတိ၊ မရှိ။

၂၃၈။ ။သောတွံ၊ ထိုသင်သည်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ ကျွန်းနှင့်
တူသော။ ကုသလံ၊ ကုသိုလ်ဟူသောတရားကို။ ကရောဟိ၊ ပြုလော့။ ခိပ္ပံ လျှင်
စွာ။ ဝါယာမ၊ လုံ့လပြုလော့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘဝ၊ ဖြစ်လော့။
နိဒ္ဓန္တမလော၊ ထုတ်အပ်သော ရာဂအစရှိသော အညစ်အကြေးသည် အနင်္ဂဏ
ကော၊ ကိလေသာမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပုန၊ တဖန်။ ဇာတိဇရံ၊ ပဋိသန္ဓေ

နေခြင်း အိုခြင်းသို့။ နဉပေဟိသိ၊ မကပ် ရလတ္တံ့။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဉပနီတဝယောတိဧတ္ထ၊ ဉပနီတဝယော ဟူသော ဤပုဒ်၌။ ဉပါတိ၊ ဉပ ဟူသည်ကား။ နိပါတမတ္တံ၊ နိပါတ်မျှသာတည်း။ နီတဝယောတိ၊ ဟူသည်ကား။ ဝိဂတဝယော၊ ပျိုနုခြင်းမှ ကင်းသော အရွယ်ရှိသည် ဖြစ်၍။ တံ့ပိ၊ သင်သည်လည်း။ အတိက္ကန္တဝယော၊ လွန်သော အရွယ်ရှိသည်။ အသိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဒါနိ၊ ယခုအခါ၌။ တယောဝယေ၊ အရွယ် သုံးပါးတို့ကိုလည်း။ အတိက္ကမိတွာ၊ လွန်၍။ မရဏမုခေ၊ သေမင်း၏ အဝ၌။ ဌိတော၊ တည်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သံပယာဂတောတိ၊ သံပယာဂတော-ဟူသည်ကား။ ယမဿ၊ သေမင်း၏။ သန္တိကံ၊ သို့။ မရဏမုခံ၊ သေမင်း၏အဝသို့။ ဂန္တုံ၊ သွားခြင်းငှာ။ သဇ္ဇော၊ စီရင်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဌိတော၊ တည်သည်။ အသိ၊ ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဝါသောပိစ တေနတ္ထိအန္တရာတိ၊အန္တရာဟူသည်ကား။ မဂ္ဂေ၊ ခရီးကို။ဂစ္ဆန္တာ၊သွား ကုန်သောသူတို့သည်။တာနိတာနိကိစ္စာနိ၊ထိုထိုအမှုတို့ကို၊ကရောန္တာ၊ပြုကုန်လျက်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ဝသန္တိယထာ၊ နေကုန်သကဲ့သို့။ ဧဝံတထာ၊ထိုအတူ။ ပရလောကံ၊ တမလွန်ဘဝသို့။ ဂစ္ဆန္တဿ၊ သွားကုန်သည်ရှိသော်။ ပရလောကံဂစ္ဆ န္တေန၊ တမလွန်ဘဝသို့ သွားလိုသောသူကို။ ကတိပါဟံ၊ နှစ်ရက်သုံးရက်မျှ၊ အဓိ ဝါသေဘ၊ နေပါကုန်လော့။ တာဝ၊ ရှေးဦးစွာ။ ဒါနံ၊ အလှူကို။ ဒေမိ၊ ပေးအံ့။ တာဝ၊ ရှေးဦးစွာ။ ဓမ္မံ၊ တရားကို။ သုဏာမိ၊ နာအံ့။ ဣတိ အာဒီနိ၊ ဤသို့ စသော စကားတို့ကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နဟိသက္ကာ၊ မတတ်ကောင်း။ ဣတော ပန၊ ဤဘဝမှကား။ စဝိတွာ၊ စုတေ၍။ ပရလောကေ၊ တမလွန်ဘဝ၌။ နိဗ္ဗ တ္တောဝ၊ ဖြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣမမတ္ထံ၊ ဤအကြောင်းကို။ သန္ဓာယ၊ ရည်၍။ ပါထေယျန္တိ၊ ပါထေယျံဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဣဒံ၊ ဤတရားဒေသနာကို။ ဟေဋ္ဌာ၊ အောက်၌။ ကိဥ္စာပိဝုတ္တမေဝ၊ အကယ်၍ကား ဟောအပ်၏။ ပနတထာပိ၊ ထိုသို့ ဟောအပ်ပြီးသော်လည်း။ ဉပါသကဿ၊ ဒါယကာအား။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဒဠှီကရဏတ္ထံ၊ မြဲစွာ မှတ်စေခြင်းငှါ။ ဣဓာပိ၊ ဤအရာ၌လည်း သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ကထိတံ၊ ဟောအပ်၏။ ဇာတိဇရန္တိဧတ္ထ၊ ဇာတိဇရံဟူသော ဤပုဒ်၌။ ဗျာဓိမရ ဏာနိ၊ နာခြင်း သေခြင်းတို့ကို။ ဂဟိတာနေဝ၊ ယူအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟေဋ္ဌိမ ဂါထာဟိစ၊ အောက်၌ ဟောအပ်ပြီးသော ဂါထာ တို့ဖြင့်ကား။ ဒုနာဂါမိမဂ္ဂေါ၊ အနာဂါမိမဂ်ကို။ ကထိတော၊ ဆိုအပ်၏။ ဣဓ၊

ဤဂါထာ၌။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်ကို။ ကထိတော၊ ဆိုအပ်၏။ ဧဝံ သန္တေပိ၊ ဤသို့ဖြစ်သော်လည်း။ ရညာ၊ မင်းသည်။ အတ္တနော၊ မိမိ၏။ မုခပမာ ဏေန၊ ခံတွင်းကို နှိုင်းရှည့်သဖြင့်။ ကဗလံ၊ ထမင်းလုပ်ကို။ ဝဍ္ဎေတွာ။ ပွား၍။ ပုတ္တဿ၊ သားအား။ ဥပနီတေ၊ ဆောင်သည်ရှိသော်။ သောကုမာရော၊ ထို မင်းသားသည်။ အတ္တနော၊ ၏။ မုခပမာဏမေဝ၊ ခံတွင်းပမာဏဖြင့်သာလျှင်။ ဂဏှာတိယထာနာမ၊ ယူသည်မည်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ ဥပရိမဂ္ဂဝသေန၊ အထက်မဂ်၏ အစွမ်းဖြင့်။ ဓမ္မေ၊ တရားကို။ ဒေသိတေပိ၊ ဟောသော်လည်း။ ဥပါသကော၊ အဘိုးအိုဒါယကာသည်။အတ္တနော ဥပနိဿယဝသေန၊ မိမိဥပနိဿယည်း၏ အစွမ်းဖြင့်။ ဟေဋ္ဌာ၊ အောက်ဖြစ်သော အနာဂါမိဖလံ၊သောတာပတ္တိဖလံ၊သောတာပတ္တိဖိုလ်သို့။ပတ္တော၊ ရောက်၍။ ဣမိဿာအနုမောဒနာယ၊ ဤအထက် ဖြစ်သော အနုမောဒနာဂါထာ၏။ အာ သာနေ၊ အဆုံး၌။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပတ္တော၊ ရောက်၏။ သေသပရိသာယပိ၊ ကြွင်းသော ပရိသတ်အားလည်း။ သာတ္ထိကာ၊ အကျိုး ရှိသော။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ပဌမံ၊ သော။ ဂေါဃာတကပုတ္တဝတ္ထု၊ ဝတ္ထုသည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၁၈-မလဝဂ္ဂ။ ၂-အညတရဗြာဟ္မဏဝတ္ထု။

(ဂေါဃာတကဝတ္ထု၌ ဟောရာ ဖြစ်သောဂါထာ၏ အဋ္ဌာကထာနာကို ပြပြီး၍ အညတရဗြာဟ္မဏဝတ္ထု၌ ဟောရာဂါထာ၏ အဋ္ဌာကထာနာကို ပြလို သော အရှင်ဗုဒ္ဓဃောသဆရာသည် "အနုပုဗ္ဗေန" စသော ပုဒ်ကို မိန့် သတည်း။)

"အနုပုဗ္ဗေနာ"တိ ဣမံ ဓမ္မဒေသနံ၊ အနုပုဗ္ဗေန-စသော ဤဒေသနာတော်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌ ဝိ ဟ ရန္တော၊ နေတော်မူလျက်။ အညတရဗြာဟ္မဏံ၊ အမှတ်မရှိသော ပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုပုဏ္ဏားသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ပါတောဝ၊ စောစောကလျှင်။ နိက္ခမိတွာ၊ ထွက်၍၊ ဘိက္ခူ ဟန်း တို့၏။ စီဝရပါရုပနဋ္ဌာနေ၊ သင်္ကန်းရုံရာအရပ်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဒေဝ၊ သင်္ကန်းကို။ ပါရုပန္တေ၊ ရုံသည်တို့ကို။ ဩလောကေန္တော၊ ကြည့်လျက်။ အဋ္ဌာသိ ကိရ၊ တည်သတတ်။ တံပနဋ္ဌာနံ၊ ထိုအရပ်သည်။ ဝိရူဠ္ဟတိဏံ၊ မြက်

ရှိသည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ကေဿဘိက္ခုနော၊ တယောက်သော ရဟန်း၏။ စိတ်ရုံ၊ သက်န်းကို။ ပါရုပန္တဿ၊ ရုံသည်ရှိသော်။ စီဝရကဏ္ဏော၊ သင်္ကန်း အနားပတ်သည်။ တိဏေသု၊ မြက်တို့၌။ ပဇ္ဇတွေဗ္ဗော၊ ထိခိုက်သည် ရှိသော်။ ဥဿာဝဗိန္ဒူဟိ၊ ဆီးနှင်း ပေါက်တို့ဖြင့်။ တေမိယတိ၊ စွတ်၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဣမံဌာနံ၊ ဤအရပ်ကို။ အပ္ပဟရိုတံ၊ စိမ်းရှင် သော မြက်မရှိသည်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိတိ၊ သင့်၏ဟူ၍။ ပုနဒိ ငသေ၊ တဘန် မိုးသောက်သောနေ့၌။ ကုဒါလံ၊ ပေါက်တူးကို။ အာဒါယ၊ ယူ၍။ တံဌာနံ၊ ထိုအရပ်သို့။ ဂန္တွာ၊ သွား၍။ တစ္ဆေတွာ၊ ရှေ့ချော၍။ ခသ မဏ္ဍလသဒိသော၊ ကောက်နယ်တလင်းနှင့်တူသည်။အဟောသိ၊ ဖြစ်၏။ ပုနဒိဝသေ၊ တဘန်မိုးသောက်သော နေ့၌။ တံဌာနံ၊ ထိုအရပ်သို့။ ဂန္တွာ၊ သွား၍။ ဘိက္ခူသု၊ ရဟန်းတို့သည်။ စိဝရံပါရုပန္တေသု၊ သင်္ကန်း ရုံကုန်သည်ရှိသော်။ ကေဿ၊ တယောက်သော ရဟန်း၏။ စီဝရကဏ္ဏံ၊ သင်္ကန်း နားသည်။ ဘူမိယံ၊ မြေ၌။ ပတိတွာ၊ ကျ၍။ ပံသုမှိ၊ မြေမှုန့်သည်။ ပဝတ္တမာနံ၊ လူးသည်ကို။ ဒိသွာ၊ မြင်၍။ ဣဓ၊ ဤအရပ်၌။ ဝါလုကံ၊ သဲကို။ ဩကိရိတုံ၊ ကြဲခြင်းငှာ။ ဝဋ္ဋတိတိ၊ အပ်၏ဟု။ စိန္တေတွာ၊ ကြံ၍။ ဝါလုကံ၊ သဲကို။ အာဟရိတွာ၊ ဆောင်၍။ ဩကိရိ၊ သွန်း လောင်း၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ပုရေဘတ္တံ၊ နံနက်ဆွမ်း စားစဉ်။ ဧဏ္ဍော၊ ကြမ်းတမ်းခက်ထန်ခြင်း ရှိသော်။ အာဘာပေါ၊ နေပူသည်။ အဟောသိ၊ ဖြစ်၏။တဒါပိ၊ ထိုအခါ၌လည်း။စီဝရံပါရုပန္တာနံ၊ သင်္ကန်းရုံကုန်သော ရဟန်းတို့၏။ ဂတ္တတော၊ ကိုယ်မှ။ သေဒေမုစ္စန္တေ၊ ချွေးယိုသည်တို့ကို။ ဒိသွာ၊ မြင်၍။ ဣဓ၊ ဤအရပ်၌။မယာ၊ ငါသည်။မဏ္ဍပံ၊ မဏ္ဍပ်ကို။ကာရေတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိတိ၊ သင့်၏ဟု။ စိန္တေတွာ၊ ကြံ၍။ မဏ္ဍပံ၊ မဏ္ဍပ်ကို။ ကာရေသိ၊ ဆောက်၏။ ပုနဒိငသေ၊ တဘန် မိုးသောက်သောနေ့၌။ ပါတောဝ၊ နံနက်အခါလျှင်။ ဝဿံ၊ မိုးသည်။ ဝဿိ၊ ရွာ၏။ ဝဒ္ဒလိကာ၊ မိုးညိုးသည်းပါသည်။ အဟောသိ၊ ၏။ တဒါပိ၊ထိုအခါ၌လည်း။ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဘိက္ခူ၊ရဟန်းတို့ကို။ဒိဘောဝ၊ ရင်လျက်လျှင်။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ တိန္တစီဝရေကေ၊ မိုးရေ စွတ်သော သင်္ကန်းရှိကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ ဧတ္ထ၊ ဤ အရပ်၌။မယာ၊ ငါသည်။သာလံ၊ စရပ်ကို။ ကာရေတုံ၊ ဆောက်ခြင်းငှာ။ ဝဋ္ဋတိတိ၊ အပ်၏ဟု။စိန္တေတွာ၊ကြံ၍ သာလံ၊ စရပ်ကို။ ကာရေတွာ၊ဆောက်စေပြီး၍။ဣဒါနိ၊ ယခုအခါ။ သာလမယံ၊ စရပ်ပူဇော်ခြင်းကို။ ကရိဿာမိတိ၊ ပြုအံ့ဟု။ စိန္တေတွာ၊ ကြံ၍၊ ဗုဒ္ဓပမုခံဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တေတွာ၊ ပင့်၍။ အန္တောစ၊ စရပ်အတွင်း၌၎င်း။ ဗဟိစ၊ စရပ်အပ၌၎င်း။ ဘိက္ခူ၊ ရဟန်း

တို့ကို။ နိသီဒါပေတွာ၊ နေစေ၍။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌။ အနုမောဒနတ္ထာယ၊ အနုမောဒနာ ပြုခြင်းငှာ။ သတ္ထု၊ မြတ်စွာဘုရား၏။ ပတ္တံ၊ သပိတ်ကို၊ ဂဟေတွာ၊ ယူ၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဝိဝရာ ရူပနကာလေ၊ သင့်လျော်သော ကာလ၌။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဌတွာ၊ ရပ်လျက်။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ ဣဒဉ္စိဒဉ္စ၊ ဤမည် ဤမည်သောအမှုကို။ ကာရေမီတိ၊ ပြုစေ၏ဟု။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ သဗ္ဗံ၊ အလုံးစုံသော၊ တံပဝတ္တိံ၊ ထို အကြောင်းကို။ အာရောစေသိ၊ ကြား၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တဿ၊ ထိုပုဏ္ဏားအား။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ပဏ္ဍိတာနာမ၊ ပညာရှိသော သူဟူသည်ကား။ ခဏေခဏေ၊ ခဏတိုင်း ခဏတိုင်း။ ထောကံ ထောကံ၊ အနည်းငယ်မျှ အနည်းငယ်မျှသော။ ကုသလံ၊ ကုသိုလ်ကို။ ကရောန္တာ၊ ပြုကုန်လျက်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ အတ္တနော၊ မိမိ၏။ အကုသလမလံ၊ အကုသိုလ်ဟူသော အညစ်အကြေးကို။ နီဟရန္တိယေဝ၊ ဟုတ်ကုန်သည်သာလျှင်ဘည်။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၃၉။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။ ကမ္မာရော၊ ပန်းတိမ်သည်သည်။ ရဇတဿ၊ ရွှေငွေ၏။ မလံ၊ အညစ်အကြေးကို နိဒ္ဓမေ ဣ၊ ထုတ်သကဲ့သို့၊ မေဓာဝီ၊ ပညာ ရှိသောသူသည်။ ခဏေခဏေ၊ အခွင့်ရတိုင်း အခွင့်ရတိုင်း။ ထောကံ ထောကံ၊ အနည်းငယ် အနည်းငယ်သော။ ကုသလံ၊ ကုသိုလ်ကို။ ကရောန္တော၊ ပြုသည်ဖြစ်၍။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ အတ္တနော၊ မိမိ၏၊ မလံ၊ ရာဂအစရှိသော အညစ် အကြေးကို။ နိဒ္ဓမေ၊ ထုတ်ရာ၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အနုပုဗ္ဗေနာတိ၊ အနုပုဗ္ဗေနဟူသည်ကား။ အနုပဋိပါဋိယာ၊ အစဉ်အတိုင်း။ မေဓာဝီတိ၊ မေဓာဝီဟူသည်ကား။ ဓမ္မောဇပညာယ၊ ဓမ္မဟူသော ရသဩဇပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူတည်း။ ခဏေခဏေတိ၊ ခဏေ ခဏေ ဟူသည်ကား။ ဩကာသေ ဩကာသေ၊ အခွင့်ရတိုင်း အခွင့်ရတိုင်း၊ ကုသလံ၊ ကုသိုလ်ကို။ ကရောန္တော၊ ပြုသည်ရှိသော်။ ကမ္မာရောရဇတဿဝါတိ၊ ကမ္မာရောရဇ- တဿဝ ဟူသည်ကား။ သုဝဏ္ဏကာရော၊ ရွှေပန်းထိမ်သည်သည်။ ဧကဝါရမေဝ၊ တကြိမ်သာလျှင်။ သုဝဏ္ဏံ၊ ရွှေကို။ တာပေတွာ၊ မီးကင်၍။ ကောဋ္ဋေတွာ၊ ခတ်၍။ မလံ၊ အညစ်အကြေးကို။ နီဟရိတွာ၊ ထုတ်၍၊ ပိဠန္ဓနဝိကတိံ၊ တန်ဆာ အထူးကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပစန္တော၊ ကျိုလျက်။ ကောဋ္ဋေန္တော ပန၊ ခတ်သည်ရှိသော်ကား။ မလံ၊ အညစ် အကြေးသည်။ နီဟရတိ၊ ထွက်၏။ တတော၊ ထိုနောင်မှ။ အနေကဝိဓံ၊ များသော

အပြားရှိသော။ ပိလန္ဓနဝိကတိ ၊ တန်းဆာအထူးကို။ ကရောတိယသာ၊ ပြုသကဲ့သို့။ ဝေမေဝံ ဝေံသထာ၊ ထိုအတူ။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ကုသလံ၊ ကုသိုလ်ကို။ ကရောန္တော၊ ပြုလျက်။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အတ္တနော၊ မိမိ၏။ ရာဂါဒိမလံ၊ ရာဂ အစရှိသော အညစ်အကြေးကို။ နိဒ္ဓမေယျ၊ ထုတ်ရာ၏။ ဟိ၊ သင့်စွ။ ဧဝံ၊ ဤသို့။ နိဒ္ဓန္တမလော၊ ထုတ်အပ်ပြီးသော အညစ်အကြေး ရှိသော သူသည်။ နိက္ကိလေသော၀ါ၊ ကိလေသာ တည်းဟူသော အညစ်အကြေး မရှိသည် သာလျှင်။ ဟောတိ၊ ၏။ ဇာတိ အတ္တော၊ ဤကား အနက်တည်း။

ဒေသနာ ၀သာနေ၊ ဒေသနာတော်အဆုံး၌။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ မဟာဇနဿာပိ၊ လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

ဒုတိယံ၊ သော။ အညတရဗြာဟ္မဏဝတ္ထု၊ ဝတ္ထုသည်။
ဇာတိ သမတ္တံ၊ ပြီးပြီ။

## ၁၈–မလဝဂ္ဂ။ ၃–တိဿတ္ထေရဝတ္ထု။

(အညတရဗြာဟ္မဏ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ တိဿမထေရ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထာဏ္ဏနာကို ပြုလိုသောအရှင်ဗုဒ္ဓဃောသဆရာသည် "အယသာ၀ မလန္တိ" စသောပါဌ်ကို မိန့်သတည်း။

"အယသာ၀မလ"န္တိ ဇာမံ ဓမ္မဒေသနံ၊ အယသာ၀မလ်·စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတ၀နေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ တိဿတ္ထေရနာမကံ၊ တိဿထေရ် အမည်ရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာ၀တ္ထိ၀ါသီ၊ သာ၀တ္ထိပြည်၌နေသော။ သော ကုလပုတ္တော၊ ထို အမျိုးသား တယောက်သည်။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ လဒ္ဓူပသမ္ပဒေါ၊ ပဉ္စင်းအဖြစ်ကို ရပြီးသည်ရှိသော်။ တိဿတ္ထေရောတိ၊ တိဿမထေရ် ဟူ၍။ ပညာယတိ ကိရ၊ ထင်ရှားဖြစ်သတတ်။ သော၊ ထိုတိဿမထေရ်သည်။ အပရဘာဂေ၊ နောက်အဘို့၌။ ဇနပဒဝိဟာရေ၊ ဇနပုဒ်ကျောင်း၌။ ဝဿူပဂတော၊ ဝါဆိုသည်ရှိသော်။ အဋ္ဌဟတ္ထကံ၊ ထုလသာဋကံ၊ ရှစ်တောင် အတိုင်းအရှည်ရှိသော ချည်ရိုင်းသော သင်္ကန်းလျာ ပုဆိုးကို။ လဘိတွာ၊ ရ၍။ ဝုတ္ထဝဿော၊ ဝါကျွတ်ပြီးသည်ရှိသော်။ တံ၊ ထိုသင်္ကန်းလျာ

ပုဆိုးကို။ အာဒါယ၊ ယူ၍။ ဂန္တွာ၊ သွား၍။ ဘဂိနိယာ၊ နှမ၏။ ဟတ္ထေ၊ လက်၌။
ထပေသိ၊ ထား၏။ သာ၊ ထိုနှမသည်။ ဧသော၊ သာဋကော။ ဤပုဆိုးသည်။
မေဘာတုငေ့ါမောင်အား။ န အနုစ္ဆဝိကောတိ၊ မလျောက်ပတ်ဟူ၍။ တံ၊ ထိုပုဆိုးကို။
တိခိဏာယ ဝါသိယာ၊ ထက်စွာသော ပဲကွပ်ဖြင့်။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဟိရံ ဟိရံ၊
အမျှင် အမျှင်။ ကတွာ၊ ပြု၍။ ဥဒုက္ခလေ၊ ဆုံဖြင့်။ ကောဋ္ဋေတွာ၊ ထောင်း၍၊
ပဝိသေတွာ၊ ဝါဖတ်ခြင်းသို့ သွင်း၍။ ပေါထေတွာ၊ ဝါဂွမ်းဖွပ်သကဲ့သို့ ဖွပ်၍၊
ဝဋ္ဋေတွာ၊ ဘိုင်းလိပ်သကဲ့သို့ လိပ်၍။ သုခုမသုတ္တံ၊ သိမ်မွေ့သောချည်ကို။ ကန္တေတွာ၊
ဝင့်၍။ သာဋကံ၊ ပုဆိုးကို။ ဝါယာပေသိ၊ ရက်စေ၏။ ထေရောပိ၊ တိဿမထေရ်
သည်လည်း။ သုတ္တဥ္စ၊ ချည်ကိုရင်း။ သူစိယော စ၊ အပ်ကိုရင်း။ သံဝိဒဟိတွာ၊
စီရင်၍။ စီဝရကာရကေ၊ သင်္ကန်းချုပ်တတ်ကုန်သော။ ဒဟရသာမဏေရေ၊ ပဉ္စင်းပျို
သာမဏေတို့ကို။ သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ဘဂိနိယာ၊ နှမ၏။ သန္တိကံ၊
အထံသို့။ ဂန္တွာ၊ သွား၍။ မေ၊ ငါ၏။ တံ သာဋကံ၊ ထိုပုဆိုးကို။ ဒေထ၊ ပေး
ကုန်လော့။ စီဝရံ၊ သင်္ကန်းကို။ ကာရေဿာမိ၊ ချုပ်အံ့။ ဣတိ အာဟ၊ ဤသို့ဆို၏။
သာ၊ ထိုနှမသည်။ နဝ ဟတ္ထံ သာဋကံ၊ ကိုးတောင်သော ပုဆိုးကို၊ နီဟရိတွာ၊
ထုတ်၍။ ကနိဋ္ဌဘာတိကဿ၊ မောင်ငယ်ဖြစ်သော တိဿမထေရ်၏။ ဟတ္ထေ၊
လက်၌၊ ထပေသိ၊ ထား၏။ သော၊ ထိုတိဿမထေရ်သည်။ တံ၊ ထိုပုဆိုးကို။
ဂဟေတွာ၊ ယူ၍။ ဝိတ္ထာရေတွာ၊ ဖြန့်၍။ ဩလောကေတွာ၊ ကြည့်၍၊ မမ သာဋကော၊
ငါ့ပုဆိုးသည်။ ထူလော၊ ရုံ့၏။ အဍ္ဍဟတ္ထော၊ ရှစ်တောင်သာတည်း။ အယံ၊ ဤ
ပုဆိုးသည်။ သုခုမော၊ သိမ်မွေ့၏။ နဝဟတ္ထော၊ ကိုးတောင်ရှိ၏။ အယံ၊ ဤပုဆိုးသည်။
မေ၊ ငါ၏။ န သာဋကော၊ ပုဆိုးမဟုတ်။ ဒေသ၊ ဤပုဆိုးသည်။ တုမှာကံ၊
သင်တို့၏ ပုဆိုးသာတည်း။ မေ၊ ငါ့အား။ ဣမိနာ၊ ဤပုဆိုးဖြင့်။ န အတ္ထော၊
အလိုမရှိ။ မေ၊ ငါ့အား။ တမေဝ၊ ထိုပုဆိုးကိုသာလျှင်။ ဒေထ၊ ပေးကုန်လော့။
ဣတိ အာဟ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဧသော၊ ဤ ပုဆိုးသည်၊
တုမှာကမေဝ၊ အရှင်ဘုရားတို့၏ ပုဆိုးသာလျှင်တည်း။ နံ၊ ထိုပုဆိုးကို။ ဂဏှထ၊
ယူကုန်လော့။ ဣတိ အာဟ၊ ဤသို့ဆို၏၊ သော၊ ထိုတိဿသည်။ နေဝ ဣစ္ဆိ၊ ယူခြင်းငှာ
အလိုမရှိ။ အထ၊ ထိုအခါ၌။ အဿ၊ ထိုတိဿအား။ အတ္တနာ၊ မိမိသည်။ သဗ္ဗံ၊
အလုံးစုံသော။ ကတကိစ္စံ၊ ပြုအပ်သော ကိစ္စကို။ အာရောစေတွာ၊ ကြား၍။
ဘန္တေ၊ အရှင်ဘုရား။ ဧသော၊ ဤပုဆိုးသည်၊ တုမှာကမေဝ၊ အရှင်ဘုရားတို့
ပုဆိုးသာလျှင်တည်း။ နံ၊ ထိုပုဆိုးကို။ ဂဏှထ၊ ယူကုန်လော့။ ဣတိ၊ ဤသို့ဆို၍။
အဒါသိ၊ ပေး၏။ သော၊ ထိုတိဿသည်။ တံ၊ ထိုပုဆိုးကို။ အာဒါယ၊ ယူ၍။
ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ စီဝရကမ္မံ၊ သင်္ကန်းချုပ်ခြင်းကို။ ပဋ္ဌပေသိ၊

ဖြစ်စေ၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုတိဿ၏။ ဘဂိနီ၊ နှမသည်။ စိဝရကာရဏံ၊ သင်္ကန်းချုပ်သော ပုဂ္ဂိုလ်တို့၏။ အတ္တာယ၊ အကျိုးငှာ။ ယာဂုဘတ္တာဒီနိ၊ ယာဂုဆွမ်း စသည်တို့ကို။ သမ္ပာဒေသိ၊ ပြည့်စုံစေ၏။ စီဝရသာ၊ သင်္ကန်း၏။ နိဋ္ဌိတဒိဝသေ ပန၊ ပြီးပြီးသောနေ့၌ကား။ အတိရေကသက္ကာရံ၊ အလွန်ပြည့်စုံစွာသော ပူဇော်သက္ကာရကို။ ကာရေသိ၊ ပြုစေ၏။ သော၊ ထိုတိဿသည်။ စီဝရံ၊ သင်္ကန်းကို။ ဩလောကေတွာ၊ ကြည့်၍။ တသ္မိံ၊ ထိုသင်္ကန်း၌။ ဥပ္ပန္နသိနေဟော၊ ဖြစ်သော ချစ်ခြင်းရှိ၏။ သွေ၊ နက်ဖြန်၌ ဒါနိ၊ ယခုအခါ၌။ နံ၊ ထိုသင်္ကန်းကို။ ပါရုပိဿာမိ၊ ရုံရုံအံ့။ ဣတိ၊ ဤသို့နှလုံးသွင်းလျက်။ သံဟရိတွာ၊ ခေါက်၍။ စီဝရဝံသေ၊ သင်္ကန်းတန်း၌။ ထပေတွာ၊ ထား၍။ ရတ္တိံ၊ ညအခါ၌။ တံ ဘုတ္တာဟာရံ၊ ပြည့်စုံစွာလှသော ဘောဇဉ်ခဲဘွယ်ကို စားခြင်းကြောင့် ဖြစ်သော အာဟာရကို။ ဇီရာပေတုံ၊ အစာကျေခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်ခြင်းကြောင့်။ ကာလံ ကတွာ၊ စုတေခြင်းကိုပြု၍။ တသ္မိံ စီဝရေ၊ ထိုသင်္ကန်း၌။ ဦကာဟုတွာ၊ သန်းဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဘဂိနီပိ၊ နှမသည်လည်း။ အဿ၊ တိဿမထေရ်၏။ ကာလကိရိယံ၊ စုတေခြင်းကို။ သုတွာ၊ ကြား၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေသု၊ ခြေတို့၌။ ပဝတ္တမာနာ၊ လူးလည်းလျက်။ ရောဒိ၊ ငို၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ တဿ၊ ထိုတိဿ၏။ သရီရကိစ္စံ ကတွာ၊ အကောင်ဖုတ်ခြင်းကိုပြု၍။ ဂိလာနုပဋ္ဌာကဿ၊ သူနာ အလုပ်အကျွေး၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ တံ၊ ထိုသင်္ကန်းသည်။ သံဃဿေဝ၊ သံဃာအားသာလျှင်။ ပါပုဏာတိ၊ ရောက်၏။ နံ၊ ထိုသင်္ကန်းကို။ ဘာဇေဿာမ၊ ခွဲဝေကုန်အံ့။ ဣတိ၊ ဤသို့။ တံ စီဝရံ၊ ထိုသင်္ကန်းကို။ နီဟရာပေသုံ၊ ထုတ်စေကုန်၏။ သာဦကာ၊ ထိုသန်းသည်။ ဣမေ၊ ဤရဟန်းတို့သည်။ မမ သန္တကံ၊ ငါ၏ဥစ္စာကို။ ဝိလုပ္ပန္တိ၊ လုယက်ဖျက်ဆီးကုန်၏ဟူ၍။ ဝိရဝန္တီ၊ ငိုမြည်တမ်းလျက်။ ဣတောစိတောစ၊ ထိုမှဤမှလည်း။ သန္ဓာဝိ၊ ပြေးသွား၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေတော်မူလျက်လျှင်။ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဏ်ဖြင့်။ တံ သဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ အာနန္ဒ၊ အာနန္ဒာ၊ တိဿဿ၊ တိဿ၏။ စီဝရံ၊ သင်္ကန်းကို။ အဝိဘာဇေတွာ၊ မဝေဘန်မူ၍။ သတ္တာဟံ၊ ခုနစ်ရက်မျှ။ နိက္ခိပိတုံ၊ ထားစေခြင်းငှာ။ ဝဒေဟိ၊ ဆိုချေလော့။ ဣတိ အာဟ၊ ဤသို့မိန့်တော်မူ၏။ ထေရော၊ အာနန္ဒာမထေရ်သည်။ တထာ၊ ထိုဘုရားမိန့်တော်မူတိုင်း။ ကာရေသိ၊ ပြု၏။ သာပိ၊ ထိုသန်းသည်လည်း။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ ကာလံကတွာ၊ စုတေခြင်းကိုပြု၍။ တုသိတ ဝိမာနေ၊

တုသိတာ နတ်ပြည်ဗိမာန်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။သတ္ထာ၊ မြတ်စွာဘုရားသည်။ အဋ္ဌမေဒိ
ဝသေ၊ရှစ်ရက်မြောက်သောနေ့၌။ တိဿဿ၊တိဿ၏၊ စီဝရံ၊ သင်္ကန်းကို။ ဘာဇေ
တွာ၊ ခွဲဝေ၍။ ဂဏှထ၊ ယူကုန်လော့။ ဣတိ အာဏာပေသိ၊ ဤသို့ စေတော်မူ၏။
ဘိက္ခူ၊ ရဟန်းတို့သည်။ တထာ၊ ထိုဘုရား မိန့်တော်မူတိုင်း။ ကရိံသု၊ ပြုကုန်၏။
ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို၊ သမုဋ္ဌာ
ပေသုံ၊ ဖြစ်စေကုန်၏၊ကသ္မာနုခေါ၊အဘယ့်ကြောင့်။သတ္ထာ၊ မြတ်စွာဘုရားသည်။
တိဿဿ၊ တိဿ၏။စီဝရံ၊ သင်္ကန်းကို။သတ္တမေဒိဝသေ၊ ခုနစ်ရက်မြောက်အောင်။
ဌပါပေတွာ၊ ထားစေ၍။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်သောနေ့၌၊ ဂဏှိတုံ၊
ဝေ၍ယူခြင်းငှာ။ အနုဇာနိ၊ ခွင့်ပြုလေဘိသနည်း။ ဣတိ သမုဋ္ဌာပေသုံ၊ ဤသို့
ပြောဟောကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာဂန္တွာ၊ ကြွတော်မူလာ၍၊
ဘိက္ခဝေ၊ရဟန်းတို့။တေရဟိ၊ ယခု ငါလာဆဲဖြစ်သောကာလ၌။ ကာယကထာယ၊
အဘယ်မည်သော စကားကြောင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊
ဖြစ်ကုန်သနည်း။ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးတော်မူသောကြောင့်။ဣမာယ နာမာတိ၊
ဤမည်သောစကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည် ရှိသော်။
ဘိက္ခဝေ၊ရဟန်းတို့။တိဿော၊တိဿသည်။ အတ္တနော၊ မိမိ၏။ စီဝရေ၊ သင်္ကန်း၌။
ဥကာဟုတွာ၊ သန်းဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်၏။ တုမှေဟိ၊ သည်တို့သည်။ တသ္မိံ၊
ထိုသင်္ကန်းကို။ ဘာဇိယမာနေ၊ ခွဲဝေသည်ရှိသော်။ ဣမေ၊ ဤရဟန်းတို့သည်။
မမသန္တကံ၊ ငါ့ဥစ္စာကို။ ဝိလုပ္ပန္တီတိ၊ လုယက် ဖျက်ဆီးကုန်၏ ဟူ၍။ ဝိရဝန္တော၊
ငိုမြည်တမ်းလျက်။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ ဓာဝိ၊ ပြေးသွားသည်ဖြစ်၏။
သော၊ ထိုတိဿသည်။ တုမှေဟိ၊ သင်တို့သည်၊ စီဝရေ၊ သင်္ကန်းကို။ ဂယှမာနေ၊
ဝေဘာန်၍ ယူသည်ရှိသော်။ တုမှေသု၊ သင်တို့၌။ မနံပဒုဿိတွာ၊ မနောဒွါရဖြင့်
ပြစ်မှားခြင်းရှိ၍။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ တေန၊ ထိုကြောင့်။
အဟံ၊ ငါသည်။ စီဝရံ၊ သင်္ကန်းကို။ နိက္ခိပါပေသိ၊ ထားစေ၏။ ဣဒါနိ ပန၊ ယခု
အခါ၌ကား။ သော၊ ထိုတိဿမထေရ်သည်။ တုသိတဝိမာနေ၊ တုသိတာ နတ်ပြည်
ဗိမာန်၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ ဝေါ၊ သင်တို့အား။ မယာ၊ သည်။
စီဝရဂ္ဂဟဏံ၊ သင်္ကန်းကို ဝေဘာန်၍ ယူခြင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။
ပုန၊ တဘန်။ တေဟိ၊ ထိုရဟန်းတို့သည်။ ဘန္တေ၊ အရှင်ဘုရား။ အယံ တဏှာ နာမ၊
ဤတဏှာမည်သည်ကား။ ဘာရိယာ ဝတ၊ ဝန်လေးစွတကား။ ဣတိ ဝုတ္တေ၊ ဤသို့
နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ဩော်- ဝန်လေး
သည်မှန်၏။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ တဏှာ နာမ၊တဏှာမည်သည်ကား။
ဘာရိယာ၊ ဝန်လေးစွာ၏၊ အယတော၊ သံမှ။ မလံ၊ အညစ်အကြေးဟူသော

သံချေးသည်။ ဥဋ္ဌဟိတွာ၊ တက်၍။ အယ ဧမဝ၊ သံကိုသာလျှင်။ ခါဒတိ၊ စား၏။ ဝိနာသေတိ၊ ဖျက်ဆီး၏။ အပရိဘောဂံ၊ မသုံးဆောင်ကောင်းအောင်၊ ကရောတိ ယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ ဧဝံ တထာ၊ ထိုအတူလျှင်။ အယံ တဏှာ၊ ဤတဏှာ သည်။ ဣဓမေဿ သတ္တာနံ၊ ဤသတ္တဝါတို့၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ တေ သတ္တေ၊ ထိုသတ္တဝါတို့ကို။ နိရယာဒီသု၊ ငရဲစသည်တို့၌၊ နိဗ္ဗတ္တာ ပေသိ၊ ဖြစ်စေ၏။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၄၀။ ။ဘိက္ခဝေ၊ တို့။ အယသာ၊ သံမှ။ မလံ၊ အညစ်အကြေးသည်။ သမုဋ္ဌာယ၊ ဖြစ်၍။ တတော၊ ထိုသံမှ၊ ဥဋ္ဌာယ၊ ထ၍။ တမေဝ၊ ထိုသံကိုပင်လျှင်။ ခါဒတိ ဣဝ၊ စားသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတိဓောနစာရိနံ၊ ပစ္စည်းလေးပါးကို ဆင်ခြင်၍ မသုံးဆောင်သဖြင့် ကျင့်ခြင်းရှိသောသူကို။ သာနိကမ္မာနိ၊ မိမိ၏ဥစ္စာ ဖြစ်ကုန်သော အကုသိုလ်ကံတို့သည်။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။ နယန္တိ၊ ဆောင်ကုန် ၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌၊ အယသာဝ ါတိ၊ အယသာဝ ဟူသည်ကား။ အယတော၊ သံမှ။ သမုဋ္ဌာယာတိ၊ သမုဋ္ဌာယဟူသည်ကား။ သမုဋ္ဌဟိတွာ၊ တက်၍၊ တတုဋ္ဌာ ယာတိ၊ ဟူသည်ကား။ တတော၊ ထိုသံမှ။ ဥဋ္ဌာယ၊ တက်၍။ အတိဓောနစာရိ နန္တိ၊ အတိဓောနစာရိနံ ဟူသည်ကား။ စတ္တာရောပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ ဓောနာ၊ ဓောနဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဣဒမတ္ထံ၊ ဤ၂စ္စည်းလေးပါးကို။ ဓောတဟိ၊ ဤသူတို့သည်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဉ္ဇနသညာ၊ သုံးဆောင် သောသညာတည်း။ တံ၊ ထိုသညာကို။ အတိက္ကမိတွာ၊ လွန်၍။ စရန္တော၊ ကျင့်သောသူသည်။ အတိဓောနစာရိနာမ၊ အတိဓောနစာရီမည်၏။ ဣဓံ၊ ဤ အငိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အယတော၊ သံမှ။ မလံ၊ အညစ်အကြေးသည်။ သမုဋ္ဌာယ၊ ဖြစ်၍။ အယတော၊ သံမှ။ သမုဋ္ဌိတံ၊တက်သော။ တံ၊ ထိုသံချေးသည်။ တမေဝ၊ ထိုသံကိုသာလျှင်။ ခါဒတိယထာ၊ စားသကဲ့သို့။ ဧဝမေဝံ၊ ဤအတူလျှင်။ စတုပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ အပစ္စဝေက္ခိတွာ၊ မဆင်ခြင်မူ၍။ ပရိဘုဉ္ဇန္တံ၊ သုံးဆောင်သော။ အတိဓောနစာရိနံ၊ ပစ္စည်းလေးပါး တို့ကို ဆင်ခြင်၍ သုံးဆောင်အပ်၏ ဟူသော အမှတ်ကိုလွန်၍ ကျင့်သောပုဂ္ဂိုလ် ကို။ အတ္တနိ၊ မိမိ၌။ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ သာနိ၊သာနိမည်ကုန်၏။ အတ္တနေဝ၊ မိမိ၏။သန္တကာနေဝ၊ ဥစ္စာတို့သည်သာလျှင်။ သာနိ၊ သာနိ မည် ကုန်၏။ သာနိ၊ မိမိ၏ဥစ္စာသာလျှင် ဖြစ်ကုန်သော။ ကမ္မာနိ၊ အကုသိုလ်ကံတို့ တည်း။ တာနိကမ္မာနိ၊ ထိုမိမိ၏ဥစ္စာသာလျှင်ဖြစ်ကုန်သော အကုသိုလ်ကံတို့သည်။

ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။ နယန္တိ၊ ဆောင်ကုန်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဣတိ ပရိသမာပနံ၊ တဆယ့်ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မလဝဂ်၌ သုံးခုမြောက်ဖြစ်သော တိဿမထေရ်ဝတ္ထု၏ ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တတိယံ၊ သော။ တိဿတ္ထေရဝတ္ထု၊ ဝတ္ထုသည်။
ဣတိသမတ္တံ၊ ပြီးပြီ။

### ၁၈-မလဝဂ္ဂ။ ၄-လာဠုဒါယိတ္ထေရဝတ္ထု။

(တိဿမထေရ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ လာဠုဒါယိမထေရ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "အသဇ္ဈာယမလာတိ" စသောပါဌ်ကို မိန့်သတည်း)။

"အသဇ္ဈာယမလာ" တိ ဣမံ ခမ္မဒေသနံ၊ အသဇ္ဈာယမလာ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ လာဠုဒါယိတ္ထေရံ၊ လာဠုဒါယိမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ပဉ္စကောဋိမတ္တာ၊ ငါးကုဋေမျှ အတိုင်းအရှည်ရှိကုန်သော။ အရိယသာဝကာ၊ အရိယသာဝကဖြစ်ကုန်သော လူတို့သည်။ ဝသန္တိ၊ နေကုန်၏။ ဒွေကောဋိမတ္တာ၊ နှစ်ကုဋေမျှ အတိုင်းအရှည်ရှိကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့သည်။ ဝသန္တိယေဝ၊ နေကုန်သည်သာလျှင်တည်း။ တေသု၊ ထိုခုနစ်ကုဋေ အတိုင်းအရှည်ရှိကုန်သော လူတို့တွင်။ အရိယသာဝကာ၊ အရိယသာဝကတို့သည်။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ပစ္ဆာဘတ္တံ၊ နေလွဲသောအခါ၌။ သပ္ပိတေလမဓုဖာဏိတာဝတ္ထာဒီနိ၊ ထောပတ်ဆီပျား တင်လဲ သင်္ကန်းလျှာ ပုဆိုး စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဓမ္မကထံ၊ တရားစကားကို။ သုဏန္တိ၊ နာကုန်၏။ ဓမ္မံသုတွာ၊ တရားနာ၍။ ဂမနကာလေစ၊ သွားသောအခါလည်း။ သာရိပုတ္တမောဂ္ဂလာနာနံ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့၏။ ဂုဏကထံ၊ ကျေးဇူးနှင့်စပ်သော စကားကို။ ကထေန္တိ၊ ကိရ၊

ပြောကုန်သတတ်။ ဥဒါယိတ္ထေရော၊ ဥဒါယီမထေရ်သည်။ တေသံ၊ ထိုသူတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ တာဝ၊ ရှေးဦးစွာ၊ တေသံ၊ ဤရှင်သာရိပုတ္တရာ့,ရှင်မောဂ္ဂလာန်တို့၏။ ဓမ္မံ၊ တရားကို။ သုဘွာ၊ နာ၍။ တုမှေ၊ သင်တို့သည်။ ဝေ်ကထေထ၊ ဤသို့ ပြောဟောကုန်၏။ မမဓမ္မကထံ၊ ငါ၏ တရားစကားကို။ သုတွာ၊ နာ၍။ ကိံ နုခေါ၊ အဘယ်ကြောင့်လျှင်။ နကထေဿထ၊ မချီးမွမ်းကြကုန်အံ့နည်း။ ဣတိဝဒတိ၊ ဤသို့ဆို၏။ မနုဿာ၊ လူတို့သည်။ တဿ၊ ထိုဥဒါယီ၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ အယံ၊ ဤမထေရ်သည်။ ဧကောဓမ္မကထိကော။ တရားဟောသော ပုဂ္ဂိုလ်တပါးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိဣမဿ၊ ဤဥဒါယီ၏။ သန္တိကေ၊ အထံ၌။ ဓမ္မကထံ၊ တရားစကားကို။ အမှေဟိ၊ ငါတို့သည်။ သောတုံ၊ နာခြင်းငှါ။ ဝဋ္ဋတိတိ၊ အပ်၏ဟု။ တေ၊ ထိုလူတို့သည်။ ဧကဒိဝသံ၊ တနေ့သ၌။ ထေရံ၊ ဥဒါယီမထေရ်ကို။ ယာစိတွာ၊ တောင်းပန်၍။ ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ အမှာကံ၊ ငါတို့အား။ ဓမ္မသဝန ဒိဝသောတိ၊ တရားနာအံ့သော နေ့တည်းဟု။ သံဃဿ၊ သံဃာအား။ ဒါနံ၊ အလှူကို ဒတွာ၊ ပေး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ အမှာကံ၊ ငါတို့အား။ ဒိဝါ၊ နေ့၌။ ဓမ္မံ၊ တရားကို။ ကထေယျာထ၊ ဟောတော်မူပါကုန်လော့။ ဣတိ၊ ဤသို့၊ အာဟံသု၊ လူတို့လျှောက်ကုန်၏။ သောပိ၊ ထိုဥဒါယီသည်လည်း။ တေသံ၊ ထိုလူတို့၏ စကားကို။ အဓိဝါသေတိ၊ ကောင်းပြီဟုဝန်ခံ၏။ တေပိ၊ ထိုလူတို့သည်။ ဓမ္မသဝနဝေလာယ၊ တရားနာအံ့သောအခါ၌။ အာဂန္တွာ၊ လာ၍။ ဘန္တေ၊ အရှင်ဘုရား။ ဓမ္မံ၊ တရားကို။ နော၊ အကျွန်ုပ်တို့အား။ ကထေထ၊ ဟောပါကုန်လော့။ ဣတိဝဒတ္တော၊ ဤသို့ လျှောက်သည် ရှိသော်။ ဥဒါယိတ္ထေရော၊ ဥဒါယီမထေရ်သည်။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊ နေ၍။ စိတ္တဗီဇနိံ၊ ဆန်းကြယ်သောယပ်ကို။ ဂဟေတွာ၊ ကိုင်၍။ စာလေန္တော၊ တုန်လှုပ်လျက်၊ ဧကံပိ ဓမ္မပဒံ၊ တပုဒ်တပါဒမျှသော တရားကိုလည်း။ အဒိသွာ၊ မမြင်ခြင်းကြောင့်။ အဟံ၊ ငါသည်။ သရဘညံ၊ ပါဠိရွတ်ခြင်းဟု ဆိုအပ်သော တရားဓဒသနာကို။ ဘဏိဿာမိတိ၊ ဟောအံ့ဟူ၍။ အညော၊ တပါးသောသူကို။ ဓမ္မကထံ၊ တရားစကားကို။ ကထေတု၊ ဟောပါစေလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဩတရိ၊ တရားဟောပလ္လင်မှဆင်း၏။

တေ၊ ထိုလူတို့သည်။ အညေ၊ တပါးသော ပုဂ္ဂိုလ်တို့ကို။ ဓမ္မကထံ၊ တရားစကားကို။ နကထာပေတွာ၊ မဟောစေမူ၍။ သရဘာဏတ္ထာယ၊ ပါဠိသက်သက်ကိုသာ ဟောစေခြင်းငှါ။ ပုန၊ တဘန်။ တံ၊ ထိုဥဒါယီမထေရ်ကို။ အာသနံ၊ တရားဟောပလ္လင်သို့။အာရောပယိံသု၊ တက်စေကုန်၏။ သော၊ ထိုဥဒါယီသည်။

ပုနပိ၊ တဘန်လည်း။ ကိဉ္စိ၊ တစုံတခုသောတရားကို။ အဒိသွာ၊ မမြင်ခြင်းကြောင့်။ အဟံငါသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ကထေဿာမိ၊ ဟောပါအံ့။ အညော၊ တပါးသောသူသည်၊ သရဘည်၊ ပါဠိတော်သက်သက်ကို။ ဘဏတု၊ ရွတ်ပါစေလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ အာသနာ၊ တရားဟောပလ္လင်မှ။ ဩတရိ၊ ဆင်း၏။ တေ၊ ထိုလူတို့သည်။ အညေ၊ တပါးသောသူတို့ကို။ သရဘည်၊ ပါဠိရွတ်ခြင်းကို။ နဘဏာပေတွာ၊ မစေခိုင်းကုန်မူ၍။ ပုန၊ တဘန်။ ရတ္တိံ၊ ညဉ့်အခါ၌။ ထေရံ၊ ဥဒါယိမထေရ်ကို။ အာနယိံသု၊ တရားဟောပလ္လင်သို့ဆောင်ကုန်၏။ သော၊ ထိုဥဒါယိမထေရ်သည်။ ရတ္တိံပိ၊ ညဉ့်၌လည်း။ ကိဉ္စိ၊ တစုံတခုသော ဟောရာဖြစ်သော တရားကို။ အဒိသွာ၊ မမြင်ခြင်းကြောင့်။ အဟံ၊ ငါသည်။ ပစ္စူသကာလေ၊ မိုးသောက်သောအခါ၌။ ကထေဿာမိ၊ ဟောအံ့။ ရတ္တိံ၊ ညဉ့်၌။ အညော၊ တပါးသောသူကို။ ကထေတု၊ ဟောစေလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဩတရိ၊ ဆင်း၏။ တေ၊ ထိုဒါယကာတို့သည်။ အညေ၊ တပါးသော တရားဒေသကပုဂ္ဂိုလ်တို့ကို။ ရတ္တိံ၊ ညဉ့်၌။ နကထာပေတွာ၊ မဟောစေမူ၍။ ပုန၊ တဘန်၊ ပစ္စူသေ၊ မိုးသောက်သောအခါ၌။ တံ၊ ထိုဥဒါယိကို။ အာနယိံသု၊ ဆောင်ကုန်၏။ သော၊ ထိုဒါယိသည်။ ပုနပိ၊ တဘန်လည်း။ ကိဉ္စိ၊ တစုံတခုသော တရားကို။ နအဒ္ဒသ၊ မမြင်။ မဟာဇနော၊ လူအပေါင်းသည်။ လေဍ္ဍုဒဏ္ဍာဒီနိ၊ ကျောက်ခဲလှံတန် စသည်တို့ကို။ ဂဟေတွာ၊ ကိုင်စွဲ၍။ အန္ဓဗာလ၊ မိုက်လှစွာသောဥဒါယိ။ တုံ၊ သင်သည်။ သာရိပုတ္တမောဂ္ဂလာနာနံ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့၏။ ဝဏ္ဏေ၊ ကျေးဇူးဘိုကို။ ကထိယမာနာ၊ ဆိုသည်ရှိသော်။ ဧဝံမဉ္စေ၊ ဤမည်ဤမည်သော စကားကိုလည်း။ ဝဒေသိ၊ မနာလို၍၊ ပြုံးစုသောအားဖြင့်ဆိုဘိ၏၊ ဣဒါနိ၊ ယခုအခါ၌။ ကသ္မာ၊ အဘယ်ကြောင့်။ နေ၊ ငါတို့အား။ နကထေသိ၊ သင် မဟောကသနည်း။ ဣတိသန္တဇ္ဇေတွာ၊ ဤသို့ခြိမ်းခြောက်ခြင်းကြောင့်။ ပလာယန္တံ၊ ပြေးသောဥဒါယိကို။ အနုဗန္ဓိံ၊ လိုက်၏။

သော၊ ထိုဥဒါယိသည်။ ပလာယန္တော၊ ပြေးသည်ရှိသော်။ ဝစ္စကုဋိယာ၊ တခုသောရေအိမ်၌။ ပတိ၊ ကျ၏။ မဟာဇနော၊ လူများသည်။ ကထံ၊ စကားကို။ သမုဋ္ဌာပေသိ၊ ပြောဟော၏၊ အဇ္ဇ၊ ယနေ့။ လာဠုဒါယိ၊ လာဠုဒါယိမထေရ်သည်။ သာရိပုတ္တမောဂ္ဂလာနာနံ၊ သာရိပုတ္တရာမထေရ်၏။ ဂုဏကထာယ၊ ဂုဏ်ဘော်ကျေးဇူးနှင့်စပ်သော စကားသည်။ ပဝတ္တမာနာယ၊ ဖြစ်သည်ရှိသော်။ ဥသူယန္တော၊ ပြုံးစုခြင်းကြောင့်။ အတ္တနော၊ မိမိ၏။ ဓမ္မကထိကဘာဝံ၊ တရားဟောပုဂ္ဂိုလ်၏အဖြစ်ကို ပကာသေတွာ၊ ထင်ရှားပြခြင်းကြောင့်။ မနုဿေဟိ၊

တို့ … နှင့် … ၏။

လူတို့သည်။ သက္ကာရံကတွာ၊ ပူဇော်သက္ကာရပြု၍။ ဓမ္မံ၊ တရားကို။ သုဏောမ၊
နာကုန်အံ့။ဣတိဝုတ္တေ၊ ဤသို့ဆိုသည်ရှိသော်။ စတုက္ခတ္တုံ၊ လေးကြိမ်။ အာသနေ၊
နေရာ၌။ နိသီဒိတွာ၊ နေ၍။ ကထေတဗ္ဗယုတ္တကံ၊ ဟောအပ်သည်နှင့်ယှဉ်သော။
ကိဉ္စိ၊ တစုံတခုသော တရားကို။ အပဿန္တော၊ မမြင်ခြင်းကြောင့်။ တုံ၊ သင်သည်။
အမှာကံ၊ ငါတို့၏။ အယျေန သာရိပုတ္တတ္ထေရေန၊ ရှင်သာရိပုတ္တရာနှင့်။ သဒ္ဓိံ၊
တကွ။ ယုဂဂ္ဂါဟံ၊ အတုကို။ ဂဏှာသိတိ၊ ယူဘိ၏ဟု။ လေဍ္ဍုဒဏ္ဍာဒီနိ၊ အုတ်ခဲ
လှံတန် စသည်တို့ကို။ ဂဟေတွာ၊ ကိုင်စွဲ၍။ သန္တဇ္ဇေတွာ၊ ခြိမ်းမောင်းခြင်းကြောင့်။
ပလာယမာနေ၊ ပြေးသည်ရှိသော်။ ဝစ္စကုဋိယာ၊ ရေအိမ်၌။ ပတိတော၊ ကျ၏။
ဣတိသမုဋ္ဌာပေသိ၊ ဤသို့ပြောဟော၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာ
ဂန္တွာ၊ လာတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရတိ၊ ငါလာသဲ ဖြစ်သော
အခါ၌။ ကာယကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်း
ဝေး ကုန်သည်။ အတ္ထနု၊ ဖြစ်ကုန် သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်
မူသောကြောင့်။ ဣမာယနာမာတိ၊ ဤမည်သော စကားကြောင့် တည်းဟု။
ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခု
သာလျှင်။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဧသော၊ ဤလာဠုဒါယီ
မထေရ်သည်။ ဂူထကူပေ၊ မစင်တွင်း၌။ နိမုဂ္ဂေါယော၊ နစ်ဘူးသည် သာလျှင်
တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ အတီတံ၊ လွန်လေပြီးသော အကြောင်း
ကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။

သမ္မ၊ အချင်းခြင်သေ့။ အဟံ၊ ငါသည်။ စတုပ္ပဒေါ၊ အခြေလေးချောင်းရှိ၏။
သမ္မ၊ အချင်းခြင်သေ့။ တွံပိ၊ သင်သည်လည်း။ စတုပ္ပဒေါ၊ အခြေလေးချောင်း
ရှိ၏။ ဧဟိ၊ လာလှည့်။ သမ္မ၊ အချင်းခြင်သေ့။ နိဝတ္တဿု၊ ပြန်ခဲ့ဦးလော့။ ဘီတော
ကြောက်လျက်။ ကိံနုပလာယသိ၊ အဘယ်ကြောင့် ပြေးဘိ သနည်း။

အသုစိ၊ ရွှံသူတို့၏ မစင်ကို စားလေ့ရှိသော။ သူကရ၊ ဝက်ယုတ်မာ။ တွံ၊
သင်သည်။ ပူတိလောမော၊ ပုပ်သောအမွေးရှိသည်။ အသိ၊ ဖြစ်၏။ ဒုဂ္ဂန္ဓော၊
မကောင်းသောအနံ့သည်။ ဝါယသိ၊ လှိုင်၏။ ယုဇ္ဈိတုကာမော၊ စစ်ထိုးလိုသည်။
သစေအသိ၊ အကယ်၍ ဖြစ်ငြားအံ့။ သမ္မ၊ အဆွေဝက်။ တေ၊ သင်အား။ ဇယံ၊
အောင်ခြင်းကို။ ဒဒါမိ၊ ပေး၏။

ဣတိဣမံဇာတကံ၊ ဤဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟော
တော်မူ၏။ တဒါ၊ ထိုအခါ၌။ သီဟော၊ ခြင်သေ့သည်။ သာရိပုတ္တော၊ သာရိ
ပုတ္တရာသည်။ အဟောသိ၊ ဖြစ်၏။ သူကရော၊ ဝက်သည်။ လာဠုဒါယီ၊ လာဠု
ဒါယီသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ သို့။ သတ္ထာ၊ မြတ်စွာဘုရားသည်။

ဣမံဓမ္မံဒေသေသ၊ ဤတရားဒေသနာကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥဒါယိနာ၊ ဥဒါယိ အမည်ရှိသော ရဟန်းသည်။ အပ္ပစ္စက္ခာဝ၊ အနည်းငယ်သာလျှင် ဖြစ်သော။ ဓမ္မံ၊ တရားကို။ ဥဂ္ဂဟိတော၊ သင်လျက်။ သဇ္ဈာယံ ပန၊ သရဇ္ဈာယ်ခြင်းကိုကား။ နေဝ အကာသိ၊ မပြု။ ယံ ကိဉ္စိ၊ စိုးစဉ်းသော။ ပရိယတ္တိံ၊ ပရိယတ်ကို။ ဥဂ္ဂဟေတွာ၊ သင်၍။ တဿ၊ ထိုပရိယတ်ဟု ဆိုအပ်သော သင်ခြင်းကို။ အသရဇ္ဈာယ ကရဏံ၊ သရဇ္ဈာယ်ခြင်းကို မပြုခြင်းသည်။ မလမေဝ၊ အညစ်အကြေးသာလျှင်တည်း။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၂၄၁။ ။ဘိက္ခဝေ၊ ဘိက္ခုတို့။ မန္တာ၊ ကျမ်းဂန်တို့သည်။ အသဇ္ဈာယမလာ၊ မသရဇ္ဈာယ်ခြင်းသည်သာလျှင် အညစ်အကြေး မည်ကုန်၏။ ဃရာ၊ အိမ်တို့သည်။ အနုဋ္ဌာနမလာ၊ အားမထုတ်ခြင်းသည်လျှင် အညစ်အကြေးမည်၏။ ကောသဇ္ဇံ၊ ပျင်းရိသော အဖြစ်သည်။ ဝဏ္ဏဿ၊ ကိုယ်အဆင်း၏။ မလံ၊ အညစ်အကြေး မည်၏။ ရက္ခတော၊ စောင့်ရှောက်သော ဒွါရခြောက်ပါးကို စောင့်သောသူ၏။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ မလံ၊ အညစ်အကြေးမည်၏။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အသဇ္ဈာယ မလာတိ၊ မလာ ဟူသည်ကား။ ယာ ကာစိ၊ အမှတ်မရှိသော။ ပရိယတ္တိဝါ၊ ပရိယတ်ကိုလည်းကောင်း။ သိပ္ပံဝါ၊ အတတ်ကိုလည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ အသဇ္ဈာယန္တဿ၊ မသရဇ္ဈာယ်သော သူအားလည်းကောင်း။ အနုဋ္ဌာယန္တဿ၊ အားမထုတ်သောသူအားလည်းကောင်း၊ ဝိနဿတိဝါ၊ ပျောက်မူလည်း ပျောက်၏။ နိရန္တရံဝါ၊ အစဉ်အတိုင်းမူလည်း။ န ဥပဋ္ဌာတိ၊ မထင်၊ တသ္မာ၊ ထိုကြောင့်။ အသဇ္ဈာယမလာ မန္တာတိ၊ မန္တာဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ယသ္မာ ပန၊ အကြင် ကြောင့်ကား။ ဃရာဝါသံ၊ အိမ်ရာထောင်သော လူ၏ဘောင်၌။ ဝသန္တဿ၊ နေသည်ရှိသော်။ ဥဋ္ဌာယုဋ္ဌာယ၊ ထ၍ ထ၍။ ဇိဏ္ဏပဋိသင်္ခရဏာဒီနိ၊ ဆွေးမြေ့သည်ကို တဖန် ပြုပြင်ခြင်း စသည်တို့ကို။ အကရောန္တဿ၊ မပြုအပ်သောသူအား။ ဃရာ နာမ၊ အိမ်မည်သည်ကား။ ဝိနဿတိ၊ ပျက်၏။ တသ္မာ ထိုကြောင့်။ အနုဋ္ဌာနမလာ ဃရာတိ၊ ဃရာဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ကောသဇ္ဇဝသေန၊ ပျင်းရိခြင်း၏ အစွမ်းဖြင့်။ သရီရပဋိဇဂ္ဂနံဝါ၊ ကိုယ်ကို သုတ်သင်ခြင်းကိုလည်းကောင်း။ ပရိက္ခာရ ပဋိဇဂ္ဂနံဝါ၊ ပရိက္ခရာကိုသုတ်သင်ခြင်းကိုလည်းကောင်း။ အကရောန္တဿ၊ မပြုသော။ ဂိဟိဿဝါ၊ လူ၏လည်းကောင်း။ ပဗ္ဗဇိတဿဝါ၊ ရဟန်း၏လည်းကောင်း။ ကာယော၊ ကိုယ်သည်။ ဒုဗ္ဗဏ္ဏော၊ အဆင်းမလှသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ မလံဝဏ္ဏဿကောသဇ္ဇန္တိ၊ ကောသဇ္ဇံဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဂါဝေါ၊ နွားတို့ကို။

ရက္ခန္တဿ၊ ကျောင်းသည်ရှိသော်။ နိဒ္ဒါယန္တဿဝါ၊ အိပ်စဉ်ရှင်း။ ကီဠန္တဿဝါ၊ ကစားစဉ်ရှင်း။ ပမာဒဝသေန၊ မေ့လျော့သည်၏အစွမ်းဖြင့်။ တာဂါဝေါ၊ ထို နွားတို့သည်။ အတိတ္ထပက္ခန္ဒနာဒိနာဝါ၊ ဆိပ်မဟုတ်သည်သို့ ပြေးဝင်ခြင်းစသည် ဖြင့်ရှင်း။ ဝါဠမိဂစောရာဒိဥပဒ္ဒဝေနဝါ၊ ကျား, သစ်, သားရဲ, ခိုးသူစသော ဘေး ဥပဒ္ဒဝေါဖြင့်ရှင်း။ ပရေသံ၊ သူတပါးတို့၏။ သာလိခေတ္တာဒီနိ၊ သလေးစပါး စိုက်ရာ လယ်စသည်တို့သို့။ ဩတရိတွာ၊ ဆင်း၍။ ခါဒနဝသေနဝါ၊ စားသည် တို့၏ အစွမ်းဖြင့်ရှင်း။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ယသ္မာ၊ အကြင်ကြောင့်။ အာ ပဇ္ဇန္တိ၊ ရောက်ကုန်၏။ သယံပိ၊ မိမိသည်လည်း။ ဒဏ္ဍံဝါ၊ ဒဏ်သင့်ခြင်းသို့ရှင်း။ ပရိဘာသံပါ၊ အဆဲအရေးခံရခြင်းသို့ရှင်း။ ပါပုဏာတိ၊ ရောက်ကုန်၏။ ပန၊ အတိုတပါးကို ဆိုဦးအံ့။ ဆဒ္ဒွါရာနိ၊ ခြောက်ဒွါရတို့ကို။ အာရက္ခပမာဒဝသေန၊ စောင့်ရှောက်ခြင်းကို မေ့လျော့သည်၏အစွမ်းဖြင့်၊ ပဗ္ဗဇိတံဝါ၊ ရဟန်းသို့လည်း။ ကိလေသာ၊ ကိလေသာတို့သည်။ ဩတရိတွာ၊ သက်ဆင်း၍။ သာသနာ၊ သာသနာ တော်မှ။ ယသ္မာ၊ အကြင်ကြောင့်၊ စာဝေန္တိ၊ ရွေ့လျောစကုန်၏။ တသ္မာ၊ ထို ကြောင့်။ ပမာဒေါရက္ခတော မလန္တိ၊ မလံဟူ၍။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုမေ့လျော့ခြင်းသည်။ အဿ၊ ထိုရဟန်း ၏။ ဝိနာသာဂဟနေန၊ ပျက်စီးခြင်းဟူသော တောကို လွှန်နိုင်ခဲသဖြင့်။ မလဋ္ဌာနာနိ ယတ္တာ၊ အညစ်အကြေး၏ တည်ရာနှင့် ပေယျဉ်သည်၏ အဖြစ်ကြောင့်။ မလံ၊ မမလမည်၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသ နာတော်အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာ ဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

စတုတ္ထံ၊ သော။ လာဋ္ဌုဒါယိတ္ထေရဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၁၈-မလဝဂ္ဂ။ ၅-အညတရ ကုလပုတ္တဝတ္ထု

(လာဋ္ဌုဒါယိမထေရ် ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏ နာကို ပြုပြီး၍ အညတရကုလပုတ္တဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည်“မလိတ္ထိယာ ဒုစ္စရိတံ” စသော ပါဌ်ကို မိန့်သတည်း)။

“မလိတ္ထိယာ ဒုစ္စရိတ”န္တိ ဣမံ ဓမ္မဒေသနံ၊ မလိတ္ထိယာဒုစ္စရိတံ-စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။

ဝိဟရန္တော၊ နေတော်မူစဉ်။ အညတရံကုလပုတ္တံ၊ အမှတ်မရှိသော အမျိုးသားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တဿ၊ ထိုအမျိုးသား။ အား။ သမာနဇာတိကာ၊ တူသောအမျိုးရှိသော။ ကုမာရိကာ၊ သတို့သမီးငယ်ကို။ အာနေသုံကိရ၊ ဆောင်ကုန်သတတ်။ သာ၊ ထိုသတို့သမီးသည်။ အာနီတဒိဝသေ၊ ဆောင်ယူသောနေ့မှ။ ပဋ္ဌာယ၊ ၍။ အတိစာရိနီ၊ လင်ကို လွန်ကျူး၍ကျင့်သည်။ အဟောသိ၊ ဖြစ်၏။ သော ကုလပုတ္တော၊ ထိုအမျိုးသားသည်။ တဿာ၊ ထိုမယား၏။ အတိစာရေန၊ လင်ငယ်ထားခြင်းဖြင့်။ လဇ္ဇိတော၊ ရှက်ခြင်းကြောင့်။ ကဿစိ၊ တစုံတယောက်သောသူ၏။ သမ္မုခီဘာဝံ၊ မျက်မှောက်၏အဖြစ်သို့။ ဥပဂန္တုံ၊ ကပ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ဗုဒ္ဓုပဋ္ဌာနာဒီနိ၊ ဘုရားအားဆည်းကပ်ခြင်း စသည်တို့ကို။ ပစ္ဆိန္ဒိတွာ၊ ဖြတ်၍၊ ကတိပါဟစ္စယေန၊ နှစ်ရက် သုံးရက် လွန်သဖြင့်။ သတ္ထာရံ၊ မြတ်စွာဘုရားသို့၊ ဥပသင်္ကမိတွာ၊ ကပ်၍၊ ဝန္ဒိတွာ၊ ၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသိန္နော၊ နေသည်ရှိသော်။ ဥပါသက၊ ဒါယကာ။ ကိံ၊ အဘယ်ကြောင့်။ နဒိဿသိ၊ မထင်သနည်း။ ဣတိဝုတ္တော၊ ထိုသို့ မိန့်တော်မူသည်ရှိသော်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဒါယကာကို။ သတ္ထာ၊ သည်၊ ဥပါသက၊ ဒါယကာ။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ မယာ၊ ငါဘုရားသည်။ ဣတ္ထိယောနာမ၊ မိန်းမတို့မည်သည်ကား။ နဒီအာဒိ သဒိသာ၊ မြစ်အစရှိသည်နှင့် တူကုန်၏။ တာသု၊ ပန၊ ထိုမိန်းမတို့၌ကား။ ပဏ္ဍိတေန၊ ပညာရှိသောသူသည်။ ကောဓော၊ အမျက်ထွက်ခြင်းကို။ နကာတဗ္ဗော၊ မပြုအပ်။ ဣတိဝုတ္တံ၊ ဤသို့ ဟောတော်မူဘူးပြီး။ တံ ပန၊ သင်သည်ကား။ တံ၊ ထိုအကြောင်းကို။ ဘဝပဋိစ္ဆန္နတ္တာ၊ ဘဝဖြင့်ဖုံးလွှမ်းသောကြောင့်။ နသလ္လက္ခေသိ၊ မမှတ်နိုင်။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ တေန၊ ထိုဒါယကာသည်။ ယာစိတော၊ တောင်းပန်ခြင်းကြောင့်။

လောကေ၊ လောက၌။ ဣတ္ထိယောနာမ၊ မိန်းမတို့မည်သည်ကား။ နဒီယထာစ၊ မြစ်ကဲ့သို့ရင်း။ ပန္ထောယထာစ၊ ခရီးဆုံကဲ့သို့ရင်း။ ပါနာဂါရံယထာ၊ သေဟင်းကုပ်ကဲ့သို့ရင်း။ သဘာယထာစ၊ သဘင်ကဲ့သို့ရင်း။ ပပါယထာစ၊ ရေအိုးစင်ကဲ့သို့ရင်း။ ဧဝံတထာ၊ ထိုအတူ။ တာသံ၊ ထိုမိန်းမတို့၏။ ဝေလာ၊ ကာမဂုဏ်တို့၏ အပိုင်းတည်းဟူသော ကမ်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဣတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ဟိ ထိုစကားသင့်စွ။ ဥပါသက၊ အိုဒါယကာ။ ဣတ္ထိယာ၊ မိန်းမအား။ အတိစာရိနီဘာဝေန၊ လင်ကို လွန်ကျူး၍ ကျင့်ခြင်းသည်။ မလံ၊ အညစ်အကြေးမည်၏။ ဒါနံ၊ အလှူကို။

ဒေန္တဿ၊ ပေးသောသူအား။ မစ္ဆေရံ၊ ဝန်တိုခြင်းသည်။ မလံ၊ အညစ်အကြေး မည်၏။ ဣဓလောကပရလောကေသု၊ ဤပစ္စုပ္ပန်လောက တမလွန်လောကတို့၌။ သတ္တာနံ၊ သတ္တဝါတို့အား။ အကုသလကမ္မံ၊ အကုသိုလ်ကံသည်။ ဝိနာသနတ္တေန၊ ပျက်စီးတတ်သောအနက်ကြောင့်။ မလံ၊ အညစ်အကြေးမည်၏ အဝိဇ္ဇာ ပန၊ အဝိဇ္ဇာသည်ကား။ သဗ္ဗမလာနံ၊ အလုံးစုံသော အညစ်အကြေးတို့ထက်။ ဥတ္တမ မလံ၊ လွန်ကဲသော အညစ်အကြေး မည်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၄၂။ ။ဥပါသက၊ ဒါယကာ။ ဒုစ္စရိတံ၊ လင်ကြီးကိုလွန်၍ လင်ငယ်နှင့် မကောင်းသော အကျင့်သည်။ ဣတ္ထိယာ၊ မိန်းမ၏။ မလံ၊ ပျက်စီးခြင်း၏အကြောင်း တည်း။ မစ္ဆေရံ၊ ဝန်တိုခြင်းသည်။ ဒဒတော၊ ပေးကမ်းသောသူ၏။ မလံ၊ အညစ် အကြေးတည်း။ ပါပကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အသ္မိံလောကေစ၊ ဤလောက၌၎င်း။ ပရမှိစ၊ တမလွန်၌၎င်း။ ဝေ၊ စင်စစ်၊ မလာ၊ အညစ်အကြေး မည်ကုန်၏။

၂၄၃။ ။တတော၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော အညစ်အကြေး တို့ထက်။ မလာမလတရံ၊ အထူးသဖြင့် လွန်ကဲသော အညစ်အကြေးကို။ တေ၊ သင်အား၊ ကထေမိ၊ ငါဟောအံ့။ အဝိဇ္ဇာ၊ မသိခြင်းတည်းဟူသော အဝိဇ္ဇာသည်လျှင်။ ပရမံမလံ၊ လွန်စွာသော အညစ်အကြေးတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတံမလံ၊ ဤအညစ်အကြေးကို။ ပဟန္တွာန၊ ပယ်စွန့်၍။ နိမ္မလာ၊ အညစ်အကြေး မရှိကုန် သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိအဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့၌။ ဒုစ္စရိတန္တိ၊ ဟူသည်ကား။ အတိစာရော၊ လင်ကြီး ကိုလွန်၍ ကျင့်ခြင်းတည်း။ ဟိ၊ ထိုစကားသင့်စွ။ အတိစာရိနီ၊ လင်ငယ်နေသော။ ဣတ္ထိံ၊ မိန်းမကို။ သာမိကောပိ၊ လင်ကြီးသည်လည်း။ ဂေဟာ၊ အိမ်မှ။ နီဟရတိ၊ နှင်ထုတ်၏။ မာတာပိတူနံ၊ မိဘတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွားသည် ရှိသော်၊ တံ၊ သည်။ ကုလဿ၊ အမျိုးကို။ အဂါရဝဘူတာ၊ မရိုသေခြင်း ကြောင့်ဖြစ်၍ ဖြစ်၏။ အက္ခိဟိပိ၊ မျက်စိတို့ဖြင့်လည်း။ နဒဋ္ဌဗ္ဗာ၊ မမြင်လိုကုန်ပြီ။ ဣတိ၊ ဤသို့ဆိုလျက်။ တံ၊ ထိုသို့မိန်းကို။ နီဟရတိ၊ နှင်ထုတ်၏။ သာ၊ ထိုလင်ငယ် ထားသော မိန်းမသည်။ အနာထဝိစရန္တီ၊ ကိုးကွယ်ရာမရှိသော သွားခြင်း ရှိလျက်။ မဟာဒုက္ခံ၊ ကြီးစွာသော ဆင်းရဲခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ တေန၊ ထို

ကြောင့်။ သာ၊ ထိုလင်ငယ်ထားသောမိန်းမကို။ ဒုစ္စရိတံမလန္တိ။ မလံဟူ၍။ ဒုတ္တံ၊
ဟောအပ်ပြီ။ ဒဒတော မလန္တိ၊ ဒဒတောမလံ ဟူသည်ကား။ ဒါယကဿ၊ ပေး
တတ်သောသူအား။ ဟိ၊ ထိုစကားသင့်စွ။ ခေတ္တေကသနကာလေ၊ လယ်ထွန်
သော ကာလ၌။ ဋ္ဌမသို့ ခေတ္တေ၊ ဤလယ်သည်။ သမ္ပန္နေ၊ ပေါးရခြင်းဖြင့် ပြည့်
စုံသည်ရှိသော်။ သကာလဘတ္တာဒီနိ၊ စာရေးတံဆွမ်း စသည်တို့ကို။ ဒဿာမိ၊ လှူ
အံ့။ ဣတိစိန္တေတွာပိ၊ ဤသို့ကြံပြီးသော်လည်း။ နိပ္ဖန္နသဿေ၊ ကောက်သည်ပြီး
ပြည့်စုံသည်ရှိသော်။ မစ္ဆေရံ၊ ဝန်တိုခြင်းသည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ စာဂစိတ္တံ၊
ပေးစွန့်ကြဲလိုသောစိတ်ကို။ နိဝါရေသိ၊ မြစ်၏။ သော၊ ထိုအလှူဒါယကာသည်။
မစ္ဆေရဝသေန၊ ဝန်တိုသည်၏ အစွမ်းဖြင့်။ စာဂစိတ္တေ၊ စွန့်ကြဲလိုသောစိတ်သည်။
အဝိရူဟန္တေ၊ မရောက်သည်ရှိသော်။ မနုဿသမ္ပတ္တိ၊ လူချမ်းသာခြင်း။ ဒိဗ္ဗသမ္ပတ္တိ၊
နတ်ချမ်းသာခြင်း။ နိဗ္ဗာနသမ္ပတ္တိ၊ နိဗ္ဗာန်ချမ်းသာခြင်း။ ဣတိ၊ ဤသို့။ တိဿော
သမ္ပတ္တိယော၊ သုံးပါးသောချမ်းသာတို့ကို။ နလဘတိ၊ မရ။ တေန၊ ထိုကြောင့်၊
မစ္ဆေရံဒဒတောမလန္တိ၊ မလံဟူ၍။ ဝုတ္တံ၊ ဟောအပ်ပြီ။ သေသေသုပိ၊ ကြွင်းသော
ပုဒ်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင် နည်းရှိပါ၏။ ပါပကာဓမ္မာတိ၊
ဓမ္မာဟူသည်ကား။ အကုသလာဓမ္မာ ပန၊ အကုသိုလ်တရား တို့သည်ကား။ ဣဓ
လောကေစ၊ ဤပစ္စုပ္ပန်လောက၌ရင်း။ ပရလောကေစ၊ တမလွန် ဘဝ၌ရင်း။
မလမေဝ၊ အညစ်အကြေး သည်သာလျှင်တည်း။ တတောဘိ၊ ဟူသည်ကား။
ဟေဋ္ဌာ၊ ၌။ ဝုတ္တမလတော၊ ဆိုအပ်ပြီးသော အညစ်အကြေးထက်။ မလတရန္တိ၊
မလတရံ ဟူသည်ကား။ အတိရေကမလံ၊ လွန်စွာသော အညစ်အကြေးကို၊
ဝေါ၊ သင်တို့အား။ ကထေမိ၊ ဟောအံ့။ ဣတိအတ္ထော၊ ဤကားအနက်တည်း။
အဝိဇ္ဇာတိ၊ ဟူသည်ကား။ အဋ္ဌဝတ္ထုကံ၊ ရှစ်ပါးသော အကြောင်းကို။ အညာဏ
မေဝ၊ မသိခြင်းသည်သာလျှင်။ မလတရံပရမံမလံ၊ လွန်ကဲသော အညစ်အကြေး
မည်၏။ ပဟန္တွာနာတိ၊ ပဟန္တွာနဟူသည်ကား။ ဧတံမလံ၊ ဤအညစ်အကြေး
ကို။ ဇဟိတွာ၊ စွန့်၍။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ နိမ္မလာ၊
အညစ်အကြေးမရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိအတ္ထော၊ ဤကား
အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော
သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့ ပါပုဏိံသု၊
ရောက်ကုန်၏။

ပဉ္စမံ၊ သော။ အညတရကုလပုတ္တဝတ္ထု၊ သည်။
ဝတ္ထုသမတ္တံ၊ ပြီးပြီ။

## ၁၈-မလဝဂ္ဂ။ ၆-စူဠသာရိဝတ္ထု။

(အညတရကုလပုတ္တဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏အတ္ထဝဏ္ဏနာ ကို ပြပြီး၍ စူဠသာရိ မည်သော ရဟန်းဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြလိုသော အရှင်ဗုဒ္ဓဃောသဆရာသည် "သုဇီဝန္တိ" စသောပါဌ်ကို မိန့်သတည်း။)

"သုဇီဝ" န္တိ ဣမံ ဓမ္မဒေသနံ၊ သုဇီဝံ-စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ စူဠသာရိံ နာမ၊ စူဠသာရိအမည်ရှိသော။ သာရိပုတ္တတ္ထေရဿ၊ ရှင်သာရိပုတ္တရာ မထေရ်၏၊ သဒ္ဓိဝိဟာရိကံ၊ ဥပဇ္ဈာယ်တူသော တပည့်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုစူဠသာရိသည်။ ကေဒိဝသေ၊ တနေ့သ၌။ ဝေဇ္ဇကမ္မံ၊ ဆေးကုသောအမှုကို၊ ကတွာ၊ ပြုခြင်းကြောင့်။ ပဏီတဘောဇနံ၊ မွန်မြတ်သော ဘောဇဉ်ကို။ လဘိတွာ၊ ရ၍။ အာဒါယ၊ ယူ၍။ နိက္ခမန္တော၊ ထွက်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤမွန်မြတ်သော ဘောဇဉ်ကို။ မယာ၊ တပည့်တော်သည်။ ဝေဇ္ဇကမ္မံကတွာ၊ ဆေးကုခြင်းကြောင့်။ လဒ္ဓံ၊ ရအပ်၏။ တုမှေ၊ သင်တို့သည်။ အညတ္ထ၊ တပါးသောမြို့ရွာ နိဂုံးဇနပုဒ်တို့၌။ ဧဝရူပံ ဘောဇနံ၊ ဤသို့သဘောရှိသော မွန်မြတ်သော ဘောဇဉ်ကို။ နလဘိဿထ၊ မရကုန်လတ္တံ့။ ဣမံ၊ ဤဘောဇဉ်ကို။ ဘုဉ္ဇထ၊ ဘုဉ်းပေးကုန်လော့။ အဟံ၊ တပည့်တော်သည်။ ဝော၊ သင်အား။ ဝေဇ္ဇကမ္မံကတွာ၊ ဆေးသမားလုပ်၍။ နိစ္စကာလံ၊ အခါခပ်သိမ်း။ ဧဝရူပံအာဟာရံ၊ ဤသို့သဘောရှိသော အစာ အာဟာရကို။ အာဟရိဿာမိ၊ ဆောင်ပါအံ့။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ ထေရော၊ ရှင်သာရိပုတ္တရာမထေရ်သည်။ တဿ၊ ထိုစူဠသာရိ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ တုဏှီဘူတော၊ ဆိတ်ဆိတ်ဖြစ်၍သာလျှင်။ ပက္ကာမိ၊ သွား၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ သတ္ထု၊ မြတ်စွာဘုရားအား။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟိရိကော နာမ၊ အရှက်အကြောက်မရှိသော ရဟန်းမည်သည်ကား။ ပဂဗ္ဘော၊ ကိုယ်နှုတ်နှလုံးကြမ်းတမ်းခြင်းရှိလျက်။ ကာကသဒိသော၊ ကျီးနှင့်တူသည်။ ဟုတွာ၊ ဖြစ်၍။ ဧကဝီသတိဝိဓာယ၊ နှစ်ဆယ့်တပါး အပြားရှိသော။ အနေသနာယ၊ မရှာမှီးအပ်သည်ကို ရှာမှီးခြင်း၌။ ဌတွာ၊ တည်၍။ သုခံဇီဝတိ၊ ချမ်းသာစွာ အသက်မွေး၏။ ဟိရိ

ဩတ္တပ္ပသဒ္ဓေန ပန၊ အရှက် အကြောက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည်ကား။ ဒုက္ခဇီဝိတံ။ ဆင်းရဲငြိုငြင်သဖြင့်၊ အသက်မွေးခြင်းရှိ၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၄၄။ သုဇီဝံ အဟိရီကေန၊ ကာကသူရေန ဓံသိနာ။ ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။

အဟိရိကေန၊ အရှက်အကြောက် မရှိသော၊ ဓံသိနာ၊ သူ့ကျေးဇူးကို ဖျက်တတ်ထသော။ ပက္ခန္ဒိနာ၊ သူတပါးပြုအပ်ပြီးသော ကိစ္စကို မိမိပြုအပ်သော ကိစ္စကဲ့သို့ ပြု၍ ပြေးဝင်သောအားဖြင့် ကျင့်လေ့ရှိထသော။ ပဂဗ္ဘေန၊ ကိုယ်နှုတ်နှလုံးကြမ်းတမ်းခြင်းနှင့် ပြည့်စုံထသော။ ဘိက္ခုနာ၊ သည်။ သံကိလိဋ္ဌေန၊ ညစ်ညူးသည် ဖြစ်၍။ ဇီဝိတံ၊ မကောင်းသော အသက်မွေးခြင်းကို။ သုဇီဝံ၊ ကောင်းသော အသက်မွေးခြင်း ဟူ၍။ ပညာယတိ၊ မှတ်ထင်၏။

၂၄၅။ ဟိရီမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။ အလီနေနာပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

ဟိရိမတာစ၊ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံထသော။ နိစ္စံ၊ အမြဲ။ သုစိဂဝေသိနာ၊ စင်ကြယ်သော ကာယကံစသည်ကို ရှာမှီးထသော။ အလီနေန၊ အသက်မွေးခြင်း၌ တွန့်တိုခြင်း မရှိထသော။ အပဂဗ္ဘေန၊ ကိုယ်နှုတ်၏ ကြမ်းတမ်းခြင်းကင်းထသော။ သုဒ္ဓါဇီဝေန၊ စင်ကြယ်သော အသက်မွေးခြင်းလည်းရှိသသော။ ပဿတာ၊ စင်ကြယ်သော အသက်မွေးခြင်းကို သာရအားဖြင့် ရှုတတ်သောသူ သည်။ ဒုဇ္ဇီဝံ၊ ခေါင်းပါးသဖြင့် အသက်မွေးခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ အဟိရိကေနာတိ၊ ဟူသည်ကား။ ဆိန္နဟိရောတ္တပ္ပကေန၊ ပြတ်သော ဟိရီ,ဩတ္တပ္ပရှိသသော။ ဟိ၊ သင့်စွ။ ဧဝရူပေန၊ ဤသို့သဘော ရှိသောသူသည်။ အမာတရမေဝ၊ အမိမဟုတ်သောသူကို သာလျှင်။ မေ၊ ငါ၏၊ မာတာတိ၊ အမိဟူ၍။ အပိတာဒယောစဝ၊ အဘမဟုတ်သောသူ စသည်တို့ကို လျှင်။ မေ၊ ၏။ ပိတာ၊ အဘတည်း။ ဣတိအာဒိနာနယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ဝတွာ၊ ဆို၍။ ဧကဝီသတိဝိဓာယ၊ နှစ်ဆယ့်တပါး အပြားရှိသော။ အနေသနာယ၊ မရှာမှီးအပ်သည်ကို ရှာမှီးခြင်း၌။ ပတိဋ္ဌာယ၊ တည်၍။ သုခေန၊ လွယ်စွာ။ ဇီဝိတုံ၊ အသက်မွေးခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ကာကသူရေနာတိ၊ သူရေနဟူသည်ကား။ သူရကာကာဒိဝသေန၊ ကျီးရဲနှင့်တူသသော။ ဟိ၊ ထိုစကားသင့်စွ။ သူရကာကော၊ ရဲသောကျီးသည်။ ကုလဃရေသု၊ အမျိုးအိမ် တို့၌။ ယာဂုအာဒီနိ၊ ယာဂုစသည်တို့ကို။ ဂဏှိတုကာမော၊ ယူလိုသည်ဖြစ်၍။ ဘိတ္တိအာဒီသု၊ နံရံစသည်တို့၌။ နိသီဒိတွာ၊ နား၍။ အတ္တနော၊ မိမိကို။ ဩလော

ကနဘဝံ၊ ကြည့်သည်၏ အဖြစ်ကို။ ဥတွာ၊ သိ၍။ အနောလောကေ မန္တ္တာဝိယစ၊ မကြည့်လေဟန်ကဲ့သို့ရင်း။ အညာဝိဟိဘကောဝိယစ၊ တပါးကိုနှလုံးသွင်းလေဟန်ကဲ့သို့ရင်း။ နိဒ္ဒါယန္တ္တောဝိယစ၊ ငိုက်မျည်းသကဲ့သို့ရင်း။ ဟုတွာ၊ ဖြစ်၍။ မနုဿာနံ၊ လူတို့၏။ ပမာဒံ၊ မေ့လျော့ခြင်းကို။ သလ္လက္ခေတွာ၊ မှတ်၍။ အနုပတိတွာ၊ အစဉ်အတိုင်းနား၍။ သုံသုံတိ၊ သူသူဟူ၍။ ဝဒန္တေသုယေဝ၊ ဆိုကုန်စဉ်ပင်လျှင်။ ဘာဇနတော၊ ခွက်မှ။ မုခပူရံ၊ ခံတွင်းပြည့်သေအောင်။ ဂဟေတွာ၊ ချီ၍။ ပလာယတိယထာ၊ ပြေးသကဲ့သို့။ ဧဝမေဝံ၊ ဤအတူလျှင်။ အဟိရိက ပုဂ္ဂလောပိ၊ အရှက်အကြောက်မရှိသော ပုဂ္ဂိုလ်သည်လည်း။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ ယာဂုဘတ္တဌာနာဒီနိ၊ ယာဂုထမင်းရှိရာ အရပ်စသည်တို့ကို။ ဝဝတ္ထပေသိ၊ မှတ်သား၏။ တတ္ထ၊ ထိုအရပ်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိတွာ၊ သွား၍။ ယာပနမတ္တံ၊ မျှလောက်ရုံမျှသော ဆွမ်းကို။ အာဒါယ၊ ယူ၍။ အာသနသာလံ၊ ဆွမ်းစားစရပ်ကို။ ဂန္တွာ၊ သွား၍။ ပစ္စဝေက္ခန္တာ၊ ဆင်ခြင်ကုန်လျက်။ ယာဂုံ၊ ယာဂုကို။ ပိဝိတွာ၊ သောက်၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကရောန္တိ၊ နှလုံးသွင်းကုန်၏။ သဇ္ဈာယန္တိ၊ သရဇ္ဈာယ်ကုန်၏။ အာသနသာလံ၊ နေရာကျောင်းကို။ သမ္မဇ္ဇန္တိ၊ တံမြက်လှည်းကုန်၏။ အယံ ပန၊ ဤရဟန်းသည်။ ကိဉ္စိ၊ တစုံတခုကို။ အကတွာ၊ မပြုမူ၍။ ဂါမာဘိမုခေါ၊ ရွာတွင်းသို့ ရှေးရှုသည်သာလျှင်။ ဟောတိ၏။ ဣတိ၊ ထိုစကားသင့်စွာ။ သော၊ ထိုရဟန်းသည်။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဣမံ၊ ဤရဟန်းကို။ ပဿထ၊ ရှုပါကုန်လော့။ ဣတိ၊ ဤသို့ဆိုကုန်လျက်။ ဩလောကိယမာနောပိ၊ ကြည့်ကုန်သော်သည်း။ အနောလောကေန္တောပိယ၊ မကြည့်သကဲ့သို့ရင်း။ အညာဝိဟိတောဝိယ၊ တပါးကိုနှလုံးသွင်းသကဲ့သို့ရင်း။ နိဒ္ဒါယန္တောဝိယ၊ အိပ်မျည်းသကဲ့သို့ရင်း။ ဂဏ္ဌိကံ၊ ခါးပတ်သီးကို။ မုဉ္စန္တောဝိယ၊ ဖြေသကဲ့သို့ရင်း။ စီဝရံ၊ သင်္ကန်းကို။ သံဝိဒဟန္တောဝိယ၊ ပြုပြင်သကဲ့သို့ရင်း။ ဟုတွာ၊ ဖြစ်၍။ မေ၊ ငါ့အား။ အသုကံနာမ ကမ္မံ၊ ဤမည်သော အမှုသည်။ အတ္ထိတိ၊ ရှိ၏ဟူ၍။ ဝဒန္တော၊ ဆိုလျက်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ ပါတောဝ၊ စောစောကလျှင်။ ဝဝတ္ထပိတဂေဟေသု၊ မှတ်ပြီး မှန်းပြီးသောအိမ်တို့တွင်။ အညတရံ ဂေဟံ၊ တခုခုသော အိမ်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဃရမာနုဿကေသု၊ အိမ်ရှင်လူတို့သည်။ ထောကံ၊ အတန်ငယ်။ ကဝါဋံ၊ တံခါးရွက်ကို။ ပိဓာယ၊ ပိတ်၍။ ဒွါရေ၊ တံခါး၌။ နိသီဒိတွာ၊ ထိုင်၍။ ကန္တန္တေသုပိ၊ ကြပါဦးတော့ဟု ဆိုကုန်သော်လည်း။ ဧကေန ဟတ္ထေန၊ လက်တဘက်ဖြင့်။ ကဝါဋံ၊ တံခါးရွက်ကို။ ပဏာမေတွာ၊ တွန်း၍။ အန္တော၊ အိမ်တွင်းသို့။ ပဝိသတိ၊ ဝင်၏။ အထ၊ ထိုအခါ၌။

နံ၊ ထိုရပ်ကွက်ကို၊ ဒိသွာ၊ မြင်၍။ အကာမကာပိ၊ အလိုမရှိဘဲလျက်သည်း။ အာသနေ၊ နေရာ၌၊ နိသီဒါပေတွာ၊ နေစေ၍။ ယာဂု အာဒီသု၊ ယာဂု စသည်တို့တွင်။ ယံ၊ အကြင်ဝတ္ထုပစ္စည်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဝတ္ထု ပစ္စည်းကို။ ဒေန္တိ၊ လှူကုန်၏။ သာဝတ္ထဲ၊ အလိုရှိတိုင်း။ ဘုဉ္ဇိတွာ၊ စား၍။ အဝသေသံ၊ အကြွင်းကို။ ပဂ္ဂဏှိတွာ၊ ယူပြီးဖြင့်။ အာဒါယ၊ ယူ၍။ ပက္ကာမိ၊ ဖဲ၏။ အယံ၊ ဤရဟန်းသည်။ ကာက သူရေဆာနာမ၊ ကျီးရဲနှင့်တူသော ရဟန်းမည်၏။ ဝေရူပေန၊ ဤသို့သဘော ရှိသော၊ အဟိရိကေန၊ အရှက်အကြောက်မရှိသော ရဟန်းသည်။ သုဇီဝံ၊ လွယ်သော အသက်မွေးခြင်းရှိ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဓံသိနာတိ၊ ဓံသိနာ ဟူသည်ကား။ အသုကတ္ထေရောနာမ၊ ဤအမည်ရှိသော မထေရ်သည်။ အပ္ပိစ္ဆော၊ အလိုနည်းသည်။ ဟောတိ၊ ၏။ ဣတိအာဒိနိ၊ ဤသို့ စသော စကားတို့ကို။ ဝဒနေန၊ ဆိုသဖြင့်။ ပရေသံ၊ သူတပါးတို့၏။ ဂုဏမံသနတာယ၊ ဂုဏ်ကို ဖျက်ဆီးသည်၏ အဖြစ်ဖြင့်။ ဓံသိနာ၊ ဖျက်ဆီး ထသော။ တထာရူပဿ၊ ထိုသို့ သဘောရှိသောသူ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ အယံပိ၊ ဤရဟန်းသည်လည်း။ အပ္ပိစ္ဆတာဒိဂုဏော ယုတ္တောတိ၊ အလိုနည်းခြင်း စသော ဂုဏ်ကျေး၌ ယှဉ်၏ဟု။ မညမာနာ၊ အောက်မေ့ကုန်လျက်။ မနုဿာ၊ လူတို့သည်။ ဒါတဗ္ဗန္တိ၊ လှူအပ်ကုန်၏ဟု။ မညန္တိ၊ အောက်မေ့ကုန်၏။ သော ပန၊ ထိုပုဂ္ဂိုလ်သည်ကား။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍၊ ဝိညူပုရိသာနံ၊ ပညာ ရှိသော ယောကျ်ားတို့၏။ စိတ္တံ၊ စိတ်ကို။ အာရာဓေတုံ၊ နှစ်သက်စေခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်ခြင်းကြောင့်။ တမှာ လာဘာပိ၊ ထိုလာဘ်မှလည်း။ ပရိဟာယတိ၊ ယုတ်၏။ ဧဝံ၊ ဤသို့။ ဓံသိပုဂ္ဂလော၊ သူ့ဂုဏ်ကို ဖျက်ဆီးလေ့ ရှိသော ပုဂ္ဂိုလ်သည်။ အတ္တနောပိ၊ မိမိ၏ရင်း။ ပရဿပိ၊ သူတပါး၏ရင်း။ လာဘံ၊ လာဘ်ကို၊ နာသေတိယေဝ၊ ဖျက်ဆုံးသည်သာလျှင်တည်း။ ပက္ခန္ဒိနာတိ၊ ဟူသည် ကား။ ပက္ခန္ဒနစာရိနာ၊ အဘိုဘပါးသို့ ဝင်ခြင်းဖြင့် ကျင့်လေ့ရှိသော ပုဂ္ဂိုလ် သည်။ ပရေသံ၊ သူတပါးတို့၏။ ကိစ္စာနိပိ၊ ကိစ္စတို့ကိုလည်း။ အတ္တနော၊ မိမိ၏။ ကိစ္စာနိဝိယ၊ ကိစ္စ တို့ကဲ့သို့။ ဒဿေန္တေန၊ ပြသဖြင့်။ ပါတောဝ၊ စောစောက လျှင်။ ဘိက္ခူသု၊ ရဟန်းတို့သည်။ စေတိယင်္ဂဏာဒီသု၊ စေတီရင်ပြင် စသည်တို့၌။ ဝတ္တံ၊ ဝတ်ကို။ ကတွာ၊ ပြု၍။ ကမ္မဋ္ဌာန မနသိကာရေန၊ ကမ္မဋ္ဌာန်းကို နှလုံး သွင်းသဖြင့်။ ထောကံ၊ အတန်ငယ်။ နိသီဒိတွာ၊ ထိုင်၍။ ဥဋ္ဌာယ၊ ထလျက်။ ဂါမံ၊ ရွာသို့။ ပဝိသန္တေသု၊ ဝင်ကုန်သည် ရှိသော်။ မုခံဓောဝိတွာ၊ မျက်နှာ သစ်၍။ ပဏ္ဍုကာသာဝပါရုပန၊ ဖျော့တော့သော အဆင်းရှိသော သင်္ကန်းကို

ရုံလျက်။ အက္ခိအဥ္စနသီသမက္ခနာဒီနိ၊ မျက်စိကွင်းခြင်း ဆီလိမ်းခြင်း စသည် တို့ဖြင့်။ အတ္တဘာဝံ၊ မိမိ ကိုယ်ကို။ မဏ္ဍေတွာ၊ တန်းဆာ ဆင် လျက်။ သမ္မဇ္ဇနတ္ထာဝိယ၊ တံမြက်လှည်းသကဲ့သို့။ ဒေ့တယော၊ နှစ်ကြိမ် သုံးကြိမ်။ သမ္မဇ္ဇနိပဟာရံ၊ တံမြက် ခပ်ခြင်းကို။ ဒတွာ၊ ပေး၍။ ဒွါရကောဋ္ဌကာဘိ မုခေ၊ မုခ်တံခါးသို့ ရှေးရှုသည်။ ဟောတိ၊ ဖြစ်၏။ မနုဿာ၊ လူတို့သည်။ ပါတောဝ၊ စောစောကလျှင်။ စေတိယံ၊ စေတီကို။ ဝန္ဒိဿာမ၊ ရှိခိုးကုန်အံ့။ မာလာပူဇံ၊ ပန်းပူဇော်ခြင်းကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း လျက်။ အာဂန္တွာ၊ လာ၍။ တံ၊ ထိုရဟန်းကို။ ဒိသွာ၊ မြင်၍။ အယံဝိဟာရော၊ ဤကျောင်းသည်။ ဣမံ့ဒဟရံ၊ဤပဉ္စင်းငယ်ကို။ နိဿာယ၊ မှီ၍။ ပဋိဇဂ္ဂနံ၊ သုတ် သင်ခြင်းကို။ လဘတိ၊ ရ၏။ ဣမံ၊ ဤရဟန်းကို။ မာပမဇ္ဇိတ္ထ၊ မမေ့မလျော့ကုန် လင့်။ ဣတိဝတွာ၊ ဤသို့ဆို၍။ တဿ၊ ထိုရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်သည် ကို။ မညိ္တ၊ အောက်မေ့ကုန်၏။ ဝေရုပေ့န၊ ဤသို့သဘောရှိသော၊ ပက္ခန္ဒိနာပို၊ သူတပါးကိစ္စကို မိမိကိစ္စကဲ့သို့ ပြုလေ့ရှိသောသူသည်လည်း။ သုဇီဝံ၊ လွယ်သော အသက်မွေးခြင်းရှိ၏။ ပဂဗ္ဗေနာတိ၊ ပဂဗ္ဗေန ဟူသည်ကား။ ကာယပဂဗ္ဘိယာဒီဟိ၊ ကာယပဂဗ္ဘစသည်တို့နှင့်။ သမန္နာဂတေန၊ ပြည့်စုံသောသူသည်။ သံကိလိဋ္ဌေနဇီဝိ တန္တိ၊ ဟူသည်ကား။ ဝေ၊ ဤသို့။ ဇီဝိတံကပ္ပေတွာ၊ အသက်မွေးခြင်းကိုပြု၍။ ဟိ၊ သင့်စွ။ ဇီဝန္တေန ပုဂ္ဂလေန၊ အသက်မွေးသော ပုဂ္ဂိုလ်သည်။ သံကိလိဋ္ဌေန် ဟုတွာ၊ ညစ်နွမ်းခြင်းရှိသည်ဖြစ်၍။ ဇီဝိတံနာမ၊ အသက်မွေးအပ်သောသူ မည် သည်။ ဟောတိ၊ ဖြစ်၏။ တံဇီဝိတံ၊ သည်။ ပါပမေဝ။ ယုတ်မာသည်သာလျှင် တည်း။ဣတိအတ္ထော၊ တည်း။ ဟိရိမတာစာတိ၊ ဟိရိမတာစဟူသည်ကား။ ဟိရော တ္တပ္ပသမ္ပန္နေနပုဂ္ဂလေန၊ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ ဒုဇ္ဇီဝံ၊ ခေါင်း ပါးသော အသက်မွေးခြင်းရှိ၏။ ဟိ၊ သင့်စွ။ သော၊ ထိုပုဂ္ဂိုလ်သည်။ အမာတာ ဒယောစ၊ အမိမဟုတ်သောသူ စသည်တို့ကိုလည်း။ မေမာတာ၊ ငါ့အမိ။ ဣတိ အာဒီနိ၊ ဤသို့စသော စကားတို့ကို။ အဝတွာ၊ မဆိုမူ၍။ အဓမ္မိကေပစ္စယေ၊ တရားနှင့်မလျော်သော ပစ္စည်းတို့ကို။ ငူထံဝိယ၊ မစင်ကဲ့သို့။ ဇိဂုစ္ဆန္တော၊ စက်ဆုပ် လျက်။ ဓမ္မေနသမေန၊ တရားနှင့်လျော်စွာ။ ပရိယေသန္တော၊ ရှာလျက်။ သပဒါနံ၊ အိမ်စဉ်အတိုင်း။ ပိဏ္ဍာယစရိတွာ၊ ဆွမ်းခံသွား၍။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေန္တော၊ မွေးလျက်။ လူခံဇီဝတိ၊ ခေါင်းပါးသော အသက်မွေးခြင်းရှိ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သုစိဂဝေသိနာတိ၊ ဂဝေသိနာ ဟူသည်ကား။ သုစီနိ၊ စင်ကြယ်ခြင်းရှိကုန်သော။ ကာယကမ္မာဒီနိ၊ကာယကံစသည်တို့ကို။ ပဂဝေသန္တေန၊ ရှာသဖြင့်။ အလီနေနာတိ၊ အလီနေန်ဟူသည်ကား။ ဇီဝိတဝုတ္တိ၊ အသက်မွေး

ခြင်းကို။ အနုအလ္လိနေန၊ တွန့်တိုခြင်းမရှိသော။ သုဒ္ဓဇီဝေနပဿာဘာတိ၊ ပဿာဘာ ဟူသည်ကား။ ဟိ၊ သင့်စု။ ဝေရူပေါ ပဂ္ဂလော၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ် သည်။ သုဒ္ဓါဇီဝေ ါနာမ၊ စင်ကြယ်သော အသက်မွေးခြင်းရှိသောပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝေ၊ ဤသို့။ တေန သုဒ္ဓါဇီဝေန၊ ထိုစင်ကြယ်သော အသက် မွေးခြင်းဖြင့်။ တမေဝသုဒ္ဓဇီဝံ၊ ထိုစင်ကြယ်သော အသက်မွေးခြင်းရှိသော ပုဂ္ဂိုလ် ကိုသာလျှင်။ သာရတော၊ အမြတ်အားဖြင့်။ ပဿတော၊ ရှုလျက်။ လူဓမ္မစိတ ဝသေန၊ ခေါင်းပါးသော အသက်မွေးခြင်း၏ အစွမ်းဖြင့်။ ဒုဇ္ဇီဝံ၊ ခေါင်းပါးသော အသက်မွေးခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ မေဿနာဝသာနေ၊ ဒေသနာတော်၏အဆုံး၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက် ကုန်၏။

ဆဋ္ဌ၊ သော။ စူဠသာရိဝတ္ထု၊ ငတ္ထုသည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

—●—

## ၁၈-မလဝဂ္ဂ။ ၇-ပဥ္စသတဥပါသကဝတ္ထု။

(စူဠသာရိဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုပြီး၍ ပဥ္စသတဥပါသကဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထ...ဏ္ဏနာကို ပြု လိုသော အရှင် ဗုဒ္ဓဃောသ ဆရာသည် "ယောပါဏန္တိ" စသောပေါ်၌ကို မိန့်သတည်း)။

"ယောပါဏ" န္တိ ဣမံ ဓမ္မဒေသနံ၊ ယောပါဏံ ဝသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပဥ္စသတေဥပါသကေ၊ ငါးရာသော သီတင်းသည်တို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ကထေသိ၊ဟောတော်မူ၏။ဟိ၊ သင့်စွ။ တေသု၊ထိုငါးရာသောသူတို့ တွင်။ဧကော၊ အချို့သော ဒါယကာတို့သည်။ ပါဏာတိပါတာဝေရမဏိံသိက္ခာ ပဒမေဝ၊သူ၏အသက်ကို လျှင်စွာချခြင်းမှ ကြဉ်ကြောင်းဖြစ်သော စေတနာဟုဆို အပ်သောသိက္ခာပုဒ်ကိုသာလျှင်။ ရက္ခန္တိ၊ စောင့်ကုန်၏။ဣတရေ၊ တပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဣတရာနိ၊ တပါးကုန်သော သူတို့သည်။ ရက္ခန္တိ၊ စောင့်ကုန်၏။ ... ၊ ထိုဒါယကာတို့သည်။ ဧကဒိဝသံ၊ တနေ့သ၌။ အဟံ၊ ငါသည်၊ ဒုက္ကရံ၊ ပြု နိုင်ခဲသောအမှုကို။ ကရောမိ၊ ပြု၏။ အဟံ၊ ငါသည်။ ဒုက္ကရံ၊ ပြုနိုင်ခဲသောအကျ... ကို။ ရက္ခာမိ၊ စောင့်၏။ ဣတိဝိဝါဒါ၊ ဤသို့ ငြင်းခုံခြင်းဘို့ သည်၊ ဥပ္ပန္နာ၊ ...ဖြစ်

ကုန်၏၊ သတ္ထုသန္တိကံ၊ မြတ်စွာဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုသူတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ကောသိလံပိ၊ တခုသော သီလကိုလည်း။ ကိလိဋ္ဌံ၊ ညစ်နွမ်းခြင်းရှိသည်ကို။ အကတွာ၊ မပြုမူ၍။ သဗ္ဗာနေဝ၊ အလုံးစုံသော သိက္ခာပုဒ်တို့ကိုသာလျှင်။ ဒုရက္ခာနိ၊ စောင့်နိုင်ခဲကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမာဂါထာ၊ တို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၄၆။ ။ ဥပါသကာ၊ ဒါယကာတို့။ လောကေ၊ သတ္တလောက၌။ ယော၊ အကြင်သူသည်။ ပါဏံ၊ သူ့အသက်ကို။ အတိပါတေတိ၊ လျင်စွာချ၏။ မုသာဝါဒဉ္စ၊ မဟုတ်မမှန်သော စကားကိုမူလည်း။ ဘာသတိ၊ ဆို၏။ အဒိန္နံ၊ အရှင်မပေးအပ်သော သူ့ဥစ္စာကိုမူလည်း။ အာဒိယတိ၊ ယူ၏။ ပရဒါရဉ္စ၊ သူ့မယားကိုမူလည်း။ ဂစ္ဆတိ၊ လွန်ကျူး၏။

၂၄၇။ ။ယောနရော၊ အကြင်သူသည်။ သုရာမေရယပါနဉ္စ၊ သုရာမေရယကို သောက်ခြင်းကိုလည်း။ အနုယုဉ္ဇတိ၊ ယှဉ်၏။ သော၊ ဤသူသည်။ ဣဓေဝ လောကသ္မိံပိ၊ ဤပစ္စုပ္ပန် သောက၌ပင်လျှင်။ အတ္တနော၊ မိမိ၏။ မူလံ၊ ခေတ္တဝတ္ထု စသော အမြစ်ကို။ ခဏာ၊ တူးဖြို၏။

၂၄၈။ ။ဘောပုရိသ၊ အိုယောကျ်ား။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိလော့။ အသညတာ၊ ကိုယ်နှုတ်နှလုံး သုံးပါးကို မစောင့် ခြင်းသည်ကား။ ပါပဓမ္မာ၊ ယုတ်မာသော သဘောရှိကုန်၏။ လောဘောစ၊ သည်ငှင်း။ အဓမ္မောစ၊ ဒေါသ သည်ငှင်း။ တံဧေဝမ္မာ၊ ထိုအကုသိုလ်တရားတို့ကို။ စိရံ၊ ကြာမြင့်စွာ။ ဒုက္ခာယ၊ နိရယဒုက္ခ အစရှိသည်တို့၏ အကျိုးငှာ၊ မာရန္ဓယုံ၊ မဖြစ်စေကုန်လင့်၊ ဣတိ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်၊ ယောပါဏမတိပါတေတီတိ၊ ပါတေတိ ဟူသည် ကား။ ယောအကြင်သူသည်။ သာဟတ္ထိကာဒီသု၊ ကိုယ်တိုင်သတ်ခြင်း အစရှိကုန်သော၊ ဆသုပယောဂေသု၊ ခြောက်ပါးကုန်သော ပယောဂတို့တွင်။ ဧက ပယောဂေနာပိ၊ တခုသော လုံ့လဖြင့်လည်း။ ပရဿ၊ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဥပစ္ဆိန္ဒတိ၊ ဖြတ်၏။ မုသာဝါဒန္တိ၊ ဟူသည်ကား။ ပရေသံ၊ သူတပါးတို့၏။ အတ္တ ဘဉ္ဇနကံ၊ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော၊ မုသာဝါဒဉ္စ၊ မဟုတ်မမှန်သော စကားကိုလည်း။ ဘာသတိ၊ ဆို၏။ လောကေ အဒိန္နံ အာဒိယတီတိ၊ အာဒိယတိ ဟူသည်ကား။ ဣမသ္မိံ သတ္တလောကေ၊ ဤသတ္တလောက၌။ ထေယျာဝဟာရာ ဒီသု၊ ချိန်စဉ်းလဲ တင်းစဉ်းလဲခြင်းဖြင့် ခိုးခြင်းစသည်တို့တွင်။ ဧကေနပိ၊ တခုခု

လည်းဖြစ်သော။ အဝဟာရေန၊ ခိုးခြင်းဖြင့်။ ပရပရိဂ္ဂဟိတံ၊ သူတပါး သိမ်းဆည်း
သောဥစ္စာကို။ အာဒိယတိ၊ ယူ၏။ ပရဒါရဉ္စ ဂစ္ဆတီတိ၊ ဂစ္ဆတိ ဟူသည်ကား။
ပရဿ၊ သူတပါးသည်။ ရက္ခိတဂေါပိတေသု၊ စောင့်ရှောက် လုံခြုံစေအပ်ကုန်
သော။ ဘဏ္ဍေသု၊ သုံးဆောင်သော ဥစ္စာရတနာနှင့်တူသော မယားတို့၌။ အပ
ရဇ္ဈန္တော၊ ပြစ်မှားခြင်းရှိသော သူသည်။ ဥပ္ပထစာရံ၊ ခရီးမဟုတ်သော အကျင့်ကို။
စရတိ၊ ကျင့်၏။ ။သုရာမေရယပါနန္တိ၊ ပါနံဟူသည်ကား။ ယဿကဿစိ၊ အ
မှတ်မရှိသော။ သုရာယစေဝ၊ သူရာကိုရင်း။ မေရယဿစ၊ မေရယကိုရင်း။ ပါနံ၊
သောက်ခြင်းတည်း။ အနုယုဉ္ဇတိစေဝ၊ ယှဉ်လည်းယှဉ်၏။ ဗဟုလီစ၊ အကြိမ်များ
လည်း။ ကရောတိ၊ ပြု၏။ မူလံခဏတီတိ၊ ခဏတိ ဟူသည်ကား။ ပရလောကော၊
တမလွန်လောကကို။ တိဋ္ဌတု၊ ထားဘိဦး၊ သောပနပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။
ဣဓလောကသ္မိံယေဝ၊ ဤလောက၌သာလျှင်။ ခေတ္တဝတ္ထုအာဒိနာ၊ ခေတ္တဝတ္ထု
အစရှိသော။ ယေန မူလေန၊ အကြင်အမြစ်ဖြင့်။ ပတိဋ္ဌာပေယျ၊ တည်စေရာ၏။
တံပိ၊ ထိုအမြစ်ကိုလည်း။ အဋ္ဌပေတွာဝ၊ မတည်စေမူ၍ရင်း။ ဝိဿဇ္ဇေတွာဝ၊
စွန့်၍ရင်း။ နံသုရံ၊ ထိုသေကို။ ပိဝန္တော၊ သောက်သောသူသည်။ အတ္တနောမူလံ၊
မိမိအမြစ်ကို၊ ခဏတိ၊ တူးသည်မည်၏။ အနာထော ကပဏော၊ ကိုးကွယ်ရာမဲ့ အထီး
ကျန်သော ယောကျ်ားသည်။ ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ သွားလာ၏။ ဧဝံ
ဘောတိ၊ ဧဝံဘော ဟူသည် ကား။ ပဉ္စဒုဿီလျကမ္မကရဏံ၊ ငါးပါး သော
သီလမရှိသည်၏ အဖြစ်ဟု ဆိုအပ်သော အမှုကိုပြုခြင်းရှိသော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။
အာလပတိ၊ ခေါ်၏။ ပါပဓမ္မာတိ၊ ပါပဓမ္မာ ဟူသည်ကား။ လာမကဓမ္မာ၊
ယုတ်မာသော အကုသိုလ်ဓမ္မတို့တည်း။ အသညတာတိ၊ အသညတာဟူသည်ကား။
ကာယသညမာဒိရဟိတာ၊ ကိုယ်ကို ဆုံးမခြင်းစသည်မှ ကင်းကုန်၏။ အစေတသာ
တိပိ၊ အစေတသာဟူ၍လည်း။ ပါဌော၊ ပါဌ်ရှိ၏။ အစိတ္တကော၊ ကိုယ်ကိုဆုံးမ
လိုသော စိတ်မရှိ။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ လောဘောအဓမ္မော
စာတိ၊ အဓမ္မောစဟူသည်ကား။ လောဘောစ။ လောဘရင်း။ ဒေါသောစ။
ဒေါသရင်း။ ဧတံဥဘယံပိ၊ ဤနှစ်ပါးစုံသည်လည်း။ အကုသလမေဝ၊ အကုသိုလ်
တရားသည်လျှင်တည်း။ စိရံဒုက္ခာယရန္ဓယန္တိ၊ ယံဟူသည်ကား။ စိရကာလံ၊ ကြာ
မြင့်စွာသော ကာလပတ်လုံး။ နိရယဒုက္ခာဒီနံ၊ ငရဲ၌ဖြစ်သော ဆင်းရဲခြင်းစသည်
တို့၏။ အတ္ထာယ၊ အကျိုးငှါ။ တံ ခေတဓမ္မာ၊ ဤအကုသိုလ် တရားတို့သည်။
မာရန္ဓန္တု၊ မာပစ္စန္တု၊ မဖြစ်စေကုန်လင့်။ ဣတိအတ္ထော၊ ဤကားအနက်တည်း။
ဒေသနာဝသာနေ၊ ဒေသနာတော်အဆုံး၌။ ပဉ္စသတာ၊ ငါးရာကုန်သော။ တေ
ဥပါသကာ၊ ထိုဒါယကာတို့သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။

ပတိဋ္ဌဟိံသု၊ တည်ကုန်၏။ သမ္ပတ္တာနံပိ၊ ရောက်လာကုန်သော သူတို့အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ အဟောသိ၊ ဖြစ်၏။

သတ္တမံ၊ သော။ ပဋ္ဌသတဥပါသကဝတ္ထု၊ သည်။
ဋ္ဌတိသမတ္တံ၊ ပြီးပြီ။

---

## ၁၈-မလဝဂ္ဂ။ ၈-တိဿဒဟရဝတ္ထု။

(ပဋ္ဌသတဥပါသကဝတ္ထု၌ ဟောရာဖြစ်သော ဂါထာတို့၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ တိဿအမည်ရှိသော ရဟန်းငယ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုလိုသော အရှင် ဗုဒ္ဓဃောသဆရာသည် "ဒဒန္တိ" စသော ပါဌ်ကို မိန့်သတည်း။)။

"ဒဒန္တိဝေ" တိ ဣမံ ဓမ္မဒေသနံ ဒဒန္တိဝေ စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလျက်။ တိဿဒဟရံနာမ၊ တိဿ အမည်ရှိသော ရဟန်းငယ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော၊ ထိုတိဿ ရဟန်းငယ်သည်။ အနာထပိဏ္ဍိကဿဂဟပတိနော၊ အနာထပိဏ်သဌေး၏လည်း။ ဝိသာခါယ၊ ဝိသာခါ အမည်ရှိသော။ ဥပါသိကာယ၊ ဒါယိကာမ၏လည်း။ ဣတိ၊ ဤသို့အစရှိကုန်သော။ ပဉ္စန္နံအရိယသာဝကကောဋီနံ၊ ငါးကုဋေ အတိုင်းအရှည်ရှိကုန်သော အရိယာသာဝကတို့၏။ ဒါနံ၊ အလှူကို။ နိန္ဒန္တော၊ ကဲ့ရဲ့လျက်။ ဝိစရ တိကိရ၊ သွားလာသတတ်။ ကောသလရညော၊ ကောသလမင်း၏။ အသဒိသ ဒါနံပိ၊ အသဒိသအလှူကိုလည်း။ နိန္ဒိယေဝ၊ ကဲ့ရဲ့သည်သာလျှင်တည်း။ တေသံ တေသံ၊ ထိုထိုအနာထပိဏ်စသော သဌေးတို့၏။ ဒါနဂ္ဂေ၊ အလှူပေးရာဆွမ်းကျွေး ပွဲ၌။ သီတလံ၊ အေးသောခဲဘွယ်ဘောဇဉ်ကို။ လဘိတွာ၊ ရ၍။ သီတလန္တိ၊ အေး၏ဟူ၊ နိန္ဒတိ၊ ကဲ့ရဲ့၏။ ဥဏှံ၊ ပူသော ဘောဇဉ်ကို။ လဘိတွာ၊ ရ၍။ ဥဏှန္တိ၊ ပူ၏ဟူ။ နိန္ဒိ၊ ကဲ့ရဲ့၏။ အပ္ပံ၊ အနည်းငယ်ကို။ ဒေန္တေပိ၊ လှူရာ၌လည်း။ ကိံ၊ အဘယ်ကြောင့်။ ဣမေ၊ ဤသူတို့သည်။ အပ္ပမတ္တကံ၊ အနည်းငယ်ကို။ ဒေန္တိ၊ လှူကုန်ဘိသနည်း။ ဣတိနိန္ဒတိ၊ ဤသို့ ကဲ့ရဲ့၏။ ဗဟုံဒေန္တေပိ၊ အများကို လှူရာ၌လည်း။ ဣမေသံ၊ ဤသူတို့၏။ ဂေဟေ၊ အိမ်၌။ ထပနဋ္ဌာနံ၊ ဥစ္စာထားရာအရပ်သည်။ နတ္ထိမညေ၊ မရှိယောင်တကား။ ဣတိ၊ ဤသို့ကဲ့ရဲ့၏၊ ဘိက္ခူနံ၊ ရဟန်းတို့အား။ ယာပနမတ္တံ၊ မျှလောက်ရုံမျှသော ခဲဘွယ်ဘောဇဉ်ကို။ ဒါတဗ္ဗံနနုနာမ၊ လှူအပ်သည်မဟုတ်တုံလော။ တွေကံ၊ ဤမျှလောက်သော ။ ယာဂုဘတ္တံ၊ ယာဂုဆွမ်းသည်။ နိရတ္ထက-

မေဝ၊ အကျိုးမဲ့ဖြစ်ရှိသောလျှင်။ ဝိဿဇ္ဇတိ၊ စွန့်ရ၏။ ဣဘိနိန္ဒတိ၊ ဤသို့ကဲ့ရဲ့၏။ အတ္တနောပန၊ မိမိ၏ကား။ ဉာဘခကာ၊ အဆွေအမျိုးတို့ကို၊ အာရဗ္ဘ၊ အကြောင်းပြု၍။ အဒဟံဝ၊ အံ့ဘွယ်ရှိလှ၏။ အမှာကံ၊ ငါတို့၏။ ဉာဘကာနံ၊ ဆွေမျိုးတို့၏။ ဂေဟ၊ အိမ်၌။ စတုပဟိဒိဿာဟိ၊ အရပ်လေးမျက်နှာတို့မှ။ အာဂတာနံ၊ ရောက်လာကုန်သော။ ဘိက္ခူနံ၊ ရဟန်းဘို့၏။ ဩပါနဘူတံ၊ ရေတွင်းသဘွယ်ဖြစ်၍ ဖြစ်၏။ ဣတိအာဒီနိ၊ ဤသို့သောစကားတို့ကို။ ဝတွာ၊ ဆို၍။ ပသံသံ၊ ချီးမွမ်းခြင်းကို။ ပဝတ္တေသိ၊ ဖြစ်စေ၏။ သောပန၊ ထိုရဟန်းငယ်သည်ကား။ ကောသာဒေါဝါရိကဿ၊ တယောက်သော တံခါးစောင့်၏။ ပုတ္တော၊ သားတည်း။ ဇနပဒ၊ ဇနပုဒ်သို့။ ပိစရန္တေဟိ၊ သွားကုန်သည်။ ဝဍ္ဍကီဟိ၊ လက်သမားတို့နှင့်။ သဒ္ဓိ၊ တကွ၊ ဝိစရန္တောဟိ၊ သွားသည်ဖြစ်သော်။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ ပတွာ၊ ရောက်၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းငယ်ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဇဝံ၊ ဤသို့။ မနုဿာနံ၊ လူတို့၏။ ဒါနာဒီနိ၊ အလှူစသည်တို့ကို။ နိန္ဒန္တံ၊ ကဲ့ရဲ့သည်ကို။ ဒိသွာ၊ မြင်၍။ နံ၊ ထိုရဟန်းငယ်ကို။ ပရိဂဏှိသာမ၊ နှိပ်နင်းကုန်အံ့၊ ဣတိ စိန္တေတွာ၊ ဤသို့ကြံ၍။ အာဝုသော၊ ငါ့ရှင်။ တဝဉာတကာ၊ သင့်ဆွေမျိုး ပေါက်ဘော်တို့သည်။ ကဟံဝသန္တိ၊ အဘယ် အရပ်၌ နေကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့မေးပြီး၍။ အသုကဂါမေနာမာတိ၊ ဤမည်သောရွာ၌ နေ၏ဟူသောစကားကို။ သုတွာဝ၊ ကြား၍လျှင်။ ကတိပယေ၊ နှစ်ရက် သုံးရက်မြောက်သောနေ့၌။ ဒဟရေ၊ သာမဏေ ပဉ္စင်းငယ်တို့ကို။ ပေသေသုံ၊ စေကုန်၏။ တေ၊ ထိုသာမဏေငယ် ပဉ္စင်းငယ်တို့သည်။ တတ္ထ၊ ထိုရွာသို့။ ဂန္တွာ၊ သွား၍။ ဂါမဝါသိကေဟိ၊ ရွာသူ ရွာသားတို့သည်။ အာသနသာလာယ၊ နေရာဖြစ်သော စရပ်၌။ နိသီဒါပေတွာ၊ နေစေ၍။ ကတသက္ကာရာ၊ ပြုအပ်သော ပူဇော်ခြင်းရှိကုန်လျက်။ ပုစ္ဆိံသု၊ မေးကုန်၏။ ဣမမှာဂါမာ၊ ဤရွာမှ။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတော၊ ရဟန်းပြုသော။ တိဿောနာမ၊ တိဿအမည်ရှိသော။ ဒဟရော၊ ပဉ္စင်းငယ်သည်။ အတ္ထိ၊ ရှိသလော။ တဿ၊ ထိုပဉ္စင်းငယ်၏။ ဉာတကာ၊ အဆွေအမျိုးတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဣတိပုစ္ဆိံသု၊ ဤသို့မေးကုန်၏။ မနုဿာ၊ လူတို့သည်။ ဣတော ကုလဂေဟတော၊ ဤအမျိုးအိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတဒါရကော၊ ရဟန်းပြုသော သူငယ်သည်။ နတ္ထိ၊ မရှိ။ ဣမေ၊ ဤအရှင်တို့သည်။ ကိံနုခေါ၊ အဘယ်သို့။ ဝဒန္တိ၊ ဆိုကုန်ဘိသနည်း။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ဘန္တေ၊ အရှင်ဘုရားတို့။ ကောသာဒေါဝါရိကပုတ္တော၊ တယောက်သော တံခါးစောင့်သားသည်၊ ဝဍ္ဍကီဟိ၊ လက်သမားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိစရိတွာ၊ သွား၍။ ပဗ္ဗဇိတော၊ ရဟန်းပြုသောသူသည်။ တိဿောနာမ၊ တိဿ

အမည်ရှိ၏။ တံ၊ ထိုဘိဿကို။ သန္တာယ၊ ရည်၍။ ဝဒေထမသ္မေ၊ ဆိုယောင်ကုန် တကား။ ဣတိအာဟ၊ ဤသို့ဆို၏။ ဒဟရဘိက္ခူ၊ ပဥ္စင်းငယ်တို့သည်။ တိဿာ၊ တိဿ၏။ တတ္ထ၊ ထိုရွာ၌။ ဣဿဲရဉာတကာနံ၊ အစိုးရသော အဆွေအမျိုးတို့၏။ အဘာဝံ၊ မရှိသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အကာရဏမေဝ၊ အကြောင်းမရှိဘဲသာလျှင်။ တိဿော၊ တိဿသည်။ ဝိလပန္တော၊ မြည်တမ်းလျက်။ ဝိစရတိ၊ သွားလာ၏။ ဣတိ၊ ဤသို့။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ တံ၊ ထိုအကြောင်းကို။ တထာဂတဿ၊ မြတ်စွာဘုရားအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ ဝိကတ္ထေန္တော၊ ကဲ့ရဲ့သော စကားကိုဆိုလျက်။ ဝိစရတိ၊ သွားသည်ကား။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဝိကတ္ထကောဝ၊ ကဲ့ရဲ့သော စကားဆိုခြင်းရှိသည်သာလျှင်။ အဟောသိ၊ ၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ယာစိတော၊ တောင်းပန်သောကြောင့်။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်၍။

ကဋ္ဌဝာဟနံ၊ ကဋ္ဌဝါဟန။ သော၊ ထိုသူသည်။ အညံ ဇနပဒံ၊ ဇနပုဒ်တပါးသို့။ ဂတော၊ သွားသည်ရှိသော်။ မဟာပို၊ များစွာလည်း။ ဝိကတ္ထေယျ၊ ချွတ်ယွင်းသဖြင့် ပြောရာ၏။ အနုအာဂန္တွာန၊ နောက်မှ လိုက်၍။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ဘုဥ္ဇ၊ သုံးဆောင်ခံစားလော့။

ဣတိဣမံ ကဋ္ဌဝါဟနဇာတကံ၊ ဤကဋ္ဌဝါဟနဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပရေဟိ၊ တပါးသောသူတို့သည်။ အပ္ပကေဝါ၊ အနည်းကိုရင်း။ ဗဟုကေဝါ၊ အများကိုရင်း။ လူခေဝါ၊ ကြမ်းထမ်းသော ခဲဘွယ်ဘောဇဉ်ကိုရင်း။ ပဏီတေဝါ၊ မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကိုရင်း။ ဒိန္နေ၊ လှူသည်ရှိသော်။ အညေသံဝါ၊ တပါးသော သူတို့အားလည်း။ ဒတွာ၊ ပေး၍။ တဿ အတ္တနော၊ ထိုမိမိအား။ အဒိန္နေ၊ မပေးသည်ရှိသော်။ မံကုံ၊ မျက်နှာမသာသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူအား။ ဈာနံဝါ၊ ဈာန်သည်ရင်း။ ဝိပဿနံဝါ၊ ဝိပဿနာသည်ရင်း။ မဂ္ဂဖလာဒီနိဝါ၊ မဂ်ဖိုလ် စသည်တို့သည်ရင်း။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူလိုသော မြတ်စွာဘုရားသည်။ ဣမာဂါထာ၊ ဤဂါထာ တို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၂၄၉။ ။ဘိက္ခဝေ၊ တို့။ ယထာသဒ္ဓံ၊ သဒ္ဓါသလောက်။ ဝေ၊ စင်စစ်။ ဒေန္တိ၊ လှူကုန်၏။ ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ ပသာဒနံ၊ ကြည်ညိုသောအလျောက်။ ဇနော၊ လူသည်။ ဒေတိ၊ ပေးလှူ၏။ တတ္ထ၊ ထိုသူပဒါးကို လှူရာ၌ရင်း။ ပရေသံ၊ သူတပါးတို့၏။ ပါနဘောဇနေ၊ သောက်ခြင်း စားခြင်း၌ရင်း။ ယော၊ အကြင် ပုဂ္ဂိုလ်သည်။ မံကု၊ မျက်နှာမသာခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ ဒိဝါ၊ နေ့၌ရင်း။ ရတ္တိံဝါ၊ ညဉ့်၌ရင်း။ သမာဓိံ၊ ဥပစာရ သမာဓိကို။ န အဓိဂစ္ဆတိ၊ မရ။

၂၅၀။ ။ယဿစ၊ အကြင်ပုဂ္ဂိုလ်အားလည်း။ ဧတံ၊ ဤမျက်နှာမသာသည်၏ အဖြစ်ဟု ဆိုအပ်သော အကုသိုလ်ကို၊ သမုစ္ဆိန္နံ၊ ကောင်းစွာ ဖြတ်အပ်၏။ မူလဃစ္စံ၊ အမြစ်နှင့်တကွ ဖြတ်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ သမူဟတံ၊ အကြွင်းမရှိ နုတ်အပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ဒိဝါ၊ နေ့၌ရင်း။ ရတ္တိံဝါ၊ ညဉ့်၌ရင်း။ သမာဓိံ၊ သမာဓိကို။ အဓိဂစ္ဆတိ၊ ရ၏။ ဣတိ အဘာသိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဒဒန္တိဝေ ယထာ သဒ္ဓန္တိ၊ သဒ္ဓံဟူသည်ကား။ လူခပင်း တာဒိသုံ၊ ရှံ့ရင်းခြင်း မှန်မြတ်ခြင်း စသော ဘောဇဉ်တို့တွင်။ ယံကိဉ္စိ၊ အမှတ်မဲ့ တပါးပါးကို။ ဒေန္တော၊ လှူသော။ ဇနော၊ လူအပေါင်းတို့သည်။ ယထာသဒ္ဓံ အတ္တနော သဒ္ဓါနုရူပမေဝ၊ မိမိသဒ္ဓါအားလျော်စွာသာလျှင်။ ဒေတိ၊ လှူ၏။ ယတ္ထပသာဒနန္တိ၊ ပသာဒနံဟူသည်ကား။ အဿ၊ ထိုသူ၏။ ထေရနဝ ဒါဒိသု၊ မထေရ်ကြီး ငယ်တင်းငယ် စသော သူတို့တွင်။ ယသ္မိံ ယသ္မိံစ၊ အကြင်အကြင် ပုဂ္ဂိုလ်၌လည်း။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ ထို ပုဂ္ဂိုလ်အား၊ ဒေန္တော၊ လှူသောသူသည်။ ယတ္ထပသာဒံ အတ္တနောပသာဒါနု ရူပမေဝ၊ မိမိ၏ ကြည်ညိုခြင်းနှင့် လျော်စွာသာလျှင်။ ဒေတိ၊ လှူ၏။ တတ္ထာတိ၊ တတ္ထ ဟူသည်ကား။ ပရဿ၊ သူတပါး၏။ တသ္မိံ ဒါနေ၊ ထိုပေးသော အလှူ၌။ မယာ၊ ငါသည်။ အပ္ပံ၊ အနည်းကို။ လဒ္ဓံ၊ ရ၏။ လူခံ၊ ကြမ်းတမ်းရှံ့ရင်းသော ပစ္စည်းကို။ လဒ္ဓံ၊ ရ၏။ ဣတိ၊ ဤသို့။ မံကုဘာဝံ၊ မျက်နှာမသာသည်၏အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ သမာဓိန္တိ၊ သမာဓိဟူသည်ကား။ သော ပုဂ္ဂလော၊ ထို ပုဂ္ဂိုလ်သည်။ ဒိဒိဝါ၊ နေ့၌ရင်း။ ရတ္တိံဝါ၊ ညဉ့်၌ရင်း။ ဥပစာရပ္ပနာ ဝသေနဝါ၊ ဥပစာရ အပ္ပနာ၏ အစွမ်းဖြင့်ရင်း။ မဂ္ဂဖလဝသေနဝါ၊ မဂ်ဖိုလ်၏အစွမ်းဖြင့်ရင်း။ သမာဓိံ၊ သမာဓိကို။ နာဓိဂစ္ဆတိ၊ မရ။ ယဿစေတန္တိ၊ ယဿစေတံဟူသည်ကား၊ ယဿစ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်၏လည်း။ ဧတံ ဧတေသု ဌာနေသု၊ ဤအရာ

တို့၌။ မံကုဘာဝသခ်ါတံ၊ မျက်နှာ မသာသော အဖြစ်ဟု ဆိုအပ်သော။ စော အကုသလံ၊ ဤအကုသိုလ်ကို။ သမုဋ္ဌိန္နံ၊ ကောင်းစွာဖြတ်ခြင်းကို။ မူလဃစ္ဆံ၊ အမြစ်နှင့်တကွ ဖြတ်ခြင်းကို။ ကတွာ၊ ပြု၍။ အရဟတ္တမဂ္ဂ ဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ သမူဟတံ၊ အကြွင်းမဲ့နုတ်အပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ သမာဓိံ၊ သမာဓိကို။ အဓိဂစ္ဆတိ၊ ရ၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာတော်၏အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

အဋ္ဌမံ၊ သော။ တိဿဒဟရဝတ္ထု၊ ဝတ္ထုသည်။
ဣတိသမတ္တံ၊ ပြီးပြီ။

—●—

၁၈-မလဝဂ္ဂ။ ၉-ပဥ္စဥပါသကဝတ္ထု။

(တိဿဒဟရဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ပဥ္စဥပါသက ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် "နတ္ထိ ရာဂသမောဝတိ" စသော ပါဌ်ကို မိန့်သတည်း)။

"နတ္ထိရာဂသမောအ ဂ္ဂိ" တိ ဣမံ ဓမ္မဒေသနံ၊ နတ္ထိရာဂသမောအဂ္ဂိ စသော ဤ တရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း တော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပဥ္စဥပါသကေ၊ ငါးယောက်သော ဒါယကာတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တေ၊ ထို ငါးယောက်သော ဒါယကာတို့သည်။ ဓမ္မံ၊ တရားကို။ သောတုကာမာ၊ နာလို ကုန်သည်ဖြစ်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ မြတ်စွာဘုရား ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ နိသီဒိံသု၊ နေကုန်သတတ်။ ဗုဒ္ဓါနဥ္စ၊ ဘုရားတို့မည်သည်လည်း။ အယံ၊ ဤသူကား။ ခတ္တိယော၊ မင်းတည်း။ အယံ၊ ဤသူကား။ ဗြာဟ္မဏော၊ ပုဏ္ဏားတည်း။ အယံ၊ ဤသူကား။ အဍ္ဍော၊ ကြွယ်ဝသောသူတည်း။ အယံ၊ ဤသူကား။ ဒုဂ္ဂတော ဆင်းရဲသား တည်း။ ဣမဿ၊ ဤသူအား။ ဥဠာရံကတွာ၊ ပြန့်ပြောသည်ကိုပြု၍ ဓမ္မံ၊ တရားကို။ ဒေသိဿာမိ၊ ဟောအံ့။ ဣမဿ၊ ဤသူအား။ နေဝ ဒေသိဿာမိ၊ မဟောအံ့။ ဣတိ စိတ္တံ၊ ဤသို့သောစိတ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ယံ ကိဉ္စိ၊ အမှတ်မဲ့တယောက်ယောက်

ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောတော်မူသည်ရှိသော်။ ဓမ္မဂါရဝံ၊ တရား၌ ရိုသေခြင်းကို။ ပုရက္ခိတွာ၊ ရှေ့သွားပြု၍။ အာကာသဂင်္ဂံ၊ အာကာသဂင်္ဂါသည်။ ဩတရန္တော ဝိယ၊ စီးသက်သကဲ့သို့။ ဒေသေသိ၊ ဟောတော်မူ၏။ ဝေါ၊ ဤသို့။ ဒေသေန္တဿ၊ ဟောတော်မူသော။ တထာဂတဿ ပန၊ မြတ်စွာဘုရား၏ကား။ သန္တိကေ၊ အထံ၌။ နိသိန္နာနံ၊ နေကုန်သော။ တေသံ၊ ထိုသူတို့တွင်။ ဧကော၊ တယောက်သောသူသည်။ နိသိန္နကောဝ၊ ထိုင်လျက်သာလျှင်။ နိဒ္ဒါယိ၊ ငိုက်မျဉ်း၏။ ဧကော၊ တယောက်သော ဒါယကာလည်း။ အင်္ဂုလိယာ၊ လက်ညှိုးဖြင့်။ ဘူမိယံ၊ မြေကို။ လိခန္တော၊ ရေးခြစ်လျက်။ နိသီဒိ၊ နေ၏။ ဧကော၊ ဒါယကာတယောက်သည်။ ဧကံရုက္ခံ၊ သစ်တပင်ကို။ စာလေန္တော၊ လှုပ်လျက်။ နိသီဒိ၊ နေ၏။ ဧကော၊ ဒါယကာတယောက်သည်။ အာကာသံ၊ ကောင်းကင်သို့။ ဥလ္လောကေန္တော၊ တမော့မော့ မျှော်လျက်။ နိသီဒိ၊ နေ၏။ ဧကော ပန၊ ဒါယကာ တယောက်သည်ကား။ သက္ကစ္စံ၊ ရိုသေစွာ။ ဓမ္မံ၊ တရားကို။ သုဏန္တော၊ နာ၏။

အာနန္ဒတ္ထေရော၊ အာနန္ဒာ မထေရ်သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဗီဇမာနော၊ ယပ်ခတ်သည်ရှိသော်။ တေသံ၊ ထိုဒါယကာတို့၏။ အာကာရံ၊ အမူအရာကို။ ဩလောကေန္တော၊ ကြည့်လျက်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဣမေသံ၊ ဤသူတို့အား။ မဟာမေဃော၊ ကြီးစွာသော မိုဃ်းသည်။ ဂဇ္ဇိတွာ ဝဿန္တော ဝိယ၊ ထစ်ကြိုးသည်သကဲ့သို့။ ဓမ္မံ၊ တရားကို။ ဒေသေထ၊ ဟောတော်မူကုန်၏။ ဧတေ ပန၊ ဤသူတို့သည်ကား။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ဓမ္မံ၊ တရားကို။ ကထေန္တေသုပိ၊ ဟောကုန် သော်လည်း။ ရူပဒိဗ္ဗံ ဗဗ္ဗံ၊ ဤမည် ဤမည်သော အမှုကိုလည်း။ ကရောန္တော၊ ပြုလျက်။ နိသိန္နာ၊ နေကုန်၏။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ တွံ၊ သင်သည်။ ဧတေ၊ ဤဒါယကာတို့ကို။ နဇာနာသိ၊ မသိသလော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ နဇာနာမိ၊ ဩော်မသိပါ။ ဣတိ အဝေါစ၊ ဤသို့လျှောက်၏။ ဟိ၊ သင့်စွ။ ဧတေသု၊ ဤ ဒါယကာတို့တွင်။ ယောဧသ၊ အကြင်ဒါယကာသည်။ နိဒ္ဒါယန္တော၊ ငိုက်မျဉ်းလျက်။ နိသိန္နော၊ နေ၏။ ဧသ၊ ဤဒါယကာသည်။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ သပ္ပယောနိယံ၊ မြွေမျိုး၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဘောဂေသု၊ အခွေတို့၌။ သီသံ၊ ဦးခေါင်းကို။ ထပေတွာ၊ တင်ထား၍။ နိဒ္ဒါယိ၊ အိပ်၏။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ အဿ၊ ထိုဒါယကာ၏။ နိဒ္ဒါယနသီလော၊ အိပ်လေ့ရှိလျက်။ နိဒ္ဒါယတိ၊ အိပ်ကြူး၏။ ဣတိ၊ ထိုကြောင့်။ အဿ ကဏ္ဏံ၊ ထိုသူ၏

နာဒံသို။ မမသန္တေ၊ ငါဟောတော်မူသော တရားသံသည်။ နုပဝိသတိ၊ မဝင်။
ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ပဋိပါဋိယာ၊ ဘဝငါးရာဆက်၍
ဖြစ်သောအစဉ်ဖြင့်။ ကထေထ ကိံပန၊ ဟောတော် မူပါကုန်သလော။ ဥဒါဟု၊
ထိုသို့မဟုတ်မူကား။ အန္တရန္တရာ၊ အကြားအကြား၌ ဖြစ်ခြင်းရှိသည်ကို။ ကထေ
ထကိံ၊ ဟောပါကုန်သလော။ ဣတိ၊ ဤသို့လျှောက်၏။ ဟိ၊ သင့်စွ။ အာနန္ဒ၊
အာနန္ဒာ။ တေသ၊ ထိုသူအား။ ကာလေန၊ ရံခါ။ မနုဿတ္တံ၊ လူ အဖြစ်ဝင်း။
ကာလေန၊ ရံခါ။ ဒေဝတ္တံ၊ နတ်အဖြစ်ဝင်း။ ကာလေန ရံခါ။ နာဂတ္တံ၊ နဂါး
အဖြစ်ဝင်း။ ဣတိဧဝံ၊ ဤသို့။ အန္တရန္တရာ၊ အကြားအကြား၌။ ဥပ္ပဇ္ဇန္တဿ၊ ဖြစ်
သောသူ၏။ ဥပပတ္တိယော၊ လူအဖြစ်-နတ်အဖြစ် နဂါးအဖြစ် စသည်တို့ကို။
သဗ္ဗညုတညာဏေနာပိ၊ သဗ္ဗညုတဉာဏ်ဖြင့်လည်း။ ပရိစ္ဆိန္ဒိတုံ၊ ပိုင်းခြားခြင်းငှာ။
နသက္ကာ၊ မတတ်နိုင်။ ပဋိပါဋိယာ၊ အစဉ်အတိုင်း ဆက်၍ဆက်၍။ သော၊ ဤသူ
သည်။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ပတ်လုံး။ နာဂယောနိယံ၊ နဂါးမျိုး၌။
နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ နိဒ္ဒါယန္တော်ပိ၊ ငိုက်မျည်းလျက်လည်း။ နိဒ္ဒါယ၊ အိပ်ခြင်း၌။
အတိတ္တတ္တာယေဝ၊ မရောင့်ရဲနိုင်သည်သာလျှင်တည်း။ အဂ္ဂိလိယာ၊ လက်ညှိုးဖြင့်။
ဘူမိံ၊ မြေကို။ လိခန္တော၊ ရေးခြစ်လျက်။ နိသိန္နပုရိသော၊ နေသောယောကျ်ား
သည်။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ ပတ်လုံး။ ဂဏ္ဍုပ္ပါဒယောနိယံ၊ တီအမျိုး၌။
နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဘူမိံ၊ မြေကို။ ခဏိ၊ တူးခြစ်၏။ ဣဒါနိပိ၊ ယခုအခါ
၌လည်း။ ဘူမိံ၊ မြေကို။ ခဏန္တောဝ၊ ခြစ်လျက်သာလျှင်။ မမသဒ္ဒံ၊ ငါဟော
တော်မူသော တရားသံကို။ နသုဏာတိ၊ ရိုသေစွာမနာ။ ရုက္ခံ၊ သစ်ပင်ကို။ စာ
လေန္တော၊ လှုပ်လျက်။ သေနိသိန္နပုရိသောပိ၊ ဤသို့နေသော ယောကျ်ားသည်
လည်း။ ပဋိပါဋိယာ၊ အစဉ် အတိုင်း ဆက်၍ ဆက်၍။ ပဉ္စဇာတိ သတာနိ၊
ဘဝ ငါးရာတို့ပတ်လုံး။ မက္ကဋယောနိယံ၊ မျောက် အမျိုး၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။
ဣဒါနိပိ၊ ယခုအခါ၌လည်း။ ပုဗ္ဗာစိဏ္ဏဝသေန၊ ရှေး၌ လေ့ကျက် ဘူးသည်၏
အစွမ်းဖြင့်။ ရုက္ခံ၊ သစ်ပင်ကို။ စာလေသိယေဝ၊ လှုပ်သည် ဖြစ်၍ လျှင်။
အဿကဏ္ဏံ၊ ထိုသူ၏နားသို့။ မမသဒ္ဒေါ၊ ငါဟောအပ်သော တရားသံသည်။
နပဝိသတိ၊ မဝင်။ အာကာသံ၊ ကောင်းကင်သို့။ ဥလ္လောကေတွာ၊ မော်
ကြည့်၍။ နိသိန္နော၊ သော။ သေဗြာဟ္မဏောပိ၊ ဤ ပုဏ္ဏားသည်လည်း။ ပဉ္စ
ဇာတိ သတာနိပိ၊ ဘဝငါးရာတို့ပတ်လုံး။ နက္ခတ္တပါဌကော၊ နက္ခတ်ဘတ်တတ်
သောသူသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဣဒါနိပိ၊ ယခုအခါ၌လည်း။
ပုဗ္ဗာစိဏ္ဏဝသေန၊ ရှေး၌လေ့ကျက်ဘူးသည်၏ အစွမ်းဖြင့်။ အဇ္ဇာပိ၊ ယနေ့၌လည်း။
အာကာသမေဝ၊ ကောင်းကင်သို့သာလျှင်။ ဥလ္လောကေတိ၊ ကြည့်၏။ အဿကဏ္ဏံ

ထိုသူ၏နားသို့။ မမသဒ္ဒေါ၊ ငါ၏ဟောအပ်သော တရားသံသည်။ နပဝိသတိ၊ မဝင်။ သက္ကစ္စံ၊ ရိုသေစွာ။ ဓမ္မံ၊ တရားကို။ သုဏန္တော၊ နာလျက်။ သေနိသိန္နပုရိသောပန၊ ဤသို့နေသော ယောကျ်ားသည်ကား။ ပဠိပါဠိယာ၊ အစဉ်အတိုင်း ဆက်၍ဆက်၍။ ပဉ္စဇာတိသတာနိ၊ ဘဝငါးရာတို့ ပတ်လုံး။ တိဏ္ဏံဝေဒါနံ၊ ဗေဒင်သုံးပုံတို့၏။ ပါရဂူ၊ ကမ်းတဘက်သို့ရောက်လျက်။ မန္တဇ္ဈာယကဗြာဟ္မဏော၊ ဗေဒင်သုံးပုံကို သရဇ္ဈာယ်သော ပုဏ္ဏားသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်၏။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ မန္တံ၊ ဗေဒင်ကို။ သံသန္ဒေန္တောဝိယ၊ နှီးနှောသကဲ့သို့။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏာတိ၊ နာ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ သင်တို့၏။ ဓမ္မဒေသနာ၊ တရားဒေသနာသည်။ ဆဝိအာဒီနိ၊ အရေစသည်တို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီကို။ အာဟစ္စ၊ ထိခိုက်၍။ တိဋ္ဌတိ၊ တည်၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဣမေ၊ ဤသူတို့သည်။ တုမှေသုပိ၊ အရှင်ဘုရားတို့ သည်လည်း၊ ဓမ္မံ၊ တရားကို။ ဒေသေန္တေသု၊ ဟောကုန်သည်ရှိသော်။ သက္ကစ္စံ၊ ရိုသေစွာ။ နသုဏန္တိ၊ မနာကုန်ဘိသနည်း။ ဣတိ၊ ဤသို့လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ မမ ဓမ္မော၊ ငါ့တရားကို။ သုသဝနိယောတိ၊ ကောင်းစွာနာအပ်၏ဟု။ သညံ၊ အမှတ်ကို။ နကရောတိမညေ၊ မပြုကောင်းဟု ထင်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ ပန၊ အဘယ်ကြောင့်ကား။ ဒုသဝနိယော၊ နာနိုင်ခဲသနည်း။ ဣတိ၊ ဤသို့လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ အာမ၊ ဧကန် နာနိုင်ခဲသည်မှန်၏၊ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကသ္မာ၊ အဘယ်ကြောင့်။ ဒုသဝနိယော၊ နာနိုင်ခဲသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ ဗုဒ္ဓေါတိဝါ၊ ဘုရားဟူ၍၎င်း။ ဓမ္မောတိဝါ၊ တရားဟူ၍၎င်း။ သံဃောတိဝါ၊ သံဃာဟူ၍၎င်း။ ပဒံ၊ ဆိုသောပုဒ်ကို။ ဣမေဟိ သတ္တေဟိ၊ ဤသတ္တဝါတို့သည်။ အနေကေသုပိ၊ များသည်လည်း ဖြစ်ကုန်သော။ ကပ္ပကောဋိသတ သဟဿေသု၊ ကမ္ဘာကုဋေတသိန်းတို့ပတ်လုံး။ အသုတပုဗ္ဗံ၊ မကြားစဘူး။ တသ္မာ၊ ထို့ကြောင့်။ ဣမံ ဓမ္မံ၊ ဤတရားကို။ သောတုံ၊ နာခြင်းငှါ။ နသက္ကောန္တိ၊ မဟာပ်နိုင်ကုန်။ အနမတဂ္ဂေ၊ မသိအပ်သော အစရှိသော။ သံသာရေ၊ သံသရာ၌။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ အနေက ဝိဟိတံ၊ တပါးမက များသော အပြားရှိသော။ တိရစ္ဆာနကထံယေဝ၊ မဂ်ဖိုလ်မှ ဘီလာဖြစ်သော စကားကိုသာလျှင်။ သုဏန္တာ၊ နာကုန်လျက်။ အာဂတာ၊ လာကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သုရာပါနကေ မဏ္ဍလာဒီနိ၊ သေသောက်၍ကစားရာ တလင်းဝန်းစသည်တို့သို့။ ဂါယန္တာ၊ သီကုန်

လျက်။ နုဋ္ဌာ၊ ကကုန်လျက်။ ဝိစရန္တိ၊ သွားလာကုန်၏။ ဓမ္မံ၊ တရားကို။ သောတုံ၊ နာခြင်းငှါ။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ နိဿာယပန၊ အဘယ်ကို မှီ၍ကား။ တေ၊ ဤသူတို့သည်။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်သနည်း။ ဣတိ၊ ဤသို့လျှောက်၏။ အာဒ၊ ထိုအခါ၌။ အဿ၊ ထိုရှင်အာနန္ဒာအား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အာနန္ဒ၊ အာနန္ဒာ။ ရာဂံ၊ ရာဂကို။ နိဿာယ၊ မှီ၍။ ဒေါသံ၊ ဒေါသကို။ နိဿာယ၊ မောဟံ၊ မောဟကို။ နိဿာယမှီ၍။ မှီ၍။ တဏှံ၊ တဏှာကို။ နိဿာယ၊ မှီ၍။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ ရာဂဂ္ဂိသဒိသော၊ ရာဂမီးနှင့်တူသော။ အဂ္ဂိနာမ၊ မီးမည်သည်။ နတ္ထိ၊ မရှိ။ သော၊ ထိုရာဂမီးသည်။ အာရိကံ၊ ပြာကို။ အသေသေတွာ၊ မကြွင်းစေမူ၍။ သတ္တေ၊ သတ္တဝါတို့ကို။ ဒဟတိ၊ လောင်၏။ သတ္တသူရိယပါတုဘာဝံ၊ နေခုနစ်စင်းထင်ရှားစွာထွက်ခြင်းကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နော၊ ဖြစ်သော။ ကပ္ပဝိနာသကောအဂ္ဂိပိ၊ ကမ္ဘာဖျက်မီးသည်လည်း။ ကိဉ္စိ၊ တစုံတခုကို။ အနဝသေသေတွာဝ၊ မကြွင်းစေမူ၍သာလျှင်။ လောကံ၊ စကြဝဠာတသောင်းဟု ဆိုအပ်သော လောကကို။ ကိဉ္စာပိဒဟတိ၊ အကယ်၍ကား လောင်၏ရှင့်။ ပန၊ ထိုသို့လောင်သော်လည်း။ သော အဂ္ဂိ၊ ထိုကမ္ဘာဖျက်မီးသည်။ ကဒါစိ၊ ရံခါ၌။ ဒဟတိယေဝ၊ လောင်သည်သာလျှင်တည်း။ သတ္တေသု၊ သတ္တဝါတို့၌။ ရာဂဂ္ဂိနော၊ ရာဂဟူသောမီး၏။ အဒဟနကာလောနာမ၊ မလောင်သော ကာလမည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိဝါ၊ မီးသည်ရှင်း။ ဒေါသသမော၊ ဒေါသနှင့်တူသော။ ဂါဟောဝါ၊ ဘမ်းယူခြင်းသည်ရှင်း။ မောဟသမံ၊ မောဟနှင့်တူသော။ ဇာလံဝါ၊ ကွန်ရက်သည်ရှင်း၊ တဏှာသမာ၊ တဏှာနှင့်တူသော။ နဒီဝါနာမ၊ မြစ်မည်သည်လည်း။ နတ္ထိ၊ မရှိ။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်၏။

၂၅၁။ ။ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသသမော၊ ဒေါသနှင့်တူသော။ ဂါဟော၊ ဘမ်းယူခြင်းသည်။ နတ္ထိ၊ မရှိ။ မောဟသမံ၊ မောဟနှင့်တူသော။ ဇာလံ၊ ကွန်ရက်သည်။ နတ္ထိ၊ မရှိ။ တဏှာသမာ၊ တဏှာနှင့်တူသော။ နဒီ၊ မြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ အာဟ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ရာဂသမောတိ၊ ရာဂသမော ဟူသည်ကား။ ဓုမာဒီသု၊ အခိုးစသည် တို့တွင်။ ကိဉ္စိ၊ တစုံတခုကို။ အဒဿေတွာ၊ မပြမူ၍။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ ဥဋ္ဌာယ၊ ထ၍။ ဈာပနဝသေန၊ လောင်စေသည်၏ အစွမ်း

ဖြင့်။ ရာဂေန၊ ရာဂနှင့်။ သမောအဂ္ဂိနာမ၊ တူသောမီးမည်သည်။ နတ္ထိ၊ မရှိ။ ဒေါသသမောဟိ၊ ဟူသည်ကား။ ယက္ခဂါဟအဇဂရဂါဟ ကုမ္ဘီလဂါဟာဒယော၊ ဘီလူးဘမ်းခြင်း စပါးကြီးပတ်ခြင်း မိကျောင်း ငင်ခြင်း စသည်တို့သည်၊ ကောသို့ယေဝ အတ္တဘာဝေ၊ တခုသော ကိုယ်၏အဖြစ်၌သာလျှင်။ ဂဏှန္တိ၊ ဆွဲငင်ခြင်းငှာ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏၊ ဒေါသဂါဟောပန၊ ဒေါသဖြင့်ဘမ်းခြင်း ယူခြင်းသည်ကား။ သမ္ဗတ္ထ၊ အလုံးစုံသော ဘဝ၌။ ဧကန္တမေဝ၊ စင်စစ်သာလျှင်။ ဂဏှာတိ၊ ဘမ်းယူ၏။ ဣတိ၊ ထိုကြောင့်။ ဒေါသသနသမော၊ ဒေါသနှင့်တူသော။ ဂါဟောနာမ၊ ဘမ်းယူခြင်းမည်သည်။ နတ္ထိ၊ မရှိ။ မောဟသမန္တိ၊ သမ်ဟူသည်ကား။ ဩနန္ဓန ပရိယောနန္ဓနဋ္ဌေနပန၊ မြေးရှက်ခြင်း တက်ဝန်းကျင်မှ မြေးရှက်ခြင်းဟူသော အနက်ကြောင့်ကား။ မောဟသမံ၊ မောဟနှင့်တူသော။ ဇာလံနာမ၊ ကွန်ရက် မည်သည်။ နတ္ထိ၊ မရှိ၊ တဏှာသမာတိ၊ တဏှာသမာဟူသည်ကား။ ဂင်္ဂါဒီနံ၊ ဂင်္ဂါအစရှိကုန်သော။ နဒီနံ၊ မြစ်တို့၏။ ပုဏ္ဏကာလောပိ၊ ရေတက်သဖြင့် ပြည့်သော ကာလသည်ရှင်း။ ဦနကာလောပိ၊ ရေကျသဖြင့် ဆုတ်ယုတ်သော ကာလသည်ရှင်း။ သုက္ခ ကာလောပိ၊ ခြောက်သော ကာလသည်ရှင်း။ ပညာယတိ၊ ထင်၏။ တဏှာပန၊ တဏှာသည်ကား။ ပုဏ္ဏကာလောဝါ၊ ပြည့်သော ကာလသည်ရှင်း။ သုက္ခကာလောဝါ၊ ခြောက်သော ကာလသည်ရှင်း။ နတ္ထိ၊ မရှိ။ နိစ္စံ၊ အမြဲ၊ ဦနာဝ၊ မပြည့်သော ကာလသည်သာလျှင်။ ပညာယတိ၊ ထင်၏။ ဒုပ္ပူရဏဋ္ဌေန၊ ပြည့်နိုင်ခဲသော အနက်အားဖြင့်။ တဏှာယ၊ တဏှာနှင့်။ သမာ၊ တူသော။ နဒီနာမ၊ မြစ်မည်သည်။ နတ္ထိ၊ မရှိ။ ဣတိအတ္ထော၊ ဤကားအနက်တည်း။

